ဂုဏဝါဘိလင်္ကာရ သဒ္ဓမ္မဇေ မဟာဓမ္မရာဇဂုရု

လှုံးတော်ဆရာတော်

# ပကိဏ္ဏက ဝိသဇ္ဇနာကျမ်း

## တတိယတွဲ

၁၃၇၂ ၂၀၁၀

ကျမ်းစာအုပ်ဓမ္မဒါနအလှူရှင်

ဤပဏိကဋ္ဌကဝိသဇ္ဇနာ(တတိယတွဲ)ကျမ်းကြီးကို အဆက်မပြတ်
ထုတ်ဝေနိုင်ရန် ရည်သန်၍ ငွေပဒေသာပင်
စိုက်ထူကာ ပညာသံဝတ္တနိကကုသိုလ်ပြုကြသော
ဓမ္မဒါန ဒါယကာများ

ကာကွယ်ရေးဝန်ကြီးဌာနမှ

အမှတ် (၂) စစ်ဆင်ရေးအထူးအဖွဲ့မှူး

# ဗိုလ်ချုပ်အောင်သန်းထွန်း

ဇနီး ဒေါ်ချယ်ရီ

သမီး - မစုမြတ်အောင်

မိသားစု ကောင်းမှု

နတ်လူသာဓုခေါ်စေသောဝ်။

# ပဋ္ဌာန်းကိုယ်ပိုင်ဓမ္မ(တတိယတွဲ)

## လုံးတော်ဆရာတော်

ဂုဏဝါဘိလင်္ကာရ သဒ္ဓမ္မဇေ မဟာဓမ္မရာဇဂုရု

## လုံးတော်ဆရာတော်

# ပဋ္ဌာန ဝိသဇ္ဇနာကျမ်း

## တတိယတွဲ

၁၃၆၂ ၂၀၀၀

အမှတ် ၂၇၇၄၈
ရက်စွဲ ၂၅.၁၁.၁၀

# ပုံနှိပ်မှတ်တမ်း

၁၃၇၂-ခုနှစ်၊ (၂၀၁၀-ခုနှစ်)၊
အုပ်ရေ (၁,၀၀၀)

ရွှေသုဝဏ်ကျောင်းက သန့်စင်သည်အထိ ကွန်ပျူတာစာစီ လှူဒါန်းသည်။
ဗုဒ္ဓစာပေအဖွဲ့ဝင် ဦးမြင့်စိုး၊ ဦးသိန်းအောင်၊ ဦးစိုးတင့်တို့ ကြီးကြပ်ပြင်ဆင်သည်။

ရန်ကုန်မြို့၊ ကမ္ဘာအေး သာသနာရေးဝန်ကြီးဌာန၊
သာသနာရေးဦးစီးဌာန ကမ္ဘာအေးပုံနှိပ်တိုက်အတွက် ညွှန်ကြားရေးမှူး
ဦးဝင်းနိုင် မှတ်ပုံတင်အမှတ်(၀၃၈၄၃)က
ပုံနှိပ်၍ ဗုဒ္ဓစာပေအဖွဲ့ ဦးညွန့်မောင် ယာယီမှတ်ပုံတင်အမှတ်(၁၃၈၅)က ထုတ်ဝေသည်။

# ပကိဏ္ဏကဝိသဇ္ဇနာ (လုံးတော်၊ ၃၊)

## တတိယတွဲ၊ မာတိကာ

---------


[ပုဒ်မ]အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

က။ ပုံနှိပ်လုပ်ဆောင်သည့်နိဒါန်း [ ၁၅ ]

(တတိယတွဲ၊ ပထမပိုင်း)၊ မာတိကာ

၁၄၀။ (၁) အရိယာ အစစ်ဖြစ်စေ, အရိယာ မဟုတ်သည်ဖြစ်စေ သမာပတ် ၈-ပါးကိုရသော မိန်းမတို့သည် တပါးသောဘုံ၌ မဖြစ်၊ ဗြဟ္မပါရိသဇ္ဇာဘုံ၌ ဖြစ်သည် အယူရှိကြပါသည်၊ တစ်ကြောင်းလည်း- ၁၂၀၉

(၂) ဆိုခဲ့သော သဘောရှိသော မိန်းမတို့သည် ယခင်ဘုံ၌ မမြဲ၊ အနာဂါမ် မိန်းမတို့ဖြစ်ရာ သုဒ္ဓါဝါသဘုံနှင့်တကွ ယထာရဟာဖြစ်သင့်သည် ဟု အချို့အယူရှိကြသည်-ဟူသော အမေးကို ဖြေဆို၍ပြရာ ၁၂၁၀

၁၄၁။ ဒုဋ္ဌော ဝါ ဒေါသန္တရော-ဟူ၍ စွပ်စွဲခြင်း, ဒုဋ္ဌော ဝါ ဒုဂ္ဂဟိတေန ဂဏှာတိ-ဟူ၍ စွပ်စွဲခြင်း၊ ယင်း၂-ပါးတို့တွင် အဘယ်သို့ ဒေါသန္တရဖြစ်၍ စွပ်စွဲသည်၊ အဘယ်သို့ ဒုဂ္ဂဟိတဖြစ်၍ စွပ်စွဲသည်ကို ဖြေဆို၍ပြရာ ၁၂၁၈

၁၄၂။ (၁) မောဃပုရိသပုဂ္ဂိုလ်-ဟူသည် မဂ်,ဖိုလ်မှ အချည်းအနှီးဖြစ်သော ပုဂ္ဂိုလ်ကို မောဃပုရိသ-ဆိုသည် ဖြစ်မည်၊ ၁၂၂၁

(၂) မဂ်,ဖိုလ်ကို ထိုက်လျက်နှင့် မရသေးသောသူတို့ကိုလည်း မောဃပုရိသ ပုဂ္ဂိုလ် ခေါ်ဆိုထိုက်မည်, မခေါ်ဆိုထိုက်မည်-ဟူသော အမေး ကို ဖြေဆို၍ပြရာ ၁၂၂၄

၁၄၃။ (၁) "သဗ္ဗေသ'မေကာဘိမာနေ"-အစရှိသော ကစ္စည်းကျမ်းအရ နောက် ဖြစ်သော ပုရိသ်ကို ယူရာ၏-ဟု ပြဆိုရာ၌ အဘယ်သို့ နောက် ဖြစ်သော ပုရိသ်ကို ယူရမည် ၁၂၂၅

(၂) ဝတ္တမာန်ဝိဘတ်-စသော အာချာတ်ဝိဘတ် ၈-သွယ်တို့တွင် ပဥ္စမီ, သတ္တမီ-ဟူ၍ ခေါ်ဝေါ်ခြင်းကို သိလိုသည့်အမေးကို ဖြေဆိုရာ ၁၂၂၇

[ပုဒ်မ]အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

၁၄၄။ ဒါနအကျိုး, သီလအကျိုးတို့ကို ဖြေဆို၍ အကျယ်ပြရာ ၁၂၂၉

၁၄၅။ ငါးရာငါးဆယ်ဇာတ် ဖြစ်ဟန်ကို ဥဒ္ဒေသအစဉ်နှင့်တကွ ဂါထာအနက် အဓိပ္ပါယ် ရေးသားဖြေဆို၍ အကျယ်ပြရာ ၁၂၄၅

၁၄၆။ ဒီပဲယင်းမြို့ ရဟန်းတော် ရှင်ဉာဏိန္ဒ-လျှောက်ထားတောင်းပန်ချက်အရ ၅၅၀-ဇာတ်တော်၏ ဖြစ်ပုံ, နေရပ်ဌာနများကို ဇာတ်မည်,ဇာတ်စဉ်, ဇာတ်ပုံနှင့်တကွ ခယားစောက်ဇယားနှင့် အစဉ်အတိုင်း ကွဲပြားခြားစွာ ထပ်မံ၍ အကျယ်ပြုပြီးလျှင် ဖြေဆို၍ပြရာ ၁၂၈၁

- နိဂုံးသံပိုင်းလင်္ကာ ၁၃၄၆

----- x -----

(တတိယတွဲ၊ ဒုတိယပိုင်း)၊ မာတိကာ

၁၄၇။ စကြဝဠာတပါး၌ ဘုရား ဖြစ်,မဖြစ်ကို ဖြေဆို၍ ပြရာ ၁၃၄၈

၁၄၈။ ပါရမီ ၁၀-ပါးတွင် မည်သည့်ပါရမီက သာလွန်ကြောင်းကို ဖြေဆို၍ပြရာ ၁၃၆၆

၁၄၉။ အံ့ဖွယ်တော် ၁၈-ပါးကို ဂါထာနှင့်တကွ ဖြေဆို၍ပြရာ ၁၃၆၈

၁၅၀။ မင်္ဂလာတရား ၃၈-ပါးကို ဖြေဆို၍ပြရာ ၁၃၇၁

၁၅၁။ မုသာဝါဒနှင့် သုရာမေရယသည် မည်သည်က သာလွန်သည်ကို ဖြေဆို၍ပြရာ ၁၃၇၄

၁၅၂။ (၁) စိတ္တုပ္ပက္ကိလေသ-၁၆၊ (၂) သံသဂ္ဂ-၅၊ (၃) အရပ်ပြစ် ၈-ပါးတို့ကို ဖြေဆို၍ ပြရာ ၁၃၈၂

၁၅၃။ ပျားဖွပ်, သင်းကွပ်, ဇရပ်,ကျောင်း,ကန်များကို ဖျက်ဆီးသည့်အပြစ်ကို ဖြေဆို၍ ပြရာ ၁၃၈၇

၁၅၄။ ပကတိသာဝကနှင့် သာဝက ၂-ပါးတို့ ပါရမီအပိုင်းအခြားကို ဖြေဆို၍ပြရာ ၁၄၀၁

၁၅၅။ သတ္တဝါနှင့် ဝေနေယျတို့ ခြားနားပုံကို ဖြေဆို၍ပြရာ ၁၄၀၈

၁၅၆။ ဘုရားအလောင်းတို့ ဗျာဒိတ်ခံယူသည်ကို ဖြေဆို၍ပြရာ ၁၄၂၁

၁၅၇။ ဝဋ္ဋဂါမဏိမင်းနှင့် ဒုဋ္ဌဂါမဏိမင်းတို့အကြောင်းကို ဖြေဆို၍ပြရာ ၁၄၂၄

| [ပုဒ်မ]အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၅၈။ | ဇာတိမဒေါ-စသော ၇၇-ပါးသော ကိလေသာတို့မှ ၈၀၁-ပါး ပြားသည်ကို ဖြေဆို၍ပြရာ | ၁၄၂၇ |
| ၁၅၉။ | ကိလေသာ ၈၀၁-ပါးကို ဖြေဆို၍ပြရာ | ၁၄၇၂ |
| ၁၆၀။ | အနုသယတိ ၁၀-ပါးကို ဖြေဆို၍ပြရာ | ၁၄၇၅ |
| — | ပုစ္ဆာဝိသဇ္ဇနာကဏ္ဍသမူဟ | ၁၄၇၇ |


----- x -----

## (တတိယတွဲ၊ တတိယပိုင်း)၊ မာတိကာ


| | | |
|---|---|---|
| ၁၆၁။ | အပ္ပိစ္ဆာကထာ-စသော ၁၀-ဂါထာတို့ကို ပြဆိုရာ | ၁၄၇၈ |
| ၁၆၂။ | သဗ္ဗေ သင်္ခါရာ-စသည်တို့၌ နှလုံးသွင်းရန်ကို ပြဆိုရာ | ၁၅၀၁ |
| ၁၆၃။ | ယမမင်း ရှိ,မရှိကို ဖြေဆို၍ပြရာ | ၁၅၂၉ |
| ၁၆၄။ | ဥက္ကာကျခြင်း, ကြယ်ပျံခြင်းတို့ကို ဖြေဆို၍ပြရာ | ၁၅၅၂ |
| ၁၆၅။ | မရဏာနုဿတိ စီးဖြန်းရန်ကို ပြဆိုရာ | ၁၅၅၄ |
| ၁၆၆။ | 'ဒုဂ္ဂတကာလေ ဒိန္နံ'-စသော ဂါထာကို ပြဆိုရာ | ၁၅၅၅ |
| ၁၆၇။ | ဆန်းပတ္တရာ ဖြန့်နည်း,ဖြန့်ပုံကို ပြဆိုရာ | ၁၅၅၈ |
| — | ပုစ္ဆာဝိသဇ္ဇနာကဏ္ဍသမူဟ | ၁၆၀၄ |


----- x -----

## (တတိယတွဲ၊ စတုတ္ထပိုင်း)၊ မာတိကာ


| | | |
|---|---|---|
| ၁၆၈။ | ပစ္စန္တော-စသော ဂါထာတွင် ပရိဘုဥ္ဇတော-မှာ န-ပါသင့်,မပါသင့်ကို ပြဆိုရာ | ၁၆၀၅ |
| ၁၆၉။ | ဗလဝါမုခဝဲနှင့် ဒီရေအကြောင်းကို ပြဆိုရာ | ၁၆၁၀ |
| ၁၇၀။ | "ကာရက ၆-ဖြာ၊ စပ်အပ်ရာ"ဟူသည်ကို ပြဆိုရာ | ၁၆၁၆ |
| ၁၇၁။ | တစ်စုံတစ်ယောက် မပေး, မကြားခဲ့သော မတသန္တကကို ပြဆိုရာ | ၁၆၂၄ |
| ၁၇၂။ | ဥပဋ္ဌိတသတိနှင့် ပြည့်စုံသူ ၃-ဦးကို ပြဆိုရာ | ၁၆၂၉ |

| [ပုဒ်မ]အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇၃။ | ဥပေက္ခာနှင့် သောမနဿတို့အထူးကို ပြဆိုရာ | ၁၆၂၉ |
| ၁၇၄။ | နစ္စ, ဂီတနှင့် မာလာဂန္ဓ၊ သုရာမေရယနှင့် မာလာဂန္ဓတို့တွင် ဌာန-ဟု ပါရှိသည်ကို ပြဆိုရာ | ၁၆၃၈ |
| ၁၇၅။ | သစ္စာအနက် ၁၆-ချက်ကို မည်သို့ထင်ရမည်အကြောင်း ဖြေဆို၍ပြရာ | ၁၆၄၃ |
| ၁၇၆။ | "မာတာပိတ၊ မိဘအစုံ"စသော အမေးပုစ္ဆာကို ဖြေဆို၍ပြရာ | ၁၆၄၇ |
| ၁၇၇။ | "သတ္တဝါခပင်း၊ ကဲ့ရဲ့ခြင်းကြောင့်"စသော အမေးပုစ္ဆာကို ဖြေဆို၍ပြရာ | ၁၆၅၁ |
| — | ပုစ္ဆာဝိသဇ္ဇနာကဏ္ဍသမူဟ | ၁၆၅၅ |

----- x -----

(တတိယတွဲ၊ ပဉ္စမပိုင်း)၊ မာတိကာ

| [ပုဒ်မ]အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇၈။ | လက္ခဏာတော် ကြီး,ငယ်ကို ပြဆိုရာ | ၁၆၅၆ |
| ၁၇၉။ | မြင်းမိုရ်,စကြဝဠာ အဝေးအကွာကို ပြဆိုရာ | ၁၆၆၅ |
| ၁၈၀။ | ရှပ်ကလာပ်တို့၏ ဖြစ်ဟန်ကို ပြဆိုရာ | ၁၆၆၈ |
| ၁၈၁။ | နရသီဟော-စသော ၁၀-ဂါထာကို ပြဆိုရာ | ၁၆၇၀ |
| ၁၈၂။ | ဝါကပ်တော်မူရာ မြို့,ရွာနှင့်တကွ ဝါတော်စဉ်ကို ပြဆိုရာ | ၁၆၇၅ |
| ၁၈၃။ | ပရမတ္ထပါရမီကို ဇာတ်မည်နှင့်တကွ ဖြေဆို၍ပြရာ | ၁၆၇၆ |
| ၁၈၄။ | ပညာရှိဝယ် ဂုဏ် ၂၀-ရှိသည်ကို ပြဆိုရာ | ၁၆၇၈ |
| ၁၈၅။ | သုနက္ခတ္တံ-စသော ဂါထာကို ပြဆိုရာ | ၁၆၈၃ |
| ၁၈၆။ | ဝိသုံဂါမမြေကို ခဏ္ဍသိမ်သမုတ်ခြင်းအကြောင်းကို ပြဆိုရာ | ၁၆၈၇ |
| ၁၈၇။ | သုက်ကို သောက်မျို၍ ကိုယ်ဝန်ယူသည်ကို ပြဆိုရာ | ၁၆၉၀ |
| ၁၈၈။ | သာရီရိက-စသော စေတီ ၃-ဆူကို ပြဆိုရာ | ၁၆၉၅ |
| ၁၈၉။ | ကာယကံ-စသော ကံ ၂-ပါးကို ပြဆိုရာ | ၁၇၀၇ |
| ၁၉၀။ | အာဟုနေယျော-စသော ဂုဏ်တော်ကို ပြဆိုရာ | ၁၇၁၄ |
| ၁၉၁။ | ကံ, ဒွါရနှင့် စပ်လျဉ်းသည်ကို ဖြေဆို၍ပြရာ | ၁၇၂၀ |
| ၁၉၂။ | "မိမိကိုယ်ပါ၊ သတ္တဝါအများ"စသော အမေးပုစ္ဆာကို ဖြေဆို၍ပြရာ | ၁၇၂၁ |

| [ပုဒ်မ]အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၉၃။ | "ကောင်းမွန်ထူးမြတ်၊ လျော်ကပ်ပတ်သင့်စွာ"စသော အမေးပုစ္ဆာကို ဖြေဆို၍ပြရာ | ၁၇၂၄ |
| ၁၉၄။ | "အမိုးလုံစွာ၊ အိမ်ဂေဟာမူ"စသော ကဗျာပုစ္ဆာကို ဖြေဆို၍ပြရာ | ၁၇၂၈ |
| ၁၉၅။ | "မျက်ဝါးထင်ထင်"စသော ကဗျာပုစ္ဆာကို ဖြေဆို၍ပြရာ | ၁၇၃၂ |
| ၁၉၆။ | "လက်ဝဲကား ဝက်၊ လက်ယာကား ဆိတ်သား"စသော ကဗျာပုစ္ဆာကို ဖြေဆို၍ပြရာ | ၁၇၃၄ |
| ၁၉၇။ | "အိပ်ပျော်ပါလျက်၊ နိုးသည်ဘက်"စသော ကဗျာပုစ္ဆာကို ဖြေဆို၍ပြရာ | ၁၇၃၆ |
| ၁၉၈။ | "တစ်ယောက်ဇကန်"အစချီသော ကဗျာပုစ္ဆာကို ဖြေဆို၍ပြရာ | ၁၇၃၈ |
| ၁၉၉။ | "ဇီဝအသက်၊ ရှိပါလျက်ကို"အစချီသော ကဗျာပုစ္ဆာကို ဖြေဆို၍ပြရာ | ၁၇၄၀ |
| ၂၀၀။ | "ဖုံး၍ထားသော်၊ လားလားမဖွယ်"အစချီသော ကဗျာပုစ္ဆာကို ဖြေဆို၍ပြရာ | ၁၇၄၃ |
| ၂၀၁။ | "ဝတ္ထုအများ၊ ဖုံးကွယ်ထားလည်း"အစချီသော ကဗျာပုစ္ဆာကို ဖြေဆို၍ပြရာ | ၁၇၄၅ |
| ၂၀၂။ | "ယောကျ်ားဇကန်၊ မှန်ပါသမိ"အစချီသော ကဗျာပုစ္ဆာကို ဖြေဆို၍ပြရာ | ၁၇၄၇ |
| ၂၀၃။ | "မနုဿ-ဟု၊ ဌာနလူ့ရွာ"အစချီသော ကဗျာပုစ္ဆာကို ဖြေဆို၍ပြရာ | ၁၇၄၉ |
| ၂၀၄။ | "ယောကျ်ားဇကန်၊ မှန်လင့်ကစား"အစချီသော ကဗျာပုစ္ဆာကို ဖြေဆို၍ပြရာ | ၁၇၅၁ |
| ၂၀၅။ | လက္ခဏာတော်ကြီး,ငယ်များကို ဂါထာစီဖွဲ့၍ ပြဆိုရာ | ၁၇၅၇ |
| ၂၀၆။ | ပဋိသမ္ဘိဒါဉာဏ်ကို ဖြေဆို၍ ပြဆိုရာ | ၁၇၆၆ |
| ၂၀၇။ | ရှိခိုးခြင်း ၅-ပါးကို ဖြေဆို၍ ပြရာ | ၁၇၆၈ |
| ၂၀၈။ | "ဂုဒ္ဓတမ္ဗဇကမူလံ"စသော ဂါထာကို ဖြေဆို၍ပြရာ | ၁၇၇၀ |
| ၂၀၉။ | ပဋိသန္ဓေ ၄-ပါးကို ဖြေဆို၍ပြရာ | ၁၇၇၄ |
| ၂၁၀။ | အနု-၅၀၀၊ ရင့်မာတစ်ကျိပ်ကို ဖြေဆို၍ပြရာ | ၁၇၇၇ |
| — | ပုစ္ဆာဝိသဇ္ဇနာကဏ္ဍသမူဟ | ၁၇၈၂ |
| — | ကျမ်းပြီး နိဂုံး | ၁၇၈၄ |


ပကိဏ္ဏကဝိသဇ္ဇနာကျမ်း၊ တတိယတွဲ မာတိကာ ပြီးပြီ။

----- x -----

# နိဒါန်း

ပကိဏ္ဏကဝိသဇ္ဇနာကျမ်း၊ တတိယတွဲ၏ နိဒါန်းစကား အစဉ်သည်ကား ဤသို့တည်း။

**ဘဒ္ဒကပ္ပတော ဣတော ကိရ ကပ္ပသတသဟဿာဓိကာနံ စတုန္နံ အသင်္ချေယျာနံမတ္ထကေ။ ။**

ဟူသော အဋ္ဌကထာ,ပါဠိ၊ လာရှိသည်နှင့်အညီ၊ ဤသည်ဘဒ္ဒ၊ ကမ္ဘာမှလျှင်၊ ပဋိလောမ ဂဏန်း၊ ကိန်းခန်းတွက်ရေ၊ အစတွေသော်၊ သင်္ချေလေးထပ်၊ တစ်သိန်းကပ်ထက်၊ သုံးရပ်လုံးသျှင်၊ ဒီပင်္ကရာ၊ မြတ်စွာရှေ့ဖျား၊ ကိုယ်ကို လျှား၍၊ တံတားအသွင်၊ ဗျာဒိတ်ရင်သော၊ အရှင်သုမေဓာဘဝမှ၊ သမတိံသ၊ စ၍စဉ်စီ၊ ပါရမီပြည့်ဝ၊ ပစ္ဆိမဥ္ဈ၊ သက္က, သကျ၊ မာဂဓမည်၊ မျိုးရည်ဇာတိ၊ ဝန်ခံချိသော၊ သာကီယဝင်၊ နွယ်စင်ဝံသ၊ ဂေါတမဘုရား၊ သစ္စာလေးပါး၊ တရားကုန်စင်၊ မြင်တော်မူ၍၊ နိဗ္ဗူနန်းခွင်၊ ဝင်သည်မှနောက်၊ စဉ်လျှောက်ဆက်ကာ၊ သီရိ-ခေတ္တရာ၊ ပုဂံ, မြင်စိုင်း၊ စစ်ကိုင်း, ပင်းယ၊ အဝအောင်ချာ၊ ရတနာသီခ၊ အမရပုရ၊ နွယ်စညွန့်လန်း၊ သစ်သစ်ဆန်းသော၊ မန္တလေးရတနာပုံ၊ ပထမ မြို့တည်, နန်းတည်၊ မောရိယ-ပစ္စယနာဂရာဇာ၊ မင်္ဂလာရန်နည်၊ ငွေရောင်ကြည်သော၊ ဇာနည်လုလင်၊ ပေါက်မာတင်၏ အသျှင်၊ မဟာလောကမာရဇိန်စေတီတော် ဒါယကာ၊ ပဥ္စမသင်္ဂါယနာတင်၊ အသျှင်ဘဝရှင် မင်းတရားကြီးဘုရားသည်၊ ရတနာသိခ်မြို့စီရင်စု၊ ပလိုင်းရွာဝယ်၊ တပည့်လက်သား၊ လေးပါးဒိသာ၊ ရပ်မျက်နှာတို့မှ၊ ပေါက်ရောက်လာသူ၊ ရှင်,လူ,ရဟန်း၊ တဝန်းတလျား၊ ပိတုန်း, ပျားတို့အား၊ တရားရသာ၊ ဝတ်လွှာ,ဝတ်ပန်း၊ စုပ်နမ်းယူသုံးစေ၍၊ သမဏချမ်းသာ၊ ၂-ဖြာစုရုံမျှတသီတင်းသုံးနေတော်မူသော၊ ဂုဏဝါဘိ-အမည်ရှိသော မထေရ်မြတ်ကို၊ အသောကမင်းတရားသည်၊ အဟောဂင်္ဂါ၊ မြစ်ညာကမ်းစ၌၊ ခေတ္တသီတင်းသုံးနေတော်မူသော၊ အရှင်-မောဂ္ဂလိပုတ္တတိဿမထေရ်မြတ်ကို၊ နေပြည်တော်ရောက်အောင်၊ ပင့်ဆောင်စေသောထုံးကဲ့သို့၊ ရတနာပုံ၊ ရွှေဘုံအောင်မျို့၊ မင်းနေမြို့ကို၊ ညွတ်ကြို့ပန်ယူ၊ ပင့်ဆောင်တော်မူ၍၊ မန္တလေးရတနာပုံ ရွှေမြို့တော်ကြီး၏ မြောက်မျက်နှာ၊ သာယာသန့်ရှင်းသော မြေအပြင်၌၊ အာရာမ်တိုက်တာနှင့်တကွ၊ ဂုဏဝါဘိလင်္ကာရ သဒ္ဓမ္မဓဇမဟာဓမ္မရာဇဂုရု-ဟူသော တံဆိပ်တော်ကို ကပ်လှူပြီးလျှင်၊ သီရိပဝရမဟာသုဓမ္မရာဇာ အမည်တော်ရှိသော၊ အိမ်ရှေ့နန်းလျာ၊ မဟာဥပရာဇ်၏ ညီတော်ချစ်အား၊ အကျိုး ၂-ပါး၊ ပွါးများရာရာ၊ ကောင်းစွာမြတ်နိုး၊ ကိုးကွယ်ဆည်းကပ်စေသည်။

ယင်းသည်မှ နောက်၊ ၁၂၂၈-ခု၊ နှစ်အစုငယ်၊ တိုင်းမှုပြည်ရေး၊ ရှုပ်ထွေးယုတ်ရက်၊ သိုက်ငှက်ဓာတ်လို၊ နတ်ဂြိုဟ်ဝိပရိ ဝိထိတပါး၊ အကောက်သွားလျက်၊ လှုပ်ရှားတန်တန်၊ ပုန်ကန်သောင်းကျန်းသည့်အခါ၊ အိမ်ရှေ့နန်းလျာ၊ မဟာဥပရာဇ်မင်းတရားသည်၊ ထင်ရှားမယွင်း၊ ကျော်စောခြင်းမျှ၊ သဟင်းသစ်သစ်၊ ကြွင်းကျန်ရစ်လျက်၊ အထက်နတ်ရွာ၊ တန်ဆာသဘင်၊ ဆင်တော်မူသည်။

ထိုရောအခါ၊ ၇-ရွာတိုက်စား၊ သုသီရိရုစာရတနာဒေဝီမည်သော မိဖုရားမှ ဖွားသန့်စင်သော သားတော် မိုးနဲကြောင်းဗိုလ်မှူး၊ သုံးဆယ်မြို့စား၊ သုသီရိမဟာဓမ္မရာဇာအား ဆရာပြုလုပ် ကိုးကွယ်စေ၍ လောကဝတ်, ဓမ္မဝတ်, ရာဇဝတ်တို့၌ အာစရိယမုဋ္ဌိ၊ တရှိများစွာ၊ နည်းနာထက်ကြပ်၊ လက်ထပ်ပြသ၊ ဩဝါဒပေးရသည်။

ဤသို့ မင်းဇကရာဇ်၊ ဥပရာဇ်နန်းလျာ၊ သားတော်ရတနာတို့၊ ကိုးကွယ်ရာမူ၊ ဆရာပြုသော၊ ပါတိမောက္ခသံဝရ၊ အဓိသီလသိက္ခာ၊ မညာမဖီ၊ စာမရီသား၊ မြီးဖျားတစ်ပင်၊ နွယ်တင်မရှုန်း၊ သက်ဆုံးပစေ၊ ကျင့်ရိုးဖွေသော၊ ဂုဏဝါဘိလင်္ကာရသဒ္ဓမ္မဇမဟာဓမ္မရာဇဂုရု တံဆိပ်နာမံ၊ ခံတော်မူသော ဆရာတော်အရှင်သူမြတ်သည် ရဟန်းရှင်,လူ သုတလိုသူ အပေါင်းတို့၏ မိမိ,မိမိတို့ဉာဏ်၌ သက်ဝင်ကျက်စား၍ ပိုင်းခြားနိုင်ခြင်း မရှိ၊ ဝိမတိပသက်မြေးရစ်ကြ၍ မေးလျှောက်လာသော ပြဿနာအရပ်ရပ်တို့ကို ပိဋကတ် ၃-ပါး၊ တရားတော်အစု၊ ဆစ်ဖုခဲခက်၊ အနက်ဓိပ္ပါယ်၊ အသွယ်သွယ်သော နည်းနာနယတို့ဖြင့် တန်ဆာဆင်လျက် စီရင်ဖြေဆိုတော်မူသော ပကိဏ္ဏကဝိသဇ္ဇနာကျမ်းသည် ပေမူတို့၌သာ ရှိသောကြောင့် လွယ်လင့်တကူ မှတ်ယူရခြင်း၌ ခဲယဉ်းငြိုငြင်သည်ဖြစ်၍ ပါဠိ,အဋ္ဌကထာ၊ ဋီကာ,ဂန္ထန္တရ ဆောင်၍ပြသော မူလဝါကျ အနေအထား ရွေ့ရှားမရှိ၊

ဝိပတ္တိအဖြစ်မှ ကင်းအောင် ပါဠိ, မာဂဓ၊ သဒ္ဒဝိဒူ၊ ဆရာတစ်ဆူ၊ ပြုလုပ်သူတို့အား၊ ရင်း,ဖျား စ,ဆုံး၊ သုံးသပ်ဆင်ခြင်၊ ပြင်ဆင်တည်းပြင်ခြင်းနှင့်တကွ မြန်မာ့ဘာသာ၊ အရာရာလည်း၊ သေချာစေ့စုံ၊ သတ်ပုံ ပင့်,ရစ်၊ မလစ်မလပ်၊ အထပ်ထပ်ကြည့်ရှု၊ ဂရုပြု၍၊ သဗ္ဗညု-မြတ်စွာ၊ သာသနာသည်၊ ရောင်ဝါညီးညီး၊ တောင်ထိပ်မီးကဲ့သို့ အံ့ချီးမကုန်၊ လုံးစုံတည်ထွန်းတောက်ပရာ၊ မန္တလာဇေယျ၊ ရွှေဘုံအောင်နန်း၊ မြို့နောက်ခန်းဝယ်၊ ဆိုင်တန်းဒိသာ၊ ရပ်မဟာတွင်၊ ဩဘာကိတ္တိ၊ ဂုဏ်ထူးရှိသော၊ အကျွန်ုပ်တို့ ရတနသိဒ္ဓိစာပုံနှိပ်တိုက်က ပဌမ, ဒုတိယ အထက်ပုံနှိပ်ပြီး ၂-တွမှ ပေမူကျန်များကို တတိယတွဲပြု၍ ယခုတဖန် ထပ်မံပုံနှိပ်လုပ်ဆောင်ပါသတည်း။

## လုံးတော်ဆရာတော်

# ပကိဏ္ဏကဝိသဇ္ဇနာကျမ်း

## တတိယတွဲ၊ ၃။ (ပထမပိုင်း၊ ၁။)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

☆ *[ ပကိဏ္ဏကဝိသဇ္ဇနာ ၃-တွဲလုံးတွင် စာမျက်နှာ ညီမျှစေရန်အလို့ငှာ ဒုတိယတွဲ(လုံးတော်)မှ ဆဋ္ဌမပိုင်းကို ယူ၍ ဤကျမ်း၊ တတိယတွဲ(လုံးတော်)တွင် ပထမပိုင်းအဖြစ် ပြောင်းရွှေ့ထည့်ထားပါသည်။ ]*

### ရဟန်းတော် ဦးသုန္ဒရ-က သမာပတ် ၈-ပါးနှင့် ပြည့်စုံသော မိန်းမတို့၏ လားရာဘဝကို သိလိုကြောင်းနှင့် လျှောက်ထားချက်

[၁၄၀] "ဘုရားတပည့်တော် ပခန်းကြီးမြို့၊ ရှင်သုန္ဒရ လျှောက်ပါသည် ဆရာတော်ဘုရား။

ကြတ္တိယော ဟိ ကြမ ဈာနံ ဘာဝေတွာ ကာလံ ကတွာ ဖြဟ္မပါရိသဇ္ဇာနံ သဟဗျတံ ဥပပဇ္ဇန္တိ၊ န မဟာဖြဟ္မာနံ။ ပုရိသော ပန ကတ္ထစိ န ဥပ္ပဇ္ဇတီတိ န ဝတ္တဗ္ဗော။

ဟူသော နေတ္တိအဋ္ဌကထာ(၁၅၉)၊ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာဆရာတို့ အလိုအားဖြင့်–

(၁) အရိယာ ဖြစ်စေ၊ အရိယာ မဟုတ်သည်ဖြစ်စေ သမာပတ် ၈-ပါးတို့ကို ရသော မိန်းမတို့သည် ပြဟ္မပါရိသဇ္ဇာဘုံ၌ ဖြစ်သည်၊ တပါးသော ဘုံတို့၌ မဖြစ်-ဟု အယူရှိကြပါသည်။

**တတ္ထ အနာဂါမိနိယော သုဒ္ဓါဝါသေသု ဥပပန္နာ၊ ဣတရာ ကာစိ တာဝတိံသေသု၊ ကာစိ ယာမေသု၊ ကာစိ တုသိတေသု၊ ကာစိ နိမ္မာနရတီသု၊ ကာစိ ပရနိမ္မိတဝ-သဝတ္တီသု ဥပပန္နာ။** (ဥဒါန၊ဋ္ဌ။၃၄၉)

ဟူသော ဥဒါန်းအဋ္ဌကထာဆရာ၏ အလိုအားဖြင့်—

(၂) ဆိုခဲ့တိုင်းသော သဘောရှိသော မိန်းမတို့သည် ယခင်ဘုံ၌ မမြဲ၊ အနာဂါမ် မိန်းမတို့ဖြစ်ရာ သုဒ္ဓါဝါသဘုံနှင့်တကွ ယထာရဟသာ ဖြစ်သင့်သည်-ဟု အချို့ အယူရှိကြပါသည်။

၂-ကျမ်းအရ ဝါဒ ၂-ပါးတို့ကို သမ္မောဟဖြစ်ပါ၍ သေချာစွာ မှတ်သားရန် ကျမ်းဂန်အရ ဝိနိစ္ဆယစကားကို ကယ်မသနားတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။"

ဇင်းရဟန်းတော် လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ—

[၁၄၀] (၁) **ဣတ္ထိ မဟာဗြဟ္မာ သိယာတိ နေတံ ဌာနံ ဝိဇ္ဇတိ၊ ပုရိသော မဟာဗြဟ္မာ သိယာတိ ဌာန'မေတံ ဝိဇ္ဇတိ—**

ဟူသော နေတ္တိ၊ နိရုတ္တိနယသမုဋ္ဌာန်ပါဠိတော်(၈၇။ အံ၊၁။၂၈-၃၁)၏ အဖွင့်ဖြစ်သော—

**ဣတ္ထိယော ဟိ ဣမ ဈာနံ ဘာဝေတွာ ကာလံ ကတွာ ဗြဟ္မပါရိသဇ္ဇာနံ သဟဗျတံ ဥပပဇ္ဇန္တိ၊ န မဟာဗြဟ္မာနံ-**

ဟူသော နေတ္တိအဋ္ဌကထာ(၁၅၉)၊ သုမင်္ဂလသာမိဋီကာ၊ ဉာဏာဝိဘင်းအဋ္ဌကထာ(၄၁၉)။

**သန္တေ'တ္ထ ဘိက္ခဝေ ဥပါသိကာယော သောတာပန္နာ၊ သန္တိ သကဒါဂါမိနိ-ယော၊ သန္တိ အနာဂါမိနိယော၊ သဗ္ဗာ တာ ဘိက္ခဝေ ဥပါသိကာယော အနိပ္ဖလာ ကာလင်္ကတာ။**

ဟူသော ဥဒါန်းပါဠိတော်၊ ၇-ခုမြောက်သော စူဠဝဂ်အစု၊ ၁၀-ခုမြောက်သော သာမာဝတီ သုတ်(၁၇၆)။ ဓမ္မပဒ၊ ၂-ခုမြောက်သော အပ္ပမာဒဝဂ်အစု၊ ပဌမယောသကဝတ္ထု၊ အဝင် အဝါ သာမာဝတီဝတ္ထုတွင်လာသော ပါဠိတော်၏ အဖွင့်ဖြစ်သော-

ယသ္မာ ပန တာ ဣမသ္မိံ အတ္တဘာဝေ အရိယဖလာနိ သစ္ဆာကံသု၊ ရတနတ္တယံ ပယိရုပါသိံသု၊ တသ္မာ တတ္ထ အနာဂါမိနိယော သုဒ္ဓါဝါသေသု ဥပပန္နာ၊ ဣတရာ ကာစိ တာဝတိံသေသု-ကာစိ ပရနိမ္မိတဝသဝတ္တီသု–

ဟူသော ဝင်းအဖွင့် အဋ္ဌကထာပါဠိ(ဥဒါန၊ဋ္ဌ။၃၄၉)တို့ကို စွဲ၍ ဈာနလာဘီဖြစ်သော မိန်းမတို့ သည် အရိယာဖြစ်စေ, အရိယာ မဟုတ်သည်ဖြစ်စေ ပြဟ္မပါရိသဇ္ဇာဘုံ၌သာ ဖြစ်၏။

(၂) မဟာဗြဟ္မာ့ဘုံ၌ မဖြစ်။ အနာဂါမ်ဖြစ်သော မိန်းမတို့သည် သုဒ္ဓါဝါသဘုံ၌ ဖြစ် ကုန်၏-ဟူသော စကား၏အရကို မေးလျှောက်သည်မှာ သာမညအားဖြင့် အရိယာ ဟုတ်, မဟုတ် မိန်းမတို့သည် ပြဟ္မပါရိသဇ္ဇာဘုံ၌ ဖြစ်၏-ဟူရကား အနာဂါမ်မှ တပါးသော ဈာန- လာဘီပုဂ္ဂိုလ်တို့ ပြဟ္မပါရိသဇ္ဇာဘုံ၌သာ ဖြစ်၏။ အနာဂါမ်မိန်းမတို့သည်ကား သုဒ္ဓါဝါသဘုံ ၌ ဖြစ်၏။ သုဒ္ဓါဝါသဘုံမှ တပါးသော ဘုံ၌လည်း ဖြစ်၏။

ဤသာမာဝတီဝတ္ထု၌လည်း "သန္တိ အနာဂါမိနိယော"ဟူသော ပါဠိတော်၏ အဖွင့် အဋ္ဌကထာ၌ပင် "အနာဂါမိနိယော သုဒ္ဓါဝါသေသု ဥပပန္နာ"ဟူရကား သာမာဝတီအစည်း အဝေးတွင်ပါသော အနာဂါမ်မိန်းမတို့ သုဒ္ဓါဝါသဘုံ၌ ဖြစ်ကြောင်းကို တိုက်ရိုက်လာသည်။ အကယ်၍–

ဣတ္ထိယော ဟိ ဣမေ ဈာနံ ဘာဝေတွာ ကာလံ ကတွာ ပြဟ္မပါရိသဇ္ဇာနံ သဟဗျတံ ဥပပဇ္ဇန္တိ၊ န မဟာဗြဟ္မာနံ။

ဟူသော ပါဠ်ကို စွဲ၍ အနာဂါမ်မိန်းမတို့သည်လည်း ပြဟ္မပါရိသဇ္ဇာဘုံ၌သာ ဖြစ်၏။ သုဒ္ဓါ- ဝါသဘုံ၌ မဖြစ်-ဟု ယူငြားအံ့။ ဥဒါန်းအဋ္ဌကထာ၊ သုတ်မဟာဝါ၊ သက္ကပဉ္ဇသုတ်အဋ္ဌကထာ၊ အဘိဓမ္မတ္ထသင်္ဂြိုဟ်စာ၊ ဝင်းအဖွင့်ဋီကာ အများနှင့် ဆန့်ကျင်ဘက် ဖြစ်ရာ၏။

"ပြဟ္မပါရိသဇ္ဇာနံ ဥပပဇ္ဇန္တိ၊ န မဟာဗြဟ္မာနံ"၏အရမှာ သုဒ္ဓါဝါသဘုံ၌ မထိုက် သော အရိယာဖြစ်သော မိန်းမတို့သာ မဟာဗြဟ္မာ့ဘုံ၌ မဖြစ်။ ပြဟ္မပါရိသဇ္ဇာဘုံ၌သာ ဖြစ်၏-ဟု မှတ်ရာ၏။

ဣတ္ထိယော၊ မိန်းမတို့သည်။ မဟာဗြဟ္မာ၊ မဟာဗြဟ္မာသည်။ သိယာ၊ ဖြစ်ရာသ လော။ ဣတိ ပုစ္ဆာယံ၊ ဤသို့ မေးသော်။ ဧတံ ဌာနံ၊ ဤအကြောင်းသည်။ န ဝိဇ္ဇတိ၊ မရှိ။ ပုရိသော၊ ယောကျာ်းသည်။ မဟာဗြဟ္မာ၊ မဟာဗြဟ္မာသည်။ သိယာ၊ ဖြစ်ရာသလော။ ဣတိ ပုစ္ဆာယံ၊ ဤသို့မေးသော်။ ဧတံ ဌာနံ၊ ဤအကြောင်းသည်။ ဝိဇ္ဇတိ၊ ရှိသည်။ သိယာ၊ ဖြစ်ရာ၏။ ဣတိ၊ ဤသို့။ ဧတံ ဌာနံ၊ ဤအကြောင်းသည်။ ဝိဇ္ဇတိ၊ ရှိ၏။ ဤသို့လည်းပေး။

ဟိ သစ္စံ၊ မှန်၏။ ဟိ တံ ပါကဋံ ကရောမိ၊ ထိုစကားကို ထင်စွာပြုအံ့။ ဣတ္ထိယော၊ မိန်းမတို့သည်။ ဣဓ၊ ဤကာမဘုံ၌။ ဈာနံ၊ ဈာန်ကို။ ဘာဝေတွာ၊ ပွါး၍။ ကာလံ ကတွာ၊ သေ၍။ ဗြဟ္မပါရိသဇ္ဇာနံ၊ ဗြဟ္မပါရိသဇ္ဇာဗြဟ္မာတို့၏။ ဝါ၊ ဗြဟ္မပါရိသဇ္ဇာဗြဟ္မာတို့နှင့်။ သဟဗျတံ၊ အပေါင်းအဖော်၏ အဖြစ်သို့။ ဝါ၊ သဟဗျတံ သဟဘာဝံ၊ တကွဖြစ်ခြင်းသို့။ ဥပပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ မဟာဗြဟ္မာနံ၊ မဟာဗြဟ္မာတို့၏။ ဝါ၊ မဟာဗြဟ္မာတို့နှင့်။ သဟဗျတံ၊ အပေါင်းအဖော်၏အဖြစ်သို့။ ဝါ၊ သဟဗျတံ သဟဘာဝံ၊ တကွဖြစ်ခြင်းသို့။ န ဥပပဇ္ဇန္တိ၊ မဖြစ်ကုန်။

ဘိက္ခဝေ၊ ရဟန်းတို့။ ဧတ္ထ၊ ဤဒါယိကာမတို့တွင်။ သောတာပန္နာ၊ သောတာပန်ဖြစ်ကုန်သော။ ဥပါသိကာယော၊ ဒါယိကာမတို့သည်။ သန္တိ၊ ရှိကုန်၏။ သကဒါဂါမိနိယော၊ သကဒါဂါမ်ဖြစ်ကုန်သော။ ဥပါသိကာယော၊ ဒါယိကာမတို့သည်။ သန္တိ၊ ရှိကုန်၏။ အနာဂါမိနိယော၊ အနာဂါမ်ဖြစ်ကုန်သော။ ဥပါသိကာယော၊ ဒါယိကာမတို့သည်။ သန္တိ၊ ရှိကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ သဗ္ဗာ၊ အလုံးစုံကုန်သော။ တာ ဥပါသိကာယော၊ ထိုဒါယိကာမတို့သည်။ အနိပ္ဖလာ ကာလင်္ကတာ၊ အကျိုးမဲ့မဟုတ်သော သေခြင်းဖြင့် သေကုန်၏။ ယသ္မာ ပန၊ အကြင့်ကြောင့်။ တာ ဥပါသိကာယော၊ ထိုဒါယိကာမတို့သည်။ ဣမသ္မိံ အတ္တဘာဝေ၊ ဤကိုယ်၏အဖြစ်၌။ အရိယဖလာနိ၊ အရိယဖိုလ်တို့ကို။ သစ္ဆာကံသု၊ မျက်မှောက်ပြုကြကုန်၏။ ရတနတ္တယံ၊ ရတနာ ၃-ပါးတို့၏ အပေါင်းကို။ ပယိရုပါသိံသု၊ ဆည်းကပ်ကြကုန်၏။

တသ္မာ၊ ထို့ကြောင့်။ တတ္ထ တာသု ဣတ္ထီသု၊ ထိုမိန်းမတို့တွင်။ အနာဂါမိနိယော၊ အနာဂါမ်မိန်းမတို့သည်။ သုဒ္ဓါဝါသေသု၊ သုဒ္ဓါဝါသဘုံတို့၌။ ဥပပန္နာ၊ ဖြစ်ကုန်၏။ ဣတရာ၊ ဤအနာဂါမ်မိန်းမမှ တပါးကုန်သော။ ကာစိ၊ အချို့ကုန်သော မိန်းမတို့သည်။ တာဝတိံသေသု၊ တာဝတိံသာနတ်ပြည်တို့၌။ ဥပပန္နာ၊ ဖြစ်ကုန်၏။ ကာစိ၊ အချို့ကုန်သော မိန်းမတို့သည် ။ပ။ ပရနိမ္မိတဝသဝတ္တီသု၊ ပရနိမ္မိတဝသဝတ္တီဘုံတို့၌။ ဥပပန္နာ၊ ဖြစ်ကုန်၏။

ထိုပါဠိ,အဋ္ဌကထာ, ဋီကာပါဠ်တို့ဝယ် အရည်စစ်အဓိပ္ပါယ်ကား—

"ပဌမဈာန် ၃-ဘုံ၌ဖြစ်ကုန်သော မိန်းမတို့သည် မဟာဗြဟ္မာဘုံ၌ ဖြစ်သင့်, ဖြစ်ထိုက်လေသလော"ဟု "ဣတ္ထိယော မဟာဗြဟ္မာ သိယာ"ဟူသော အမေးအားလျော်စွာ-

"မဟာဗြဟ္မာဘုံ၌ မဖြစ်ထိုက်"ဟု "နေတံ ဌာနံ ဝိဇ္ဇတိ"ဟူသော အဖြေပါဠိအရကို ဖွင့်ပြသော အရာဖြစ်၍—

"ဈာနလာဘီဖြစ်သော မိန်းမတို့သည် မဟာဗြဟ္မာဘုံ၌ မဖြစ်ထိုက်၊ ဗြဟ္မပါရိသဇ္ဇာဘုံ၌သာ ဖြစ်ထိုက်၏"ဟု နေတ္တိအဋ္ဌကထာ၊ ဝိဘင်းအဋ္ဌကထာတို့တွင်—

**ကတ္တိယော ဟိ ဣမ ဈာနံ ဘာဝေတွာ ဗြဟ္မပါရိသဇ္ဇာနံ သဟဗျတံ ဥပပဇ္ဇန္တိ။**

ဟု ပြသည်။

အနာဂါမ်မိန်းမတို့သည် သုဒ္ဓါဝါသဘုံ၌သာ ဖြစ်သည်ဆိုသည်မှာ–

**သန္တေ'တ္ထ ဘိက္ခဝေ ဥပါသိကာယော သောတာပန္နာ၊ သန္တိ သကဒါဂါမိနိယော-**

ဟူသော ပါဠိတော်အရကို ဖွင့်ပြသောအရာဖြစ်၍ သုဒ္ဓါဝါသဘုံ၌ ဖြစ်သင့်, ဖြစ်ထိုက်သော ဈာနလာဘီဖြစ်သော အနာဂါမ်မိန်းမတို့သည် ဣန္ဒြေ ၅-ပါးနှင့် ပြည့်စုံသဖြင့် ဈာန်အား လျော်စွာ သုဒ္ဓါဝါသဘုံ၌ ဖြစ်ကုန်၏-ဟု ဥဒါန်းအဋ္ဌကထာတွင် "**အနာဂါမိနိယော သုဒ္ဓါဝါ-သေသု ဥပပန္နာ**"ဟု ပြသည်။ ထိုစကား မှန်၏။ အနာဂါမ်ပုဂ္ဂိုလ်တို့သာ သုဒ္ဓါဝါသဘုံ၌ ဖြစ်သင့်ကြောင်းကို သာမညအားဖြင့် "**အနာဂါမိနော ပန သုဒ္ဓါဝါသေသု ဥပ္ပဇ္ဇန္တိ**"ဟု အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာတွင် အရှင်အနုရုဒ္ဓါဆရာ ပြသည်။

အနာဂါမိနော ပန အနာဂါမိနော ဧဝ၊ အနာဂါမ်ပုဂ္ဂိုလ်တို့သည်သာလျှင်။ သုဒ္ဓါ-ဝါသေသု၊ သုဒ္ဓါဝါသဘုံတို့၌။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ ("အနာဂါမိနော ပန"၌ ပန-သဒ္ဒါသည် ဧဝ-အနက် ရှိ၏။)

အနာဂါမ်ဖြစ်သော အရိယာပုဂ္ဂိုလ်သည် ပုထုဇဉ်ဘဝ-စသည်၌လည်းကောင်း, နောက်ကာလ၌လည်းကောင်း ပရိတ္တ, မဇ္ဈိမ, ပဏီတအားဖြင့် ၃-ပါးပြားသော ပဉ္စမဈာန်ကို ပွါး၍ ရူပါဝစရပဉ္စမဈာန်စိတ်နှင့် ယှဉ်သော သဒ္ဓါ-အစရှိသော ဣန္ဒြေတို့၏ လွန်သည်၏ အဖြစ်-ဟု ဆိုအပ်သော အစဉ်ဖြင့် သုဒ္ဓါဝါသဘုံ၌ ဖြစ်ကုန်၏။

ထို့ကြောင့် အဘိဓမ္မတ္ထဝိဘာဝိနီမည်သော ဋီကာ(၁၈၆)၌–

**အနာဂါမိနော ပန သုဒ္ဓါဝါသေသု ဥပ္ပဇ္ဇန္တီတိ အနာဂါမိနောယေဝ အရိယာ ပုထုဇ္ဇနာဒိကာလေ, ပစ္ဆာပိ ဝါ ပဉ္စမဇ္ဈာနံ တိဝိဓမ္ပိ ဘာဝေတွာ သဒ္ဓါဒိဣန္ဒြိယဝေ-မတ္တတာနုက္ကမေန သုဒ္ဓါဝါသေသု ဥပ္ပဇ္ဇန္တိ။**

ဟူသောပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

အနာဂါမိနော ပန သုဒ္ဓါဝါသေသု ဥပ္ပဇ္ဇန္တီတိ၊ **အနာဂါမိနော ပန သုဒ္ဓါဝါသေသု ဥပ္ပဇ္ဇန္တိ**-ဟူသည်ကား။ အနာဂါမိနောယေဝ၊ အနာဂါမ်သာလျှင် ဖြစ်ကုန်သော။ အရိယာ၊ အရိယာတို့သည်။ ပုထုဇ္ဇနာဒိကာလေ ဝါ၊ ပုထုဇ္ဇန်-အစရှိသော ကာလ၌လည်းကောင်း။ ပစ္ဆာပိ ဝါ၊ နောက်ကာလ၌လည်းကောင်း။ တိဝိဓမ္ပိ၊ ၃-ပါး အပြားရှိသည်လည်းဖြစ်သော။ ပဉ္စမဈာနံ၊ ပဉ္စမဈာန်ကို။ ဘာဝေတွာ၊ ပွါးစေ၍။ သဒ္ဓါဒိဣန္ဒြိယဝေမတ္တတာနုက္ကမေန၊ ရူပါ-

၂၇၄၄၉

ဝစရပဌမစျာန်စိတ်နှင့် ယှဉ်သော သဒ္ဓါ-အစရှိသော ဣန္ဒြေလွန်သည်၏အဖြစ်-ဟု ဆိုအပ်သော အစဉ်ဖြင့်။ သဒ္ဓါဝါသေသု၊ သဒ္ဓါဝါသဘုံတို့၌။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။

"**အနာဂါမိနော ယေဝ**"၌ ဧဝ-သဒ္ဒါ၏ အရဖြင့် "အနာဂါမ်ပုဂ္ဂိုလ်တို့သည်သာ သုဒ္ဓါဝါသဘုံ၌ ဖြစ်ကုန်၏။ ကြွင်းသော ပုဂ္ဂိုလ်တို့သည် သုဒ္ဓါဝါသဘုံ၌ မဖြစ်ကုန်။ အနာဂါမ်ပုဂ္ဂိုလ်တို့သည် သုဒ္ဓါဝါသဘုံမှ တပါးသောဘုံ၌လည်း ဖြစ်ကုန်၏"။ ဤသို့ ယူအပ်၏။ အဘယ်ကြောင့်နည်းဟူမူ "အနာဂါမိနော သုဒ္ဓါဝါသေသုယေဝ"ဟု ဧဝသဒ္ဒါကို သုဒ္ဓါဝါသသဒ္ဒါနောင် မဆို။ "အနာဂါမိနောယေဝ"ဟု အနာဂါမိသဒ္ဒါနောင် ဆိုခြင်းကြောင့် **အနာဂါမ်ပုဂ္ဂိုလ်တို့သည် သုဒ္ဓါဝါသဘုံမှ တပါးသောဘုံ၌ ဖြစ်သေး၏-ဟု ယူအပ်၏**။

ကပိလဝတ်ပြည်တွင် ဂေါပိကာမည်သော သာကီဝင်မင်းသမီးသည် ယောက်ျား၏အဖြစ်ကို တောင့်တ၍ ရဟန်း ၃-ပါးတို့ကိုလည်း ကောင်းစွာ လုပ်ကျွေး၏။ ရတနာ ၃-ပါးတို့ကို ကြည်ညိုခြင်းဖြင့် သီလသီတင်းနှင့် ပြည့်စုံလေရကား စုတေသည်၏ အခြားမဲ့၌ တာဝတိံသာနတ်ပြည်တွင် သိကြားမင်း၏ သားဖြစ်၍ ဂေါပက-ဟူသော အမည်ကို ရ၏။ ဂေါပိကာ ကိုးကွယ်သော ရဟန်း ၃-ယောက်တို့သည် သီလဝန္တစျာနလာဘီ ဖြစ်ကြလျက် ရှေးဘဝက ဂန္ဓဗ္ဗနတ်ဖြစ်ဖူးသော နိကန္တိတဏှာကြောင့် ဂန္ဓဗ္ဗပြည်တွင် ဖြစ်ကြ၍ (ဂေါပကနတ်သား) သိကြားမင်းတို့ထံ ခစားခြင်းငှာ ကပ်လာသည်ကို ဂေါပကနတ်သား ပြက်ရယ်ပြောဆိုသော စကားကြောင့် ၂-ယောက်သော ဂန္ဓဗ္ဗနတ်တို့သည် ပဌမစျာန်နှင့် ယှဉ်သောသတိကို ရ၍ စျာန်ကို အခြေပြု၍ သစ္စာရတို့ကို သုံးသပ်ဆင်ခြင်ရာ အနာဂါမိဖိုလ်သို့ ရောက်၍ ကာမဘုံ၌ နေခြင်းငှာ မထိုက်လေရကား စုတိကျ၍ ဗြဟ္မပုရောဟိတာဘုံ၌ ဖြစ်ကြကုန်၏။

ထို့ကြောင့် သုမင်္ဂလဝိလာသိနီမည်သော သုတ်မဟာဝါ၊ သက္ကပဉှသုတ်အဋ္ဌကထာ၌–

**တေသု ဒွေ ဇနာ ပဌမဇ္ဈာနသတိံ ပဋိလဘိတွာ ဈာနံ ပါဒကံ ကတွာ သစ္စာနိ သမ္မသန္တာ အနာဂါမိဖလေ ယေဝ ပတိဋ္ဌဟိံသု။ အထ နေသံ သော ပရိတ္တော ကာမာဝစရတ္တဘာဝေါ ဓာရေတုံ နာသက္ခိ၊ တသ္မာ ထာဝဒေဝ စဝိတွာ ဗြဟ္မပုရောဟိတေသု နိဗ္ဗတ္တာ။** –

ဟူသော ပါဌ်(ဒီ၊ဋ္ဌ၊၂။၃၀၀)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

တေသု၊ ထို ၃-ယောက်ကုန်သော ဂန္ဓဗ္ဗနတ်တို့တွင်။ ဒွေ ဇနာ၊ ၂-ယောက်ကုန်သော သူတို့သည်။ ပဌမဇ္ဈာနသတိံ၊ ပဌမစျာန်နှင့်ယှဉ်သော သတိကို။ ပဋိလဘိတွာ၊ ရ၍။ ဈာနံ ပါဒကံ ကတွာ၊ စျာန်ကို အခြေပြု၍။ သစ္စာနိ၊ တေဘူမကသစ္စာရတို့ကို။

သမ္ပသန္တာ၊ သုံးသပ်ဆင်ခြင်ကုန်သည်ဖြစ်၍။ အနာဂါမိဖလေ ယေဝ၊ အနာဂါမိဖိုလ်၌သာ လျှင်။ ပတိဋ္ဌဟိံသု၊ တည်ကြကုန်၏။ အထ၊ ထိုအခါ၌။ နေသံ၊ ထိုအနာဂါမ်ပုဂ္ဂိုလ်တို့အား။ သော ကာမာဝစရတ္တဘာဝေါ၊ ထိုကာမာဝစရကိုယ်၏ အဖြစ်သည်။ ပရိတ္တော၊ နည်း၏။ ဓာရေတုံ၊ တည်ခြင်းငှာ။ နာသက္ခိ၊ မတတ်နိုင်။ တသ္မာ၊ ထို့ကြောင့်။ တာဝဒေဝ၊ ထိုခဏ၌ ပင်လျှင်။ စဝိတွာ၊ စုတိကျ၍။ ဗြဟ္မပုရောဟိတေသု၊ ဗြဟ္မပုရောဟိတာဘုံတို့၌။ နိဗ္ဗတ္တာ၊ ဖြစ်ကြကုန်၏။

ဤမှတပါး သာဓကဝတ္ထုကား များစွာပင် ရှိသေး၏။ မိန်းမ, ယောက်ျား-ဟူ၍ အမှတ်မရှိ၊ ဣန္ဒြေ ၅-ပါးနှင့် ပြည့်စုံလျှင် စျာန်အားလျော်စွာ အနာဂါမ်ပုဂ္ဂိုလ်သည် သုဒ္ဓါ-ဝါသဘုံ၌ ဖြစ်၏။

တာဝတိံသာ နတ်ရွာသနင်း သိကြားမင်းသည် အနာဂါမိဖိုလ်ကို ရ၍ သိကြားမင်း အဖြစ်မှ စုတေသော် ဥဒ္ဓံသောတအနာဂါမ်ဖြစ်၍ အဝိဟာဘုံ၌ ဖြစ်လတ္တံ့။

- အဝိဟာဘုံ၌ ကမ္ဘာ-၁,၀၀၀၊　　- အတပ္ပါဘုံ၌ ကမ္ဘာ၂,၀၀၀၊
- သုဒဿာဘုံ၌ ကမ္ဘာ-၄,၀၀၀၊　　- သုဒဿီဘုံ၌ ကမ္ဘာ-၈,၀၀၀၊
- အကနိဋ္ဌဘုံ၌ ကမ္ဘာ-၁၆,၀၀၀၊

ဤသို့ ကမ္ဘာ ၃၁,၀၀၀-ပြည့်မှ အကနိဋ္ဌဘုံ၌ ပရိနိဗ္ဗာန်ပြုလတ္တံ့။ ထိုစကား မှန်၏။ သိကြားမင်း, အနာထပိဏ်သူဌေး, ဝိသာခါ၊ ထို ၃-ယောက်တို့သည် တူသော အသက် ပမာဏ ရှိကုန်၏။

ထို့ကြောင့် သုမင်္ဂလဝိလာသိနီမည်သော သုတ်မဟာဝါ၊ သက္ကပဥှသုတ်အဋ္ဌကထာ၌-

> အယံ ကိရ တတော သက္ကတ္တဘာဝတော စုတော တသ္မိံ အတ္တဘာဝေ အနာဂါမိမဂ္ဂဿ ပဋိလဒ္ဓတ္တာ ဥဒ္ဓံသောတော အကနိဋ္ဌဂါမိ ဟုတွာ အဝိဟာဒိသု နိဗ္ဗတ္တန္တော အဝသာနေ အကနိဋ္ဌေ နိဗ္ဗတ္တိဿတိ။ တံ သန္ဓာယ ဧဝ'မာဟ။ သော ကိရ အဝိဟေသု ကပ္ပသဟဿံ ဝသိဿတိ၊ အတပ္ပေသု ဒွေကပ္ပသဟဿာနိ၊ သုဒဿေသု စတ္တာရိ ကပ္ပသဟဿာနိ၊ သုဒဿီသု အဋ္ဌကပ္ပသဟဿာနိ၊ အက-နိဋ္ဌေသု သောဠသာတိ ဧကတိံသကပ္ပသဟဿာနိ ဗြဟ္မအာယုံ အနုဘဝိဿတိ။ သက္ကော ဒေဝရာဇာ အနာထပိဏ္ဍိကော ဂဟပတိ ဝိသာခါ မဟာဥပါသိကာတိ တယောပိ ဟိ ဣမေ ဧကပ္ပမာဏာယုကာ ဧဝ။

ဟူသော ပါဠ်(ဒီ၊ဋ္ဌ၊၂။၃၃၂)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

အယံ၊ ဤသိကြားမင်းသည်။ တတော သက္ကတ္တဘာဝတော၊ (ထို)သိကြားအဖြစ်မှ။ စုတော၊ စုတေသည်ရှိသော်။ တသ္မိံ အတ္တဘာဝေ၊ ထိုသိကြားမင်း၏ အဖြစ်၌။ အနာဂါမိမဂ္ဂဿ၊ အနာဂါမိမဂ်ကို။ ပဋိလဒ္ဓတ္တာ၊ ရသည်၏အဖြစ်ကြောင့်။ ဥဒ္ဓံသောတအကနိဋ္ဌဂါမီ၊ ဥဒ္ဓံသောတအကနိဋ္ဌဂါမီအနာဂါမ်သည်။ ဟုတွာ၊ ဖြစ်၍။ အဝိဟာဒီသု၊ အဝိဟာ-စသည်တို့၌။ နိဗ္ဗတ္တန္တော၊ ဖြစ်သည်ရှိသော်။ အဝသာနေ၊ အဆုံး၌။ အကနိဋ္ဌေ၊ အကနိဋ္ဌဘုံ၌။ နိဗ္ဗတ္တိဿတိ ကိရ၊ ဖြစ်လတ္တံ့။ ဝါ၊ ဖြစ်လိမ့်မတဲ့။ တံ၊ ထိုသို့ ဖြစ်လတ္တံ့သည်ကို။ သန္ဓာယ၊ ရည်၍။ ဇဝံ၊ သို့။

**တေ ပဏီတတရာ ဒေဝါ၊ အကနိဋ္ဌာ ယသဿိနော။**
**အန္တိမေ ဝတ္တမာနမှိ၊ သော နိဝါသော ဘဝိဿတီတိ။ ။ –**

ဟူ၍။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အာဟ၊ ဟောတော်မူ၏။ (ဒီ၊၂။၂၂၈)

ကိရ ဝိတ္ထာရေမိ၊ ချဲ့အံ့။ သေ ဇသော၊ ဤသိကြားသည်။ အဝိဟေသု၊ အဝိဟာဘုံတို့၌။ ကပ္ပသဟဿံ၊ ကမ္ဘာ-၁,၀၀၀။ ဝသိဿတိ၊ နေလတ္တံ့။ အတပ္ပေသု၊ အတပ္ပါဘုံတို့၌။ ဒွေကပ္ပသဟဿာနိ၊ ကမ္ဘာ ၂,၀၀၀-တို့ပတ်လုံး။ ဝသိဿန္တိ၊ နေကုန်လတ္တံ့။ သုဒဿေသု၊ သုဒဿဘုံတို့၌။ စတ္တာရိ ကပ္ပသဟဿာနိ၊ ကမ္ဘာ ၄,၀၀၀-တို့ပတ်လုံး။ ဝသိဿန္တိ၊ နေကုန်လတ္တံ့။ သုဒဿီသု၊ သုဒဿီဘုံတို့၌။ အဋ္ဌကပ္ပသဟဿာနိ၊ ကမ္ဘာ ၈,၀၀၀-တို့ပတ်လုံး။ ဝသိဿန္တိ၊ နေကုန်လတ္တံ့။ အကနိဋ္ဌေသု၊ အကနိဋ္ဌဘုံ၌။ သောဠသကပ္ပသဟဿာနိ၊ ကမ္ဘာ ၁၆,၀၀၀-တို့ပတ်လုံး။ ဝသိဿန္တိ၊ နေကုန်လတ္တံ့။ ဣတိ၊ ဤသို့။ ဧကတိံသကပ္ပသဟဿာနိ၊ ကမ္ဘာ ၃၁,၀၀၀-တို့ပတ်လုံး။ ဗြဟ္မအာယုံ၊ ဗြဟ္မာ၏ အသက်ကို။ အနုဘဝိဿတိ၊ ခံစားလတ္တံ့။ ဟိ သစ္စံ၊ မှန်၏။ သက္ကော ဒေဝရာဇာ၊ တာဝတိံသာ၊ နတ်ရွာသနင်း၊ သိကြားမင်းလည်းကောင်း။ အနာထပိဏ္ဍိကော ဂဟပတိ၊ အနာထပိဏ်သူဌေးလည်းကောင်း။ ဝိသာခါ မဟာဥပါသိကာ၊ ဝိသာခါဒါယိကာမကြီးလည်းကောင်း။ တယောပိ၊ ၃-ယောက်လည်း ဖြစ်ကုန်သော။ ဣမေ၊ ဤသူတို့သည်။ ဧကပ္ပမာဏာယုကာ၊ တူသော အသက်ပမာဏ ရှိကုန်၏။

**ပါဠိတော်၏အနက်ကား—**

အကနိဋ္ဌာ၊ အကနိဋ္ဌဘုံ၌ ဖြစ်ကုန်သော။ ယသဿိနော၊ အခြံအရံများကုန်သော။ တေ ဒေဝါ၊ ထိုနတ်တို့သည်။ ပဏီတတရာ၊ မြတ်ကုန်၏။ သက္ကော၊ သိကြားသည်။ အန္တိမေ၊ အဆုံး၌။ ဝတ္တမာနမှိ၊ ဖြစ်သည်ရှိသော်။ သော၊ ထိုအကနိဋ္ဌဘုံသည်။ နိဝါသော၊ နေရာအရပ်သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

ထိုစကား၌ "ဝိသာခါ မဟာဥပါသိကာ"ဟူသော ပါဠိဖြင့် ဝိသာခါလည်း သိကြားကဲ့သို့ အနာဂါမိမဂ်ကို ရ၍ သုဒ္ဓါဝါသဘုံ၌ ဖြစ်လတ္တံ့သည်ကို ပြသည်။ ထိုစကားကို မဏိသာရမဉ္ဇူသာမည်သော ဋီကာ(၂။၈၃)၌ကား–

**ဧဝဉ္စ ကတွာ ဝိသာခါယ ဥပါသိကာယ အနာဂတေ ဉဒ္ဓံသောတအကနိဋ္ဌဂါမိနီ ဟုတွာ ပရိနိဗ္ဗာယိဿမာနဘာဝေါ ဘဂဝတာ ဝုတ္တော။**

ဟု မိန့်၏။

ဧဝဉ္စ ကတွာ၊ ဤသို့ နှလုံးပြု၍။ ဝိသာခါယ ဥပါသိကာယ၊ ဝိသာခါ ဒါယိကာမ၏။ အနာဂတေ၊ နောင်သောအခါ၌။ ဉဒ္ဓံသောတအကနိဋ္ဌဂါမိနီ၊ ဉဒ္ဓံသောတအကနိဋ္ဌအနာဂါမ်သည်။ ဟုတွာ၊ ဖြစ်၍။ ပရိနိဗ္ဗာယိဿမာနဘာဝေါ၊ ပရိနိဗ္ဗာန်ပြုလတ္တံ့သော အဖြစ်ကို။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တော၊ ဟောတော်မူအပ်၏။

ဤစကားကို ကာမဘုံမှ အနာဂါမ်စုတိ၍ ပြဟ္မာ့ဘုံ၌ ဖြစ်သည်ကို ရည်၍ ဆိုအပ်၏။ ဤသို့လာသော ပါဠိ,အဋ္ဌကထာ, ဋီကာတို့ကို ထောက်၍ အနာဂါမ် မဟုတ်သော ဈာနလာဘီ အရိယာပုဂ္ဂိုလ်တို့သည် သုဒ္ဓါဝါသဘုံမှ တပါးသောဘုံ၌သာ ဖြစ်ကုန်၏။ အနာဂါမ်ဖြစ်သော အရိယာပုဂ္ဂိုလ်တို့သည် ဣန္ဒြေ ၅-ပါးနှင့် ပြည့်စုံလျှင် သုဒ္ဓါဝါသဘုံ၌ ဖြစ်ကုန်၏။ ဣန္ဒြေ ၅-ပါး မပြည့်စုံလျှင် သုဒ္ဓါဝါသဘုံမှ တပါးသောဘုံ၌ ဖြစ်ကုန်၏-ဟု မှတ်ရာ၏။ ကမ္ဘာပျက်သော ကာလ၌ ဈာနလာဘီဖြစ်သော မိန်းမတို့ ပြဟ္မပါရိသဇ္ဇာဘုံ၌ ဖြစ်ပြီးမှ အထက်ပြဟ္မာဘုံ၌ ဖြစ်ကုန်၏။

ထို့ကြောင့် မဏိသာရမဉ္ဇူသာဋီကာ(၂။၈၃)၌–

**ကပ္ပဝိနာသကာလေ စ ဈာနလာဘိနီနံ ဣတ္ထီနံ ပြဟ္မပါရိသဇ္ဇေသု နိဗ္ဗတ္တိတွာ ဥပရိဘူမိသုပိ နိဗ္ဗတ္တိ ဟောတိ ။**

ဟူသောပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ကပ္ပဝိနာသကာလေ၊ ကမ္ဘာပျက်သော ကာလ၌။ ဈာနလာဘိနီနံ၊ ဈာနလာဘီဖြစ်ကုန်သော။ ဣတ္ထီနံ၊ မိန်းမတို့သည်။ ပြဟ္မပါရိသဇ္ဇေသု၊ ပြဟ္မပါရိသဇ္ဇာဘုံတို့၌။ နိဗ္ဗတ္တိတွာ၊ ဖြစ်၍။ ဥပရိဘူမိသု၊ အထက်ပြဟ္မာဘုံတို့၌။ နိဗ္ဗတ္တိ၊ ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

အချို့သော ပုဂ္ဂိုလ်တို့ကား "ဣတ္ထိယော ဟိ ဣမ စ ဈာနံ ဘာဝေတွာ ပြဟ္မပါရိသဇ္ဇာနံ သဟဗျတံ ဥပပဇ္ဇန္တိ"ဟူသော ပါဠိကို စွဲ၍ ဈာနလာဘီဖြစ်သော အနာဂါမ်မိန်းမတို့သည်

သုဒ္ဓါဝါသဘုံ၌ အလျှင်းပင် မဖြစ်-ဟု ဆိုကြကုန်၏။ ထိုသို့ ဆိုခြင်းသည်ကား ပါဠိ,အဋ္ဌကထာ, ဋီကာကျမ်းတို့ကို မတွေ့,မသိ၊ မရိပ်မိ၍သာ ဆိုရှာပလေသည်-ဟု မှတ်ရမည်။

ထိုစကားရပ်တို့ကို အကျယ်သိလိုလျှင် ဥဒါန်းပါဠိတော်၊ ၎င်းအဖွင့် ပရမတ္ထဒီပနီမည်သော အဋ္ဌကထာ။ သမ္မောဟဝိနောဒနီမည်သော ဝိဘင်းအဋ္ဌကထာ။ နေတ္တိအဋ္ဌကထာ။ သုမင်္ဂလဝိလာသိနီမည်သော သုတ်မဟာဝါ၊ သက္ကပဉှာသုတ်အဋ္ဌကထာ။ အဘိဓမ္မတ္ထ-သင်္ဂဟအဋ္ဌကထာ။ ၎င်းအဖွင့် အဘိဓမ္မတ္ထဝိဘာဝနီဋီကာ။ ၎င်းအဖွင့် မဏိသာရမဉ္ဇူသာဋီကာ။ ဓမ္မပဒအဋ္ဌကထာ။ ဇိနာလင်္ကာရဋီကာကျမ်းတို့မှာ ကြည့်လေ။

ပခန်းကြီးမြို့၊ ရှင်သုန္ဒရက—

ကုတ္ထိယော ဟိ က္လမ ဈာနံ ဘာဝေတွာ ဗြဟ္မပါရိသဇ္ဇာနံ သဟဗျတံ ဥပပဇ္ဇန္တိ။
ပုရိသော ပန ကတ္ထစိ န ဥပ္ပဇ္ဇတီ'တိ န ဝတ္တဗ္ဗော။

ဟူသော နေတ္တိအဋ္ဌကထာ၊ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာဆရာတို့ အလိုအားဖြင့် အရိယာဖြစ်စေ, အရိယာမဟုတ်သည် ဖြစ်စေ သမာပတ် ၈-ပါးတို့ကို ရသော မိန်းမတို့သည် ဗြဟ္မပါရိသဇ္ဇာဘုံ၌သာ ဖြစ်သည်။ တပါးသောဘုံတို့၌ မဖြစ်-ဟု အယူရှိပါသည်။

တတ္ထ အနာဂါမိနိယော သုဒ္ဓါဝါသေသု ဥပ္ပန္နာ။ က္လတရာ ကာစိ တာဝတိံသေသု၊ ကာစိ ယာမေသု၊ ကာစိ တုသိတေသု၊ ကာစိ နိမ္မာနရတီသု၊ ကာစိ ပရနိမ္မိတ-ဝသဝတ္တီသု—

ဟူသော ဥဒါန်းအဋ္ဌကထာဆရာ၏ အလိုအားဖြင့် ဆိုခဲ့တိုင်းသော သဘောရှိသော မိန်းမတို့သည် ယခင်ဘုံ၌ မမြဲ။ အနာဂါမ်မိန်းမတို့ဖြစ်ရာ သုဒ္ဓါဝါသဘုံနှင့်တကွ ယထာရဟ ဖြစ်သင့်သည်-ဟု အချို့အယူ ရှိကြပါသည်။ ၂-ကျမ်းအရ ဝါဒ ၂-ပါးတို့ကို သမ္မောဟဖြစ်ပါ၍ ကျမ်းဂန်အရ ဝိနိစ္ဆယစကားကို ကယ်မသနားတော်မူပါမည့်အကြောင်းနှင့် လျှောက်သောကြောင့် ကျမ်းဂန်အလာ၊ ဒေသနာနယကို ညွှန်ပြထုတ်ဆောင်၍ ၁၂၃၉-ခု၊ တော်သလင်းလပြည့်ကျော်၊ ၁၂-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## ရဟန်းတော် ဦးကိတ္တိ-က စွပ်စွဲခြင်း ၂-ပါးကို သိမှတ်ပါရမည့် အကြောင်းနှင့် လျှောက်ထားချက်

[၁၄၁] "ဘုရားတပည့်တော် သင်္ဘောတော်ဆိပ်ကမ်း၊ စိန်ပန်းကြီးရွာနေ ရဟန်းတော်ရှင်ကိတ္တိ လျှောက်လိုက်ပါသည် ဆရာတော်ဘုရား။

**ဒွေ'မေ ဘိက္ခဝေ တထာဂတံ အဗ္ဘာစိက္ခန္တိ-ဟူ၍ ဟောတော်မူသော** အင်္ဂုတ္တိုရ်ပါဠိတော်အရ၌-

- 'ဒုဋ္ဌော ဝါ ဒေါသန္တရော'-ဟူ၍ စွပ်စွဲခြင်း ၁-ပါး,
- 'သဒ္ဓေါ ဝါ ဒုဂ္ဂဟိတေန ဂဏှာတိ'-ဟူ၍ စွပ်စွဲခြင်း ၁-ပါး၊

ထို ၂-ပါးတို့တွင် 'ဒုဋ္ဌော ဝါ ဒေါသန္တရော'-အရ၌ အဘယ်သို့ ဒေါသန္တရဖြစ်၍ စွပ်စွဲသည်၊ 'သဒ္ဓေါ ဝါ ဒုဂ္ဂဟိတေန ဂဏှာတိ'-၏အရ၌ အဘယ်သို့ ဒုဂ္ဂဟိတဖြစ်၍ စွပ်စွဲသည် ဖြစ်မည်ကို နေရာကျကျ မှတ်သားပါရအောင် အမိန့်ရှိတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား"။

ရှင်းဦးကိတ္တိ မေးလျှောက်ချက်အရ အဖြေဝိသဇ္ဇနာ-

[၁၄၁] "ဒုဋ္ဌော ဝါ ဒေါသန္တရော။ ဒုဂ္ဂဟိတေန ဂဏှာတိ"ဟူသော ဒုကနိပါတ်၊ အင်္ဂုတ္တိုရ်ပါဠိတော်၏ အရကို မေးလျှောက်သည်မှာ—

- စိတ်ဖြင့် ပြစ်မှားစွပ်စွဲခြင်း ၁-ပါး,
- သဒ္ဓါတရားရှိလျက် မဟုတ်မမှန် ဖောက်ပြန်စွပ်စွဲခြင်း ၁-ပါး၊

ထို့ကြောင့် ဒုကနိပါတ်၊ အင်္ဂုတ္တိုရ်ပါဠိတော်(၁။၆၁)၌-

**ဒွေမေ ဘိက္ခဝေ တထာဂတံ အဗ္ဘာစိက္ခန္တိ။ ကတမေ ဒွေ? ဒုဋ္ဌော ဝါ ဒေါသန္တရော၊ သဒ္ဓေါ ဝါ ဒုဂ္ဂဟိတေန။ ဣမေ ခေါ ဘိက္ခဝေ ဒွေ တထာဂတံ အဗ္ဘာစိက္ခန္တီတိ။**

ဟူ၍ ဟောတော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ ဒွေ၊ ၂-ယောက်ကုန်သော သူတို့သည်။ တထာဂတံ၊ ငါဘုရားကို။ အဗ္ဘာစိက္ခန္တိ၊ စွပ်စွဲကုန်၏။ ဒွေ၊ ၂-ယောက်တို့ဟူသည်။ ကတမေ၊ အဘယ်သည်တို့နည်းဟူမူကား? ဒုဋ္ဌော ဝါ၊ ဒေါသဖျက်ဆီးအပ်သော သူသည်လည်း။ ဒေါသန္တရော၊ အတွင်း၌

ကျသော ဒေါသရှိသည်ဖြစ်၍။ ဝါ၊ ဒေါသနှင့်ယှဉ်သော စိတ်ရှိသည်ဖြစ်၍။ (ရှေးနည်း အန္တရ-သဒ္ဒါ မဇ္ဈဟော၊ နောက်နည်း အန္တရ-သဒ္ဒါ စိတ်ဟော။) အဗ္ဘာစိက္ခတိ၊ စွပ်စွဲ၏။ သဒ္ဓေါ ဝါ၊ ပညာကင်းလျက် သဒ္ဓါတရား အားကြီးသောသူသည်မူလည်း။ ဒုဂ္ဂဟိတေန၊ မကောင်းသော ယူခြင်းဖြင့်။ အဗ္ဘာစိက္ခတိ၊ စွပ်စွဲ၏။ ဘိက္ခဝေ၊ တို့။ ဣမေ ဒွေ၊ ဤ ၂-ယောက်သောသူတို့သည်။ တထာဂတံ၊ ငါဘုရားကို။ အဗ္ဘာစိက္ခန္တိ၊ စွပ်စွဲကုန်၏။

ထိုပါဠိတော်၏အရ၌ "အဗ္ဘာစိက္ခဏ"ဟူသည် လွှမ်းမိုးဖိစီး၍ ကြားခြင်း, ဆိုခြင်းတည်း။ ထို့ကြောင့် ဒုကနိပါတ်၊ အင်္ဂုတ္တိုရ်အဋ္ဌကထာ(၂။၂၅)၌-

အဗ္ဘာစိက္ခန္တီတိ အဘိဘဝိတွာ အာစိက္ခန္တိ၊ အဘူတေန ဝဒန္တိ။

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

အဗ္ဘာစိက္ခန္တီတိ၊ အဗ္ဘာစိက္ခန္တိ-ဟူသည်ကား။ အဘိဘဝိတွာ၊ နှိပ်စက်၍။ အာစိက္ခန္တိ၊ ကြားကုန်၏။ အဘူတေန၊ မဟုတ်မမှန်သော စကားဖြင့်။ ဝဒန္တိ၊ ဆိုကုန်၏။

ဒေါသန္တရ-ဟူသည်ကား သုနက္ခတ္တကဲ့သို့ အရှင်ဂေါတမမှာ ဥတ္တရိမနုဿဓမ္မ မရှိ-ဟု စွပ်စွဲခြင်းတည်း။

ထို့ကြောင့် ၎င်းဒုကနိပါတ်၊ အင်္ဂုတ္တိုရ်အဋ္ဌကထာ(၂။၂၅)၌-

ဒေါသန္တရောတိ အန္တရေ ပတိဋ္ဌိတဒေါသော။ ဝေရူပေါ ဟိ "နတ္ထိ သမဏဿ ဂေါတမဿ ဥတ္တရိမနုဿဓမ္မော"တိအာဒီနိ ဝဒန္တော သုနက္ခတ္တော ဝိယ တထာဂတံ အဗ္ဘာစိက္ခတိ။ ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဒေါသန္တရောတိ၊ ဒေါသန္တရော-ဟူသည်ကား။ အန္တရေ၊ အတွင်း၌။ ပတိဋ္ဌိတ-ဒေါသော၊ တည်သော ဒေါသတည်း။ ဟိ သစ္စံ၊ မှန်၏။ သမဏဿ ဂေါတမဿ၊ ရဟန်းဂေါတမအား။ ဝေရူပေါ၊ ဤသို့ သဘောရှိသော။ ဥတ္တရိမနုဿဓမ္မော၊ ဥတ္တရိမနုဿဓမ္မသည်။ နတ္ထိ၊ မရှိ။ (ဥတ္တရိမနုဿဓမ္မ-ဟူသည် ဈာန်, မဂ်, ဖိုလ်တရားတည်း။) ဣတိ အာဒိနာ၊ ဤသို့ အစရှိသည်ဖြင့်။ ဝဒန္တော၊ ဆိုသော။ သုနက္ခတ္တော ဝိယ၊ ဝေသာလီတိုင်းသားဖြစ်သော ရဟန်းလူထွက် သုနက္ခတ္တကဲ့သို့။ တထာဂတံ၊ မြတ်စွာဘုရားကို။ အဗ္ဘာစိက္ခတိ၊ စွပ်စွဲ၏။

"သဒ္ဓေါ ဝါ ဒုဂ္ဂဟိတေန ဂဏှာတိ"ဟူသည်ကား ဉာဏ်ကင်းသဖြင့် သဒ္ဓါတရား အားကြီးပါလျက် ဘုရား-ဟူသည် လောကုတ္တရာပုဂ္ဂိုလ်ဖြစ်ရကား ကေသာ, လောမာ-စသော ဒွတ္တိံသာကာရလည်း လောကုတ္တရာပင်တည်း-ဟု ယူခြင်းဖြင့် ယူ၍ စွပ်စွဲသတည်း။

ထို့ကြောင့် ဒုကနိပါတ်၊ အင်္ဂုတ္တိုရ်အဋ္ဌကထာ(၂။၂၅)၌-

သဒ္ဓေါ ဝါ ဒုဂ္ဂဟိတေနာတိ ယော ဝါ ဉာဏဝိရဟိတာယ သဒ္ဓါယ အတိသဒ္ဓေါ ဟောတိ မုဒ္ဓပ္ပသန္နော။ သောပိ "ဗုဒ္ဓေါ နာမ သဗ္ဗလောကုတ္တရော၊ သဗ္ဗေ တဿ ကေသာဒယော ဒွတ္တိံသကောဋ္ဌာသာ လောကုတ္တရာယေဝါ"တိ အာဒိနာ နယေန ဒုဂ္ဂဟိတံ ဂဏှိတွာ တထာဂတံ အဗ္ဘာစိက္ခတိ။

ဟူသောပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

သဒ္ဓေါ ဝါ ဒုဂ္ဂဟိတေနာတိ၊ သဒ္ဓေါ ဝါ ဒုဂ္ဂဟိတေန-ဟူသည်ကား။ ယော ဝါ၊ အကြင်ပုဂ္ဂိုလ်သည်လည်း။ ဉာဏဝိရဟိတာယ သဒ္ဓါယ၊ ဉာဏ်ကင်းသော သဒ္ဓါတရားဖြင့်။ အတိသဒ္ဓေါ၊ အလွန်သဒ္ဓါသည်။ ဟောတိ၊ ဖြစ်၏။ ဗုဒ္ဓပသန္နော၊ ဘုရား၌ ကြည်ညို၏။ သောပိ၊ ထိုပုဂ္ဂိုလ်သည်လည်း။ ဗုဒ္ဓေါ နာမ၊ ဘုရားမည်သည်။ သဗ္ဗလောကုတ္တရော၊ အလုံးစုံသော လောကထက် မြတ်၏။ တဿ၊ ၏။ ကေသာဒယော၊ ဆံပင်, မွေးညင်း- အစရှိကုန်သော။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဒွတ္တိံသကောဋ္ဌာသာ၊ ၃၂-ပါးကုန်သော ကောဋ္ဌာသတို့ကို။ လောကုတ္တရာယေဝ၊ လောကထက် မြတ်သည်သာတည်း။ ဣတိ အာဒိနာ နယေန၊ ဤသို့ အစရှိသောနည်းဖြင့်။ ဒုဂ္ဂဟိတံ၊ မကောင်းသဖြင့် ယူခြင်းကို။ ဂဏှိတွာ၊ ယူ၍။ တထာဂတံ၊ မြတ်စွာဘုရားကို။ အဗ္ဘာစိက္ခတိ၊ စွပ်စွဲ၏။

**ဤ၌တွင်ရွေ့ အဗ္ဘာစိက္ခဏ ၂-ပါးတို့ကို ပြဆိုသော စကားရပ် အပြီးသတ်တည်း။**

ထိုစကားရပ်တို့ကို အကျယ်သိလိုလျှင် ဒုကနိပါတ်၊ ဒုတိယပဏ္ဏာသကထာ၊ တတိယဗာလဝဂ်အစ၊ ၂-ခုမြောက်သော အဗ္ဘာစိက္ခဏသုတ် ပါဠိ,အဋ္ဌကထာ။ မူလပဏ္ဏာသ၊ ၂-ခုမြောက်သော သီဟနာဒဝဂ်အစ၊ ၂-ခုမြောက်သော မဟာသီဟနာဒသုတ် အဋ္ဌကထာ, ဋီကာတို့မှာ ကြည့်လေ။

သင်္ဘောတော်ဆိပ်ကမ်း၊ စိန်ပန်းကြီးရွာ၊ ရဟန်းတော် ရှင်ကိတ္တိက " 'ဒွေမေ ဘိက္ခဝေ တထာဂတံ အဗ္ဘာစိက္ခန္တိ'-ဟူ၍ ဟောတော်မူသော အင်္ဂုတ္တိုရ်ပါဠိတော်၏အရ၌-

'ဒုဋ္ဌော ဝါ ဒေါသန္တရော'-ဟူ၍ စွပ်စွဲခြင်း ၁-ပါး,

'သဒ္ဓေါ ဝါ ဒုဂ္ဂဟိတေန ဂဏှာတိ'-ဟူ၍ စွပ်စွဲခြင်း ၁-ပါး၊

ထို ၂-ပါးတို့တွင် 'ဒုဋ္ဌော ဝါ ဒေါသန္တရော'-၏ အရ၌ အဘယ်သို့ ဒေါသန္တရဖြင့် စွပ်စွဲသည်၊ 'သဒ္ဓေါ ဝါ ဒုဂ္ဂဟိတေန ဂဏှာတိ'-၏အရ၌ အဘယ်သို့ ဒုဂ္ဂဟိတဖြစ်၍ စွပ်စွဲသည်ကို နေရာကျ သိမှတ်လိုပါသည်"ဟု လျှောက်သောကြောင့် ကျမ်းဂန်အလာ

ဒေသနာနယကို ထုတ်ဆောင်၍ ၁၂၃၉-ခု၊ သီတင်းကျွတ်လဆန်း၊ ၅-ရက်နေ့၊ ဒီပဲယင်းမြို့ ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## စိန်ပန်းကြီးရွာ ရဟန်းတော် ဦးကိတ္တိ-က မောဃပုရိသအကြောင်းနှင့် လျှောက်ထားချက်

[ ၁၄၂ ] "ဘုရားတပည့်တော် သဘောတော်ဆိပ်ကမ်း၊ စိန်ပန်းကြီးရွာ၊ ရဟန်းတော် ရှင်ကိတ္တိ လျှောက်ပါသည် ဆရာတော်ဘုရား။

**နေတံ မောဃပုရိသ အပ္ပသန္နာနံ ဝါ ပသာဒါယ၊ ပသန္နာနံ ဝါ ဘိယျော ဘာဝါယ။**

စသည်ဖြင့် ဘုရားကဲ့ရဲ့တော်မူရာ—

(၁) မောဃပုရိသပုဂ္ဂိုလ်-ဟူသည် မဂ်,ဖိုလ်ကို အချည်းနှီးပင် မရထိုက်သော ပုဂ္ဂိုလ်ကိုသာ မောဃပုရိသ ဆိုသည် ဖြစ်မည်၊

(၂) မဂ်,ဖိုလ်ကို ရထိုက်လျက်နှင့် မဂ်,ဖိုလ်ကို မရသေးသောသူတို့ကိုလည်း မောဃပုရိသပုဂ္ဂိုလ်ပင် ဆိုသင့်သည် ဖြစ်မည်ကို နေရာကျ မသိဖြစ်ပါ၍ နေရာကျ သိမှတ်ပါရအောင် အမိန့်ရှိတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား"။

၎င်းဦးကိတ္တိ လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ—

[ ၁၄၂ ] (၁) မောဃပုရိသကို မေးလျှောက်သည်မှာ မောဃပုရိသပုဂ္ဂိုလ်-ဟူသည် အချည်းနှီးဖြစ်၍ မဂ်,ဖိုလ်နှင့် ကင်းသော ပုဂ္ဂိုလ်တည်း။ ထို့ကြောင့် မူလပဏ္ဏာသ၊ ၂-ခု မြောက်သော သီဟနာဒဝဂ်အစ၊ ၂-ခုမြောက်သော မဟာသီဟနာဒသုတ် အဖွင့်အဋ္ဌကထာ (၃၂၉)၌—

မောဃပုရိသောတိ တုစ္ဆပုရိသော။

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

မောဃပုရိသောတိ၊ မောဃပုရိသော-ဟူသည်ကား။ တုစ္ဆပုရိသော၊ အချည်းနှီးသောပုဂ္ဂိုလ်တည်း။

ထိုမောဃပုရိသပုဂ္ဂိုလ်သည် မဂ်,ဖိုလ်ကို အလျှင်းပင် မရထိုက်သော မောဃပုရိသပုဂ္ဂိုလ်၊ မဂ်,ဖိုလ်ကို ရသင့်ရထိုက်လျက် မဂ်,ဖိုလ်ကို မရသေးသော မောဃပုရိသပုဂ္ဂိုလ်-ဟူ၍ ၂-ပါးအပြား ရှိ၏။

ထို့ကြောင့် မူလပဏ္ဏာသ၊ ၂-ခုမြောက်သော သီဟနာဒဝဂ်အစု၊ ၂-ခုမြောက်သော မဟာသီဟနာဒသုတ်အဋ္ဌကထာ(၁။၃၂၉)၌-

**ယဿ ဟိ တသ္မိံ အတ္တဘာဝေ မဂ္ဂဖလာနံ ဥပနိဿယော နတ္ထိ၊ တံ ဗုဒ္ဓါ မောဃပုရိသောတိ ဝဒန္တိ။ ဥပနိဿယေ သတိပိ တသ္မိံ ခဏေ မဂ္ဂေ ဝါ ဖလေ ဝါ အသတိ "မောဃပုရိသော"တိ ဝဒန္တိယေဝ။**

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဟိ ဝိတ္ထာရေမိ၊ အကျယ်ပြအံ့။ ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ တသ္မိံ အတ္တဘာဝေ၊ ထိုကိုယ်၏ အဖြစ်၌။ မဂ္ဂဖလာနံ၊ မဂ်,ဖိုလ်တို့၏။ ဥပနိဿယော၊ အထောက်အပံ့သည်။ နတ္ထိ၊ မရှိ။ တံ၊ ထိုပုဂ္ဂိုလ်ကို။ မောဃပုရိသောတိ၊ မောဃပုရိသ-ဟူ၍။ ဗုဒ္ဓါ၊ မြတ်စွာဘုရားတို့သည်။ ဝဒန္တိ၊ ဆိုတော်မူကုန်၏။ ဥပနိဿယေ၊ အထောက်အပံ့သည်။ သတိပိ၊ ရှိသော်လည်း။ တသ္မိံ ခဏေ၊ ထိုခဏ၌။ မဂ္ဂေ ဝါ၊ မဂ်သည်လည်းကောင်း။ ဖလေ ဝါ၊ ဖိုလ်သည်လည်းကောင်း။ အသတိ၊ မရှိသော်။ မောဃပုရိသောတိ၊ မောဃပုရိသ-ဟူ၍။ ဝဒန္တိယေဝ၊ ဆိုတော်မူကုန်သလျှင်ကတည်း။

ဤမဟာသီဟနာဒသုတ်တွင် လာသော ဝေသာလီတိုင်းသား ရဟန်းလူထွက် သုနက္ခတ္တကိုကား မဂ်,ဖိုလ် အလျှင်းမရထိုက်သော ပုဂ္ဂိုလ်ဖြစ်၍-

**အယမ္ပိ ဟိ နာမ သာရိပုတ္တ သုနက္ခတ္တဿ မောဃပုရိသဿ။**

(မ၊၁။၉၈)ဟု ဘုရားဆိုတော်မူသတည်း။

သာရိပုတ္တ၊ သာရိပုတ္တရာ။ မောဃပုရိသဿ၊ မဂ်,ဖိုလ်မှ အချည်းနှီးဖြစ်သော။ အယံ ဟိ နာမ သုနက္ခတ္တဿ၊ ဤသုနက္ခတ္တအား။

ထိုသုနက္ခတ္တမှာ ရဟန်းပင် ပြုဖူးပါသော်လည်း မဂ်,ဖိုလ်ကို အလျှင်း မရထိုက်သသူဖြစ်၍ မောဃပုရိသ-ဟု ဘုရား ဆိုတော်မူသတည်း။

ထို့ကြောင့် ဇင်းအဋ္ဌကထာ(မ႗၁။၃၂၉)၌-

**ဣမဿ ပန တသ္မိံ အတ္တဘာဝေ မဂ္ဂဖလာနံ ဥပနိဿယော သမုစ္ဆိန္နော ယေဝ။ တေန တံ "မောဃပုရိသော"တိ အာဟ။**

ဟူသောပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဣမဿ ပန၊ ဤသုနက္ခတ္တအား။ တသ္မိံ အတ္တဘာဝေ၊ ထိုကိုယ်၏အဖြစ်၌။ မဂ္ဂ-ဖလာနံ၊ မဂ်,ဖိုလ်တို့၏။ ဥပနိဿယော၊ အထောက်အပံ့သည်။ သမုစ္ဆိန္နော ယေဝ၊ ပြတ်သလျှင်ကတည်း။ တေန၊ ထို့ကြောင့်။ တံ၊ ထိုသုနက္ခတ္တကို။ မောဃပုရိသောတိ၊ မောဃပုရိသ-ဟူ၍။ အာဟ၊ ဘုရားဟောတော်မူ၏။

(၂) ဆန္နမထေရ်သည် သာရိပုတ္တရာ, မောဂ္ဂလ္လာန်မထေရ်တို့ကို ဆဲရေးပြောဆိုသောကြောင့် "န ဘဇေ ပါပကေ မိတ္တေ"အစရှိသော ဂါထာဖြင့် ဟောပြ၍ ၂-ကြိမ်, ၃-ကြိမ် ဆုံးမသော်လည်း မနာမယူသောကြောင့် မောဃပုရိသ တင်တော်မူ၍ "ဘုရားရှိတော်မမူမှ ဆန္နကို ဗြဟ္မဒဏ်ပေး၍ ဖြေးညင်းသာယာ ကောင်းစွာ ဆုံးမရစ်ကြ"ဟု အာနန္ဒာကို မိန့်တော်မူခဲ့၍ ပထမသင်္ဂါယနာတွင် အရှင်မဟာကဿပ မေး၍ အာနန္ဒာ လျှောက်ကြားသည့်အတိုင်း ဆန္နမထေရ်ရှိရာ ကောသမ္ဗီပြည်သို့ သွား၍ ဥတေနမင်းကြီးထံ တောင်းခေါ်ပြီးမှ ဆန္နကို ဗြဟ္မဒဏ်ထားတော်မူ၏။ ဆန္နမထေရ်လည်း ထိတ်လန့်ခြင်းသံဝေဂကို ဖြစ်စေ၍ ကောင်းစွာကျင့်လေလျှင် မကြာမြင့်မီပင် ပဋိသမ္ဘိဒါပတ္တ ရဟန္တာအဖြစ်သို့ ရောက်လေ၏။

ထို့ကြောင့် ဓမ္မပဒ၊ ၆-ခုမြောက်သော ပဏ္ဍိတဝဂ်အစု၊ ၃-ခုမြောက်သော ဆန္န-ထေရဝတ္ထုအဋ္ဌကထာ(၁။၃၅၀-၁)၌-

**အာနန္ဒထေရေန အာရောစိတံ ဗြဟ္မဒဏ္ဍံ သုတွာ ဒုက္ခီ ဒုမ္မနော တိက္ခတ္တုံ မုစ္ဆိတွာ "မာ မံ ဘန္တေ နာသယိတ္ထာ"တိ ယာစိတွာ သမ္မာ ဝတ္တံ ပူရေန္တော န စိရဿေဝ သဟ ပဋိသမ္ဘိဒါဟိ အရဟတ္တံ ပါပုဏိ။**

ဟူသောပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

အာနန္ဒထေရေန၊ အာနန္ဒာမထေရ်သည်။ အာရောစိတံ၊ ကြားတော်မူအပ်သော။ ဗြဟ္မဒဏ္ဍံ၊ ဗြဟ္မဒဏ်ကို။ သုတွာ၊ ကြား၍။ ဒုက္ခီ၊ ဆင်းရဲသည်ဖြစ်၍။ ဒုမ္မနော၊ နှလုံးမသာယာသည်ဖြစ်၍။ တိက္ခတ္တုံ၊ ၃-ကြိမ်။ မုစ္ဆိတွာ၊ မိန်းမောတွေဝေ၍။ "ဘန္တေ၊ အရှင်အာနန္ဒာ။ မံ၊ အကျွန်ုပ်ကို။ မာ နာသယိတ္ထ၊ ဖျက်ဆီးတော်မမူပါလင့်"။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆို၍။ ယာစိတွာ၊ တောင်းပန်၍။ သမ္မာ၊ ကောင်းစွာ။ ဝတ္တံ၊ ဝတ်ကို။ ပူရေန္တော၊

ဖြည့်သည်ရှိသော်။ န စိရဿေဝ၊ မကြာမြင့်မီ။ ပဋိသမ္ဘိဒါဟိ၊ ပဋိသမ္ဘိဒါတို့နှင့်။ သဟ၊ တကွ။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပါပုဏိ၊ ရောက်၏။

ဤသို့ ကျမ်းဂန်လာသောကြောင့် မောဃပုရိသ-ဟူသည် မဂ်,ဖိုလ်ကို အလျှင်းမရထိုက်သော မောဃပုရိသ၊ မဂ်,ဖိုလ်ကို မရသေးသော မောဃပုရိသ-ဟူ၍ ၂-ပါးရှိကြောင်းကို ကောင်းကောင်းသန္နိဋ္ဌာန် ချ၍ မှတ်ရာ၏။ ဤတွင်ရွေ့ မောဃပုရိသကို ပြဆိုသော စကားရပ် အပြီးသတ်တည်း။

ထိုစကားရပ်ကို အကျယ်သိလိုလျှင် ဓမ္မပဒ၊ ၆-ခုမြောက်သော ပဏ္ဍိတဝဂ်အစု၊ ၃-ခုမြောက်သော ဆန္နထေရဝတ္ထု၊ ဝိနည်းစူဠဝါ၊ ပထမသင်္ဂီတိဝဏ္ဏနာ ပါဠိ,အဋ္ဌကထာတို့မှာ ကြည့်လေ။

သဘော်တော်ဆိပ်ကမ်း၊ စိန်ပန်းကြီးရွာ၊ ရဟန်းရှင်ကိတ္တိက “မောဃပုရိသ-ဟူသည် မဂ်,ဖိုလ်ကို အချည်းအနှီး မရထိုက်သော ပုဂ္ဂိုလ်ကိုသာ မောဃပုရိသ ဆိုသည်-ဖြစ်မည်၊ မဂ်,ဖိုလ် ရသင့်,ရထိုက်လျက် မဂ်,ဖိုလ် မရသေးသော ပုဂ္ဂိုလ်ကိုလည်း မောဃ-ပုရိသပင် ဆိုသည် ဖြစ်မည်ကို နေရာကျ သိမှတ်လိုပါသည်”ဟု လျှောက်သောကြောင့် ကျမ်းဂန်အလာ ဒေသနာနယကို ထုတ်ဆောင်၍ ၁၂၃၉-ခု၊ သီတင်းကျွတ်လဆန်း၊ ၆-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိမ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## ရဟန်းတော် ရှင်ပညာသီဟ-က နောက် ပုရိသ်ယူဟန်၊ ပဌမိ, သတ္တမိဝိဘတ် ခေါ်ဟန်များကို မေးလျှောက်ချက်

[ ၁၄၃ ]　“ဘုရားတပည့်တော် ရတနာသိမ်မြို့ ရှင်ပညာသီဟ လျှောက်လိုက်ပါသည် ဆရာတော်ဘုရား။

(၁)　‘သဗ္ဗေသမေ’ကာဘိဓာနေ ပရော ပုရိသော’ဟူသော ကစ္စည်းကျမ်း၏ အရ၌ နောက်ဖြစ်သော ပုရိသ်ကို ယူရာ၏-ဟု ပြဆိုသည့်အရာ၌လည်း အဘယ်သို့ နောက်ဖြစ်သော ပုရိသ်ကို ယူရမည်ကိုလည်း သိလိုပါသည်။

(၂) ဝတ္တမာန်ဝိဘတ်, ပဉ္စမီဝိဘတ်, သတ္တမီဝိဘတ်-စသော အာချာတ်ဝိဘတ် ၈-သွယ်တို့တွင် ပဉ္စမီဝိဘတ်, သတ္တမီဝိဘတ်တို့ကို အဘယ်ကြောင့် ပဉ္စမီ, သတ္တမီ ခေါ်သည်ကိုလည်း သိလိုပါသည် ဆရာတော်ဘုရား။"

ဂုဏ်းရဟန်းတော် မေးလျှောက်ချက်အရ အဖြေဝိသဇ္ဇနာ–

(၁) "သဗ္ဗေသမေ'ကာဘိဓာနေ ပရော ပုရိသော"အရ နောက်ဖြစ်သော ပုရိသ်ကို ယူဟန်၊ ပဉ္စမီ, သတ္တမီခေါ်ဟန်ကို မေးလျှောက်သည်မှာ ပုရိသ် ၂-ပါး, ၃-ပါး ရောယှက်သော အရာ၌ နောက်ပုရိသ်ကိုသာ ယူရာ၏။ နောက်ပုရိသ်ကို ယူ၍ ဗဟုဝုစ် သက်ရာ၏။ သက်ဟန်ကား–

သော စ တွဉ္စ ပစထ။ ။ သော စ အဟဉ္စ ပစာမ။
တွဉ္စ အဟဉ္စ ပစာမ။ ။ သော စ တွဉ္စ အဟဉ္စ ပစာမ။ ။ **ဧကဝစနံ။**

တေ စ တုမှေ စ ပစထ။ ။ တေ စ မယဉ္စ ပစာမ။
တုမှေ စ မယဉ္စ ပစာမ။ ။ တေ စ တုမှေ စ မယဉ္စ ပစာမ။ ။ **ဗဟုဝစနံ။**

သော စ တေ စ တွဉ္စ တုမှေ စ ပစထ။ ။
တွဉ္စ တုမှေ စ အဟဉ္စ ပစာမ။ ။
တွဉ္စ တုမှေ စ အဟဉ္စ မယဉ္စ ပစာမ။
သော စ တေ စ တွဉ္စ တုမှေ စ အဟဉ္စ ပစာမ။ ။ **ဒွိဝစနံ။** အနုလောမနည်း။

အဟဉ္စ တွဉ္စ ပစာမ။ ။ အဟဉ္စ သော စ ပစာမ။ ။
တွဉ္စ သော စ ပစထ။ ။ အဟဉ္စ တွဉ္စ သော စ ပစာမ။ ။ **ဧကဝစနံ။**

မယဉ္စ တုမှေ စ ပစာမ။ ။ မယဉ္စ တေ စ ပစာမ။ ။
တုမှေ စ တေ စ ပစထ။ ။ မယဉ္စ တုမှေ စ တေ စ ပစာမ။ ။ **ဗဟုဝစနံ။**

အဟဉ္စ မယဉ္စ တွဉ္စ ပစာမ။ ။ အဟဉ္စ မယဉ္စ တွဉ္စ တုမှေ စ ပစာမ။ ။
တွဉ္စ တုမှေ စ သော စ ပစထ။ ။ တွဉ္စ တုမှေ စ သော စ တေ စ ပစထ။ ။
အဟဉ္စ မယဉ္စ တွဉ္စ တုမှေ စ သော စ တေ စ ပစာမ။ ။ **ဒွိဝစနံ။** ပဋိလောမနည်း။

ဤသို့ ပုရိသ် ၂-ပါး, ၃-ပါး ရောယှက်ရာ၌ နောက်ပုရိသ်ကိုသာ ယူရာ၏။ နောက်ပုရိသ်ကို ယူ၍ ဗဟုဝုစ် သက်ရာ၏။

ထို့ကြောင့် မြတ်စွာဘုရားသည် ဝေဿန္တရစရိယပါဠိတော်(၃၉၅)၌–

**အဟဉ္စ မဒ္ဒိဒေဝီ စ၊ ဇာလီကဏှာဇိနာ စု'ဘော။**

**အညမည် သောကနုဒါ၊ ဝသာမ အဿမေ တဒါ။ ။**

ဟူ၍ ဟောတော်မူသည်။

အဟဉ္စ၊ ငါဝေဿန္တရာမင်းကြီးသည်လည်းကောင်း။ မဒ္ဒိဒေဝီ စ၊ မဒ္ဒီမိဖုရားသည်လည်းကောင်း။ ဥဘော၊ ၂-ယောက်ကုန်သော။ ဇာလီကဏှာဇိနာ စ၊ ဇာလီမင်းသား, ကဏှာဇိန်မင်းသမီးတို့သည်လည်းကောင်း။ အညမည်၊ အချင်းချင်း။ သောကနုဒါ၊ စိုးရိမ်သောက ဗျာပါရ ကင်းကုန်သည်ဖြစ်၍။ တဒါ၊ ထိုဝေဿန္တရာမင်းကြီး ဖြစ်သောအခါ၌။ အဿမေ၊ ဝက်ပါတောင်၊ သာခေါင်ရိပ်ဝှမ်း၊ ကျောင်းသခ်မ်း၌။ ဝသာမ၊ နေကြကုန်၏။

ဤပါဠိတော်၌ "အဟဉ္စ မဒ္ဒိဒေဝီ ဇာလီဂဏှာဇိနာ"ဟု ယောဂ ၂-ပါးတို့နှင့် ယှဉ်ရာ အဟံ-ဟူသော အမှယောဂဥတ္တမပုရိသ်ကို ယူ၍ ဝသာမ-ဟု ဗဟုဝုစ် သက်တော်မူသတည်း။

ဓမ္မပဒအဋ္ဌကထာ၊ ၁၃-ခုမြောက်သော လောကဝဂ်အစု၊ ၉-ခုမြောက်သော စိဉ္စ-မာဏဝိကာဝတ္ထုတွင်လည်း ကိုယ်ဝန်ဆောင်မိန်းမ အသွင်ပြု၍ သုံးလူ့ထွတ်ထား ဘုရားကို ၄-ပါးသော ပရိသတ်တို့အလယ်တွင် "ငါ့လင်"ဟု စွပ်စွဲပြောဆိုရာ–

**ဘဂိနိ တယာ ကထိတဿ တထဘာဝံ ဝါ ဝိတထဘာဝံ ဝါ အဟမေဝ စ တွဉ္စ ဇာနာမ။** (ဓမ္မဋ္ဌ၊၂။၁၃၇)

ဟု ဘုရား ဆိုတော်မူသည်။

ဘဂိနိ၊ နှမ။ တယာ ကထိတဿ၊ သင်ဆိုသော စကား၏။ တထဘာဝံ ဝါ၊ ဟုတ်မှန်သော အဖြစ်ကိုလည်းကောင်း။ ဝိတထဘာဝံ ဝါ၊ မဟုတ်မမှန်သော အဖြစ်ကိုလည်းကောင်း။ အဟဉ္စ၊ ငါဘုရားသည်လည်းကောင်း။ တွဉ္စ၊ သင်သည်လည်းကောင်း။ ဇာနာမ၊ သိရကုန်အံ့။

ဤပါဠိတော်၌ "အဟဉ္စ၊ တွဉ္စ"ဟု အမှယောဂ, တုမှယောဂ ၂-ပါးတို့နှင့် ယှဉ်ရာ အဟံ-ဟူသော အမှယောဂ ဥတ္တမပုရိသ်ကို ယူ၍ ဇာနာမ-ဟု ဗဟုဝုစ် သက်တော်မူသည်။

ဤသို့ ဘုရားဟောကျမ်းလာ ပါဠိတော်နှင့်ညီစွာ အရှင်မဟာကစ္စည်းဆရာလည်း ကစ္စည်းကျမ်းတွင် "**သဗ္ဗေသ'မေကာဘိဓာနေ ပရော ပုရိသော**"ဟု သုတ်ကို တည်တော်မူသတည်း။

('ဘဂိနိ'-ဟူသောပုဒ်၌ ဂိ-မှာ ဣသရနှင့် နိ-မှာ ဤဒီဃနှင့် ရှိမှ သင့်မည်။ ပတိ-ဘိက္ခုရာဇိကာရန္တေဟိ ဣနီ- ကစ္စည်းသုတ်။)

ဤတွင်ရွေ့ "သဗ္ဗေသမေ'ကာတိဓာနေ ပရော ပုရိသော"ဟူသောသုတ်၌ ပုရိသ်ယှက်နည်းကို ပြဆိုသော စကားရပ် အပြီးသတ်တည်း။

(၂) အာချာတ်၌ ၆-ပါးရှိသည်။ ၆-ပါးဟူသော်ကား-

| | | | |
|---|---|---|---|
| အတိတ် | အနာဂတ် | အာဏတ္တိ | |
| ဝတ္တမာန် | ပရိကပ္ပ | ကာလာတိပတ္တိ၊ | ဤ ၆-ပါးတည်း။ |

ထို့ကြောင့် သဒ္ဒနိဒ္ဒေသ အာချာတ်ကျမ်း၌-

အတီတာ'နာဂတာ'ဏတ္တိ၊ ဝတ္တမာနာပရိကပ္ပ။
ကာလာတိပတ္တိဝသေန၊ အာချာတံ ဆဗ္ဗိဓံ မတံ။ ။ -

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

အတီတာ'နာဂတာ'ဏတ္တိ ဝတ္တမာနာပရိကပ္ပ ကာလာတိပတ္တိဝသေန၊ အတိတ်, အနာဂတ်, အာဏတ္တိ, ဝတ္တမာန်, ပရိကပ္ပ, ကာလာတိပတ္တိ၏ အစွမ်းအားဖြင့်။ အာချာတံ၊ အာချာတ်ကို။ ဆဗ္ဗိဓံ၊ ၆-ပါး အပြားရှိ၏-ဟူ၍။ မတံ၊ သိအပ်၏။

ထိုပါဌ်၌-

- အတီတအရဖြင့် အဇ္ဇတ္တနီဝိဘတ်, ဟိယျတ္တနီဝိဘတ်, ပရောက္ခာဝိဘတ်၊ ၃-ခု တို့ကို ယူအပ်၏။
- အနာဂတအရဖြင့် ဘဝိဿန္တိဝိဘတ်ကို ယူအပ်၏။
- အာဏတ္တိအရဖြင့် ပဉ္စမီဝိဘတ်ကို ယူအပ်၏။
- ဝတ္တမာနအရဖြင့် ဝတ္တမာန်ဝိဘတ်ကို ယူအပ်၏။
- ပရိကပ္ပအရဖြင့် သတ္တမီဝိဘတ်ကို ယူအပ်၏။
- ကာလာတိပတ္တိအရဖြင့် ကာလာတိပတ္တိဝိဘတ်ကို ယူအပ်၏။

ဤသို့ အာချာတ် ၆-ပါးနှင့် ဝိဘတ် ၈-သွယ်ကို အစဉ်အတိုင်း ဟပ်၍ ယူသော် အတိတ်၌ ၃-ပါးဖြစ်၍ အဇ္ဇတ္တနီ, ဟိယျတ္တနီ, ပရောက္ခာ, ဘဝိဿန္တိ, ပဉ္စမီ, ဝတ္တမာန်, သတ္တမီ, ကာလာတိပတ္တိ-ဟူ၍ ဖြစ်ရကား ပဉ္စမီ, သတ္တမီဝိဘတ်တို့သည် ၅-ခုမြောက်၊ ၇-ခု မြောက် ဖြစ်၏။ ဤသို့ မှတ်ရာ၏။

ဝိဘတ် ၈-သွယ်တွင် အတိတ်ဝိဘတ် ၃-သွယ်ကို ရှေးဦးစွာ မှတ်အပ်၏။ အတိတ်ဝိဘတ် ၃-သွယ်တွင်လည်း အဇ္ဇတ္တနီဝိဘတ်ကို ရှေးဦးစွာ မှတ်အပ်၏။

ထို့ကြောင့် အာချာတ်ပဏ္ဏာမ ကျမ်းဦးအစ၌ **အဇ္ဇတ္တနီတရင်္ဂ**-ဟု ဆိုတော်မူသည်။ ၎င်းအဖွင့်နိဒ္ဒေသ၌လည်း **"အဇ္ဇတ္တနီတရင်္ဂ၊ အဇ္ဇတ္တနုပလက္ခဏအဋ္ဌဝိဓဝိဘတ္တိသင်္ခါတ-တရင်္ဂ"**ဟု ဖွင့်ပြတော်မူသည်။

အဇ္ဇတ္တနီတရင်္ဂ၊ အဇ္ဇတ္တနုပလက္ခဏအဋ္ဌဝိဘတ္တိသင်္ခါတတရင်္ဂ၊ အဇ္ဇတ္တနီဖြင့် မှတ်အပ်သော။ ဝါ၊ အဇ္ဇတ္တနီ-အစရှိသော ၈-ပါးအပြားရှိသော ဝိဘတ်-ဟု ဆိုအပ်သော လှိုင်းတံပိုးလည်း ရှိထသော။ ဤသို့ အနက်ပေး။

**အနာဂတေ ဘဝိဿန္တိ၊ အာဏတ္တိယဉ္စ ပဉ္စမီ။**
**ဝတ္တမာနာ ပစ္စုပ္ပန္နေ၊ ပရိကပ္ပေ စ သတ္တမီ။**
**ကာလာတျေ ကာလာတိပတ္တိ၊ အတီတေ ဟောန္တိ သေသကာ။ ။**

အနာဂတေ၊ အနာဂတ်ကာလ၌။ ဘဝိဿန္တိ၊ ဘဝိဿန္တိဝိဘတ်သည်။ ဟောတိ၊ ဖြစ်၏။ အာဏတ္တိယံ၊ အာဏတ္တိအနက်၌။ ပဉ္စမီ၊ ပဉ္စမီဝိဘတ်သည်။ ဟောတိ၊ ဖြစ်၏။ ပစ္စုပ္ပန္နေ၊ ပစ္စုပ္ပန်ကာလ၌။ ဝတ္တမာနာ၊ ဝတ္တမာန်ဝိဘတ်သည်။ ဟောတိ၊ ဖြစ်၏။ ပရိကပ္ပေ၊ ပရိကပ္ပအနက်၌။ သတ္တမီ၊ သတ္တမီဝိဘတ်သည်။ ဟောတိ၊ ဖြစ်၏။

ကာလာတျေ၊ ကာလာတိအနက်၌။ ကာလာတိပတ္တိ၊ ကာလာတိပတ္တိဝိဘတ်သည်။ ဟောတိ၊ ဖြစ်၏။ သေသကာ၊ ကြွင်းသော အဇ္ဇတ္တနီ, ဟိယျတ္တနီ, ပရောက္ခာဝိဘတ်တို့သည်။ အတီတေ၊ အတိတ်ကာလ၌။ ဟောန္တိ၊ ဖြစ်ကုန်၏။

**ဤတွင်ရွေ့ အာချာတ်နှင့် ဝိဘတ်ကို ဟပ်၍ ပဥ္စမီ, သတ္တမီ-ဟူသော ဝေါဟာရကို ပြဆိုသော စကားရပ် အပြီးသတ်တည်း။**

ထိုစကားကို အကျယ်သိလိုလျှင် သဒ္ဒနီတိ, သဒ္ဒနိဒ္ဒေသတို့မှာ ကြည့်လေ။ ရတနာ-သိခ်မြို့ ရှင်ပညာသီဟက "သဗ္ဗေသမေ'ကာဘိဓာနေ ပရော ပုရိသော-အရ နောက်ပုရိသ်ကို ယူဟန်၊ ပဉ္စမီ, သတ္တမီဝိဘတ်တို့ကို ၅-ခုမြောက်, ၇-ခုမြောက်ဖြစ်၍ ပဉ္စမီ, သတ္တမီဝိဘတ်ခေါ်ဝေါ်သည်ကို သိလိုပါသည်"ဟု လျှောက်သောကြောင့် ကျမ်းဂန်ပါဠိ ရှိသည့်အရကို ထောက်ဆနိုင်းညှိ၍ ၁၂၃၉-ခု၊ သီတင်းကျွတ်လဆန်း၊ ၇-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

၂၇၄၄၉

## ရဟန်းတော် ရှင်ပဏ္ဏိစ္စ-က ဒါနအကျိုး, သီလအကျိုးတို့ကို သိမှတ်လိုကြောင်းနှင့် မေးလျှောက်ချက်

[ ၁၄၄ ] "ဘုရားတပည့်တော်၊ ဒီပဲယင်းမြို့၊ ရဟန်းရှင်ပဏ္ဏိစ္စ လျှောက်ပါသည် ဆရာတော်ဘုရား။

(၁) ရေလှူသော အကျိုး, ဆီမီးလှူသော အကျိုး, ဆီမီးခွက်လှူသော အကျိုးမှ စ၍ ဒါန၏အကျိုးကိုလည်း သိမှတ်လိုပါသည်။

(၂) ၅-ပါးသီလ၏ အကျိုးကိုလည်း အသီးအသီး သိမှတ်လိုပါသည်ဖြစ်၍ အသေအချာ ရေးသားကယ်မ သနားတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။"

၎င်းရဟန်းတော် မေးလျှောက်ချက်အရ အဖြေဝိသဇ္ဇနာ-

[၁၄၄] (၁) ဒါန,သီလတို့၏ အကျိုးကို မေးလျှောက်သည်မှာ အသီးအသီးဝေဖန်၍ ပြအံ့။

### က။ ရေလှူကျိုး ၁၀-ပါး

| | |
|---|---|
| ၁။ လျှင်မြန်သည်။ | ၆။ အသက်ရှည်သည်။ |
| ၂။ ကျော်စောသည်။ | ၇။ အဆင်းလှသည်။ |
| ၃။ စင်ကြယ်သည်။ | ၈။ ခွန်အားကြီးသည်။ |
| ၄။ မွတ်သိပ်ခြင်း ကင်းသည်။ | ၉။ ပညာကြီးသည်။ |
| ၅။ အခြံအရံ များသည်။ | ၁၀။ ချမ်းသာသည်။ *ပေါင်း ၁၀-ပါး။* |

### ခ။ ဆီမီးလှူကျိုး ၈-ပါး

၁။ ဒိဗ္ဗစက္ခုဉာဏ်ကို ရသည်။

၂။ အမိဝမ်းတွင်းမှ ကန်းသောအမျိုး၌ မဖြစ်သည်။

၃။ တွေဝေငိုက်မျဉ်းခြင်း မရှိသည်။

၄။ ကြည်လင်သော မျက်စိဖြင့် အရပ်ထက်ဝန်းကျင်ကို မြင်နိုင်သည်။

၅။ အမျိုး, စည်းစိမ်, အခြံအရံအားဖြင့် မြတ်သည်။

၆။ အမှတ်မရှိသော အရပ်၌ရှိသော ဝတ္ထုတို့ကို ထိုအရပ်မှ မြင်နိုင်သည်။

၇။ တောက်ပသော အရောင်ရှိသည်။

၈။ နတ်ကဲ့သို့ တင့်တယ်သည်။ ပေါင်း ၈-ပါး။

### ဂ။ ဆီမီးခွက်လှူကျိုး ၃-ပါး

၁။ အရောင်အဝါနှင့် ပြည့်စုံသည်။ ၂။ မြတ်သောအဖြစ်နှင့် ပြည့်စုံသည်။

၃။ ပညာရှိသည်။ ပေါင်း ၃-ပါး။

### ဃ။ တံမြက်လှူကျိုး ၅-ပါး (တံမြက်လှည်းသော အကျိုးလည်း-ဟူ)

၁။ မိမိ၏စိတ် စင်ကြယ်သည်။ ၂။ သူတပါးတို့စိတ် စင်ကြယ်သည်။

၃။ နတ်တို့ ဝမ်းမြောက်သည်။ ၄။ မြတ်စွာဘုရားသာသနာကို ချီးမြောက်သည်။

၅။ သူတော်ကောင်းတို့ အတုသို့ လိုက်၍ ကျင့်သည်။ ပေါင်း ၅-ပါး။

### င။ ထီးလှူကျိုး ၈-ပါး

၁။ အချမ်း မရှိသည်။

၂။ အပူ မရှိသည်။

၃။ အညစ်အကြေး ကင်းသည်။

၄။ ဘေးရန် မရှိသည်။

၅။ စိုးရိမ်ကြောင့်ကြ မရှိသည်။

၆။ သူခပ်သိမ်းတို့ ရိုသေသည်။

၇။ နူးညံ့သော ကိုယ်ရှိသည်။

၈။ နူးညံ့သော စိတ်ရှိသည်။ ပေါင်း ၈-ပါး။

### စ။ သက်နန်းလှူကျိုး ၈-ပါး

၁။ အဆင်းလှသည်။

၂။ မြူအညစ်အကြေး ကင်းသည်။

၃။ အရောင်အဝါ ရှိသည်။

၄။ တန်ခိုးအာနုဘော် ရှိသည်။

၅။ သိမ်မွေ့သော ကိုယ်ရှိသည်။

၆။ ဖြူစင်သောအဝတ်ပုဆိုး ရှိသည်။

၇။ ရွှေသောအဝတ်ပုဆိုး ရှိသည်။

၈။ နီသောအဝတ်ပုဆိုး ရှိသည်။ ပေါင်း ၈-ပါး။

## ဆ။ သပိတ်လှူကျိုး ၁၀-ပါး

၁။ ရတနာမျိုးတို့ဖြင့် ပြီးသော ခွက်တို့ကို ရသည်။ ၂။ ဘေးဥပဒ် မရှိသည်။
၃။ စိုးရိမ်ကြောင့်ကြခြင်း မရှိသည်။ ၄။ သူတပါးတို့ ရိုသေသည်။
၅။ ထမင်း, အဖျော်, အိပ်ရာ, နေရာကို ရသည်။
၆။ စည်းစိမ်ချမ်းသာ မပျောက်,မပျက်သည်။
၇။ တည်ကြည်သောစိတ်ရှိသည်။ ၈။ တရားကို အလိုရှိသည်။
၉။ ကိလေသာ အားနည်းခေါင်းပါးသည်။
၁၀။ အာသဝေါတရား ကင်းသည်။ ပေါင်း ၁၀ ပါး။

## ဇ။ ပဲခွပ်လှူကျိုး ၈-ပါး

၁။ ရဲရင့်သည်။ ၂။ ကြောက်ရွံ့ခြင်း ကင်းသည်။
၃။ ဝေသာရဇ္ဇဉာဏ်ကို ရသည်။ ၄။ တည်ကြည်သည်။
၅။ လုံ့လဝီရိယရှိသည်။
၆။ အခါခပ်သိမ်း အားထုတ်သော စိတ်ရှိသည်။
၇။ ကိလေသာကို ဖြတ်ထတ်သော ဉာဏ်ကို ရသည်။
၈။ သိမ်မွေ့နူးညံ့ စင်ကြယ်သော ကိုယ်ရှိသည်။ ပေါင်း ၈-ပါး။

## ဈ။ သင်ခုန်းလှူကျိုး ၅-ပါး

၁။ အဆွေခင်ပွန်းကောင်းကို ရသည်။
၂။ လုံ့လဝီရိယရှိသည်။ ၃။ သည်းခံခြင်းရှိသည်။
၄။ မေတ္တာအားကြီးသည်။ ၅။ ပညာရှိသည်။ ပေါင်း ၅-ပါး။

## ည။ အပ်-လှူကျိုး ၅-ပါး

၁။ သူတပါးတို့ ရှိခိုး*(ခြင်း)*ကို ခံရသည်။
၂။ သူတပါးတို့ ယုံမှားသင်္ကာကို ဖျောက်နိုင်သည်။

၃။ အဆင်းလှသည်။

၄။ စည်းစိမ်ချမ်းသာ ရှိသည်။

၅။ မြတ်သောပညာ ရှိသည်။ ပေါင်း ၅-ပါး။

## ၄။ လက်သည်းလှီးဓားငယ်လှူကျိုး ၅-ပါး

၁။ ကျွန်မိန်းမ, ကျွန်ယောကျ်ား, နွား, မြင်းတို့ကို ရသည်။

၂။ များသော သူခစားတို့ကို ရသည်။ ၃။ ဆတ္တာသည်တို့ကို ရသည်။

၄။ စဖိုသည်ကို ရသည်။ ၅။ ကချေသည်ကို ရသည်။

ပေါင်း ၅-ပါး။

## ၅။ လေသာယပ်လှူကျိုး ၅-ပါး

၁။ အချမ်း မရှိသည်။ ၂။ အပူ မရှိသည်။

၃။ စိတ်၏ ပူလောင်ခြင်း မရှိသည်။ ၄။ စိတ်၏ ပူပန်ခြင်း မရှိသည်။

၅။ ရာဂ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိကိလေသာတို့မှ ငြိမ်းသည်။ ပေါင်း ၅-ပါး။

## ၃။ ရေစစ်လှူကျိုး ၅-ပါး

၁။ သူတပါးတို့ထက် လွန်၍ အသက်ရှည်သည်။

၂။ ခိုးသူ, ရန်သူတို့ မနှိပ်စက်နိုင်သည်။

၃။ လက်နက်မျိုးတို့ဖြင့် မနှိပ်စက်နိုင်သည်။

၄။ အဆိပ်မျိုးတို့ဖြင့် မနှိပ်စက်နိုင်သည်။

၅။ အသက်အပိုင်းအခြားသို့ မရောက်ဘဲ မသေသည်။ ပေါင်း ၅-ပါး။

## ပ။ ဆီကြည်လှူကျိုး ၅-ပါး

၁။ ကောင်းသော ကိုယ်အဖြစ်ရှိသည်။ ၂။ ကောင်းသောစကား ရှိသည်။

၃။ ကောင်းသောနှလုံး ရှိသည်။ ၄။ မပျံ့လွင့်သောစိတ် ရှိသည်။

၅။ ခပ်သိမ်းသော အစောင့်အရှောက်တို့ဖြင့် စောင့်ရှောက်သည်။ ပေါင်း ၅-ပါး။

### ဏ။ နယ်ဆိုလှူကျိုး ၅-ပါး

၁။ ကင်းသော အပြစ်ရှိသည်။ ၂။ အဆင်းလှသည်။
၃။ တရားကို လျင်စွာ သိနိုင်သည်။ ၄။ ထမင်းအဖျော် ရလွယ်သည်။
၅။ အသက်ရှည်သည်။ ပေါင်း ၅-ပါး။

### တ။ ခါးပန်းလှူကျိုး ၆-ပါး

၁။ ဈာန်သမာပတ်တို့၌ မတုန်မလှုပ်သည်။
၂။ ဈာန်သမာပတ်တရားတို့၌ လေ့ကျက်ခြင်း များသည်။
၃။ သား, မြေး, ကျေးကျွန်, ပရိသတ်တို့ မကွဲမပြားသည်။
၄။ သူတပါးတို့ ယုံကြည်လေးမြတ်သည်။
၅။ အမှုခပ်သိမ်းတို့၌ မမေ့,မလျော့သော သတိရှိသည်။
၆။ ထိတ်လန့်ခြင်း မရှိသည်။ ပေါင်း ၆-ပါး။

### ထ။ သပိတ်ချေလှူကျိုး ၅-ပါး

၁။ တစ်စုံတစ်ခုသောအကြောင်းဖြင့် မတုန်မလှုပ်သည်။
၂။ ကြားအပ်,သိအပ်သောတရား၌ သတိနှင့် ပြည့်စုံသည်။
၃။ ပညာနှင့် ပြည့်စုံသည်။ ၄။ မပျောက်မပျက် တည်သည်။
၅။ ဆုံးဖြတ်နိုင်သည်။ ပေါင်း ၅-ပါး။

### ဒ။ အိုးလှူကျိုး ၃-ပါး

၁။ ရတနာတို့ဖြင့်ပြီးသော အိုးတို့ကို ရသည်။
၂။ ကျွန်ယောကျ်ား, ကျွန်မိန်းမတို့ကို ရသည်။
၃။ အတတ်ပညာတို့ကို တတ်နိုင်သော ပညာရှိသည်။ ပေါင်း ၃-ပါး။

### ဓ။ ခွက်လှူကျိုး ၃-ပါး

၁။ ရတနာတို့ဖြင့်ပြီးသော ခွက်တို့ကို ရသည်။

၂။ အထူးထူးသော အသုံးအဆောင်တို့ကို ရသည်။

၃။ ဝတ်ပဋိပတ်နှင့် ပြည့်စုံသည်။ ပေါင်း ၃-ပါး။

## န။ သံကောက်လှူကျိုး ၂-ပါး

၁။ အမျက်ဒေါသ နည်းသည်။ ၂။ ကြေကွဲပင်ပန်းခြင်း မရှိသည်။
ပေါင်း ၂-ပါး။

## ပ။ အာသယောဂပတ်လှူကျိုး ၅-ပါး

၁။ ချာန်သမာပတ်တရားတို့၌ မတုန်မလှုပ်သည်။

၂။ ထိုသမာဓိတရား၌ လေ့လာသော ဝသီဘော် ရှိသည်။

၃။ သား, မြေး, ကျေးကျွန်, ပရိသတ်တို့ မပြိုမကွဲသည်။

၄။ သူတပါးတို့ ယုံကြည်သော စကားရှိသည်။

၅။ စည်းစိမ်ချမ်းသာ မပြိုမကွဲသည်။ ပေါင်း ၅-ပါး။

## ဖ။ အခိုးတံလှူကျိုး ၃-ပါး

၁။ ဖြောင့်မတ်သော သတိရှိသည်။ ၂။ ကောင်းစွာစေ့စပ်သော အကြောင်းရှိသည်။

၃။ နတ်မျက်စိကို ရသည်။ ပေါင်း ၃-ပါး။

## ဗ။ ပူတာတံတင်း, ခွက်, ကြုတ်လှူကျိုး ၁၀-ပါး

၁။ ခပ်သိမ်းသောအခါတို့၌ လုံခြုံသည်။ ၂။ များသော အခြံအရံရှိသည်။

၃။ ဝေဖန်နိုင်သော ပညာရှိသည်။ ၄။ သိမ်မွေ့နူးညံ့သည်။

၅။ စိုးရိမ်ကြောင့်ကြခြင်း ကင်းသည်။ ၆။ များသောဂုဏ်ကျေးဇူးတို့ကို ရသည်။

၇။ ညီညွတ်သော ခြေဖဝါးရှိသည်။ ၈။ ထိတ်လန့်ခြင်း ကင်းသည်။

၉။ ရွှေ,ငွေ,ဖန်-စသော အသုံးအဆောင်ရှိသည်။

၁၀။ ထိုထိုရတနာမျိုးတို့ မပျောက်မပျက် တည်သည်။ ပေါင်း ၁၀-ပါး။

ဘ။ သပိတ်အိတ်လှူကျိုး ၉-ပါး

၁။ မြင့်မြတ်သောအမျိုး၌ ဖြစ်သည်။ ၂။ စည်းစိမ်ချမ်းသာရှိသည်။
၃။ ခပ်သိမ်းသောသူတို့ ရိုသေသည်။ ၄။ ကျော်စောသည်။
၅။ များသော ကျီတို့ကို ရသည်။ ၆။ များသော တိုက်တို့ကို ရသည်။
၇။ အထူးထူးသော အိတ်တို့ကို ရသည်။
၈။ များသော ပုတာတံတင်းတို့ကို ရသည်။
၉။ များသော အသုံးအဆောင်တို့ကို ရသည်။ ပေါင်း ၉-ပါး။

မ။ ကျောင်းစောင်းအင်းပျဉ်လှူကျိုး ၁၀-ပါး

၁။ ရတနာတို့ဖြင့်ပြီးသော ကျောင်းစောင်း,အင်းပျဉ်တို့ကို ရသည်။
၂။ ရတနာတို့ဖြင့်ပြီးသော ပြာသာဒ်တို့ကို ရသည်။
၃။ အဖိုးထိုက်သော အိပ်ရာ, နေရာတို့ကို ရသည်။
၄။ ဆင်ယာဉ်ကို ရသည်။ ၅။ မြင်းယာဉ်ကို ရသည်။
၆။ ထမ်းစင်ယာဉ်တို့ကို ရသည်။ ၇။ သံလျင်းယာဉ်ကို ရသည်။
၈။ ကျွန်မိန်းမတို့ကို ရသည်။ ၉။ ကျွန်ယောကျ်ားတို့ကို ရသည်။
၁၀။ တန်ဆာဆင်ပြီးသော မိန်းမတို့ကို ရသည်။ ပေါင်း ၁၀-ပါး။

ယ။ ပလ္လင်လှူကျိုး ၁၅-ပါး

၁။ ရတနာတို့ဖြင့်ပြီးသော အခင်းအိပ်ရာတို့ကို ရသည်။
၂။ ရတနာပြာသာဒ်တို့ကို ရသည်။ ၃။ အဖိုးထိုက်သော အခင်းကို ရသည်။
၄။ ဆင်ယာဉ်ကို ရသည်။ ၅။ မြင်းယာဉ်ကို ရသည်။
၆။ ရတနာထမ်းစင်ကို ရသည်။ ၇။ ရတနာသံလျင်းကို ရသည်။
၈။ ကျွန်မိန်းမတို့ကို ရသည်။ ၉။ ကျွန်ယောကျ်ားတို့ကို ရသည်။
၁၀။ တန်ဆာဆင်ပြီးသော မိန်းမတို့ကို ရသည်။

၁၁။ မြတ်သောအမျိုး၌ ဖြစ်သည်။ ၁၂။ များသော စည်းစိမ်ရှိသည်။
၁၃။ ထူးမြတ်သော စည်းစိမ်ရှိသည်။ ၁၄။ ဝန်တိုခြင်း ကင်းသည်။
၁၅။ အလိုရှိရာအရပ်၌ ပလ္လင်ကို ရသည်။ ပေါင်း ၁၅-ပါး။

ရ။ မွေးညှပ်လှူကျိုး ၁-ပါး

၁။ ကိလေသာကို နုတ်နိုင်သော ဉာဏ်တည်း-ဟူသော မွေးညှပ်ရှိသည်။

လ။ နှာ-လှူကျိုး ၈-ပါး *(နတ္ထုကရဏီ-နှာနှပ်တံ?)*

၁။ သဒ္ဓါတရားနှင့် ပြည့်စုံသည်။ ၂။ သီလတရားနှင့် ပြည့်စုံသည်။
၃။ မကောင်းမှုမှ ရှက်သည်။ ၄။ မကောင်းမှုမှ လန့်သည်။
၅။ အကြားအမြင် များသည်။ ၆။ ပေးကမ်းစွန့်ကြဲခြင်း ရှိသည်။
၇။ သည်းခံခြင်းရှိသည်။ ၈။ ပညာအမြော်အမြင်နှင့် ပြည့်စုံသည်။
ပေါင်း ၈-ပါး။

ဝ။ ဆေးလှူကျိုး ၁၀-ပါး

၁။ အသက်ရှည်သည်။ ၂။ ခွန်အားကြီးသည်။
| (၃၄၁) | ကဏ္ဍရီဇာတ် | ဗာရာဏသီမင်း နန်းဆောင်နှင့်-၁၊ မိဖုရား လျှောက်ဟန်-၁၊ ဘုရားလောင်းပုရောဟိတ် လျှောက်ဟန်-၁။ |
| (၃၄၂) | ဝါနရဇာတ် | ဂင်္ဂါ၌ ဘုရားအလောင်း မျောက်မင်းကို မိကျောင်း သဖန်းပင်သို့ ရှေးရှုဆောင်ဟန်-၂၊ ရေသဖန်းပင်-၁။ |
| (၃၄၃) | ကုန္တိနီဇာတ် | ဗာရာဏသီမင်း နန်းဆောင်နှင့်-၁၊ မင်းသို့ ရှေးရှုလျက် ကြိုးကြာမ-၁၊ ကြိုးကြာငယ်တို့ကို မင်းသားငယ်တို့ ဆုပ်နယ်ဟန်-၂၊ မင်းသားငယ်ကို ကျားစားဟန်-၂။ |
| (၃၄၄) | အမ္ဗဇာတ် | ဗာရာဏသီမင်း၏ သရက်ဥယျာဉ်၌ ရသေ့နေဟန်-၁၊ သူဌေးသမီး-၄၊ ဘုရားလောင်းသိကြားမင်း ဆုံးမဟန်-၁။ |
| (၃၄၅) | ရာဇကုမ္ဘဇာတ် | ဥယျာဉ်သို့ မှူးမတ်ခြံရံလျက် ဗာရာဏသီမင်း ထွက်ဟန်-၁၊ ပျင်းရိသောလူ လျှောက်ဟန်-၁၊ ဘုရားလောင်းအမတ် လျှောက်ဟန်-၁။ |
| (၃၄၆) | ကေသဝဇာတ် | ဟိမဝန္တာ၌ ကေသဝရသေ့ နေဟန်-၁၊ ဗာရာဏသီမင်းက စေသော နာရဒအမတ် လျှောက်ဟန်-၁၊ ဘုရားလောင်း ကပ္ပရသေ့ လျှောက်ဟန်-၁။ |
| (၃၄၇) | အယကူဋဇာတ် | နန်းဆောင်နှင့် ဘုရားလောင်း ဗာရာဏသီမင်း-၁၊ နတ်ပူဇော်ခြင်းကို မြစ်သည်တွင် ဘီလူးတို့ မလို၍ ရိုက်မည်လာဟန် ဆောက်ပုတ်စွဲလျက် ဘီလူး-၁၊ ဝရဇိန်စွဲလျက် တားဟန် သိကြား-၁။ |
| (၃၄၈) | အရညဇာတ် | ဟိမဝန္တာသင်္ခမ်း၌ သား-ရသေ့ငယ်နှင့် ဘုရားလောင်း ရသေ့-၁၊ သား-ရသေ့ငယ်ကို ဖြားယောင်း၍ လာသော မိန်းမ ပြန်သွားဟန်-၁။ |

| ဇာတ်စဉ် ဇာတ်မည် | ဇာတ်ပုံ |
| --- | --- |
| (၃၄၉) သန္ဓိဘေဒဇာတ် | တောဉ် မြေခွေးဖျက်၍ အဆွေ နွား, ခြင်္သေ့ သေဟန်-၂၊ ခြင်္သေ့သား, နွားသားကို မြေခွေးစားဟန်-၁၊ ဘုရားလောင်း ပြဟ္မဒတ်မင်း ရထားစီး၍ ထိုအရပ်သို့ ထွက်ဟန် -၁။ |
| (၃၅၀) ဒေဝတာပဉ္စဇာတ် | ဝိဒေဟရာဇ်မင်း နန်းဆောင်နှင့်-၁၊ နတ်သမီး ပြဿနာမေးလာဟန်-၁၊ မဟောသဓာ လျှောက်ဟန်-၁။ |

ဤတွင်ရွေ့ စတုက္ကနိပါတ် ဇာတ်နိဒ္ဒေသ ပြီး၏။ (ဇာတ်ပေါင်း-၅၀)

----- x -----

## ပဉ္စကနိပါတ်ထွက်ဇာတ်စဉ်

| ဇာတ်စဉ် ဇာတ်မည် | ဇာတ်ပုံ |
| --- | --- |
| (၃၅၁) မဏိကုဏ္ဍလဇာတ် | ဘုရားလောင်း ဗာရာဏသီမင်း ပြောဟောဟန်-၁၊ ကောသလမင်း အမတ်တို့နှင့် လျှောက်ဟန်-၃။ |
| (၃၅၂) သုဇာတဇာတ် | နွားသေကို ဘုရားလောင်းသူဌေးသား မြက်,ရေပေး၍ ဥပမာဖြင့် အဘသူဌေးအား ဆုံးမဟန် ရပ်လျက်-၁၊ အဘသူဌေးမေးဟန် ရပ်လျက်-၁။ |
| (၃၅၃) ဝေနသာခဇာတ် | ဘုရားလောင်း ဒိသာပါမောက္ခဆရာ ပြဟ္မဒတ်မင်းသားကို ဆုံးမဟန် အိမ်နှင့်-၁၊ မင်းသားနာဟန်-၁၊ ဆုံးမတိုင်း မကျင့်၍ မျက်စိကန်းလျက် ပဉ္စောင်ပင်အောက်တွင် မင်းသား အိပ်ဟန်-၁၊ ၎င်းထက် လင်းတ-၁။ |
| (၃၅၄) ဥရဂဇာတ် | သားပုဏ္ဏား သေဟန်-၁၊ ဘုရားလောင်း, ပုဏ္ဏေးမ, သမီး, ချွေးမ, ကျွန်မတို့ မငိုကြွေးဘဲ နေဟန်-၅၊ သိကြားမင်း ရတနာ့စုကို ပေးလာဟန်-၁။ |
| (၃၅၅) ဃဋဇာတ် | ဘုရားလောင်း ဗာရာဏသီမင်း ပြောဟောဟန်-၁၊ ဝင်မည်သော ကောသလမင်း မှူးမတ်များနှင့် လျှောက်ဟန်-၂။ |

| ဇာတ်စဉ် | ဇာတ်မည် | ဇာတ်ပုံ |
|---|---|---|
| (၃၅၆) | ကောရဏ္ဍိယဇာတ် | ဘုရားလောင်း ပုဏ္ဏားလုလင် ကျောက်ကို ယူ၍ ချောက်၌ ဖို့ဟန်-၁၊ ဒိသာပါမောက္ခဆရာ ပြောဟောလာဟန်-၁။ |
| (၃၅၇) | လဋုကိကဇာတ် | ဘုရားလောင်းဆင်မင်း-၁၊ ဗိလုံးငှက်ငယ် တောင်းပန်ဟန်-၁၊ တောင်ခြေတွင် လဲဟန် ဆင်-၁၊ ၎င်းဆင်မျက်လုံး ကျီးဖောက်ဟန်-၁၊ မျက်လုံး၌ ယင်နားဟန်-၁၊ ၎င်းဆင်ရှေ့မှာ ဖားမြည်ဟန်-၁။ |
| (၃၅၈) | စူဠဓမ္မပါလဇာတ် | မဟာပတာပမင်း နန်းဆောင်နှင့်-၁၊ ၎င်းပြည်တွင် ဘုရားလောင်းမင်းသား ၇-လအရွယ် အိပ်လျက်-၁၊ ၎င်းမင်းသားကို သူသတ်ယောက်ျား သတ်ဖြတ်ဟန် သန်လျက် ချီလျက် မယ်တော်မိဖုရား လျှောက်ဟန်-၁။ *(မင်းကို မြေမျိုဟန်)* |
| (၃၅၉) | သုဝဏ္ဏမိဂဇာတ် | ရွှေအဆင်းနှင့်တူသော ကိုယ်, ချိပ်ရည်ကဲ့သို့ နီသော ခြေ, ငွေပန်းဆိုင်းနှင့် တူသော ဦးချို, ပတ္တမြားလုံးနှင့် တူသော မျက်စိ, ကမ္ဗလာနီရစ်သော ကျင်လုံးနှင့် တူသော မျက်နှာတို့နှင့် ပြည့်စုံသော ဘုရားလောင်းသမင်ကို ကျော့ကွင်းမိဟန်-၁၊ သမင်မုဆိုးလာဟန်-၁။ |
| (၃၆၀) | သုယောနန္ဒီဇာတ် | ဗာရာဏသီ တမ္ဗမင်းမြတ်နှင့် ဘုရားလောင်းဂဠုန်မင်း လူအယောင် အံကစားဟန်-၁၊ မိဖုရား-၁၊ စောင်းသမား-၁။ |
| (၃၆၁) | ဝဏ္ဏာရောဟဇာတ် | သစ်ပင်ထက် ဘုရားလောင်း ရုက္ခစိုးနတ်-၁၊ ကျား-၁၊ ခြင်္သေ့-၁၊ မြေခွေး-၁။ |
| (၃၆၂) | သီလဝီမံသဇာတ် | နန်းဆောင်နှင့် ဗာရာဏသီမင်း-၁၊ ဘုရားလောင်း ပုရောဟိတ် လျှောက်ဟန်-၁၊ ရွှေပန်းထိမ်သည် လျှောက်ဟန်-၁။ |
| (၃၆၃) | ဟိရိဇာတ် | ဘုရားလောင်း ဗာရာဏသီသူဌေး အိမ်နှင့်-၁၊ အမှုလုပ်ယောက်ျားတို့ လျှောက်ဟန်-၁။ |
| (၃၆၄) | ခဇ္ဇောပနကဇာတ် | ဝိဒေဟရာဇ်မင်း နန်းဆောင်နှင့်-၁၊ နတ်သမီးမေးဟန်-၁၊ သုခမိန်တို့ လျှောက်ဟန်-၄။ *(မဟောသဓာ လျှောက်ဟန်-၁။)* |

| ဇာတ်စဉ် | ဇာတ်မည် | ဇာတ်ပုံ |
| --- | --- | --- |
| (၃၆၅) | အဟိတုဏ္ဍိကဇာတ် | သရက်ပင်ထက် မျောက်, မြွေသမားခေါ်ဟန်-၁၊ ဘုရားလောင်းကုန်သည်-၁။ |
| (၃၆၆) | ဂုမ္ဗိယဇာတ် | ချုံတွင် ပျားဖွတ်ဟန် ဘီလူး-၁၊ နွားက-သော လှည်းစီးလျက် ဘုရားလောင်းကုန်သည်-၁၊ လှည်းသားတို့ အဆိပ်လူးသော ပျားကို စားဟန်-၁။ |
| (၃၆၇) | သာဠိယဇာတ် | ပညောင်ပင်ထက် မြွေကို ဘုရားလောင်း တက်၍ ဖမ်းပြီးလျှင် ပစ်ဟန်-၁၊ ဆေးသမားကို မှန်သည်တွင် ခဲ၍သေဟန်-၁၊ ရွာသားတို့ ကြည့်ကြဟန်-၂။ |
| (၃၆၈) | တစသာရဇာတ် | ပညောင်ပင်ထက် မြွေကို ဘုရားလောင်း တက်၍ ဖမ်းပြီးလျှင် ပစ်ဟန်-၁၊ ဆေးသမားကို မှန်သည်တွင် ခဲ၍ သေဟန်-၁၊ ပြဟ္မဒတ်မင်း နန်းဆောင်နှင့်-၁၊ ဘုရားလောင်းသူငယ် လျှောက်ဟန်-၁၊ ရွာသားတို့ လျှောက်ဟန်-၁။ |
| (၃၆၉) | မိတ္တဝိန္ဒကဇာတ် | သင်ခုန်းစက် ရွက်လျက် ငရဲခံသူ-၁၊ ၎င်းကို ပဒုမာထင်၍ မိတ္တဝိန္ဒကသူဌေးသား တောင်းပန်ဟန်-၁၊ ဘုရားလောင်းနတ်မင်း ဆိုဟန်-၁။ |
| (၃၇၀) | ပလာသဇာတ် | ပေါက်ပင်ထက် ရုက္ခစိုးနတ်-၁၊ ဘုရားလောင်း ရွှေဟင်္သာမင်း နားလျက် ပြောဟန်-၁၊ ၎င်းပေါက်ပင်ခွတွင် ပညောင်ပင်ငယ် ရောက်ဟန်-၁။ |
| (၃၇၁) | ဒီဃီတိကောသလဇာတ် | တော၌ ဘုရားလောင်း ဒီဃာဝုမင်းသား ပေါင်ကို ခေါင်းအုံးလျက် ကောသလမင်း အိပ်ဟန်-၁၊ ၎င်းဆံကို ဆွဲ၍ မင်းသား သန်လျက်နှင့် မိုးဟန်-၁။ |
| (၃၇၂) | မိဂပေါတကဇာတ် | မွေးစားသော သမင်ငယ် သေသည်တွင် ရသေ့ ငိုကြွေးဟန်-၁၊ ဘုရားလောင်း သိကြားမင်း ဆုံးမဟန်-၁။ |
| (၃၇၃) | မူသိကဇာတ် | ဘုရားလောင်း ဒိသာပါမောက္ခဆရာအိမ်ကို ဗာရာဏသီမင်းသွား၍ ဂါထာသင်ဟန် စာစောင်ကို ခင်းလျက်-၁။ |

| ဇာတ်စဉ် ဇာတ်မည် | ဇာတ်ပုံ |
|---|---|
| (၃၇၄) စူဠဓနုဂ္ဂဟဇာတ် | မြစ်နား၌ တက္ကသိုလ်ဆရာသမီး ရပ်လျက် မြေခွေးကို လက်ညှိုးထိုးဟန်-၁၊ ရေမှ ငါးပေါ်ဟန်-၁၊ သားကင် ချီသော မြေခွေးသည် သားကင်ကို ချ၍ ၎င်းငါးကို ဖမ်းသောအယောင် ဘုရားလောင်းသိကြားမင်း ဖန်ဆင်းဟန်-၁၊ ၎င်းသားကင်ကို စွန်သုတ်ဟန်-၁။ |
| (၃၇၅) ကပေါတဇာတ် | စဖိုအိမ်တွင် ခိုနှင့် ချိုင့်-၁၊ ကျီးနှင့် ချိုင့်-၁၊ ဟင်းမျိုးအိုး ဖွင့်ခိုက်ကို ကျီးနှိုက်ဟန်-၁၊ ၎င်းကျီးကို စဖိုသည် ဖမ်းမိဟန်-၁။ |

ဤတွင်ရွှေ့ ပဉ္စကနိပါတ် ဇာတ်နိဒ္ဒေသ ပြီး၏။ (ဇာတ်ပေါင်း-၂၅)

----- x -----

## ဆက္ကနိပါတ်ထွက် ဇာတ်စဉ်များ

| | |
|---|---|
| (၃၇၆) အဝါရိယဇာတ် | ဗာရာဏသီမင်း ဥယျာဉ်၌ ဘုရားလောင်းရသေ့ နေဟန်-၁၊ ဗာရာဏသီမင်း မိဖုရားနှင့် ဖူးမြော်ဟန်-၂။ |
| (၃၇၇) သေတကေတုဇာတ် | ဗာရာဏသီမင်း ဥယျာဉ်၌ သေတကေတုရသေ့ နေဟန်-၁၊ ဗာရာဏသီမင်း ပြောဟောဟန်-၁၊ ပုရောဟိတ် ပြောဟောဟန်-၁။ |
| (၃၇၈) ဒရီမုခဇာတ် | ဗာရာဏသီမင်း ဥယျာဉ်၌ ရှင်ပစ္စေကဗုဒ္ဓါ နေဟန်-၁၊ ဘုရားလောင်းဗာရာဏသီမင်း မှူးမတ်တို့နှင့် ရှိခိုးလာဟန်-၁။ |
| (၃၇၉) နေရုဇာတ် | နေရုမည်သော ရွှေတောင်ထက် ငှက်များ နားဟန်-၁၊ ဘုရားလောင်း ဟင်္သာမင်းညီနောင်တို့ ၎င်းတောင်ထက် နား၍ 'အယုတ်,အမြတ် အထူးမပြုသော တောင်ကို စွန့်ကုန်အံ့'-ဟု ပြောဟောဟန်-၂။ |

| ဇာတ်စဉ် | ဇာတ်မည် | ဇာတ်ပုံ |
|---|---|---|
| (၃၈၀) | အာသင်္ကဇာတ် | ဟိမဝန္တာဗိမာန်တွင် ဘုရားလောင်း ကောက်၍ မွေးသော သတို့သမီးနေဟန်-၁၊ ဘုရားလောင်း ရသေ့-၁၊ ဗာရာဏသီမင်း လာ၍ တောင်းဟန်-၁။ |
| (၃၈၁) | မိဂါလောပဇာတ် | ဂိဇ္ဈကုဋ်တောင်၌ လင်းတအပေါင်း ခြံရံလျက် ဘုရားလောင်း လင်းတမင်း နေဟန်-၃၊ အဘစကားကို မနာ၍ သား လင်းတ လေဟုန်တွင် သေဟန်-၁။ |
| (၃၈၂) | သိရိကာဠကဏ္ဏိဇာတ် | ဘုရားလောင်း ဗာရာဏသီသူဌေး အိမ်နှင့်-၁၊ ၎င်းအနီး ပလ္လင်-၁၊ နတ်သမီးတို့ နေရာတောင်းလာဟန်-၂။ |
| (၃၈၃) | ကုက္ကုဋဇာတ် | သစ်ပင်ထက် ဘုရားလောင်း ကြက်မင်း-၁၊ ၎င်းအောက်က ကြောင်မ လှည့်ဖြားလာဟန်-၁။ |
| (၃၈၄) | ဓမ္မဓဇဇာတ် | သမုဒ္ဒရာအလယ်ကျွန်းတွင် ငှက်အများနှင့် ဘုရားလောင်း ငှက်မင်း နေဟန်-၅၊ မြေ၌ ခြေတစ်ဖက်သာ ထောက်၍ ခံတွင်းဖွင့်လျက် ကျီးနေဟန်-၁။ |
| (၃၈၅) | နန္ဒိယမိဂ(ရာဇ)ဇာတ် | ဥယျာဉ်၌ ဘုရားလောင်း သမင်မင်း-၁၊ သာကေတမင်း လေးနှင့် ပစ်သည်တွင် မပစ်နိုင်ဟန်-၁။ |
| (၃၈၆) | ခရပုတ္တဇာတ် | မြင်းရထားစီး၍ မိဖုရားနှင့် ဗာရာဏသီမင်း ဥယျာဉ်သို့ ထွက်သွားဟန်-၁၊ ဆိတ်မ,ဆိတ်ဖို မှီဝဲဟန်-၁၊ သိကြားမင်းကိုယ်တိုင် ဆုံးမဟန်-၁။ |
| (၃၈၇) | သူစိဇာတ် | ပန်းပဲသူကြီး အိမ်နှင့်-၁၊ သမီးငယ်-၁၊ ဘုရားလောင်း ရောင်းမည့် အပ်ကို ပြဟန်-၁။ |
| (၃၈၈) | တုဏ္ဍိလဇာတ် | ဝက်မွေးသော သူအိုမ စားခွက်နှင့် ခေါ်ဟန်-၁၊ သေသောက်ကြူးတို့ ကျော့ကွင်းကိုင်လျက် ဘုရားလောင်း ဝက်ညီနောင်-၂၊ ဗာရာဏသီမင်းနှင့် ပြည်သူတို့ တရားနာဟန် -၃။ |
| (၃၈၉) | သုဝဏ္ဏကက္ကဋဇာတ် | ဘုရားလောင်း လယ်လုပ်ယောကျ်ား မြွေခဲ၍ လဲဟန်-၁၊ ကျီးကို တက်မတဘက်, မြွေကို တက်မတဘက်နှင့် ရွှေ |

| ဇာတ်စဉ် ဇာတ်မည် | ဇာတ်ပုံ |
|---|---|
| | အဆင်းရှိသော လယ်ပုဇွန် ညှပ်ဟန်-၁၊ ပုဏ္ဏား အဆိပ်ကင်း၍ ရွှေပုဇွန်ကို ကိုင်လျက် ရပ်ဟန်-၁။ |
| (၃၉၀) မယှကဇာတ် | ဘုရားလောင်း ရသေ့ပြု၍ ညီ-ဗာရာဏသီသူဌေးအိမ်သို့ လာရောက် ဆွမ်းစားပြီးလျှင် နေဟန်-၁၊ ညီ-သူဌေး လျှောက်ဟန်-၁၊ သူဌေးမ လျှောက်ဟန်-၁။ |
| (၃၉၁) ဝိဇ္ဇာဓရဇာတ် (ပဗ္ဗဇိတဝိဟေဌက) | ဗာရာဏသီမင်း နန်းဆောင်နှင့်-၁၊ ရှင်ပစ္စေကဗုဒ္ဓါနှင့် ဘုရားလောင်းသိကြားမင်း သပိတ်,သင်္ကန်းကို ကိုင်လျက် နန်းရင်ပြင် ကောင်းကင်က ရပ်လာဟန်-၂။ |
| (၃၉၂) သိင်္ဃပုပ္ဖဇာတ် | ပဒုမာကြာအိုင်သို့ သက်ပြီးလျှင် ကြာ၏အနံ့ကို မဆွတ် မချိုးဘဲ အဝေးမှ ခံလျက် ဘုရားလောင်းရသေ့ နေဟန်-၁၊ နတ်သမီး ဆိုလာဟန်-၁။ |
| (၃၉၃) ဝိဃာသာဒဇာတ် | တောဌ ရသေ့တို့ နေဟန်-၂၊ ဘုရားလောင်း သိကြားမင်း ကျေးသားဟန် ဖန်ဆင်း၍ သစ်ပင်ထက်က ဆိုလာဟန်-၁။ |
| (၃၉၄) ဝဋ္ဋကဇာတ် | သစ်ပင်၌ ဘုရားလောင်း ငုံးမင်း-၁၊ သစ်ပင်ထက် နားလျက် ကျီးဆိုလာဟန်-၁။ |
| (၃၉၅) ပါရာဝတဇာတ် | စဖိုအိမ်၌ ခိုနှင့် ချိုင့်-၁၊ ကျီးနှင့် ချိုင့်-၁၊ ဟင်းမျိုးအိုး ဖွင့်ခိုက် ကျီးနှိုက်ဟန်-၁၊ ၎င်းကျီးကို စဖိုသည် ဖမ်းမိဟန်-၁။ |

ဤတွင်ရွေ့. ဆက္ကနိပါတ် ဇာတ်နိဒ္ဒေသ ပြီး၏။ (ဇာတ်ပေါင်း-၂၀)

----- × -----

## သတ္တနိပါတ်ထွက် ဇာတ်စဉ်များ

| | |
|---|---|
| (၃၉၆) ကုက္ကုဇာတ် | ဉယျာဉ်၌ အထွဋ်အချက်တပ်သော အိမ်နှင့်-၁၊ ၎င်းကို ကြည့်၍ ဗာရာဏသီမင်း မေးဟန်-၁၊ ဘုရားလောင်း လျှောက်ဟန်-၁။ |

| ဇာတ်စဉ် ဇာတ်မည် | ဇာတ်ပုံ |
|---|---|
| (၃၉၇) မနောဇဇာတ် | တောၽဲ့ ဘုရားလောင်း ခြင်္သေ့-၁၊ ခြင်္သေ့မ-၁၊ သားခြင်္သေ့ သေဟန်-၁၊ မြေခွေး-၁။ |
| (၃၉၈) သုတနုဇာတ် | ပဉ္စောင်ပင်ထက် ဘီလူး-၁၊ ရွှေခြေနင်း စီးလျက် ထီးဆောင်း၍ သန်လျက်နှင့် ထမင်းထည့်သော ရွှေခွက်ကို ဘီလူးအား ဘုရားလောင်းလုလင် ပေးဟန်-၁။ |
| (၃၉၉) (မာတုပေါသက)ဂိဇ္ဈဇာတ် | ကျောက်ဂူၽဲ့ မိဘလင်းတ-၂၊ ဘုရားလောင်း လင်းတ လုပ်ကျွေးဟန်-၁။ |
| (၄၀၀) ဒဗ္ဗပုပ္ဖဇာတ် | ဖျံ-၂၊ မြေခွေး-၁၊ သစ်ပင်ထက် ဘုရားလောင်းရုက္ခစိုးနတ်-၁။ |
| (၄၀၁) ပဏ္ဏကဇာတ် | ဟာရာဏသီမင်း နန်းဆောင်နှင့်-၁၊ မင်းရင်ပြင်ၽဲ့ သန်လျက် ကစားဟန်-၁၊ ဘုရားလောင်းအမတ် လျှောက်ဟန်-၁။ |
| (၄၀၂) သတ္တုဘသ္တဇာတ် | တရားပလ္လင်ထက် ဘုရားလောင်း သေနကသုခမိန် တရားဟောဟန်-၁၊ ပုဏ္ဏား တောင်ဝှေးစွဲလျက်-၁၊ သားရေအိတ်ကို ဖွင့်သည်တွင် မြွေဟောက်ထွက်ဟန်-၁။ |
| (၄၀၃) အဋ္ဌိသေနကဇာတ် | ဗာရာဏသီဥယျာဉ်ၽဲ့ ဘုရားလောင်းရသေ့ နေဟန်-၁၊ မင်း,မိဖုရား ဖူးမြော်ဟန်-၂။ |
| (၄၀၄) ကပိဇာတ် | ဗာရာဏသီဥယျာဉ်ၽဲ့ ဘုရားလောင်းမျောက်မင်း အခြံအရံနှင့် နေဟန် သစ်ပင်နှင့်-၁၊ သစ်ပင်တစ်ပင်အောက် ပုရောဟိတ် ဝင်သည်ကို လျှပ်ပေါ်သောမျောက် ကျင်ကြီးစွန့်ချဟန်-၁။ |
| (၄၀၅) ဗကဇာတ် | ဟိမဝန္တာသခ်မ်းၽဲ့ ကေသဝရသေ့နေဟန်-၁၊ ဘုရားလောင်း ကပ္ပရသေ့နှင့် ပြောဟောဟန်-၂။ |
| (၄၀၆) ဂန္ဓာရဇာတ် | ဟိမဝန္တာသစ်ပင်ရင်းၽဲ့ ဘုရားလောင်း ဂန္ဓာရ-ရသေ့နှင့် ဝိဒေဟရာဇ်ရသေ့တို့ လ-ကြွတ်သည်ကို မြင်၍ ပြောဟောဟန်-၂၊ ကောင်းကင်ၽဲ့ လကြွတ်ဟန်-၁။ |

| ဇာတ်စဉ် | ဇာတ်မည် | ဇာတ်ပုံ |
| --- | --- | --- |
| (၄၀၇) | မဟာကပိဇာတ် | ဂင်္ဂါနား၌ သရက်ပင်ကြီးထက် အခြံအရံနှင့် ဘုရားလောင်း မျောက်မင်း သရက်သီးစားဟန်-၁၊ ၎င်းသရက်ပင်အောက် ဗြဟ္မဒတ်မင်း အိပ်ဟန်-၁၊ မျောက်တို့ကို ဝန်းရံဟန်-၁၊ ခါးကို နွယ်ချီလျက် သရက်ကိုင်းကို လက်ကိုင်၍ ဂင်္ဂါ တဘက် သစ်ပင်နှင့် သရက်ပင်ကို ဘုရားလောင်း နွယ်တန်းဟန်-၁၊ ဒေဝဒတ်မျောက် နင်းဆောင့်ဟန်-၁။ |
| (၄၀၈) | ကုမ္ဘကာရဇာတ် | ဘုရားလောင်းအိုးထိန်း သမီး,ခင်ပွန်း ပစ္စေကဗုဒ္ဓါ ၄-ပါး တို့ကို ဆွမ်းလှူဟန်-၂။ |
| (၄၀၉) | ဒဠှဓမ္မဇာတ် | ဘုရားလောင်းအမတ်-၁၊ ၎င်းကုလားအုပ် ပြောဆိုဟန်-၁။ |
| (၄၁၀) | သောမဒတ္တဇာတ် | ဟိမဝန္တာ၌ မွေးသောဆင် သေ၍ ရသေ့ ငိုကြွေးဟန်-၁၊ ဆင်သေ-၁၊ သိကြားမင်း ဆုံးမလာဟန်-၁။ |
| (၄၁၁) | သုသီမဇာတ် | ဘုရားလောင်း သုသီမမင်း, မိဖုရား နန်းဆောင်နှင့်-၂၊ အိမ်ရှေ့မင်း, အမတ် ခစားဟန်-၂။ |
| (၄၁၂) | ကောဋသိမ္ဗလိဇာတ် | လက်ပံ ၂-ပင်နှင့် ဘုရားလောင်းရုက္ခစိုးနတ်-၁၊ ညောင်ပင်ကို ရစ်လျက်ပါသော နဂါးကို ၎င်းလက်ပံပင်တွင် ဂဠုန်မင်း စားပြီးလျှင် သမုဒ္ဒရာသို့ ပစ်လိုက်ဟန် ညောင်ပင်ကို ရစ်လျက် နဂါး-၁၊ ၎င်းလက်ပံပင်၌ ရုက္ခစိုးနှင့် ပြောဟော ဟန် ဂဠုန်-၁၊ ၎င်းလက်ပံပင်၌ ငှက်ငယ်-၁။ |
| (၄၁၃) | ဓူမကာရိဇာတ် | ဓနဥ္စယကောရဗျမင်း, မိဖုရား နန်းဆောင်နှင့်-၂၊ ဘုရား လောင်းပုရောဟိတ် လျှောက်ဟန်-၁။ |
| (၄၁၄) | ဇာဂရဇာတ် | ဟိမဝန္တာ၌ ဘုရားလောင်းရသေ့ စင်္ကြံသွားဟန်-၁၊ စင်္ကြံ စွန်းတွင်နေသောနတ် ကိုယ်ထင်ပြ၍ လျှောက်ဟန်-၁။ |
| (၄၁၅) | ကုမ္မာသပိဏ္ဍိဇာတ် | ပစ္စေကဗုဒ္ဓါ ၄-ပါးတို့အား ဘုရားလောင်းသူဆင်းရဲ မုယော မုန့် လှူဟန်-၁၊ ထို့နောက် နောက်ဘဝ၌ ဗာရာဏသီတွင် မင်းဖြစ်၍ မှူးမတ်တို့အား ပြောဟောဟန် နန်းဆောင်နှင့်-၁။ |

| ဇာတ်စဉ် ဇာတ်မည် | ဇာတ်ပုံ |
|---|---|
| (၄၁၆) ပရန္တပဇာတ် | ဘုရားလောင်း ဗာရာဏသီမင်း, မိဖုရား နန်းဆောင်နှင့်-၂၊ ညီတော်မင်းသား-၁၊ ပုရောဟိတ်-၁။ |

ဤတွင်ရွေ့ သတ္တကနိပါတ် ဇာတ်နိဒ္ဒေသ ပြီး၏။ (ဇာတ်ပေါင်း-၂၁)

----- × -----

## အဋ္ဌကနိပါတ်ထွက် ဇာတ်စဉ်များ

| | |
|---|---|
| (၄၁၇) ကစ္စာနိဇာတ် | သား, ချွေးမတို့ မရှိမသေပြုသည်တွင် တရားသေပြီ-ဟု သုသာန်၌ မတကဘတ်ပြုမည်- ခုံလောက် ၃-လုံး၌ မီးထည့်၍ ဆန်ဆေးဟန် သူအိုမ-၁၊ ဘုရားလောင်း သိကြားဆုံးမလာဟန်-၁။ |
| (၄၁၈) အဋ္ဌသဒ္ဒဇာတ် | ဗာရာဏသီမင်း ဥယျာဉ်၌ ဘုရားလောင်းရသေ့ နေဟန်-၁၊ ဗာရာဏသီမင်း, အမတ်တို့ ကပ်၍ လျှောက်ဟန်-၅။ |
| (၄၁၉) သုလသာဇာတ် | ခိုးသူကို ပြည့်တန်ဆာမ တွန်းချဟန်-၂၊ သစ်ပင်ထက် ဘုရားလောင်း ရုက္ခစိုးနတ်-၁။ |
| (၄၂၀) သုမင်္ဂလဇာတ် | ဗာရာဏသီမင်း ဥယျာဉ်၌ ရှင်ပစ္စေကဗုဒ္ဓါ သီတင်းသုံးနေဟန်-၁၊ ဘုရားလောင်း ဗာရာဏသီမင်း, မိဖုရား ဖူးမြော်ဟန်-၂။ |
| (၄၂၁) ဂင်္ဂမာလဇာတ် | ဥယျာဉ်၌ ရှင်ပစ္စေကဗုဒ္ဓါ သီတင်းသုံးနေဟန်-၁၊ မှူးမတ်တို့နှင့် ဘုရားလောင်းကို ဥဒယမင်း ပူဇော်ဟန်-၂။ |
| (၄၂၂) စေတိယဇာတ် | ဘုရားလောင်း ကပိလရသေ့-၁၊ ကောလမ္ဗကပုဏ္ဏား-၁၊ ပြည်သူတို့ ရှုကြည့်ကြဟန်-၄၊ စေတိယမင်းကို မုသားဆို၍ မြေမျိုဟန်-၁။ |
| (၄၂၃) ဣန္ဒြိယဇာတ် | ဟိမဝန္တာ၌ ဘုရားလောင်း သရဘင်္ဂရသေ့ နေဟန်-၁၊ တပည့်တို့ ခစားဟန်-၂။ |

| ဇာတ်စဉ် ဇာတ်မည် | ဇာတ်ပုံ |
|---|---|
| (၄၂၄) အာဒိတ္တဇာတ် | ရှင်ပစ္စေကဗုဒ္ဓါ-၅၊ ၎င်းတို့အား ဘုရားလောင်း ရောရုဝမင်းနှင့် မိဖုရားတို့ လှူဒါန်းပူဇော်ဟန်-၂။ |
| (၄၂၅) အဋ္ဌာနဇာတ် | ဘုရားလောင်း ရသေ့ပြု၍ တောဌ် နေဟန်-၁၊ ပြည့်တန်ဆာမ ကပ်၍ တောင်းပန်ဟန်-၂။ |
| (၄၂၆) ဒီပိဇာတ် | ရာဇဂြိုဟ်ပြည် ဥယျာဉ်၌ ဘုရားလောင်းရသေ့ နေဟန်-၁၊ ဆိတ်ကို သတ်ခဲ့ဟန်-၂။ |

ဤတွင်ရွေ့ အဋ္ဌကနိပါတ် ဇာတ်နိဒ္ဒေသ ပြီး၏။ (ဇာတ်ပေါင်း-၁၀)

----- × -----

## နဝကနိပါတ်ထွက် ဇာတ်စဉ်များ

| ဇာတ်စဉ် ဇာတ်မည် | ဇာတ်ပုံ |
|---|---|
| (၄၂၇) ဂိဇ္ဈဇာတ် | ဂိဇ္ဈကုဋ်တောင် လိုဏ်၌ အခြွေအရံအများနှင့် ဘုရားလောင်း လင်းတမင်း နေဟန်, အဘစကားကို မနာ၍ သား လင်းတငယ် ကောင်းကင်ဝေရမ္ဘလေ၌ ပျက်စီးဟန်-၁။ |
| (၄၂၈) ကောသမ္ဗိယဇာတ် | တော၌ ဘုရားလောင်း ဒီဃာဝုမင်းသား ပေါင်ကို ခေါင်းအုံးလျက် ကောသလမင်း အိပ်ဟန်-၁၊ ၎င်းဆံကို ဆွဲ၍ မင်းသား သန်လျက်နှင့် မိုးဟန်-၁၊ နောက် မင်း ၂-ပါး သင့်တင့်ညီညွတ်လျက် ပလ္လင်ထက် နေဟန်-၂။ |
| (၄၂၉) မဟာသုဝဇာတ် | ဂင်္ဂါနားတွင် ဆွေးဟောင်းသော သဖန်းပင်ငုတ်၌ ဘုရားလောင်း ကျေးသားနေဟန်-၁၊ သိကြားမင်း ဆိုလာဟန်-၁။ |
| (၄၃၀) စူဠသုဝဇာတ် | ဂင်္ဂါနားတွင် ဆွေးဟောင်းသော သဖန်းပင်ငုတ်၌ ဘုရားလောင်း ကျေးသားနေဟန်-၁၊ သိကြားမင်း ဆိုလာဟန်-၁။ |
| (၄၃၁) ဟရိတစဇာတ် | ဥယျာဉ်၌ ဘုရားလောင်းရသေ့ နေဟန်-၁၊ မိဖုရားနှင့် ဗာရာဏသီမင်း ကပ်၍ မေးဟန်-၁။ |

| ဇာတ်စဉ် ဇာတ်မည် | ဇာတ်ပုံ |
|---|---|
| (၄၃၂) ပဒကုသလမာဏဝဇာတ် | ဘုရားလောင်း ပုဏ္ဏားသား,အဘ မြစ်ကို ကူး၍ ပြေးဟန်-၂၊ အမိဘီလူးမ လိုက်ဟန်-၁၊ အမိဘီလူးမ သေ၍ ဖုတ်ကြဉ်းဟန်-၁၊ ဗာရာဏသီမင်း ပုရောဟိတ်နှင့် ဥယျာဉ်ရေကန်တွင် ဥစ္စာဝှက်ဟန်, ဘုရားလောင်း ပဒကုသလမင်း ရှာဟန်-၁။ |
| (၄၃၃) လောမသကဿပဇာတ် | ဘုရားလောင်း ဟိမဝန္တာ၌ ရသေ့ပြု၍ နေဟန်-၁၊ ဗာရာဏသီမင်းက သမီးကို စေ၍ ဖြားယောင်းစေဟန်-၁၊ အမတ်-၁။ |
| (၄၃၄) စက္ကဝါကဇာတ် | တစ်ခုသောအိုင်၌ ရွှေအဆင်းရှိသော ဘုရားလောင်း စက္ကဝက်ဖို,မ-၂၊ လျှပ်ပေါ်သောကျီး ဆိုလာဟန်-၁။ |
| (၄၃၅) ဟလိဒ္ဒိရာဂဇာတ် | ဟိမဝန္တာ၌ သားငယ်နှင့်တကွ ဘုရားလောင်း ရသေ့ပြု၍ နေဟန်-၂၊ သားငယ်ကို မိန်းမ ဖျက်ဆီးလာဟန်-၁။ |
| (၄၃၆) သမုဂ္ဂဇာတ် | ဟိမဝန္တာ၌ ဘုရားလောင်း ရသေ့နေဟန်-၁၊ ကြုတ်၌ မယားနှင့် ဝိဇ္ဇာဓိုရ်ရှိတို့ကို ငုံ၍ တာနောဘီလူး လာဟန်-၁၊ ရသေ့ပြောသည်တွင် ကြုတ်ကို ထွေးဟန်-၁၊ ဝိဇ္ဇာဓိုရ် သန်လျက်နှင့် ကြုတ်မှ ထွက်၍ ပျံဟန်-၁။ |
| (၄၃၇) ပူတိမံသဇာတ် | သစ်ပင်ထက် ဘုရားလောင်း ရုက္ခစိုးနတ်-၁၊ ဆိတ်ကို မြေခွေးဖို,မ ခဲဟန်-၃။ |
| (၄၃၈) ဒဒ္ဒရ(*တိတ္တိရ*)ဇာတ် | တော၌ ဘုရားလောင်း ခါမင်း ပုဏ္ဏားလုလင်တို့အား ဗေဒင်ချဟန်-၁၊ လုလင်တို့ စာတောက်နှင့် ဗေဒင်သင်ဟန်-၂။ |

ဤတွင်ရွှေ နဝကနိပါတ် ဇာတ်နိဒ္ဒေသ ပြီး၏။ (ဇာတ်ပေါင်း-၁၂)

----- x -----

ဒသကနိပါတ်ထွက် ဇာတ်စဉ်များ

| | |
|---|---|
| (၄၃၉) စတုဒ္ဒါရဇာတ် (မိတ္တဝိန္ဒက) | သင်ဓုန်းစက် ရွက်လျက် ငရဲခံသူ-၁၊ ၎င်းကို ပဒုမာထင်၍ မိတ္တဝိန္ဒကသူဌေးသား တောင်းဟန်-၁။ |

| ဇာတ်စဉ် ဇာတ်မည် | ဇာတ်ပုံ |
|---|---|
| (၄၄၀) ကဏှဇာတ် | နဘဲပင်ကို မှီ၍ အသက်မွေးလျက် ဘုရားလောင်း ရသေ့နေဟန်-၁၊ သိကြားမင်း ပြောဟောဟန်-၁။ |
| (၄၄၁) စတုပေါသထိယဇာတ် | ကောရဗျမင်းဥယျာဉ်၌ သိကြား, နဂါး, ဂဠုန်, ကောရဗျမင်းတို့ ဥပုသ်သုံး၍ ဝိဝုရအမတ်ကို မေးဟန်-၄၊ ၎င်း အမတ်ဖြေဟန်-၁။ |
| (၄၄၂) သခ်ဇာတ် | ပစ္စေကဗုဒ္ဓါ ခရီးသွားဟန်-၁၊ ဘုရားလောင်း သခ်ပုဏ္ဏားထီး, ဖိနပ်လှူဟန်-၁၊ နောက်ပါ အလုပ်အကျွေး-၁။ |
| (၄၄၃) စူဠဗောဓိဇာတ် | ဘုရားလောင်းသူဌေး ရသေ့ပြု၍ မင်းဥယျာဉ်၌ နေဟန်-၁၊ သူဌေးမလည်း ပရိဗိုဇ်ရဟန်းပြု၍ ၎င်းဥယျာဉ်၌ နေဟန်-၁၊ ဘုရားလောင်းထံ ဗာရာဏသီမင်း ပြောဟောဟန်-၁။ |
| (၄၄၄) ကဏှဒီပါယနဇာတ် | မဏ္ဍဗျရသေ့ကို တံကျင်လျှိုဟန်-၁၊ ဘုရားလောင်း ကဏှဒီပါယနရသေ့နှင့် ဗာရာဏသီမင်း စကားပြောဟောဟန်-၂။ |
| (၄၄၅) နိဂြောဓဇာတ် | ဘုရားလောင်း နိဂြောဓမင်းသားနှင့် သား-သူဌေးတို့ ပဉ္စောင်ပင်ရင်းတွင် အိပ်ဟန်-၂၊ ပဉ္စောင်ပင်ထက် ကြက် ၂-ကောင် အောက်,အထက် အိပ်ဟန်-၂၊ ကြက်တို့ ဆိုသည်ကို ကြား၍ အထက်ကြက်ကို ပေါတ္တိက တက်ဖမ်းဟန်-၂။ |
| (၄၄၆) တက္ကလဇာတ် | အဘကို သတ်မည် လှည်းနှင့် တင်သွားဟန်-၁၊ မြှုပ်ရန်တွင်းတူးဟန်-၁၊ ဘုရားလောင်းသားငယ် အကြောင်းကို မေး၍ ဆုံးမဟန်-၁။ |
| (၄၄၇) (မဟာ)ဓမ္မပါလဇာတ် | ပုဏ္ဏား,ပုဏ္ဏေးမ-၂၊ ဒိသာပါမောက္ခဆရာ-၁၊ ဘုရားလောင်းဓမ္မပါလသတို့သား-၁။ |
| (၄၄၈) ကုက္ကုဋဇာတ် | ဝါးခြုံ၌ ဘုရားလောင်း ကြက်မင်း-၁၊ ၎င်းအနီး သစ်ပင်၌ သိမ်း-၁။ |

| ဇာတ်စဉ် ဇာတ်မည် | ဇာတ်ပုံ |
|---|---|
| (၄၄၉) မဋ္ဌကုဏ္ဍလီဇာတ် | သားသေ၍ သုသာန်၌ သူကြွယ်ငိုဟန်-၁၊ ဘုရားလောင်း နတ်သား ပရိယာယ်ဖြင့် ဆုံးမလာဟန်-၁၊ လ-ရုပ်, နေ-ရုပ်-၂။ |
| (၄၅၀) ဗိလာရကောသိယဇာတ် | ဗာရာဏသီသူဌေး အိမ်နှင့်-၁၊ ဘုရားလောင်းသိကြား နှင့် လ-နတ်သား, နေ-နတ်သား, ပဥ္စသိခနတ်သားတို့ ပုဏ္ဏားအသွင် အလှူခံလာဟန်-၄။ |
| (၄၅၁) စက္ကဝါကဇာတ် | ဂင်္ဂါနား၌ ဘုရားလောင်း စက္ကဝက် ဖို,မ-၂၊ လျှပ်ပေါ်သော ကျီး ဆိုလာဟန်-၁။ |
| (၄၅၂) ဘူရိပညဇာတ် | ဝိဒေဟရာဇ်မင်း နန်းဆောင်နှင့်-၁၊ မဟောသဓာ လျှောက်ဟန်-၁၊ သုခမိန် ၄-ယောက် လျှောက်ဟန်-၄။ |
| (၄၅၃) မဟာမင်္ဂလဇာတ် | ဟိမဝန္တာ၌ ဘုရားလောင်းရသေ့ကို တပည့်တို့ မင်္ဂလာ ပြဿနာမေးဟန်-၂၊ ဘုရားလောင်း ပြောဟောဟန်-၁။ |
| (၄၅၄) ဃဋပဏ္ဍိတဇာတ် | နောင်တော် ဝါသုဒေဝမင်းအား ဘုရားလောင်း ညီတော် ဃဋပဏ္ဍိတသည် လ-၌ ယုန်ကို တောင်း၍ ပရိယာယ်ဖြင့် ဆုံးမဟန် လရုပ်-၁၊ မှူးမတ်နှင့် ဝါသုဒေဝမင်း နာဟန်-၂။ |

ဤတွင်ရွေ့ ဒသကနိပါတ် ဇာတ်နိဒ္ဒေသ ပြီး၏။ (ဇာတ်ပေါင်း-၁၆)

----- x -----

## ဧကာဒသကနိပါတ်ထွက် ဇာတ်စဉ်များ

| | |
|---|---|
| (၄၅၅) မာတုပေါသကဇာတ် | ဘုရားလောင်းဆင်ဖြူ တရားဟောဟန်-၁၊ မှူးမတ်တို့နှင့် ဗာရာဏသီမင်း နာခံဟန်-၁။ |
| (၄၅၆) ဇုဏှဇာတ် | ဆင်စီးလျက်, ဝရဇိန်ချွန်းစွဲလျက် ဘုရားလောင်း ဗာရာ-ဏသီမင်း မြို့ကို လက်ယာရစ်လှည့်ဟန်, ပုဏ္ဏားတစ်ဦး တောင်းလာဟန်-၁။ |

| ဇာတ်စဉ် ဇာတ်မည် | ဇာတ်ပုံ |
|---|---|
| (၄၅၇) ဓမ္မဒေဝပုတ္တဇာတ် | ဘုရားလောင်း ဓမ္မနတ်သား၊ ဒေဝဒတ်အလောင်း အဓမ္မနတ်သား ရထားစီးလျက် လူတို့ကို လှည့်၍ ဆုံးမသည်တွင် ရထားချင်း ဆိုင်မိဟန်-၂၊ အဓမ္မနတ်သားကို မြေမျိုဟန်-၁။ |
| (၄၅၈) ဥဒယဇာတ် | ပြာသာဒ်ထက် ဥဒယဘဒ္ဒမင်းသမီး လျောင်းလျက် နေဟန်-၁၊ ဘုရားလောင်းသိကြားမင်း ရွှေခွက်နှင့် ဥစ္စာထည့်၍ စုံစမ်းလာဟန်-၁။ |
| (၄၅၉) ပါနီယဇာတ် | ပစ္စေကဗုဒ္ဓါတို့ ဆွမ်းရပ်လာဟန်-၅၊ ဘုရားလောင်း ဗာရာဏသီမင်း၊ မိဖုရားနှင့် လျှုဒါန်းပူဇော်ဟန်-၂။ |
| (၄၆၀) ယုဓဥ္စယဇာတ် | ဟိမဝန္တာ၌ ရမ္မနဂရမင်း၏သား ဘုရားလောင်း ယုဓဥ္စယမင်းသားသည် ညီတော် ယုဓိဋ္ဌိလမင်းသားနှင့် ရဟန်းပြု၍ နေဟန်-၂။ |
| (၄၆၁) ဒသရထဇာတ် | ဟိမဝန္တာ၌ သီတာမင်းသမီး၊ လက္ခဏမင်းသားနှင့် ဘုရားလောင်း ရာမမင်းသား သခ်မ်းတွင် နေကြဟန်-၃။ |
| (၄၆၂) သံဝရဇာတ် | သံဝရမင်းနန်းဆောင်နှင့် ဘုရားလောင်းအမတ် ဆုံးမဟန် အမတ်များ-၂။ |
| (၄၆၃) သုပ္ပါရကဇာတ် | သမုဒ္ဒရာအပြင်၌ သင်္ဘောသားတို့နှင့် ဘုရားလောင်း သုပ္ပါရကပဏ္ဍိတ သင်္ဘောသွားဟန်-၁။ |

**ဤတွင်ရွှေ ကောဒသကနိပါတ် ဇာတ်နိဒ္ဒေသ ပြီး၏။** (ဇာတ်ပေါင်း-၉)

----- x -----

## ဒွါဒသကနိပါတ်ထွက် ဇာတ်စဉ်များ

| | |
|---|---|
| (၄၆၄) စူဠကုဏာလဇာတ် | ကုဏာလအိုင်နား တော၌ ဥဩအပေါင်း ခြံရံလျက် ဘုရားလောင်းဥဩမင်း နေဟန်-၁။ |

| ဇာတ်စဉ် ဇာတ်မည် | ဇာတ်ပုံ |
|---|---|
| (၄၆၅) ဘဒ္ဒသာလဇာတ် | ဗာရာဏသီမင်း နန်းဆောင်နှင့်-၁၊ ဘုရားလောင်း အင်ကြင်းပင်စောင့်နတ် ကိုယ်ထင်ဆိုလာဟန်-၁။ |
| (၄၆၆) သမုဒ္ဒဝါဏိဇဇာတ် | သမုဒ္ဒရာအလယ်ကျွန်း၌ နေသည်တွင် နတ်တို့ ရေတက် စေသည့်ကာလ လက်သား ၅၀၀-နှင့် ဘုရားလောင်း လှေဖြင့် သွားဟန်-၁။ |
| (၄၆၇) ကာမဇာတ်(ပဏ္ဍိတ)ဇာတ် | အလိုကြီးသော ဗာရာဏသီမင်း နန်းဆောင်နှင့်-၁၊ မင်း, မိဖုရား, မှူးမတ်, သိကြားမင်း လှည့်ဖြားလာဟန်-၁၊ မင်းနှလုံးမျက်သည်ကို ဘုရားလောင်းလုလင် ပြောဟော ဟန်-၁။ |
| (၄၆၈) ဇနသန္ဓဇာတ် | ဘုရားလောင်း ဗာရာဏသီမင်း တရားဟောဟန်-၁၊ မင်း, မိဖုရား, မှူးမတ်မှစ၍ ပြည်သူတို့ နာဟန်-၃။ |
| (၄၆၉) မဟာကဏှဇာတ် | ဗာရာဏသီမင်း နန်းဆောင်နှင့်-၁၊ သိကြားမင်း မုဆိုး ယောင် ဖန်ဆင်း၍ ခွေးနက်ယောင် ဆောင်သော မာတလိနတ်သားကို လက်,ခြေ,ဦးခေါင်း ကြိုးဖွဲ့ပြီးလျှင် ဆွဲငင်လျက် မင်းရင်ပြင်၌ ခြိမ်းခြောက်၍ ကဿပဘုရား သခင် သာသနာတော်ကို ပြုစုဟန်-၁။ |
| (၄၇၀) ကောသိယဇာတ် | ဗာရာဏသီသူဌေးစဉ်းလဲ အိမ်နှင့်-၁၊ သိကြား, လနတ် သား, နေနတ်သား, မာတလိနတ်သားတို့ ပုဏ္ဏားအသွင် ဖြင့် အလှူခံလာဟန်-၄၊ ပဉ္စသိခနတ်မင်း ခွေးယောင် ဖန်ဆင်းဟန်-၁။ |
| (၄၇၁) မေဏ္ဍကပဉှဇာတ် | ဝိဒေဟရာဇ်မင်း နန်းဆောင်နှင့်-၁၊ မဟောသဓာ လျှောက်ဟန်-၁၊ သုခမိန် ၄-ယောက် လျှောက်ဟန်-၄။ |
| (၄၇၂) မဟာပဒုမဇာတ် | အပြစ်မရှိသော ဘုရားလောင်းမင်းသားကို သူသတ်တို့ ချရာ ချောက်၌ ကျစေဟန်-၁၊ မင်းသားကို တောင် စောင့်နတ် မ-၍ နဂါးပါးပျဉ်း၌ တင်ဟန်-၁။ |

| ဇာတ်စဉ် ဇာတ်မည် | ဇာတ်ပုံ |
|---|---|
| (၄၇၃) မိတ္တာမိတ္တဇာတ် | ဟာရာဏသီမင်း, မိဖုရား နန်းဆောင်နှင့်-၂၊ ဘုရားလောင်း အမတ် လျှောက်ဟန်-၁။ |

ဤတွင်ရွေ့ ဒွါဒသကနိပါတ် ဇာတ်နိဒ္ဒေသ ပြီး၏။ (ဇာတ်ပေါင်း-၁၀)

----- x -----

## တေရသကနိပါတ်ထွက် ဇာတ်စဉ်များ

| | |
|---|---|
| (၄၇၄) အမ္ဗဇာတ် | ဘုရားလောင်း ဒွန်းစဏ္ဍား သရက်ပင်ကို အခါမဲ့၌ မန္တန်ဖြင့် သီးစေဟန် သရက်ပင်နှင့်-၁၊ ၎င်းမန္တန်ကို သင်လို၍ ခယဟန် ပုဏ္ဏား-၁။ |
| (၄၇၅) ဖန္ဒနဇာတ် | သစ်ပင်ထက် ဘုရားလောင်း ရုက္ခစိုးနတ်-၁၊ ကြို့ပင်ကို လက်သမား ဖြတ်ဟန်-၁၊ ဝံရွှေကိုလည်း ဖမ်းဟန်-၁။ |
| (၄၇၆) ဇဝနဟံသဇာတ် | ဗာရာဏသီမင်း နန်းဆောင်နှင့်-၁၊ ကျောက်တိုင်ထက် ဘုရားလောင်း ဟင်္သာမင်း မြား ၄-စင်းကို ကိုက်လျက်နေဟန်-၁၊ အရပ် ၄-မျက်နှာသို့ လေးသမား ၄-ယောက် မြားပစ်ဟန်-၄။ |
| (၄၇၇) စူဠနာရဒဇာတ် | သားနှင့်တကွ ရသေ့ တော၌နေဟန် ဘုရားလောင်း ရသေ့-၁၊ သားရသေ့ကို မိန်းမ အဖျက်လာဟန်-၁။ |
| (၄၇၈) ဒူတဇာတ် | ဂင်္ဂါနား၌ ဘုရားလောင်း ဥစ္စာပျောက်၍ အစာမစားဘဲ လျောင်းဟန်-၁၊ ဗာရာဏသီမင်းလာ၍ ပြောဟောဟန်-၁။ |
| (၄၇၉) ကာလိင်္ဂဗောဓိဇာတ် | မဟာဗောဓိပင်ရာ မြေပြင်သို့ ရောက်သည်တွင် ကာလိင်္ဂ စကြာမင်းစီးသော ဆင်ရတနာ မသွားဝံ့ဟန်-၁၊ ဘုရားလောင်းပုရောဟိတ် လျှောက်ဟန်-၁။ |
| (၄၈၀) အကိတ္တိဇာတ် | ဘုရားလောင်းသူဌေးသား ရသေ့ရဟန်းပြု၍ နာဂဒီပကျွန်း၊ ကံပြင်းတော၌ နေဟန်-၁၊ ပုဏ္ဏားအသွင်ဖြင့် သိကြား |

| ဇာတ်စဉ် ဇာတ်မည် | ဇာတ်ပုံ |
|---|---|
| | ဆွမ်းခံလာဟန်-၁၊ ပုဏ္ဏားအသွင် ကွယ်၍ သိကြားကိုယ် ထင်ပြောဟောဟန်-၁။ |
| (၄၈၁) တက္ကာရိယဇာတ် | မျက်စိကြောင်လျက် အစွယ်ထွက်သော ပုဏ္ဏား-၁၊ ဘုရားလောင်းပုဏ္ဏားလုလင် ပြောဆိုဟန်-၁။ |
| (၄၈၂) ရုရုမိဂရာဇဇာတ် | ကိုယ်ကားရွှေကဲ့သို့ လက်,ခြေ ချိပ်ရည်ကဲ့သို့ မြီးထူး စာမရီကဲ့သို့ ဦးချို ရွှေ,ငွေပန်းဆိုင်းကဲ့သို့ မျက်လုံး ပတ္တမြားကဲ့သို့ ခံတွင်း ကမ္ဗလာကဲ့သို့ရှိသော ဘုရားလောင်း ဆတ်မင်း ပလ္လင်နှင့် တရားဟောဟန်-၁၊ ခေမာမိဖုရားနှင့် ဗာရာဏသီမင်း နာခံဟန်-၁။ |
| (၄၈၃) သရဘမိဂဇာတ် | ဘုရားလောင်း ရွှေသမင် ဆီးသောက်တောအရပ်၌ ဆုံးမဟန်-၁၊ ဗာရာဏသီမင်း နာဟန်-၁။ |

ဤတွင်ရွေ့ တေရသကနိပါတ် ဇာတ်နိဒ္ဒေသ ပြီး၏။ (ဇာတ်ပေါင်း-၁၀)

----- x -----

## ပကိဏ္ဏကနိပါတ်ထွက် ဇာတ်စဉ်များ

| | |
|---|---|
| (၄၈၄) သာလိကေဒါရဇာတ် (သုဝက) | လက်ပံပင်ထက် ဘုရားလောင်း ကျေးမင်း မိဘကို လုပ်ကျွေးဟန်-၁၊ ကျေးမင်း တရားဟောဟန်-၁၊ ပုဏ္ဏားနာဟန်-၁။ |
| (၄၈၅) စန္ဒကိန္နရီဇာတ် | ဘုရားလောင်း ကိန္နရာဖို,မ-၂၊ ဗာရာဏသီမင်း လေးနှင့် ပစ်၍ အဖိုကို မှန်ဟန်, ကိန္နရာဖို လဲသည်တွင် သိကြားရေစင်ဖျန်းလာဟန်-၁။ |
| (၄၈၆) မဟာဥက္ကုသဇာတ် | အိုင်နား၌ ဘုရားလောင်း ခြသေ့်မင်း-၁၊ ဇင်းသစ်ပင်၌ ဝံလိုင်ငှက်-၁၊ သိမ်းငှက်ဖို,မ-၂၊ ဇင်းအိုင်၌ လိပ်သား,အဘ-၂ သစ်ပင်သို့ မီးရှူးကိုင်လျက် မုဆိုးတက်ဟန်-၁၊ ဝံလိုင်ငှက်အတောင်ဖြင့် ရေကို ယူ၍ ဖျန်းဟန်-၁။ |

| ဇာတ်စဉ် ဇာတ်မည် | ဇာတ်ပုံ |
|---|---|
| (၄၈၇) ဥဒ္ဒါလကဇာတ် | ဥယျာဉ်၌ အခြွေအရံနှင့် ဥဒ္ဒါလကရသေ့ နေဟန်-၁၊ ဗာရာဏသီမင်းနှင့် ဘုရားလောင်း ပုရောဟိတ် ပြောဆိုဟန်-၂။ |
| (၄၈၈) ဘိသဇာတ် | ဟိမဝန္တာ ပဒုမာအိုင်နား၌ ဘုရားလောင်း မဟာကဉ္စနရသေ့နှင့် ညီတော်ရသေ့ ၆-ယောက်, နှမတော်-၁၊ ကျွန်ယောက်ျား-၁၊ ကျွန်မိန်းမ-၁၊ အဆွေယောက်ျား-၁၊ ရုက္ခစိုးနတ်-၁၊ ဆင်-၁၊ မျောက်-၁၊ သစ္စာဆိုကြဟန်-၁၊ သိကြားကြာစွယ်,ကြာရိုး ဖွက်လာဟန်-၁။ |
| (၄၈၉) သုရုစိဇာတ် | ဘုရားလောင်းသိကြားမင်း ရသေ့အသွင် ကောင်းကင်ကလာ၍ နေဟန်-၁၊ သုမေဓာမိဖုရား ဆုယူဟန်-၁၊ သုရုစိမင်း-၁။ |
| (၄၉၀) ပဉ္စုပေါသထိကဇာတ် | တောအုပ်၌ သခ်မ်းတွင် ဘုရားလောင်းရသေ့-၁၊ မြွေ-၁၊ ဝံ-၁၊ ခို-၁၊ မြေခွေး-၁၊ ဥပုသ်သုံးကြဟန်။ |
| (၄၉၁) (မဟာ)မောရဇာတ် | ဘုရားလောင်း ရွှေဥဒေါင်း တရားဟောဟန်-၁၊ မင်း, မိဖုရား တရားနာဟန်-၂။ |
| (၄၉၂) တစ္ဆသူကရဇာတ် | ကျားနှင့် ရသေ့ကို ဝက်များ စားဟန်-၂၊ သစ်ပင်ထက် ဘုရားလောင်း ရုက္ခစိုးနတ်-၁။ |
| (၄၉၃) မဟာဝါဏိဇဇာတ် | ကုန်သည်တို့ နဂါးစောင့်သော ပညောင်ပင်ကို ဖြတ်ဟန်-၁၊ ကုန်သည်တို့ကို သတ်ပြီးလျှင် ဘုရားလောင်းကုန်သည်ကြီးနှင့် နဂါးမင်း ပြောဟောဟန်-၂။ |
| (၄၉၄) သာဓိနဇာတ် | သိန္ဓောမြင်း ၁,၀၀၀-ကသော ဝေဇယန္တာရထားနှင့် ဘုရားလောင်း သာဓိနမင်းကို မာတလိနတ်သားက တာဝတိံသာသို့ တင်သွားဟန်-၁။ |
| (၄၉၅) ဒသဗြာဟ္မဏဇာတ် | ပစ္စေကဗုဒ္ဓါ ၅၀၀-တို့ အလှူခံလာဟန်-၅၊ ကောရဗျမင်း လှူဒါန်းပူဇော်ဟန်-၁၊ ဘုရားလောင်းအမတ် ပူဇော်ဟန်-၁။ |

| ဇာတ်စဉ် ဇာတ်မည် | ဇာတ်ပုံ |
|---|---|
| (၄၉၆) ဘိက္ခာပရမ္ပရဇာတ် | မင်း, ပုဏ္ဏား, ရသေ့, ရှင်ပစ္စေကဗုဒ္ဓါတို့ ဇရပ်၌ နေဟန်-၁၊ မင်းအနီး သူကြွယ် ထမင်းပွဲ ဆက်ဟန်-၁။ |

ဤတွင်ဧွေ့ ပကိဏ္ဏကနိပါတ် ဇာတ်နိဒ္ဒေသ ပြီး၏။ (ဇာတ်ပေါင်း-၁၃)

----- x -----

## ဝီသတိနိပါတ်ထွက် ဇာတ်စဉ်များ

| | |
|---|---|
| (၄၉၇) မာတင်္ဂဇာတ် | ဘုရားလောင်း မာတင်္ဂရသေ့-၁၊ သူဌေးသမီး ဒိဋ္ဌမင်္ဂလိက-၁၊ သား မဏ္ဍဗျ-၁။ |
| (၄၉၈) စိတ္တသမ္ဘူတဇာတ် | ဘုရားလောင်း စိတ္တရသေ့ ဥတ္တရပဉ္စာလမင်း ဥယျာဉ်၌ နေဟန်-၁၊ မင်း, မိဖုရား ဖူးမြော်လာဟန်-၂။ |
| (၄၉၉) သိဝိဇာတ် | ဘုရားလောင်း သိဝရာဇ်မင်းကြီး နန်းဆောင်နှင့်-၁၊ သိကြားမင်း ပုဏ္ဏားအသွင်ဖြင့် မျက်စိကို အလှူခံလာဟန်-၁၊ လှူမည်ကို မှူးမတ်တို့ တောင်းပန်ဟန်-၁။ |
| (၅၀၀) သိရိမန္တဇာတ် | ဝိဒေဟရာဇ်မင်း-၁၊ မဟောသဓာလျှောက်ဟန်-၁၊ သုခမိန် ၄-ယောက် လျှောက်ဟန်-၄။ |
| (၅၀၁) ရောဟဏမိဂဇာတ် | ဘုရားလောင်း ရွှေသမင်ကို ကျော့ကွင်းမိဟန်-၁၊ မုဆိုး လာဟန်-၁၊ ညီတော်, နှမတော်သမင်တို့ မုဆိုးနှင့် ပြောဟောဟန်-၂။ |
| (၅၀၂) (စူဠ)ဟံသဇာတ် | ဘုရားလောင်းဟသ်ာမင်း တရားဟောဟန်-၁၊ နောက်ပါ သုမုခဟသ်ာမင်း-၁၊ ခေမာမိဖုရားနှင့် ဗာရာဏသီမင်း တရားနာဟန်-၂။ |
| (၅၀၃) သတ္တိဂုမ္ဗဇာတ် | ပဉ္စာလရာဇ်မင်း ရသေ့တို့နေရာ သခ်မ်းကို ကပ်လာဟန်-၁၊ ဘုရားလောင်း ကျေးသား ပြောဟောဟန်-၁။ |

| ဇာတ်စဉ် ဇာတ်မည် | ဇာတ်ပုံ |
| --- | --- |
| (၅၀၄) ဘလ္လာတိယဇာတ် | မြစ်နား၌ ကိန္နရာဖို,မ နေဟန်-၂၊ တောလယ်တွင် မြင်၍ လေး,မြားကို ချပြီးလျှင် ဘုရားလောင်း ဗာရာဏသီမင်း ကပ်၍ မေးဟန်-၁၊ ခြံ၌ ခွေးဝပ်ဟန်-၁။ |
| (၅၀၅) သောမနဿဇာတ် | ဘုရားလောင်း သောမနဿမင်းသား ၇-နှစ်အရွယ်က ရဟန်းပြု၍ ဟိမဝန္တာသခ်မ်း၌ နေဟန်-၁၊ ၁၆-နှစ်အရွယ် တိုင်အောင် နတ်တို့ လုပ်ကျွေးဟန်-၄။ |
| (၅၀၆) စမ္ပေယျဇာတ် | တောင်ပို့ထက်၌ ဘုရားလောင်း စမ္ပေယျနဂါးမင်း ဥပုသ် သုံးဟန်-၁။ |
| (၅၀၇) မဟာပလောဘနဇာတ် | တော၌ မယားနှင့်တကွ ဘုရားလောင်းမင်းသား နေဟန် -၂ ဆွမ်းခံလာသော ရသေ့အား သန်လျက်ကို ကိုင်၍ လိုက်ဟန်-၁။ |
| (၅၀၈) ပဉ္စပဏ္ဍိတဇာတ် | ထီးဖြူဆောက်သော ရာဇပလ္လင်ထက် ဝိဒေဟရာဇ်မင်း-၁၊ မဟောသဓာ လျှောက်ဟန်-၁၊ သုခမိန် ၄-ယောက် လျှောက်ဟန်-၄။ |
| (၅၀၉) ဟတ္ထိပါလဇာတ် | ဘုရားလောင်း ဟတ္ထိပါလရသေ့ တောသခ်မ်း၌ နေဟန်-၁၊ ညီတော်ရသေ့-၃။ |
| (၅၁၀) အယောဃရဇာတ် | ဘုရားလောင်းမင်းသား ရသေ့ပြုဟန်-၁၊ မယ်တော်, ခမည်း တော်တို့မှ စ၍ တစ်ပြည်လုံး ရသေ့ပြု၍ လိုက်ဟန်-၄။ |

ဤတွင်ရွေ့ ဝီသတိနိပါတ် ဇာတ်နိဒ္ဒေသ ပြီး၏။ (ဇာတ်ပေါင်း-၁၄)

----- x -----

## တိံသနိပါတ်ထွက် ဇာတ်စဉ်များ

| ဇာတ်စဉ် ဇာတ်မည် | ဇာတ်ပုံ |
| --- | --- |
| (၅၁၁) ကိံဆန္ဒဇာတ် | ဂင်္ဂါနား၌ ဘုရားလောင်း ရသေ့နှင့် ဂင်္ဂါစောင့်နတ်သမီး စကားပြောဟောဟန်-၂၊ သရက်တော၌ ပုရောဟိတ် |

| ဇာတ်စဉ် ဇာတ်မည် | ဇာတ်ပုံ |
|---|---|
| | ဖြစ်ဖူးသော ဝေမာနိကပြိတ္တာနှင့် ဘုရားလောင်း စကားပြောဟောဟန်-၂။ |
| (၅၁၂) ကုမ္ဘဇာတ် | သုရာမည်သော မုဆိုးနှင့် ဝရုဏမည်သော ရသေ့တို့ သာဝတ္ထိပြည်သို့ ရောက်၍ သေစီရင်ပြီးလျှင် မင်းအား ဆက်ဟန်-၂။ မှူးမတ်အပေါင်းနှင့် သေသောက်မည် စီရင်ခင်းကျင်းဟန်-၂။ ဘုရားလောင်းသိကြား ပုဏ္ဏားအသွင်ဖြင့် အိုးကို ကိုင်လျက် ဆုံးမလာဟန်-၁။ |
| (၅၁၃) ဇယဒ္ဒိသဇာတ် | ပဉ္စာလပင်ရင်း၌ အလီနသတ္တုမင်းသား ဘီလူးအသွင်ရှိသော ပေါရိသာဒကို ဆုံးမဟန်-၁၊ ပေါရိသာဒ နာခံဟန်-၁၊ ထို့နောက် ပေါရိသာဒ ရသေ့ပြု၍ နေဟန်-၁။ |
| (၅၁၄) ဆဒ္ဒန္တဇာတ် | ဟိမဝန္တာအိုင် ပဉ္စာပင်ရင်း၌ ဘုရားလောင်း ဆဒ္ဒန်ဆင်မင်း-၁၊ မုဆိုး လေးနှင့် ပစ်ဟန်, နောက် တွင်းမှ တက်စေ၍ မုဆိုးနှင့် စကားပြောဟန်-၁။ |
| (၅၁၅) သမ္ဘဝဇာတ် | သုစိရတပုဏ္ဏား လက္ခဏာမေးဟန်-၁၊ ၇-နှစ်အရွယ်ရှိသော ဘုရားလောင်း သမ္ဘဝသတို့သား ဖြေဟန်-၁၊ ခမည်းတော် ဝိဓုရပုဏ္ဏား-၁၊ နောင်တော် ဘဒြကာယသဉ္စယသတို့သား-၂။ |
| (၅၁၆) မဟာကပိဇာတ် | ဘုရားလောင်း မျောက်မင်း အိပ်လျက်-၁၊ ၎င်းကို ပုဏ္ဏားကျောက်နှင့် ထုဟန်-၁။ |
| (၅၁၇) ဒသရက္ခသဇာတ် | ပဥ္စာလရာဇ်မင်း နန်းဆောင်နှင့်-၁၊ ဘေရိပရိဗိုဇ်မ မေးဟန်-၁၊ မဟောသဓာ ပြောဟန်-၁။ |
| (၅၁၈) ပဏ္ဍရနာဂရာဇဇာတ် | ဘုရားလောင်း ဂဠုန်မင်း-၁၊ နဂါးမင်း ပြောဟောဟန်-၁၊ အဝတ်မဝတ်သောရသေ့ မြေမျိုဟန်-၁။ |
| (၅၁၉) သမ္ဗုလာဇာတ် | ခမည်းတော် ဘုရားလောင်းရသေ့ ဆုံးမဟန်-၁၊ သားတော် သောတ္ထိသေနမင်းနှင့် သမ္ဗုလာမိဖုရား တရားနာဟန်-၂။ |

ဇာတ်စဉ် ဇာတ်မည် ဇာတ်ပုံ

(၅၂၀) ဂန္ဓတိန္ဒုကဇာတ် — တည်ပင်ထက် ဘုရားလောင်း ရုက္ခစိုးနတ်-၁၊ ပဥ္စာလရာဇ်မင်း အိပ်ဟန် နန်းဆောင်နှင့်-၁၊ ညအခါ ၎င်းတည်ပင်စောင့်နတ် လာ၍ ဆုံးမဟန်-၁။

ဤတွင်ရွေ့ တိံသနိပါတ် ဇာတ်နိဒ္ဒေသ ပြီး၏။ (ဇာတ်ပေါင်း-၁၀)

----- x -----

## စတ္တာလီသနိပါတ်ထွက် ဇာတ်စဉ်များ

(၅၂၁) တေသကုဏဇာတ် — နန်းဆောင်နှင့် ဗာရာဏသီမင်း မျှုမတ်ခြံရံလျက်-၁၊ ဘုရားလောင်း ကျေးသား-၁၊ ခင်ပုတ်-၁၊ ဆက်ရက်မ-၁။

(၅၂၂) သရဘင်္ဂဇာတ် — ဗာရာဏသီမင်းရင်ပြင်၌ ဘုရားလောင်း ဇောတိပါလလုလင်သည် လေးအတတ်ပြမည် လေး,မြားစွဲလျက် ရပ်ဟန်-၁၊ ၄-မျက်နှာက ရပ်၍ လေးသမားတို့ လုလင်ကို ပစ်ဟန်-၄။

(၅၂၃) အလမ္ဗုသာဇာတ် — ဘုရားလောင်းရသေ့ သင်္ခမ်းနှင့်-၁၊ သားရသေ့ငယ်ကို ခေါ်၍ နာရိဝမည်သော မိန်းမသဏ္ဍာန် သီးပွင့်သော သစ်ပင်ကို ပြ၍ ဆုံးမဟန်-၂၊ ထို့နောက် သားရသေ့ကို အလမ္ဗုသာနတ်သမီး ဖြားယောင်းလာဟန်-၂။

(၅၂၄) သင်္ခပါလဇာတ် — ဥပုသ်ဆောက်တည်သော ဘုရားလောင်း သင်္ခပါလနဂါးမင်းကို မုဆိုး ၁၆-ယောက်တို့ တံပိုး ၈-ခုဖြင့် ထမ်း၍ သွားဟန်-၁။

(၅၂၅) စူဠသုတသောမဇာတ် — ပြည်ကို စွန့်၍ ဟိမဝန္တာ၌ ဘုရားလောင်း ရသေ့ပြုလျက် တပည့်များနှင့် နေဟန်-၃။

ဤတွင်ရွေ့ စတ္တာလီသနိပါတ် ဇာတ်နိဒ္ဒေသ ပြီး၏။ (ဇာတ်ပေါင်း-၅)

----- x -----

## ပဏ္ဏာသနိပါတ်ထွက် ဇာတ်စဉ်များ

| ဇာတ်စဉ် ဇာတ်မည် | ဇာတ်ပုံ |
| --- | --- |
| (၅၂၆) နိဠိနိကာဇာတ် | ဘုရားလောင်း အဘယရသေ့ သစ်သီးရှာမှီးမည် သွားဟန်-၁။ သားရသေ့ငယ် သခ်မ်း၌ နေရစ်သည်ကို မင်းသမီးဖြားယောင်းလာဟန်-၂။ |
| (၅၂၇) ဥမ္မာဒန္တီဇာတ် | ဘုရားလောင်းသိဝိမင်း ရထားနှင့် ပြည်ကို လည်သည်တွင် စစ်သူကြီးမယား ဥမ္မာဒန္တီကို မြင်ဟန်-၁၊ ၎င်းအား တပ်၍ ပြာသာဒ်ထက်နေသည်တွင် စစ်သူကြီး လျှောက်ဟန်-၁။ |
| (၅၂၈) မဟာဗောဓိဇာတ် | ဗြဟ္မဒတ်မင်း၏ နန်းဆောင်ပလ္လင်ထက် ဘုရားလောင်း မဟာဗောဓိရသေ့ ဆွမ်းစားလာဟန် သပိတ်နှင့်-၁၊ ၎င်းမင်း ပြောဟောဟန်-၁။ |

ဤတွင်ရွေ့ ပဏ္ဏာသနိပါတ် ဇာတ်နိဒ္ဒေသ ပြီး၏။ (ဇာတ်ပေါင်း-၃)

----- x -----

## သဋ္ဌိနိပါတ်ထွက် ဇာတ်စဉ်များ

| ဇာတ်စဉ် ဇာတ်မည် | ဇာတ်ပုံ |
| --- | --- |
| (၅၂၉) သောဏကဇာတ် | ဥယျာဉ်အင်ကြင်းပင်၌ သောဏပစ္စေကဗုဒ္ဓါ သီတင်းသုံးဟန်-၁၊ ဘုရားလောင်း ဗာရာဏသီမင်း အခြံအရံနှင့် ကပ်၍ လျှောက်ဟန်-၁။ |
| (၅၃၀) သံကိစ္စဇာတ် | ဥယျာဉ်ကျောက်ဖျာ၌ ဘုရားလောင်း သံကိစ္စရသေ့ နေဟန်-၁၊ ဗြဟ္မဒတ်မင်း မှူးမတ်ပရိသတ်နှင့် ဖူးလာဟန်-၁။ |

ဤတွင်ရွေ့ သဋ္ဌိနိပါတ် ဇာတ်နိဒ္ဒေသ ပြီး၏။ (ဇာတ်ပေါင်း-၂)

----- x -----

ဇာတ်စဉ် ဇာတ်မည် ဇာတ်ပုံ

## သတ္တတိနိပါတ်ထွက် ဇာတ်စဉ်များ

(၅၃၁) ကုသဇာတ် — ပဘာဝတီမိဖုရားနှင့် ကုသမင်း ဆင်စီး၍ စစ်ထွက်ဟန်-၁၊ သိကြားမင်း ပတ္တမြား ပေးလာဟန်-၁။

(၅၃၂) သောဏနန္ဒဇာတ် — ဟိမဝန္တာသခ်မ်း၌ ဘုရားလောင်း သောဏရှင်ရသေ့နေဟန်-၁၊ မနောဇမင်း-အစရှိသော မင်းများနှင့်တကွ ညီတော်နန္ဒရသေ့ ကန်တော့လာဟန်-၁။

ဤတွင်ရွေ့ သတ္တတိနိပါတ် ဇာတ်နိဒ္ဒေသ ပြီး၏။ (ဇာတ်ပေါင်း-၂)

----- x -----

## အသီတိနိပါတ်ထွက် ဇာတ်စဉ်များ

(၅၃၃) စူဠဟံသဇာတ် — ဘုရားလောင်း ဟသ်ာမင်း တရားဟောဟန်-၁၊ နောက်ပါဟသ်ာ-၁၊ သာဂလမင်း, မိဖုရား တရားနာဟန်-၂။

(၅၃၄) မဟာဟံသဇာတ် — ဘုရားလောင်း ဟသ်ာမင်း တရားဟောဟန်-၁၊ နောက်ပါဟသ်ာ-၁၊ ခေမာမိဖုရားနှင့်တကွ ဗာရာဏသီမင်း တရားနာဟန်-၂။

(၅၃၅) သုဓာဘောဇနဇာတ် — ကောသိယသူဌေး အိမ်နှင့်-၁၊ သိကြား, လနတ်သား, နေနတ်သား, မာတလိနတ်သားတို့ ပုဏ္ဏားအသွင်ဖြင့် အလှူခံလာဟန်-၄၊ ပဉ္စသိခနတ်သား ခွေးယောင် ဖန်ဆင်းဟန်-၁။

(၅၃၆) ကုဏာလဇာတ် — ကုဏာလအိုင်နား သစ်ပင်၌ အခြံအရံနှင့် ဘုရားလောင်း ဥဩမင်းနေဟန်-၁၊ ငှင်းငှက်မင်း၏ အဆွေဖြစ်သော ဥဩလည်း အခြံအရံနှင့်တကွ ငှင်းအိုင်နား သစ်ပင်၌ နေဟန်-၁။

| ဇာတ်စဉ် ဇာတ်မည် | ဇာတ်ပုံ |
| --- | --- |
| (၅၃၇) မဟာသုတသောမဇာတ် | မင်းတို့ကို ဖမ်း၍ ပဉောင်ပင်၌ ပေါရိသာဒ ဆွဲထားဟန်-၃၊ ဘုရားလောင်း မဟာသုတသောမမင်းက ပေါရိသာဒအား တရားဟောဟန်-၁၊ ပေါရိသာဒ တရားနာဟန်-၁။ |

ဤတွင်ရွေ့ အသီတိနိပါတ် ဇာတ်နိဒ္ဒေသ ပြီး၏။ (ဇာတ်ပေါင်း-၅)

----- × -----

## မဟာနိပါတ်ထွက် ဇာတ်စဉ်များ

| ဇာတ်စဉ် ဇာတ်မည် | ဇာတ်ပုံ |
| --- | --- |
| (၅၃၈) မူဂပက္ခဇာတ် | ဘုရားလောင်းရသေ့ပြု၍ သင်္ခမ်း၌ နေဟန်-၁၊ မယ်တော်, ခမည်းတော်မှစ၍ ၂-ပြည်ထောင်လုံး ရသေ့ပြုကြကုန်ဟန်-၃။ |
| (၅၃၉) မဟာဇနကဇာတ် | သမုဒ္ဒရာအပြင်၌ သင်္ဘောပျက်၍ ဘုရားလောင်း ရေကူးဟန်-၁၊ နတ်သမီး ဆယ်ဟန်-၁။ |
| (၅၄၀) သုဝဏ္ဏသာမဇာတ် | သုဝဏ္ဏသျှံသတို့သား မြစ်နား၌ ရေခပ်လာဟန်-၁၊ ပီဠိယက္ခမင်းကြီး လေးနှင့် ပစ်ဟန်-၁။ |
| (၅၄၁) နိမိဇာတ် | နေမိမင်းကြီးကို သိန္ဓောမြင်း ၁,၀၀၀-ကသော ရထားဖြင့် တာဝတိံသာသို့ မာတလိနတ်သား ဆောင်ဟန်-၁။ |
| (၅၄၂) ဥမင်္ဂဇာတ် | ဝိဒေဟရာဇ်မင်းကြီး ပြာသာဒ်နှင့်-၁၊ မဟောသဓာ လျှောက်ဟန်-၁၊ သုခမိန် ၄-ယောက် လျှောက်ဟန်-၄။ |
| (၅၄၃) ဘူရိဒတ္တဇာတ် | တောင်ပို့ တစ်ခု၌ ဘူရိဒတ်နဂါးမင်း ဥပုသ်စောင့်ဟန်-၁၊ ၎င်းနဂါးကို အလမ္ပာယ်ဖမ်းဟန်-၁။ |
| (၅၄၄) စန္ဒကုမာရဇာတ် | စန္ဒကုမ္မာမင်းသားကို ယဇ်ပူဇော်မည် လည်ကို ညွတ်စေလျက် ယဇ်တိုင်အနီးတွင် ထားဟန်-၁၊ ပုရောဟိတ်ပုဏ္ဏားရွှေခွက်တဘက်, သန်လျက်တဘက် စွဲလျက်-၁၊ သိကြားမင်း တင်းပုတ်စွဲ၍ လာဟန်-၁။ |

| | |
|---|---|
| (၅၄၅) မဟာနာရဒကဿပဇာတ် | အင်္ဂတိမင်းကြီး-၁၊ ရုစာမင်းသမီး ဆုံးမဟန်-၂၊ ပုလဲဆိုင်းတွင် သန္တာကရားကို ထည့်လျက် ရွှေထမ်းပိုးဖြင့် ဆောင်၍ ရသေ့အသွင်ဖြင့် ဘုရားလောင်း နာရဒ ပြဟ္မာ ဆင်းလာဟန်-၁။ |
| (၅၄၆) ဝိဓုရဇာတ် | သိန္ဓောမြင်းစီး၍ ပတ္တမြားကိုင်လျက် ပုဏ္ဏကနတ်ဘီလူး-၁၊ ရင်းမြင်းကို ဆွဲလျက် ဝိဓုရအမတ်-၁။ |
| (၅၄၇) ဝေဿန္တရာဇာတ် | ဝင်္ကဘာတောင်၌ ဝေဿန္တရာမင်းကြီး-၁၊ ဇူဇကာ ပုဏ္ဏား အလှူခံလာဟန်-၁၊ သားတော်, သမီးတော် တို့ကို လှူဟန်-၂၊ မဒ္ဒီ သစ်သီးဆွတ်ဟန်-၁။ |

ဇာတ်ပေါင်း-၁၀၊ စုစုဇာတ်ပေါင်း-၅၄၇။

ဤတွင်ရွေ့. မဟာနိပါတ် ဇာတ်နိဒ္ဒေသ ပြီး၏။

*[ ၁၁၅၂-ခုနှစ်၊ ဇာတ်နိပါတ်ပုံစံနှင့် မောင်းထောင်သာသနာပိုင်ဆရာတော် သွင်းသည့် မေတ္တာစာမှာ အမေးတော်ဖြေကျမ်း၊ နှာ ၃၆၄-တွင် ပါသည်။ ဤကျမ်း, ဇာတ်ပုံများတွင် ()-ကွင်း၍ အတွင်းတွင် ပါရှိသော စာလုံးစောင်းများမှာ အမေးတော်ဖြေကျမ်းမှ ထုတ်ယူထားခြင်း ဖြစ်ပါသည်။ ]*

ဒီပဲယင်းမြို့နေ၊ ရှင်ဉာဏိန္ဒ-က "၅၅၀-ဇာတ်တို့၏ ဖြစ်ပုံကို နေရာကျ သိမှတ်လိုပါသည်"ဟု လျှောက်ထားတောင်းပန်သောကြောင့် ဘုရားအဖြစ်တော်-ဟူသည် အနည်းငယ်မျှ ပိုမိုယုတ်လျော့ငြားသော်လည်း ၅၅၀-ဇာတ်တော်-ဟူ၍ပင် ခေါ်ဝေါ်ပြောဆိုကြရသော ဧကနိပါတ်-အစ, မဟာနိပါတ် အဆုံးရှိသော နိပါတ်ပေါင်း ၂၂-တွင် ရှေးဦးစွာဖြစ်တော်မူသော အပဏ္ဏကဇာတ် အစ, ဝေဿန္တရာဇာတ်လျှင် အဆုံးရှိသော ဇာတ်ပေါင်း ၅၄၇-ဇာတ်၏ အဖြစ်တော်များကို ဇာတ်မည်, ဇာတ်စဉ်, ဇာတ်ပုံနှင့်တကွ အကျယ်ဝိတ္ထာရ ခယားစောက်ဇယားပြ၍ သက္ကရာဇ် ၁၂၄၉-ခု၊ သီတင်းကျွတ်လဆန်း၊ ၁၂-ရက်နေ့၊ ကျမ်းဂန်အလာ ဒေသနာနယကို ညွန်ပြထုတ်ဆောင်ပြီးလျှင် ဒီပဲယင်းမြို့လျှင် ဖွားရာဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★

# နိဂုံး သံပိုင်းလင်္ကာ

ကြားလော့ ဗိုလ်လူ၊ သံပိုင်းထူပိမ့်၊ အောင်သူများထိပ်၊ ဇောမိရိပ်ဝယ်၊ မာရ်နှိပ် ပဝရ၊ တိလောကတွင်၊ အနုတ္တရမာရဇိ မန်းဂီရိထက်၊ သာတိနက်လေး၊ ရွှေဗျာကြွေးသည့်၊ မန္တလေးဇေယျာ၊ အောင်မြေခုံဝယ်၊ ပွင့်မုံသမ္ဘာ၊ ဇောမိလျှာသည်၊ ရတနာပုဉ္ဏ၊ အယုဇ္ဈသို့၊ အာဒိကနန်း၊ တည်ဖန်ဆန်းလျက်၊ နှိုင်းတန်းမမြင်၊ မုနောရင်က၊ ဝေဟင်္ဂမာ၊ အဇ္ဈောထက်၊ တိမ်လွှာညွှန့်ရိပ်၊ ကွန့်ခါနှိပ်သည့်၊ မောရိယ်ပစ္စည်း၊ ရန်လှည်း ခွါနုတ်၊ တွေ့တိုင်း ဖြုတ်သော၊ ဂဇုတ္တမ၊ ကေလာသဂီရိ၊ တောင်တရှိနှင့်၊ ပြောင်ကြွှီရတနာ၊ ဆက်ခါခါသား၊ စကြာများရှင်၊ ဘဝသျှင်၏၊ သက်သွင်နှုန်းလျော်၊ ညီတော်ရင်းမြတ်၊ သာကိဇာတ်-ဟု၊ နေနတ်နွယ်လာ၊ ဆင့်ဆင့်ဖြာသား၊ မဟာဥပရာဇ်၊ နန်းလျာစစ်လျှင်၊ တစ်ဧကရာ၊ ဖြစ်အံ့ဌာ-ဟု၊ မုဒ္ဒါအောင် ဟိတ်၊ ဘိသိက်တော်ငွေ၊ တစ်ကြိမ်တွေ့မည်၊ အိမ်ရှေ့စံနှင်း၊ ညီတော်ရင်းသည်၊ ဒီပဲယင်း ဇာတိ၊ မှီတင်းဘိသား၊ ပဝတ္တိနဂရ၊ ပြည်သိမ်ဝယ်၊ သာစွတင့်လှိုင်း၊ ယာမာနှိုင်းသည့်၊ ပလိုင်း ဂါမ၊ ဝိဟာရတွင်၊ မျှတမယွင်း၊ သီတင်းသုံးကာ၊ နေပျော်ရာမှ၊ ကောင်းစွာကြည်ညို၊ ဆည်း ကပ်လို၍၊ ပဟိုရ်ထီးနန်း၊ တင့်ဆန်းအညီ၊ အောင်ခွန်းချီသော၊ ဘူသိခရ၊ မန္တလ-ဟု၊ မန်း ပြည်မ-ပေါ်၊ နိုင်ငံတော်သို့၊ ကော်ရော်လေးမြတ်၊ ပင့်ဆောင်လတ်က၊ ပိဋကတ်သုံးသွယ်၊ ထုံးသို့ နယ်၍၊ တင့်တယ်ပြောင်မြောက်၊ မုံသောက် ပညဝန်၊ သီလဝန်-ဟု၊ ဂုဏဝန်တစ်ဆူ၊ ပုဂ္ဂိုလ်-ဟူသော်၊ လှိုင်ကြူပျံ့သင်း၊ ဂုဏ်သတင်းကို၊ ထင်လင်းသိသော်၊ နောင်တော်ထွတ် တင်၊ ပဥ္စမသင်္ဂါယနာတင်၊ ဘဝရှင်သည်၊ လေးအင်ပစ္စည်း၊ မိုးနှယ်သည်းလျက်၊ ဖြင်ပည်း ကြွယ်တောင်း၊ ဆောက်လှူကျောင်းတွင်၊ တင့်ကြောင်းမွှက်မွှာ၊ နာယကာတွင်၊ ဂုဏဝါဘိ- **လင်္ကာရ သဒ္ဓမ္မဓဇ မဟာဓမ္မရာဇဂုရု၊** ရေးထုသွန်းနှိပ်၊ ခတ်တံဆိပ်ဖြင့်၊ ဇမ္ဗူဒိပ်ပျံ့၊ သိန်းခိုန့် အောင်၊ ရန့်ဆောင်လျက်၊ တန်ဆောင်တင့်ဆုံး၊ ဘက်မဲ့ကျူးသော၊ **လုံးတော်ဆရာတော်၊** ပုဂ္ဂိုလ်ကျော်အား၊ ရှင်,လူများတို့၊ ခြားနားပိုင်ပိုင်၊ မသိနိုင်သည့်၊ တွေ့မှိုင်ခက်ဆစ်၊ ခဲသည့်ဖြစ် ကို၊ မေးရစ်သန့်စင်၊ မေးလတ်ကျင်သော်၊ အကြွင်ထိုထို၊ ဉာဏ်နုပျို့တို့၊ မပြိုမကွဲ၊ လုံးတစ်ခဲကို၊ နက်နဲသဘော၊ သိစေသော-ဟု၊ မောဟောမရစ်၊ ကေသရာဇ်နှယ်၊ ဆုတ်နစ်မရှိ၊ တွန့်မငြိ သား၊ ဝဇိရာဝုဓ်၊ ပစ်လွှတ်ခုတ်သို့၊ လောကုတ်,လောကီ၊ ကျမ်းဂန်မှီလျက်၊ ၂-လီရောပြွမ်း၊ ပြည့်လျှမ်းစုံငြ၊ ပြစ်ဆာပ-သော၊ ပကိဏ္ဏကဝိသဇ္ဇနာ၊ ကျမ်းပေစာသည်၊ အင်္ဂါခြောက်ဆယ်၊ ကျော်ခန့်ဝယ်၌၊ အလွယ်တကူ၊ ရှာယူမှတ်ရန်၊ ရွေးရှုဖန်၍၊ ယမန်ကာလ၊ တစ်ကဏ္ဍ-ဟု၊ ပထမတွဲ၊ ရင်ခဲ့နွဲ့ပြီး၊ ထပ်လဲ တဝ၊ ဒုတိယ-ဟု၊ နာမကဲလျှမ်း၊ ယင်းသည့်ကျမ်းကို၊ တတ်စွမ်း လိုသူ၊ များရှင်,လူတို့၊ ဝယ်ယူကြည့်စေ၊ ကြောင်းထူးထွေပြီး၊ အနေအထား၊ အစားစားနှင့်၊

မမှားစေခြင်း၊ နှလုံးသွင်းဖြင့်၊ မကင်းသတိ၊ အထူးရှိလျက်၊ မိမိထက်တိုး၊ အများကျိုးကို၊ ကြိုးကြိုးစားစား၊ ရှုသောအားဖြင့်၊ လျင်လျားဆောစွာ၊ မြန်တာရာ-ဟု၊ သညာသိုက်မြိုက်၊ ပုံနှိပ်တိုက်တွင်၊ မေရှင်းတင်က၊ ကိုယ်ထင်ဒေဝ၊ လောကပါလာ၊ သာသနာနှင့်၊ ကမ္ဘာရေ၊ မြေ၊ လ,နေ,လေ-တို့၊ စောင့်ထွေမပြတ်၊ ဣဒ္ဓိပါဒ်ကြောင့်၊ ယုန်နတ် သောမ၊ ကြယ်စုံခသို့၊ မြူလွှမယှက်၊ မှေးမစက်သား၊ အောင်ချက်သိဒ္ဓိ၊ ပြည့်စုံဘိသည်၊ သီရိမင်္ဂလာ၊ နှစ်ကောဇာမူ၊ ဧကာ,ဒွယ၊ ဆနှင့်ကား ဒွိ(၁၂၆၂)၊ စဉ်သင့်ညီလော့၊ စန္ဒိရထား၊ လ-အသွားနှင့်၊ ပလ္လွား တိမ်ဆီ၊ မိဂသီတို့၊ ခါညီကွန့်လှိုင်၊ ၂-နှန်းပြိုင်က၊ ပြီးတိုင်ခဲ့လစ်၊ နိဂုံးလှစ်သား၊ မြနှစ်ဝေရော်၊ သောင်းလုံးကျော်ကို၊ ဇမ္ဗော်နဒါ၊ မျက်ရစ်ကာသို့၊ ဤစာဂန္ထ၊ ကျန်သမျှကို၊ တတိယတွဲ၊ ပုံနှိပ်ဆဲရှင့်၊ ဖင့်နွဲ့မတင်၊ ပြီးအောင်မြင်လိမ့်၊ များဖြင်ဝိသဇ်၊ သေတ္တာနှစ်လျှင်၊ စင်စစ်မယိမ်း၊ ကျမ်းပကိဏ်း-ဟု၊ ပ,ဒု,တိ-ခေါ်၊ ၃-တွဲပေါ်က၊ အဟော်ဝတ၊ သုတဗုဒ္ဓိ၊ ကဝိပေါ်ယယ်၊ များအံ့နှယ်လျှင်၊ မှတ်ဖွယ် စိတ်မှာ၊ ဤအခါသည်။ ။ ထိုစာကျေးဇူး များမည်တည်း။

★★★★★★★★

☆ *[ မူရင်း ပထမအကြိမ်ရိုက် ဒုတိယတွဲ(လုံးတော်)မှ ဆဌမပိုင်းမှာ ယခုမှ ပြီးသည်။ ဤဒုတိယ အကြိမ်ရိုက်တွင်မူ ပကိဏ္ဏကဝိသဇ္ဇနာ ၃-တွဲလုံး စာမျက်နှာ ညီမျှစေရန်အလို့ငှာ ယင်းဒုတိယတွဲ (လုံးတော်)မှ ဆဌမပိုင်းကို ယူ၍ ဤကျမ်း၊ တတိယတွဲ(လုံးတော်)တွင် ပထမပိုင်းအဖြစ် ပြောင်းရွှေ့ထည့် ထားပါသည်။ ]*

## လုံးတော်ဆရာတော်

# ပကိဏ္ဏကဝိသဇ္ဇနာကျမ်း

## တတိယတွဲ၊ ၃။ (ဒုတိယပိုင်း၊ ၂။)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### မော်လမြိုင်မြို့နေ ဒကာသေ်-က စကြဝဠာတပါး၌ ဘုရား ဖြစ်ဦးမည်, မဖြစ်မည်ကို သိသာရန် လျှောက်ထားမေးမြန်းချက်

[ ၁၄၇ ] "ဘုရားတပည့်တော် မော်လမြိုင်မြို့နေ ဒကာသေ ခြေတော်ဦးခိုက် လျှောက်ဝံ့ပါသည် ဆရာတော်ဘုရား။

တပည့်တော်တို့ မော်လမြိုင်မြို့, ရန်ကုန်မြို့ အရပ်ဒေသများမှာ စကြဝဠာ တပါး၌ ဘုရားဖြစ်သေးသည်-ဟု အချို့သောသူတို့ အယူရှိကြပါသည်။ သို့ အယူ ရှိကြသော်လည်း စကြဝဠာတပါး၌ ဘုရားပင် ဖြစ်ဦးမည်, မဖြစ်ဦးမည်ကို နေရာ ကျကျ သန္နိဋ္ဌာန်ချ၍ သိမှတ်ပါရအောင် ကျမ်းဂန်နှင့်အညီ ဖြေဆိုအမိန့်ရှိပါမည့် အကြောင်းကို ခြေတော်ဦးခိုက် လျှောက်ဝံ့ပါသည် ဆရာတော်ဘုရား။"

၎င်းဒကာမောင်သေ လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ—

[ ၁၄၇ ] စကြဝဠာတပါး၌ ဘုရားဖြစ်မည်, မဖြစ်မည်ကို မေးလျှောက်သည်မှာ မြတ်စွာဘုရား ကပိလဝတ်ပြည်တွင် သီတင်းသုံးနေတော်မူသောအခါ ကပိလဝတ်, ကောလိယ၊

၂-မြို့သားတို့ ကဆုန်လအခါ မုရင်းလယ် လုပ်ကြရာ ရောဟိနီမြစ်မှ ရေယူကြသည်ကို စွဲ၍ စကားကျယ်ပွါး ခိုက်ရန်ကြီးစွာဖြစ်ကြမည်ကို ဘုရားသဗ္ဗညု သိတော်မူလျှင် ၂-ပြည်ထောင်သားတို့ ဆွေမျိုးများကို တရားဖြင့် ဆုံးမ၍ ရန်ပြေငြိမ်းကြလျှင် ၂-ပြည်ထောင်သားတို့ကပင် "သဗ္ဗညုဘုရားသည် တရားဖြင့် ဆုံးမ၍သာ ရန်ပြေငြိမ်းကြရပေသည်။ မြတ်စွာဘုရား ဂုဏ်ကျေးဇူးကို အထူးဆိုဖွယ် မရှိ။ အကယ်၍ကား ဘုရားကြွတော်မမူလာလျှင် အိမ်တွင်နေသော သား,မယားတို့ကိုမျှ မမြင်ရ။ စကားပြန်မျှ မရဘဲ အကြွင်းမဲ့ပျက်စီးရာသည်တကား"ဟု ဘုရား၌ အလွန်ကြည်ညိုကြ၍ သာကိယပရိဝါမျိုးများက ၂၅၀-စီ၊ *(၂၅၀-စီ)* သာကီဝင်မင်းသား ရဟန်း ၅၀၀-ကို ဘုရားနောက်တော်က ပါစေ၍ မဟာဝုန်တောကြီးသို့ ကြွတော်မူသတည်း။ ထိုအခါ သာကီဝင်မင်းသား ရဟန်း ၅၀၀-တို့သည် မိမိတို့ အလိုမရှိဘဲ ရဟန်းပြုရသဖြင့် မမွေ့လျော်ခြင်း ဖြစ်ကြသည်အတွင်း မင်းသမီး ၅၀၀-တို့ကလည်း ထို့အတူ သာ ဆောင်းပါးသဝဏ်စာ ပေးမှာကြ၍ သောကထပ်ပွါးသဖြင့် ထို့ထက်လွန်စွာ မမွေ့လျော်ခြင်း ပြင်းစွာဖြစ်ကြသတည်း။

မြတ်စွာဘုရားလည်း သာကီဝင်မင်းသား ၅၀၀-တို့၏စိတ်ကို သိတော်မူ၍ "ငါဘုရားနှင့်အတူ နေသည်ဖြစ်လျက် အဘယ့်ကြောင့် ဆန့်ကျင်ရအံ့နည်း။ ကုဏာလအိုင်၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းပြောပ၍ အနဘိရတစိတ်ကို ပျောက်စေအံ့"ဟု ကြံတော်မူ၍ ကုဏာလအိုင်၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းတော်မူသည်တွင် မြင်လိုသောစိတ်ဖြစ်ကြ၍ ဘုရားကို လျှောက်ကြလေလျှင် ကောင်းကင်ခရီးမှ ရဟန်း ၅၀၀-နှင့်တကွ ကုဏာလအိုင်သို့ ကြွတော်မူသတည်း။ ကုဏာလအိုင်သို့ ကြွ၍ ကုဏာလအိုင်တွင် ရှိသမျှ ငါး, အိုင်၏ အနီးအပါးတွင် ရှိသမျှ သစ်ပင်တို့ အမည်ဟူသမျှကို ရဟန်း ၅၀၀-တို့က မေးလေလျှင် မေးသမျှစကားကို မြတ်စွာဘုရား ဖြေကြားမိန့်ဟတော်မူသတည်း။

ထိုအခါ ကုဏာလငှက် တစ်ဖက် ၄-ကောင်စီ လှံတံတို့ကို ကိုက်စေ၍ အလယ်၌ စီးလျက် လက်ဝဲ,လက်ယာ၊ ရှေ့,နောက်ခြံရံပြီးမှ ကုဏာလငှက်မင်း ရောက်လာ၍ ရဟန်း ၅၀၀-တို့က မေးရာ "ငါ၏ ဆွေမျိုးစဉ်ဆက် မပျက်လာသော အနွယ်တည်း"ဟု မိန့်တော်မူပြန်၍ ကုဏာလဇာတ်တော်ကို နာလိုကြသဖြင့် ရှေးအတိတ်ဘဝက ကုဏာလဇာတ်တော်၏အခြင်းအရာကို ဂါထာ ၁၀၀-ဖြင့် ကောင်းစွာဟောပြီးမှ မမွေ့လျော်ခြင်း ပျောက်ကြ၍ သောတာပတ္တိဖိုလ်သို့ ရောက်လေကုန်၏။

မင်္ဂကို ရသည်နှင့်တကွ ဣဒ္ဓိပါဒ်တို့သည်လည်း ပြည့်စုံကြ၍ မဟာဝုန်တောသို့ ကြွတော်မူ၏။ ထိုအခါ ၅၀၀-သော ရဟန်းတို့ ကမ္မဋ္ဌာန်းကိုယ်စီ ယူသွား၍ တရားကို အားထုတ်လေလျှင် ရှေးဦးစွာ ယူသော ရဟန်းကစ၍ အစဉ်မပျက် ၅၀၀-သော ပဒုမာတို့

သည် စီကာပွင့်သကဲ့သို့ အရဟတ္တဖိုလ်ကို ရ၍ ဘုရားရှေ့တော်သို့ ရောက်ကြလျှင် လူ့ပြည်မှ စကြဝဠာတံတိုင်းနှင့်အမျှ ဖြဟ္မာ့ဘုံရပ် ထုတ်ချင်းခပ်အောင် လောကဓာတ်မှ ခ-ယရောက်လာကြသော နတ်,ဖြဟ္မာတို့အား မဟာသမယသုတ်ကို ဟောတော်မူ၏။ ဤကား မဟာသမယသုတ်ကို ဤမဟာဝုန်တောကြီးတွင် ရှေးရှေးသော ဘုရားတို့လည်း ဟောတော်မူကြလေပြီ။ နောက်နောက်သော ဘုရားရှင်တို့လည်း ဟောတော်မူကြကုန်လတ္တံ့။

ထိုမဟာသမယသုတ်ကို ဟောတော်မူသောကာလ နတ်တို့ စည်းဝေးကြဟန်ကို ဤသို့ မှတ်ရာ၏။ မြတ်စွာဘုရားနှင့်နီးသော ဧကေမန္တဋ္ဌာနအရပ်၌ နေကုန်သော နတ်တို့သည်–

- သိမ်မွေ့သော ကိုယ်ကို ဖန်ဆင်း၍ သားမြီးမျှင် တစ်ဖျားမျှလောက်သော အရပ်၌ ၁-ကျိပ်, ၁-ကျိပ်စီ နေကြရကုန်၏။
- ထိုမှ အပဖြစ်သောအရပ်တွင် သားမြီးမျှင် တစ်ဖျားမျှလောက်သော အရပ်၌ ၂-ကျိပ်, ၂-ကျိပ်စီ နေကြရကုန်၏။
- ထိုမှ အပဖြစ်သောအရပ်တွင် သားမြီးမျှင် တစ်ဖျားမျှလောက်သော အရပ်၌ ၃-ကျိပ်, ၃-ကျိပ်စီ နေကြရကုန်၏။
- ထိုမှ အပဖြစ်သောအရပ်တွင် သားမြီးမျှင် တစ်ဖျားမျှလောက်သော အရပ်၌ ၄-ကျိပ်, ၄-ကျိပ်စီ နေကြရကုန်၏။
- ထိုမှ အပဖြစ်သောအရပ်တွင် သားမြီးမျှင် တစ်ဖျားလောက်သော အရပ်၌ ၅-ကျိပ်, ၅-ကျိပ်စီ နေကြရကုန်၏။
- ထိုမှ အပဖြစ်သောအရပ်တွင် သားမြီးမျှင် တစ်ဖျားမျှလောက်သော အရပ်၌ ၆-ကျိပ်, ၆-ကျိပ်စီ နေကြရကုန်၏။

ထိုနတ်တို့သည် ထိုသို့ နေကြရသော်လည်း ခြေ,လက်-စသော ကိုယ်အင်္ဂါတို့ဖြင့် အချင်းချင်း ထိခိုက်ခြင်း မရှိ။ ထိုမှ ကြွင်းသမျှ နတ်တို့မှာသော်ကား မြေအပြင်မှ စကြဝဠာတံတိုင်းနှင့်အမျှ ဖြဟ္မာ့ဘုံတိုင် အပ်ချည်တွင် အပ်တို့ကို တည်ထားသကဲ့သို့ နေကြရကုန်၏။ လူ့ပြည်မှ ဖြဟ္မာ့ပြည်တိုင်အောင် အမြင့်ကို ဤသို့ မှတ်ရာ၏။

လောဟပါသာဒ-မည်သော ကြေးပြာသာဒ် အထွတ်ပမာဏရှိသော ကျောက်ကို ဖြဟ္မာ့ပြည်မှ မြေသို့ ချသည်ရှိသော် ၄-လမှ ရောက်၏။ ထိုမဟာသမယသုတ် အစည်းအဝေးတွင် ရောက်လာကြသော နတ်အပေါင်းတို့က "စကြဝဠာတစ်သောင်းမှ လာကြသော နတ်ပရိသတ်တို့ကား အလွန်ပင် များ၏။ မြတ်စွာဘုရားလည်း အများနှင့်ဆက်ဆံသော

ဒေသနာကို အဘယ်သို့ ဟောတော်မူလတ္တံ့နည်း”ဟု ကြံကြကုန်သော နတ်တို့၏အကြံကို သိတော်မူလျှင် ၆-ခုသော သတ္တဝါအစုကို ဉာဏ်တော်ဖြင့် မြင်တော်မူ၍—

"- ရာဂစရိုက်ပြောသော နတ်တို့နှင့်လျော်စွာ ရှေးဦးစွာ သမ္မာပရိဗ္ဗာဇနီယသုတ်ကို ဟောတော်မူအံ့၊

- ဒေါသစရိုက်ပြောသော နတ်တို့နှင့်လျော်စွာ ကလဟဝိဝါဒသုတ်ကို ဟောတော်မူအံ့၊

- မောဟစရိုက်ပြောသော နတ်တို့နှင့်လျော်စွာ မဟာဗျူဟသုတ်ကို ဟောတော်မူအံ့၊

- သဒ္ဓါစရိုက်ပြောသော နတ်တို့နှင့်လျော်စွာ တုဝဋ္ဋကပဋိပဒါသုတ်ကို ဟောတော်မူအံ့၊

- ပညာစရိုက်ပြောသော နတ်တို့နှင့်လျော်စွာ ပုရာဘေဒကသုတ်ကို ဟောတော်မူအံ့၊

- ဝိတက်စရိုက်ပြောသော နတ်တို့နှင့်လျော်စွာ စူဠဗျူဟသုတ်ကို ဟောတော်မူအံ့"

ဟု ဒေသနာအစီအရင်ကို မှတ်တော်မူ၍ "ယခုအခါ—

- အတ္တဇ္ဈာသယ, ပရဇ္ဈာသယ ၂-ပါးတို့တွင် ပရဇ္ဈာသယဖြင့် ဒေသနာဖြစ်လတ္တံ့။

- အတ္ထုပ္ပတ္တိ, ပုစ္ဆာဝသိက ၂-ပါးတို့တွင် ပုစ္ဆာဝသိကဖြင့် ဒေသနာဖြစ်လတ္တံ့။

ထိုသို့ဖြစ်ရာတွင် ငါဘုရား မေးတော်မူသော ပြဿနာကို ကပိလဝတ် ရဟန်း ၅၀၀-တွင် တစ်စုံတစ်ယောက်မျှ မဖြေနိုင်ရာ။ ထို့အတူ အဂ္ဂသာဝက, မဟာသာဝက, ပစ္စေကဗုဒ္ဓါ, နတ်, ပြဟ္မာတို့ပင် မဖြေနိုင်ရာ။ ဘုရားမေးသော ပြဿနာကို ဘုရားမှသာ ဖြေနိုင်ရာ၏။ ထိုသို့ ဖြေနိုင်ရာတွင် အဆုံးမရှိသော လောကဓာတ်၌ ငါကဲ့သို့ ဘုရား ရှိသေးသလော”ဟု အနာဝရဏဉာဏ်တော်ကို စေလွှတ်၍ ကြည့်တော်မူရာ စကြဝဠာတပါး၌ ဘုရားဖြစ်သည်ကို မြင်တော်မမူကြောင်းကို သုမင်္ဂလဝိသာလိနီမည်သော သုတ်မဟာဝါ၊ မဟာသမယသုတ် (အဋ္ဌကထာ၊ဒီ၊ဋ၊၂။၂၇၅-၆)၊ ပရမတ္ထဇောတိကမည်သော သုတ္တနိပါတ် (သမ္မာပရိဗ္ဗာဇနီယ)၊ မဟာသမယသုတ်အဋ္ဌကထာ (သုတ္တနိ၊ဋ၊၂။၉၃)တို့၌—

> အတ္ထိ ပန ကတ္ထစိ အညော ဗုဒ္ဓေါတိ အနန္တာသု လောကဓာတူသု အနန္တံ ဉာဏံ ပတ္ထရိတွာ ဩလောကေန္တော အညံ ဗုဒ္ဓံ န အဒ္ဒသ။

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ကတ္ထစိ၊ တစ်စုံတစ်ခုသော စကြဝဠာ၌။ အညော၊ တပါးသော။ ဗုဒ္ဓေါ၊ ဘုရား သည်။ အတ္ထိ ပန၊ ရှိသေးသလော။ ဣတိ၊ ဤသို့။ အနန္တာသု လောကဓာတူသု၊ အဆုံးမရှိ သော လောကဓာတ်တို့၌။ အနန္တံ ဉာဏံ၊ အဆုံးမရှိသော သဗ္ဗညုတဉာဏ်တော်ကို။ ပတ္ထရိ-

တွာ၊ ဖြန့်တော်မူ၍။ ဩလောကေန္တော၊ ကြည့်တော်မူသည်ရှိသော်။ အညံ၊ ကိုယ်တော်မှ တပါးသော။ ဗုဒ္ဓံ၊ ဘုရားကို။ န အဒ္ဒသ၊ မြင်တော်မမူ။

ဤသို့ ကျမ်းဂန်လာသောကြောင့် ဤကျွန်း, ဤစကြဝဠာမှ တပါးသော စကြဝဠာ၌ ဘုရား မဖြစ်-ဟု မှတ်ရာ၏။

သည်ကို ရည်၍—

"ဇမ္ဗူလက်ယာ၊ သောင်းဒီပါတွင်၊ ကြေညာနှံ့သိ၊ တိပိဋက၊ သာဂရဝယ်၊ ဉာဏ တံချူ နှိုက်နဲချူလျက်၊ ဗိုလ်လူခပဲ၊ သိနိုင်ခဲသည်၊ အံ့အဲနှိုင်းတု၊ စာစောင်ပြု၍၊ သုဂမ္ဘီရ၊ သာရတ္ထဖြင့်၊ ဩဇလေးနက်၊ မိပ္ပါယ်ထွက်ကို၊ ပြက်ပြက်ကွင်းကွင်း၊ လူခပင်း အား၊ ရှင်းလင်းကွဲပြား၊ မိန့်ခဲ့ထားသည်၊ တံတားဦးတည်၊ ခေါ်မည်သညာ၊ ကျမ်းကဗျာ တွင်၊ အဋ္ဌကထာ,ပါဠိ၊ ကျမ်းပေါင်းညှိ၍၊ မှီထိစပ်ကြ၊ ဩကာသ-ဟု၊ လောက တရထည်၊ အမည်မည်ပင်၊ သို့နှင်နှင်တိ၊ အသင်္ချေချေ၊ ဆ-ခါရေလည်း၊ ဆုံးလေမရှိ၊ ထိုသို့ပြီးတွင်၊ ဗောဓိမာရ်အောင်၊ ဉာဏ်တန်ဆောင်ကို၊ ညှိထောင်ထွန်းပြောက်၊ တွင်သာဆောက်၏" —

ဟု စပ်ဆိုတော်မူသတည်း။ အရှင်ရဋ္ဌသာရ တံတားဦးတည်လင်္ကာတွင်လည်း—

"သင်္ဂါယနာ၊ တင် ၃-ခါဖြင့်၊ ၃-ဖြာပိဋကတ်၊ မုခပါဠ်တွင်၊ ပတ်ပတ်ဖွေသည်၊ ရှာကြံ စည်လည်း၊ ဤသည် စကြဝဠာ၊ တို့တိုက်သာလျှင်၊ မြတ်စွာရှင်စော၊ ဖြစ်၏ဟောရှင့်"

ဟု စပ်ဆိုတော်မူသည်။

ထိုစကား၌ ဘုရားဖြစ်တော်မူမှ အနန္တစကြဝဠာကို ကြည့်တော်မူရာ ကိုယ်တော်နှင့် တူမျှသသူ ဉာဏ်တော်၌ ထင်တော်မမူသည်- အံ့ဖွယ်မရှိသေး။ မယ်တော်ဝမ်းမှ ဖွားတော်မူစဉ်ကာလကပင် ကိုယ်တော်နှင့် တူမျှသသူကို မြင်တော်မမူလေရကား "အဂ္ဂေါ'ဟ'မသ္မိ လောကဿ"ဟု ခြင်္သေ့မင်းကဲ့သို့ ရဲရင့်သော အသံဖြင့် ကျူးရင့်တော်မူသည်။

ထို့ကြောင့် ဝင်းအဋ္ဌကထာ(ဒီ၊ ၄၊ ၂။ ၂၇၆)၌—

**အနစ္ဆရိယ'မေတံ ယံ ဣဒါနိ အတ္တနာ သမံ န ပဿေယျ၊ ယော ဇာတဒိဝသေပိ ပြဟ္မဇာလဝဏ္ဏနာယ ဝုတ္တနယေန အတ္တနာ သမံ အပဿန္တော အဂ္ဂေါ'ဟ'မသ္မိ လောကဿာတိ အပ္ပဋိဝတ္တိယံ သီဟနာဒံ နဒိ။—**

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဣဒါနိ၊ ယခု။ အတ္တနာ၊ ကိုယ်တော်နှင့်။ သမံ၊ တူသသူကို။ ယံ ယေန ကာရဏေန၊ အကြင်ကြောင့်။ န ပဿေယျ၊ မြင်တော်မမူ။ ဇတံ၊ ဤသို့ မြင်တော်မမူခြင်းသည်။ အနစ္ဆရိယံ၊ အံ့ဖွယ်မရှိ။ ယော၊ အကြင်မြတ်စွာဘုရားသည်။ ဇာတဒိဝသေပိ၊ ဖွားတော်မူသောနေ့၌လည်း။ ဖြဟ္မဇာလဝဏ္ဏနာယ၊ သုတ်သီလက္ခန်, ဖြဟ္မဇာလသုတ် အဖွင့်အဌကထာ၌။ ဝုတ္တနယေန၊ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ အတ္တနာ၊ ကိုယ်တော်နှင့်။ ဝါ၊ ကိုယ်တော်သည်။ သမံ၊ တူသသူကို။ အပဿန္တော၊ မြင်တော်မမူသည်ဖြစ်၍။ အဂ္ဂေါ’ဟ’မသ္မိ လောကဿာတိ၊ အဂ္ဂေါ’ဟ’မသ္မိ လောကဿ-ဟူ၍။ အပ္ပဋိဝတ္တိယံ၊ သူတပါးတို့သည် မဖြစ်စေအပ်သော။ သီဟနာဒံ၊ မြတ်သောအသံကို။ နဒိ၊ ဆိုတော်မူ၏။

ထိုအခါ ကိုယ်တော်နှင့်တူသော ဘုရားကို တပါးသော စကြဝဠာတွင် မြင်တော်မမူလေရကား ဤသို့ ကြံတော်မူ၏။ “ငါဘုရား မေးတော်မူသော ပြဿနာကို ငါဘုရားကိုယ်တော်တိုင် ဖြေတော်မူလျှင် နတ်တို့သည် ထိုးထွင်း၍ မသိနိုင်ရာ။ ငါဘုရားမှ တပါးသော ဘုရားကို မေးစေ၍ ငါဘုရားက ဖြေတော်မူရသော် တိုက်တွန်းခြင်းလည်း ဖြစ်ရာ၏။ နတ်တို့လည်း ထိုးထွင်း၍ သိနိုင်ရာ၏”ဟု ဤသို့ ကြံတော်မူသတည်း။

ထို့ကြောင့် ဋ္ဌင်းအဌကထာ၌-

**ဇဝံ အညံ အတ္တနာ သမံ အပဿိတွာ စိန္တေသိ သစေ အဟံ ပုစ္ဆိတွာ အဟမေဝ ဝိသဇ္ဇေဿံ၊ ဇဝံ စေ’တာ ဒေဝတာ န သက္ခိဿန္တိ ပဋိဝိဇ္ဈိတုံ။ အညသ္မိံ ပန ဗုဒ္ဓေယေဝ ပုစ္ဆန္တေ မယိ ဝိသဇ္ဇန္တေ အဖ္ဖေသကံ ဘဝိဿတိ။ သက္ခိဿန္တိ စ ဒေဝတာ ပဋိဝိဇ္ဈိတုံ။**

ဟူသော ပါဠ် (ဒီ၊ဋ၊၂။၂၇၆။ ထောက် ဝိသဒိသံ)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဇဝံ၊ ဤသို့။ အညံ၊ တပါးသော။ အတ္တနာ၊ ကိုယ်တော်နှင့်။ ဝါ၊ ကိုယ်တော်သည်။ သမံ၊ တူသော ဘုရားကို။ အပဿိတွာ၊ မြင်တော်မမူသောကြောင့်။ စိန္တေသိ၊ ကြံတော်မူ၏။ အဟံ၊ ငါဘုရားသည်။ ပုစ္ဆိတွာ၊ မေးတော်မူ၍။ အဟမေဝ၊ ငါဘုရားကိုယ်တော်တိုင်သာလျှင်။ သစေ ဝိသဇ္ဇေဿံ၊ အကယ်၍ ဖြေငြားအံ့။ ဇဝံ သတိ၊ ဤသို့ ဖြေသည်ရှိသော်။ ဇတာ ဒေဝတာ၊ ထိုနတ်တို့သည်။ ပဋိဝိဇ္ဈိတုံ၊ ထိုးထွင်း၍ သိခြင်းငှာ။ န သက္ခိဿန္တိ၊ မတတ်နိုင်ကုန်လတ္တံ့။ အညသ္မိံ၊ ငါဘုရားမှ တပါးသော။ ဗုဒ္ဓေယေဝ၊ ဘုရားကိုသာလျှင်။ ပုစ္ဆန္တေ၊ မေးစေသည်။ သတိ၊ ရှိသော်။ မယိ၊ ငါဘုရားသည်။ ဝိသဇ္ဇန္တေ၊ ဖြေသည်ရှိသော်။ အဖ္ဖေသကံ၊ တိုက်တွန်းခြင်းသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဒေဝတာ၊ နတ်တို့သည်။ ပဋိ-ဝိဇ္ဈိတုံ၊ ထိုးထွင်း၍ သိခြင်းငှာ။ သက္ခိဿန္တိ၊ တတ်နိုင်ကုန်လတ္တံ့။

ဤသို့ ကြံတော်မူပြီး၍ နိမ္မိတဘုရားကို ဖန်ဆင်းတော်မူအံ့သောငှာ အဘိညာဏ်၏ အခြေဖြစ်သော စတုတ္ထစျာန်ကို ဝင်စားတော်မူ၏။ စျာန်မှ ထတော်မူ၍ "သပိတ်, သင်္ကန်း ယူခြင်း, ဝတ်ရုံခြင်း, တူရူကြည့်ခြင်း, တစောင်းကြည့်ခြင်း, ကွေးခြင်း, ဆန့်ခြင်း-စသည်ဖြင့် ငါဘုရားနှင့်တူစွာ ဖြစ်စေသတည်း"ဟု ကာမာဝစရစိတ်ဖြင့် ပရိကံကို ပြု၍ အရှေ့ယုဂန် တောင်အရံမှ လဝန်းကို ခွဲ၍ ထွက်သကဲ့သို့ ရူပါဝစရစိတ်ဖြင့် တည်တော်မူ၏။

ထို့ကြောင့် ဋီကာအဋ္ဌကထာတို့၌-

> **ဘဿာ နိမ္မိတဗုဒ္ဓံ မာပေဿာမီတိ အဘိညာပါဒကဈာနံ သမာပဇ္ဇိတွာ၊ ဝုဋ္ဌာယ "ပတ္တစီဝရဂဟဏံ အာလောကိတဝိလောကိတံ သမိဉ္ဇိတပသာရိတဉ္စ မမ သဒိသမေဝ ဟောတူ"တိ ကာမာဝစရစိတ္တေဟိ ပရိကမ္မံ ကတွာ ပါစီနယုဂန္ဓရပရိက္ခေပတော ဥလ္လင်္ဃမာနံ စန္ဒမဏ္ဍလံ ဘိန္ဒိတွာ နိက္ခမန္တံ ဝိယ ရူပါဝစရစိတ္တေန အဓိဋ္ဌာသိ။**

ဟူသော ပါဠိ(ဒီ၊ဋ္ဌ၊၂။၂၇၆)ကို မိန့်ဆိုဖွင့်လှစ်ဟော်မူသတည်း။

တဿာ၊ ထို့ကြောင့်။ နိမ္မိတဗုဒ္ဓံ၊ နိမ္မိတဘုရားကို။ မာပေဿာမီတိ၊ ဖန်ဆင်းအံ့ဟူ၍။ အဘိညာပါဒကဈာနံ၊ အဘိညာဏ်၏ အခြေဖြစ်သော စတုတ္ထစျာန်ကို။ သမာပဇ္ဇိတွာ၊ ဝင်စားတော်မူ၍။ ဝုဋ္ဌာယ၊ စျာန်မှထ၍။ "ပတ္တစီဝရဂဟဏံ၊ သပိတ်, သင်္ကန်းယူခြင်း၊ ဝတ်ရုံခြင်းသည်လည်းကောင်း။ အာလောကိတဝိလောကိတဉ္စ၊ တူရူကြည့်ခြင်း, တစောင်းကြည့်ခြင်းသည်လည်းကောင်း။ သမိဉ္ဇိတပသာရိတဉ္စ၊ ကွေးခြင်း,ဆန့်ခြင်းသည်လည်းကောင်း။ မမ သဒိသမေဝ၊ ငါဘုရားနှင့် တူသည်သာလျှင်။ ဟောတု၊ ဖြစ်စေသတည်း"။ ဣတိ၊ ဤသို့။ ကာမာဝစရစိတ္တေဟိ၊ ကာမာဝစရစိတ်တို့ဖြင့်။ ပရိကမ္မံ၊ ပရိကံကို။ ကတွာ၊ ပြု၍။ ပါစီနယုဂန္ဓရပရိက္ခေပတော၊ အရှေ့ယုဂန်တောင် အရံမှ။ ဥလ္လင်္ဃမာနံ၊ တက်လတ်သော။ စန္ဒမဏ္ဍလံ၊ လဝန်းကို။ ဘိန္ဒိတွာ၊ ဖောက်ထွင်း၍။ နိက္ခမန္တံ ဝိယ၊ ထွက်သကဲ့သို့။ ရူပါဝစရစိတ္တေန၊ ရူပါဝစရစိတ်ဖြင့်။ အဓိဋ္ဌာသိ၊ တည်၏။

ဤစကား၌ မဟာသမယသုတ်ကို ဟောတော်မူအံ့သောငှာ ဘုရားမေးတော်မူသော ပြဿနာကို တစ်စုံတစ်ယောက်သော ပစ္စေကဗုဒ္ဓါ, နတ်, ဗြဟ္မာ, အဂ္ဂသာဝက, မဟာသာဝကတို့ မဖြေဆိုနိုင်ရာ။ ဘုရားမေးသော ပြဿနာကို ဘုရားမှသာ ဖြေဆိုနိုင်ရာ၏။ ဘုရား ၁-ဆူက မေး၍ ဘုရား ၁-ဆူက ဖြေတော်မူလျှင် တိုက်တွန်းခြင်း အဓွေသက လည်း ဖြစ်ရာ၏။ အံ့ဖွယ်သရဲလည်း ရှိရာ၏။ ထို့ကြောင့် "တပါးသော စကြဝဠာအနန္တ၌ ဘုရားရှိသေးသလော, ဘုရားဖြစ်သေးသလော"ဟု အနာဝရဏ သဗ္ဗညုတဉာဏ်တော်ကို လွှတ်၍ ကြည့်တော်မူရာ တပါးသော စကြဝဠာအနန္တ၌ ဘုရား မရှိသည်ကို သိတော်မူ၍ ကိုယ်တော်နှင့်တူစွာ နိမ္မိတဘုရား ၁-ဆူ ဖန်ဆင်းတော်မူသတည်း။ အကယ်၍ တပါးသော

စကြာဝဠာအနန္တ၌ ဘုရားဖြစ်တော်မူအံ့၊ "ထိုဘုရားသည် ကြွတော်မူလာစေသတည်း"ဟု မိဋ္ဌာန်တော်မူလျှင် ကြွတော်မူလာရာ၏။ တပါးသော စကြာဝဠာအနန္တတို့၌ ဘုရားမရှိသော ကြောင့် နိမ္မိတဘုရားကို ဖန်ဆင်းတော်မူသတည်း-ဟူလို။

နတ်အပေါင်းတို့လည်း ထိုနိမ္မိတဘုရားကို မြင်၍ "တစ်ခုသော လသည် ထွက်လာ ပြန်၏"ဟု ဆိုကြစဉ် လ-ကို စွန့်ခဲ့၍ အနီးသို့ ရောက်လတ်သော် လမဟုတ်, နေဖြစ်သည်-ဟု ဆိုကြကုန်၏။ တဖန် ထို့ထက် နီးပြန်လတ်သော် နေမဟုတ်၊ တစ်ခုသော နတ်ဗိမာန်-ဟု ဆိုကြကုန်၏။ တဖန် ထို့ထက် နီးပြန်လတ်သော် နတ်ဗိမာန်မဟုတ်၊ နတ်သား-ဟု ဆိုကြကုန်၏။ တဖန် ထို့ထက် နီးပြန်လတ်သော် နတ်သားမဟုတ်။ ဗြဟ္မာတည်း-ဟု ဆိုကြကုန်၏။ တဖန် ထို့ထက် နီးပြန်လတ်သော် ဗြဟ္မာမဟုတ်၊ ဘုရား ၁-ဆူ ကြွတော်မူလာသည်-ဟု ဆိုကြကုန်၏။

ထို့ကြောင့် ရင်းအဋ္ဌကထာတို့၌—

> ဒေဝသင်္ဃော တံ ဒိသွာ အညောပိ နု ခေါ "ဘော စန္ဒော ဥဂ္ဂတော"တိ အာဟ။ အထ စန္ဒံ ဩဟာယ အာသန္နတရေ ဇာတေ "န စန္ဒော၊ သူရိယော ဥဂ္ဂတော"တိ၊ ပုန အာသန္နတရေ ဇာတေ "န သူရိယော၊ ဒေဝဝိမာနံ ဧကံ"တိ။ ပုန အာသန္နတရေ ဇာတေ "န ဒေဝဝိမာနံ၊ ဒေဝပုတ္တော ဧကော"တိ။ ပုန အာသန္နတရေ ဇာတေ "န ဒေဝပုတ္တော၊ မဟာဗြဟ္မာ ဧကော"တိ။ ပုန အာသန္နတရေ ဇာတေ "န မဟာဗြဟ္မာ၊ အပရောပိ ဘော ဗုဒ္ဓေါ အာဂတော"တိ အာဟ။ (ဒီ၊ဋ္ဌ၊၂။၂၇၆)

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဒေဝသင်္ဃော၊ နတ်အပေါင်းသည်။ တံ၊ ထိုနိမ္မိတဘုရားကို။ ဒိသွာ၊ မြင်၍။ "ဘော၊ အိုနတ်များတို့။ အညော၊ တပါးသော။ စန္ဒောပိ၊ လ-သည်လည်း။ ဥဂ္ဂတော နု ခေါ၊ တက်လေသလော။" ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။ အထ၊ ထိုအခါ၌။ စန္ဒံ၊ လ-ကို။ ဩဟာယ၊ စွန့်၍။ အာသန္နတရေ၊ အလွန်နီးသည်။ ဇာတေ၊ ဖြစ်လတ်သော်။ "စန္ဒော၊ လသည်။ န ဥဂ္ဂတော၊ မတက်။ သူရိယော၊ နေသည်။ ဥဂ္ဂတော၊ တက်၏"။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။ ပုန၊ တဖန်။ အာသန္နတရေ၊ အလွန်နီးသည်။ ဇာတေ၊ ဖြစ်လတ်သော်။ "န သူရိယော၊ နေ-မဟုတ်။ ဧကံ၊ တစ်ခုသော။ ဒေဝဝိမာနံ၊ နတ်ဗိမာန်တည်း"။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။ ပုန၊ တဖန်။ အာသန္နတရေ၊ အလွန်နီးသည်။ ဇာတေ၊ ဖြစ်လတ်သော်။ "ဒေဝဝိမာနံ၊ နတ်ဗိမာန်သည်။ န၊ မဟုတ်။ ဧကော၊ ၁-ယောက်သော။ ဒေဝပုတ္တော၊ နတ်သားတည်း"။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။ ပုန၊ တဖန်။ အာသန္နတရေ၊ အလွန်နီးသည်။ ဇာတေ၊

ဖြစ်လတ်သော်။ "ဒေဝပုတ္တော၊ နတ်သားသည်။ န၊ မဟုတ်။ ဧကော၊ တစ်ယောက်သော။ မဟာဗြဟ္မာ၊ ဗြဟ္မာကြီးတည်း"။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။ ပုန၊ တဖန်။ အာသန္နတရေ၊ အလွန်နီးသည်။ ဇာတေ၊ ဖြစ်လတ်သော်။ "မဟာဗြဟ္မာ၊ ဗြဟ္မာကြီးသည်။ န၊ မဟုတ်။ ဘော၊ အို- နတ်များတို့။ အပရေပိ၊ တပါးလည်းဖြစ်သော။ ဗုဒ္ဓေါ၊ ဘုရားသည်။ အာဂတော၊ ကြွတော်မူလာ၏"။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။

ထိုအခါ ပုထုဇန်နတ်တို့သည် ဤသို့ ကြံကြကုန်၏။ "ဘုရား ၁-ဆူ၏အကျိုးငှာ ဤနတ်တို့သည် စည်းဝေးကြကုန်၏၊ ဘုရား ၂-ဆူဖြစ်က အဘယ်မျှလောက် များလေအံ့နည်း" ဤသို့ ကြံကြကုန်၏။ အရိယာဖြစ်သော နတ်တို့သည် ဤသို့ ကြံကြကုန်၏။ "တစ်ခုသော လောကဓာတ်၌ ဘုရား ၂-ဆူ ဖြစ်သည် မရှိ။ စင်စစ်သော်ကား မြတ်စွာဘုရားသည် ကိုယ်တော်နှင့်တူသော ၁-ဆူသောဘုရားကို ဖန်ဆင်းတော်မူ၏" ဤသို့ ကြံကြကုန်၏။

ထို့ကြောင့် ၎င်းအဋ္ဌကထာ၌—

> တတ္ထ ပုထုဇ္ဇနဒေဝတာ စိန္တယိံသု "ဧကဗုဒ္ဓဿ အယံ ဒေဝတာ သန္နိပတိတာ၊ ဒွိန္နံ ဗုဒ္ဓါနံ ကီဝ မဟန္တော ဘဝိဿတီ"တိ။ အရိယဒေဝတာ စိန္တယိံသု "ဧကိဿာ လောကဓာတုယာ ဒွေ ဗုဒ္ဓါ နာမ နတ္ထိ၊ အဒ္ဓါ ဘဂဝတာ အတ္တနာ သဒိသော အညော ဧကော ဗုဒ္ဓေါ နိမ္မိတော"တိ။ (ဒီ၊ဋ္ဌ၊၂။၂၇၆)

ဟူသောပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

တတ္ထ ဝစနေ၊ ထိုစကား၌။ ပုထုဇ္ဇနဒေဝတာ၊ ပုထုဇ္ဇန်နတ်တို့သည်။ စိန္တယိံသု၊ ကြံကြကုန်၏။ "ဧကဗုဒ္ဓဿ၊ ၁-ဆူသော ဘုရား၏။ အတ္ထာယ၊ အကျိုးငှာ။ အယံ ဒေဝတာ၊ ဤနတ်တို့သည်။ သန္နိပတိတာ၊ စည်းဝေးကုန်၏။ ဒွိန္နံ ဗုဒ္ဓါနံ၊ ၂-ဆူကုန်သော ဘုရားတို့အား။ ကီဝ၊ အဘယ်မျှလျှင်။ မဟန္တော၊ များသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့နည်း"။ ဣတိ၊ ဤသို့။ စိန္တယိံသု၊ ကြံကြကုန်၏။ အရိယဒေဝတာ၊ အရိယာဖြစ်ကုန်သော နတ်တို့သည်။ စိန္တယိံသု၊ ကြံကြကုန်၏။ "ဧကိဿာ လောကဓာတုယာ၊ တစ်ခုသော လောကဓာတ်၌။ ဒွေ ဗုဒ္ဓါ နာမ၊ ဘုရား ၂-ဆူဖြစ်သည် မည်ကုန်သည်။ နတ္ထိ၊ မရှိကုန်။ အဒ္ဓါ၊ အကယ်မလွဲသဖြင့်။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အတ္တနာ၊ ကိုယ်တော်နှင့်။ သဒိသော၊ တူသော။ ဧကော ဗုဒ္ဓေါ၊ ၁-ဆူသော ဘုရားကို။ နိမ္မိတော၊ ဖန်ဆင်းတော်မူ၏"။ ဣတိ၊ ဤသို့။ စိန္တယိံသု၊ ကြံကြကုန်၏။

ထိုအခါ နတ်အပေါင်းတို့ မြင်စဉ်ပင်လျှင် နိမ္မိတဘုရားသည် ကိုယ်တော်စစ်ဖြစ်သော ဘုရားကို ရှိမခိုးဘဲ ရှေ့တူရူအရပ်၌ အတူအမျှ ဖန်ဆင်းအပ်သော နေရာ၌ နေတော်မူ၏။

ထို့ကြောင့် ၎င်းအဋ္ဌကထာ (ဒီ၊ဋ္ဌ၊၂။၂၇၆)၌—

**အထ တဿ ဒေဝသဃ်ဿ ပဿန္တဿေဝ နိမ္မိတဗုဒ္ဓေါ အာဂန္တွာ ဒသဗလံ အဝန္ဒိတွာဝ သမ္မုခဋ္ဌာနေ သမသမံ ကတွာ မာပိတေ အာသနေ နိသီဒိ။**

ဟူသောပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

အထ၊ ထိုအခါ၌။ တဿ ဒေဝသာယ်ဿ၊ ထိုနတ်အပေါင်း၏။ ပဿန္တဿေဝ၊ မြင်စဉ်ပင်လျှင်။ နိမ္မိတဗုဒ္ဓေါ၊ နိမ္မိတဘုရားသည်။ အာဂန္တွာ၊ လာလတ်၍။ ဒသဗလံ၊ မြတ်စွာဘုရားကို။ အဝန္ဒိတွာဝ၊ ရှိမခိုးဘဲလျှင်။ သမ္မုခဋ္ဌာနေ၊ တူရူအရပ်၌။ သမသမံ၊ အတူအမျှ။ ကတွာ၊ ပြု၍။ မာပိတေ၊ ဖန်ဆင်းအပ်သော။ အာသနေ၊ နေရာ၌။ နိသီဒိ၊ နေတော်မူ၏။

မြတ်စွာဘုရားအားလည်း ၃၂-ပါးကုန်သော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်သည် ထင်ရှားကုန်သကဲ့သို့ နိမ္မိတဘုရားအားလည်း ၃၂-ပါးကုန်သော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်သည် ထင်ရှားကုန်၏။ မြတ်စွာဘုရား၏ ကိုယ်တော်မှလည်း ၆-သွယ်သော ရောင်ခြည်တော်တို့သည် ထွက်ကုန်၏။ နိမ္မိတကိုယ်တော်မှလည်း ၆-သွယ်သော ရောင်ခြည်တော်တို့သည် ထွက်ကုန်၏။ မြတ်စွာဘုရားကိုယ်တော်မှ ထွက်သော ၆-သွယ်သော ရောင်ခြည်တော်တို့သည်လည်း နိမ္မိတဘုရား၏ ကိုယ်တော်၌ ခပ်မိကုန်၏။ နိမ္မိတဘုရား၏ ကိုယ်တော်မှ ထွက်သော ၆-သွယ်သော ရောင်ခြည်တော်တို့သည်လည်း မြတ်စွာဘုရား၏ ကိုယ်တော်၌ ခပ်မိကုန်၏။

ထို့ကြောင့် ၎င်းအဋ္ဌကထာ (ဒီ၊ဋ္ဌ၊၂။၂၇၆-၇)၌-

**ဘဂဝတောပိ ဒွတ္တိံသမဟာပုရိသလက္ခဏာနိ နိမ္မိတဿာပိ ဒွတ္တိံသာဝ၊ ဘဂဝတောပိ သရီရာ ဆဗ္ဗဏ္ဏရသ္မိယော နိက္ခမန္တိ၊ နိမ္မိတဿာပိ ဆဗ္ဗဏ္ဏရသ္မိယော နိက္ခမန္တိ။ ဘဂဝတော သရီရရသ္မိယော နိမ္မိတဿ သရီရေ ပဋိဟညန္တိ၊ နိမ္မိတဿ သရီရရသ္မိယော ဘဂဝတော ကာယေ ပဋိဟညန္တိ။**

ဟူသော ပါဠိကို မိန့်ဆိုဖွင့်လှစ်ကော်မူသကည်း။

ဘဂဝတောပိ၊ မြတ်စွာဘုရားအားလည်း။ ဒွတ္တိံသမဟာပုရိသလက္ခဏာနိ၊ ၃၂-ပါးကုန်သော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ နိမ္မိတဿာပိ၊ နိမ္မိတဘုရားအားလည်း။ ဒွတ္တိံသာဝ၊ ၃၂-ပါးတို့သည်သာတည်း။ ဘဂဝတောပိ၊ မြတ်စွာဘုရား၏လည်း။ သရီရာ၊ ကိုယ်တော်မှ။ ဆဗ္ဗဏ္ဏရသ္မိယော၊ ၆-သွယ်သော ရောင်ခြည်တော်တို့သည်။ နိက္ခမန္တိ၊ ထွက်ကုန်၏။ နိမ္မိတဿာပိ၊ နိမ္မိတဘုရား၏လည်း။

သရီရာ၊ ကိုယ်တော်မှ။ ဆဗ္ဗဏ္ဏရသ္မိယော၊ ၆-သွယ်သော ရောင်ခြည်တော်တို့သည်။ နိက္ခမန္တိ၊ ထွက်ကုန်၏။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သရီရရသ္မိယော၊ ကိုယ်တော်မှ ထွက်သော ရောင်ခြည်တော်တို့သည်။ နိမ္မိတဿ၊ နိမ္မိတဘုရား၏။ သရီရေ၊ ကိုယ်တော်၌။ ပဋိဟညန္တိ၊ ခပ်မိကုန်၏။ နိမ္မိတဿ၊ နိမ္မိတဘုရား၏။ သရီရရသ္မိယော၊ ကိုယ်တော်မှ ထွက်သော ရောင်ခြည်တော်တို့သည်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ကာယေ၊ ကိုယ်တော်၌။ ပဋိဟညန္တိ၊ ခပ်မိကုန်၏။

ထို ၂-ဆူသော မြတ်စွာဘုရားတို့၏ ကိုယ်တော်မှ ထွက်သော ရောင်ခြည်တော်တို့ သည် အကနိဋ္ဌပြဟ္မာ့ဘုံတိုင်အောင် တက်ပြီးမှ တဖန် ပြန်လာ၍ နတ်တို့၏ ဦးခေါင်းစွန်း၌ သက်၍ စကြဝဠာအနားရေး၌ တည်၏။

ထို့ကြောင့် ၎င်းအဋ္ဌကထာ(ဒီ၊၄၊၂။၂၇၇)တို့၌-

**တာ ဒွိန္နံ ဗုဒ္ဓါနံ သရီရတော ဥဂ္ဂမ္မ အကနိဋ္ဌဘဝနံ အာဟစ္စ တတော ပဋိနိဝတ္တိတွာ ဒေဝတာနံမတ္ထကပရိယန္တေ့ ဩတရိတွာ စက္ကဝါဠမုခဝဋ္ဋိယံ ပတိဋ္ဌဟိံသု။**

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

တာ ရသ္မိယော၊ ထိုရောင်ခြည်တော်တို့သည်။ ဒွိန္နံ ဗုဒ္ဓါနံ၊ ၂-ဆူကုန်သော ဘုရားတို့ ၏။ သရီရတော၊ ကိုယ်တော်မှ။ ဥဂ္ဂမ္မ၊ တက်လတ်၍။ အကနိဋ္ဌဘဝနံ၊ အကနိဋ္ဌပြဟ္မာ့ဘုံ တိုင်အောင်။ အာဟစ္စ၊ ထိ၍။ တတော၊ ထိုအကနိဋ္ဌပြဟ္မာ့ဘုံမှ။ ပဋိနိဝတ္တိတွာ၊ ပြန်လာခဲ့၍။ ဒေဝတာနံ၊ နတ်တို့၏။ မတ္ထကပရိယန္တေ၊ ဦးခေါင်း၏အဆုံး၌။ ဩတရိတွာ၊ သက်၍။ စက္ကဝါဠမုခဝဋ္ဋိယံ၊ စကြဝဠာအနားဝဋ်၌။ ပတိဋ္ဌဟိံသု၊ တည်ကုန်၏။

ထိုအခါ အလုံးစုံသော တိုက်အလုံးသည် ရွှေဖြင့်ပြီးသော, ကောင်းသော အဆင်းရှိ သော စေတီအိမ်ကဲ့သို့ တင့်တယ်၏။ ၁-သောင်းသော စကြဝဠာမှ လာကုန်သော နတ်, ပြဟ္မာအပေါင်းတို့သည်လည်း တစ်ခုသော စကြဝဠာ၌သာ အစုပြုကုန်၍ ၂-ဆူကုန်သော ဘုရားတို့၏ ရောင်ခြည်တော်အတွင်းသို့ ဝင်၍ တည်ကုန်၏။

ထို့ကြောင့် ၎င်းအဋ္ဌကထာတို့၌-

သကလစက္ကဝါဠဂဗ္ဘံ သုဝဏ္ဏမယဝက်ဂေါပနသီဝိနဒ္ဓမိဝ စေတိယယရံ ဝိရောစိတ္ထ၊ ဒသသဟဿစက္ကဝါဠဒေဝတာ ဧကစက္ကဝါဠေ ရာသိဘူတာ ဒွိန္နံ ဗုဒ္ဓါနံ ရသ္မိဂဗ္ဘန္တရံ ပဝိသိတွာ အဋ္ဌံသု- (ဒီ၊၄၊၂။၂၇၇)

ဟူသောပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

သကလစက္ကဝါဠဂဗ္ဘံ၊ အလုံးစုံသော စကြဝဠာတိုက်သည်။ သုဝဏ္ဏမယဝဏ်ဂေါ-ပါနသီဝိနဒ္ဓံ၊ ရွှေဖြင့်ပြီးသော, ကောက်သောအခြင်းဖြင့် ဖွဲ့ယှက်ခြင်းရှိသော။ စေတိယယရံ ဏ္ဍဝ၊ စေတီအိမ်ကဲ့သို့။ ဝိရောစိတ္ထ၊ တင့်တယ်၏။ ဒသသဟဿစက္ကဝါဠဒေဝတာ၊ ၁-သောင်းသော စကြဝဠာ၌ နေကုန်သော နတ်တို့သည်။ ဧကစက္ကဝါဠေ၊ ၁-ခုသော စကြဝဠာ၌။ ရာသိဘူတာ၊ ၁-စု ပြုကုန်သည်ဖြစ်၍။ ဒွိန္နံ ဗုဒ္ဓါနံ၊ ၂-ဆူကုန်သော ဘုရားတို့၏။ ရသ္မိဝဏ္ဏန္တရံ၊ ရောင်ခြည်တော်တည်း-ဟူသော တိုက်ခန်းအတွင်းသို့၊ ပဝိသိတွာ၊ ဝင်၍။ အဋ္ဌံသု၊ တည်ကြကုန်၏။

နိမ္မိတဘုရားလည်း မြတ်စွာဘုရား၏ ဗောဓိပလ္လင်၌ မြတ်စွာဘုရား၏ ကိလေသာကို ပယ်တော်မူခြင်းကို ချီးမွမ်း၍-

ပုစ္ဆာမိ မုနိံ ပဟူတပညံ၊ တိဏ္ဏံ ပါရင်္ဂတံ ပရိနိဗ္ဗုတံ ဌိတတ္တံ(ဌိတတ္တံ)။
နိက္ခမ္မ ဃရာ ပနုဇ္ဇ ကာမေ၊ ကထံ ဘိက္ခု သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။

ဟူသော ဂါထာ(ခု၁၊၃၃၂။ ဒီ၄၊၂။၂၇၇။ သုတ္တနိ၊၄၂။၉၃)ကို ရွတ်တော်မူ၏။

ထို့ကြောင့် ဝင်းအဋ္ဌကထာ၌-

နိမ္မိတဗုဒ္ဓေါ နိသီဒန္တောယေဝ ဒသဗလဿ ဗောဓိပလ္လင်္ကေ ကိလေသပ္ပဟာနံ အဘိတ္ထဝိတွာ(အဘိတ္ထဝန္တော) 'ပုစ္ဆာမိ မုနိံ ။လ။ ပရိဗ္ဗဇေယျာ'တိ ဂါထံ အဘာသိ။

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

နိမ္မိတဗုဒ္ဓေါ၊ နိမ္မိတဘုရားသည်။ နိသီဒန္တောယေဝ၊ ထိုင်တော်မူလျက်လျှင်။ ဒသ-ဗလဿ၊ မြတ်စွာဘုရား၏။ ဗောဓိပလ္လင်္ကေ၊ ဗောဓိပလ္လင်၌။ ကိလေသပ္ပဟာနံ၊ ကိလေသာကို ပယ်တော်မူခြင်းကို။ အဘိတ္ထဝိတွာ၊ ချီးမွမ်း၍။ 'ပုစ္ဆာမိ မုနိံ ။လ။ ပရိဗ္ဗဇေယျာတိ'၊ ပုစ္ဆာမိ မုနိံ ။လ။ ပရိဗ္ဗဇေယျ-ဟူ၍။ ဂါထံ၊ ဂါထာကို။ အဘာသိ၊ ရွတ်တော်မူ၏။

နိမ္မိတဘုရား ရွတ်တော်မူသော ဂါထာပါဠိတော်၏အရ အတ္ထယောဇနာ မြန်မာဘာသာကား-

ပဟူတပညံ၊ ကြီးသော ပညာရှိသော။ တိဏ္ဏံ၊ ဩဃ ၄-ပါးမှ ကူးမြောက်တော်မူပြီးသော။ ပါရင်္ဂတံ၊ နိဗ္ဗာန်တည်း-ဟူသော ကမ်းတဖက်သို့ ကူးတော်မူပြီးသော။ ပရိနိဗ္ဗုတံ၊ သဉပါဒိသေသပရိနိဗ္ဗာန် စံတော်မူပြီးသော။ ဌိတတ္တံ (ဌိတတ္တံ)၊ တည်ကြည်သော စိတ်လည်းရှိတော်မူသော။ မုနိံ၊ မြတ်စွာဘုရားကို။ ပုစ္ဆာမိ၊ မေး၏။ သော ဘိက္ခု၊ ထိုရဟန်းသည်။ ကာမေ၊ ကာမဂုဏ်တို့ကို။ ပနုဇ္ဇ၊ ခွါ၍။ ဃရာ၊ အိမ်ရာထောင်ခြင်းမှ။ နိက္ခမ္မ၊ ထွက်မြောက်၍။

ကထံ၊ အသို့လျှင်။ လောကေ၊ လောက၌။ သမ္မာ၊ ကောင်းစွာ။ ပရိဗ္ဗဇေယျ၊ အတိက္ကမေယျ၊ လွန်မြောက်ရာသနည်း။

မဟာသမယသုတ်၏ အတ္ထုပ္ပတ္တိကို သိသာအောင် ပြဆိုလျှင် ကျယ်လွန်းအံ့။ စကြဝဠာတပါး၌ ဘုရားဖြစ်သေးသည်-ဟု ယူကြသည်မှာ-

အဋ္ဌာနသုတ်၊ အင်္ဂုတ္တရ၊ ဧကကနိပါတ်ကျမ်းတွင်-

**အဋ္ဌာန'မေတံ ဘိက္ခဝေ အနဝကာသော၊ ယံ ဧကိဿာ လောကဓာတုယာ ဒွေ အရဟန္တော သမ္မာသမ္ဗုဒ္ဓါ အပုဗ္ဗံ အစရိမံ ဥပ္ပဇ္ဇေယျုန္တိ၊ နေ'တံ ဌာနံ ဝိဇ္ဇတိ၊ ဌာနဉ္စ ခေါ ပနေ'တံ ဝိဇ္ဇတိ၊ ယံ ဧကိဿာ လောကဓာတုယာ ဧကော ဝ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဥပ္ပဇ္ဇေယျာတိ ဌာန'မေတံ ဝိဇ္ဇတိ။** (အံ၊၁။၂၉)

ဟူသော ပါဠိတော်၏အရကို ကြံဆ၍ ပြောသည် ဖြစ်ရာ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဧကိဿာ လောကဓာတုယာ၊ ၁-ခုသော လောကဓာတ်၌။ အရဟန္တော၊ ပစ္စည်း ၄-ပါးကို ခံတော်မူထိုက်ကုန်သော။ ဒွေ၊ ၂-ဆူကုန်သော။ သမ္မာ-သမ္ဗုဒ္ဓါ၊ မြတ်စွာဘုရားတို့သည်။ အပုဗ္ဗံ အစရိမံ၊ မရှေးမနှောင်း။ ယံ ယေန ကာရဏေန၊ အကြင်ကြောင့်။ ဥပ္ပဇ္ဇေယျုံ၊ ဖြစ်ကုန်ရာ၏။ ဧတံ ဌာနံ၊ ထိုသို့ ဖြစ်၏-ဟူသော အကြောင်းသည်။ န ဝိဇ္ဇတိ၊ မရှိ။ ဧတံ၊ ထိုသို့ ဖြစ်ခြင်းသည်။ အဋ္ဌာနံ၊ အကြောင်း မဟုတ်။ အနဝ-ကာသော၊ အရာမဟုတ်။ ဧတဉ္စ ဌာနံ၊ ဤအကြောင်းသည်ကား။ ဝိဇ္ဇတိ ခေါ ဝိဇ္ဇတိ ဧဝ၊ ရှိသာလျှင်ကတည်း။ ဧကိဿာ လောကဓာတုယာ၊ ၁-ခုသော လောကဓာတ်၌။ ဧကော၊ တစ်ဆူသာလျှင် ဖြစ်သော။ အရဟံ၊ လူ,နတ်တို့၏ ပူဇာသက္ကာရကို ခံတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ ယံ ယေန ကာရဏေန၊ အကြင်ကြောင့်။ ဥပ္ပဇ္ဇေယျ၊ ဖြစ်ရာ၏။ ဣတိ၊ ဤသို့။ ဧတံ ဌာနံ၊ ဤအကြောင်းသည်။ ဝိဇ္ဇတိ၊ ရှိ၏။

ဤပါဠိ၌ "တစ်ခုသော လောကဓာတ်၌ ဘုရား ၂-ဆူ ပြိုင်၍မဖြစ်"ဆိုသဖြင့် "စကြဝဠာတစ်ခုတည်း၌ ဘုရား ၂-ဆူသာ ပြိုင်၍မဖြစ်သည်၊ ၁-ဆူစီ ဖြစ်သေး၏။ ထို့ကြောင့် စကြဝဠာတပါး၌လည်း ဘုရားဖြစ်သေး၏"ဟု ယူကြ၏။ လူသာမန်ကို မဆိုထားဘိ၊ ဂန္ထန္တရ ဗဟုသုတပဂ္ဂိုလ်ဝင် ဆရာသခင် အရှင်မြတ်တို့လည်း ယူမိကြသေး၏။ ထိုသို့ မယူသင့်။ ဤကျွန်း, ဤစကြဝဠာမှတပါး အခြားစကြဝဠာတို့၌ ဘုရားဖြစ်သည်မည်သည် မရှိ၊ ဤကျွန်း,ဤစကြဝဠာ၌သာ ဘုရားဖြစ်၏။

ထို့ကြောင့် မနောရထပူရဏီမည်သော အင်္ဂုတ္တရ၊ ဧကကနိပါတ်အဋ္ဌကထာ, သမ္မောဟဝိနောဒနီမည်သော အဋ္ဌကထာတို့၌-

**ဣမေသု ပန တီသု ခေတ္တေသု ဌပေတွာ ဣမံ စက္ကဝါဠံ အညသ္မိံ စက္ကဝါဠေ ဗုဒ္ဓါ ဥပ္ပဇ္ဇန္တီ'တိ သုတ္တံ နတ္ထိ၊ န ဥပ္ပဇ္ဇန္တီတိ ပန အတ္ထိ။ –**

(အံ၊ဋ္ဌ၊၁။၃၅၈။ အဘိ၊ဋ္ဌ၊၂။၄၁၂)ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဣမေသု ပန တီသု ခေတ္တေသု၊ ဤ ၃-ပါးသော ခေတ်တို့တွင်။ ဣမံ စက္ကဝါဠံ၊ ဤစကြဝဠာကို။ ဌပေတွာ၊ ထား၍။ အညသ္မိံ စက္ကဝါဠေ၊ တပါးသော စကြဝဠာ၌။ ဗုဒ္ဓါ၊ ဘုရားရှင်တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်တော်မူကုန်၏။ ဣတိ၊ ဤသို့။ သုတ္တံ၊ ပါဠိတော်သည်။ နတ္ထိ၊ မရှိ။ န ဥပ္ပဇ္ဇန္တိ၊ ဖြစ်တော်မမူကုန်။ ဣတိ ပန၊ ဤသို့ကား။ သုတ္တံ၊ ပါဠိသည်။ အတ္ထိ၊ ရှိ၏။

စကြဝဠာတပါး၌ ဘုရားဖြစ်မည်ကို မဆိုထားဘိ၊ နိယတဗျာဒိတ်ကို ခံယူတော်မူပြီး ဘုရားအလောင်းတော်တို့သည် စရိမကဘဝ၌ ဤစကြဝဠာမှ တပါးသော စကြဝဠာ၌ မဖြစ်သင့်ကြောင်းကို–

**ဧဝံ သမိဒ္ဓါဘိနီဟာရော ဗောဓိသတ္တော ဣမာနိ အဋ္ဌာရသ အဘဗ္ဗဋ္ဌာနာနိ န ဥပေတိ။**

သုတ္တနိပါတ်အဋ္ဌကထာ (သုတ္တနိ၊ဋ္ဌ၊၁။၄၅။ အဘိ၊ဋ္ဌ၊၁။၇၂။ အပ၊ဋ္ဌ၊၁။၅၅။ ဗုဒ္ဓဝံ၊ဋ္ဌ၊၃၁၆။ စရိယာ၊ဋ္ဌ။ ၃၂၁-၂။ ဇာ၊ဋ္ဌ၊၁။၅၃) မိန့်မှာဖွင့်လှစ်တော်မူသည်။

ဧဝံ၊ ဤသို့။ သမိဒ္ဓါဘိနီဟာရော၊ ပြည့်စုံပြီးသော ဆုတောင်းခြင်းရှိသော။ ဗောဓိသတ္တော၊ ဘုရားအလောင်းတော်သည်။ ဣမာနိ အဋ္ဌာရသအဘဗ္ဗဋ္ဌာနာနိ၊ ၁၈-ပါးသော မဖြစ်ထိုက်သော အရပ်တို့သို့။ န ဥပေတိ၊ ကပ်တော်မမူ။

[ ၁၈-ပါးသော အရပ်တို့ကို သိသာအောင် ပြဆိုလျှင် ကျယ်လွန်းအံ့။ ပကိဏ္ဏကဝိသဇ္ဇနာ၊ ပထမအုပ်၊ ပထမပရိစ္ဆေဒ၊ ဒသမပုစ္ဆာတွင် ပြဆိုခဲ့ပြီ။ ]

ထို ၁၈-ပါးကုန်သော အရပ်တို့တွင် စကြဝဠာတပါးမှ မဖြစ်သင့်ကြောင်းကို ပြလို၍ “**န အညစက္ကဝါဠံ ဥပသင်္ကမတိ**”ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ န အညစက္ကဝါဠံ၊ တပါးသောစကြဝဠာသို့။ န ဥပသင်္ကမတိ၊ မပြောင်း။

ထိုစကားရပ်တို့တွင်–

**ဣမေသု ပန တီသု ခေတ္တေသု ဌပေတွာ ဣမံ စက္ကဝါဠံ အညသ္မိံ စက္ကဝါဠေ ဗုဒ္ဓါ ဥပ္ပဇ္ဇန္တီတိ သုတ္တံ နတ္ထိ၊ န ဥပ္ပဇ္ဇန္တီတိ ပန အတ္ထိ။**

ဟူသော အဋ္ဌကထာပါဠ်ဖြင့် အထက်၌ ပြဆိုခဲ့သော မဟာသမယသုတ် (အဋ္ဌကထာ၊သုတ္တနိ၊ ဋ္ဌ၊၂။၉၃)တွင်လာသော–

**အတ္ထိ ပန ကတ္ထစိ အညော ဗုဒ္ဓေါတိ၊ အနန္တာသု လောကဓာတူသု အနန္တ ဉာဏ်ပတ္ထရိတွာ ဩလောကေန္တော အညံ ဗုဒ္ဓံ န အဒ္ဒသ။**

ဟူသော ပါဌ်ကို စွဲ၍ဆိုသည် ယူရန်ရှိ၏။

ဇင်းပါဌ်၏အနက်ကို အထက်၌ ပြဆိုခဲ့ပြီ။ အရှင်ရဋ္ဌသာရဆရာ စီကုံးသော တံတားဦးတည်လင်္ကာတွင်လည်း—

သင်္ဂါယနာ၊ တင်သုံးခါဖြင့်၊ သုံးဖြာပိဋကတ်၊ မုခပါဌ်တွင်၊ ပတ်ပတ်ဖွေသည်၊ ရှာကြံစည်လည်း၊ ဤသည်စကြဝဠာ၊ တို့တိုက်သာလျှင်၊ မြတ်စွာရှင်စော၊ ဖြစ်၏ဟောရှင့်။

ဟု စပ်ဆိုတော်မူသည်မှာလည်း—

**က္လမာ တိဿော သံဂီတိယော အာရုဠှေ တေပိဋကေ ဗုဒ္ဓဝစနေ ဣမံ စက္ကဝါဠံ မုဉ္စိတွာ အညတ္ထ ဗုဒ္ဓါ ဥပ္ပဇ္ဇန္တီတိ သုတ္တံ နတ္ထိ၊ န ဥပ္ပဇ္ဇန္တီတိ ပန အတ္ထိ။**

ဟူသော ဇေကနိပါတ်၊ အင်္ဂုတ္တိုရ်အဋ္ဌကထာ(နှာ-၃၅၈)တွင် လာသောပါဌ်ကို စွဲ၍ဆိုသည်-ဟု ယူရန် ရှိ၏။

က္လမာ တိဿော သံဂီတိယော၊ ဤ ၃-တန်သော သင်္ဂါယနာတို့သို့။ အာရုဠှေ၊ တင်အပ်သော။ ဗုဒ္ဓဝစနေ၊ ဘုရားစကားတော်-ဟု ဆိုအပ်သော။ တေပိဋကေ၊ ပိဋကတ် ၃-ပုံ၌။ ဣမံ စက္ကဝါဠံ၊ ဤစကြဝဠာကို။ မုဉ္စိတွာ၊ လွှတ်၍။ အညတ္ထ၊ တပါးသော စကြဝဠာ၌။ ဗုဒ္ဓါ၊ ဘုရားရှင်တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်တော်မူကုန်၏။ ဣတိ၊ ဤသို့ကား။ သုတ္တံ၊ ပါဠိသည်။ နတ္ထိ၊ မရှိ။ န ဥပ္ပဇ္ဇန္တီတိ၊ ဖြစ်တော်မမူကုန်။ ဣတိ၊ ဤသို့ကား။ သုတ္တံ၊ ပါဠိသည်။ အတ္ထိ၊ ရှိ၏။

ထိုစကား မှန်၏။ "ဘုရားရှင်တို့သည် ဤစကြဝဠာ၌သာ ဘုရားဖြစ်တော်မူ၏"ဟု ဘုရားဖြစ်တော်မူရာကို မြစ်တော်မူသည်ရှိသော် "ဤ(*တခြား*)စကြဝဠာတို့၌ ဘုရားမဖြစ်"ဟု မြစ်တော်မူသည် မှတ်ရာ၏။

ထို့ကြောင့် ဇေကနိပါတ်၊ အင်္ဂုတ္တိုရ်အဋ္ဌကထာ(နှာ-၃၅၈), သမ္မောဟဝိနောဒနီမည်သော ဉာဏဝိဘင်းအဋ္ဌကထာ(နှာ-၄၁၈)တို့၌-

ဗုဒ္ဓါ ဟိ ဥပ္ပဇ္ဇမာနာ ဣမသ္မိံ ယေဝ စက္ကဝါဠေ ဥပ္ပဇ္ဇန္တိ။ ဥပ္ပဇ္ဇနဋ္ဌာနေ ပန ဝါရိတေ ဣတော အညေသု စက္ကဝါဠေသု နုပ္ပဇ္ဇန္တီတိ ဝါရိတမေဝ။

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဟိ သစ္စံ၊ မှန်၏။ ဗုဒ္ဓါ၊ ဘုရားရှင်တို့သည်။ ဥပ္ပဇ္ဇမာနာ၊ ဖြစ်တော်မူကုန်သည် ရှိသော်။ ဣမသ္မိံ ယေဝ စက္ကဝါဠေ၊ ဤစကြဝဠာ၌သာလျှင်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်တော်မူကုန်၏။ ဥပ္ပဇ္ဇနဋ္ဌာနေ၊ ဖြစ်ရာအရပ်ကို။ ဝါရိတေ ပန၊ မြစ်တော်မူသည်ရှိသော်ကား။ ဣတော၊ ဤစကြဝဠာမှ။ အညေသု၊ တပါးကုန်သော။ စက္ကဝါဠေသု၊ စကြဝဠာတို့၌။ ဗုဒ္ဓါ၊ ဘုရားရှင်တို့သည်။ န ဥပ္ပဇ္ဇန္တိ၊ ဖြစ်တော်မမူကုန်။ ဣတိ၊ ဤသို့။ ဝါရိတမေဝ၊ မြစ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

'ဥပ္ပဇ္ဇနဋ္ဌာနေ ပန ဝါရိတေ'၏ အရမှာ "တခုသော လောကဓာတ်၌ ဘုရား ၂-ဆူ ပြိုင်၍ မဖြစ်"ဟု ဖြစ်ရာဌာနကို မြစ်သဖြင့် ဤကျွန်း, ဤစကြဝဠာမှ တပါးသော စကြဝဠာတို့၌ ဘုရားဖြစ်တော်မူသည်မည်သည် မရှိ၊ ဘုရားဖြစ်တော်မမူသည်သာတည်း။ ဤသို့ မှတ်ရာ၏-ဟူလို။

**အဋ္ဌာန'မေတံ ဘိက္ခဝေ အနဝကာသော၊ ယံ ဧကိဿာ လောကဓာတုယာ၊ ဒွေ အရဟန္တော သမ္မာသမ္ဗုဒ္ဓါ အပုဗ္ဗံ အစရိမံ။** (ဒီ၊၃။၉၅။ မ၊၃။၁၁၀။ အံ၊၁။၂၉။ အဘိ၊၂။၃၄၈။ နေတ္တိ။၇၈)

ဟူရာ၌ ဘုရားအလောင်းတို့ ပဋိသန္ဓေနေတော်မူသည်မှ ဘုရားဖြစ်တော်မူ၍ ဓာတုပရိနိဗ္ဗာန် စံတော်မူသည်။ ဤအတွင်း၌ ၁-ဆူသောဘုရား၏ ဖြစ်ခြင်းကို မြစ်တော်မူ၏။ ဤမှ ရှေ့,နောက်ဖြစ်သော ကာလကို မမြစ်အပ်။ အဘယ့်ကြောင့် တစ်ခုသော လောကဓာတ်၌ ဘုရား ၂-ဆူ ဖြစ်တော်မမူလေသနည်း-ဟူမူကား 'အစ္ဆရိယမနုဿ' ဖြစ်တော်မူသောကြောင့်တည်း။

ထို့ကြောင့် ဧကကနိပါတ်(နှာ-၂၂)၊ အင်္ဂုတ္တရပါဠိတော်၌—

**ဧကပုဂ္ဂလော ဘိက္ခဝေ လောကေ ဥပ္ပဇ္ဇမာနော ဥပ္ပဇ္ဇတိ အစ္ဆရိယမနုဿော၊ ကတမော ဧကပုဂ္ဂလော၊ တထာဂတော အရဟံ သမ္မာသမ္ဗုဒ္ဓေါ။** –

ဟူ၍ ဟောတော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ အစ္ဆရိယမနုဿော၊ အံ့ဖွယ်သရဲ လူဖြစ်သော။ ဧကပုဂ္ဂလော၊ တစ်ယောက်သော ပုဂ္ဂိုလ်သည်။ ဥပ္ပဇ္ဇမာနော၊ ဖြစ်တော်မူသည်ရှိသော်။ ဥပ္ပဇ္ဇတိ၊ ဖြစ်တော်မူ၏။ ဧကပုဂ္ဂလော၊ တစ်ယောက်တည်းသော ပုဂ္ဂိုလ်-ဟူသည်။ ကတမော၊ အဘယ်နည်း။ အရဟံ၊ လူ, နတ်တို့၏ ပူဇော်သက္ကာရကို ခံတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓေါ၊ သစ္စာ ၄-ပါးကို ပိုင်းခြား၍ သိတော်မူသော။ တထာဂတော၊ မြတ်စွာဘုရားပင်တည်း။

အစ္ဆရိယပုဂ္ဂိုလ်ဖြစ်၍ ၂-ဆူ, ၃-ဆူ-စသည် ပြိုင်၍ဖြစ်ခဲ့သော် အံ့ဖွယ်မရှိရာ။ တစ်ခုသော ကျောင်းတိုက်၌ လာဘသက္ကာရချင်းတူသော စေတီ ၂-ဆူ ရှိခဲ့သော်လည်း

ကောင်း, ဗဟုသုတချင်းတူသော ပုဂ္ဂိုလ် ၂-ယောက်ရှိခဲ့သော်လည်းကောင်း အံ့ဖွယ်မရှိရာ။ တဆူသောဘုရား ဟောတော်မူသော တရားလည်း သတိပဋ္ဌာန်, သမ္မပ္ပဓာန်-စသော တရားတည်း။ တဆူသောဘုရား ပညတ်တော်မူသော သိက္ခာပုဒ်သည်လည်း ပါရာဇိက, သံဃာ-ဒိသိသ်-စသော သိက္ခာပုဒ်ပင်တည်း။ ထို့ကြောင့်လည်း အံ့ဖွယ်မရှိ။

ဘုရား ၂-ဆူ ပြိုင်၍ဖြစ်ခဲ့သော် လူ,နတ်တို့သည် ကွဲပြား၍ များစွာသော ဆရာ၏ တပည့်တို့ကဲ့သို့ "ငါတို့ဘုရား ကြည်ညိုဖွယ်ရှိသည်၊ ငါတို့ဘုရား အံသံသာသည်၊ ငါတို့ဘုရား တန်ခိုးကြီးသည်" ဤသို့ စသည် ဖြစ်ရာသောကြောင့် ၂-ဆူ ပြိုင်၍ဖြစ်တော်မမူ။ ထိုစကား၌ ဘုရား ၂-ဆူ ပြိုင်၍ မဖြစ်သင့်ကြောင်းကို အရှင်နာဂသိန်အား မိလိန်မင်း မေး၍ ဖြေသော ပုစ္ဆာဖြင့် သိရာ၏။

"အရှင်ဘုရား၊ မြတ်စွာဘုရားတို့မည်သည် ဒေသနာချင်း, သိက္ခာပုဒ်ချင်း, တန်ခိုး အရောင်အဝါချင်း တူကြသည် မဟုတ်ပါလော၊ တစ်ခုသော လောကဓာတ်၌ ဘုရား ၂-ဆူ ပြိုင်၍ဖြစ်ခဲ့သော် သာ၍ လူ,နတ်တို့ အကျိုးစီးပွါး များရာသည် မဟုတ်လော၊ သာ၍ ဤ လောကဓာတ်သည် တန်ခိုးတော်ရောင်ဖြင့် ပြောင်ပြောင်တောက်ပရာသည် မဟုတ်လော၊ ထိုသို့ ဖြစ်လျက် အဘယ့်ကြောင့် ဘုရား ၂-ဆူ ပြိုင်၍ မဖြစ်လေသနည်း"ဟု မေးလျှောက်၏။

ထိုအခါ အရှင်နာဂသိန်က "ဒကာတော် မိလိန်မင်းကြီး၊ ဤလောကဓာတ်သည် တဆူသော ဘုရား၏ အားကိုသာ ဆောင်နိုင်၏။ ၁-ဆူသော ဘုရား၏ ဂုဏ်ကျေးဇူးကို *(သာ)*ဆောင်နိုင်၏။ အကယ်၍ ဤလောကဓာတ်၌ ဘုရား ၂-ဆူ ပြိုင်၍ဖြစ်ခဲ့အံ့၊ ဤလောက ဓာတ်သည် မဆောင်နိုင်ရာ။ တုန်လှုပ်ပြိုကွဲ ဖရိုဖရဲ ပျက်စီးခြင်းသို့ ရောက်ရာ၏။

ဥပမာကား တခုသော လှေသည် သူ ၁-ယောက် စီးသည်ရှိသော် လှေ၏အနားနှင့် မျှသော ရေရှိ၏။ ထိုလှေ၌ လုံးရပ်သဏ္ဌာန်အားဖြင့် တူသော *(အခြား)*သူ ၁-ယောက် *(ထပ်၍)*စီးခဲ့သော် တုန်လှုပ်ပြိုကွဲ ဖရိုဖရဲ ပျက်စီးခြင်းသို့ ရောက်ရာသကဲ့သို့ ထို့အတူ ပျက်စီးခြင်းသို့ ရောက်ရာ၏။

ဥပမာတစ်နည်းကား အကြင်သူသည် တစ်စုံတစ်ခုသော ဘောဇဉ်ကို ဝစွာ စားသဖြင့် ကိုယ်,လက်အင်္ဂါ ကောင်းစွာ ပြည့်ဖြိုးလျက် ချမ်းမြေ့စွာ ဖြစ်၏။ ထိုနည်းတူစွာ ၁-ကြိမ်ထပ်၍ စားပြန်သော် ထိုသူသည် ချမ်းသာစွာ ခန္ဓာကိုယ်ကို မဆောင်နိုင်ဘဲ ပျက်စီးခြင်းသို့ ရောက် ရာသကဲ့သို့ ထို့အတူ ဘုရား ၂-ဆူ ပြိုင်၍ဖြစ်ခဲ့သော် ဤလောကဓာတ်သည် တုန်လှုပ်ပြိုကွဲ ဖရိုဖရဲ ပျက်စီးခြင်းသို့ ရောက်ရာ၏။"

"အရှင်ဘုရား နာဂသိန်၊ တရားတည်းဟူသော ဝန်သည် အလွန်လေးသောကြောင့် မဆောင်နိုင်ဘဲ ရှိလေသလော"ဟု ထပ်မံ မေးလျှောက်ပြန်၏။ "ဒကာတော် မိလိန်မင်းကြီး၊ လှည်း ၂-စီးတို့၌ ရတနာတို့ကို အပြည့်တင်အပ်၏။ ၁-စီးသော လှည်းမှ ရတနာတို့ကို ရွှေ့ပြောင်းပြီးလျှင် ၁-စီးတည်း၌သာ တင်ရာ၏။ ထိုသို့ တင်သည်ရှိသော် ထိုလှည်းသည် တုန်လှုပ်ပြိုကွဲ ဖရိုဖရဲ ပျက်စီးခြင်းသို့ ရောက်ရာသကဲ့သို့ ထို့အတူ တရားတည်းဟူသော ဝန်သည် အလွန်လေးသောကြောင့် ဤလောကဓာတ်သည် တုန်လှုပ်ပြိုကွဲ ဖရိုဖရဲ ပျက်စီးခြင်းသို့ ရောက်ရာ၏။"

တစ်နည်းလည်း "ဒကာတော် မိလိန်မင်းကြီး၊ ဘုရား ၂-ဆူ ပြိုင်၍ဖြစ်ခဲ့အံ့။

> ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော၊ အဂ္ဂေါ ဗုဒ္ဓေါ၊ သေဋ္ဌော ဗုဒ္ဓေါ၊ ဇေဋ္ဌော ဗုဒ္ဓေါ၊ ဥတ္တမော ဗုဒ္ဓေါ၊ အဒုတိယော ဗုဒ္ဓေါ၊ အသဟာယော ဗုဒ္ဓေါ၊ အပ္ပဋိမော ဗုဒ္ဓေါ၊ အပ္ပဋိသမော ဗုဒ္ဓေါ၊ အပ္ပဋိဘာဂေါ ဗုဒ္ဓေါ၊ အပ္ပဋိပုဂ္ဂလော ဗုဒ္ဓေါ၊ အသမော ဗုဒ္ဓေါ၊ အသမသမော ဗုဒ္ဓေါ၊ (မိလိန္ဒ၊၂၃၁-၂၃၃)

ဟူ၍ ဟောတော်မူသောအရာသည် မှားသည် ဖြစ်ရာ၏။ ထို့ကြောင့်လည်း ဘုရား ၂-ဆူ ပြိုင်၍ ဖြစ်တော်မမူ။

ဗုဒ္ဓုပ္ပါဒေါ၊ ဘုရားဖြစ်ခြင်းကို။ ဒုလ္လဘော၊ ရခဲ၏။ ဗုဒ္ဓေါ၊ ဘုရားသည်။ လောကေ၊ လောက၌။ အဂ္ဂေါ၊ မြတ်၏။ ဗုဒ္ဓေါ၊ ဘုရားသည်။ လောကေ၊ လောက၌။ သေဋ္ဌော၊ ချီးမွမ်းအပ်၏။ ဗုဒ္ဓေါ၊ ဘုရားသည်။ လောကေ၊ လောက၌။ ဇေဋ္ဌော၊ ကြီး၏။ ဗုဒ္ဓေါ၊ ဘုရားသည်။ လောကေ၊ လောက၌။ ဥတ္တမော၊ ကျော်စော၏။ ဗုဒ္ဓေါ၊ ဘုရားသည်။ လောကေ၊ လောက၌။ အဒုတိယော၊ ၂-ယောက်မြောက် မရှိ။ ဗုဒ္ဓေါ၊ ဘုရားသည်။ လောကေ၊ လောက၌။ အသဟာယော၊ အဖော် မရှိ။ ဗုဒ္ဓေါ၊ ဘုရားသည်။ လောကေ၊ လောက၌။ အပ္ပဋိမော၊ ဥပမာမရှိ။ ဗုဒ္ဓေါ၊ ဘုရားသည်။ လောကေ၊ လောက၌။ အပ္ပဋိသမော၊ တူ၏-ဟူ၍ နှိုင်းယှဉ်စရာ မရှိ။ ဗုဒ္ဓေါ၊ ဘုရားသည်။ လောကေ၊ လောက၌။ အပ္ပဋိဘာဂေါ၊ အဖို့တပါး မရှိ။ ဗုဒ္ဓေါ၊ ဘုရားသည်။ လောကေ၊ လောက၌။ အပ္ပဋိပုဂ္ဂလော၊ ပြိုင်ဘက်ကင်းမြောက် တစ်ယောက်တည်းသာ ဖြစ်တော်မူ၏။ ဗုဒ္ဓေါ၊ ဘုရားသည်။ လောကေ၊ လောက၌။ အသမော၊ တူသသူ မရှိ။ ဗုဒ္ဓေါ၊ ဘုရားသည်။ လောကေ၊ လောက၌။ အသမသမော၊ မတူသော ဘုရားတို့နှင့်သာ တူတော်မူ၏။

တစ်ကြောင်းလည်း "အကြင်ဝတ္ထုသည် ကြီးမြတ်၏၊ ထိုဝတ္ထုသည် ၁-ခုသာဖြစ်၏။ မဟာပထဝီမြေသည် ကြီး၏၊ ထိုမဟာပထဝီသည် ၁-ခုသာ ဖြစ်၏။ သမုဒ္ဒရာသည် ကြီး၏၊ ထိုသမုဒ္ဒရာသည်လည်း ၁-ခုသာ ဖြစ်၏။ မြင်းမိုရ်တောင်သည် ကြီး၏၊ ထိုမြင်းမိုရ်တောင်

သည်လည်း ၁-ခုသာ ဖြစ်၏။ ကောင်းကင်သည် ကြီး၏၊ ထိုကောင်းကင်သည်လည်း ၁-ခုသာ ဖြစ်၏။ မဟာပြဟ္မာသည် ကြီး၏၊ ထိုမဟာပြဟ္မာလည်း ၁-ခုသာ ဖြစ်၏။ မြတ်စွာဘုရားသည်လည်း လူ ၃-ပါးတို့ထက် ကြီးမြတ်၏၊ ထို့ကြောင့် ၁-ဆူသာ ဖြစ်၏"ဟု ဖြေတော်မူသတည်း။ စကားအလျဉ်းသင့်သမျှကို ပြဆိုလျှင် ကျယ်လွန်းအံ့။ (မိလိန္ဒ၊၂၃၃)

**ဤတွင်နွေ့ စကြဝဠာတပါး၌ ဘုရားဖြစ်သည်, မဖြစ်သည်ကို ပြဆိုသော စကားရပ်အပြီးသတ်တည်း။**

ထိုစကားရပ်တို့ကို အကျယ်သိလိုလျှင် သုတ်သီလက္ခန်၊ ပြဟ္မဇာလသုတ် အဋ္ဌကထာ။ သုမင်္ဂလဝိသာလိနီ မည်သော သုတ်မဟာဝါ၊ မဟာသမယသုတ်အဋ္ဌကထာ။ (ဒီ၊၂၇၅-၆)ငင်းသုတ်မဟာဝါ၊ မဟာပရိနိဗ္ဗာနသုတ်အဋ္ဌကထာ။(ဒီ၊ဋ္ဌ၊၂။၁၆၈-၁၇၀။၁၈၀-၁၈၅) ပရမတ္ထဇောတိကမည်သော သုတ္တနိပါတ်၊ (မဟာသမယသုတ်) အဋ္ဌကထာ(သုတ္တနိ၊ဋ္ဌ၊၁။၄၅။ သုတ္တနိ၊ဋ္ဌ၊၂။၉၃ )။ အဋ္ဌသာလိနီမည်သော ဓမ္မသင်္ဂဏီအဋ္ဌကထာ။(အဘိ၊ဋ္ဌ၊၁။၇၂) သမ္မောဟဝိနောဒနီမည်သော ဝိဘင်းအဋ္ဌကထာ(အဘိ၊ဋ္ဌ၊၂။၄၁၂၊၄၁၈)။ မိလိန္ဒပဥှာကျမ်း (နှာ၊၂၃၁-၂၃၃)တို့မှာ ကြည့်လေ။

မော်လမြိုင်မြို့၊ ဒကာသဲက "စကြဝဠာတပါး၌ ဘုရားဖြစ်မည်, မဖြစ်မည်ကို နေရာကျ သိမှတ်လိုပါသည်"ဟု လျှောက်သောကြောင့် ကျမ်းဂန်အလာ ဒေသနာနယကို ထုတ်ဆောင်၍ ၁၂၄၀-ပြည့်၊ ဝါဆိုလပြည့်ကျော်၊ ၄-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိမ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★

## ဒကာမောင်ထွန်း-က ပါရမီ ၁၀-ပါးတွင် အဘယ်ပါရမီက ကဲလွန်ကြောင်းနှင့် လျှောက်ထားချက်

[၁၄၈] "ဘုရားတပည့်တော် အာဋ္ဌဝီခေါ်သော ကြေးမုံတံခါးတွင်းနေ၊ ဒကာထွန်း ခြေတော်ဦးခိုက် လျှောက်ဝံ့ပါသည် ဆရာတော်ဘုရား။

ပါရမီ ၁၀-ပါးတို့တွင် အဘယ်ပါရမီက သာလွန်ထူးမြတ်၍ အကြီးအကဲဖြစ်မည်ကို နေရာကျ မသိနိုင်ကြရှိသည်ဖြစ်ပါ၍ နေရာကျကျ သန္နိဋ္ဌာန်ချ၍ သိမှတ်ပါရအောင် ကျမ်းဂန်နှင့်အညီ အမိန့်ရှိတော်မူပါမည့်အကြောင်းကို ခြေတော်ဦးခိုက် လျှောက်ပါသည် ဆရာတော်ဘုရား"။

ဒကာမောင်ထွန်း လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ–

[၁၄၈] ပါရမီ ၁၀-ပါးတို့တွင် အဘယ်ပါရမီ သာလွန်ထူးမြတ်၍ အကြီးအကဲဖြစ်မည်ကို မေးလျှောက်သည်မှာ ပညာပါရမီသည် သာလွန်ထူးမြတ်၏။ အဘယ့်ကြောင့်နည်းဟူမူကား ပညာရှိသောသူသည် ဝိပဿနာကို ပွါးစေလျက် အရိယမဂ်တည်းဟူသော တံခါးကို ဖွင့်လှစ်၍ နိဗ္ဗာန်သို့ ဝင်လတ္တံ့။ သာဝကပါရမီဉာဏ်ကိုလည်းကောင်း, ပစ္စေကဗောဓိဉာဏ်ကိုလည်းကောင်း, သမ္မာသမ္ဗောဓိဉာဏ်ကိုလည်းကောင်း ထိုးထွင်း၍ သိလတ္တံ့။ ထိုစကားမှန်၏။ အမြိုက်နိဗ္ဗာန်သို့ ရောက်ကြကုန်သော တရားတို့တွင် ပညာပါရမီသည်သာလျှင် မြတ်၏။ ကြွင်းသော ပါရမီတို့သည် ပညာပါရမီ၏ အခြံအရံသာ ဖြစ်ကုန်၏။

ထို့ကြောင့် သတ္တကနိပါတ်၊ ရှေးဦးစွာသော ကုက္ကုဝဂ်အစု၊ ၇-ခုမြောက်သော သတ္တုဘသ္တဇာတ်အဋ္ဌကထာ(ဇာ၊ဋ္ဌ၊၃။၃၂၇)၌–

> **ပညဝါ ဟိ ပုရိသော ဝိပဿနံ ဝဍ္ဎေတွာ အရိယမဂ္ဂဒွါရံ ဝိဝရိတွာ အမတ**(*မဟာ*)-**နိဗ္ဗာနံ ပဝိသိဿတိ**(*ပဝိသတိ*)**။ သာဝကပါရမိမ္ပိ ပစ္စေကဗောဓိမ္ပိ သမ္မာသမ္ဗောဓိမ္ပိ ပဋိဝိဇ္ဈိဿတိ**(*ပဋိဝိဇ္ဈတိ*)**။ အမတမဟာနိဗ္ဗာနသမ္ပာပကေသု ဟိ ဓမ္မေသု ပညာဝ သေဋ္ဌာ၊ အဝသေသာ တဿာ ပရိဝါရာ ဟောန္တိ။**

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဟိ တပ္ပါကဋီကရောမိ၊ ထိုစကားကို ထင်စွာပြုဦးအံ့။ ပညဝါ၊ ပညာရှိသော။ ပုရိ-သော၊ ယောက်ျားသည်။ ဝိပဿနံ၊ ဝိပဿနာကို။ ဝဍ္ဎေတွာ၊ ပွါးစေ၍။ အရိယမဂ္ဂဒွါရံ၊ အရိယမဂ်တည်း-ဟူသော တံခါးကို။ ဝိဝရိတွာ၊ ဖွင့်လှစ်၍။ အမတနိဗ္ဗာနံ၊ အမြိုက်နိဗ္ဗာန်သို့။ ပဝိသိဿတိ၊ ဝင်လတ္တံ့။ သာဝကပါရမိမ္ပိ၊ သာဝကပါရမီဉာဏ်ကိုလည်းကောင်း။ ပစ္စေက-ဗောဓိမ္ပိ၊ ပစ္စေကဗောဓိဉာဏ်ကိုလည်းကောင်း။ သမ္မာသမ္ဗောဓိမ္ပိ၊ သမ္မာသမ္ဗောဓိဉာဏ်ကိုလည်းကောင်း။ ပဋိဝိဇ္ဈိဿတိ၊ ထိုးထွင်း၍ သိလတ္တံ့။ ဟိ သစ္စံ၊ မှန်၏။ အမတမဟာ-နိဗ္ဗာနသမ္ပာပကေသု၊ အမြိုက်နိဗ္ဗာန်သို့ ရောက်(*စေ*)ကုန်သော။ ဓမ္မေသု၊ တရားတို့တွင်။ ပညာ၊ ပညာပါရမီသည်။ သေဋ္ဌာ၊ မြတ်၏။ အဝသေသာ၊ ကြွင်းကုန်သော ပါရမီတို့သည်။ တဿာ၊ ထိုပညာပါရမီ၏။ ပရိဝါရာ၊ အခြံအရံတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ပညာပါရမီကို အကြီးအမှူး ဦးစီးဦးကိုင်ပြု၍ ကြွင်းသော ပါရမီတို့ကို ဖြည့်ရသတည်း-ဟူလို။ ထို့ကြောင့် ၎င်းအဋ္ဌကထာ (ဇာ၊ဋ္ဌ၊၃။၃၂၇)၌ပင် “ပညာ ဟိ သေဋ္ဌာ ကုသလာ ဝဒန္တိ၊ ပက္ခတာ နက္ခတ္တရာဇာရိဝ တာရကာနံ”ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

တာရကာနံ၊ ကြယ်အပေါင်းတို့တွင်။ နက္ခတ္တရာဇာရိဝ၊ နက္ခတ်တကာတို့၏ အကြီးအမှူးဖြစ်သော လမင်းကဲ့သို့။ ပညာ ဟိ ပညာ ဧဝ၊ ပညာပါရမီကိုသာလျှင်။ သေဋ္ဌာ၊ မြတ်၏ဟူ၍။ ကုသလာ၊ လိမ္မာကုန်သော။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ ဝဒန္တိ၊ ဆိုကုန်၏။

ဤသို့ ကျမ်းဂန်လာသောကြောင့် ပါရမီ ၁၀-ပါးတို့တွင် ပညာပါရမီ သာလွန်ထူးမြတ်ကြောင်း, ပညာပါရမီကို အကြီးအမှူး ဦးစီးဦးကိုင်ပြု၍ တပါးသော ပါရမီကို ဖြည့်ရကြောင်းကို ကောင်းကောင်း သန္နိဋ္ဌာန်ချ၍ မှတ်ရာ၏။

ထိုစကားရပ်ကို အကျယ်သိလိုလျှင် သတ္တကနိပါတ်၊ ရှေးဦးစွာသော ကုက္ကုဝဂ်အစုံ၊ ၇-ခုမြောက်သော သတ္တုဘသ္တဇာတ်၊ အဋ္ဌကထာမှာ ကြည့်လေ။

အာဋ္ဌဝီခေါ်သော ကြေးမုံတံခါးတွင်းရပ်နေ ဒကာထွေန်းက "ပါရမီ ၁၀-ပါးတို့တွင် အဘယ်ပါရမီက သာလွန်ထူးမြတ်သည်၊ အဘယ်ပါရမီကို အကြီးအမှူး ဦးစီးဦးကိုင်ပြု၍ ကြွင်းသော ပါရမီတို့ကို ဖြည့်ရသည်ကို နေရာကျကျ သန္နိဋ္ဌာန်ချ၍ သိမှတ်ပါရအောင် ကယ်မ သနားတော်မူပါ"ဟု လျှောက်သောကြောင့် ကျမ်းဂန်အလာ ဒေသနာနယကို ထုတ်ဆောင်၍ ၁၂၄၀-ပြည့်၊ ဝါဆိုလပြည့်ကျော်၊ ၉-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာ-သိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★

## ဒကာမောင်ဆင်-က အံ့ဖွယ်တော် ၁၈-ပါးကို ဂါထာဖွဲ့စီ၍ ကျက်မှတ်လိုကြောင်း လျှောက်ထားချက်

[၁၄၉] "ဘုရားတပည့်တော် ရွှေလက်ဝဲရပ်နေ ဒကာဆင် ခြေတော်ဦးခိုက် လျှောက်ဝံ့ပါသည် ဆရာတော်ဘုရား။

မြတ်စွာဘုရား၌ အံ့ဖွယ်တော် ၁၈-ပါးကို ရှိခိုးဝန္ဒနာဖြစ်အောင် နေရာကျကျ ဂါထာဗန္ဓ ဖွဲ့ဆိုစီကုံးရေးသား ကယ်မသနားတော်မူပါမည့်အကြောင်းကို ခြေတော်ဦးခိုက် လျှောက်ဝံ့ပါသည် ဆရာတော်ဘုရား"။

ဒကာမောင်ဆင် လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ-

[၁၄၉] စိ၊ ကေ၊ ဓာ၊ ဓော၊ သာ၊ ရ၊
နိ၊ ဇာ၊ အာ၊ ဒေ၊ အာ၊ မ၊
ဏ္ဏ၊ ဧဥ၊ လ၊ ဥ၊ အ၊ ဝိ၊ ဒကာ။

၁။ စိ- စိဝရဋ္ဌ၊ ဝတ်ရုံတော်မူသော သင်္ကန်းတော်သည် ဖွပ်ခြင်း, ဆိုးခြင်း, နွမ်းနယ်ခြင်း မရှိသည်လည်း အံ့ဖွယ်တော် ၁-ပါး၊

၂။ ကေ-ကေသာ စ၊ ဆံတော်သည် တောထွက်တော်မူသောအခါ ဖြတ်တော်မူသည်မှ မတို့, မရှည် လက် ၄-သစ်မျှသာ သက်တော်ရှည်သမျှ ကာလပတ်လုံး တည်တော်မူသည်လည်း အံ့ဖွယ်တော် ၁-ပါး၊

၃။ ဓာ-ဓာရဏာဋ္ဌ၊ ဆောင်တော်မူသော ကိုယ်ဝတ်, ဒုကုဋ်, သင်းပိုင်, ခါးပန်း, အပ်, သပိတ်, ရေစစ်, ပဲခွပ်-တည်းဟူသော ပရိက္ခရာတို့သည် ကိုယ်တော်နှင့် မထိမူ၍ လက် ၄-သစ်ခန့် ခြားတော်မူသည်လည်း အံ့ဖွယ်တော် ၁-ပါး၊

၄။ ဓော-ဓောဝနဋ္ဌ၊ သပိတ်တော်ကို ဆေးလျှင် လက်တော် စင်နှင့်သည်၊ လက်တော်ကို ဆေးလျှင် သပိတ်တော် စင်နှင့်သည်လည်း အံ့ဖွယ်တော် ၁-ပါး၊

၅။ သာ- သာသပဂ္ဂဟ ပဝိသနဋ္ဌ၊ မုန်ညင်းသီးခွံတွင်းသို့ ဝင်တော်မူနိုင်သည်လည်း အံ့ဖွယ်တော် ၁-ပါး၊

၆။ ရ-ရသ္မိဖရဏာဋ္ဌ၊ ၆-ပါးသော ရောင်ခြည်တော်တို့ကို လွှတ်တော်မူသည်ရှိသော် အရပ် ၁၀-မျက်နှာတို့ကို နှံ့နိုင်သည်လည်း အံ့ဖွယ်တော် ၁-ပါး၊*(ပထမအတန်း ၆-ပါး)*

၇။ နိ- နိမ္မိတဋ္ဌ၊ တန်ခိုးတော်ဖြင့် ရာ,ထောင်,သိန်း,သန်းမက ဖန်ဆင်းတော်မူပြီးလျှင် ဝေနေယျသတ္တဝါတို့ အလိုသို့ လိုက်သဖြင့် ချွတ်တော်မူနိုင်ခြင်း အံ့ဖွယ်တော် ၁-ပါး၊

၈။ ဇာ- ဇာတိ အာဏာ၊ ဝိသယာ-ဟု၊ ၃-ဖြာသော ခေတ်တို့တွင် အလင်းအတိ, အမိုက်အတိဖြစ်အောင် ဖန်ဆင်းတော်မူနိုင်ခြင်း အံ့ဖွယ်တော် ၁-ပါး၊

၉။ အာ- အာကာသဥလ္လင်္ဂနဋ္ဌ၊ ကိုယ်တော်ကို လဝန်းကဲ့သို့ အထက်ကောင်းကင်၌ ထားတော်မူနိုင်ခြင်း အံ့ဖွယ်တော် ၁-ပါး၊

၁၀။ ဒေ- ဒေသနဋ္ဌ၊ [၁]ခြားနားသိသာ၊ [၂]ချိုသာယာလျက်၊ [၃]နာဖွယ်လည်း ရှိ၊ [၄]စွန်းမငြိတည်း။ [၅]မရှိတုံပဲ၊ ဖရိုဖရဲနှင့်၊ မကွဲမပျက်၊ [၆]လုံး၍ထွက်သား၊ [၇]လေးနက်,[၈]ပဲ့တင်၊

စုံရှစ်အင်ဖြင့်၊ ထင်ထင်ဟောကြား၊ မြတ်တရားသည်၊ ၄-ပါးပရိသတ်၊ လူ,နတ် အစုတ်၊ မယုတ်မလွန်၊ ကြားနိုင်တန်သော အံ့ဖွယ်တော်လည်း ၁-ပါး၊

၁၁။ အာ- အာသယာနုသယဥ္စ၊ အလုံးစုံ အကြွင်းမရှိသော သတ္တဝါအပေါင်းတို့၏ စိတ်အလိုကို သိတော်မူနိုင်ခြင်း အာသယာနုသယဉာဏ်တော်တည်းဟူသော အံ့ဖွယ်တော်လည်း ၁-ပါး၊

၁၂။ မ- မဟာကရုဏာ သမာပတ္တိ စ၊ ကျွတ်ထိုက်, မကျွတ်ထိုက်သော သတ္တဝါတို့ကို သိတော်မူနိုင်ခြင်း မဟာကရုဏာ သမာပတ္တိဉာဏ်တော်တည်း-ဟူသော အံ့ဖွယ်တော်လည်း ၁-ပါး၊ *(ဒုတိယအတန်း ၆-ပါး)*

၁၃။ ဣ- ဣန္ဒြိယပရောပရိယတ္တိ စ၊ သတ္တဝါတို့၏ ဣန္ဒြေ နုသည်,ရင့်သည်ကို သိတော်မူနိုင်ခြင်း ဣန္ဒြိယပရောပရိယတ္တိဉာဏ်တော်တည်း-ဟူသော အံ့ဖွယ်တော်လည်း ၁-ပါး။

၁၄။ ဌေ- ဌေ ယျဓမ္မဥ္စ၊ နိဗ္ဗာန, ဝိကာရ, လက္ခဏာ, ပညတ်မှ တပါးကုန်သော တရားအစု-ဟု ဆိုအပ်သော သင်္ခါရတို့ကို သိတော်မူနိုင်ခြင်း ဌေ ယျဓမ္မလည်း အံ့ဖွယ်တော် ၁-ပါး၊

၁၅။ လ- လဟုတာရုပ်, မုဒုတာရုပ်, ကမ္မညတာရုပ်၊ ကာယဝိညတ်, ဝစီဝိညတ်-ဟု ဆိုအပ်သော ဝိကာရရုပ် ၅-ခုတို့ကို သိတော်မူနိုင်ခြင်း ဌေ ယျဓမ္မလည်း အံ့ဖွယ်တော် ၁-ပါး၊

၁၆။ ဥ- ဥပစယ, သန္တတိ, ဇရတာ, အနိစ္စတာတည်း-ဟူသော လက္ခဏာရုပ် ၄-ခုတို့ကို သိတော်မူနိုင်ခြင်း ဌေ ယျဓမ္မလည်း အံ့ဖွယ်တော် ၁-ပါး၊

၁၇။ အ-အသင်္ခတဓာတ် နိဗ္ဗာန်ကို သိတော်မူနိုင်ခြင်း ဌေ ယျဓမ္မလည်း အံ့ဖွယ်တော် ၁-ပါး၊

၁၈။ ဝိ-ဝိဇ္ဇမာနပညတ်, အဝိဇ္ဇမာနပညတ်-စသော ပညတ်တရားအပေါင်းတို့ကို သိတော်မူနိုင်ခြင်း ဌေ ယျဓမ္မလည်း အံ့ဖွယ်တော် ၁-ပါး၊*(တတိယအတန်း ၆-ပါး၊ စုစုပေါင်း-၁၈)*

ဣတိ၊ ဤသို့။ ဒကာ၊ ၁၈-ပါးကုန်သော၊ ချီး၍မနှံ၊ အံ့၍မပြီး၊ နည်းအသွယ်သွယ်၊ အလွန်ဆန်းကြယ်သော အံ့ဖွယ်တော်အပေါင်းတို့နှင့် ပြည့်စုံတော်မူသော မြတ်ဗုဒ္ဓဘုရားကို။ နိစ္စံ၊ အမြဲ။ သိရသာ၊ ဦးဖြင့်။ ဝန္ဒာမိ၊ ရှိခိုးပါ၏။

ရွှေးလက်ဝဲတန်းရပ်နေ ဒကာဆင်က "မြတ်စွာဘုရား၏ အံ့ဖွယ်တော် ၁၈-ပါး ကို ရှိခိုးဝန္ဒနာ ဂါထာစီဖွဲ့ သနားတော်မူပါ"ဟု လျှောက်သောကြောင့် အာဒိသခေ်ပဂါထာဖြင့် သက္ကရာဇ် ၁၂၄၀-ပြည့်၊ ဝါဆိုလပြည့်ကျော်၊ ၁၀-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာ-သိမ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော်ဘုရား ရေးသားဆုံးဖြတ် ဖြေဆိုတော်မူလိုက်သည်။

★★★★★★

## ရေနံချောင်းမြို့နေ အသုံးခံမောင်ကွန်း-က မင်္ဂလာတရား ၃၈-ပါးကို ပိုင်းခြားပြသပါမည့်အကြောင်း လျှောက်ထားချက်

[၁၅၀] "ဘုရားတပည့်တော် ရေနံချောင်းမြို့၊ အသုံးတော်ခံ ဒကာထွန်း ခြေတော် ဦးခိုက် လျှောက်ဝံ့ပါသည် ဆရာတော်ဘုရား။

'အာရတိ ဝိရတိမင်္ဂလာ'၌ အာရတိ, ဝိရတိတို့ ဖြစ်ဟန်ကို ဆရာတော်ဘုရား ဟောကြား ဖြေဆိုလိုက်သောအရာကို အများတကာ သက်ာပျောက်ကင်း၍ ရှင်းလင်းသိသာပါသည်။ ၁၀-ခုသော ဂါထာတို့ဖြင့် ဟောတော်မူအပ်သော တရား ၃၈-ပါးတို့၏ သရုပ်သဘောကို မည်သည့်ဂါထာတွင် မင်္ဂလာတရား ပါးရေမည်မျှ ရသင့်သောအရာကို နေရာကျ မသိနိုင်ကြရှိသည်ဖြစ်ပါ၍ နေရာကျ သိမှတ်ပါရ အောင် အမိန့်ရှိတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား"။

၎င်းဒကာ အသုံးခံမောင်ကွန်း လျှောက်ထားချက်အရ အဖြေဝိသဇ္ဇနာ–

*[ တတိယတွဲ(လုံးတော်)၊ ဒုတိယပိုင်း၊ ဤပုဒ်မ ၁၅၀-အတွက် အဖြေကို ဒုတိယတွဲ(လုံးတော်)၊ ပဥ္စမပိုင်း၊ ပုဒ်မ-၁၃၃၊ စာမျက်နှာ ၁၀၈၆-တွင် ပြန်ရှုရန်။ ]*

'ပတိရူပဒေသဝါသ'ပုဒ်၌ ပတိရူပ-ဟု တိ-မှာ ဒန္တဇပထမက္ခရာ တ-နှင့်ရှိမှ သင့်သည်။ 'ဒေသဝါသော စ'၌လည်း ဒေသာ-ဟု သ-မှာ အာ-ဒီဃနှင့် ရွတ်ကြ၏၊ မသင့်။ ဒေသ-ဟု အ-သရနှင့် ရွတ်မှ သင့်သည်။ 'ပုဗ္ဗေ စ'၌လည်း ဗေ-မှာ ဩဋ္ဌဇတတိယက္ခရာ ဗ္ဗ-သဒိသဒွေးဘော်နှင့် ရွတ်။

'အတ္တသမ္မာ ပဏိဓိ စ'၌လည်း အတ္တသ္မာ ပဏိဓီ-ဟု တ္တ-နောင် သ-မှာ မ-နှင့် ဆင့်၍ သ္မာ-ဝိဘတ်။ "အတ္တသ္မာ၊ မိမိကိုယ်ကို။ ပဏိဓိ စ၊ ဆောက်တည်ရခြင်းသည်လည်းကောင်း" ဟု အနက်ပေးကြ၏၊ မသင့်။ မင်္ဂလာဒေသနာ၌ ဂါထာလည်း ပျက်၊ အနက်လည်း ချွတ်ယွင်း

၏။ အတ္တသမ္မာ-ဟု သ-နောင် မ-အက္ခရာ ၂-ဆင့်နှင့် ရှိရမည်။ "အတ္တ၊ မိမိစိတ်ကို။ သမ္မာပဏိဓိ စ၊ ကောင်းစွာ ဆောက်တည်ရခြင်းလည်းကောင်း။ တစ်နည်း အတ္တသမ္မာ ပဏိဓိ စ၊ စတုပါရိသုဒ္ဓိသီလကို ဖြည့်ရခြင်းလည်းကောင်း။" ဤသို့ အနက်ပေးရာ၏။ 'အတ္တ'၌ အ-ဝိဘတ္တိနိဒ္ဒေသ၊ 'ပဏိဓိ'၌လည်း ဏိဓိ-တို့မှာ ဤ-ဒီဃနှင့်ချည်း ရွတ်မှ သင့်သည်။

'ဗာဟုသစ္စဉ္စ'ဟူသော ပုဒ်၌ ဗာဟု-ဟု ဗာ-မှာ အာဒီဃနှင့် ရွတ်မှ သင့်သည်။ 'သုဘာသိတာ'၌လည်း 'သု ဘာသိတာ'ဟု သု-နှင့် ဘာသိတာကို ခြား၍ တာ-မှာ ဒန္တဇ ပထမက္ခရာ တ-နှင့် ရွတ်မှ သင့်သည်။

'မာတာပိတု'ဟူသော ပုဒ်၌ ပိတု-ဟု ပိ-မှာ ဣ-ရဿနှင့်, တု-မှာ ဥ-ရဿနှင့် ရွတ်မှ သင့်သည်။ ပါ-ဓာတ်, ရိတု-ပစ္စည်း၊ ပါတိတော ရိတု ကစ္စည်းသုတ်။ 'ဥပဋ္ဌာန်'ပုဒ်၌လည်း ဥပဋ္ဌာန်-ဟု ဋ္ဌာ-မှာ အ-သဒိသဒွေးဘော်နှင့် ရွတ်မှ သင့်သည်။ 'အနာကုလာ'ပုဒ်၌လည်း ကုလာ-ဟု ကု-မှာ ဥ-ရဿနှင့် ရွတ်မှ သင့်သည်။ 'ကမ္မန္တာ'၌လည်း ကမ္မန္တာ-ဟု မ ၂-ဆင့်နှင့် သံယုဂ်ထင်အောင် ရွတ်မှ သင့်သည်။

'ဒါနဉ္စ ဓမ္မစရိယာ စ'ပုဒ်၌ ဓမ္မစရိယာ စ-ဟု စ-နှင့် ရွတ်မှ သင့်သည်။ "အရဟ-ကရိယ၊ စရိယ-ဝါသာ၊ ရှိလေရာ၊ အက္ခရာတစ်လုံး လွန်မြဲ" သော ဝေ ကက္ကရူ'မရဟာတိ၊ နိဗ္ဗာနသစ္ဆိကိရိယာ စ၊ တပေါ စ ဗြဟ္မစရိယဉ္စ၊ ပတိရူပဒေသဝါသော စ-ပုဒ်များကို ထောက်။ 'ကမ္မာနိ'ဟု မ-မှာ သ-သံယောဂ ရှိမှသင့်သည်။

'အာရတီ ဝိရတီ ပါပါ'ဟူသော ပုဒ်၌ အာရတီ ဝိရတီ ပါပါ-ဟု ပါပါ-တွင် ရပ်၍ မဇ္ဇပါနာ စ သံယမော-ဟု ရွတ်။ အာရတီ ဝိရတီ-ဟု ဝိရတီတွင် ရပ်၍ ပါပါမဇ္ဇ-ဟု ပါပါ-နှင့် မဇ္ဇ-ကို ပေါင်း၍ မရွတ်နှင့်။ 'အပ္ပမာဒေါ'၌ အ-ပ္ပမာဒေါ-ဟု အ-ကို ပဋိသေဓ ဖြစ်အောင် ခြား၍ ပမာဒေါ-ဟု ရွတ်။ အပ္ပမာဒေါ-ဟု အ-နှင့် မ-ကို ပေါင်း၍ မရွတ်နှင့်။

ဝေရ ၅-ပါးတို့တွင်–

- ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသု မိစ္ဆာစာရ, မုသာဝါဒ၊ ဤကံ ၄-ပါးတို့မှ ကြဉ်သည်ကို ပါပဝိရတီ မင်္ဂလာ ၁-ပါး၊
- သေအရက် သောက်စားခြင်းမှ ကြဉ်သည်ကို မဇ္ဇပါနသံယမော မင်္ဂလာ ၁-ပါး၊

ဤသို့ မင်္ဂလာ ၂-ပါး ကွဲပြား၍ အခြားစီ ဟောတော်မူသည်။

ဝေရ ၅-ပါးချင်းတူလျက် အဘယ်ကြောင့် ကံ ၄-ပါးတို့နှင့် သုရာမေရယကို ကွဲပြား၍ အခြားစီ ဟောတော်မူလေသနည်းဟူမူကား သုရာမေရယကံသည် ကံ ၄-ပါးတို့နှင့်

မတူ၊ ကံ ၄-ပါးတို့ထက် သာလွန်၍ မဟာသာဝဇ္ဇ ဖြစ်၏-ဟု သိစေခြင်းငှာ သုရာမေရယကို ကံ ၄-ပါးတို့မှ ကွဲပြား၍ သီးခြားဟောတော်မူသည်-ဟု မှတ်ရာ၏။

ဝေရ ၅-ပါးဟူသော်ကား ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ, မုသာဝါဒ, သုရာမေရယ၊ ဤ ၅-ပါးတည်း။ ထို ၅-ပါးတို့သည် ရန်ကို ဖြစ်စေတတ်သောကြောင့် ဝေရ မည်၏။

'ပါဏာတိပါတ'ဟူသော ပုဒ်၌ 'ပါဏာတိ'ဟု တိ-မှာ ဒန္တဇပဌမက္ခရာ တ-နှင့် ရွတ်မှ သင့်သည်။ 'အဒိန္နာဒါနာ'ဟူသော ပုဒ်၌လည်း 'အဒိန္နဒါနာ'ဟု န္နာ-မှာ အ-ရဿနှင့် ရွတ်ကြ၏၊ မသင့်။ 'အဒိန္နာဒါနာ'ဟု န္နာ-မှာ အာ-ဒီဃနှင့် ရွတ်မှ သင့်သည်။ အဒိန္နပုဒ်၊ အာဒါန-ပုဒ်၊ န-ကို အာ-သို့ ကပ်၍ အဒိန္နာဒါနာ ပြီးသည်။ ဒါ-ဓာတ်သည် အာ-ရှေး မရှိမူ ပေးခြင်း အနက်ကို ဟော၏။ အာ-ရှေးရှိမူ ယူခြင်း အနက်ကို ဟော၏။

ဒါ ဒါနေ၊ အာ-ပုဗ္ဗော အာဒါနေ၊ ဒဒါတိ၊ အာဒဒါတိ။ (သဒ္ဒနီတိ)

ဒါ၊ ဒါဓာတ်သည်။ ဒါနေ၊ ပေးခြင်း အနက်၌ ဖြစ်၏။ အာပုဗ္ဗော၊ အာ-ရှေးရှိမူ။ အာဒါနေ၊ ယူခြင်းအနက်၌ ဖြစ်၏။ ဒဒါတိ၊ ပေး၏။ အာဒဒါတိ၊ ယူ၏။

'မုသာဝါဒါ'ဟူသော ပုဒ်၌ 'မူသာဝါဒ'ဟု မ-မှာ ဟ-သံယုဂ်နှင့် ရွတ်ဖတ်ကြ၏။ မသင့်။ 'မုသာ'ဟု ဟ-သံယုတ်ကင်း၍ ရွတ်မှ သင့်သည်။ မုသာသဒ္ဒါ၊ အဘူတဝါစက နိပါတ်ပုဒ်တည်း။

'ခန္တိ စ သောဝစဿတာ'ဟူသော ပုဒ်၌ သောဝစ္စဿတာ-ဟု စ-မှာ ၂-ဆင့်နှင့် ရွတ်ကြ၏၊ မသင့်။ သောဝစဿတာ-ဟု စ-မှာ ဒွေးဘော်ကင်း၍ ရွတ်မှ သင့်သည်။ 'ဓမ္မသာကစ္ဆာ'၌လည်း 'သာဂစ္ဆာ'ဟု ကဏ္ဌဇတတိယက္ခရာ ဂ-နှင့် ရွတ်ဖတ်ကြ၏၊ မသင့်။ သာကစ္ဆာ-ဟု ကဏ္ဌဇပဌမက္ခရာ က-နှင့် ရွတ်မှ သင့်သည်။

'တပေါ စ'ဟူသော ပုဒ်၌ တပ္ပေါ စ-ဟု ပ္ပေါ-မှာ ပွ-သဒိသဒွေးဘော်နှင့် ရွတ်မှ သင့်သည်။ 'အရိယသစ္စာနဒဿနံ'၌ အရီယ-ဟု ရိ-မှာ ဤ-ဒီဃနှင့် ရွတ်မှ သင့်သည်။ အရီယ, အရိယ၊ ရှေ့,နောက်ပြန် ၂-ချက်သင့်။

'ဝိရဇံ'ဟူသော ပုဒ်၌ "ဝိရဇံ ရန်မက်-ဟူသော မြူလည်း မရှိ"ဟု ရ-မှာ န-ကာရန်နှင့် အနက် ပေးကြ၏၊ မသင့်။ ရန်မက် မဟုတ်၊ ရမက်-ဟု ရှေးဝေါဟာရ ပေါရာဏကထာ ဖြစ်သည်။ ထို့ကြောင့် "ဝိရဇံ ရမက်-ဟူသော မြူလည်း မရှိ"ဟု ရ-မှာ န-ကာရန် ကင်း၍ အနက်ပေးရာ၏။ ယခုလောကတွင် တစ်စုံတစ်ခုဝတ္ထုကို အလိုရှိ၍ ရမည်ထင်လျှင် ရမက် ရှိသည်-ဟု ဆိုကြသည့်အရာများကို ထောက်။

ထို့ကြောင့် ပါရမီတော်ခန်း၊ ကဗျာကျမ်း၌ "နိဝရဏ၊ ရမက်-စသည်၊ ခွင့်ရစောင့်ရှောက်၊ ရန် ၆-ယောက်တို့၊ ကင်းထောက်လိုက်လံ၊ မေ့ဆုကြဲလျက်၊ ပေါ်လျှံနှလုံး၊ လုပ်ကြံတုန်းတွင်"ဟု စပ်ဆိုတော်မူသည်။

အချို့လည်း မာတာပိတု-ပုဒ်၌ မင်္ဂလာတရား ၃-ပါး ထင်မှတ်၍ "ဧတံ၊ ဤတရား ၃-ပါးသည်လျှင်-ဟူ၍လည်းကောင်း" အာရတိ-ပုဒ်၌ မင်္ဂလာတရား ၄-ပါး ထင်မှတ်၍ "ဧတံ၊ ဤတရား ၄-ပါးသည်လျှင်"ဟု အနက်ပေး၍ ပို့ချသင်ကြား နိသျန်စောင် ရေးသားကြသည်ကား မှားလေစွ။ ဒါနဉ္စ ဓမ္မစရိယာ-ပုဒ်၌ ကုသလကမ္မပထတရား ၁၀-ပါးတို့ကို ကျင့်သည်ကား ဓမ္မစရိယ မည်၏။ တပေါ စ ဗြဟ္မစရိယဉ္စ-ပုဒ်၌ မေထုန်အကျင့်မှ ကင်းသောအကျင့်ကို ကျင့်သည်ကား ဗြဟ္မစရိယ မည်၏။ (ဤသို့ အထူးမှတ်)

'ဂါရဝေါ စ'ဟူသော ပုဒ်၌ ယုံမှားသံသယရှိသောအခါ, ကိလေသာ နှိပ်စက်သောအခါ တရားတော်ကို နာခြင်းသည် ကာလေန ဓမ္မဿဝနံ မည်၏။ —

ရေနံချောင်းမြို့ အသုံးတော်ခံ ဒကာထွန်းက "အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ"စသည်ဖြင့် မင်္ဂလာတရား ၃၈-ပါးတို့ကို ဟောကြားတော်မူရာ ၁၀-ခုသော ဂါထာတို့ဖြင့် ပြအပ်သော ၃၈-ပါးသော မင်္ဂလာတရားတို့၏ သရုပ်သဏ္ဍာကို နေရာကျ မသိနိုင်ကြ ရှိသည်ဖြစ်ပါ၍ နေရာကျ သိမှတ်ပါရအောင် ကယ်မသနားတော်မူပါမည့် အကြောင်းနှင့် လျှောက်သောကြောင့် ကျမ်းဂန်အလာ ဒေသနာနယကို ညွှန်ပြထုတ်ဆောင်၍ ၁၂၄၀-ပြည့်၊ ဝါဆိုလပြည့်ကျော်၊ ၁၂-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိမ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★

## အသုံးခံမင်း မောင်ကွန်း-က မုသာဝါဒနှင့် သုရာမေရယသည် မည်သည်က မဟာသာဝဇ္ဇဖြစ်မည်ကို မေးလျှောက်ချက်

[၁၅၁] "ဘုရားတပည့်တော် ရေနံချောင်းမြို့၊ အသုံးတော်ခံ ဒကာထွန်း ခြေတော်ဦးခိုက် လျှောက်ဝံ့ပါသည် ဆရာတော်ဘုရား။

အချို့လည်း ၅-ပါးသီလတို့တွင် သုရာမေရယကို သာလွန်၍ အပြစ်ကြီးသည်ဟု ပြောဆိုကြပါသည်၊ အချို့လည်း မုသာဝါဒ သာလွန်၍ အပြစ်ကြီးသည်-ဟု ပြောဆိုကြပါသည်။ ထိုသို့ ဝါဒအသီးသီး ကွဲပြား၍ သဘောရှိရာ ပြောဆိုကြသဖြင့်

နေရာကျ မသိနိုင်ကြရှိသည်ဖြစ်ပါ၍ နေရာကျကျ သန္နိဋ္ဌာန်ချ၍ သိမှတ်ပါရအောင် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းဂန်နှင့်အညီ ထုတ်ဖော်ရေးသား ကယ်မသနားတော်မူပါမည့်အကြောင်းကို ခြေတော်ဦးခိုက် လျှောက်ဝံ့ပါသည် ဆရာတော်ဘုရား"။

ရှင်းအသုံးခံမင်း လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ—

[၁၅၁] ၅-ပါးသီလတွင် သုရာမေရယ သာလွန်၍ အပြစ်ကြီးသည်၊ အချို့လည်း မုသာဝါဒ သာလွန်၍ အပြစ်ကြီးသည်-ဟု ပြောဆိုကြပါသည်။ ထိုစကားကို အဘယ်ကဲ့သို့ ကွဲပြား၍ မှတ်သားပါရမည်ကို လျှောက်သည်မှာ ခုဒ္ဒကပါဌ၊ သိက္ခာပဒသုတ်အဋ္ဌကထာတွင် မဟာသာဝဇ္ဇကို ပြဆိုဆုံးဖြတ်ရာ–

**အပိ စေတ္ထ သုရာမေရယမဇ္ဇပမာဒဋ္ဌာန'မေဝ မဟာသာဝဇ္ဇံ၊ န တထာ ပါဏာတိပါတာဒယော၊ ကသ္မာ မနုဿဘူတဿာပိ ဥမ္မတ္တကဘာဝသံဝတ္တနေန အရိယဓမ္မန္တရာယကရဏတော–** (ခုဒ္ဒက၊ဋ္ဌ။၁၉)

ဟူ၍ လာသည်။

အပိ စ၊ ဆိုဖွယ်အထူးကား။ ဧတ္ထ၊ ဤကံ ၅-ပါးတို့တွင်။ ဝါ၊ ဤ(သုရာ)မေရယ ၅-ပါးတို့တွင်။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနမေဝ၊ သုရာမေရယမဇ္ဇပမာဒဋ္ဌာနသည်သာလျှင်။ မဟာ-သာဝဇ္ဇံ၊ အပြစ်ကြီး၏။ တထာ၊ ထိုသုရာမေရယအတူ။ ပါဏာတိပါတာဒယော၊ ပါဏာ-တိပါတ-စသော ကံ ၄-ပါးတို့သည်။ မဟာသာဝဇ္ဇံ အပြစ်ကြီးသည်။ န ဟောတိ၊ မဖြစ်။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ မနုဿဘူတဿာပိ၊ လူဖြစ်သော သူအားလည်း။ ဥမ္မတ္တကဘာဝသံဝတ္တနေန၊ ရူးသည်၏အဖြစ်ကို ဖြစ်စေသဖြင့်။ အရိယဓမ္မန္တရာယ ကရဏ-တော၊ အရိယမဂ်,ဖိုလ်၏ အန္တရာယ်ကို ပြုတတ်သောကြောင့်တည်း။

ဤအဋ္ဌကထာပါဌ်၌ ပါဏာတိပါတ-စသော ကံ ၅-ပါးတို့၏ သာဝဇ္ဇကို ညီတူညီမျှ ပြပြီးမှ ကံ ၄-ပါးတို့ထက် သုရာမေရယကံ သာလွန်၍ အပြစ်ကြီးကြောင်းကို ပြပြန်လို၍ 'အပိ စေတ္ထ'စသော ပါဌ်ကို မိန့်သတည်း။

"သုရာမေရယကံသည် ကံ ၄-ပါးတို့ထက် သာလွန်၍ အဘယ်ကြောင့် အပြစ်ကြီးသနည်း"ဟု မေးရန်ရှိ၍ ကသ္မာ-ဟူသော ပုစ္ဆာပါဌ်ကို ထားပြီးမှ "မနုဿဘူတဿာပိ ဥမ္မတ္တကဘာဝသံဝတ္တနေန အရိယဓမ္မန္တရာယကရဏတော"ဟူသော ဟိတ်ပါဌ်ကို မိန့်ဆိုတော်မူသတည်း။

ကံ ၅-ပါးတို့ကို အသီးအသီးပြုကြ၍ အပါယဂမနိယအကျိုးကို ခံပြီးမှ လူ့ဘုံ, လူ့ဘဝကို ရချင်း တူကြသော်လည်း ရှုးသွပ်သောအမျိုး၌ ဖြစ်လေရကား မင်္ဂ,ဖိုလ်၏ အန္တရာယ် ဖြစ်၏။ ထို့ကြောင့် သုရာမေရယကံသည် ကံ ၄-ပါးတို့ထက် မဟာသာဝဇ္ဇဖြစ်၏ ဟူလို။

ဤစကားကို အထက် မင်္ဂလာဝိနိစ္ဆယတွင် ကွဲပြားအောင် ပြဆိုခဲ့ပြီ။ ပဥ္စကနိပါတ်၊ အင်္ဂုတ္တိုရ်ပါဠိတော် (နှာ-၁၈၅)၌လည်း ကံ ၅-ပါးတို့၏အပြစ်ကို အသီးအသီး ဟောတော်မူပြီးမှ သုရာမေရယ သာလွန်၍ အပြစ်ကြီးကြောင်းကို-

**အယံ ပုရိသော သုရာမေရယမဇ္ဇပမာဒဋ္ဌာန'မနုယုတ္တော၊ ဣတ္ထိံ ဝါ ပုရိသံ ဝါ ဇီဝိတာ ဝေါရောပေသိ၊ အယံ ပုရိသော သုရာမေရယမဇ္ဇပမာဒဋ္ဌာန'မနုယုတ္တော၊ ဂါမာ ဝါ အရညာ ဝါ အဒိန္နံ အာဒိယတိ*(အာဒိယိ)* အယံ ပုရိသော သုရာမေရယမဇ္ဇပမာဒဋ္ဌာန'မနုယုတ္တော၊ ပရိတ္ထိသု ပရကုမာရိသု စာရိတ္တံ အာပဇ္ဇတိ၊ *(အာပဇ္ဇိ)* အယံ ပုရိသော သုရာမေရယမဇ္ဇပမာဒဋ္ဌာန'မနုယုတ္တော ဂဟပတိဿ ဝါ၊ ဂဟပတိပုတ္တဿ ဝါ အတ္ထံ ဘဉ္ဇတိ*(ပဘဉ္ဇိ)* -**

ဟု ဟောတော်မူသည်။

အယံ ပုရိသော၊ ဤယောကျ်ားသည်။ သုရာမေရယမဇ္ဇပမာဒဋ္ဌာန'မနုယုတ္တော၊ မေ့လျော့ခြင်း၏အကြောင်းဖြစ်သော သုရာမေရယကို သောက်စားခြင်းနှင့် ယှဉ်၏။ သော၊ ထိုသူသည်။ ဣတ္ထိံ ဝါ၊ မိန်းမကိုလည်းကောင်း။ ပုရိသံ ဝါ၊ ယောကျ်ားကိုလည်းကောင်း။ ဇီဝိတာ၊ ဇီဝိတိန္ဒြေမှ။ ဝေါရောပေသိ၊ ချ၏။ အယံ ပုရိသော၊ ဤယောကျ်ားသည်။ သုရာမေရယမဇ္ဇပမာဒဋ္ဌာန'မနုယုတ္တော၊ မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သုရာမေရယကို သောက်စားခြင်းနှင့် ယှဉ်၏။ သော၊ ထိုသူသည်။ ဂါမာ ဝါ၊ ရွာမှလည်းကောင်း။ အရညာ ဝါ၊ တောမှလည်းကောင်း။ အဒိန္နံ၊ အရှင်သည် ကိုယ်,နှုတ်တို့ဖြင့် မပေးသော သူတပါး၏ ဥစ္စာကို။ အာဒိယတိ၊ ယူ၏။ အယံ ပုရိသော၊ ဤယောကျ်ားသည်။ သုရာမေရယမဇ္ဇပမာဒဋ္ဌာန'မနုယုတ္တော၊ မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သုရာမေရယကို သောက်စားခြင်းနှင့် ယှဉ်၏။ သော၊ ထိုသူသည်။ ပရိတ္ထိသု ဝါ၊ တပါးသော မိန်းမတို့၌လည်းကောင်း။ ပရကုမာရိသု၊ သူတပါး သမီးငယ်*(မိန်းမပျို)*တို့၌လည်းကောင်း။ စာရိတ္တံ၊ မှားယွင်းဖောက်ပြန်၍ ကျင့်ခြင်းသို့။ အာပဇ္ဇတိ၊ ရောက်၏။ အယံ ပုရိသော၊ ဤယောကျ်ားသည်။ သုရာမေရယမဇ္ဇပမာဒဋ္ဌာန'မနုယုတ္တော၊ မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သုရာမေရယကို သောက်စားခြင်းနှင့် ယှဉ်၏။ သော၊ ထိုသူသည်။ ဂဟပတိဿ ဝါ၊ သူကြွယ်၏လည်းကောင်း။ ဂဟပတိပုတ္တဿ ဝါ၊ သူကြွယ်သား၏လည်းကောင်း။ အတ္ထံ၊ အကျိုးစီးပွါးကို။ ဘဉ္ဇတိ၊ ပျက်၏။

ခုဒ္ဒကပါဌပါဠိတော်၊ မင်္ဂလသုတ်တွင် **"အာရတီ ဝိရတီ ပါပါ၊ မဇ္ဇပါနာ စ သံယမော"** ဟု ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ, မုသာဝါဒ၊ ကံ ၄-ပါးတို့မှတပါး သုရာမေရယကို မင်္ဂလာ ၁-ပါးဖြင့် သီးခြားဟောတော်မူသည်။ သီးခြားဟောကော်မူသည် မှာလည်း ပါဏာတိပါတ-စသော ကံ ၄-ပါးတို့ထက် သုရာမေရယကံ သာလွန်၍ အပြစ်ကြီး သောကြောင့် ဟောတော်မူသည် မှတ်ရမည်။

ထို့ကြောင့် ပရမတ္ထဇောတိကမည်သော ခုဒ္ဒကပါဌ၊ မင်္ဂလသုတ် အဖွင့်အဋ္ဌကထာ၌-

> **မဇ္ဇပါနာ စ သံယမော နာမ၊ ပုဗ္ဗေ ဝုတ္တသုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိယာ ဧတံ အဓိဝစနံ၊ ယသ္မာ ပန မဇ္ဇပါယီ အတ္ထံ န ဇာနာတိ။ ဓမ္မံ န ဇာနာတိ၊ မာတု အန္တရာယံ ကရောတိ၊ ပိတု အန္တရာယံ ကရောတိ၊ ဗုဒ္ဓ ပစ္စေကဗုဒ္ဓ တထာဂတသာဝကာ- နမ္ပိ အန္တရာယံ ကရောတိ၊ ဒိဋ္ဌေ ဓမ္မေ စ ဂရဟံ၊ သမ္ပရာယေ စ ဒုဂ္ဂတိံ၊ အပရာပရိယေ ဥမ္မာဒဉ္စ ပါပုဏာတိ။** (ခုဒ္ဒကာ၊ဋ္ဌ။၁၂၀။ ထောက် ဝိသဒိသံ)

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

မဇ္ဇပါနာ စ သံယမော ဧတံ နာမ၊ **မဇ္ဇပါနာ စ သံယမော**-ဟူသော ဤအမည်သည်။ ပုဗ္ဗေ၊ ရှေးဖြစ်သော သိက္ခာပဒသုတ်၌။ ဝုတ္တသုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိယာ၊ ဆိုအပ်ခဲ့ပြီးသော သုရာမေရယမဇ္ဇပမာဒဋ္ဌာနာဝေရမဏီ-၏။ အဓိဝစနံ၊ အမည်တည်း။ ယသ္မာ၊ အကြင်ကြောင့်။ မဇ္ဇပါယီ၊ သေသောက်လေ့ရှိသောသူသည်။ အတ္ထံ၊ အကျိုးစီးပွါး ကို။ န ဇာနာတိ၊ မသိ။ ဓမ္မံ၊ အကြောင်းတရားကို။ န ဇာနာတိ၊ မသိ။ မာတု အန္တရာယံ၊ အမိ၏အန္တရာယ်ကို။ ကရောတိ၊ ပြု၏။ ပိတု အန္တရာယံ၊ အဖ၏အန္တရာယ်ကို။ ကရောတိ၊ ပြု၏။ ဗုဒ္ဓ ပစ္စေကဗုဒ္ဓ တထာဂတသာဝကာနမ္ပိ၊ ဘုရား, ပစ္စေကဗုဒ္ဓါ, သာဝကတို့၏လည်း။ အန္တရာယံ၊ အန္တရာယ်ကို။ ကရောတိ၊ ပြု၏။ ဒိဋ္ဌေ ဓမ္မေ စ၊ မျက်မှောက်ဘဝ၌လည်း။ ဂရဟံ၊ ဘုရား-စသော သူတော်ကောင်းတို့ ကဲ့ရဲ့ခြင်းသို့။ သမ္ပရာယေ စ၊ တမလွန်ဘဝ၌လည်း။ ဒုဂ္ဂတိံ၊ အပါယ်လားခြင်းသို့။ အပရာပရိယေ၊ သံသရာဘဝ၌။ ဥမ္မာဒဉ္စ၊ ရူးခြင်းကို(သို့)လည်း။ ပါပုဏာတိ၊ ရောက်၏။

အချို့သောသူတို့က "သုရာမေရယ သောက်စားသူတို့သည် အပါယဂမနိယ မဖြစ်၊ အပြစ်ပင် မရှိ"ဟု ပြောဆိုကြ၏။ ပါဠိ, အဋ္ဌကထာ, ဋီကာကျမ်းဂန်တို့ကို မတွေ့မသိ မရိပ်မိ၍သာ ဆိုရှာပလေသည် မှတ်ရသည်။

သုရာ-ဟူသောပုဒ်, အသုရာ-ဟူသော ပုဒ်, သုရာမေရယ-ဟူသောပုဒ်များ၌ သု- မှာ ဥ-ရဿနှင့် သုရာ-ဟု ရှိမှ သင့်သည်၊ သူရာ-ဟု ဦ-ဒီဃနှင့် ရှိမှု မသင့်။

သုရ ဣဿရိယဒိတ္တိသု၊ သုရတီတိ သုရာ။ သုန္ဒရာ ဝါစာ အဿာတိ သုရာ။
(သဒ္ဒနီတိ၊ ဓာတု၊ နှာ-၁၅၅)

သုရန္တိ ကီဠန္တိ'တိ သုရာ။ သုခေန ရမန္တိ'တိ ဝါ သုရာ။ (အဘိဓာန်ဋီကာဂါထာ-၁၁-၁၂)

သုရေန ဝနစရကေန ကတာ ပါနဇာတိ သုရာ။ (သဒ္ဒနီတိ၊သုတ္တ၊နှာ-၂၄၆)

သု အဘိသဝေ၊ ရော။ သု သဝနေ ဝါ၊ ရော။ (အဘိဓာန်ဋီကာ၊ဂါထာ-၅၃၃)

အနိဋ္ဌဖလဒါယကတ္တံ သဝတီ'တိ သုရာ၊ မဒိရာ။ (မောဂ္ဂလ္လာန်)

အာဒိကာလ'မုပါဒါယ သုရေန ဝနစရကေန စေဝ ဝရုဏေန စ ဒိဋ္ဌတ္တာ သုရာတိ နာမံ ဇာတံ။ (တိသနိပါတ်၊ ကုမ္ဘဇာတ်အဋ္ဌကထာ၊နှာ-၁၃)

သုရံ ပိဝိမှ သုရံ ပိဝိမှာ'တိ အာဟံသု။ တတော ပဋ္ဌာယ သုရာ နာမ ဇာတာ။
(သဂါထာဝဂ္ဂသံယုတ်အဋ္ဌကထာ၊နှာ-၃၀၉)

(သုရာနှင့် အသုရာ အပဋိသေဓဖြစ်သည်သာ ထူးသည်။)

**သုရ ဣဿရိယဒိတ္တိသု၊ သုရတီတိ သုရာ။ သုန္ဒရာ ဝါစာ အဿာတိ သုရာ။** (သဒ္ဒနီတိ)

သုရ၊ သုရသဒ္ဒါသည်။ ဣဿရိယဒိတ္တိသု၊ အစိုးရခြင်း, ထွန်းပခြင်း အနက်တို့၌ ဖြစ်၏။ သုရတိ၊ ရဲရင့်တတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သုရာ၊ သုရာ မည်၏။ ဝါ၊ တစ်နည်းကား။ *(အဿ၊ ထိုအသုရာအား။)* သုန္ဒရာ၊ ကောင်းသော။ ဝါစာ၊ စကားသည်။ အတ္ထိ၊ ရှိ၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သုရာ၊ သုရာ မည်၏။

**သုရန္တိ ကီဠန္တိ'တိ သုရော။ သုခေန ရမန္တိ'တိ ဝါ သုရာ။** (အဘိဓာန်ဋီကာဂါထာ-၁၁-၁၂)

သုရန္တိ ကီဠန္တိ၊ ကစားမြူးထူးတတ်ကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သုရာ၊ သုရာ မည်၏။ ဝါ၊ တစ်နည်းကား။ သုခေန၊ ချမ်းသာခြင်းဖြင့်။ ရမန္တိ၊ မွေ့လျော်တတ်ကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သုရာ၊ သုရာမည်၏။

**သုရေန ဝနစရကေန ကတာ ပါနဇာတိ သုရာ။** (သဒ္ဒနီတိ၊သုတ္တ၊နှာ-၂၄၆)

သုရေန ဝနစရကေန၊ သုရာမည်သော မုဆိုးသည်။ ကတာ၊ ပြုအပ်သော။ ပါန-ဇာတိ၊ အဖျော်သည်။ သုရာ၊ သုရာ မည်၏။

**သု အဘိသဝေ၊ ရော။ သု သဝနေ ဝါ၊ ရော။** (အဘိဓာန်ဋီကာ၊ဂါထာ-၅၃၃)

သု၊ သု-ဓာတ်သည်။ အဘိသဝေ၊ ယိုစီးခြင်းအနက်၌ ဖြစ်၏။ ရော၊ ရ-ပစ္စည်းသက်။ ဝါ၊ တစ်နည်းကား။ သု၊ သု-ဓာတ်သည်။ သဝနေ၊ ပွါးခြင်းအနက်၌ ဖြစ်၏။ ရော၊ ရ-ပစ္စည်းသက်။ သုရာ၊ သုရာ မည်၏။

**အနိဋ္ဌဖလဒါယကတ္တံ သဝတိ'တိ သုရာ။ မဒိရာ။ (မောဂ္ဂလ္လာန်)**

အနိဋ္ဌဖလဒါယကတ္တံ၊ အလိုမရှိသော အကျိုးကို ပေးခြင်းငှာ။ သဝတိ၊ ပွါးတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သုရာ၊ သုရာ မည်၏။ မဒိရာ၊ သေ-ဟူသော အဖျော်ရ၏။

**အာဒိကာလမှပါဒါယ သုရေန ဝနစရကေန စေဝ ဝရုဏေန စ ဒိဋ္ဌတ္တာ သုရာတိ နာမံ ဇာတံ။** (တိသနိပါတ်၊ ကုမ္ဘဇာတ်အဋ္ဌကထာ)

အာဒိကာလမှပါဒါယ၊ အစရှေးဦး၊ ပကတူးကာလကို စွဲ၍။ သုရေန ဝနစရကေန စေဝ၊ သုရာမည်သော မုဆိုးနှင့်။ ဝရုဏေန စ၊ ဝရုဏ-ဟု၊ နာမမည်ခံ၊ ခြိုးခြံကျင့်မြတ်၊ ပဋိပတ်ကြောင့်၊ တောရပ်ပျော်မွေ့ ရှင်ရသေ့သည်။ ဒိဋ္ဌတ္တာ၊ မြင်အပ်သည်၏ အဖြစ်ကြောင့်။ တဿ ပါနဿ၊ ထိုအဖျော်၏။ သုရာတိ နာမံ၊ သုရာ-ဟူသော အမည်သည်။ ဇာတံ၊ ဖြစ်၏။

**သုရံ ပိဝိမှ သုရံ ပိဝိမှာ'တိ အာဟံသု။ တတော ပဋ္ဌာယ သုရာ နာမ ဇာတာ။**

"သုရံ၊ သေကို။ ပိဝိမှ၊ သောက်ကြစို့။ သုရံ၊ သေကို။ ပိဝိမှ၊ သောက်ကြစို့"။ ဣတိ၊ ဤသို့။ အာဟံသု၊ ဆိုကြကုန်၏။ တတော ပဋ္ဌာယ၊ ထိုကာလမှ စ၍။ သုရာ နာမ၊ သုရာ မည်သည်။ ဇာတာ၊ ဖြစ်၏။ (သဂါထာဝဂ္ဂသံယုတ်အဋ္ဌကထာ)

မုသာဝါဒ အပြစ်ကြီးသည်ဆိုသည်မှာ မြတ်စွာဘုရား သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတွင် ကိန်းအောင်းမွေ့လျော် စံပျော်တော်မူသောအခါ မိစ္ဆာဒိဋ္ဌိအလိုသို့ လိုက်ပြီးလျှင် စိဉ္စာမည်သော မိန်းမသည် ကိုယ်ဝန်ရှိယောင်ဆောင်၍ မြတ်စွာဘုရား ပရိသတ် ၄-ပါးတို့အား တရားဟောတော်မူရာ "ငါ၏ လင်ဖြစ်သည်"ဟု စွပ်စွဲပြောဆိုလေလျှင်-

**ဘဂိနိ တယာ ကထိတဿ တထဘာဝံ ဝါ ဝိတထဘာဝံ ဝါ အဟဉ္စ တွဉ္စ ဇာနာမ။**

ဟု ဘုရား ဆိုတော်မူသည်။ (ဓမ္မဋ္ဌ၊၂။၁၁၇။ ဇာ၊ဋ္ဌ၊၄။၁၈၉)

ဘဂိနိ၊ နှမ။ တယာ ကထိတဿ၊ သင်ဆိုသော စကား၏။ တထဘာဝံ ဝါ၊ ဟုတ်မှန်သော အဖြစ်ကိုလည်းကောင်း။ ဝိတထဘာဝံ ဝါ၊ မဟုတ်မမှန်သော အဖြစ်ကိုလည်းကောင်း။ အဟဉ္စ၊ ငါဘုရားသည်လည်းကောင်း။ တွဉ္စ၊ သင်သည်လည်းကောင်း။ ဇာနာမ၊ သိရကုန်အံ့။

"သဗ္ဗေသ'မေကာဘိဓာနေ ပရော ပုရိသော"ဟူသော ကစ္စည်းသုတ်နှင့်အညီ ပုရိသ် ၂-ပါးယှဉ်ရာ ဇာနာမ-ဟု နောက်ပုရိသ်ပြု၍ ဗဟုဝုစ် သက်သည်။ 'ဘဂိနိ'ဟူသော

ပုဒ်များ၌ 'ဘဂိနိ'ဟု ဂိ-မှာ ဤ-ဒီဃနှင့် နိ-မှာ ဣ-ရဿနှင့် ရွတ်ကြ၏၊ မသင့်။ 'ဘဂိနီ'ဟု ဂိ-မှာ ဣ-ရဿနှင့် နီ-မှာ ဤ-ဒီဃနှင့် ရွတ်မှ သင့်သည်။

**ပတိဘိက္ခုရာဇီကာရန္တေဟိ ဣနီ။** (ကစ္စည်းသုတ်)

ထိုအခါ စိဉ္စာမည်သော မိန်းမက "**အာမ မဟာသမဏ တယာ စ မယာ စ ဉာတဘာဝေနေတံ ဇာတံ**"ဟု လျှောက်ပြန်၏။ (ဓမ္မဋ္ဌ၊၂။၁၁၇။ ဇာဋ္ဌ၊၄။၁၈၉)

မဟာသမဏ၊ ရဟန်းကြီး ဂေါတမ။ အာမ၊ ဩော် သင်ဆိုတိုင်း ဟုတ်၏။ တယာ စ၊ သင်သည်လည်းကောင်း။ မယာ စ၊ ငါသည်လည်းကောင်း။ ဉာတဘာဝေန၊ သိသော အဖြစ်ဖြင့်။ ဧတံ၊ ထိုအမှုသည်။ ဇာတံ၊ ဖြစ်၏။

ထိုအခါ တာဝတိံသာနတ်ရွာသနင်း သိကြားမင်းသည် စာတုလောကပါလနတ်သား ၄-ယောက်တို့ကို ကြွက်ငယ်အယောင် ဖန်ဆင်းစေ၍ ကိုယ်ဝန်ယောင်ဆောင်သော ကြိုးတို့ကို ဖြတ်စေသဖြင့် ခြေမသို့ သစ်ခွံကျ၍ ပြုတ်လေလျှင် လူအပေါင်းတို့က "နင် သူယုတ်မ"ဟု ဆွဲထုတ်ငင်သွား ဇေတဝန်ကျောင်းတော်၏ ပြင်ပါးတွင် စွန့်ထားပစ်ချလေလျှင် အဝီစိငရဲမှ မီးလျှံထ၍ ခဏချင်း ယူသွားလေသည်။

ထိုအခါ ရဟန်းတို့သည် စိဉ္စာမည်သော မိန်းမ၏ စွပ်စွဲသောအကြောင်းကို ပြောဆိုကြသောကာလ ဒွါဒသကနိပါတ်တွင် မဟာပဒုမဇာတ်ကို အကျယ်ပြတော်မူ၍ "ချစ်သား ရဟန်းတို့ မုသာဝါဒကို ပြောဆိုသောသူအား တစ်စုံတစ်ခုသော မကောင်းမှုကို မပြုသည် မည်သည် မရှိ"ဟု မိန့်တော်မူပြီးမှ–

**ဧကဓမ္မံ အတီတဿ၊ မုသာဝါဒိဿ ဇန္တုနော။**
**ဝိတိဏ္ဏပရလောကဿ၊ နတ္ထိ ပါပံ အကာရိယံ –**

ဟူ၍ ဟောတော်မူသည်။ (ခုဒ္ဒက။၃၉၊၂၀၇။ ဓမ္မဋ္ဌ၊၂။၁၁၉။ ဣတိဝုတ်၊ဋ္ဌ။၈၂-၃)

ဧကဓမ္မံ၊ ၁-ခုသော သစ္စာတရားကို။ အတီတဿ၊ လွန်သော။ မုသာဝါဒိဿ၊ မဟုတ်မမှန်သော စကားကိုဆိုသော။ ဝိတိဏ္ဏပရလောကဿ၊ တမလွန်ကို မငဲ့၊ လွတ်အပ်ပြီးသော တမလွန်လောကရှိသော။ ဇန္တုနော၊ သတ္တဝါအား။ အကာရိယံ၊ မပြုအပ်သော။ ပါပံ နာမ၊ မကောင်းမှုမည်သည်။ နတ္ထိ၊ မရှိ။

သိက္ခာပဒသုတ်အဋ္ဌကထာနှင့် ဤပါဠိတော်အရ စကား ၂-ရပ်ကို ထောက်ဆဆင်ခြင်လျှင် "မုသာဝါဒ အပြစ်ကြီးသည်"ဟု ဟောကော်မူသည်မှာ မုသာဝါဒကို ပြောဆိုသော

သူသည် ဤမှတပါးသော မကောင်းမှုတို့ကို မပြု-ဟူ၍ မမှတ်ရ။ ဤသို့ အနက်သဘော ရောက်၏။ **ဤသည်လျှင် မုသာဝါဒ၏ အပြစ်တည်း။**

သုရာမေရယကဲ့သို့ "ဥမ္မတ္တကဘာဝ အရိယမဂ္ဂန္တရာယ"စသော အပြစ်ကို ဟော တော်မူသောအရာ မဟုတ်။ ပါဠိတော်၏ အဖွင့်အဋ္ဌကထာတွင်လည်း မပါခဲ့ရကား သိက္ခာ-ပဒသုတ်အဋ္ဌကထာ(ခုဒ္ဒကဋ္ဌ။၁၉), မင်္ဂလသုတ်အဋ္ဌကထာ(ခုဒ္ဒကဋ္ဌ။၁၂၀)တို့တွင် လာသည့် အတိုင်း သုရာမေရယကိုသာ ကံ ၄-ပါးတို့ထက် ဝိသေသတရ မဟာသာဝဇ္ဇဖြစ်သည်-ဟု မှတ်ရာ၏။

သံသရာဘဝ အပရာပရိယတို့၌ "ဥမ္မတ္တကဘာဝသံဝတ္တနိက၊ အရိယမဂ္ဂန္တရာယ" စသောအပြစ်ကို ထားဘိဦး။ ပစ္စက္ခတွင်ပင် ပါဏာတိပါတ-စသော ကံ ၁-ခုခုကိုသာ ပြုကျင့် လွန်ကျူးသောသူတို့သည် ဤမှတပါးသော ကံတို့ကို မပြုသည်လည်း ရှိရာ၏။ သုရာမေရယ ကို သောက်စားသသူတို့မှာသော်ကား ဤမှတပါးသော ကံကို ဧကန်မုချ ပြုလေရာ၏။

"ဥမ္မတ္တကဘာဝ'အရိယမဂ္ဂဗုဒ္ဓပစ္စေကဗုဒ္ဓသာဝကမာတုပိတု အန္တရာယ"တို့ကိုလည်း ပြုမည် ဧကန်ပင်။ ထို့ကြောင့် ကံ ၄-ပါးတို့ထက် သုရာမေရယကို မဟာသာဝဇ္ဇ-ဟု မှတ်ရာ၏။ အချို့ဆရာတို့ကား ခုဒ္ဒကပါဌအဋ္ဌကထာတွင်-

> **အပိ စေ'တ္ထ သုရာမေရယမဇ္ဇပမာဒဋ္ဌာန'မေဝ မဟာသာဝဇ္ဇံ၊ န တထာ ပါဏာတိ-ပါတာဒယော။**

ဟူသောပါဌ်ကို ဆောင်၍ သုရာမေရယ အပြစ်ကြီးသည်ဆိုသည်လည်း အဋ္ဌကထာပင်။ ဓမ္မပဒအဋ္ဌကထာတွင်-

> **ဧကံ ဓမ္မံ အတီတဿ၊ မုသာဝါဒဿ ဇန္တုနော။**
> **ဝိတိဏ္ဏပရလောကဿ၊ နတ္ထိ ပါပံ အကာရိယံ -**

ဟူသော ဂါထာကို ဆောင်၍ မုသာဝါဒ အပြစ်ကြီးသည်ဆိုသည်လည်း အဋ္ဌကထာပင် ဖြစ်၍ သဘောနှစ်ခြိုက်ရာ ယူရာ၏-ဟု စာပေရေးသား မှတ်ထားကြလေသည်။ ဤသို့ ၂-ထွေ ၂-ပါး ကွဲပြား၍ မမှတ်သင့်။ **"အာရတိ ဝိရတိ ပါပါ၊ မဇ္ဇပါနာ စ သံယမော"** ဟူသော ဂါထာလည်း ပါဠိတော်ပင်၊ "ဧကံဓမ္မံ အတီတဿ"ဂါထာလည်း ပါဠိတော်ပင်။ ယင်းသို့ ပါဠိတော်ချည်းဖြစ်၍ ဝိဝါဒ မကွဲပြားကောင်း။ ပါဠိတော် ဒေသနာရိပ်ကို ဆင်ခြင်၍ အဋ္ဌကထာဆရာ မိန့်မှာဖွင့်ဆိုတော်မူသည့်အတိုင်းသာ ယူသင့်ရကား သုရာမေရယကံကို ကံ ၄-ပါးတို့ထက် သာလွန်၍ မဟာသာဝဇ္ဇဖြစ်သည်-ဟု မှတ်ရာ၏။

ဤတွင်ဓမ္မ, မုသာဝါဒ, သုရာမေရယ ကံ ၂-ပါးတို့၏ မဟာသာဝဇ္ဇအထူးကို ပြဆိုသော စကားရပ် အပြီးသတ်တည်း။

ၐင်းစကားရပ်တို့ကို အကျယ်သိလိုလျှင် ပရမတ္ထဇောတိကမည်သော ခုဒ္ဒကပါဠိ၊ သိက္ခာပဒသုတ် အဖွင့်အဋ္ဌကထာ။ မင်္ဂလသုတ် အဖွင့်အဋ္ဌကထာ။ ပဉ္စကနိပါတ်၊ အင်္ဂုတ္တိုရ်ပါဠိ,အဋ္ဌကထာတို့မှာ ကြည့်လေ။ (ခုဒ္ဒက၊ဋ္ဌ။၁၉၊၁၂၀။ သုတ္တနိ၊ဋ္ဌ၊၂။၂၆။ အံ၊၂၁၈၅။အံ၊ဋ္ဌ၊၃။၆၂)

ရေနံချောင်းမြို့၊ အသုံးတော်ခံ ဒကာမောင်ကွန်းက “၅-ပါးသီလတွင် သုရာမေရယ သာလွန်၍ အပြစ်ကြီးမည်။ မုသာဝါဒ သာလွန်၍ အပြစ်ကြီးမည်ကို နေရာကျ သိမှတ်ပါရ အောင် ကယ်မသနားတော်မူပါမည့်အကြောင်း”နှင့် လျှောက်ထားရှိသောကြောင့် ကျမ်းဂန် အလာ ဒေသနာနယကို ထုတ်ဆောင်၍ ၁၂၄၀-ပြည့်၊ ဝါဆိုလပြည့်ကျော်၊ ၁၅-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိဒ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိ လိုက်သည်။

★★★★★★★

## အတွင်းခုံတော် နေမျိုးဇေယျသူ-က စိတ္တုပက္ကိလေသ ၁၆-ပါး, သံသဂ္ဂ ၅-ပါး, အရပ်ပြစ် ၈-ပါးများကို သိလိုကြောင်းနှင့် လျှောက်ထားချက်

[၁၅၂] “ဘုရားတပည့်တော် အတွင်းခုံတော်၊ နေမျိုးဇေယျသူ ခြေတော်ဦးခိုက် လျှောက်ဝံ့ပါသည် ဆရာတော်ဘုရား။

စိတ်၏ ညစ်ညူးကြောင်း—

(၁) စိတ္တုပက္ကိလေသတရား ၁၆-ပါးတို့ကိုလည်း သေချာစွာ သိလိုပါသည်၊

(၂) သံသဂ္ဂ ၅-ပါးတို့ကိုလည်း ကျမ်းဂန်နှင့် အသေအချာ သိလိုပါသည်၊

(၃) သုတဝဏ္ဏနာတွင်ပါသော အရပ်ပြစ် ၈-ပါးကိုလည်း ကျမ်းဂန်နှင့် ညီ,မညီကို နေရာ ကျ သိမှတ်ပါရအောင် ကယ်မသနားတော်မူပါမည့်အကြောင်းကို လျှောက်ပါ သည် ဆရာတော်ဘုရား”။

အတွင်းခုံတော် နေမျိုးဇေယျသူ လျှောက်ထားချက်အရ အဖြေဝိသဇ္ဇနာ–

[၁၅၂] (၁) စိတ္တုပက္ကိလေသတရား ၁၆-ပါးတို့ကို မေးလျှောက်သည်မှာ–

| | | | |
|---|---|---|---|
| ၁။ အဘိဇ္ဈာ | ၂။ ဝိသမလောဘ | ၃။ ဗျာပါဒ | |
| ၄။ ကောဓ | ၅။ ဥပနာဟ | ၆။ မက္ခီ(မက္ခ) | |
| ၇။ ပလာသီ(ပဠာသ) | ၈။ ဣဿာ | ၉။ မစ္ဆရိယ | |
| ၁၀။ မာယာသာဌေယျ | ၁၁။ ထမ္ဘ | ၁၂။ သာရမ္ဘ | |
| ၁၃။ မာန | ၁၄။ အတိမာန | ၁၅။ မဒ | ၁၆။ ပမာဒ |

ဤသို့ ၁၆-ပါးတည်း။ *[(မ၊၁။၄၃-၅)၌ အထက်ပါ ၁၆-ပါးတွင် ၁-နှင့် ၂-ကို ပေါင်း၍လည်းကောင်း၊ ၁၀-မာယာသာဌေယျ၌ မာယာ, သာဌေယျ-ဟု ၂-ပါးခွဲ၍လည်းကောင်း ၁၆-ပါး ဟု ဖော်ပြထားပါသည်]*

ထို ၁၆-ပါးတို့တွင် - မိမိဥစ္စာ၌ဖြစ်သော ဆန္ဒရာဂသည် အဘိဇ္ဈာ မည်၏။
- သူတပါး ဥစ္စာ၌ဖြစ်သော ဆန္ဒရာဂသည် ဝိသမလောဘ မည်၏။

တစ်နည်း - မိမိဥစ္စာဖြစ်သော ဆန္ဒရာဂသည် အဘိဇ္ဈာ မည်၏။
- မသင့်တင့် မလျောက်ပတ်သော အရာ၌ဖြစ်သော ဆန္ဒရာဂသည် ဝိသမ-လောဘ မည်၏။

တစ်နည်း "လောဘော ဝိသမံ၊ ဒေါသော ဝိသမံ။ မောဟော ဝိသမံ"ဟူ၍ ဟောတော်မူသောကြောင့် လောဘသည်ပင် လိုချင်တတ်သော အနက်ကြောင့် အဘိဇ္ဈာ မည်၏။ ထိုလောဘသည်ပင် မညီမညွတ်ဖြစ်တတ်သော အနက်ကြောင့် ဝိသမလောဘ မည်၏။ ထို့ကြောင့် အဘိဇ္ဈာ ဝိသမလောဘ-ဟူသည် အနက်အားဖြင့် မထူး။ သဒ္ဒါအားဖြင့်သာ ထူး၏။ ထိုအဘိဇ္ဈာ ဝိသမလောဘ ဖြစ်လာသည်ရှိသော် စိတ်ကို ဖျက်ဆီးတတ်၏။ အရောင်အဝါ တောက်ပစေခြင်းငှာ အခွင့်ကို မပေး။ ထို့ကြောင့် အဘိဇ္ဈာ ဝိသမလောဘ သည် စိတ်၏ ညစ်ညူးကြောင်း စိတ္တုပက္ကိလေသမေ္မ မည်၏။ ထိုစိတ်၏ ညစ်ညူးကြောင်း အဘိဇ္ဈာ ဝိသမလောဘ ဖြစ်လာသည်ရှိသော် အပါယ်သို့ ရောက်တတ်၏။

ထို့ကြောင့် မြတ်စွာဘုရားသည် မူလပဏ္ဏာသ၊ ရှေးဦးစွာသော မူလပရိယာယဝဂ် အစု၊ ၇-ခုမြောက်သော ဝတ္ထသုတ်ပါဠိတော် (ဘာရဒွါဇသုတ်လည်းဟူ)(မ၊၁။၄၃)၌ —

"စိတ္တေ ဘိက္ခဝေ သံကိလိဋ္ဌေ ဒုဂ္ဂတိ ပါဋိကင်္ခါ" ဟူ၍ ဟောတော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ စိတ္တေ၊ စိတ္တသည်။ သံကိလိဋ္ဌေ၊ ညစ်နွမ်းသည်ရှိသော်။ ဒုဂ္ဂတိ၊ အပါယ်ဆင်းရဲကို။ ပါဋိကင်္ခါ၊ အလိုရှိအပ်၏။ နောက်ပုဒ်တို့၌လည်း ဤနည်းတူ မှတ်ရာ၏။

"စိတ္တေ ဘိက္ခဝေ ဝိသုဒ္ဓေ *(အသံကိလိဋ္ဌေ)*သုဂတိ ပါဋိကင်္ခါ"ဟူသော သုက္ကပက္ခ ဒေသနာကိုလည်း သိရာ၏။

- ၉-ပါးကုန်သော အာဃာတဝတ္ထုတို့ကြောင့် ဖြစ်သော ဒေါသသည် ဗျာပါဒ မည်၏။

- ၁၀-ပါးကုန်သော အာဃာတဝတ္ထုတို့ကြောင့် ဖြစ်သော ဒေါသသည် ကောဓ မည်၏။

၉-ပါးသော အာဃာတဝတ္ထုဟူသော်ကား သုတ္တနိပါတ်ကျမ်းတွင် လာသည့်အတိုင်း "ဤသူသည် ငါ၏အကျိုးမဲ့ကို ပြုဖူးပြီ၊ ငါ၏အဆွေခင်ပွန်း၏ အကျိုးမဲ့ကို ပြုဖူးပြီ၊ ငါ၏ ရန်သူ၏ အကျိုးစီးပွါးကို ပြုဖူးပြီ" ဤသို့ အတိတ်၌ ၃-ပါး၊ ဤအတူ ပစ္စုပ္ပန်၌ ၃-ပါး၊ အနာဂတ်၌ ၃-ပါး၊ ဤသို့လျှင် ၉-ပါး ဖြစ်၏။

ထို ၉-ပါးတို့တွင် **အဋ္ဌာနကောပ**ကို ထည့်၍ အာဃာတဝတ္ထု ၁၀-ပါး ဖြစ်၏။

**အဋ္ဌာနကောပ**-ဟူသော်ကား မီးညှိ၍ မတောက်လျှင် မီးကိုပင် ဒေါသဖြစ်သည်။ အဝတ်ပုဆိုးကို လှမ်း၍ မခြောက်လျှင် လေကို ဒေါသ ဖြစ်သည်။ ဤသို့ အဝိညာဏကဝတ္ထုတို့၌ ဖြစ်သော ဒေါသသည် အဋ္ဌာနကောပ မည်၏။

အဋ္ဌကထာနည်းအားဖြင့် နဝဝိဓအာဃာတဝတ္ထုကို ပဋိလောမပြန်၍ အာဃာတဝတ္ထု ၉-ပါး၊ အဋ္ဌာနကောပနှင့် အာဃာတဝတ္ထု ၁၉-ပါး ဖြစ်၏။ (ဣတိဝုတ်၄။၃၃၆)

စိတ္တုပက္ကိလေသဖြစ်ဟန်ကို ပြဆိုခဲ့ပြီးသည့်အတိုင်း သိရာ၏။ တစ်စုံတစ်ခုသော အာဃာတဝတ္ထုကို စွဲ၍ တစ်စုံတစ်ယောက်သောသူ၌ အဖန်တလဲလဲဖြစ်သော ဒေါသသည် ဥပနာဟ မည်၏။ ရန်ငြိုးထားသည်-ဟူလို။

လူဖြစ်စေ, ရဟန်းဖြစ်စေ ပြုဖူးသော ကျေးဇူးအထူးကို ချေဖျက်ခြင်းသည် မက္ခ မည်၏။ တစ်စုံတစ်ယောက် ဆင်းရဲသသူကို တစ်စုံတစ်ယောက်သူက ဥစ္စာပြည့်စုံ ကုံလုံ ကြွယ်ဝအောင်သော်လည်းကောင်း, ရာထူးဌာနန္တရသို့ ရောက်အောင်သော်လည်းကောင်း ချီးမြှင့်၍ ဥစ္စာပစ္စည်းနှင့် ပြည့်စုံသောကာလ, ရာထူးဌာနန္တရကို ရသောကာလ "ငါတို့ကို သင်-အဘယ်ပြုဖူးသနည်း"ဟု ကျေးဇူးကို ချေဖျက်၏။

ရဟန်းဖြစ်သောသူသည်လည်း သာမဏေစဉ်ကာလမှ စ၍ ဆရာဥပဇ္ဈာယ်တို့က ပစ္စည်းပေးခြင်း, ပါဠိသင်ခြင်း, အဋ္ဌကထာ သင်ခြင်း-စသည်ဖြင့် ချီးမြှင့်၍ ကြီးပွါးလတ်သော် မင်း, မှူးမတ်-စသည်တို့ ပူဇာသက္ကာရကို ရလျှင် ဆရာဥပဇ္ဈာယ်တို့ကို မရို,မသေဘဲ မထီမဲ့မြင်ပြုလေလျှင် ဆရာဥပဇ္ဈာယ်တို့က "ငါတို့ ချီးမြှင့်၍ ဤနေရာဌာနကို ရ၏"ဟု ဆိုသဖြင့် "သင်တို့ကျေးဇူး ငါ့မှာ အဘယ်ရှိဖူးသနည်း"ဟု ကျေးဇူးကို ချေဖျက်၏-ဟူလို။

အပ္ပဿုတပုဂ္ဂိုလ်ဖြစ်လျက် ဗဟုဿုတပုဂ္ဂိုလ်တို့ကို လွှမ်းမိုးဖိစီး၍ ဗဟုဿုတပုဂ္ဂိုလ်အားလည်းကောင်း, ငါ့အားလည်းကောင်း မမြဲသောဂတိ ရှိကြသည်သာတည်း။

- ထို့ကြောင့် ဗဟုဿုတ, အပ္ပဿုတ-ဟူ၍ အထူးမရှိ။ ဤသို့ စသည်ဖြင့် ဖြစ်သော အပြိုင်ပြုခြင်းသည် **ပလာသီ** မည်၏။
- သူတပါးတို့၏ ပူဇာသက္ကာရ-စသည်တို့၌ ရှုတ်ချခြင်းသည် **ဣဿာ** မည်၏။
- မိမိ၏ စည်းစိမ်ချမ်းသာကို သူတပါးတို့နှင့် ဆက်ဆံသည်ကို မခံနိုင်ခြင်းသည် **မစ္ဆရိယ** မည်၏။
- လှည့်ပတ်ခြင်းသည် **မာယာ** မည်၏။
- စဉ်းလဲခြင်းသည် **သာဌေယျ** မည်၏။
- စဉ်းလဲခြင်းသည်ကား **အာယတနမည်သော ငါးနှင့် တူ**၏။

**အာယတနမည်သော ငါး**သည် အမြီးကား ငါးနှင့်တူ၏။ ဦးခေါင်းကား မြွေနှင့်တူ၏။ ငါးကို မြင်လျှင် အမြီးကို ပြ၏။ မြွေကို မြင်လျှင် ဦးခေါင်းကို ပြ၏။ အဘယ်ကြောင့်နည်းဟူမူ "ဤသူကား ငါတို့နှင့် သဘောတူ၏"ဟု မှတ်စေလိုသောကြောင့်တည်း။

ထို့အတူ စဉ်းလဲတတ်သော ပုဂ္ဂိုလ်သည် သုတ္တန်တတ်သော ပုဂ္ဂိုလ်ကို မြင်လျှင် ထိုပုဂ္ဂိုလ်တို့ အလိုသို့ လိုက်၍ ပြောဆိုကျင့်ကြံ၏။ အဘိဓမ္မာတတ်သော ပုဂ္ဂိုလ်ကို မြင်လျှင် ထိုပုဂ္ဂိုလ်တို့ အလိုသို့ လိုက်၍ ပြောဆိုကျင့်ကြံ၏။ အဘယ့်ကြောင့်နည်းဟူမူ "ဤသူကား ငါတို့နှင့် သဘောတူ၏"ဟု မှတ်စေလိုသောကြောင့်တည်း။

ဤသို့ စဉ်းလဲသောအားဖြင့် ဖြစ်သော **သာဌေယျ**သည် ဖြစ်လာသည်ရှိသော် စိတ်ကို ဖျက်ဆီးတတ်၏။ အရောင်အဝါ တောက်ပစေခြင်းငှာ မပေး။ ထို့ကြောင့် သာဌေယျသည် စိတ်၏ညစ်ညူးကြောင်း စိတ္တုပက္ကိလေသမည်၏။ နောက်ကိုလည်း ဤနည်း မှတ်။

- နှိမ့်ချကျိုးနွံခြင်း မရှိသည်ဖြစ်၍ ခက်ထန်ခြင်းသည် **ထမ္ဘ** မည်၏။
- ထို့ထက်အလွန် ချုပ်ချယ်ခြင်းသည် **သာရမ္ဘ** မည်၏။

ထိုသာရမ္ဘသည် ကုသိုလ်, *(အကုသိုလ်)*တို့၏အစွမ်းဖြင့် ၂-ပါးပြား၏။ ထို ၂-ပါးတို့တွင် အကုသိုလ်အရာ၌ကား ထင်ရှား၏။ ကုသိုလ်အရာ၌ "တစ်စုံတစ်ယောက်သောသူတို့ စာရေးတံဆွမ်း ၁-ကြိမ်လှူလျှင် ငါ ၂-ကြိမ်, ၃-ကြိမ် လှူမည်။ တစ်စုံတစ်ယောက်သောသူတို့ နိကာယ် ၁-ကျမ်းကို ဆောင်လျှင် ငါ ၂-ကျမ်း, ၃-ကျမ်းဆောင်မည်"။ ဤသို့ စသည် ချုပ်ချယ်ခြင်းတည်း။ အကုသိုလ်တရား၌ တန်ဆာဆင်ခြင်း-စသည်ကို ယူ။

- ကုသိုလ်အရာ၌ ဒါနဝတ္ထု, ပရိယတ္တိဓမ္မကို မှီ၍ဖြစ်သော မာနကို ယူ၊
- ဇာတိ- အစရှိ သည်ကို စွဲ၍ တက်ကြွသောမာန်သည် မာန မည်၏။
- ထိုဇာတိ-အစရှိသည်ကို စွဲ၍ အလွန်တက်ကြွသော မာနသည် **အတိမာန** မည်၏။
- မာန်ဖြင့် ယစ်ခြင်းသည် **မဒ** မည်၏။
- ကာမဂုဏ်တို့၌ စိတ်ကို လွှတ်ခြင်းသည် **ပမာဒ** မည်၏။

ဒါန, သီလ-စသော သံသရာမှ ထွက်မြောက်ကြောင်းကို မကြံဘဲ ကာမဂုဏ်၌ စိတ်ကို ဒုန်းဒုန်းချ၍ နေသည်-ဟူလို။ ထို ၁၆-ပါးကုန်သော တရားတို့တွင် ၁-ပါးပါးဖြစ်လာသည်ရှိသော် စိတ်ကို ဖျက်ဆီးတတ်၏။ အရောင်အဝါ တောက်ပစေခြင်းငှာ အခွင့်မပေး။ ထို့ကြောင့် စိတ်၏ညစ်ညူးကြောင်း စိတ္တုပက္ကိလေသ မည်၏။

ဤတွင် စိတ္တုပက္ကိလေသတရား ၁၆-ပါးတို့ကို အကျဉ်းပြဆိုသော စကားတစ်ရပ် အပြီးသတ်တည်း။

(၂) သံသဂ္ဂ ၅-ပါးကို သွင်း၊ ဤသံသဂ္ဂ ၅-ပါးကို ဝိနည်း၊ ပါရာဇိကဏ်အဋ္ဌကထာ။ မူလပဏ္ဏာသ၊ ၃-ခုမြောက်သော ကကစူပမဝဂ်*(ဩပမ္မဝဂ်)*အစု, ၄-ခုမြောက်သော ရထဝိနီတသုတ်တွင်လာသည်။ ဤတွင်ရွေ့ သံသဂ္ဂ ၅-ပါးတို့ကို ပြဆိုသော စကားတစ်ရပ် အပြီးသတ်တည်း။

*[ တတိယတွဲ(လုံးတော်)၊ ဒုတိယပိုင်း၊ ပုဒ်မ-၁၅၂ ဤအပိုဒ် ၃-အတွက် အဖြေကို ပထမတွဲ (လုံးတော်)၊ ပဥ္စမပိုင်း၊ ပုဒ်မ-၇၂၊ အပိုဒ်-၄၊ စာမျက်နှာ ၅၇၄-တွင် ပြန်ရှုရန်။ ]*

ထိုစကားရပ်ကို အကျယ်သိလိုလျှင် မူလပဏ္ဏာသ၊ ဝတ္ထသုတ်၊ ပါဠိ,အဋ္ဌကထာ။ သုတ္တနိပါတ်အဋ္ဌကထာ။ ပါရာဇိကဏ်၊ ကာယသံဝဂ္ဂသိက္ခာပုဒ် အဖွင့်အဋ္ဌကထာ။ မူလ-ပဏ္ဏာသ၊ ရထဝိနီတသုတ်အဋ္ဌကထာ။ အဋ္ဌကနိပါတ်၊ အင်္ဂုတ္တိုရ်ပါဠိ, အဋ္ဌကထာတို့မှာ ကြည့်လေ။ (မ၁။၄၃-၅။ မဋ္ဌ၁။၁၇၀-၁၇၆။ ဝိဋ္ဌ၂။၁၂၀-၃။ မဋ္ဌ၂။၅၀-၅၃)

အတွင်းခုံတော် နေမျိုးဇေယျသူက "စိတ္တုပက္ကိလေသ ၁၆-ပါး၊ သံသဂ္ဂ ၅-ပါး၊ အရပ်ပြစ် ၈-ပါးတို့ကို နေရာကျ သိလိုပါသည်"ဟု လျှောက်သောကြောင့် ကျမ်းဂန်အလာ ဒေသနာနယကို ထုတ်ဆောင်၍ ၁၂၄၀-ပြည့်၊ ဝါဆိုလပြည့်ကျော်၊ ၁၅-ရက်နေ့ ဒီပဲယင်းမြို့ ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်း၍ာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★

## မကွေးမြို့ ဦးဝိလာသ-က ပျားဖွပ်,သင်းကွပ်, ဇရပ်,ကျောင်း,ကန်,ဘုရား,ပုထိုးတို့ကို ဖျက်ဆီးရာ အပါယဂမနိယဖြစ်,မဖြစ်ကို မေးလျှောက်ချက်

[၁၅၃] "ဘုရားတပည့်တော် မကွေးမြို့ ရှင်ဝိလာသ လျှောက်ပါသည် ဆရာတော်ဘုရား။

(၁) ပျားဖွပ်သောသူတို့ အဒိန္နာဒါန် ထိုက်မည်, မထိုက်မည်၊ အပါယဂမနိယ ဖြစ်မည်, မဖြစ်မည်။

(၂) နွားသင်းကွပ်သောသူတို့ အပါယဂမနိယ ဖြစ်မည်, မဖြစ်မည်။

(၃) ဇရပ်, တန်ဆောင်း, ကျောင်း, ကန်တို့ကို ဖျက်ဆီးသောသူတို့ အပါယဂမနိယ ဖြစ်မည်, မဖြစ်မည်၊

(၄) စေတီ, ပုထိုးတို့ကို ဖျက်ဆီးသောသူတို့ အပါယဂမနိယ ဖြစ်မည်, မဖြစ်မည်ကို နေရာကျ သိမှတ်ပါရအောင် ကယ်မသနားတော်မူပါမည့်အကြောင်းကို လျှောက်ထံ့ပါသည် ဆရာတော်ဘုရား။"

ဂင်းရဟန်းတော် ဦးဝိလာသ လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ–

[၁၅၃] (၁) ပျားဖွပ်သောသူ အဒိန္နာဒါန် ထိုက်မည်, မထိုက်မည်၊ ထိုက်သည် အပါယ-ဂမနိယ ဖြစ်မည်, မဖြစ်မည်ကို မေးလျှောက်ထားသည်မှာ- ပျားကောင်ကို သေစေလိုသော စိတ်ဖြင့် သေအောင်ပြု၍ ပျားအုံ, ပျားရေတို့ကို ယူရာ၌ မေးဖွယ်မရှိ။ ပျားကောင်ကို သေစေလိုသောစိတ် မရှိ၊ သေအောင်မပြုဘဲ ပျားရေ, ပျားအုံတို့ကိုသာ ယူရာ၌ အဒိန္နာဒါန် ထိုက်မည်, မထိုက်မည်ကို မေးလျှောက်ဖွယ် ရှိ၏။ ပျားရေ, ပျားအုံတို့ကို ယူရာ၌ တိရစ္ဆာန်တို့ သိမ်းဆည်းသော ဥစ္စာဖြစ်၍ 'စတ္တဝန္တမုတ္တ'မဟုတ်သော ပစ္စည်းဖြစ်ချေက အဒိန္နာဒါန်လည်း ထိုက်၏၊ အဒိန္နာဒါန်ထိုက်ကလည်း အပါယဂမနိယဖြစ်၏။

**အရှင်အနုရုဒ္ဓါမထေရ်မြတ်သည်** ဟိမဝန္တာတော၏ အစွန်း၊ အာရညကဌာနတွင် နေတော်မူသောအခါ လေနာရောဂါ စွဲကပ်၍ မချမ်းသာရှိခဲ့လျှင် သုမနသာမဏေ မေးလျှောက်သောကြောင့် "လေနာရောဂါ စွဲကပ်ကြောင်း"ကို မိန့်ရှိရာ "ရှေးသောအခါ အဘယ်ဆေးဖြင့် လေနာရောဂါ ပျောက်ဖူးပါသနည်း"ဟု လျှောက်သည်တွင် "အနဝတတ် အိုင်ရေကို သုံးဆောင်ရသဖြင့် လေနာရောဂါ ပျောက်ဖူးကြောင်း"ကို အမိန့်ရှိလျှင် "တပည့်

တော် ဆောင်ယူကပ်လှူပါမည်”ဟု လျှောက်၍ “အနဝတတ်အိုင်တွင် စောင့်သော ပန္နက မည်သော နဂါးလည်း ငါနှင့် သိကြ၏။ ပန္နကနဂါးကို အကြောင်းကြား၍ ဆေးအကျိုးငှာ အနဝတတ်အိုင် ရေ ၁-လုံးကို ဆောင်ချေ”ဟု စေတော်မူ၏။

ထိုအခါ သာမဏေလည်း ဥပဇ္ဈာယ်ဆရာကို ရှိခိုးပြီးမှ ကောင်းကင်ခရီးဖြင့် ယူဇနာ ၅၀၀-ကွာသော ဟိဝမန္တာ အနဝတတ်အိုင်သို့ ရောက်လေ၏။ ပန္နကနဂါးမင်းကလည်း နဂါးမ ကချေသည်တို့နှင့် ရေ၏ကစားခြင်းဖြင့် မြူးထူးပျော်ပါး ကစားကြမည်ရှိစဉ် သုမန-သာမဏေ ရောက်လာသည်ကို မြင်လျှင် အမျက်ထွက်၍ “ဤရဟန်းသည် အနဝတတ်အိုင် ရေကို ရလိုသဖြင့် လာသည် ဖြစ်ရာ၏။ စင်စစ်ကား ငါ-မပေးအံ့သည်သာတည်း”ဟု အိုးဖုံး စလောင်းဖြင့် အိုးကို ပိတ်သကဲ့သို့ ကြီးစွာသော ပါးပျဉ်းကို ဖန်ဆင်း၍ အနဝတတ်အိုင် မင်းကို ပိတ်ဆို့၏။

ထိုအခါ သာမဏေလည်း နဂါး အမျက်ထွက်သည်ကို သိ၍ “နဂါးမင်း၊ ဆေးအလို့ ငှာ အနဝတတ်အိုင်ရေ ၁-လုံးကို လှူပါ”ဆိုလျှင် “အနဝတတ်အိုင်မှ ထွက်သော ဂင်္ဂါမြစ် သည် အရှေ့သမုဒ္ဒရာသို့ စီးဆင်း၏။ ထိုဂင်္ဂါရေကို ဆောင်ယူလေတော့”ဟု ဆိုပြန်သဖြင့် “အနဝတတ်အိုင်ရေကိုသာ ငါ၏ဆရာ အနုရုဒ္ဓါမထေရ်က ဆေးအကျိုးငှာ စေပါသည်။ အနဝတတ်အိုင်ရေကိုသာ ရလိုသည်”ဆိုလျှင် “သင်-ရအောင် ယူနိုင်သော စွမ်းပကား အားရှိ လျှင် ယူလော့”ဟု အခွင့်ပေး၏။ သာမဏေလည်း ၃-ကြိမ်တိုင်တိုင် ခွင့်ကို ပြုစေပြီးမှ အာကာသစိုးနတ်မှစ၍ အကနိဋ္ဌဘုံတိုင် အသညတ်,အရူပတို့ကိုသာ ခြွင်းချန်၍ ကြွင်းကျန် သမ္မုနတ်တို့အား “ပန္နကနဂါးမင်းကို ငါကား ယခုနေ့ စစ်ထိုးမည်၊ သူ ၂-ဦးတို့ အောင်ခြင်း, ရှုံးခြင်း ၂-ပါးကို နတ်များ ကြည့်ကြကုန်”ဟု တမဟုတ်မျှ တခဏချင်း စည်းဝေး၍ နတ်တို့ ရောက်လာကြလျှင် ၁-ကြိမ်ထပ်မံ၍ အသာအယာ တောင်းခံရာလည်း မပေး။ “ယူနိုင်သော စွမ်းပကား အားရှိက ရအောင် ယူလော့”ဟု အခွင့်ပြုလျှင် ၁၂-ယူဇနာရှိသော ဗြဟ္မာကြီးကဲ့သို့ ဖန်ဆင်းပြီးမှ နဂါးမင်း၏ ပါးပျဉ်းပေါ်သို့ ချလေလျှင် ပန္နကနဂါး ရေဝယ်နစ်သွား၍ ပါးပျဉ်း လွတ်ရာ အရပ်မှ ထန်းလုံးခန့်မျှ ပံ့တက်သော ရေကိုသာ ခံယူလေ၏။ နတ်,ဗြဟ္မာတို့လည်း ကောင်းချီးပေးကြကုန်၏။

သာမဏေလည်း ရေကို ဆောင်သွားပြီးမှ အရှင်အနုရုဒ္ဓါမထေရ်မြတ်ကို ဆက်ကပ် လှူဒါန်းပေး၏။ ပန္နကနဂါးလည်း ဟူးဟူးအမျက် ပြင်းစွာထွက်သဖြင့် လိုက်လေလျှင် အရှင် အနုရုဒ္ဓါနေရာဌာန အာရညကုဋီသို့ ရောက်မှ နောက်ထပ် မီလာ၍ “အရှင်ဘုရား၊ သာမဏေသည် အကျွန်ုပ် မပေးပါဘဲ အနဝတတ်ရေအိုင်ကို လုယူသွားခဲ့၏။ အရှင်ဘုရား သုံးဆောင်တော်မမူပါလင့်”ဟု လျှောက်သည်။

ထို့ကြောင့် ဓမ္မပဒအဋ္ဌကထာ၊ ၂၄-ခုမြောက်သော ဘိက္ခုဝဂ်အစု၊ ၁၂-ခုမြောက်သော သုမနသာမဏေရဝတ္ထုအဋ္ဌကထာ(ဓမ္မ၊ဋ္ဌ၊၂။၃၉၀)၌-

**နာဂရာဇာပိ ပစ္ဆတော အာဂန္တွာ "ဘန္တေ အနုရုဒ္ဓ သာမဏေရော မယာ အဒိန္နမေဝ ပါနီယံ ဂဟေတွာ ဂတော၊ မာ ပိဝိတ္ထ"။**

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

နာဂရာဇာပိ၊ ပန္နကနဂါးမင်းသည်လည်း။ ပစ္ဆတော၊ နောက်မှ။ အာဂန္တွာ၊ လာလတ်၍။ "ဘန္တေ အနုရုဒ္ဓ၊ အရှင်ဘုရားအနုရုဒ္ဓါ။ သာမဏေရော၊ သုမနသာမဏေသည်။ မယာ အဒိန္နမေဝ၊ ငါမပေးဘဲလျှင်။ ပါနီယံ၊ ရေကို။ ဂဟေတွာ၊ ယူ၍။ ဂတော၊ သွားခဲ့၏။ မာ ပိဝိတ္ထ၊ သောက်တော်မမူပါလင့်"။

ထိုအခါ အနုရုဒ္ဓါမထေရ်မြတ်က "မှန်ပေသလော"ဟု သာမဏေအား မေးတော်မူရာ "အရှင်ဘုရား၊ ပေးသောကြောင့်သာ ဆောင်ယူခဲ့ပါသည်"ဟု လျှောက်လျှင် "ရဟန္တာဖြစ်သော သာမဏေအား ချွတ်ယွင်းသော စကားကို ဆိုသည်မည်သည် မရှိ"ဟု သိတော်မူ၍ သောက်တော်မူသောခဏ၌ လေနာရောဂါလည်း ပျောက်ငြိမ်းလေသည်။ ထို့ကြောင့် ၎င်းအဋ္ဌကထာ၌-

**"ဧဝံ ကိရ သာမဏေရာ"တိ "ပိဝထ ဘန္တေ ဣမိနာ ဒိန္နပါနီယံ အာဟတ"န္တိ၊ ခီဏာသဝသာမဏေရဿ မုသာကထနံ နာမ နတ္ထီတိ ဉတွာ ပါနီယံ ပိဝိ၊ တံခဏေယေဝ'ဿ အာဗာဓော ပဋိပဿမ္ဘိ။**

ဟူသောပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

"သာမဏေရ၊ သာမဏေ။ ဧဝံ ကိရ၊ ပန္နကနဂါး လျှောက်ထားသည့်အတိုင်း မှန်ပေသလော"။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေးတော်မူ၏။ "ဘန္တေ၊ အရှင်ဘုရား။ ပိဝထ၊ သောက်တော်မူပါ။ ဣမိနာ၊ ဤပန္နကနဂါးသည်။ ဒိန္နပါနီယံ၊ ပေးသော ရေကို။ အာဟတံ၊ ဆောင်ခဲ့၏"။ ဣတိ၊ ဤသို့။ အဝေါ စ၊ လျှောက်၏။ ခီဏာသဝသာမဏေရဿ၊ ရဟန္တာဖြစ်သော သာမဏေအား။ မုသာ၊ ချွတ်လွဲသော။ ကထနံ နာမ၊ စကားမည်သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ ဉတွာ၊ သိတော်မူ၍။ ပါနီယံ၊ အနဝတတ်အိုင်ရေကို။ ပိဝိ၊ သောက်တော်မူ၏။ တံခဏေယေဝ၊ ထိုခဏချင်းပင်လျှင်။ အာဗာဓော၊ လေနာရောဂါသည်။ ပဋိပဿမ္ဘိ ငြိမ်း၏။

ဤပန္နကနာဂရာဇ, သုမနသာမဏေရဝတ္ထု၌-

**ဘန္တေ အနုရုဒ္ဓ သာမဏေရော မယာ အဒိန္နမေဝ ပါနီယံ ဂဟေတွာ ဂတော။**

ဟု လာသည်ကို ထောက်လျှင် တိရစ္ဆာန်တို့ ဥစ္စာပင်ဖြစ်သော်လည်း ရက္ခိတဂေါပိတပြု၍ "မိမိတို့၏ ဥစ္စာ"ဟူသော အမှတ်ဖြင့် စောင့်ရှောက်သည် မှန်လျက် စတ္တဝန္တမုတ္တ မဟုတ်သော ပစ္စည်း၌ အဒိန္နာဒါန် ထိုက်၏။ သုမနသာမဏေရဝတ္ထုကို သိသာအောင် ပြဆိုလျှင် ကျယ်လွန်းအံ့။

အဒိန္နာဒါန်ထိုက်သည် ဆိုရာမှာ–

- သူတပါးတို့ သိမ်းဆည်းသော ဥစ္စာလည်း မှန်စေ။
- သူတပါးတို့ သိမ်းဆည်းသော အမှတ်လည်း ရှိစေ။
- ခိုးလိုသော စိတ်လည်း ရှိစေ။
- လုံ့လလည်း ပြုစေ။
- ထိုလုံ့လဖြင့် ခိုးယူသည်လည်း မှန်စေ။

ဤအင်္ဂါ ၅-ပါးနှင့် ပြည့်စုံလျှင် အဒိန္နာဒါန် ထိုက်၏။

ထို့ကြောင့် အဋ္ဌသာလိနီမည်သော ဓမ္မသင်္ဂဏီအဋ္ဌကထာ(နှာ-၁၄၁)၌–

**တဿ ပဉ္စ သမ္ဘာရာ ဟောန္တိ ပရပရိဂ္ဂဟိတံ ပရပရိဂ္ဂဟိတသညီ(*သညိတာ*) ထေယျစိတ္တံ ဥပက္ကမော၊ တေန ဟရဏန္တိ။**

ဟူသောပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

တဿ၊ ထိုအဒိန္နာဒါန်၏။ သမ္ဘာရာ၊ အဆောက်အဦတို့သည်။ ပဉ္စ၊ ၅-ပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပရပရိဂ္ဂဟိတံ၊ သူတပါးတို့ သိမ်းဆည်းသော ဥစ္စာလည်း မှန်စေ။ ပရပရိဂ္ဂဟိတသညီ၊ သူတပါးတို့ သိမ်းဆည်းသော ဥစ္စာ-ဟူသော အမှတ်လည်း ရှိစေ။ ထေယျစိတ္တံ၊ ခိုးလိုသော စိတ်လည်း ရှိစေ။ ဥပက္ကမော၊ လုံ့လလည်း ရှိစေ။ တေန ဟရဏံ၊ ထိုလုံ့လဖြင့် ခိုးယူသည်လည်း မှန်စေ။ ဣတိ၊ ဤသို့။ ပဉ္စ၊ ၅-ပါးတို့တည်း။

အပါယဂမနိယဖြစ်သည်, မဖြစ်သည်ဆိုသည်မှာ ခပ်သိမ်းသော အကုသိုလ်ဟူသမျှပင် အပါယဂမနိယသဘော ရှိသည်သာတည်း။

ထို့ကြောင့် မူလပဏ္ဏာသ၊ ရှေးဦးစွာသော မူလပရိယာယဝဂ်အစု၊ ၈-ခုမြောက်သော သလ္လေခသုတ်ပါဠိတော်(မ၁။၅၄)၌—

**ယေကေစိ စုန္ဒ အကုသလာ ဓမ္မာ၊ သဗ္ဗေ တေ အဓောဘာဂဂမနိယာ။**

ဟူ၍ ဟောတော်မူသည်။

စုန္ဒ၊ စုန္ဒရဟန်း။ ယေကေစိ၊ ခပ်သိမ်းကုန်သော။ အကုသလာ၊ အကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ သန္တိ၊ ရှိကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေ ဓမ္မာ၊ ထိုတရားတို့သည်။ အဓောဘာဂင်္ဂမနီယာ၊ အောက်အဖို့သို့ လားတတ်ကုန်၏။

အကုသိုလ်-ဟူသမျှသည် အပါယဂမနိယသဘော ရှိသည်ချည်း။ ပဋိသန္ဓေဝိပါက်၊ နာမက္ခန္ဓာကဋတ္တာရုပ်ကို ဖြစ်စေတတ်သော ကံသည် သဟဇာတကမ္မ, နာနာက္ခဏိကကမ္မ ဟူ၍ ၂-ပါးရှိသည်။ ထို ၂-ပါးတို့တွင် ဥပတ္ထမ္ဘကသတ္တိဖြင့် တကွဖြစ်သော နာမ်,ရုပ်အား ကျေးဇူးပြုတတ်သော ကံသည် သဟဇာတကံ မည်၏။ မိမိဖြစ်သည်မှ နောက်၌ ဇနက-သတ္တိဖြင့် ဝိပါက်နာမက္ခန္ဓာကဋတ္တာရုပ်အား ကျေးဇူးပြုတတ်သော ကံသည် နာနာက္ခဏိက ကံမည်၏။ ထို့ကြောင့် ခပ်သိမ်းသော အကုသိုလ်-ဟူသမျှပင် အပါယဂမနိယသဘောရှိသည်သာတည်းဟု မှတ်ရာ၏။

**ဤတွင်ရွေ့ ပျားဖွပ်သောသူတို့ အဒိန္နာဒါန် ထိုက်,မထိုက်၊ အပါယဂမနိယ ဖြစ်,မဖြစ်ကို ပြဆိုသော စကားတစ်ရပ် အပြီးသတ်တည်း။**

(၂) နွားသင်းကွပ်သောသူတို့ အပါယဂမနိယ ဖြစ်,မဖြစ်ကို မေးလျှောက်သည်မှာ−

*[ တတိယတွဲ(လုံးတော်)၊ ဒုတိယပိုင်း၊ ပုဒ်မ-၁၅၃၊ ဤအပိုဒ် ၂-အတွက် အဖြေကို ဒုတိယတွဲ (လုံးတော်)၊ ဒုတိယပိုင်း၊ ပုဒ်မ-၉၄၊ အပိုဒ်-၄၊ စာမျက်နှာ ၇၆၅-တွင် ပြန်ရှုရန်။ ]*

အနာထပိဏ်သူဌေး ကျွန်မကို ဥစ္စာကို စွဲ၍ ခိုးသူက သတ်မည်ပြုသည်ကို အသက်မှ ချမ်းသာမည့်အကြောင်း ဥပါယ်တံမျဉ်ကို တခဏခြင်း ကြံပြီးမှ ခိုးသူကို ရေတွင်းသို့ တွန်းချ၍ သေစေသဖြင့် ချမ်းသာရကြောင်းကို မြတ်စွာဘုရားကို လျှောက်ရာ−

**န ခေါ ဂဟပတိ သာ ဒါသီ ကွဒါနေဝ တံခဏုပ္ပတ္တိကာယ ပညာယ သမန္နာဂတာ၊ ပုဗ္ဗေပိ သမန္နာဂတာယေဝ−** (ဇာ၊ဋ၊၃။၄၁၄။ သုလသာဇာတ်၊ ထောက် ဝိသဒိသံ)

ဟု ဘုရား မိန့်တော်မူသည်။

ဂဟပတိ၊ အနာထပိဏ်သူဌေး။ သာ ဒါသီ၊ ထိုကျွန်မသည်။ ကွဒါနေဝ၊ ယခုသာလျှင်။ တံခဏုပ္ပတ္တိကာယ၊ ထိုခဏခြင်းဖြစ်သော။ ပညာယ၊ ပညာနှင့်။ သမန္နာဂတာ၊ ပြည့်စုံသည်။ န ဟောတိ၊ မဖြစ်။ ပုဗ္ဗေပိ၊ ရှေး၌လည်း။ တံခဏုပ္ပတ္တိကာယ၊ ထိုခဏခြင်းဖြစ်သော။ ပညာယ၊ ပညာနှင့်။ သမန္နာဂတာ ယေဝ၊ ပြည့်စုံသည်သာလျှင်ကတည်း။

ဤအရာ၌ သူတပါးကို သေကြောင်းကြံ၍ သတ်သော ပါဏာတိပါတအမှုကို ဘုရားချီးမွမ်းတော်မူသည် မဟုတ်။ အသက်မှ ချမ်းသာခြင်း၏အကြောင်း ဥပါယ်တံမျဉ်ကို ကြံနိုင်သော တံခဏုပ္ပတ္တိဥပါယကောသလ္လဉာဏ်ကိုသာ ဘုရားချီးမွမ်းတော်မူသည်။

ထိုကျွန်မသည် ရှေးအတိတ်ဘဝက ဗာရာဏသီပြည်တွင် သုလသာမည်သော ပြည့်တန်ဆာမဖြစ်၍ သတ္တုကမည်သော ခိုးသူကြီးသည် ဥစ္စာကို ယူ၍ လူကို သေအောင် တောင်ထိပ်မှ ချ၍ သတ်မည်ရှိစဉ် သုလသာ-က ဥပါယ်တံမျဉ်ဖြင့် သတ္တုကခိုးသူကြီးကို တောင်ထိပ်မှ ချ၍ သေလေလျှင်—

**န ဟိ သဗ္ဗေသု ဌာနေသု၊ ပုရိသော ဟောတိ ပဏ္ဍိတော။**

**ဣတ္ထီပိ ပဏ္ဍိတာ ဟောတိ၊ တတ္ထ တတ္ထ ဝိစက္ခဏာ**–(ဇာ၁၁။၁၇၇။ ဇာ၄၃၂။၄၁၆)

ဟူ၍ တောစောင့်နတ် ချီးမွမ်းကြောင်းကို ဘုရားဟောတော်မူသည်။

သဗ္ဗေသု၊ ခပ်သိမ်းကုန်သော။ ဌာနေသု၊ အရာတို့၌။ ပုရိသော ဟိ-ပုရိသော ဧဝ၊ ယောကျ်ားသည်သာလျှင်။ ပဏ္ဍိတော၊ ပညာရှိသည်။ န ဟောတိ၊ မဖြစ်။ ဣတ္ထီပိ၊ မိန်းမသည်လည်း။ ပဏ္ဍိတာ၊ ပညာရှိသည်။ ဟောတိ၊ ဖြစ်၏။ တတ္ထ တတ္ထ၊ ထိုထိုသို့သော အရာ၌။ ဝိစက္ခဏာ၊ မြော်မြင်၏။

ဤသုလသာဝတ္ထု၌လည်း ခိုးသူကြီးကို သတ်ဖြတ်သောအရာကို ဘုရားလောင်း တောင်စောင့်နတ် ချီးမွမ်းသည် မဟုတ်။ မိမိအသက်မှ ချမ်းသာကြောင်း ဥပါယ်တံမျဉ်ကို ကြံနိုင်သော တခ်ဏုပ္ပတ္တိဥပါယကောသလ္လဉာဏ်ကိုသာ ချီးမွမ်းသည်။ ဤသုလသာဇာတ် ပစ္စုပ္ပန်, အတိတ်ဝတ္ထု ၂-ပါးလုံး၌ပင် အသက်မှ ချမ်းသာကြောင်း တံခဏုပ္ပတ္တိဥပါယကော-သလ္လဉာဏ်ဖြစ်သည်ကား ၁-ဌာန၊ ပါဏာတိပါတ ဝဓကစေတနာဖြစ်သည်ကား ၁-ကာလ၊ ဤကဲ့သို့ မှတ်ရာ၏။

**ဤတွင်ရွေ့ နွားသင်းကွပ်သောသူတို့ အပါယဂမနိယ ဖြစ်သည်, မဖြစ်သည်ကို ပြဆိုသော စကားတစ်ရပ် အပြီးသတ်တည်း။**

(၃) ဇရပ်, တန်ဆောင်း,ကျောင်း,ကန်တို့ကို ဖျက်ဆီးသောသူတို့ အပါယဂမနိယဖြစ်မည်, မဖြစ်မည်ကို မေးလျှောက်သည်မှာ မြတ်စွာဘုရား သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတွင် ကိန်းအောင်းမွေ့လျော် စံပျော်တော်မူရာ ရှင်မဟာကဿပမထေရ်သည် ရာဇဂြိုဟ်ပြည်တွင် သီတင်းသုံးနေတော်မူ၏။ ထိုအရှင်မဟာကဿပမထေရ်အား သဒ္ဓိဝိဟာရိက တပည့် ၂-ယောက်တို့သည် ရှိကုန်၏။ ထို ၂-ယောက်တို့တွင် တစ်ယောက်သော ရဟန်းကား

မချွတ်မယွင်းစေရ။ ရှိသေစွာ ဝတ်ကို ပြု၏။ တစ်ယောက်သော ရဟန်းကား သူတပါးပြု သောအရာကို မိမိပြုသကဲ့သို့ "အရှင်ဘုရား ဤမှာ ဒန်ပူရှိ၏၊ မျက်နှာသစ်ရေ ရှိ၏၊ ချိုးရေ ရှိ၏"စသည်ဖြင့် ကြား၏။

ဤသို့ စသည်ဖြင့် ပြုသော အမှုအရာကို အရှင်မဟာကဿပ သိတော်မူ၍ "ငါ့ရှင်၊ ရဟန်းမည်သည် မိမိပြုသော အရာကိုသာ ပြု၏-ဟု ကြားခြင်းငှာ အပ်၏။ သူတပါးပြုသော အရာကို မိမိပြုသကဲ့သို့ ကြားခြင်းငှာ မအပ်"ဟု ၁-ကြိမ် အစပထမ ဆိုဆုံးမသည်ကို အမျက် ဒေါသခုခံ၍ တဖန် မိုးသောက်သောနေ့၌ မထေရ်နှင့်တကွ ဆွမ်းခံ၍ရွာသို့ မဝင်ဘဲရှိလေ သည်။ မထေရ်လည်း အရပ်တပါးသို့ ၁-ယောက်သော သဒ္ဓိဝိဟာရိကရဟန်းနှင့်တကွ ကြွသွား၍ ထိုအရပ်မှ ရခဲ့သော အဝတ်သက်န်းကိုလည်း ထိုဝတ်နှင့် ပြည့်စုံသော ရဟန်း အား ပေး၏။ ဒါယကာတို့က မထေရ် မပါ၍ အကြောင်းကို မေးရာ "မချမ်းသာ၍ ကျောင်း မှာ ရှိရစ်၏။ ကောင်းမွန်စွာ ပြုပြင်စီရင်၍ လှူကြကုန်"ဟု ဆိုသဖြင့် ကောင်းမွန်စွာ ပြုပြင် စီရင်၍ လှူသော ခဲဖွယ်,ဘောဇဉ်ကို လမ်းခရီးတွင် သုံးဆောင်ပြီးမှ ကျောင်းသို့ ပြန်လာ၏။

နက်ဖြန် မိုးသောက်သောနေ့မှ ဒါယကာတို့က အကြောင်းကို မေးလျှောက်ကြ၍ အရှင်မဟာကဿပမထေရ် သိတော်မူသောကြောင့် ဒုတိယ ၁-ကြိမ် တဖန်ထပ်မံ ဆုံးမရာ လည်း အမျက်ထွက်၍ "ပဌမ ၁-ကြိမ်လည်း ချိုးရေအိုးကို ခွဲ၍ ပြောဆိုခဲ့သည်၊ ယခုလည်း အနည်းငယ်မျှသော ဘောဇဉ်ဖြင့် ပြောဆိုပြန်ခဲ့သည်။ ရသော လာဘ်ကိုလည်း ထိုရဟန်း သာ ပေးသည်၊ သည်ခါ သိရအံ့"ဟု ရန်ငြိုးထားလျက် နံနက်မိုးသောက်သောနေ့၌ အရှင် မဟာကဿပမထေရ် ဆွမ်းခံ၍ရွာသို့ ဝင်စဉ် သောက်ရေအိုး၊ သုံးဆောင်သော အိုးခွက်တို့ ကို ရိုက်ခွဲပြီးမှ ကျောင်းကို မီးတိုက်၍ ထွက်လေလျှင် သေ၍ အဝီစိငရဲ၌ ခံရလေ၏။

ထို့ကြောင့် ဓမ္မပဒအဋ္ဌကထာ၊ ၅-ခုမြောက်သော ဗာလဝဂ်အစု၊ ၂-ခုမြောက်သော ကုဋိဒူသက မဟာကဿပသဒ္ဓိဝိဟာရိကဝတ္ထု၌—

**ပုနဒိဝသေ ထေရေ ဂါမံ ပဝိဋ္ဌေ သယံ ဝိဟာရေ ဩဟိယိတွာ၊ ဒဏ္ဍံ ဂဟေတွာ ပရိဘောဂဘာဇနိယေ ဘိန္ဒိတွာ ထေရဿ ပဏ္ဏသာလာယ အဂ္ဂိံ ဒတွာ ဈာယတိ၊ တံ မုဂ္ဂရေန ပဟရန္တော ဘိန္ဒိတွာ နိက္ခမိတွာ ပလာတော။ သော ကာလံ ကတွာ အဝီစိမဟာနိရယေ နိဗ္ဗတ္တိ**– (ဓမ္မ၊ဋ၊၂။၂၉၄)

ဟူသောပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ပုနဒိဝသေ၊ နံနက်မိုးသောက်သောနေ့၌။ ထေရေ၊ မထေရ်သည်။ ဂါမံ၊ ဆွမ်းခံ၍ရွာ သို့။ ပဝိဋ္ဌေ၊ ဝင်စဉ်။ သယံ၊ မိမိသည်။ ဝိဟာရေ၊ ၌။ ဩဟိယိတွာ၊ ကျန်ရစ်၍။ ဒဏ္ဍံ၊

တုတ်, လှံတံကို။ ဂဟေတွာ၊ ယူ၍။ ပရိဘောဂဘာဇနိယေ၊ သုံးဆောင်သော အိုးခွက်တို့ကို။ ဘိန္ဒိတွာ၊ ရိုက်ခွဲ၍။ ထေရဿ၊ အရှင်မဟာကဿပမထေရ်၏။ ပဏ္ဏသာလာယ၊ သစ်ရွက်မိုးသော သင်္ခမ်းကျောင်းကို။ အဂ္ဂိံ ဒတွာ၊ မီးရှို့၍။ စျာယတိ၊ လောင်၏။ တံ၊ ထိုကျောင်းကို။ မုဂ္ဂရေန၊ ဆောက်ပုတ်ဖြင့်။ ပဟရန္တော၊ ပုတ်ခတ်လျက်။ ဘိန္ဒိတွာ၊ ဖျက်ဆီး၍။ နိက္ခမိတွာ၊ ထွက်၍။ ပလာတော၊ ပြေးလေ၏။ သော၊ ထိုကျောင်းကို မီးတိုက်သော အရှင်မဟာကဿပ၏ သဒ္ဓိဝိဟာရိကရဟန်းသည်။ ကာလံ ကတွာ၊ သေ၍။ အဝီစိမဟာ-နိရယေ၊ အဝီစိငရဲကြီး၌။ နိဗ္ဗတ္တိ၊ ဖြစ်လေ၏။

နိဗ္ဗတ္တိ-ဟူသော ပုဒ်များ၌ ဩဌဇတတိယက္ခရာ ဗ-သဒိသဒွေးဘော်နှင့် ရှိမှသင့်မည်။ နိပုဗ္ဗ ဝတု-ဓာတ်။ ကုဋိဒူသကဝတ္ထုအဆုံး နိဂုံးတိုင်အောင် ပြဆိုလျှင် ကျယ်လွန်းအံ့။

**ဤတွင်ရွှေ ကျောင်း,ဇရပ်တို့ကို ဖျက်ဆီးသောသူတို့ အပါယဂမနိယ ဖြစ်မည်,မဖြစ်မည်ကို ပြဆိုသော စကားတစ်ရပ် အပြီးသတ်တည်း။**

(၄) စေတီ,ပုထိုးတို့ကို ဖျက်ဆီးသောသူတို့ အပါယဂမနိယ ဖြစ်,မဖြစ်ကို မေးလျှောက်သည်မှာ ဘုရားပရိနိဗ္ဗာန်စံလွန်တော်မူရာ ဓာတ်တော်တည်ထားသော စေတီတော်ကိုလည်းကောင်း, ဗောဓိပင်ကိုလည်းကောင်း ဖျက်ဆီး၏။ ဓာတ်တော်တို့ကို ဖျက်ဆီးကြောင်း လုံ့လကိုမူလည်း ပြု၏။ ထိုသူအား အာနန္တရိယကံနှင့် တူသောကံ ထိုက်၏။

ထိုကြောင့် မနောရထပူရဏီမည်သော အင်္ဂုတ္တရနိကာယ်အဋ္ဌကထာ၊ သမ္မောဟ-ဝိနောဒနီမည်သော ဝိဘင်းအဋ္ဌကထာတို့၌— (အံ၊ဋ္ဌ၊၁၊၃၅၆။ အဘိ၊ဋ္ဌ၊၂၊၄၀၈)

**ပရိနိဗ္ဗုတေ တထာဂတေ စေတိယံ ဘိန္ဒန္တိ၊ ဗောဓိံ ဆိန္ဒန္တိ၊ ဓာတုမှိ ဉပက္ကမန္တိ၊ တေသံ ကိံ ဟောတီတိ ဘာရိယံ ကမ္မံ ဟောတိ၊ အာနန္တရိယသဒိသံ-**

ဟူသောပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

“ယေ၊ အကြင်သူတို့သည်။ တထာဂတေ၊ မြတ်စွာဘုရားသည်။ ပရိနိဗ္ဗုတေ၊ ပရိနိဗ္ဗာန်စံလွန်တော်မူသည်ရှိသော်။ စေတိယံ၊ စေတီတော်ကို။ ဘိန္ဒန္တိ၊ ဖျက်ဆီးကုန်၏။ ဗောဓိံ၊ ဗောဓိကို။ ဆိန္ဒန္တိ၊ ဖြတ်ကုန်၏။ ဓာတုမှိ၊ ဓာတ်တော်ကိုလည်း။ ဉပက္ကမန္တိ၊ ပျက်စီးအောင် လုံ့လပြုကုန်၏။ တေသံ၊ ထိုသူတို့အား။ ကိံ ဟောတိ၊ အဘယ်သို့ သဘောရှိသနည်း”။ ဣတိ ပုစ္ဆာယံ၊ ဤသို့ မေးသော်။ ကမ္မံ၊ ကံသည်။ ဘာရိယံ၊ ဝန်လေးသည်။ ဟောတိ၊ ဖြစ်၏။ အာနန္တရိယသဒိသံ၊ အာနန္တရိယကံနှင့် တူ၏။

ဓာတ်တော်နှင့်တကွသော စေတီကိုလည်းကောင်း, ဗောဓိပင်ကိုလည်းကောင်း, ဆင်းတုတော်ကိုလည်းကောင်း ထိခိုက်နှိပ်စက်သော ဗောဓိခက်ကိုကား ဖြတ်ခြင်းငှာ အပ်၏။ ထိုဗောဓိပင်၌ ပုန်းအောင်းသော ငှက်တို့သည် စေတီတော်၌ ကျင်ကြီး စွန့်ချခြင်းကို ပြုရာ မလျောက်ပတ်ခဲ့မူ ထိုဗောဓိခက်ကို ခုတ်ဖြတ်ခြင်းငှာ အပ်၏။

ထို့ကြောင့် ၎င်းအဋ္ဌကထာတို့၌ (အံ၊ဋ္ဌ၊၁။၃၅၆။အဘိ၊ဋ္ဌ၊၂။၄၀၈) —

**သဓာတုကံ ပန ထူပံ ဝါ ပဋိမံ ဝါ ဗာဓယမာနံ ဗောဓိသာခံ ဆိန္ဒိတုံ ဝဋ္ဋတိ၊ သစေပိ တတ္ထ နိလီနာ သကုဏာ စေတိယေ ဝစ္စံ ပါတေန္တိ၊ ဆိန္ဒိတုံ ဝဋ္ဋတိယေဝ။ –**

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

သဓာတုကံ၊ ဓာတ်တော်နှင့် တကွသော။ ထူပံ ဝါ၊ စေတီတော်ကိုလည်းကောင်း။ ပဋိမံ ဝါ၊ ဆင်းတုတော်ကိုလည်းကောင်း။ ဗာဓယမာနံ၊ ထိခိုက်နှိပ်စက်သော။ ဗောဓိသာခံ၊ ဗောဓိခက်ကို။ ဆိန္ဒိတုံ၊ ဖြတ်ခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ တတ္ထ၊ ထိုဗောဓိကိုင်း၌။ နိလီနာ၊ နားကုန်သော။ သကုဏာ၊ ငှက်တို့သည်။ စေတိယေ၊ စေတီ၌။ ဝစ္စံ၊ ကျင်ကြီးကို။ သစေပိ ပါတေန္တိ၊ အကယ်၍ စွန့်ချကုန်သည်ဖြစ်အံ့။ ဆိန္ဒိတုံ၊ ဖြတ်ခြင်းငှာ။ ဝဋ္ဋတိ ယေဝ၊ အပ်သည်သာတည်း။

ထိုစကား မှန်၏။ ပရိဘောဂစေတီထက် သရီရစေတီသည် ကြီးမြတ်၏။ စေတိယဝတ္ထုကို ဖောက်ခွဲ၍သွားသော ဗောဓိပင်၏အမြစ်ကို ခုတ်ဖြတ်ခြင်းငှာ အပ်၏။ ထို့ကြောင့် ၎င်းအဋ္ဌကထာတို့၌—

**ပရိဘောဂစေတိယတော သရီရစေတိယံ မဟန္တတရံ၊ စေတိယဝတ္ထုံ ဘိန္ဒိတွာ ဂစ္ဆန္တံ ဗောဓိမူလံ ဆိန္ဒိတွာ ဟရိတုံ ဝဋ္ဋတိ။**

ဟူသောပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ပရိဘောဂစေတိယတော၊ ပရိဘောဂစေတီထက်။ သရီရစေတိယံ၊ သရီရစေတီသည်။ မဟန္တတရံ၊ အလွန်မြတ်၏။ စေတိယဝတ္ထုံ၊ စေတီယဝတ္ထုကို။ ဝါ၊ စေတီအိမ်ကို။ ဘိန္ဒိတွာ၊ ခွဲဖောက်၍။ ဂစ္ဆန္တံ၊ သွားသော။ ဗောဓိမူလံ၊ ဗောဓိမြစ်ကို။ ဆိန္ဒိတွာ၊ ဖြတ်၍။ ဟရိတုံ၊ ဆောင်ခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။

သရီရစေတီ-ဟူသည် ကိုယ်တော်မှ အစိတ်ဖြစ်သော ဓာတ်တော်တည်း။ ဒဗ္ဗော-ပဋ္ဌော, သမုဒ္ဒေါ ဒိဋ္ဌောတို့ကဲ့သို့ ၁-စိတ်သော ဓာတ်တော်သည်ပင် သရီရစေတီ မည်၏။ ဥဒ္ဒိဿစေတီ, ပရိဘောဂစေတီ, သရီရစေတီ-ဟူ၍ စေတီ ၃-ပါး။

ထို ၃-ပါးတို့တွင်—

- ကိုယ်စားတော်စား ရုပ်ပွါးဆင်းတုတော်သည် ဥဒ္ဒိဿစေတီ မည်၏။
- ဗောဓိ, ပရိက္ခရာ-စသော အသုံးအဆောင်သည် ပရိဘောဂစေတီ မည်၏။
- ကိုယ်တော်မှ အစိတ်ဖြစ်သော ဓာတ်တော်သည် သရီရစေတီ မည်၏။

"သရီရစေတီကို အဘယ်သို့ ကိုးကွယ်ပါရမည်နည်း"ဟု အာနန္ဒာ မေးလျှောက်သောအခါ "သရီရစေတီမှာ ငါဘုရား သက်တော်ထင်ရှားရှိသေးသည်"ဟု မိန့်တော်မူကြောင်းကို တေရသနိပါတ်၊ မဟာကာလိင်္ဂဇာတ်တွင် လာသည်။

အကြင်ဗောဓိခက်သည် ဗောဓိအိမ်ကို ဖျက်ဆီး၏။ ထိုဗောဓိအိမ်ကို စောင့်ရှောက်ခြင်းငှာ ဗောဓိခက်ကို မဖျက်အပ်၊ ထိုစကား မှန်၏။ ဗောဓိအိမ်ကို ဗောဓိပင်၏အကျိုးငှာ ပြု၏။ ဗောဓိပင်ကို ဗောဓိအိမ်၏အကျိုးငှာ မပြု။ နေရာကျောင်း၌လည်း နည်းတူ မှတ်ရာ၏။

ထို့ကြောင့် ဋ္ဌကထာတို့၌ (အံ၊ဋ္ဌ၊၁။၃၅၆။အဘိ၊ဋ္ဌ၊၂။၄၀၈)—

> ယာ ပန ဗောဓိသာခါ ဗောဓိဃရံ ဗာဓတိ၊ တံ ဂေဟံ ရက္ခဏတ္ထံ ဆိန္ဒိတုံ န လဗ္ဘတိ၊ ဗောဓိအတ္ထံ ဟိ ဂေဟံ၊ ကရောတိ န ဂေဟတ္ထာယ ဗောဓိ။ အာသန-ဃရေပိ ဧသေဝနယော။ –

ဟူသောပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ယာ ပန ဗောဓိသာခါ၊ အကြင်ဗောဓိခက်သည်။ ဗောဓိဃရံ၊ ဗောဓိအိမ်ကို။ ဗာဓတိ၊ ထိခိုက်နှိပ်စက်၏။ တံ ဂေဟံ၊ ထိုဗောဓိအိမ်ကို။ ရက္ခဏတ္ထံ၊ စောင့်ခြင်းငှာ။ သာခံ၊ ဗောဓိခက်ကို။ ဆိန္ဒိတုံ၊ ဖြတ်ခြင်းငှာ။ န လဗ္ဘတိ၊ မရ။ ဟိ သစ္စံ၊ မှန်၏။ ဗောဓိအတ္ထံ၊ ဗောဓိပင်၏အကျိုးငှာ။ ဂေဟံ၊ အိမ်ကို။ ကရောတိ၊ ပြု၏။ ဂေဟတ္ထာယ၊ ဗောဓိအိမ်၏အကျိုးငှာ။ ဗောဓိံ၊ ဗောဓိပင်ကို။ န ကရောတိ၊ မပြု။ အာသနဃရေပိ၊ နေရာကျောင်း၌လည်း။ ဧသေဝနယော၊ ဤနည်းသာတည်း။

အကြင်နေရာအိမ်၌ ဓာတ်တော်တို့ကို ဌာပနာ၏။ ထိုဓာတ်တော်တို့ကို စောင့်ရှောက်ခြင်းငှာ ဗောဓိခက်ကို ဖြတ်အပ်၏။ ဗောဓိပင်ကို သုတ်သင်ခြင်းငှာ ဩဇာဆောင်သော အခက်၌ ဆွေးမြေ့ရာကို ဖြတ်အပ်၏။ သရီရစေတီကို သုတ်သင်သကဲ့သို့ အကျိုးရှိသည်သာတည်း-ဟု မှတ်ရာ၏။

ထို့ကြောင့် ဋ္ဌကထာတို့၌ (အံ၊ဋ္ဌ၊၁။၃၅၆။ အဘိ၊ဋ္ဌ၊၂။၄၀၈)—

**ယသ္မိံ ပန အာသနယရေ ဓာတု နိဟိတာ ဟောတိ။ တဿ ရက္ခဏတ္ထာယ ဗောဓိသာခံ ဆိန္ဒိတုံ ဝဋ္ဋတိ၊ ဗောဓိဇဂ္ဂနတ္ထံ ဩဇောဟရဏသာခံ ဝါ ပူတိဋ္ဌာနံ ဝါ ဆိန္ဒိတုံ ဝဋ္ဋတိ၊ သရီရဇဂ္ဂနေ ဝိယ ပုညမ္ပိ ဟောတိ။**

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ယသ္မိံ ပန အာသနယရေ၊ အကြင်နေရာကျောင်း၌။ ဓာတုနိဟိတာ၊ ဓာတ်တော်ကို ဌာပနာသည်။ ဝါ၊ ဓာတ်တော်ကို ထားသည်။ ဟောတိ၊ ဖြစ်၏။ တဿ ရက္ခဏတ္ထာယ၊ ထိုဓာတ်တော်ထားသော နေရာကျောင်းကို စောင့်ရှောက်ခြင်းငှာ။ ဗောဓိသာခံ၊ ဗောဓိခက်ကို။ ဆိန္ဒိတုံ၊ ဖြတ်ခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ ဗောဓိဇဂ္ဂနတ္ထံ၊ ဗောဓိပင်ကို သုတ်သင်ခြင်းငှာ။ ဩဇောဟရဏသာခံ၊ ဩဇာကို ဆောင်သော အခက်ကို။ ပူတိဋ္ဌာနံ ဝါ၊ ဆွေးမြေ့ရာကိုမူလည်း။ ဆိန္ဒိတုံ၊ ဖြတ်ခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ သရီရဇဂ္ဂနေ ဝိယ၊ သရီရစေတီကို သုတ်သင်သကဲ့သို့။ ပုညမ္ပိ၊ ကုသိုလ်သည်လည်း။ ဟောတိ၊ ဖြစ်၏။

ဤသို့ အဋ္ဌကထာ၌ "**ဘာရိယကမ္မံ ဟောတိ အာနန္တရိယသဒိသံ**"ဟု လာရကား စေတီပုထိုးကို ပျက်စီးစေလိုသော စေတနာရှိလျက် ဖျက်ဆီးရာ၌ အပါယဂမနိယ ဖြစ်၏-ဟု မှတ်ရာ၏။ ဘုရားပရိနိဗ္ဗာန် စံယူတော်မူသည့်နောက် အနှစ် ၂၁၈-နှစ်မြောက်၌ ဓမ္မာသောကမည်သော မင်းသည် မြတ်စွာဘုရား ဓာတ်တော်တို့ကို ဇမ္ဗူဒိပ်ကျွန်းအပြင်တွင် ပျံ့နှံ့ကိုးကွယ်ကြစေလို၍ ဓာတ်တော်တို့ကို ရှာရာ ရာဇဂြိုဟ်ပြည်တွင် စေတီတို့ကို ဖျက်စေ၍ ဓာတ်တော်တို့ကို မတွေ့ခဲ့လေလျှင် စေတီတော်တို့ကို တည်မြဲပကတိ တည်ခဲ့ကြောင်းကို သုမင်္ဂလဝိလာသိနီမည်သော သုတ်မဟာဝါ၊ မဟာပရိနိဗ္ဗာနသုတ်အဋ္ဌကထာ၌—

**ရာဇဂဟေ စေတိယံ ဘိန္ဒာပေတွာ ဓာတုယော အပဿန္တော ပဋိပါကတိကံ ကာရေတွာ။**

ဟု လာသည်။ (ဒီ၊ဋ္ဌ၊၂။၂၀၅)

ရာဇဂဟေ၊ ရာဇဂြိုဟ်ပြည်၌။ စေတိယံ၊ စေတီတော်ကို။ ဘိန္ဒာပေတွာ၊ ဖျက်စေ၍။ ဓာတုယော၊ ဓာတ်တော်တို့ကို။ အပဿန္တော၊ မမြင်,မတွေ့သည်ဖြစ်၍။ ပဋိပါကတိကံ၊ ပြကတေ့ တည်မြဲတိုင်းကို။ ကာရေတွာ၊ ပြုစေ၍။ ဌပေသိ၊ ထားပေ၏။

ထိုရာဇဂြိုဟ်ပြည် စေတီတော်တို့တွင် မတွေ့ခဲ့သော် ရာမရွာ, အလ္လကပ္ပတိုင်း, ဝေဋ္ဌဒီပတိုင်း, ပါဝါပြည်, ကုသိနာရုံပြည် စေတီတော်တို့ကို ဖျက်၍ ဓာတ်တော်တို့ကို မရခဲ့သော် တည်မြဲပကတိ တည်ထားခဲ့ကြောင်းကို ၎င်းသုတ်မဟာဝါ၊ မဟာပရိနိဗ္ဗာနသုတ် အဋ္ဌကထာ(ဒီ၊ဋ္ဌ၊၂။၂၀၅)၌—

**သဗ္ဗတ္ထ စေတိယာနိ ဘိန္ဒိတွာ ဓာတုံ အလဘိတွာဝ ပဋိပါကတိကံ ကတွာ ဌပေသိ။**

ဟု လာသည်။

သဗ္ဗတ္ထ၊ ခပ်သိမ်းသောအရပ်၌။ စေတိယာနိ၊ စေတီတော်တို့ကို။ ဘိန္ဒိတွာ၊ ဖျက်၍။ ဓာတုံ၊ ဓာတ်ကို။ အလဘိတွာဝ၊ မရသည်ဖြစ်၍သာလျှင်။ ပဋိပါကတိကံ၊ ပြကတေ့ တည်မြဲတိုင်းကို။ ကတွာ၊ ပြု၍။ ဌပေသိ၊ ထား၏။

ထိုရာဇဂြိုဟ်ပြည်, ရာမရွာ, အလ္လကပ္ပတိုင်း, ဝေဌဒီပတိုင်း, ပါဝါပြည်, ကုသိနာရုံပြည် စေတီတော်တို့မှာ ရှာ၍မရခဲ့သော် အသက် ၁၂၀-ရှိပြီးသော မထေရ်ကြီး၏ထံမှ အစဉ် မပျက်သော စကားကို ကြားသိရ၍ ရာဇဂြိုဟ်ပြည်ကြီး၏ အရှေ့တောင်အရပ်တွင် တောချုံ ပုပ္ပေါင်းတို့ကို ခုတ်ထွင်၍ ကျောက်စေတီကို တွေ့လေလျှင် ထိုကျောက်စေတီကို ပယ်ဖျက်၍ မြေမှုန့်တို့ကို သုတ်သင်ပြီးမှ အဇာတသတ်မင်းကြီး ဌာပနာခဲ့သော ဓာတ်တော်တို့ကို ယူ၍ မြေမှုန့်တို့ကို ဖို့မြဲဖို့၍ ထိုကျောက်စေတီကိုလည်း တည်မြဲတိုင်း တည်ထားခဲ့ကြောင်းကို-

**ပံသုံ ပက္ခိပိတွာ တဿ ဥပရိ ပါသာဏထူပံ ပတိဋ္ဌပေသိ။**

ဟု ဂုဏ်းသုတ်မဟာဝါအဋ္ဌကထာ၊ မဟာဝါပရိနိဗ္ဗာနသုတ်(ဒီ၊ဋ္ဌ၊၂။၂၀၅)တွင် လာသည်။

ပံသုံ၊ မြေမှုန့်ကို။ ပက္ခိပိတွာ၊ ထည့်၍။ တဿ၊ ထိုမြေမှုန့်၏။ ဥပရိ၊ အထက်၌။ ပါသာဏထူပံ၊ ကျောက်စေတီကို။ ပတိဋ္ဌပေသိ၊ တည်ထားလေ၏။

ဓာတ်တော်ကို ဌပနာသော အကြောင်းအရာကို ပြဆိုလျှင် အလွန်ကျယ်လွန်းအံ့။ ဤသို့ ကျမ်းဂန်လာသည်နှင့်အညီ ပရမတ္ထဓမ္မသဘာဝကို ထောက်ဆနိုင်းညှိဆင်ခြင်သော် ဓမ္မာသောကမင်းကြီးမှာ ဓာတ်တော်တို့ကို ထိုထိုမြို့ရွာတွင် ပျံ့နှံ့သဖြင့် လူ,နတ်တို့ ပူဇော် ဦးညွတ်ကြ၍ သဂ္ဂမောက္ခဒွယဘာဂီအကျိုးကို တိုးပွါးကြီးမြင့်ကြသဖြင့် မြတ်စွာဘုရား ကျေးဇူးတော်, ဂုဏ်တော် ထင်ပေါ်ကျော်စောမည့်အရာကို ကောင်းစွာ နှလုံးသွင်းသော ယောနိသောမနသိကာရကြောင့် အနဝဇ္ဇသုက္ကဓမ္မဖြစ်၍ သင့်မြတ်လှပေသည်။

**ကျောင်းအာရာမ်နေရာပြုလို၍ ထိုအရပ်တွင်ရှိသော စေတီတို့ကို ထိုထိုအရပ်သို့ ဖျက်ဆီး ပြောင်းရွှေ့သူတို့မှာ မိမိတို့ စေတနာရင်းကပင် မစင်ကြယ်သော အသုဒ္ဓစေတနာ အဂါရဝဖြစ်မည်။ သာဝဇ္ဇကဏှဓမ္မဖြစ်၍ စင်စစ် အကုသိုလ်သာ ဖြစ်၏။**

မိစ္ဆာဒိဋ္ဌိအယူရှိသောသူ, သဒ္ဓါတရား အားနည်းသောသူတို့ စေတီတော်တို့၏ အနီး အပါး အိမ်ရာချထား သား,မယားတို့နှင့်တကွ နေထိုင်ကြ၍ အဂါရဝအပ္ပဋိဿဝအမှုကို မရိုမသေပြုကြသောကြောင့်လည်းကောင်း၊ လူအများ စွန့်ထားသော ကျင်ကြီး,ကျင်ငယ်

ခွဲရှာဖွယ်တို့ဖြင့် မတင့်တယ် မလျောက်ပတ်သောကြောင့်လည်းကောင်း လျောက်ပတ်သင့်တင့်ရာသို့ သဒ္ဓါဗလဝရှိ၍ သတိ,ပညာနှင့် ပြည့်စုံသသူ သူတော်ကောင်းတို့ ရွေ့ပြောင်းတည်ထားသည်မှာ အလွန်သင့်မြတ်ရာသည်ဖြစ်၍ အကျိုးသာ ဖြစ်၏၊ အပြစ်မရှိ၊ အကုသိုလ်စေတနာမှသာ အကုသိုလ်အကျိုး ဖြစ်ရာသည်။ ကုသိုလ်စေတနာမှနက အကုသိုလ် မဖြစ်ရာ။ ကုသိုလ်စေတနာမှ ကုသိုလ်အကျိုး ဖြစ်ရာသည်။ အကုသိုလ်စေတနာမှနက ကုသိုလ်အကျိုး မဖြစ်ရာ။

ထို့ကြောင့် အဋ္ဌာနသုတ်၊ အင်္ဂုတ္တိုရ်ပါဠိတော်၌—

> **အဋ္ဌာန'မေတံ ဘိက္ခဝေ အနဝကာသော၊ ယံ ကာယသုစရိတဿ အနိဋ္ဌော အကန္တော အမနာပေါ ဝိပါကော နိဗ္ဗတ္တေယျာတိ၊ နေတံ ဌာနံ ဝိဇ္ဇတိ။ အဋ္ဌာန'မေတံ ဘိက္ခဝေ အနဝကာသော၊ ယံ ကာယဒုစ္စရိတဿ ဣဋ္ဌော ကန္တော မနာပေါ ဝိပါကော နိဗ္ဗတ္တေယျာတိ၊ နေတံ ဌာနံ ဝိဇ္ဇတိ-** (အံ၊၁။၃၀-၁)

အစရှိသည်ဖြင့် ဟောတော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ ကာယသုစရိတဿ၊ ကာယသုစရိုက်၏။ အနိဋ္ဌော၊ အလိုမရှိအပ်သော။ အကန္တော၊ မနှစ်သက်အပ်သော။ အမနာပေါ၊ နှလုံးကို မပွါးစေတတ်သော။ ဝိပါကော၊ အကျိုးသည်။ ယံ ယေန ကာရဏေန၊ အကြင်ကြောင့်။ နိဗ္ဗတ္တေယျ၊ ဖြစ်ရာ၏။ ဧတံ၊ ဤသို့ ဖြစ်ခြင်းသည်။ အဋ္ဌာနံ၊ အကြောင်းမဟုတ်။ အနဝကာသော၊ အရာမဟုတ်။ ဘိက္ခဝေ၊ ရဟန်းတို့။ ကာယသုစရိတဿ၊ ကာယသုစရိုက်၏။ အနိဋ္ဌော၊ အလိုမရှိအပ်သော။ အကန္တော၊ မနှစ်သက်အပ်သော။ အမနာပေါ၊ နှလုံးကို မပွါးစေတတ်သော။ ဝိပါ-ကော၊ အကျိုးသည်။ ယံ ယေန ကာရဏေန၊ အကြင်ကြောင့်။ နိဗ္ဗတ္တေယျ၊ ဖြစ်ရာ၏။ ဧတံ ဌာနံ၊ ဤအကြောင်းသည်။ န ဝိဇ္ဇတိ၊ မရှိ။

ဘိက္ခဝေ၊ ရဟန်းတို့။ ကာယဒုစ္စရိတဿ၊ ကာယဒုစရိုက်၏။ ဣဋ္ဌော၊ အလိုရှိအပ်သော။ ကန္တော၊ နှစ်သက်အပ်သော။ မနာပေါ၊ နှလုံးကို ပွါးစေတတ်သော။ ဝိပါကော၊ အကျိုးသည်။ ယံ ယေန ကာရဏေန၊ အကြင်ကြောင့်။ နိဗ္ဗတ္တေယျ၊ ဖြစ်ရာ၏။ ဧတံ၊ ဤသို့ ဖြစ်ခြင်းသည်။ အဋ္ဌာနံ၊ အကြောင်းမဟုတ်။ အနဝကာသော၊ အရာမဟုတ်။ ဘိက္ခဝေ၊ ရဟန်းတို့။ ကာယဒုစ္စရိတဿ၊ ကာယဒုစရိုက်၏။ ဣဋ္ဌော၊ အလိုရှိအပ်သော။ ကန္တော၊ နှစ်သက်အပ်သော။ မနာပေါ၊ နှလုံးကို ပွါးစေတတ်သော။ ဝိပါကော၊ အကျိုးသည်။ ယံ ယေန ကာရဏေန၊ အကြင်ကြောင့်။ နိဗ္ဗတ္တေယျ၊ ဖြစ်ရာ၏။ ဧတံ ဌာနံ၊ ဤအကြောင်းသည်။ န ဝိဇ္ဇတိ၊ မရှိ။

ဤတွင်ရှေ့ စေတီ,ပုထိုးတို့ကို ဖျက်ဆီးသောသူတို့သည် အပါယဂမနိယ ဖြစ်မည်, မဖြစ်မည်ကို ပြဆိုသော စကားတစ်ရပ် အပြီးသတ်တည်း။

ထိုစကားရပ်တို့ကို အကျယ်သိလိုလျှင် ဓမ္မပဒ၊ ၂၄-ခုမြောက်သော ဘိက္ခုဝဂ်အစု၊ ၈-ခုမြောက်သော သုမနသာမဏေရဝတ္ထု အဋ္ဌကထာ၌လည်းကောင်း။ ၅-ခုမြောက်သော ပါပဝဂ်အစု၊ ၂-ခုမြောက်သော ကုဋိဒူသကမဟာကဿပ သဒ္ဓိဝိဟာရိကဝတ္ထုအဋ္ဌကထာ။ ဓမ္မပဒ၊ ၁၀-ခုမြောက်သော ဒဏ္ဍဝဂ်အစု၊ ၆-ခုမြောက်သော အဇဂရပေတဝတ္ထုအဋ္ဌကထာ၌လည်းကောင်း။ ၅-ခုမြောက်သော ဗာလဝဂ်အစု၊ ၁၂-ခုမြောက်သော အတိပေတဝတ္ထုအဋ္ဌကထာ။ ပရမတ္ထဇောတိကမည်သော သုတ္တနိပါတ်၊ ပါရာယနသုတ်အဋ္ဌကထာ။ ဝိသုဒ္ဓဇနဝိလာသိနီမည်သော အပဒါန်အဋ္ဌကထာ။ အဋ္ဌသာလိနီမည်သော ဓမ္မသင်္ဂဏီအဋ္ဌကထာ။ ပပဉ္စသူဒနီမည်သော မူလပဏ္ဏာသ၊ ရှေးဦးစွာသော မူလပရိယာယဝဂ်အစု။ ၈-ခုမြောက်သော သလ္လေခသုတ်ပါဠိ,အဋ္ဌကထာ။ သမ္မောဟဝိနောဒနီမည်သော ဝိဘင်းပါဠိ,အဋ္ဌကထာ၊ ၎င်းအဖွင့် မူလဋီကာ၊ ၎င်းအဖွင့် အနုဋီကာ။ မနောရထပူရဏီမည်သော ဧကနိပါတ်၊ တိကနိပါတ်၊ အင်္ဂုတ္တိုရ်အဋ္ဌကထာ။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။ သုမင်္ဂလဝိသာလိနီမည်သော သုတ်မဟာဝါအဋ္ဌကထာ။ သုပါထေယျအဋ္ဌကထာ။ အဋ္ဌကနိပါတ်၊ သုလသာဇာတ်အဋ္ဌကထာ။ တေရသနိပါတ်၊ မဟာကာလိင်္ဂဇာတ်အဋ္ဌကထာတို့မှာ ကြည့်လေ။

မကွေးမြို့၊ ရှင်ဝိလာသက "ပျားဖွပ်သောသူတို့ အဒိန္နာဒါန် ထိုက်မည်, မထိုက်မည်၊ ထိုက်သည် အပါယဂမနိယ ဖြစ်မည်,မဖြစ်မည်၊ နွားသင်းကွပ်သောသူတို့ အပါယဂမနိယ ဖြစ်မည်, မဖြစ်မည်၊ ဇရပ်, တန်ဆောင်း, ကျောင်း, ကန်တို့ကို ဖျက်ဆီးသောသူတို့ အပါယဂမနိယ ဖြစ်မည်,မဖြစ်မည်၊ စေတီ, ပုထိုးတို့ကို ဖျက်ဆီးသောသူတို့ အပါယဂမနိယ ဖြစ်မည်, မဖြစ်မည်ကို နေရာကျ သိမှတ်လိုပါသည်"ဟု လျှောက်သောကြောင့် ကျမ်းဂန်အလာ ဒေသနာနယကို ထုတ်ဆောင်၍ ၁၂၄၀-ပြည့်၊ ဝါခေါင်လဆန်း၊ ၂-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိမ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## ပုခန်းကြီးမြို့ ရဟန်းတော် ရှင်သုန္ဒရ-က ပကတိသာဝကတို့ ဖြည့်အပ်သောပါရမီအပိုင်းအခြားနှင့် သာဝကအရှင်မြတ်တို့ ပါရမီမည်မျှ ဖြည့်ရမည်ကို သိလိုကြောင်း လျှောက်ထားချက်

[၁၅၄] "ဘုရားတပည့်တော် ပုခန်းကြီးမြို့ ရှင်သုန္ဒရလျှောက်ပါသည် ဆရာတော်ဘုရား။

(၁) ဘုရား, ပစ္စေကဗုဒ္ဓါ, သာဝကတို့၏ ပါရမီဖြည့်ရာ အပိုင်းအခြားကာလကိုသာ အပဒါန်အဋ္ဌကထာ- စသောကျမ်းတို့၌ လာသောကြောင့် ပကတိသာဝကတို့၏ ပါရမီဖြည့်ရာ ကာလအပိုင်းအခြားကို မသိနိုင်ပါ။ သာဝကတို့မှာ ဘုရားတို့ကဲ့သို့ပင် ပါရမီ ၁၀-ပါးလုံးကိုပင် ဖြည့်မှ သာဝကဆုကို ရမည်။

(၂) ဒါနပါရမီ-စသည်တို့တွင် ၁-ပါးပါးကို ဖြည့်လျှင်ပင် သာဝကဆုကို ရမည်ကို ယုံမှားသံသယ ဒွိဟမကင်း ရှိပါသောကြောင့် သင့်သည်ကို လွတ်လွတ်ဆိုတော်မူလေ့ရှိသော ယုတ္တမုတ္တဝါဒီပုဂ္ဂိုလ် ဖြစ်တော်မူသည်နှင့်အညီ ပါဠိ, အဋ္ဌကထာ, ဋီကာ, ကျမ်းဂန်တို့နှင့်အညီ အမိန့်ရှိတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား"။

ဂင်းရှင်သုန္ဒရ လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ—

[၁၅၄] (၁) ပကတိသာဝကတို့၏ ပါရမီဖြည့်ရာကာလကို မေးလျှောက်သည်မှာ ပကတိသာဝကတို့အား ကာလအပိုင်းအခြား မရှိ မဂ်,ဖိုလ်ကို တောင့်တ၍ အမှတ်မရှိသော ကာလဘဝတို့က ဖြည့်ကျင့်ဆည်းပူးခဲ့သော မဟာကပိန, ဥဂ္ဂါသေန, ပဥ္စသီလသမာဒါန, ဒါရုစီရိယ, ပဥ္စဂ္ဂဒါယက, စူဠပန္ထက-စသော သူတို့ကဲ့သို့သော ပါရမီဒဗ္ဗသမ္ဘာရတို့နှင့် ပြည့်စုံ၏။

ထို့ကြောင့် ပပဉ္စသူဒနီမည်သော မူလပဏ္ဏာသ၊ သတိပဋ္ဌာနသုတ် အဖွင့်ဋီကာ၌—

> **ဣတရေသံ အတီတာသု ဇာတီသု ဝိဝဋ္ဋူသန္နိဿယဝသေန နိဗ္ဗတ္တံ *(နိဗ္ဗတ္တိတံ)* နိဗ္ဗေဓဘာဂိယံကုသလံ။** (မဋီ၊၁။၃၅၇)

ဟူသောပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဣတရေသံ၊ ပကတိသာဝကပုဂ္ဂိုလ်တို့အား။ အတီတာသု ဇာတီသု၊ လွန်လေပြီးသော ဘဝတို့၌။ ဝိဝဋ္ဋူသန္နိဿယဝသေန၊ ဝဋ်မှ ထွက်မြောက်ကြောင်းကို မှီသည်၏အစွမ်း

အားဖြင့်။ နိဗ္ဗတ္တံ၊ ဖြစ်စေအပ်သော။ နိဗ္ဗေဓဘာဂိယံကုသလံ၊ သံသရာဘေး၊ လာမည့်ရေးကို၊ မျှော်တွေးထောက်၍၊ ကြောက်လန့်တကြား၊ ဝဋ် ၃-ပါးကို၊ ရှောင်ရှားဖဲကြဉ်၊ ဘေးကြီးထင်လျက်၊ ဆောလျင်ထုတ်ချောက်၊ လွတ်မြောက်စိမ့်ငှာ၊ မဟာကုသလ၊ ဉာဏသမ္ပယုတ်၊ စေတနာပြစ်ပြင့်၊ အဟုတ်အဟတ်၊ ဖိုလ်ရဟတ်ကို၊ မပြတ်တောင့်တ၊ ပြုခဲ့ကြသည်၊ ပုညကြီးထု၊ ကုသိုလ်စုတည်း။

'နိဗ္ဗတ္တံ'ဟူသော ပုဒ်များ၌ နိပ္ပတ္တံ-ဟု ဩဋ္ဌဇပဋ္ဌမက္ခရာ ပ-သဒ္ဒါသဒ္ဒေးဘော်နှင့် ရှိတတ်ကြ၏၊ မသင့်။ နိဗ္ဗတ္တံ-ဟု ဩဋ္ဌဇတတိယက္ခရာ ဗ-သဒ္ဒါသဒ္ဒေးဘော်နှင့် ရှိမှ သင့်မည်။ နိ-ပုဗ္ဗ၊ ဝတုဓာတ်။ မဟာကပ္ပိန, ဥဂ္ဂါသေန, ပဉ္စသီလသမာဒါန, ဒါရုစီရိယ, ပဉ္စဂ္ဂဒါယက, စူဠပန္ထကတို့၏ ဝတ္ထုသာဓကတို့ကို သိသာအောင် ပြဆိုလျှင် ကျယ်လွန်းအံ့။

**ဤတွင်ရွေ့ ပကတိသာဝကတို့ ပါရမီကို ပြဆိုသော စကားတစ်ရပ် အပြီးသတ်တည်း။**

(၂) သာဝကတို့မှာ ဘုရားတို့ကဲ့သို့ ပါရမီ ၁၀-ပါးလုံးကိုပင် ဖြည့်ရမည်။ ၁-ပါးပါးကိုသာ ဖြည့်ရမည်ကို မေးလျှောက်သည်မှာ အဂ္ဂသာဝက, မဟာသာဝကတို့ ပါရမီကို ပြရာ-

> **ဧဝံ ကမ္မာယ ပတ္ထနာယ ကမ္မိနာ ဝါ အဘိနီဟာရေန ယထာဝုတ္တပဘေဒေ ကာလေ ပါရမိယော ပူရေတွာ။ -**

ဟု ပရမတ္ထဇောတိကမည်သော သုတ္တနိပါတ (၁-၃၇၈ ဝဂ္ဂ၊ ခဂ္ဂ)၊ ဝိသာဏသုတ် အဖွင့်အဋ္ဌကထာတွင် လာသည်။ (သုတ္တနိ၊ဋ္ဌ၊၁၊၄၆)

ဧဝံ၊ ဤသို့။ ကမ္မာယ ပတ္ထနာယ ဝါ၊ ဤသို့ တောင့်တခြင်းဖြင့်လည်းကောင်း။ ကမ္မိနာ အဘိနီဟာရေန ဝါ၊ ဤသို့ ဆုတောင်းခြင်းဖြင့်လည်းကောင်း။ ယထာဝုတ္တပဘေဒေ၊ အကြင်အကြင် ဆိုအပ်ခဲ့ပြီးသော အပြားရှိသော။ ကာလေ၊ ကာလ၌။ ပါရမိယော၊ ပါရမီတို့ကို။ ပူရေတွာ၊ ဖြည့်၍။

ခုဒ္ဒကနိကာယ်အဝင်ဖြစ်သော ခုဒ္ဒကပါဠ်၊ နိဓိကဏ္ဍသုတ်ပါဠိတော်၌—

- ပေးလှူခြင်း ဒါန၊
- ကိုယ်,နှုတ်ကို စောင့်ခြင်း ပဉ္စင်္ဂ, အဋ္ဌင်-စသော သီလ၊
- အထူးထူးသော အာရုံ၌ စိတ်ကို စောင့်ရှောက်ခြင်း သံယမ၊
- တစ်နည်းလည်း ပါတိမောက္ခသံဝရသီလ-ဟု ဆိုအပ်သော သီလ၊ ဣန္ဒြိယသံဝရသီလ-ဟု ဆိုအပ်သော သံယမ၊ ကိလေသာမှ ငြိမ်းစေ၍ စိတ်ကို ဆုံးမခြင်း-ဟု ဆိုအပ်သော ဒမန၊

ဤအင်္ဂါ ၄-ပါးတို့နှင့် ပြည့်စုံသော ကုသိုလ်တည်းဟူသော ရွှေအိုးကို ကြိုးစားအားထုတ် သိုမြှုပ်ကြသော ယောက်ျား, မိန်းမ, လူ, ရဟန်း-စသော ပုဂ္ဂိုလ်တို့အား ပဋိသမ္ဘိဒါ, ဝိမောက္ခ, သာဝကပါရမီဉာဏ်, ပစ္စေကဗောဓိဉာဏ်, ဗုဒ္ဓဘူမိ-ဟု ဆိုအပ်သော ၅-ပါးကုန်သော အကျိုးတို့နှင့် ပြည့်စုံရာသောအဖြစ်ကို—

**ပဋိသမ္ဘိဒါ ဝိမောက္ခာ စ၊ ယာ စ သာဝကပါရမီ။**
**ပစ္စေကဗောဓိ ဗုဒ္ဓဘူမိ၊ သဗ္ဗံမေတေန လဗ္ဘတိ။ ။ (ခု၊၁။၁၀)**

ဟူ၍ ဟောတော်မူသည်။

ယေ ပဋိသမ္ဘိဒါ စ၊ အကြင် ပဋိသမ္ဘိဒါတို့သည်လည်းကောင်း။ ယော ဝိမောက္ခော စ၊ အကြင်ဝိမောက္ခသည်လည်းကောင်း။ ယာ စ သာဝကပါရမီ၊ အကြင် သာဝကပါရမီသည်လည်းကောင်း။ ယာ ပစ္စေကဗောဓိ စ၊ အကြင် ပစ္စေကဗောဓိသည်လည်းကောင်း။ ယာ ဗုဒ္ဓဘူမိ စ၊ အကြင် ဗုဒ္ဓဘူမိသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ တံ သဗ္ဗံ၊ ထိုအလုံးစုံကို။ ဧတေန၊ ထိုဒါန, သီလ, သံယမ, ဒမန-ဟူသော ရွှေအိုးဖြင့်။ လဗ္ဘတိ၊ ရအပ်၏။

ထိုပါဠိတော်၌- ဒါနေန၏အရဖြင့် ဒါနကို ယူအပ်၏။
**သီလေန**၏အရဖြင့် ပါတိမောက္ခသံဝရသီလကို ယူအပ်၏။
**သံယမေန**၏အရဖြင့် ဣန္ဒြိယသံဝရသီလကို ယူအပ်၏။
**ဒမေန**၏အရဖြင့် သမထ, ဝိပဿနာပညာကို ယူအပ်၏။

ဤသို့ ဒါန, သီလ, ဘာဝနာ ၃-ပါးဖြစ်၏။

တစ်နည်းကား ဒါနေန၏အရဖြင့် ဒါနကို ယူအပ်၏။ **သီလေန**၏အရဖြင့် သီလကို ယူအပ်၏။ **သံယမေန**၏အရဖြင့် သမာဓိကို ယူအပ်၏။ **ဒမေန**၏အရဖြင့် ပညာကို ယူအပ်၏။ ဤသို့ ဒါန, သီလ, ပညာ ၃-ပါး *(ဒါန, သီလ, သမာဓိ, ပညာ၊ ၄-ပါး)* ဖြစ်၏။ ယဿ ဒါနေန သီလေန၊ သံယမေနဒမေန-သည် သာဓာရဏဒေသနာ မည်၏။ သူအများနှင့် ဆက်ဆံ၏။

ဤပါဠိ, အဋ္ဌကထာတို့၌ သာဝကတို့ ပါရမီကို ဖြည့်ရကြောင်းကိုသာ “ပါရမိယော ပူရေတွာ”ဟု သာမည လာသည်။ နိဓိကဏ္ဍသုတ်တွင်လည်း “ယဿ ဒါနေန သီလေန၊ သံယမေန ဒမေန စ” ပါဠိတော်၏အရ၌ ဒါန, သီလ, ပညာ၊ ပါရမီ ၃-ပါး ရသည်။

မဟာကပ္ပိနဝတ္ထု, ဥဂ္ဂသေနဝတ္ထုတို့မှာ ဒါနပါရမီကို နီတတ္ထ လာသည်။ ပဉ္စသီလ-သမာဒါနထေရဝတ္ထု, ဒါရုစီရိယဝတ္ထုတို့မှာ သီလပါရမီကို နီတတ္ထ လာသည်။ ပဉ္စဂ်ဒါယက-

ဝတ္ထု, စူဠပန္ထကဝတ္ထုတို့မှာ ပညာပါရမီကို နီတတ္ထ လာသည်။ နေယျတ္ထအားဖြင့် ကြွင်းသော ပါရမီတို့သည်လည်း ယထာရဟ ဖြစ်သင့်၏။ ပါရမီ၏သဘောသည် စိတ္တုပ္ပါဒ်၏ အစွမ်းအားဖြင့် ပါရမီ ၁-ပါးကို ဖြည့်သော် ပါရမီ ၁၀-ပါးပြည့်၏။ ပြည့်ဟန်ကား—

- သီလပါရမီကို ဖြည့်ရာ၌ သူတပါးတို့ အသက်စည်းစိမ်ကို ပေးသည် မည်သောကြောင့် ဒါနပါရမီ မည်၏။
- ကိုယ်,နှုတ်ကို ကောင်းစွာ စောင့်ရှောက်သောကြောင့် သီလပါရမီ မည်၏။
- အကုသိုလ်, ကိလေသာ, ကာမဝိတက်-စသည်မှ ထွက်မြောက်သောကြောင့် နိက္ခမပါရမီ မည်၏။
- အကျိုးရှိသည်, မရှိသည်၊ လောကီ, လောကုတ္တရာတို့၌ လိမ္မာသော ဉပါယကောသလ္လဉာဏ်သည် ပညာပါရမီ မည်၏။
- ကာမဝိတက်-စသည်တို့မှ ကင်းစေခြင်းငှာလည်းကောင်း၊ ဒါန,သီလ-စသည်တို့၏ ပြည့်စုံခြင်းငှာလည်းကောင်း လုံ့လပြုခြင်းသည် ဝီရိယပါရမီ မည်၏။
- ကာမဝိတက်-စသော အကုသိုလ်, ကိလေသာတို့မှ သည်းခံသော ခန္တီသံဝရနှင့် ပြည့်စုံခြင်းသည် ခန္တီပါရမီ မည်၏။
- ဝန်ခံသောအတိုင်း မှန်ကန်ဖြောင့်မတ်ခြင်းသည် သစ္စာပါရမီ မည်၏။
- ခပ်သိမ်းသော ဒါန, သီလ-စသော အရာ၌ မတုန်မလှုပ် ဆောက်တည်ခြင်းသည် အဓိဋ္ဌာန်ပါရမီ မည်၏။
- ခပ်သိမ်းသော သတ္တဝါတို့၌ အကျိုးစီးပွါးကို တောင့်တခြင်းသည် မေတ္တာပါရမီ မည်၏။
- သတ္တဝါ, သင်္ခါရတို့၌ လျစ်လျူရှုသောအဖြစ်သည် ဥပေက္ခာပါရမီ မည်၏။

ဤသို့ ပါရမီ ၁၀-ပါး ဖြစ်၏။ ဤသို့ မှတ်ရာ၏။

ဤသို့ ကျမ်းဂန်လာသောကြောင့် သာဝကတို့မှာလည်း ပါရမီကို ယထာရဟ ဖြည့်ရ၏-ဟု မှတ်ရာ၏။ အရှင်အာနန္ဒာ၏ အလောင်းတော်သည် ပဒုမုတ္တရဘုရားဖြစ်တော်မူသောကာလ ဟံသာဝတီပြည်တွင် ပဒုမုတ္တရဘုရား ခမည်းတော် ဗန္ဓုမမည်သော မင်း၏ သားဖြစ်၍ ပစ္စန္တရစ်ကို ငြိမ်းစေရာ "ဝါတွင်း ၃-လပတ်လုံး ဘုရားကို လုပ်ကျွေးခြင်း"ဟူသော ဆုကို ယူ၍ ဘုရားအထံသို့ ချဉ်းကပ်သောကာလ မြတ်စွာဘုရား အလုပ်အကျွေး သုမနထေရ်ကို မြင်လေလျှင် "အရှင်ဘုရား၊ ဤသုမနထေရ်သည် အရှင်ဘုရားနှင့် အကျွမ်းဝင်သော မထေရ်ပေလော"ဟု လျှောက်ထားရာ "ငါဘုရားနှင့် အကျွမ်းဝင်သော မထေရ်ပင်

တည်း”ဟု မိန့်တော်မူသဖြင့် “မြတ်စွာဘုရားသာသနာ၌ အဘယ်သို့ ပြု၍ အကျွမ်းဝင်ခြင်း ဖြစ်ပါသနည်း”ဟု–

**ဘန္တေ ဗုဒ္ဓါနံ သာသနေ ကိံ ကတွာ ဝလ္လဘော ဟောတီတိ။** (ဒီ၊ဋ္ဌ၊၂။၈၀)

ဟု လျှောက်ထားသည်တွင် “ဒကာမင်းသား၊ အလှူပေးခြင်း, သီလဆောက်တည်ခြင်း, ဥပုသ် သုံးခြင်းကို ပြုရာ၏”ဟု–

**ဒါနံ ဒတွာ သီလံ သမာဒိယိတွာ ဥပေါသထကမ္မံ ကတွာ ကုမာရ –**

ဟူ၍ ဟောတော်မူကြောင်းကို သုမင်္ဂလဝိလာသိနီမည်သော သုတ်မဟာဝါ၊ ၂-ခုမြောက် သော မဟာနိဒါနသုတ်အဋ္ဌကထာ (ဒီ၊ဋ္ဌ၊၂။၈၀)တွင် လာသည်။

“ဘန္တေ၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ ဗုဒ္ဓါနံ သာသနေ၊ မြတ်စွာ ဘုရားတို့၏ သာသနာတော်၌။ ကိံ ကတွာ၊ အဘယ်သို့ ပြု၍။ ဝလ္လဘော၊ အကျွမ်းဝင် သည်။ ဟောတိ၊ ဖြစ်သနည်း”။ ဣတိ၊ ဤသို့ နားတော်လျှောက်၏။

“ကုမာရ၊ မင်းသား။ ဒါနံ၊ အလှူကို။ ဒတွာ၊ လှူ၍။ သီလံ၊ သီလကို။ သမာဒိယိတွာ၊ ဆောက်တည်၍။ ဥပေါသထကမ္မံ၊ ဥပုသ်ကံကို။ ကတွာ၊ ပြု၍။ ဝလ္လဘော၊ အကျွမ်းဝင် သည်။ ဟောတိ၊ ဖြစ်၏”။

ထိုအခါ သုမနမင်းသားသည် မိမိနေရာ ယူဇနာ ၂၀၀-ကွာသော ဘောဂဂါမသို့ ဘုရားကို ပင့်ဆောင်ပြီးလျှင် ယူဇနာ ၂၀၀-ကွာသော ခရီးတွင် ၁-ယူဇနာ, ၁-ယူဇနာတွင် တည်းရန် ကျောင်း ၁-ဆောင်စီ ကျောင်းပေါင်း-၂၀၀၊ ဘောဂဂါမ၌လည်း မြေဖိုးပါ ၂-သိန်း ကို ကျောင်းဆောက်လုပ်၍ နောက်ပါရဟန်း ၁-သိန်းနှင့်တကွ ဝါတွင်း ၃-လပတ်လုံးကို ကိုးကွယ်လှူဒါန်း၍ ဝါကျွတ်သောကာလ ဘုရားကို လုပ်ကျွေးလှူဒါန်းပြီးမှ “မြတ်စွာဘုရား၊ ယူဇနာ ၂၀၀-အတွင်း ၁-ယူဇနာ, ၁-ယူဇနာ၌ တဲကျောင်း ၁-ဆောင်, ၁-ဆောင်စီ၊ ဤ ဘောဂဂါမ၌လည်း ကြီးစွာသော ကျောင်းကို ဆောက်လုပ်လှူဒါန်းပါသည်။ ဤကုသိုလ် သည် လူ့,နတ်,ပြဟ္မာ စည်းစိမ်ချမ်းသာကို အလိုမရှိပါ။ နောင်ဘုရားတို့လက်ထက် သုမန ထေရ်ကဲ့သို့ ဘုရားအလုပ်အကျွေး ဖြစ်လိုပါ၏”ဟု ဆုပတ္ထနာကြောင်းကို–

**အဟမ္ပိ ဘဂဝါ အနာဂတေ သုမနတ္ထေရော ဝိယ ဗုဒ္ဓဿ ဥပဋ္ဌာကော ဘဝေယျံ။**

ဟု ဆုတောင်းကြောင်းကို ၎င်းအဋ္ဌကထာ(ဒီ၊ဋ္ဌ၊၂။၈၂)တွင် လာသည်။

“ဘဂဝါ၊ မြတ်စွာဘုရား။ အဟမ္ပိ၊ အကျွန်ုပ်သည်လည်း။ အနာဂတေ၊ နောင်အခါ ၌။ သုမနတ္ထေရော ဝိယ၊ သုမနထေရ်ကဲ့သို့။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ဥပဋ္ဌာကော၊

အလုပ်အကျွေးသည်။ ဘဝေယျံ၊ ဖြစ်ရလို၏”။ ။ ထိုပဒုမုတ္တရမြတ်စွာဘုရားက—

ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ သဗ္ဗမေဝ သမိဇ္ဈတု။
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ စန္ဒော ပန္နရသော ယထာ။ ။ (ဒီ၄၊၂။၈၂)

ဟု ဆုပေးတော်မူကြောင်းကို အဋ္ဌကထာတွင် လာသည်။

“ပန္နရသော၊ ၁၅-ရက် တက်၍ထွန်းသော။ စန္ဒော ယထာ၊ လ-ကဲ့သို့။ တုယှံ၊ သင့်အား။ သဗ္ဗမေဝ၊ အလုံးစုံသာလျှင်။ သမိဇ္ဈတု၊ ပြည့်စုံစေသတည်း။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သင်္ကပ္ပါ၊ အကြံတို့သည်။ ပူရေန္တု၊ ပြည့်စုံစေကုန်သတည်း”။

ထိုအခါ အနှစ် ၁-သိန်း ကာလပတ်လုံး အလှူပေး၍ နတ်ပြည်၌ ဖြစ်ပြီးမှ ကဿပဘုရားရှင်သာသနာတော်၌ ဆွမ်းခံရဟန်းအား အပေါ်ရုံပုဆိုးကို လှူ၍ နတ်ပြည်၌ တဖန်ဖြစ်ပြန်ပြီးမှ စုတိနောက် ဗာရာဏသီမင်းဖြစ်၍ ပစ္စေကဗုဒ္ဓါတို့အား ကျောင်းဆောက်လုပ်လှူဒါန်း၍ အနှစ် ၁-သိန်းပတ်လုံး ကောင်းစွာ လုပ်ကျွေးသတည်း။

ဤနည်းဖြင့် ကမ္ဘာ ၁-သိန်းပတ်လုံး ဒါနကို ပြု၍ ငါတို့ဘုရားအလောင်းတော်နှင့်အတူ တုသိတာနတ်ပြည်၌ ဖြစ်ပြီးမှ ကပိလဝတ်ပြည်၊ မယ်တော်မာယာဝမ်းတွင် ပဋိသန္ဓေယူနေသည့်နေ့၊ မြတ်စွာဘုရား ဘထွေးတော် အမိတောဒနမင်း၏ မိဖုရားဝမ်းတွင် ပဋိသန္ဓေယူနေ၍ ဘုရားနှင့်အတူ ဖွားမြင်သဖြင့် ဖွားဘက်တော် ၇-ယောက်အဝင် ညီတော်အာနန္ဒာ ထင်ရှားသဖြင့် ဘုရားဖြစ်တော်မူ၍ ပဉ္စမဗောဓိဝါ ၂၀-လွန်သည့်နောက် အာနန္ဒာကို အလုပ်အကျွေးပြု၍ ဧတဒဂ်ထားတော်မူကြောင်းကို ၎င်းအဋ္ဌကထာ (နှာ-၈၂)တွင် လာသည်။

ထို့ကြောင့် သာဝကတို့မှာ ပါရမီကို ယထာရဟ ဖြည့်ရသတည်း-ဟု မှတ်ရာ၏။ ဓမ္မပဒအဋ္ဌကထာ၊ ၄-ခုမြောက်သော ပုပ္ဖဝဂ်အစု၊ ၃-ခုမြောက်သော ဝိဋ္ဋူဗ္ဗဝတ္ထုတွင် လက်ဝဲရံ၊ လက်ယာရံ၊ ရဟန်းယောက်ျား, ရဟန်းမိန်းမ၊ ဒါယကာယောက်ျား, ဒါယိကာမိန်းမ အစုံအစုံ-ဟု ဆိုအပ်သော ပုဂ္ဂိုလ် ၈-ယောက်တို့ကို အစပြု၍ ဧတဒဂ်ရ အသီတိမဟာသာဝက ဌာနန္တရပတ္တပုဂ္ဂိုလ်တို့သည် ပါရမီကို တစိတ်တဒေသမျှသာ ဖြည့်ရကြောင်းကို-

သာရိပုတ္တတ္ထေရော, မဟာမောဂ္ဂလ္လာနတ္ထေရောတိ ဒွေ အဂ္ဂသာဝကာ၊ ခေမာ, ဥပ္ပလဝဏ္ဏာ'တိ ဒွေ အဂ္ဂသာဝိကာ၊ ဥပါသကေသု စိတ္တော ဂဟပတိ, ဟတ္ထကော အာဠဝကော'တိ ဒွေ အဂ္ဂဥပါသကာ၊ ဥပါသိကာသု ဝေဠုကဏ္ဍကီ နန္ဒမာတာ, ခုဇ္ဇုတ္တရာ'တိ ဒွေ အဂ္ဂဥပါသိကာ၊ ဣတိ ဣမေ အဋ္ဌ ဇနေ အာဒိံ ကတွာ ဌာနန္တရပတ္တာ

သဗ္ဗေပိ သာဝကာ ကေဒေသေန ဒသန္နံ ပါရမီနံ ပူရိတတ္တာ မဟာပုညာ အဘိနီဟာ-
ရသမ္ပန္နာ။ —

ဟု လာသည်။ (ဓမ္မ၊၄၊၁။၂၁၆)

သာရိပုတ္တတ္ထေရော၊ သာရိပုတ္တရာထေရ်လည်းကောင်း။ မဟာမောဂ္ဂလ္လာနတ္ထေရော၊ မဟာမောဂ္ဂလ္လာန်ထေရ်လည်းကောင်း။ က္လတိ၊ ဤသို့။ ဒွေ အဂ္ဂသာဝကာ၊ ၂-ယောက်သော အဂ္ဂသာဝကတို့လည်းကောင်း။ ဘိက္ခုနီသု၊ ဘိက္ခုနီမတို့တွင်။ ခေမာ စ၊ ခေမာလည်းကောင်း။ ဥပ္ပလဝဏ္ဏာ စ၊ ဥပ္ပလဝဏ်လည်းကောင်း။ က္လတိ၊ ဤသို့။ ဒွေ အဂ္ဂသာဝိကာ စ၊ ၂-ယောက်သော အဂ္ဂသာဝိကတို့လည်းကောင်း။ ဥပါသကေသု၊ ဒါယကာယောကျ်ားတို့တွင်။ စိတ္တော ဂဟပတိ စ၊ စိတ္တသူကြွယ်လည်းကောင်း။ ဟတ္ထကော အာဠဝကော စ၊ ဟတ္ထက အာဠဝကလည်းကောင်း။ က္လတိ၊ ဤသို့။ ဒွေ အဂ္ဂဉပါသကာ စ၊ ၂-ယောက်သော, မြတ်သော ဥပါသကာဒကာယောကျ်ားတို့လည်းကောင်း။ ဥပါသိကာသု၊ ဒါယိကာမိန်းမတို့တွင်။ ဝေဠုကဏ္ဍကီ နန္ဒမာတာ စ၊ ဝေဠုကဏ္ဍကီအမည်ရှိသော နန္ဒမာတာလည်းကောင်း။ ခုဇ္ဇုတ္တရာ စ၊ ခုဇ္ဇုတ္တရာလည်းကောင်း။ က္လတိ၊ ဤသို့။ ဒွေ အဂ္ဂဉပါသိကာ စ၊ ၂-ယောက်သော, မြတ်သော ဥပါသိကာ ဒါယိကာမိန်းမတို့လည်းကောင်း။ က္လတိ က္လမေ အဋ္ဌ ဇနေ၊ ဤ ၈-ယောက်သောသူတို့ကို။ အာဒိံ ကတွာ၊ အစပြု၍။ ဌာနန္တရပတ္တာ၊ ဌာနန္တရသို့ ရောက်ကြကုန်သော။ သဗ္ဗေပိ သာဝကာ၊ ခပ်သိမ်းကုန်သော သာဝကတို့သည်။ ဒသန္နံ ပါရမီနံ၊ ပါရမီ ၁၀-ပါးတို့တွင်။ ဝါ၊ ပါရမီ ၁၀-ပါးတို့ကို။ ကေဒေသေန၊ တစိတ်အားဖြင့်။ ပူရိတတ္တာ၊ ဖြည့်သည်၏အဖြစ်ကြောင့်။ မဟာပုညာ၊ ဘုန်းကြီးကုန်၏။ အဘိနီဟာရသမ္ပန္နာ၊ ဆုတောင်းခြင်းနှင့် ပြည့်စုံကြကုန်၏။

- သာရိပုတ္တရာထေရ်, မောဂ္ဂလ္လာန်ထေရ်၊ ဒွေ အဂ္ဂသာဝကာ။
- ခေမာလည်းကောင်း, ဥပ္ပလဝဏ်လည်းကောင်း၊ ဒွေ အဂ္ဂသာဝိကာ။
- စိတ္တသူကြွယ်, ဟတ္ထ အာဠဝက၊ ဒွေ အဂ္ဂသာဝကာ၊ ဒါယကာယောကျ်ား-၂။
- ဝေဠုကဏ္ဍကီမည်သော နန္ဒမာတာလည်းကောင်း, ခုဇ္ဇုတ္တရာလည်းကောင်း၊ ဒွေ အဂ္ဂသာဝိကာ၊ ဒါယိကာမိန်းမ-၂။

ထိုစကားရပ်ကို အကျယ်သိလိုလျှင် ဓမ္မပဒအဋ္ဌကထာ, အပဒါန်အဋ္ဌကထာ, ပပဉ္စ-သူဒနီမည်သော မူလပဏ္ဏာသအဋ္ဌကထာ၊ ၎င်းအဖွင့်ဋီကာ, ပရမတ္ထဇောတိကမည်သော သုတ္တနိပါတ်၊ ခဂ္ဂဝိသာဏသုတ်အဋ္ဌကထာ, ၎င်းခုဒ္ဒကပါဌ၊ နိဓိကဏ္ဍသုတ်ပါဠိ, အဋ္ဌကထာ, ပရမတ္ထဒီပနီမည်သော စရိယာပိဋကတ်အဋ္ဌကထာတို့မှာ ကြည့်လေ။

ပုခန်းကြီးမြို့ ရှင်သုန္ဒရက “ပကတိသာဝကတို့၏ ပါရမီဖြည့်ရာ ကာလအပိုင်း အခြားကိုလည်း မသိနိုင်ပါ။ သာဝကတို့မှာ ဘုရားတို့ကဲ့သို့ပင် ပါရမီ ၁၀-ပါးလုံးကိုပင် ဖြည့်မှ သာဝကဆုကို ရမည်၊ ဒါနပါရမီ- စသည်တို့တွင် ၁-ပါးပါးကို ဖြည့်လျှင်ပင် သာဝက ဆုကို ရမည်ကို သေချာစွာ သိမှတ်လိုပါသည်”ဟု လျှောက်သောကြောင့် ကျမ်းဂန်အလာ ဒေသနာနယကို ထုတ်ဆောင်၍ ၁၂၄၀-ပြည့်၊ ဝါခေါင်လဆုတ်၊ ၃-ရက်နေ့၊ ဒီပဲယင်းမြို့ ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## ရတနာသိခ်မြို့ ရဟန်းတော် ရှင်တိဏ္ဏ-က “သတ္တဝါ, ဝေနေယျ”ဟူသော အရာကို မေးလျှောက်ချက်

[၁၅၅]　“ဘုရားတပည့်တော် ရတနာသိခ်မြို့ ရှင်တိဏ္ဏ လျှောက်ပါသည် ဆရာ တော်ဘုရား။

သတ္တဝါ-ဟူ၍လည်းကောင်း, ဝေနေယျ-ဟူ၍လည်းကောင်း ခေါ်ဝေါ်ပြောဆို ကြသောအရာသည် အလွန်ထင်ရှားပါသည်။ အလျှုဒါနကို ရေစက်ချ၍ အမျှ ဝေကြရာ၌လည်း ‘ဝေနေယျသတ္တဝါ’ဟု အများတကာ သူ,ငါက-စ ရေတွက်ကြ သည့်အရာမှာ သတ္တဝါလည်း အခြားပင်, ဝေနေယျလည်း အခြားပင် ဖြစ်မည်၊ သတ္တဝါဝေနေယျ မကွဲမပြား တစ်ဦးတစ်ယောက်တည်းပင် ဖြစ်မည်။ သို့မဟုတ် မည်သို့ ကွဲပြားသည်ကို နေရာကျကျ သန္နိဋ္ဌာန်ချ၍ သိမှတ်ပါရအောင် ကယ်မ သနားတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား”။

ရဟန်းတော် ရှင်တိဏ္ဏ လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ—

[၁၅၅]　“ဝေနေယျ သတ္တဝါ”ဟု ခေါ်ဝေါ်ကြသော ဝေါဟာရအထူးကို မေးလျှောက် သည်မှာ—

- မဂ်,ဖိုလ်ကို မရထိုက်သော ပုဂ္ဂိုလ်သည် သတ္တဝါသာ မည်သည်၊ ဝေနေယျ မမည်။
- မဂ်,ဖိုလ် ရထိုက်,သိထိုက်သော ပုဂ္ဂိုလ်သည် သတ္တဝါလည်း မည်၏၊ ဝေနေယျလည်း မည်၏။

ဤသို့ မှတ်ရာ၏။ ထိုဝေနေယျသည် ဗုဒ္ဓဝေနေယျ, သာဝကဝေနေယျ-ဟူ၍ ၂-ပါး အပြားရှိ၏။ ထို ၂-ပါးတို့တွင်—

- သာဝကဝေနေယျကို သာဝကတို့သည်လည်း ဆုံးမထိုက်၏။ ဘုရားတို့လည်း ဆုံးမထိုက်၏။
- ဗုဒ္ဓဝေနေယျကိုကား ဘုရားတို့သာ ဆုံးမထိုက်၏။ သာဝကတို့ ဆုံးမခြင်းငှာ မတတ်နိုင်။

ထို့ကြောင့် ပပဉ္စသူဒနီ-မည်သော မူလပဏ္ဏာသ၊ ၄-ခုမြောက်သော မဟာယမက ဝဂ်အစု၊ ၅-ခုမြောက်သော စူဠသစ္စကသုတ် အဖွင့်အဋ္ဌကထာ (မ၊ဋ္ဌ၊၂။၁၇၇)၌—

ဒုဝိဓာ ဟိ ပုဂ္ဂလာ ဗုဒ္ဓဝေနေယျာ စ သာဝကဝေနေယျာ စ။ သာဝကဝေနေယျေ သာဝကာပိ ဝိနေန္တိ ဗုဒ္ဓါပိ။ ဗုဒ္ဓဝေနေယျေ ပန သာဝကာ ဝိနေတုံ န သက္ကောန္တိ၊ ဗုဒ္ဓါ'ဝ ဝိနေန္တိ။ အယံပိ နိဂဏ္ဌော ဗုဒ္ဓဝေနေယျော၊ တသ္မာ ဧတဿ ဝါဒံ ဆိန္ဒိတွာ အညော ဒေါသံ ဒါတုံ သမတ္ထော နာမ နတ္ထိ။ —

ဟူသောပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဟိ သစ္စံ၊ မှန်၏။ ပုဂ္ဂလာ၊ ပုဂ္ဂိုလ်တို့သည်။ ဗုဒ္ဓဝေနေယျာ စ၊ ဗုဒ္ဓဝေနေယျတို့လည်း ကောင်း။ သာဝကဝေနေယျာ စ၊ သာဝကဝေနေယျတို့လည်းကောင်း။ ဣတိ၊ ဤသို့။ ဒုဝိဓာ၊ ၂-ပါး အပြားရှိကုန်၏။ တေသု၊ ထို ၂-ပါးသော ဝေနေယျတို့တွင်။ (တေသု-ကား ထည့်။ "တေသု သာဝကဝေနေယျေ"ဟူ၍လည်း ပါဠိ ရှိသင့်၏။) သာဝကဝေနေယျေ၊ သာဝကဝေနေယျ တို့ကို။ သာဝကာပိ၊ သာဝကတို့သည်လည်း။ ဝိနေန္တိ၊ ဆုံးမကုန်၏။ ဗုဒ္ဓါပိ၊ ဘုရားတို့သည် လည်း။ ဝိနေန္တိ၊ ဆုံးမကုန်၏။ ဗုဒ္ဓါဝေနေယျေ ပန၊ ဗုဒ္ဓဝေနေယျတို့ကိုကား။ သာဝကာ၊ သာဝကတို့သည်။ ဝိနေတုံ၊ ဆုံးမခြင်းငှာ။ န သက္ကောန္တိ၊ မတတ်နိုင်ကုန်။ ဗုဒ္ဓါ ဧဝ၊ ဘုရားတို့ သည်သာလျှင်။ ဝိနေန္တိ၊ ဆုံးမကုန်၏။ အယံပိ နိဂဏ္ဌော၊ ဤနိဂဏ္ဌတက္ကဒွန်းသည်လည်း။ ဗုဒ္ဓဝေနေယျော၊ ဗုဒ္ဓဝေနေယျ မည်၏။ တသ္မာ၊ ထို့ကြောင့်။ ဧတဿ၊ ထိုနိဂဏ္ဌတက္ကတွန်း ၏။ ဝါဒံ၊ အယူကို။ ဆိန္ဒိတွာ၊ ဖြတ်၍။ အညော၊ ဘုရားမှ တပါးသောသူသည်။ ဒေါသံ၊ အပြစ်ကို။ ဒါတုံ၊ ပေးခြင်းငှာ။ သမတ္ထော နာမ၊ စွမ်းနိုင်သူ မည်သည်။ နတ္ထိ၊ မရှိ။

"နိဂဏ္ဌ"ဟူသော ပုဒ်၌ မုဒ္ဓဇဒုတိယက္ခရာ ဌ-မှာ မုဒ္ဓဇပဉ္စမက္ခရာ ဏ-သံယုဂ်နှင့် နိဂဏ္ဌ၊ ဒန္တဇဒုတိယက္ခရာ ထ-မှာ ဒန္တဇပဉ္စမက္ခရာ န-သံယုတ်နှင့် နိဂန္ထ၊ ဒန္တဇ-စတုတ္ထက္ခရာ ဓ-မှာ ဒန္တဇ ပဉ္စမက္ခရာ န-သံယုဂ်နှင့် နိဂန္ဓ၊ သဒ္ဒါ ၃-ချက်သင့်။

နိဂဏ္ဌတက္ကတွန်း-ဟူသည် ဝေသာလီတိုင်းသား၊ အဂ္ဂိဝေဿနမည်သော သစ္စက-ပရိဗိုဇ်တည်း။ ထိုအဂ္ဂိဝေဿနသည် ဝေသာလီတိုင်းသား တက္ကတွန်းသမီး-ခင်ပွန်းတို့၏သား၊ ထိုသမီး-ခင်ပွန်းတို့မှ မွေးဖွားသော သစ္စာ, လောလာ, ပဋာစာရာ, အာစရိဝတာ *(အာစာရဝတီ)*-ဟူသော သမီး ၄-ယောက်တို့အောက် အငယ်ဖြစ်သော မောင်တည်း။ ထိုအဂ္ဂိဝေဿနသည် ငယ်ရွယ်စဉ်ကပင် အမိ၏အထံမှ ဝါဒ-၅၀၀, အဘ၏အထံမှ ဝါဒ-၅၀၀, သူတပါးတို့ အထံမှလည်း ဝါဒများစွာ တတ်သဖြင့် ဝေသာလီမင်းသားတို့ကို အတတ်ပညာသင်၍ နေ၏။ ပညာဖြင့် အလွန်ပြည့်စုံသောကြောင့် ဝမ်းကွဲမည်, ပေါက်မည်စိုး၍ ဝမ်းကို သံပတ်၍ ထားရသတည်း။

ထို့ကြောင့် ပပဉ္စသူဒနီမည်သော မူလပဏ္ဏာသ၊ စူဠသစ္စကသုတ် အဖွင့်အဋ္ဌကထာ၌—

**အယံ သစ္စကော တာသံ စတုန္နံပိ ကနိဋ္ဌဘာတိကော၊ တာဟိ စတူဟိပိ ဥတ္တရိတရ-ပညော၊ မာတာပိတူနမ္ပိ သန္တိကာ ဝါဒသဟဿံ၊ တတော ဗဟုတရဉ္စ ဗာဟိရသမယံ ဥဂ္ဂဟေတွာ ကတ္ထစိ အဂန္တွာ ရာဇဒါရကေ သိပ္ပံ သိက္ခာပေန္တော တတ္ထေဝ ဝေသာလိယံ ဝသတိ၊ ပညာယ အတိပူရိတတ္တာ ကုစ္ဆိ မေ ဘိဇ္ဇေယျာတိ ဘီတော အယပဋ္ဋေန ကုစ္ဆိံ ပရိက္ခိပိတွာ စရတိ။** (မ႒၊၂။၁၇၂)

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

အယံ သစ္စကော၊ ဤသစ္စကပရိဗိုဇ်သည်။ တာသံ စတုန္နံပိ၊ ထို ၄-ယောက်ကုန်သော သစ္စာ, လောလာ, ပဋာစာရာ, အာစရိဝတာ*(အာစာရဝတီ)*-ဟူကုန်သော တက္ကတွန်းမတို့၏လည်း။ ကနိဋ္ဌဘာတိကော၊ အငယ်ဖြစ်သော မောင်တည်း။ တာဟိ စတူဟိပိ၊ ထို ၄-ယောက်ကုန်သော တက္ကတွန်းမတို့ထက်လည်း။ ဥတ္တရိတရပညော၊ သာလွန်သော ပညာရှိ၏။ မာတာပိတူနမ္ပိ၊ အမိ,အဖတို့၏လည်း။ သန္တိကာ၊ အထံမှ။ ဝါဒသဟဿံ၊ ဝါဒ-၁,၀၀၀။ တတော၊ ထို့နောက် မှ။ ဗဟုတရဉ္စ၊ များစွာလည်းဖြစ်သော။ ဗာဟိရသမယံ၊ ဗာဟိရပညာကို။ ဥဂ္ဂဟေတွာ၊ သင်၍။ ကတ္ထစိ၊ တစ်စုံတစ်ခုသောအရပ်သို့။ အဂန္တွာ၊ မသွားမူ၍။ ရာဇဒါရကေ၊ မင်းသားငယ်တို့ကို။ သိပ္ပံ သိက္ခာပေန္တော၊ အတတ်သင်စေလျက်။ တတ္ထေဝ ဝေသာလိယံ၊ ထိုဝေသာလီပြည်၌ပင်လျှင်။ ဝသတိ၊ နေ၏။ ပညာယ၊ ပညာဖြင့်။ အတိပူရိတတ္တာ၊ အလွန်ပြည့်သည်၏ အဖြစ်ကြောင့်။ မေ၊ ငါ၏။ ကုစ္ဆိ၊ ဝမ်းသည်။ ဘိဇ္ဇေယျ၊ ကွဲပေါက်ရာ၏။ ဣတိ၊ ဤသို့။ ဘီတော၊ ကြောက်သည်ဖြစ်၍။ အယပဋ္ဋေန၊ သံပြားဖြင့်။ ကုစ္ဆိံ၊ ဝမ်းကို။ ပရိက္ခိပိတွာ၊ ပတ်၍။ စရတိ၊ သွား၏။

ထိုအဂ္ဂိဝေဿနမည်သော သစ္စကပရိဗိုဇ်သည် မြတ်စွာဘုရား ဝေသာလီပြည်တွင် သီတင်းသုံးနေတော်မူသောအခါ အထံတော်သို့ လာ၍ ဝါဒကို မေးလေလျှင် ဘုရား ဖြေကြားတော်မူပြီး၍ အဂ္ဂိဝေဿနကို တဖန် မေးပြန်လတ်၍ ဘုရား ဆုံးမတော်မူသတည်း။

"ဗာဟိရသမယံ"၌ သမယသဒ္ဒါသည် ပရိညာဘိသမယော, ပဟာနာဘိသမယော, သစ္ဆိကတာဘိသမယော, ဘာဝနာဘိသမယော-ဟူသော ပုဒ်များ၌ကဲ့သို့ ပညာ-ဟော။ "ပိတု"ဟူသော ပုဒ်၌ ပိ-မှာ အ-ရဿနှင့် ပိတု-ဟု ရှိမှ သင့်မည်။ ပါဒိတော ရိတု၊ ကစ္စည်းသုတ်။ အဂ္ဂိဝေဿနမည်သော နိဂဏ္ဌသစ္စကပရိဗိုဇ်၏ဝတ္ထု အဆုံး နိဂုံးတိုင်အောင် ပြဆိုလျှင် ကျယ်လွန်းအံ့။

မြတ်စွာဘုရား သာဝတ္ထိပြည်တွင် သီတင်းသုံးနေတော်မူသောအခါ ဓမ္မသေနာပတိ ဖြစ်တော်မူသော အရှင်သာရိပုတ္တရာမထေရ်မြတ်သည် သမာပတ်မှ ထတော်မူ၍ "ဘုရားတို့သည် ရှေးဦးစွာ ပရိနိဗ္ဗာန် စံယူတော်မူသလော၊ အဂ္ဂသာဝကတို့ပင် ရှေးဦးစွာ ပရိနိဗ္ဗာန်စံယူတော်မူကြသလော"ဟု ဆင်ခြင်တော်မူရာ အဂ္ဂသာဝကတို့ ရှေးဦးစွာ ပရိနိဗ္ဗာန်စံယူတော်မူကြသည်ကို သိတော်မူ၍ မိမိ၏အာယုသင်္ခါရကို ကြည့်တော်မူပြန်ရာလည်း ၇-ရက်သာ အာယုသင်္ခါရ အပိုင်းအခြားကို မြင်တော်မူ၍ "အဘယ်အရပ်၌ ပရိနိဗ္ဗာန် ပြုရအံ့နည်း"ဟု ဆင်ခြင်ပြန်သော်—

"ရာဟုလာလည်း တာဝတိံသာ၌ ပရိနိဗ္ဗာန် ပြုလေပြီ။

ကောဏ္ဍညထေရ်လည်း ဟိမဝန္တာ၊ ဆဒ္ဒန်အိုင်၌ ပရိနိဗ္ဗာန် ပြုလေပြီ။

ငါကား ဖွားသော တိုက်ခန်း၌ ပရိနိဗ္ဗာန် ပြုရအံ့။ မယ်တော်သာရီသည် ရဟန္တာ ၇-ယောက်တို့၏ အမိဖြစ်လျက် ရတနာ ၃-ပါး၌ မကြည်ညို။ မဂ်,ဖိုလ်၏ ဥပနိဿယကား ရှိလေအံ့လော။ အဘယ်သူ၏ ဒေသနာတရားကို သိနိုင်အံ့နည်း"ဟု ဆင်ခြင်ပြန်သော် "ငါ၏တရားဖြင့်ပင် မဂ်,ဖိုလ်တရားကို သိလတ္တံ့"ဟု မြင်တော်မူသတည်း။

ထိုကြောင့် သုမင်္ဂလဝိလာသိနီမည်သော သုတ်မဟာဝါ၊ ၃-ခုမြောက်သော မဟာပရိနိဗ္ဗာနသုတ်အဋ္ဌကထာ, သာရတ္ထပကာသနီမည်သော မဟာဝဂ်၊ ၂-ခုမြောက်သော နာဠန္ဒဝဂ်အစ၊ ၃-ခုမြောက်သော သတိပဋ္ဌာနသံယုတ်၊ စုန္ဒသုတ္တအဋ္ဌကထာတို့၌—

> အတ္ထိ နု ခေါ တဿာ ဥပနိဿယော, နတ္ထိ နု ခေါတိ အာဝဇ္ဇေန္တော သောတာပတ္တိမဂ္ဂဿ ဥပနိဿယံ ဒိသွာ "ကဿ ဒေသနာယ အဘိသမယော ဘဝိဿတီ"တိ ဩလောကေန္တော "မမေဝ ဓမ္မဒေသနာယ ဘဝိဿတိ၊ န အညဿ"။

(ဒီ၊ဋ္ဌ၊၂။၁၃၉။ သံ၊ဋ္ဌ၊၃။၂၄၆) ဟူသော ပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

“တဿာ၊ ထိုသာရီမည်သော မယ်တော်အား။ ဥပနိဿယော၊ မဂ်,ဖိုလ်၏အထောက်အပံ့သည်။ အတ္ထိ နု ခေါ၊ ရှိလေသလော။ နတ္ထိ နု ခေါ၊ မရှိလေသလော”။ ဣတိ၊ ဤသို့။ အာဝဇ္ဇေတွာ၊ ဆင်ခြင်လတ်သော်။ သောတာပတ္တိမဂ္ဂဿ၊ သောတာပတ္တိမဂ်၏။ ဥပနိဿယံ၊ မှီရာကို။ ဒိသွာ၊ မြင်တော်မူ၍။ “ကဿ ဒေသနာယ၊ အဘယ်သူ၏ ဒေသနာဖြင့်။ အဘိသမယော၊ တရားကို သိသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့နည်း”။ ဣတိ၊ ဤသို့။ ဩလောကေန္တော၊ ကြည့်သည်ရှိသော်။ “မမေဝ ဓမ္မဒေသနာယ၊ ငါ၏ ဓမ္မဒေသနာဖြင့်သာလျှင်။ အဘိသမယော၊ တရားကို သိသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ အညဿ၊ တပါးသောသူ၏။ ဓမ္မဒေသနာယ၊ ဓမ္မဒေသနာဖြင့်။ အဘိသမယော၊ တရားကို သိသည်။ န ဘဝိဿတိ၊ မဖြစ်လတ္တံ့”။

ဤအဋ္ဌကထာ၌ “မမေဝ ဓမ္မဒေသနာယ”ဟူသော ပါဠ်အရဖြင့် သာဝကဝေနေယျ၏အဖြစ်ကို ပြသည်။

ထိုအခါ သာရိပုတ္တရာမထေရ်မြတ်သည် ဤသို့ ကြံတော်မူ၏။ “အရှင်သာရိပုတ္တရာသည် အဂ္ဂသာဝက ဓမ္မသေနာပတိ ဖြစ်၏။ အများသတ္တဝါတို့ အကျိုးငှာ ဖြစ်၏။ သမစိတ္တသုတ်ကို ဟောတော်မူသောအခါ ၁-ကုဋေ, ၁-သိန်းသော နတ်,ဗြဟ္မာတို့ ရဟန္တာဖြစ်ကြကုန်၏။ သောတာပန်, သကဒါဂါမ်, အနာဂါမ်ဖြစ်သော နတ်,ဗြဟ္မာတို့ကား မရေတွက်နိုင်။ အရှင်သာရိပုတ္တရာကို ကိုးကွယ်ကြည်ညိုကြ၍ ၈-သောင်းသော အမျိုးသားတို့ နတ်ရွာလားကြကုန်၏။ သာရီမည်သော မယ်တော်ကိုကား မိစ္ဆာဒိဋ္ဌိအဖြစ်မှ လွတ်အောင် မတတ်နိုင်ပါလေ-ဟု နောင်ခါ ဆိုတတ်သသူတို့ ရှိသည်ဖြစ်ခဲ့ရာ၏။ ယနေ့ပင် ဘုရားကို ခွင့်ပြုစေ၍ ဖွားရာတိုက်ခန်း၌ ပရိနိဗ္ဗာန်ပြုအံ့”ဟု ညီစုန္ဒကို အမှတ်သညာပေး၍ ရဟန်း ၅၀၀-ခြံရံလျက် မြတ်စွာဘုရားထံ ချဉ်းကပ်ပြီးမှ—

၁။ ဆိန္နော ဒါနိ ဘဝိဿတိ၊ လောကနာထ မဟာမုနိ။
ဂမနာ'ဂမနံ နတ္ထိ၊ ပစ္ဆိမာ ဝန္ဒနာ အယံ။ ။ (ဒီ၊ဋ္ဌ၊၂။၁၄၀)

၂။ ဇီဝိတံ အပ္ပကံ မယှံ၊ ဣတော သတ္တာဟမစ္စယေ။
နိက္ခိပေယျ'မဟံ ဒေဟံ၊ ဘာရဝေါရောပနံ ယထာ။ ။

ဟူသော ဂါထာတို့ကို ရွတ်ပြီးမှ “အနုဇာနာတု *(မေ)* ဘန္တေ ဘဂဝါ၊ အနုဇာနာတု သုဂတော”ဟု ပရိနိဗ္ဗာန် ပြုလိုကြောင်းနှင့် အခွင့်ပန်ကြား လျှောက်ထားတောင်းပန်သတည်း။

၁။ “လောကနာထ၊ လူ ၃-ပါးတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူသော။ မဟာမုနိ၊ မြတ်စွာဘုရား။ ဒါနိ၊ ယခု။ ဆိန္နော၊ ပြတ်သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဂမနာ'ဂမနံ၊

သွားခြင်း, ပြန်ခြင်းသည်။ နတ္ထိ၊ မရှိ။ မေ၊ တပည့်တော်၏။ အယံ ဝန္ဒနာ၊ ဤရှိခိုးခြင်းသည်။ ပစ္ဆိမာ၊ အဆုံးစွန်သော ရှိခိုးခြင်းတည်း။

၂။ မယှံ၊ တပည့်တော်၏။ ဇီဝိတံ၊ အသက်သည်။ အပ္ပကံ၊ နည်း၏။ ဣတော၊ ဤနေ့မှ။ သတ္တာဟမစ္စယေ၊ ၇-ရက်လွန်သော နေ့၌။ ဘာရဝေါရောပနံ ယထာ၊ ဝန်ကို ချရသကဲ့သို့။ အဟံ၊ တပည့်တော်သည်။ ဒေဟံ၊ ကိုယ်ကို။ နိက္ခိပေဿံ၊ ချရအံ့။ ဘန္တေ၊ ဘုန်းတော်ကြီးသော။ ဘဂဝါ၊ မြတ်စွာဘုရား။ *(မေ၊ တပည့်တော်အား။)* အနုဇာနာတု၊ ခွင့်ပြုတော်မူပါလော့။ သုဂတော၊ လာခြင်း ကောင်းတော်မူသော မြတ်စွာဘုရား။ အနုဇာနာတု၊ ခွင့်ပြုတော်မူပါလော့”။

ဘုရားတို့မည်သည် “ပရိနိဗ္ဗာန်ပြုလေတော့”ဟူ၍လည်း ဆိုတော်မမူ။ အဘယ့်ကြောင့်နည်းဟူမူ သေခြင်း၏ ကျေးဇူးကို ချီးမွမ်းသည် မည်သောကြောင့်တည်း။ “ပရိနိဗ္ဗာန် မပြုလင့်”ဟူ၍လည်း ဆိုတော်မမူ။ အဘယ့်ကြောင့်နည်းဟူမူ ဝဋ္ဋဆင်းရဲ၏ ကျေးဇူးကို ချီးမွမ်းသည် မည်သောကြောင့်တည်း။ ထို့ကြောင့် ဤ ၂-ပါးစုံကိုပင် မဆိုဘဲ “ကတ္ထ ပရိနိဗ္ဗာယိဿသိ သာရိပုတ္တ”ဟူ၍သာ မေးတော်မူသတည်း။

ထို့ကြောင့် ၎င်းအဋ္ဌကထာ၌—

> ဗုဒ္ဓါ ပန ယသ္မာ “ပရိနိဗ္ဗာဟီ”တိ ဝုတ္တေ မရဏဝဏ္ဏံ သံဝဏ္ဏေန္တီတိ, “မာ ပရိနိဗ္ဗာဟီ”တိ ဝုတ္တေ ဝဋ္ဋဿ ဂုဏံ ကထေန္တီတိ, မိစ္ဆာဒိဋ္ဌိကာ ဒေါသံ အာရောပေဿန္တိ၊ တသ္မာ တဒုဘယမ္ပိ န ဝဒန္တိ။ (သံ႒၊၃။၂၄၇။ ဒီ႒၊၂။၁၄၀)

ဟူသောပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဗုဒ္ဓါ ပန၊ ဘုရားတို့မည်သည်ကား။ ယသ္မာ၊ အကြင်ကြောင့်။ “ပရိနိဗ္ဗာဟိ၊ ပရိနိဗ္ဗာန်ပြုလေတော့”။ ဣတိ၊ ဤသို့။ ဝုတ္တေ၊ ဆိုသည်ရှိသော်။ မရဏဝဏ္ဏံ၊ သေခြင်း၏ ကျေးဇူးကို။ သံဝဏ္ဏေန္တိ (နာမ)၊ ချီးမွမ်းသည် မည်ကုန်၏။ “မာ ပရိနိဗ္ဗာဟိ၊ ပရိနိဗ္ဗာန် မပြုလေလင့်”။ ဣတိ၊ ဤသို့။ ဝုတ္တေ၊ ဆိုသည်ရှိသော်။ ဝဋ္ဋဿ၊ ဝဋ္ဋဆင်းရဲ၏။ ဂုဏံ၊ ကျေးဇူးကို။ ကထေန္တိ နာမ၊ ဆိုသည် မည်ကုန်၏။ *(ဣတိ၊ ထို့ကြောင့်။)* မိစ္ဆာဒိဋ္ဌိကာ၊ မိစ္ဆာဒိဋ္ဌိအယူရှိကုန်သော သူတို့သည်။ ဒေါသံ၊ အပြစ်သို့။ အာရောပေဿန္တိ၊ တင်ကုန်လတ္တံ့။ တသ္မာ၊ ထို့ကြောင့်။ တဒုဘယမ္ပိ၊ ပရိနိဗ္ဗာဟိ, မာ ပရိနိဗ္ဗာဟိ-ဟူသော စကား ၂-ခွန်းကိုလည်း။ န ဝဒန္တိ၊ ဆိုတော်မမူကုန်။

မြတ်စွာဘုရားအထံမှ အခွင့်ပန်၍ နာလကရွာသို့ ကြွတော်မူ၏။ သာရိပုတ္တရာထေရ ပရိနိဗ္ဗာနဝတ္ထုအဆုံး နိဂုံးတိုင်အောင် ပြဆိုလျှင် ကျယ်လွန်းအံ့။

မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုအံ့သောနေ့၌ ပါဝါပြည်မှ ကုသိနာရုံပြည်တိုင် ၃-ဂါဝုတ်မျှ ဝေးကွာသည်ကို ၂၃-ကြိမ်တိုင် နားတော်မူ၍ ကုသိနာရုံပြည်သို့ ရောက်တော်မူ၏။ တပါးသော တိုင်း, ခရိုင်, နိုင်ငံ, မြို့,ရွာ များစွာရှိကြလျက် ကုသိနာရုံပြည်သို့သာ ပရိနိဗ္ဗာန် စံယူအံ့သောငှာ ကြွတော်မူသည်ကား ၃-ပါးသော အကြောင်းကို မြင်တော်မူ၍ ကြွတော်မူသတည်း။ အကြောင်း ၃-ပါးသော်ကား–

- သုဒဿနစက္ကဝတ္တိသုတ်ကို ဟောတော်မူရလတ္တံ့။
- သုဘဒ္ဒပရိဗိုဇ်လည်း ပစ္ဆိမသာဝက ဖြစ်လတ္တံ့။
- တပါးသော မြို့,ရွာ၌ ပရိနိဗ္ဗာန်ပြုခဲ့သော် ဓာတ်တော်တို့ကို စွဲ၍ အလုအယက် ငြင်းခုံခိုက်ရန်ပွဲလျက် စစ်မက်ကြီးစွာ ဖြစ်ကြလတ္တံ့။ ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန် ပြုရသော်ကား ဒေါနပုဏ္ဏားအ၏ ဆုံးမဩဝါဒကို နာခံ၍ ရန်ပြေငြိမ်းကြ၍ ဓာတ်တော်ကိုလည်း အညီအမျှ ရကြလတ္တံ့။

ဤအကြောင်း ၃-ပါးကို မြင်တော်မူသတည်း။ (ဒီ၊ဋ၊၂။၁၆၄-၅)

ထိုစကား မှန်၏။ "သုဘဒ္ဒမည်သော ပရိဗိုဇ်သည် ဗုဒ္ဓဝေနေယျတည်း။ သာဝက ဝေနေယျ မဟုတ်။ ငါဘုရားထံ လာ၍ ပုစ္ဆာပြဿနာကို မေး၍ ဖြေသောအဆုံး၌ သရဏဂုံ တည်၍ ငါဘုရားရှိစဉ် အရဟတ္တဖိုလ်သို့ ရောက်၍ ပစ္ဆိမသာဝက ဖြစ်လတ္တံ့၊" ဤသို့ မြင်တော်မူသတည်း။

ထို့ကြောင့် သုမင်္ဂလဝိလာသိနီမည်သော သုတ်မဟာဝါ၊ ၃-ခုမြောက်သော မဟာပရိနိဗ္ဗာနသုတ်အဋ္ဌကထာ(၁၆၅)၌–

> သော စ ဗုဒ္ဓဝေနေယျော၊ -- န တံ သာဝကာ ဝိနေတုံ သက္ကောန္တိ၊ ကုသိနာရာယံ ပရိနိဗ္ဗာယန္တံ ပန မံ သော ဥပသင်္ကမိတွာ ပဉှံ ပုစ္ဆိဿတိ၊ ပဉှာဝိဿဇ္ဇနပရိယောသာနေ စ သရဏေသု ပတိဋ္ဌာယ မမ သန္တိကေ ပဗ္ဗဇ္ဇဉ္စ ဥပသမ္ပဒဉ္စ လဘိတွာ ကမ္မဋ္ဌာနံ ဂဟေတွာ မယိ ဓရမာနေယေဝ အရဟတ္တံ ပတွာ ပစ္ဆိမသာဝကော ဘဝိဿတိ။

ဟူသောပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

သော စ၊ ထိုသုဘဒ္ဒပရိဗိုဇ်သည်ကား။ ဗုဒ္ဓဝေနေယျော၊ ဗုဒ္ဓဝေနေယျတည်း။ တံ၊ ထိုသုဘဒ္ဒပရိဗိုဇ်ကို။ သာဝကာ၊ သာဝကတို့သည်။ ဝိနေတုံ၊ ဆုံးမခြင်းငှာ။ န သက္ကောန္တိ၊ မတတ်နိုင်ကုန်။ ကုသိနာရာယံ၊ ကုသိနာရုံပြည်၌။ ပရိနိဗ္ဗာယန္တံ ပန၊ ပရိနိဗ္ဗာန်ပြု(*လတ္တံ့ဖြစ်*)သော။ မံ၊ ငါဘုရားကို။ သော၊ ထိုသုဘဒ္ဒပရိဗိုဇ်သည်။ ဥပသင်္ကမိတွာ၊ ကပ်၍။ ပဉှံ၊

ပြဿနာကို။ ပုစ္ဆိဿတိ၊ မေးလတ္တံ့။ ပညာဝိဿဇ္ဇနပရိယောသာနေ၊ ပြဿနာကို ဖြေဆိုသော အဆုံး၌။ သရဏေသု၊ သရဏဂုံတို့၌။ ပတိဋ္ဌာယ၊ တည်၍။ မမ သန္တိကေ၊ ငါဘုရား၏ အထံတော်၌။ ပဗ္ဗဇ္ဇဉ္စ၊ ရှင်အဖြစ်ကိုလည်းကောင်း။ ဥပသမ္ပဒဉ္စ၊ ပဉ္စင်းအဖြစ်ကိုလည်းကောင်း။ လဘိတွာ၊ ရ၍။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ ဂဟေတွာ၊ ယူ၍။ မယိ၊ ငါဘုရားသည်။ ဓရမာနေ ယေဝ၊ ထင်ရှားရှိတော်မူစဉ်ပင်လျှင်။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပတွာ၊ ရောက်၍။ ပစ္ဆိမသာဝကော၊ ပစ္ဆိမသာဝကသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

မြတ်စွာဘုရားသည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတွင် ကိန်းအောင်းမွေ့လျော်စံပျော်တော်မူသောကာလ သာရိပုတ္တရာ၏ အလုပ်အကျွေးဖြစ်သော တစ်ယောက်သော ရွှေပန်းထိမ်သည်-သည် အရှင်သာရိပုတ္တရာ၏အထံ၌ ရဟန်းပြု၏။ သူငယ်တို့အား အသုဘကမ္မဋ္ဌာန်းသာလျှင် လျောက်ပတ်၏-ဟု အသုဘကမ္မဋ္ဌာန်းကို ပေးတော်မူ၏။ ထိုရွှေပန်းထိမ်သည်အား ထိုအသုဘကမ္မဋ္ဌာန်းသည် အာသေဝန-ပစ္စည်းကိုမျှ မရဘဲ ရှိခဲ့၍ "အသုဘကမ္မဋ္ဌာန်းသည် ငါ့အား ကျေးဇူးမရှိ"ဟု အရှင်သာရိပုတ္တရာအား ပြန်ကြားလျှောက်ထားလေလျှင် "အရှင်မြတ်ကလည်း သူငယ်တို့အား အသုဘကမ္မဋ္ဌာန်းသာလျှင် လျောက်ပတ်၏"ဟု တဖန်ထပ်မံ၍ ကြားပြန်သတည်း။

ဤနည်းဖြင့်သာ လေးလတိုင်း အသုဘကမ္မဋ္ဌာန်းကို ကြိုးပမ်းအားထုတ်ပါသော်လည်း မဂ်,ဖိုလ်အထူးကို မရရှိခဲ့၍ အရှင်သာရိပုတ္တရာက မြတ်စွာဘုရားအား ထိုအကြောင်းကို လျှောက်ထားလေလျှင် "ချစ်သား သာရိပုတ္တရာ၊ ထိုရွှေပန်းထိမ်သည်ရဟန်းအား လျောက်ပတ်သော ကမ္မဋ္ဌာန်းကို သိခြင်းငှာ သင့်အား အရာမဟုတ်။ ဤရဟန်းကား သာဝကဝေနေယျ မဟုတ်၊ ဗုဒ္ဓဝေနေယျတည်း"ဟု မိန့်တော်မူ၍ ပြိုးပြိုးပြက်သော အရောင်အဆင်းနှင့် ပြည့်စုံသော ဣဒ္ဓိမယ ပဒုမာကြာပန်းကို ကောင်းစွာဖန်ဆင်းတော်မူ၍ ထိုရဟန်း၏လက်၌ ထားတော်မူသတည်း။

ထို့ကြောင့် ပရမတ္ထဇောတိကမည်သော သုတ္တနိပါတ်၊ ရှေးဦးစွာသော ဥရဂဝဂ် ၁၂-သုတ်တွင်၊ ၁-ခုမြောက်သော ဥရဂသုတ်၊ 'ယော ရာဂမုဒစ္ဆိဒါ အသေသံ'-အစရှိသော ဒုတိယဂါထာ၏ အဖွင့်အဋ္ဌကထာ။ ဧကနိပါတ်၊ ၃-ခုမြောက်သော ကုရုင်္ဂမိဂဝဂ်အစု၊ ၅-ခုမြောက်သော တိတ္ထဇာတ်အဋ္ဌကထာ (သုတ္တနိ၊၂၇၉။ သုတ္တနိ၊ဋ္ဌ၁။၁၄-၅။ ဇာ၊ဋ္ဌ၁။၁၉၈)၌—

"အဝိသယော သာရိပုတ္တ တုယှေတဿ သပ္ပါယံ ဇာနိတုံ၊ ဗုဒ္ဓဝေနေယျော ဧသော"တိ ဝတွာ ပဘဿရဝဏ္ဏံ ပဒုမံ ဣဒ္ဓိယာ နိမ္မိနိတွာ တဿ ဟတ္ထေ ပါဒါသိ။

ဟူသောပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

“သာရိပုတ္တ၊ ချစ်သား သာရိပုတ္တရာ။ ဧတဿ၊ ထိုရွှေပန်းထိမ်သည်ဖြစ်သော ရဟန်းအား။ သပ္ပါယံ၊ လျော်ကပ်သော ကမ္မဋ္ဌာန်းကို။ ဇာနိတုံ၊ သိခြင်းငှာ။ တုယှံ၊ သင်၏။ အဝိသယော၊ အရာ မဟုတ်။ ဧသော၊ ဤရွှေပန်းထိမ်သည်ဖြစ်သော ရဟန်းသည်။ ဗုဒ္ဓဝေနေယျော၊ ဗုဒ္ဓဝေနေယျတည်း”။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆိုတော်မူ၍။ ပဘဿရဝဏ္ဏံ၊ ပြိုးပြိုးပြက်သော အဆင်းရှိသော။ ပဒုမံ၊ ပဒုမာကို။ ဣဒ္ဓိယာ၊တန်ခိုးဖြင့်။ နိမ္မိနိတွာ၊ ဖန်ဆင်းတော်မူ၍။ တဿ၊ ထိုရွှေပန်းထိမ်သည်ဖြစ်သော ရဟန်း၏။ ဟတ္ထေ၊ လက်၌။ ပါဒါသိ၊ ထားတော်မူ၏။

ထိုရွှေပန်းထိမ်သည်သည် ဘဝ ၅၀၀-အစဉ်မပျက် ရွှေပန်းထိမ်သည်အမှု၌ လေ့ကျက်ခဲ့လေရကား ထိုရဟန်းအား လောဟိတကမ္မဋ္ဌာန်းသာလျှင် လျော်ကပ်၏-ဟု သိတော်မူသဖြင့် ထိုကြာပန်းကို ကျောင်း၏နောက်စွန်းအရိပ် သဲပြင်တွင် ကြာရိုးကို စိုက်ထား၍ ‘လောဟိတကမ္မဋ္ဌာန်းကို စီးဖြန်းချေ’-ဟု စေတော်မူပြီး၍ စီးဖြန်းလေလျှင် တမဟုတ်မျှ တခဏဖြင့် ၄-ပါးသော ဈာန်ကို ရ၍ အနုလောမ, ပဋိလောမ ဈာနကီဠန ကိစ္စကို ပြု၏။

ထိုအခါ မြတ်စွာဘုရားက “ထိုကြာပန်းသည် ညှိုးနွမ်းစေသတည်း”ဟု မိဋ္ဌာန်တော်မူသော ခဏ၌ ဈာန်မှထ၍ ထိုညှိုးနွမ်းသော ပဒုမာကြာပန်းကို မြင်လေလျှင် “အနုပါဒိန္နက ဖြစ်သော ဝတ္ထုသည်ပင် တစ်ခဏချင်း ယိုယွင်းပျက်စီးခဲ့၏။ ဥပါဒိန္နကဖြစ်သော ဤခန္ဓာသည် အဘယ်မှာ ဆိုဖွယ်ရှိတော့အံ့နည်း”ဟု အနိစ္စသည် ထင်လာ၏။ အနိစ္စသညာ ထင်လျှင် ဒုက္ခသညာ, အနတ္တသညာတို့သည်လည်း ထင်ကုန်၍ ဘုံ ၃-ပါးကို အလျှံပြောင် ပြောင် တောက်လောင်သကဲ့သို့ ဖြစ်၏။

ထို့ကြောင့် ဝိုင်းအဋ္ဌကထာ (သုတ္တနိ၊ဋ္ဌ၁။၁၄)တို့၌—

> သော ဈာနာ ဝုဋ္ဌိတော တံ မိလာတံ ကာဠဝဏ္ဏံ ဒိသွာ “ပဘဿရရူပံ ဇရာယ ပရမဒ္ဒိတ”န္တိ အနိစ္စသညံ ပဋိလဘိ။ တတော နံ အဇ္ဈတ္တမ္ပိ ဥပသံဟရိ။ တတော “ယံ ဒနိစ္စံ တံ ဒုက္ခံ။ ယံ ဒုက္ခံ တဒနတ္တာ”တိ တယော ဘဝေ အာဒိတ္တေ ဝိယ ပဿိ။

ဟူသောပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

သော၊ ထိုပန်းထိမ်သည်ဖြစ်သော ရဟန်းသည်။ ဈာနာ၊ ဈာန်မှ။ ဝုဋ္ဌိတော၊ ထလျက်။ မိလာတံ၊ ညှိုးနွမ်းသော။ ကာဠဝဏ္ဏံ၊ မည်းသော အဆင်းရှိသော။ တံ၊ ထိုကြာပန်းကို။ ဒိသွာ၊ မြင်၍။ ပဘဿရရူပံ၊ ပြိုးပြိုးပြက်သော အရောင်အဆင်းရှိသော ဤကြာပန်းကို။ ဇရာယ၊ အိုခြင်းသဘောတရားသည်။ ပရိမဒ္ဒိတံ၊ နှိပ်စက်အပ်၏။ ဣတိ၊ ဤသို့။ အနိစ္စသညံ၊

အနိစ္စသညာကို။ ပဋိလဘိ၊ ရ၏။ တတော၊ ထို့နောက်မှ။ နံ၊ ထိုအနုပါဒိန္နက အနိစ္စသညာကို။ အဇ္ဈတ္တမ္ပိ၊ အဇ္ဈတ္တသန္တာန်သို့လည်း။ ဥပသံဟရိ၊ ဆောင်၏။ တတော၊ ထို့နောက်မှ။ ယံ၊ အကြင်ခန္ဓာ ၅-ပါး ရုပ်,နာမ်တရားသည်။ အနိစ္စံ၊ အနိစ္စ မည်၏။ တံ၊ ထိုအနိစ္စမည်သော ခန္ဓာ ၅-ပါး ရုပ်,နာမ်တရားသည်။ ဒုက္ခံ၊ ဒုက္ခမည်၏။ ယံ၊ အကြင်ခန္ဓာ ၅-ပါး ရုပ်,နာမ်တရားသည်။ ဒုက္ခံ၊ ဒုက္ခ မည်၏။ တံ၊ ထိုဒုက္ခမည်သော ခန္ဓာ ၅-ပါး ရုပ်,နာမ်တရားသည်။ အနတ္တာ၊ အနတ္တ မည်၏။ ဣတိ၊ ဤသို့။ တယော ဘဝေ၊ ဘဝ ၃-ပါးတို့ကို။ အာဒိတ္တေ ဝိယ၊ အလျှံပြောင်ပြောင် တောက်လောင်သကဲ့သို့။ ပဿိ၊ မြင်၏။

ဤသို့ မြင်သော ပန်းထိမ်သည်ရဟန်း၏ မနီးမဝေးသောအရပ်၌ ပဒုမာကြာအိုင်သည် ရှိ၏။ သူငယ်တို့သည် ထိုကြာအိုင်သို့ သက်၍ ပဒုမာကြာ ချိုးယူ အစုပြုကြကုန်၏။ ထိုပန်းထိမ်သည်ရဟန်းအား ထိုကြာတို့ကို မြင်လျှင် ကျူတောကို မီးလောင်သကဲ့သို့ ထင်ကုန်၏။ လျှော၍ကျသော ပဒုမာကြာရွက်တို့သည် ချောက်ကမ်းပါးပြတ်သို့ ဝင်သကဲ့သို့ ထင်ကုန်၏။ ကြည်း၌ ထားအပ်သော ပဒုမာတို့၏ အဖျားတို့သည် ညှိုးနွမ်းကုန်ရကား မီးလောင်သကဲ့သို့ ထင်ကုန်၏။ ။ ထို့ကြောင့် ၎င်းအဋ္ဌကထာ (သုတ္တနိ၊ဋ္ဌ၊၁။၁၄-၅)၌—

**ဧဝံ ပဿတော စဿာဝိဒူရေ ပဒုမဿရော အတ္ထိ၊ တတ္ထ ဒါရကာ ဩရောဟိတွာ ပဒုမာနိ ဘဉ္ဇိတွာ ဘဉ္ဇိတွာ ရာသိံ ကရောန္တိ၊ တဿ တာနိ ဥဒကေ ပဒုမာနိ နဠဝနေ အဂ္ဂိဇာလာ ဝိယ ခါယိံသု၊ ပတ္တာနိ ပတန္တာနိ ပပါတံ ပဝိသန္တာနိ ဝိယ ခါယိံသု၊ ထလေ နိက္ခိတ္တပဒုမာနံ အဂ္ဂါနိ မိလာတာနိ အဂ္ဂိဍဍ္ဎာနိ ဝိယ ခါယိံသု။**

ဟူသောပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဧဝံ၊ ဤသို့။ ပဿတော၊ မြင်သော။ အဿ၊ ထိုပန်းထိမ်သည်ရဟန်း၏။ အဝိဒူရေ၊ မနီး,မဝေးသောအရပ်၌။ ပဒုမဿရော၊ ပဒုမာကြာအိုင်သည်။ အတ္ထိ၊ ရှိ၏။ ဒါရကာ၊ သူငယ်တို့သည်။ တတ္ထ၊ ထိုပဒုမာကြာအိုင်သို့။ ဩရောဟိတွာ၊ ဆင်းသက်ကုန်၍။ ပဒုမာနိ၊ ပဒုမာတို့ကို။ ဘဉ္ဇိတွာ ဘဉ္ဇိတွာ၊ ချိုး၍ ချိုး၍။ ရာသိံ ကရောန္တိ၊ အစုပြုကုန်၏။ ဥဒကေ၊ ရေ၌။ ဌိတာနိ၊ တည်ကုန်သော။(ထည့်) တာနိ ပဒုမာနိ၊ ထိုပဒုမာတို့ကို။ တဿ၊ ထိုပန်းထိမ်သည်ရဟန်းအား။ နဠဝနေ၊ ကျူတော၌။ အဂ္ဂိဇာလာ ဝိယ၊ မီးလျှံတို့ကဲ့သို့။ ခါယိံသု၊ ထင်ကုန်၏။ ပတန္တာနိ၊ လျှော၍ ကျကုန်သော။ ပတ္တာနိ၊ အရွက်တို့ကို။ ပပါတံ၊ ချောက်ကမ်းပါးပြတ်သို့။ ပဝိသန္တာနိ ဝိယ၊ ဝင်ကုန်သကဲ့သို့။ ခါယိံသု၊ ထင်ကုန်၏။ ထလေ၊ ကြည်း၌။ နိက္ခိတ္တပဒုမာနံ၊ ချထားအပ်ကုန်သော ပဒုမာတို့၏။ မိလာ-တာနိ၊ ညှိုးကုန်သော။ အဂ္ဂါနိ၊ အဖျားတို့ကို။ အဂ္ဂိဍဍ္ဎာနိ ဝိယ၊ မီးလောင်ကုန်သကဲ့သို့။ ခါယိံသု၊ ထင်ကုန်၏။

ထိုအခါ ပန်းထိမ်သည်ရဟန်းအား ထိုသို့ထင်ခြင်းကို အစဉ်မှီးသဖြင့် အလုံးစုံသော တရားတို့ကို ရှုဆင်ခြင်သောကာလ အတိုင်းအရှည်ထက် လွန်စွာ ဘဝ ၃-ပါးကို အလျှံပြောင်ပြောင် တောက်လောင်သော အိမ်သည် ကိုးကွယ်လဲလျောင်း ပုန်းအောင်းမှီခိုရာ မရှိသကဲ့သို့ ထင်ကုန်၏။ ။ ထို့ကြောင့် ဋ္ဌကထာ (သုတ္တနိ၊ဋ္ဌ၊၁။၁၅)၌—

အထ'ဿ တဒနုသာရေန သဗ္ဗဓမ္မေ ဥပနိဇ္ဈာယတော ဘိယျော သော မတ္တာယ တယော ဘဝါ အာဒိတ္တမိဝ အဂါရံ အပ္ပဋိသာရဏာ ဟုတွာ ဥပဋ္ဌဟိံသု။

ဟူသောပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

အထ ပစ္ဆာ၊ ထို့နောက်မှ။ အဿ၊ ထိုပန်းထိမ်သည် ရဟန်းအား။ တဒနုသာရေန၊ ထိုသို့ ထင်ခြင်းကို အစဉ်မှီးသဖြင့်။ သဗ္ဗဓမ္မေ၊ ခပ်သိမ်းကုန်သော တရားတို့ကို။ ဥပနိဇ္ဈာယတော၊ ရှုဆင်ခြင်စဉ်။ သော၊ ထိုပန်းထိမ်သည် ရဟန်းသည်။ မတ္တာယ၊ အတိုင်းအရှည်ထက်။ ဘိယျော၊ လွန်စွာ။ အာဒိတ္တံ၊ အလျှံပြောင်ပြောင် တောက်လောင်သော။ အဂါရံ၊ အိမ်သည်။ အပ္ပဋိသရဏံ၊ ကိုးကွယ်ရာ မရှိသည်။ ဟုတွာ၊ ဖြစ်၍။ ဥပဋ္ဌာတိ ဣဝ၊ ထင်သကဲ့သို့။ တယော ဘဝါ၊ ဘဝ ၃-ပါးတို့ကို။ အပ္ပဋိသာရဏာ၊ ကိုးကွယ်ရာ မရှိကုန်သည်။ ဟုတွာ၊ ဖြစ်၍။ ဥပဋ္ဌဟိံသု၊ ထင်ကုန်၏။

ထို့နောင်မှ မြတ်စွာဘုရားသည် ဂန္ဓကုဋိတိုက်၌ နေတော်မူလျက်ပင်လျှင် ထိုရဟန်း၏အထက်၌ ကိုယ်တော်၏ အရောင်တော်ကို လွှတ်တော်မူ၏။ ထိုအရောင်သည် ထိုရွှေပန်းထိမ်သည်ရဟန်း၏ မျက်နှာကို လွှမ်းမိုး၏။ ထို့နောက်မှ "ထိုအရောင်ကား အဘယ်နည်း"ဟု ဆင်ခြင်လေသော် မြတ်စွာဘုရား အနား၌ လာ၍ ရပ်သကဲ့သို့ မြင်၍ နေရာမှ ထ၍ လက်အုပ်ချီလတ်၏။

ထို့ကြောင့် ဋ္ဌကထာတို့ (သုတ္တနိ၊ဋ္ဌ၊၁။၁၅)၌—

တတော ဘဂဝါ ဂန္ဓကုဋိယံ နိသိန္နောဝ တဿ ဘိက္ခုနော ဥပရိ သရီရာဘံ မုဉ္စိ၊ သာ စဿ မုခံယေဝ အဇ္ဈောတ္ထရိ။ တတော သော "ကိ'မေ'တ"န္တိ အာဝဇ္ဇေန္တော ဘဂဝန္တံ အာဂန္တွာ သမီပေ ဌိတံ ဝိယ ဒိသွာ ဥဋ္ဌာယာ'သနာ အဉ္စလိံ ပဏာမေသိ။

ဟူသောပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

တတော၊ ထို့နောက်မှ။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဂန္ဓကုဋိယံ၊ ဂန္ဓကုဋိတိုက်၌။ နိသိန္နောဝ၊ နေတော်မူလျက်ပင်လျှင်။ တဿ ဘိက္ခုနော၊ ထိုရဟန်း၏။ ဥပရိ၊ အထက်၌။ သရီရာဘံ၊ ကိုယ်တော်၏ အရောင်တော်ကို။ မုဉ္စိ၊ လွှတ်တော်မူ၏။ စ၊ ဆက်အံ့။ သာ၊

ထိုအရောင်သည်။ အဿ၊ ထိုရဟန်း၏။ မုခံယေဝ၊ မျက်နှာကိုသာလျှင်။ အဇ္ဈောတ္ထရိ၊ လွှမ်းမိုး၏။ တတော၊ ထို့နောက်မှ။ သော၊ ထိုရဟန်းသည်။ ဧတံ၊ ဤအရောင်ကား။ ကိံ၊ အဘယ်နည်း။ ဣတိ၊ ဤသို့။ အာဝဇ္ဇေန္တော၊ ဆင်ခြင်သည်ရှိသော်။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ သမီပေ၊ အနီး၌။ အာဂန္တွာ၊ လာ၍။ ဌိတံ ဝိယ၊ တည်သကဲ့သို့။ ဒိသွာ၊ မြင်၍။ အာသနာ၊ နေရာမှ။ ဥဋ္ဌာယ၊ ထ၍။ အဉ္စလိံ၊ လက်အုပ်ကို။ ပဏာမေသိ၊ ညွတ်၏။

"အဉ္စလိံ"ဟူသော ပုဒ်၌ တာလုဇပထမက္ခရာ စ-မှာ ည-သယုတ်နှင့် ရှိမှသင့်သည်။ စ-ကာရန္တ၊ အဉ္စုဓာတ်၊ အဉ္စု ဂတိပူဇနာသု။ (သဒ္ဒနီတိသုတ်)*[အဉ္စလိ၊ ဂါထာ-၂၆၈။ မဂ္ဂအဘိဓာန်]*

**ဗုဒ္ဓံ အဥ္စတိ၊ ဓမ္မံ အဥ္စတိ၊ သင်္ဃံ ပါဒါ အဝဥ္စနာ။ ဣတဉ္ဇလိ။ ပြဿ။**

ထိုအခါ ထိုရဟန်းအား လျှောက်ပတ်သည်ကို သိတော်မူ၍ တရားဟောတော်မူလိုရကား "ယော ရာဂမုဒစ္ဆိဒါ အသေသံ"ဟူသော ဂါထာကို ဟောတော်မူသော အဆုံး၌ အရဟတ္တဖိုလ်၌ တည်လေ၏။ ထို့ကြောင့် ရှင်းအဋ္ဌကထာ၌—

**အထဿ ဘဂဝါ သပ္ပါယံ ဝိဒိတွာ ဓမ္မံ ဒေသေန္တော ဣမံ ဩဘာသဂါထံ အဘာသိ ။လ။ ဧဝံမေသာ ဘဂဝတာ အရဟတ္တနိကူဋေန ဂါထာ ဒေသိတာ။ ဒေသနာပရိယောသာနေ သော ဘိက္ခု အရဟတ္တေ ပတိဋ္ဌိတော။** (သုတ္တနိ၊ဋ္ဌ။၁၅)

ဟူသော ဂါထာအဖွင့်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

အထ၊ ထိုအခါ၌။ အဿ၊ ထိုရဟန်းအား။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ သပ္ပါယံ၊ လျှောက်ပတ်သည်ကို။ ဝိဒိတွာ၊ သိတော်မူ၍။ ဓမ္မံ တရားတော်ကို။ ဒေသေန္တော၊ ဟောတော်မူလိုသည်ဖြစ်၍။ ဣမံ ဩဘာသဂါထံ၊ "ယော ရာဂမုဒစ္ဆိဒါ အသေသံ"ဟူသော ဤဩဘာသဂါထာကို။ အဘာသိ၊ ဟောတော်မူ၏ ။လ။ ဧဝံ၊ ဤသို့။ (တဿ၊ ထိုရဟန်းအား။) ဘဂဝတာ၊ မြတ်စွာဘုရားသည်။ အရဟတ္တနိကူဋေန၊ အရဟတ္တဖိုလ်ကို အဆုံးထားတော်မူသဖြင့်။ ဧသာ ဂါထာ၊ "ယော ရာဂမုဒစ္ဆိဒါ အသေသံ"ဟူသော ဤဂါထာကို။ ဒေသိတာ၊ ဟောတော်မူအပ်၏။ ဒေသနာပရိယောသာနေ၊ ဒေသနာတော်၏အဆုံး၌။ သော ဘိက္ခု၊ ထိုပန်းထိမ်သည်ရဟန်းသည်။ အရဟတ္တေ၊ အရဟတ္တဖိုလ်၌။ ပတိဋ္ဌိတော၊ တည်လေ၏။

သာရိပုတ္တရာထေရ်လည်း မိမိသဒ္ဓိဝိဟာရိကတပည့်ကို ခေါ်၍ သွားလေ၏။ ရဟန်းတို့လည်း တရားသဘင်၌ စည်းဝေး၍ "အရှင်သာရိပုတ္တရာမှာ အာသယာနုသယဉာဏ် မရှိသောကြောင့် ထိုရဟန်း၏အလိုကို မသိ၊ မြတ်စွာဘုရားသာလျှင် သိတော်မူ၏။ အံ့ဖွယ်ရှိစွ"ဟု ချီးမွမ်းပြောဆိုနေကြစဉ် ဘုရားကြွတော်မူလာ၍ "ယခုအခါ ငါဘုရားကြွတော် မမူလာမီ အဘယ်စကားကို ပြောဆိုကြသနည်း"ဟု မေးတော်မူရာ ပန်းထိမ်သည်၏

အလိုကို သိတော်မူကြောင်းကို လျှောက်ကြလေလျှင် “ယခု ငါဘုရားဖြစ်တော်မူမှ ဤရဟန်း၏ ဤအလိုကို သိတော်မူသောအရာသည် အံ့ဖွယ်မရှိ။ ပါရမီကို ဖြည့်တော်မူသောကာလ အတိတ်ဘဝကပင် ထိုရဟန်း၏ အလိုကို သိတော်မူ၏”ဟု မိန့်တော်မူသဖြင့် ရဟန်းတို့ တောင်းပန်သည်ကို အကြောင်းပြု၍ တိတ္တိရဇာတ်ကို ဟောတော်မူသည်။ တိတ္တိရဇာတ်တော်၏ အဆုံးနိဂုံးတိုင်အောင် ပြဆိုလျှင် ကျယ်လွန်းအံ့။

ဘုရားဖြစ်တော်မူ၍ သတ္တသတ္တာဟ နေတော်မူပြီးသည့်နောက် ဝါဆိုလပြည့်နေ့ ဗောဓိပင်မှ ၁၈-ယူဇနာကွာသော မိဂဒါဝုန်တောသို့ ကြွတော်မူပြီးလျှင် အညာသိကောဏ္ဍည ထေရ်အမျူးရှိသော ၁၈-ကုဋေသော နတ်,ဗြဟ္မာတို့ကို တရားတည်းဟူသော အမြိုက်အရသာကို သောက်စေတော်မူ၍ ယသ-အစရှိသော ဝေနေယျတို့ကိုလည်း အရဟတ္တဖိုလ်၌ တည်စေ၍ ထို ၆-ကျိပ်သော ရဟန္တာတို့ကို လူတို့ကို ချီးမြှောက်စေခြင်းငှာ လွှတ်တော်မူ၍ ဘုရားကိုယ်တော်မြတ်လည်း ဥရုဝေဠသို့ ကြွတော်မူ၏။ ထို့ကြောင့် စရိယာပိဋကတ် အဋ္ဌကထာ၊ အပဒါန်အဋ္ဌကထာတို့၌—

ယသာ'ဒိကေ ဝေနေယျေ အရဟတ္တေ ပတိဋ္ဌာပေတွာ တေ သဋ္ဌိ အရဟန္တေ လောကာနုဂ္ဂဟာယ ဝိဿဇ္ဇေတွာ အတ္တနာ ဥရုဝေဠံ ဂစ္ဆန္တော။

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။　(စရိယာ၊၄။၄)

ယသာ'ဒိကေ၊ ယသ-အစရှိကုန်သော။ ဝေနေယျေ၊ ဝေနေယျတို့ကို။ အရဟတ္တေ၊ အရဟတ္တဖိုလ်၌။ ပတိဋ္ဌာပေတွာ၊ တည်စေ၍။ သဋ္ဌိ၊ ခပ်သိမ်းကုန်သော။ တေ သဋ္ဌိ အရဟန္တေ၊ ထို ၆-ကျိပ်သော ရဟန္တာတို့ကို။ လောကာနုဂ္ဂဟာယ၊ လူတို့ကို ချီးမြှောက်တော်မူလိုသဖြင့်။ ဝိဿဇ္ဇေတွာ၊ စေလွှတ်တော်မူ၍။ အတ္တနာ၊ ကိုယ်တော်သည်။ ဥရုဝေဠံ၊ ဥရုဝေဠသို့။ ဂစ္ဆန္တော၊ ကြွတော်မူ၏။

“**သဋ္ဌိ အရဟန္တေ**”၏အရမှာ ပဉ္စဝဂ္ဂီ ၅-ယောက်, ယသလုလင်နှင့်-၅၅၊ ပေါင်း ၆-ကျိပ်ဖြစ်၏။ ဤသို့ ကျမ်းဂန်လာသောကြောင့် သတ္တဝါ, ဝေနေယျ ခေါ်ဝေါ်ကြသော ဝေါဟာရပညတ်စကား၌—

- သတ္တဝါ-ဟူသည်လည်း သစ္စာ ၄-ပါးကို သိထိုက်,မသိထိုက်သောသူတို့ကိုပင် ယူအပ်၏။
- ဝေနေယျ-ဟူသည် သစ္စာ ၄-ပါးကို သိထိုက်သောသူကိုသာ ယူရာ၏။

သည်ကို ရည်၍—

“ရှေးပညာရှိ၊ ကဝိအထွတ်၊ သူတော်မြတ်လျှင်၊ နှံ့စပ်လုံးစုံ၊ နှုတ်ဝယ်ငုံလျက်၊ သုံးပုံ ပိဋကတ်၊ မချွတ်သိမြင်၊ မိပ္ပါယ်အင်ကို၊ ဆင်ခြင်ဆေးလေး၊ မျှော်ထောက်တွေးလျက်၊

လေးချက်သစ္စာ၊ ပန်းမြတ်စွာကို၊ ရာ,ထောင်မက၊ အနန္တအသခ်ျေ၊ မျှားဝေနေတို့ကို၊
ဆွတ်ချွေကြဖြန့်၊ ထုံနံ့ ကြိုင်ကြိုင်၊ လှိုင်စေတော်မူပြီ။” —

ဟု စပ်ဆိုတော်မူသတည်း။ ဤတွင်ရွှေ့ သတ္တဝါ, ဝေနေယျတို့၏ အထူးကို ပြဆိုသော စကားရပ် အပြီးသတ်တည်း။

ထိုစကားကို အကျယ်သိလိုလျှင် ပပဉ္စသူဒနီမည်သော မူလပဏ္ဏာသအဋ္ဌကထာ, သုမင်္ဂလဝိသာလိနီမည်သော သုတ်မဟာဝါအဋ္ဌကထာ, သာရတ္ထပကာသနီမည်သော သံယုတ်အဋ္ဌကထာ, အပဒါန်အဋ္ဌကထာ, သမန္တပါသာဒိကမည်သော ဝိနည်းမဟာဝါ အဋ္ဌကထာ, ပရမတ္ထဒီပနီမည်သော စရိယာပိဋကတ်အဋ္ဌကထာတို့မှာ ကြည့်လေ။

ရတနာသိခ်မြို့၊ ရှင်တိဏ္ဏက “သတ္တဝါခေါ်သည်, ဝေနေယျခေါ်သည် အထူးကို သိလိုပါသည်”ဟု လျှောက်သောကြောင့် ကျမ်းဂန်အလာ ဒေသနာနယကို ညွှန်ပြထုတ်ဆောင်၍ ၁၂၄၀-ပြည့်၊ ဝါခေါင်လဆန်း၊ ၇-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာ-သိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## အဝေးကျိဝန်စာရေးကြီး-က ဘုရားအလောင်းတော်တို့ ဗျာဒိတ်ခံယူကြောင်းနှင့် စပ်လျဉ်း၍ လျှောက်ထားချက်

[၁၅၆] “ဘုရားတပည့်တော် အဝေးကျိဝန်စာရေးကြီး ခြေတော်ဦးခိုက် ရှိခိုးနားတော်လျှောက်ပါသည် ဆရာတော်ဘုရား။

(၁) ဘုရားအလောင်းတော်တို့သည် အင်္ဂါ ၈-ပါးနှင့် ပြည့်စုံမှ ဗျာဒိတ်ခံရသည် ဆိုပါသည်။ ဂေါတမဘုရားအလောင်းတော်သည် အင်္ဂါ ၈-ပါး မပြည့်စုံလျက်နှင့်လည်း ဗျာဒိတ်ခံသည်ကို ကျမ်းဂန်လာရှိသည်။ မည်သည့်အခါ အင်္ဂါ ၈-ပါးနှင့် ပြည့်စုံမှ ဗျာဒိတ်ခံရသည်၊ အင်္ဂါ ၈-ပါးနှင့် (မ)ပြည့်စုံသော်လည်း ခံသင့်သည်များကို ကျမ်းဂန်နှင့်အညီ မကျဉ်းမကျယ် သိလိုပါသည်။

(၂) ဘုရားအလောင်းတော် ဖြည့်ကျင့်တော်မူသော ပါရမီ ၁၀-ပါးကိုလည်း အပြား ၃၀-နှင့်တကွ သရုပ်ထင်မြင်အောင် သိလိုပါသည်။

(၃) ရတနာ ၃-ပါးဂုဏ်ကိုလည်း သဒ္ဓါတရားနှင့် ပြည့်စုံထင်မြင်အောင် မည်သို့ နှလုံးထားနှင့် ဖူးမြော်ကျင့်ဆောင်ရမည်များကို–

အကျိုးထူးတရားနှင့်တကွ ပြတော်မူပါမှ သိပါရမည်ဖြစ်သောကြောင့် မကျဉ်း မကျယ် လွယ်ကာဖြေဆို အမိန့်ရှိတော်မူပါမည့်အကြောင်း ခြေတော်ဦးခိုက် ရှိခိုး နားတော်လျှောက်ဝံ့ပါသည် ဆရာတော်ဘုရား"။

ဂုဏ်အဝေးကျော်ဝန်စာရေးကြီး လျှောက်ထားချက်အရ အဖြေဝိသဇ္ဇနာ–

[၁၅၆] (၁) ဘုရားအလောင်းတော်တို့ နိယတဗျာဒိတ်ခံတော်မူသောအခါ အင်္ဂါ ၈-ပါး နှင့် ပြည့်စုံရသော အကြောင်းကို မေးလျှောက်သည်မှာ–

**မနုဿတ္တံ လိင်္ဂသမ္ပတ္တိ၊ ဟေတု သတ္ထာရဒဿနံ။**
**ပဗ္ဗဇ္ဇာ ဂုဏသမ္ပတ္တိ၊ အဓိကာရော စ ဆန္ဒတာ။**
**အဋ္ဌဓမ္မသမောဓာနာ-ဘိနီဟာရော သမိဇ္ဈတိ။ ။ (ဗုဒ္ဓဝံ။၃၁၁)**

ဟူသော ဓမ္မသင်္ဂဏီအဋ္ဌကထာ, သုတ္တနိပါတ်၊ ခဂ္ဂဝိသာဏသုတ်အဋ္ဌကထာ (ပ။၄၃)တို့နှင့် အညီ–

- လူစင်စစ်ဖြစ်ခြင်း,
- ပုရိသလိင်နှင့် ပြည့်စုံခြင်း,
- တိဟိတ်ပဋိသန္ဓေနေခြင်း,
- ဘုရားကို တွေ့ရခြင်း,
- ရသေ့, ရဟန်းဖြစ်ခြင်း,
- ဈာန်အဘိညာဏ်ဂုဏ်နှင့် ပြည့်စုံခြင်း,
- အသက်ကို စွန့်၍ ဘုရားဆုကို တောင်းခြင်း,
- ဘုရားဖြစ်ကြောင်း ပါရမီကို ဖြည့်လိုသော ဆန္ဒရှိခြင်း၊

ဤ ၈-ပါးနှင့် ပြည့်စုံသော် နိယတဗျာဒိတ် ခံရာ၏။

ဒီပင်္ကရာမြတ်စွာဘုရားလက်ထက် ငါတို့ ဘုရားအလောင်းတော် အင်္ဂါ ၈-ပါးနှင့် ပြည့်စုံ၍ နိယတဗျာဒိတ်ကို ခံတော်မူပြီးသည့်နောက် လူသာမန်, နဂါး, ခြင်္သေ့-စသော အဖြစ်နှင့် ကောဏ္ဍည-စသော ဘုရားတို့ လက်ထက်တော်၌ ဗျာဒိတ်ကြားတော်မူသည်။

ဒီပင်္ကရာဘုရားလက်ထက် အင်္ဂါ ၈-ပါးနှင့် ပြည့်စုံစွာ နိယတဗျာဒိတ်ကြားတော် မူပြီးဖြစ်ရကား အင်္ဂါ ၈-ပါးကို ရွေးစစ်ဖွယ် မရှိ။ ဒီပင်္ကရာဘုရား ဗျာဒိတ်ကြားတော်မူပြီး-ဟု သိတော်မူသည့်အတိုင်းသာ ထပ်၍ ကြားတော်မူ၏။ အကယ်၍ ဒီပင်္ကရာဘုရား

လက်ထက်က အင်္ဂါ ၈-ပါးနှင့် ပြည့်စုံစွာ နိယတဗျာဒိတ်ကို မရခဲ့သသူ ဖြစ်အံ့။ နောက် လူသာမန်, နဂါး, ခြင်္သေ့-စသော အဖြစ်၌ နိယတဗျာဒိတ်ကို မရ။ ဤအနက်ကို မှတ်ရာ၏။

(၂) ပါရမီ ၁၀-ပါး, အပြား ၃၀-တို့ဖြစ်ဟန်ကို မေးလျှောက်သည်မှာ—

- ယုတ်သော ဆန္ဒ, စိတ္တ, ဝီရိယတို့ဖြင့် ဖြည့်အပ်သော ပါရမီသည် ဒသပါရမီ မည်၏။
- လတ်သော ဆန္ဒ, စိတ္တ, ဝီရိယတို့ဖြင့် ဖြည့်အပ်သော ပါရမီသည် ဒသဥပပါရမီ မည်၏။
- မြတ်သော ဆန္ဒ, စိတ္တ, ဝီရိယတို့ဖြင့် ဖြည့်အပ်သော ပါရမီသည် ဒသပရမတ္ထပါရမီ မည်၏။

ဒါနပါရမီ, ဒါနဥပပါရမီ, ဒါနပရမတ္ထပါရမီ, သီလပါရမီ, သီလဥပပါရမီ, သီလ ပရမတ္ထပါရမီ၊ ဤသို့ စသည် ယူလေ။

(၃) ရတနာ ၃-ပါးဂုဏ်ကို သဒ္ဓါတရားနှင့် ပြည့်စုံထင်မြင်အောင် အဘယ်သို့ နှလုံး ထားနှင့် ဖူးမြော်ရမည်ကို မေးလျှောက်သည်မှာ သဒ္ဓါဖြစ်ခြင်းအကြောင်း အနုတ္တရိယတရား ၆-ပါး, ရတနာ ၃-ပါး, သောတာပတျင်္ဂ ၄-ပါး, ဓမ္မရုစိရထေရဝတ္ထု, ပဏ္ဏိယာနိဝတ္ထုများကို နှလုံးသွင်း၍ သဒ္ဓါတရားကို ဖြစ်စေရာ၏။ သဒ္ဓါသည် ယုံကြည်ခြင်းလက္ခဏာ ရှိ၏။ ရေကို ကြည်စေသော စကြာမင်း၏ ပတ္တမြားရတနာကဲ့သို့ ကြည်လင်သော ကိစ္စရှိ၏။ စင်ကြယ် သော အကျိုးရှိ၏။ ရတနာ ၃-ပါးလျှင် နီးစွာသော အကြောင်းရှိ၏။

တစ်နည်း သောတာပတျင်္ဂတရား ၄-ပါးလျှင် နီးစွာသော အကြောင်းရှိ၏။ ထိုစကား ရပ်ကို အကျယ်သိလိုလျှင် သုတ္တနိပါတ်၊ ခဂ္ဂဝိသာဏသုတ်အဋ္ဌကထာ, ဓမ္မသင်္ဂဏီ အဋ္ဌကထာ, ဓမ္မပဒအဋ္ဌကထာ, ပဉ္စကနိပါတ်၊ အင်္ဂုတ္တိုရ်ပါဠိ,အဋ္ဌကထာ, ဆက္ကနိပါတ်၊ ပါဠိ, အဋ္ဌကထာ, နိဒါနဝဂ္ဂသံယုတ်၊ ပါဠိ,အဋ္ဌကထာ, အဘိဓမ္မာဝတာရတို့မှာ ကြည့်လေ။

အဝေးကျိုဝန်စာရေးကြီးက "ဘုရားလောင်းတို့ အင်္ဂါ ၈-ပါးနှင့် ပြည့်စုံမှ ဗျာဒိတ်ခံယူ ကြောင်း, မပြည့်စုံဘဲလျက် ဗျာဒိတ်ယူကြောင်း၊ ပါရမီ ၁၀-ပါး, အပြား ၃၀-ဖြစ်ကြောင်း၊ ရတနာ ၃-ပါးဂုဏ်ကို သဒ္ဓါတရားနှင့် ပြည့်စုံထင်မြင်အောင် မည်သို့ နှလုံးသွင်းထားသင့် ကြောင်းများကို သိလိုပါသည်"ဟု လျှောက်သောကြောင့် ကျမ်းဂန်အလာ ဒေသနာနယကို ညွှန်ပြထုတ်ဆောင်၍ သက္ကရာဇ် ၁၂၄၀-ပြည့်၊ ဝါခေါင်လဆန်း၊ ၈-ရက်နေ့၊ ဒီပဲယင်းမြို့ ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## စည်ရှဉ်ဈေးအနီး၊ ရွှေလက်ဝဲတန်းနေ ဒကာကြီးဘိုးသူ-က ဝဋ္ဋဂါမဏိမင်းနှင့် ဒုဋ္ဌဂါမဏိမင်း သား,အဘကို ကွဲပြားသိလိုကြောင်းနှင့် လျှောက်ထားချက်

[၁၅၇] "ဘုရားတပည့်တော် ရတနာပုံရွှေမြို့တော်၊ ရွှေလက်ဝဲတန်းနေ ဒကာကြီး ဘိုးသူ ခြေတော်ဦးခိုက် လျှောက်ဝံ့ပါသည် ဆရာတော်ဘုရား။

အချို့ ပရိတ်မွန်းစာတွင် ဒုဋ္ဌဂါမဏိမင်းကြီး သား-ဝဋ္ဋဂါမဏိ-ဟူ၍ ပါရှိပါသည်။ အချို့ ပရိတ်မွန်းစာတွင် ဝဋ္ဋဂါမဏိမင်းကြီး သား-ဒုဋ္ဌဂါမဏိမင်း-ဟူ၍ ပါရှိပါသည်။ ထိုသို့ ပါရှိသည့်အရာမှာ ဒုဋ္ဌဂါမဏိမင်းကြီး သား-ဝဋ္ဋဂါမဏိမင်းပင် ဖြစ်မည်။ ဝဋ္ဋဂါမဏိမင်းကြီး သား-ဒုဋ္ဌဂါမဏိမင်းပင် ဖြစ်မည်ကို အသေအချာ နေရာတကျ သိမှတ်ပါရအောင် ကယ်မ သနားတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား"။

အထက်စာပါ ဘိုးသူလျှောက်ချက်အရ အဖြေဝိသဇ္ဇနာ—

[၁၅၇] ဒုဋ္ဌဂါမဏိမင်းကြီး၏သား ဝဋ္ဋဂါမဏိမင်း ဖြစ်မည်၊ ဝဋ္ဋဂါမဏိမင်း၏သား ဒုဋ္ဌဂါမဏိမင်း ဖြစ်မည်ကို မေးလျှောက်သည်မှာ "ဘုရားပရိနိဗ္ဗာန် စံလွန်တော်မူသော နောက် နှစ်ပေါင်း ၃၆၀-တိုင်ရောက်လျှင် ကာကဝဏ္ဏမင်း၏သား ဒုဋ္ဌဂါမဏိမင်းသည် အထူးထူးသော စေတီ, ကျောင်း, တန်ဆောင်း, ပြာသာဒ်, ဥပုသ်အိမ်, သိမ်-စသည်တို့ကို ဆောက်လုပ်လှူဒါန်းလတ္တံ့"ဟု ရဟန္တာအရှင်မြတ်တို့ ရေးထားခဲ့သော—

ကာကဝဏ္ဏပုတ္တော ဒုဋ္ဌဂါမဏိ မနုဇာ'ဓိပေါ ဣဒ္ဓိဒ္ဓ ဝဥ္စ ကာရေဿတိ။

ဟူသော ရွှေပေလွှာကမ္ပည်းစာကို တွေ့၍ ဒုဋ္ဌဂါမဏိမင်းကြီး ဝမ်းမြောက်ဝမ်းသာ ရှိကြောင်း ကို မဟာဝင်ကျမ်း၊ ၂၆-ခုမြောက်သော ဆဗ္ဗိသတိမပရိစ္ဆေဒတွင် လာသည်။

ကာကဝဏ္ဏပုတ္တော၊ ကာကဝဏ္ဏမင်း၏ သားဖြစ်သော။ ဒုဋ္ဌဂါမဏိ၊ ဒုဋ္ဌဂါမဏိ အမည်ရှိသော။ မနုဇာ'ဓိပေါ၊ လူတို့ကို အစိုးရသော မင်းသည်။ ဣဒ္ဓိဒ္ဓ၊ ဤမည်သော ဤမည်သော စေတီ, ကျောင်း, တန်ဆောင်း, ပြာသာဒ်, ဥပုသ်အိမ်, သိမ်-စသည်ကိုလည်း။ ဝဥ္စ၊ ဤသို့လျှင်။ ကာရေဿတိ၊ ပြုလတ္တံ့။

မဟာစေတီကို ဒုဋ္ဌဂါမဏိမင်းကြီး တည်ထားသည့်ကာလလည်း စေတီပြီးလွယ်စေ ခြင်းငှာ ညီတော် သဒ္ဓါတိဿမင်း, သားတော် ဝဋ္ဋဂါမဏိမင်းသားတို့ကို နှိုးဆော်တိုက်တွန်း ကြောင်းကို မဟာဝင်ကျမ်း၊ ဗတ္တိံသတိမပရိစ္ဆေဒ (၁၈၉)တွင်—

ကနိဋ္ဌံ အာဟ ဘော တိဿ၊ မဟာထူပေ အနိဋ္ဌိတံ။
နိဋ္ဌာပေဟိ တုဝံ သဗ္ဗံ၊ ကမ္မံ သက္ကစ္စ သာဓုကံ။ ။

ပဋိယာဒိတဉ္စ ယံ ဝဋ္ဋံ၊ မယာ သုဂတသာသနေ။
သဗ္ဗံ အပရိဟာပေတွာ၊ တာတ ဝဋ္ဋံ ယတံ တုဝံ။ ။ ဟု လာသည်။

ကနိဋ္ဌံ၊ ညီတော်ဖြစ်သော သဒ္ဓါတိဿမင်းကို။ အာဟ၊ ဆို၏။ ဘော တိဿ၊ အို ညီတော် သဒ္ဓါတိဿ။ မဟာထူပေ၊ မဟာစေတီတော်သည်။ အနိဋ္ဌိတံ၊ မပြီးသေး။ တုဝံ၊ သင်သည်။ သဗ္ဗကမ္မံ၊ အလုံးစုံသော အမှုကို။ သက္ကစ္စံ၊ အရိုအသေ။ သာဓုကံ၊ ကောင်းစွာ။ နိဋ္ဌာပေဟိ၊ ပြီးစေလော့။

ဝဋ္ဋံ၊ ချစ်သား ဝဋ္ဋဂါမဏိ။ သုဂတသာသနေ၊ မြတ်စွာဘုရား၏ သာသနာတော်၌။ ယံ သဗ္ဗံ၊ အကြင်အလုံးစုံသော အမှုကို။ မယာ၊ ငါသည်။ ပဋိယာဒိတံ၊ စီရင်အပ်ပြီး။ တာတ ဝဋ္ဋံ၊ ချစ်သား ဝဋ္ဋဂါမဏိ။ တံ သဗ္ဗံ၊ ထိုအလုံးစုံသော ကိစ္စကို။ အပရိဟာပေတွာ၊ မယုတ်စေမူ၍။ တုဝံ၊ သင်သည်။ ယတံ ယတတု၊ လုံ့လပြုလော့။

ဒုဋ္ဌဂါမဏိမင်း မရှိသည့်နောက် သား သာလိကဇမင်းသားသည် ဘုန်းကြီးသောသူ ဖြစ်လျက် မင်းမပြုသောကြောင့် ဒုဋ္ဌဂါမဏိမင်း၏ညီတော် သဒ္ဓါတိဿ မင်းဆက်ခံ၍ ပြုသတည်း။ ၎င်းနောက် မင်း ၁-ကျိပ် ဆက်ခံသည်တွင် ဝဋ္ဋဂါမဏိမင်းလက်ထက် ပိဋကတ် ၃-ပုံတည်းဟူသော ဘုရားစကားတော်ကို ပညာရှိရဟန်းတို့ နှုတ်ဖြင့်သာ ဆောင်ခဲ့၍ ကာလ ရှည်လျားလျှင် ပျက်ပြားဆုတ်ယုတ်မည်ကြောင့် ပေထက်အက္ခရာတင်ကြောင်းကို–

ပိဋကတ္တယပါဠိဉ္စ၊ တဿ အဋ္ဌကထံပိ စ။
မုခပါဌေန အာနေသုံ၊ ပုဗ္ဗေ ဘိက္ခူ မဟာမတီ။ ။

ဟာနိံ ဒိသွာန သတ္တာနံ၊ တဒါ ဘိက္ခူ သမာဂတာ။
စိရဋ္ဌိတတ္ထံ ဓမ္မဿ၊ ပေါတ္ထကေသု လိက္ခာပယုံ။
ဝဋ္ဋဂါမဏိအဘယော၊ ရာဇာ ရဇ္ဇံ'မကာရယိ။ ။

မဟာဝင်၊ တေတ္တိံသတိမပရိစ္ဆေဒ (၁၉၉၊၂၀၀)တွင် လာသည်။

ပိဋကတ္တယပါဠိဉ္စ၊ ပိဋကတ် ၃-ပုံတည်းဟူသော ပါဠိတော်ကိုလည်းကောင်း။ တဿ၊ ထိုပါဠိတော်၏။ အဋ္ဌကထံပိ စ၊ အဋ္ဌကထာကိုလည်းကောင်း။ ပုဗ္ဗေ၊ ရှေးအခါ၌။ မဟာမတီ၊ ပညာကြီးကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ မုခပါဌေန၊ နှုတ်အံခြင်းဖြင့်။ အာနေသုံ၊ ဆောင်ကြကုန်၏။

သတ္တာနံ၊ သတ္တဝါတို့၏။ ဟာနိံ၊ ဆုတ်ယုတ်ခြင်းကို။ ဒိသွာန၊ မြင်၍။ တဒါ၊ ထိုအခါ၌။ ဘိက္ခူ၊ ရဟန်းတို့သည်။ သမာဂတာ၊ အညီအညွတ် ရောက်လာကြကုန်၍။ ဓမ္မသာ၊ ပိဋကတ် ၃-ပုံတည်းဟူသော တရားတော်ကို။ စိရဋ္ဌိတတ္ထံ၊ ကြာမြင့်စွာ တည်စိမ့်သောငှာ။ ပေါတ္ထကေသု၊ ပေတို့၌။ လိက္ခာပယုံ၊ ရေးကြကုန်၏။

တဒါ၊ ထိုအခါ၌။ ဝဋ္ဋဂါမဏိအဘယော၊ ဝဋ္ဋဂါမဏိအဘယမည်သော။ သောရာဇာ၊ ထိုမင်းသည်။ ရဋ္ဌံ မင်းအဖြစ်ကို။ အကာရယိ၊ ပြု၏။

- ဝဂ်ရာဇမင်း၏မြေး — သီဟဗာဟု၊
- ၎င်းမင်း၏ သား — ဝိဇယမင်းသား၊
- သုမိတ္တသား — ပဏ္ဍုဝါသုဒေဝမင်း၊
- ၎င်း၏သား — ပဏ္ဍုကာဘယမင်း၊
- ပဏ္ဍုကာဘယမင်း၏သား — သိဝမင်း၊
- မုဋသိဝမင်း၏သား — ဒေဝါနံပိယတိဿမင်း၊
- ဒေဝါနံပိယတိဿမင်း၏မြေး — ယဋ္ဌာလာယကမင်း၊
- ယဋ္ဌာလာယကမင်း၏သား — ဂေါဋ္ဌာဘယမင်း၊
- ဂေါဋ္ဌာဘယမင်း၏သား — ကာကဝဏ္ဏမင်း၊
- ကာကဝဏ္ဏမင်း၏သား — ဒုဋ္ဌဂါမဏိမင်း၊
- ဒုဋ္ဌဂါမဏိမင်း၏သား — ဝဋ္ဋဂါမဏိမင်း၊
- ဝဋ္ဋဂါမဏိမင်း၏သား — စောရနာဂမင်း၊

ဤသို့ ကျမ်းဂန်လာရကား ဝဋ္ဋဂါမဏိမင်း၏သား ဒုဋ္ဌဂါမဏိမင်း မဟုတ်ကြောင်းကို သိရာ၏။

ထိုစကားရပ် အကျယ်သိလိုလျှင် မဟာဝင်ကျမ်းမှာ ကြည့်လေ။ ရတနာပုံရွှေမြို့တော်၊ စည်ရှဉ်ဈေးအနီး၊ ရွှေလက်ဝဲတန်းနေ ဒကာကြီး ဘိုးသူက "ဒုဋ္ဌဂါမဏိမင်းကြီးသား ဝဋ္ဋဂါမဏိမင်းပင် ဖြစ်မည်။ ဝဋ္ဋဂါမဏိမင်း၏သား ဒုဋ္ဌဂါမဏိမင်းပင် ဖြစ်မည်ကို အသေအချာ နေရာကျ သိမှတ်ပါရမည့်အကြောင်း"နှင့် လျှောက်သောကြောင့် ကျမ်းဂန်အရကို ညွှန်ပြထုတ်ဆောင်၍ ၁၂၄၀-ပြည့်၊ ဝါခေါင်လဆန်း ၉-ရက်နေ့၊ ဒိပဲယင်းမြို့ဇာတိ၊ ပဝတ္တိ-ရတနာသိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★ ★ ★ ★ ★ ★ ★

## ဈေးကလေးရပ်နေ ဒကာမောင်မှီ-က "ဇာတိမဒေါ"စသော ၃၇-ပါးသော ကိလေသာ၊ "ဧက, ဒုက"စသော ၈၀၁-ခု ရေတွက်ဟန်ကို သိလိုကြောင်းနှင့် လျှောက်ထားချက်

[၁၅၈] "ဘုရားတပည့်တော် ရတနာသိခ်မြို့ဇာတိ၊ ပဝတ္တိရတနာပုံမြို့ အနောက်ပြင်၊ ပြည်ကြီးပျော်ဘွယ်၊ သမီးတော်ဈေးကလေးရပ်နေ ဒကာမှီ ၃-လီသော ဒွါရဖြင့် တုပ်ကွရှိကျိုး ရှိခိုးနားတော်လျှောက်ပါသည် ဆရာတော်ဘုရား။

ခုဒ္ဒကဝိဘင်းပါဠိတော်၌ 'ဇာတိမဒေါ'-အစရှိသည်ဖြင့် ဟောတော်မူသော ၇၃-ပါးသော ကိလေသာရှိသော ဧက, ဒုက, တိက-အစရှိသော ကိလေသာတို့ကို ရေတွက်သောနည်း ၈၀၁-ခု ရှိကြောင်းကို ပြဆိုသဖြင့် ရေတွက်သော် သင်္ချာမညီ ၇၉၉-ခုသာ ရသည်ဖြစ်ပါ၍ မညီမညွတ်ရှိပါသောကြောင့် မိန့်ဟောဒေသနာ အဋ္ဌကထာ,ပါဠိ ကျမ်းဂန်ညှိလျက် ဝိစိကိစ္ဆာ သင်္ကာပျောက်ကင်း ယုံမှားရှင်း၍ ထင်လင်းသိသာပါရအောင် ကယ်မသနားတော်မူပါမည့်အကြောင်းကို ဆယ်ချောင်းဟတ္ထ ပဏာမဖြင့် တုပ်ကွရှိကျိုး ရှိခိုးနားတော် လျှောက်ပါသည် ဆရာတော်ဘုရား"။

အထက်စာပါ ဒကာမောင်မှီ လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ–

[၁၅၈] ခုဒ္ဒကဝိဘင်းပါဠိတော်တွင်လာသော "ဇာတိမဒေါ"အစရှိသော ၈၀၁-ခုသော ကိလေသာတို့၏ သရုပ်သင်္ချာကို မေးလျှောက်သည်မှာ –

| | | | |
|---|---|---|---|
| ဧကက | ဒွိက | တိက | စတုက္က |
| ပဉ္စက | ဆက္က | သတ္တက | အဋ္ဌက |
| နဝက | ဒသက | အဋ္ဌာရသ- | |

ဟူ၍ မာတိကာစဉ်အားဖြင့် ၁၁-ပါးရှိသည်။ ထို ၁၁-ပါးတို့တွင် "ဇာတိမဒ"အစ, "အနဝညာတဝိတက္က"အဆုံးရှိသော ၇၃-ပါးကုန်သော ကိလေသာတို့ကို ဧကကနည်း၌ ရေတွက်အပ်၏။ ထို့ကြောင့် သမ္မောဟဝိနောဒနီမည်သော ၁၇-ခုမြောက်သော ခုဒ္ဒကဝိဘင်းအဋ္ဌကထာ (အဘိ၌၊၂။၄၇၇)၌–

**အာဒိတော တာဝ ဇာတိမဒေါတိ အာဒယော တေသတ္တတိ ဧကကာ နိက္ခိတ္တာ။**

ဟူသောပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

အာဒိတော တာဝ၊ အစ၌လျှင်။ ဇာတိမဒေါတိ အာဒယော၊ ဇာတိမဒေါ-အစရှိကုန်သော။ တေသတ္တတိ ဧကကာ၊ ၇၃-ပါးကုန်သော ဧကကတို့ကို။ နိက္ခိတ္တာ၊ ထားတော်မူအပ်ကုန်၏။

တေသတ္တတိသရုပ်ကို ရေတွက်၍ ပြဆိုလျှင် ကျယ်လွန်းအံ့။ "ကောဓ, ဥပနာဟ" အစ၊ "အဇ္ဈတ္တသံယောဇန, ဗဟိဒ္ဓသံယောဇန"အဆုံးရှိသော ၂-ခု, ၂-ခု အစုံအစုံအားဖြင့် ၁၈-ခု ဒုကဖြစ်၍ ၃၆-ပါးကုန်သော ကိလေသာတို့ကို ဒုကနည်း၌ ရေတွက်အပ်ကုန်၏။ ထို့ကြောင့် ဋ္ဌကထာ (အဘိ၊ဋ္ဌ၊၂။၄၄၇)၌–

တတော ကောဓော ဥပနာဟော စာ'တိ အာဒယော အဋ္ဌာရသ ဒုကာ။

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

တတော၊ ထို့နောက်မှ။ ကောဓော ဥပနာဟော စာတိ အာဒယော၊ ကောဓော, ဥပနာဟော- အစရှိကုန်သော။ အဋ္ဌာရသ ဒုကာ၊ ၁၈-ပါးကုန်သော ဒုကတို့ကို။ နိက္ခိတ္တာ၊ ထားတော်မူအပ်ကုန်၏။

အကုသလမူလတိက- အစရှိသောအားဖြင့် ၃၅-တိကဖြစ်၍ ၁၀၅-ပါးကုန်သော ကိလေသာတို့ကို တိကနည်း၌ ရေတွက်အပ်ကုန်၏။ ထို့ကြောင့် ဋ္ဌကထာ၌–

"အကုသလမူလပဒါဒယော ပဉ္စတိံသ တိကာ" (အဘိ၊ဋ္ဌ၊၂။၄၄၇)

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

အကုသလမူလပဒါဒယော၊ အကုသလမူလပဒ-အစရှိကုန်သော။ ပဉ္စတိံသ တိကာ၊ ၃၅-ပါးကုန်သော တိကတို့ကို။ နိက္ခိတ္တာ၊ ထားတော်မူအပ်ကုန်၏။

အာသဝစတုက္က- အစရှိသောအားဖြင့် ၁၄-စတုက္ကဖြစ်၍ ၅၆-ပါးကုန်သော ကိလေသာတို့ကို စတုက္ကနည်း၌ ရေတွက်အပ်ကုန်၏။

ထို့ကြောင့် ဋ္ဌကထာ၌–

"အာသဝစတုက္ကာဒယော စုဒ္ဒသ စတုက္ကာ" (အဘိ၊ဋ္ဌ၊၂။၄၄၇)

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

အာသဝစတုက္ကာဒယော၊ အာသဝစတုက္က-အစရှိကုန်သော။ စုဒ္ဒသစတုက္ကာ၊ ၁၄-ပါးသော စတုက္ကတို့ကို။ နိက္ခိတ္တာ၊ ထားတော်မူအပ်ကုန်၏။

“ပဉ္စောရမ္ဘာဂိယသံယောဇနပဥ္စက”အစရှိသောအားဖြင့် ၁၅-ပဥ္စကဖြစ်၍ ၇၅-ပါး ကုန်သော ကိလေသာတို့ကို ပဥ္စကနည်း၌ ရေတွက်အပ်ကုန်၏။ ထို့ကြောင့် ၎င်းအဋ္ဌကထာ၌—

“ဩရမ္ဘာဂိယသံယောဇနာဒယော ပန္နရသ ပဥ္စကာ” (အဘိ၊ဋ္ဌ၊၂။၄၄၇)

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဩရမ္ဘာဂိယသံယောဇနာဒယော၊ ဩရမ္ဘာဂိယသံယောဇဉ်-အစရှိကုန်သော။ ပန္နရသ ပဥ္စကာ၊ ၁၅-ပါးကုန်သော ပဥ္စကတို့ကို။ နိက္ခိတ္တာ၊ ထားတော်မူအပ်ကုန်၏။

ဆဝိဝါဒမူလဆက္က- အစရှိသောအားဖြင့် ၁၄-ဆက္ကဖြစ်၍ ၈၄-ပါးကုန်သော ကိလေသာတို့ကို ဆက္ကနည်း၌ ရေတွက်အပ်ကုန်၏။ ထို့ကြောင့် ၎င်းအဋ္ဌကထာ၌—

“ဝိဝါဒမူလာဒယော စုဒ္ဒသ ဆက္ကာ” (အဘိ၊ဋ္ဌ၊၂။၄၄၇)

ဟူသောပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဝိဝါဒမူလာဒယော၊ ဝိဝါဒမူလ-အစရှိကုန်သော။ စုဒ္ဒသ ဆက္ကာ၊ ၁၄-ပါးကုန်သော ဆက္ကတို့ကို။ နိက္ခိတ္တာ၊ ထားတော်မူအပ်ကုန်၏။

သတ္တာနုသယ- အစရှိကုန်သော ၇-ပါးကုန်သော သတ္တကတို့၏ အစွမ်းအားဖြင့် ၄၉-ပါးကုန်သော ကိလေသာတို့ကို သတ္တကနည်း၌ ရေတွက်အပ်ကုန်၏။ ထို့ကြောင့် ၎င်းအဋ္ဌကထာ၌—

“အနုသယာဒယော သတ္တ သတ္တကာ” (အဘိ၊ဋ္ဌ၊၂။၄၄၇)

ဟူသောပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

အနုသယာဒယော၊ သတ္တာနုသယ-အစရှိကုန်သော။ သတ္တသတ္တကာ၊ ၇-ပါးကုန်သော သတ္တကတို့ကို။ နိက္ခိတ္တာ၊ ထားတော်မူအပ်ကုန်၏။

အဋ္ဌကိလေသဝတ္ထု- အစရှိသော ၈-ပါးကုန်သော အဋ္ဌကတို့၏ အစွမ်းအားဖြင့် ၆၄-ပါးကုန်သော ကိလေသာတို့ကို အဋ္ဌကနည်း၌ ရေတွက်အပ်ကုန်၏။

ထို့ကြောင့် ၎င်းအဋ္ဌကထာ၌—

“ကိလေသဝတ္ထု အာဒယော အဋ္ဌ အဋ္ဌကာ” (အဘိ၊ဋ္ဌ၊၂။၄၄၇)

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ကိလေသဝတ္ထု အာဒယော၊ ကိလေသဝတ္ထု-အစရှိကုန်သော။ အဋ္ဌ အဋ္ဌကာ၊ ၈-ပါးကုန်သော အဋ္ဌကတို့ကို။ နိက္ခိတ္တာ၊ ထားတော်မူအပ်ကုန်၏။

နဝအာဃာတဝတ္ထု- အစရှိကုန်သော ၉-ပါးကုန်သော နဝကတို့၏ အစွမ်းအားဖြင့် ၈၁-ပါးကုန်သော ကိလေသာတို့ကို နဝကနည်း၌ ရေတွက်အပ်ကုန်၏။

ထို့ကြောင့် ၎င်းအဋ္ဌကထာ၌—

**"အာဃာတဝတ္ထုအာဒယော နဝ နဝကာ"**

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

အာဃာတဝတ္ထုအာဒယော၊ နဝအာဃာတဝတ္ထု-အစရှိကုန်သော။ နဝ နဝကာ၊ ၉-ပါးကုန်သော နဝကတို့ကို။ နိက္ခိတ္တာ၊ ထားတော်မူအပ်ကုန်၏။

ဒသကိလေသဝတ္ထု-အစရှိကုန်သော ၇-ပါးကုန်သော ဒသကတို့၏ အစွမ်းအားဖြင့် ၇၀-သော ကိလေသာတို့ကို ဒသက၌ ရေတွက်အပ်ကုန်၏။

ထို့ကြောင့် ၎င်းအဋ္ဌကထာ၌—

**"ကိလေသဝတ္ထုအာဒယော သတ္တ ဒသကာ"** (အဘိ႒၊၂။၄၄၇)

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ကိလေသဝတ္ထုအာဒယော၊ ဒသကိလေသဝတ္ထု- အစရှိကုန်သော။ သတ္တ ဒသကာ၊ ၇-ပါးကုန်သော ဒသကတို့ကို။ နိက္ခိတ္တာ၊ ထားတော်မူအပ်ကုန်၏။

"အဇ္ဈတ္တိကဿုပါဒါယ အဋ္ဌာရသတဏှာဝိစရိတ"အစရှိသော ၆-ပါးကုန်သော အဋ္ဌာရသကတို့၏ အစွမ်းအားဖြင့် ၁၀၈-ပါးကုန်သော ကိလေသာတို့ကို အဋ္ဌာရသက၌ ရေတွက်အပ်ကုန်၏။ ထို့ကြောင့် ၎င်းအဋ္ဌကထာ(အဘိ႒၊၂။၄၄၇)၌—

**"အဇ္ဈတ္တိကဿုပါဒါယ အဋ္ဌာရသတဏှာဝိစရိတာနီတိ အာဒယော ဆ အဋ္ဌာရသကာ"**

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

အဇ္ဈတ္တိကဿ၊ အဇ္ဈတ္တိကသန္တာန်ကို။ ဥပါဒါယ၊ စွဲ၍။ အဋ္ဌာရသတဏှာဝိစရိတာနီတိ အာဒယော၊ အဋ္ဌာရသတဏှာဝိစရိတာနိ-အစရှိကုန်သော။ ဆ အဋ္ဌာရသကာ၊ ၆-ပါးကုန်သော အဋ္ဌာရသကတို့ကို။ နိက္ခိတ္တာ၊ ထားတော်မူအပ်ကုန်၏။

ဤသို့ အဋ္ဌကထာလာသောကြောင့်—

| | |
|---|---|
| ဧကက၌ ကိလေသာ | ၃၃ |
| ဒုကၠ၌ ကိလေသာ | ၃၆ |
| တိက၌ ကိလေသာ | ၁၀၅ |
| စတုက္က၌ ကိလေသာ | ၅၆ |
| ပဉ္စက၌ ကိလေသာ | ၃၅ |
| ဆက္က၌ ကိလေသာ | ၈၄ |
| သတ္တက၌ ကိလေသာ | ၄၉ |
| အဋ္ဌက၌ ကိလေသာ | ၆၄ |
| နဝက၌ ကိလေသာ | ၈၁ |
| ဒသက၌ ကိလေသာ | ၇၀ |
| အဋ္ဌာရသက၌ကိလေသာ | ၁၀၈ |
| | ၈၀၁ |

ဤသို့အားဖြင့် ၈၀၁-ခုသော ကိလေသာတို့သည် ဖြစ်ကုန်၏။

ထို့ကြောင့် ဝင်းအဋ္ဌကထာ (အဘိ၊ဋ္ဌ၊၂။၄၄၇)၌—

**သဗ္ဗာနိပိ ဧတာနိ (ဧကာဓိကာနိ) အဋ္ဌကိလေသသတာနိ နိက္ခိတ္တာနိတိ ဝေဒိတဗ္ဗာနိ။**

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

သဗ္ဗာနိပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ဧကာဓိကာနိ၊ ၁-ခု အလွန်ရှိကုန်သော။ ဧတာနိ အဋ္ဌကိလေသသတာနိ၊ ဤ ၈၀၀-သော ကိလေသာတို့ကို။ နိက္ခိတ္တာ၊ ထားတော်မူအပ်ကုန်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာနိ၊ သိအပ်ကုန်၏။

ဤတွင် ၈၀၁-ခုကုန်သော ကိလေသာတို့ကို ဥဒ္ဒေသအစဉ်မပျက် အရေအတွက် သင်္ချာနှင့်တကွ အကျဉ်းပြဆိုသော စကားရပ် အပြီးသတ်တည်း။

ထိုစကားရပ်တို့ကို အကျယ်သိလိုလျှင် ၁၇-ခုမြောက်သော ခုဒ္ဒကဝိဘင်းပါဠိတော်၊ ဝင်းအဖွင့် သမ္မောဟဝိနောဒနီမည်သော အဋ္ဌကထာ (၄၄၇)၊ ဝင်းအဖွင့်မူလဋီကာတို့မှာ ကြည့်လေ။

ဈေးကလေးရပ်နေ ဒကာငမှိုက "ဇာတိမဒေါ-အစရှိသည်ဖြင့် ဟောတော်မူသော ၇၃-ပါးသော ကိလေသာ-အစရှိသော ဧကက, ဒုကတို့၏ အစွမ်းအားဖြင့် လာသော ၈၀၁-ခု

လျှင် အရေအတွက်ရှိသော ကိလေသာတို့ကို သရုပ်သချာ မှန်ကန်စွာ သိလိုပါသည်”ဟု လျှောက်သောကြောင့် ကျမ်းဂန်အလာ ဒေသနာနယကို ညွှန်ပြထုတ်ဆောင်၍ ၁၂၄၀- ပြည့်၊ ပြာသိုလဆန်း၊ ၁၀-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★ ★ ★ ★ ★ ★ ★

## အထက်စာပါ မောင်မှို-က အထက်စကားပါ ကေက, ဒုက-တို့ကို ထပ်မံလျှောက်ထားချက်

[၁၅၉] “ဘုရားတပည့်တော် ရတနာသိခ်မြို့ဇာတိ၊ ပဝတ္တိရတနာပုံရွှေမြို့တော်၊ အနောက်ပြင်၊ ဈေးကလေးရပ်နေ ဒကာငမှို ၃-လီသော ဒွါရဖြင့် တုပ်ကွရှိကျိုး ရှိခိုးနားတော် လျှောက်ပါသည် ဆရာတော်ဘုရား။

၈၀၁-ခုအရေအတွက်ရှိသော ကိလေသာတို့၏ သရုပ်သချာ အရေအတွက် တို့ကို ဆရာတော်ဘုရား ဟောကြားဖြေဆိုတော်မူရာ သိသာခြားနား ကွဲပြား၍ မှတ်သားပါရသည်။ ကေက, ဒုက-အစရှိသည်ဖြင့် ရေတွက်ပြဆိုခဲ့သော သရုပ် အတိုင်း စေ့ငုအောင် မသိပါရသည် ဖြစ်ပါ၍ ထပ်မံ၍ ကယ်မသနားတော်မူပါမည့် အကြောင်းကို ရှိခိုးနားတော်လျှောက်ပါသည် ဆရာတော်ဘုရား”။

အထက်စကားပါ မောင်မှို ထပ်မံလျှောက်ထားချက်အရ အဖြေဝိသဇ္ဇနာ—

[၁၅၉] ကေက, ဒုက-အစရှိသော သရုပ်သချာတို့၏အရကို မေးလျှောက်ပြန်သည်မှာ ကေကဌ် ကိလေသာ ၇၃-ပါးတည်း။ (ဝိဘင်္ဂ။ ၃၅၉) ၇၃-ပါးဟူသော်ကား—

- အမျိုးကို စွဲ၍ မာန်မူခြင်း ဇာတိမဒကိလေသာ ၁-ပါး
- အနွယ်ကို စွဲ၍ မာန်မူခြင်း ဂေါတ္တမဒကိလေသာ ၁-ပါး
- အနာရောဂါ မရှိသည်၏အဖြစ်ကို စွဲ၍ မာန်မူခြင်း အာရောဂျမဒကိလေသာ ၁-ပါး
- အရွယ်ကို စွဲ၍ မာန်မူခြင်း ယောဗ္ဗနမဒကိလေသာ ၁-ပါး
- အသက်ရှည်သည်ကို စွဲ၍ မာန်မူခြင်း ဇီဝိတမဒကိလေသာ ၁-ပါး
- လာဘ်ကို စွဲ၍ မာန်မူခြင်း လာဘမဒကိလေသာ ၁-ပါး

- ပူဇာသက္ကာရကို စွဲ၍ မာန်မူခြင်း သက္ကာရမဒကိလေသာ ၁-ပါး
- သူတပါးတို့၏ အလေးအမြတ်ပြုသည်ကို စွဲ၍ မာန်မူခြင်း ဂရုကာရမဒကိလေသာ-
  ၁-ပါး (ဝိဘင်္ဂ။ ၃၅၉)
- ရှေ့သွားအကြီး ပြုရသည်ကို စွဲ၍ မာန်မူခြင်း ပုရေက္ခာရမဒကိလေသာ ၁-ပါး
- အခြံအရံများသည်ကို စွဲ၍ မာန်မူခြင်း ပရိဝါရမဒကိလေသာ ၁-ပါး ၁၀။
- စည်းစိမ်ဥစ္စာရှိသည်ကို စွဲ၍ မာန်မူခြင်း ဘောဂမဒကိလေသာ ၁-ပါး
- အဆင်းလှသည်ကို အစွဲပြု၍ မာန်မူခြင်း ဝဏ္ဏမဒကိလေသာ ၁-ပါး
- အကြား,အမြင်ရှိသည်ကို အစွဲပြု၍ မာန်မူခြင်း သုတမဒကိလေသာ ၁-ပါး
- ပညာကို အစွဲပြု၍ မာန်မူခြင်း ပဋိဘာနမဒကိလေသာ ၁-ပါး
- ညဉ့်၏အပိုင်းအခြားကို သိသည်ကို စွဲ၍ မာန်မူခြင်း ရတ္တညုမဒကိလေသာ ၁-ပါး
- ဆွမ်းခံဝတ်ကို စွဲ၍ မာန်မူခြင်း ပိဏ္ဍပါတိကမဒကိလေသာ ၁-ပါး
- သူတပါးတို့ မထေမဲ့မြင် မပြုသည်ကို စွဲ၍ မာန်မူခြင်း အနဝညာတမဒကိလေသာ
  ၁-ပါး
- ဣရိယာပုထ်ကို စွဲ၍ မာန်မူခြင်း ဣရိယာပထမဒကိလေသာ ၁-ပါး
- တန်ခိုးကို စွဲ၍ မာန်မူခြင်း ဣဒ္ဓိမဒကိလေသာ ၁-ပါး
- အခြွေအရံကို စွဲ၍ မာန်မူခြင်း ယသမဒကိလေသာ ၁-ပါး ၂၀။
- သီလကို စွဲ၍ မာန်မူခြင်း သီလမဒကိလေသာ ၁-ပါး
- ဈာန်ကို စွဲ၍ မာန်မူခြင်း ဈာနမဒကိလေသာ ၁-ပါး
- အတတ်ကို စွဲ၍ မာန်မူခြင်း သိပ္ပမဒကိလေသာ ၁-ပါး
- အရပ်ရှည်သည်ကို စွဲ၍ မာန်မူခြင်း အာရောဟမဒကိလေသာ ၁-ပါး
- ကိုယ်မျှသည်ကို စွဲ၍ မာန်မူခြင်း ပရိဏာဟမဒကိလေသာ ၁-ပါး
- သဏ္ဌာန်ကို စွဲ၍ မာန်မူခြင်း သဏ္ဌာနမဒကိလေသာ ၁-ပါး
- ကိုယ်၌ အပြစ်မရှိသည်ကို စွဲ၍ မာန်မူခြင်း ပါရိပူရိမဒကိလေသာ ၁-ပါး
- မာန်တက်ခြင်း မဒကိလေသာ ၁-ပါး
- မေ့လျော့ခြင်း ပမာဒကိလေသာ ၁-ပါး

- ခက်ထန်ခြင်း ထမ္ဘကိလေသာ ၁-ပါး ၃၀။
- ချုပ်ချယ်ခြင်း သာရမ္ဘကိလေသာ ၁-ပါး
- အလွန်အလိုကြီးခြင်း အတြိစ္ဆတာကိလေသာ ၁-ပါး
- အလိုကြီးခြင်း မဟိစ္ဆတာကိလေသာ ၁-ပါး
- ယုတ်မာသော အလိုရှိခြင်း ပါပိစ္ဆတာကိလေသာ ၁-ပါး
- သားချိုနှင့်တူသော ထက်သော ကိလေသာရှိသော သိင်္ဂကိလေသာ ၁-ပါး
- ရာဂ-စသည်ဖြင့် စွတ်ခြင်း တိန္တိဏကိလေသာ ၁-ပါး
- လျှပ်ပေါ်ခြင်း စပလျကိလေသာ ၁-ပါး
- သဘောမတူသော အသက်မွေးခြင်း အသဘာဂဝုတ္တိကိလေသာ ၁-ပါး
- မမွေ့လျော်ခြင်း အရတိကိလေသာ ၁-ပါး
- ပျင်းရိခြင်း တန္ဒီကိလေသာ ၁-ပါး ၄၀။
- ကိုယ်တဆန့်ကျင်ရှိခြင်း ဝိဇမ္ဘိတာကိလေသာ ၁-ပါး
- ထမင်းဆီယစ်ခြင်း ဘတ္တသမ္မဒကိလေသာ ၁-ပါး
- စိတ်၏ တွန့်တိုခြင်း စေတသောလီနတ္တကိလေသာ ၁-ပါး
- လျှို့ဝှက်ခြင်း ကုဟနကိလေသာ ၁-ပါး
- ပျော်ပါးခြင်း လပနကိလေသာ ၁-ပါး
- နိမိတ်ကို ပြုခြင်း နေမိတ္တိကတာကိလေသာ ၁-ပါး
- သူတပါးတို့ကို နှိပ်စက်၍ ဆိုခြင်း နိပ္ပေသိကတာကိလေသာ ၁-ပါး
- လာဘ်တစ်ခုဖြင့် လာဘ်တစ်ခုကို ရှာမှီးခြင်း လာဘေန လာဘဇိဂီသနတာကိလေသာ
  ၁-ပါး (ဝိဘင်္ဂ။ ၃၅၉)
- ငါမြတ်၏-ဟု မာန်တက်ခြင်း သေယျောဟမသ္မိကိလေသာ ၁-ပါး
- ငါ-သူတို့နှင့် တူ၏-ဟု မာန်တက်ခြင်း သဒိသောဟမသ္မိကိလေသာ ၁-ပါး ၅၀။
- ငါ-သူတို့အောက် ယုတ်၏-ဟု မာန်တက်ခြင်း ဟီနောဟမသ္မိကိလေသာ ၁-ပါး
- မြတ်သည်ဖြစ်လျက် ငါမြတ်၏-ဟု မာနတက်ခြင်း သေယျဿ သေယျောဟမသ္မိ
  ကိလေသာ ၁-ပါး

- မြတ်သည်ဖြစ်လျက် ငါ-သူနှင့် တူ၏-ဟု မာန်တက်ခြင်း သေယျဿ သဒိသောဟမသ္မိ ကိလေသာ ၁-ပါး
- မြတ်သည်ဖြစ်လျက် ငါသူတို့အောက် ယုတ်၏-ဟု မာန်တက်ခြင်း သေယျဿ ဟီနောဟမသ္မိကိလေသာ ၁-ပါး
- သူနှင့်တူသည်ဖြစ်လျက် သူ့ထက် မြတ်၏-ဟု မာန်တက်ခြင်း သဒိသဿသေယျောဟမသ္မိ ကိလေသာ ၁-ပါး
- သူနှင့် တူသည်ဖြစ်လျက် သူနှင့် တူ၏-ဟု မာန်တက်ခြင်း သဒိသဿ သဒိသောဟမသ္မိ ကိလေသာ ၁-ပါး
- သူနှင့် တူသည်ဖြစ်လျက် သူ့အောက် ယုတ်၏-ဟု မာန်တက်ခြင်း သဒိသဿ ဟီနောဟသ္မိကိလေသာ ၁-ပါး
- သူ့အောက်ယုတ်လျက် သူ့ထက်မြတ်၏-ဟု မာန်တက်ခြင်း ဟီနဿ သေယျောဟမသ္မိ ကိလေသာ ၁-ပါး
- သူ့အောက်ယုတ်သည်ဖြစ်လျက် သူနှင့် တူသည်-ဟု မာန်တက်ခြင်း ဟီနဿ သဒိသောဟမသ္မိကိလေသာ ၁-ပါး
- သူ့အောက်ယုတ်လျက် သူ့အောက်ယုတ်၏-ဟု မာန်တက်ခြင်း ဟီနဿ ဟီနောဟမသ္မိ ကိလေသာ ၁-ပါး ၆၀။
- မာန်တက်ခြင်း မာနကိလေသာ ၁-ပါး
- အလွန်မာန်တက်ခြင်း အတိမာနကိလေသာ ၁-ပါး
- မာန်တက်သည်ထက် မာန်တက်ခြင်း မာနာတိမာနကိလေသာ ၁-ပါး
- အယုတ်အားဖြင့် မာန်တက်ခြင်း ဩမာနကိလေသာ ၁-ပါး
- ရနိုးသော ဈာန်,မဂ်,ဖိုလ်ရှိ၍ မာန်တက်ခြင်း အဓိမာနကိလေသာ ၁-ပါး
- ငါ-ဟူ၍ မာန်တက်ခြင်း အသ္မိမာနကိလေသာ ၁-ပါး
- မှားသောအားဖြင့် မာန်တက်ခြင်း မိစ္ဆာမာနကိလေသာ ၁-ပါး
- ဆွေမျိုးနှင့် စပ်၍ ကြံခြင်း ဉာတိဝိတက္ကကိလေသာ ၁-ပါး
- ဇနပုဒ်နှင့် စပ်၍ ကြံခြင်း ဇနပဒဝိတက္ကကိလေသာ ၁-ပါး
- မသေသည်ကို ကြံခြင်း အမရဝိတက္ကကိလေသာ ၁-ပါး ၇၀။

- သူတပါးကို သနားခြင်းနှင့် ယှဉ်၍ ကြံခြင်း ပရာနုဒ္ဒယတာ *(ပဋိသံယုတ္တ)* ကိလေသာ ၁-ပါး
- လာဘ်ပူဇာသက္ကာရ, အကျော်အစောနှင့် စပ်၍ ကြံခြင်း လာဘသက္ကာရသိလောက-ပဋိသံယုတ္တကိလေသာ ၁-ပါး    (ဝိဘင်။၃၅၉)
- သူတပါးတို့ အလေးအမြတ်ပြု၍ သိခြင်းနှင့် စပ်၍ ကြံခြင်း အနဝညတ္တိပဋိသံယုတ္တ-ကိလေသာ ၁-ပါး (ဧကကနိဒ္ဒေသ။ ၄၄၇-၄၇၃)    ၇၃။

ဤသို့ **ဧကက၌** ၇၃-ပါးကုန်သော ကိလေသာတို့သည် ဖြစ်ကုန်၏။ **ဧကက ပြီး၏။**

----- x -----

ဒုကအားဖြင့် ၁၈-ဒုကဖြစ်၍ ကိလေသာအားဖြင့် ၃၆-ပါးဖြစ်၏။ (ဝိဘင်၊၃၅၉။ ဒုကနိဒ္ဒေသ၊ ၄၇၃-၄၇၆။)

ဒုကအားဖြင့် ၁၈-ဒုကဟူသော်ကား—

- အမျက်ထွက်ခြင်း ကောဓကိလေသာ ၁-ပါး
- ရန်ငြိုးဖွဲ့ခြင်း ဥပနာဟကိလေသာ ၁-ပါး    ဤသို့ ပဌမဒုက၌ ၂-ပါး။
- သူ့ကျေးဇူးကို ချေခြင်း မက္ခကိလေသာ ၁-ပါး
- သူနှင့် အပြိုင်ပြုခြင်း ပဠာသကိလေသာ ၁-ပါး    ဤသို့ ဒုတိယဒုက၌ ၂-ပါး။
- ငြူစူခြင်း ဣဿာကိလေသာ ၁-ပါး
- ဝန်တိုခြင်း မစ္ဆရိယကိလေသာ ၁-ပါး    ဤသို့ တတိယဒုက၌ ၂-ပါး။
- လှည့်ပတ်ခြင်း မာယာကိလေသာ ၁-ပါး
- စဉ်းလဲခြင်း သာဌေယျကိလေသာ ၁-ပါး    ဤသို့ စတုတ္ထဒုက၌ ၂-ပါး။
- မသိခြင်း အဝိဇ္ဇာကိလေသာ ၁-ပါး
- ဘဝကို တပ်ခြင်း ဘဝတဏှာကိလေသာ ၁-ပါး    ဤသို့ ပဉ္စမဒုက၌ ၂-ပါး။
- ကိုယ်သည်လည်းကောင်း, လောကသည်လည်းကောင်း ဖြစ်လတ္တံ့-ဟု ယူသော ဘဝဒိဋ္ဌိကိလေသာ ၁-ပါး

- ကိုယ်သည်လည်းကောင်း, လောကသည်လည်းကောင်း မဖြစ်လတ္တံ့-ဟု ယူသော ဝိဘဝ ဒိဋ္ဌိကိလေသာ ၁-ပါး ဤသို့ ဆဋ္ဌဒုကဌ် ၂-ပါး။
- ကိုယ်သည်လည်းကောင်း, လောကသည်လည်းကောင်း မြဲ၏-ဟု ယူသော သဿတ ဒိဋ္ဌိကိလေသာ ၁-ပါး
- ကိုယ်သည်လည်းကောင်း, လောကသည်လည်းကောင်း မဖြစ်လတ္တံ့၊ ပြတ်၏-ဟု ယူသော ဥစ္ဆေဒဒိဋ္ဌိကိလေသာ ၁-ပါး ဤသို့ သတ္တမဒုကဌ် ၂-ပါး။
- ကိုယ်သည်လည်းကောင်း, လောကသည်လည်းကောင်း အဆုံးရှိ၏-ဟု ယူသော အန္တဝါဒိဋ္ဌိကိလေသာ ၁-ပါး
- ကိုယ်သည်လည်းကောင်း, လောကသည်လည်းကောင်း အဆုံးမရှိ-ဟု ယူသော အနန္တဝါဒိဋ္ဌိကိလေသာ ၁-ပါး ဤသို့ အဋ္ဌမဒုကဌ် ၂-ပါး။
- ရှေ့အစွန်းကို ကြံ၍ ယူသော ပုဗ္ဗန္တာနုဒိဋ္ဌိကိလေသာ ၁-ပါး
- နောက်အစွန်းကို ကြံ၍ ယူသော အပရန္တာနုဒိဋ္ဌိကိလေသာ ၁-ပါး

ဤသို့ နဝမဒုကဌ် ၂-ပါး။

- မကောင်းမှုမှ မရှက်ခြင်း အဟိရိကကိလေသာ ၁-ပါး
- မကောင်းမှုမှ မလန့်ခြင်း အနောတ္တပ္ပကိလေသာ ၁-ပါး၊ ဤသို့ ဒသမဒုကဌ် ၂-ပါး
- ဆိုနိုင်ခဲသော အဖြစ်-ဟု *(မကောင်းသဖြင့်)*ဆိုအပ်သော ဒေါဝစဿတာကိလေသာ ၁-ပါး
- မကောင်းသော အဆွေခင်ပွန်းရှိသည်၏အဖြစ်-ဟု ဆိုအပ်သော ပါပမိတ္တတာကိလေသာ ၁-ပါး၊ ဤသို့ ဧကာဒသမဒုကဌ် ၂-ပါး။
- မဖြောင့်သောအဖြစ်-ဟု ဆိုအပ်သော အနဇ္ဇဝကိလေသာ ၁-ပါး
- မနူးညံ့ခြင်း-ဟု ဆိုအပ်သော အမဒ္ဒဝကိလေသာ ၁-ပါး

ဤသို့ ဒွါဒသမဒုကဌ် ကိလေသာ ၂-ပါး။

- သည်းမခံခြင်း အခန္တိကိလေသာ ၁-ပါး
- ကိုယ်နှုတ်လွန်ကျူးခြင်း အသောရစ္စကိလေသာ ၁-ပါး

ဤသို့ တေရသမဒုကဌ် ၂-ပါး။

- စကားမပြေပြစ်ခြင်း အသာခလျကိလေသာ ၁-ပါး
- အစေ့အစပ်မဖြစ်ခြင်း အပဋိသန္ထာရကိလေသာ ၁-ပါး၊ ဤသို့ စုဒ္ဒသမဒုကဌ် ၂-ပါး။
- ဣန္ဒြေတို့ကို မစောင့်ခြင်း ဣန္ဒြိယေသု အဂုတ္တဒွါရတာကိလေသာ ၁-ပါး
- ဘောဇဉ်၌ အတိုင်းအရှည်မသိခြင်း ဘောဇနေအမတ္တညုတာကိလေသာ ၁-ပါး၊

ဤသို့ ပန္နရသမဒုကဌ် ၂-ပါး။

- လွတ်သောသတိရှိခြင်း မုဋ္ဌဿစ္စကိလေသာ ၁-ပါး
- ပညာအဆင်အခြင် မရှိခြင်း အသမ္ပဇညကိလေသာ ၁-ပါး၊

ဤသို့ သောဠသမဒုကဌ် ၂-ပါး။*

- သီလပျက်ခြင်း သီလဝိပတ္တိကိလေသာ ၁-ပါး
- အယူပျက်ခြင်း ဒိဋ္ဌိဝိပတ္တိကိလေသာ ၁-ပါး　　ဤသို့ သတ္တရသမဒုကဌ် ၂-ပါး။
- အတွင်းသန္တာန်၌ဖြစ်သော အဇ္ဈတ္တသံယောဇနကိလေသာ ၁-ပါး
- အပသန္တာန်၌ဖြစ်သော ဗဟိဒ္ဓသံယောဇနကိလေသာ ၁-ပါး

ဤသို့ အဋ္ဌာရသမဒုကဌ် ၂-ပါး။

ဤသို့ ဒုကအားဖြင့် ၁၈-ဒုက၊ ကိလေသာအားဖြင့် ၃၆-ပါး ဖြစ်ကုန်၏။ ဒုက ပြီး၏။ ဤသို့လျှင် ဧကက, ဒုက ၂-ပါးတို့ကို ပေါင်းသည်ရှိသော် ၁၀၉-ပါးကုန်သော ကိလေသာတို့သည် ဖြစ်ကုန်၏။ (ဝိဘင်္ဂ။၃၅၉-၃၆၀)

---- x -----

တိကအားဖြင့် ၃၅-တိကဖြစ်၍ ကိလေသာအားဖြင့် ၁၀၅-ပါးဟူသော်ကား—

- အာရုံ၌ ငြိသောအားဖြင့် တပ်ခြင်း လောဘကိလေသာ ၁-ပါး
- ကြမ်းတမ်းသဖြင့် ပြစ်မှားခြင်း ဒေါသကိလေသာ ၁-ပါး
- မသိသောအားဖြင့် ဖုံးလွှမ်းခြင်း မောဟကိလေသာ ၁-ပါး

ဤသို့ ပဌမအကုသလမူလတိကဌ် ၃-ပါး။

- ကာမဂုဏ်နှင့် စပ်၍ ကြံခြင်း ကာမဝိတက္ကကိလေသာ ၁-ပါး
- သူတပါးတို့ ပျက်စီးကြောင်းနှင့် စပ်၍ ကြံခြင်း ဗျာပါဒဝိတက္ကကိလေသာ ၁-ပါး

- သူတပါးတို့ကို ညှဉ်းဆဲကြောင်းနှင့် စပ်၍ ကြံခြင်း ဝိဟိံသဝိတက္ကကိလေသာ ၁-ပါး

ဤသို့ ဒုတိယအကုသလဝိတက္ကတိက၌ ၃-ပါး။

- ကာမဂုဏ်နှင့် စပ်သော သညာ-ဟု ဆိုအပ်သော ကာမသညာကိလေသာ ၁-ပါး
- သူတပါးတို့ကို ပျက်စီးကြောင်းနှင့် စပ်သော သညာ-ဟု ဆိုအပ်သော ဗျာပါဒသညာ ကိလေသာ ၁-ပါး
- သူတပါးတို့ကို ညှဉ်းဆဲကြောင်းနှင့်စပ်သော သညာ-ဟု ဆိုအပ်သော ဝိဟိံသသညာ ကိလေသာ ၁-ပါး ဤသို့ တတိယအကုသလသညာတိက၌ ၃-ပါး။
- ကာမဂုဏ်နှင့် စပ်၍ ကြံခြင်း ကာမဓာတုကိလေသာ ၁-ပါး
- သူတပါးတို့ ပျက်စီးကြောင်းနှင့် စပ်၍ ကြံခြင်း ဗျာပါဒဓာတုကိလေသာ ၁-ပါး
- သူတပါးတို့ကို ညှဉ်းဆဲခြင်းနှင့် စပ်၍ ကြံခြင်း ဝိဟိံသဓာတုကိလေသာ ၁-ပါး

ဤသို့ စတုတ္ထအကုသလဓာတုတိက၌ ၃-ပါး။

- ပါဏာတိပါတ-စသော ကာယဒုစရိုက် ၃-ပါး-ဟု ဆိုအပ်သော ကာယဒုစရိုက် ကိလေသာ ၁-ပါး

*(- မုသာဝါဒ-စသော ဝစီဒုစရိုက် ၄-ပါး-ဟု ဆိုအပ်သော ဝစီဒုစရိုက်ကိလေသာ ၁-ပါး)*

- အဘိဇ္ဈာ-စသော မနောဒုစရိုက် ၃-ပါး-ဟု ဆိုအပ်သော မနောဒုစရိုက်ကိလေသာ ၁-ပါး ဤသို့ ပဉ္စမဒုစ္စရိတတိက၌ ၃-ပါး။
- ကာမဂုဏ်တို့၌ တပ်ခြင်း-ဟု ဆိုအပ်သော ကာမာသဝကိလေသာ ၁-ပါး
- ဘဝ၌ တပ်ခြင်း-ဟု ဆိုအပ်သော ဘဝါသဝကိလေသာ ၁-ပါး
- သစ္စာ ၄-ပါးကို မသိခြင်း အဝိဇ္ဇာသဝကိလေသာ ၁-ပါး

ဤသို့ ဆဋ္ဌအာသဝတိက၌ ၃-ပါး။

- ခန္ဓာ ၅-ပါး၌ စွဲလမ်းသောအယူ-ဟု ဆိုအပ်သော သက္ကာယဒိဋ္ဌိကိလေသာ ၁-ပါး
- ၈-ပါးသော အရာဌာန၌ ယုံမှားခြင်း ဝိစိကိစ္ဆာကိလေသာ ၁-ပါး
- မှားသော အလေ့အကျင့်-ဟု ဆိုအပ်သော သီလဗ္ဗတပရာမာသကိလေသာ ၁-ပါး

ဤသို့ သတ္တမသံယောဇနတိက၌ ၃-ပါး။

- ကာမဂုဏ် ၅-ပါးတို့၌ ဖြစ်သော တဏှာ-ဟု ဆိုအပ်သော ကာမတဏှာကိလေသာ ၁-ပါး
- သဿတဒိဋ္ဌိနှင့် ယှဉ်သော ရာဂ-ဟု ဆိုအပ်သော ဘဝတဏှာကိလေသာ ၁-ပါး
- ဥစ္ဆေဒဒိဋ္ဌိနှင့် ယှဉ်သော ရာဂ-ဟု ဆိုအပ်သော ဝိဘဝတဏှာကိလေသာ ၁-ပါး

ဤသို့ အဋ္ဌမတဏှာတိကဌ် ၃-ပါး။

- ကာမဓာတ်နှင့် စပ်သော ရာဂ-ဟု ဆိုအပ်သော ကာမတဏှာကိလေသာ ၁-ပါး
- ရူပဓာတ်နှင့် စပ်သော ရာဂ-ဟု ဆိုအပ်သော ရူပတဏှာကိလေသာ ၁-ပါး
- အရူပဓာတ်နှင့် စပ်သော ရာဂ-ဟု ဆိုအပ်သော အရူပတဏှာကိလေသာ ၁-ပါး

ဤသို့ နဝမ အပရာပိ တဏှာတိကဌ် ၃-ပါး။

- ရူပဓာတ်နှင့် စပ်သော ရာဂ-ဟု ဆိုအပ်သော ရူပတဏှာကိလေသာ ၁-ပါး
- အရူပဓာတ်နှင့် စပ်သော ရာဂ-ဟု ဆိုအပ်သော အရူပတဏှာကိလေသာ ၁-ပါး
- ဥစ္ဆေဒဒိဋ္ဌိနှင့် စပ်သော ရာဂ-ဟု ဆိုအပ်သော နိရောဓတဏှာကိလေသာ ၁-ပါး

ဤသို့ ဒသမ အပရာပိ တဏှာတိကဌ် ၃-ပါး။

- ကာမတည်းဟူသော ရှာမှီးခြင်း ကာမေသနာကိလေသာ ၁-ပါး
- ဘဝတည်းဟူသော ရှာမှီးခြင်း ဘဝေသနာကိလေသာ ၁-ပါး
- သဿတော လောကော-အစရှိသည်ဖြင့် ဒိဋ္ဌိအလားရှိသောသူတို့သည် သမုတ်အပ်သော အကျင့်ကို ရှာမှီးခြင်း ဗြဟ္မစရိယေသနာကိလေသာ ၁-ပါး

ဤသို့ ဧကာဒသမ ဧသနတိကဌ် ၃-ပါး။

- ငါ သူ့ထက် မြတ်၏-ဟု မာန်မူခြင်း သေယျောဟမသ္မိကိလေသာ ၁-ပါး
- ငါ သူနှင့် တူ၏-ဟု မာန်မူခြင်း သဒိသောဟမသ္မိကိလေသာ ၁-ပါး
- ငါ သူ့အောက် ယုတ်၏-ဟု မာန်မူခြင်း ဟီနောဟမသ္မိကိလေသာ ၁-ပါး

ဤသို့ ဒွါဒသမ ဝိဓာတိကဌ် ၃-ပါး။

- ပဋိသန္ဓေနေခြင်းကို စွဲ၍ ကြောက်ခြင်း ဇာတိဘယကိလေသာ ၁-ပါး
- အိုရခြင်းကို စွဲ၍ ကြောက်ခြင်း ဇရာဘယကိလေသာ ၁-ပါး

- သေရခြင်းကို စွဲ၍ ကြောက်ခြင်း မရဏဘယကိလေသာ ၁-ပါး

ဤသို့ တေရသမ ဘယတိကဥ် ၃-ပါး။

- အတိတ်ကာလကို စွဲ၍ ယုံမှားခြင်း ဝိစိကိစ္ဆာကိလေသာ ၁-ပါး
- အနာဂတ်ကာလကို စွဲ၍ ယုံမှားခြင်း ဝိစိကိစ္ဆာကိလေသာ ၁-ပါး
- ပစ္စုပ္ပန်ကာလကို စွဲ၍ ယုံမှားခြင်း ဝိစိကိစ္ဆာကိလေသာ ၁-ပါး

ဤသို့ စုဒ္ဒသမ ဝိစိကိစ္ဆာတိကဥ် ၃-ပါး။

- ဤလောက၌ သတ္တဝါတို့သည် ကုသိုလ်, အကုသိုလ်ကံကြောင့် ဝေဒနာ ၃-ပါးကို ခံစား၏-ဟု ယူသော တိတ္ထာယတနကိလေသာ ၁-ပါး
- ဤလောက၌ သတ္တဝါတို့သည် ပရမိဿရနတ်ဗြဟ္မာတို့ ဖန်ဆင်း၍ ဝေဒနာ ၃-ပါးကို ခံစား၏-ဟု ယူသော တိတ္ထာယတနကိလေသာ ၁-ပါး
- ဤလောက၌ သတ္တဝါတို့သည် အကြောင်းမရှိဘဲ ဝေဒနာ ၃-ပါးကို ခံစား၏-ဟု ယူသော တိတ္ထာယတနကိလေသာ ၁-ပါး

ဤသို့ ပန္နရသမ တိတ္ထာယတနတိကဥ် ၃-ပါး။

- ရာဂဟူသော ကြောင့်ကြခြင်း ရာဂကိဥ္စနကိလေသာ ၁-ပါး
- ဒေါသဟူသော ကြောင့်ကြခြင်း ဒေါသကိဥ္စနကိလေသာ ၁-ပါး
- မောဟဟူသော ကြောင့်ကြခြင်း မောဟကိဥ္စနကိလေသာ ၁-ပါး

ဤသို့ သောဠသမ ကိဥ္စနတိကဥ် ၃-ပါး။

- ရာဂသည်ပင်လျှင် ထက်သော ရာဂအင်္ဂဏကိလေသာ ၁-ပါး
- ဒေါသသည်ပင်လျှင် ထက်သော ဒေါသအင်္ဂဏကိလေသာ ၁-ပါး
- မောဟသည်ပင်လျှင် ထက်သော မောဟအင်္ဂဏကိလေသာ ၁-ပါး

ဤသို့ သတ္တရသမ အင်္ဂဏတိကဥ် ၃-ပါး။

- ရာဂတည်းဟူသော အညစ်အကြေး-ဟု ဆိုအပ်သော ရာဂမလကိလေသာ ၁-ပါး
- ဒေါသတည်းဟူသော အညစ်အကြေး-ဟု ဆိုအပ်သော ဒေါသမလကိလေသာ ၁-ပါး
- မောဟတည်းဟူသော အညစ်အကြေး-ဟု ဆိုအပ်သော မောဟမလကိလေသာ ၁-ပါး

ဤသို့ အဋ္ဌာရသမ မလတိကဥ် ၃-ပါး။

- လောဘသည်ပင် မညီမညွတ်သော လောဘဝိသမကိလေသာ ၁-ပါး
- ဒေါသသည်ပင် မညီမညွတ်သော ဒေါသဝိသမကိလေသာ ၁-ပါး
- မောဟသည်ပင် မညီမညွတ်သော မောဟဝိသမကိလေသာ ၁-ပါး

ဤသို့ ကေ့နဝိသတိမ ဝိသမတိကဌ် ၃-ပါး။

- ကိုယ်၏ မညီမညွတ်ခြင်း ကာယဝိသမကိလေသာ ၁-ပါး
- နှုတ်၏ မညီမညွတ်ခြင်း ဝစီဝိသမကိလေသာ ၁-ပါး
- စိတ်၏ မညီမညွတ်ခြင်း မနောဝိသမကိလေသာ ၁-ပါး

ဤသို့ ဝိသတိမ အပရာပိ ဝိသမတိကဌ် ၃-ပါး။

- ရာဂမီးဟူသော ရာဂဂ္ဂိကိလေသာ ၁-ပါး
- ဒေါသမီးဟူသော ဒေါသဂ္ဂိကိလေသာ ၁-ပါး
- မောဟမီးဟူသော မောဟဂ္ဂိကိလေသာ ၁-ပါး ဤသို့ ကေဝိသတိမ အဂ္ဂိတိကဌ် ၃-ပါး။

- ရာဂတည်းဟူသော ဖန်ရည်-ဟု ဆိုအပ်သော ရာဂကသာဝကိလေသာ ၁-ပါး
- ဒေါသတည်းဟူသော ဖန်ရည်-ဟု ဆိုအပ်သော ဒေါသကသာဝကိလေသာ ၁-ပါး
- မောဟတည်းဟူသော ဖန်ရည်-ဟု ဆိုအပ်သော မောဟကသာဝကိလေသာ ၁-ပါး

ဤသို့ ဒွါဝိသတိမ ကသာဝတိကဌ် ၃-ပါး။

- ကိုယ်တည်းဟူသော ဖန်ရည်-ဟု ဆိုအပ်သော ကာယကသာဝကိလေသာ ၁-ပါး
- နှုတ်တည်းဟူသော ဖန်ရည်-ဟု ဆိုအပ်သော ဝစီကသာဝကိလေသာ ၁-ပါး
- စိတ်တည်းဟူသော ဖန်ရည်-ဟု ဆိုအပ်သော မနောကသာဝကိလေသာ ၁-ပါး

ဤသို့ တေဝိသတိမ အပရာပိ ကသာဝတိကဌ် ၃-ပါး။

- ကာမဂုဏ်ချမ်းသာကို ခံစားခြင်း၌ အပြစ်မရှိ-ဟု ယူသော အဿာဒဒိဋ္ဌိကိလေသာ ၁-ပါး
- သက္ကာယဒိဋ္ဌိ ၂၀-ဟု ဆိုအပ်သော အတ္တာနုဒိဋ္ဌိကိလေသာ ၁-ပါး
- နတ္ထိ ဒိန္န-စသည်ဖြင့် ယူသော မိစ္ဆာဒိဋ္ဌိကိလေသာ ၁-ပါး

ဤသို့ စတုဗ္ဗိသတိမတိကဌ် ၃-ပါး။

- အမှတ်မရှိသော အရပ်ဌာန၌ မမွေ့လျော်ခြင်း အရတိကိလေသာ ၁-ပါး
- ဒုတ်, လှင်ကန်- စသည်ဖြင့် ညှဉ်းဆဲခြင်း ဝိဟေသကိလေသာ ၁-ပါး
- ကိုယ်,နှုတ်,နှလုံးတို့ဖြင့် မတရား မညီသည်ကို ကျင့်ခြင်း အဓမ္မစရိယကိလေသာ ၁-ပါး

ဤသို့ ပဉ္စဝိသတိမတိကာ၌ ၃-ပါး။

- ဆိုနိုင်ခက်သော အဖြစ်-ဟု ဆိုအပ်သော ဒေါဝစဿတာကိလေသာ ၁-ပါး
- မကောင်းသော အဆွေခင်ပွန်းရှိခြင်း ပါပမိတ္တတာကိလေသာ ၁-ပါး
- ကာမသညာ, ဗျာပါဒသညာ, ဝိဟိံသသညာ-ဟု ဆိုအပ်သော နာနတ္တသညာကိလေသာ ၁-ပါး။

ဤသို့ ဆဗ္ဗိသတိမတိကာ၌ ၃-ပါး။

- စိတ်၏ ပျံ့လွင့်ခြင်း ဥဒ္ဓစ္စကိလေသာ ၁-ပါး၊
- ကာမဂုဏ်၌ စိတ်ကို ချ၍ ပျင်းရိခြင်း ကောသဇ္ဇကိလေသာ ၁-ပါး၊
- ကာမဂုဏ်၌ စိတ်ကို ချ၍ မေ့လျော့ခြင်း ပမာဒကိလေသာ ၁-ပါး။

ဤသို့ သတ္တဝိသတိမတိကာ၌ ၃-ပါး။

- ပစ္စည်း ၄-ပါးတို့ဖြင့်လည်းကောင်း, ကာမဂုဏ်ချမ်းသာဖြင့်လည်းကောင်း မရောင့်ရဲနိုင်ခြင်း အသန္တုဋ္ဌိတာကိလေသာ ၁-ပါး၊
- အဆင်အခြင်ပညာ မရှိခြင်း အသမ္ပဇညတာကိလေသာ ၁-ပါး၊
- ပစ္စည်း ၄-ပါးတို့ဖြင့်လည်းကောင်း, ကာမဂုဏ်ချမ်းသာဖြင့်လည်းကောင်း အလွန်အလိုကြီးခြင်း မဟိစ္ဆတာကိလေသာ ၁-ပါး။

ဤသို့ အဋ္ဌဝိသတိမတိကာ၌ ၃-ပါး။

- မကောင်းမှုမှ မရှက်ခြင်း အဟိရိကကိလေသာ ၁-ပါး၊
- မကောင်းမှုမှ မလန့်ခြင်း အနောတ္တပ္ပကိလေသာ ၁-ပါး၊
- အကုသိုလ်တရား၌လည်းကောင်း, ကာမဂုဏ်၌လည်းကောင်း စိတ်ကို တုံးတုံးချခြင်း ပမာဒကိလေသာ ၁-ပါး။

ဤသို့ ဧကူနတိံသတိမတိကာ၌ ၃-ပါး။

- သူတော်ကောင်းတို့ ဆုံးမသည်ကို မရိုသေခြင်း အနာဒရိယကိလေသာ ၁-ပါး၊
- သူတော်ကောင်းတို့ ဆုံးမသည်ကို မနာယူခြင်း ဒေါဝစဿတာကိလေသာ ၁-ပါး၊
- မကောင်းသော အဆွေခင်ပွန်းရှိခြင်း ပါပမိတ္တတာကိလေသာ ၁-ပါး၊

ဤသို့ တိံသတိမတိကာ၌ ၃-ပါး။

- ရတနာ ၃-ပါးတို့ကို မသဒ္ဒါခြင်း အဿဒ္ဓိယကိလေသာ ၁-ပါး
- မစ္ဆေရ၏အစွမ်းဖြင့် ပေးပါ,လှူပါ-ဟု မဆိုနိုင်ခြင်း အဝဒညုတာကိလေသာ ၁-ပါး
- အကုသိုလ်တရား၌လည်းကောင်း, ကာမဂုဏ်၌လည်းကောင်း စိတ်ကို တုံးတုံးချ၍ ကုသိုလ်ကမ္မပထတို့၌ ပျင်းရိခြင်း ကောသဇ္ဇကိလေသာ ၁-ပါး

ဤသို့ ဧကတိကသတိမတိက၌ ၃-ပါး။

- စိတ်၏ မငြိမ်သက်ခြင်း ဥဒ္ဒစ္စကိလေသာ ၁-ပါး
- ဣန္ဒြေကို မစောင့်ရှောက်ခြင်း အသံဝရကိလေသာ ၁-ပါး
- ကိုယ်,နှုတ်,နှလုံး ၃-ပါးဖြင့် လွန်ကျူးခြင်း ဒုဿီလျကိလေသာ ၁-ပါး

ဤသို့ ဒုတိကသတိမတိက၌ ၃-ပါး။

- အရိယာတို့ကို မဖူးမြင်လိုခြင်း အဒဿနကမျတာကိလေသာ ၁-ပါး
- သူတော်ကောင်းတို့ တရားကို မနာလိုခြင်း အသောတုကမျတာကိလေသာ ၁-ပါး
- ချုပ်ချယ်လိုသော စိတ်ရှိခြင်း ဥပါရမ္ဘစိတ္တတာကိလေသာ ၁-ပါး

ဤသို့ တတိယကသတိမတိက၌ ၃-ပါး။

- လွတ်သော သတိရှိခြင်း မုဋ္ဌဿစ္စကိလေသာ ၁-ပါး
- အဆင်အခြင် ပညာမရှိခြင်း အသမ္ပဇညကိလေသာ ၁-ပါး
- စိတ်၏ မငြိမ်သက်ခြင်း, ပျံ့လွင့်ခြင်း စိတ္တဝိက္ခေပကိလေသာ ၁-ပါး

ဤသို့ စတုတ္ထကသတိမတိက၌ ၃-ပါး။

- အနိစ္စကို နိစ္စ-စသည်ဖြင့် မသင့်မတင့်သောအားဖြင့် နှလုံးသွင်းခြင်း အယောနိသော မနသိကာရကိလေသာ ၁-ပါး
- မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသင်္ကပ္ပ-စသော မကောင်းသော ခရီးကို ရှာမှီးခြင်း ကုမ္မဂ္ဂဝေသန ကိလေသာ ၁-ပါး (ပါဠိ၌ ကုမ္မဂ္ဂသေဝနာရှိ၏။)
- ကုသိုလ်တရားကို တွန့်တိုခြင်း-ဟု ဆိုအပ်သော လီနတ္တကိလေသာ ၁-ပါး

ဤသို့ ပဉ္စမကသတိမတိက၌ ၃-ပါး။

ဤသို့ တိကအားဖြင့် ၃၅-ပါးသော တိကဖြစ်၍ ကိလေသာအားဖြင့် ၁၀၅-ပါး ဖြစ်ကုန်၏။ ။ တိက ပြီး၏။

ဤသို့လျှင် ကေက, ဒုက, တိက ၃-ပါးတို့ကို ပေါင်းသည်ရှိသော် ၂၁၄-ပါးကုန်သော ကိလေသာတို့သည် ဖြစ်ကုန်၏။

----- x -----

စတုက္ကအားဖြင့် ၁၄-စတုက္က ဖြစ်၏။ ကိလေသာအားဖြင့် ၅၆-ပါးဟူသော်ကား—

- ကာမဂုဏ် ၅-ပါး၌ တပ်ခြင်း ကာမာသဝကိလေသာ ၁-ပါး
- ဘဝ၌ တပ်ခြင်း ဘဝါသဝကိလေသာ ၁-ပါး
- ဤလောကသည် မြဲ၏-စသည်ဖြင့် ယူခြင်း ဒိဋ္ဌာသဝကိလေသာ ၁-ပါး
- သစ္စာ ၄-ပါးတို့ကို မသိခြင်း အဝိဇ္ဇာသဝကိလေသာ ၁-ပါး၊

ဤသို့ ပဌမ အာသဝစတုက္က၌ ၄-ပါး, ဤအတူ ဒုတိယ ဂန္ထစတုက္က၌ ၄-ပါး, ဤအတူ တတိယ ဩဃစတုက္က၌ ၄-ပါး, ဤအတူ စတုတ္ထ ယောဂစတုက္က၌ ၄-ပါး။

ဂန္ထ၊ ဖွဲ့ခြင်း။ ဩဃ၊ နစ်မွန်းခြင်း။ ယောဂ၊ ယှဉ်ခြင်း။ အစဉ်အတိုင်း မှတ်။ ဂန္ထ-စသည် အမည်ကို အဘိဓမ္မတ္ထသင်္ဂြိုဟ်မှာ ကြည့်လေ။

- ကာမဂုဏ်၌ စွဲလမ်းခြင်း ကာမုပါဒါနကိလေသာ ၁-ပါး
- ဒိဋ္ဌိအယူကို စွဲလမ်းခြင်း ဒိဋ္ဌုပါဒါနကိလေသာ ၁-ပါး
- မှားသောအားဖြင့် စွဲလမ်းခြင်း သီလဗ္ဗတုပါဒါနကိလေသာ ၁-ပါး
- သက္ကာယအယူကို စွဲလမ်းခြင်း အတ္တဝါဒုပါဒါနကိလေသာ ၁-ပါး၊

ဤသို့ ပဉ္စမ ဥပါဒါနစတုက္က၌ ၄-ပါး။

- သက်နိုးကြောင့်ဖြစ်သော တဏှာ-ဟု ဆိုအပ်သော စီဝရတဏှာကိလေသာ ၁-ပါး
- ဆွမ်းကြောင့်ဖြစ်သော တဏှာ-ဟု ဆိုအပ်သော ပိဏ္ဍပါတတဏှာကိလေသာ ၁-ပါး
- ကျောင်းကြောင့်ဖြစ်သော တဏှာ-ဟု ဆိုအပ်သော သေနာသနတဏှာကိလေသာ ၁-ပါး
- ဆေးကြောင့်ဖြစ်သော တဏှာ-ဟု ဆိုအပ်သော ဣတိဘဝါဘဝတဏှာကိလေသာ ၁-ပါး၊ ဤသို့ ဆဋ္ဌ တဏှုပ္ပါဒစတုက္က၌ ၄-ပါး။
- ချစ်သောအားဖြင့် မလားအပ်သည်သို့ လားခြင်း ဆန္ဒာဂတိကိလေသာ ၁-ပါး

- မုန်းသောအားဖြင့် မလားအပ်သည်သို့ လားခြင်း ဒေါသာဂတိကိလေသာ ၁-ပါး
- ကြောက်သောအားဖြင့် မလားအပ်သည်သို့ လားခြင်း ဘယာဂတိကိလေသာ ၁-ပါး

*(- တွေဝေသဖြင့် မလားအပ်သည်သို့ လားခြင်း မောဟာဂတိကိလေသာ ၁-ပါး)*

ဤသို့ **သတ္တမ အဂတိဂမနစတုက္က၌** ၄-ပါး။

- အနိစ္စကို နိစ္စ-ဟု သညာ, စိတ္တ, ဒိဋ္ဌိ ၃-ပါးဖြင့် ဖောက်ပြန်ခြင်း အနိစ္စေ နိစ္စသညာ ဝိပရိယာသ ကိလေသာ ၁-ပါး
- ဒုက္ခကို သုခ-ဟု သညာ, စိတ္တ, ဒိဋ္ဌိ ၃-ပါးဖြင့် ဖောက်ပြန်ခြင်း ဒုက္ခေသု စ သညာ ဝိပရိယာသကိလေသာ ၁-ပါး
- အနတ္တကို အတ္တ-ဟု သညာ, စိတ္တ, ဒိဋ္ဌိ ၃-ပါးဖြင့် ဖောက်ပြန်ခြင်း အနတ္တေ အတ္တသညာ ဝိပရိယာသကိလေသာ ၁-ပါး
- အသုဘကို သုဘ-ဟု သညာ, စိတ္တ, ဒိဋ္ဌိ ၃-ပါးဖြင့် ဖောက်ပြန်ခြင်း အသုဘေ သုဘ-သညာဝိပရိယာသကိလေသာ ၁-ပါး

ဤသို့ **အဋ္ဌမ** ဝိပရိယာသစတုက္က၌ ၄-ပါး။

- မြင်သည်ကို မမြင်-ဟု ဆိုခြင်း ဒိဋ္ဌေ အဒိဋ္ဌဝါဒိတာကိလေသာ ၁-ပါး
- ကြားသည်ကို မကြား-ဟု ဆိုခြင်း သုတေ အသုတဝါဒိတာကိလေသာ ၁-ပါး
- တွေ့သည်ကို မတွေ့-ဟု ဆိုခြင်း မုတေ အမုတဝါဒိတာကိလေသာ ၁-ပါး
- သိသည်ကို မသိ-ဟု ဆိုခြင်း ဝိညာတေ အဝိညာတဝါဒိတာကိလေသာ ၁-ပါး

ဤသို့ **နဝမ အနရိယဝေါဟာရစတုက္က၌** ၄-ပါး။

- မမြင်သည်ကို မြင်၏-ဟု ဆိုခြင်း အဒိဋ္ဌေ ဒိဋ္ဌဝါဒိတာကိလေသာ ၁-ပါး
- မကြားသည်ကို ကြား၏-ဟု ဆိုခြင်း အသုတေ သုတဝါဒိတာကိလေသာ ၁-ပါး
- မတွေ့သည်ကို တွေ့၏-ဟု ဆိုခြင်း အမုတေ မုတဝါဒိတာကိလေသာ ၁-ပါး
- မသိသည်ကို သိ၏-ဟု ဆိုခြင်း အဝိညာတေ ဝိညာတဝါဒိတာကိလေသာ ၁-ပါး

ဤသို့ **ဒသမ အပရေပိ အနရိယဝေါဟာရစတုက္က၌** ၄-ပါး။

- သူ့အသက်ကို သတ်ခြင်း ပါဏာတိပါတကိလေသာ ၁-ပါး
- သူ့ဥစ္စာကို ခိုးယူခြင်း အဒိန္နာဒါနကိလေသာ ၁-ပါး

- သူ့သားအိမ်ရာကို ပြစ်မှားခြင်း ကာမေသုမိစ္ဆာစာရကိလေသာ ၁-ပါး
- မဟုတ်မမှန်သည်ကို ဆိုခြင်း မုသာဝါဒကိလေသာ ၁-ပါး

ဤသို့ ကောဒသမ ဒုစ္စရိတစတုက္က၌ ၄-ပါး။

- မဟုတ်မမှန်သည်ကို ဆိုခြင်း မုသာဝါဒကိလေသာ ၁-ပါး
- ကုန်းတိုက်ခြင်း ပိသုဏဝါစာကိလေသာ ၁-ပါး
- ကြမ်းတမ်းသဖြင့် ဆဲရေးခြင်း ဖရုသဝါစာကိလေသာ ၁-ပါး
- ပြိန်ဖျင်းသော စကားကို ဆိုခြင်း သမ္ဖပ္ပလာပကိလေသာ ၁-ပါး

ဤသို့ ဒွါဒသမ အပရေပိ ဒုစ္စရိတစတုက္က၌ ၄-ပါး။

- ပဋိသန္ဓေနေခြင်း ဇာတိဘယကိလေသာ ၁-ပါး
- အိုခြင်း ဇရာဘယကိလေသာ ၁-ပါး
- နာခြင်း ဗျာဓိဘယကိလေသာ ၁-ပါး
- သေခြင်း မရဏဘယကိလေသာ ၁-ပါး ဤသို့ တေရသမ ဘယစတုက္က၌ ၄-ပါး။
- သုခ, ဒုက္ခကို မိမိပြု၏-ဟု ယူသော သသ္သတဒိဋ္ဌိနှင့် ယှဉ်သော သယံကတကိလေသာ ၁-ပါး
- သုခ,ဒုက္ခကို သူတပါးပြု၏-ဟု ယူသော ဥစ္ဆေဒဒိဋ္ဌိနှင့် ယှဉ်သော ပရံကတကိလေသာ ၁-ပါး
- သုခ,ဒုက္ခကို မိမိလည်း ပြု၏၊ သူတပါးလည်း ပြု၏-ဟု ယူသော သဿတုစ္ဆေဒဒိဋ္ဌိနှင့် ယှဉ်သော သယံကတပရံကတကိလေသာ ၁-ပါး
- သုခ,ဒုက္ခကို မိမိလည်း မပြု၊ သူတပါးလည်း မပြု-ဟု ယူသော အဟေတုကဒိဋ္ဌိနှင့် ယှဉ်သော အသယံကတအပရံကတကိလေသာ ၁-ပါး

ဤသို့ စုဒ္ဒသမ ဒိဋ္ဌိစတုက္က၌ ၄-ပါး။

ဤသို့ စတုက္ကအားဖြင့် ၁၄-စတုက္ကဖြစ်၍ ၅၆-ပါးကုန်သော ကိလေသာတို့သည် ဖြစ်ကုန်၏။ ဤစတုက္က၌—

- "ဇာတိဘယ"စသော ပဌမဘယစတုက္က၊
- "(ရာဇ)ဘယ"စသော ဒုတိယ ဘယစတုက္က၊

- "ဥမိဘယ"စသော တတိယဘယစတုက္က၊
- "အတ္တာနုဝါဒဘယ"စသော စတုတ္ထ ဘယစတုက္က၊

ဤသို့ ဘယစတုက္က၌ ၄-ခု, ၄-လီဖြစ်၍ ၁၆-ပါးသော ဘေးတို့သည် လာ၏။ ဘယစတုက္ကကို ၄-ခုတိုင် ယူလျှင် စတုက္က၌ ကိလေသာ ၆၈-ပါး ဖြစ်ရာ၏။

ဤအရာ၌ ဘယစတုက္ကကို ၄-ခု, ၄-လီတိုင် အဋ္ဌကထာဖွင့်၍ နိဒ္ဒေသလည်း ထုတ်၏။ ထုတ်သည့်အတိုင်း ယူသော် ကိလေသာ ၈၁၃-ပါး ရှိရာ၏။ ရှိသော်လည်း အဋ္ဌကထာ မဖွင့်။ ၈၀၁-ပါးကိုသာ **"ကောဓိကာနိ အဋ္ဌကိလေသသတာနိ"**ဟု ဖွင့်ရကား ဘေး ၁၆-ပါးကို ၄-ပါး, ၄-လီရေတွက်၍ ပြသော်လည်း တစ်ခုခုသော ဘယစတုက္ကကိုသာ ယူ၍ စတုက္က၌ ၁၄-စတုက္ကဖြစ်၍ ကိလေသာအားဖြင့် ၅၆-ပါးကုန်သော ကိလေသာတို့သည် ဖြစ်ကုန်၏။ ॥ **စတုက္က ပြီး၏။** (ဝိဘင်္ဂပါဠိ၊၃၆၀-၃၆၁)

ဤသို့လျှင် ဧကက, ဒုက, တိက, စတုက္က ၄-ပါးတို့ကို ပေါင်းသည်ရှိသော် ၂၂၀-သော ကိလေသာတို့သည် ဖြစ်ကုန်၏။ (စတုက္ကနိဒ္ဒေသ။၄၈၂-၄၈၅)

----- x -----

ပဉ္စကအားဖြင့် ၁၅-ပဉ္စကဖြစ်၍ ကိလေသာအားဖြင့် ၇၅-ပါး ဟူသော်ကား—

- သက္ကာယဒိဋ္ဌိ ၂၀-ဟု ဆိုအပ်သော သက္ကာယဒိဋ္ဌိကိလေသာ ၁-ပါး
- ၈-ပါးသော အရာဌာနတို့၌ ယုံမှားခြင်း ဝိစိကိစ္ဆာကိလေသာ ၁-ပါး
- မှားသောအားဖြင့် သုံးသပ်ခြင်း သီလဗ္ဗတပရာမာသကိလေသာ ၁-ပါး
- ကာမဂုဏ်တို့၌ တပ်ခြင်း ကာမစ္ဆန္ဒကိလေသာ ၁-ပါး
- သူတပါးတို့ ပျက်စီးကြောင်းကို ကြံခြင်း ဗျာပါဒကိလေသာ ၁-ပါး

ဤသို့ ပဌမ ဩရမ္ဘာဂိယပဉ္စက၌ ၅-ပါး။

- ရူပဘဝကို တပ်ခြင်း ရူပဘဝကိလေသာ ၁-ပါး
- အရူပဘဝကို တပ်ခြင်း အရူပဘဝကိလေသာ ၁-ပါး
- ထောင်လွှားခြင်း မာနကိလေသာ ၁-ပါး
- ပျံ့လွင့်ခြင်း ဥဒ္ဓစ္စကိလေသာ ၁-ပါး
- သစ္စာ ၄-ပါးတို့ကို မသိခြင်း အဝိဇ္ဇာကိလေသာ ၁-ပါး

ဤသို့ ဒုတိယ ဥဒ္ဓံဘာဂိယပဉ္စက၌ ၅-ပါး။

- ကျောင်း၌ ဝန်တိုခြင်း အာဝါသမစ္ဆရိယကိလေသာ ၁-ပါး
- အမျိုးဒကာ အလုပ်အကျွေးတို့၌ ဝန်တိုခြင်း ကုလမစ္ဆရိယကိလေသာ ၁-ပါး
- လာဘ၌ ဝန်တိုခြင်း လာဘမစ္ဆရိယကိလေသာ ၁-ပါး
- ဂုဏ်အဆင်း၌ ဝန်တိုခြင်း ဝဏ္ဏမစ္ဆရိယကိလေသာ ၁-ပါး
- တရား၌ ဝန်တိုခြင်း ဓမ္မမစ္ဆရိယကိလေသာ ၁-ပါး

ဤသို့ တတိယ မစ္ဆရိယပဉ္စကဥ် ၅-ပါး။

- ရာဂတည်းဟူသော ငြောင့်တံသင်း-ဟု ဆိုအပ်သော ရာဂသင်္ဂကိလေသာ ၁-ပါး
- ဒေါသတည်းဟူသော ငြောင့်တံသင်း-ဟု ဆိုအပ်သော ဒေါသသင်္ဂကိလေသာ ၁-ပါး
- မောဟတည်းဟူသော ငြောင့်တံသင်း-ဟု ဆိုအပ်သော မောဟသင်္ဂကိလေသာ ၁-ပါး
- မာနတည်းဟူသော ငြောင့်တံသင်း-ဟု ဆိုအပ်သော မာနသင်္ဂကိလေသာ ၁-ပါး
- ဒိဋ္ဌိတည်းဟူသော ငြောင့်တံသင်း-ဟု ဆိုအပ်သော ဒိဋ္ဌိသင်္ဂကိလေသာ ၁-ပါး

ဤသို့ စတုတ္ထ သင်္ဂပဉ္စကဥ် ၅-ပါး။

- ရာဂတည်းဟူသော မြား-ဟု ဆိုအပ်သော ရာဂသလ္လကိလေသာ ၁-ပါး
- ဒေါသတည်းဟူသော မြား-ဟု ဆိုအပ်သော ဒေါသသလ္လကိလေသာ ၁-ပါး
- မောဟတည်းဟူသော မြား-ဟု ဆိုအပ်သော မောဟသလ္လကိလေသာ ၁-ပါး
- မာနတည်းဟူသော မြား-ဟု ဆိုအပ်သော မာနသလ္လကိလေသာ ၁-ပါး
- ဒိဋ္ဌိတည်းဟူသော မြား-ဟု ဆိုအပ်သော ဒိဋ္ဌိသလ္လကိလေသာ ၁-ပါး

ဤသို့ ပဉ္စမ သလ္လပဉ္စကဥ် ၅-ပါး။

- ဘုရား၌ ယုံမှားခြင်း ဗုဒ္ဓေ ကင်္ခတိ ကိလေသာ ၁-ပါး
- တရား၌ ယုံမှားခြင်း ဓမ္မေ ကင်္ခတိ ကိလေသာ ၁-ပါး
- သံဃာ၌ ယုံမှားခြင်း သံဃေ ကင်္ခတိ ကိလေသာ ၁-ပါး
- သိက္ခာပုဒ်၌ ယုံမှားခြင်း သိက္ခာယ ကင်္ခတိ ကိလေသာ ၁-ပါး
- သီတင်းသုံးဖော်တို့ကို အမျက်ထွက်ခြင်း သဗြဟ္မစာရီသု ကုပိတကိလေသာ ၁-ပါး

ဤသို့ ဆဋ္ဌ စေတောခိလပဉ္စကဥ် ၅-ပါး။

- ကာမ၌ တပ်ခြင်း မကင်းခြင်း ကာမေ အဝီတရာဂကိလေသာ ၁-ပါး
- ကိုယ်၌ တပ်ခြင်း မကင်းခြင်း ကာယေ အဝီတရာဂကိလေသာ ၁-ပါး
- ရုပ်၌ တပ်ခြင်း မကင်းခြင်း ရူပေ အဝီတရာဂကိလေသာ ၁-ပါး
- ဝမ်းပြည့်အောင် စား၍ ချမ်းသာစွာ အိပ်ခြင်း သေယျသုခဖဿသုခကိလေသာ ၁-ပါး
- နတ်ချမ်းသာကို တောင့်တ၍ ကျင့်ခြင်း ပြဟ္မစရိယကိလေသာ ၁-ပါး

ဤသို့ သတ္တမ စေတောဝိနိဗန္ဓ ပဥ္စကဌ် ၅-ပါး။

- ကာမဂုဏ်၌ တပ်ခြင်း ကာမစ္ဆန္ဒကိလေသာ ၁-ပါး
- သူတပါး၏ ပျက်စီးကြောင်းကို ကြံခြင်း ဗျာပါဒကိလေသာ ၁-ပါး
- ငိုက်မျဉ်းခြင်း ထိနမိဒ္ဓကိလေသာ ၁-ပါး
- စိတ်၏ ပျံ့လွင့်ခြင်း, စိုးရိမ်ခြင်း ဥဒ္ဓစ္စကုက္ကုစ္စကိလေသာ ၁-ပါး
- ၈-ပါးသော အရာဌာနတို့၌ ယုံမှားခြင်း ဝိစိကိစ္ဆာကိလေသာ ၁-ပါး

ဤသို့ အဌမ နီဝရဏပဥ္စကဌ် ၅-ပါး။

- အမိကို သတ်ခြင်း မာတုဃာတကကိလေသာ ၁-ပါး
- အဘကို သတ်ခြင်း ပိတုဃာတကကိလေသာ ၁-ပါး
- ရဟန္တာကို သတ်ခြင်း အရဟန္တဃာတကကိလေသာ ၁-ပါး
- ဘုရားကို သွေးစိမ်းတည်အောင် ပြုခြင်း လောဟိတုပ္ပါဒကကိလေသာ ၁-ပါး
- သံဃာကို သင်းခွဲခြင်း သံဃဘေဒကကိလေသာ ၁-ပါး

ဤသို့ နဝမ အာနန္တရိယပဥ္စကဌ် ၅-ပါး။

- သညာရှိ၏-ဟု ယူသော သညီဒိဋ္ဌိကိလေသာ ၁-ပါး

*(-သညာမရှိ-ဟု ယူသော အသညီဒိဋ္ဌိကိလေသာ ၁-ပါး)*

- သညာရှိသည်လည်း မဟုတ်၊ မရှိသည်လည်း မဟုတ်-ဟု ယူသော နေဝသညီနာသညီကိလေသာ ၁-ပါး
- သတ္တဝါ သေလျှင် ပြတ်၏-ဟု ယူသော ဥစ္ဆေဒဒိဋ္ဌိကိလေသာ ၁-ပါး
- မျက်မှောက်ပင် ချုပ်ရာ နိဗ္ဗာန်ရှိ၏-ဟု ယူသော ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒကိလေသာ ၁-ပါး

ဤသို့ ဒသမ ဒိဋ္ဌိပဥ္စကဌ် ၅-ပါး။

- သူ့အသက်ကို သတ်ခြင်း ပါဏာတိပါတကိလေသာ ၁-ပါး
- သူ့ဥစ္စာကို ခိုးယူခြင်း အဒိန္နာဒါနကိလေသာ ၁-ပါး
- သူ့သားအိမ်ရာကို ပြစ်မှားခြင်း ကာမေသုမိစ္ဆာစာရကိလေသာ ၁-ပါး
- မဟုတ်မမှန်သည်ကို ဆိုခြင်း မုသာဝါဒကိလေသာ ၁-ပါး
- သေအရက်ကို သောက်စားခြင်း သုရာမေရယမဇ္ဇပမာဒဋ္ဌာနာကိလေသာ ၁-ပါး

ဤသို့ **ကောဒသမ (ဝေရ)ပဥ္စက** ၅-ပါး။

- ဆွေမျိုးပျက်စီးခြင်း ဉာတိဗျသနကိလေသာ ၁-ပါး
- စည်းစိမ်ဥစ္စာပျက်စီးခြင်း ဘောဂဗျသနကိလေသာ ၁-ပါး
- အနာနှိပ်စက်ခြင်း ရောဂဗျသနကိလေသာ ၁-ပါး
- သီလပျက်စီးခြင်း သီလဗျသနကိလေသာ ၁-ပါး
- အယူပျက်စီးခြင်း ဒိဋ္ဌိဗျသနကိလေသာ ၁-ပါး ဤသို့ **ဒွါဒသမ ဗျသနပဥ္စက** ၅-ပါး။
- သူအများတို့ မချစ်ခြင်း ဗဟုဇနအပိယကိလေသာ ၁-ပါး
- သူအများတို့ မနှစ်သက်ခြင်း ဗဟုဇနအမနာပကိလေသာ ၁-ပါး
- အပြစ်များခြင်း ဝေရဗဟုလကိလေသာ ၁-ပါး
- တွေဝေသဖြင့် သေရခြင်း သံမူဠ္ဟကာလကိရိယကိလေသာ ၁-ပါး
- သေသည်၏အခြားမဲ့၌ ဒုဂ္ဂတိဘဝသို့ လားရခြင်း ဒုဂ္ဂတိဝိနိပါတကိလေသာ ၁-ပါး

ဤသို့ **တေရသမ အခန္တိယာဒီနဝပဥ္စက** ၅-ပါး။

- အသက်မွေးရခြင်းကို ကြောက်သော အာဇီဝကဘယကိလေသာ ၁-ပါး
- အကျော်အစောမရှိမည်ကို ကြောက်သော အသိလောကဘယကိလေသာ ၁-ပါး

(သူတပါးတို့ ကဲ့ရဲ့မည်ကို ကြောက်သည်ဟူလို။)

- မကောင်းမှုကို ပြုမိ၍ ပရိသတ်သို့ ကပ်ရမည်ကို ကြောက်သော ပရိသသာရဇ္ဇဘယကိလေသာ ၁-ပါး
- သေဘေးကို ကြောက်သော မရဏဘယကိလေသာ ၁-ပါး
- အပါယ်ဘေးကို ကြောက်သော ဒုဂ္ဂတိဘယကိလေသာ ၁-ပါး

ဤသို့ **စုဒ္ဒသမ ဘယပဥ္စက** ၅-ပါး။

- ကာမဂုဏ် ၅-ပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍ တင့်တယ်စံပယ်လျက် ချမ်းသာကို ခံစား၏။ ထိုသူသည် ပစ္စုပ္ပန်အတ္တဘော၌ နိဗ္ဗာန်သို့ ရောက်၏-ဟု ယူသော ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ ကိလေသာ ၁-ပါး

- ကာမဂုဏ် ၅-ပါးကို ခံစားကာမျှဖြင့် နိဗ္ဗာန်သို့ ရောက်သည် မမည်သေး။ ထိုကာမဂုဏ် ၅-ပါးသည် အနိစ္စ, ဒုက္ခ, အနတ္တသဘောဖြစ်၍ အမြဲမရှိ၊ ဆင်းရဲဖောက်ပြန်တတ်၏။ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿတရား ဖြစ်ပွါးသေး၏-ဟု ၎င်းအယူကို ပယ်၍ အကြင်သူသည် ကာမဂုဏ် ၅-ပါး အကုသိုလ်တရားတို့မှ ဝေးစွာကြဉ်၍ ဈာန်အင်္ဂါ ၅-ပါးနှင့်ပြည့်စုံသော ပဌမဈာန်ကို ရ၍ နေ၏။ ထိုသူသည် ပစ္စုပ္ပန်အတ္တဘော၌ နိဗ္ဗာန်သို့ ရောက်သည် မည်၏-ဟု ယူသော ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒကိလေသာ ၁-ပါး

- ပဌမဈာန်ကို ရကာမျှဖြင့် နိဗ္ဗာန်သို့ ရောက်သည် မမည်သေး။ ထိုပဌမဈာန်သည် ရုန့်ရင်းသေး၏-ဟု အယူကို ပယ်၍ အကြင်သူသည် ဒုတိယဈာန်နှင့် ပြည့်စုံ၍ နေ၏။ ထိုသူသည် ပစ္စုပ္ပန်အတ္တဘော၌ နိဗ္ဗာန်သို့ ရောက်သည်မည်၏-ဟု ယူသော ဒိဋ္ဌဓမ္မ-နိဗ္ဗာနဝါဒကိလေသာ ၁-ပါး

- ဒုတိယဈာန်နှင့် ပြည့်စုံကာမျှဖြင့် နိဗ္ဗာန်သို့ ရောက်သည် မမည်သေး။ ဒုတိယဈာန်သည် ရုန့်ရင်းသောအင်္ဂါ ရှိသေး၏-ဟု ၎င်းအယူကို ပယ်၍ အကြင်သူသည် တတိယဈာန်နှင့် ပြည့်စုံ၍ နေ၏။ ထိုသူသည် ပစ္စုပ္ပန်အတ္တဘော၌ နိဗ္ဗာန်သို့ ရောက်သည် မည်၏-ဟု ယူသော ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒကိလေသာ ၁-ပါး

- တတိယဈာန်နှင့် ပြည့်စုံကာမျှဖြင့် နိဗ္ဗာန်သို့ ရောက်သည် မမည်သေး။ တတိယဈာန် သည် ရုန့်ရင်းသေး၏-ဟု ၎င်းအယူကို ပယ်၍ အကြင်သူသည် စတုတ္ထဈာန်နှင့် ပြည့်စုံ ၍ နေ၏။ ထိုသူသည် ပစ္စုပ္ပန်အတ္တဘော၌ နိဗ္ဗာန်သို့ ရောက်သည် မည်၏-ဟု ယူသော ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒကိလေသာ ၁-ပါး၊

ဤသို့ ပန္နရသမ ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒပဉ္စက၌ ၅-ပါး။

ဤသို့ ပဉ္စကအားဖြင့် ၁၅-ပဉ္စကဖြစ်၍ ၇၅-ပါးကုန်သော ကိလေသာတို့သည် ဖြစ်ကုန်၏။ ပဉ္စက ပြီး၏။

ဤသို့လျှင် ဧကက, ဒုက, တိက, စတုက္က, ပဉ္စက ၅-ပါးတို့ကို ပေါင်းသည်ရှိသော် ၃၄၅-ပါးကုန်သော ကိလေသာတို့သည် ဖြစ်ကုန်၏။

----- x -----

ဆက္ကအားဖြင့် ၁၄-ဆက္ကဖြစ်၍ ကိလေသာအားဖြင့် ၈၄-ပါးဟူသော်ကား—

- အမျက်ထွက်ခြင်း ကောဓကိလေသာ ၁-ပါး (ဝိဘင်္ဂ။၃၉၄)
- ကျေးဇူးကို ချေခြင်း မက္ခကိလေသာ ၁-ပါး
- ငြူစူခြင်း ဣဿာကိလေသာ ၁-ပါး
- စဉ်းလဲခြင်း သာဌေယျကိလေသာ ၁-ပါး
- ယုတ်မာသော အလိုရှိခြင်း ပါပိစ္ဆာကိလေသာ ၁-ပါး
- မှားသောအယူကို စွဲလမ်းခြင်း သန္ဒိဋ္ဌိပရာမာသကိလေသာ ၁-ပါး

ဤသို့ ပဋ္ဌမ ဝါဒဆက္ကမူလည်း ၆-ပါး။

- နှစ်သက်အပ်သော ရူပါရုံ၌ သာယာခြင်း မနာပိယရူပရာဂကိလေသာ ၁-ပါး
- နှစ်သက်အပ်သော သဒ္ဒါရုံ၌ သာယာခြင်း မနာပိယသဒ္ဒရာဂကိလေသာ ၁-ပါး
- နှစ်သက်အပ်သော ဂန္ဓာရုံ၌ သာယာခြင်း မနာပိယဂန္ဓရာဂကိလေသာ ၁-ပါး
- နှစ်သက်အပ်သော ရသာရုံ၌ သာယာခြင်း မနာပိယရသရာဂကိလေသာ ၁-ပါး
- နှစ်သက်အပ်သော ဖောဋ္ဌဗ္ဗာရုံ၌ သာယာခြင်း မနာပိယဖောဋ္ဌဗ္ဗရာဂကိလေသာ ၁-ပါး
- နှစ်သက်အပ်သော ဓမ္မာရုံ၌ သာယာခြင်း မနာပိယဓမ္မရာဂကိလေသာ ၁-ပါး

ဤသို့ ဒုတိယ ဆန္ဒရာဂဂေဟဿိတဓမ္မဆက္က၌ ၆-ပါး။

- မနှစ်သက်အပ်သော အာရုံ၌ ရန်ငြိုးဖွဲ့ခြင်း အမနာပိယရူပအာဃာတ ကိလေသာ ၁-ပါး
- မနှစ်သက်သော သဒ္ဒါရုံ၌ ရန်ငြိုးဖွဲ့ခြင်း အမနာပိယသဒ္ဒအာဃာတကိလေသာ ၁-ပါး
- မနှစ်သက်သော ဂန္ဓာရုံ၌ ရန်ငြိုးဖွဲ့ခြင်း အမနာပိယဂန္ဓအာဃာတကိလေသာ ၁-ပါး
- မနှစ်သက်သော ရသာရုံ၌ ရန်ငြိုးဖွဲ့ခြင်း အမနာပိယရသအာဃာတကိလေသာ ၁-ပါး
- မနှစ်သက်သော ဖောဋ္ဌဗ္ဗာရုံ၌ ရန်ငြိုးဖွဲ့ခြင်း အမနာပိယဖောဋ္ဌဗ္ဗအာဃာတကိလေသာ ၁-ပါး
- မနှစ်သက်သော ဓမ္မာရုံ၌ ရန်ငြိုးဖွဲ့ခြင်း အမနာပိယဓမ္မအာဃာတကိလေသာ ၁-ပါး

ဤသို့ တတိယ ဝိရောဓဝတ္ထုဆက္က၌ ၆-ပါး။

- ရူပါရုံ၌ တပ်ခြင်း ရူပတဏှာကိလေသာ ၁-ပါး

- သဒ္ဓါရုံ၌ တပ်ခြင်း သဒ္ဒတဏှာကိလေသာ ၁-ပါး
- ဂန္ဓာရုံ၌ တပ်ခြင်း ဂန္ဓတဏှာကိလေသာ ၁-ပါး
- ရသာရုံ၌ တပ်ခြင်း ရသတဏှာကိလေသာ ၁-ပါး
- ဖောဋ္ဌဗ္ဗာရုံ၌ တပ်ခြင်း ဖောဋ္ဌဗ္ဗတဏှာကိလေသာ ၁-ပါး
- ဓမ္မာရုံ၌ တပ်ခြင်း ဓမ္မတဏှာကိလေသာ ၁-ပါး

ဤသို့ **စတုတ္ထ တဏှာကာယဆက္က၌** ၆-ပါး။

- ဘုရား၌ မရိုသေခြင်း သတ္ထုရိအဂါရဝကိလေသာ ၁-ပါး
- တရားတော်၌ မရိုသေခြင်း ဓမ္မအဂါရဝကိလေသာ ၁-ပါး
- သံဃာတော်၌ မရိုသေခြင်း သံဃအဂါရဝကိလေသာ ၁-ပါး
- သိက္ခာပုဒ်၌ မရိုသေခြင်း သိက္ခာအဂါရဝကိလေသာ ၁-ပါး
- အပ္ပမာဒတရား၌ မရိုသေခြင်း အပ္ပမာဒအဂါရဝကိလေသာ ၁-ပါး
- ပဋိသန္ထာရ၌ မရိုသေခြင်း ပဋိသန္ထာရအဂါရဝကိလေသာ ၁-ပါး

ဤသို့ **ပဉ္စမ အဂါရဝဆက္က၌** ၆-ပါး။

- အမှုကြီး,ငယ်၌ မွေ့လျော်ခြင်း ကမ္မာရာမတာကိလေသာ ၁-ပါး
- မင်္ဂ,ဖိုလ်နှင့် ဖီလာဖြစ်သော စကားကို ပြောဆိုခြင်း၌ မွေ့လျော်ခြင်း ဘဿာရာမတာ ကိလေသာ ၁-ပါး
- အိပ်ခြင်း၌ မွေ့လျော်ခြင်း နိဒ္ဒါရာမတာကိလေသာ ၁-ပါး
- အပေါင်းအဖော်၌ မွေ့လျော်ခြင်း သင်္ဂဏိကာရာမတာကိလေသာ ၁-ပါး
- သံသဂ္ဂ ၅-ပါးတို့၌ မွေ့လျော်ခြင်း သံသဂ္ဂါရာမတာကိလေသာ ၁-ပါး
- တဏှာ, မာန, ဒိဋ္ဌိတည်းဟူသော ပပဉ္စတရား ၃-ပါး၌ မွေ့လျော်ခြင်း ပပဉ္စာရာမတာ ကိလေသာ ၁-ပါး

ဤသို့ **ဆဋ္ဌ ပရိဟာနိယဓမ္မဆက္က၌** ၆-ပါး။

- အမှုကြီး,ငယ်တို့၌ မွေ့လျော်ခြင်း ကမ္မာရာမတာကိလေသာ ၁-ပါး
- မင်္ဂ,ဖိုလ်မှ ဖီလာဖြစ်သော စကားကို ပြောဆိုခြင်း၌ မွေ့လျော်ခြင်း ဘဿာရာမတာ ကိလေသာ ၁-ပါး
- အိပ်ခြင်း၌ မွေ့လျော်ခြင်း နိဒ္ဒါရာမတာကိလေသာ ၁-ပါး

- အပေါင်းအဖော်၌ မွေ့လျော်ခြင်း သင်္ဂဏိကာရာမတာကိလေသာ ၁-ပါး
- သူတော်ကောင်းတို့ တရားကို မနာယူခြင်း ဒေါဝစဿတာကိလေသာ ၁-ပါး
- ယုတ်မာသော မိတ်ဆွေရှိခြင်း ပါပမိတ္တတာကိလေသာ ၁-ပါး

ဤသို့ သတ္တမ အပရေပိ ပရိဟာနိယဓမ္မဆက္က၌ ၆-ပါး။ (ဝိဘင်္ဂ။၃၉၅)

- ရူပါရုံကို မြင်၍ သောမနဿ၏အကြောင်းကို ကြံခြင်း ရူပေ သောမနဿုပဋ္ဌာနိယကိလေသာ ၁-ပါး
- သဒ္ဒါရုံကို ကြား၍ သောမနဿ၏အကြောင်းကို ကြံခြင်း သဒ္ဒေ သောမနဿုပဋ္ဌာနိယကိလေသာ ၁-ပါး
- ဂန္ဓာရုံကို နမ်း၍ သောမနဿ၏အကြောင်းကို ကြံခြင်း ဂန္ဓေ သောမနဿုပဋ္ဌာနိယကိလေသာ ၁-ပါး
- ရသာရုံကို လျက်၍ သောမနဿ၏အကြောင်းကို ကြံခြင်း ရသေ သောမနဿုပဋ္ဌာနိယကိလေသာ ၁-ပါး
- ဖောဋ္ဌဗ္ဗာရုံကို တွေ့၍ သောမနဿ၏အကြောင်းကို ကြံခြင်း ဖောဋ္ဌဗ္ဗေ သောမနဿုပဋ္ဌာနိယကိလေသာ ၁-ပါး
- ဓမ္မာရုံကို သိ၍ သောမနဿ၏အကြောင်းကို ကြံခြင်း ဓမ္မေ သောမနဿုပဋ္ဌာနိယကိလေသာ ၁-ပါး

ဤသို့ အဋ္ဌမ သောမနဿုပဝိစာရဆက္က၌ ၆-ပါး။

- ရူပါရုံကို မြင်၍ ဒေါမနဿ၏အကြောင်းကို ကြံခြင်း ရူပေ ဒေါမနဿုပဋ္ဌာနိယကိလေသာ ၁-ပါး
- သဒ္ဒါရုံကို ကြား၍ ဒေါမနဿ၏အကြောင်းကို ကြံခြင်း သဒ္ဒေ ဒေါမနဿုပဋ္ဌာနိယကိလေသာ ၁-ပါး
- ဂန္ဓာရုံကို နမ်း၍ ဒေါမနဿ၏အကြောင်းကို ကြံခြင်း ဂန္ဓေ ဒေါမနဿုပဋ္ဌာနိယကိလေသာ ၁-ပါး
- ရသာရုံကို လျက်၍ ဒေါမနဿ၏အကြောင်းကို ကြံခြင်း ရသေ ဒေါမနဿုပဋ္ဌာနိယကိလေသာ ၁-ပါး
- ဖောဋ္ဌဗ္ဗာရုံကို တွေ့၍ ဒေါမနဿ၏အကြောင်းကို ကြံခြင်း ဖောဋ္ဌဗ္ဗေ ဒေါမနဿုပဋ္ဌာနိယကိလေသာ ၁-ပါး

- ဓမ္မာရုံကို သိ၍ ဒေါမနဿ၏အကြောင်းကို ကြံခြင်း ဓမ္မေ ဒေါမနဿုပဝိစာနိယ ကိလေ-
  သာ ၁-ပါး
  ဤသို့ **နဝမ ဒေါမနဿုပဝိစာရဆက္က၌** ၆-ပါး။

- ရူပါရုံကို မြင်၍ ဥပေက္ခာ၏အကြောင်းကို ကြံခြင်း ရူပေ ဥပေက္ခုပဝိစာနိယကိလေသာ
  ၁-ပါး

- သဒ္ဒါရုံကို ကြား၍ ဥပေက္ခာ၏အကြောင်းကို ကြံခြင်း သဒ္ဒေ ဥပေက္ခုပဝိစာနိယကိလေ-
  သာ ၁-ပါး

- ဂန္ဓာရုံကို နမ်း၍ ဥပေက္ခာ၏အကြောင်းကို ကြံခြင်း ဂန္ဓေ ဥပေက္ခုပဝိစာနိယကိလေသာ
  ၁-ပါး

- ရသာရုံကို လျက်၍ ဥပေက္ခာ၏အကြောင်းကို ကြံခြင်း ရသေ ဥပေက္ခုပဝိစာနိယကိလေ-
  သာ ၁-ပါး

- ဖောဋ္ဌဗ္ဗာရုံကို တွေ့၍ ဥပေက္ခာ၏အကြောင်းကို ကြံခြင်း ဖောဋ္ဌဗ္ဗေ ဥပေက္ခုပဝိစာနိယ
  ကိလေသာ ၁-ပါး

- ဓမ္မာရုံကို သိ၍ ဥပေက္ခာ၏အကြောင်းကို ကြံခြင်း ဓမ္မေ ဥပေက္ခုပဝိစာနိယကိလေသာ
  ၁-ပါး
  ဤသို့ **ဒသမ ဥပေက္ခုပဝိစာရဆက္က၌** ၆-ပါး။

- ရူပါရုံကို မြင်၍ ကာမဂုဏ်နှင့် စပ်သော သောမနဿဖြစ်ခြင်း ဂေဟဿိတကိလေသာ
  ၁-ပါး

- သဒ္ဒါရုံကို ကြား၍ ကာမဂုဏ်နှင့် စပ်သော သောမနဿဖြစ်ခြင်း ဂေဟဿိတကိလေ-
  သာ ၁-ပါး

- ဂန္ဓာရုံကို နမ်း၍ ကာမဂုဏ်နှင့် စပ်သော သောမနဿဖြစ်ခြင်း ဂေဟဿိတကိလေသာ
  ၁-ပါး

- ရသာရုံကို လျက်၍ ကာမဂုဏ်နှင့် စပ်သော သောမနဿဖြစ်ခြင်း ဂေဟဿိတကိလေ-
  သာ ၁-ပါး

- ဖောဋ္ဌဗ္ဗာရုံကို တွေ့၍ ကာမဂုဏ်နှင့် စပ်သော သောမနဿဖြစ်ခြင်း ဂေဟဿိတ
  ကိလေသာ ၁-ပါး

- ဓမ္မာရုံကို သိ၍ ကာမဂုဏ်နှင့် စပ်သော သောမနဿဖြစ်ခြင်း ဂေဟဿိတကိလေသာ
  ၁-ပါး
  ဤသို့ **ဧကာဒသမ ဂေဟဿိတသောမနဿဆက္က၌** ၆-ပါး။

- ရူပါရုံကို မြင်၍ ကာမဂုဏ်နှင့် စပ်သော ဒေါမနဿဖြစ်ခြင်း ဂေဟသိတကိလေသာ ၁-ပါး
- သဒ္ဒါရုံကို ကြား၍ ကာမဂုဏ်နှင့် စပ်သော ဒေါမနဿဖြစ်ခြင်း ဂေဟသိတကိလေသာ ၁-ပါး
- ဂန္ဓာရုံကို နမ်း၍ ကာမဂုဏ်နှင့် စပ်သော ဒေါမနဿဖြစ်ခြင်း ဂေဟသိတကိလေသာ ၁-ပါး
- ရသာရုံကို လျက်၍ ကာမဂုဏ်နှင့် စပ်သော ဒေါမနဿဖြစ်ခြင်း ဂေဟသိတကိလေ-သာ ၁-ပါး
- ဖောဋ္ဌဗ္ဗာရုံကို တွေ့၍ ကာမဂုဏ်နှင့် စပ်သော ဒေါမနဿဖြစ်ခြင်း ဂေဟသိတကိလေသာ ၁-ပါး
- ဓမ္မာရုံကို သိ၍ ကာမဂုဏ်နှင့် စပ်သော ဒေါမနဿဖြစ်ခြင်း ဂေဟသိတကိလေသာ ၁-ပါး၊ ဤသို့ ဒွါဒသမ ဂေဟသိတဒေါမနဿဆက္ကဌ် ၆-ပါး။

- ရူပါရုံကို မြင်၍ ကာမဂုဏ်နှင့် စပ်သော ဥပေက္ခာဖြစ်ခြင်း ဂေဟသိတကိလေသာ ၁-ပါး
- သဒ္ဒါရုံကို ကြား၍ ကာမဂုဏ်နှင့် စပ်သော ဥပေက္ခာဖြစ်ခြင်း ဂေဟသိတကိလေသာ ၁-ပါး
- ဂန္ဓာရုံကို နမ်း၍ ကာမဂုဏ်နှင့် စပ်သော ဥပေက္ခာဖြစ်ခြင်း ဂေဟသိတကိလေသာ ၁-ပါး
- ရသာရုံကို လျက်၍ ကာမဂုဏ်နှင့် စပ်သော ဥပေက္ခာဖြစ်ခြင်း ဂေဟသိတကိလေသာ ၁-ပါး
- ဖောဋ္ဌဗ္ဗာရုံကို တွေ့၍ ကာမဂုဏ်နှင့် စပ်သော ဥပေက္ခာဖြစ်ခြင်း ဂေဟသိတကိလေသာ ၁-ပါး
- ဓမ္မာရုံကို သိ၍ ကာမဂုဏ်နှင့် စပ်သော ဥပေက္ခာဖြစ်ခြင်း ဂေဟသိတကိလေသာ ၁-ပါး၊ ဤသို့ တေရသမ ဂေဟသိတဥပေက္ခာဆက္ကဌ် ၆-ပါး။

- ကိုယ်ရှိ၏-ဟု ယူသော သဿတဒိဋ္ဌိကိလေသာ ၁-ပါး
- ကိုယ်မရှိ-ဟု ယူသော ဥစ္ဆေဒဒိဋ္ဌိကိလေသာ ၁-ပါး

- သညာက္ခန္ဓာကို အရင်းမူသဖြင့် ကြွင်းသောခန္ဓာတို့ကို ကိုယ်-ဟု ယူသော ဒိဋ္ဌိကိလေသာ ၁-ပါး
- သညာက္ခန္ဓာကိုသာ ကိုယ်-ဟူ၍, ကြွင်းသောခန္ဓာတို့ကို ကိုယ်မဟုတ်-ဟု ယူသော ဒိဋ္ဌိကိလေသာ ၁-ပါး
- သညာက္ခန္ဓာကို ကိုယ်မဟုတ်-ဟု ယူ၍, ကြွင်းသောခန္ဓာတို့ကို ကိုယ်-ဟု ယူသော ဒိဋ္ဌိကိလေသာ ၁-ပါး
- ဤကိုယ်သည် မြဲ၏၊ နိစ္စ,ဓုဝ,သဿတ, အဝိပရိဏာမ-ဟု ယူသော ကိလေသာ ၁-ပါး

ဤသို့ စုဒ္ဒသမ ဒိဋ္ဌိဆက္ကၣ် ၆-ပါး။

ဤသို့ ဆက္ကအားဖြင့် ၁၄-ဆက္ကဖြစ်၍ ကိလေသာအားဖြင့် ၈၄-ပါး ဖြစ်၏။ ။ ဆက္က ပြီး၏။

ဤသို့လျှင် ကေ, ဒုက, တိက, စတုက္က, ပဉ္စက, ဆက္က၊ ၆-ပါးတို့ကို ပေါင်းသည် ရှိသော် ၄၂၈-ပါးကုန်သော ကိလေသာတို့သည် ဖြစ်ကုန်၏။ (ဝိဘင်။၃၆၁)

----- x -----

သတ္တကအားဖြင့် ၇-သတ္တကဖြစ်၍ ကိလေသာအားဖြင့် ၄၉-ပါးဟူသော်ကား—

- ကာမရာဂအားဖြင့် ကိန်းခြင်း ကာမရာဂါနုသယကိလေသာ ၁-ပါး
- ပဋိဃအားဖြင့် ကိန်းခြင်း ပဋိဃာနုသယကိလေသာ ၁-ပါး
- မာနအားဖြင့် ကိန်းခြင်း မာနာနုသယကိလေသာ ၁-ပါး
- ဒိဋ္ဌိအားဖြင့် ကိန်းခြင်း ဒိဋ္ဌာနုသယကိလေသာ ၁-ပါး
- ဝိစိကိစ္ဆာအားဖြင့် ကိန်းခြင်း ဝိစိကိစ္ဆာနုသယကိလေသာ ၁-ပါး
- ဘဝအားဖြင့် ကိန်းခြင်း ဘဝရာဂါနုသယကိလေသာ ၁-ပါး
- အဝိဇ္ဇာအားဖြင့် ကိန်းခြင်း အဝိဇ္ဇာနုသယကိလေသာ ၁-ပါး၊

ဤသို့ ပဌမ အနုသယသတ္တကၣ် ၇-ပါး။

- ကာမအားဖြင့် ယှဉ်ခြင်း ကာမရာဂသံယောဇနကိလေသာ ၁-ပါး
- ပဋိဃအားဖြင့် ယှဉ်ခြင်း ပဋိဃသံယောဇနကိလေသာ ၁-ပါး

- မာနအားဖြင့် ယှဉ်ခြင်း မာနသံယောဇနကိလေသာ ၁-ပါး
- ဒိဋ္ဌိအားဖြင့် ယှဉ်ခြင်း ဒိဋ္ဌိသံယောဇနကိလေသာ ၁-ပါး
- ဝိစိကိစ္ဆာအားဖြင့် ယှဉ်ခြင်း ဝိစိကိစ္ဆာသံယောဇနကိလေသာ၁-ပါး
- ဘဝအားဖြင့် ယှဉ်ခြင်း ဘဝရာဂသံယောဇနကိလေသာ ၁-ပါး
- အဝိဇ္ဇာအားဖြင့် ယှဉ်ခြင်း အဝိဇ္ဇာသံယောဇနကိလေသာ ၁-ပါး၊

ဤသို့ ဒုတိယ သံယောဇနသတ္တကဥ် ၇-ပါး။ (ဝိဘင်္ဂ။၃၉၇)

- ကာမရာဂအားဖြင့် ထိုးကျင့်ခြင်း ကာမရာဂပရိယုဋ္ဌာနကိလေသာ ၁-ပါး
- ပဋိဃအားဖြင့် ထိုးကျင့်ခြင်း ပဋိဃပရိယုဋ္ဌာနကိလေသာ ၁-ပါး
- မာနအားဖြင့် ထိုးကျင့်ခြင်း မာနပရိယုဋ္ဌာနကိလေသာ ၁-ပါး
- ဒိဋ္ဌိအားဖြင့် ထိုးကျင့်ခြင်း ဒိဋ္ဌိပရိယုဋ္ဌာနကိလေသာ ၁-ပါး
- ဝိစိကိစ္ဆာအားဖြင့် ထိုးကျင့်ခြင်း ဝိစိကိစ္ဆာပရိယုဋ္ဌာနကိလေသာ ၁-ပါး
- ဘဝအားဖြင့် ထိုးကျင့်ခြင်း ဘဝပရိယုဋ္ဌာနကိလေသာ ၁-ပါး
- အဝိဇ္ဇာအားဖြင့် ထိုးကျင့်ခြင်း အဝိဇ္ဇာပရိယုဋ္ဌာနကိလေသာ ၁-ပါး၊

ဤသို့ တတိယ ပရိယုဋ္ဌာနသတ္တကဥ် ၇-ပါး။ (ဝိဘင်္ဂ။၃၉၇)

- မသဒ္ဓါခြင်း အသဒ္ဓကိလေသာ ၁-ပါး
- မကောင်းမှုမှ မရှက်ခြင်း အဟိရိကကိလေသာ ၁-ပါး
- မကောင်းမှုမှ မလန့်ခြင်း အနောတ္တပ္ပကိလေသာ ၁-ပါး
- အကြားအမြင်မရှိခြင်း အပ္ပဿုတကိလေသာ ၁-ပါး
- ပျင်းရိခြင်း ကုသီတကိလေသာ ၁-ပါး
- လွတ်သော သတိရှိခြင်း မုဋ္ဌဿတိကိလေသာ ၁-ပါး
- ပညာမရှိခြင်း ဒုပ္ပညကိလေသာ ၁-ပါး၊

ဤသို့ စတုတ္ထ အသဒ္ဓမ္မသတ္တကဥ် ၇-ပါး။ (ဝိဘင်္ဂ။၃၉၇)

- သူ့အသက်ကို သတ်ခြင်း ပါဏာတိပါတကိလေသာ ၁-ပါး
- သူ့ဥစ္စာကို ခိုးယူခြင်း အဒိန္နာဒါနကိလေသာ ၁-ပါး

- သူ့သားအိမ်ရာကို ပြစ်မှားခြင်း ကာမေသုမိစ္ဆာစာရကိလေသာ ၁-ပါး
- မဟုတ်မမှန်သည်ကို ဆိုခြင်း မုသာဝါဒကိလေသာ ၁-ပါး
- ကုန်းတိုက်ခြင်း ပိသုဏဝါစာကိလေသာ ၁-ပါး
- ကြမ်းတမ်းစွာ ဆဲရေးခြင်း ဖရုသဝါစာကိလေသာ ၁-ပါး
- အကျိုးမရှိသောစကားကို ဆိုခြင်း သမ္ဖပ္ပလာပကိလေသာ ၁-ပါး၊

ဤသို့ ပဥ္စမ ဒုစ္စရိတသတ္တကဣ ၇-ပါး။

- မာန်တက်ခြင်း မာနကိလေသာ ၁-ပါး
- အလွန်မာန်တက်ခြင်း အတိမာနကိလေသာ ၁-ပါး
- မာန်တက်သည်ထက် မာန်တက်ခြင်း မာနာတိမာနကိလေသာ ၁-ပါး
- အယုတ်အားဖြင့် မာန်တက်ခြင်း ဩမာနကိလေသာ ၁-ပါး
- ရနိုးသော ဈာန်မဂ်ဖိုလ်ရှိသည်ဖြစ်၍ မာန်တက်ခြင်း အဓိမာနကိလေသာ ၁-ပါး
- ငါဖြစ်၏-ဟူသော မာန်တက်ခြင်း အသ္မိမာနကိလေသာ ၁-ပါး
- မှားသောအားဖြင့် မာန်တက်ခြင်း မိစ္ဆာမာနကိလေသာ ၁-ပါး၊

ဤသို့ ဆဋ္ဌ မာနသတ္တကဣ ၇-ပါး။

- သတ္တဝါတို့ လူ့ဘုံမှ စုတေလျှင် ပြတ်၏-ဟု ယူသော ဒိဋ္ဌိကိလေသာ ၁-ပါး
- သတ္တဝါတို့သည် လူ့ဘုံမှ စုတေကာမျှဖြင့် မပြတ်သေး၊ နတ်ဖြစ်၍ နတ်ပြည်မှ စုတေလျှင် ပြတ်၏-ဟု ယူသော ဒိဋ္ဌိကိလေသာ ၁-ပါး
- နတ်ဘုံမှ စုတေကာမျှဖြင့် မပြတ်သေး၊ ဗြဟ္မာ့ဘုံ၌ဖြစ်၍ ဗြဟ္မာ့ဘုံမှ စုတေလျှင် ပြတ်၏ဟု ယူသော ဒိဋ္ဌိကိလေသာ ၁-ပါး
- ဗြဟ္မာ့ဘုံက စုတေကာမျှဖြင့် မပြတ်သေး၊ အာကာသာနဉ္စာယတနဘုံ၌ဖြစ်၍ အာကာသာနဉ္စာယတနဘုံမှ စုတေလျှင် ပြတ်၏-ဟု ယူသော ဒိဋ္ဌိကိလေသာ ၁-ပါး
- အာကာသာနဉ္စာယတနဘုံမှ စုတေကာမျှဖြင့် မပြတ်သေး၊ ဝိညာဏဉ္စာယတနဘုံ၌ ဖြစ်၍ ဝိညာဏဉ္စာယတန ဘုံမှ စုတေလျှင် ပြတ်၏-ဟု ယူသော ဒိဋ္ဌိကိလေသာ ၁-ပါး
- ဝိညာဏဉ္စာယတနဘုံမှ စုတေကာမျှဖြင့် မပြတ်သေး၊ အာကိဉ္စညာယတနဘုံ၌ ဖြစ်၍ အာကိဉ္စညာယတနဘုံမှ စုတေလျှင် ပြတ်၏-ဟု ယူသော ဒိဋ္ဌိကိလေသာ ၁-ပါး

- အာကိဉ္စညာယတနဘုံမှ စုတေကာမျှဖြင့် မပြတ်သေး၊ နေဝသညာနာသညာယတန ဘုံ၌ ဖြစ်၍ နေဝသညာနာသညာယတနဘုံမှ စုတေလျှင် ပြတ်၏-ဟု ယူသော ဒိဋ္ဌိ ကိလေသာ ၁-ပါး၊ ဤသို့ သတ္တမ ဒိဋ္ဌိသတ္တကၡ ၇-ပါး။

ဤသို့ သတ္တကအားဖြင့် ၇-သတ္တကဖြစ်၍ ၄၉-ပါးကုန ်သော ကိလေသာတို့သည် ဖြစ်ကုန်၏။ သတ္တက ပြီး၏။ (ဝိဘင်္ဂ။၃၆၁။ ဝိဘင်္ဂ၊ဋ္ဌ။၄၉၁)

ဤသို့လျှင် ဧကက, ဒုက, တိက, စတုက္က, ပဉ္စက, ဆက္က, သတ္တက ၇-ပါးတို့ကို ပေါင်းသည်ရှိသော် ၄၇၈-ပါးကုန်သော ကိလေသာတို့သည် ဖြစ်ကုန်၏။

----- x -----

အဋ္ဌကအားဖြင့် ၈-အဋ္ဌကဖြစ်၍ ကိလေသာအားဖြင့် ၆၄-ပါးဟူသော်ကား—

- တပ်ခြင်း လောဘကိလေသာ ၁-ပါး
- ဖျက်ဆီးခြင်း ဒေါသကိလေသာ ၁-ပါး
- ဖုံးလွှမ်းခြင်း မောဟကိလေသာ ၁-ပါး
- မာန်တက်ခြင်း မာနကိလေသာ ၁-ပါး
- မှားသောအားဖြင့် ယူခြင်း ဒိဋ္ဌိကိလေသာ ၁-ပါး
- ယုံမှားခြင်း ဝိစိကိစ္ဆာကိလေသာ ၁-ပါး
- စိတ်၏မခန့်ခြင်း ထိနကိလေသာ ၁-ပါး
- ပျံ့လွင့်ခြင်း ဥဒ္ဓစ္စကိလေသာ ၁-ပါး၊ ဤသို့ ပဌမ ကိလေသဝတ္ထုအဋ္ဌကၡ ၈-ပါး။
- ဤသာသနာ၌ ရဟန်းသည် ငါ့အား အမှုကို ပြုသော် ပင်ပန်းလတ္တံ့-ဟု မင်္ဂဖိုလ်ရခြင်းငှာ တရားကို အားမထုတ်ဘဲ အိပ်ခြင်း ကုသီတဝတ္ထုကိလေသာ ၁-ပါး
- ဤသာသနာ၌ အမှုကို ပြုဆဲရဟန်းသည် ပင်ပန်းလတ္တံ့-ဟု မင်္ဂဖိုလ်ရခြင်းငှာ တရားကို အားမထုတ်ဘဲ အိပ်ခြင်း ကုသီတဝတ္ထုကိလေသာ ၁-ပါး
- ဤသာသနာ၌ ရဟန်းသည် ငါ့အား ခရီးသွားသော် ပင်ပန်းလတ္တံ့-ဟု မင်္ဂဖိုလ်ရခြင်းငှာ တရားကို အားမထုတ်ဘဲ အိပ်ခြင်း ကုသီတဝတ္ထုကိလေသာ ၁-ပါး
- ဤသာသနာ၌ ခရီးသွားဆဲရဟန်းသည် ငါပင်ပန်းလတ္တံ့-ဟု မင်္ဂဖိုလ်ရခြင်းငှာ တရားကို အားမထုတ်ဘဲ အိပ်ခြင်း ကုသီတဝတ္ထုကိလေသာ ၁-ပါး

- ဤသာသနာ၌ ရဟန်းသည် ငါ့အား ဆွမ်းခံသွားသော် ပင်ပန်းလတ္တံ့-ဟု မဂ်ဖိုလ်ရခြင်းငှာ တရားကို အားမထုတ်ဘဲ အိပ်ခြင်း ကုသီတဝတ္ထုကိလေသာ ၁-ပါး
- ဤသာသနာ၌ ဆွမ်းခံသွားဆဲ ရဟန်းသည် ငါ့အား ပင်ပန်းလတ္တံ့-ဟု မဂ်ဖိုလ်ရခြင်းငှာ တရားကို အားမထုတ်ဘဲ အိပ်ခြင်း ကုသီတဝတ္ထုကိလေသာ ၁-ပါး
- ဤသာသနာ၌ အနာကပ်ရောက်သောရဟန်းသည် ငါ့အား အနာကပ်ရောက်၏-ဟု မဂ်,ဖိုလ်ရခြင်းငှာ တရားကို အားမထုတ်ဘဲ အိပ်ခြင်း ကုသီတဝတ္ထုကိလေသာ ၁-ပါး
- ဤသာသနာ၌ အနာမှ ထပြီးသော ရဟန်းသည် ငါ့အား အနာမှ ထမြောက်ခါဖြစ်၍ အားနည်းသေး၏-ဟု မဂ်ဖိုလ်ရခြင်းငှာ တရားကို အားမထုတ်ဘဲ အိပ်ခြင်း ကုသီတဝတ္ထုကိလေသာ ၁-ပါး၊ ဤသို့ **ဒုတိယ ကိလေသဝတ္ထုအဋ္ဌကၡ** ၈-ပါး။

- လာဘ်ရခြင်း၌ သာယာခြင်း လာဘသာရာဂကိလေသာ ၁-ပါး
- လာဘ်မရခြင်း၌ ဆန့်ကျင်ခြင်း အလာဘပဋိဝိရောဓကိလေသာ ၁-ပါး
- အခြံအရံရှိခြင်း၌ သာယာခြင်း ယသသာရာဂကိလေသာ ၁-ပါး
- အခြံအရံမရှိခြင်း၌ ဆန့်ကျင်ခြင်း အယသပဋိဝိရောဓကိလေသာ ၁-ပါး
- ချီးမွမ်းခြင်း၌ သာယာခြင်း ပသံသသာရာဂကိလေသာ ၁-ပါး
- ကဲ့ရဲ့ခြင်း၌ ဆန့်ကျင်ခြင်း နိန္ဒပဋိဝိရောဓကိလေသာ ၁-ပါး
- ချမ်းသာခြင်း၌ သာယာခြင်း သုခသာရာဂကိလေသာ ၁-ပါး
- ဆင်းရဲခြင်း၌ ဆန့်ကျင်ခြင်း ဒုက္ခပဋိဝိရောဓကိလေသာ ၁-ပါး၊ (ဝိဘင်္ဂ။၄၀၁)

ဤသို့ **တတိယ အဋ္ဌသု လောကဓမ္မေသု စိတ္တဿ ပဋိဃာတအဋ္ဌကၡ** ၈-ပါး။

- မမြင်သည်ကို မြင်၏-ဟု ဆိုခြင်း အဒိဋ္ဌေ ဒိဋ္ဌဝါဒိတာကိလေသာ ၁-ပါး
- မကြားသည်ကို ကြား၏-ဟု ဆိုခြင်း အဿုတေ သုတဝါဒိတာကိလေသာ ၁-ပါး
- မတွေ့သည်ကို တွေ့၏-ဟု ဆိုခြင်း အမုတေ မုတဝါဒိတာကိလေသာ ၁-ပါး
- မသိသည်ကို သိ၏-ဟု ဆိုခြင်း အဝိညာတေ ဝိညာတဝါဒိတာကိလေသာ ၁-ပါး
- မြင်သည်ကို မမြင်-ဟု ဆိုခြင်း ဒိဋ္ဌေ အဒိဋ္ဌဝါဒိတာကိလေသာ ၁-ပါး
- ကြားသည်ကို မကြား-ဟု ဆိုခြင်း သုတေ အဿုတဝါဒိတာကိလေသာ ၁-ပါး
- တွေ့သည်ကို မတွေ့-ဟု ဆိုခြင်း မုတေ အမုတဝါဒိတာကိလေသာ ၁-ပါး

- သိသည်ကို မသိ-ဟု ဆိုခြင်း ဝိညာတေ အဝိညာတဝါဒိတာကိလေသာ ၁-ပါး၊

ဤသို့ စတုတ္ထ အနရိယဝေါဟာရအဌကဌ် ၈-ပါး။

- မှားသောအားဖြင့် *(မြင်ခြင်း)* ယူခြင်း မိစ္ဆာဒိဋ္ဌိကိလေသာ ၁-ပါး
- မှားသောအားဖြင့် ကြံခြင်း မိစ္ဆာသင်္ကပ္ပကိလေသာ ၁-ပါး
- မှားသောအားဖြင့် ဆိုခြင်း မိစ္ဆာဝါစာကိလေသာ ၁-ပါး
- မှားသောအားဖြင့် ပြုခြင်း မိစ္ဆာကမ္မန္တကိလေသာ ၁-ပါး
- မှားသောအားဖြင့် အသက်မွေးခြင်း မိစ္ဆာအာဇီဝကိလေသာ ၁-ပါး
- မှားသောအားဖြင့် လုံ့လပြုခြင်း မိစ္ဆာဝါယာမကိလေသာ ၁-ပါး
- မှားသောအားဖြင့် အောက်မေ့ခြင်း မိစ္ဆာသတိကိလေသာ ၁-ပါး
- မှားသောအားဖြင့် တည်ကြည်ခြင်း မိစ္ဆာသမာဓိကိလေသာ ၁-ပါး၊

ဤသို့ ပဥ္စမ မိစ္ဆတ္တအဌကဌ် ၈-ပါး။

- ဤသာသနာ၌ ရဟန်းသည် အာပတ်ဖြင့် စောဒနာလျှင် "ငါမသိ"ဟု ဆိုခြင်း နသရာမိကိလေသာ ၁-ပါး
- ဤသာသနာ၌ ရဟန်းသည် အာပတ်ဖြင့် စောဒနာလျှင် "သင်ကဲ့သို့ ဝိနည်း၌ မလိမ္မာသောသူက ငါ့ကို စောဒနာသင့်သလော"ဟု ဆိုခြင်း တုဝံ ဘဏိတဗ္ဗံ မညေ ကိလေသာ ၁-ပါး
- ဤသာသနာ၌ ရဟန်းသည် အာပတ်ဖြင့် စောဒနာလျှင် စောဒကပုဂ္ဂိုလ်ကို ပြန်၍ စောဒနာခြင်း ပုနပဋိစောဒနကိလေသာ ၁-ပါး
- ဤသာသနာ၌ ရဟန်းသည် အာပတ်ဖြင့် စောဒနာလျှင် အလေးမပြုဘဲ အဖျင်းဖျင်း ဆို၍နေခြင်း အညေနညပဋိစရဏကိလေသာ ၁-ပါး
- ဤသာသနာ၌ ရဟန်းသည် အာပတ်ဖြင့် စောဒနာလျှင် သံဃာ့အလယ်၌ လက်ဖောက် ပြန်သည်ကို ပြုခြင်း ဗာဟာဝိက္ခေပကကိလေသာ ၁-ပါး
- ဤသာသနာ၌ ရဟန်းသည် အာပတ်ဖြင့် စောဒနာလျှင် တစ်စုံတစ်ခုကို မဆိုဘဲ ဆိတ်ဆိတ်နေခြင်း တုဏှီဘူတကိလေသာ ၁-ပါး
- ဤသာသနာ၌ ရဟန်းသည် အာပတ်ဖြင့် စောဒနာလျှင် စောဒကပုဂ္ဂိုလ်, သံဃာကို မရိုသေဘဲ အလိုရှိရာအရပ်သို့ သွားခြင်း ယထာကာမပက္ကမနကိလေသာ ၁-ပါး

- ဤသာသနာ၌ ရဟန်းသည် အာပတ်ဖြင့် စောဒနာလျှင် "ငါ့ကို သာသနာ၌ တည်ရာ မရှိဘဲ လူအဖြစ် ဖြစ်သည်ကို ကြိုက်သလော"ဟု ဆိုခြင်း သိက္ခာပစ္စက္ခာတ ကိလေသာ ၁-ပါး၊ ဤသို့ ဆဌ ပုရိသဒေါသအဋ္ဌကဉ် ၈-ပါး။

- ကသိုဏ်းရုပ်ကို အတ္တဘော-ဟု ယူ၍ ထိုကသိုဏ်းရုပ်၌ ဖြစ်သော သညာကိုလည်း သညာ-ဟု ယူ၍ အတ္တဘောလည်း ရုပ်ရှိ၏၊ စုတိသည်မှ နောက်ကာလ၌ ထိုအတ္တဘောကို သညာမရှိ-ဟု ယူသော အသညီဝါဒကိလေသာ ၁-ပါး၊

- အရူပသမာပတ်၏ အာရုံကို အတ္တဘော-ဟု ယူ၍, ထိုအတ္တဘော၌ ဖြစ်သော သညာကိုလည်း သညာ-ဟု ယူ၍, အတ္တဘောသည် ရုပ်မရှိ၊ စုတိသည်မှ နောက်ကာလ၌ မြဲ၏။ ထိုအတ္တဘောကို သညာမရှိ-ဟု ယူသော အသညီဝါဒကိလေသာ ၁-ပါး၊

- ရူပသမာပတ်, အရူပသမာပတ်တို့၏ အာရုံကို ရော၍ အတ္တဘော-ဟု ယူ၍, ထိုအာရုံ၌ ဖြစ်သော သညာကိုလည်း သညာ-ဟု ယူ၍, အတ္တဘောသည် ရုပ်လည်း ရှိ၏၊ ရုပ်လည်း မရှိ၊ စုတိသည်မှ နောက်ကာလ၌ မြဲ၏။ ထိုအတ္တဘောကို သညာမရှိ-ဟု ယူသော အသညီဝါဒကိလေသာ ၁-ပါး၊

- မိမိ၏ ဉာဏ်အထင်ဖြင့် ကြံ၍ အတ္တဘောသည် ရုပ်ရှိသည် မဟုတ်, မရှိသည်လည်း မဟုတ်၊ စုတိသည်မှ နောက်ကာလ၌ မြဲ၏။ ထိုအတ္တဘောကို သညာမရှိ-ဟု ယူသော အသညီဝါဒကိလေသာ ၁-ပါး၊

- ကသိုဏ်း ပဋိဘာဂနိမိတ်ကို စကြဝဠာ အဆုံးတိုင်အောင် မပွါးစေမူ၍ ထိုပဋိဘာဂ နိမိတ်ကို အတ္တဘော-ဟု ယူ၍ အတ္တဘောသည် အဆုံးရှိ၏။ စုတိသည်မှ နောက် ကာလ၌ မြဲ၏။ ထိုအတ္တဘောကို သညာမရှိ-ဟု ယူသော အသညီဝါဒကိလေသာ ၁-ပါး၊

- ကသိုဏ်းပဋိဘာဂနိမိတ်ကို စကြဝဠာအဆုံးတိုင်အောင် ပွါးစေ၍ ထိုပဋိဘာဂနိမိတ်ကို အတ္တဘော-ဟု ယူ၍, အတ္တဘောသည် အဆုံးမရှိ၊ စုတိသည်မှ နောက်ကာလ၌ မြဲ၏။ ထိုအတ္တဘောကို သညာမရှိ-ဟု ယူသော အသညီဝါဒကိလေသာ ၁-ပါး၊

- ကသိုဏ်းပဋိဘာဂနိမိတ်ကို အထက်,အောက် မပွါးစေဘဲ ဖီလာပွါးစေ၍ ထိုပဋိဘာဂ နိမိတ်ကို အတ္တဘော-ဟု ယူ၍ အထက်,အောက် အဆုံးရှိ၏၊ ဖီလာ အဆုံးမရှိ-ဟု ယူ၍ အတ္တဘောသည် အဆုံးလည်း ရှိ၏။ အဆုံးလည်း မရှိ၊ စုတိသည်မှ နောက်ကာလ ၌ မြဲ၏။ ထိုအတ္တဘောသည် သညာမရှိ-ဟု ယူသော အသညီဝါဒကိလေသာ ၁-ပါး၊

- မိမိတို့ ဉာဏ်အထင်ဖြင့် ကြံ၍ အတ္တဘောသည် အဆုံးရှိသည်လည်း မဟုတ်, မရှိသည်လည်း မဟုတ်၊ စုတိသည်မှ နောက်ကာလ၌ မြဲ၏။ ထိုအတ္တဘောသည် သညာမရှိ-ဟု ယူသော အသညီဝါဒကိလေသာ ၁-ပါး။

ဤသို့ သတ္တမ အသညီဝါဒအဌကၥ၌ ၈-ပါး။

- ကသိုဏ်းရုပ်ကို အတ္တဘော-ဟု ယူ၍, ထိုကသိုဏ်းရုပ်၌ဖြစ်သော သညာကိုလည်း သညာ-ဟု ယူ၍, အတ္တဘောသည် ရုပ်ရှိ၏၊ စုတိသည်မှ နောက်ကာလ၌ မြဲ၏။ ထိုအတ္တဘောသည် သညာရှိသည်လည်း မဟုတ်, မရှိသည်လည်း မဟုတ်-ဟု ယူသော နေဝသညီနာသညီဝါဒကိလေသာ ၁-ပါး၊

- အရူပသမာပတ်၏ အာရုံကို အတ္တဘော-ဟု ယူ၍, ထိုအာရုံ၌ဖြစ်သော သညာကိုလည်း သညာဟု ယူ၍, အတ္တဘောသည် ရုပ် မရှိ၊ စုတိသည်မှ နောက်ကာလ၌ မြဲ၏။ ထိုအတ္တဘောသည် သညာရှိသည်လည်း မဟုတ်, မရှိသည်လည်း မဟုတ်-ဟု ယူသော နေဝသညီနာသညီဝါဒကိလေသာ ၁-ပါး၊ (ဝိဘင်္ဂ။၄၀၃)

- ရူပသမာပတ်, အရူပသမာပတ်တို့၏ အာရုံကို ရောရ၍ အတ္တဘော-ဟု ယူ၍, ထိုအာရုံ၌ ဖြစ်သော သညာကိုလည်း သညာ-ဟု ယူ၍, အတ္တဘောသည် ရုပ်လည်း ရှိ၏၊ ရုပ်လည်း မရှိ၊ စုတိသည်မှ နောက်ကာလ၌ မြဲ၏။ ထိုအတ္တဘောသည် သညာရှိသည်လည်း မဟုတ်, မရှိသည်လည်း မဟုတ်-ဟု ယူသော နေဝသညီနာသညီဝါဒကိလေသာ ၁-ပါး၊

- မိမိ၏ ဉာဏ်အထင်ဖြင့် ကြံ၍ အတ္တဘောသည် ရုပ်ရှိသည်လည်း မဟုတ်၊ မရှိသည်လည်း မဟုတ်၊ စုတိသည်မှ နောက်ကာလ၌ မြဲ၏။ ထိုအတ္တဘောသည် သညာရှိသည်လည်း မဟုတ်, မရှိသည်လည်း မဟုတ်-ဟု ယူသော နေဝသညီနာသညီဝါဒကိလေသာ ၁-ပါး၊

- ကသိုဏ်းပဋိဘာဂနိမိတ်ကို စကြဝဠာအဆုံးတိုင်အောင် မပွါးစေမူ၍ ထိုပဋိဘာဂနိမိတ်ကို အတ္တဘော-ဟု ယူ၍, အတ္တဘောသည် အဆုံးရှိ၏၊ စုတေသည်မှ နောက်ကာလ၌ မြဲ၏။ ထိုအတ္တဘောသည် သညာရှိသည်လည်း မဟုတ်, မရှိသည်လည်း မဟုတ်-ဟု ယူသော နေဝသညီနာသညီဝါဒကိလေသာ ၁-ပါး၊

- ကသိုဏ်းပဋိဘာဂနိမိတ်ကို စကြဝဠာအဆုံးတိုင်အောင် ပွါးစေ၍ ထိုပဋိဘာဂနိမိတ်ကို အတ္တဘော-ဟု ယူ၍, အတ္တဘောသည် အဆုံးမရှိ၊ စုတိသည်မှ နောက်ကာလ၌ မြဲ၏။

ထိုအတ္တဘောသည် သညာရှိသည်လည်း မဟုတ်, မရှိသည်လည်း မဟုတ်-ဟု ယူသော နေဝသညီနာသညီဝါဒကိလေသာ ၁-ပါး၊

- ကသိုဏ်းပဋိဘာဂနိမိတ်ကို အထက်,အောက် မပွါးစေဘဲ ဖီလာပွါးစေ၍ ထိုပဋိဘာဂ နိမိတ်ကို အတ္တဘော-ဟု ယူ၍, အထက်,အောက် အဆုံးရှိ၏၊ ဖီလာ အဆုံးမရှိ-ဟု ယူ၍, အတ္တဘောသည် အဆုံးလည်း ရှိ၏၊ အဆုံးလည်း မရှိ။ စုတိသည်မှ နောက်ကာလ၌ မြဲ၏။ ထိုအတ္တဘောသည် သညာရှိသည်လည်း မဟုတ်, မရှိသည်လည်း မဟုတ်-ဟု ယူသော နေဝသညီနာသညီဝါဒကိလေသာ ၁-ပါး၊
- မိမိ၏ ဉာဏ်အထင်ဖြင့် ကြံ၍ အတ္တဘောသည် အဆုံးရှိသည်လည်း မဟုတ်, မရှိသည် လည်း မဟုတ်။ စုတိသည်မှ နောက်ကာလ၌ မြဲ၏။ ထိုအတ္တဘောသည် သညာရှိသည် လည်း မဟုတ်, မရှိသည်လည်း မဟုတ်-ဟု ယူသော နေဝသညီနာသညီဝါဒကိလေသာ ၁-ပါး ဤသို့ **အဋ္ဌမ နေဝသညီနာသညီဝါဒအဋ္ဌက၌** ၈-ပါး။

ဤသို့ အဋ္ဌကအားဖြင့် ၈-အဋ္ဌကဖြစ်၍ ၆၄-ပါးကုန်သော ကိလေသာတို့သည် ဖြစ်ကုန်၏။ ။ **အဋ္ဌက ပြီး၏။**

ဤသို့လျှင် ကေက, ဒုက, တိက, စတုက္က, ပဉ္စက, ဆက္က, သတ္တက, အဋ္ဌက၊ ၈-ပါး တို့ကို ပေါင်းသည်ရှိသော် ၅၄၂-ပါးကုန်သော ကိလေသာတို့သည် ဖြစ်ကုန်၏။

----- x -----

နဝကအားဖြင့် ၉-နဝကဖြစ်၍ ကိလေသာအားဖြင့် ၈၁-ပါး-ဟူသော်ကား—

- 'ဤသူသည် ငါ၏အကျိုးမဲ့ကို ပြုဖူးပြီ'-ဟု ရန်ငြိုးဖွဲ့ခြင်း 'အနတ္ထံ မေ အစရိ' ကိလေသာ ၁-ပါး
- 'ဤသူသည် ငါ၏အကျိုးမဲ့ကို ပြုဆဲ'-ဟု ရန်ငြိုးဖွဲ့ခြင်း 'အနတ္ထံ မေ စရတိ' ကိလေသာ ၁-ပါး၊
- 'ဤသူသည် ငါ၏အကျိုးမဲ့ကို ပြုလတ္တံ့'-ဟု ရန်ငြိုးဖွဲ့ခြင်း 'အနတ္ထံ မေ စရိဿတိ' ကိလေသာ ၁-ပါး၊
- 'ဤသူသည် ငါ၏အဆွေခင်ပွန်း၏ အကျိုးမဲ့ကို ပြုဖူးပြီ'-ဟု ရန်ငြိုးဖွဲ့ခြင်း 'အနတ္ထံ မေ ပိယဿ အစရိ' ကိလေသာ ၁-ပါး၊
- 'ဤသူသည် ငါ၏အဆွေခင်ပွန်း၏ အကျိုးမဲ့ကို ပြုဆဲ'-ဟု ရန်ငြိုးဖွဲ့ခြင်း 'အနတ္ထံ မေ ပိယဿ စရတိ' ကိလေသာ ၁-ပါး၊

- 'ဤသူသည် ငါ၏အဆွေခင်ပွန်း၏ အကျိုးမဲ့ကို ပြုလတ္တံ့'-ဟု ရန်ငြိုးဖွဲ့ခြင်း 'အနတ္ထံ မေ ပိယဿ စရိဿတိ' ကိုလေသာ ၁-ပါး၊
- 'ဤသူသည် ငါ၏ရန်သူ၏ အကျိုးကို ပြုဖူးပြီ'-ဟု ရန်ငြိုးဖွဲ့ခြင်း 'အတ္ထံ မေ အပိယဿ အစရိ' ကိုလေသာ ၁-ပါး၊
- 'ဤသူသည် ငါ၏ရန်သူ၏ အကျိုးကို ပြုဆဲ'-ဟု ရန်ငြိုးဖွဲ့ခြင်း 'အတ္ထံ မေ အပိယဿ စရတိ' ကိုလေသာ ၁-ပါး၊
- 'ဤသူသည် ငါ၏ရန်သူ၏ အကျိုးကို ပြုလတ္တံ့'-ဟု ရန်ငြိုးဖွဲ့ခြင်း 'အတ္ထံ မေ အပိယဿ စရိဿတိ' ကိုလေသာ ၁-ပါး။ ဤသို့ **ပဌမ အာဃာတဝတ္ထုနဝကဌ ၉-ပါး။**

- အမျက်ထွက်ခြင်း ကောဓကိလေသာ ၁-ပါး၊
- သူ့ကျေးဇူးကို ချေခြင်း မက္ခကိလေသာ ၁-ပါး၊
- ပြိုင်ဆိုင်ခြင်း ပဠာသကိလေသာ ၁-ပါး၊
- ဝန်တိုခြင်း မစ္ဆရိယကိလေသာ ၁-ပါး၊
- လှည့်ပတ်ခြင်း မာယာကိလေသာ ၁-ပါး၊
- စဉ်းလဲခြင်း သာဌေယျကိလေသာ ၁-ပါး၊
- မဟုတ်မမှန်သည်ကို ဆိုခြင်း မုသာဝါဒကိလေသာ ၁-ပါး၊
- ယုတ်မာသော အလိုရှိခြင်း ပါပိစ္ဆတာကိလေသာ ၁-ပါး၊
- မှားသောအယူကို ယူခြင်း မိစ္ဆာဒိဋ္ဌိကိလေသာ ၁-ပါး၊

ဤသို့ ဒုတိယ ပုရိသမလနဝကဌ ၉-ပါး။

- မြတ်သောသူအား "ငါ-သူ့ထက် မြတ်၏"ဟု မာန်တက်ခြင်း "သေယျဿ သေယျော'-ဟမသ္မိ"ကိုလေသာ ၁-ပါး၊
- မြတ်သောသူအား "ငါ-သူနှင့် တူ၏"ဟု မာန်တက်ခြင်း "သေယျဿ သဒိသော'ဟမသ္မိ" ကိုလေသာ ၁-ပါး၊
- မြတ်သောသူအား "ငါ-သူ့အောက် ယုတ်၏"ဟု မာန်တက်ခြင်း "သေယျဿ ဟီနော'-ဟမသ္မိ"ကိုလေသာ ၁-ပါး၊
- သူနှင့် တူသသူအား "ငါ-သူ့ထက် မြတ်၏"ဟု မာန်တက်ခြင်း "သဒိသဿ သေယျော'-ဟမသ္မိ"ကိုလေသာ ၁-ပါး၊

- သူနှင့် တူသသူအား "ငါ-သူနှင့် တူ၏"ဟု မာန်တက်ခြင်း "သဒိသဿ သဒိသော'ဟသ္မိ" ကိလေသာ ၁-ပါး၊
- သူနှင့် တူသသူအား "ငါ-သူ့အောက် ယုတ်၏"ဟု မာန်တက်ခြင်း "သဒိသဿ ဟီနော' ဟမသ္မိ"ကိလေသာ ၁-ပါး၊
- သူ့အောက် ယုတ်သောသူအား "ငါ-သူ့ထက် မြတ်၏"ဟု မာန်တက်ခြင်း "ဟီနဿ သေယျော'ဟမသ္မိ"ကိလေသာ ၁-ပါး၊
- သူ့အောက်ယုတ်သောသူအား "ငါ-သူနှင့် တူ၏"ဟု မာန်တက်ခြင်း "ဟီနဿ သဒိ-သောဟမသ္မိ"ကိလေသာ ၁-ပါး၊
- သူ့အောက် ယုတ်သောသူအား "ငါ-သူ့အောက် ယုတ်၏"ဟု မာန်တက်ခြင်း "ဟီနဿ ဟီနော'ဟမသ္မိ"ကိလေသာ ၁-ပါး။

ဤသို့ တတိယ ဝိဓမာနနဝကဌ် ၉-ပါး။

- တဏှာကို စွဲ၍ ပစ္စည်းရှာမှီးခြင်း 'တဏှံ ပဋိစ္စ ပရိယေသန' ကိလေသာ ၁-ပါး၊
- ရှာမှီးခြင်းကို စွဲ၍ ရခြင်း 'ပရိယေသနံ ပဋိစ္စ လာဘ' ကိလေသာ ၁-ပါး၊
- ရခြင်းကို စွဲ၍ ငါ၏ဥစ္စာ-ဟု ဆုံးဖြတ်ခြင်း 'လာဘံ ပဋိစ္စ ဝိနိစ္ဆယ' ကိလေသာ ၁-ပါး၊
- ဆုံးဖြတ်ခြင်းကို စွဲ၍ တပ်စွန်းခြင်း 'ဝိနိစ္ဆယံ ပဋိစ္စ ဆန္ဒရာဂ' ကိလေသာ ၁-ပါး၊
- တပ်စွန်းခြင်းကို စွဲ၍ အာရုံ၌ သက်ဝင်ခြင်း, (ဝါ) 'ဧတံ မမ'-ဟု ပြင်းထန်စွာ ဆုံးဖြတ်ခြင်း 'ဆန္ဒရာဂံ ပဋိစ္စ အဇ္ဈောသာန' ကိလေသာ ၁-ပါး၊
- အာရုံ၌ သက်ဝင်ခြင်း, (ဝါ) 'ဧတံ မမ'-ဟု ပြင်းစွာ ဆုံးဖြတ်ခြင်းကို စွဲ၍ သိမ်းဆည်းခြင်း 'အဇ္ဈောသာနံ ပဋိစ္စ ပရိဂ္ဂဟ' ကိလေသာ ၁-ပါး၊
- သိမ်းဆည်းခြင်းကို စွဲ၍ ဝန်တိုခြင်း 'ပရိဂ္ဂဟံ ပဋိစ္စ မစ္ဆရိယ' ကိလေသာ ၁-ပါး၊
- ဝန်တိုခြင်းကို စွဲ၍ စောင့်ရှောက်ခြင်း, 'မစ္ဆရိယံ ပဋိစ္စ အာရက္ခ'ကိလေသာ ၁-ပါး
- စောင့်ရှောက်ခြင်းကို စွဲ၍ ဒုတ်, လှံကန် စွဲကိုင်ခြင်း၊ ဓား,လက်နက် စွဲကိုင်ခြင်း၊ ငြင်းခုံ ခြင်း၊ ကုန်းတိုက်ခြင်း၊ လှည့်စားခြင်း-စသော များစွာသော ယုတ်မာသော အကုသိုလ် တရား ဖြစ်ခြင်း-ဟု ဆိုအပ်သော 'အာရက္ခံ ပဋိစ္စ အနေက ပါပက အကုသလ သမ္ဘဝ' ကိလေသာ ၁-ပါး။ (ဝိဘင်္ဂ။၄၀၄)

ဤသို့ စတုတ္ထ တဏှာမူလကဓမ္မနဝကဌ် ၉-ပါး။

ဤမှ နောက်၌ 'ဣဉ္စိတ'-စသော ၉-ခု, ၅-လီတို့သည် မာန၏ အမည်ချည်းတည်း။ ဣဉ္စိတ၊ တုန်လှုပ်ခြင်း။ မညန၊ အောက်မေ့ခြင်း။ ဖန္ဒ၊ ပြင်းစွာတုန်လှုပ်ခြင်း။ ပပဉ္စ၊ ချဲ့ခြင်း။ သင်္ခတ၊ ပြုပြင်ခြင်း။ ။ အနက်အစဉ်ကို မှတ်။

- "အသ္မိ" ကိလေသာ ၁-ပါး
- "အဟမသ္မိ" ကိလေသာ ၁-ပါး
- "အယမဟမသ္မိ" ကိလေသာ ၁-ပါး
- "ဘဝိဿ"န္တိ ကိလေသာ ၁-ပါး
- "ရူပီ ဘဝိဿ"န္တိ ကိလေသာ ၁-ပါး
- "အရူပီ ဘဝိဿ"န္တိ ကိလေသာ ၁-ပါး
- "သညီ ဘဝိဿ"န္တိ ကိလေသာ ၁-ပါး
- "အသညီ ဘဝိဿ"န္တိ ကိလေသာ ၁-ပါး
- "နေဝသညီနာသညီ ဘဝိဿ"န္တိ ကိလေသာ ၁-ပါး

ဤသို့ ပဥ္စမ ဣဉ္စနနဝကဝ၌ ၉-ပါး။

ဤအတူ **ဆဋ္ဌ မညနနဝက**၌ ၉-ပါး၊

ဤအတူ **သတ္တမ ဖန္ဒနနဝက**၌ ၉-ပါး၊

ဤအတူ **အဋ္ဌမ ပပဉ္စနဝက**၌ ၉-ပါး၊

ဤအတူ **နဝမ သင်္ခတနဝက**၌ ၉-ပါး။

ငါ ဖြစ်၏၊ ငါသည် ဖြစ်၏၊ ဤသူသည် ငါဖြစ်၏၊ ဖြစ်လတ္တံ့၊ ရုပ်ဖြစ်လတ္တံ့၊ နာမ်ဖြစ်လတ္တံ့၊ သညီဖြစ်လတ္တံ့၊ အသညီဖြစ်လတ္တံ့၊ နေဝသညီနာသညီဖြစ်လတ္တံ့၊ အစဉ်ဟပ်။ ဤသို့ နဝကအားဖြင့် ၉-နဝကဖြစ်၍၊ ၈၁-ပါးကုန်သော ကိလေသာတို့သည် ဖြစ်ကုန်၏။ ။ **နဝက ပြီး၏**။

ဤသို့လျှင် ဧကက, ဒုက, တိက, စတုက္က, ပဉ္စက, ဆက္က, သတ္တက, အဋ္ဌက, နဝက၊ ၉-ပါးတို့ကို ပေါင်းသည်ရှိသော် ၆၂၃-ပါးကုန်သော ကိလေသာတို့သည် ဖြစ်ကုန်၏။

----- x -----

ဒသကအားဖြင့် ၇-ဒသကဖြစ်၍ ကိလေသာအားဖြင့် ၇၀-ဟူသော်ကား ကိလေသာ ၁၀-ပါးကို အစဉ်အတိုင်း ရေတွက်၍ ယူ။ အနက်သဘော ဝေါဟာရခေါ်ဝေါ် ပုံမှာ နောက်ကနည်းကို မှီးလေ။ ကိလေသာ ၁၀-ပါး၏ အမည်ကို အဘိဓမ္မတ္ထသင်္ဂြိုဟ်မှာ ကြည့်။

ဤသို့ ပဌမ ကိလေသဝတ္ထု ဒသက၌ ၁၀-ပါး။ (ဝိဘင်္ဂ။၄၀၅)

နဝကၚ်လာသော အာဃာတဝတ္ထု ၉-ပါးတွင် အဋ္ဌာနကောပကို ထည့်၍ အာဃာ-တဝတ္ထု ၁၀-ပါး။ (အဋ္ဌာနကောပ-ဟူသည်ကား အရာမဟုတ်သည်၌ အမျက်ထွက်ခြင်း၊ လေပြင်းစွာ တိုက်လျှင် လေကို အမျက်ထွက်ခြင်း, တစ်စုံတစ်ခုဝတ္ထုကို ပြု၍ မဖြစ်လျှင် ထိုဝတ္ထုကိုပင် အမျက်ထွက်သည်။) ဤသို့ ဒုတိယ အာဃာတဝတ္ထု ၁၀-ပါး။

တတိယ အကုသလကမ္မပထ ဒသကၚ် ၁၀-ပါး၊ အကုသလကမ္မပထ ၁၀-ပါးမှာ သဗ္ဗြိုဟ်အတိုင်း။ (ဝိဘင်္ဂ။၄၀၅)

စတုတ္ထ သံယောဇန ဒသကၚ် ၁၀-ပါး။

အဋ္ဌကၚ်လာသော မိစ္ဆတ္တ ၈-ပါး တွင် မိစ္ဆာဉာဏ၊ မိစ္ဆာဝိမုတ္တိ ၂-ပါးကို ထည့်၍ မိစ္ဆတ္တ ၁၀-ပါး။ မိစ္ဆာဉာဏ-ဟူသည် မကောင်းသော အသိဖြစ်ခြင်း၊ မကောင်းမှုကို ပြုပြီး၍ ငါပြုသောအမှု ကောင်း၏-ဟု မှတ်ထင်ခြင်း မောဟတည်း။ မိစ္ဆာဝိမုတ္တိ-ဟူသည် မကောင်းမှုမှ မလွတ်သည်ကို လွတ်၏-ဟု မှတ်ခြင်းတည်း။ ဤသို့ ပဉ္စမ မိစ္ဆတ္တ ဒသကၚ် ၁၀-ပါး။ (ဝိဘင်္ဂ။၄၀၅)

- အလှူ၏အကျိုး မရှိ-ဟု ယူခြင်း 'နတ္ထိ ဒိန္နံ' ကိုလေသာ ၁-ပါး
- သာမညပူဇော်သော အကျိုးမရှိ-ဟု ယူခြင်း 'နတ္ထိ ယိဋ္ဌံ' ကိုလေသာ ၁-ပါး
- အထူးသဖြင့် ပူဇော်သော အကျိုးမရှိ-ဟု ယူခြင်း 'နတ္ထိ ဟုတံ' ကိုလေသာ ၁-ပါး၊
- ကောင်းမှု,မကောင်းမှုတို့၏ အကျိုးမရှိ-ဟု ယူခြင်း 'နတ္ထိ သုကဋဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော' ကိုလေသာ ၁-ပါး၊
- ဤပစ္စုပ္ပန်လောက မရှိ-ဟု ယူခြင်း 'နတ္ထိ အယံ လောကော' ကိုလေသာ ၁-ပါး၊
- တမလွန်လောက မရှိ-ဟု ယူခြင်း 'နတ္ထိ ပရလောကော'ကိုလေသာ ၁-ပါး၊
- အမိ မရှိ-ဟု ယူခြင်း 'နတ္ထိ မာတာ' ကိုလေသာ ၁-ပါး၊
- အဘ မရှိ-ဟု ယူခြင်း 'နတ္ထိ ပိတာ' ကိုလေသာ ၁-ပါး၊
- ဥပပတ်ပဋိသန္ဓေနေသော သတ္တဝါ မရှိ-ဟု ယူခြင်း 'နတ္ထိ သတ္တာ ဩပပါတိကာ' ကိုလေသာ ၁-ပါး၊
- လောကၚ် ရဟန်းပုဏ္ဏား မရှိ-ဟု ယူခြင်း 'နတ္ထိ လောကေ သမဏဗြာဟ္မဏာ' ကိုလေသာ ၁-ပါး ဤသို့ ဆဋ္ဌ ဒသဝတ္ထုကမိစ္ဆာဒိဋ္ဌိ ဒသက ၁၀-ပါး။
- လောကသည် မြဲ၏-ဟု ယူခြင်း 'သဿတော လောကော' ကိုလေသာ ၁-ပါး၊

- လောကသည် မမြဲ-ဟု ယူခြင်း 'အသဿတော လောက' ကိလေသာ ၁-ပါး၊
- လောကသည် အဆုံးရှိ၏-ဟု ယူခြင်း 'အန္တဝါလောက' ကိလေသာ ၁-ပါး၊
- လောကသည် အဆုံးမရှိ-ဟု ယူခြင်း 'အနန္တဝါလောက' ကိလေသာ ၁-ပါး၊
- ဇီဝိတိန္ဒြေကို ကိုယ်-ဟု ယူခြင်း 'တံ ဇီဝံ တံ သရီရ' ကိလေသာ ၁-ပါး၊
- ဇီဝိတိန္ဒြေလည်း တပါး, ကိုယ်လည်း တပါး-ဟု ယူခြင်း 'အညံ ဇီဝံ အညံ သရီရ' ကိလေသာ ၁-ပါး၊
- သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သေး၏-ဟု ယူခြင်း 'ဟောတိ တထာဂတ ပရံမရဏာ' ကိလေသာ ၁-ပါး၊
- သတ္တဝါသည် သေသည်မှ နောက်၌ မဖြစ်ပြီ-ဟု ယူခြင်း 'န ဟောတိ တထာဂတပရံ-မရဏာ' ကိလေသာ ၁-ပါး၊
- သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သည်လည်း ရှိ၏၊ မဖြစ်သည်လည်း ရှိ၏-ဟု ယူသော 'ဟောတိ စ န စ ဟောတိ တထာဂတပရံမရဏာ' ကိလေသာ ၁-ပါး၊
- သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သည်လည်း မဟုတ်, မဖြစ်သည်လည်း မဟုတ်-ဟု ယူခြင်း 'နေဝ ဟောတိ န န ဟောတိ တထာဂတပရံမရဏာ' ကိလေသာ ၁-ပါး။

ဤသို့ သတ္တမ ဒသဝတ္ထုကအန္တဂ္ဂါဟိက ဒသက၌ ၁၀-ပါး။

ဤသို့ ဒသကအားဖြင့် ၇-ဒသကဖြစ်၍ ၇၀-သော ကိလေသာတို့သည် ဖြစ်ကုန်၏။ ဒသကပြီး၏။

ဤသို့ ဧကက, ဒုက, တိက, စတုက္က, ပဉ္စက, ဆက္က, သတ္တက, အဋ္ဌက, နဝက, ဒသက၊ ၁၀-ပါးတို့ကို ပေါင်းသည်ရှိသော် ၆၉၃-ပါးကုန်သော ကိလေသာတို့သည် ဖြစ်ကုန်၏။ (ဝိဘင်္ဂ။၄၀၆)

----- x -----

အဋ္ဌာရသကအားဖြင့် ၆-အဋ္ဌာရသကဖြစ်၍ ကိလေသာအားဖြင့် ၁၀၈-ပါးဟူသော်ကား-

- တဏှာ, မာန, ဒိဋ္ဌိတို့၏ အစွမ်းအားဖြင့် ငါ-ဟူ၍ မာန်မူခြင်း 'အသ္မိ' ကိလေသာ ၁-ပါး၊
- တဏှာ, မာန, ဒိဋ္ဌိတို့၏ အစွမ်းအားဖြင့် ငါကောင်း၏-ဟု မာန်မူခြင်း 'ဣတ္ထသ္မိ' ကိလေသာ ၁-ပါး၊

- တဏှာ, မာန, ဒိဋ္ဌိတို့၏ အစွမ်းအားဖြင့် ဤသို့ ဖြစ်၏-ဟု မာန်မူခြင်း 'ဧဝသ္မိ' ကိလေသာ ၁-ပါး၊
- တဏှာ, မာန, ဒိဋ္ဌိတို့၏ အစွမ်းအားဖြင့် တပါးသော အခြင်းအရာဖြင့် ဖြစ်၏-ဟု မာန်မူခြင်း 'အညထာသ္မိ' ကိလေသာ ၁-ပါး၊
- တဏှာ, မာန, ဒိဋ္ဌိတို့၏ အစွမ်းအားဖြင့် ဖြစ်လတ္တံ့-ဟု မာန်မူခြင်း 'ဘဝိဿ'န္တိ ကိလေသာ ၁-ပါး၊
- တဏှာ,မာန,ဒိဋ္ဌိတို့၏ အစွမ်းအားဖြင့် ကောင်းသည် ဖြစ်လတ္တံ့-ဟု မာန်မူခြင်း 'ဣတ္ထံ ဘဝိဿ'န္တိ ကိလေသာ ၁-ပါး၊
- တဏှာ,မာန,ဒိဋ္ဌိတို့၏အစွမ်းအားဖြင့် ဤသို့ ဖြစ်လတ္တံ့-ဟု မာန်မူခြင်း 'ဧဝံ ဘဝိဿ'န္တိ ကိလေသာ ၁-ပါး၊
- တဏှာ,မာန,ဒိဋ္ဌိတို့၏အစွမ်းအားဖြင့် တစ်ပါးသောအခြင်းအရာဖြင့် ဖြစ်လတ္တံ့-ဟု မာန်မူခြင်း 'အညထာ ဘဝိဿ'န္တိ ကိလေသာ ၁-ပါး၊
- တဏှာ,မာန,ဒိဋ္ဌိတို့၏အစွမ်းအားဖြင့် ငါဟူ၍ မာန်မူခြင်း 'အသသ္မိ' ကိလေသာ ၁-ပါး၊
- တဏှာ, မာန, ဒိဋ္ဌိတို့၏အစွမ်းအားဖြင့် သာယာအပ်သည် ဖြစ်၍ဖြစ်ခြင်း 'သာတသ္မိ' ကိလေသာ ၁-ပါး၊
- တဏှာ,မာန,ဒိဋ္ဌိ၏အစွမ်းဖြင့် ဖြစ်ရာ၏-ဟု မာန်မူခြင်း 'သိယ'န္တိ ကိလေသာ ၁-ပါး၊
- တဏှာ,မာန,ဒိဋ္ဌိ၏အစွမ်းဖြင့် ကောင်းရာ၏-ဟု မာန်မူခြင်း 'ဣတ္ထံ သိယ'န္တိ ကိလေသာ ၁-ပါး၊
- တဏှာ,မာန,ဒိဋ္ဌိ၏အစွမ်းဖြင့် ဤသို့ ဖြစ်ရာ၏-ဟု မာန်မူခြင်း 'ဧဝံ သိယ'န္တိ ကိလေသာ ၁-ပါး၊
- တဏှာ,မာန,ဒိဋ္ဌိ၏အစွမ်းဖြင့် တပါးသောအခြင်းအရာဖြင့် ဖြစ်ရာ၏-ဟု မာန်မူခြင်း၊ 'အညထာ သိယ'န္တိ ကိလေသာ ၁-ပါး၊
- တဏှာ,မာန,ဒိဋ္ဌိ၏အစွမ်းဖြင့် စင်စစ် ငါဖြစ်ရာ၏-ဟု မာန်မူခြင်း 'အပါဟံ သိယ'န္တိ ကိလေသာ ၁-ပါး၊
- တဏှာ,မာန,ဒိဋ္ဌိတို့၏ အစွမ်းဖြင့် စင်စစ် ကောင်းသည် ဖြစ်ရာ၏-ဟု မာန်မူခြင်း 'အပါဟံ ဣတ္ထံ သိယ'န္တိ ကိလေသာ ၁-ပါး၊

- တဏှာ,မာန,ဒိဋ္ဌိ၏အစွမ်းဖြင့် စင်စစ် ဤသို့ ဖြစ်ရာ၏-ဟု မာန်မူခြင်း 'အပါဟံ ဧဝံ သိယ'န္တိ ကိလေသာ ၁-ပါး၊
- တဏှာ,မာန,ဒိဋ္ဌိ၏အစွမ်းဖြင့် စင်စစ် တပါးသော အခြင်းအရာဖြင့် ဖြစ်ရာ၏-ဟု မာန်မူခြင်း 'အပါဟံ အညထာ သိယ'န္တိ ကိလေသာ ၁-ပါး။ (ဝိဘင်္ဂ။၄၀၆)

ဤသို့ အဇ္ဈတ္တိကဿုပါဒါယ တဏှာဝိစရိတ၌ ၁၈-ပါးကုန်သော ကိလေသာတို့ သည် ဖြစ်ကုန်၏။

- တဏှာ, မာန, ဒိဋ္ဌိ၏ အစွမ်းဖြင့်သာ ရုပ်-စသည်ဖြင့် ငါ-ဟူ၍ မာန်မူခြင်း 'အသ္မိမာန' ကိလေသာ ၁-ပါး၊

ဤနည်းကို မှီ၍ "ဣတ္ထသ္မိ"မှ စ၍ "အပါဟံ အညထာ သိယန္တိ"တိုင် ၁၈-ပါး စေ့အောင် ဆိုလေ။ ဤရုပ်- စသည်ဖြင့် ဆိုသည်သာ ထူးသည်။ ဤသို့ ဗာဟိရဿ ုပါဒါယ- တဏှာဝိစရိတ၌ ၁၈-ပါးကုန်သော ကိလေသာတို့သည် ဖြစ်ကုန်၏။

ဤသို့ အဇ္ဈတ္တိက, ဗာဟိရ ၂-ပါးတို့ကို ပေါင်းသည်ရှိသော် ၃၆-ပါးကုန်သော ကိလေသာတို့သည် ဖြစ်ကုန်၏။

ဤသို့လျှင် ပစ္စုပ္ပန်၌ ၃၆-ပါး၊ အတိတ်၌ ၃၆-ပါး၊ အနာဂတ်၌ ၃၆-ပါးအားဖြင့် ၁၀၈-ပါးကုန်သော ကိလေသာတို့သည် ဖြစ်ကုန်၏။ ဤသို့လျှင် အဋ္ဌာရသကအားဖြင့် ၆-အဋ္ဌာရသကဖြစ်၍ ၁၀၈-ပါးကုန်သော ကိလေသာတို့သည် ဖြစ်ကုန်၏။ ။ **အဋ္ဌာရသက ပြီး၏။**

ဤသို့လျှင် ဧကက, ဒုက, တိက, စတုက္က, ပဉ္စက, ဆက္က, သတ္တက, အဋ္ဌက, နဝက, ဒသက, အဋ္ဌာရသက၊ ၁၁-ပါးတို့ကို ပေါင်းသည်ရှိသော် ၈၀၁-ပါးကုန်သော ကိလေသာတို့သည် ဖြစ်ကုန်၏။

တိသတ္တတေ'ကကေ, ဒွိကေ-ဆတ္တိံသတိ,တိကေ မတာ။
ပဉ္စာဓိကသတာနိ စ,၊ ဆပညာသ စတုကေ ပန,။ ။
ပဉ္စကေ ပဉ္စသတ္တတိ,၊ စတုသီတိ ဆက္ကေ တထာ,။
သတ္တကေ နဝတာလီသ,၊ စတုသဋ္ဌိ'ဋ္ဌကေ မတာ,။ ။
နဝကေ စ ဧကာသီတိ,၊ သတ္တတိ ဒသကေ မတာ,။
အဋ္ဌာဓိကသတာ'ဋ္ဌာရ- သေသု, ပန သမူဟတော။
ဧကာဓိကာ အဋ္ဌသတာ၊ ပဏ္ဏိတေဟိ ဝိဇာနိယာ။ ။ (ရစနာဂါထာ)

ဧကေ၊ ဧကကဉ္စ။ တိသတ္တတိ၊ ၇၃-ပါးကုန်သော ကိလေသာတို့ကို။ မတ္တာ၊ သိအပ်ကုန်၏။

ဒွိကေ၊ ဒွိကဉ္စ။ ဆတ္တိံသတိ၊ ၃၆-ပါးကုန်သော ကိလေသာတို့ကို။ မတ္တာ၊ သိအပ်ကုန်၏။

တိကေ၊ တိကဉ္စ။ ပဉ္စာဓိကသတာနိ၊ ၁၀၅-ခုသော ကိလေသာတို့ကို။ မတ္တာ၊ သိအပ်ကုန်၏။

စတုကေ ပန၊ စတုက္ကဉ္စကား။ ဆပညာသ၊ ၅၆-ပါးကုန်သော ကိလေသာတို့ကို။ မတ္တာ၊ သိအပ်ကုန်၏။

ပဉ္စကေ၊ ပဉ္စကဉ္စ။ ပဉ္စသတ္တတိ၊ ၇၅-ပါးကုန်သော ကိလေသာတို့ကို။ မတ္တာ၊ သိအပ်ကုန်၏။ တထာ၊ ထို့မှတပါး။

ဆက္ကေ၊ ဆက္ကဉ္စ။ စတုသီတိ၊ ၈၄-ပါးကုန်သော ကိလေသာတို့ကို။ မတ္တာ၊ သိအပ်ကုန်၏။

သတ္တကေ၊ သတ္တကဉ္စ။ နဝတာလီသ၊ ၄၉-ပါးကုန်သော ကိလေသာတို့ကို။ မတ္တာ၊ သိအပ်ကုန်၏။

အဋ္ဌကေ၊ အဋ္ဌကဉ္စ။ စတုသဋ္ဌိ၊ ၆၄-ပါးကုန်သော ကိလေသာတို့ကို။ မတ္တာ၊ သိအပ်ကုန်၏။

နဝကေ၊ နဝကဉ္စကား။ ဧကာသီတိ၊ ၈၁-ပါးကုန်သော ကိလေသာတို့ကို။ မတ္တာ၊ သိအပ်ကုန်၏။

ဒသကေ၊ ဒသကဉ္စ။ သတ္တတိ၊ ၇၀-သော ကိလေသာတို့ကို။ မတ္တာ၊ သိအပ်ကုန်၏။

အဋ္ဌာရသကေသု ပန၊ အဋ္ဌာရသကတို့၌ကား။ အဋ္ဌာဓိကသတာနိ၊ ၁၀၈-ပါးကုန်သော ကိလေသာတို့ကို။ မတ္တာ၊ သိအပ်ကုန်၏။ သမူဟတော၊ အပေါင်းအားဖြင့်။ ဧကာဓိကာ၊ ၁-ခု အလွန်ရှိကုန်သော။ အဋ္ဌသတာ၊ ၈၀၀-ကုန်သော ကိလေသာတို့ကို။ ပဏ္ဍိတေဟိ၊ ပညာရှိတို့သည်။ ဝိဇာနိယာ၊ သိအပ်ကုန်၏။ ဤကား အကျဉ်းမှတ်ရန် ဂါထာ။

ထိုစကားရပ်တို့ကို အကျယ်သိလိုလျှင် ခုဒ္ဒကဝိဘင်းပါဠိတော်၊ ၎င်းအဖွင့် သမ္မောဟဝိဘင်းအဋ္ဌကထာ၊ ၎င်းအဖွင့်မူလဋီကာတို့မှာ ကြည့်လေ။ ရတနာပုံရွှေမြို့တော်၊ အနောက်ပြင်၊ ဈေးကလေးရပ်နေ ဒကာငမှိုက "ဧကက, ဒုက-အစရှိသည်ဖြင့် ရေတွက်ပြဆိုခဲ့သော သရုပ်သချ်ာအတိုင်း စေ့ငှအောင် မသိရပါသည်ဖြစ်ပါ၍ ထပ်မံကယ်မသနားတော်မူပါမည့်အကြောင်း"နှင့် လျှောက်ထားသောကြောင့် ကျမ်းဂန်အလာ ဒေသနာနယကို ညွှန်ပြထုတ်ဆောင်၍ ၁၂၄၀-ပြည့်၊ တော်သလင်းလဆန်း၊ ၂-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိ-ရတနာသိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## မန္တလေးမြို့မြောက်ပြင်၊ အမရဋ္ဌာနီရပ်၊ သူရဲဈေးနေ ဒကာမောင်တေ-က အနုဿတိ ၁၀-ပါးနှင့် စပ်လျဉ်း၍ လျှောက်ထားချက်

[၁၆၀] "ဘုရားတပည့်တော် သူရဲဈေးနေ၊ ဒကာငတေ ၃-ထွေသော ဒွါရဖြင့် ညွတ်ခ ရိုကျိုး ရှိခိုးနားတော်လျှောက်ပါသည် ဆရာတော်ဘုရား။

ဗုဒ္ဓါနုဿတိ- အစရှိသော အနုဿတိ ၁၀-ပါးတို့တွင် ဗုဒ္ဓါနုဿတိ အစ, မရဏာနုဿတိ အဆုံးရှိသော အနုဿတိ ၈-ပါးတို့၌သာ အနုသဒ္ဒါ ပါသည်။ ကာယဂတာသတိ, အာနာပါနဿတိ၊ ၂-ပါးတို့၌ အနုသဒ္ဒါ မပါ- အထူးကိုလည်း သိလိုပါသည်။ ကာယဂတာသတိ, အာနာပါနဿတိ ၂-ပါးတို့မှာ အနုသဒ္ဒါ မပါဘဲ အနုဿတိ ၁၀-ပါးဟု ခေါ်သည်- အထူးကိုလည်း နေရာကျ သိမှတ်ပါရအောင် ကယ်မသနားတော်မူပါမည့်အကြောင်းကို လျှောက်ပါသည်ဘုရား"။

၎င်းဒါယကာမောင်တေ လျှောက်ထားချက်အရ အဖြေဝိသဇ္ဇနာ—

[၁၆၀] "အနုဿတိ ၁၀-ပါးတို့တွင် ကာယဂတာသတိ, အာနာပါနဿတိ ၂-ပါး တို့မှာ အနု-သဒ္ဒါမပါဘဲ အထူးအားဖြင့် အနုဿတိ ၁၀-ပါး-ဟု ခေါ်သည်" အထူးကို မေးလျှောက်သည်မှာ ဗုဒ္ဓါနုဿတိ-အစရှိသော အနုဿတိ ၁၀-ပါးတို့တွင် ဗုဒ္ဓါနုဿတိ- အစ, မရဏာနုဿတိ-အဆုံးရှိသော ၈-ပါးတို့၌သာ အနုသဒ္ဒါ ပါသည်။ ကာယဂတာသတိ, အာနာပါနဿတိ ၂-ပါးတို့မှာ အနုသဒ္ဒါ မပါ။ အနုသဒ္ဒါ ပါသည်, မပါသည်၏အထူးကား ဗုဒ္ဓါနုဿတိ၌ "အရဟံ အရဟံ"ဟု ဘုရားဂုဏ်တော်ကို အောက်မေ့ရာ ဘုရားဒြဗ်ကို အာရုံပြုရသည်။ သမ္မာသမ္ဗုဒ္ဓေါ-အစရှိသော ဂုဏ်တော်တို့ကို အောက်မေ့ရာ၌လည်း ဘုရား ဒြဗ်ကို အာရုံပြုရသည်။ ဤနည်းတူ ရာ, ထောင်, သိန်း, သန်း, ကုဋေ အသင်္ချေမကသော ဘုရားဂုဏ်တော်တို့ကို အောက်မေ့ရာ၌လည်း ဘုရားဒြဗ်ကိုပင် အာရုံပြုရသည်။

ဤသို့ တစ်ခုတည်းသော အာရုံ၌သာ အကြိမ်ကြိမ် ထပ်၍ ကျသောကြောင့် ဗုဒ္ဓါ- နုဿတိ-ဟု အနုသဒ္ဒါနှင့် ဟောတော်မူသည်။ ဓမ္မာနုဿတိ-အစ, မရဏာနုဿတိ အဆုံး ရှိသော အနုဿတိ ၇-ပါးတို့၌လည်း ဤနည်းတူ မှတ်ရာ၏။ ကာယဂတာသတိ၌ ၃၂-ပါး ကုန်သော ကောဋ္ဌာသတို့တွင် ဆံပင်ကို အောက်မေ့ဆင်ခြင်ရာ၌ ဆံပင်ကို အာရုံပြုရ သည်။ မွေးညင်းကို အောက်မေ့ဆင်ခြင်ရာ၌ မွေးညင်းကို အာရုံပြုရသည်။ ဤနည်းတူ ခြေသည်း, လက်သည်း-အစရှိသော ကောဋ္ဌာသတို့ကို အောက်မေ့ဆင်ခြင်ရာ၌ ခြေသည်း,

လက်သည်း-စသည်တို့ကိုပင် အသီးအသီး အာရုံပြုရသည်။ ဤသို့ တစ်ခုတည်းသော အာရုံ၌ အကြိမ်ကြိမ် ထပ်၍ မကျ၊ အာရုံအသီးအသီး ပြားသောကြောင့် အနုသဒ္ဒါ မပါဘဲ ကာယဂတာသတိ-ဟူ၍သာ ဟောတော်မူသည်။

အာနာပါနဿတိ၌ ဝင်သက်ကို အောက်မေ့ဆင်ခြင်သောအခါ ဝင်သက်ကိုပင် အာရုံပြုရသည်။ ထွက်သက်ကို အောက်မေ့သောအခါ ထွက်သက်ကိုပင် အာရုံပြုရသည်။ ဤသို့ တစ်ခုတည်းသောအာရုံ၌ ထပ်မကျ။ အာရုံအသီးသီး ပြားသောကြောင့် အနုသဒ္ဒါ မပါဘဲ အာနာပါနဿတိ-ဟူ၍သာ ဟောတော်မူသည်။

ကာယဂတာသတိ, အာနာပါနဿတိတို့မှာ အနုသဒ္ဒါ မပါဘဲ အဘယ်ကြောင့် အနုဿတိ ၁၀-ပါး-ဟု ခေါ်ဝေါ်သနည်းဟူမူ "ခဒိရဝနံ ရှားတော။ သာလဝနံ၊ အင်ကြင်းတော။ ပြာဟ္မဏဂါမော၊ ပုဏ္ဏားရွာ။" ဤသို့ ခေါ်ဝေါ်ရာ၌ ရှားပင်သာ ပေါက်သည် မဟုတ်၊ ရှားပင်မှ တပါးသော သစ်ပင်လည်း ပေါက်သေး၏။ ထိုသို့ ပေါက်သော်လည်း ရှားပင်များသည်ကို စွဲ၍ ရှားတောခေါ်ဝေါ်သကဲ့သို့လည်းကောင်း, အင်ကြင်းပင်သာ ပေါက်သည် မဟုတ်၊ အင်ကြင်းပင်မှ တပါးသော သစ်ပင်လည်း ပေါက်သေး၏။ ထိုသို့ ပေါက်သော်လည်း အင်ကြင်းပင်များသည်ကို စွဲ၍ အင်ကြင်းတော-ဟု ခေါ်ဝေါ်သကဲ့သို့လည်းကောင်း, ပုဏ္ဏားသာ နေသည်မဟုတ်၊ ပုဏ္ဏားများသည်ကို စွဲ၍ ပုဏ္ဏားရွာ ခေါ်ဝေါ်သကဲ့သို့လည်းကောင်း အနုသဒ္ဒါနှင့် ဟောတော်မူသော အရာများသောကြောင့် အနုဿတိ ၁၀-ပါး ခေါ်သည်-ဟု မှတ်ရာ၏။ ၎င်းစကားရပ်ကို နေရာကျ သိလိုလျှင် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ အနုဿတိ-နိဒ္ဒေသတို့မှာ ကြည့်လေ။

သူရဲဈေးနေ၊ ဒကာငတေက "အနုဿတိ ၁၀-ပါးတို့တွင် ကာယဂတာသတိ, အာနာပါနဿတိ ၂-ပါးတို့မှာ အနုသဒ္ဒါ မပါသည်၏အထူး၊ ကာယဂတာသတိ, အာနာ-ပါနဿတိတို့မှာ အနုသဒ္ဒါမပါဘဲ အနုဿတိ ၁၀-ပါး-ဟု ခေါ်သည်၏အထူးကို သိလိုပါသည်"ဟု လျှောက်သောကြောင့် ကျမ်းဂန်အလာ ဒေသနာနယကို ထုတ်ဆောင်၍ ၁၂၄၀-ပြည့်၊ တော်သလင်းလဆန်း၊ ၃-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## ပုစ္ဆာဝိသဇ္ဇနာကဏ္ဍသမုဟ

ပဌမပုစ္ဆာအကြောင်းမှာ စကြဝဠာတပါး၌ ဘုရားဖြစ်,မဖြစ်။

ဒုတိယပုစ္ဆာ အကြောင်းမှာ ပါရမီ ၁၀-ပါးတွင် အဘယ်ပါရမီကို အကြီးအကဲ ဆိုရကြောင်း။

တတိယပုစ္ဆာမှာ အံ့ဖွယ်တော် ၁၈-ပါး။

စတုတ္ထပုစ္ဆာမှာ မင်္ဂလာတရား ၃၈-ပါးတို့၏ သရုပ်သချ်ာ။

ပဉ္စမပုစ္ဆာမှာ မုသာဝါဒ, သုရာမေရယ မဟာသာဝဇ္ဇဖြစ်ဟန်။

ဆဋ္ဌပုစ္ဆာမှာ စိတ္တုပက္ကိလေသတရား ၁၆-ပါး, သံသဂ္ဂ ၅-ပါး, အရပ်ပြစ် ၈-ပါး။

သတ္တမပုစ္ဆာမှာ *ပျားဖွပ်,အံဒီန္နာဒါနိ, နွားသင်းကွပ်၊*ဇရပ်, တန်ဆောင်း, ကျောင်း၊ *စေတီ-တို့ကို ဖျက်ဆီးသောသူ၊ *ငှင်းသူတို့မှာ ကံထိုက်,မထိုက်၊ အပါယ်လား, မလား။

အဋ္ဌမပုစ္ဆာမှာ သာဝကတို့ ပါရမီဖြည့်ရာ ကာလအပိုင်းအခြား။

နဝမပုစ္ဆာမှာ သတ္တဝါ,ဝေနေယျ အထူး။

ဒသမပုစ္ဆာမှာ ဘုရားလောင်းတို့ အင်္ဂါ ၈-ပါး မစုံဘဲ ဗျာဒိတ် ခံသင့်,မခံသင့်၊ ပါရမီ ၁၀-ပါး အပြား ၃၀-သရုပ်၊ ရတနာ ၃-ပါးသို့ ကပ်သောအခါ နှလုံးသွင်းပုံ အကျိုးထူး။

ဧကာဒသမပုစ္ဆာမှာ ဒုဋ္ဌဂါမဏိ, ဝဋ္ဋဂါမဏိမင်း ၂-ပါး၊ မည်သူ အဘ, မည်သူ သား။

ဒွါဒသမပုစ္ဆာမှာ ဇာတိမဒေါ-စသော ၃၇-ပါးသော ကိလေသာ အစရှိသော ဧကက, ဒုက-အစရှိသော ကိလေသာတို့ကို ရေတွက်ပုံ။

တေရသမပုစ္ဆာမှာ အနုဿတိ ၁၀-ပါးတွင် ကာယဂတာသတိ, အာနာပါဏဿတိ ၂-ပါး တို့မှာ အနုဿတိဒ္ဒါ မပါခြင်းအကြောင်း။

ဤသို့ အရပ်ရပ် လူ,ရှင်ရဟန်းတို့ မေးလျှောက်ကြသည့်အတိုင်း ယုံမှားကင်းစိမ့်သောငှာ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိမ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအပ်သော, ပြီးပြွမ်းသော ဝိသဇ္ဇနာရှိသည်၏အဖြစ်ကြောင့် ပကိဏ္ဏကဝိသဇ္ဇနာမည်သော ကျမ်း၌ ၁၅-ပါးသော ဝိသဇ္ဇနာတို့နှင့် ပြည့်စုံသော တတိယတွဲ၊ ဒုတိယပရိစ္ဆေဒကား သက္ကရာဇ် ၁၂၄၀-ပြည့်နှစ်၊ တော်သလင်းလဆန်း၊ ၃-ရက်နေ့ အပြီးအဆုံးသို့ ရောက်သည်။

✪ ✪ ✪ ✪ ✪ ✪

# လယ်တီဆရာတော်

# ပကိဏ္ဏကဝိသဇ္ဇနာကျမ်း

## တတိယတွဲ၊ ၃။ (ဒုတိယပိုင်း၊ ၂။)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### သရက်ဆရာတော်-က "အပ္ပိစ္ဆကထာ"စသော ၁၀-ဂါထာကို လျှောက်ထားချက်

[၁၆၁] "သရက်ဆရာတော် လျှောက်ပါသည် အရှင်သူမြတ်။ အပ္ပိစ္ဆကထာ, သန္တုဋ္ဌိကထာ-စသော ကထာ ၁၀-ပါးတို့ကို ဝတ္ထုသာမက အနက်သဘာဝနှင့်တကွ နေရာကျကျ သိမှတ်ပါရအောင် အမိန့်ရှိပါမည့်အကြောင်းကို လျှောက်ပါသည် အရှင်သူမြတ်"။

၎င်းဆရာတော် လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ—

### ကထာဝတ္ထုအဆုံးအဖြတ်

[၁၆၁] စရာနိ ဒသ သမ္ဗုဒ္ဓံ၊ ကထာဝတ္ထူနိ ဒေသိတံ။
လိခိဿာမိ ဒသကထာ-ဝတ္ထူနာ'ဟံ'ဘိဝန္ဒိယ။ ။

အဟံ၊ ငါသည်။ စရာနိ၊ ခပ်သိမ်းကုန်သော လူ,နတ်,ဗြဟ္မာ သတ္တဝါတို့သည် ဖြောင့်စွာ ကျင့်သုံးအပ်ကုန်သော။ ဒသကထာဝတ္ထူနိ၊ အပ္ပိစ္ဆကထာ-စသော ၁၀-ပါးသော ကထာ

ဝတ္ထုတို့ကို။ ဒေသိတံ၊ ကောင်းစွာ ဟောတော်မူထသော။ သမ္ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ အဘိ-ဝန္ဒိယ အဘိဝန္ဒာမိ၊ ရှိခိုးပါ၏။ အဘိဝန္ဒိယ အဘိဝန္ဒိတွာ၊ ရှိခိုးပြီး၍။ ဒသကထာဝတ္ထုနိ၊ အပ္ပိစ္ဆကထာ-စသော ၁၀-ပါးသော ကထာဝတ္ထုတို့ကို။ လိခိဿာမိ၊ ရေးပေအံ့။

ယာ စ ခေါ အယံ အာနန္ဒ ကထာ အဘိသလ္လေခိကာ စေတောဝိဝရဏသပ္ပါယာ ဧကန္တနိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။ သေယျထိဒံ၊ အပ္ပိစ္ဆကထာ သန္တုဋ္ဌိကထာ ပဝိဝေကကထာ အသံသဂ္ဂကထာ ဝီရိယာရမ္ဘကထာ သီလကထာ သမာဓိကထာ ပညာကထာ ဝိမုတ္တိကထာ ဝိမုတ္တိဉာဏ-ဒဿနကထာ(မ၊၃။၁၅၅)၊ ဧဝံ ဣမေ ပဉ္စဂုဏာ ပရိပူရာ ဒသ ကထာဝတ္ထူနိ ပရိပူရေဿန္တိ။

ဒသ ကထာဝတ္ထူနိ ပရိပူရာနိ တီဏိ သိက္ခာ ပရိပူရေဿန္တိ။ ကထံ ဧတေသု ဟိ အပ္ပိစ္ဆကထာ သန္တောသကထာ အသံသဂ္ဂကထာ သီလကထာတိ ဣမာ စတဿော ကထာ အဓိသီလသိက္ခာသင်္ဂဟိတာယေဝ။ ပဝိဝေကကထာ ဝီရိယာရမ္ဘကထာ သမာ-ဓိကထာတိ ဣမာ တိဿော အဓိစိတ္တသိက္ခာသင်္ဂဟိတာ။ ပညာကထာ ဝိမုတ္တိကထာ ဝိမုတ္တိဉာဏဒဿနကထာတိ ဣမာ တိဿော အဓိပညာသိက္ခာသံဂဟိတာတိ။ ဧဝံ ဒသ ကထာဝတ္ထူနိ ပရိပူရာနိ တိဿော သိက္ခာ ပရိပူရေဿန္တိ။ တိဿော သိက္ခာ ပရိပူရာ ပဉ္စ အသေက္ခဓမ္မက္ခန္ဓေ ပရိပူရေဿန္တိ။ ကထံ ပရိပူရာ ဟိ အဓိသီလသိက္ခာ အသေက္ခော သီလက္ခန္ဓောယေဝ ဟောတိ၊ အဓိစိတ္တသိက္ခာ အသေက္ခော သမာဓိက္ခန္ဓော၊ အဓိပညာသိက္ခာ အသေက္ခာ ပညာ-ဝိမုတ္တိ-ဝိမုတ္တိဉာဏဒဿနက္ခန္ဓာ ဧဝါတိ ဧဝံ တိဿော သိက္ခာ ပရိပူရာ ပဉ္စ အသေက္ခဓမ္မက္ခန္ဓေ ပရိပူရေဿန္တိ။ ပဉ္စ အသေက္ခဓမ္မက္ခန္ဓာ ပရိပူရာ အမတံ နိဗ္ဗာနံ ပရိပူရေဿန္တိ။

သေယျထာပိ ဥပရိပဗ္ဗတေ ပါဝုဿကော မဟာမေဃော အဘိဝုဋ္ဌော ပဗ္ဗတကန္ဒ-ရပဒရသာခါ ပရိပူရေတိ။ တာ ပရိပူရာ ကုသောဗ္ဘေ ကုသောဗ္ဘာ မဟာသောဗ္ဘေ မဟာသောဗ္ဘာ ကုန္နဒိယော၊ ကုန္နဒိယော မဟာနဒိယော၊ မဟာနဒိယော မဟာသမုဒ္ဒ-သာဂရံ ပရိပူရေန္တိ၊ ဧဝမေဝ တဿ ဘိက္ခုနော ဣမေ ပဉ္စ ဂုဏာ ပရိပူရာ ဒသ ကထာဝတ္ထူနိ အာဒိံ ကတွာ ယာဝ အမတံ နိဗ္ဗာနံ ပရိပူရေဿန္တိ။

(မူလပဏ္ဏာသ၊ ဓမ္မဒါယာဒသုတ်အဋ္ဌကထာ၊ ၁။၁၀၁-၂)

အာနန္ဒ၊ အာနန္ဒာ။ အဘိသလ္လေခိကာ၊ လွန်စွာ ကိလေသာကို ခေါင်းပါးစေတတ်သော။ ဝါ၊ ကိလေသာကို လွန်စွာဖြတ်တတ်သော။ စေတောဝိဝရဏသပ္ပါယာ၊ ကုသိုလ်စိတ်ဖြစ်ခြင်းကို ပိတ်ဆို့တားမြစ်တတ်ကုန်သော, နီဝရဏတို့၏ ဝေးသည်၏အဖြစ်ကို ပြုတတ်သော, သမထဝိပဿနာတို့အား လျောက်ပတ်သော။ ဝါ၊ သမထဝိပဿနာစိတ်၏သာလျှင် ထင်သည်၏အဖြစ်ကို ပြုသဖြင့် လျောက်ပတ်စွာ ကျေးဇူးပြုတတ်သော။ ယာ စ ခေါ အယံ

ကထာ၊ အကြင် ၁၀-ပါးသော ကထာသည်။ ဧကန္တနိဗ္ဗိဒါယ၊ စင်စစ် ဝဋ်ဆင်းရဲမှ ငြီးငွေ့ခြင်းငှာ။ ဝိရာဂါယ၊ စင်စစ် ဝဋ်ဆင်းရဲမှ ကင်းခြင်းငှာ။ နိရောဓာယ၊ စင်စစ် ဝဋ်ဆင်းရဲ၏ ချုပ်ခြင်းငှာ။ ဥပသမာယ၊ ကိလေသာတို့၏ ငြိမ်းခြင်းငှာ။ အဘိညာယ၊ အဘိညေယျဓမ္မတို့ကို ထူးသောဉာဏ်ဖြင့် သိခြင်းငှာ။ သမ္ဗောဓာယ၊ မဂ်ဉာဏ်ဖြင့် သစ္စာ ၄-ပါးတို့ကို သိခြင်းငှာ။ နိဗ္ဗာနာယ၊ အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် ငြိမ်းခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်၏။

သေယျထိဒံ၊ ထိုဗြဟ္မစရိယကထာ ၁၀-ပါးဟူသည် အဘယ်နည်း။ အပ္ပိစ္ဆကထာ၊ အပ္ပိစ္ဆ ၄-ပါးနှင့်စပ်သော စကားလည်းကောင်း။ သန္တုဋ္ဌိကထာ၊ သန္တောသ ၁၂-ပါးနှင့် စပ်သော စကားလည်းကောင်း။ ပဝိဝေကကထာ၊ ပဝိဝေက ၃-ပါးနှင့်စပ်သော စကားလည်းကောင်း။ အသံသဂ္ဂကထာ၊ သံသဂ္ဂ ၅-ပါးနှင့် မစပ်သော စကားလည်းကောင်း။ ဝီရိယာ-ရမ္ဘကထာ၊ လုံ့လအားထုတ်ခြင်းနှင့်စပ်သော စကားလည်းကောင်း။ သီလကထာ၊ စတုပါရိ-သုဒ္ဓိသီလနှင့်စပ်သော စကားလည်းကောင်း။ သမာဓိကထာ၊ သမာဓိ ၂-ပါးနှင့်စပ်သော စကားလည်းကောင်း။ ပညာကထာ၊ လောကီပညာ, လောကုတ္တရာပညာနှင့် စပ်သော စကားလည်းကောင်း။ ဝိမုတ္တိကထာ၊ အရိယဖိုလ်နှင့်စပ်သော စကားလည်းကောင်း။ ဝိမုတ္တိ-ဉာဏဒဿနကထာ၊ ပစ္စဝေက္ခဏာဉာဏ် ၁၉-ပါးနှင့်စပ်သော စကားလည်းကောင်း။ ဧဝံ၊ ဤသို့။ ကမေ *ပဉ္စဂုဏာ၊ ဤ ၅-ပါးသော ဂုဏ်တို့သည်။ ပရိပူရာ၊ ပြည့်စုံကုန်သည်ရှိသော်။ ဒသကထာဝတ္ထုနိ၊ ၁၀-ပါးကုန်သော ကထာဝတ္ထုတို့သည်။ ပရိပူရေဿန္တိ၊ ပြည့်စုံကုန်လတ္တံ့။

(*ဤ၌ "ပဉ္စဂုဏာ"ဟူသော ပုဒ်ဖြင့် ပါဠိတော်၌လာသော အပ္ပိစ္ဆတာ, သန္တုဋ္ဌိတာ, သလ္လေခတာ, သုဘရတာ, ဝီရိယာရမ္ဘတာ၊ ဤ ၅-ပါးကို ယူ)။

ဒသကထာဝတ္ထုနိ၊ ၁၀-ပါးကုန်သော ကထာဝတ္ထုတို့သည်။ ပရိပူရာ၊ ပြည့်စုံစေအပ်ကုန်သည်ရှိသော်။ တိဿော သိက္ခာ၊ ၃-ပါးသော သိက္ခာတို့သည်။ ပရိပူရေဿန္တိ၊ ပြည့်ကုန်လတ္တံ့။ ကထံ ပရိပူရေန္တိ၊ အဘယ်သို့ ပြည့်ကုန်သနည်းဟူမူကား။ ဟိ ဝိတ္ထာရေမိ၊ အကျယ်ချဲ့အံ့။ ဧတေသု၊ ဤ ၁၀-ပါးသော ကထာဝတ္ထုတို့တွင်။ အပ္ပိစ္ဆကထာ၊ အပ္ပိစ္ဆကထာလည်းကောင်း။ အသံသဂ္ဂကထာ၊ အသံသဂ္ဂကထာလည်းကောင်း။ သီလကထာ၊ သီလကထာလည်းကောင်း။ သန္တုဋ္ဌိကထာ၊ သန္တုဋ္ဌိကထာလည်းကောင်း။ ဣမာ စတဿော ကထာ၊ ဤ ၄-ပါးသော ကထာတို့ကို။ အဓိသီလသိက္ခာသင်္ဂဟိတာယေဝ၊ အဓိသီလသိက္ခာဖြင့် ရေတွက်အပ်ကုန်သည်သာတည်း။

ပဝိဝေကကထာ၊ ပဝိဝေကကထာလည်းကောင်း။ ဝီရိယာရမ္ဘကထာ၊ ဝီရိယာရမ္ဘကထာလည်းကောင်း။ သမာဓိကထာ၊ သမာဓိကထာလည်းကောင်း။ ဣတိ၊ ဤသို့။ ဣမာ တိဿော၊ ဤ ၃-ပါးသော ကထာတို့ကို။ အဓိစိတ္တသိက္ခာသင်္ဂဟိတာ၊ အဓိစိတ္တသိက္ခာဖြင့်

ရေတွက် အပ်ကုန်၏။ ပညာကထာ၊ ပညာကထာလည်းကောင်း။ ဝိမုတ္တိကထာ၊ ဝိမုတ္တိ-ကထာလည်းကောင်း။ ဝိမုတ္တိဉာဏဒဿနကထာ၊ ဝိမုတ္တိဉာဏဒဿနကထာလည်းကောင်း။ ဣတိ၊ ဤသို့။ ဣမာ တိဿော၊ ဤ ၃-ပါးသော ကထာတို့ကို။ အဓိပညာသိက္ခာသင်္ဂဟိတာ၊ အဓိပညာသိက္ခာဖြင့် ရေတွက်အပ်ကုန်၏။ ဣတိ ဧဝံ၊ ဤသို့။ ဒသကထာဝတ္ထူနိ၊ ၁၀-ပါးသော ကထာဝတ္ထုတို့သည်။ ပရိပူရာ၊ ပြည့်စုံကုန်သည်ရှိသော်။ တိဿော သိက္ခာ၊ ၃-ပါးသော သိက္ခာတို့သည်။ ပရိပူရေယျုံ၊ ပြည့်စုံကုန်လတ္တံ့။ တိဿော သိက္ခာ၊ ၃-ပါးသော သိက္ခာတို့သည်။ ပရိပူရာ၊ ပြည့်စုံကုန်သည်ရှိသော်။ ပဉ္စ အသေက္ခဓမ္မက္ခန္ဓာ(န္ဓေ) ၅-ပါးကုန်သော အသေက္ခဓမ္မအစုတို့သည်။ ပရိပူရေယျုံ၊ ပြည့်စုံကုန်လတ္တံ့။

ကထံ ပရိပူရေယျုံ၊ အဘယ်သို့ ပြည့်စုံကုန်လတ္တံ့နည်းဟူမူကား။ ဟိ၊ ထင်စွာပြဦးအံ့။ အဓိသီလသိက္ခာ၊ အဓိသီလသိက္ခာသည်။ အသေက္ခော၊ အသေက္ခ-ဟု ဆိုအပ်သော။ သီလက္ခန္ဓောယေဝ၊ သီလက္ခန္ဓမည်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ အဓိစိတ္တ-သိက္ခာ၊ အဓိစိတ္တသိက္ခာသည်။ အသေက္ခော၊ အသေက္ခ-ဟု ဆိုအပ်သော။ သမာဓိက္ခန္ဓော၊ သမာဓိက္ခန္ဓ မည်၏။ အဓိပညာသိက္ခာ၊ အဓိပညာသိက္ခာသည်။ အသေက္ခော၊ အသေက္ခ-ဟု ဆိုအပ်သော။ ပညာ-ဝိမုတ္တိ-ဝိမုတ္တိဉာဏဒဿနက္ခန္ဓာ ဧဝ၊ ပညာက္ခန္ဓ, ဝိမုတ္တိက္ခန္ဓ, ဝိမုတ္တိ-ဉာဏဒဿနက္ခန္ဓ မည်သလျှင်ကတည်း။ ဣတိ ဧဝံ၊ ဤသို့။ တိဿော သိက္ခာ၊ ၃-ပါးသော သိက္ခာတို့သည်။ ပရိပူရာ၊ ပြည့်စုံကုန်သည်ရှိသော်။ ပဉ္စ အသေက္ခဓမ္မက္ခန္ဓာ(န္ဓေ) ၅-ပါးသော အသေက္ခဓမ္မအစုတို့သည်။ ပရိပူရေယျုံ၊ ပြည့်စုံကုန်လတ္တံ့။ ပဉ္စ အသေက္ခဓမ္မက္ခန္ဓာ၊ ၅-ပါးသော အသေက္ခဓမ္မအစုတို့သည်။ ပရိပူရာ၊ ပြည့်စုံကုန်သည်ရှိသော်။ အမတံ၊ သေခြင်းကင်းသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ ဝါ၊ နိဗ္ဗာန်သို့။ ပရိပူရေယျုံ၊ ပြည့်စုံကုန်လတ္တံ့။

သေယျထာပိ၊ ဥပမာမည်သည်ကား။ ဥပရိပဗ္ဗတေ၊ တောင်ထိပ်၌။ ပါဝုဿကော၊ အလျဉ်ထန်စွာ ရွာသော။ မဟာမေဃော၊ မိုးကြီးသည်။ အဘိဝုဋ္ဌော၊ ရွာလတ်သည်ရှိသော်။ ပဗ္ဗတကန္ဒရပဒရသာခါ၊ ချောက်,လယ်တို့ကို။ ပရိပူရေတိ၊ ပြည့်စေ၏။ တာ၊ ထိုချောက်,လယ်တို့သည်။ ပရိပူရာ၊ ပြည့်ကုန်သည်ရှိသော်။ ကုသုဗ္ဘေ၊ အိုင်ငယ်တို့ကို။ ပရိပူရေတိ၊ ပြည့်စေ၏။ ကုသုဗ္ဘာ၊ အိုင်ငယ်တို့သည်။ ပရိပူရာ၊ ပြည့်ကုန်သည်ရှိသော်။ မဟာသုဗ္ဘေ၊ အိုင်ကြီးတို့ကို။ ပရိပူရေတိ၊ ပြည့်စေ၏။ မဟာသုဗ္ဘာ၊ အိုင်ကြီးတို့သည်။ ပရိပူရာ၊ ပြည့်ကုန်သည်ရှိသော်။ ကုန္နဒိယော၊ မြစ်ငယ်တို့ကို။ ပရိပူရေန္တိ၊ ပြည့်စေကုန်၏။ ကုန္နဒိယော၊ မြစ်ငယ်တို့သည်။ ပရိပူရာ၊ ပြည့်ကုန်သည်ရှိသော်။ မဟာနဒိယော၊ မြစ်ကြီးတို့ကို။ ပရိပူရေန္တိ၊ ပြည့်စေကုန်၏။ မဟာနဒိယော၊ မြစ်ကြီးတို့သည်။ ပရိပူရာ၊ ပြည့်ကုန်သည်ရှိသော်။ မဟာသမုဒ္ဒ-သာဂရံ၊ များစွာသောရေတို့၏ အစုဖြစ်သော သမုဒ္ဒရာကို။ ပရိပူရေန္တိ၊ ပြည့်စေကုန်၏။

ဧဝမေဝ၊ ဤအတူလျှင်။ တဿ ဘိက္ခုနော၊ ထိုရဟန်းအား။ ကမေ ပဉ္စဂုဏာ၊ ဤအပ္ပိစ္ဆတာ, သန္တုဋ္ဌိတာ, သလ္လေခတာ, သုဘရတာ, ဝီရိယာရမ္ဘတာ-ဟူသော ဂုဏ် ၅-ပါး တို့သည်။ ပရိပူရာ၊ ပြည့်ကုန်သည်ရှိသော်။ ဒသကထာဝတ္ထူနိ၊ ၁၀-ပါးကုန်သော ကထာဝတ္ထုတို့ကို။ အာဒိ ကတ္ဝာ၊ အစပြု၍။ ယာဝ၊ အကြင်မျှလောက်။ အမတံ၊ သေခြင်းကင်းသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ပရိပူရေန္တိ၊ ပြည့်စုံစေကုန်၏။

----- x -----

## အပ္ပိစ္ဆကထာ

ထို ၁၀-ပါးသော ကထာဝတ္ထုတို့တွင် အပ္ပိစ္ဆကထာ-ဟူသော ပုဒ်၌ အပ္ပိစ္ဆ ၄-ပါး ဟူသည်ကား ပစ္စယအပ္ပိစ္ဆ, ဓုတင်္ဂအပ္ပိစ္ဆ, ပရိယတ္တိအပ္ပိစ္ဆ, အဓိဂမအပ္ပိစ္ဆ၊ ဤသို့ ၄-ပါး တည်း။ ထို ၄-ပါးတို့တွင်–

ပစ္စည်း ၄-ပါးတို့၌ ရောင့်ရဲခြင်းသည် ပစ္စယအပ္ပိစ္ဆ မည်၏။ ထိုပစ္စယအပ္ပိစ္ဆနှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် အလှူဒါယကာ၏ အလိုကို သိခြင်း, ပစ္စည်း၏အလိုကို သိခြင်း, မိမိ၏အတိုင်းအရှည်ကို သိခြင်း၊ ၃-ပါးဖြင့် အပ္ပိစ္ဆအဖြစ်သို့ ရောက်၏။

ထိုစကား၌ အလှူဝတ္ထုကား များ၏။ အလှူဒါယကာကား သဒ္ဓါတရား နည်း၏။ ဒါယကာ၏ သဒ္ဓါတရားကို ရှု၍ အနည်းငယ်မျှသော ပစ္စည်းကိုသာ ခံယူသဖြင့် အပ္ပိစ္ဆအဖြစ် သို့ ရောက်၏။

အလှူဝတ္ထုကား အားနည်း၏။ အလှူဒါယကာ သဒ္ဓါအားကြီး၏။ အလှူဝတ္ထု အားနည်းသည်ကို ရှု၍ အနည်းငယ်မျှသော ပစ္စည်းကိုသာ ခံယူသဖြင့် အပ္ပိစ္ဆအဖြစ်သို့ ရောက်၏။

အလှူဝတ္ထုလည်း များ၏။ အလှူဒါယကာလည်း သဒ္ဓါတရား အားကြီး၏။ ပစ္စည်း, သဒ္ဓါတရားကို မရှုဘဲ မိမိအားနှင့် လျော်ကပ်သော ပစ္စည်းကိုသာ ခံယူခြင်းသည် အပ္ပိစ္ဆ ဖြစ်၏။ ဤသို့ ပစ္စယအပ္ပိစ္ဆကို သိအပ်၏။

ဓုတင်္ဂအပ္ပိစ္ဆ-ဟူသည်ကား မိမိ၌ ဆောက်တည်အပ်သော ဓုတင်တရားကို သူတပါး တို့အား မသိစေလိုသောအဖြစ်သည် ဓုတင်္ဂအပ္ပိစ္ဆ မည်၏။ ဤဓုတင်္ဂအပ္ပိစ္ဆ၌ သောသာနိက မဟာသုမနထေရ်၏ဝတ္ထု, စေတိယတောင်၌ ရဟန်းညီနောင်တို့ ဝတ္ထုဖြင့် သိရာ၏။ အကျယ်ကား မဟာသုမနထေရ်သည် အဝါ ၆၀-ကာလပတ်လုံး သုသာန်ဓုတင်ကို ဆောက်တည် သော်လည်း ၁-ယောက်သော အဖော်ရဟန်းကိုမျှ မသိစေရ။ ဤမျှလောက် လျှို့ဝှက်၏။

ထို့ကြောင့်–

သုသာနေ သဋ္ဌိဝဿာနိ၊ အဗ္ဗောကိဏ္ဏော ဝသာမ'ဟံ။
ဒုတိယော မံ န ဇာနေယျ၊ အယော သောသာနိကု'တ္တမော။ ။

ဟူသော ဤဂါထာကို ရွတ်၏။

ဒုတိယော၊ အဖော်ဖြစ်သော ရဟန်းသည်။ မံ၊ ငါ့ကို။ န ဇာနေယျ၊ မသိစေလို။ ဣတိ၊ ဤသို့။ သဋ္ဌိဝဿာနိ၊ အနှစ် ၆၀-တိုင်အောင်ပတ်လုံး။ အဗ္ဗောကိဏ္ဏော၊ သူတပါးနှင့် မပြွမ်းသည်ဖြစ်၍။ သုသာနေ၊ သုသာန်၌။ အဟံ၊ ငါသည်။ ဝသာမိ၊ နေ၏။ ဥတ္တမော၊ မြတ်သော။ သောသာနိကော၊ သုသာန်ဓုတင်သည်။ အယော၊ အံ့ဖွယ်ရှိလှ၏။

စေတိယတောင်၌ ရဟန်းညီနောင် ၂-ယောက်တို့သည် သီတင်းသုံးနေကြကုန်၏။ တနေ့သ၌ ညီရဟန်းသည် အလုပ်အကျွေး ဒါယကာတို့ ကြံ-လျှုလာသည်ကို အစ်ကိုရဟန်းအား ကပ်လေလျှင် ဆွမ်းဘုဉ်းပေးပြီးဖြစ်၍ "ငါ့ရှင်၊ တန်ပြီ"ဟု ဆိုလျှင် "အရှင်ဘုရား၊ ဧကာသနိက်ဓုတင် ဆောက်တည်သလော"ဟု မေး၍ အစ်ကိုမထေရ်သည် အနှစ် ၅၀-ပတ်လုံး ကျင့်ဆောက်တည်အပ်သော ဧကာသနိက်ဓုတင်ကို လျှို့ဝှက်သဖြင့် မသိစေလို၍ ကြံကို သုံးဆောင်ပြီးမှ ခံတွင်းကို ဆေး၍ ဓုတင်ကို အသစ်ဆောက်တည်ပြန်လေသည်။

ပရိယတ္တိအပ္ပိစ္ဆ-ဟူသည်ကား ပိဋကတ် ၃-ပုံကိုပင် တတ်သော်လည်း သူတပါးတို့ မသိစေလိုသော အဖြစ်သည် ပရိယတ္တိအပ္ပိစ္ဆ မည်၏။ ဤပရိယတ္တိအပ္ပိစ္ဆ၌ သာကေတပြည်၌ သာကေတတိဿမထေရ်၏ ဝတ္ထုဖြင့် သိရာ၏။

အကျယ်ကား ထိုသာကေတမထေရ်သည် မိမိ၏ ဗဟုဿုတအဖြစ်ကို မသိစေလိုသဖြင့် ပါဠိသင်ခြင်း, အဋ္ဌကထာသင်ခြင်းဖြင့် အခွင့်တောင်းကုန်သော တပည့်ရဟန်းတို့အား အခွင့်ကို မပေးသောကြောင့် "အရှင်ဘုရားမှာ သေမှပင် အခွင့်ရတော့မည်"ဟု စောဒနာလေလျှင် အပေါင်းအဖော်ကို ဖဲ၍ ကဏိကာရဝါလိကသမုဒ္ဒကျောင်းတိုက်သို့ သွားလေ၍ ထိုကျောင်း၌ ဝါသို့ ကပ်လေ၍ ကျောင်းနေ ရဟန်းတို့အား ကျေးဇူးများသည်ဖြစ်၍ မဟာပဝါရဏာနေ့၌ လူအပေါင်းတို့အား တရားပြသ ဆုံးမဩဝါဒပေး၍ မိမိ တရားဟောပုဂ္ဂိုလ်၏ အဖြစ်ကို သိမည်စိုးသောကြောင့် ပရိဝုဏ်သို့ ပြန်လေသည်။

အဓိဂမအပ္ပိစ္ဆ-ဟူသည်ကား မိမိ၌ရသော ဈာန်,မဂ်,ဖိုလ်တရားကို မသိစေလိုသော အဖြစ်သည် အဓိဂမအပ္ပိစ္ဆ မည်၏။ ဤအဓိဂမအပ္ပိစ္ဆ၌ မဇ္ဈန္တိကထေရ်, စိတ္တလပဗ္ဗတတောင်၌ သီတင်းသုံးသော ရဟန္တာထေရ်၊ သီဟိုဠ်ကျွန်း၌ မင်္ဂလဝါသိခုဇ္ဇတိဿထေရ်၊ ပါစီနဝံသဒါယ၌ အမျိုးသား ၃-ယောက်တို့ ဝတ္ထုဖြင့် သိရာ၏။

အကျယ်ကား မဇ္ဈန္တိကမည်သော ရဟန္တာအရှင်မြတ်သည် မိမိသုံးဆောင်သော ပရိက္ခရာကား ၁-မတ်မျှ အဖိုးထိုက်တန်၏။ ထိုမဇ္ဈန္တိကထေရ်သည် ဓမ္မာသောကမင်းကြီး ကျောင်းလှူသောနေ့၌ သံဃထေရ် ဖြစ်၏။ လူတို့သည် အလွန်ခေါင်းပါးသော သင်္ကန်း, သပိတ်-စသော ပရိက္ခရာကို မြင်လျှင် ရဟန္တာအရှင်မြတ်-ဟု မထင်မှတ်သောကြောင့် "အရှင်ဘုရား၊ အပသို့ ဖဲ၍ ဆိုင်းငံ့တော်မူပါ"ဟု လျှောက်ထားကြကုန်၏။ မဇ္ဈန္တိကမထေရ်လည်း "ငါကဲ့သို့သော ရဟန္တာပုဂ္ဂိုလ်မှ ဤမင်းကြီးအား မချီးမြှင့်သော် အဘယ်သူတို့ ချီးမြှင့်ခြင်းကို ပြုနိုင်အံ့တော့နည်း"ဟု မြေ၌ ငုပ်လျှိုး၍ သံဃထေရ်အား ရောက်သော ဆွမ်းဦးကို ခံလျက် မြေမှ ပေါ်လေသည်။ မိမိ၏ ရဟန္တာအဖြစ်ကိုသော်လည်း မသိစေဘဲ အလွန် လျှို့ဝှက်၏။

စိတ္တလတောင်၌ နေသော ရဟန္တာမထေရ်အား လုပ်ကျွေးသော ရဟန်းကြီး ၁-ယောက်သည် တစ်နေ့သ၌ အရိယာပုဂ္ဂိုလ်တို့ အဖြစ်ကို မသိ၍ "အရှင်ဘုရား၊ အရိယာပုဂ္ဂိုလ်မည်သည် အဘယ်သို့ သဘောရှိသနည်း"ဟု မေးလျှောက်လေလျှင် "ငါ့ရှင်၊ အရိယာတို့မည်သည် မိမိနောက်၌ အစဉ်မပြတ် လိုက်၍ပင် နေငြားသော်လည်း ဤသူကား အရိယာပင်တည်း-ဟု အလွန်သိနိုင်ခဲ၏"ဟု မိန့်တော်မူလေသည်။ "ငါ့ရှင်၊ ငါပင် ရဟန္တာ" ဟူ၍ကား မဆို။

သီဟိုဠ်ကျွန်း၌ ခုဇ္ဇတိဿထေရ်မှာလည်း မိမိနေရာမှ ၅-ယူဇနာကွာသော အရပ်၌ သဒ္ဓါတိဿအမည်ရှိသော မင်းကြီးသည် ခုဇ္ဇတိဿမထေရ်၏ ကျေးဇူးသိတင်း၌ ကြည်ညို သည်ဖြစ်၍ ထိုခုဇ္ဇတိဿမထေရ်၏အထံသို့ ပူဇော်သက္ကာ ပြုအံ့သောငှာ လာလေ၏။ အုတ်အုတ်ကျက်ကျက်သော အသံကို ခုဇ္ဇတိဿမထေရ် ကြား၍ ရဟန်းတို့အား မေးသော် "အရှင်ဘုရားကို ပူဇော်အံ့သောငှာ သဒ္ဓါတိဿမင်းကြီး ရောက်လာသတည်း"ဟု ဆိုကြကုန်၏။ ထိုအခါ ခုဇ္ဇတိဿမထေရ်သည် ဤသို့ ကြံအောက်မေ့၏။ "ငါ့အား အိုမင်းထိုင်းမှိုင်း ၍ အရွယ်လွန်သောကာလမှ ရွှေအိမ်ရွှေနန်း ကူးသန်းသွားလာ ဆက်ဆံရသဖြင့် အဘယ်မူ စအံ့နည်း"ဟု မြေ၌ လက်ဖြင့် ရေးခြစ်သည်ပြု၍ နေလေ၏။

သဒ္ဓါတိဿမင်းကြီးလည်း ခုဇ္ဇတိဿမထေရ်၏အထံသို့ ချဉ်းကပ်လေလျှင် မြေ၌ လက်ဖြင့် ရေးခြစ်သည်ကို မြင်၍ "ရဟန္တာပုဂ္ဂိုလ်တို့ မည်သည်ကား ဟတ္ထကုက္ကုစ္စ, ပါဒ-ကုက္ကုစ္စ မည်သည် မရှိ။ ဤအရှင်ကား ရဟန္တာမဟုတ်"ဟု ရှိခိုး၍ ပြန်လေသည်။ ရဟန်းတို့ လည်း ခုဇ္ဇတိဿမထေရ်ကို ဤသို့ ဆိုကြကုန်၏။ "အရှင်ဘုရား၊ ဤမျှလောက် အထူးသဖြင့် သဒ္ဓါကြည်ညိုခြင်းရှိသော မင်းကြီးအား အဘယ်ကြောင့် နှလုံးမသာယာခြင်းကို ဖြစ်*(စေ)*ဘိ သနည်း"ဟု ဆိုကြကုန်သော် "ငါ့ရှင်တို့၊ သဒ္ဓါတိဿမင်း၏ သဒ္ဓါတရားကို စောင့်ရှောက်ခြင်း

သည် ငါ့ရှင်တို့ အရာမဟုတ်။ ငါ၏ဝန် ဖြစ်ပေသည်”ဟု မိန့်တော်မူ၍ ပရိနိဗ္ဗာန် ပြုခါနီး၌ ရဟန်းတို့ကို ခေါ်၍ “ငါ့ရှင်တို့ ငါ၏ပြာသာဒ်၌ အလောင်းတင် ညောင်စောင်း ၂-ခု ခင်းဘိ” ဟု မိန့်တော်မူပြီးမှ “ဤအလောင်းတင် ပြာသာဒ်သည် ၅-ယူဇနာတွင်း၌ တန့်ရပ်ခြင်းမရှိဘဲ ကောင်းကင်ခရီးဖြင့် သွားလေ၍ သဒ္ဓါတိဿမင်းကြီး မြင်သောခဏ၌ မြေသို့ သက်စေသတည်း”ဟု မိဋ္ဌာန်တော်မူ၍ ပရိနိဗ္ဗာန်ပြုတော်မူလေ၏။

ရဟန်းတို့လည်း ဤအလောင်းတော်ကို တစ်ခုသော ညောင်စောင်း၌ တင်ထားပေ၏။ ပြာသာဒ်သည် ၅-ယူဇနာအရပ်သို့ ကောင်းကင်ခရီးဖြင့် ပျံကြွလေ၏။ ၅-ယူဇနာ ခရီး၌ သစ်ပင်တို့သည် တံခွန်ဆောက်သကဲ့သို့ တည်လေ၏။ ချို, နွယ်-အစရှိသည်တို့သည် ပြာသာဒ်သို့ ရှေ့ရှုပူဇော်သကဲ့သို့ ညွတ်၍ တည်ကုန်သည်။ ပြာသာဒ်သည် သဒ္ဓါတိဿမင်းကြီး နေရာအရပ်သို့ ရောက်လေလျှင် ထူပါရုံစေတီတော်ကို လက်ယာရစ်လှည့်ပြီးမှ သေလစေတီအထက်၌ တည်လေသည်။ သေလစေတီသည် အဆောက်အဦးနှင့်တကွ ပျံ၍ ပြာသာဒ်၏အထက်၌ ဆင့်၍ တည်လေသည်။ သဒ္ဓါတိဿမင်းကြီးအားလည်း ခုဇ္ဇတိဿ မထေရ် ပရိနိဗ္ဗာန်ပြုတော်မူ၍ ပြာသာဒ်နှင့်တကွ ကောင်းကင်သို့ ပျံလာကြောင်းကို သတင်းစကား ကြားလတ်၏။

မင်းကြီးလည်း ထိုစကားကို မယုံကြည်သေးဖြစ်၍ ကိုယ်တိုင်ပင် ထွက်လေ၏။ ပြာသာဒ်တည်ရာ အရပ်၌ကား ပရိသတ်တို့ ကောင်းချီးပေးသော အသံသည် အုတ်အုတ် ကျက်ကျက် တခဲနက်ဖြစ်၍ တည်၏။ ထိုအခါ သေလစေတီ၏ အနီး၌ လောဟပါသာဒ မည်သော ဘုံ ၇-ဆင့်ရှိသော ပြာသာဒ်၌ သီတင်းသုံးနေသော ဗျဂ္ဃမထေရ်သည် ရဟန်းတို့အား ဝိနည်းကံကို ပြု၍နေစဉ် ထိုအုတ်အုတ်ကျက်ကျက်သော အသံကို ကြား၍ ရဟန်းတို့အား “အဘယ်အသံနည်း”ဟု မေးလတ်သော် “မင်္ဂလဝါသိခုဇ္ဇတိဿမထေရ် ပရိနိဗ္ဗာန်ပြု၍ ပြာသာဒ်နှင့်တကွ ၅-ယူဇနာအရပ်သို့ ကောင်းကင်ခရီးဖြင့် လာ၍ သေလစေတီ၌ တည်သည်ကို များစွာသော ပရိသတ်တို့ သာဓုကောင်းချီးပေးသော အသံ”ဟု လျှောက်ထားကြလေကုန်၏။

ဗျဂ္ဃမထေရ်သည် “ငါ့ရှင်တို့ ဘုန်းရှိသောသူတို့ကို အမှီပြု၍ ငါ့အား ပူဇော်သက္ကာရကို ရအံ့”ဟု တပည့်အပေါင်းတို့ကို ပူဇော်ကန်တော့စေပြီးမှ ကောင်းကင်သို့ ပျံကြွလေ၍ ထိုပြာသာဒ်သို့ ဝင်ပြီးလျှင် ဒုတိယညောင်စောင်း၌ လျောင်း၍ ပရိနိဗ္ဗာန်ပြုလေ၏။ သဒ္ဓါ-တိဿမင်းကြီးလည်း ထိုအရပ်သို့ လာလတ်၍ ပန်း, နံ့သာ-စသည်ဖြင့် ပူဇော်သောခဏ၌ ပြာသာဒ်သည် မြေသို့ သက်၍ တည်လေ၏။ မင်းကြီးလည်း ဖုတ်ကြည်းခြင်းကိစ္စကို ပြု၍ ဓာတ်တော်တို့ကို စေတီတည်လေသည်။

ပါစိနဝံသဒါယ၌ အမျိုးသား ၃-ယောက်တို့သည် အတူတကွပင် နေလှည့်ပြား သော်လည်း မိမိသန္တာန်၌ သိအပ်,ရအပ်သော လောကုတ္တရာတရားကို အချင်းချင်း မသိစေဘဲ လျှို့ဝှက်ကြလေသည်။ ထိုအပ္ပိစ္ဆတရား ၄-ပါးမှ ပြန်သောအားဖြင့် ပါပိစ္ဆ, မဟိစ္ဆ, အတြိစ္ဆတရား ၃-ပါးတို့ကို သိရာ၏။

ထို ၃-ပါးတို့တွင် မိမိ၌ ထင်ရှားမရှိသော ဂုဏ်ကို ပြ၍ ပလွှားဝါကြွားခြင်း, ပစ္စည်းကို ခံခြင်း၌ အတိုင်းအရှည်ကို မသိခြင်းသည် ပါပိစ္ဆ မည်၏။ ဤလောက၌ အချို့ကုန်သော သူတို့သည် 'ပါပိစ္ဆတရားနှင့် ပြည့်စုံကုန်သော ပုဂ္ဂိုလ်သည် သဒ္ဓါတရားမရှိဘဲ သဒ္ဓါတရား ရှိသကဲ့သို့ သူတပါးကို သိစေလိုသည်၏အဖြစ်, ပညာမရှိဘဲ ပညာရှိသကဲ့သို့ သူတပါးကို သိစေလိုသည်၏အဖြစ်ကို' ပြုတတ်*(ကုန်)*၏။ ထိုပါပိစ္ဆတရားနှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် ကုဟန, လပနအဖြစ်သို့ ရောက်၏။

မိမိ၌ ထင်ရှားရှိသောဂုဏ်ကို ပြ၍ ပလွှားဝါကြွားခြင်းသည် မဟိစ္ဆ မည်၏။ ဤလောက၌ အချို့သောသူတို့သည် သဒ္ဓါတရားရှိသည်ဖြစ်လျက် မိမိ၌ သဒ္ဓါတရားရှိသည်၏ အဖြစ်ကို သူတပါးတို့ သိစေလိုခြင်း, ပညာတရားရှိလျက် မိမိပညာတရားရှိသည်၏အဖြစ်ကို သူတပါးတို့ သိစေလိုခြင်းကို ပြုတတ်၏။ ထိုမဟိစ္ဆတရားနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် အလွန်ရောင့်ရဲနိုင်ခဲ၏။ မိမိကို မွေးသော အမိသော်လည်း မိမိစိတ်ကို နှစ်သက်စေခြင်းငှာ မတတ်နိုင်ရာ။

မိမိရသော လာဘ်ဖြင့် မရောင့်ရဲသည်ဖြစ်၍ သူတပါးတို့ လာဘ်ကို တောင့်တခြင်းသည် အတြိစ္ဆ မည်၏။ ထိုအတြိစ္ဆနှင့် ပြည့်စုံသောသူသည် တစ်ခုသောအိုး၌ ချက်သော မုန့်ကိုသော်လည်း မိမိ၌ရောက်သော မုန့်သည် ကောင်းစွာ မကျက်သကဲ့သို့ သူတပါးတို့၌ ရောက်သောမုန့်သည် ကောင်းစွာကျက်သကဲ့သို့ ထင်တတ်၏။ တစ်စင်တည်း ယှဉ်၍ ရက်သဖြင့် အလယ်၌ ပိုင်းဖြတ်၍ လှူအပ်သော သက်န်းလျာ, ပုဆိုး-စသည်တို့၌လည်း မိမိ၌ ရသော ဖျင်ပုဆိုးသည် အသားညံ့၍ အလျား,အနံ သေးသကဲ့သို့ သူတပါး၌ ရောက်သော ဖျင်ပုဆိုးသည် အသားကောင်း၍ အနံ,အလျား ကြီးသကဲ့သို့ ထင်တတ်၏။ ။

**အပ္ပိစ္ဆကထာ ပြီး၏။**

----- x -----

## သန္တောသကထာ

သန္တုဋ္ဌိကထာ-ဟူသောပုဒ်၌ သန္တောသ ၁၂-ပါးတည်း။

*[ တတိယတွဲ(လုံးတော်)၊ တတိယပိုင်း၊ ပုဒ်မ ၁၆၁-မှ ဤ 'သန္တောသကထာ'အတွက် အဖြေကို ဒုတိယတွဲ(လုံးတော်)၊ စတုတ္ထပိုင်း၊ ပုဒ်မ-၁၂၄၊ စာမျက်နှာ ၉၈၀-တွင် ပြန်ရှုရန်။ ]*

သန္တောသကထာ ပြီး၏။

----- x -----

## ဝိဝေကကထာ

ပဝိဝေကကထာ-ဟူသော ပုဒ်၌ ဝိဝေက ၃-ပါးဟူသော်ကား–

ကာယဝိဝေက စိတ္တဝိဝေက ဥပဓိဝိဝေက–

ဟူ၍ ၃-ပါးတည်း။ ထို ၃-ပါးတို့တွင်–

- တစ်ယောက်တည်း ထိုင်ခြင်း, တစ်ယောက်တည်း ရပ်ခြင်း, တစ်ယောက်တည်း သွားခြင်း, တစ်ယောက်တည်း အိပ်ခြင်း, တစ်ယောက်တည်း ဆွမ်းခံခြင်း, တစ်ယောက်တည်း ဆွမ်းခံရာမှ ဖဲခြင်း, တစ်ယောက်တည်း စင်္ကြံသွားခြင်း, တစ်ယောက်တည်း နေခြင်းသည် ကာယဝိဝေက မည်၏။
- သမာပတ် ၈-ပါးသည် စိတ္တဝိဝေက မည်၏။
- နိဗ္ဗာန်သည် ဥပဓိဝိဝေက မည်၏။ ဤသို့ ဝိဝေက ၃-ပါးတည်း။

ဝိဝေကကထာ ပြီး၏။

----- x -----

## ဒဿနသံသဂ္ဂ

အသံသဂ္ဂကထာ-ဟူသောပုဒ်၌ သံသဂ္ဂ ၅-ပါးဟူသော်ကား–

ဒဿနသံသဂ္ဂ သဝနသံသဂ္ဂ သမုလ္လပနသံသဂ္ဂ

ပရိဘောဂသံသဂ္ဂ ကာယသံသဂ္ဂ၊

ဤသို့ ၅-ပါးတည်း။ ထို ၅-ပါးတွင်–

ဒဿနသံသဂ္ဂ-ဟူသည်ကား အဆင်းသဏ္ဌာန် ကြန်အင်လက္ခဏာ အင်္ဂါကြီး,ငယ်တို့ဖြင့် ပြည့်ဖြိုးလှပတင့်တယ် ရှုချင်ဖွယ်, နှစ်သက်မြတ်နိုးဖွယ်သော မိန်းမ, သတို့သမီးငယ်တို့ကို မြင်လျှင်, တပါးသောစစ်သည်တွင် ပါလာသော ဗိုလ်ပါ, ဆင်, မြင်း, ဒိုင်း, ကာ, လှံ, ဓား, လေး, မြား-စသော အဆောက်အဦး၊ ကျင်ကြီး,ကျင်ငယ် စွန့်သည့် ဌာန-စသည်တို့ကို မြင်လျှင် ရှေ့သို့ တက်ခြင်းငှာ မဝံ့ဘဲ နောက်သို့သာ တရွေ့ရွေ့ ဆုတ်သော စစ်ထိုးသော ဆင်ကဲ့သို့ မိမိစိတ်ကို ဘုရားအဆုံးအမ-တည်းဟူသော ကောင်းသော အာရုံ၌ မညွတ်ဘဲ တရွေ့တရွေ့ ဆုတ်နစ်ခြင်းသို့ ရောက်၍ မြတ်သော အကျင့်သိက္ခာပုဒ်ကို ခိုင်ခံ့စွာ တည်စေခြင်းငှာ မတတ်နိုင်သောကြောင့် သာသနာမှ ဆုံးရှုံးရွေ့လျော ပျက်စီးခြင်းသို့ ရောက်သော စက္ခုဝိညာဏဝီထိစိတ်အစွမ်းဖြင့် ဖြစ်သော ရာဂသည် ဒဿနသံသဂ္ဂ မည်၏။

ထိုဒဿနသံသဂ္ဂ၌ စိတ္တလပဗ္ဗတကျောင်း၌ ဥပုသ်အိမ်တွင် ပန်းချီဆေးရုပ်ကို မြင်၍ သေသော ဘိက္ခုနီမဝတ္ထု, လောဟပါသာဒမည်သော ပြာသာဒ်တံခါး၌ မာတုဂါမကို မြင်သော ရဟန်းငယ်, ထိုရဟန်းငယ်ကို မြင်ကြသော မိန်းမတို့ သေကြသောဝတ္ထု, ကာလဒီဃဝါပိကျောင်း၌ ဥဒ္ဒေသသင်သော ရဟန်းငယ်ကို မြင်၍ သေသော ကာလဒီဃဝါပိရွာသူ ဒကာမတို့ဝတ္ထုဖြင့် သိရာ၏။

အကျယ်ကား စိတ္တလပဗ္ဗတကျောင်းတိုက်၌ ဘိက္ခုနီမတို့သည် ဥပုသ်ပြုအံ့သောငှာ ဥပုသ်အိမ်သို့ လာကြကုန်၏။ ဘိက္ခုနီမ ၁-ယောက်သည် ဥပုသ်အိမ် တံခါး၌ သစ်သား ပန်းချီဆေးရုပ်ကို မြင်၍ တပ်သောစိတ်ဖြင့် တစိမ့်စိမ့် ကြည့်လေလျှင် ကိုယ်တွင်း၌ ရာဂတည်း-ဟူသော မီးသည် ပြင်းစွာဖြစ်လတ်၍ ထိုရာဂမီးကြောင့်ဖြစ်သော တေဇောဓာတ်သည် အလွန်ထက်သည်၏အဖြစ်ဖြင့် မိမိနှင့် သဟဇာတဖြစ်သော တရားတို့သည် နှလုံးအရပ်ကို လောင်လေလျှင် ဗာဟိရတေဇောဓာတ်သည် ပြင်းစွာဖြစ်၍ သေလေ၏။

ဘိက္ခုနီမတို့သည် သွားလိုကုန်သည်ဖြစ်၍ "ဤမည်သော ဘိက္ခုနီမငယ်ကို ခေါ်ကြကုန်"ဟု ဆိုသဖြင့် ဘိက္ခုနီမ ၁-ယောက်သည် ထိုအရပ်သို့ သွား၍ "အဘယ်ကြောင့် ရပ်နေဘိသနည်း"ဟု လက်ကို ကိုင်သောခဏ၌ လဲလေသည်။

သဒ္ဓါတိဿမင်းကြီးသည် တစ်နေ့သ၌ မင်းမောင်းမအပေါင်း ခြံရံလျက် ကျောင်းသို့ သွားလေလျှင် ရဟန်းငယ် ၁-ယောက်သည် လောဟပါသာဒမည်သော ပြာသာဒ်တံခါး၌ ရပ်၍ ၁-ယောက်သော မာတုဂါမကို ကြည့်လတ်၏။ ထိုမာတုဂါမသည်လည်း ထိုရဟန်းကို ကြည့်လေ၏။ ထိုရဟန်းငယ်နှင့် မာတုဂါမ ၂-ဦးသားတို့သည် ကိုယ်တွင်း၌ ပြင်းစွာ တည်သော ရာဂတည်းဟူသော မီးလောင်လတ်၍ ထိုအရပ်တွင်ပင် သေကြလေကုန်၏။

ကလျာဏီကျောင်းမှ ပဥ္စင်းငယ် ၁-ယောက်သည် ကာလဒီယဝါပိကျောင်းသို့ ဥဒ္ဒေသသင်အံ့သောငှာ သွားလေ၍ ကျောင်းနေ ဆရာရဟန်း၏အထံ၌ ခွင့်တောင်းလေလျှင် ထိုရဟန်းငယ်၏ ဗြဟ္မစရိယအန္တရာယ်ကို မြင်၍ အခွင့်မပေးခဲ့သော် အကြိမ်ကြိမ် လျှောက်ထားသဖြင့် "အကယ်၍ ကျောင်း၌ နေသမျှကာလပတ်လုံး ဤကာလဒီယဝါပိရွာ၌ ဆွမ်းခံမဝင်သည် ဖြစ်အံ့၊ ဥဒ္ဒေသကို သင်ရအံ့"ဟု အခွင့်ပေး၏။

ထိုရဟန်းငယ်လည်း "ကောင်းပြီ"ဟု ဝန်ခံ၍ ထိုကျောင်း၌ ဥဒ္ဒေသ သင်လေသည်။ ဥဒ္ဒေသသင်ခြင်းကိစ္စ ပြီးလတ်သော် ဆရာကို ပူဇော်ခဲ့၍ "ငါ့အား ဤရွာတွင်းသို့ ဝင်ခြင်းသည် အဘယ်အန္တရာယ်ကို မြင်၍ ဆရာသည် တားမြစ်လေသနည်း"ဟု ထိုအကြောင်းကို သိလို၍ ကာလဒီယဝါပိရွာသို့ ဆွမ်းခံဝင်လေသည်။

ထိုအခါ တစ်ယောက်သော အမျိုးသမီးသည် ရွှေသော အဆင်းရှိသော အဝတ်ကို ဝတ်ဆင်လျက် နေလင့်သည်တွင် ထိုရဟန်းငယ် ဆွမ်းရပ်ခံလာသောခဏ၌ ပြင်းစွာ တပ်ခြင်း ဖြစ်၍ ထိုရဟန်းငယ်အား ယာဂုကပ်လှူပြီးသော် ပူပန်ခြင်း ပြင်းစွာ ဖြစ်၍ ညောင်စောင်း၌ အိပ်လေ၏။ ထိုအခါ မိခင်(ဖခင်)တို့သည် "ချစ်သမီး၊ အဘယ်သို့ မချမ်းသာသည်ဖြစ်၍ အိပ်နေဘိသနည်း"ဟု မေးလတ်သော် "မိခင်,ဖခင်တို့၊ ယခု အိမ်တံခါးဝတွင် ဆွမ်းရပ်လာသော ရဟန်းငယ်ကို ရပါက သမီးကျွန်တော်မ အသက်ရှည်တော့မည်"ဟု ဆို၍ မိခင်,ဖခင်တို့သည် ဆောလျင်စွာ လိုက်လေ၏။

ရွာတံခါးဝ၌ မှီလေလျှင် ရိုသေစွာ ရှိခိုး၍ "အရှင်ဘုရား၊ အကျွန်ုပ်တို့အိမ်သို့ ပြန်၍ ဆွမ်းရပ်ခံတော်မူပါ"ဟု လျှောက်သည်ကို ပယ်၍ အကြောင်းကို မေးလေလျှင် "အရှင်ဘုရား၊ အကျွန်ုပ်တို့အား သမီး ၁-ယောက်သည် ရှိ၏။ အရှင်ဘုရားသာ အကြီးအရာ၌ ပြု၍ထားပါအံ့။ အကျွန်ုပ်တို့ ဥစ္စာနှစ်ကို သိမ်းပိုက်၍ ချမ်းသာစွာ အသက်မွေးတော်မူပါ" ဟု လျှောက်သည်ကို ဝန်မခံဘဲ "ငါကား ဤသို့သော ပလိဗောဓကို အလိုမရှိ"ဟု ဆို၍ ဆွမ်းခံရာမှ ဖဲလေ၏။

ထိုဒါယိကာမ မိခင်,ဖခင်တို့သည် အိမ်သို့ ပြန်လေ၍ "ချစ်သမီး၊ ရဟန်းငယ်ကို အလိုသို့ လိုက်စေခြင်းငှာ မတတ်နိုင်။ အကြင် အမှတ်မရှိသော တစ်စုံတစ်ယောက်သော သူကို ကြိုက်နှစ်သက်သည် ဖြစ်အံ့။ ငါတို့ ရအောင် ပြောဆို၍ ပေးအံ့။ ချစ်သမီး၊ အိပ်ရာမှ ထ၍ အာဟာရကို သုံးဆောင်လော့"ဟု ဆို၏။ ထိုဒါယိကာမသည် မိဘတို့စကားကို မနာမယူဘဲ ၇-ရက်ပတ်လုံး တစ်စုံတစ်ခုသော အာဟာရကိုမျှ မသုံးမဆောင်သည်ဖြစ်၍ သေလေ၏။

မိခင်,ဖခင်တို့လည်း သူကောင်ဖုတ်ခြင်းအမှုကို ပြု၍ ထိုရွှေသော အဆင်းရှိသော အဝတ်ကို ဝေးသောကျောင်းတိုက်၌ သံဃာတို့အား လှူလေသည်။ ရဟန်းတို့လည်း ထိုအဝတ်ကို အပိုင်းအပိုင်းဖြတ်၍ ဝေကြကုန်၏။ မထေရ်ကြီးသည် မိမိအား ရောက်သော အဖို့ကို ယူ၍ ကလျာဏီကျောင်းတိုက်သို့ သွားလေ၏။ ပဥ္စင်းငယ်သည် စေတီကို ပူဇော်အံ့သောငှာ ထိုအရပ်သို့ သွားလေ၍ နေ့သန့်ရာအရပ်၌ နေစဉ် ထိုမထေရ်ကြီးသည် "ထိုအဝတ်ပိုင်းကို ငါ့အား ရေစစ်ပြုလုပ်စီရင်၍ ပေးပါလော့"ဟု ရဟန်းငယ်ကို ဆို၍ ရဟန်းငယ်သည် "အရှင်ဘုရား၊ ဤဖျင်ပိုင်းကို အဘယ်မှ ရပေသနည်း"ဟု မေး၍ ဆိုအပ်ခဲ့ပြီးသော အလုံးစုံသော စကားရပ်တို့ကို ပြန်ပြောလေလျှင် ရဟန်းငယ်လည်း "ငါသည် ဤကဲ့သို့ ချစ်ခင်စုံမက် နှစ်သက်သောသူနှင့် အတူတကွ မပေါင်းရလေ"ဟု မိမိကိုယ်တွင်း၌ ပြင်းစွာသော ရာဂမီးဖြင့် လောင်၍ သေလေ၏။ ။ ဒဿနသံသဂ္ဂ ပြီး၏။

သဝနသံသဂ္ဂ-ဟူသည်ကား "ဤအမည်ရှိသော အရပ်၌ အဆင်းသဏ္ဌာန် ကြွန်အင်လက္ခဏာ အင်္ဂါကြီး,ငယ်တို့ဖြင့် ပြည့်ဖြိုးလှပတင့်တယ် ရှုကြည့်ချင်ဖွယ်, နှစ်သက်မြတ်နိုးဖွယ်သော မိန်းမ, သတို့သမီးငယ်တို့သည် ရှိ၏"ဟူသော အသံကို ကြားလျှင်, တပါးသော စစ်သည်မှ ပါသော ဗိုလ်ပါ, ဆင်, မြင်း, ဒိုင်း, ကာ, လှံ, ဓား, လေး, မြား-စသော လက်နက်တို့ဖြင့် ပစ်ခတ်သောအသံကို ကြားလျှင် ရှေ့သို့ တက်ခြင်းငှာ မဝံ့ဘဲ နောက်သို့သာ တရွေ့ရွေ့ဆုတ်သော စစ်ထိုးဆင်ကဲ့သို့ မိမိစိတ်ကို ဘုရားအဆုံးအမတော်-တည်းဟူသော ကောင်းသောအာရုံ၌ မညွတ်ဘဲ တရွေ့ရွေ့ ဆုတ်နစ်ခြင်းသို့ ရောက်၍ မြတ်သော အကျင့်သိက္ခာပုဒ်ကို တည်စေခြင်းငှာ မတတ်နိုင်သောကြောင့် သာသနာတော်မှ ဆုံးရှုံးရွေ့လျောပျက်စီးခြင်းသို့ ရောက်သော သောတဝိညာဏဝီထိ၏ အစွမ်းအားဖြင့်ဖြစ်သော ရာဂသည် သဝနသံသဂ္ဂ မည်၏။

ထိုသဝနသံသဂ္ဂ၌ **အနိတ္ထိဂန္ဓပစ္စေကဗုဒ္ဓါ**၏ အလောင်းဖြစ်သော သူဌေးသားဝတ္ထု၊ ပစ္စုကလိုဏ်၌နေသော ပဥ္စင်းငယ်၏ဝတ္ထု၊ ကာလဒီဃဝါပိကျောင်းတိုက်၌ ဥဒ္ဒေသသင်သော ပဥ္စင်းငယ်၏ဝတ္ထုဖြင့် သိရာ၏။

အကျယ်ကား အနိတ္ထိဂန္ဓပစ္စေကဗုဒ္ဓါအလောင်းသည် အချိန်အရွယ်သို့ ရောက်လျှင် မိခင်,ဖခင်တို့က သင့်မြတ်သော အမျိုးသမီးနှင့် ပေးစားထိမ်းမြားမည်-ရှိသည်ကို ဗြဟ္မာ့ပြည်က စုတေလာသောသူဖြစ်၍ မိန်းမအတွေ့ကို အလိုမရှိသဖြင့် ပယ်လေသည်။ မိခင်,ဖခင်တို့က အကြိမ်ကြိမ် တိုက်တွန်းလှသောကြောင့် ရွှေကို မိန်းမရုပ် လုပ်၍ "ရွှေရုပ်နှင့်တူသော မိန်းမကို ရလျှင် ငါယူမည်"ဆိုသောကြောင့် ထိုရွှေရုပ်နှင့်တူသော မိန်းမကို တိုင်းတပါးမှ ရ၍ ယူဆောင်ခဲ့ရာ လမ်းခရီးတွင် ယာဉ်တောက်၍ သေလေ၏။ သေကြောင်းကို

အနိတ္ထိဂန္ဓပစ္စေကဗုဒ္ဓါအလောင်း ကြားလျှင် မိမိ၏ကိုယ်၌ ပြင်းစွာသော ရာဂမီးဖြင့် လောင်၍ သေလေ၏။

ပစ္စုကလိုဏ်၌ ပဥ္စင်းငယ်သည် ဈာနလာဘီပုဂ္ဂိုလ်ဖြစ်၍ ကောင်းကင်ခရီးသို့ သွားစဉ် ဂိရိဂါမရွာမှ သတို့သမီးငယ် ၁-ယောက်သည် အပေါင်းအဖော်နှင့် ရေအိုင်သို့ သွား၍ ပဒုမာပန်း-စသည်တို့ကို ဆွတ်ယူပန်ဆင်လျက် ရေချိုးကြစဉ် သီချင်းသံဖြင့် ကြွေးကြော်သောအသံကို ကြားလေလျှင် ကာမဂုဏ်ဖြင့် တပ်သောကြောင့် မိမိ၌ရသော ဈာန်တရားကို စွန့်၍ ထိုသတို့သမီးငယ်၏အထံ၌ အကြွင်းမဲ့ပျက်စီးခြင်းသို့ ရောက်လေ၏။

ကာလဒီဃဝါပိကျောင်းတိုက်၌ ဥဒ္ဒေသသင်သော ပဥ္စင်းငယ်၏ ဝတ္ထုကို ဒဿန-သံသဂ္ဂ၌ ဆိုအပ်ခဲ့ပြီးသည့်အတိုင်း သိလေ။ ။ သဝနသံသဂ္ဂ ပြီး၏။

သမုလ္လပနသံသဂ္ဂ-ဟူသည်ကား အချင်းချင်း အလ္လာပသလ္လာပ စကားပြောဟောခြင်းကြောင့် ဖြစ်သောရာဂသည် သမုလ္လပနသံသဂ္ဂ မည်၏။ ထိုသမုလ္လပနသံသဂ္ဂ၌ ဝတ္ထုအသီး ဆိုဖွယ် မရှိပြီ။ သံသဂ္ဂ ၄-ပါး၌ အတွင်းဝင်လေတော့သည်။ ။ သမုလ္လပနသံသဂ္ဂ ပြီး၏။

ပရိဘောဂသံသဂ္ဂ-ဟူသည်ကား ရဟန်းယောက်ျားအား ရဟန်းမိန်းမ၏ အထံမှ ရသော ပရိက္ခရာကို သုံးဆောင်ခြင်း, ရဟန်းမိန်းမအား ရဟန်းယောက်ျား၏ အထံမှ ရသော ပရိက္ခရာကို သုံးဆောင်ခြင်းကြောင့်ဖြစ်သော ရာဂသည် ပရိဘောဂသံသဂ္ဂ မည်၏။

ထိုပရိဘောဂသံသဂ္ဂ၌ မရိစ္စဝဋ္ဋိ၌ မရိစ္စဝဋ္ဋိကျောင်းကြီးကို လှူသောနေ့၌ သာမဏေငယ် ၁-ယောက်အား သာမဏေရီမိန်းမငယ် ၁-ယောက်၏ လှူလိုက်သော ခွက်ကို အကြောင်းပြု၍ ထိုရဟန်းယောက်ျား,ရဟန်းမိန်းမတို့ လူထွက်ကြသော ဝတ္ထုဖြင့် သိရာ၏။

အကျယ်ကား မရိစ္စဝဋ္ဋိ၌ မရိစ္စဝဋ္ဋိကျောင်းကို လှူသောအခါ ရဟန်းယောက်ျားတို့ကား ၁-သိန်းရှိ၏။ ရဟန်းမိန်းမတို့ကား ၉-သောင်းရှိ၏။ သာမဏေငယ် ၁-ယောက်သည် ဒါယကာတို့က ယာဂုလှူသည်ကို အလွန်ပူလှသောကြောင့် သပိတ်ကို သက်နန်းစွန်း၌ ၁-ကြိမ်, မြေ၌ ၁-ကြိမ် ချ၏။ ထိုအကြောင်းကို သာမဏေမိန်းမ ၁-ယောက် မြင်လေလျှင် "အရှင်ဘုရား၊ ဤခွက်၌ သပိတ်ကို တင်၍ ယူဆောင်တော်မူပါကုန်"ဟု လျှောက်၍ ခွက် ၁-ခုကို လှူလေသည်။

တရံရောအခါ သီဟိုဠ်ကျွန်း၌ ဘေးကြီးစွာ ရောက်သောကြောင့် သမုဒ္ဒရာတဖက်သို့ ရဟန်းယောက်ျား, ရဟန်းမိန်းမတို့ ကူးလေသဖြင့် ဘိက္ခုနီမတို့ ရှေးဦးစွာ ရောက်လေလျှင် သီဟိုဠ်ကျွန်းမှ ရဟန်း ၁-ပါး ကူးလာကြောင်းကို ကြား၍ ထိုခွက်လှူဖူးသော ဘိက္ခုနီမသည်

ခရီးဦးကြိုဆိုရာ ထိုရဟန်းနှင့် အလ္လာပသလ္လာပ စကားနီးနှော့ကြသည်တွင် "အရှင်ဘုရား၊ မရိစ္စဝဋ္ဋကျောင်း လှူသောအခါ ဝါ-ဘယ်မျှရှိပေသနည်း"ဟု မေး၏။

"မရိစ္စဝဋ္ဋကျောင်း လှူသောအခါ ၇-နှစ်အရွယ်ရှိသော သာမဏေငယ်တည်း။ သင်ကား အဘယ်မျှရှိသနည်း"ဟု မေးလျှင် "အကျွန်ုပ်လည်း ၇-နှစ်အရွယ်ရှိသော သာမဏေမတည်း"ဟု ဆို၍ "အရှင်ဘုရား၊ မရိစ္စဝဋ္ဋကျောင်းကို လှူသနေ့ သာမဏေငယ် ၁-ယောက်သည် ဒါယကာတို့ ယာဂုလှူသဖြင့် အလွန်ပူသောကြောင့် သပိတ်ကို သင်္ကန်းစွန်း၌ ၁-ကြိမ်, မြေ၌ ၁-ကြိမ်ထားသည်ကို မြင်၍ ဤခွက်၌ သပိတ်ကို တင်၍ ဆောင်ယူတော်မူပါ"ဟု လှူလိုက်သောအကြောင်းကို ပြောလျှင် မထေရ်လည်း "ထိုသာမဏေကား ငါပင်တည်း"ဟု ထိုကာလ လှူသောခွက်ကို ထုတ်၍ ပြ၏။ ထိုရဟန်းယောကျ်ား, ရဟန်းမိန်းမ ၂-ဦးသားတို့သည် ဤမျှလောက်သော ခွက်ငယ် ၁-ခုကို ဆက်ဆံ၍ သုံးဆောင်မိသည့်အမှုနှင့် ဘုရားအဆုံးအမတည်းဟူသော သာသနာ၌ စိတ်ကို မညွတ်ဘဲ အဝါ ၆၀-စီရမှ လူထွက်ကြလေသည်။ ။ ပရိဘောဂသံသဂ္ဂ ပြီး၏။

----- x -----

## အသံသဂ္ဂကထာ

အချင်းချင်း ကိုယ်,လက် စပ်ယှက်ရောနှော့မိခြင်းကြောင့်ဖြစ်သော ရာဂသည် ကာယသံသဂ္ဂ မည်၏။ ထိုကာယသံသဂ္ဂ၌ မဟာဝိဟာရကျောင်း၌ တရားဟော ရဟန်းနှင့် ၁-ယောက်သော မာတုဂါမတို့ လည်ဖက်၍ သေကြသောဝတ္ထု, မဟာစေတီရင်ပြင်တော်၌ ရဟန်းနှင့် ဘိက္ခုနီမ ၁-ယောက်တို့ လူထွက်ကြသောဝတ္ထု, ကျောင်းဒကာ သာဌနှင့် သုန္ဒရီ-နန္ဒာဘိက္ခုနီမတို့ ကိုယ်,လက်စပ်ယှက်ကြသော ဝတ္ထုဖြင့် သိရာ၏။

အကျယ်ကား မဟာဝိဟာရ၌ ရဟန်း ၁-ယောက်သည် တရားဟော၏။ ထိုအရပ်သို့ သဒ္ဒါတိဿမင်းကြီးသည် မောင်းမအပေါင်း ခြံရံလျက် သွားလေ၏။ ၁-ယောက်သော မင်းသမီးသည် ထိုရဟန်း၏ အဆင်း,အသံ၌ တပ်သည်ဖြစ်၍ ပြင်းစွာသော ရာဂမီးဖြင့် လောင်လေသည်။ ထိုတရားဟောသော ရဟန်းငယ်အားလည်း ထို့အတူ ပြင်းစွာသော ရာဂမီးလောင်လတ်၍ တစိမ့်စိမ့် ကြည့်လေသည်။ ထိုအခါ သဒ္ဒါတိဿမင်းကြီးသည် ထိုသူ ၂-ဦးတို့၏ အမူအရာကို မြင်သောကြောင့် တင်းတိမ်ဖြင့် ကာရံ၍ ထား၏။ ထိုသူ ၂-ဦးတို့လည်း အချင်းချင်းလည်ဖက်၍ သေကြလေကုန်၏။

မဟာစေတီတော်ရင်ပြင်၌ ရဟန်းငယ်တို့သည် တရားသရဇ္ဈာယ်ကြကုန်၏။ ထိုရဟန်းတို့၏ နောက်၌ ဘိက္ခုနီမတို့သည်လည်း တရားနာကြကုန်၏။ ထိုအခါ ရဟန်းငယ် ၁-ယောက်သည် ညောင်းညာသဖြင့် လက်ကို ဆန့်လိုက်သည်တွင် ၁-ယောက်သော ဘိက္ခုနီမ၏ကိုယ်၌ ထိလေရကား ထိုဘိက္ခုနီမသည် ထိုရဟန်း၏ လက်ကို မိမိရင်၌ ထားလေ၏။ ဤမျှလောက်သော ကိုယ်,လက်စပ်ယှက်ခြင်း ကာယသံသဂ္ဂကို အကြောင်းပြု၍ ထိုသူ ၂-ဦးတို့လည်း လူထွက်ကြလေကုန်၏။

မိဂါရသူဌေး၏ မြေးဖြစ်သော ကျောင်းဒကာ သာဋသည် ဘိက္ခုနီမတို့ကို ရည်၍ ကျောင်းဆောက်လုပ် လှူဒါန်း၏။ ဘိက္ခုနီမတို့လည်း သုန္ဒရီနန္ဒာဘိက္ခုနီမကို ကျောင်းကြပ် အရာ၌ သမုတ်၍ ကြည့်ရှုစီရင်စေ၏။ ထိုအခါ သုန္ဒရီနန္ဒာဘိက္ခုနီမသည် ကျောင်းဒကာ သာဋအိမ်သို့ အကြိမ်ကြိမ် သွား၏။ ကျောင်းဒကာ သာဋလည်း သုန္ဒရီနန္ဒာရှိရာ အရပ်သို့ အကြိမ်ကြိမ်ရောက်၍ မပြတ်တွေ့မြင်ကြသော အဘိဏှဒဿနကို စွဲ၍ အချင်းချင်း ပြင်းစွာ တပ်စွမ်းကြလေသဖြင့် ကိုယ်,လက်စပ်ယှက်ရောနှောခြင်းသို့ ရောက်၍ သုန္ဒရီနန္ဒာဘိက္ခုနီမ လူထွက်ရလေသတည်း။

ထို ၅-ပါးသော သံသဂ္ဂတို့တွင် ရဟန်းယောကျ်ားတို့သည် ရဟန်းယောကျ်ားနှင့် အချင်းချင်း ၅-ပါးသော သံသဂ္ဂတို့ဖြင့်ပင် အခါခပ်သိမ်း နှီးနှောကြကုန်၏။ ထိုရဟန်းမိန်းမ တို့နှင့်ကား ကာယသံသဂ္ဂကို ထား၍ ကြွင်းသော သံသဂ္ဂ ၄-ပါးဖြင့် အခါခပ်သိမ်း နှီးနှောကြ ကုန်၏။ လူယောကျ်ား, လူမိန်းမတို့မှာသော်ကား ၅-ပါးသော သံသဂ္ဂတို့ဖြင့်ပင် အခါခပ် သိမ်းနှီးနှောကြကုန်၏။ ဤသို့ဖြစ်၍ ရဟန်းတို့နှင့် လူတို့ ဆက်ဆံရောနှောကြရာ၌ အချင်း ချင်း ဆည်းကပ်သည်၏အစွမ်းဖြင့် ရဟန်း ၄-မျိုး ပြားကုန်၏။

၄-မျိုးဟူသော်ကား-

| | |
|---|---|
| **ဂါဟဂါဟကရဟန်း** | **ဂါဟမုတ္တကရဟန်း** |
| **မုတ္တဂါဟကရဟန်း** | **မုတ္တမုတ္တကရဟန်း၊** |

ဤသို့လျှင် ၄-မျိုးတည်း။ ထို ၄-မျိုးတို့တွင်-

၁။ အကြင်ရဟန်း၏အထံသို့ လူတို့သည် ဆွမ်း-စသော အာမိသ-ဖြင့် ဖြားယောင်းလှည့် ပတ်၍ ယူလိုသဖြင့် ဆည်းကပ်လှူဒါန်းကုန်၏။ ထိုရဟန်းသည်လည်း သစ်သီး, သစ်ပွင့်-စသည်တို့ဖြင့် ဖြားယောင်း၍ ယူလိုသဖြင့် ထိုဒါယကာတို့ထံ ချဉ်းကပ်လေ ၏။ ထိုရဟန်းသည် ဂါဟဂါဟကရဟန်း မည်၏။

၂။ အကြင်ရဟန်း၏အထံသို့ လူတို့သည် ဆွမ်း-စသော အာမိသ-ဖြင့် ဖြားယောင်း၍ ယူလိုသဖြင့် ဆည်းကပ်လျှုဒါန်းကြကုန်၏။ ရဟန်းကား မိမိဒက္ခိဏေယျအမှတ်ဖြင့် ဒါယကာတို့အထံသို့ ချဉ်းကပ်၏။ ထိုရဟန်းသည် ဂါဟမုတ္တကရဟန်း မည်၏။

၃။ အကြင်ရဟန်း၏အထံသို့ လူတို့သည် ဒက္ခိဏေယျ အမှတ်ဖြင့် ဆည်းကပ်လျှုဒါန်း ကြကုန်၏။ ထိုရဟန်းကား သစ်သီး, သစ်ပွင့်-စသည်တို့ဖြင့် ဖြားယောင်း၍ ယူလို သဖြင့် ထိုဒါယကာတို့၏ အထံသို့ ချဉ်းကပ်၏။ ထိုရဟန်းသည် မုတ္တဂါဟကရဟန်း မည်၏။

၄။ အကြင်ရဟန်း၏အထံသို့ လူတို့သည် ဒက္ခိဏေယျအမှတ်ဖြင့် ဆည်းကပ်လျှုဒါန်း ကြကုန်၏။ ထိုရဟန်းသည်လည်း ဒက္ခိဏေယျအမှတ်ဖြင့် လူတို့၏အထံသို့ ဆည်း ကပ်၏။ ထိုရဟန်းသည် မုတ္တမုတ္တကရဟန်း မည်၏။

ထိုမုတ္တမုတ္တကရဟန်း၏ အဖြစ်ကို စူဠပိဏ္ဍပါတိကတိဿထေရ်၏ ဝတ္ထုဖြင့် သိရာ၏။ အကျယ်ကား ၁-ယောက်သော ဒါယိကာမကြီးသည် စူဠပိဏ္ဍပါတိကတိဿထေရ်ကို ၁၂-နှစ်ပတ်လုံး လုပ်ကျွေး၏။ တစ်နေ့သ၌ ထိုရွာကို မီးဘေးသင့်သဖြင့် ထိုဒါယိကာမကြီး၏အိမ်ကို မီးလောင်လေ၏။ ထိုအခါ ဒါယိကာမကြီးအိမ်သို့ ချဉ်းကပ်လေ့ရှိသော ကုလုပက ရဟန်း ၁-ယောက်သည် ထိုဒါယိကာမကြီးအိမ်သို့ လာလတ်၍ "ဒါယိကာမကြီး၊ တစ်စုံ တခုသော ပစ္စည်းဘဏ္ဍာကိုမျှ မီးမလောင်ဘဲရှိပါ၏လော"ဟု စကားအစေ့အစပ် ပဋိသန္ထာရ ကို ပြုလာသည်။ ထိုအခါ ဒါယိကာမကြီး၏ သားချင်းဖြစ်သောသူတို့သည် "ဤအရှင်မှာမူကား လိမ္မာတော်မူသည့်အလျောက် အကြောင်း,အကျိုးအားလျော်စွာ အရာအခွင့်ကို သိသဖြင့် အသင့်အတင့်သော ပဋိသန္ထာရကို ပြုလာတော်မူပေသည်။ ငါတို့၏မိခင် နေ့စဉ် မပြတ် ဆည်းကပ်လျှုဒါန်းသော ရှင်ပင်ဘုရားကား စားချိန်သောက်ချိန်မှ အိမ်သို့ ကြွလာ လတ်မည်"ဟု ဆိုကုန်၏။ စူဠပိဏ္ဍပါတိကတိဿထေရ်လည်း နံနက်မိုးသောက်သောအခါ ဆွမ်းရပ်ခံချိန်ကို မှတ်၍ ကြွတော်မူလာ၏။ ဒါယိကာမကြီးသည်လည်း အိမ်ကို မီးလောင် လေရကား တံခါးရိပ်၌ စူဠပိဏ္ဍပါတိကတိဿထေရ်ကို နေစေ၍ ဆွမ်းကပ်လျှုလေ၏။

မထေရ်လည်း ဆွမ်းဘုဉ်းပေးခြင်းကိစ္စ ပြီးလတ်သော် ကျောင်းသို့ ပြန်ကြွတော် မူလတ်၏။ သားချင်းဖြစ်သော သူတို့သည် ဤသို့ ဆိုကြကုန်၏။ "ငါတို့မိခင် နေ့စဉ်မပြတ် ဆည်းကပ်လုပ်ကျွေးသော အရှင်ဘုရားမှာ စားချိန်သောက်ချိန်မှ ကြွတော်မူလာသည်။ ငါတို့မိခင်မှာ သူ့အရှင်နှင့်သူသာ ရှိစေ။ လိမ္မာတော်မူသည့်အလျောက် အကြောင်း,အကျိုး အားလျော်စွာ အရာအခွင့်ကို သိသဖြင့် အသင့်အတင့်သော ပဋိသန္ထာရကို ပြုပေတတ်

သော ငါတို့ အရှင်ဘုရားကို ငါတို့ လျှဒါန်းကိုးကွယ်မည်”ဟု ဆိုကြကုန်၏။ ဤတွင် ဝဏ္ဏာ-ဝဏ္ဏကထာကို သွင်းဆိုရာ၏။

လူတို့သည် ရဟန်းတို့၏ ဂုဏ်ကျေးဇူးနှင့် စပ်၍ ချီးမွမ်းလိုသဖြင့် ဤသို့ ဆိုကြကုန်၏။ “ငါတို့ အရှင်ဘုရားသည် အလွန်သိမ်မွေ့ပြေပြစ်၏။ ချမ်းမြေ့သာယာသော စကားကို ဆိုလေ့ရှိ၏။ ကျောင်းသို့ ရောက်လာသော ဒါယကာ, ဒါယိကာမတို့အား ယာဂု, ထမင်း, အဖျော်- စသည်တို့ဖြင့် သင်္ဂြိုဟ်ချီးမြှင့် ထောက်ပံ့ခြင်းကို ပြုပေ၏”ဟု ချီးမွမ်း၏။ ထိုသို့ ချီးမွမ်းခြင်းသည် ချီးမွမ်းခြင်း မမည်။ စင်စစ်ကား ထိုရဟန်း၏ အပြစ်ကြီး,ငယ်ကို ထင်စွာပြ၍ ကဲ့ရဲ့သည် မည်၏။

လူတို့သည် ရဟန်းတို့၏ ဂုဏ်ကျေးဇူးမဲ့ကို ဆိုလိုသဖြင့် “ဤအရှင်ဘုရားမှာ ဒါယကာတို့ကို ခေါ်ဝေါ်မေးမြန်းခြင်း မရှိ။ သူဆွံ့, သူအကဲ့သို့၊ စကားမပြီ,မသသကဲ့သို့၊ စိတ်ဆိုး၍ မျက်မှောင်တကြုတ်ကြုတ်ကဲ့သို့သာ အခါခပ်သိမ်းပြုတတ်၏။ ဤအရှင်နှင့် ပေါင်းဖော်ဆက်ဆံ၍ အဘယ် အကျိုးရှိတော့အံ့နည်း”ဟု ကဲ့ရဲ့ကုန်၏။ ထိုသို့ ကဲ့ရဲ့ခြင်းသည် ကဲ့ရဲ့သည် မမည်။ စင်စစ်ကား ထိုရဟန်း၏ ဂုဏ်ကျေးဇူးကို ထင်စွာပြ၍ ချီးမွမ်းသည် မည်၏။

ဤဝဏ္ဏာဝဏ္ဏကထာ၌ ကိဋာဂီရိဇနပုဒ်၌ အဿဇိပုနဗ္ဗသုကရဟန်းတို့၏ ဝတ္ထု၊ အမှတ်မရှိသော ၁-ယောက်သော ရဟန်း၏ဝတ္ထုဖြင့် သိရာ၏။ အကျယ်ကား—

ကိဋာဂီရိဇနပုဒ်၌ အဿဇိပုနဗ္ဗသုကရဟန်းတို့သည် လူတို့နှင့် ရောယှက်ကုန်သည် ဖြစ်၍ သစ်သီးပေးခြင်း, ပန်းပေးခြင်း, ကခြင်း, သီခြင်း, တီးမှုတ်ခြင်း-စသော ကစားမျိုးတို့ဖြင့် ကစားမြူးထူးကြကုန်၏။ ဒါယကာတို့အား သိမ်မွေ့ပြေပြစ်သော စကားတို့ကို ဆိုလျက် မြူးထူးရယ်ရွှင်ခြင်းဖြင့် နေကြကုန်၏။ တစ်နေ့သ၌ ရဟန်း ၁-ယောက်သည် ကာသိတိုင်းမှ ဝါကျွတ်၍ သာဝတ္ထိပြည်သို့ ဘုရားကို ဖူးမြင်အံ့သောငှာ သွားလေသော် ကိဋာဂီရိဇနပုဒ်သို့ ရောက်၍ ကြည်ညိုဖွယ်သော ဣန္ဒြေဖြင့် ဆွမ်းခံဝင်လေ၏။ လူတို့သည် ဤရဟန်းကို မြင်လျှင် “ဤအရှင်မှာ သူဆွံ့,သူအကဲ့သို့ စိတ်ဆိုး၍ လာသကဲ့သို့ မျက်မှောင်တကြုတ်ကြုတ်ရှိ၏။ ဤအရှင်ကို ဘယ်သူ ပေးလှူချင်အံ့နည်း။ ငါတို့ အရှင်သူမြတ် အဿဇိပုနဗ္ဗသုကတို့မှာ သိမ်မွေ့ပြေပြစ်၏။ ချမ်းမြေ့သာယာသော စကားဖြင့် ရှေးဦးစွာ ခေါ်ကြားမေးမြန်းလေ့ရှိ၏။ ရယ်ရွှင်ပြုံးပြုံး နှလုံးကြည်လင်စွာ ‘လာကြကုန်သလား၊ သွားကြကုန်သလော’-စသည်ဖြင့် သာယာသံချို ခေါ်ဆိုပြောကြားလေ၏။ ဤကဲ့သို့သော အရှင်ကိုသာ ကြည်ညိုမြတ်နိုးကိုးကွယ်လှူဒါန်းအပ်၏”ဟု ဆိုကြကုန်၏။

**အသံသဂ္ဂကထာ ပြီး၏။**

## ဝီရိယာရမ္ဘကထာ

ဝီရိယာရမ္ဘကထာ-ဟူသောပုဒ်၌ လုံ့လအားထုတ်ခြင်း-ဟူသည်ကား ချီးမွမ်းအပ်သော လုံ့လရှိခြင်း၊ ကိုယ်,စိတ် ၂-ပါး ထောက်ပံ့အပ်သော လုံ့လရှိခြင်းသည် ဝီရိယာရမ္ဘ မည်၏။ ထိုဝီရိယာရမ္ဘနှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် သွားဆဲခဏ၌ဖြစ်သော ကိလေသာကို ရပ်ဆဲခဏသို့ ရောက်အောင် အခွင့်မပေးဘဲ သွားဆဲခဏ၌ပင် ငြိမ်းစေ၏။ ရပ်ဆဲခဏ၌ ဖြစ်သော ကိလေသာကို ထိုင်ဆဲခဏသို့ ရောက်အောင် အခွင့်မပေးဘဲ ရပ်ဆဲခဏ၌ပင် ငြိမ်းစေ၏။ ထိုင်ဆဲခဏ၌ ဖြစ်သော ကိလေသာကို အိပ်ဆဲခဏသို့ ရောက်အောင် အခွင့်မပေးဘဲ ထိုင်ဆဲခဏ၌ပင် ငြိမ်းစေ၏။

ဥပမာကား အလွန်ခက်ထန်ကြမ်းတမ်းသော အဆိပ်ရှိသော မြွေပွေး, မြွေဟောက်ကို မန္တန်ဖြင့် နှိပ်၍ ဖမ်းယူသကဲ့သို့လည်းကောင်း, ရန်သူဖြစ်သောသူကို လည်၌ နင်းနှိပ်၍ သွားသကဲ့သို့လည်းကောင်း ထိုထို ဣရိယာပုထ်၌ဖြစ်သော ကိလေသာကို ဣရိယာပုထ် တပါးသို့ မပြောင်းစေဘဲ ထိုထိုဣရိယာပုထ်၌ပင်လျှင် ငြိမ်းစေခြင်းသည် **အာရဒ္ဓဝီရိယ** မည်၏။ အားထုတ်သော လုံ့လရှိသည် မည်၏။ ထိုအားထုတ်သော လုံ့လရှိသော ဝီရိယာရမ္ဘပုဂ္ဂိုလ်ကို **အာလိန္ဒကအရပ်၌နေသော ဖုဿဒေဝထေရ်၏ ဝတ္ထု၊ ကာလဝလ္လိအရပ်၌နေသော မဟာနာဂထေရ်၏ ဝတ္ထု၊ ကလမ္ဗတိတ္ထကျောင်း၌နေသော ၅-ကျိပ်သောရဟန်းတို့ ဝတ္ထုဖြင့် သိရာ၏။**

အကျယ်ကား အာလိန္ဒကအရပ်၌နေသော ဖုဿဒေဝထေရ်သည် ၁၉-နှစ်ပတ်လုံး ဂတပစ္စာဂတဝတ်ကို ဖြည့်၏။ ကမ္မဋ္ဌာန်းနှင့် ကင်းသော ခြေဖဝါးအလှမ်းမည်သည် မရှိ။ အကယ်၍ ကမ္မဋ္ဌာန်းနှင့် ကင်းသော ဖဝါးအလှမ်းကိုမူ ချမိ,လွန်စေမိအံ့။ ထိုလွန်စေမိသော ဖဝါးလှမ်းကို ပြန်၍ တဖန် သွားပြန်လတ်၏။ တစ်နေ့သ၌ လမ်းခရီးတွင် လူတို့သည် လယ်ယာမှုကိစ္စ ကြီး,ငယ်ကို ရှက်ဆောင်ပြုလုပ်၍ နေကြစဉ် ဖုဿဒေဝမထေရ်သည် အဖန်တလဲလဲ ပြန်၍ သွားသည်ကို မြင်ကြကုန်၏။ "ဤအရှင်သည် ခရီးမှားလေသလော၊ ထိုသို့မဟုတ် တစ်စုံတစ်ခုသော ဝတ္ထုပရိက္ခရာ မေ့ရစ်ရှာလေသလော"ဟု ဆိုကြကုန်၏။

ထိုသို့ ဆိုကြသောစကားကို မနာမယူဘဲ ကမ္မဋ္ဌာန်းကိုသာ နှလုံးထား၍ သွားလေ၏။ ဤသို့သောနည်းဖြင့် ရဟန်းတရားကို အားထုတ်သည်ရှိသော် ၁၉-နှစ်အတွင်းတွင် ရဟန္တာအဖြစ်သို့ ရောက်လေ၏။

ကာလဝလ္လိအရပ်၌နေသော မဟာနာဂထေရ်သည် ဂတပစ္စာဂတဝတ်ကို ဖြည့်သဖြင့် ရှေးဦးစွာ ဤသို့ အားထုတ်သည်ရှိသော် "အကျင့်ပဋိပတ်ဖြင့် မြတ်စွာဘုရားအား

ပူဇော်ပေအံ့”ဟု ၇-နှစ်ပတ်လုံး ရပ်ခြင်း, သွားခြင်း-ဟူသော ဣရိယာပုထ်ဖြင့်သာ နေ့,ညဉ့်တို့ကို လွန်စေ၏။

ထို့နောင်မှ ၁၆-နှစ်ပတ်လုံး ဂတပစ္စာဂတဝတ်ကို ဖြည့်၍ အရဟတ္တဖိုလ်သို့ ရောက်၏။ ထိုမဟာနာဂထေရ်သည် ကမ္မဋ္ဌာန်းနှင့် ကင်း၍ ခြေကို ကြွသောအရာ, ချသောအရာ မည်သည် မရှိ။ ဆွမ်းခံရွာသို့ ကြွသောအခါလည်း ကမ္မဋ္ဌာန်းကို နှလုံးသွင်းထားလျက် မြင်ကုန်သော သူတို့အားလည်း “ရဟန်းဖြစ်လေသလော၊ နွားဖြစ်လေသလော”ဟု တွေးတောယုံမှားခြင်း ဖြစ်လောက်သောအရပ်၌ သင်္ကန်းကို ကောင်းစွာဝတ်ရုံပြီးလျှင် ရေလုပ်ငုံခြင်းကို ပြု၍ ဆွမ်းရပ်ခံလေ၏။ ဤသို့ ဆောက်တည်ခြိုးခြံသော အမှုကို ပြုခြင်းသည် ဆွမ်းလှူခြင်း, ရှိခိုးပူဇော်ခြင်းငှာ လာသော ဒါယကာ, ဒါယိကာမတို့အား ‘ချမ်းသာကြစေ’-ဟူသော စကားကိုမျှ ဆိုရခြင်းသည် ကမ္မဋ္ဌာန်းမှ ယုတ်၏-ဟု နှလုံးသွင်းတော်မူသတည်း။

ဒါယကာ, ဒါယိကာမတို့သည် “အရှင်ဘုရား၊ ဤနေ့ကား အဘယ်မျှ ရက်ရှိသနည်း။ စာတုဒ္ဒသီလော၊ ပန္နရသီလော”စသည်ဖြင့် မေးလျှောက်ကြသော်လည်းကောင်း, တစ်စုံတစ်ခုသော ပဉ္စာစကား တရားအထူးကို မေးလျှောက်ကြသော်လည်းကောင်း ရေကို ထွေးပြီးလျှင် ထိုစကားကို ပြောဆိုဖြေကြား၍ ကြွသွားတော်မူ၏။

ကလမ္ဗတိတ္ထကျောင်း၌ ဝါသို့ ကပ်ကုန်သော ရဟန်း ၅-ကျိပ်တို့သည် ဝါဆိုလပြည့်နေ့၌ ဤသို့ ကတိကဝတ်ကို ပြုကုန်၏။ “ငါတို့သည် အကြင်မျှလောက် ရဟန္တာအဖြစ်သို့ မရောက်ကြကုန်သေး။ ထိုမျှလောက် အချင်းချင်း တစ်ယောက်သည် တစ်ယောက်နှင့် စကားပြောဆိုခြင်းကို မပြုကြကုန်အံ့”ဟု ကတိကဝတ်ထားကြ၍ အထက်၌ ဆိုအပ်ပြီးသော နည်းဖြင့် ဂတပစ္စာဂတဝတ်ကို ဖြည့်လျက် ဆွမ်းခံရွာမှ ဖဲသောအခါ ရေလုပ်ငုံကို ထွေး၍ သွားကြသည်ကို မြင်လျှင် “ယနေ့ကား အရှင် ၁-ပါးသာ လာလတ်၏။ ယနေ့ကား အရှင် ၂-ပါး လာလတ်၏”စသည်ဖြင့် အမှတ်ပြု၍ “ဤအရှင်တို့သည် ဤသို့ ပြုခြင်းကား ငါတို့နှင့် စကားမဆိုလိုသောကြောင့် ပြုသလော၊ ထိုသို့မဟုတ် အချင်းချင်း ငြင်းခုံခိုက်ရန်ရှိကြလေသလော။ အကယ်၍ အချင်းချင်း ငြင်းခုံခိုက်ရန် ရှိကြကုန်အံ့။ ထိုအရှင်တို့ကို သည်းခံစေအံ့”ဟု ဒါယကာတို့သည် ကျောင်းသို့ သွားကြလေကုန်၏။

ကျောင်းသို့ ရောက်သောအခါ အသိအမြင်ပညာနှင့် ပြည့်စုံသော ဒါယကာတို့သည် ထိုရဟန်းတို့ ကျောင်း၌ သန့်ရှင်းစင်ကြယ်သော စေတီပြင်, ဗောဓိပင်, နေ့သန့်စင်ရာ, ညဉ့်သန့်စင်ရာ, သောက်ရေ, သုံးဆောင်ရေ နေရာဌာနတို့ကို မြင်၍ “အချင်းချင်း ငြင်းခုံခြင်း ခိုက်ရန်ရှိသော အရှင်မြတ်တို့ နေရာမဟုတ်”ဟု ယုံမှားခြင်း ကင်းသဖြင့် ပြန်ကြလေကုန်

သည်။ ထိုရဟန်း ၅-ကျိပ်တို့သည်လည်း တရားကို အားထုတ်သဖြင့် ထိုဝါ၏အတွင်း၌ပင် အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။

**ဝီရိယာရမ္ဘကထာ ပြီး၏။**

----- x -----

## သီလကထာ

သီလကထာ-ဟူသော ပုဒ်၌ စတုပါရိသုဒ္ဓိသီလ-ဟူသည်ကား ပါတိမောက္ခသံဝရသီလ, ဣန္ဒြိယသံဝရသီလ, အာဇီဝပါရိသုဒ္ဓိသီလ, ပစ္စဝေက္ခဏာသုဒ္ဓိသီလ-ဟူ၍ ၄-ပါးတည်း။ ထို ၄-ပါးတို့တွင်—

- ရဟန်းတို့အား ပါတိမောက်၌လာသော ၂၂၇-ပါးသော သိက္ခာပုဒ်သည် ပါတိမောက္ခသံဝရသီလ မည်၏။
- စက္ခု-စသော ဣန္ဒြေ ၅-ပါးကို စောင့်ရှောက်ခြင်းသည် ဣန္ဒြိယသံဝရသီလ မည်၏။
- ကုလဒူသက, အနေသနဖြင့် ရသောပစ္စည်းတို့ကို ကြဉ်၍ အသက်မွေးခြင်းသည် အာဇီဝပါရိသုဒ္ဓိသီလ မည်၏။
- တရားသဖြင့် ရသော ပစ္စည်း ၄-ပါးတို့ကို ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးဆောင်ခြင်းသည် ပစ္စဝေက္ခဏာသုဒ္ဓိသီလ မည်၏။

လူတို့မှာကား ၅-ပါးသီလပင် ပါတိမောက္ခသံဝရသီလ မည်၏။

ဣန္ဒြိယသံဝရသီလမှာ နည်းတူ။

ဒုစရိုက် ၇-ပါးတို့ဖြင့် ရသော ပစ္စည်းတို့ကို ကြဉ်၍ အသက်မွေးခြင်းသည် အာဇီဝပါရိသုဒ္ဓိသီလ မည်၏။

အာဟာရေ ပဋိကူလသညာ, ဓာတုမနသိကာရသညာတို့ဖြင့် ဆင်ခြင်၍ ထမင်း, အဖျော်, အိပ်ရာ, နေရာ-စသည်တို့ကို သုံးဆောင်ခြင်းသည် ပစ္စဝေက္ခဏာသုဒ္ဓိသီလ မည်၏—

ဟု ကျမ်းဂန်သိမြင်သော အရှင်မြတ်တို့ ဆုံးဖြတ်တော်မူကြ၏။ ဤသီလသည် လောကီသီလ, လောကုတ္တရာသီလ-ဟူ၍ ၂-ပါးပြား၏။ ။ **သီလကထာ ပြီး၏။**

----- x -----

## သမာဓိကထာ

သမာဓိကထာ-ဟူသောပုဒ်၌ သမာဓိ-ဟူသည်ကား ဝိပဿနာ၏ အခြေဖြစ်သော သမာပတ် ၈-ပါးသည် သမာဓိ မည်၏။ သမာပတ် ၈-ပါးဟူသော်ကား–

- **ရူပါဝစရ၌** စတုက္ကနည်းအားဖြင့် ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်-ဟူ၍ ၄-ပါး၊
- **အရူပါဝစရ၌** အာကာသာနဉ္စာယတနဈာန်, ဝိညာဏဉ္စာယတနဈာန်, အာကိဉ္စညာယတနဈာန်, နေဝသညာနာသညာယတနဈာန်-ဟူ၍ ၄-ပါး၊

ဤသို့ သမာပတ် ၈-ပါးတည်း။ ဤသမာဓိသည်လည်း လောကီသမာဓိ, လောကုတ္တရာ သမာဓိ-ဟူ၍ ၂-ပါး အပြားရှိ၏။ ॥ **သမာဓိကထာ ပြီး၏။**

----- x -----

## ပညာကထာ, ဝိမုတ္တိကထာ

ပညာကထာ-ဟူသောပုဒ်၌ လောကီဖြစ်သော ပညာ, လောကုတ္တရာဖြစ်သော ပညာတည်း။ ॥ ပညာကထာ **ပြီး၏။**

ဝိမုတ္တိကထာ-ဟူသောပုဒ်၌ အရိယာဖိုလ်သည် ဝိမုတ္တိ မည်၏။ ॥ ဝိမုတ္တိကထာ ပြီး၏။

----- x -----

## ဝိမုတ္တိဉာဏဒဿနကထာ

ဝိမုတ္တိဉာဏဒဿနကထာ-ဟူသောပုဒ်၌ ပစ္စဝေက္ခဏာဉာဏ် ၁၉-ပါး ဟူသော်ကား–

- သောတာပန်ပုဂ္ဂိုလ်အား မိမိရသော မဂ်ကို ဆင်ခြင်ခြင်း၊
- မိမိရသော ဖိုလ်ကို ဆင်ခြင်ခြင်း၊
- နိဗ္ဗာန်ကို ဆင်ခြင်ခြင်း၊
- ပယ်အပ်ပြီးသော ကိလေသာကို ဆင်ခြင်ခြင်း၊
- မပယ်အပ်သေးသော ကိလေသာကို ဆင်ခြင်ခြင်း– ဟူ၍ ပစ္စဝေက္ခဏာဉာဏ် ၅-ပါး၊

ထို့အတူ - သကဒါဂါမိဖိုလ်၌ ၅-ပါး၊

- အနာဂါမိဖိုလ်၌ ၅-ပါး၊

- အရဟတ္တဖိုလ်မှာ မပယ်ရသေးသော ကိလေသာမည်သည် မရှိသောကြောင့် ပစ္စဝေက္ခဏာဉာဏ် ၄-ပါးသာ ဖြစ်၏။

ဤသို့ ပစ္စဝေက္ခဏာဉာဏ် ၁၉-ပါးတည်း။

**ဝိမုတ္တိဉာဏဒဿနကထာ ပြီး၏။**

ထို ၁၀-ပါးသော ဒသကထာတို့၏ ဖြစ်စဉ်ကို ဤသို့ မှတ်ရာ၏။ **အပ္ပိစ္ဆတရားနှင့်** ပြည့်စုံသောပုဂ္ဂိုလ်သည် မရသေးသော ပစ္စည်းပရိက္ခရာတို့၌ တပ်ခြင်းမရှိ။ **သန္တုဋ္ဌိတရားနှင့်** ပြည့်စုံသောပုဂ္ဂိုလ်သည် ရပြီးသော ပစ္စည်းပရိက္ခရာတို့ကို တွေဝေခြင်း မရှိ။ ဝဋ်မှ ထွက်မြောက်ကြောင်းဖြစ်သော ပညာဖြင့် အပြစ်ကို ရှုလျက် သုံးဆောင်၏။ ဤသို့ အလိုနည်းခြင်း, ရောင့်ရဲခြင်းနှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် ဝိဝေကကို ပွါးစေလျက် တစ်စုံ ၁-ယောက်သော လူရဟန်းတို့နှင့် စပ်ယှက်ရောနှောခြင်းကို အလိုမရှိ။ ဆိုအပ်ခဲ့ပြီးသော တရား ၃-ပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် မရ,မရောက်ဖူးသေးသော မဂ်,ဖိုလ်တရားတို့ကို ရခြင်းငှာ ကောင်းစွာ အားထုတ်၏။ ထိုသို့ ကောင်းစွာ အားထုတ်သော ပုဂ္ဂိုလ်သည် မိမိသီလကို ကောင်းစွာ ဆင်ခြင်၏။ ထိုသို့ ဆင်ခြင်သောပုဂ္ဂိုလ်အား—

- စင်ကြယ်သော မိမိသီလ၌ နှလုံးရွှင်လန်းခြင်း **အဝိပ္ပဋိသာရ** ဖြစ်၏။
- နှလုံးရွှင်လန်းခြင်း အဝိပ္ပဋိသာရဖြစ်သော ပုဂ္ဂိုလ်အား ဝမ်းမြောက်ခြင်း **ပါမောဇ္ဇ** ဖြစ်၏။
- ဝမ်းမြောက်ခြင်း ပါမောဇ္ဇဖြစ်သော ပုဂ္ဂိုလ်အား နှစ်သက်ခြင်း **ပီတိ** ဖြစ်၏။
- နှစ်သက်ခြင်း ပီတိဖြစ်သော ပုဂ္ဂိုလ်အား ကိုယ်,စိတ် ၂-ပါးငြိမ်းခြင်း **ပဿဒ္ဓိ** ဖြစ်၏။
- ကိုယ်,စိတ် ၂-ပါးငြိမ်းခြင်း ပဿဒ္ဓိဖြစ်သော ပုဂ္ဂိုလ်အား ကိုယ်,စိတ် ၂-ပါး ချမ်းသာခြင်း **သုခ** ဖြစ်၏။
- ကိုယ်,စိတ် ၂-ပါးချမ်းသာခြင်း သုခဖြစ်သော ပုဂ္ဂိုလ်အား **သမာဓိ** ဖြစ်၏။
- သမာဓိဖြစ်သောပုဂ္ဂိုလ်အား ဟုတ်မှန်တိုင်း သိမြင်သည်ဖြစ်၍ **သံသရာဝဋ်၌ ငြီးငွေ့၏။**
- ငြီးငွေ့သောပုဂ္ဂိုလ်အား အလုံးစုံသော ဘဝ၌ **တပ်ခြင်း ကင်း၏။**
- အလုံးစုံသောဘဝ၌ တပ်ခြင်းကင်းရကား ကိလေသာမှ လွတ်စင်သော **ဝိမုတ္တိ** ဖြစ်၏။

- ကိလေသာမှ လွတ်စင်သော ဝိမုတ္တိဖြစ်သော ပုဂ္ဂိုလ်အား လောကီ,လောကုတ္တရာပညာ ဖြစ်၏။

- လောကီ,လောကုတ္တရာပညာဖြစ်သော ပုဂ္ဂိုလ်အား ပစ္စဝေက္ခဏာဉာဏ် ၁၉-ပါး ဖြစ်၏။

ဤသို့ ဒသကထာဝတ္ထု ဖြစ်စဉ်ကို သိရာ၏။ ။ ကထာဝတ္ထု ပြီး၏။

ဤအလုံးစုံသော ကထာဝတ္ထုစကားကို အကျယ်သိလိုလျှင် မူလပဏ္ဏာသ၊ ဓမ္မဒါယာဒသုတ် အဋ္ဌကထာ။ ၎င်းရထဝိနီတသုတ် အဋ္ဌကထာ၊ ၎င်းဋီကာ။ ဓမ္မပဒအဋ္ဌကထာ။ မဇ္ဈိမပဏ္ဏာသ၊ သင်္ဂီတိသုတ်အဋ္ဌကထာ။ သဂါထာဝဂ္ဂသံယုတ်အဋ္ဌကထာ။ အင်္ဂုတ္တရနိကာယ်အဋ္ဌကထာ။ သုမင်္ဂလသာမိဋီကာ။ ပါရာဇိကဏ်ပါဠိတော်၊ ၎င်းအဋ္ဌကထာ။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ ၎င်းအဋ္ဌကထာ။ ဘိက္ခုနီပါစိတ်ပါဠိတော် တို့မှာ ကြည့်လေ။

သရက်မြို့၊ ဆရာတော်ဦးဇာဂရ လျှောက်ထားတောင်းပန်သည်ကို အစွဲပြု၍ အထူးထူးသော ကျမ်းဂန်တို့မှ ထုတ်နုတ်ရေးသား စီရင်အပ်သော ကထာဝတ္ထုမည်သော အဆုံးအဖြတ်ကို ၁၂၄၀-ပြည့်နှစ်၊ တော်သလင်းလဆန်း၊ ၁၅-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိမ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## ကြံခင်းမြို့၊ လှေသူကြီး ဒကာမောင်ရှမ်းကလေး-က "သဗ္ဗေ သင်္ခါရာ" စသည်၌ အဘယ်သို့ နှလုံးသွင်းရမည့်အကြောင်းနှင့် လျှောက်ထားချက်

[၁၆၂] "ဘုရားတပည့်တော် ကြံခင်းမြို့၊ လှေသူကြီး ဒကာရှမ်းကလေး ခြေတော် ဦးခိုက် လျှောက်ဝံ့ပါသည် ဆရာတော်ဘုရား။

'သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ သဗ္ဗေ သင်္ခါရာ ဒုက္ခာ၊ သဗ္ဗေ ဓမ္မာ အနတ္တာ'-ဟူ၍ သုံးသပ်ဆင်ခြင်ရာ အဘယ်သို့ သင်္ခါရတရားတို့ကို နှလုံးသွင်းထားပါရမည်။ သင်္ခါရတရားတို့ကို နှလုံးသွင်းထားဟန် လက္ခဏာကို နေရာကျကျ သိမှတ်ပါရအောင် အတန္တုဆောင်ပြီးလျှင်၊ တောင်ယုဂန်ဗွေစွန်းဝယ်၊ ငွေလဝန်းတန်ဆောင်သည်၊ မြူမှောင်ကင်းပ၊ ကောင်းကင်ဝမှ၊ ထွန်းပလင်းထိန်သကဲ့သို့၊ အစိန္တေယျ၊ သမ္ဗုဒ္ဓ၏၊ နယသာဂရတည်းဟူသော ဒေသနာ၊ ရွှေဗျာမိန့်ခွန်းကို၊ ဖော်ညွှန်းထုတ်ဆောင်

လျက်၊ မှောင်အဝိဇ္ဇာ၊ တိမ်သလာကို၊ ပယ်ခွါလှစ်ခွင်း၍၊ ရှင်းလင်းဖော်ပြတော်မူပါမှ၊ သုတစရေ၊ သုတေသန၊ သုတဆည်းဆူ၊ ဗိုလ်လူအများတို့ မှတ်သားပါရမည့် အကြောင်းကို ဆယ်ချောင်းဟတ္ထ၊ ပဏာမဖြင့်၊ တုပ်ကွရှိကျိုး၊ ရှိခိုးနားတော် လျှောက်ပါသည် ဆရာတော်ဘုရား"။

ဂုင်းမောင်ရှမ်းကလေး လျှောက်ထားချက်အရ အဖြေဝိသဇ္ဇနာ—

[၁၆၂] "သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ သဗ္ဗေ သင်္ခါရာ ဒုက္ခာ၊ သဗ္ဗေ ဓမ္မာ အနတ္တာ"ဟူ၍ သုံးသပ်ဆင်ခြင်ရာ အဘယ်သို့ သင်္ခါရတရားတို့ကို နှလုံးသွင်းထားပါရမည်ကို မေးလျှောက်သည်မှာ ရှေးဦးစွာ ခန္ဓာ ၅-ပါး ရုပ်,နာမ်တရားတို့ကို ပိုင်းခြားဝေဖန်၍ သိရာ၏။

ခန္ဓာ ၅-ပါးဟူသော်ကား ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ-ဟူ၍ ၅-ပါးတည်း။ ထို ၅-ပါးတို့တွင်—

- ရူပက္ခန္ဓာဟူသော်ကား မဟာဘူတရုပ် ၄-ပါး, ဥပါဒါရုပ် ၂၄-ပါး၊ ဤရုပ် ၂၈-ပါး တို့သည် ရူပက္ခန္ဓာ မည်၏။
- မဟာဘူတရုပ် ၄-ပါးဟူသော်ကား ပထဝီဓာတ်, အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ်၊ ဤဓာတ် ၄-ပါးသည် မဟာဘူတရုပ် မည်၏။
- ဤကာယအစု သမုတိပညတ်၌ ကေသာ-အစ, မတ္ထလုင်-အဆုံးရှိသော ၂၀-ကုန်သော ကောဋ္ဌာသအစုတို့သည် ပထဝီဓာတ် မည်၏။
- ပိတ္တံ-အစ, မုတ္တံ-အဆုံးရှိသော ၁၂-ပါးကုန်သော ကောဋ္ဌာသအစုတို့သည် အာပေါဓာတ် မည်၏။
- သန္တပ္ပနတေဇော, ဒါဟတေဇော, ဇီရဏတေဇော, ပါစကတေဇော၊ ဤ ၄-ပါးတို့သည် တေဇောဓာတ် မည်၏။
- အထက်သို့ ဆန်သောလေ, အောက်သို့ စုန်သောလေ, အင်္ဂါကြီး,ငယ်သို့ လျှောက်သောလေ, ဝမ်းတွင်း၌ အစုအခဲတည်သောလေ, ထွက်သက်လေ, ဝင်သက်လေ၊ ဤ ၆-ပါးတို့သည် ဝါယောဓာတ် မည်၏။

ဤသို့ ကာယအစု သမုတိပညတ်၌ ပထဝီ, တေဇော, အာပေါ, ဝါယော-ဟူသော ဓာတ် ၄-ပါးတို့သည် သကသကဋ္ဌာနလက္ခဏာတို့နှင့် အတူဖြစ်ကြကုန်၏။ ဤမှ ကြွင်းသော ရုပ်တို့၏အစဉ်ကို မူလပဏ္ဏာသပါဠိတော်၊ ၄-ခုမြောက်သော ယမကဝဂ်အစု၊ ၃-ခုမြောက်

သော မဟာဂေါပါလသုတ်ဒေသနာတွင် ၁၁-ပါးသော နွားကျောင်းသားအင်္ဂါဖြင့် ဥပမာဆောင်၍ပြရာ သကပက္ခ၌ ပဋ္ဌမအင်္ဂါ၏ အဓိပ္ပါယ်ကို ပြဆိုသောစကားတွင် ကွဲပြားအောင်ထင်ရှားသိသာလတ္တံ့။

ဤသို့ ပြဆိုအပ်ခဲ့ပြီးသော ပထဝီ, အာပေါ, တေဇော, ဝါယော-ဟု ဆိုအပ်သော ၄-ပါးကုန်သော ဓာတ်တို့သည် မဟာဘူတရုပ် မည်ကုန်၏။

ဤ ၄-ပါးကုန်သော မဟာဘူတရုပ်မှ ကြွင်းကုန်သော ၂၄-ပါးကုန်သော ရုပ်တို့သည် ဥပါဒါရုပ် မည်ကုန်၏။

ဤသို့ မဟာဘူတရုပ်, ဥပါဒါရုပ်တို့၏ အရေအတွက်ဖြစ်သော သရုပ်သချာလက္ခဏာကို ရှေးဦးစွာ သိရာ၏။ ထိုမဟာဘူတရုပ်, ဥပါဒါရုပ်တို့၏ အရေအတွက်ဖြစ်သော သရုပ်သချာ လက္ခဏာကို မသိမကျွမ်း မလိမ္မာသော ပုဂ္ဂိုလ်သည်—

**ကောဒသဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတော ဂေါပါလကော အဘဗ္ဗော ဂေါဂဏံ ပရိဟရိတုံ ဖာတိံကာတုံ ။ပ။ ဧဝမေဝ ခေါ ဘိက္ခဝေ ဧကာ ဒသဟိ အင်္ဂေဟိ သမန္နာဂတော ဘိက္ခု အဘဗ္ဗော ဣမသ္မိံ ဓမ္မဝိနယေ ဝုဒ္ဓိံ ဝိရုဠှိံ ဝေပုလ္လံ အာပဇ္ဇိတုံ။**

ဟူသော ပါဠိတော်မြတ် ပါဌ်နှင့်အညီ သီလ, သမာဓိ, သမထ, ဝိပဿနာတို့၏ ကြီးပွါးပြန့်ပြောခြင်းသို့ မရောက်နိုင်ရာ။

ဥပမာကား ၁၁-ပါးသော အင်္ဂါနှင့် ပြည့်စုံသော နွားကျောင်းသားသည် နွားအပေါင်းတို့ကို ကောင်းစွာဆောင်ခြင်း, ပွါးစီးခြင်းငှာ မတတ်နိုင်သကဲ့သို့ ထို့အတူ ၁၁-ပါးသော အင်္ဂါနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် သီလ, သမာဓိ, သမထ, ဝိပဿနာတို့၏ ကြီးပွါးပြန့်ပြောခြင်းသို့ မရောက်နိုင်ရာ။ (အံ၊၃။၅၄၆-၅၄၇။ မ၊၁။၂၈၁)

နွားကျောင်းသား၏ ၁၁-ပါးသော အင်္ဂါဟူသော်ကား—

- နွားတို့၏ အဆင်း, အရေအတွက်၌ မလိမ္မာသည် ၁-ပါး
- နွားတို့၏ ကိုယ်၌ဖြစ်သော အဖြူ, အနီ, အကြောင်, အကျား အမှတ်အသား၌ မလိမ္မာသည် ၁-ပါး
- အနာဖြင့် နှိပ်စက်သော နွားတို့၏ အညစ်အကြေးကို စင်ကြယ်စေသဖြင့် နှစ်သက်သာယာချမ်းသာအောင် မတတ်နိုင်သည် ၁-ပါး
- နွားတို့၌ ဖြစ်သောအနာကို အဝတ်,ပုဆိုးကြမ်းတို့ဖြင့် ဖုံးလွှမ်းရမည့်အရာကို မသိသည် ၁-ပါး

- မှက်,ခြင်,ယင်-စသည်တို့ဖြင့် မကိုက်မခဲစေခြင်းငှာ မီးခိုးကို မြက်,ထင်း(*တို့ဖြင့်*) ပြုခြင်းတို့၌ မလိမ္မာသည် ၁-ပါး
- ဘေးရန် ရှိသည်, မရှိသည်-စသည်တို့ဖြင့် နွားတို့ကို ရေချသင့်, မချသင့်သော ဆိပ်ကမ်းကို မသိကျွမ်း, မလိမ္မာသည် ၁-ပါး
- နွားတို့၏ ရေသောက်ပြီး, မသောက်ရသေးသော အချိန်အခါကာလကို မသိသည် ၁-ပါး
- နွားတို့၏ သွားရာခရီး၌ မလိမ္မာသည် ၁-ပါး
- ၄-ရက် ၁-ကြိမ်, ၅-ရက် ၁-ကြိမ်-စသည်ဖြင့် သွားရာသော နွားတို့၏ စားကျက်၌ မလိမ္မာသည် ၁-ပါး
- နွားငယ်စို့ရန် အကြွင်း မချန်သည်ဖြစ်၍ နွားနို့ကို အကုန်အစင် ညှစ်တတ်သည် ၁-ပါး
- နွားအပေါင်းတို့၏ အကြီးဖြစ်သော ဥသဘအကြီး နွားလားကြီးကို အမွှေးနံ့သာ ကောင်းစွာ လိမ်းကျံခြင်း-စသည်ဖြင့် ထူးမြတ်လွန်ကဲစွာ ပြုရာသော ဝတ်ကို မသိခြင်း ၁-ပါး—

ဤ ၁၁-ပါးသော အင်္ဂါတို့နှင့် ပြည့်စုံသော နွားကျောင်းသားသည် နွားအပေါင်းတို့ကို ကောင်းစွာ ဆောင်ခြင်း, ပွါးစီးစေခြင်းငှာ မတတ်နိုင်ရာသကဲ့သို့ ထို့အတူ ၁၁-ပါးကုန်သော အင်္ဂါတို့နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် သီလ, သမာဓိ, သမထ, ဝိပဿနာတို့၏ ကြီးပွါးပြန့်ပြောခြင်းသို့ မရောက်နိုင်ရာ။

သီလ, သမာဓိ, သမထ, ဝိပဿနာတို့၏ ကြီးပွါးခြင်းသို့ မရောက်နိုင်ရာသော **ပုဂ္ဂိုလ်၏ အင်္ဂါ** ၁၁-ပါးဟူသော်ကား—

- ဘူတရုပ်, ဥပါဒါရုပ်တို့၏အကြောင်း၌ မလိမ္မာသည် ၁-ပါး
- ဤတရားကား ဗာလကို မှတ်ကြောင်း, ဤတရားကား ပဏ္ဍိတကို မှတ်ကြောင်း-ဟူ၍ ဗာလ, ပဏ္ဍိတတို့၏ လက္ခဏာ၌ မလိမ္မာသည် ၁-ပါး
- ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက်တည်းဟူသော မိစ္ဆာဝိတက် ၃-ပါးတို့ကို ဖျောက်ခြင်းငှာ မစွမ်းနိုင်သည် ၁-ပါး
- အမာနှင့်တူသော စက္ခု-စသော ဣန္ဒြေတို့ကို စောင့်ရှောက်ခြင်းငှာ မစွမ်းနိုင်သည်ဖြစ်၍ ဣတ္ထိ, ပုရိသ-စသော အာရုံ၌ဖြစ်သော စက္ခုဒွါရ-အစရှိသည်ကို ဖုံးလွှမ်းချုပ်တည်းခြင်းငှာ မစွမ်းနိုင်သည် ၁-ပါး

- တရားစကား ဟောကြားခြင်း ဓမ္မဒေသနာ-ဟူသော အခိုးအလျှံကို ပြုခြင်း၌ မစွမ်းနိုင်သည် ၁-ပါး
- မြစ်ဆိပ်, ရေဆိပ်နှင့်တူသော ဗဟုဿုတပုဂ္ဂိုလ်ကို ဆည်းကပ်ခြင်း, ဆည်းကပ်ရာသော ဗဟုဿုတပုဂ္ဂိုလ်၏လက္ခဏာ၌ မလိမ္မာသည် ၁-ပါး
- ဗဟုဿုတပုဂ္ဂိုလ်သို့ ဆည်းကပ်သဖြင့် တရားနာခြင်းကို မှီ၍ဖြစ်သော ပီတိပါမောဇ္ဇ-စသော အကျိုးအာနိသံသကို မရသည် ၁-ပါး
- လောကီမဂ္ဂင်, လောကုတ္တရာမဂ္ဂင်တည်းဟူသော ခရီး၌ မလိမ္မာသည် ၁-ပါး
- လောကီသတိပဋ္ဌာန်, လောကုတ္တရာသတိပဋ္ဌာန်တည်းဟူသော လေ့ကျက်အပ်သော အာရုံ၊ မိမိလေ့ကျက်အပ်သော ကမ္မဋ္ဌာန်းတည်းဟူသော အာရုံ၌ မလိမ္မာသည် ၁-ပါး
- ပစ္စည်းတို့ကို သုံးဆောင်ခြင်း၌ အတိုင်းအရှည်ပမာဏကို မသိသည် ၁-ပါး
- သံဃထေရ် သံဃသာမိ စိရပဗ္ဗဇိတ ရတ္တညူ ကောသလ္လ သံဃပရိဏာယကပုဂ္ဂိုလ် သူမြတ်တို့ကို ရိုသေကိုင်းညွတ် တုပ်ဝပ်ခြင်း မရှိသည် ၁-ပါး၊

ဤ ၁၁-ပါးကုန်သော အင်္ဂါတို့နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် သီလ,သမာဓိ, သမထ, ဝိပဿနာတို့၏ လွန်စွာကြီးပွါးခြင်းသို့ မရောက်နိုင်ရာ။ ဤသို့ ပြဆိုအပ်ခဲ့ပြီးသော ပရပက္ခ, သကပက္ခအားဖြင့် ၁၁-ပါးစီပြားကုန်သော အင်္ဂါတို့တွင် ပရပက္ခ၌—

**ပဌမအင်္ဂါ၏ အဓိပ္ပါယ်ကား။** ။အကြင်နွားကျောင်းသားသည် နွား၏အရေအတွက်ကိုလည်း မသိ၊ နွား၏ အဆင်းသဏ္ဌာန်ကိုလည်း မသိ။ ထိုသို့သော နွားကျောင်းသားမိုက်သည် နွားတို့ကို ပွါးစီးအောင် မပြုနိုင်ရာ။ အရေအတွက်ကို မသိရာ၌ မိမိ၏နွားသည် ၁၀-ရှိ၏၊ ၁၀၀-ရှိ၏၊ ၁,၀၀၀-ရှိ၏-ဟု မသိသည် ဖြစ်အံ့၊ ထိုနွားတို့သည် သေလေကုန်သော်လည်းကောင်း, ပြေးပျောက်လေကုန်သော်လည်းကောင်း နွားအပေါင်းတို့ကို ဆောင်ယူသွားသောအခါ၌ "ဤမျှလောက်သော နွားတို့သည် မထင်ကုန်"ဟု ၂-ရွာ, ၃-ရွာ-စသော အရပ်သို့ သွား၍မရှာ။ တောအုပ်သို့လည်း လှည့်ပတ်၍ မရှာ၊ သူတပါးတို့၏ ရွာတို့၌ "ဤမျှလောက်သော နွားတို့သည် ငါ၏နွားပင်တည်း"ဟု ဒုတ်,လှင်ကန်တို့ဖြင့် ရိုက်ပုတ်၍ ထုတ်ဆောင်ခဲ့လေ၏။ မိမိပျောက်သော နွားကား ပျောက်လေသည်သာတည်း။

ထိုအခါ နွားရှင်တို့သည် "ဤသူကား ဤမျှလောက်သော ကာလပတ်လုံး ငါတို့၏ နွားကို မိမိနွားပြု၍ နေလေသည်"ဟု အနိုင်အထက် နှိပ်စက်လုယက်ပြီးလျှင် ခြိမ်းခြောက်

ဝေါက်ငမ်း ကြမ်းတမ်းယုတ်မာစွာ ပြောဆိုဆဲရေး၍ သွားကြလေကုန်၏။ ထိုနွားကျောင်းသား သည် ၅-ပါးသော နွားနို့အရသာတို့ကိုလည်း မသုံးမဆောင်ရ၊ အပဖြစ်လေကုန်၏။ ဤကား **အရေအတွက်တို့ကို မသိရာ၌ အပြစ်တည်း။**

အဆင်းကို မသိရာ၌ကား "ဤမျှလောက်သော နွားတို့သည် နီသောအဆင်းရှိကုန်၏။ ဤမျှလောက်သော နွားတို့သည် မည်းသောအဆင်း ရှိကုန်၏။ ဤမျှလောက်သော နွားတို့သည် ညိုသောအဆင်း ရှိကုန်၏"ဟု မသိ။ ထိုသူသည် မိမိ၏နွား ပြေးပျောက်လေသော်လည်းကောင်း, သေလေသော်လည်းကောင်း "ယနေ့ ဤသို့ အဆင်းရှိသော နွားတို့သည် မထင်ကုန်"ဟု ၂-ရွာ, ၃-ရွာတို့သို့ လှည့်ပတ်၍ မရှာ။ တောအုပ်သို့လည်း ဝင်၍ မရှာ။ သူတပါးတို့၏ နွားကိုသာ မိမိနွားမှတ်၍ ဆောင်ယူခဲ့လေရကား "ဤသူသည် ငါတို့၏ နွားကို မိမိနွားပြု၍ ဆောင်ယူခဲ့လေသည်"ဟု နွားရှင်တို့က အနိုင်အထက် နှိပ်စက်လုယက်ပြီးလျှင် ခြိမ်းခြောက်ဝေါက်ငမ်း ကြမ်းတမ်းစွာ ဆဲရေးပြောဆို၍ သွားကြလေကုန်၏။ ထိုနွားကျောင်းသားသည် ၅-ပါးသော နွားနို့အရသာတို့ကိုလည်း မသုံးဆောင်, မခံစားရ၊ အပဖြစ်လေကုန်၏။ ဤကား **အဆင်းသဏ္ဌာန်ကို မသိရာ၌ အပြစ်တည်း။** ဤသို့ ပရပက္ခ၌ ပဌမအင်္ဂါကို သိရာ၏။

**ဒုတိယအင်္ဂါ၏ အဓိပ္ပါယ်ကား။** ။နွားတို့၏ ကိုယ်၌ဖြစ်သော ဓနုသဏ္ဌာန၊ သတ္တိသဏ္ဌာန-စသော အမှတ်ကို မသိ၊ ထိုနွားကျောင်းသားသည် မိမိနွား သေလေသော်လည်းကောင်း, ပြေးပျောက်လေသော်လည်းကောင်း "ယနေ့ကား ဤကဲ့သို့သော အမှတ်ရှိသော နွားသည် မလာ"ဟု မသိသည်ဖြစ်၍ ၂-ရွာ, ၃-ရွာတို့သို့ လှည့်ပတ်၍လည်း မရှာ၊ တောအုပ်သို့လည်း ဝင်၍ မရှာ၊ သူတပါးတို့၏ နွားတို့ကိုသာ မိမိ၏ နွားအမှတ် ထင်သည်ဖြစ်၍ ဒုတ်, လှင်ကန်, နှင်တံတို့ဖြင့် ရိုက်ပုတ်၍ ဆောင်ယူခဲ့၏။ မိမိ၏ပျောက်သော နွားတို့ကား ပျောက်လေသည်သာတည်း။

ထိုအခါ နွားရှင်ဖြစ်သောသူတို့သည် "ဤသူကား ဤမျှလောက်သော ကာလပတ်လုံး ငါတို့၏ နွားကို မိမိနွားပြု၍ နေလေသည်"ဟု ခြိမ်းခြောက်ဝေါက်ငမ်း ကြမ်းတမ်းစွာ ဆဲရေး၍ ပြန်သွားကြလေကုန်၏။ ဤနွားကျောင်းသားမိုက်သည် ၅-ပါးသော နွားနို့အရသာတို့မှ အပဖြစ်လေကုန်၏။ ဤသို့ ပရပက္ခ၌ ဒုတိယအင်္ဂါကို သိရာ၏။

**တတိယအင်္ဂါ၏ အဓိပ္ပါယ်ကား။** ။နွားတို့၏ကိုယ်၌ သစ်ငုတ်, ဆူးငြောင့်-စသည်တို့ဖြင့် ထိပါးတိုက်ခိုက်မိသောကြောင့် အနာတို့သည် ဖြစ်လေကုန်၏။ ထိုအခါ ယင်မဲ-စသည်တို့သည် အနာဝ၌ ယင်ချေးကိုလည်းကောင်း ပြုကုန်၏။ လောက်ရှင်ကိုလည်းကောင်း လွှတ်ကုန်၏။ ထိုယင်ချေး၌-စသည်တို့ကို ဒုတ်,

လှင်ကန်တို့ဖြင့် ပယ်၍ ဆေးလိမ်းကျံရမည်ကို မသိခြင်းကြောင့် ထိုနွားကျောင်းသားမိုက်သည် ဆေးလိမ်းကျံခြင်း-စသည်ကို မပြု။ ထိုအနာသည် ကြီးပွါးခြင်းသို့ ရောက်၍ လောက်တို့သည် ဝမ်းတွင်းသို့ ကိုက်စားကုန်သဖြင့် နွားတို့သည် အနာနှိပ်စက်သောကြောင့် လိုလွန်စွာ မစားမသောက်နိုင်သဖြင့် အရေအသား လျော့ပါးဆုတ်ယုတ်ကုန်သည်ဖြစ်၍ အသက်၏အန္တရာယ် ဖြစ်လာကုန်၏။ ထို့ကြောင့် နွားတို့သည် မတိုးမပွါးဘဲ လျော့ပါးဆုတ်ယုတ်သဖြင့် ထိုနွားကျောင်းသားသည် စီးပွါးဥစ္စာ, ၅-ပါးသော နွားနို့အရသာတို့မှ အပဖြစ်လေကုန်၏။ ဤသို့ ပရပက္ခ၌ **တတိယအင်္ဂါ**ကို သိရာ၏။

**စတုတ္ထအင်္ဂါ၏ အဓိပ္ပါယ်ကား။** ။နွားတို့သည် သစ်ငုတ်,ဆူးငြောင့် ထိုးဆောင့်ထိခိုက်သဖြင့် အနာဖြစ်ခဲ့သည်ရှိသော် အဝတ်ပုဆိုးကြမ်း-စသည်တို့ဖြင့် ကောင်းစွာ ဖုံးလွှမ်း၍ ထားရမည်ကို မသိသောကြောင့် ထိုနွားကျောင်းသားသည် အဝတ်,ပုဆိုး-စသည်ဖြင့် မဖုံးလွှမ်းခြင်းကြောင့် အနာတို့မှ သွေး,ပြည်တို့သည် ယိုစီးကုန်၏။ နွားတို့သည် အချင်းချင်း ပွတ်သွားထိပါးကြကုန်သောကြောင့် တပါးသော နွားတို့၌လည်း အနာကူးကုန်၏။ ထိုနွားသည် အနာနှိပ်စက်သည်ဖြစ်၍ အလိုအတိုင်း မြက်,ရေ-စသော အစာတို့ကို မစားမသောက်နိုင်ကုန်။ နွားတို့သည် အရေအသား ခွန်အားတို့ဖြင့် လျော့ပါးဆုတ်ယုတ်ကုန်သည်ဖြစ်၍ အသက်၏အန္တရာယ် ဖြစ်လာကုန်၏။ ထို့ကြောင့် နွားတို့သည် မတိုးမပွါးဘဲ လျော့ပါးဆုတ်ယုတ်သဖြင့် ထိုနွားကျောင်းသားသည် စီးပွါးဥစ္စာ, ၅-ပါးသော နွားနို့အရသာတို့မှ အပဖြစ်လေကုန်၏။ ဤသို့ ပရပက္ခ၌ **စတုတ္ထအင်္ဂါ**ကို သိရာ၏။

**ပဥ္စမအင်္ဂါ၏ အဓိပ္ပါယ်ကား။** ။နွားခြံ၏ အတွင်း၌ ခြင်, မှက်-အစရှိသော ပိုးမွှားတို့သည် ပေါများကိုက်ခဲသောကာလ၌ နွားအပေါင်းတို့သည် ခြံ၏အတွင်းသို့ ဝင်ကုန်သည်ရှိသော် ငြိမ်သက်ချမ်းသာ ကောင်းစွာ အိပ်နေနိုင်စိမ့်သောငှာ မြက်, သစ်ခက်, သစ်ရွက်, အမှိုက်တို့ဖြင့် ထင်းမီးခိုး-စသည်ကို မပြုကုန်သောကြောင့် ညဉ့် ၃-ယံပတ်လုံး ခြင်,မှက်တို့သည် လွန်စွာ ကိုက်ကုန်သည်ဖြစ်၍ နွားတို့သည် ချမ်းသာစွာ မအိပ်မနေရ။ မိုးသောက်ထသော ကာလ၌ ခြံမှ ထုတ်၍ တောအုပ်သို့ ဆောင်လေလျှင် သစ်ပင်ရင်း-စသော အရိပ်ရှိရာ၌ ချမ်းသာစွာ အိပ်နေ၍ မြက်,ရေ မစားမသောက်ရသောကြောင့် အရေအသား ခွန်အားတို့မှ လျော့ပါးဆုတ်ယုတ်ကုန်သည်ဖြစ်၍ အသက်၏အန္တရာယ် ဖြစ်လာကုန်၏။ ထို့ကြောင့် နွားကျောင်းသားသည် စီးပွါးဥစ္စာ, ၅-ပါးသော နွားနို့အရသာတို့မှ အပဖြစ်လေကုန်၏။ ဤသို့ ပရပက္ခ၌ **ပဥ္စမအင်္ဂါ**ကို သိရာ၏။

**ဆဌအင်္ဂါ၏ အဓိပ္ပါယ်ကား။** ။ဤရေဆိပ်ကား ညီညွတ်၏၊ ဤရေဆိပ်ကား မညီညွတ်၊ ဤရေဆိပ်ကား မိကျောင်း, လင်းပိုင်, ငါး, လိပ်, မကာရ်-

စသော ဘေးရှိ၏။ ဤရေဆိပ်ကား မိကျောင်း, လင်းပိုင်, ငါး, လိပ်, မကန်း-စသောဘေး မရှိ-ဟူ၍ မသိ။ ထိုသို့ မသိသော နွားကျောင်းသားသည် နွားတို့ကို ရေမချသင့်သောဆိပ်၌ ချမိအံ့၊ မညီမညွတ်သော မြေငူ, ခလုတ်, သစ်ငုတ်, ကျောက်ဆောင်ရှိရာအရပ်၌ ထိခိုက်စူးရှ ကျွံကျနစ်မွန်းသဖြင့် ခြေ,လက်တို့သည် ကျိုးပျက်နာကျင်ရာ၏။ မိကျောင်း, လင်းပိုင်, ငါး, လိပ်, မကန်း-စသော ဘေးရှိရာအရပ်၌ ချမိအံ့၊ မိကျောင်း,လင်းပိုင်, ငါး,လိပ်, မကန်းတို့သည် ဖမ်းယူလေရကား "ယမန်နေ့က ဤမျှလောက် သေပျောက်ပျက်စီး၏။ ယခုနေ့တွင် ထိုမျှလောက် သေပျောက်ပျက်စီး၏"ဟု ဆိုအပ်သော အဖြစ်သို့ ရောက်၏။ ဤသို့ ပရပက္ခ၌ ဆဋ္ဌအင်္ဂါကို သိရာ၏။

**သတ္တမအင်္ဂါ၏ အဓိပ္ပါယ်ကား။** ။"ဤမျှလောက်ကုန်သော နွားတို့သည် ရေကို မသောက်ကြရကုန်သေး။ ထိုမျှလောက်ကုန်သော နွားတို့သည်ကား ရေသောက်ကြရကုန်ပြီ။ ဤမျှလောက်သော နွားတို့သည်ကား ရေဆိပ်၌ ရေသောက်ခွင့်ကို မရကုန်"ဟု နွားကျောင်းသားတို့သည် သိရာ၏။ ထိုသို့ သိအပ်သည်ကို မသိသော နွားကျောင်းသားသည် တောအုပ်၌ တစ်နေ့ပတ်လုံး ကျောင်းစား၍ တဘက် ဆည်ကန်, ထုံးအိုင်, မြစ်, ချောင်းတို့သို့ နွားအပေါင်းတို့ကို ယူဆောင်၍ သွားလေရာ၏။

ထိုအခါ ဥသဘဖြစ်သော နွားတို့သည် ဥသဘမဟုတ်သော နွားလားကြီးတို့ကို လည်းကောင်း, အားကြီးသော နွားတို့သည် အားနည်းသော နွားတို့ကိုလည်းကောင်း, *(အသက်အရွယ်ငယ်သော နွားတို့သည်)*အသက်အရွယ် ကြီးပြင်း၍ အိုမင်းသော နွားတို့ကိုလည်းကောင်း ဦးချိုဖြင့် နံဘေးကို ထိခတ်လျက် တိုးဝှေ့တိုက်ခိုက်၍ မိမိတို့ အခွင့်ရသဖြင့် ဝလွယ်စိမ့်သောဌာ ဆောလျင်စွာ ဆင်းသက်ပြီးသော် အလိုရှိတိုင်း သောက်ကြလေကုန်၏။ ကြွင်းသော နွားတို့သည် အခွင့်မရသဖြင့် ကမ်းနား၌ ရပ်လျက် ညွန်နှင့်ရောသော ရေနောက် ကိုသာ သောက်ကြရကုန်၏။ အခွင့်ကို မရသောကြောင့် မသောက်ကြရသည်လည်း ရှိ၏။

ထိုအခါ နွားကျောင်းသား သူမိုက်သည် ရေသောက်ရ, မသောက်ရသည်ကို မသိဘဲ ရေဆိပ်မှ တဖန် တောသို့ ဆောင်ပြန်လေ၏။ ထိုနွားတို့တွင် ရေမသောက်ရသော နွားတို့ သည် အလွန်မွတ်သိပ်သဖြင့် ခြောက်ကပ်ကုန်သည်ဖြစ်၍ အလိုအတိုင်း အစားကို မစားနိုင် ကုန်သည်ဖြစ်၍ အရေအသား ခွန်အားတို့သည် လျော့ပါးဆုတ်ယုတ်ကုန်သဖြင့် ဥစ္စာစီးပွါး, ၅-ပါးသော နွားနို့အရသာတို့မှ အပဖြစ်လေကုန်၏။ ဤသို့ ပရပက္ခ၌ သတ္တမအင်္ဂါကို သိရာ၏။

**အဋ္ဌမအင်္ဂါ၏ အဓိပ္ပါယ်ကား။** ။ဤခရီးကား တံစူး, သစ်ငုတ်, ကျောက်, အုတ်ခဲ- မရှိ ညီညွတ်၏။ ဤခရီးကား တံစူး, သစ်ငုတ်, ကျောက်, အုတ်ခဲ-စသည်ဖြင့် ရောပြွမ်းလျက် ဘေးဘျမ်းရှိ၏-ဟု မသိတတ်။ ထိုသို့

မသိတတ်သော နွားကျောင်းသား သူမိုက်သည် ဘေးမရှိသော ခရီးကို ဖဲကြဉ်၍ ဘေးရှိသော ခရီးကြောင်းသို့ နွားအပေါင်းတို့ကို ဆောင်၍ သွားလေကုန်၏။ ထိုအခါ ဘေးကို တွေ့သဖြင့် ခြသေ့, သစ်ကျားတို့၏ အနံ့ကြောင့် ထိတ်လန့်ပြေးသွားခြင်း ဖြစ်၏။ ထိုခြသေ့, သစ်ကျား-စသည်တို့သည် နှိပ်စက်သဖြင့် မုဆိုး၏လက်သို့ ရောက်၍ ရွံ့ကြောက်ထိတ်လန့်သော သားသမင်ကဲ့သို့ လည်တဆန့်ဆန့် ကြောက်ရွံ့ထိတ်လန့်လျက် လိုလွန့်စွာ အစာကို မစား မသောက်နိုင်သည်ဖြစ်၍ အရေအသား ခွန်အားတို့သည် လျော့ပါးဆုတ်ယုတ်ကုန်သဖြင့် ဥစ္စာစီးပွါး, ၅-ပါးသော နွားနို့အရသာတို့မှ အပဖြစ်လေကုန်၏။ ဤသို့ ပရပက္ခ၌ **အဋ္ဌမအင်္ဂါ**ကို သိရာ၏။

**နဝမအင်္ဂါ၏ အဓိပ္ပါယ်ကား။** ။နွားကျောင်းသားတို့၏ သဘောသည် နွားတို့၏ စားကျက်စားရာအရပ်ကို သိကျွမ်းလိမ္မာ လေ့ကျက်ရာ၏။ အဘယ်သို့ နွားတို့၏စားကျက်ကို သိကျွမ်းလိမ္မာ လေ့ကျက်ရာသနည်းဟူမူကား တစ်ခုသောအရပ်၌ ၅-ရက် ၁-ကြိမ်သော်လည်းကောင်း, ၇-ရက် ၁-ကြိမ်သော်လည်း ကောင်း ကျောင်းရာ၏။ တစ်ခုသောအရပ်၌ နွားအပေါင်းကို ကျောင်းစားစေ၍ နက်ဖြန် ထိုအရပ်တွင် မကျောင်းစားရချေ။ ဆက်ကာဆက်ကာ ကျောင်းစားသောအရပ်၌ စည် မျက်နှာကဲ့သို့ မြက်မရှိသဖြင့် ဝမ်းပြည့်အောင် မကျောင်းမစားရ။ ထုံးအိုင်, ရေဆိပ်၌ အလွန် ရေနောက်သဖြင့် ရေကောင်းကို မသောက်ရ ရှိ၏။

ထို့ကြောင့် ၅-ရက် ၁-ကြိမ်, ၇-ရက် ၁-ကြိမ်သာ တစ်ခုသောအရပ်၌ ကျောင်းစား ရာ၏။ ၅-ရက်, ၇-ရက်တိုင်မှ ထိုအရပ်၌ မြက်သစ်ပင်တို့သည် စည်ပင်ပြန့်ပြောရာ၏။ ဤအရာကို မလိမ္မာသော နွားကျောင်းသားမိုက်သည် ဤကဲ့သို့သောအရာကို မသိလျှင် နေ့စဉ်ကျောင်းစားသော အရပ်၌ ကျောင်းစားသောကြောင့် ထိုနွားသည် မြက်စိမ်း, မြက်နု ကို မစားရ။ မြက်ခြောက်, မြက်ကြမ်းကို စား၍ ရေနောက်ကိုသာ သောက်ရသဖြင့် ကြုံလှီ လျော့ပါး အားနည်းခဲ့ရကား အရေအသား ခွန်အားကုန်ပျက် အသက်အန္တရာယ်သော်လည်း ဖြစ်ရာ၏။ ထိုနွားကျောင်းသားအား ဥစ္စာစီးပွါး, ၅-ပါးသော နွားနို့၏အရသာတို့မှ အပ ဖြစ်လေကုန်၏။ ဤသို့ ပရပက္ခ၌ **နဝမအင်္ဂါ**ကို သိရာ၏။

**ဒသမအင်္ဂါ၏ အဓိပ္ပါယ်ကား။** ။လိမ္မာသိကျွမ်းသော နွားကျောင်းသား၏ သဘော သည် နွားငယ်တို့အား အသွေး,အသား ပွါးများ ပြည့်စုံအံ့သည်ကို အသင့် နှလုံးသွင်းပိုက်လျက် ၂-ရက်ခန့်လည်းကောင်း, ၃-ရက်ခန့်လည်း ကောင်း ရပ်တန့်နားနေ၍ ထိုနွားတို့၌ နို့ရည်ကို ညှစ်ယူသုံးဆောင်သည်သာတည်း။

မလိမ္မာသော နွားကျောင်းသားတို့၏ သဘောသည် နွားငယ် သောက်စို့ရန် မချန် မခြွင်းဘဲ အကုန်အစင် ညှစ်ယူသုံးဆောင်သောကြောင့် အလိုရှိတိုင်း နို့ရေကို မသောက် မစို့ရသဖြင့် အသွေးအသား လျော့ပါးခြောက်ကပ်၍ မရပ်မတည်နိုင်ရှိလေလျှင် မိခင်၏ ရှေ့၌ လဲ၍ သေလေရာ၏။ အမိဖြစ်သော နွားမသည် သေသောနွားငယ်ကို မြင်ရ၍ "ငါ၏ သားငယ်သည် နို့ရေကိုမျှ ဝလောက်အောင် မစို့ရသောကြောင့် သေရလေပြီ"ဟု စိုးရိမ်ပူပန်ခြင်း ပြင်းစွာ နှိပ်စက်ရကား မြက်,ရေတို့ကို အလိုအတိုင်း မသုံးဆောင်ဘဲ ဆင်းရဲ ပင်ပန်းစွာ အစာလျော့ပါး အရေအသား ခွန်အားဆုတ်ယုတ်သဖြင့် ထိုနွားကျောင်းသား မိုက်အား ဥစ္စာစီးပွါး, ၅-ပါးသော နွားနို့အရသာတို့မှ အပဖြစ်လေကုန်၏။ ဤသို့ ပရပက္ခ၌ **ဒသမအင်္ဂါ**ကို သိရာ၏။

**ဧကာဒသမအင်္ဂါ၏ အဓိပ္ပါယ်ကား။** ။ရှေ့ဆောင်အကြီး နွားလားကြီးဖြစ်သော ဥသဘတို့ကို ကောင်းမြတ်သော အစာကို ပေးခြင်း၊ ပန်း,နံ့သာ လိမ်းကျံပန်ဆင်ခြင်း၊ ဦးချိုတို့၌ ရွှေကန်တော့, ငွေကန်တော့ စွပ်ခြင်း၊ ကိုယ်အလုံး၌ တန်ဆာဆင်ယင်ခြင်း၊ ညဥ့်အခါ ဆီမီးထွန်းညှိခြင်း၊ ပုဆိုးဗိတာန် ကြက်ခြင်း-စသည်ဖြင့် ကောင်းမွန်စွာ ပူဇော်သက္ကာရပြုရသဖြင့် ထိုနွားအပေါင်းတို့၏အကြီး နွားလားကြီး ဖြစ်သော ဥသဘသည် နွားအပေါင်းတို့ကို ကောင်းစွာစောင့်ရှောက်သဖြင့် ကြောက်မက်ဖွယ် သော ဘေးရန်အန္တရာယ် ကြီး,ငယ်တို့ကို ကွယ်၍ထားသောကြောင့် အသစ်တိုးပွါး နွားတို့ သည် ပေါများပြည့်စုံရာ၏။

ထိုသို့ မသိ,မလိမ္မာသော နွားကျောင်းသားတို့သည် နွားတို့၏အကြီး နွားလားကြီး ဖြစ်သော ဥသဘ၌ ပူဇော်သက္ကာရပြုရမည်ကို မပြုရလေရကား ဘေးရန်ကို မဆီးမတား သောကြောင့် နွားအပေါင်းတို့သည် ဆုတ်ယုတ်လျော့ပါးစေသဖြင့် ထိုနွားကျောင်းသား အား ဥစ္စာစီးပွါး, ၅-ပါးသော နွားနို့အရသာတို့မှ အပဖြစ်လေကုန်၏။ ဤသို့ ပရပက္ခ၌ **ဧကာဒသမအင်္ဂါ**ကို သိရာ၏။

**သကပက္ခ၌ ပဌမအင်္ဂါ၏ အဓိပ္ပါယ်ကား။** ။မဟာဘူတရုပ်, ဥပါဒါရုပ်ကို ဟုတ်တိုင်း မှန်တိုင်း ပိုင်းခြား၍ မသိ။ ထိုသို့ မသိခြင်း သည်ကား အရေအတွက်အားဖြင့်လည်းကောင်း, ဖြစ်ကြောင်းသမုဋ္ဌာန်အားဖြင့်လည်း ကောင်း ဤ ၂-ပါးစုံတို့ဖြင့် မသိ။ ထို ၂-ပါးတို့တွင် အရေအတွက်အားဖြင့် မသိရာ၌ကား-

| | | | |
|---|---|---|---|
| ပထဝီ, | အာပေါ, | တေဇော, | ဝါယော, |
| စက္ခုပသာဒ, | သောတပသာဒ, | ဃာနပသာဒ, | ဇိဝှါပသာဒ, |

| | | | |
|---|---|---|---|
| ကာယပသာဒ, | ရူပါရုံ, | သဒ္ဒါရုံ, | ဂန္ဓာရုံ, |
| ရသာရုံ, | ဖောဋ္ဌဗ္ဗာရုံ, | ဣတ္ထိန္ဒြေ, | ပုရိသိန္ဒြေ, |
| ဟဒယရုပ်, | ဇီဝိတရုပ်, | အာဟာရဇရုပ်, | ပရိစ္ဆေဒရုပ်, |
| ကာယဝိညတ်, | ဝစီဝိညတ်, | ရူပလဟုတာ, | ရူပမုဒုတာ, |
| ရူပကမ္မညတာ, | ဥပစယ သန္တတိ, | ဇရတာ, | အနိစ္စတာ, |

ဤ ၂၈-ပါးသော အစဉ်ကို မသိသည်ကား အရေအတွက်အားဖြင့် မသိသည် မည်၏။ နွားကျောင်းသားမိုက်သည် နွားတို့၏ အရေအတွက်ကို မသိသကဲ့သို့ ရုပ်တို့၏ အရေအတွက်ကို မသိသောသူသည် ရုပ်ကို သိမ်းဆည်းခြင်း၊ နာမ်ကို ပိုင်းခြားမှတ်သားခြင်း၊ ရုပ်,နာမ်ကို သိမ်းဆည်း၍ ထိုရုပ်,နာမ်တို့၏ အကြောင်းဖြစ်သော အဝိဇ္ဇာ, တဏှာ, ကံ, အာဟာရတို့ကို သိမ်းဆည်းသောအားဖြင့် လက္ခဏာရေး ၃-ပါးသို့ တင်၍ ကမ္မဋ္ဌာန်း၏ အပြီးသို့ ရောက်စေခြင်းငှာ မတတ်နိုင်လေရာ။

ထို့ကြောင့် နွားကျောင်းသားမိုက်အား နွားတို့သည် မတိုးမပွါးလေသကဲ့သို့ ထို့အတူ ထိုကမ္မဋ္ဌာန်း၏ အပြီးသို့ မရောက်သောသူအား ဤသာသနာတော်၌ သီလ, သမာဓိ, သမထ, ဝိပဿနာ, မဂ်,ဖိုလ်နိဗ္ဗာန်တရားတို့ဖြင့် မတိုးမပွါးသည်သာ မည်၏။ ထိုနွားကျောင်းသားမိုက်အား ၅-ပါးသော နွားနို့အရသာတို့မှ အပဖြစ်လေကုန်သကဲ့သို့ ထိုနာမ်,ရုပ်တရားကို ပိုင်းခြား၍ မသိသဖြင့် လက္ခဏာရေး ၃-ပါးသို့ တင်၍ ရှုခြင်းငှာ မစွမ်းနိုင်သောသူအား သီလက္ခန္ဓ, သမာဓိက္ခန္ဓ, ပညာက္ခန္ဓ, ဝိမုတ္တိက္ခန္ဓ, ဝိမုတ္တိဉာဏဒဿနက္ခန္ဓတည်းဟူသော ၅-ပါးကုန်သော အသေက္ခဓမ္မက္ခန္ဓတို့မှ အပဖြစ်လေကုန်၏။ ထိုရုပ်တို့တွင်—

- ကမ္မဇရုပ်, ဝိညတ်ဒွေးတို့ကား ဧကသမုဋ္ဌာန်တည်း။
- သဒ္ဒသည် ဒွိသမုဋ္ဌာန်တည်း။
- လဟုတာဒိတ္တယကား တိသမုဋ္ဌာန်တည်း။
- အာပေါ်, ဩဇာ, အာကာသဓာတ်တို့ကား စတုသမုဋ္ဌာန်တည်း။
- ဇရတာ, အနိစ္စတာတို့ကား နကုတောစိသမုဋ္ဌာန်တည်း။
- ဧကသမုဋ္ဌာန်ဟူရာ၌ ကမ္မဇရုပ်သည် ကံကြောင့် ဖြစ်၏။ ဝိညတ်ဒွေးတို့သည် စိတ်ကြောင့် ဖြစ်၏။
- ဒွိသမုဋ္ဌာန်ဟူရာ၌ သဒ္ဒသည် စိတ်, ဥတု ၂-ပါးကြောင့် ဖြစ်၏။

- တိသမုဋ္ဌာန်ဟူရာ၌ လဟုတာဒိတ္တယတို့သည် ဥတု, စိတ်, အာဟာရတို့ကြောင့် ဖြစ်၏။
- စတုသမုဋ္ဌာန်ဟူရာ၌ အာပေါ, ဩဇာ, အာကာသဓာတ်တို့သည် ကံ, စိတ်, ဥတု, အာဟာရတည်းဟူသော အကြောင်းတရား ၄-ပါးတို့ကြောင့် ဖြစ်၏။
- န ကုတောစိသမုဋ္ဌာန်ဟူရာ၌ ဇရတာ, အနိစ္စတာတို့သည် ကံ, စိတ်, ဥတု, အာဟာရတည်းဟူသော အကြောင်းတရား ၄-ပါးတို့တွင် တပါးပါးတို့ကြောင့် မဖြစ်ကုန်။

ဤသို့လျှင် ဤရုပ်ကား ဧကသမုဋ္ဌာန်, ဤရုပ်ကား ဒွိသမုဋ္ဌာန်, ဤရုပ်ကား တိသမုဋ္ဌာန်, ဤရုပ်ကား စတုသမုဋ္ဌာန်, ဤရုပ်ကား န ကုတောစိသမုဋ္ဌာန် မည်၏-ဟူ၍ ရုပ်တို့၏အကြောင်းကို မသိ။ ထိုနွားကျောင်းသားမိုက်သည် နွားတို့၏ အဆင်းသဏ္ဌာန်ကို မသိသကဲ့သို့ ထို့အတူ ရုပ်တို့ကို သမုဋ္ဌာန်အားဖြင့် မသိသောသူသည် ရုပ်ကို သိမ်းဆည်းပိုင်းခြား မှတ်သားခြင်း, နာမ်တို့၏အကြောင်းကို မှတ်သားခြင်းဖြင့် လက္ခဏာရေးသို့ တင်၍ ကမ္မဋ္ဌာန်း၏အပြီးသို့ ရောက်စေခြင်းငှာ မတတ်နိုင်။ ထိုသို့ မတတ်နိုင်သောကြောင့် သီလက္ခန္ဓ-အစရှိသော ၅-ပါးသော အသေက္ခဓမ္မက္ခန္ဓတို့မှ အပဖြစ်လေကုန်၏။

**ဒုတိယအင်္ဂါ၏ အဓိပ္ပါယ်ကား။** ။ကာယဒုစရိုက်, ဝစီဒုစရိုက်, မနောဒုစရိုက်-ဟု ဆိုအပ်ကုန်သော ၃-ပါးကုန်သော ကံတို့သည်ကား ဗာလလက္ခဏာ-ဟု မှတ်ကြောင်း၊ ကာယသုစရိုက်, ဝစီသုစရိုက်, မနောသုစရိုက်-ဟု ဆိုအပ်ကုန်သော ၃-ပါးသော ကံတို့သည် ပဏ္ဍိတလက္ခဏာ-ဟု မှတ်ကြောင်း-ဟူ၍ ဘုရားဟောတော်မူသော ကုသိုလ်ကံ, အကုသိုလ်ကံ-ဟူသော ပဏ္ဍိတ၏ လက္ခဏာ, ဗာလ၏ လက္ခဏာကို မသိ။ ထိုဗာလ၏လက္ခဏာ, ပဏ္ဍိတ၏လက္ခဏာကို မသိသော ပုဂ္ဂိုလ်တို့သည် ဗာလလက္ခဏာနှင့် ပြည့်စုံသောသူတို့ကို မကြဉ်မဖဲ၊ မရှဲမခွါ၊ ပေါင်းဖော်ယှဉ်တွဲ မှီဝဲဆည်းကပ်၏။

ပညာရှိ ပဏ္ဍိတလက္ခဏာနှင့် ပြည့်စုံသောသူတို့ကို ဖဲကြဉ်ခွါရှဲ၍ မပေါင်းဖော်မယှဉ်တွဲ၊ မမှီဝဲမဆည်းကပ်။ ဆည်းကပ်အပ်သည်ကိုလည်း မသိ၊ ကုသိုလ်, အကုသိုလ်ကိုလည်း မသိ။ သာဝဇ္ဇ, အနဝဇ္ဇကိုလည်း မသိ။ ဤသို့ စသည်ဖြင့် အလုံးစုံကိုပင် အရာဌာနကျကျနန မသိဘဲ ကမ္မဋ္ဌာန်းကို ယူ၍ ပွါးစေခြင်းငှာ မတတ်နိုင်။ နွားကျောင်းသားသည် နွား၌ဖြစ်သော အမှတ်သညာကို မသိသကဲ့သို့ ထိုဗာလ, ပဏ္ဍိတလက္ခဏာ-စသည်ကို မသိသော ပုဂ္ဂိုလ်အား ကမ္မဋ္ဌာန်းတရားသည် မပွါးသည်သာ ဖြစ်၏။ နွားကျောင်းသားယောကျာ်းအား ၅-ပါးသော နွားနို့အရသာတို့မှ အပဖြစ်လေသကဲ့သို့ သီလက္ခန္ဓ-အစရှိသော ၅-ပါးကုန်သော အသေက္ခဓမ္မက္ခန္ဓတို့မှ အပဖြစ်လေကုန်၏။

**တတိယအင်္ဂါ၏ အဓိပ္ပါယ်ကား။** ။အကြင်ပုဂ္ဂိုလ်သည် ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက်တည်း-ဟူသော မိစ္ဆာဝိတက် ၃-ပါးတို့ကို ပျောက်ငြိမ်းစေခြင်းငှာ မတတ်နိုင်။ ထိုမိစ္ဆာဝိတက် ၃-ပါးသည် နွားတို့၏ အနာ၌ရှိသော ယင်ချေးဥနှင့် တူကုန်၏။ ယင်ချေးဥသည် အနာကို ကြီးပွါးစေသကဲ့သို့ ထို ၃-ပါးသော မိစ္ဆာဝိတက်တို့သည် အကုသိုလ်ကိလေသာတို့ကို ပွါးများစေတတ်၏။

မိစ္ဆာဝိတက် ၃-ပါးတို့ကို မဖျောက်နိုင်သော ပုဂ္ဂိုလ်သည် အကုသိုလ်တရားကို ကြံ၍ မိစ္ဆာဝိတက်၏ အလိုသို့သာ လိုက်လျက် သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, လျောင်းခြင်း-ဟူသော ဣရိယာပုထ် ၄-ပါးတို့ကို ဖြစ်စေ၏။ ထိုသို့ ကာမဝိတက်-စသော မိစ္ဆာဝိတက်တို့ကို ကြံသော ပုဂ္ဂိုလ်အား ကမ္မဋ္ဌာန်းကို ယူ၍ အားထုတ်ပါသော်လည်း နွားကျောင်းသားယောက်ျားအား နွားတို့သည် မပွါးစီးလေသကဲ့သို့ ကမ္မဋ္ဌာန်းတရားတို့သည် မပွါးသည်ဖြစ်၏။ နွားကျောင်းသားယောက်ျားအား ၅-ပါးသော နွားနို့အရသာတို့မှ အပဖြစ်လေသကဲ့သို့ ထိုယောဂါဝစရပုဂ္ဂိုလ်အား သီလက္ခန္ဓ, သမာဓိက္ခန္ဓ, ပညာက္ခန္ဓ, ဝိမုတ္တိက္ခန္ဓ, ဝိမုတ္တိဉာဏဒဿနက္ခန္ဓတည်း-ဟူသော ၅-ပါးကုန်သော အသေက္ခဓမ္မက္ခန္ဓတို့မှ အပဖြစ်လေကုန်၏။

**စတုတ္ထအင်္ဂါ၏ အဓိပ္ပါယ်ကား။** ။စက္ခုဝိညာဏ်ဖြင့် ရူပါရုံကို မြင်သည်ဖြစ်၍, သောတဝိညာဏ်ဖြင့် သဒ္ဒါရုံကို ကြားသည်ဖြစ်၍, ဃာနဝိညာဏ်ဖြင့် ဂန္ဓာရုံကို ယူသည်ဖြစ်၍, ဇိဝှါဝိညာဏ်ဖြင့် ရသာရုံကို လျက်သည်ဖြစ်၍, ကာယဝိညာဏ်ဖြင့် ဖောဋ္ဌဗ္ဗာရုံကို တွေ့သည်ဖြစ်၍, မနောဝိညာဏ်ဖြင့် ဓမ္မာရုံကို သိသည်ဖြစ်၍ ဣတ္ထိ, ပုရိသ-အစရှိသော အာရုံကို ယူလေ၏။

နွားကျောင်းသားသည် နွားတို့၌ဖြစ်သော အနာကို ပုဆိုးကြမ်း-စသည်တို့ဖြင့် မဖုံးမအုပ်သကဲ့သို့ ထို့အတူ ထိုယောဂါဝစရပုဂ္ဂိုလ်သည် ရူပါရုံ-အစရှိသော အာရုံတို့၌ စက္ခုဒွါရအစရှိသည်ကို မစောင့်ခြင်းဖြင့် ဟင်းလင်းဖွင့်သော တံခါးနှင့်တူသော စက္ခုဒွါရ-အစရှိသည်တို့မှ ကိလေသာတည်းဟူသော ပိုးလောက်တို့သည် ဝင်လေသဖြင့် ကိလေသာတည်းဟူသော ပိုးလောက်တို့ဖြင့် ပြည့်လေရကား နွားကျောင်းသားအား နွားတို့သည် မတိုးမပွါးလေသကဲ့သို့ ကမ္မဋ္ဌာန်းတရားတို့ဖြင့် မပွါးသည်ဖြစ်၍ နွားကျောင်းသားအား ၅-ပါးသော နွားနို့အရသာတို့မှ အပဖြစ်လေသကဲ့သို့ ထို့အတူ ထိုယောဂါဝစရပုဂ္ဂိုလ်အား သီလက္ခန္ဓ-အစရှိသော ၅-ပါးကုန်သော အသေက္ခဓမ္မက္ခန္ဓတို့မှ အပဖြစ်ကုန်၏။

**ပဉ္စမအင်္ဂါ၏ အဓိပ္ပါယ်ကား။** ။နွားကျောင်းသားသည် နွားတို့ကို မှက်, ခြင်,ယင်, မြွေ, ကင်း,သန်း-စသည်တို့၏ မကိုက်မခဲစေခြင်း

ငှာ မီးထည့်ခြင်း, မီးအခိုးလွှတ်ခြင်း-စသည်ကို မပြုသကဲ့သို့ ထိုယောဂါဝစရပုဂ္ဂိုလ်သည် သီလ-အစ, သမာဓိ-အလယ်, ပညာ-အဆုံးထား၍ ဟောကြားခြင်းတည်းဟူသော ဓမ္မ-ကထာကိုလည်း မပြု၊ သာယာသော အသံဖြင့် ရွတ်အံသရဇ္ဈာယ်ခြင်းတည်းဟူသော သရ-ဘညကထာကိုလည်း မပြု၊ ရောက်လာသော ရှင်,လူ,ရဟန်းတို့အား ထိုရောက်လာသော ခဏ၌ လျော်သော တရားစကားကို ဟောကြားခြင်းတည်းဟူသော ဥပနိသိန္နကထာကို လည်း မပြု၊ ဒါနဝတ္ထုကထာကိုလည်း အကြောင်းပြု၍ ဝမ်းမြောက်စေခြင်းတည်းဟူသော အနုမောဒနာကထာကိုလည်း မပြု။

ထိုသို့ မပြုခြင်းကြောင့် ဗဟုဿုတပုဂ္ဂိုလ်၏အဖြစ်ကို မသိသဖြင့် ဒါယကာတို့ ချီးမြှင့်ထောက်ပံ့ခြင်း အနုဂ္ဂဟမှ ကင်းသဖြင့် ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး၊ ပစ္စည်း ၄-ပါး တို့သည် မပြည့်စုံခြင်းကြောင့် ပစ္စည်း ၄-ပါးကို အကြောင်းပြု၍ ငြိုငြင်ခြင်းဖြစ်သော ရဟန်း သည် နွားကျောင်းသားအား နွားတို့သည် မတိုးမပွါးလေသကဲ့သို့ ကမ္မဋ္ဌာန်းတရား မတိုးမပွါး သည်ဖြစ်၍ နွားကျောင်းသားအား ၅-ပါးသော နွားနို့အရသာတို့မှ ကင်းလေသကဲ့သို့ ထို ယောဂါဝစရပုဂ္ဂိုလ်အား သီလက္ခန္ဓ-အစရှိသော ၅-ပါးကုန်သော အသေက္ခဓမ္မက္ခန္ဓတို့မှ အပဖြစ်လေကုန်၏။

**ဆဋ္ဌမအင်္ဂါ၏ အဓိပ္ပါယ်ကား။** ။ရေဆိပ်တို့၏ သဘောသည် လာရောက်ကြကုန်သော ခပ်သိမ်းကုန်သောသူတို့၏ ခပ်ယူသုံးဆောင်၍ မကုန်နိုင်သကဲ့သို့ ထို့အတူ ဗဟုဿုတပုဂ္ဂိုလ်တို့၏ သဘောသည် ခပ်သိမ်းကုန်သော ဗဟုဿုတ အကြား,အမြင်ပညာကို အလိုရှိကုန်သောသူအပေါင်းတို့၏ ဆည်းကပ်မှီခို၊ ထိုထိုသို့သော အမေးပုစ္ဆာ ပြဿနာတို့ကို သိသာခြားနား၊ ဖြေကြားသုတ်သင်၊ ဖြူစင်သန့်ရှင်း၊ ယုံမှားကင်းအောင်၊ ပြဆောင်ဟောမြွက်၊ အချက်ချက်တွင်၊ သက်သေ စံနူန်း၊ ထုံးအတန္တု၊ ပုံဥပမာ၊ အရာရာတို့ကို၊ သိသာကွဲပြား၊ ဖြေကြားဆုံးဖြတ်လေ့ရှိ၏။ အကြင်ယောဂါဝစရ ပုဂ္ဂိုလ်သည် သုတဓရ ဗဟုဿုတပုဂ္ဂိုလ်တို့ထံ နှီးနှောချဉ်းကပ်၍-

* ဤသဒ္ဒါကား အဘယ်သို့ ထားအပ်သနည်း?
* ဤသဒ္ဒါကား အဘယ်အနက်ကို ဟောသနည်း?
* ဤအနက်ကား အဘယ်သဒ္ဒါ၏ အနက်နည်း?
* ဤသဒ္ဒါသည် အဘယ်အနက်ကို ပြတတ်သနည်း?

ဤသို့ မမေးမမြန်း စူးစမ်းဆင်ခြင်ခြင်း မရှိ။ ထိုသို့ မမေးမမြန်း စူးစမ်းဆင်ခြင်ခြင်း မရှိသော ယောဂါဝစရပုဂ္ဂိုလ်ကို သုတဓရ, ဗဟုဿုတပုဂ္ဂိုလ်တို့သည် ခွဲခြမ်းဝေဖန်အပ်သော

အရာကို ခွဲခြမ်းဝေဖန်၍ မပြ။ မသိမမြင် မထင်သောအရာကို သိမြင်ထင်လင်းအောင် မပြသောကြောင့် ယုံမှားသံသယတို့သည် ကင်းပျောက်ခြင်းသို့ မရောက်နိုင်ကုန်သည် ဖြစ်ရာ၏။

ထိုသို့ များစွာကုန်သော ယုံမှားသံသယတို့တွင် တစ်စုံတစ်ခုသော ယုံမှားသံသယကိုမျှ ကင်းပျောက်စေခြင်းငှာ မတတ်စွမ်းနိုင်သော ယောဂါဝစရပုဂ္ဂိုလ်သည် သုတဓရ ဗဟုဿုတပုဂ္ဂိုလ်တို့၏ အထံသို့ မချဉ်းမကပ်မူ၍ များစွာသော ယုံမှားသံသယတို့သည် ရှိလျက်ပင်လျှင် ကမ္မဋ္ဌာန်းကို ယူ၍ အားထုတ်သည်ရှိသော်လည်း ပွါးစေခြင်းငှာ မတတ်နိုင်ရာ။ နွားတို့၏ ဘေးအန္တရာယ် ရှိ,မရှိသော ရေဆိပ်ကို မသိသော နွားကျောင်းသားကဲ့သို့ ထို့အတူ ထိုယောဂါဝစရပုဂ္ဂိုလ်သည်လည်း အဘိဓမ္မာကို တတ်စွမ်းလိမ္မာသော ပုဂ္ဂိုလ်သို့ ချဉ်းကပ်၍ အပ်,မအပ်သော ကပ္ပိယ,အကပ္ပိယတို့ကို ဆွေးနွေးမေးမြန်း၏။ ဝိနည်းကို သိကျွမ်းလိမ္မာသော ပုဂ္ဂိုလ်သို့ ချဉ်းကပ်၍ ရုပ်,နာမ်တို့၏ အကြောင်းလက္ခဏာ, ခန္ဓာ, အာယတန-စသော ပရမတ္ထတရားတို့ကို ဆွေးနွေးမေးမြန်း၏။

ထိုသို့ အရာဌာန မဟုတ်သည်ကို မေးမြန်းခြင်းကြောင့် ဓမ္မဓရ, ဝိနယဓရပုဂ္ဂိုလ်တို့သည် ဖြေဆိုဆုံးဖြတ်ခြင်းငှာ မတတ်စွမ်းကုန်။ ထိုသို့ အရာဌာန မဟုတ်သည်ကို မေးမြန်းလေသဖြင့် ဖြေဆိုဆုံးဖြတ်ခြင်းငှာ မတတ်နိုင်။ ယုံမှားသံသယရှိလျက်ပင်လျှင် ကမ္မဋ္ဌာန်းကို အားထုတ်သဖြင့် နွားကျောင်းသားအား နွားတို့သည် မတိုးမပွါးလေသကဲ့သို့ ထိုယောဂါဝစရပုဂ္ဂိုလ်အား ကမ္မဋ္ဌာန်းတရားသည် မတိုးပွါးကုန်။ နွားကျောင်းသားအား ၅-ပါးကုန်သော နွားနို့အရသာတို့မှ အပဖြစ်လေသကဲ့သို့ သီလက္ခန္ဓ-အစရှိသော ၅-ပါးသော အသေက္ခဓမ္မက္ခန္ဓတို့မှ အပဖြစ်လေကုန်၏။

**သတ္တမအင်္ဂါ၏ အဓိပ္ပါယ်ကား။** ။နွားကျောင်းသားသည် ရေသောက်ပြီးသော နွား, ရေမသောက်ရသေးသော နွားတို့ကို ပိုင်းခြား၍ မသိသကဲ့သို့ ထို့အတူ ထိုယောဂါဝစရပုဂ္ဂိုလ်သည်လည်း တရားတော်ကို နာလိုသဖြင့် ထိုထိုအရပ်တို့မှ ချဉ်းကပ်ရောက်လာကုန်သောသူတို့၏ စည်းဝေးရာ တရားသဘင်သို့ ရောက်သည်ရှိသော် အရှိအသေ ဓမ္မဒေသနာကို ကောင်းစွာ နှလုံးမသွင်းဘဲ ဝိုက်မျဉ်းခြင်း ထိနမိဒ္ဓချမ်းသာကိုသာ ကောင်းစွာ ခံစား၍ နေ၏။ တရားအစဉ်ကို နှလုံးမထားဘဲ သူတပါးတို့နှင့် စကားဆိုပြော ရယ်မောရွှင်ပ၍သော်လည်း နေ၏။ ကာမဝိတက်-အစရှိသော အထူးထူးသော အာရုံကို နှလုံးသွင်းလျက် တရားတော်ကို နာခြင်း၌ ကင်းသောသတိရှိသည် ဖြစ်၍သော်လည်း နေ၏။

ဤကား သီလကထာ ဖြစ်သည်, ဤကား သမာဓိကထာ ဖြစ်သည်, ဤကား ပညာကထာ ဖြစ်သည်-ဟု ဒေသနာနယ၏ အစ, အလယ်, အဆုံး၊ ၃-ပါးသော ကလျာဏ ကိုလည်း နှလုံးမထား၊ ထိုယောဂါဝစရပုဂ္ဂိုလ်အား ဓမ္မဿဝနပုညကြိယာဝတ္ထုကို မှီ၍ ဖြစ်သော ပီတိပါမောဇ္ဇ, ယောနိသောမနသိကာရ-စသော များစွာသော အကျိုးအာနိသံသ ကို မခံစားရ။ ထိုသို့ တရားတော်ကို ရိုသေစွာ မနာခြင်းကြောင့် ကမ္မဋ္ဌာန်းတရားကို အား ထုတ်ပါသော်လည်း ရေသောက်ပြီး, မသောက်ရသေးသည်ကို မသိသော နွားကျောင်းသား အား နွားတို့သည် မတိုးမပွါးဘဲ ၅-ပါးသော နွားနို့အရသာတို့မှ အပဖြစ်လေသကဲ့သို့ ထိုယောဂါဝစရပုဂ္ဂိုလ်အား ကမ္မဋ္ဌာန်းတရားတို့သည် မပွါးခြင်းကြောင့် သီလက္ခန္ဓ-အစရှိသော ၅-ပါးသော အသေက္ခဓမ္မက္ခန္ဓတို့မှ အပဖြစ်လေကုန်၏။

**အဋ္ဌမအင်္ဂါ၏ အဓိပ္ပါယ်ကား။** ။နွားကျောင်းသားသည် ဤခရီးကား ခြင်္သေ့, သစ်,ကျား-အစရှိသော ဘေးဘျမ်း၊ ကြမ်းတမ်း သော ဆူးငြောင့်, သစ်ငုတ်, ခလုတ်, တွင်းကျင်းတို့သည် ရှိကုန်၏။ ဤခရီးကား ဆိုအပ်ခဲ့ပြီး သော ဘေးဘျမ်း, ကြမ်းတမ်းသော အန္တရာယ်တို့သည် မရှိသဖြင့် သွားသင့်သောအရပ် ဖြစ်၏။ ဤသို့ သင့်,မသင့်သော ခရီး၂-ပါးကို ခွဲပြား၍ မသိသကဲ့သို့ ထို့အတူ ယောဂါဝစရ ပုဂ္ဂိုလ်သည်လည်း ဤကား လောကီမဂ္ဂင်ဖြစ်သည်, ဤကား လောကုတ္တရာမဂ္ဂင်ဖြစ်သည်၊ ဤသို့ ဖြူစင်သော အင်္ဂါ ၈-ပါးတရားကို ပိုင်းခြားထိုးထွင်း၍ မသိ။ ထိုသို့ ပိုင်းခြားထိုးထွင်း၍ မသိခြင်းကြောင့် လောကီမဂ္ဂင်ကို နှလုံးမသွင်းဘဲ လောကုတ္တရာမဂ္ဂင်ကို ဖြစ်စေခြင်းငှာ မတတ်နိုင်။ ထိုသို့ မတတ်နိုင်သော ယောဂါဝစရပုဂ္ဂိုလ်သည် နွားတို့၏ သွားရာခရီး ၂-ပါး ကို ကွဲပြား၍မသိသော နွားကျောင်းသားအား နွားတို့သည် မတိုးမပွါးဘဲ ၅-ပါးကုန်သော နွားနို့အရသာတို့မှ အပဖြစ်လေသကဲ့သို့ ကမ္မဋ္ဌာန်းတရားတို့ဖြင့် မပွါးသည်ဖြစ်၍ သီလက္ခန္ဓ-အစရှိသော ၅-ပါးသော အသေက္ခဓမ္မက္ခန္ဓတို့မှ အပဖြစ်လေကုန်၏။

**နဝမအင်္ဂါ၏ အဓိပ္ပါယ်ကား။** ။ထိုနွားကျောင်းသားသည် ၅-ရက် ၁-ကြိမ်, ၇-ရက် ၁-ကြိမ်-စသည်ဖြင့် ရက်ကို ပိုင်းခြား မှတ်သား၍ တစ်ခုခုသောစားကျက်၌ နွားတို့ကို ကျက်စားစေအပ်၏-ဟု နွားတို့၏ ကျက်စား ရာအရပ်ကို မမှတ်မသား ပိုင်းခြား၍ မသိလေသကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် လည်း ဤသည်ကား လောကီဖြစ်သော သတိပဋ္ဌာန်တည်း, ဤသည်ကား လောကုတ္တရာ ဖြစ်သော သတိပဋ္ဌာန်တည်း၊ *(ဤသို့)* သတိပဋ္ဌာန်တရားတို့ကို ဟုတ်မှန်သည့်အတိုင်း ပိုင်းခြား ဝေဖန်၍ မသိ။ ထိုသို့ လောကီ, လောကုတ္တရာဖြစ်သော သတိပဋ္ဌာန်တရားတို့ကို ဟုတ်မှန် သောအတိုင်း ပိုင်းခြားဝေဖန်၍ မသိသော ယောဂါဝစရပုဂ္ဂိုလ်အား သိမ်မွေ့သောအရာတို့

၌ မိမိဉာဏ်ကို ကျက်စားစေခြင်းငှာ မတတ်နိုင်သောကြောင့် လောကီဖြစ်သော သတိပဋ္ဌာန်တို့ကို နှလုံးမသွင်းဘဲ လောကုတ္တရာသတိပဋ္ဌာန်ကိုသာ နှလုံးသွင်းသဖြင့် အရာဌာန မကျသောကြောင့် နွားကျောင်းသားအား နွားတို့သည် မစီးမပွါးဘဲ ၅-ပါးကုန်သော နွားနို့အရသာတို့မှ အပဖြစ်လေသကဲ့သို့ ထိုယောဂါဝစရပုဂ္ဂိုလ်အား ကမ္မဋ္ဌာန်းတရားတို့သည် မပွါးသည်ဖြစ်၍ သီလက္ခန္ဓ-အစရှိသော ၅-ပါးသော အသေက္ခဓမ္မက္ခန္ဓတို့မှ အပဖြစ်လေကုန်၏။

**ဒသမအင်္ဂါ၏ အဓိပ္ပါယ်ကား။** ။အကြင် ယောဂါဝစရပုဂ္ဂိုလ်သည် အဝတ်, ပုဆိုး, အစာအာဟာရ, အသုံးအဆောင်တို့၌ ပေးကမ်းချီးမြှင့် ထောက်ပံ့ပြုစုသောသူတို့၏ အတိုင်းအရှည် ပမာဏကိုလည်း မသိ။ မိမိနှင့် ထိုက်တန်လျော်ကန်သည်လည်း မသိ။ ပစ္စည်း၏ အနည်း,အများ အယုတ်,အမြတ်-စသော အတိုင်းအရှည် ပမာဏကိုလည်း မသိ။ ထိုသို့ မသိသည်ဖြစ်၍ သုံးဆောင်မှီဝဲလေ့ရှိ၏။

နွားကျောင်းသားသည် နွားငယ်စို့ရန် မချန်မခြွင်းဘဲ နွားနို့ကို အကုန်အစင် ညှစ်ယူသုံးဆောင်သောကြောင့် နွားငယ် သေဆုံးခြင်း, မိခင်၏ ကြုံလှီလျော့ပါး ဆုတ်ယုတ်၍ သေကျေပျက်စီးခြင်းကြောင့် နွားတို့သည် မတိုးမပွါးဘဲ ၅-ပါးသော နွားနို့အရသာတို့မှ အပဖြစ်လေသကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည်လည်း အတိုင်းအရှည်ပမာဏကို မသိခြင်းကြောင့် အဝတ်,ပုဆိုး အစာအာဟာရ, အသုံးအဆောင်တို့သည် ဆုတ်ယုတ်လျော့ပါးသဖြင့် ကမ္မဋ္ဌာန်းတရားတို့သည် မပွါးခြင်းကြောင့် သီလက္ခန္ဓ-အစရှိသော ၅-ပါးကုန်သော အသေက္ခဓမ္မက္ခန္ဓတို့မှ အပဖြစ်လေကုန်၏။

**ဧကာဒသမအင်္ဂါ၏ အဓိပ္ပါယ်ကား။** ။နွားကျောင်းသားသည် နွားတို့၏အကြီး နွားလားကြီးဖြစ်သော ဥသဘကို လွန်စွာကောင်းမြတ်သော ပူဇော်ခြင်းကို မပြုသကဲ့သို့ သီလ, သမာဓိ,ပညာ-စသော ကျေးဇူးသတင်း ကျော်စောခြင်းနှင့် ပြည့်စုံသော မထေရ်ကြီးတို့ကို ကာယကံနှင့်ယှဉ်သော မေတ္တာ, ဝစီကံနှင့်ယှဉ်သော မေတ္တာ, မနောကံနှင့်ယှဉ်သော မေတ္တာဖြင့် ကောင်းစွာ ပွါးများခြင်းကို မပြု။

ထိုသို့ သီလ,သမာဓိ,ပညာ-စသော ကျေးဇူးသတင်း ကျော်စောခြင်းနှင့် ပြည့်စုံသော မထေရ်ကြီးတို့ကို မေတ္တာနှင့်ယှဉ်သော ကာယကံ, ဝစီကံ, မနောကံတို့ကို မပြုခြင်းကြောင့် တရားဟောကြားပြသခြင်း, လျှို့ဝှက်နက်နဲ ခဲခက်သောအရာကို သင်ကြားခြင်း, အစဉ်သနားသည်ကို အကြောင်းပြု၍ ချီးမြှင့်ခြင်းကို မပြုကုန်။ ထိုသို့ ကိလိဋ္ဌဂန္ထဓမ္မကထာ-စသည်တို့ဖြင့် ချီးမြှင့်ခြင်းကို မပြုရသောကြောင့် နွားကျောင်းသားအား နွားတို့သည် မတိုးမပွါးဘဲ ၅-ပါးသောအရသာတို့မှ အပဖြစ်သကဲ့သို့ ထို့အတူ ထိုယောဂါဝစရပုဂ္ဂိုလ်သည် ကမ္မဋ္ဌာန်း

တရားတို့ဖြင့် မပွါးသည်ဖြစ်၍ သီလက္ခန္ဓ-အစရှိသော ၅-ပါးသော အသေက္ခဓမ္မက္ခန္ဓတို့မှ အပဖြစ်လေကုန်၏။

*(၁) အဘယ်သို့သော ပုဂ္ဂိုလ်သည် ရုပ်၏အရေအတွက်, ရုပ်၏သမုဋ္ဌာန်အားဖြင့် မသိသောပုဂ္ဂိုလ် မည်သနည်း?

ဤဘုရားသာသနာတော်၌ အကြင်ပုဂ္ဂိုလ်သည် "**စတ္တာရိ မဟာဘူတာနိ, ဥပါဒါရူပံ**"ဟူ၍ ဟောတော်မူအပ်သော အကြင်အမှတ်မရှိ အလုံးစုံသောရုပ်သည် ရှိ၏။ ထိုရုပ်ကို ဟုတ်မှန်တိုင်း မသိ၊ ထိုသို့ မဟာဘူတရုပ်, ဥပါဒါရုပ်တို့ကို ဟုတ်မှန်တိုင်း မသိသောပုဂ္ဂိုလ်သည် ရုပ်၏အရေအတွက်, ရုပ်၏လက္ခဏာကို မသိသည် မည်၏။

*(၂) အဘယ်သို့သော ပုဂ္ဂိုလ်သည် ဗာလ၏လက္ခဏာ, ပဏ္ဍိတ၏လက္ခဏာ၌ မလိမ္မာသောပုဂ္ဂိုလ် မည်သနည်း?

ပဏ္ဍိတ-ဟု မှတ်ကြောင်းကံ, ဗာလ-ဟု မှတ်ကြောင်းကံ၌ မလိမ္မာသောပုဂ္ဂိုလ်၊ ထိုဗာလ, ပဏ္ဍိတတို့၏ အကြောင်းကံကို ဟုတ်မှန်တိုင်း မသိသောပုဂ္ဂိုလ်သည် ဗာလ, ပဏ္ဍိတတို့၏ လက္ခဏာ၌ မလိမ္မာသောပုဂ္ဂိုလ် မည်၏။

*(၃) အဘယ်သို့သောပုဂ္ဂိုလ်သည် နွားတို့၌ ကိုက်ခဲသော ယင်ချေးဥနှင့်တူသော ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက်တို့ကို မဖျောက်နိုင်သောပုဂ္ဂိုလ် မည်သနည်း?

ဤဘုရားသာသနာတော်၌ အကြင်ပုဂ္ဂိုလ်သည် မိမိ၏သန္တာန်၌ ဖြစ်လာသော ကာမဝိတက်ကို နှစ်သက်သာယာခြင်းဖြင့် နှလုံးသွင်းပိုက်၍ စိတ်၌ တည်စေသဖြင့် သည်းခံ၏။ ထိုကာမဝိတက်ကို ပယ်ဖျက်စွန့်ဖျောက် ပျက်စီးကုန်ခန်းခြင်း, အကြွင်းမဲ့ ချုပ်သည်တိုင်အောင် မပြု၊ မိမိ၏သန္တာန်၌ဖြစ်သော ဗျာပါဒဝိတက်, ဝိဟိံသာ-ဝိတက်တို့ကို ပယ်ဖျက်စွန့်ဖျောက် ပျက်စီးကုန်ခန်းခြင်း, အကြွင်းမဲ့ ချုပ်သည်တိုင်အောင် မပြု၊ ထိုပုဂ္ဂိုလ်သည် နွားတို့၌ ကိုက်ခဲသော ယင်ချေးဥနှင့်တူသော ကာမ-ဝိတက်-အစရှိသည်ကို မပယ်မဖျောက်သောပုဂ္ဂိုလ် မည်၏။　　(အံ၊၃။၅၄၃)

*(၄) အဘယ်သို့သော ပုဂ္ဂိုလ်သည် နွားတို့၏အမာဝကို ပုဆိုးကြမ်း-စသည်တို့ဖြင့် ပိတ်ဆို့ခြင်းကို မပြုသကဲ့သို့ ရူပါရုံ-စသည်တို့၌ စက္ခုဒွါရ-အစရှိသည်ကို ပိတ်ဆို့ဆီးတားခြင်း စသည်ကို မပြုသောပုဂ္ဂိုလ် မည်သနည်း?

ဤသာသနာတော်၌ အကြင်ပုဂ္ဂိုလ်သည် စက္ခုဝိညာဏ်ဖြင့် ရူပါရုံကို မြင်လျှင် ဣတ္ထိ, ပုရိသ-အစရှိသော နိမိတ်ကို ယူလေ့ရှိ၏။ ဣတ္ထိ, ပုရိသ-အစရှိသည်တို့၏

လက်,ခြေသဏ္ဌာန် အသွင်အပြင်ကို ယူလေ့ရှိ၏။ အကြင်စက္ခုန္ဒြေကို မစောင့်ရှောက်ခြင်းကြောင့် ထိုပုဂ္ဂိုလ်ကို အဘိဇ္ဈာ, ဒေါမနဿ-အစရှိသော ယုတ်မာကုန်သော အကုသိုလ်တရားတို့သည် နှိပ်စက်ဖျက်ဆီးနိုင်ရာ၏။

ထို့အတူ သောတဝိညာဏ်ဖြင့် သဒ္ဒါရုံကို ကြား၍, ဃာနဝိညာဏ်ဖြင့် ဂန္ဓာရုံကို နမ်း၍, ဇိဝှါဝိညာဏ်ဖြင့် ရသာရုံကို လျက်၍, ကာယဝိညာဏ်ဖြင့် ဖောဋ္ဌဗ္ဗာရုံကို တွေ့၍, မနောဝိညာဏ်ဖြင့် ဓမ္မာရုံကို သိ၍ ထိုထိုဒွါရအာရုံတို့၌ စောင့်ခြင်းမရှိသော ပုဂ္ဂိုလ်အား အဘိဇ္ဈာ-အစရှိသော ယုတ်မာကုန်သော အကုသိုလ်တရားတို့သည် အစဉ်သဖြင့် နှိပ်စက်ဖျက်ဆီးနိုင်ရာ၏။

*(၅) အဘယ်သို့သော ပုဂ္ဂိုလ်သည် နွားတို့ကို မှက်, ခြင်-အစရှိသည်တို့ဖြင့် မကိုက်မခဲစေခြင်းငှာ မီးခိုးမလွှတ်သကဲ့သို့ တရားဟောခြင်း ဓမ္မဒေသနာတည်းဟူသော အခိုးကို မလွှတ်သောပုဂ္ဂိုလ် မည်သနည်း?

မိမိသည် သိအပ်သော သုဂမ္ဘီရ, သုနိပုဏ, သုဒုဒ္ဒသဖြစ်၍ အလွန်သိမ်မွေ့နက်နဲခဲခက်ဆန်းကြယ်သော ဒေသနာကို သူတပါးတို့အား နားလည်စေခြင်းငှာ အကျယ်ဖွင့်၍ပြလျက် ဥပမေယျထုတ်ဆောင်၍ မဟော။ ထိုသို့ မဟောခြင်းသည် ဓမ္မဒေသနာဟူသော အခိုးကို မလွှတ်သောပုဂ္ဂိုလ် မည်၏။

*(၆) အဘယ်သို့သော ပုဂ္ဂိုလ်သည် နွားတို့ကို ရေချရာ ရေဆိပ်ကို မသိသော နွားကျောင်းသားကဲ့သို့ ရေဆိပ်နှင့်တူသော ဗဟုဿုတပုဂ္ဂိုလ်ကို မသိသည် မည်သနည်း?

ဤဘုရားသာသနာတော်၌ အကြား,အမြင်နှင့် ပြည့်စုံသော ပရိယတ္တိဓမ္မကို ကောင်းစွာ ရွက်ဆောင်နိုင်သော၊ ပါဠိ, အဋ္ဌကထာ, ဋီကာ အာဂုံကို နှုတ်တိုင်ဆောင်ရွက်လေ့ကျက်ဟောပြ ဆုံးမနိုင်သော၊ သုတ်,အဘိဓမ္မာကို ကောင်းစွာ ရွက်ဆောင်နိုင်သော ဓမ္မဓရပုဂ္ဂိုလ်၊ ဝိနည်းကို ဆောင်နိုင်သော ဝိနယဓရပုဂ္ဂိုလ်တို့၏ အထံသို့ ရံခါရံခါ ချဉ်းကပ်၍ မေးအပ်သော ပုစ္ဆာပြဿနာကို မမေးမမြန်း။ ထိုသို့ မမေးမမြန်းသောသူသည် ရေဆိပ်ကို မသိသော နွားကျောင်းသားကဲ့သို့ ရေဆိပ်နှင့်တူသော ဗဟုဿုတပုဂ္ဂိုလ်ကို မသိသည် မည်၏။ (အံ၊၃။၅၄၈)

*(၇) အဘယ်သို့သော ပုဂ္ဂိုလ်သည် နွားတို့ကို ဆောင်ရာခရီးကို မသိသကဲ့သို့ ခရီးကို မသိသောပုဂ္ဂိုလ် မည်သနည်း?

ဤဘုရားသာသနာတော်၌ သုတ်, ဝိနည်း, အဘိဓမ္မာတို့ကို ဟောကြားပြသသည် ရှိသော် အနက်ကို ထိုးထွင်း၍သိသော အတ္ထဝေဒဉာဏ်, သဒ္ဒါကို ထိုးထွင်း၍သိသော

ဓမ္မဝေဒဉာဏ်ကို မရ။ တရားနှင့် စပ်ယှဉ်သော ဝမ်းမြောက်ခြင်း ပါမောဇ္ဇကိုလည်း မရ။ ဝါ၊ နုသော ပီတိ-ဟု ဆိုအပ်သော ဝမ်းမြောက်ခြင်း ပါမောဇ္ဇကိုလည်း မရ။ နှစ်သက်ခြင်း ပီတိကိုလည်း မရ။ ဝါ၊ ရင့်သော ပီတိ-ဟု ဆိုအပ်သော နှစ်သက်ခြင်းကို လည်း မရ။ ထိုသို့ မရသောသူသည် နွားတို့၏သွားရာခရီးကို မသိသော နွားကျောင်း သားကဲ့သို့ ခရီးကို မသိ,မလိမ္မာသောပုဂ္ဂိုလ် မည်၏။

ဤသို့ ပြဆိုအပ်ခဲ့ပြီးသော နည်းဖြင့် မလိမ္မာသော နွားကျောင်းသားကို ဥပမာပြု၍ ပြအပ်သော ကဏှပက္ခ၌ အင်္ဂါ ၁၁-ပါး, လိမ္မာသော နွားကျောင်းသားကို ဥပမာပြု၍ ပြအပ် သော သုက္ကပက္ခ၌ အင်္ဂါ ၁၁-ပါး, အလုံးစုံသော အကြောင်းအရာ အင်္ဂါတို့သည် ဘူတရုပ်, ဥပါဒါရုပ်တို့၏ ဖြစ်ကြောင်းလက္ခဏာ အခြင်းအရာအရေအတွက်ကိုမျှ မသိဘဲ ရုပ်,နာမ် တရားတို့ကို လက္ခဏာရေးသို့ တင်၍ ဆင်ခြင်ခြင်း*(ဟူသော)* ဝိပဿနာဉာဏ်၏ ပြည့်စုံရာ သော သဘောမဟုတ်သည်ကို ပြ၍ ဆုံးမဟောကြားတော်မူသော ဓမ္မကထာ-ဟု မှတ်ရာ၏။

သဗ္ဗညု-ဟု သုံးလူ့သေဋ္ဌနင်းဖြစ်တော်မူသော မြတ်စွာဘုရားသည် ဥက္ကာစေလမြို့ ၏အနီးဖြစ်သော ဂင်္ဂါမြစ်ကမ်း၌ နေတော်မူသောအခါ ရဟန်းအပေါင်းတို့ကို ခေါ်တော် မူ၍ "ချစ်သားရဟန်းတို့၊ မဂဓရာဇ်တိုင်း၌ နေကုန်သော, ပညာမရှိသော နွားကျောင်းသား တို့သည် တန်ဆောင်မုန်းလ သရဒအခါဝယ် ဂင်္ဂါမြစ်၏ ဤမှာဘက်ဖြစ်သောကမ်း, ထိုမှာ ဘက်ဖြစ်သောကမ်းတို့ကို မစူးစမ်း,မဆင်ခြင်ဘဲ မဂဓရာဇ်တိုင်း၊ ရာဇဂြိုဟ်ပြည် ဤမှာဘက် ဖြစ်သော တောင်ကမ်းမှ ဝိဒေဟတိုင်း၊ မိထိလာနဂရ၊ ဥတ္တရမြောက်ဘက်ကမ်းသို့ ကူးသန်း ကြလေကုန်၏။ ထိုအခါ နွားအပေါင်းတို့သည် မကောင်းသော ဆိပ်ကမ်းဖြင့် ကူးသန်းခဲ့လေ ရကား ဝိဒေဟတိုင်းဖြစ်သော မြောက်ဘက်ကမ်းသို့ ချမ်းသာသဖြင့် လွယ်လင့်တကူ ရယူ ရောက်အောင် မဆောင်နိုင်သော နွားအပေါင်းတို့သည် ဂင်္ဂါမြစ် အလယ်ကြောတွင် မျော၍ ပါသဖြင့် ချာချာလည်လျက် ပျက်စီးခြင်းသို့ ရောက်ကြလေကုန်၏။

ထိုသို့ ပျက်စီးခြင်းသို့ ရောက်ခြင်းသည် အဘယ်ကြောင့်နည်းဟူမူကား အကြင် အခြင်းဖြင့် ကူးသည်ရှိသော် ဤမှာဘက်ကမ်း, ထိုမှာဘက်ကမ်းတို့ကို မှတ်သားခြင်းငှာ မတတ်နိုင်။ ထိုအခြင်းဖြင့် ကူးသည်ရှိသော် သင့်တင့်သော ကျွန်းကမ်းထိပ်ကို လွယ်လင့် တကူ ရယူခြင်းငှာ မတတ်နိုင်သောကြောင့်တည်း။

ချစ်သားရဟန်းတို့၊ မဂဓရာဇ်တိုင်း၌ နေသော မလိမ္မာသော နွားကျောင်းသားသည် မိုးလတို့၏အဆုံး တန်ဆောင်မုန်းလ သရဒအခါ ဂင်္ဂါမြစ်ကြီး၏ ဤမှာဘက်, ထိုမှာဘက် ဖြစ်သော ကမ်းတို့ကို မစူးစမ်း,မဆင်ခြင်ဘဲ ကူးသွားသဖြင့် ဂင်္ဂါမြစ်အလယ်တွင် ချာချာ လည်လျက် ပျက်စီးခြင်းသို့ ရောက်သကဲ့သို့—

- ခန္ဓာ, အာယတနဓာတ်တည်းဟူသော ပစ္စုပ္ပန်လောက, တမလွန်လောက, မာရာဓေယျတည်းဟူသော ဘုံ ၃-ပါး၌ဖြစ်သော တေဘူမကဓမ္မ၌ မလိမ္မာ၊
- လောကုတ္တရာဓမ္မတည်းဟူသော မာရ်မင်းနှင့် မစပ်သော အမာရာဓေယျ၌ မလိမ္မာ၊
- သေမင်းနှင့်စပ်သော တေဘူမကဓမ္မတည်းဟူသော မစ္စုဓေယျ၊
- လောကုတ္တရာဓမ္မတည်းဟူသော သေမင်းနိုင်ငံ မဟုတ်သော အမစ္စုဓေယျ၌ မလိမ္မာသော—

အချို့ကုန်သော လူ,နတ်,ဗြဟ္မာ သတ္တဝါအပေါင်းတို့သည် ထိုခန္ဓာ, အာယတနဓာတ်တည်းဟူသော ပစ္စုပ္ပန်လောက, တမလွန်လောက, မာရာဓေယျ, အမာရာဓေယျ, မစ္စုဓေယျ, အမစ္စုဓေယျ၌ မလိမ္မာသော ရဟန်း,ရှင်,လူ ပြည်သူ,သတ္တဝါ ဗြဟ္မာ,လူ,နတ်တို့၏ စကားကို နာအပ်, ကြားအပ်, ယုံကြည်လေးမြတ် မှတ်သားအပ်၏-ဟု အောက်မေ့ကုန်လတ္တံ့။

ထိုခန္ဓာ, အာယတနဓာတ်တည်းဟူသော ပစ္စုပ္ပန်လောက, တမလွန်လောက, မာရာဓေယျ, အမာရာဓေယျ, မစ္စုဓေယျ, အမစ္စုဓေယျ၌ မလိမ္မာသော အချို့သော ရဟန်း, ပုဏ္ဏား တိုင်းသား,ပြည်သူ နတ်,လူ,ဗြဟ္မာ သတ္တဝါတို့၏စကားကို ယုံကြည်လေးမြတ် မှတ်သားခြင်းကြောင့် ရှည်လျားစွာသော ကာလပတ်လုံး အကျိုးစီးပွါး မရှိခြင်း၊ ဆင်းရဲငြိုငြင် ပင်ပန်းခြင်းငှာ ထင်စွာဖြစ်ကုန်လတ္တံ့။

ချစ်သားရဟန်းတို့၊ မဂဓရာဇ်တိုင်း, ရာဇဂြိုဟ်ပြည်၌နေသော အဆင်အခြင်ပညာနှင့်ပြည့်စုံသော လိမ္မာသော နွားကျောင်းသားသည် မိုးလတို့၏အဆုံး တန်ဆောင်မုန်းလ သရဒအခါဝယ် ဂင်္ဂါမြစ်၏ ဤမှာဘက်ဖြစ်သော ကမ်း, ထိုမှာဘက်ဖြစ်သော ကမ်းတို့ကို စူးစမ်းဆင်ခြင် မြော်မြင်နိုင်းဆ၍ နွားအပေါင်းတို့ကို ကောင်းသောဆိပ်ကမ်းဖြင့် ကူးသန်းခဲ့စေရကား မိထိလာနဂရ၊ ဥတ္တရတိတ္ထဖြစ်သော မြောက်ဘက်ကမ်းသို့ ချမ်းသာသဖြင့် လွယ်လင့်တကူ ရယူခြင်းငှာ စွမ်းနိုင်သော နွားအပေါင်းတို့၏အကြီး နွားလားကြီးသည် ရှေ့ဦးရှေ့ဆောင်လျက် ဂင်္ဂါမြစ်အလယ်ကြောကို ဆောလျင်စွာ ဖြတ်ပိုင်း၍ လှိုင်းဟုန်ဂယက်, ရေပွက်,ရေကြမ်းမှ ကမ်းသို့ တက်လေရာ၏။ ထို့နောင်မှ စွမ်းပကားအားနှင့် ပြည့်စုံသော နွား, ငယ်သောနွားတို့သည်လည်း အစဉ်တစိုက် နောက်သို့ လိုက်ကြသဖြင့် အသင့်လျော်စွာ ဂင်္ဂါမြစ်အလယ်ကြောကို ဆောလျင်စွာ ဖြတ်ပိုင်း၍ လှိုင်းဟုန်ဂယက်, ရေပွက်, ရေကြမ်းမှ ကမ်းသို့ ဆိုက်လေရာ၏။

ချစ်သားရဟန်းတို့၊ မဂဓရာဇ်တိုင်း, ရာဇဂြိုဟ်ပြည်၌ နေကုန်သော အဆင်အခြင်ပညာနှင့် ပြည့်စုံသော နွားကျောင်းသားတို့သည် မိုးလတို့၏အဆုံး တန်ဆောင်မုန်းလ

အခါဝယ် ဂင်္ဂါမြစ်ကြီး၏ ဤမှာဘက်, ထိုမှာဘက်ဖြစ်သော ကမ်းတို့ကို စူးစမ်းဆင်ခြင်လျက် မဂဓရာဇ်တိုင်းဖြစ်သော တောင်ဘက်ကမ်းမှ မြောက်ဘက်ကမ်းဖြစ်သော ဝိဒေဟတိုင်း၊ မိထိလာပြည်သို့ ကူးကုန်သဖြင့် အသင့်လျော်စွာ ဂင်္ဂါမြစ် အလယ်ကြောကို ဆောလျင်စွာ ဖြတ်ပိုင်း၍ လှိုင်းဟုန်ဝယက်, ရေပွက်,ရေကြမ်းမှ ကမ်းသို့ ဆိုက်လေရာသကဲ့သို့ ချစ်သား ရဟန်းတို့၊ ထို့အတူ ခန္ဓာ,အာယတန,ဓာတ်တည်းဟူသော ပစ္စုပ္ပန်လောက, တမလွန်လောက, မာရ်မင်းနှင့် စပ်သော ဘုံ ၃-ပါး၌ဖြစ်သော တေဘူမကဓမ္မဝဋ္ဋဒုက္ခတည်းဟူသော မာရ-ဓေယျ၊ မာရ်မင်းနှင့် မစပ်သော လောကုတ္တရာဓမ္မတည်းဟူသော အမာရာဓေယျ၊ သေမင်းနှင့်စပ်သော ဘုံ ၃-ပါး၌ဖြစ်သော တေဘူမကဝဋ္ဋဒုက္ခတည်းဟူသော မစ္စုဓေယျ၊ သေမင်းနှင့်မစပ်သော လောကုတ္တရာဓမ္မတည်းဟူသော အမစ္စုဓေယျ၌ မလိမ္မာသော အချို့ကုန်သော ရဟန်း,ပုဏ္ဏား တိုင်းသား,ပြည်သူ နတ်,လူ,ဗြဟ္မာ သတ္တဝါအပေါင်းတို့သည် ထိုခန္ဓာ, အာယတန,ဓာတ်တည်းဟူသော ပစ္စုပ္ပန်လောက, တမလွန်လောက,

- မာရ်မင်းနှင့်စပ်သော, ဘုံ ၃-ပါး၌ဖြစ်သော တေဘူမကဓမ္မ-ဟု ဆိုအပ်သော မာရာဓေယျ၊
- မာရ်မင်းနှင့် မစပ်သော လောကုတ္တရာဓမ္မတည်းဟူသော အမာရာဓေယျ၊
- သေမင်းနှင့် စပ်သော, ဘုံ ၃-ပါး၌ဖြစ်သော တေဘူမကဓမ္မဝဋ္ဋဒုက္ခ-ဟု ဆိုအပ်သော မစ္စုဓေယျ၊
- သေမင်းနှင့် မစပ်သော လောကုတ္တရာဓမ္မတည်းဟူသော အမစ္စုဓေယျ၌—

လိမ္မာသော ရဟန်း,ပုဏ္ဏား တိုင်းသား,ပြည်သူ နတ်,လူ,ဗြဟ္မာ သတ္တဝါတို့၏ စကားကို ယုံကြည်လေးမြတ် မှတ်သားခြင်းကြောင့် ရှည်မြင့်စွာသော ကာလပတ်လုံး အကျိုးစီးပွါး များခြင်း, ချမ်းသာခြင်းငှာ ဖြစ်ကုန်လတ္တံ့။

ချစ်သားရဟန်းတို့၊ နွားအပေါင်းတို့၏ ရှေ့ဆောင်အကြီး နွားလားကြီးဖြစ်သော ဥသဘသည် ဂင်္ဂါမြစ်အလယ်ကြောကို ဆောလျင်စွာ ဖြတ်ပိုင်း၍ လှိုင်းဟုန်ဝယက်, ရေပွက်, ရေကြမ်းမှ ကမ်းသို့ ဆိုက်လေသကဲ့သို့ ထို့အတူလျှင်—

- ပစ္စည်း ၄-ပါးတို့ကို ခံယူတော်မူထိုက်သော,
- ကုန်ပြီးသော အာသဝေါတရား ၄-ပါးရှိကုန်သော,
- သုံးပြီးသော အရိယာမဂ်ရှိကုန်သော,
- ပြုအပ်ပြီးသော ၁၆-ပါးသောကိစ္စရှိကုန်သော,

- ချုအပ်ပြီးသော ခန္ဓာဝန်ရှိကုန်သော,
- တဖန် ပဋိသန္ဓေနေခြင်း ကင်းသည်၏အဖြစ်ကြောင့် ခန္ဓာကိုယ်တည်းဟူသော ဝန်ကို ချကုန်ပြီးသော,
- ရောက်အပ်ပြီးသော အရဟတ္တဖိုလ်တည်းဟူသော မိမိ၏အကျိုးရှိကုန်သော,
- ကုန်ပြီးသော ဘဝသံယောဇဉ် ရှိကုန်သော,
- ကောင်းစွာ မဖောက်မပြန် သိသည်ဖြစ်၍ ကိလေသာမှ လွတ်တော်မူကုန်ပြီးသော,
- ဖျက်ဆီးအပ်သော ကိလေသာရှိကုန်သော—

ပုဂ္ဂိုလ်တို့သည် အရိယမဂ်ဉာဏ်ကို ဖိလာကာဆီး တုံးကြီးနှင့်တူသော မာရ်မင်း၏ လက်နက် တည်းဟူသော တဏှာအလျဉ်ကို၊ ဝါ၊ သံသရာတည်းဟူသော ရေအလျဉ်၌ နစ်မွမ်းစေတတ် သော တဏှာကို အရိယမဂ်ဖြင့် ဖြတ်၍ ဇာတိ, ဇရာ-အစရှိသော ဘေးမရှိသော သံသရာ၏ ကမ်းတဘက်တည်းဟူသော နိဗ္ဗာန်သို့၊ ဝါ၊ နိဗ္ဗာန်တည်းဟူသော ကမ်းတဘက်သို့ မချွတ် ဧကန် အမှန်ရောက်ရာ၏။ (မ၊၁။၂၈၈)

ချစ်သား ရဟန်းတို့၊ အားကြီးကုန်သော, ဆုံးမအပ်ကုန်ပြီးသော, ရှေ့ဆောင်အကြီး ဥသဘကြီး၏နောက်၌ အစဉ်တစိုက် လိုက်ကုန်သော နွားကြီးတို့သည် ဂင်္ဂါမြစ်၏ အလယ် ကြောကို ဆောလျင်စွာ ဖြတ်ပိုင်း၍ လှိုင်းဟုန်ဂယက်, ရေဝဲ, ရေကြမ်းမှ ကမ်းသို့ ဆိုက် လေသကဲ့သို့ ထို့အတူ အကြင်ပုဂ္ဂိုလ်တို့သည် ၅-ပါးကုန်သော ဩရမ္ဘာဂိယသံယောဇဉ် တို့၏ ကုန်ခြင်းကြောင့် ဗြဟ္မာ့ဘုံ၌ ဥပပတ်ပဋိသန္ဓေ နေကုန်သည်ဖြစ်၍ ဤကာမဘုံသို့ မပြန်လာဘဲ အရိယာမဂ်ဉာဏ်ကို ဖိလာကာဆီး တုံးကြီးသဖွယ်ဖြစ်၍ မာရ်မင်း၏လက်နက် နှင့်တူသော တဏှာအလျဉ်ကို၊ ဝါ၊ သံသရာတည်းဟူသော ရေအလျဉ်၌ နစ်မွန်းစေတတ် သော တဏှာကို အရိယမဂ်ဖြင့် ဖြတ်၍ ဇာတိ, ဇရာ-အစရှိသော သံသရာ၏ ကမ်းတဘက် တည်းဟူသော နိဗ္ဗာန်သို့၊ ဝါ၊ နိဗ္ဗာန်တည်းဟူသော ကမ်းတဘက်သို့ မချွတ်ဧကန် အမှန် ရောက်ရာ၏။

ချစ်သားရဟန်းတို့၊ အားကြီးကုန်သော, ဆုံးမအပ်ကုန်ပြီးသော, ရှေ့ဆောင်အကြီး နွားလားကြီးတို့၏ နောက်၌လည်းကောင်း, နွားလားကြီးတို့သို့ အတူလိုက်ကုန်သော နွားကြီး တို့၏ နောက်၌လည်းကောင်း အစဉ်တစိုက်လိုက်ကုန်သော နွားငယ်, နွားမငယ်တို့သည် ဂင်္ဂါမြစ်ကြီး၏ အလယ်ကြောသို့ ဆောလျင်စွာ ဖြတ်ပိုင်း၍ လှိုင်းဟုန်ဂယက်, ရေဝဲ, ရေကြမ်းမှ ကမ်းသို့ ဆိုက်လေသကဲ့သို့ ထို့အတူ အကြင်ပုဂ္ဂိုလ်တို့သည် ဒိဋ္ဌိသံယောဇဉ်, သီလဗ္ဗတပရာမာသသံယောဇဉ်, ဝိစိကိစ္ဆာသံယောဇဉ်တည်းဟူသော ၃-ပါးကုန်သော

သံယောဇဉ်တို့၏ ကုန်ခြင်းကြောင့်လည်းကောင်း, ရာဂ,ဒေါသ,မောဟတို့၏ လွန်စွာခေါင်းပါး အားနည်းသည်၏အဖြစ်ကြောင့်လည်းကောင်း ဤကာမဘုံသို့ ပဋိသန္ဓေအားဖြင့် ၁-ကြိမ်, ၁-ခေါက်သာ လာရောက်ခြင်းရှိသည်ဖြစ်၍ အရိယာမဂ်ဉာဏ်ကို ဖီလာကာဆီး တုံးကြီး သဖွယ်ဖြစ်၍ မာရ်မင်း၏လက်နက်နှင့်တူသော တဏှာတည်းဟူသော အလျဉ်ကို၊ ဝါ၊ သံသရာတည်းဟူသော ရေအလျဉ်၌ နစ်မွန်းစေတတ်သော တဏှာကို အရိယာမဂ်ဉာဏ် ဖြင့် ဖြတ်၍ ဇာတိ,ဇရာ-အစရှိသော သံသရာကမ်းတဘက်တည်းဟူသော နိဗ္ဗာန်သို့ (ဝါ) နိဗ္ဗာန်တည်းဟူသော သံသရာ၏ ကမ်းတဘက်သို့ မချွတ်ဧကန် အမှန်ရောက်ရာ၏။

ချစ်သားရဟန်းတို့၊ အားကြီးကုန်သော ရှေ့ဆောင်အကြီး နွားလားကြီးတို့၏ နောက်၌လည်းကောင်း၊ နွားလားကြီးတို့၏ အတု အစဉ်တစိုက် လိုက်ကြကုန်သော နွားကြီး တို့၏ နောက်၌လည်းကောင်း၊ နွားငယ်, နွားမငယ်တို့၏ နောက်၌လည်းကောင်း ထိုနွားတို့၏ အတု အစဉ်တစိုက် လိုက်ကုန်သော ကြုံလှီလျော့ပါး အားနည်းကုန်သော နွားငယ်တို့သည် အမိဖြစ်သော နွားမကြီးတို့၏ အသံကို နာခံလျက် ဂင်္ဂါမြစ်ကြီး၏ အလယ်ကြောကို ဆောလျင်စွာ ဖြတ်ပိုင်း၍ လှိုင်းဟုန်ဂယက်, ရေပွက်, ရေကြမ်းမှ ကမ်းသို့ ဆိုက်လေသကဲ့သို့ ထို့အတူ အကြင်ပုဂ္ဂိုလ်သည် ဒိဋ္ဌိသံယောဇဉ်, သီလဗ္ဗတပရာမာသသံယောဇဉ်, ဝိစိကိစ္ဆာ သံယောဇဉ်တည်းဟူသော ၃-ပါးကုန်သော သံယောဇဉ်တို့၏ ကုန်ခြင်းကြောင့် အပါယ် ၄-ပါးသို့ လားခြင်းမရှိ၊ အရိယာမဂ်ဉာဏ်သာလျှင် လဲလျောင်းရာရှိသည်ဖြစ်၍ အရိယာ-မဂ်ဉာဏ်ကို ဖီလာကာဆီး တုံးကြီးသဖွယ်ဖြစ်၍ မာရ်မင်း၏လက်နက်နှင့်တူသော တဏှာ တည်းဟူသော အလျဉ်ကို၊ ဝါ၊ သံသရာတည်းဟူသော ရေအလျဉ်၌ နစ်မွန်းစေတတ်သော တဏှာကို အရိယာမဂ်ဉာဏ်ဖြင့် ဖြတ်၍ ဇာတိ, ဇရာ, ဗျာဓိ, မရဏ-အစရှိသော သံသရာ၏ ကမ်းတဘက်တည်းဟူသော နိဗ္ဗာန်သို့၊ ဝါ၊ နိဗ္ဗာန်တည်းဟူသော သံသရာ၏ ကမ်းတဘက် သို့ မချွတ်ဧကန် အမှန်ရောက်ရာ၏။

ချစ်သားရဟန်းတို့၊ အားကြီးကုန်သော, ဆုံးမအပ်ကုန်ပြီးသော ရှေ့ဆောင်အကြီး နွားလားကြီးတို့၏ နောက်၌လည်းကောင်း၊ နွားလားကြီးတို့၏ အတု လိုက်ကုန်သော နွားကြီး တို့၏နောက်၌လည်းကောင်း၊ နွားငယ်, နွားမငယ်တို့၏နောက်၌လည်းကောင်း၊ ထိုနွားတို့၏ အတု အစဉ်တစိုက် လိုက်ကုန်သော ကြုံလှီလျော့ပါး အားနည်းကုန်သော နွားတို့၏နောက်၌ လည်းကောင်း အစဉ်တစိုက် လိုက်ကုန်သော ယနေ့မွေးသော နွားငယ်တို့သည် အမိ၏ မြည်တွန်ရင့်ကျူးသော အသံကို နာခံသဖြင့် အစဉ်တစိုက် နောက်သို့ လိုက်ကုန်သည်ဖြစ်၍ ဂင်္ဂါမြစ်ကြီး၏ အလယ်ကြောကို ဆောလျင်စွာ ဖြတ်ပိုင်း၍ လှိုင်းဟုန်ဂယက်, ရေပွက်, ရေကြမ်းမှ ကမ်းသို့ ဆိုက်လေသကဲ့သို့ ထို့အတူ ဓမ္မာနုသာရီ, သဒ္ဓါနုသာရီမည်သော

ပဋ္ဌမမဂ္ဂသမင်္ဂီပုဂ္ဂိုလ်တို့သည်လည်း အရိယာမဂ်ဉာဏ်ကို ဖိလာကာဆီး တုံးကြီးသဖွယ်ဖြစ်၍ မာရ်မင်း၏ လက်နက်နှင့်တူသော တဏှာတည်းဟူသော အလျဉ်ကို၊ ဝါ၊ သံသရာတည်းဟူသော ရေအလျဉ်၌ နစ်မွန်းစေတတ်သော တဏှာကို အရိယာမဂ်ဉာဏ်ဖြင့် ဖြတ်၍ ဇာတိ, ဇရာ, ဗျာဓိ, မရဏ-အစရှိသော သံသရာတည်းဟူသော ကမ်းတဘက်သို့၊ ဝါ၊ နိဗ္ဗာန်တည်းဟူသော သံသရာ၏ ကမ်းတဘက်သို့ မချွတ်ဧကန် အမှန်မုချ ရောက်ရာ၏။

ချစ်သားရဟန်းတို့၊ သင်တို့၏ ဆရာဖြစ်တော်မူသော ငါဘုရားသည် ခန္ဓာ, အာယတန, ဓာတ်တည်းဟူသော ပစ္စုပ္ပန်လောက, တမလွန်လောက, မာရ်မင်းနှင့်စပ်သော ဘုံ ၃-ပါး၌ဖြစ်သော တေဘူမကဝဋ္ဋဒုက္ခတည်းဟူသော မာရဓေယျ၊ မာရ်မင်းနှင့် မစပ်သော လောကုတ္တရာဓမ္မတည်းဟူသော အမာရဓေယျ၊ သေမင်းနှင့်စပ်သော ဘုံ ၃-ပါး၌ ဖြစ်သော တေဘူမကဝဋ္ဋဒုက္ခတည်းဟူသော မစ္စုဓေယျ၊ သေမင်းနှင့် မစပ်သော လောကုတ္တရာဓမ္မတည်းဟူသော အမစ္စုဓေယျ၌ အတုမရှိ လိမ္မာတော်မူ၏။

ချစ်သားရဟန်းတို့ အကြင်သူတို့သည် ငါဘုရား စကားတော်ကို ယုံကြည်လေးမြတ် မှတ်သားအပ်၏-ဟု အောက်မေ့ဆင်ခြင်ကုန်၏။ ထိုသူတို့သည် ရှည်မြင့်စွာသော ကာလ ပတ်လုံး အကျိုးစီးပွါးများခြင်း, ချမ်းသာခြင်းငှာ ဖြစ်ရာ၏"။

ထို့ကြောင့် မြတ်စွာဘုရားသည်—

အယံ လောကော ပရောလောကော၊ ဇာနတာ သုပ္ပကာသိတော။
ယဉ္စ မာရေန သမ္ပတ္တံ၊ အပတ္တံ ယဉ္စ မစ္စုနာ။ ။

သဗ္ဗံလောကံ အဘိညာယ၊ သမ္ဗုဒ္ဓေန ပဇာနတာ။
ဝိဝဋံ အမတဒွါရံ၊ ခေမံ နိဗ္ဗာနပတ္တိယာ။ ။

ဆိန္နံ ပါပိမတော သောတံ၊ ဝိဒ္ဓဿ္တံ ဝိနဠီကတံ။
ပါမောဇ္ဇဗဟုလာ ဟောထ၊ ခေမံ ပတ္တေထ ဘိက္ခဝေါ။ ။

ဟူ၍ ဟောတော်မူသည်။ (မ၁။၂၈၉)

"ဘိက္ခဝေါ၊ ရဟန်းတို့။ အယံ လောကော၊ ခန္ဓာ, အာယတန,ဓာတ်တည်းဟူသော ဤပစ္စုပ္ပန်လောကကိုလည်းကောင်း။ ပရောလောကော၊ ခန္ဓာ, အာယတန,ဓာတ်တည်းဟူသော တမလွန်လောကကိုလည်းကောင်း။ မာရေန၊ ကိလေသာတည်းဟူသော မာရ်မင်းသည်။ သမ္ပတ္တံ၊ ရောက်နိုင်သော။ ယဉ္စ ဓမ္မံ၊ အကြင် ဘုံ ၃-ပါး၌ဖြစ်သော တေဘူမကဝဋ္ဋဒုက္ခတည်းဟူသော မာရဓေယျဓမ္မကိုလည်းကောင်း။ မာရေန၊ မာရ်မင်းသည်။ အပတ္တံ၊ မရောက်နိုင်သော။ ယဉ္စ ဓမ္မံ၊ အကြင် လောကုတ္တရာတရားတည်းဟူသော အမာရဓေယျဓမ္မကို

လည်းကောင်း။ မစ္စုနာ၊ သေမင်းသည်။ သမ္ပတ္တံ၊ ရောက်နိုင်သော။ ယဥ္စ ခမ္ဘံ၊ အကြင်ဘုံ ၃-ပါး၌ဖြစ်သော တေဘူမကဝဋ္ဋဒုက္ခတည်းဟူသော မစ္စုဓေယျ်မကိုလည်းကောင်း။ မစ္စုနာ၊ သေမင်းသည်။ အပတ္တံ၊ မရောက်နိုင်သော။ ယဥ္စ ခမ္ဘံ၊ အကြင်လောကုတ္တရာတရားတည်းဟူသော အမစ္စုဓေယျ်မကိုလည်းကောင်း။ ဇာနတာ၊ သိတော်မူသော မြတ်စွာဘုရားသည်။ သုပ္ပကာသိတော၊ ကောင်းစွာ ဟောတော်မူ၏။

ပဇာနတာ၊ အပြားအားဖြင့် သိတော်မူသော။ သမ္ဗုဒ္ဓေန၊ မြတ်စွာဘုရားသည်။ သဗ္ဗလောကံ၊ အလုံးစုံသော လောကကို။ အဘိညာယ၊ သိတော်မူ၍။ ခေမံ၊ ဘေးအပေါင်းတို့၏ ကုန်ရာဖြစ်သော။ နိဗ္ဗာနပတ္တိယာ၊ နိဗ္ဗာန်သို့ ရောက်ကြစေခြင်းငှာ။ အမတဒွါရံ၊ အမြိုက်နိဗ္ဗာန်တံခါးကို။ ဝိဝဋ္ဋံ၊ ဟင်းလင်းဖွင့်တော်မူပြီ။

ဘိက္ခဝေ၊ တို့။ ပါပိမတော၊ မာရ်မင်း၏။ သောတံ၊ တဏှာတည်းဟူသော ရေအလျဉ်ကို။ ဆိန္နံ၊ ဖြတ်အပ်ပြီ။ ဝိဒ္ဓသ္တံ၊ ဖျက်ဆီးအပ်ပြီ။ ဝိနဠီကတံ၊ မာရ်၏ ကင်းခြင်းကို ပြုအပ်ပြီ။ ဘိက္ခဝေါ၊ ရဟန်းတို့။ တုမှေ၊ သင်တို့သည်။ ပါမောဇ္ဇဗဟုလာ၊ များသော ပီတိ, ပါမောဇ္ဇရှိကုန်သည်။ ဟောထ၊ ဖြစ်ကြကုန်လော့။ ခေမံ၊ နိဗ္ဗာန်ကို။ ပတ္တေထ၊ တောင့်တကြကုန်လော့"။

ဤသို့ ပြဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ၁၁-ပါးသော, မလိမ္မာသော နွားကျောင်းသားတို့၏အင်္ဂါ၊ ၁၁-ပါးသော, လိမ္မာသော နွားကျောင်းသားတို့၏ အင်္ဂါတို့ဖြင့် ၄-ပါးသော မဟာဘူတရုပ်၊ ၂၄-ပါးသော ဥပါဒါရုပ်တို့၏ အရေအတွက်, လက္ခဏာ, အကြောင်းအရာကိုမျှ မသိသောသူသည် မလိမ္မာသော နွားကျောင်းသားသည် အဘယ်မှာ နွားတို့ကို ကောင်းစွာ စောင့်ရှောက်ထိန်းသိမ်း ကြည့်ရှုပြုစု ကျွေးမွေးနိုင်အံ့နည်း။ ထို့အတူ မဟာဘုတ် ၄-ပါး, ၂၄-ပါးသော ဥပါဒါရုပ်တို့၏ အစဉ်ကိုမျှ မသိဘဲ အဘယ်မှာ လက္ခဏာရေး ၃-ပါးတို့ဖြင့် ရုပ်တရားကို ပိုင်းခြားဆင်ခြင်နိုင်အံ့နည်း။

ထို့ကြောင့် ရှေးဦးစွာ ရုပ်တို့၏အစဉ်, ရုပ်တို့၏လက္ခဏာ, ရုပ်တို့၏ဖြစ်ကြောင်းကို သိရာ၏။ ဤသို့ ပြဆိုအပ်ခဲ့ပြီးသည့်အတိုင်း မဟာဘူတရုပ်, ဥပါဒါရုပ်တို့၏ အရေအတွက်, လက္ခဏာ, အကြောင်းသမုဋ္ဌာန်ကိုမျှ မသိသောပုဂ္ဂိုလ်သည် ဤမှာဘက်ကမ်း, ထိုမှာဘက်ကမ်းကိုမျှ မရမ်းမဆနိုင်ဘဲ မိထိလာပြည်, ရာဇဂြိုဟ်ပြည်တို့ကို ကူးသန်းသော မလိမ္မာသော နွားကျောင်းသားသည် ဂင်္ဂါမြစ်အလယ်ကြော၌ မျော၍ပါသဖြင့် ချာချာလည်လျက် ပျက်စီးခြင်းသို့ ရောက်လေသကဲ့သို့ ဘူတရုပ်, ဥပါဒါရုပ်တို့၏ ဖြစ်စဉ်ကိုမျှ မသိလျှင် အဘယ်မှာ မဂ်သို့ ရောက်ကြောင်းဖြစ်သော သမ္မတ္တနိယာမကို ရနိုင်အံ့နည်း။

လိမ္မာသော နွားကျောင်းသားသည် ဤမှာဘက်ကမ်း, ထိုမှာဘက်ကမ်းတို့ကို ရမ်းဆ ဆင်ခြင်လျက် ရာဇဂြိုဟ်ပြည်, မိထိလာပြည်တို့ကို ကူးသန်းခဲ့သော် ဂင်္ဂါမြစ် အလယ်ကြောကို ဆောလျင်စွာ ဖြတ်ပိုင်း၍ လှိုင်းဟုန်ဂယက်, ရေပွက်, ရေကြမ်းမှ ကမ်းသို့ ဆိုက်လေသကဲ့သို့ ဥပါဒါရုပ်, မဟာဘူတရုပ်တို့၏ ဖြစ်စဉ်, အရေအတွက်, လက္ခဏာ, အကြောင်းအရာကို နေရာကျကျ သိမြင်မှသာ လက္ခဏာရေးသို့ တင်၍ ဆင်ခြင်သုံးသပ်နိုင်သဖြင့် အစဉ်အတိုင်း ဥဒယဗ္ဗယ, ယထာဘူတ, တရုဏဝိပဿနာကို အစပြု၍ အရိယာမဂ်တိုင်အောင် အားထုတ် ခြင်းငှာ စွမ်းနိုင်သဖြင့် အသင့်လွယ်ကူ ရယူခြင်းငှာ စွမ်းနိုင်ရာ၏။ လက္ခဏာရေး ၃-ပါး တည်းဟူသော ဝိပဿနာကို လွန်စွာ အားထုတ်လိုသော ယောဂါဝစရပုဂ္ဂိုလ်သည် ရှေးဦးစွာ မဟာဘူတရုပ်, ဥပါဒါရုပ်တို့၏ အရေအတွက်, လက္ခဏာ, ဖြစ်ကြောင်းသမုဋ္ဌာန်တို့ကို သိရာ၏။

အဘယ်ကြောင့် မဟာဘူတရုပ်, ဥပါဒါရုပ်တို့၏ အရေအတွက်, လက္ခဏာ, အကြောင်းသမုဋ္ဌာန်တို့ကို သိရာသနည်းဟူမူကား အနိစ္စ-အစရှိသော လက္ခဏာရေး ၃-ပါး တို့ကို ဟောတော်မူသော မြတ်စွာဘုရားသည် "**သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ ယဒါ ပညာယ ပဿတိ**"အစရှိသည်ဖြင့် ဟောတော်မူသည်။ ထိုသို့ ဟောတော်မူရာ ပါဠိတော်မြတ်တွင် သင်္ခါရာ-ဟူသော ပုဒ်အရ၌ စိတ် ၁-ခုယုတ် ၉၀-ကို သာမညအာရမ္မဏဝိဇာနနလက္ခဏာ ၁-ပါးသာ ယူ၍, စေတသိက် ၅၂-ခုကို လက္ခဏာ ၁-ပါးစီယူ၍ ပေါင်းသော် ၅၃-ပါး ဖြစ်၏။ ၎င်း ၅၃-ပါးတွင် နိပ္ဖန္နရုပ် ၁၈-ခုကို ထည့်၍ သင်္ခါရဓမ္မ ၇၁-ပါးဖြစ်၏။ ထို ၇၁-ပါး သော သင်္ခါရဓမ္မသည် အနိစ္စ မည်၏။ ထိုအခါ သင်္ခါရဓမ္မတို့၏ အနိစ္စအဖြစ်ကို ပြတော်မူလို သော မြတ်စွာဘုရားသည်—

**ရူပံ ဘိက္ခဝေ အနိစ္စံ၊ ဝေဒနာ အနိစ္စာ၊ သညာ အနိစ္စာ၊ သင်္ခါရာ အနိစ္စာ၊ ဝိညာဏံ အနိစ္စံ။**

ဟူ၍ ဟောတော်မူသည်။ (သံ၊၂။၁၈)

ထိုသို့ ဟောတော်မူရာ ပါဠိတော်မြတ်, ပါဠ်အပေါင်းတို့တွင် "**ရူပံ ဘိက္ခဝေ အနိစ္စံ**" ဟူသော ပါဠ်ဖြင့် ရှေးဦးစွာ ရူပက္ခန္ဓာကို ပြတော်မူသည်။ ထို "**ရူပံ ဘိက္ခဝေ အနိစ္စံ**"ဟူသော ပါဠိတော်မြတ်ပါဠ်၌ 'ရူပံ'-ဟူသော ပုဒ်၏အရကို ပုစ္ဆာထား၍ ပြတော်မူလိုသော မြတ်စွာ ဘုရားသည်—

**တတ္ထ ကတမံ ရူပံ အတီတံ? ယံ ရူပံ အတီတံ နိရုဒ္ဓံ ဝိပရိဏတံ အတ္ထင်္ဂတံ၊ စတ္တာရော စ မဟာဘူတာ စတုန္နဉ္စ မဟာဘူတာနံ ဥပါဒါယရူပံ၊ ဣဒံ ဝုစ္စတိ ရူပံ အတီတံ။**

ဟူ၍လည်းကောင်း၊

တတ္ထ ကတမံ ရူပံ အနာဂတံ? ယံ ရူပံ အဇာတံ– အနာဂတံ အနာဂတံသေန သင်္ဂဟိတံ၊ စတ္တာရော စ မဟာဘူတာ စတုန္နဉ္စ မဟာဘူတာနံ ဥပါဒါယရူပံ၊ ဣဒံ ဝုစ္စတိ ရူပံ အနာဂတံ။ ဟူ၍လည်းကောင်း၊

တတ္ထ ကတမံ ရူပံ ပစ္စုပ္ပန္နံ? ယံ ရူပံ ဇာတံ ဘူတံ သဉ္ဇာတံ– စတ္တာရော စ မဟာဘူတာ စတုန္နဉ္စ မဟာဘူတာနံ ဥပါဒါယရူပံ၊ ဣဒံ ဝုစ္စတိ ရူပံ ပစ္စုပ္ပန္နံ။

ဟူ၍လည်းကောင်း (အဘိ၊ဝိ။၁၊၂) –

ပစ္စုပ္ပန်, အတိတ်, အနာဂတ်၊ ကာလ ၃-ပါး၌ပင် မဟာဘူတရုပ်, ဥပါဒါရုပ်ကို ပြတော်မူသည်။ ထိုသို့ ပြတော်မူသောကြောင့် ဘူတရုပ်, ဥပါဒါရုပ်သည် ရုပ်မည်၏။ ထိုရုပ်သည်ပင် ရူပက္ခန္ဓာ မည်၏။ ထိုရူပက္ခန္ဓာသည်ပင် "သဗ္ဗေ သင်္ခါရာ အနိစ္စာ"ဟူသော ပုဒ်၏အရ သင်္ခါရ ၁-ပါး အဝင်ဖြစ်၍ အထက်၌ပြဆိုခဲ့သော ဥပမာအတိုင်း နွားတို့၏ အဆင်းသဏ္ဌာန်, အရေအတွက်ကိုမျှ မသိသော နွားကျောင်းသားမိုက်သည် နွားတို့ကို လုံခြုံစွာ စောင့်ရှောက်ထိန်းသိမ်း ကြည့်ရှုခြင်းငှာ မတတ်နိုင်သကဲ့သို့ ထို့အတူ ရုပ်တို့၏ အရေအတွက်, လက္ခဏာကိုမျှ မသိသောသူသည် ရူပက္ခန္ဓာကို မသိ၊ ရူပက္ခန္ဓာကို မသိသော သူသည် "သဗ္ဗေ သင်္ခါရာ"ဟူသော ပုဒ်၏အရကို မသိသောကြောင့် "သဗ္ဗေ သင်္ခါရာ အနိစ္စာ"ဟု ဆင်ခြင်သော်လည်း သင်္ခါရသဘောကိုလည်း မမြင်နိုင်။ ထိုသို့ မမြင်နိုင်ခြင်း ကြောင့် ဝိပဿနာဉာဏ်သို့ မသက်ဝင်နိုင်သည်သာ ဖြစ်၏။

ထို့ကြောင့် တေဘူမကသင်္ခါရတို့ကို လက္ခဏာရေးသို့ တင်၍ ရှုလိုသော ပုဂ္ဂိုလ်တို့ သည် ရှေးဦးစွာ ရုပ်,နာမ်တရားတို့၏ ဖြစ်စဉ်သန္တာန်ကို ဉာဏ်သို့ သက်ဝင် ဆင်ခြင်ပိုင်းခြား မှတ်သားပြီးမှ၊ ထိုရုပ်,နာမ်တရားတို့၏ ဥပါဒ်သဘော, ဌီသဘော, ဘင်သဘောကို မနေ့ဒွါရ တွင် ထင်မြင်ပြီးမှ အနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာဖြင့် ကောင်းစွာ ရှုဆင်ခြင်ကုန်ရာ၏။

ကြံခင်းမြို့၊ လှေသူကြီး ဒကာရွှေမှုံးကလေးက "သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ သဗ္ဗေ သင်္ခါရာ ဒုက္ခာ၊ သဗ္ဗေ ဓမ္မာ အနတ္တာ-ဟု သုံးသပ်ဆင်ခြင်ရာ အဘယ်သင်္ခါရ တရားတို့ကို နှလုံးသွင်းထားပါရမည်။ သင်္ခါရတရားတို့ကို နှလုံးသွင်းဟန်ကို ကျမ်းဂန်နှင့်အညီ သိမှတ် လိုပါသည်"ဟု လျှောက်သောကြောင့် ကျမ်းဂန်ပါဠိ ရှိသည့်အလာ ဒေသနာနယကို ညွှန်ပြ ထုတ်ဆောင်၍ ၁၂၄၀-ခု၊ တော်သလင်းလပြည့်ကျော်၊ ၈-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိမ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## ၄-မြို့ခုံတော်-က ငရဲမင်း, ယမမင်း-ဟူသည်ကို သိလိုကြောင်းနှင့် လျှောက်ထားချက်

[၁၆၃] "ဘုရားတပည့်တော် မကွေးမြို့, ဝက်မစွတ်, ရေနံချောင်း, ကျောက်ရဲ၊ ၄-မြို့ခုံတော် နေမျိုးရာဇာသီရိ လျှောက်ပါသည် ဆရာတော်ဘုရား။

ငရဲပြည်တွင် ငရဲမင်းကြီးရှိသည်ဆိုသော စကားမှာ—

* အချို့လည်း ငရဲမင်း-ဟူသည် **စာတုမဟာရာဇ်နတ်**-ဟူ၍ ပြောဆိုကြပါသည်။
* အချို့သူတို့က ငရဲမင်း-ဟူသည် ဝေမာနိကပြိတ္တာ-ဟူ၍ ပြောဆိုကြပါသည်။
* အချို့သောသူတို့က ငရဲမင်း-ဟူသည် ယမမင်း ဖြစ်သည်။
* ယမမင်းသည် သောတာပန်-ဟူ၍ ပြောဆိုကြပါသည်။
* အချို့သူတို့က ယမမင်းသည် သောတာပန် အရိယာပုဂ္ဂိုလ်ဖြစ်၍ ငရဲပြည်နှင့် မထိုက်မတန်၊ သောတာပန် မဖြစ်မီကသာ ငရဲသားတို့ကို ကြည့်ရှုစီရင်သည်-ဟု ပြောဆိုကြပါသည်။
* အချို့လည်း ယခု ငရဲပြည်တွင်ရှိသော ငရဲမင်းလည်း ယမမင်းပင် ဖြစ်သည်-ဟု ပြောဆိုကြပါသည်။
* အချို့လည်း ယမမင်း-ဟူသော အမည်သည် ငရဲမင်း၏ အမည်ပင်၊ ငရဲပြည်တွင် ငရဲမင်း-ဟူက ယမမင်း-ဟူသော အမည်ကို ရသည်-ဟု ပြောဆိုကြပါသည်။

သို့ ဝါဒအသီးအသီး, နည်းအထွေထွေ ဆိုကြလေသဖြင့် နေရာကျကို မယူမဆနိုင်သည်ဖြစ်ပါ၍ နေရာကျ သိမှတ်ပါရအောင် အမိန့်ရှိတော်မူပါမည့်အကြောင်းကို လျှောက်ဝံ့ပါသည် ဆရာတော်ဘုရား"။

ဖြင်းခုံတော် လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ—

[၁၆၃] ငရဲမင်း-ဟူသည် စာတုမဟာရာဇ်နတ်ဖြစ်မည်, ဝေမာနိကပြိတ္တာဖြစ်မည်၊ ထိုငရဲမင်းသည် ယမမင်း-ဟူသော အမည်ကို ရ,မရကို မေးလျှောက်သည်မှာ တိကနိပါတ်၊ အင်္ဂုတ္တိုရ်၊ ၄-ခုမြောက်သော ဒေဝဒူတဝဂ်အစု၊ ၆-ခုမြောက်သော ဒေဝဒူတသုတ်၊ ဥပရိ-ပဏ္ဏာသ၊ ဒေဝဒူတသုတ်ပါဠိတော်တို့၌—

**တိဏိ'မာနိ ဘိက္ခဝေ ဒုစ္စရိတာနိ *(ဒေဝဒူတာနိ)*။ ကတမာနိ တီဏိ? ဣဓ ဘိက္ခဝေ ဧကစ္စော ကာယေန ဒုစ္စရိတံ စရတိ၊ ဝါစာယ ဒုစ္စရိတံ စရတိ၊ မနသာ ဒုစ္စရိတံ စရတိ၊ သော ကာယေန ဒုစ္စရိတံ စရိတွာ ဝါစာယ ဒုစ္စရိတံ စရိတွာ မနသာ ဒုစ္စရိတံ စရိတွာ ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ။ တမေ'နံ ဘိက္ခဝေ နိရယပါလာ နာနာဗာဟာသု ဂဟေတွာ ယမဿ ရညော ဒဿေန္တိ။**

ဟူ၍ ဟောတော်မူသည်။ (အံ၊၁။၁၃၇)

ဘိက္ခဝေ၊ ရဟန်းတို့။ ဒုစ္စရိတာနိ၊ မကောင်းသဖြင့် ကျင့်ခြင်း-ဟု ဆိုအပ်သော ဒုစရိုက်တို့သည်။ ဣမာနိ တီဏိ၊ ဤ ၃-ပါးတို့တည်း။ တီဏိ၊ ၃-ပါးဟူသည်။ ကတမာနိ၊ အဘယ်သည်တို့နည်းဟူမူကား။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤလောက၌။ ဧကစ္စော၊ အချို့သောသူသည်။ ကာယေန၊ ကိုယ်ဖြင့်။ ဒုစ္စရိတံ၊ မကောင်းသဖြင့် ကျင့်ခြင်းကို။ စရတိ၊ ကျင့်၏။ ဝါစာယ၊ နှုတ်ဖြင့်။ ဒုစ္စရိတံ၊ မကောင်းသဖြင့် ကျင့်ခြင်းကို။ စရတိ၊ ကျင့်၏။ မနသာ၊ စိတ်ဖြင့်။ ဒုစ္စရိတံ၊ မကောင်းသဖြင့် ကျင့်ခြင်းကို။ စရတိ၊ ကျင့်၏။ သော၊ ထိုသူသည်။ ကာယေန၊ ကိုယ်ဖြင့်။ ဒုစ္စရိတံ၊ မကောင်းသဖြင့် ကျင့်ခြင်းကို။ စရိတွာ၊ ကျင့်၍။ ဝါစာယ၊ နှုတ်ဖြင့်။ ဒုစ္စရိတံ၊ မကောင်းသဖြင့် ကျင့်ခြင်းကို၊ စရိတွာ၊ ကျင့်၍။ မနသာ၊ စိတ်ဖြင့်။ ဒုစ္စရိတံ၊ မကောင်းသဖြင့် ကျင့်ခြင်းကို။ စရိတွာ၊ ကျင့်၍။ ကာယဿ ဘေဒါ၊ ခန္ဓာကိုယ်ပျက်သည်မှ။ ပရံ မရဏာ၊ စုတိချုပ်သော အဆုံး၌။ အပါယံ၊ ချမ်းသာကင်းသော။ ဒုဂ္ဂတိံ၊ မကောင်းမှုကို ပြုသောသူတို့၏ လားရာဖြစ်သော။ ဝိနိပါတံ၊ ချမ်းသာခြင်း ကင်းသည်ဖြစ်၍ ကျရာဖြစ်သော။ နိရယံ၊ ငရဲ၌။ ဥပပဇ္ဇတိ၊ ဖြစ်ရ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ တမေနံ၊ ထိုငရဲသူသတ္တဝါကို။ နိရယပါလာ၊ ငရဲထိန်းတို့သည်။ နာနာဗာဟာသု၊ လက်ရုံးတဖက်စီတို့၌။ ဂဟေတွာ၊ ကိုင်၍။ ယမဿ ရညော၊ ယမမင်းအား။ ဒဿေန္တိ၊ ပြကြကုန်၏။

ဤပါဠိတော်၌ ငရဲသူသတ္တဝါတို့ကို ငရဲထိန်းတို့က ယမမင်းထံ ပြကြောင်းကို လာသည်။ ထိုပါဠိတော်၌ "ယမဿ ရညော"ဟူသော ပုဒ်၏အရ၌ ယမမင်း-ဟူသည်ကား ဝေမာနိကပြိတ္တာမင်းတည်း။ ထိုဝေမာနိကပြိတ္တာဖြစ်သော ယမမင်းသည် တရံတခါ မိမိတို့ ဗိမာန်၌ နတ်တို့ ပဒေသာပင်, ဥယျာဉ်-စသော နတ်၏စည်းစိမ်ချမ်းသာကို ခံစား၏။ တရံတခါ ငရဲသူသတ္တဝါတို့ကို ကံအလျောက် တရားသဖြင့် စီရင်၏။ ထိုယမမင်းတို့သည် ငရဲတံခါး ၄-မျက်နှာတို့၌ ၁-ယောက်စီဖြစ်၍ ၄-ယောက် ဖြစ်ကုန်၏။

ထို့ကြောင့် မနောရထပူရဏီမည်သော အင်္ဂုတ္တရနိကာယ်အဋ္ဌကထာ၌—

**ယမဿ ရညောတိ ယမရာဇာ နာမ ဝေမာနိကပေတရာဇာ။ ဧကသ္မိံ ကာလေ ဒိဗ္ဗဝိမာနေ *(ဒိဗ္ဗဝိမာနေ)* ဒိဗ္ဗကပ္ပရုက္ခဒိဗ္ဗဥယျာနဒိဗ္ဗနာဋကာဒိသမ္ပတ္တိံ *(သဗ္ဗသမ္ပတ္တိံ)***

အနုဘဝတိ, ဧကသ္မိံ ကာလေ ကမ္မဝိပါကံ၊ ဓမ္မိကော ရာဇာ၊ န စေ'သ ဧကောဝ ဟောတိ၊ စတူသု ပန ဒွါရေသု စတ္တာရော ဇနာ ဟောန္တိ။

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (အံ၊ဋ္ဌ၊၂။၁၁၈)

ယမဿ ရညောတိ ဧတ္ထ၊ ယမဿ ရညော-ဟူသော ဤပါဠိတော်၌။ ယမရာဇာ နာမ၊ ယမမင်း မည်သည်ကား။ ဝေမာနိကပေတရာဇာ၊ ဝေမာနိကပြိတ္တာတို့၏ မင်းတည်း။ ဝါ၊ ဗိမာန်၌နေသော ပြိတ္တာတို့၏မင်းတည်း။ ဧကသ္မိံ ကာလေ ဧကဒါ၊ တရံတခါ၌။ ဒိဗ္ဗဝိမာနေ၊ ဖြစ်သောဗိမာန်၌။ (ဒိဗ္ဗဝိမာနေ-ဟူ စာအချို့ ရှိ၏။ ဒိဗ္ဗဝိမာနေ၊ နတ်တို့၏ ဗိမာန်နှင့် တူသော ဗိမာန်၌။ ဤသို့ အနက်ပေး။) ဒိဗ္ဗကပ္ပရုက္ခဒိဗ္ဗဥယျာနဒိဗ္ဗနာဋကာဒိသမ္ပတ္တိံ၊ နတ်တို့၏ ပဒေသာပင်, နတ်တို့၏ဥယျာဉ်, နတ်တို့၏ ကချေသည်- အစရှိသော စည်းစိမ်ချမ်းသာကို။ အနုဘဝတိ၊ ခံစား၏။ ဧကသ္မိံ ကာလေ ဧကဒါ၊ တရံတခါ၌။ တေသံ၊ ထိုငရဲသူတို့အား။ ကမ္မဝိပါကံ၊ မကောင်းမှုကံ၏ အကျိုးသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုငရဲသူကို။ ဓမ္မိကော၊ တရားနှင့်အညီ စီရင်သော။ ရာဇာ၊ တရားမင်းသည်။ ဟောတိ၊ ဖြစ်၏။ ဧသ ဧသော၊ ထိုဝေမာနိကပြိတ္တာဖြစ်သော ယမမင်းသည်။ ဧကောဝ၊ တစ်ယောက် တည်းသာလျှင်။ န ဟောတိ၊ မဖြစ်။ စတူသု ပန ဒွါရေသု၊ တံခါး ၄-မျက်နှာတို့၌။ စတ္တာရော ဇနာ၊ ငရဲမင်း ၄-ယောက်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဤအဋ္ဌကထာပါဠ်၌ ယမမင်း-ဟူသော အမည်သည် ငရဲမင်း၏ အမည်ပင်တည်း။ ငရဲသူသတ္တဝါတို့ ပြုကျင့်ဆည်းပူးအပ်သော ကုသိုလ်ကံကို မှတ်တတ်, မြဲစေတတ်သော ကြောင့် ယမမင်း မည်၏။

**ဒေဝဒူတသရာပနဝသေန သတ္တေ ယထူ'ပစိတေ ပုညကမ္မေ ယမေတိ နိယမေတီတိ ယမော။** (အံ၊ဋီ၊၂။၁၁၄)

ဟု ဝစနတ်ပြု။

ဒေဝဒူတသရာပနဝသေန၊ ဇိဏ္ဏ, ဗျာဓိ, မတ-စသော သေမင်း၏တမန်ကို အောက်မေ့စေသည်၏ အစွမ်းဖြင့်။ သတ္တေ၊ သတ္တဝါတို့ကို။ ယထူပစိတေ ပုညကမ္မေ၊ အကြင်သို့သော အခြင်းအရာဖြင့် ဆည်းပူးအပ်သော ကောင်းမှုကံတို့ကို။ ယမေတိ နိယ-မေတိ၊ မှတ်တတ်၏။ ဝါ၊ မြဲစေတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ယမော၊ ယမ မည်၏။

ထိုယမမည်သော ငရဲမင်းသည် ဝေမာနိကပြိတ္တာတို့၏ မင်းဖြစ်ရကား ရည မည်၏။

ထို့ကြောင့် မနောရထပူရဏီမည်သော ဋင်းအဋ္ဌကထာ၏ အဖွင့်ဋီကာ၌—

တဿ ယမဿ ဝေမာနိကပေတာနံ ရာဇဘာဝတော ရညော၊ တေနာဟ **ယမရာဇာ နာမ ဝေမာနိကပေတရာဇာတိ။** (အံ၊ဋ္ဌ၊၂။၁၁၄)

ဟူသော ပါဠ်ကို မှီ၍ဆိုဖွင့်လှစ်တော်မူသတည်း။

တဿ ယမဿ၊ ထိုယမမည်သော မင်း၏။ ဝေမာနိကပေတာနံ၊ ဝေမာနိကပြိတ္တာတို့၏။ ရာဇဘာဝတော၊ မင်း၏အဖြစ်ကြောင့်။ ရညော၊ ရည မည်၏။ တေန၊ ထို့ကြောင့်။ ယမရာဇာ နာမ ဝေမာနိကပေတရာဇာတိ၊ ယမရာဇာ နာမ ဝေမာနိက ပေတရာဇာ-ဟူ၍။ အာဟ၊ အဋ္ဌကထာ မိန့်၏။

ဝေမာနိကပြိတ္တာတို့သည် ကဏှ, သုက္ကတို့၏အစွမ်းဖြင့် ရောသော မိဿကကံကို ပြု၍ ဝိနိပါတိကနတ်တို့ကဲ့သို့ သုက္ကဖြစ်သော ကံဖြင့် ပဋိသန္ဓေကို ယူကုန်၏။ ထို့ကြောင့် ပိယင်္ကရမာတာ, ဥတ္တရမာတာတို့ကဲ့သို့ မင်္ဂ,ဖိုလ်ရထိုက်သသူလည်း ရှိကုန်၏။ ပဝတ္တိ၌ ကံအားလျော်စွာ တရံတခါ ကုသိုလ်၏အကျိုးကို ခံစား၏။ တရံတခါ အကုသိုလ်၏အကျိုးကို ခံစား၏။ အကြင် ဝေမာနိကပြိတ္တာမင်းတို့အား အရိယမဂ်ဉာဏ်ကို ရခဲ့အံ့။ ထိုအရိယမဂ်ဉာဏ်ကို ရသည်မှ စ၍ ကုသိုလ်၏အကျိုးသာလျှင် ဖြစ်၏။

ထို့ကြောင့် မနောရထပူရဏီမည်သော ၎င်းအဋ္ဌကထာ၏ အဖွင့်ဋီကာ၌—

**ဝေမာနိကပေတာ ဟိ ကဏှသုက္ကဝသေန မိဿကကမ္မံ ကတွာ ဝိနိပါတိကဒေဝတာ ဝိယ သုက္ကေန ကမ္မုနာ ပဋိသန္ဓိံ ဂဏှန္တိ။ တထာ ဟိ မဂ္ဂဖလဘာဂိနောပိ ဟောန္တိ၊ ပဝတ္တိယံ ပန ကမ္မာနုရူပံ ကဒါစိ ပုညဖလံ ကဒါစိ အပုညဖလံ ပစ္စနုဘောန္တိ** *(ပစ္စနုဘဝန္တိ)*။ **ယေသံ ပန အရိယမဂ္ဂေါ ဥပ္ပဇ္ဇတိ၊ တေသံ မဂ္ဂါဓိဂမတော ပဋ္ဌာယ ပုညဖလမေဝ ဥပ္ပဇ္ဇတီတိ ဒဋ္ဌဗ္ဗံ။** (အံ၊ဋီ၊၂။၁၁၄)

ဟူသော ပါဠ်ကို မှီ၍ဆိုဖွင့်လှစ်တော်မူသတည်း။

ဟိ ဝိတ္ထာရေမိ၊ ဝေမာနိက၊ ပေတအဖြစ်၊ အဓိပ္ပါယ်စစ်ကို၊ သစ်သစ်ကုန်စင်၊ ထင်ထင်ပြပြ၊ သိသာတဲ့အောင်၊ ချဲ့၍ဆိုဦးအံ့။ ဝေမာနိကပေတာ၊ ဝေမာနိကပြိတ္တာတို့သည်။ ကဏှသုက္ကဝသေန၊ ကဏှ, သုက္က၏အစွမ်းဖြင့်။ မိဿကကမ္မံ၊ မိဿကကံကို။ ဝါ၊ ရောယှက်သော ကံကို။ ကတွာ၊ ပြု၍။ ဝိနိပါတိကဒေဝတာ ဝိယ၊ ဝိနိပါတိကနတ်တို့ကဲ့သို့။ သုက္ကေန ကမ္မုနာ၊ ကုသိုလ်ကံဖြင့်။ ပဋိသန္ဓိံ၊ ပဋိသန္ဓေကို။ ဂဏှန္တိ၊ ယူကုန်၏။ တထာ ဟိ တတော ဧဝ၊ ထိုသို့ ကုသိုလ်ကံဖြင့် ပဋိသန္ဓေကို ယူသောကြောင့်သာလျှင်။ တစ်နည်း တထာ တံ ဝစနံ၊ ထိုကုသိုလ်ကံဖြင့် ပဋိသန္ဓေယူ၏-ဟူသော စကားသည်။ ဟိ သစ္စံ၊ မှန်၏။ တေ၊ ထိုဝေမာနိကပြိတ္တာတို့သည်။ မဂ္ဂဖလဘာဂိနောပိ၊ မဂ်,ဖိုလ်-ဟူသော အဖို့ရှိကုန်သည် လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

အကုသိုလ်ကံကို ကဏှ ဆိုသည်။ ကုသိုလ်ကံကို သုက္က ဆိုသည်။ အမည်း, အဖြူ-ဟူလို၏။ အကုသိုလ်ကား အမည်း, ကုသိုလ်ကား အဖြူ ပဋိသန္ဓေကံ အကျိုးပေးဟန်မှတပါး ပဝတ္တိကံ အကျိုးပေးဟန်ကို ပြလို၍ "ပဝတ္တိယံ ပန"စသည်ကို မိန့်သတည်း။ ပန-သဒ္ဒါကား ပက္ခန္တရဇောတက နိပါတ်ပုဒ်တည်း။

ပဝတ္တိယံ၊ ပဝတ္တိကာလ၌။ ကမ္မာနုရူပံ၊ ကံအားလျော်စွာ။ ကဒါစိ၊ တရံတခါ။ ပုည-ဖလံ၊ ကောင်းမှု၏အကျိုးကို။ ပစ္စနုဘောန္တိ၊ ခံစားကုန်၏။ ကဒါစိ၊ တရံတခါ။ အပုညဖလံ၊ အကုသိုလ်၏အကျိုးကို။ ပစ္စနုဘောန္တိ၊ ခံစားကုန်၏။ ယေသံ ပန ဝေမာနိကပေတာနံ၊ အကြင်ဝေမာနိကပြိတ္တာတို့အား။ အရိယမဂ္ဂေါ၊ အရိယမဂ်သည်။ ဉပ္ပဇ္ဇတိ၊ ဖြစ်၏။ တေသံ ဝေမာနိကပေတာနံ၊ ထိုဝေမာနိကပြိတ္တာတို့အား။ မဂ္ဂါဓိဂမတော ပဋ္ဌာယ၊ မဂ်ကို ရသည်မှ စ၍။ ပုညကမ္မဖလမေဝ၊ ကုသိုလ်ကံ၏ အကျိုးသည်သာလျှင်။ ဉပ္ပဇ္ဇတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

ဤစကား၌ ဋီကာဆရာ၏အလိုအားဖြင့် ဝေမာနိကပြိတ္တာ-ဟူသည် ဝိနိပါတိက အသုရာတို့ကဲ့သို့ မိဿကကံ၏အစွမ်းဖြင့် ဖြစ်၏။ မဂ်,ဖိုလ်ရထိုက်သသူလည်း ရှိ၏။ **မဂ်,ဖိုလ်ရသည်မှ ကုသိုလ်အကျိုးကိုသာ ခံစား၏။ အကုသိုလ်ကံ၏အကျိုးကို မဂ်ဉာဏ်၏ အာနုဘော်ကြောင့် ငြိမ်းစေ၏-ဟူလို။**

"သုစိလောမဘီလူး, ခရလောမဘီလူးတို့ သံယိကဖြစ်သော ဆီ,ဆန်များကို သုံးစားသော မကောင်းမှုကံကြောင့် အပ်ကဲ့သို့, ချုပ်အပ်ကဲ့သို့ အမွေးရောက်လျက် ခြောက်လှန့် ထိုးဆွနိုင်သော ကြမ်းတမ်းသော ဘီလူးဖြစ်လျက် မဂ်ဉာဏ်ကို ရသောကာလ ပုညာနုဘာဝ အရိယမဂ်ဉာဏ်စစ်ဖြင့် မည်းညစ်သော အကုသိုလ်ကံကို တွန်းလှန်စွန့်ပယ် စင်ကြယ် သန့်ရှင်း နတ်၏အဆင်းကဲ့သို့ လှပတင့်တယ်ခြင်းနှင့် ပြည့်စုံကြသည်"ဟု သုတ္တနိပါတ်၊ သုစိလောမသုတ်, ခရလောမသုတ်တွင် လာသည်။ ဤဘီလူး ၂-ယောက်သားတို့၏ စကား အရာ ဒေသနာကို သိသာအောင် ပြဆိုလျှင် ကျယ်လွန်းအံ့။

ထိုစကား၌ ဝိနိပါတိကအသုရာ-ဟူသည်ကား အပါယ် ၄-ဘုံမှလည်း လွတ်သော ဉတ္တရမာတာမည်သော ဘီလူးမ, ပိယင်္ကရမာတာမည်သော ဘီလူးမ, ဖုဿမိတ္တာ, ဓမ္မဂုတ္တာ စသည်တို့ကဲ့သို့သော ပုဂ္ဂိုလ်, **အချို့သော ဝေမာနိကပြိတ္တာ-စသည်တို့သည် ဝိနိပါတိကအသုရာ မည်၏။**

ထိုဝိနိပါတိကအသုရာတို့သည် လူတို့ကဲ့သို့ သုဂတိအဟိတ်, ဒွိဟိတ်, တိဟိတ်အား ဖြင့် ပဋိသန္ဓေ ၃-ပါးရ၏။ အကြင်ဝိနိပါတိကအသုရာတို့သည် တိဟိတ်ပဋိသန္ဓေနေကုန်၏။ ထိုဝိနိပါတိကအသုရာတို့သည် အကျွတ်တရားကို ရကုန်၏။

ထို့ကြောင့် သုတ်မဟာဝါ၊ မဟာနိဒါနသုတ်အဋ္ဌကထာတို့၌–

**ကေစ္စေ စ** ဝိနိပါတိကာတိ စတုအပါယဝိနိမုတ္တာ ဥတ္တရမာတာ ယက္ခိနီ, ပိယင်္ကရမာတာ, ဖုဿမိတ္တာ, ဓမ္မဂုတ္တာတိ ဧဝမာဒိကာ အညေ စ ဝေမာနိကာ ပေတာ။ ဧတေသဥ္ဟိ ပီတဩဒါတကာဠမင်္ဂုရစ္ဆဝိသာမဝဏ္ဏာဒိဝသေန ဧဝ ကိသထူလရဿဒီဃဝသေန စ ကာယော နာနာ ဟောတိ။ မနုဿာနံ ဝိယ ဒွိဟေတုကတိဟေတုကာဟေတုကဝသေန သညာပိ။ တေ ပန ဒေဝါ ဝိယ န မဟေသက္ခာ၊ ကပဏမနုဿာ ဝိယ အပ္ပေသက္ခာ။ ဒုလ္လဘဃာသစ္ဆာဒနာ၊ ဒုက္ခ-ပီဠိတာ ဝိဟရန္တိ၊ ဧကေစ္စေ ကာဠပက္ခေ ဒုက္ခိတာ ဇုဏှပက္ခေ သုခိတာ ဟောန္တိ၊ တသ္မာ သုခသမုဿယတော ဝိနိပတိတတ္တာ ဝိနိပါတိကာတိ ဝုတ္တာ။ ယေ ပနေ'တ္ထတိဟေတုကာ တေသံ ဓမ္မာဘိသမယောပိ ဟောတိ။

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (ဒီ၊ဋ္ဌ၊၂။၁၀၀)

ဧကေစ္စေ စ ဝိနိပါတိကာတိ ဧတ္ထ၊ **ဧကေစ္စေ စ ဝိနိပါတိကာ**-ဟူသော ဤပါဠိတော်၌။ စတုအပါယဝိနိမုတ္တာ၊ အပါယ် ၄-ပါးတို့မှ လွတ်ကုန်သော။ ဥတ္တရမာတာ ယက္ခိနီ ပိယင်္ကရမာတာ ဖုဿမိတ္တာ ဓမ္မဂုတ္တာ၊ ဥတ္တရမာတာဘီလူးမ, ပိယင်္ကရမာတာဘီလူးမ, ဖုဿမိတ္တာဘီလူးမ, ဓမ္မဂုတ္တာဘီလူးမတို့သည်လည်းကောင်း။ ဣတိ ဧဝမာဒိကာ၊ ဤသို့ အစရှိသောသူတို့သည်လည်းကောင်း။ အညေ စ ဝေမာနိကာ ပေတာ၊ တပါးကုန်သော ဝေမာနိကပြိတ္တာတို့သည်လည်းကောင်း။ ဝိနိပါတိကာ၊ ဝိနိပါတိကအသုရာ မည်ကုန်၏။ ဟိ၊ အကျယ်ကား။ ဧတေသံ၊ ထိုဝိနိပါတိကအသုရာတို့အား။ ပီတဩဒါတကာဠမင်္ဂုရစ္ဆ-ဝိသာမဝဏ္ဏာဒိဝသေန ဧဝ၊ ရွှေသောအဆင်း, ဖြူသောအဆင်း, မည်းသောအဆင်း, ကြမ်းပိုးကျောက်ကုန်းကဲ့သို့ ညိုသောအဆင်း-အစရှိသည်တို့၏ အစွမ်းအားဖြင့်လည်းကောင်း။ ကိသထူလရဿဒီဃဝသေန စ၊ အကြုံ, အဆူ, အနိမ့်, အမြင့်တို့၏ အစွမ်းအားဖြင့်လည်းကောင်း။ ကာယော၊ ကိုယ်သည်။ နာနာ၊ အထူးထူးရှိသည်။ ဟောတိ၊ ဖြစ်၏။ မနုဿာနံ ဝိယ၊ လူတို့၏ကဲ့သို့။ ဒွိဟေတုကတိဟေတုကာဟေတုကဝသေန စ၊ ဒွိဟိတ်, တိဟိတ်, သုဂတိအဟိတ်တို့၏ အစွမ်းအားဖြင့်လည်းကောင်း။ သညာပိ၊ ပဋိသန္ဓေသည်လည်း။ နာနာ၊ အထူးထူးရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေ ပန၊ ထိုဝိနိပါတိကအသုရာတို့သည်ကား။ ဒေဝါ ဝိယ၊ နတ်တို့ကဲ့သို့။ မဟေသက္ခာ၊ တန်ခိုးကြီးကုန်သည်။ န ဟောန္တိ၊ မဖြစ်ကုန်။ ကပဏမနုဿာ ဝိယ၊ အထီးကျန်သော လူတို့ကဲ့သို့။ အပ္ပေသက္ခာ၊ တန်ခိုးနည်းကုန်သည်။ ဟောန္တိ၊ ၏။

ဒုလ္လဘာယာသစ္စာဒနာ၊ ရခဲသော အစာ, အဝတ်ရှိကုန်သည်ဖြစ်၍။ ဒုက္ခပီဠိတာ၊ ဆင်းရဲဖြင့် နှိပ်စက်ကုန်သည်ဖြစ်၍။ ဝိဟရန္တိ၊ နေကြကုန်၏။ ဧကစ္စေ၊ အချို့ကုန်သော ဝိနိပါတိကအသုရာတို့သည်။ ကာဠပက္ခေ၊ လကွယ်ပက္ခ၌။ ဒုက္ခိတာ၊ ဆင်းရဲကုန်သည်။ ဇုဏှပက္ခေ၊ လဆန်းပက္ခ၌။ သုခိတာ၊ ချမ်းသာကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ သုခသမုဿယတော၊ ချမ်းသာအပေါင်းမှ။ ဝိနိပတိတတ္တာ၊ ကင်းသည်၏ အဖြစ်ကြောင့်။ ဝိနိပါတိကာတိ၊ ဝိနိပါတိကအသုရာတို့-ဟူ၍။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။ ဧတ္ထ၊ ဤဝိနိပါတိကအသုရာတို့တွင်။ ယေ ပန၊ အကြင် ဝိနိပါတိကအသုရာတို့သည်ကား။ တိဟေတုကာ၊ တိဟိတ်ပဋိသန္ဓေနေကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေသံ၊ ထိုဝိနိပါတိကအသုရာတို့အား။ ဓမ္မာဘိသမယောပိ၊ သစ္စာ ၄-ပါးတရားကို သိသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဝါ၊ လောကုတ္တရာတရားကို ရသည်လည်း။ ဟောတိ၊ ဖြစ်၏။

ရှေးအနက်ကား "ဒုက္ခဿ အဘိသမယဋ္ဌော"၌ကဲ့သို့ သမယသဒ္ဒါ ပဋိဝေဒတ္ထ၊ နောက်အနက်ကား "အတ္တာဘိသမယာ ဓီရော"၌ကဲ့သို့ သမယသဒ္ဒါ ပဋိလာဘတ္ထ၊ ယက္ခိနီ-ဟူသောပုဒ်၌ "ယတောဟံ ဘဂိနီ"ကဲ့သို့ ယက္ခိ-မှာ ဣသရနှင့်, နီ-မှာ ဤဒီယနှင့် ရှိမှ သင့်သည်။ ဣနီ-ပစ္စည်း။ "ပတိ ဘိက္ခုရာဇီကာရန္တေဟိ ဣနီ" ကစ္စည်းသုတ်။ အသုဘာ-ဟူသောပုဒ်, သုရာမေရယ-ဟူသော ပုဒ်များ၌ *(ကဲ့သို့ အသုရာ-၌)* သု-မှာ ဥရဿနှင့် ရှိမှ သင့်သည်။

သုရ ဣဿရိယဒိတ္တီသု၊ သုရတိ၊ သုရော။ သုန္ဒရာ ဝါ၊ စာ အဿာတိ သုရော။
(သဒ္ဒနီတိ၊ ဓာတု၊ နှာ-၁၅၅)

သုရန္တိ ကီဠန္တီ'တိ သုရာ။ သုခေန ရမန္တိ'တိ ဝါ သုရာ။ (အဘိဓာန်ဋီကာဂါထာ-၁၁-၁၂)

သုရေန ဝနစရကေန ကတာ ပါနဇာတိ သုရာ။ (သဒ္ဒနီတိ၊သုတ္တ၊နှာ-၂၄၆)

သု အဘိသဝေ၊ ရော။ သု သဝနေ ဝါ၊ ရော။ (အဘိဓာန်ဋီကာ၊ဂါထာ-၅၃၃)

အနိဋ္ဌဖလဒါယကတ္တံ့ သဝတီ'တိ သုရာ၊ မဒိရာ။ (မောဂ္ဂလ္လာန်)

အာဒိကာလ'မှပါဒါယ သုရေန ဝနစရကေန စေဝ ဝရုဏေန စ ဒိဋ္ဌတ္တာ တဿ ပါနဿ သုရာတိ နာမံ ဇာတံ။ (တိံသနိပါတ်၊ ကုမ္ဘဇာတ်အဋ္ဌကထာ၊နှာ-၁၃)

**"ယေ ပန တိဟေတုကာ တေသံ ဓမ္မာဘိသမယော"**၏အရ၌ ဝိနိပါတိကအသုရာတို့ မင်္ဂ,ဖိုလ်ရဖူးလေသော သာဓကဝတ္ထုကား ပိယင်္ကရမာတာမည်သော ဘီလူးမသည် နံနက်မိုးသောက်ထသောအခါ အရှင် အနုရုဒ္ဓါမထေရ်မြတ် တရားသရဇ္ဈာယ်သောအသံကို ကြား၍ "ချစ်သား ပိယင်္ကရ၊ ဆိတ်ဆိတ်နေဦးလော့။ ရဟန်းတော်အရှင်မြတ် တရားသရဇ္ဈာယ်၏။

စင်စစ်ကား ငါတို့သည် တရားတော်ကို သိ၍ အကျိုးစီးပွါးရှိသည်ကိုသာ ကျင့်ရအံ့။ သတ္တဝါတို့ကို စားတတ်သော အဖြစ်ကိုလည်း စောင့်ရှောက်ရလတ္တံ့။ မဟုတ်မမှန်သော စကားကို ဆိုခြင်းမှ ကြဉ်ရှောင်ရလတ္တံ့။ ကောင်းသောအကျင့်ကိုလည်း ကျင့်ရပေလတ္တံ့။ ကျင့်ရမှုကား မြေဖုတ်ဘီလူးမျိုးမှ လွတ်ရာ၏"ဟု သားငယ်ကို ဆုံးမ၍ တရားတော် နာရပေရကား အရှင်အနုရုဒ္ဓါမထေရ်မြတ် ရွတ်သော ဓမ္မပဒ၊ အပ္ပမာဒဝဂ်၏အဆုံး၌ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရ၏။

ဥတ္တရမာတာမည်သော ဘီလူးမသည်လည်း ဇေတဝန်ကျောင်းတော်သို့ လှည့်လည် ၍လာရာ တံခါးပေါက်သို့ ရောက်လျှင် မြတ်စွာဘုရား တရားဟောသည်ကို မြင်၍ တရားတော်ကို နာရာ လက်ဆွဲ *(ပုနဗ္ဗသု)*သားငယ်နှင့်တကွ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရ၏။ ရင်ခွင်ထက်ပါသော သမီးငယ်ကား တရားတော်ကို နှလုံးမသွင်းနိုင်သေး၍သာ မဂ်,ဖိုလ် မရသတည်း။ နှလုံးသွင်းနိုင်မှုကား မဂ်,ဖိုလ် ရရာ၏-ဟု ၎င်းမနော‌ရထပူရဏီမည်သော သုတ်မဟာဝါအဋ္ဌကထာ (နှာ-၁၀၀), သံယုတ်အဋ္ဌကထာ(၁။၂၁၁-၂)တို့၌ လာသည်။
(သံ၊၁။၂၁၁-၂။ သံ၊ဋ၊၁။၂၁၁-၂)

"သဗ္ဗေ မနုဿာ သဗ္ဗေ ဝိနိပါတိကာ"ဟူ၍ ဟောတော်မူသော ပဋိသမ္ဘိဒါမဂ်ပါဠိတော်(နှာ-၃၁၄)တွင် လာသည်။ မေတ္တာပြဟ္မဝိဟာရ၌ပါသော ဝိနိပါတိကအသုရာ၏ အရလည်း ဤဝိနိပါတိကအသုရာပင်တည်း-ဟု မှတ်ရာ၏။

ဝိမာနဝတ္ထုအဋ္ဌကထာ၊ ရေဝတီဝိမာနဝတ္ထုတွင်လည်း ဗာရာဏသီပြည်တွင် နန္ဒိယလုလင်၏မယား ရေဝတီမည်သော မိန်းမသည် ရတနာ ၃-ပါးတို့၌ ကြည်ညိုခြင်း မရှိ။ နန္ဒိယလုလင်သည် ရဟန်း, သံဃာ, အထီးကျန်သော ဖုန်းတောင်းယာစကာ, သတ္တဝါအပေါင်းတို့အား များစွာ ပေးလှူ၍ ကဿပတန မိဂဒါဝုန်တော၌ ၄-ခန်းသော တိုက်တို့ဖြင့် တန်ဆာဆင်အပ်သော ၄-ဆောင်သော ဇရပ်ကို ဆောက်လုပ်လှူဒါန်းပြီးမှ ဘုရားအမှူးရှိသော သံဃာအား အလှူကြီးပေး၍ ရေစက်သွန်းချ အမှုပေးဝေသောခဏ၌ တာဝတိံသာနတ်ရွာတွင် အနံ,အလျား ၁၂-ယူဇနာ, အစောက်ယူဇနာ ၁၀၀-ရှိသော ရတနာ ၇-ပါးတို့ဖြင့် ပြီးသော ဗိမာန် ပေါက်လတ်သတည်း။ စုတိစိတ်ကျသောခဏ၌ ထိုဗိမာန်တွင် ဖြစ်လေ၏။

မိန်းမဖြစ်သော ရေဝတီသည် ခပ်သိမ်းသော အလှူမျိုးကို ဖျက်ဆီးတားမြစ်၍ "ရဟန်းဦးပြည်းတို့ကို အကြောင်းပြု၍ ငါ့အား လာဘ်ယုတ်ခဲ့ကုန်၏"ဟု ရဟန်းသံဃာကို ဆဲရေးပြောဆို၏။ ထိုအခါ ဝေဿဝဏ္ဏနတ်မင်းကြီးက ဘီလူး ၂-ယောက်တို့ကို ခေါ်ပြီးလျှင် "၇-ရက်အတွင်း ရေဝတီမည်သော မိန်းမကို အသက်ရှင်လျက် ဥဿဒရက်ငရဲသို့ ဆွဲငင်၍ ချလတ္တံ့-ဟု ဗာရာဏသီပြည်လုံး ကြားအောင်သွား၍ ကြွေးကြော်ကြချေ"ဟု

စေလွှတ်လိုက်၏။ ထို့နောက်မှ ဘီလူး ၂-ယောက်တို့သည် အလျှံပြောင်ပြောင်တောက်သော ဆံမုတ်ဆိတ်ရှိသော, အလွန်ကောက်သော နှာခေါင်းရှိလျက် ပြူးပြူးထွက်သော အစွယ်, ကြောက်မက်ဖွယ် နီသောမျက်လုံးရှိသော, ရေအလျဉ်ကဲ့သို့ ပြင်းထန်အမျက် ဟူးဟူးထွက်လျက် ကြောက်မက်ဖွယ်သော အဆင်းအင်္ဂါဖြင့် ဆောလျင်စွာ လာလတ်၍–

**ဥဋ္ဌေဟိ ရေဝတေ သုပါပဓမ္မေ၊ အပါရုတဒွါရေ အဒါနသီလေ။**
**နေဿာမ တံ ယတ္ထ ထုနန္တိ ဒုဂ္ဂတာ၊ သမပ္ပိတာ နေရယိကာ ဒုက္ခေန။** (ဝိမာန၊ ဌ၊ ၂၀၆)

ဟူသော စကားကို ဆိုလျက် လက်ရုံးတဖက်စီ ဆွဲကိုင်ပြီးလျှင် ခရီး ၃-မြောင်ကုန်အောင် လှည့်လည်၍ ဇာရာဏသီပြည်လုံး မကြွင်း၊ လူပင်းအား၊ ထင်ရှားသိမြင်၊ ထင်ထင်ပြလျက် ကောင်းကင်သို့ တက်ပြီးမှ နန္ဒိယနတ်သား၏ စံစားသော ဖြစ်အင်ကို မြင်စေအောင် ပြခဲ့၍ ဥဿဒရက်ငရဲသို့ ဆွဲငင်ယူသွား ငရဲသားတို့ကို ပေးအပ်၍ ဥဿဒရက်ငရဲသို့ ချကြောင်းကို-

**ဥဋ္ဌေဟိ ရေဝတေ သုပါပဓမ္မေတိ အာဒိနိ ဝဒန္တာ နာနာဗာဟာသု ဂဟေတွာ၊ 'မဟာဇနော ပဿတူ'တိ သကလနဂရေ ဝီထိတော ဝီထိ ပရိဗ္ဗမေတွာ *(ပရိဗ္ဘမာပေတွာ)* အာကာသံ အဗ္ဘုဂ္ဂန္တွာ တာဝတိံသဘဝနံ နေတွာ နန္ဒိယဿ ဝိမာနံ သမ္ပတ္တိံ စ ဿာ ဒဿေတွာ တံ ဝိလပန္တိံ ယေဝ ဥဿဒနိရယသမီပံ ပါပေသုံ။ တံ ယမဿ ပုရိသာ ဥဿဒနိရယေ ခိပိံသု။** (ဝိမာန၊ ဌ၊ ၂၀၆)

ဟု လာသည်။

ဥဋ္ဌေဟိ ရေဝတေ သုပါပဓမ္မေဟိ အာဒီနိ၊ ဥဋ္ဌေဟိ ရေဝတေ သုပါပဓမ္မေ-ဤသို့ အစရှိသော စကားတို့ကို။ ဝဒန္တာ၊ ဆိုကုန်လျက်။ နာနာဗာဟာသု၊ လက်ရုံးတဖက်စီတို့၌။ ဂဟေတွာ၊ ကိုင်၍။ မဟာဇနော၊ လူများအပေါင်းသည်။ ပဿတု၊ မြင်စေသတည်း။ ဣတိ၊ သို့။ သကလနဂရေ၊ ဗာရာဏသီပြည်အလုံး၌။ ဝီထိတော၊ ခရီးတစ်ခုမှ။ ဝီထိံ၊ ခရီးတစ်ခုသို့။ ပရိဗ္ဗမေတွာ၊ လှည့်လည်၍။ အာကာသံ၊ ကောင်းကင်သို့။ အဗ္ဘုဂ္ဂန္တွာ၊ တက်၍။ တာဝတိံသ-ဘဝနံ၊ တာဝတိံသာနတ်ပြည်သို့။ နေတွာ၊ ဆောင်၍။ နန္ဒိယဿ၊ နန္ဒိယလုလင်၏။ ဝိမာနဉ္စ၊ ဗိမာန်ကိုလည်းကောင်း။ သမ္ပတ္တိံ စ၊ စည်းစိမ်ချမ်းသာကိုလည်းကောင်း။ အဿာ၊ ထိုရေဝတီအား။ ဒဿေတွာ၊ ပြ၍။ တံ၊ ထိုရေဝတီကို။ ဝိလပန္တိံ ယေဝ၊ မြည်တမ်းလျက်ပင်လျှင်။ ဥဿဒနိရယသမီပံ၊ ဥဿဒရက်ငရဲ၏ အနီးသို့။ ပါပေသုံ၊ ရောက်စေကုန်၏။ တံ၊ ထိုရေဝတီကို။ ယမဿ၊ ယမမင်း၏။ ပုရိသာ၊ တမန်ဖြစ်သော ငရဲထိန်းတို့သည်။ ဥဿဒ-နိရယေ၊ ဥဿဒရက်ငရဲ၌။ ခိပိံသု၊ ပစ်ချကုန်၏။

(ဥဋ္ဌေဟိ ရေဝတေ သု ပါပဓမ္မေ-အစရှိသည်ကား ဝိမာနဝတ္ထုပါဠိတော်(နှာ-၇၃)တည်း။)

သုပါပဓမ္မေ၊ အလွန်ယုတ်မာသော သဘောရှိသော။ အဒါနသီလေ၊ အလှူပေးခြင်း, သီလသီတင်း ဆောက်တည်ခြင်း သဘောမရှိသော။ ရေဝတော၊ ရေဝတီ။ ဥဋ္ဌေဟိ၊ ထလော့။ ယတ္ထ၊ အကြင်ငရဲ၌။ ဒုဂ္ဂတာ၊ မကောင်းသဖြင့် ကျင့်ကုန်သော။ နေရယိကာ၊ ငရဲသူတို့သည်။ ဒုက္ခေန၊ ဆင်းရဲခြင်းဖြင့်။ သမပ္ပိတာ၊ နှိပ်စက်အပ်ကုန်သည်ဖြစ်၍။ ထုနန္တိ၊ ကြည်းညည်းကြကုန်၏။ ဝါ၊ မြည်တမ်းကြွေးကြော်ကြကုန်၏။ အပါရုတဒွါရေ၊ ဟင်းလင်းပွင့်သော တံခါးရှိသော။ တတ္ထ၊ ထိုငရဲသို့။ တံ၊ သင့်ကို။ နေဿာမ၊ ဆောင်ကုန်အံ့။

အထက်၌ ပြဆိုခဲ့သော "ယမဿ ရညောတိ ယမရာဇာ နာမ ဝေမာနိကပေတ-ရာဇာ" အစရှိသော အဋ္ဌကထာပါဌ်တို့တွင် "ဓမ္မိကော ရာဇာ"ဟူသော ပါဌ်၌ ထိုယမမင်း၏ တရားကို စောင့်သောအဖြစ်သည် ဓမ္မဒေဝနတ်တို့ကဲ့သို့ ဖြစ်ခြင်းမြဲရကား ဓမ္မတာပင်တည်းဟု မှတ်ရာ၏။

ထို့ကြောင့် ဧင်းမနောရထပူရဏီမည်သော အင်္ဂုတ္တိုရ်အဋ္ဌကထာ၊ အဖွင့်ဋီကာ၌–

ဓမ္မိကော ရာဇာတိ ဧတ္ထ တဿ ဓမ္မိကဘာဝေါ ဓမ္မဒေဝပုတ္တဿ ဝိယ ဥပ္ပတ္တိ-နိယမတော *(ဥပ္ပတ္တိနိယတော)* ဓမ္မတာဝသေန ဝေဒိတဗ္ဗော။

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (အံ၊ဋီ၊၂။၁၁၅)

ဓမ္မိကော ရာဇာတိ ဧတ္ထ၊ ဓမ္မိကော ရာဇာ-ဟူသော ဤအဋ္ဌကထာပါဌ်၌။ တဿ ယမဿ၊ ထိုယမမင်း၏။ ဓမ္မိကဘာဝေါ၊ တရားကို စောင့်သောအဖြစ်ကို။ ဓမ္မဒေဝ ပုတ္တဿ ဝိယ၊ ဓမ္မဒေဝနတ်သား၏။ ဓမ္မိကဘာဝေါ ဝိယ၊ တရားစောင့်သော သူ၏အဖြစ်ကိုကဲ့သို့။ ဥပ္ပတ္တိနိယမတော၊ ဖြစ်ခြင်း မြဲသောကြောင့်။ ဓမ္မတာဝသေန၊ ဓမ္မတာ၏အစွမ်းဖြင့်။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ဤစကားရပ်၌ ဓမ္မဒေဝနတ်-ဟူသည် ၅၅၀၊ ဇာတ်ကဘာဒသကနိပါတ်၊ ၃-ခုမြောက်သော ဓမ္မဒေဝဇာတ်၌လာသော ဓမ္မဒေဝနတ်တို့ကို ဆိုသည်-ဟု ယူရန်ရှိ၏။

**ဤတွင်ရွေ့ ငရဲသားတို့ကို ငရဲထိန်းတို့က ယမမင်းထံပြသော စကားရပ် အပြီးသတ်တည်း။**

ယမမင်းထံသို့ ရောက်လျှင် "ဤသူကား အမိ, အဘ, ရဟန်း,သံဃာ, ရဟန္တာပုဂ္ဂိုလ်, အမျိုး၌ အသက်အရွယ်, ဂုဏ်ဖြင့် ကြီးသောသူတို့ကို ရိုသေလေးမြတ်ခြင်း မရှိ၊ ထိုသူကို ဒဏ်ထားတော်မူပါ"ဟု လျှောက်၏။ ထိုအခါ ယမမင်းက ပထမ ဒေဝဒူတ, ဒုတိယ ဒေဝ-ဒူတ, တတိယဒေဝဒူတတို့ကို မေး၍ စစ်ဆေး၏။ ဒေဝဒူတ-ဟူသည်ကား သေမင်း၏တမန်တည်း။

သမေင်း၏တမန်ဟူသည်ကား "အိုခြင်း, နာခြင်း, သေခြင်းတည်း။ လူ့ပြည်တွင် အိုသောသူ, နာသောသူ, သေသောသူတို့ကို မြင်ဖူး၏လော။ ထိုသူတို့ကို မြင်သောကာလက ငါလည်း ဤကဲ့သို့ပင် အိုရချိမ့်မည်, နာရချိမ့်မည်, သေရချိမ့်မည်-ဟု အသင့်နှလုံးသွင်း၍ မအိုမီ, မနာမီ, မသေမီကာလ-က ဒါန, သီလ-စသော ကုသိုလ်တရားကို အားထုတ်ခဲ့ပါ၏ လော"ဟု မေး၍ စစ်ဆေးသည်-ဟူလို။ ဤအရာတွင် ပါဠိ, အဋ္ဌကထာ ဒေသနာတော် လာတိုင်း ပြဆိုလျှင် ကျယ်လွန်းအံ့။

ဤမေးစစ်ခြင်းကို အဘယ်သို့သော သူသည် ရသနည်း၊ အဘယ်သို့သော သူသည် မရသနည်း-ဟူမူ ကြီးသော မကောင်းမှုကံ ရှိသောသူသည် မေးစစ်ခြင်းကို မရ။ နည်းသော မကောင်းမှုကံ ရှိသောသူသည်သာ မေးစစ်ခြင်းကို ရ၏။ လောက၌ ခိုးထုပ်ဥစ္စာနှင့်တကွ ဖမ်းမိသောသူကို မေးစစ်ဖွယ် မရှိ၊ အပြစ်အားလျော်စွာ ရာဇဝတ်မင်းဒဏ်ကိုသာ စီရင်၏။ ယုံမှားဖွယ်ရှိသေး၍ မေးမြန်းသင့်သောသူကိုသာ ထောက်ချင့်စစ်ဆေး မေးမြန်းသကဲ့သို့ မှတ်ရာ၏။

ထို့ကြောင့် မနောရထပူရဏီမည်သော ရှင်းအဋ္ဌကထာ(အံ၊၄၊၂။၁၂၀)၌–

> **ကိံ ပန ဒေဝဒူတာနုယောဂံ ကော လဘတိ၊ ကော န လဘတိ? ယေန တာဝ ဗဟုံ ပါပံ ကတံ၊ သော ဂန္တွာ နိရယေ နိဗ္ဗတ္တတိယေဝ။ ယေန ပန ပရိတ္တံ ပါပံ ကတံ၊ သော လဘတိ။ ယထာ ဟိ သဘဏ္ဍံ စောရံ ဂဟေတွာ ကတ္တဗ္ဗမေဝ ကရောန္တိ န ဝိနိစ္ဆယန္တိ (ဝိနိစ္ဆိနန္တိ)။ အနုဝိဇ္ဇိတွာ ဂဟိတံ ပန ဝိနိစ္ဆယဋ္ဌာနံ နယန္တိ၊ သော ဝိနိစ္ဆယံ လဘတိ။ ဧဝံ သမ္ပဒမေ'တံ။**

ဟူသောပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ကိံ ပန ဒေဝဒူတာနုယောဂံ၊ ဤသမေင်းတမန်-ဟု ဆိုအပ်သော ဒေဝဒူတကို မေးခြင်း အနုယောဂဝတ်ကို။ ကော လဘတိ၊ အဘယ်သို့သောသူ ရသနည်း။ ကော န လဘတိ၊ အဘယ်သို့သောသူ မရသနည်း။ ကိံ ပုစ္ဆာယံ၊ ဤသို့ မေးသော်။ ယေန၊ အကြင်သူသည်။ တာဝ၊ ရှေးဦးစွာ။ ဗဟုံ ပါပံ၊ ကြီးသောမကောင်းမှုရှိသော ကံကို။ ကတံ၊ ပြုအပ်၏။ သော၊ ထိုသူသည်။ ဂန္တွာ၊ သွား၍။ နိရယေ၊ ငရဲ၌။ နိဗ္ဗတ္တတိယေဝ၊ ဖြစ်သည်သာ တည်း။ (အနုယောဂဝတ္တံ၊ သမေင်း၏တမန်-ဟု ဆိုအပ်သော ဒေဝဒူတကို မေးခြင်း အနုယောဂ ဝတ်ကို။ န လဘတိ၊ မရ။) ယေန ပန၊ အကြင်သူသည်ကား။ ပရိတ္တံ ပါပံ၊ နည်းသော မကောင်းမှုကံကို။ ကတံ၊ ပြုအပ်၏။ သော၊ ထိုသူသည်။ အနုယောဂဝတ္တံ၊ သမေင်း၏တမန်-ဟု ဆိုအပ်သော ဒေဝဒူတကို မေးခြင်း အနုယောဂဝတ်ကို။ လဘတိ၊ ရ၏။

ဟိ သစ္စံ၊ မှန်၏။ ယထာ၊ ဥပမာကား။ သဘဏ္ဍံ၊ ခိုးထုပ်နှင့်တကွ တွေ့မိသော။ စောရံ ခိုးသူကို။ ဂဟေတွာ၊ ဖမ်းယူ၍။ ကတ္တဗ္ဗမေဝ၊ ပြုသင့်သော ရာဇဝတ်မင်းဒဏ်ကိုသာ လျှင်။ ကရောန္တိ၊ ပြုကုန်၏။ န ဝိနိစ္ဆယံ ကရောန္တိ၊ မဆုံးဖြတ်ကုန်။ ဣတိ၊ ဤသို့။ အနုဝိဇ္ဇိတွာ၊ စုံစမ်း၍။ ဂဟိတံ ပန၊ ယူသင့်သသူကား။ ဝိနိစ္ဆယဋ္ဌာနံ၊ ဆုံးဖြတ်ရာ သဘင်သို့။ န ယန္တိ၊ ဆောင်ကုန်၏။ သော၊ ထိုသူသည်။ ဝိနိစ္ဆယံ၊ အဆုံးအဖြတ်ကို။ လဘတိ၊ ရ၏။ ဧဝံ ဣမိနာ ဝုတ္တနယေန၊ ဤဆို အပ်ခဲ့ပြီးသော နည်းဖြင့်။ ဧတံ သမ္ပဒံ၊ ဤဥပမာ၏ ပြည့်စုံခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

(နိဗ္ဗတ္တတိ, နိဗ္ဗတ္တံ, နိဗ္ဗတ္တေယျ-ပုဒ်များ၌ ဩဋ္ဌဇတတိယက္ခရာ ဗ-သဒ်ိသဒွေးဘော်နှင့် ရှိမှ သင့်သည်။ "ဗဟုံ ပါပ"၌ ဗဟု-သဒ္ဒါ မဟတ္ထဝါစက။)

ထိုသို့ နည်းသော မကောင်းမှုကံကြောင့် ငရဲသို့ ရောက်သောသူသည် မိမိအလိုလို မိမိပြုသော ကုသိုလ်ကံကို အောက်မေ့မိ၍ သတိရသည်လည်း ရှိ၏။ ယမမင်းက အောက် မေ့စေ၍ သတိရသည်လည်း ရှိ၏။ ထို့ကြောင့် မနောရထပူရဏီ-မည်သော ဝင်းအဋ္ဌကထာ, ဝိဘင်းအဋ္ဌကထာတို့၌–

ပရိတ္တပါပကမ္မာ ဟိ အတ္တနော ဓမ္မတာယပိ သရန္တိ၊ သာရိယမာနာပိ သရန္တိ။

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (မ၊ဋ္ဌ၊၄။၁၆၆။ အံ၊ဋ္ဌ၊၂။၁၂၀)

ဟိ၊ ဆက်၍ ပြဦးအံ့။ ပရိတ္တပါပကမ္မာ၊ နည်းသော မကောင်းမှုရှိသော သူတို့သည်။ အတ္တနော ဓမ္မတာယပိ၊ မိမိသဘောဖြင့်လည်း။ သရန္တိ၊ အောက်မေ့ကုန်၏။ သာရိယမာနာပိ၊ ယမမင်းတို့က အောက်မေ့စေသဖြင့်လည်း။ သရန္တိ၊ အောက်မေ့ကုန်၏။

ပြုအပ်သော မကောင်းမှုကံ အားနည်းသည်ဖြစ်၍ ပြုအပ်,ဆည်းပူးအပ်သော ကောင်းမှု၏ အခွင့်ပေးခြင်းငှာထိုက်သော ကုသိုလ်ကံကြောင့် မိမိအလိုလိုပင် အောက်မေ့ နိုင်၏။ "သင်သည် ဤမည်သော ကုသိုလ်ကံကို ပြု၏"ဟု ယမမင်းက အောက်မေ့စေသဖြင့် လည်း မိမိကုသိုလ်ကို အောက်မေ့စေမှ သတိရသည်လည်း ရှိ၏-ဟူလို။

ထို့ကြောင့် မနောရထပူရဏီမည်သော ဝင်းအဋ္ဌကထာ၏ အဖွင့်ဋီကာ၌–

> တေ ဟိ ပါပကမ္မဿ ဒုဗ္ဗလဘာဝတော ကတူပစိတဿ စ ဩကာသာရဟ ကုသလ-ကမ္မဿ ဗလဝဘာဝတော အတ္တနော ဓမ္မတာယပိ သရန္တိ။ သာရိယမာနာပီတိ တွံ နာမ တယာ ကတံ ပုညကမ္မံ ပရေဟိ သာရိယမာနာပိ။ (အံ၊ဋီ၊၂။၁၁၆)

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဟိ၊ ထင်စွာပြဦးအံ့။ တေ၊ ထိုငရဲသူတို့သည်။ ပါပကမ္မဿ၊ မကောင်းမှုကံ၏။ ဒုဗ္ဗလဘာဝတော၊ အားနည်းသည်၏အဖြစ်ကြောင့်။ ကတူပစိတဿ၊ ပြုအပ်, ဆည်းပူးအပ်သောကောင်းမှု၏။ ဩကာသာရဟာကုသလကမ္မဿ၊ အခွင့်ပေးခြင်းငှာထိုက်သော ကုသိုလ်ကံ၏။ ဗလဝဘာဝတော စ၊ အားကြီးသည်၏ အဖြစ်ကြောင့်လည်းကောင်း။ အတ္တနော ဓမ္မတာယပိ၊ မိမိ၏သဘောဖြင့်လည်း။ သရန္တိ၊ အောက်မေ့ကုန်၏။ သာရိယမာနာပိတိ၊ သာရိယမာနာပိ-ဟူသည်ကား။ တယာ၊ သင်သည်။ ဣဒံ နာမ ပုညကမ္မံ၊ ဤမည်သော ကောင်းမှုကုသိုလ်ကို။ ကတံ၊ ပြုဖူး၏။ ဣတိ၊ ဤသို့။ ပရေဟိ၊ သူတပါးတို့သည်။ သာရိယမာနာပိ၊ အောက်မေ့စေသည် ဖြစ်၍လည်း။ သရန္တိ၊ အောက်မေ့ကုန်၏။

ထိုသို့ ပြဆိုခဲ့သော အဋ္ဌကထာ, ဋီကာတို့၏အရ သာကေဝတ္ထုကား သီဟိုဠ်ကျွန်း၌ **ဒီဃဇယန္တဒမိဠအမည်ရှိသော** ကျီစောင့်ယောကျ်ားသည် သုမနဂိရိဝိဟာရမည်သောကျောင်းတွင် အာကာသစေတီ၌ နီသော အဆင်းရှိသော ပုဆိုးကို ကုက္ကားပြုလုပ်၍ လှူ၏။ ထိုဒါယကာ စုတေ၍ ငရဲသို့ ရောက်လေလျှင် ငရဲမီးလျှံတောက်သော အသံကို ကြားသောခဏ၌ မိမိလှူသော ကုက္ကားကို အောက်မေ့ဆင်ခြင်မိလေရကား “အာကာသစေတီတွင် လှူဒါန်းသော နီသောပုဆိုး၏ အသံနှင့် တူ၏”ဟု သတိရသဖြင့် ဒေဝသမ္ဗတ္တိသုဂတိဘဝသို့ ရောက်ဇလေ၏။ (မဋ္ဌ၄။၁၆၆။ အံ၊ဋ္ဌ၊၂။၁၂၀)

တစ်ယောက်သော ဒါယကာလည်း မိမိ၏သားဖြစ်သော ရဟန်းငယ်အား ကြမ်းသော ဖျင်ပုဆိုးကို လှူ၏။ ထိုဒါယကာ စုတေ၍ ငရဲသို့ ရောက်လေလျှင် မိမိလှူသော ဖျင်ပုဆိုးကို အောက်မေ့မိသတိရ၍ ဒေဝသမ္ပတ္တိ သုဂတိဘဝသို့ ရောက်လေ၏။

[ *အာကာသစေတီ-ဟူရာ၌* လွင်တီးခေါင် တောင်ထိပ်၏အပြင်၌ တည်သောကြောင့် အာကာသစေတီ တွင်သည်-ဟူလို။ ]

ဤသို့ မိမိအလိုလိုပင် မိမိပြုသော ကုသိုလ်ကို အောက်မေ့မိသတိရ၍ နတ်ပြည်၌ ဖြစ်ရလေ၏။ မိမိအလိုလို မအောက်မေ့နိုင်သသူတို့အား—

- ပထမဒေဝဒူတဖြင့် အောက်မေ့စေ၏။
- ပထမဒေဝဒူတဖြင့် သတိမရသော် ဒုတိယဒေဝဒူတဖြင့် အောက်မေ့စေ၏။
- ဒုတိယဒေဝဒူတဖြင့် သတိမရသော် တတိယဒေဝဒူတဖြင့် အောက်မေ့စေ၏။

ထို ၃-ပါးတို့ဖြင့် သတိမရသော် ယမမင်းသည် မိမိကိုယ်တိုင် အောက်မေ့စေ၏။

သီဟိုဠ်ကျွန်းတွင် တစ်ယောက်သောအမတ်သည် ၁-ကုမ္ဘာလောက်သော မုလေးပန်းတို့ကို *(မဟာစေတီအား)* လှူ၍ ထိုကုသိုလ်ဒါနကို ယမမင်းအား အမျှပေးဝေ၏။ ထိုအမတ်

သည် စုတေလျှင် တစ်ခုသော အကုသလကမ္မကြောင့် နိရယဂတိသို့ ရောက်သောကာလ ယမမင်း အထံသို့ ပို့ကြကုန်၏။ ဒေဝဒူတ ၃-ပါးတို့ဖြင့် အောက်မေ့စေရာ သတိမရ၍ ယမမင်းကိုယ်တိုင် ဆင်ခြင်ပြီးမှ "မဟာစေတီတွင် ၁-ကုဋ္ဌမျှသော ပန်းကို သင်လှူပြီး၍ ထိုကုသိုလ် ဒါနကို ငါ့အား သင်အမျှပေးဝေ၏"ဟု ဆိုသောကာလမှ သတိရ၍ ဒေဝသမ္ပတ္တိ သုဂတိဘဝသို့ လားရလေသတည်း။

ဤစကားရပ်၏အတွင်း ၁-ကုဋ္ဌဟူရာ၌ "**သိယာ ကုဋ္ဌော ဒသ'မ္ဗဏံ**"ဟူသော အဘိဓာန်ကျမ်း(ဂါထာ-၄၈၃)နှင့်အညီ ၁၀-အမ္ဗဏသည် ၁-ကုဋ္ဌမည်၏။ "**ဧကာဒသ ဒေါဏာ တု အမ္ဗဏံ**"ဟူသော အဘိဓာန်ကျမ်း(ဂါထာ-၄၈၄)နှင့်အညီ ၁၁-စိတ်သည် ၁-အမ္ဗဏမည်၏။ ၁၀-အမ္ဗဏသည် ၁-ကုဋ္ဌ-မည်၏ဟူရကား ၂၇-တင်း, ၂-စိတ် ရှိ၏။ အချို့လည်း ဒေါဏကို **စရွတ်** ယူကြ၏။ စရွတ်ယူသော် ၁၃-တင်း, ၃-စိတ်သာ ရှိ၏။

ဤအဘိဓာန်ကျမ်း(ဂါထာ-၄၈၂)တွင်ပင် "**ဒေါဏံ ဝါ စတုရောဠကံ**" ၄-ပြည်သည် ၁-ဒေါဏဖြစ်၍ ၁-စိတ် ရှိ၏။ မနောရထပူရဏီမည်သော အင်္ဂုတ္တိုရ်အဋ္ဌကထာ၏ အဖွင့်ဋီကာ(အံ၊ဋီ၊၂။၁၁၇)၌ကား "**ဒသာမိကံ နာဠိ သဟဿကုမ္ဘံ**"ဟူသော ကေစိဝါဒကိုလည်း ကောင်း၊ "**ပဥ္စအမ္ဗဏံ**"ဟူသော အပရေဝါဒကိုလည်းကောင်း ပြ၏။ ထိုဝါဒ ၂-ပါးတို့တွင် ကေစိဝါဒ၌ ပြည်ကွမ်းစားကို ယူသော် ၆၃-တင်း, ၂-ပြည်ရှိ၏။ ခွက်ကွမ်းစားကို ယူသော် ၃၁-တင်း, ၂-စိတ် နှင့် ၁-ပြည်ရှိ၏။ စလယ်ကွမ်းစားကို ယူသော် ၁၅-တင်း, ၃-စိတ်, ၁-ခွက်ရှိ၏။ အပရေဝါဒ၌ စိတ်ကို ယူသော် ၁၃-တင်း, ၃-စိတ်ရှိ၏။ စရွတ်ကို ယူသော် ၆-တင်း, ၂-စိတ်နှင့် ၆-ပြည်ရှိ၏။

ထိုဝါဒအသီးအသီး နည်းအထွေထွေ ပြားသည်တွင် "**ဒသမ္ဗဏံ**"၏အရ၌ စရွတ်ကို ယူသောနည်းနှင့် "**ပဥ္စအမ္ဗဏံ**"၏အရ၌ စိတ်ကို ယူသောနည်း ၂-ခုသည် ညီကြ၏။ သည်မှ ကြွင်းသမျှသည် မညီကြ။

အင်္ဂုတ္တိုရ်ဋီကာဆရာလည်း ကေစိဝါဒနှင့် အပရေဝါဒကိုသာ ပြ၍ သမာနဝါဒကို မပြ။ ထိုသို့ မပြသော်လည်း အဘိဓာန်ကျမ်းတွင်လာသော နည်းကိုသာ ဆရာတို့ နှစ်သက်ကုန်ရကား သမာနဝါဒ ယူသင့်၏။ ယင်းသည် သမာနဝါဒတွင်လည်း **အမ္ဗဏမေကာဒသဒေါဏံ**-၏အရမှာ စိတ်ကို ယူသော် သာ၍ သင့်မြတ်၏။

ထိုသို့ ဒေဝဒူတ ၃-ရပ်တို့ကို ပြ၍ အောက်မေ့စေသဖြင့်လည်းကောင်း၊ ယမမင်း ကိုယ်တိုင် ကြည့်၍ မမြင်သဖြင့်လည်းကောင်း မိမိ၏ ကံအားလျော်စွာ ယထာရဟာဖြစ်လတ္တံ့-ဟု ယမမင်းသည် တစ်စုံတစ်ခုကိုမျှ မဆိုဘဲ ဆိတ်ဆိတ်နေလေ၏။

ထို့ကြောင့် မနောရထပူရဏီမည်သော ဋ္ဌကထာ၌–

**ယမော ပန သယံ ဩလောကေတွာပိ အပဿန္တော "မဟာဒုက္ခံ အနုဘဝိဿတိ အယံ သတ္တော"တိ တုဏှီ အဟောသိ။** (အံ၊ဋ္ဌ၊၂။၁၂၁)

ဟူသော ပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ယမော ပန၊ ယမမင်းသည်ကား။ (ပန-သဒ္ဒါကား ပက္ခန္တရဇောတကတည်း။) သယံ၊ ကိုယ်တိုင်။ ဩလောကေတွာပိ၊ ကြည့်၍လည်း။ အပဿန္တော၊ မမြင်သည်ရှိသော်။ "အယံ သတ္တော၊ ဤသတ္တဝါသည်။ မဟာဒုက္ခံ၊ ကြီးစွာသော ဆင်းရဲကို။ အနုဘဝိဿတိ၊ ခံစား ရလတ္တံ့"။ ဣတိ၊ ဤသို့ နှလုံးသွင်း၍။ တုဏှီ၊ ဆိတ်ဆိတ်နေသည်။ အဟောသိ၊ ဖြစ်၏။

**ဤတွင်ရွေ့ ငရဲသူသတ္တဝါတို့ အကုသိုလ်ကံအားလျော်စွာ ယထာရဟ ဖြစ်စေသည်ကို ပြဆိုသော စကားရပ် အပြီးသတ်တည်း။**

ငရဲသားတို့ကို ငရဲထိန်းတို့က အပြစ်အားလျော်စွာ စီရင်သောအရာကို သိသာအောင်ပြဆိုလျှင် ကျယ်လွန်းအံ့။ ဤအချို့သောသူတို့က ငရဲထိန်း-ဟူသည် ငရဲသားတို့ကိုပင် ဆိုသလော။ ထိုသို့မဟုတ် ငရဲထိန်း,ငရဲသား အခြားပင် ရှိလေသလော-ဟု သို့စောဒနာ ရန်ရှိ၏။ ထိုစကား၌ ငရဲထိန်းတို့သည် ငရဲ၌ဖြစ်စေတတ်သော ကံကြောင့် ဖြစ်ခဲ့အံ့။ ငရဲသားတို့ကဲ့သို့ပင် ငရဲသားတို့နှင့်တကွ နိရယဒုက္ခကို ခံစားရာ၏။ ထိုသို့ ဒုက္ခကို ခံစားရသည်ဖြစ်အံ့။ သူတပါးတို့အား သတ်ပုတ်ညှဉ်းဆဲခြင်းကို မပြုနိုင်ရာ။ သည်သာ မဟုတ်သေး။ ဤသူတို့ကိုကား ငရဲထိန်း, ဤသူတို့ကား ငရဲသား-ဟု ကွဲပြား၍ သိမှတ်ခြင်းငှာ မစွမ်းနိုင်ရာ။ ငရဲထိန်း, ငရဲသား ခွန်အားအဆင်း ရုပ်ရည်လက္ခဏာချင်း တူခဲ့အံ့။ သူတပါးတို့ကို ထိတ်လန့်ကြောက်ရွံ့ခြညားစေခြင်းငှာ မတတ်နိုင်ရာ။ ငရဲထိန်း-ဟူ၍ရှိကြောင်း, ငရဲသားတို့ကို ပဥ္စဗန္ဓန စသော ညှဉ်းဆဲခြင်းကို ပြုလျက် ရိုက်နှက်ပုတ်ခတ် သတ်ဖြတ်စီရင်ကြောင်းကိုလည်း–

**တ'မေနံ ဘိက္ခဝေ နိရယပါလာ နာနာဟာဟာသု ဂဟေတွာ ယမဿ ရညော ဒဿေန္တိ။**

ဟူ၍လည်းကောင်း (အံ၊၁။၁၃၇)၊

**တ'မေနံ ဘိက္ခဝေ နိရယပါလာ ပဥ္စဝိဓဗန္ဓနံ နာမ ကမ္မကရဏံ(ကာရဏံ) ကရောန္တိ။**

ဟူ၍လည်းကောင်း (အံ၊၁။၁၃၉)၊

**"အတ္ထိ နိရယေ နိရယပါလာတိ အာမန္တာ"**ဟူ၍လည်းကောင်း(ကထာဝတ္ထု၊၄၃၀)–

အင်္ဂုတ္တရ၊ တိကနိပါတ်ဒေသနာ၊ ကထာဝတ္ထုကျမ်းတို့၌ ဟောတော်မူရကား ငရဲသားလည်း မဟုတ်။ ထိုငရဲထိန်းတို့သည် ထိုငရဲ၌ ဖြစ်ခြင်းသည် အဘယ်သို့ သိအပ်သော

သဘောရှိသနည်း-ဟူလို၏။ ထိုစကား၌ ငရဲထိန်းတို့သည် ငရဲသားလည်း မဟုတ်၊ အဘယ်ကြောင့်နည်းဟူမူ ငရဲ၌ဖြစ်စေတတ်သော ကံကြောင့် ဖြစ်ရသသူ မဟုတ်သောကြောင့်တည်း။ ထိုစကား မှန်၏။ ထိုငရဲထိန်းတို့သည် ငရဲ၌ ဖြစ်စေတတ်သောကံမှ တပါးသောကံကြောင့် ဖြစ်ကုန်၏။ အဘယ်ကြောင့်နည်းဟူမူ ယက္ခိုက်ဘီလူးမျိုးဖြစ်သောကြောင့်တည်း။

ထို့ကြောင့် မနောရထပူရဏီမည်သော ဋ္ဌကထာ၏ အဖွင့်ဋီကာ၌–

**အနေရယိကာ နိရယပါလာ အနိရယဂတိ သံဝတ္တနိယ ကမ္မနိဗ္ဗတ္တိတော။ နိရယူပပတ္တိ သံဝတ္တနိယကမ္မတော ဟိ အညေနေဝ ကမ္မုနာ တေ နိဗ္ဗတ္တန္တိ ရက္ခသဇာတိကတ္တာ။**

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (အံ၊ဋီ၊၂။၁၁၂)

နိရယပါလာ၊ ငရဲထိန်းတို့သည်။ အနေရယိကာ၊ ငရဲသား မဟုတ်ကုန်။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ အနိရယဂတိ သံဝတ္တနိယကမ္မနိဗ္ဗတ္တိတော၊ ငရဲ၌ ဖြစ်စေတတ်သောကံမှ တပါးသောကံကြောင့် ဖြစ်ခြင်းအကြောင်းတည်း။ ဟိ သစ္စံ၊ မှန်၏။ တေ၊ ထိုငရဲထိန်းတို့သည်။ နိရယူပပတ္တိ သံဝတ္တနိယကမ္မတော၊ ငရဲ၌ဖြစ်စေတတ်သော ကံမှ။ အညေနေဝ ကမ္မုနာ၊ တပါးသော ကံကြောင့်။ နိဗ္ဗတ္တန္တိ၊ ဖြစ်ကုန်၏။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ ရက္ခသဇာတိကတ္တာ၊ ယက္ခိုက်ဘီလူးမျိုး ဖြစ်သောကြောင့်တည်း။

"ရက္ခသဇာတိကတ္တာ"ဟူသော ဟိတ်၏အရ သမာနဝါဒကို ပြတော်မူလိုသော အရှင်ဋီကာဆရာသည်–

> **ကောဓနာ ကုရူရကမ္မန္တာ၊ ပါပါဘိရုစိနော တထာ။**
> **ဒုက္ခိတေသု စ နန္ဒန္တိ၊ ဇာယန္တိ ယမရက္ခသာ။ ။**

ဟူသော ဂါထာကို မိန့်သတည်း။ (အံ၊ဋီ၊၂။၁၁၂)

ယေ နိရယပါလာ၊ အကြင်ငရဲထိန်းတို့သည်။ ကောဓနာ စ၊ အမျက်လည်း ထွက်တတ်ကုန်၏။ ကုရူရကမ္မန္တာ စ၊ ပြုအပ်သော ထိုးခုတ်သတ်ဖြတ် ပုတ်ခတ်ရိုက်နှက်ခြင်းအမှုလည်း ရှိကုန်၏။ တထာ၊ ထိုမြို့။ ပါပါဘိရုစိနော စ၊ မကောင်းမှု ပြုသသူကိုလည်း ကြောက်စေတတ်ကုန်၏။ ဒုက္ခိတေသု စ၊ ဆင်းရဲသောသူတို့၌လည်း။ နန္ဒန္တိ၊ နှစ်သက်တတ်ကုန်၏။ ယမရက္ခသာ၊ ယမရက္ခိုက်ဘီလူးမျိုးတို့သည်။ ဇာယန္တိ၊ ဖြစ်ကုန်၏။

ထိုငရဲထိန်းတို့သည် ငရဲသူသတ္တဝါ မဟုတ်ခဲ့သော် ငရဲသူတို့ ခံရာဖြစ်သော အလျှံပြောင်ပြောင်တောက်လောင်သော ဤသံမြေ၌ လှည့်ပတ်သွားလာရသည်ဖြစ်လျက် အဘယ်ကြောင့် ပူလောင်ခြင်းဒုက္ခကို မခံရသနည်းဟူမူ ကမ္မာနုဘာဝကြောင့် ပူလောင်ခြင်းဒုက္ခကို

မခံရသတည်း။ တန်ခိုးကြီးသော ရှင်မဟာမောဂ္ဂလ္လာန်-စသော ပုဂ္ဂိုလ်ထူး, ပုဂ္ဂိုလ်မြတ်တို့အား ငရဲသို့ ကြွတော်မူသောကာလ ပူလောင်ခြင်းကိစ္စ မရှိသကဲ့သို့ မှတ်ရာ၏။

ထို့ကြောင့် မနောရထပူရဏီမည်သော ဝင်းအဋ္ဌကထာ၏ အဖွင့်ဋီကာ၌—

**ယဒိပိ အနေရယိကာ နိရယပါလာ၊ အယောမယာယ ပန အာဒိတ္တာယ သမ္ပဇ္ဇလိတာယ သဇောတိဘူတာယ နိရယဘူမိယာ ပရိဝတ္တမာနာ** *(ပရိက္ကမမာနာ)* **ကထံ ဒါဟဒုက္ခံ နာနုဘဝန္တီတိ? ကမ္မာနုဘာဝတော။ ယထာ ဟိ ဣဒ္ဓိမန္တော စေတောဝသိပတ္တာ မဟာမောဂ္ဂလ္လာနာဒယော နေရယိကေ အနုကမ္ပန္တာ ဣဒ္ဓိဗလေန နိရယဘူမိံ ဥပဂတာ ဒါဟဒုက္ခေန န ဗာဓိယန္တိ၊ ဧဝံ သမ္ပဒမိဒံ ဒဋ္ဌဗ္ဗံ။** (အံ၊ဋီ၊၂။၁၁၃)

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

နိရယပါလာ၊ ငရဲထိန်းတို့သည်။ အနေရယိကာ၊ ငရဲသူသတ္တဝါ မဟုတ်ကုန်သည်။ ယဒိပိ ဘဝေယျုံ၊ အကယ်၍ ဖြစ်ကုန်အံ့။ အယောမယာယ၊ သံဖြင့်ပြီးသော။ အာဒိတ္တာယ၊ ရဲရဲငြိသော။ သမ္ပဇ္ဇလိတာယ၊ တောက်လောင်သော။ သဇောတိဘူတာယ၊ အခိုးအလျှံနှင့်တကွ ဖြစ်၍ဖြစ်သော။ နိရယဘူမိယာ၊ ငရဲမြေ၌။ ပရိဝတ္တမာနာ၊ လှည့်လည်ကုန်သည်ရှိသော်။ ကထံ၊ အဘယ်ကြောင့်။ ဒါဟဒုက္ခံ၊ ငရဲမီးလောင်သော ဆင်းရဲကို။ နာနုဘဝန္တိ၊ မခံစားရကုန်သနည်း။ ဣတိ ပုစ္ဆာယံ၊ ဤသို့ မေးသော်။ ကမ္မာနုဘာဝတော၊ ကံ၏ အာနုဘော်ကြောင့်။ နာနုဘဝန္တိ၊ မခံစားရကုန်။

ဟိ၊ ဥပမာဖြင့် ထင်စွာပြဦးအံ့။ ဣဒ္ဓိမန္တော၊ တန်ခိုးကြီးကုန်သော။ စေတောဝသိပတ္တာ၊ စေတောဝသီပတ္တဖြစ်ကုန်သော။ ဝါ၊ အပရိယာပန္န ဈာနသမာဓိ၌ လေ့လာကုန်သော။ မဟာမောဂ္ဂလ္လာနာဒယော၊ မဟာမောဂ္ဂလ္လာန်-စသော အရှင်မြတ်တို့သည်။ နေရယိကေ၊ ငရဲသူတို့ကို။ အနုကမ္ပန္တာ၊ အစဉ်သနားကုန်သည်ဖြစ်၍။ ဣဒ္ဓိဗလေန၊ တန်ခိုးတော်ဖြင့်။ နိရယဘူမိံ၊ ငရဲဘုံသို့။ ဥပဂတာ၊ ကပ်ကုန်သည်ရှိသော်။ ဒါဟဒုက္ခေန၊ ငရဲမီးလောင်သော ဆင်းရဲသည်။ န ဗာဓိယန္တိ ယထာ၊ မနှိပ်စက်နိုင်ကုန်သကဲ့သို့တည်း။ ဧဝံ၊ ဤသို့ ပြဆိုခဲ့ပြီးသော နည်းဖြင့်။ ဣဒံ သမ္ပဒံ၊ ဤဥပမာ၏ ပြည့်စုံခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

စေတောဝသီပတ္တဖြစ်တော်မူသော မဟာမောဂ္ဂလ္လာန်-စသော သခင် အရှင်မြတ်တို့အား ဣဒ္ဓိဝိသယ အစိန္တေယျဖြစ်သကဲ့သို့ ငရဲသားတို့ကို စီရင်ဆုံးမသော ငရဲထိန်းတို့အား ငရဲမီးတို့၏ ပူလောင်ခြင်း-ဟူသော ဒုက္ခ၏ မရှိခြင်းသည်လည်း ကမ္မဝိသယအစိန္တေယျပင် မည်၏-ဟူလို။ ဤတွင်ရွေ့ ငရဲထိန်း, ငရဲသားတို့၏ အထူးအခြားကို ပြဆိုသော စကားရပ် အပြီးသတ်တည်း။

ဤသို့ ပြဆိုခဲ့ပြီးသောနည်းဖြင့် ငရဲသူသတ္တဝါတို့ကို ကြည့်ရှုစီရင်သော ယမမင်းအား ထိုသို့စီရင်သည်ကို အကြောင်းပြု၍ အကုသိုလ် မဖြစ်ပြီလော-ဟူငြားအံ့။ မိမိ အောက်မေ့စေ၍မှ သတိမရခဲ့သော်လည်းကောင်း, ကြည့်၍ မမြင်သော်လည်းကောင်း ဤသတ္တဝါကား အကုသိုလ်အရာမကင်း၊ ဆင်းရဲခြင်း ဖြစ်လတ္တံ့-ဟု တစ်စုံတစ်ခုကိုမျှ မဆို(ဘဲ)-နေရကား မကောင်းမှု မဖြစ်-ဟု မှတ်ရာ၏။ ထို့ကြောင့် မနောရထပူရဏီမည်သော အင်္ဂုတ္တရ တိကနိပါတ်အဋ္ဌကထာ၌-

**ယမော ပန သယံ ဩလောကေတွာပိ အပဿန္တော "မဟာဒုက္ခံ နာမ အနုဘဝိဿတိ အယံ သတ္တော"တိ တုဏှီ အဟောသိ။**

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (အံ၊ဋ၊၂။၁၂၂)

ယမော ပန၊ ယမမင်းသည်ကား။ သယံ၊ မိမိသည်။ ဩလောကေတွာပိ၊ ကြည့်၍လည်း။ အပဿန္တော၊ မမြင်သည်ရှိသော်။ "အယံ နာမ သတ္တော၊ ဤမည်သော သတ္တဝါသည်။ မဟာဒုက္ခံ၊ ကြီးစွာသော ဆင်းရဲကို။ အနုဘဝိဿတိ၊ ခံစားလတ္တံ့"။ ဣတိ၊ ဤသို့ နှလုံးသွင်း၍။ တုဏှီ အဟောသိ၊ ဆိတ်ဆိတ်နေ၏။

ငရဲထိန်းတို့အား မကောင်းမှု ဖြစ်,မဖြစ်ကို အဋ္ဌကထာ, ဋီကာတို့၌ မဆို။ ယင်းသို့ မဆိုသော်လည်း အကုသိုလ်၏ မူလလက္ခဏာဖြင့် ထင်ရှားလေရကား အကုသိုလ် ဧကန်ဖြစ်သည်သာတည်း-ဟု မှတ်ရာ၏။

ဒေဝဒူတ ၅-ပါးဟူရာ၌ သူငယ်, သူအို, သူနာ, သူသေ, ပုတ်ခတ်ရှုန၍ အနာရသောသူ၊ ဤ ၅-ပါးတည်း။

ဥပရိပဏ္ဏာသ၊ ဒေဝဒူတသုတ်တွင် ဒေဝဒူတ ၅-ပါးကို ဟောတော်မူသည်။ ဤသို့ များစွာ ယုတ်မာညစ်ကျူ မိမိတို့ ပြုကြသော အကုသလကမ္မ ဝိပါကသတ္တိကြောင့် အဆုံး, အစကို မသိ၊ အတိုင်းအရှည် မရှိသော နိရယဒုက္ခကို ခံကြရကုန်သော သတ္တဝါတို့၏ဒုက္ခကို မြင်ရသော ယမမင်းအား ကောင်းသော တောင့်တခြင်း, ကောင်းသော နှလုံးသွင်းခြင်း ဖြစ်သည်ကို ပြတော်မူလို၍-

> ဘူတပုဗ္ဗံ ဘိက္ခဝေ ယမဿ ရညော ဧတ'ဒဟောသိ၊ "ယေ ကိရ ဘော လောကေ ပါပကာနိ ကမ္မာနိ ကရောန္တိ၊ တေ ဧဝရူပါ ဝိဝိဓာ ကမ္မကာရဏာ ကရီယန္တိ။ အဟော-ဝတာ'ဟံ မနုဿတ္တံ လဘေယျံ၊ တထာဂတော စ လောကေ ဥပ္ပဇ္ဇေယျ အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊ တဉ္စာ'ဟံ ဘဂဝန္တံ ပယိရုပါသေယျံ၊ သော စ မေ ဘဂဝါ ဓမ္မံ ဒေသေယျ။ တဿ စာဟံ ဘဂဝတော ဓမ္မံ အာဇာနေယျ"န္တိ။ (အံ၊၁။၁၄၀)

ဟူ၍ ၎င်းအင်္ဂုတ္တရ တိကနိပါတ်တွင် ဟောတော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ ဘူတပုဗ္ဗံ၊ ရှေး၌ ဖြစ်ဖူးသည်ကား။ ယမဿ ရညော၊ ယမမင်းအား။ ဧတ'ဒဟောသိ၊ ဤသို့ ကြံအောက်မေ့၏။ "ဘော၊ အို အချင်းတို့။ လောကေ၊ လောက၌။ ယေ၊ အကြင်သူတို့သည်။ ပါပကမ္မာနိ၊ မကောင်းမှုကံတို့ကို။ ကရောန္တိ ကိရ၊ ပြုကုန်သတတ်။ တေ၊ ထိုသူတို့ကို။ ဧဝရူပါ၊ ဤသို့ သဘောရှိကုန်သော။ ဝိဝိဓာ၊ အထူးထူးအပြားပြား များကုန်သော။ ကမ္မကာရဏာ၊ ကမ္မကာရဏတို့ကို။ ကရီယန္တိ၊ ပြုကြကုန်၏။ အဟံ၊ ငါသည်။ မနုဿတ္တံ၊ လူအဖြစ်ကို။ လဘေယျံ၊ ရပါမူကား။ အဟော ဝတ၊ ကောင်းလေစွ။ အရဟံ၊ လူ့နတ်တို့၏ ပူဇာသက္ကာရအထူးကို ခံတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓေါ၊ သစ္စာ ၄-ပါးတို့ကို သိတော်မူသော။ တထာဂတော စ၊ မြတ်စွာဘုရားသည်လည်း။ လောကေ၊ လောက၌။ ဥပ္ပဇ္ဇေယျ၊ ဖြစ်ပါမူကား။ အဟော ဝတ၊ ကောင်းလေစွ။ အဟံ၊ ငါသည်။ တံ ဘဂဝန္တံ၊ ထိုမြတ်စွာဘုရားကို။ ပယိရုပါသေယျံ၊ ဆည်းကပ်ရပါမူကား။ အဟော ဝတ၊ ကောင်းလေစွ။ မေ၊ ငါ့အား။ သော စ ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်လည်း။ ဓမ္မံ၊ တရားကို။ ဒေသေယျ၊ ဟောပါမူကား။ အဟော ဝတ၊ ကောင်းလေစွ။ အဟံ၊ ငါသည်။ တဿ ဘဂဝတော၊ ထိုမြတ်စွာဘုရား၏။ ဓမ္မံ၊ တရားကို။ အာဇာနေယျံ၊ သိရပါမူကား။ အဟော ဝတ၊ ကောင်းလေစွ။ **။ ဤကား ယမမင်း၏ဂုဏ်ကို ပြသော စကားတည်း။**

ကထာဝတ္ထုပါဠိတော်၊ နိရယကာယတွင် ပရဝါဒီပုဂ္ဂိုလ်က သကဝါဒီပုဂ္ဂိုလ်ကို "ငရဲပြည်၌ ငရဲထိန်းရှိသလော"ဟု "**အတ္ထိ နိရယေသု နိရယပါလာ**"ဟူ၍မေးရာ "**အာမန္တာ**"ဟု "ငရဲပြည်၌ ငရဲထိန်းရှိကြောင်း"ကို ဖြေဆိုလျှင် ပရဝါဒီပုဂ္ဂိုလ်တို့က−

**နနု ဝုတ္တံ ဘဂဝတာ−**

**"န ဝေဿဘူ နောပိ စ ပေတ္တိရာဇာ၊ သောမော ယမော ဝေဿဝဏ္ဏော စ ရာဇာ။**
**သကာနိ ကမ္မာနိ ဟနန္တိ တတ္ထ၊ ဣတော ပဏုန္နံ ပရလောကပတ္တ"န္တိ အတ္ထေဝ သုတ္တန္တော။**

(ကထာဝတ္ထု၊၄၃၀-၁)ဟု ငရဲပြည်၌ ငရဲထိန်းတို့သည် ပုတ်ခတ်ညှဉ်းဆဲခြင်းကို မပြု။ ငရဲ၌ဖြစ်သော ငရဲသူသတ္တဝါတို့၏ကံသည်သာလျှင် ငရဲသူတို့ကို သတ်ပုတ်ညှဉ်းဆဲခြင်းကို ပြုသည် မဟုတ်ပါလော-ဟု သုတ္တန်ပါဠိတော်ကို ဆောင်သတည်း။

ပါဠိတော်၏ အနက်ကား−

နိရယေသု၊ ငရဲတို့၌။ နိရယပါလာ၊ ငရဲထိန်းတို့သည်။ အတ္ထိ၊ ရှိကုန်သလော။ ဣတိ ပုစ္ဆာယံ၊ ဤသို့ ပရဝါဒီပုဂ္ဂိုလ်က မေးသော်။ အာမန္တာ၊ ရှိ၏။ ဣတိ၊ ဤသို့ သကဝါဒီပုဂ္ဂိုလ်က ဖြေဆိုအပ်၏။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ နနု၊ ဟောတော်မူသည် မဟုတ်ပါလော။

န ဝေဿဘူ နောပိ စ ပေတ္တိရာဇာ ။လ။ ပရလောကပတ္တန္တိ၊ န ဝေဿဘူ နောပိ စ ပေတ္တိရာဇာ ။လ။ ပရလောကပတ္တံ-ဟူ၍။ သုတ္တန္တေ၊ သုတ္တန်ပါဠိသည်။ အတ္ထေဝ၊ ရှိသလျှင်ကတည်း။

ဝေဿဘူ စ၊ ဝေဿဘူအမည်ရှိသော မင်းသည်လည်းကောင်း။ *(န ဟနတိ၊ မသတ်မညှဉ်းဆဲ။)* ပေတ္တိရာဇာပိ စ၊ ပြိတ္တာတို့၏ မင်းသည်လည်းကောင်း။ သောမော ရာဇာ စ၊ သောမနတ်သည်လည်းကောင်း။ ယမော၊ ယမနတ်*(သည်)*လည်းကောင်း။ ဝေဿဝဏ္ဏော ရာဇာ စ၊ ဝေဿဝဏ္ဏနတ်*(သည်)*လည်းကောင်း။ နော ဟနန္တိ၊ မသတ်,မညှဉ်းဆဲကုန်။ သကာနိ ကမ္မာနိ၊ မိမိ,မိမိတို့၏ ကံတို့သည်။ တတ္ထ၊ ထိုငရဲဘုံ၌။ ဣတော၊ ဤပစ္စုပ္ပန်လောကမှ။ ပဏုန္နံ ပရလောကပတ္တံ၊ တမလွန်လောကသို့ ရောက်သူကို။ ဟနန္တိ၊ သတ်ဖြတ်ညှဉ်းဆဲကုန်၏။

ဤပါဠိတော်၏အရ၌ "ပရဝါဒီပုဂ္ဂိုလ်က ငရဲ၌ဖြစ်သောသူတို့ကို ဝေဿဘူနတ်စသည်တို့သည် သတ်ဖြတ်ညှဉ်းဆဲခြင်းကို မပြု၊ ငရဲ၌ဖြစ်သောသူတို့၏ ကံသည်ပင်လျှင် မိမိတို့ကို သတ်ဖြတ်ညှဉ်းဆဲခြင်းကို ပြု၏-ဟု ဘုရား ဟောတော်မူသည် မဟုတ်ပါလော"ဟု "ဝေဿဘူပိ စ ရာဇာ"စသော သာဓကပါဌ်ကို ဆောင်လျှင် ထိုသာဓကပါဌ်သည် သာသနာတော်၌ သက်ဝင်လေရကား သကဝါဒီပုဂ္ဂိုလ်၏အလိုသို့ ကျ၏။

ထိုသာဓကသုတ္တန်ပါဠိ အရတွင် ဝေဿဘူ-ဟူသည်ကား ၁-ယောက်သော နတ်တည်း။ ပေတ္တိရာဇာ-ဟူသည်ကား ပြိတ္တာဘုံ၌ ပြိတ္တာတို့တွင် တန်ခိုးကြီးသော ပြိတ္တာတည်း။

ထို့ကြောင့် ကထာဝတ္ထုအဋ္ဌကထာ(နှာ-၂၇၃)၌-

> **တတ္ထ ဝေဿဘူတိ ဧကော ဒေဝေါ၊ ပေတ္တိရာဇာတိ ပေတ္တိဝိသယေ ပေတမဟိဒ္ဓိကော။ သောမာဒယော ပါကဋာ ဧဝ။**

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

တတ္ထ တိဿံ ပါဠိယံ၊ "န ဝေဿဘူ နောပိ စ ပေတ္တိရာဇာ"အစရှိသော ဤပါဠိတော်၌။ ဝေဿဘူတိ စ၊ ဝေဿဘူ-ဟူသည်ကား။ ဧကော ဒေဝေါ၊ တစ်ယောက်သော နတ်တည်း။ ပေတ္တိရာဇာတိ၊ ပေတ္တိရာဇာ-ဟူသည်ကား။ ပေတ္တိဝိသယေ၊ ပြိတ္တာဘုံ၌။ ဥပ္ပန္နော၊ ဖြစ်သော။ ပေတမဟိဒ္ဓိကော၊ ပြိတ္တာတို့တွင် တန်ခိုးကြီးသော ပြိတ္တာတည်း။ သောမာဒယော၊ သောမနတ်, ယမနတ်, ဝေဿဝဏ်နတ်တို့သည်။ ပါကဋာ ဧဝ၊ ထင်ရှားသလျှင်ကတည်း။

ပရဝါဒီပုဂ္ဂိုလ်က "ဝေဿဘူနတ်, သောမနတ်-စသည်တို့သည် ငရဲသူတို့ကို သတ်ပုတ်ညှဉ်းဆဲခြင်းကို မပြု။ ငရဲ၌ဖြစ်သော သတ္တဝါတို့၏ ကံသည်ပင်လျှင် ငရဲသူတို့ကို သတ်ပုတ်ညှဉ်းဆဲခြင်းကို ပြုသည်"ဟု ဘုရားဟောကော်မူရကား "ငရဲထိန်း, ငရဲမင်း-ဟူ၍ မရှိ"ဟု "န ဝေဿဘူ နောပိ စ ပေတ္တိရာဇာ"စသော သုတ္တန်ပါဠိကို ဆောင်လျှင် ၎င်းပရဝါဒီ ပုဂ္ဂိုလ် ဆောင်သော သုတ္တန်ပါဠိတွင်ပင် ငရဲထိန်း,ငရဲမင်း ရှိကြောင်းကို သိသာ၏။ မိမိတို့ ကံပင် စီရင်သည်-ဟူရာ၌ကား ငရဲသူသတ္တဝါတို့၏ ကမ္မဿကတာ၏အဖြစ်ကိုသာ ဘုရားဟောတော်မူသည်။ ငရဲထိန်း,ငရဲမင်းတို့ မရှိသောအရာကို ဟောတော်မူသည် မဟုတ်-ဟု မှတ်ရာ၏။

ဤသို့လာသော ပါဠိ,အဋ္ဌကထာ,ဋီကာ,ပါဌ်တို့၏အရကို ဆင်ခြင်လျှင် စာတု-မဟာရာဇ်နတ်-ဟူသောစကား၌ "သောမော ယမော ဝေဿဝဏ္ဏော"ဟူသော ကထာဝတ္ထုပါဠိတော်၏အရနှင့် ညီရကား ထိုစကားသည် အသင့်ပင်-ဟု မှတ်ရာ၏။

ဝေမာနိကပြိတ္တာ-ဟူသော စကား၌–

> ယမဿ ရညောတိ ယမရာဇာ နာမ ဝေမာနိကပေတရာဇာ။ ပေတ္တိရာဇာတိ ပေတ္တိဝိသယော ပေတမဟိဒ္ဓိကော။

ဟူသော တိကအင်္ဂုတ္တိုရ်အဋ္ဌကထာ(နှာ-၁၁၈)၊ ဥပရိပဏ္ဏာသအဋ္ဌကထာ(နှာ-၁၆၄)၊ ကထာဝတ္ထုအဋ္ဌကထာ(နှာ-၂၇၃)တို့နှင့် ညီရကား ထိုစကားလည်း အသင့်ပင်-ဟု မှတ်ရာ၏။

"ငရဲမင်းဟူသည် ယမမင်းဖြစ်သည်"ဟူသော စကား၌ "သောမော ယမော ဝေဿ-ဝဏ္ဏော"ဟူသော ကထာဝတ္ထုပါဠိတော်၏အရနှင့် ညီရကား ထိုစကားလည်း အသင့်ပင်။ "ထိုယမမင်းသည် သောတာပန် အရိယာပုဂ္ဂိုလ်ဖြစ်သည်"ဟူသော စကား၌ "သောမော ယမော ဝေဿဝဏ္ဏော"ဟူသော ကထာဝတ္ထုပါဠိတော်၏အရတွင် ဝင်သော ဝေဿဝဏ္ဏနတ်သည်လည်း ငရဲမင်းဖြစ်ရကား ထိုဝေဿဝဏ္ဏနတ်သည် သောတာပန်တည်း။

ထိုစကား၌–

> ပုထုဇ္ဇနကာလေ ဝိသဇ္ဇိတဂဒါဝုဓံ ဗဟုန္နံ ယက္ခသဟဿာနံ သီသံ ဆိန္ဒိတွာ ပုန ဟတ္ထပါသံ အာဂစ္ဆာ တိဋ္ဌတိ။

ဟူသော သုတ္တနိပါတ်၊ အာဋ္ဌဝကသုတ်၊ အဖွင့်အဋ္ဌကထာကို ထောက်၍ သိရာ၏။

ဝေဿဝဏ္ဏဿ၊ ဝေဿဝဏ္ဏနတ်မင်း၏။ ပုထုဇ္ဇနကာလေ၊ ပုထုဇန်ကာလ၌။ ဝိသဇ္ဇိတဂဒါဝုဓံ၊ လွှတ်အပ်သော ဆောက်ပုတ်လက်နက်သည်။ ဗဟုန္နံ၊ များစွာကုန်သော။

ယက္ခသဟဿာနံ၊ ဘီလူး ၁,၀၀၀-တို့၏။ သီသံ၊ ဦးခေါင်းကို။ ဆိန္နတွာ၊ ဖြတ်၍။ ပုန၊ တဖန်။ ဟတ္ထပါသံ၊ ဟတ္ထပါသ်သို့။ အာဂန္တွာ၊ လာ၍။ တိဋ္ဌတိ၊ တည်၏။

"ယမမင်းသည် သောတာပန်အရိယာပုဂ္ဂိုလ်ဖြစ်၍ ငရဲနှင့် မထိုက်မတန်၊ သောတာပန် မဖြစ်မီကသာ ငရဲသားတို့ကို ကြည့်ရှုစီရင်သည်"ဟူသော စကား၌ ယခု ပြဆိုခဲ့သော သုတ္တနိပါတ်၊ အာဋ္ဌဝကသုတ်၊ အဋ္ဌကထာစကားတွင် ထင်ရှားရှိရကား ထိုစကားလည်း အသင့်ပင်-ဟု မှတ်ရာ၏။

"ယခု ငရဲပြည်တွင်ရှိသော ငရဲမင်းလည်း ယမမင်းပင် ဖြစ်သည်"ဟူသော စကား၌ **"ဒေဝဒူတသရာပနဝသေန သတ္တေ ယထူပစိတေ ပုညကမ္မေ ယမေတီတိ ယမော"**(အံ၊ဋီ၊၂။ ၁၁၄)ဟူသော ဝစနတ္ထနှင့်အညီ "ယမဿ ရညော ဒဿေတိ"ဟူသော ပါဠိတော်(အံ၊၁။ ၁၄၀)၏အရသည် သဗ္ဗသာဓာရဏပင်ဖြစ်၍ ငရဲမင်း-ဟူက ယမ-အမည်ကို ရပေရကား ထိုစကားလည်း အသင့်ပင်တည်း။

"ယမမင်း-ဟူသော အမည်သည် ငရဲမင်း၏အမည်ပင်။ ငရဲပြည်တွင် ငရဲ-ဟူက ယမ-ဟူသော အမည်ကို ရသည်"ဟူသော စကားလည်း ဆဋ္ဌစကားနှင့် ကွဲပြားကြတော့သည် မဟုတ်၊ သဘောအတူပင်-ဟု မှတ်ရာ၏။ ထိုစကားရပ်တို့တွင် စာတုမဟာရာဇ်-ဟူသော ပထမစကား, သောတာပန်-ဟူသောစကား, စတုတ္ထစကား, ပဥ္စမစကားများသည် ယခုရှိသော ငရဲမင်း မဟုတ်၊ ယခုရှိသော ငရဲမင်းကား ဝေမာနိကပြိတ္တာတို့တွင် တန်ခိုးကြီးသော ပြိတ္တာမင်း-ဟူ၍ မှတ်ရာ၏။

ထိုယမမင်းသည် မိဿကကံ၏ အစွမ်းကြောင့်သာ ပြိတ္တာတို့ကဲ့သို့ အလားတူ ပြိတ္တာမင်း-ဟူ၍ ဆိုရာ၏။ နတ်တို့နှင့် အလားတူရကား နတ်-ဟူ၍လည်း ဆိုရ၏။ လူ့ပြည်မှ ပြုသောသူတို့၏ ကုသိုလ်ထူးကို သိမှတ်နိုင်သော သတ္တိ၊ မင်္ဂဖိုလ်ထူးကို ရနိုင်သော သတ္တိ ရှိရကား ပုဂ္ဂလဝိသေသပင်တည်းဟု မှတ်ရာ၏။ ဝိနိပါတိကနတ်တို့ကဲ့သို့ အပါယ် ၄-ပါးမှ လွတ်၍ လူတို့ကဲ့သို့ ပဋိသန္ဓေ ၃-ပါးကို ရလျက် ဒေဝသမ္ပတ္တိကိုလည်း ခံစားရ၏။

> **ဝိနိပါတိကဒေဝတာ ဝိယ သုက္ကေန ကမ္မုနာ ပဋိသန္ဓိ ဂဏှန္တိ။ တထာ ဟိ မဂ္ဂ-ဖလဘာဂိနောပိ ဟောန္တိ။**

ဟူသော အင်္ဂုတ္တိုရ်ဋီကာ။ (၂။၁၁၄)

**ဘူတပုဗ္ဗံ ဘိက္ခဝေ ယမဿ ရညော ဧတဒဟောသိ။ –**

အစရှိသော အင်္ဂုတ္တိုရ်၊ တိကနိပါတ်ပါဠိတော်(၁၄၀)တို့ကို နှလုံးသွင်းရာ၏။

ဝင်းစကားရပ်တို့ကို အကျယ်သိလိုလျှင် တိကနိပါတ်၊ အင်္ဂုတ္တိုရ်ပါဠိ, အဋ္ဌကထာ, ဋီကာ။ ဥပရိပဏ္ဏာသပါဠိ,အဋ္ဌကထာ, ဋီကာ။ သုမင်္ဂလဝိလာသိနီမည်သော သုတ်မဟာဝါ အဋ္ဌကထာ။ ပေတဝတ္ထုအဋ္ဌကထာ။ သမ္မောဟဝိနောဒနီမည်သော ဝိဘင်းအဋ္ဌကထာ။ ဓမ္မပဒအဋ္ဌကထာ။ သဂါထာဝဂ္ဂသံယုတ်အဋ္ဌကထာ။ အဘိဓာနပ္ပဒီပိကာ စာကိုယ်ဋီကာ၊ ကထာဝတ္ထုပါဠိ, အဋ္ဌကထာ။ တိကနိပါတ်၊ ကုမ္ဘဇာတ်အဋ္ဌကထာ။ ၅၅၀၊ ဧကာဒသနိပါတ်၊ ၃-ခုမြောက်သော ဓမ္မဒေဝဇာတ်အဋ္ဌကထာ။ သုတ္တနိပါတ်၊ အာဠဝကသုတ်အဋ္ဌကထာ။ သဒ္ဒနီတိ၊ မောဂ္ဂလ္လာန်ကျမ်းတို့မှာ ကြည့်လေ။

ဤသို့ ကျမ်းဂန်အရာကို ညွှန်ပြရခြင်းသည် အဘယ်အကျိုးရှိပါသနည်းဟူမူကား မြတ်စွာဘုရားသည်သာလျှင် ပိဋကတ် ၃-ပုံတို့၏ အနက်ဖွင့်ခြင်းအစဉ်ကို ဟောတော်မူ၏။ ထိုသို့သောအရာတို့၌ မြတ်စွာဘုရားသည်သာလျှင် ဖြစ်စေတော်မူ၏။ ထိုစကား မှန်၏။ ပြီးပြွမ်းသော ပကိဏ္ဏကဒေသနာသည်သာလျှင် အဋ္ဌကထာ မည်၏။ များသောအားဖြင့် တပါးကုန်သော အဋ္ဌကထာ,ဋီကာတို့သည် ရှိကုန်ရကား ပညာရှိသောသူတို့သည် ကောင်းစွာ မှတ်ယူလွယ်ခြင်း အကျိုးရှိ၏။ ထို့ကြောင့် ကျမ်းဂန်အရာကို အသေအချာ ညွှန်ပြထုတ်ဆောင်အပ်သတည်း။

မကွေးမြို့, ဝက်မစွတ်, ရေနံချောင်း, ကျောက်ရဲ ၄-မြို့ခုံတော် နေမျိုးရာဇာသိရိက "*ငရဲပြည်တွင် ငရဲမင်းရှိသည်ဆိုသော စကား၊ *စာတုမဟာရာဇ်နတ်ဖြစ်သည်-ဆိုကြသော စကား၊ *ဝေမာနိကပြိတ္တာဖြစ်သည် ဆိုကြသောစကား၊ *ယမမင်းဖြစ်သည်-ဟု ဆိုကြသော စကား၊ *သောတာပန်ဖြစ်သည်-ဟု ဆိုကြသောစကား၊ *သောတာပန်ဖြစ်၍ ငရဲနှင့် မထိုက်မတန်-ဆိုကြသောစကား၊ *ယခု ငရဲပြည်တွင်ရှိသော ငရဲမင်းသည်လည်း ယမမင်းဖြစ်သည်-ဟု ဆိုကြသောစကား၊ *ယမမင်း-ဟူသော အမည်သည် ငရဲမင်း၏ အမည်ပင်တည်း။ ငရဲမင်း-ဟူက ကျမ်းဂန်ပါဠိ ရှိသည့်အလာ ဒေသနာနယကို ထုတ်ဆောင်၍ ၁၂၄၀-ပြည့်၊ တော်သလင်းလပြည့်ကျော်၊ ၁၄-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## ဒကာမောင်စံပြည့်-က ဥက္ကာကျခြင်း, ကြယ်ပျံခြင်းကို လျှောက်ထားချက်

[၁၆၄] "ဘုရားတပည့်တော် ကြံခင်းမြို့ ဒကာစံပြည့် လျှောက်ပါသည် ဆရာတော်ဘုရား။

ဥက္ကာကျသည်, ကြယ်ပျံသည်-ဟု ပြောဆိုကြသော အရာသည် နတ်တို့နေရာ ဘုံဗိမာန် ကြယ်ပင် ပျံသည်၊ တစ်စုံတစ်ခု ဝတ္ထုအကြောင်းကို စွဲ၍ ခေါ်ဝေါ်ကြသည် ဖြစ်မည်ကို အသေအချာ သိမှတ်ပါရအောင် ကျမ်းဂန်နှင့်အညီ အမိန့်ရှိတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။"

ဂုဏ်ဒကာမောင်စံပြည့် လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ—

[၁၆၄] ဥက္ကာကျသည်, ကြယ်ပျံသည်-ဟု ဆိုကြသောအရာကို မေးလျှောက်သည်မှာ-

သုမင်္ဂလဝိသာလိနီမည်သော သုတ်မဟာဝါ၊ ရှေးဦးစွာသော မဟာပဒါနသုတ် အဋ္ဌကထာ (ဒီ၊ဋ္ဌ၊၂။၂၀-၁)တွင် လောက၌ မင်းတို့ ပျက်ယွင်းရာသော အကြောင်းနိမိတ်တို့ကို ဥပမာဆောင်၍ ဘုန်းကြီးသော နတ်တို့အား ၅-ပါးသော နိမိတ်တို့ကို ပြ၍ နတ်ပြည်မှ စုတေကြောင်းကို ပြဆိုသောအရာတွင်—

*[ တတိယတွဲ(လုံးတော်)၊ တတိယပိုင်း၊ ဤပုဒ်မ ၁၆၄-အတွက် အဖြေကို ပထမတွဲ(လုံးတော်)၊ ပဥ္စမပိုင်း၊ ပုဒ်မ-၇၂၊ အပိုဒ်-၄၊ စာမျက်နှာ ၅၇၄-တွင် ဖြန့်ရှုရန်။ ]*

ကြယ်ပျံသည်ကို မေးလျှောက်သည်မှာ ကြယ်ပျံသည်-ဟူ၍ မရှိ။ လောက၌ဖြစ်သော ဝေါဟာရဖြင့်သာ ကြယ်ပျံသည်-ဟု ခေါ်ဝေါ်ကြကုန်၏။ ထိုလောကဝေါဟာရကို ထောက်ဆနိုင်းချိန်သော် အထက်ပြဆိုခဲ့သော လေ၏အဟုန်ကြောင့် ဂုဏ်တိမ်တိုက်တို့၏ အချင်းချင်း ခတ်မိကြသည်ဖြစ်၍ ဖြစ်သောအရောင်ကိုပင် ကြယ်ပျံသည်-ဟု ခေါ်ဝေါ်ကြသည် ယူရန်ရှိ၏။ လောက၌ ကျောက်တို့၏ ခတ်မိခြင်းကြောင့် မီးလျှံဖြစ်သကဲ့သို့ ထို့အတူ တိမ်တိုက်တို့၏ အချင်းချင်း ခတ်ခြင်းကြောင့် လျှပ်ရောင်တို့သည် ဖြစ်ကုန်၏။

ထို့ကြောင့် သုတ်မဟာဝါဋီကာ၌—

**ယထာ ပါသာဏာဒီနံ ပဟာရဏာပစ္စယာ အာလောကော ပညာယတိ၊ ဧဝမေဝ**
**မေဃဝလာဟကာနံ အညမညံ ပဋိဟနနေန သဥ္ဇာတာလောကံ ဝိဇ္ဇုတိ ဝဒန္တိ။**

ဟူသော ပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ပါသာဏာဒီနံ၊ ကျောက်-အစရှိသည်တို့၏။ ပဟာရဏာပစ္စယာ၊ ခတ်မိခြင်း-ဟူသော အကြောင်းကြောင့်။ အာလောကော၊ အလင်းသည်။ ပညာယတိ ယထာ၊ ထင်သကဲ့သို့။ ဧဝမေဝ၊ ဤအတူလည်းကောင်းလျှင်။ မေဃဝလာဟကာနံ၊ မိုးတိမ်လွှာတို့၏။ အညမည၊ အချင်းချင်း။ ပဋိဟာနနေန၊ ခတ်မိထိခိုက်ခြင်းကြောင့်။ သဥ္ဇာတာလောကာ၊ ဖြစ်သောအရောင်ကို။ ဝိဇ္ဇုတိ၊ လျှပ်စစ်-ဟူ၍။ ဝဒန္တိ၊ ဆိုကြကုန်၏။

ဤဋီကာစကား၌ တိမ်တိုက်ချင်း ခတ်မိကြ၍ လျှပ်စစ်အရောင်ကို ဆိုသဖြင့် ထိုတိမ်တိုက်ချင်းချင်း ခတ်မိကြ၍ အလျှံမကွဲမပြား တခဲနက်ဖြစ်သည်ကို လျှပ်စစ်၊ အလျှံကွဲပြား၍ အရောင်နှင့်တကွ ပြေးထွက်သည်ကိုပင် ကြယ်ပျံဆို၍ ယူရန် ရှိ၏။ အထက် ဥက္ကာပါတအရာ၌ကဲ့သို့ ဂြိုဟ်,ကြယ်တို့၏ အလျှံပြေးထွက်သည်ကိုလည်း 'ကြယ်ပျံ၏'-ဟု စပ်ဆိုသည်လည်း ယူရန် ရှိ၏။

ကျေးကန်၊ ရှင်နန္ဒမေဓာမှုကား ၅၅-ထွေ၊ ပဋ္ဌာအဖြေတွင် "တိမ်တိုက်ချင်းချင်း၊ ခတ်မိခြင်းကြောင့်၊ ဝင်းဝင်းလျှံလက်၊ ပြေးထွက်သည်ကို၊ ကြယ်ပျံဆို၏"ဟု စပ်သတည်း။ ဤကဗျာစကားလည်း အနုမာနပင် ဖြစ်မည်။ ကြယ်ပျံသည့် အကြောင်းအရာကို ကျမ်းဂန်တိုက်ရိုက်မလာ။

သဘောယုတ္တိကား ဥက္ကာကျသည်, ကြယ်ပျံသည်ဆိုသော စကားဝေါဟာရသာ ပြားသည်။ အကြောင်း မပြား။ အကြီး, အငယ်, အယုတ်, အညံ့ သဏ္ဌာန်လက္ခဏာသာ ထူးခြားကွဲပြားကြသည် ယူရန်ရှိ၏။ ဝလာဟကပုလဲ-စသော ရတနာမျိုးတို့သည် ကောင်းကင်၌ ရှိသည်ဖြစ်ရကား ထိုရတနာတို့၏အရောင်ကို စွဲ၍ ကြယ်ပျံသည်-ဟု ခေါ်ဝေါ်ကြသည်လည်း ယူရန်ရှိ၏။ ။ ဤတွင်ရွေ့ ကြယ်ပျံသည်ကို ပြဆိုသော စကားရပ် အပြီးသတ်တည်း။

ကြံခင်းမြို့၊ ဒကာစံပြည့်က "ဥက္ကာကျသည်, ကြယ်ပျံသည်ဆိုသော စကားသည် နတ်တို့နေရာ ဘုံဗိမာန် ကြယ်ပင် ပျံသည်၊ ယင်းသို့မဟုတ် တစ်စုံတစ်ခု ဝတ္ထုအကြောင်းကို စွဲ၍ ကြယ်ပျံသည်-ဟု ခေါ်ဝေါ်ကြသည်ဖြစ်မည်"ကို အသေအချာ နေရာကျကျ သိမှတ်ပါရအောင် အမိန့်ရှိတော်မူပါမည့်အကြောင်းနှင့် လျှောက်သောကြောင့် ကျမ်းဂန်အလာ ဒေသနာနယ လောကဓမ္မတို့ကို ထောက်ဆနှိုင်းညှိဆင်ခြင်၍ ၁၂၄၀-ပြည့်၊ သီတင်းကျွတ်လဆန်း၊ ၅-ရက်နေ့ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★ ★ ★ ★ ★ ★ ★

## ပဉ္စမသဂ်ါယနာတင် မင်းတရားကြီးသားတော် သုံးဆယ်မြို့စားမင်းသား-က မရဏာနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းရန် လျှောက်ထားချက်

[၁၆၅] "ဘုရားတပည့်တော်၊ သားတော်သုံးဆယ်မင်းသား ရှိခိုးအသနားတော်မြတ်ခံပါသည် ဆရာတော်ဘုရား။

မရဏာနုဿတိကမ္မဋ္ဌာန်းကို နှလုံးသွင်းထား မှတ်သားပါရအောင် မကျဉ်းမကျယ် အလယ်အလတ်ဖြစ်သော နည်းဥပဒေသကို ညွှန်ပြတော်မူပါမည့်အကြောင်းကို ရှိခိုးအသနားတော်မြတ်ခံပါသည် ဆရာတော်ဘုရား။"

သားတော် သုံးဆယ်မြို့စားမင်းသား လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ—

[၁၆၅] အနုဿတိ ၁၀-ပါးတို့တွင် မရဏာနုဿတိကမ္မဋ္ဌာန်းကို ပွါးလိုသော အမျိုးသားသူတော်ကောင်းတို့သည် မသင့်မတင့်သော နှလုံးသွင်းခြင်းတည်း-ဟူသော အယောနိသောမနသိကာရကို မဖြစ်စေဘဲ အသင့်အတင့်အားဖြင့် နှလုံးသွင်းခြင်းတည်း-ဟူသော ယောနိသော မနသိကာရကိုသာ ဖြစ်စေ၍ မရဏာနုဿတိကမ္မဋ္ဌာန်းကို ပွါးရာ၏။

မသင့်မတင့်သော နှလုံးသွင်းခြင်းတည်းဟူသော အယောနိသော မနသိကာရဟူသော်ကား ချစ်ခင်စုံမက် နှစ်သက်မြတ်နိုးသောသူတို့၏ သေခြင်းကို အောက်မေ့ရာ၌ မိခင်သည် ချစ်ခင်သောသား၏ သေခြင်းကို အောက်မေ့သကဲ့သို့ စိုးရိမ်ခြင်းသောကဖြစ်ရာ၏။ မချစ်ခင်, မစုံမက်, မနှစ်သက်သောသူတို့၏ သေခြင်းကို အောက်မေ့ရာ၌ ရန်သူ ၁-ယောက်သည် ရန်သူ ၁-ယောက်၏ သေခြင်းကို အောက်မေ့သကဲ့သို့ ဝမ်းမြောက်ခြင်း ပါမောဇ္ဇ ဖြစ်ရာ၏။

မမုန်း,မချစ် လျစ်လျူရှုသောသူတို့၏ သေခြင်းကို အောက်မေ့ရာ၌ သူကောင်ဖုတ်သောသူတို့သည် သူသေကို မြင်သကဲ့သို့ ထိတ်လန့်ခြင်း သံဝေဂ ဖြစ်ရာ၏။ မိမိ၏သေခြင်းကို အောက်မေ့ရာ၌ ကိုင်စွဲအပ်သော သန်လျက်ဖြင့် ဦးခေါင်းထက် တင်ထားသော သူသတ်ယောက်ျားကို မြင်ခြင်း၌ ပြင်းစွာ ထိတ်လန့်သကဲ့သို့ ကြောက်ရွံ့ခြင်း ပြင်းစွာ ဖြစ်ရာ၏။ ထိုသို့ ဖြစ်ခြင်းသည် သတိသံဝေဂဉာဏ်နှင့် ကင်း၍ နှလုံးသွင်း မသင့်သောကြောင့်တည်း။

ထို့ကြောင့် သေဆဲဖြစ်သောသူတို့၏ အကောင်ကို ရှုသဖြင့်လည်းကောင်း, ရှေး၌ မြင်ဖူးသော သေသောသူ၏အကောင်ကိုလည်းကောင်း အာရုံပြု၍ "သေခြင်းအကြောင်းတရား ၄-ပါးတို့တွင် ၁-ပါးပါးဖြင့်သာ ဌာနကာလကို မငံ့၊ တန့်ရပ်ဆိုင်းတွခြင်း မရှိဘဲ သိမ်း, စွန်ရဲ-အစရှိသော အကောင်တို့သည် ယူဆောင်ထမ်းပိုးခဲ့သော လက်သုပ်ဟင်းလျာကို လွယ်ကာထိုးဆွပ် ကုတ်ဖြတ်ယူသွားလေသကဲ့သို့ ဇာတိနှင့် မကင်းသမျှကို သေခြင်း-

ဟူသော မရဏသည် မုချဖြစ်ရချိမ့်မည်သာတကား”ဟု စဉ်းစားရှုကြည့်၍ သတိသံဝေဂ ဉာဏ်ကို ဖြစ်စေလျက်–

“မရဏံ မေ ဘဝိဿတိ၊ ဇီဝိတိန္ဒြိယံ နိရုဇ္ဈိဿတိ”ဟု ကြိမ်ဖန်များစွာ အာရုံစွဲကပ်၍ မရဏဿတိကို ထင်သည့်တိုင်အောင် ပွါးရာ၏။

“မေ၊ ငါ့အား။ မရဏံ၊ သေခြင်းသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဇီဝိတိန္ဒြိယံ၊ ဇီဝိတိန္ဒြေ ဟု ဆိုအပ်သော အသက်သည်။ နိရုဇ္ဈိဿတိ၊ ပြတ်လတ္တံ့”ဟူ၍ ၁၂၄၃-ခု၊ သီတင်းကျွတ် လဆန်း၊ ၁၀-ရက်နေ့၊ ဒကာတော် သုံးဆယ်မင်းသားထံမှ စာရောက်လျှင် ဆရာတော်က ကျမ်းဂန်အလာ ဒေသနာနယ နည်းဥပဒေသကို ပြ
သဖြင့် ဆုံးမလိုက်သည်။

★★★★★★★

## သားတော် သုံးဆယ်မင်းသား-က ဒုဂ္ဂတကာလေ- စသော အရာကို လျှောက်ထားချက်

[၁၆၆] “ဘုရားတပည့်တော် သုံးဆယ်မင်းသား ရှိခိုးအသနားတော်မြတ်ခံပါသည် ဆရာတော်ဘုရား။

‘ဒုဂ္ဂတကာလေ ဒိန္နဒါနံ ပန အတိဝိယ တောသေတိ’ဟူသော ဓမ္မပဒကျမ်း အလာ ဒေသနာတော်၏ အဓိပ္ပါယ်ကို မကျယ်,မကျဉ်း နှလုံးသွင်းထား မှတ်သား ပါရအောင် ဝတ္ထုသာဓကနှင့်တကွ အသေအချာ နေရာကျကျ အမိန့်ရှိတော်မူပါ မည့်အကြောင်းကို ရှိခိုးအသနားတော်မြတ်ခံပါသည် ဆရာတော်ဘုရား။”

သုံးဆယ်မင်းသား လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ–

[၁၆၆] ‘ဒုဂ္ဂတကာလေ ဒိန္နဒါနံ ပန အတိဝိယ တောသေတိ’ဟူသော ဓမ္မပဒအဋ္ဌကထာ၊ ၅-ခုမြောက်သော ဗာလဝဂ်အစု၊ ၁၅-ခုမြောက်သော တိဿသာမဏေရဝတ္ထုတွင်လာသော ပါဠိ၏အရ အဓိပ္ပါယတ္ထကို မေးလျှောက်သည်မှာ–

မြတ်စွာဘုရား သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတွင် ကိန်းအောင်းမွေ့လျော် စံပျော် တော်မူသောကာလ ရာဇဂြိုဟ်ပြည်တွင် သာရိပုတ္တရာမထေရ်မြတ်၏အဘ ဝင်္ဂန္တပုဏ္ဏား၏

အဆွေခင်ပွန်းဖြစ်သော သေလပုဏ္ဏားတို့သည် ရာဇဂြိုဟ်ပြည်တွင် အတူတကွ နေကြကုန်၏။ တစ်နေ့သ၌ သာရိပုတ္တရာ မထေရ်မြတ်သည် ထိုသေလပုဏ္ဏားကို သနားခြင်း ကရုဏာဖြင့် ထိုဒကာပုဏ္ဏား၏အိမ်သို့ ချဉ်းကပ်၍ ဆွမ်းရပ်ခံတော်မူသတည်း။

ထိုအခါ “သေလပုဏ္ဏားသည် ငါ့အား ယခု ဥစ္စာခနေ ပျောက်ရှကုန်ခန်း၍ ဆင်းရဲနွမ်းပါးမှ ငါ့သားဥပတိဿသည် ငါ့အိမ်သို့ ကပ်၍ ဆွမ်းရပ်ခံလာ၏။ ငါဆင်းရဲသည်ကိုကား မသိရှာ။ ငါ့မှာ လှူစရာ မရှိခဲ့လေ”ဟု မထေရ်မြတ်၏ မျက်မှောက်ထင်ထင် အမြင်မခံဝံ့သောကြောင့် ကြောက်ရွံ့ရှက်နိုးသဖြင့် ပုန်းလျှိုးကွယ်နေလတ်သတည်း။ မထေရ်မြတ်ကား ကြွသွားတော်မူသည့်နောက် နက်ဖြန်သို့ ရောက်သော်လည်း ရှေးနည်းတူစွာ ဆွမ်းရပ်လာသည်ကို “ငါ့မှာ လှူရန်ရှာကြံ၍ မရသေး။ ဖြေးဖြေးသာသာ ရသောကာမှ လှူတော့မည်”ဟု ကြံစည်အောက်မေ့လျက် အတွေ့အမြင် မခံဝံ့သဖြင့် ကြောက်ရွံ့ရှက်နိုး ပုန်းလျှိုးခိုနေလတ်သတည်း။

တစ်နေ့သ၌ ကြမ်းတမ်းသော ပုဆိုးနှင့်တကွ ပါယာသဘတ်ကို ရ၍ “ငါ့သား သာရိပုတ္တရာ လာခိုက်ကြုံပါမူ ငါ့မှာ လှူစရာရှိ၏”ဟု သတိရ၍ အောက်မေ့ကြံစည်လတ်သည်ကို ထိုခဏပင် အရှင်မြတ်လည်း သမာပတ်မှ ထတော်မူ၍ “အလှူဝတ္ထုရသဖြင့် သေလပုဏ္ဏားသည် ငါ့အားလှူလို ကြည်ညိုလေးမြတ် တောင့်တအပ်၏”ဟု သိတော်မူလေရကား ဆောလျင်စွာ ကြွသွား၍ ပုဏ္ဏား၏အိမ်သို့ ကပ်သဖြင့် ဆွမ်းရပ်တော်မူလေလျှင် ရွှင်ရွှင်လန်းလန်း၊ ဝမ်းမြောက်ဝမ်းသာလျက်၊ သာရိပုတ္တရာမထေရ်မြတ်အား ပါယာသဘတ်ကို ဆက်ကပ်လှူဒါန်း၍ ဆွမ်းဘုဉ်းပေးတော်မူပြီးမှ ပြဆိုခဲ့သော ပုဆိုးကြမ်းသက်န်းလျာကို ရိုသေစွာ လှူကပ်ပြန်၍ “ဘန္တေ အဟမ္ပိ တုမှေဟိ ဒိဋ္ဌဓမ္မမေဝ ပါပုဏေယျံ”ဟု ဆုပန်သောကာလ “ဧဝံ ဟောတု ဗြာဟ္မဏ”ဟု အနုမောဒနာပြုပြီးလျှင် အစဉ်မပြတ် ဆွမ်းရပ်ခံတော်မူ၍ သာဝတ္ထိပြည်သို့ ပြန်တော်မူသတည်း။

ပုဏ္ဏားလည်း နွမ်းပါးဆင်းရဲသောကာလ၌ အနည်းငယ်မျှ လှူလိုက်ရသည်ကို ကြည်ညိုနှစ်သက်လှသော သောမနဿစေတနာ၊ သာရိပုတ္တရာမထေရ်မြတ်အား လေးမြတ်ချစ်ခင်သော အဓိမတ္တသိနေဟနိကန္တိတဏှာကြောင့် သာဝတ္ထိပြည်တွင် အရှင်မြတ်ကို ဆည်းကပ်ကိုးကွယ်သော အမျိုး၌ စုတေ၍ ပဋိသန္ဓေ ယူနေလတ်သတည်း။

ထိုသို့ ပဋိသန္ဓေယူကြောင်းကို ဂုဏ်းအဋ္ဌကထာတွင်—

“ဒုဂ္ဂတကာလေ ဒိန္နဒါနံ ပန အတိဝိယ တောသေတိ”တိ ဗြာဟ္မဏောပိ တံ ဒါနံ ဒတွာ ပသန္နစိတ္တော သောမနဿဇာတော ထေရေ အဓိမတ္တံ သိနေဟ မကာသိ။

သော ထေရေ သိနေဟေနေဝ ကာလံ ကတွာ သာဝတ္ထိယံ ထေရဿုပဋ္ဌာကကုလေ ပဋိသန္ဓိံ ဂဏှိ။

ဟူသောပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (ဓမ္မပဒ၊ဋ္ဌ၊၁။၃၃၃)

အထက်ပြဆိုခဲ့သော ပါဠိနှင့်တကွ အတ္ထယောဇနာ မြန်မာဘာသာကား—

"အဟံ ပိ၊ ငါသည်လည်း။ တုမှေဟိ၊ အရှင်ဘုရားတို့သည်။ ဒိဋ္ဌဓမ္မ မေဝ၊ သိအပ်သော တရားအထူးသို့သာလျှင်။ ပါပုဏေယျံ၊ ရောက်ရလို၏"။ "ဗြာဟ္မဏ၊ သေလပုဏ္ဏား။ ဧဝံ ဟောတု၊ ဤသို့ ဆုပန် သင်ကြံသောအတိုင်း ပြည့်စေ"။

ဒုဂ္ဂတကာလေ၊ ဆင်းရဲနွမ်းပါး၊ ရှားပါးတော်မွတ်သောအခါ၌။ ဒိန္နဒါနံ ပန၊ လှူအပ်သော အလှူမည်သည်ကား။ အတိ ဝိယ တောသေတိ၊ အလွန်ရွှင်လန်း ဝမ်းမြောက်နှစ်သက်၏။ က္လတိ တသ္မာ၊ ထို့ကြောင့်။ ဗြာဟ္မဏောပိ၊ သေလပုဏ္ဏားသည်လည်း။ တံ ဒါနံ၊ ထိုအနည်းငယ်မျှ ကြမ်းသောပုဆိုးနှင့်တကွ ပါယာသဘတ်ကို။ ဒတွာ၊ လှူရ၍။ ပသန္နစိတ္တော၊ ကြည်ညိုသောစိတ်ရှိလျက်။ သောမနဿဇာတော၊ ဝမ်းမြောက်ဝမ်းသာသည်ဖြစ်၍။ ထေရေ၊ သာရိပုတ္တရာမထေရ်မြတ်၌။ အဓိမတ္တံ သိနေဟံ၊ အလွန်ချစ်မြတ်နိုးခြင်းကို။ အကာသိ၊ ပြု၏။ သော၊ ထိုသေလ ပုဏ္ဏားသည်။ ထေရေ၊ သာရိပုတ္တရာမထေရ်မြတ်၌။ သိနေဟေနေဝ၊ ချစ်မြတ်နိုးခြင်းဖြင့် သာလျှင်။ ကာလံ ကတွာ၊ သေခြင်းကို ပြု၍။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ ထေရဿ၊ သာရိပုတ္တရာမထေရ်မြတ်၏။ ဥပဋ္ဌာကကုလေ၊ အလုပ်အကျွေး ဒကာအိမ်၌။ ပဋိသန္ဓိံ၊ ပဋိသန္ဓေကို။ ဂဏှိ၊ ယူလေ၏။ (ဤမျှ နောက်၌ ပြဆိုသော ဝတ္ထုသာဓကအဓိပ္ပါယ်ကား အလွန်ကျယ်ဝန်း၏။ ရှင်သာရိပုတ္တရာ၏တပည့် ဝနဝါသီတိဿ သာမဏေပင်တည်း။)

ပေါ်များပြည့်စုံ ကုံလုံကြွယ်ဝသောကာလမှာ ဒါနဝတ္ထု၌ တွယ်တာစုံမက် နှစ်သက်မြတ်နိုးခြင်း နည်းရကား ပေးလွယ်, စွန့်လွယ်, ရလွယ်သော သဘောရှိ၏။ ဆင်းရဲနွမ်းပါး ရှားပါးတော်မွတ်သော ကာလမှာ ဒါနဝတ္ထု၌ တွယ်တာစုံမက် နှစ်သက်မြတ်နိုးခြင်း အားကြီးစွာဖြစ်၍ စွန့်ပစ်နိုင်ခဲ, လှူဒါန်းနိုင်ခဲရကား စွန့်ရ, လှူရပြန်လျှင်လည်း အနည်းငယ်မျှကိုပင် အနပ္ပကကဲ့သို့ ထင်၍ ရွှင်ရွှင်လန်းလန်း ဝမ်းမြောက်ဝမ်းသာ သဒ္ဓါဗလဝ ဖြစ်သည်-ဟူလို။

ဤကား "ဒုဂ္ဂတကာလေ ဒိန္နဒါနံ ပန အတိဝိယ တောသေတိ"ပါဋ္ဌိဝယ် အကျဉ်း အဓိပ္ပါယ်တည်း။ ဒါရုစိက္ကယ, တိဿပိတ, ဝိမာနဝတ္ထုတို့ကိုလည်း ထောက်ရာ၏။ ၁၂၄၀-ခုနှစ်၊ သီတင်းကျွတ်လဆန်း၊ ၁၄-ရက်နေ့၊ ဆရာတော်က ဖြေဆိုဆုံးမလိုက်သည်။

★★★★★★★

## ရဟန်းတော် ရှင်မုနိန္ဒ-က ဆန်းပထျာ ဖြန့်နည်း, ဖြန့်ပုံကို သိလိုကြောင်းနှင့် လျှောက်ထားချက်

[၁၆၇]    "ဘုရားတပည့်တော် ရန်ကုန်မြို့ ရှင်မုနိန္ဒ လျှောက်ပါသည် ဆရာတော်ဘုရား။

ဆပ္ပစ္စယဒီပကမည်သော ဆန်းဋီကာတွင် လာသော ဆပ္ပစ္စယနည်းသည် ကျယ်ဝန်းများပြားသည်ဖြစ်၍ ပညာနုသောသူတို့မှာ မယူမဆနိုင်ကြသည်ဖြစ်ပါ၍-

**နမတ္ထု ဇနသန္တာန-တမသန္တာနဘေဒိနော။**
**ဓမ္မုဇ္ဇလန္တရုစိနော၊ မုနိန္ဒော'ဒိတရောစိနော။**    ။ (ဝုတ္တောဒယဆန်း။၂၄၂)

ဟူသော ဝုတ္တောဒယ၊ ပဌမဂါထာ၌ ဆပ္ပစ္စယနည်းနှင့်တကွ ပထျာဖြန့်နည်း, ဖြန့်ပုံကို အသေအချာ သိမှတ်ပါရအောင် အကျဉ်းသခ်ေပနယ နည်းဥပဒေသကို ပြတော်မူပါမည့်အကြောင်းကို လျှောက်ဝံ့ပါသည် ဆရာတော်ဘုရား။"

ဝင်းရှင်မုနိန္ဒ လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ—

[၁၆၇]  "**နမတ္ထု ဇနသန္တာန- တမသန္တာနဘေဒိနော**"အစရှိသော ဝုတ္တောဒယကျမ်းဦး ပဏာမ၊ ပဌမဂါထာ၌ အတ္ထဝိကပ္ပ, ဂဏဝိကပ္ပ, ဝဏ္ဏဝုတ္တိ-ဟူသော ဆပ္ပစ္စယ ၃-နည်းတို့၏ ဖြစ်ဟန်ကို မေးလျှောက်သည်မှာ—

ထို ၃-ပါးကုန်သော နည်းတို့တွင် တစ်ခုတစ်ခု၌ ၆-ပါး, ၆-ပါးပြားသော ဆပ္ပစ္စယနည်းတို့ကို အစဉ်မပျက် ဆောင်ရွက်မှတ်သား နားလည်သာအောင် အကျဉ်းသခ်ေပ နည်းဥပဒေသကို ပြအံ့။

အတ္ထ,ဂဏ၊ ဝိကပ္ပ၊ ဝဏ္ဏဝုတ္တိ တေး။
ဖြန့်,ပြ,ပျောက်ရှာ၊ ကြိယာ၊ သချာ,ခွန့်ရှည် ဝေး။
ဆပ္ပစ္စယ၊ နည်းထိုမျှ၊ ယူရ ကြံစိစစ်း။    ။

### ဆပ္ပစ္စယ ၃-နည်း

အတ္ထနယ(*အတ္ထဝိကပ္ပ*)နည်း, ဂဏဝိကပ္ပနည်း, ဝဏ္ဏဝုတ္တိနည်း-ဟူ၍ ဆပ္ပစ္စယနည်း ၃-နည်း ဖြစ်သတည်း။ ထို ၃-နည်းတို့တွင် တစ်နည်းနည်း၌—

ပဋ္ဌာရနည်း ဥဒ္ဒိဋ္ဌနည်း နဋ္ဌနည်း

အတ္ထကြိယာနည်း အတ္ထသင်္ချာနည်း အတ္ထအဒ္ဓါနည်း-

ဟူ၍ ၆-နည်း, ၆-နည်းစီ ပြား၏။

ဂဏဝိကပ္ပနည်း၌ ပဋ္ဌာရနည်း, ဥဒ္ဒိဋ္ဌနည်း, နဋ္ဌနည်း, ဂဏကြိယာနည်း, ဂဏသင်္ချာနည်း, ဂဏအဒ္ဓါနည်း ဆိုလေ။

ဝဏ္ဏဝုတ္တိနည်း၌ ပဋ္ဌာရနည်း, ဥဒ္ဒိဋ္ဌနည်း, နဋ္ဌနည်း, ဂရုကြိယာနည်း, ဝုတ္တသင်္ချာနည်း, ဝုတ္တအဒ္ဓါနည်း ဆိုလေ။ ဤကား အထူးတည်း။

## ပဋ္ဌာရနည်း

တြိန်းပဋ္ဌာ၊ ထက်,အောက်မှာ၊ ဖီလာ-၃၉။
၉-ကွက်မှန်စွာ၊ အဆုံးမှာ၊ ပယ်ခွါ နုတ်လင့်နိုး။
၃-ကွက်စီကန့်၊ ခြား၍သန့်၊ အတန့် မှန်အောင်ချိုး။
၁-ခုတည်းလျှင်၊ ဝိကပ်နှင်၊ စင်စစ် မြောက်၍တိုး။
၁-ခုစီသာ၊ အစစွာ၊ လယ်မှာ ၃-စီထိုး။
စတုဗ္ဗိသာ၊ အဆုံးမှာ၊ မှန်စွာ ချစနိုး။
ကွာ-ဆုံးအောင်သာ၊ အထဝါ၊ ရှု-ကွာ လိုက်ကြရိုး။
လ ၁-လုံးကြေ၊ မှတ်ပါလေ၊ နည်းဖွေ ဉာဏ်ဖြိုးဖြိုး။
အစဉ်သင့်မှတ်၊ ၃-ဝိကပ်၊ ပြီးလတ်-၃၉။
အဆုံးသတ်မှာ၊ သာခါခါ၊ မှန်စွာ ရှိကြရိုး။
နည်းပဋ္ဌရ၊ ဖြန့်ပုံပြ၊ ကြံကြ ဉာဏ်အားကိုး။ ။

## ဥဒ္ဒိဋ္ဌနည်း

မေးလို အတ္ထ၊ ပ-ဒု-တ၊ မှတ်ကြ ၃-ဝိကပ်။
အာဂန္တေက၊ တည်ပြီးမှ၊ မြောက်ထ ၈-ဝိကပ်။
၈-အက္ခရာ၊ အစဉ်မှာ၊ ဟေဋ္ဌာ နုတ်ယူလတ်။
ပဋိလောမ၊ ဥဒ္ဒိဋ္ဌ၊ နယ -ဤသို့ မှတ်။ ။

## နဋ္ဌနည်း

အတန့်သင်္ချာ၊ တည်ပြီးခါ၊ ဦးစွာ ၃-နက်စား။
၁-ခုကြွင်းမှာ၊ တ-မှတ်ပါ၊ ၂-မှာ ဒွမှတ်သား။
စား၍သုဉ်းခါ၊ အက္ခရာ၊ သာ-ဟု မှတ်၍ထား။
မစားလောက်လျှင်၊ သုညတင်၊ ထိုပင် လဒ်မည်ငြား။
မစားလောက်ပါ၊ ယင်းသင်္ချာ၊ သေသာ မည်မှတ်သား။
အကြွင်းရှိလျှင်၊ ၁-ခုပင်၊ တက်ချင်-ထက်လဒ်ဖျား။
ဤနည်းနောက်မှာ၊ မှတ်လေပါ၊ များစွာ မထူးခြား။
ပျောက်သည်ကွက်ကျ၊ တွက်ပုံပြ၊ နဋ္ဌနည်းအပြား။ ။

## အတ္ထကြိယာနည်း

ဝိကပ်သင်္ချာ၊ လိုရှိရာ၊ ဦးစွာ တည်တုံလစ်။
အကြွင်းနှင့်သာ၊ မြှောက်လေပါ၊ သင်္ချာ နည်းအသစ်။
အတ္ထကြိယ၊ တွက်ပုံပြ၊ တစ်ရာကိုးဆယ့်နှစ်။ ။
အတန့်သင်္ချာ၊ တည်ပြီးကာ၊ ဦးစွာ သုံးနက်စား။
ရသည်လဒ်မှာ၊ တ, ဒွ, သာ၊ မြဲစွာ မှတ်၍ထား။
တည်မြဲသင်္ချာ၊ ဒွေးနှင့်သာ၊ မြှောက်ပါ ရှစ်နှင့်စား။
လဒ်မှာ ရူ, သ၊ ပေယျာလ၊ ကွာ-ကျအောင် မှတ်သား။
ရသည်သင်္ချာ၊ ပေါင်းလေပါ၊ အက္ခရာအပြား။
အတန့်သင်္ချာ၊ သိလိုပါ၊ ယင်းမှာ ၃-နက်စား။
၃-နှင့်တဖန်၊ မြှောက်တုံပြန်၊ ရဟန် ရှေးအလား။
လိုသောတန့်မှာ၊ မတြာ၊ အက္ခရာဖြင့် နုတ်။
ဂရုဖြစ်လာ၊ မတြာ၊ နှစ်ခါ ဂရုနုတ်။
လဟုဖြစ်လာ၊ ဂရုမှာ၊ နှစ်ခါ မြှောက်၍လုပ်။
လဟုသင်္ချာ၊ ရောလေပါ၊ မတြာ မယုတ်။
ဂရုသင်္ချာ၊ အက္ခရာ၊ နှစ်ခါ မြှောက်၍ထုတ်။

လဟုသချ်ာ၊ ရောလေပါ၊ မကြာပေါင်းချုပ်။
အပေါင်း အကွရာ၊ သိလိုပါ၊ ယင်းမှာ ဂရုနုတ်။
ခုနစ်ရာ့ရှစ်ဆယ်၊ လေးခုကယ်၊ ပြည့်ကြွယ် မကြာ။
ငါးရာ့ခုနစ်ဆယ်၊ ခြောက်ခုကယ်၊ တသွယ် အကွရာ။
နှစ်ရာနှင့် ရှစ်၊ ဂရုဖြစ်၊ စင်စစ် မှန်သည်သာ။
သုံးရာ့ခြောက်ဆယ်၊ ရှစ်ခုကယ်၊ မှတ်ဖွယ် လဟုမှာ။
အတ္ထကြိယ၊ တွက်ပုံပြ၊ မှတ်ကြ နည်းအလာ။ ။

## အတ္ထသချ်ာနည်း

အတ္ထသချ်ာ၊ မကြာ၊ နည်းသာ မှန်မယုတ်။ ။

## အတ္ထအဒ္ဓါနည်း

တစ်တန့်သချ်ာ၊ ဒွေးနှင့်သာ၊ မြှောက်ပါ တစ်ခု ရှုတ်။
စားလေ ယူဇနာ၊ ဂါ,ဥ,တာ၊ တောင်,ထွာ လက်သစ်လုပ်။
နှစ်ခုအတာ၊ ထောင့်နှင့်ထွာ၊ ကော ကေဟုတ်။
တစ်ဆယ့်တစ်သစ်၊ အစွန်းဖြစ်၊ စင်စစ် မှန်မယုတ်။
အတ္ထအဒ္ဓါ၊ ပထမာ၊ ကျမ်းလာ မှန်သမုတ်။
အတ္ထနယ၊ ဆပ္ပစ္စယ၊ ဤမျှ နိဂုံးချုပ်။ ။

**အတ္ထနယဆပ္ပစ္စယနည်း ပြီး၏။**

----- x -----

## ပတ္ထာရနည်း

အင်္ဂဇောဂုဏ၊ ကေအဌာ၊ ထက်အောက်မှာ၊ ဖီလာ သောင္ဘသ။
လေးကွက်စီ ကန့်၊ ခြား၍သန့်၊ အတန့် မှန်အောင်ချ။
တစ်ခုသချ်ာ၊ တည်ပြီးခါ၊ မြှောက်ပါ အစဉ်ကျ။
ဒွေး-ဆ-ဒွေး-ဒွေး၊ ဆ-ဒွေး-ဒွေး၊ ဆ-ဒွေး-ဒွေး-ဆ-ဒွ။

ယ-ဇ-န-ဇာ၊ ကွက်ရောက်ရာ၊ လွှတ်ပါ လေကုန်ကြ။
တိသတ္တေကာ၊ ဒသပါ၊ ပဥ္စာ ဒသက။
ဒွေသော ဒဂ(ဒသ-ဖတ်)၊ စုဒ္ဒသမှာ၊ ၆-ဂိုဏ်းသာ၊ ကြွင်းမှာ ဂ-နှင့်-လ။
၆-ဂိုဏ်းမည်မှာ၊ မ-နှင့် ယာ၊ ရ-ထာ-ဇ-နှင့်-ဘ။
ရေးရိုး မှန်စွာ၊ အက္ခရာ၊ သင်္ချာနှင့် အမျှ။
လ-ဘ-ယ-လာ၊ လ-ဘ-ဇာ-လ၊ လာ-ဘ-န-လ။
လ-ဘ-ဇ-လာ၊ အောက်တန့်မှာ၊ ရှိရာ စမြဲပ။
ဝတ္တပထျာ၊ ဆန်းပုံလာ၊ ဂါထာ လေးပဒ။
အဆုံးသင်္ချာ၊ တည်ပြီးခါ၊ မြှောက်ပါ ဒွဂုဏ (*ဒွိဂုဏ-ဖတ်*)။
သော-သတ်-သတ်-အစ်၊ တူတူ(*တရိ-တရိ-ဖတ်*)ဖြစ်၊ တွက်လစ် သင်္ချာရ။
ပတ္ထာရကို၊ ဖြန့်နည်းဆို၊ လူ့ဗိုလ် မှတ်ကုန်ကြ။ ။

## ဥဒ္ဒိဋ္ဌနည်း

အာဂန္တေ့ကာ၊ တည်ပြီးမှ၊ မြှောက်ထ နှစ်ခုနှင့်။
ယ-ဇာ-န-ဇာ၊ ကွက်ရောက်ရာ၊ လွှတ်ပါ လေကုန်လင့်။
နမတ္ထုဂါထာ၊ ဂိုဏ်း၌သာ၊ နုတ်ပါ အစဉ်သင့်။
ဇော-ဒွေး-ဒွေး-ဆာ၊ ဧကသင်္ချာ၊ တန့်ရောက်ရာ၊ ဂါထာ ယူထောက်ချင့်။
အဝသေသ၊ ကြွင်းသမျှ၊ နယ ထူးသဖြင့်။
ပဋိလောမ၊ ဥဒ္ဒိဋ္ဌ၊ နယ မှတ်ယူလင့်။ ။

## နဋ္ဌနည်း

အတန့်သင်္ချာ၊ တည်ပြီးခါ၊ ဦးစွာ နှစ်ခုစား။
တစ်ခု ကြွင်းမူ၊ ဂ-ကို ယူ၊ သုဉ်းမူ လ-မှတ်သား။
ဝုတ္တနယာ၊ ရှေးနည်းသာ၊ များစွာ မထူးခြား။
ယ-ဇ-န-ဇာ၊ ဂိုဏ်းရောက်ရာ၊ ကွက်မှာ ရှိတိုင်းထား။
ဇော-ဒွေး-ဒွေး-ဆာ၊ ဧကတန့်မှာ၊ ဤဂါထာ၊ ရှိရာ မှန် မမှား။
ပျောက်သည်ကွက်ကျ၊ တွက်ပုံပြ၊ နဋ္ဌနည်းအပြား။ ။

## ဂဏကြိယာနည်း

အတန့်သင်္ချာ၊ အဋ္ဌနှင့်သာ၊ မြှောက်ပါ နှစ်ခုစား။
ရသည့်လဒ်မှာ၊ ဂ, လ, သာ၊ မြဲစွာ မှတ်၍ထား။
တည်မြဲသင်္ချာ၊ လေးခုသာ၊ မြှောက်ပါ ဆနှင့်စား။
လဒ်မှာ မရ၊ တ-နှင့် ဘ၊ အရ မြဲမှတ်သား။
၎င်းလဒ်မှာ၊ တန့်သင်္ချာ၊ ရောက်ပါ ယ-ဖို့ထား။
အတန့်သင်္ချာ၊ ရောပြန်ပါ၊ ဇ, ယာ မှတ်လေငြား။
အတန့်သင်္ချာ၊ ရှိတိုင်းသာ၊ န-မှာ မှန့်,မမှား။
ရသည့်သင်္ချာ၊ ပေါင်းလေပါ၊ အက္ခရာအပြား။
အတန့်သင်္ချာ၊ သိလိုပါ၊ ယင်းမှာ ဆယ့်ခြောက်စား။
ဆယ့်ခြောက်တဖန်၊ မြှောက်တုံပြန်၊ ရဟန် ရှေးအလား။
ဂ, လာ, ဒိ-မှာ၊ ရှေးနည်းသာ၊ မှတ်ပါ မထူးခြား။
ဇော-သုည-အစ်၊ သတ်-ဒွေး-ဖြစ်၊ တိ-ဧစ်-ဂ-လမှာ။
ဇော-အဋ္ဌ-ဧက၊ အစ်-ဒွေး-ဒွ၊ မ-ရ-တ-ဘ-သာ။
ခန်း-သော-နော-ဒွ၊ ဗျည်း-ပဉ္စ၊ ယ-ဖို့ မှတ်လေပါ။
ဆ-နှင့် တိ-သတ်၊ ဇော-အဋ္ဌ-အဋ္ဌ၊ ယူလတ် ဇ-သင်္ချာ။
သော-သတ်-သတ်-အစ် *(ဧက်)*၊ တူတူဖြစ်၊ တွက်လစ် န-ဖို့ရာ။
သော-အစ်*(ဧက်)*-ဇယာ၊ အဋ္ဌာ-သုည၊ တိ-ပဉ္စ၊ ပေါင်းထ အက္ခရာ။
ဇော-ဆ-သုညာ၊ ဇယာ-သုည၊ သတ်ပဉ္စ၊ ဧက မတြာ။
ဒွေ-တြိယာ၊ အဋ္ဌာ ဆေ’က၊ ဆ သုည၊ ဧက အက္ခရာ။
ဒွေ-တြိယာ၊ ဒွယာ-သတ္တာ၊ အဋ္ဌ-သုည၊ ပဉ္စ ဂရုမှာ။
သုည-သုညာ၊ ဆဋ္ဌာ-နဝ၊ ဒွေး-ပဉ္စ၊ ပဉ္စ-လဟု-သာ။
ဂဏကြိယ၊ တွက်ပုံပြ၊ မှတ်ကြ နည်းအလာ။ ။

## ဂဏသင်္ချာနည်း

ဂဏသင်္ချာ၊ ပတ္ထာရာ၊ နည်းသာ မှန်မယုတ်။ ။

## ဂဏာအဒွါနည်း

အတန့်သချာ၊ ဒွေးနှင့်သာ၊ မြှောက်ပါ တစ်ခု ရှုတ်။
စားလေ ယူဇနာ၊ ဂါ,ဥ,တာ၊ တောင်,ထွာ လက်သစ်လုပ်။
နှစ်ဂါဝုတ်ဝယ်၊ ခုနစ်ကယ်၊ သုံးဆယ် အသဘုတ် *(ဥသဘ • ဥသဘ)*။
ကိုးခုအတာ၊ တောင်နှင့် ထွာ၊ ဇယာ ဧကဟုတ်။
တစ်ဆယ့်တစ်သစ်၊ အစွန်းဖြစ်၊ စင်စစ် မှန်မယုတ်။
ဂဏာအဒွါ၊ ရှေးနည်းသာ၊ ကျမ်းလာ မှန်သမုတ်။
ဂဏာဝိကပ်၊ ဆန်းနည်းမှတ်၊ ပြီးလတ် နိဂုံးချုပ်။ ။

### ဂဏာဝိကပ္ပဆပ္ပစ္စယနည်း ပြီး၏။

----- x -----

## ပတ္ထာရနည်း

အဌ-နော-ဂုဏ၊ ဒွေး-တိ-သချာ၊ ထက်,အောက်မှာ၊ ဗိလာ ဗတ္တိသ။
ရှစ်ကွက်စီ တန့်၊ ခြား၍သန့်၊ အတန့် မှန်အောင်ချ။
တစ်ခုသချာ၊ အစစွာ၊ တက်ပါ ဒွိဂုဏ *(ဒွိဂုဏ)*။
ဒွေးနှင့် ချည်းသာ၊ ဗတ္တိသာ၊ မြှောက်ပါ စဉ်သင့်ကျ။
ရသည့်သချာ၊ အမျှသာ၊ ချပါ ဂ-နှင့် လ။
လဟုချည်းသာ၊ အောက်တန့်မှာ၊ ရှိရာ စမြဲပ။
ဆ-နော-ဒွိက၊ သတ္တ-ဆဌ၊ နော-ဇယာ၊ နဝါ-ဒွေး-ဇယ။
အဆုံးကွက်မှာ၊ ရသချာ၊ မှတ်ပါလေကုန်ကြ။
ဒွေး-နော-ပဥ္စ၊ ဇယ-တိကာ၊ နော-နဝါ၊ အဌာ ဗျည်းအဌ။
နှစ်ခုလည်းကောင်း၊ ရတုံရှောင်း၊ အပေါင်း သချာရ။
လူဗိုလ်အများ၊ မှတ်ပုံကြား၊ ရှေးဖွား ပတ္ထာရ။ ။

## ဥဒ္ဒိဋ္ဌနည်း

လိုသောဂါထာ၊ အောက်၌သာ၊ သချာ ရသမျှ။
နှစ်ခုချည်းသာ၊ ထိုးပြီးခါ၊ ပေါင်းပါ လဟုက။
တစ်ခုလောင်းခါ၊ ပေါင်းသချာ၊ ပြပါ ဥဒ္ဒိဋ္ဌ။
ဂဏာဝိကပ္ပ၊ အထဝ၊ တူစွာ မှတ်လေကြ။ ။

## နဋ္ဌနည်း

အတန့်သချာ၊ လိုရှိရာ၊ ဦးစွာ ဒွိဘုဋ္ဌ။
တစ်ခုကြွင်းမူ ဂ-ကို ယူ၊ သုဉ်းမူ လ-မှတ်ကြ။
မစားလောက်လျှင်၊ သုညတင်၊ ထိုပင် လဒ်မည်ရ။
မစားလောက်ပါ၊ ယင်းသချာ၊ သေသာ မှန်မုချ။
အကြွင်းရှိလျှင်၊ တစ်ခုပင်၊ တက်ချင် လဒ်ဌာန။
ဤနည်းချည်းသာ၊ စားလေပါ၊ မှန်စွာ မထူးရ။
တစ်ခုသချာ၊ အစစွာ၊ တက်ပါ ဒွဂုဏ *(ဒွိဂုဏ)*။
ဒွေးနှင့်ချည်းသာ၊ တစ်နည်းမှာ၊ မြှောက်ပါ ဟတ္တိသ။
လဟု အောက်မှာ၊ ရှိသချာ၊ ပေါင်းပါ ရသမျှ။
ဋင်းသချာ၊ တန့်ရောက်ရာ၊ ဂါထာ ယူထောက်ဆ။
သောနှင့် ဒွယ၊ ဧက-သုညာ၊ အဋ္ဌ-ပဉ္စာ၊ ဆ-ဆာ-တြေက။
နမတ္ထုဂါထာ၊ ရှိလေရာ၊ သချာ နည်းနဋ္ဌ။ ။

## ဂရုကြီယာနည်း

အတန့်သချာ၊ ရှိတိုင်းသာ၊ မှတ်ပါ လဟုက။
တထေဝ သာ၊ ဂရုကြီယာ၊ နည်းမှာ မှန်မုချ။
သော-နော-ဒွိက၊ သတ္တ-ဆဋ္ဌာ၊ နော-ဇရာ၊ နဝါ-ဒွေး-ဇယ။
ဂရု လဟု၊ နှစ်ပါးရှု၊ တွက်မူ သချာရ။

ဒွေး-နော-ပဥ္စ၊ ဇယ-တိကာ၊ နော-နဝါ၊ အဋ္ဌာ ဗျည်း အဋ္ဌ။
ချင်းတို့နှစ်ခု၊ ပေါင်း၍စု၊ ဂရုကြိယ။ ။

## ဝုတ္တသင်္ချာနည်း

ဝုတ္တသင်္ချာ၊ ပတ္ထာရာ၊ နည်းသာ မှန်မှုချ။ ။

## ဝုတ္တအဒ္ဒါနည်း

အတန့်သင်္ချာ၊ ဒွေးနှင့်သာ၊ မြှောက်ပါ တစ်ခု ရှုတ်။
စားလေ ယူဇနာ၊ ဂါ,ဥ,တာ၊ တောင်,ထွာ လက်သစ်လုပ်။
အစ်(ဇက်)-ဗျည်း-နဝ၊ သတ္တ-အဋ္ဌာ၊ ရသင်္ချာ၊ ယူဇနာ မယုတ်။
တစ်ဂါဝုတ်ဝယ်၊ ခြောက်ခုကယ်၊ တစ်ဆယ် အသဘုတ်(*ဥဿဘ = ဥသဘ*)။
၆-ခု အတာ၊ ဇေ-တိကာ၊ အထွာ လက်သစ်လုပ်။
သင်္ချာယောဇနေ၊ တည်ပြီးမှ၊ ရက်,လ စဉ်သင့်ကုပ်။
၄၄-နှစ်၊ ၄-လဖြစ်၊ ဆယ့်ရှစ် မှန်မယုတ်။
သွားလေ ပတ္ထာရာ၊ ဆုံးအောင်သာ၊ ဝုတ္တာ အဒ္ဓလုပ်။ ။
ဝုတ္တိဝဏ္ဏာ၊ ဆပ္ပစ္စယ၊ ဤမျှ နိဂုံးအုပ်။

ဝဏ္ဏဝုတ္တိဆပ္ပစ္စယနည်း ပြီး၏။

----- x -----

သုံးနည်းပတ္ထာရ၊ ဖြန့်ပုံပြ၊ ဇီဝ ဝိညာဉ်ချုပ်။
အသက်ဆုံးတိုင်၊ မပျောက်နိုင်၊ မြဲခိုင် အရကုပ်။
မပျင်းမရိ၊ စွဲသတိ၊ ဝီရိ စွမ်းအားထုတ်။
သာသနာငါးထောင်၊ ဆုံးတိုင်အောင်၊ မြန်ဘောင် မတိမ်မြုပ်။
ပတ္ထနာရည်မှန်၊ အာနိသံ၊ သိဝံ အပြီးအုပ်။
တစ်ဝိကပ်သာ၊ လဲလေပါ၊ အထဝါ ဟုတက်။
သုံးပါးရတနာ၊ မြတ်ခေါင်ချာ၊ ဆင့်ကာ ဦးထိပ်ထက်။

ဂုဏာဘိလင်္ကာရ၊ သဒ္ဒမ္မ၊ နာမ မှန်မပျက်။
ဆန်းနည်းပတ္ထာရ၊ ဖြန့်ပုံမှာ၊ ဤစာ နည်းအမြွက်။
အာနိသံသာ၊ နိဗ္ဗုတာ၊ ခေမာ ကမ်းဟိုဘက်။
ရောက်စေခလို၊ မငြင်ငြို၊ ကုသိုလ် ဤကျိုးဆက်။
အောင်ဖေယျတု၊ ကြိမ်းသံပြု၊ တောင်းဆုပန်ပန္နက်။ ။

**ပတ္ထာရဖြန့်နည်း သံပေါက်လင်္ကာ ပြီး၏။**

----- x -----

ဤယခု ပြဆိုခဲ့သော သံပေါက်လင်္ကာတွင် စိုးစဉ်းအားဖြင့် လျှို့ဝှက်သိခက်သော အရာ၌ အလွယ်တကူ ကြံယူသာသော အဓိပ္ပါယဂဏ္ဌိဋ္ဌာနကို ပြအံ့။

**အတ္ထနယဆပ္ပစ္စယနည်း**

**အတ္ထဝိကပ္ပပတ္ထာရနည်း**

ရှေးဦးစွာ အတ္ထဝိကပ္ပပတ္ထာရနည်း၌—

ပတ္ထာရပုံ– အထက်,အောက် ၁၅-ဖီလာ, ၃၉-ကွက်ရေး၍ အဆုံး ၉-ကွက်ကို ပယ်လျှင် ၁၉၂-ကွက် ရ၏။ (ကြိမ်း ပဋ္ဌာ ပဋ္ဌာဒသ-ဟူလို၏။) ၁-တန့်လျှင် အက္ခရာ ၃-လုံး, ၃-လုံးရှိသည်ကို ရည်၍ ၃-ကွက်စီ ကန့်သတည်း။ တ-ဒ္ဓ-သာ၊ ၃-လုံး အထက်,အောက် ထားပြီးလျှင် ၃-ဂဏန်းရေး၊

- ပဌမဝိကပ် ရူ, သ, ဥ, မု, ပ, ဒိ, မာ, ကွာ၊ ၈-လုံး အထက်,အောက် ထားပြီးလျှင် ၈-ဂဏန်းရေး၊
- ဒုတိယဝိကပ် ရူ, သ, ဥ, မု, ပ, ဒိ, မာ, ကွာ၊ ၈-လုံး အထက်,အောက် ထားပြီးလျှင် ၈-ဂဏန်းရေး၊
- တတိယဝိကပ် ၃-ခု ဖြစ်၏။

၃-ကွက်, ၃-ကွက်စီ သား၍ ၁၅-ကွက်စီရှိသော ပတ္ထာရကို အောက်,အထက် ဆက်၍ စပ်လျှင် ၁၃-ကွက်၊ ၁၅-လီတွင် ၃-ကွက် နုတ်၍ ၁၉၂-ကွက်၊ အောက်,အထက် ဖြစ်၏။ ၁-တန့်, ၁-တန့်၌ ၃-ကွက်စီ ရှိသောကြောင့် ပဌမအကွက်မှာ ပဌမဝိကပ်အက္ခရာ

၃-လုံးကို ၁-လုံးစီ စဉ်၍ရေး။ ဒုတိယအကွက်မှာ ဒုတိယအက္ခရာ ၈-လုံးကို ၃-လုံးစီ စဉ်၍ရေး။ တတိယအကွက်မှာ တတိယအက္ခရာ ၈-လုံးကို ၂၄-လုံးစီ စဉ်၍ရေး။

တစ်နည်း– ဒုတိယဝိကပ်အက္ခရာ ၈-လုံးကို ၃-လုံး, ၃-လုံးစီ ရေး၍ တတိယဝိကပ်က ပဌမ ရှု-အက္ခရာသည် ကွာ-နှင့်ညီလျှင် ၂၄-လုံးစေ၏။ ဤအတူ ကွာ-နှင့်ချည်း ညီအောင်ရေး-ဟူလို၏။ ထို့ကြောင့် "ကွာ-ဆုံးအောင်သာ၊ အထဝါ၊ ရှု ကွာ လိုက်ကြရိုး"ဟု ဆိုသည်။ "လ-တစ်လုံးကြေ"ဟူရာ၌ သ, ဥ, မု, ပ, ဒိ, မာ-ဟူသော အလယ် ၆-လုံးတို့ကိုလည်း ရှု-အက္ခရာ, ကွာ-အက္ခရာတို့ကဲ့သို့ ကွာ-ဆုံးအောင် ရေးရာ၏-ဟု ပေယျာလနှင့် ပြသည်။

## ဥဒ္ဒိဋ္ဌနည်း

ဥဒ္ဒိဋ္ဌနည်း၌ ၁-တန့် ၁-တန့်တွင် ၃-လုံး, ၃-လုံးစီ ရှိသည်ကို ရည်၍ ပဌမအလုံးကို ပ, ဒုတိယအလုံးကို ဒု, တတိယအလုံးကို တ-မှတ်၍ ပ-ဒု-တ ဟူသတည်း။ ဤ ၃-လုံးသည် ၃-ဝိကပ်က ၁-လုံးစီပင်တည်း။ ပတ္ထာရဆုံးအောင် ၎င်းနည်းချည်း မှတ်။ အာဂန္တေ'က ကို အာဂန္တုကေ-ဟု ပဒစ္ဆေဒပြု။ အာဂန္တုက တစ်ခုတည်းဟူလို။

**ပဋိလောမနည်းဖြစ်သော ကြောင့် အဆုံးတတိယဝိကပ်က စ၍ မြောက်သည်။ နဋ္ဌနည်း၌ အနုလောမနည်းဖြစ်၍ ပဌမ ၃-ဝိကပ်က စ၍ စားသည်။**

**ဥဒ္ဒိဋ္ဌနည်းမှာ အမြောက်၊ နဋ္ဌနည်းမှာ အစား၊ ဥဒ္ဒိဋ္ဌနည်းမှာ ပဋိလောမ၊ နဋ္ဌနည်းမှာ အနုလောမ။ ဤသို့ အထူးမှတ်။**

အတန့်သင်္ချာကို တည်၊ ပဌမ ၃-ဝိကပ်ကို ရည်၍ ၃-ခုနှင့် စား၊ လဒ်ကို ရှု၍ ၁-ခု ကြွင်းမှာ-တ၊ ၂-ခုကြွင်းမှာ-ဒု၊ သုဉ်းလျှင် ဿာ-ဟု မှတ်။ အတန့်သင်္ချာတည်း။ ဒုတိယ ၈-ဝိကပ်၊ တတိယ ၈-ဝိကပ်တို့၌လည်း ၈-ခုစား၍ အကြွင်းအတိုင်း ၁-ခုကြွင်းမှာ ရှု၊ ၂-ခု ကြွင်းမှာ ဿာ-စသည်ဖြင့် ပဌမ ၃-ဝိကပ်ကဲ့သို့ မှတ်။ နောက် ၈-ဝိကပ်ကို ရည်၍ "ဤနည်း နောက်မှာ၊ မှတ်လေပါ"ဟု ဆိုသည်။

## အတ္ထကြိယာနည်း

အတ္ထကြိယာနည်း၌ သုံး-ရှစ်-ရှစ်-ဟူသော ဝိကပ်သင်္ချာ ၃-ခုတွင် ၁-ခုခုကို ထည့်၍ အကြွင်းနှင့် မြောက်လျှင် ၁၉၂-ဖြစ်၏။ နောက်ပြဆိုလတ္တံ့သည်တို့၌လည်း ဤသို့သော အရာတို့၌ နည်းတူမှတ်လေ။ အတန့်သင်္ချာတည်၊ ဒွေးနှင့် မြောက်၍ ၈-ခု စားရာ၌ လဒ်ကို ရှု, သ, ဥ, မု, ပ, ဒိ, မာ, ကွာ-တို့၏သင်္ချာ မှတ်လေ-ဟု ပေယျာလနှင့် ပြသတည်း။

ဤအားလုံးသင်္ချာကို ပေါင်းလျှင် အက္ခရာပေါင်း ဖြစ်၏။ အက္ခရာတစ်နည်း-အတန့်သင်္ချာကို တည်၍ ၃-ခုမြှောက်လျှင်, အက္ခရာပေါင်းကို ၃-ခုစားပြန်လျှင် အတန့်သင်္ချာ ဖြစ်၏။ အတန့်သင်္ချာကို တည်၍ ၃-ခုစားသည် ၁-ကြိမ်၊ အတန့်သင်္ချာကို ဒွေးနှင့် မြှောက်၍ ၈-ခုစားသည် ၁-ကြိမ်၊ ထို့ကြောင့် အတန့်ကို တည်၍ ၃-ခုမြှောက်လျှင် အက္ခရာဖြစ်၏။

ပဥ္စမအတန့်မှာ တ-ရှု-ရှု အက္ခရာ ၃-လုံး မတြာ ၅-ခု။ မတြာ ၅-ခုတွင် အက္ခရာ ၃-ခုလုံး နုတ်လျှင် ဂရု ၂-ခု ကျန်၏။ ဂရု ၂-ခုကို နုတ်ပြန်လျှင် အက္ခရာ ကျန်၏။ မတြာဂရု ၂-ခါနုတ်လျှင် လဟု ကျန်၏။ ဂရုကို ဒွေးနှင့် မြှောက်၍ လဟုရောလျှင် မတြာဖြစ်၍ ဤ၌ အတန့်ပင် ဖြစ်သော်လည်း ၁-တန့်က ထည့်၍ ၃-ခုမြှောက်သော အက္ခရာဖြစ်၏။ ၃-ခုစားပြန်လျှင် အတန့်ဖြစ်၏။ အက္ခရာတွင် ဂရုနုတ်လျှင် လဟု ကျန်၏။ လဟုနုတ်လျှင် ဂရုကျန်၏။ အက္ခရာတွင် ဂရုကို ရောလျှင်လည်း မတြာ ဖြစ်၏။ ဂရုနှင့် လဟုကို ရောလျှင်လည်း အက္ခရာဖြစ်၏။ အများ၌လည်း နည်းတူပင်မှတ်။

"ဂရုသင်္ချာ၊ အက္ခရာ၊ ၂-ခါမြှောက်၍ ထုတ်။ လဟုသင်္ချာ၊ ရောလေပါ၊ မတြာပေါင်း ချုပ်"ဤ ၂-ပိုဒ်မှာ အထက်ဆိုလတ္တံ့သော အများ ဂရု, လဟု, မတြာ, အက္ခရာတို့ကို ရည်၍ ပြသည်။

## အတ္ထသင်္ချာနည်း

အတ္ထသင်္ချာနည်း၌ ပတ္ထာရ-ကအတိုင်း သုံး-ရှစ်-ရှစ် ဝိကပ် ၃-ခုတွင် လိုရာထည့်၍ အကြွင်းနှင့် မြှောက်လေ။ အနက်ပေါင်းဖြစ်၏-ဟူလိုသည်။ အတ္ထအဒ္ဓါနည်းတွင် "စားလေ ယူဇနာ၊ ဂါ,ဥ,တာ၊ တောင်,ထွာ လက်သစ်လုပ်"ဟူရာ၌ ဂါမှာ ဂါဝုတ်၊ ဥမှာ ဥသဘ၊ တာမှာ အတာ၊ တောင်မှာ အတောင်၊ ထွာမှာ အထွာကို ယူ။ အတ္ထအဒ္ဓါ။

ပထမာ-ဟူရာ၌ ပဋိလောမအားဖြင့် လက်သစ်က စ၍ စားလေ။ ဝစနာလင်္ကာရ ဖြစ်စေခြင်းငှာ ပဋိလောမကို ပထမာ-ဟု ပေယျာလနှင့် စပ်သည်။ နောက်ပြဆိုလတ္တံ့သည် တို့၌ ဤနည်းမှတ်။

ဤပတ္ထာရသင်္ချာ၌ အတာတွင်သာ ဖြစ်လျက် အဘယ်ကြောင့် ယူဇနာတိုင်အောင် ပြ၍ဆိုသနည်းဟူမူ အထက်၌ ဆိုရန် စကားရှိသေးသောကြောင့်လည်းကောင်း, ဆိုစဉ် စကား မပျက်စေလိုသောကြောင့်လည်းကောင်း, စားရန်သင်္ချာ မရှိ၍သာ ရှိမူ စားရ၏-ဟူသော အနက်ကို သိစေလိုသောကြောင့်လည်းကောင်း, ဤနည်းအစဉ်ဖြင့် စားရာသတည်း-ဟု အစဉ်ကို သိစေလိုသောကြောင့်လည်းကောင်း ဆိုသည်-ဟု မှတ်ရာ၏။

ပဋိလောမစားနည်း သချ်ာအစဉ် ဖြစ်ပုံမှာ—

သတ္တဂုံလမမုဒ္ဒိဿ၊ ဝိဒတ္တိ တာ ဒုဝေ သိယံု။
ရထနံ တာနိ သတ္တော၀၊ ယဋ္ဌိ တာ ဝိသတူ သဘံ။
ဂါဝုတမုသဘာသိတိ၊ ယောဇနံ စတုဂါဝုတံ။ ။

ဟူသော အဘိဓာန်ဂါထာ(၁၉၅-၆)နှင့်အညီ ရှေးဦးစွာရသော သချ်ာကို ၁၂-ခုနှင့် စား၊ အကြွင်းကို လက်သစ်မှတ်။

- ထို့နောင် ရသောလဒ်ကို ၂-ထွာနှင့် စား၊ အကြွင်း ထွာ။
- ထို့နောင် ရသောလဒ်ကို ၇-တောင်နှင့် စား၊ အကြွင်း တောင်။
- ထို့နောင် ရသောလဒ်ကို တာ ၂၀-နှင့် စား၊ အကြွင်း တာ။
- ထို့နောင် ရသောလဒ်ကို ဥသဘ ၈၀-နှင့် စား၊ အကြွင်း ဥသဘ။
- ထို့နောင် ရသောလဒ်ကို ၄-ဂါဝုတ်နှင့် စား၊ အကြွင်း ဂါဝုတ်၊ လဒ်ကား ယူဇနာ။
- လက်သစ်နှင့် စားမူ စားကြွင်း လက်သစ်၊ လဒ်ကား ထွာ၊ အကြွင်းကို ဤနည်းတူမှတ်။

ပြဆိုလတ္တံ့သော ပတ္ထာရနည်းလက်ာတို့၏ အဓိပ္ပါယ်ကိုလည်း ဤနည်းကို မှီး၍ ကြံလေ။

အတ္ထနယဆပ္ပစ္စယနည်း ပြီး၏။

----- x -----

## ဂဏဝိကပ္ပဆပ္ပစ္စယပတ္ထာရနည်း

ဂဏဝိကပ္ပဆပ္ပစ္စယပတ္ထာရနည်း၌ ၈၁-ခုသချ်ာကို တည်၍ ၈-ခုနှင့် ၄-ကြိမ်မြှောက်၊ ပတ္ထာရသချ်ာ ဖြစ်၏။ ဤသချ်ာသည် ပတ္ထာရအရှည်အလျားတည်း။ အနံကား ၁၆-ကွက်။ ၁-ခုသချ်ာကို တည်၍ ဝိကပ်သချ်ာနှင့် အစဉ်အတိုင်း မြှောက်၊ ဝိကပ်သချ်ာကား ဒွေး, ဆ, ဒွေး, ဒွေး၊ ဆ, ဒွေး, ဒွေး၊ ဆ, ဒွေး, ဒွေး, ဆ, ဒွေး၊ ဤသချ်ာ ၁၂-လုံးတည်း။

တတိယကွက်မှာ ပ-ဂိုဏ်း၊ သတ္တမကွက်မှာ ဇ-ဂိုဏ်း၊ ဧကာဒသမကွက်မှာ န-ဂိုဏ်း၊ ပန္နရသမကွက်မှာ ဇ-ဂိုဏ်း၊ ဒုတိယကွက်, ဆဋ္ဌမကွက်, ဒသမကွက်, စုဒ္ဒသမကွက်တို့မှာ ၆-ဂိုဏ်း၊ ကျန် ၈-ကွက်မှာ ဂရု, လဟု။ ၆-ဂိုဏ်းကား မ, ယ, ရ, တ, ဇ, ဘ၊ ဤ ၆-ဂိုဏ်းတည်း။ ဒွေးသောအ-၌ ဂ-မှာ သင်္ကရိဋ္ဌ်ဘာသာတည်း။ သ-ဟု ဖတ်။ မာဂဓဘာသာအားဖြင့် ဒသ-ဟူလို၏။

"တစ်ခုသချိုး၊ တည်ပြီးခါ၊ မြှောက်ပါ အစဉ်ကျ"ဟူသော ပိုဒ်၏အရ၌ မြှောက်ရန် သချိုအစဉ်ကို ပြလို၍ "ဒွေး-ဆ-ဒွေး-ဒွေး"ပိုဒ်ကို ဆိုသည်။ ၁၆-ကွက်မှာ အစဉ်မပျက်ပင် မြှောက်ရန်သချိုး ရှိသလော မေးရန်ရှိ၍ "ယ-ဇ-န-ဇာ"ပိုဒ်ကို ဆိုသည်။ ထို ၄-ဂိုဏ်းတို့၏ ရှိရာဌာနကို ပြလို၍ တိသတ္တေ'ကာ-ပိုဒ်ကို ဆိုသည်။

တိ-သတ္တ-ဧကာဒသ -ဟု ပဒစ္ဆေဒပြု။ ဒသ ၁-ခု၊ ဒသ ၁-ခု မယူလင့်။ ယဇနဇာ ဟူသော ရှေ့ပိုဒ်ကို ထောက်။ အထက်၌ ၎င်း ၄-ဂိုဏ်းတို့ အစဉ်ကို ပြခဲ့ပြီ။ ၆-ဂိုဏ်းတို့၏ ရှိရာ ဌာန၊ ဂရု,လဟုတို့၏ ရှိရာဌာနကို ပြပြန်လို၍ ဒွေးသောဒဂ-ပိုဒ်ကို ဆိုသည်။ ၆-ဂိုဏ်းတို့၏အမည်ကို ပြပြန်လို၍ ၆-ဂိုဏ်းမည်မှာ ပိုဒ်ကို ဆိုသည်။ ဝတ္တပထျာကို ပထျာဝတ္တ ဟု ပြန်။

ဒုဂုဏာ-ဟူရာ၌လည်း သသ်ကရိုင်ဘာသာတည်း။ ဒွိ-ဟု ဖတ်လေ။ သရ၊ မာဂဓ-ဘာသာအားဖြင့် ဒွိဂုဏာ-ဟူလို၏။ တုတု -ဟူရာ၌ တရိ တရိ-ဟု ဖတ်။ တိတိ-ဟူလို၏။ ဤကား ဝိကပ်ပုံ။ ဤဝိကပ်ပုံကို ကြည့်၍ ပတ္ထာရဖြန့်လေ။

## ဥဒ္ဒိဋ္ဌနည်း

ဥဒ္ဒိဋ္ဌနည်း၌ အာဂန္တေ'ကကို အာဂန္တု+ဧက-ဟု ပဒစ္ဆေဒပြု။ အတ္ထဝိကပ္ပနည်းက ကဲ့သို့ ပဋိလောမအားဖြင့် မြှောက်၍ နုတ်။ "ယ-ဇာ-န-ဇာ၊ ကွက်ရောက်ရာ၊ လွှတ်ပါလေ ကုန်လင့်"ဟူသော ဒုတိယပိုဒ်၊ "နမတ္ထုဂါထာ၊ ဂိုဏ်း၌သာ၊ နုတ်ပါအစဉ်သင့်"ဟူသော တတိယ ပိုဒ်အရဖြင့် အဆုံးမှ အစတိုင်အောင် ပြသည်-ဟု အတ္ထာပန္နအားဖြင့် သိရာ၏။ အဝသေသ-ဟူရာ၌ နမတ္ထုဂါထာမှ တပါးသော ဂါထာတို့၌လည်း နမတ္ထုဂါထာနှင့်အတူ သိလေဟူလို။

## နဋ္ဌနည်း

နဋ္ဌနည်း၌ အနုလောမအားဖြင့် မြှောက်၍ နုတ်၊ အကြွင်းကို အတ္ထဝိကပ္ပနည်းနှင့် တူစွာသိရာ၏။ အတ္ထကြိယာနည်းတွင် ရသည်သချိုး၊ ပေါင်းလေးပါ-ဟူရာ၌ အတန့်သချိုး ကို အဋ္ဌနှင့် မြှောက်သည် ၁-ကြိမ်၊ ၄-ခုနှင့် မြှောက်သည် ၁-ကြိမ်၊ ပေါင်း ၁၂-ခု၊ ကျန် ၄-ခုနှင့် ၁၆-ဖြစ်၏။ ထို့ကြောင့် အတန့်သချိုကို တည်၍ ၁၆-ခု မြှောက်လျှင် အက္ခရာပေါင်း ဖြစ်၏။ တွက်၍ ရသည့်သချိုတို့ကို ပေါင်းလျှင်လည်း အက္ခရာပေါင်း ဖြစ်၏။

ပတ္ထာရပုံကို ရှု၍ အနုမာနအားဖြင့် သိရာ၏။ ဉာဏ်စွမ်းထုတ်၍ အဟုတ်အဟတ် ကြံကြကုန်။ အတန့်သချိုး သုံးသိန်းသုံးသောင်းတစ်ထောင်ခုနစ်ရာခုနစ်ဆယ့်ခြောက်ခု

(၃,၃၁,၇၇၆) ကို တည်၍။ ဝါ၊ သော-သတ်-သတ်-အစ်-တု-တု-သချာကို တည်၊ အတန့်သချာနှင့် မြှောက်လျှင် ရှေးအက္ခရာ ၅၃,ဝ၈,၄၁၆-ဖြစ်၏။ ဝါ၊ "သော-ဇက်-ဇယာ-အဌာ-သုည-တိ-ပဥ္စ"အက္ခရာ ဖြစ်၏။ ၎င်း ၅၃,ဝ၈,၄၁၆။

ရှေ့အက္ခရာကို ဝါ၊ "သော၊ ဇက်၊ ဇယာ၊ အဌာ၊ သုည၊ တိ၊ ပဥ္စ"အက္ခရာကို ၃-ခု မြှောက်လျှင် နောက်အက္ခရာ ၁,ဝ၆,၁၆,၈၃၂-ဖြစ်၏။ ဝါ၊ ဒွေး, တြိယာ, အဌာ, ဆေ'က, ဆ, သုည, ဧက-အက္ခရာဖြစ်၏။ ဆေ'က-ကို ဆ+ဧက-ဟု ပဒစ္ဆေဒပြု။

နောက်အက္ခရာကို ၂-ခုစားလျှင်လည်း ဝါ-ဒွေး-တြိယာ၊ အဌာ-ဆေ'က၊ ဆ-သုည၊ ဧက-အက္ခရာကို ၂-ခုစားလျှင်လည်း ရှေးအက္ခရာဖြစ်၏။ ဝါ၊ သော၊ ဇက်၊ ဇယာ၊ အဌာ၊ သုည၊ တိ၊ ပဥ္စ-အက္ခရာ ဖြစ်၏။ နောက်အက္ခရာ (၁ဝ၆,၁၆,၈၃၂)ကို နုတ်လျှင်—

ဝါ-ဒွေး-တြိယာ၊ဒွယာ-သတ္တ၊ အဌ်-သုည၊ ပဥ္စ-ဂရု-ကို နုတ်လျှင် လဟု ၅၅,၂၉,၆ဝဝ-ဖြစ်၏။ ဝါ၊ သုည-သုညာ၊ ဆဌာ-နဝ၊ ဒွေး-ပဥ္စ၊ ပဥ္စ-လဟု-ဖြစ်၏။ ၎င်းအက္ခရာတွင် ၎င်းလဟုကို နုတ်လျှင် ဒွေ၊ တြိယာ၊ ဒွယာ၊ သတ္တ၊ အဌ်၊ သုည၊ ပဥ္စ၊ ဂရု ဖြစ်၏။

၎င်း ဂရု, လဟု ၂-ပါးကို ရောလျှင်လည်း ဒွေ-တြိယာ၊ အဌာ-ဆေ'က၊ ဆ-သုည၊ ဧက-အက္ခရာဖြစ်၏။ ၎င်းအက္ခရာတွင် ၎င်းနောက် ဂရုကို ရောလျှင် မတြာ ၁,၅၇,ဝ၄,ဝ၆၄-ဖြစ်၏။ ဝါ-ဓော-ဆ-သညာ၊ ဇယာ-သုည၊ သတ်-ပဥ္စ၊ ဧက-မတြာဖြစ်၏။

၎င်းမတြာတွင် နောက်အက္ခရာကို နုတ်၊ နောက်ဂရု ကျန်၏။ နောက်ဂရုကို နုတ်၊ နောက်အက္ခရာ ကျန်၏။ ၎င်းမတြာတွင် ဂရု ၂-ကြိမ် နုတ်၊ လဟု ကျန်၏။ ၎င်းဂရုကို ဒွေနှင့် မြှောက်၊ လဟု ရော၊ မတြာ ဖြစ်၏။

## ဂဏာဝိကပ္ပကြိယာနည်း

ဤဂဏာဝိကပ္ပကြိယာနည်း၌ ဂရု, လဟု ၂-ထပ်၊ အက္ခရာ ၂-ထပ်၊ မတြာ ၂-ကြိမ်သာ၊ ဂရု,လဟု ၂-ထပ်၊ အက္ခရာ ၂-ထပ် ရှိကြသည်မှာ ပတ္ထာရသချာ အနံ-၁၆၊ အလျား ၃,၃၁,၇၂၆-တန့်တွင် ဂိုဏ်းရ အက္ခရာ ဂရု,လဟုတို့ကို ရေတွက်လျှင် ရှေးအက္ခရာ၊ ရှေးဂရု, လဟု ဖြစ်၏။

၁-ဂိုဏ်း, ၁-ဂိုဏ်းလျှင် အက္ခရာ ၃-လုံး, ၃-လုံးစီ ဖြစ်၍ ကြွင်း ၈-ဂိုဏ်းက ရသင့်သည့်အက္ခရာ၊ ဂရု, လဟု, မတြာတို့ကို ရေတွက်လျှင် နောက်အက္ခရာ, နောက်ဂရု, လဟု ဖြစ်၏၊ မတြာပေါင်း ဖြစ်၏။ ထို့ကြောင့် အတန့်သချာကို တည်၍ အက္ခရာ ၃၂-လုံးနှင့်

## ဂဏန်းသချာနည်း

ဂဏန်းသချာနည်း၌ ပတ္ထာရ-ကအတိုင်း ၁-ခုသချာက စ၍ သချာစဉ်အတိုင်း သောဠသမကွက်တိုင်အောင် မြှောက်။ ဂဏအဒ္ဓနည်းတွင် သုံးဆယ် အသဘုသ်-ဟူရာ၌ သုံးဆယ်ဥသဘ-ဟူလို၍ "ဂဏအင်္ဂါ၊ ရှေးနည်းသာ"ဟူရာ၌ အတ္ထနယဆပ္ပစ္စယနည်း၌ အတ္ထ အဒ္ဓါနည်းကဲ့သို့ လက်သစ်,ထွာကစ၍ ပဋိလောမ တွက်လေ-ဟူလို၏။

ဂဏဝိကပ္ပဆပ္ပစ္စယနည်း ပြီး၏။

----- x -----

## ဝဏ္ဏဝုတ္တိဆပ္ပစ္စယပတ္ထာရနည်း

ဝဏ္ဏဝုတ္တိဆပ္ပစ္စယပတ္ထာရနည်း၌ ၃၂-ခုသချာကို အင်္ဂနှင့် ၉-ကြိမ် မြှောက်။ ဒွေး-နော-ပဥ္စ၊ ဇယ-တိကာ၊ နော-နဝါ၊ အဌာ-ဗျည်း-အဌသချာ ဖြစ်၏။ ဤကား ပတ္ထာရ အလျားတည်း။ အနံကား ၃၂-ကွက်၊ ၈-လုံးဘွဲ့ဂါထာ ၄-ပါဒကို ရည်၍ ၈-ကွက်စီ တန့်၊ ၁-ခုက စ၍ ဗာတ္တိံသမကွက်တိုင်အောင် ဒွေးနှင့်ချည်း မြှောက်၊ ဒွိဂုဏ-ဟူရာ၌ ဒွိ-ဟု ဖတ်၊ ဒွိ-ဟူလို၏။ (သကင္ကဘာသာလို့ ရသတည်း။) ဤမှ နောက်ကို သိသာ၏။

## ဥဒ္ဒိဋ္ဌနည်း

ဥဒ္ဒိဋ္ဌနည်း၌— လိုသော ဂါထာ၊ အောက်၌သာ၊ သချာ ရသမျှ။
နှစ်ခုချည်းသာ၊ တိုးပြန်ခါ၊ ပေါင်းပါ လဟုက။
တစ်ခုလောင်းခါ၊ ပေါင်းသချာ၊ ပြပါ ဥဒ္ဒိဋ္ဌ။ ။

ဟု ဆိုသောကြောင့် ပဌမအတန့်ဂါထာကို ထုတ်၍ အစက အဆုံးတိုင်အောင် ၂-ခု, ၂-ခု တိုး၍ ရေးပြီးသော် လဟုအောက်၌ ရှိသောသချာကို ပေါင်းယူရကား လဟု-မပါ၍ သချာ မရ၊ အာဂန္တုက ၁-ခုလောင်း၍ ဤဂါထာ ၁-တန့်မှာ ရှိ၏-ဟု သိရာ၏။

- ဒုတိယဂါထာ အစ လ ၁-လုံးနှင့် ဂရုချည်းရှိရကား လဟုအောက် သချာ ၁-ခုတွင် အာဂန္တုက ၁-ခုလောင်း၍ ၂-တန့်မှာ ရှိ၏။

- တတိယဂါထာ အစ ဂရုနောင် လဟု ၁-လုံးနှင့် ဂရုချည်းရှိရကား လဟုအောက် ၂-ခုသင်္ချာတွင် အာဂန္တုက ၁-ခုလောင်း၍ ၃-တန့်မှာ ရှိ၏။
- စတုတ္ထဂါထာအစ လဟု ၂-ခုနှင့် ဂရုချည်းရှိရကား လ-အောက် ၁-ခုသင်္ချာ, ၂-ခု သင်္ချာကို ပေါင်း၊ အာဂန္တုက ၁-ခုလောင်း၍ ၄-တန့်မှာ ရှိ၏-ဟု သိရ၏။
- ပဥ္စမဂါထာအစ ဂ ၂-လုံးနောင် လ ၁-လုံးနှင့် ဂရုချည်းရှိရကား လ-အောက် ၄-ခု သင်္ချာတွင် အာဂန္တုက ၁-ခုလောင်း၍ ၅-တန့်မှာ ရှိ၏-ဟု သိရ၏။
- ဆဋ္ဌမဂါထာအစ လ-နောင် ဂ, ၎င်းနောင် လ ၁-လုံးနှင့် ဂရုချည်းရှိရကား လ-အောက် ၁-ခုသင်္ချာ, ၄-ခုသင်္ချာပေါင်းတွင် အာဂန္တုက ၁-ခုလောင်း၍ ၆-တန့်မှာ ရှိ၏-ဟု သိရာ၏။
- သတ္တမဂါထာအစ ဂ ၁-လုံးနောင် လ ၂-လုံးနှင့် ဂရုချည်းရှိရကား လ-အောက် ၂-ခုသင်္ချာ, ၄-ခုသင်္ချာ၊ ပေါင်း ၆-ခုသင်္ချာတွင် အာဂန္တုက ၁-ခုလောင်း၍ ၇-တန့်မှာ ရှိ၏-ဟု သိရာ၏။
- အဋ္ဌမဂါထာအစ လ ၃-လုံးနောင် ဂရုချည်းရှိရကား လ-အောက် ၁-ခုသင်္ချာ, ၂-ခု သင်္ချာ, ၄-ခုသင်္ချာ၊ ပေါင်း ၇-ခုသင်္ချာတွင် အာဂန္တုက ၁-ခုလောင်း၍ ၈-တန့်မှာ ရှိ၏။ ဤမှ နောက်ကို ရိပ်မိလောက်ပြီ။

၁၆-တန့်ရှိသော ဂါထာတွင် အစ လ ၄-လုံးနောင် ဂရုချည်းရှိရကား ၁-ခုသင်္ချာ, ၂-ခုသင်္ချာ, ၄-ခုသင်္ချာ, ၈-ခုသင်္ချာကို ပေါင်း၍ ပေါင်း ၁၅-ခုသင်္ချာတွင် အာဂန္တုက ၁-ခု လောင်း၍ ၁၆-တန့်မှာ ရှိ၏-ဟု သိရာ၏။

"ဂဏဝိကပ္ပါ၊ အထဝါ၊ တူစွာမှတ်လေကြ"ဟူသော ပိုဒ်၏အရမှာ ဂဏဝိကပ္ပ ဆပ္ပစ္စယနည်း၌ ဥဒ္ဒိဋ္ဌနည်းကဲ့သို့ ယူလေ-ဟူလို၏။ ယူဟန်ကား—

ပဌမအတန့်ဂါထာကို သိလိုမူ အာဂန္တုက ၁-ခု တည်၊ ၂-ခု မြှောက်၊ ဇာတ္တိသကွက် မှာ ဂရုဖြစ်၍ ၁-ခု နုတ်။ ၎င်းနည်း ဒွေးနှင့်ချည်း ပဌမကွက်တိုင်အောင် မြှောက်၍ ၁-ခု, ၁-ခုနုတ်လျှင် ၁-ခုကြွင်းကို ရှု၍ ၁-တန့်မှာ ရှိ၏-ဟု သိရာ၏။

ဒုတိယတန့်ဂါထာကို သိလိုမူ အာဂန္တုက ၁-ခု တည်၊ ၂-ခု မြှောက်၍ ပဋိလောမ နုတ်မြဲ နုတ်၊ ပဌမကွက်မှာ ၂-ခုမြှောက်၍ ရသောသင်္ချာကို လဟုဖြစ်၍ မနုတ်ရသော ကြောင့် ၂-ခုသင်္ချာကို ရှု၍ ၂-တန့်မှာ ရှိ၏-ဟု သိရာ၏။

တတိယတန့်ဂါထာကို သိလိုမူ ပဋိလောမ မြှောက်မြဲ မြှောက်၊ နုတ်မြဲ နုတ်၊ ဒုတိယကွက်သို့ ရောက်လျှင် ၂-ခုသချာမှာ လဟုဖြစ်၍ မနုတ်ရ။ ၁-တန့်ဒွေးနှင့် မြှောက်၊ ပဥ္စမကွက်မှာ ဂရုဖြစ်၍ ၁-ခု နုတ်၊ အကျန် ၃-ခုကို ရှု၍ ၃-တန့်မှာ ရှိ၏-ဟု သိရာ၏။

စတုတ္ထအတန့်ဂါထာ၌ ဒုတိယ, ပဥ္စမကွက်တို့မှာ လဟုရှိရကား ဒုတိယကွက်၌ မြှောက်သော ၂-ခုသချာတွင် မနုတ်ဘဲ ပဥ္စမ ၂-ခုနှင့် မြှောက်၍ မနုတ်ဘဲ ၄-ခုသချာကို ရှု၍ ၄-တန့်မှာ ရှိ၏-ဟု သိရာ၏။ ရိပ်မိလောက်ပြီ။ နောက်ကို ဤနည်းချည်း မှတ်။

## နဋ္ဌနည်း

နဋ္ဌနည်း၌လည်း ဥဒ္ဒိဋ္ဌနည်းနှင့် မထူးပြီ။ အနုလောမအားဖြင့် စားသည်သာ။ ဥဒ္ဒိဋ္ဌနည်းမှာ လဟုကို ပေါင်းသောနည်း ၁-နည်း, မြှောက်၍ နုတ်သောနည်း ၁-နည်း, ၂-နည်းအတူပင်။ ၂-နည်းမှာလည်း လဟုကို ပေါင်းသောနည်း ၁-နည်း, အတန့်ကို တည်၍ စားပြီးလျှင် အကြွင်းကို ရှု၍ ဂ, လ-တို့ကို မှတ်သောနည်း ၁-နည်း၊ ၂-နည်းအတူပင်။ ဤသို့ အသေအချာမှတ်။

## ဂရုကြိယာနည်း

ဂရုကြိယာနည်း၌ အတန့်သချာကို တည်၍ ဒွေးနှင့် မြှောက်လျှင် ဂရု, လဟုပေါင်း ဖြစ်၏။ အတန့်သချာကို တည်၍ ၃-ခုမြှောက်လျှင် မတြာပေါင်း ဖြစ်၏။

တစ်နည်း ဂရုကို ၂-ခုမြှောက်၍ လဟုရောလျှင် မတြာပေါင်း ဖြစ်၏။ ဂရု, လဟုပေါင်းတွင် ဂရုကို နုတ်လျှင် လဟုကျန်၏။ လဟုနုတ်လျှင် ဂရုကျန်၏။ မတြာပေါင်းတွင် လဟုပေါင်းကို နုတ်လျှင် ဂရုကျန်၏။ ၎င်းကို နုတ်လျှင် လဟု ကျန်၏။ ဂရုနှင့် လဟု သချာတူ။ ဂရု, လဟုပေါင်းသည် အက္ခရာပေါင်းနှင့် တူ၏။ မတြာပေါင်းတွင် ဂရုကို နုတ်လျှင် လဟု ကျန်၏။ လဟုကို နုတ်လျှင် ဂရုကျန်၏။ ဤနည်းလည်း ရှေးပတ္ထာရတို့၌ ဂရုကြိယနည်းအတိုင်းပင်။ ရိပ်မိလောက်ပြီ၊ သိလောက်ပြီဖြစ်၍ မဆိုသတည်း။ ဝုတ္တသချာ၌လည်း သိသာပြီ။

## ဝုတ္တသဒ္ဒါနည်း

ဝုတ္တအဒ္ဓါနည်း၌ "ဇက်-ဗျည်း-နဝ၊ သတ္တ-အဋ္ဌာ၊ ရသချာ ယူဇနာ မယုတ်"ဟူရာ၌ တပါးသချာတို့ကဲ့သို့ ပဋိလောမဆိုသည်မှာ ဂါဝုတ်, ဥသဘတို့နှင့်တကွ အစဉ်မပျက်

ရေတွက်လွယ်စေခြင်းငှာ အနုလောမအားဖြင့် ဆိုသည်။ အသဘုသ်ကား ရေးနည်းတူ။ ဥသဘ-ဟု ဖြန့်။ ယူဇနာသချာကို တည်၊ ၃၀-စား၊ အကြွင်း ရက်။ လဒ်ကို ၁၂-ခု စား၊ အကြွင်း လ၊ လဒ်ကား နှစ် ဖြစ်၏။ (ဝုတ္တိဝဏ္ဏ-ကို ဝဏ္ဏဝုတ္တိ-ဟု ဖြန့်။)

**ပတ္ထာရသံပေါက်လက်ာ၏ အဓိပ္ပါယတ္ထ နာတိသံခေပနာတိဝိတ္ထာရနိဒ္ဒေသနယကား ဤတွင် ပြီး၏။**

## အတ္ထနယဆပ္ပစ္စယနည်း

ဤသို့ ပြဆိုအပ်ခဲ့ပြီးသော ဥဒ္ဒေသ, နိဒ္ဒေသနယအစဉ်တို့ဖြင့် ဉာဏ်မသက်ဝင်နိုင်သေးသော ဗာလသောတုဇနတို့အား ကြံစည်နိုင်းညှိ သိသာလွယ်အောင် အကျယ်ပြဦးအံ့။ ထို ၃-ပါးကုန်သော ပတ္ထာရနည်းတို့တွင် အတ္ထနယဆပ္ပစ္စယနည်းကို ပြုလိုကုန်သောသူတို့သည် ပဌမပဒ၌ ရသော ၃-နက်တို့တွင် တဿီလတ္ထ-ကို တ၊ တဒ္ဓမ္မတ္ထ-ကို ဒ္ဓ၊ တဿာစုကာရိအတ္ထ-ကို ဿာ-ဟူ၍ မှတ်။

ဒုတိယပဒ၌ ရအပ်သော ၈-နက်တို့တွင် ပရပက္ခ၌ ရူပကတ္ထကို ရူ၊ သဒိသတ္ထကို သ၊ ဥပမတ္ထကို ဥ၊ သမုပေက္ခတ္ထကို မု-ဟူ၍ မှတ်။ သကပက္ခ၌ ရူပကတ္ထကို ပ၊ သဒိသတ္ထကို ဒိ၊ ဥပမတ္ထကို မာ၊ သမုပေက္ခတ္ထကို က္ခာ-ဟူ၍ မှတ်။

တတိယဝိကပ်၌ ရအပ်သော ၈-နက်တို့တွင်လည်း ရူပကတ္ထကို ရူပ၊ သဒိသတ္ထကို သ-စသည်ဖြင့် ဒုတိယဝိကပ်၌ကဲ့သို့ ပရပက္ခ, သကပက္ခ-တို့ကို မှတ်၍ ဝိကပ်ပုံရေး။ ဤကား ဝိကပ္ပဝီထိနိယမ = ဝိကပ်ကို မှတ်ရုံမျှသာ။ ပတ္ထာရ မဟုတ်သေး။

## ပတ္ထာရနည်း

ထို့နောင်မှ ပတ္ထာရဖြန့်လိုသောသူတို့သည် ရှေးဦးစွာ—

- ပဌမဝိကပ္ပဋ္ဌာန၌ ရအပ်သော ၃-နက်တို့ကို ၁၉၂-တန့် ပတ္ထာရဆုံးအောင် တ-ဒ္ဓ-ဿာ, တ-ဒ္ဓ-ဿာ-ဟူ၍ ၁-ကြိမ်စီ, ၁-ကြိမ်စီ ရေး။
- ဒုတိယဝိကပ္ပဋ္ဌာန၌ ရအပ်သော ၈-နက်တို့ကို ၁၉၂-တန့် ပတ္ထာရဆုံးအောင် "ရူ-ရူ-ရူ သ-သ-သ၊ ဥ-ဥ-ဥ၊ မု-မု-မု၊ ပ-ပ-ပ၊ ဒိ-ဒိ-ဒိ၊ မာ-မာ-မာ၊ က္ခာ-က္ခာ-က္ခာ"ဟူ၍ ၃-ကြိမ်စီ ရေး။

- တတိယဝိကပ္ပဌာနၶ ရအပ်သော ၈-နက်တို့ကိုလည်း ၁၉၂-တန့် ပတ္ထာရာဆုံးအောင် ရှ, ရှ-စသည်ဖြင့် ၁-လုံး, ၁-လုံးကို ၂၄-ကြိမ်စီ ရေး။

အကြင်အခါ သာ-က္ခာ-က္ခာ-ဟူသော အနက်သည် ဖြစ်လာ၏။ ထိုအခါ ပတ္ထာရာ ဖြန့်၍ ပြီး၏။ ထိုပတ္ထာရာသချာ၏ ဖြစ်သော အခြင်းအရာကိုကား ဤသို့ သိရာ၏။

- ပဌမဌာနၶ ၁-ကြိမ်စီ ပတ္ထာရာဆုံးအောင် ရေးအပ်သော အနက်သချာ ၁-ခုကို ၎င်း ပဌမဌာန ဝိကပ်သချာ ၃-ခုဖြင့် မြှောက်၊

- ဒုတိယဌာနၶ ရေးအပ်သော အနက် ၃-ခုဖြစ်၏။ ထိုဒုတိယဌာနၶ ရေးအပ်သော အနက် ၃-ခု သချာကို ၎င်းဒုတိယဌာနၶ ရအပ်သော ဝိကပ်သချာ ၈-ခု ဖြင့် မြှောက်၊

- တတိယဌာနၶ ရေးအပ်သော သချာ ၂၄-ခု ဖြစ်၏။ ထို ၂၄-ခုသချာကို တတိယဌာနၶ ရအပ်သော ဝိကပ်သချာ ၈-ခုဖြင့် မြှောက်သော် ပတ္ထာရာသချာ ၁၉၂-တန့် ဖြစ်၏။

တစ်နည်း ပတ္ထာရာသချာကို သိလိုမူ ဝိကပ္ပဌာန ၃-ခုတွင် ပဌမဌာန ဝိကပ်သချာ ၃-ခုကို တည်၊ ဒုတိယဌာန ဝိကပ်သချာ ၈-ခုဖြင့် မြှောက်၊ ၂၄-ခု ဖြစ်၏။ ၎င်း ၂၄-ခုကို တတိယဌာန ဝိကပ်သချာ ၈-ခုဖြင့် မြှောက်၊ ပတ္ထာရာသချာ ၁၉၂-တန့် ဖြစ်၏။ အနုလောမ မြှောက်သကဲ့သို့ ပဋိလောမလည်း မြှောက်ရာ၏။ နည်းတူပင်။ ။ ပတ္ထာရနည်း ပြီး၏။

## ဥဒ္ဒိဋ္ဌနည်း

ဥဒ္ဒိဋ္ဌနည်းကား ၁-တန့်, ၁-တန့်၌ ၃-ပုဒ်, ၃-ပုဒ်ကို ရည်၍ ၃-နက်, ၃-နက်စီ ရှိသောကြောင့် ပဌမပုဒ်က ဤအနက်ကို, ဒုတိယပုဒ်က ဤအနက်ကို, တတိယပုဒ်က ဤအနက်ကို ပေးသည်-ဟု အလိုရှိရာအနက်ကို မှတ်၍ ထိုအနက်သည် ၁၉၂-တန့်တွင် အဘယ်အတန့်၌ ရှိလေသနည်း-ပြပါဟူမူ မေးအပ်သော အတန့်၌ရှိသော အက္ခရာ ၃-လုံးကို မှတ်။

ပဌမအတန့်၌ရှိသော အက္ခရာ ၃-လုံးကို မှတ်၊ ပဌမအတန့်၌ ရောက်သော အနက်ကို မေးမူ တ, ရှ, ရှ အက္ခရာ ၃-လုံးကို မှတ်၍ အာဂန္တုက ၁-ခု တည်၊ ပဋိလောမအားဖြင့် တတိယဝိကပ် ၈-နက်နှင့် မြှောက်၊ ၈-ခု ဖြစ်၏။ ၎င်းတတိယဝိကပ်တွင် မေးအပ်သော ရှ၏အောက်၌ သ, ဥ, မု, ပ, ဒိ, မာ, က္ခာ-အက္ခရာ ၇-လုံးရှိရကား ၇-ခု နုတ်၊ ၁-ခု ကြွင်း၏။

တဖန် ဒုတိယဝိကပ္ပဌာန ၈-နက်ဖြင့် မြှောက်၊ ၈-ခု ဖြစ်၏။ ၎င်းဒုတိယဝိကပ်တွင် မေးအပ်သော ရှ၏အောက်၌ သ-စသော အက္ခရာ ၇-လုံးရှိရကား ၇-ခု နုတ်၊ ၁-ခု ကြွင်း

ပြန်၏။ တဖန် ပဌမဝိကပ္ပဌာန ၃-နက်ဖြင့် မြှောက်၊ ၃-ခု ဖြစ်၏။ မေးအပ်သော တအက္ခရာ၏အောက်၌ ဒွ, သာ အက္ခရာ ၂-လုံးရှိရကား ၂-ခုနုတ်၊ ၁-ခုကြွင်း၏။ ထိုအကြွင်း ၁-ခုကို ရှု၍ မေးအပ်သော တ, ရူ, ရူ-ဟူသော အက္ခရာ ၃-လုံးသည် ၁-တန့်မှာ ရှိ၏။ ဝါ၊ အစဖြစ်သော ပဌမတန့်မှာ ရှိ၏-ဟု ဖြေ။

ဒုတိယတန့်၌ရှိသော အနက်ကို မေးမူ ဒွ, ရူ, ရူ အက္ခရာ ၃-လုံးကို မှတ်၍ အာဂန္တုက ၁-ခု တည်မြဲ တည်၊ ပဋိလောမအားဖြင့် မြှောက်မြဲ မြှောက်၍ နုတ်မြဲ နုတ်၊ ပဌမဝိကပ်သို့ ရောက်သောကာလ မေးအပ်သော ဒွအက္ခရာ၏ အောက်၌ သာအက္ခရာ ၁-လုံးသာရှိရကား ၃-ခုမြှောက်၍ရသော ၃-ခုသင်္ချာတွင် ၁-ခု နုတ်၊ ၂-ခု ကြွင်း၏။ အကြွင်း ၂-ခုကို ရှု၍ မေးအပ်သော ဒွ, ရူ, ရူ-ဟူသော အက္ခရာ ၃-လုံးသည် ၂-တန့်မှာ ရှိ၏။ ဝါ၊ ၂-ခုမြှောက်သော ဒုတိယတန့်မှာ ရှိ၏-ဟု ဖြေ။

တတိယတန့်၌ ရောက်သောအနက်ကို မေးမူ သာ,ရူ, ရူ အက္ခရာ ၃-လုံးကို မှတ်။ အာဂန္တုက တည်မြဲတည်၊ ပဋိလောမအားဖြင့် မြှောက်မြဲ မြှောက်၍ နုတ်မြဲ နုတ်။ ပဌမဝိကပ်၌ ရောက်သောကာလ မေးအပ်သော သာအက္ခရာ၏အောက်၌ အက္ခရာ မရှိရကား မနုတ်ရ။ ၃-ခုမြှောက်၍ ရသောသင်္ချာအတိုင်း မေးအပ်သော သာ, ရူ, ရူ-ဟူသော အက္ခရာ ၃-လုံးသည် ၃-တန့်မှာ ရှိ၏။ ဝါ၊ ၃-ခုမြှောက်သော တတိယတန့်မှာ ရှိ၏-ဟု ဖြေ။

ဤနည်းဖြင့် မေးသော် အက္ခရာကို မှတ်၍ မေးသော အက္ခရာအောက်၌ရှိသော အက္ခရာကို ရှု၍ နုတ်။ အောက်၌တည်သော အက္ခရာမရှိလျှင် မနုတ်ရ။ ဝိကပ်ပုံမှာ ကြည့်။ အဆုံးမှာ ပြအံ့။ သာ-က္ခာ-က္ခာ-ဟူသော အက္ခရာ ၃-လုံးသည် အဘယ်အတန့်မှာ ရှိသနည်း-ပြပါဟူမူ အာဂန္တုက ၁-ခု တည်၊ တတိယဝိကပ် ၈-ခုဖြင့် မြှောက်၊ ၈-ခု ဖြစ်၏။

ငင်းတတိယဝိကပ်၌ မေးအပ်သော က္ခာ၏အောက်၌ အက္ခရာ မရှိရကား မနုတ်ရ။ ငင်း ၈-ခုကို ဒုတိယဌာနဝိကပ် ၈-ခုဖြင့် မြှောက်၊ ၆၄-ခုဖြစ်၏။ ငင်းဒုတိယဝိကပ်၌ မေးအပ်သော က္ခာ၏အောက်၌ အက္ခရာ မရှိရကား မနုတ်ရ။ ငင်း ၆၄-ခုကို ပဌမဌာန ၃-ဝိကပ်ဖြင့် မြှောက်၊ ၁၉၂-တန့် ဖြစ်၏။ ငင်းပဌမဝိကပ်၌ မေးအပ်သော သာ၏အောက်၌ အက္ခရာ မရှိရကား မနုတ်ရ။ ငင်း ၁၉၂-ခု သင်္ချာအတိုင်း မေးအပ်သော သာ, က္ခာ, က္ခာ-ဟူသော အက္ခရာ ၃-လုံးသည် ၁၉၂-တန့်မှာ ရှိ၏-ဟု ဖြေ။

ဥဒ္ဒိဋ္ဌနည်း ပြီး၏။

## နဋ္ဌနည်း

နဋ္ဌနည်းကား ဤမည်သော အတန့်၌ရှိသော အနက်ကား အဘယ်အနက်နည်း- ဟု မေးသော် မေးအပ်သော ဥဒ္ဒိဋ္ဌသချာကို တည်၊ ပဌမဝိကပ္ပဌာန ၈-နက်ဖြင့် စား၊ ၁-ခု ကြွင်းမူ ခ္မ၊ ၃-ခုကြွင်းမူ ဿာ-ဟု မှတ်၍ ထား။ မစားလောက်သော် သုညတက်၊ ထိုသုညပင် လဒ် မည်၏။ မစားလောက်သော် သချာပင် အကြွင်း မည်၏။ အကြွင်းရှိသော် လဒ်သို့ ၁-ခုတက်၊ ဤ၌ အကြွင်း ၁-ခုရှိလျှင်လည်း ၁-ခုပင် တက်။ ၂-ခု, ၃-ခု- စသည်ရှိလျှင်လည်း ၁-ခုပင် တက်-ဟူလို၏။

ဒုတိယဌာနဝိကပ် ၈-နက်ဖြင့် စား၊

| | | | |
|---|---|---|---|
| ၁-ခုကြွင်းမူ ရှု၊ | ၂-ခုကြွင်းမူ သ၊ | ၃-ခုကြွင်းမူ ဉ၊ | ၄-ခုကြွင်းမူ မှ၊ |
| ၅-ခုကြွင်းမူ ပ၊ | ၆-ခုကြွင်းမူ ဒိ၊ | ၇-ခုကြွင်းမူ မာ၊ | သုဉ်းမူ ကွာ- |

ဟု မှတ်၍ ထား။ ၎င်းနည်း တတိယဌာနဝိကပ် ၈-နက်ဖြင့် စား၊

| | | | |
|---|---|---|---|
| ၁-ခု ကြွင်းမူ ရှု၊ | ၂-ခုကြွင်းမူ သ၊ | ၃-ခုကြွင်းမူ ဉ၊ | ၄-ခုကြွင်းမူ မှ၊ |
| ၅-ခုကြွင်းမူ ပ၊ | ၆-ခုကြွင်းမူ ဒိ၊ | ၇-ခုကြွင်းမူ မာ၊ | သုဉ်းမူ ကွာ - |

ဟု မှတ်၍ ဤနည်းမျှ ခန့်သော အတန့်၌ ပျောက်သော အနက်ကား ဤအနက်ပင်တည်း- ဟု ပြအပ်၏။

ပြဟန်ကား ပဌမအတန့်တွင် အနက်ပျောက်ခဲ့၏။ ထိုပျောက်သော အနက်ကား အဘယ်အနက်နည်း-ဟု မေးသော် မေးအပ်သော အတန့်သချာ ၁-ခုကို တည်၊ ပဌမ- ဝိကပ္ပဌာန ၃-နက်ဖြင့် စား၊ မစားလောက်သောကြောင့် လဒ်သုဉ်းရကား စားခြေအထက် သုညတက်၊ ထိုသုညပင် လဒ်မည်၏။ ၃-ခု မစားလောက်သော် ၁-ခုသချာပင် ၁-ခုကြွင်း မည်သောကြောင့် တ-ဟု မှတ်၍ထား။ အကြွင်းရှိသော် လဒ်သို့ ၁-ခုတက်-ဟူရကား ထို ၁-ခုကို အထက်လဒ်သို့ တက်။ ထိုလဒ် ၁-ခုကို ဒုတိယဝိကပ္ပဌာန ၈-နက်ဖြင့် စား၊ မစား လောက်ရကား စားခြေအထက် သုညတက်၊ ထိုသုညပင် လဒ်မည်၏။ ၈-ခု မစားလောက် ရကား ၁-ခုကြွင်းမည်သောကြောင့် ရှု-ဟု မှတ်၍ ထား။ အကြွင်းရှိသောကြောင့် လဒ်သို့ ၁-ခုတက်၊ ထိုလဒ် ၁-ခုကို တတိယဝိကပ္ပဌာန ၈-နက်ဖြင့် စား၊ မစားလောက်ရကား ၁-ခု ကြွင်းမည်သောကြောင့် ရှု-ဟု မှတ်၍ ၁-ခုသော အတန့်၌ပျောက်သော အနက်ကား တ, ရှု, ရှု-တည်းဟု ဖြေအပ်၏။

ဤနည်းကို မှီ၍ ၂-တန့်, ၃-တန့်-စသည်တို့ကို တွက်လေ။ အလယ် ၉၇-တန့်တွင် အနက်ပျောက်ခဲ့၏။ အဘယ်အနက်နည်းမေးမူ ၉၇-တန့်ကို တည်၊ ပဌမဝိကပ္ပဋ္ဌာန ၃-နက်ဖြင့် စား၊ ၁-ခုကြွင်းရကား တ-ဟု မှတ်၍ထား။ အကြွင်းရှိသောကြောင့် လဒ် ၃၂-ခုသို့ ၁-ခုတက် ၃၃-ဖြစ်၏။ ၎င်း ၃၃-ခုကို ဒုတိယဝိကပ္ပဋ္ဌာန ၈-နက်ဖြင့် စား၊ ၁-ခုကြွင်းရကား ရှ-ဟု မှတ်၍ထား။ အကြွင်းရှိသောကြောင့် လဒ် ၄-ခုသို့ ၁-ခုတက်၊ ၅-ခု ဖြစ်၏။ ၎င်း ၅-ခုကို တတိယဝိကပ္ပဋ္ဌာန ၈-နက်ဖြင့် စား၊ မစားလောက်သော် ၅-ခုသချာပင် အကြွင်းမည်ရကား ပ-ဟု မှတ်၍ ထား။ ၉၇-တန့်၌ ပျောက်သောအနက်ကား တ, ရှ, ပ-တည်းဟု ဖြေအပ်၏။

အဆုံး ၁၉၂-တန့်တွင် အနက်ပျောက်ခဲ့၏။ အဘယ်အနက်နည်း-ဟု မေးမူ ၁၉၂-တန့်ကို တည်၊ ပဌမဝိကပ္ပဋ္ဌာန ၃-နက်ဖြင့် စား၊ သုဉ်းရကား သာ-ဟု မှတ်၍ထား။ လဒ် ၆၄-ခုကို ဒုတိယဝိကပ္ပဋ္ဌာန ၈-နက်ဖြင့် စား၊ သုဉ်းရကား က္ခာ-ဟု မှတ်၍ထား။ လဒ် ၈-ခုကို တတိယဝိကပ္ပဋ္ဌာန ၈-နက်ဖြင့် စား၊ သုဉ်းရကား က္ခာ-ဟု မှတ်၍ထား။ ၁၉၂-တန့်၌ ပျောက်သောအနက်ကား သာ, က္ခာ, က္ခာ-တည်းဟု ဖြေအပ်၏။ ။ နဋ္ဌနည်း ပြီး၏။

## အတ္ထကြိယာနည်း

အတ္ထကြိယာနည်းကား တ, ရှ, ရှ-အစရှိသော အက္ခရာတို့တွင် တ,ဒ္ဓ,သာ-ဟူသော အက္ခရာ ၃-လုံးတို့က တ-ပေါင်း မည်မျှ၊ ဒ္ဓ-ပေါင်း မည်မျှ၊ သာ-ပေါင်း မည်မျှရှိသနည်းဟူမူ အတန့်သချာ ၁၉၂-ခုကို တည်၊ ၃-ခု စား၊ လဒ် ၆၄-ခု ရသည်ကို ရှု၍ တ ၆၄-လုံး၊ ဒ္ဓ ၆၄-လုံး၊ သာ ၆၄-လုံးရှိ၏-ဟု ဖြေ။

ရှ, သ, ဥ, မု, ပ, ဒိ, မာ, က္ခာ-တို့ကား အဘယ်မျှ ရှိသနည်းဟူမူ အတန့်သချာ ၁၉၂-ကို တည်၊ ရှ-စသော အက္ခရာတို့သည် ၂-ဌာနဖြစ်၍ ဝါ၊ ၂-ဝိကပ်ဖြစ်၍ ၂-ခုမြှောက်၊ ၎င်းရှ-စသော အက္ခရာ ၈-လုံးဖြစ်၍ ၈-ခုနှင့် စား၊ လဒ် ၄၈-ခု ရသည်ကို ရှု၍ ရှ, သ, ဥ, မု, ပ, ဒိ, မာ, က္ခာ-အက္ခရာ ၈-လုံးက ၄၈-စီ ရ၏-ဟု ဖြေ။

တ၏သချာ ၆၄-ခုကို ၃-ခု မြှောက်၊ ၁၉၂-ခုဖြစ်၏။ ရှ၏သချာ ၄၈-ခုကို ၈-ခု မြှောက်၊ ၃၈၄-ခု ဖြစ်၏။ ၂-ခုကို ပေါင်းသော် ၁၉၂-တန့်တွင်ရှိသော အက္ခရာပေါင်း ဖြစ်၏။ ဝါ၊ ၅၇၆-အက္ခရာပေါင်း ဖြစ်၏။

အတန့်သချာကို တည်၍ မြှောက်ပုံ, နုတ်ပုံ၊ အက္ခရာ, ဂရု, လဟု, မတြာဖြစ်ပုံတို့ကို အောက်နိဒ္ဒေသနယ-က ပြဆိုခဲ့ပြီ။

ဝိနာ ဝဏ္ဏေဟိ မတ္တာ ဂါ၊ ဝိနာ ဝဏ္ဏာ ဂရူဟိ တု။
ဝိနာ လဟူဟိ ဂရဝေါ၊ ဒလေ ပထျာဒိနော မတာ။ ။

ဟူသော ဝုတ္တောဒယ၊ ဒုတိယပရိစ္ဆေဒ၊ ဩသာနဂါထာ(၄၅)ကို နှလုံးကြပ်ကြပ်သွင်း။

ပထျာဒိနော၊ ပထျာ-အစရှိသော ဂါထာ၏။ ဒလေ၊ ပုဗ္ဗမှု, အပရမှု ၂-ပါး၌။ မတ္တာ၊ မတြာသင်္ချာကို။ ဝဏ္ဏေဟိ၊ အက္ခရာသင်္ချာတို့ဖြင့်။ ဝိနာ၊ ကြဉ်၍။ ဝါ၊ နုတ်၍။ ဝါ၊ ဂရုတို့ကို။ မတာ၊ သိအပ်ကုန်၏။ ဟိ၊ ထိုမှတပါး။ မတ္တာ၊ မတြာသင်္ချာတို့ကို။ ဂရူဟိ၊ ဂရုသင်္ချာတို့ဖြင့်။ ဝိနာ၊ ၍။ ဝါ၊ နုတ်၍။ ဝဏ္ဏာ၊ အက္ခရာသင်္ချာတို့ကို။ မတာ၊ သိအပ်ကုန်၏။ ဝဏ္ဏော၊ အက္ခရာသင်္ချာတို့ကို။ ဂရဝေါ ဂရူဟိ၊ ဂရုတို့ဖြင့်။ ဝိနာ၊ ကြဉ်၍။ ဝါ၊ နုတ်၍။ လဟူနိ၊ လဟုသင်္ချာတို့ကို။ မတာ၊ သိအပ်ကုန်၏။ တစ်နည်းကား မတ္တာ၊ မတြာသင်္ချာတို့ကို။ ဂရူဟိ၊ ဂရုတို့ဖြင့်။ ဒလေ၊ ၂-ကြိမ်။ ဝိနာ၊ ကြဉ်၍။ ဝါ၊ နုတ်၍။ လဟူနိ၊ လဟုသင်္ချာတို့ကို။ မတာ၊ သိအပ်ကုန်၏။

မတြာယူပုဟန်မှာ ဝိကပ်သင်္ချာတို့တွင် "ဿာ, ရှူ, သ, က္ခာ-တို့၏ သင်္ချာကို ပေါင်း၍ ၂-ခု မြှောက်၊ တ, ဒွ, သ, ဥ, မု, ပ, ဒိ-တို့၏ အက္ခရာသင်္ချာနှင့် ရော၊ မတြာပေါင်း ၇၈၄-ခု ဖြစ်၏။ အတန့်သင်္ချာကို တည်၍ ၃-ခုမြှောက်လျှင် အက္ခရာပေါင်း ဖြစ်၏"စသောနည်းကို အထက်နိဒ္ဒေသ-က ပြဆိုခဲ့ပြီ။ ။ အတ္ထကြိယာနည်း ပြီး၏။

## အတ္ထသင်္ချာနည်း

အတ္ထသင်္ချာနည်းကား ပတ္ထာရသင်္ချာနည်းတွင်ရသော ဝိကပ်အစဉ်အတိုင်း မြှောက်၊ ၁၉၂-နက်ဖြစ်ခြင်းသည်ပင် အတ္ထသင်္ချာနည်း မည်၏။ အနက်ကို ရေတွက်သည်-ဟူလို။ အတ္ထသင်္ချာနည်း ပြီး၏။

## အတ္ထအဒ္ဓါနည်း

အတ္ထအဒ္ဓါနည်းကား ၁၉၂-နက်အစဉ်တွင် အက္ခရာ ၁-လုံး, ၁-လုံးကို လက် ၁-သစ်စီ၊ ထိုအက္ခရာတို့၏ အကြားအကြားကိုလည်း လက် ၁-သစ်စီ ဖြန့်၍ လက် ၂-သစ်, ၂-သစ်ခန့် အကွက်ကို သား၍ရေး။ ထို့ကြောင့် ပတ္ထာရသင်္ချာကို ၂-ခု မြှောက်၊ အစအက္ခရာအထက် လက် ၁-သစ်ခွဲ, အဆုံးအက္ခရာအောက် လက် ၁-သစ်ခွဲ၊ ၂-ခုပေါင်း လက် ၁-သစ်ခန့် အက္ခရာမှ အပဖြစ်၍ ၁-ခု နုတ်၊ ၃၈၃-လက်သစ် ဖြစ်၏။

၃၈၃-လက်သစ်ကို တည်၊ ၁၂-လက်သစ်နှင့် စား၊ အကျန် ၁၁-လက်သစ်ကို မှတ်၍ထား၊ လဒ် ၃၁-ခုကား ထွာဖြစ်၏။ ၎င်း ၃၁-ထွာကို တည်၊ ၂-ခု စား၊ အကျန်ကို ၁-ထွာ မှတ်၍ထား၊ လဒ် ၁၅-ခုကား တောင် ဖြစ်၏။ ၎င်း ၁၅-တောင်ကို တည်၊ ၂-ခု စား၊ အကျန် ၁-တောင်ကို မှတ်၍ထား၊ လဒ် ၂-ခုကား တာဖြစ်၏။ ထိုသချာတို့ကို ပေါင်း၍ အတ္တနယအဓွန့်ကား ၂-တာ, ၁-တောင်, ၁-ထွာ, ၁၁-လက်သစ် အရှည်ရှိ၏။

သင်္ချဝ ဒွိဂုဏေ'ကူနာ၊ ဝိတ္ထာရာ'ယာမသမ္ဘဝါ။
ဝုတ္တာဿ'ဒ္ဓ'န္တရာနဋ္ဌ၊ ဂရုလာနံ စ အင်္ဂုလံ။ ။

ဟူသော ဝုတ္တောဒယ၊ ပဉ္စမပရိစ္ဆေဒ၊ ဩသာသနဂါထာ(၁၃၄)ကို ကြပ်ကြပ်နှလုံးသွင်း။

သင်္ချဝ၊ ပတ္ထာရသချာကိုသာလျှင်။ ဒွိဂုဏ၊ ၂-ခုဖြင့် မြှောက်။ ဧကူနာ၊ ၁-ခုကို နုတ်။ ဂရုလာနံ စ၊ ဂရု,လဟုတို့၏လည်းကောင်း။ အန္တရာနဋ္ဌ၊ ဂရု,လဟုတို့၏ အကြားတို့၏ လည်းကောင်း။ အင်္ဂုလံ၊ လက် ၁-သစ်, လက် ၁-သစ်ကို။ ကတွာ၊ ပြု၍။ ဝိတ္ထာရာ'ယာမ-သမ္ဘဝါ၊ အလျား,အနံဖြင့် သင့်သော။ ဝုတ္တဿ၊ ဂါထာ၏။ အဒ္ဓါ၊ အဓွန့်သချာပမာဏကို။ ဥဉ္ဈာ၊ သိရာ၏။ ။ အတ္တနယအဒ္ဓါနည်း ပြီး၏။

အတ္တနယဆပ္ပစ္စယနည်း ပြီး၏။

----- x -----

## ဂဏဝိကပ္ပဆပ္ပစ္စယနည်း

ဂဏဝိကပ္ပဆပ္ပစ္စယနည်းကား ပတ္ထာရဖြန့်လိုသောသူသည်—

- ပဌမဌာန၌ ဂ, လ-အက္ခရာ ၂-လုံးကို ဂ,လ၊ ဂ,လ-စသည်ဖြင့် ၁-ကြိမ်စီ ပတ္ထာရဆုံးအောင် ရေး။
- ဒုတိယဌာန၌ မ, ယ, ရ, တ, ဇ, ဘ-ဟူသော ၆-ဂိုဏ်းကို မ, မ, ယ, ယ-စသည်ဖြင့် ၂-ကြိမ်စီ ပတ္ထာရဆုံးအောင် ရေး။
- တတိယဌာန၌ ယဂိုဏ်း ၁-ခုကို ပတ္ထာရဆုံးအောင်ရေး။
- စတုတ္ထဌာန၌ ဂ, လ ၂-လုံးကို ၁၂-ကြိမ်စီ ပတ္ထာရဆုံးအောင်ရေး။
- ပဉ္စမဌာန၌ ဂ, လ ၂-လုံးကို ၂၄-ကြိမ်စီ ပတ္ထာရဆုံးအောင်ရေး။
- ဆဋ္ဌဌာန၌ ပြဆိုအပ်ခဲ့ပြီးသော ၆-ဂိုဏ်းကို ၄၈-ကြိမ်စီ ပတ္ထာရဆုံးအောင်ရေး။

- သတ္တမဌာနၕ ဇ-ဂိုဏ်း ၁-ခုကို ပတ္ထာရာဆုံးအောင်ရေး။
- အဋ္ဌမဌာနၕ ဂ, လ ၂-လုံးကို ၂၀၈-ကြိမ်စီ ပတ္ထာရာဆုံးအောင်ရေး။
- နဝမဌာနၕ ဂ, လ ၂-လုံးကို ၅၇၆-ကြိမ်စီ ပတ္ထာရာဆုံးအောင်ရေး။
- ဒသမဌာနၕ ၆-ဂိုဏ်းကို ၁,၁၅၂-ကြိမ်စီ ပတ္ထာရာဆုံးအောင်ရေး။
- ဧကာဒသမဌာနၕ န-ဂိုဏ်း ၁-ခုကို ပတ္ထာရာဆုံးအောင်ရေး။
- ဒွါဒသမဌာနၕ ဂ, လ ၂-ခုကို ၆,၉၁၂-ကြိမ်စီ ပတ္ထာရာဆုံးအောင်ရေး။
- တေရသမဌာနၕ ဂ, လ ၂-လုံးကို ၁၃,၈၁၂-ကြိမ်စီ ပတ္ထာရာဆုံးအောင်ရေး။
- စုဒ္ဒသမဌာနၕ ၆-ဂိုဏ်းကို ၂၇,၆၄၈-ကြိမ်စီ ပတ္ထာရာဆုံးအောင်ရေး။
- ပန္နရသမဌာနၕ ဇ-ဂိုဏ်း ၁-ခုကို ပတ္ထာရာဆုံးအောင်ရေး။
- သောဠသမဌာနၕ ဂ, လ ၂-လုံးကို ၁,၆၅,၈၈၈-ကြိမ်စီ ပတ္ထာရာဆုံးအောင်ရေး။

အကြင်အခါ လ, ဘ, ယ, လ၊ လ, ဘ, ဇ, လ၊ လ, ဘ, န, လ၊ လ, ဘ, ဇ, လ-ဟူသော ဂါထာသည် ဖြစ်၏။ ထိုအခါ ပတ္ထာရဖြန့်၍ ပြီး၏။

## ပတ္ထာရာနည်း

ထိုပတ္ထာရာသင်္ချာ၏ ဖြစ်ဟန်ကို ဤသို့ သိရာ၏။

- ပဌမဌာနၕ ၁-ကြိမ်စီ ပတ္ထာရာဆုံးအောင် ရေးအပ်သော ၁-ခုသင်္ချာကို ပဌမဌာနၕ ရအပ်သော ၂-ခုသင်္ချာဖြင့် မြှောက်၊ ဒုတိယဌာနၕ ရေးအပ်သော ၂-ခု သင်္ချာ ဖြစ်၏။
- ထို ၂-ခုသင်္ချာကို ဒုတိယဌာနၕ ရေးအပ်သော ၆-ခုသင်္ချာဖြင့် မြှောက်၊ စတုတ္ထဌာနၕ ရေးအပ်သော ၁၂-ခု သင်္ချာ ဖြစ်၏။
- ထို ၁၂-ခုကို စတုတ္ထဌာနၕ ရအပ်သော ၂-ခုသင်္ချာဖြင့် မြှောက်၊ ပဉ္စမဌာနၕ ရေးအပ်သော ၂၄-ခု သင်္ချာ ဖြစ်၏။
- ထို ၂၄-ခုကို ပဉ္စမဌာနၕ ရအပ်သော ၂-ခုသင်္ချာဖြင့် မြှောက်၊ ဆဋ္ဌမဌာနၕ ရေးအပ်သော ၄၈-ခုသည် ဖြစ်၏။
- ထို ၄၈-ခုသင်္ချာကို ဆဋ္ဌဌာနၕ ရအပ်သော ၆-ခုသင်္ချာဖြင့် မြှောက်၊ အဋ္ဌမဌာနၕ ရေးအပ်သော ၂၈၈-ခု သင်္ချာ ဖြစ်၏။

- ထို ၂၈၈-ကို အဋ္ဌမဌာနၵ် ရအပ်သော ၂-ခုသချာဖြင့် မြှောက်၊ နဝမဌာနၵ် ရေးအပ်သော ၅၇၆-ခု သချာ ဖြစ်၏။
- ထို ၅၇၆-ခုသချာကို နဝမဌာနၵ် ရအပ်သော ၂-ခုသချာဖြင့် မြှောက်၊ ဒသမဌာနၵ် ရေးအပ်သော ၁,၁၅၂-ခု သချာ ဖြစ်၏။
- ထို ၁,၁၅၂-ခုသချာကို ဒသမဌာနၵ် ရအပ်သော ၆-ခုသချာဖြင့် မြှောက်၊ ဧကဒသမဌာနၵ် ရေးအပ်သော ၆,၉၁၂-ခု သချာ ဖြစ်၏။
- ထို ၆,၉၁၂-ခုသချာကို ဧကဒသမဌာနၵ် ရအပ်သော ၂-ခုသချာဖြင့် မြှောက်၊ ဒွါဒသမဌာနၵ် ရေးအပ်သော ၁၃,၈၂၄-ခု သချာ ဖြစ်၏။
- ထို ၁၃,၈၂၄-ခုသချာကို ဒွါဒသမဌာနၵ် ရအပ်သော ၂-ခုသချာဖြင့် မြှောက်၊ တေရသမဌာနၵ် ရေးအပ်သော ၂၇,၆၄၈-ခု သချာ ဖြစ်၏။
- ထို ၂၇,၆၄၈-ခုသချာကို တေရသမဌာနၵ် ရေးအပ်သော ၆-ခုသချာဖြင့် မြှောက်၊ စုဒ္ဒသမဌာနၵ် ရေးအပ်သော ၁,၆၅,၈၈၈-ခု သချာ ဖြစ်၏။
- ထို ၁,၆၅,၈၈၈-ခု သချာကို စုဒ္ဒသမဌာနၵ် ရအပ်သော ၂-ခုသချာဖြင့် မြှောက်၊ ပတ္ထရာသချာ ၃,၃၁,၇၇၆-ခု သချာ ဖြစ်၏။ ဝါ၊ ယော-သတ်-သတ်-ဇက်-တု-တု-သချာ ဖြစ်၏။

တစ်နည်း ပတ္ထာရသချာကို သိလိုမူ ၁၆-ဌာနတိုင်၊

ပဋ္ဌမဌာနၵ် ရအပ်သော၂-ခုသချာကို တည်၊

ဒုတိယဌာန ၆-ဂိုဏ်းဖြင့် မြှောက်၊　　တဖန် တတိယဌာန ၂-ခုဖြင့် မြှောက်၊

တဖန် စတုတ္ထဌာန ၂-ခုဖြင့် မြှောက်၊　　တဖန် ပဉ္စမဌာန ၆-ဂိုဏ်းဖြင့် မြှောက်၊

တဖန် ဆဋ္ဌဌာန ၂-ခုဖြင့် မြှောက်၊　　တဖန် သတ္တမဌာန ၂-ခုဖြင့် မြှောက်၊

တဖန် အဋ္ဌမဌာန ၂-ခုဖြင့် မြှောက်၊　　တဖန် နဝမဌာန ၂-ခုဖြင့် မြှောက်၊

တဖန် ဒသမဌာန ၆-ဂိုဏ်းဖြင့် မြှောက်၊　　တဖန် ဧကဒသမဌာန ၂-ခုဖြင့် မြှောက်၊

တဖန် ဒွါဒသမဌာန ၂-ခုဖြင့် မြှောက်၊　　တဖန် တေရသမဌာန ၆-ဂိုဏ်းဖြင့် မြှောက်၊

တဖန် စုဒ္ဒသမဌာန ၂-ခုဖြင့် မြှောက်၊　　ပတ္ထရာသချာဖြစ်၏။

ပတ္ထရာနည်း ပြီး၏။

## ဥဒ္ဒိဋ္ဌနည်း

ဥဒ္ဒိဋ္ဌနည်းကား ၃,၃၁,၇၇၆-ခုသော ပတ္ထာရသချာ၌ရှိသော ဂါထာတို့တွင် အစ ဂရု-၁၊ ထို့နောင် မဂိုဏ်း၊ ထို့နောင် ယ-ဂိုဏ်း၊ ထို့နောင် ဂရု ၂-ခု။ ထို့နောင် မ-ဂိုဏ်း၊ ထို့နောင် ဇ-ဂိုဏ်း၊ ထို့နောင် ဂရု ၂-ခု။ ထို့နောင် မ-ဂိုဏ်း၊ ထို့နောင် န-ဂိုဏ်း၊ ထို့နောင် ဂရု ၂-ခု။ ထို့နောင် မ-ဂိုဏ်း၊ ထို့နောင် ဇ-ဂိုဏ်း၊ ထို့နောင် ဂရု ၁-ခုရှိသော ဂါထာသည် အဘယ်မျှလောက်သော အတန့်သချာ၌ ရောက်သနည်း-မေးမူ အာဂန္တုက ၁-ခု တည်၊ သောဠသမဌာန ၂-ခုဖြင့် မြှောက်၊

ဤယခုမေးအပ်သော ဂါထာ၏ သောဠသမဌာန၌ ဂရုဖြစ်ရကား ဂ၏အောက်၌ တည်သော လကို ရှု၍ ၁-ခု နုတ်၊ အကြွင်းကို စုဒ္ဒသမဌာန ၆-ဂိုဏ်းဖြင့် မြှောက်။

ဤယခုမေးသော ဂါထာ၏ စုဒ္ဒသမဌာန၌ မ-ဂိုဏ်းဖြစ်ရကား မ၏အောက်၌ တည်သော ယ, ရ စသည်ကို ရှု၍ ၅-ခု နုတ်၊ အကြွင်းကို တေရသမဌာန ၂-ခုဖြင့် မြှောက်။

ဤယခုမေးသော ဂါထာ၏ တေရသမဌာန၌ ဂရုဖြစ်ရကား ဂ၏အောက်၌ တည်သော လကို ရှု၍ ၁-ခု နုတ်၊ အကြွင်းကို ဒွါဒသမဌာန ၂-ခုဖြင့် မြှောက်။

ဤယခုမေးသော ဂါထာ၏ ဒွါဒသမဌာန၌ ဂရုဖြစ်ရကား ဂ၏အောက်၌ လကို ရှု၍ ၁-ခု နုတ်၊ အကြွင်းကို ဒွါဒသမဌာန ၆-ဂိုဏ်းဖြင့် မြှောက်။

ဤယခုမေးသော ဂါထာ၏ ဒသမဌာန၌ မ-ဂိုဏ်းဖြစ်ရကား မ၏အောက်၌ တည်သော ယ, ရ စသည်ကို ရှု၍ ၅-ခု နုတ်၊ အကြွင်းကို နဝမဌာန ၂-ခုဖြင့် မြှောက်။

ဤယခုမေးသော ဂါထာ၏ နဝမဌာန၌ ဂရုဖြစ်ရကား ဂ၏အောက်၌ လကို ရှု၍ ၁-ခု နုတ်၊ အကြွင်းကို အဋ္ဌမဌာန ၂-ခုဖြင့် မြှောက်။

ဤမေးသော ဂါထာ၏ အဋ္ဌမဌာန၌ ဂရုဖြစ်ရကား ဂ၏အောက်၌ လကို ရှု၍ ၁-ခု နုတ်၊ အကြွင်းကို ဆဋ္ဌဌာန ၆-ဂိုဏ်းဖြင့် မြှောက်။

ဤယခုမေးသော ဂါထာ၏ ဆဋ္ဌဌာန၌ မ-ဂိုဏ်းဖြစ်ရကား မ၏အောက်၌ ယ, ရ-စသည်ကို ရှု၍ ၅-ခု နုတ်၊ အကြွင်းကို ပဥ္စမဌာန ၂-ခုဖြင့် မြှောက်။

ဤယခုမေးသော ဂါထာ၏ ပဥ္စမဌာန၌ ဂရုဖြစ်ရကား ဂ၏အောက်၌ လကို ရှု၍ ၁-ခု နုတ်၊ အကြွင်းကို စတုတ္ထဌာန ၂-ခုဖြင့် မြှောက်။

ဤယခုမေးသော ဂါထာ၏ စတုတ္ထဌာနၵ ဂရုဖြစ်ရကား ဂ၏အောက်၌ လကို ရှု၍ ၁-ခု နုတ်၊ အကြွင်းကို ဒုတိယဌာန ၂-ခုဖြင့် မြှောက်။

ဤယခုမေးသော ဂါထာ၏ ဒုတိယဌာန၌ မ-ဂိုဏ်းဖြစ်ရကား မ၏အောက်၌ ယ,ရ စသည်ကို ရှု၍ ၅-ခု နုတ်၊ အကြွင်းကို ပဌမဌာန ၂-ခုဖြင့် မြှောက်။

ယခု မေးအပ်သောဂါထာ၏ ပဌမဌာန၌ ဂရုဖြစ်ရကား ဂ၏အောက်၌ လကို ရှု၍ ၁-ခု နုတ်၊ အကြွင်း ၁-ခု ကျန်၏။ ၎င်း ၁-ခုကျန်သချာကို ရှု၍ ဤယခုမေးအပ်သော ဂါထာသည် အစပဌမတန့်မှာ ရှိ၏-ဟု ပြအပ်၏။ ဒုတိယ, တတိယဂါထာ-စသည်တို့၌လည်း ဤနည်းကို မှီး၍ သိရာ၏။ ဤဝုတ္တောဒယကျမ်းဦးအစ—

**နမတ္ထု ဇနသန္တာန-တမသန္တာနဘေဒိနော။**
**ဓမ္မုဇ္ဇလန္တရုစိနော၊ မုနိန္ဒော'ဒိတရောစိနော။ ॥**

ဟူသော ဂါထာသည် ၃၃၁,၇၇၆-တန့်တွင် အဘယ်အတန့်၌ ရောက်သနည်း-ပြပါဟူမူ အာဂန္တုက ၁-ခု တည်၊ သောဠသမဌာန ၂-ခုဖြင့် မြှောက်။

ဤဂါထာ၏ သောဠသမဌာန၌ ဂရုဖြစ်ရကား ဂ၏အောက်၌တည်သော လကို ရှု၍ ၁-ခု နုတ်၊ အကြွင်း ၁-ခုကို စုဒ္ဒသမဌာန ၆-ခုဖြင့် မြှောက်။

ဤဂါထာ၏ စုဒ္ဒသမဌာန၌ မ-ဂိုဏ်းဖြစ်ရကား မ၏အောက်၌ တည်သော ယ, ရ စသည်ကို ရှု၍ ၅-ခု နုတ်၊ အကြွင်း ၁-ခုကို တေရသမဌာန ၂-ခုဖြင့် မြှောက်။

ဤဂါထာ၏ တေရသမဌာန၌ လဟုဖြစ်ရကား အောက်၌တည်သောအက္ခရာ မရှိသောကြောင့် မနုတ်ရ။ အကြွင်း ၂-ခုကို ဒွါဒသမဌာန ၂-ခုဖြင့် မြှောက်။

ဤဂါထာ၏ ဒွါဒသမဌာန၌ ၂-ခုဖြစ်ရကား ဂ-၏ အောက်၌တည်သော လဟု-ကို ရှု၍ ၁-ခု နုတ်၊ အကြွင်း ၃-ခုကို ဒသမဌာန ၆-ခုဖြင့် မြှောက်။

ဤဂါထာ၏ ဒသမဌာန၌ ရ-ဂိုဏ်းဖြစ်ရကား ရ၏အောက်၌တည်သော တ-စသည်ကို ရှု၍ ၃-ခု နုတ်၊ အကြွင်း ၁၅-ခုကို နဝမဌာန ၂-ခုဖြင့် မြှောက်။

ဤဂါထာ၏ နဝမဌာန၌ ဂရု-ဖြစ်ရကား ဂ၏အောက်၌တည်သော လကို ရှု၍ ၁-ခု နုတ်၊ အကြွင်း ၂၉-ခုကို အဋ္ဌမဌာန ၂-ခုဖြင့် မြှောက်။

ဤဂါထာ၏ အဋ္ဌမဌာန၌ ဂရု-ဖြစ်ရကား ဂ၏အောက်၌တည်သော လကို ရှု၍ ၁-ခု နုတ်၊ အကြွင်း ၅၇-ခုကို ဆဋ္ဌဌာန ၆-ခုဖြင့် မြှောက်။

ဤဂါထာ၏ ဆဋ္ဌဌာနၥ္ ယ-ဂိုဏ်း‌ဖြစ်ရကား ယ၏အောက်၌တည်သော ရ-စသည်ကို ရှု၍ ၄-ခု နုတ်၊ အကြွင်း ၃၃၈-ခုကို ပဥ္စမဌာန ၂-ခုဖြင့် မြှောက်။

ဤဂါထာ၏ ပဥ္စမဌာန၌ လဟု-ဖြစ်ရကား အောက်၌တည်သောအက္ခရာ မရှိသောကြောင့် မနုတ်ရ၊ အကြွင်း ၆၇၆-ခုကို စတုတ္ထဌာန ၂-ခုဖြင့် မြှောက်။

ဤဂါထာ၏ စတုတ္ထဌာန၌ လဟု-ဖြစ်ရကား အောက်၌တည်သောအက္ခရာ မရှိသောကြောင့် မနုတ်ရ။ အကြွင်း ၁၀,၃၅၂-ခုကို ဒုတိယဌာန ၆-ခုဖြင့် မြှောက်။

-ဤဂါထာ ဒုတိယဌာန၌ ဘဂိုဏ်း-ဖြစ်ရကား အောက်၌တည်သောအက္ခရာ မရှိသောကြောင့် မနုတ်ရ၊ အကြွင်း ၈,၁၁၂-ခုကို ပဌမဌာန ၂-ခုဖြင့် မြှောက်။

ဤဂါထာ၏ ပဌမဌာန၌ လဟု-ဖြစ်သောကြောင့် မနုတ်ဘဲ ၁၆,၂၂၄-ခုသော သင်္ချာကို ရှု၍။ ဝါ၊ ဇော, ဒွေး, ဒွေး, ဆ, ဧက သင်္ချာကို ရှု၍ ဤ"နမတ္ထုဇနသန္တာန"အစရှိသော ဝုတ္တောဒယကျမ်းဦးပဏာမ ပဌမဂါထာသည် ၁၆,၇၂၄-တန့်၌ ရှိ၏-ဟု ပြအပ်၏။ ဥဒ္ဒိဋ္ဌနည်း ပြီး၏။

## နဋ္ဌနည်း

နဋ္ဌနည်းကား ၃၃၁,၇၂၆-ခုသော ဂါထာတိုင်၊ ရှေးဦးအစ ပဌမ ၁-တန့်၌ရှိသော ဂါထာသည် ပျောက်ခဲ့၏။ ထိုပျောက်ခဲ့သော ဂါထာကား အဘယ်ဂါထာနည်းဟူမူ—

၁-ခုသော ဥဒ္ဒိဋ္ဌသင်္ချာကို တည်၊ ပဌမဌာန ၂-ခုဖြင့် စား၊ ၁-ခုကြွင်းမူ ဂ၊ သုဉ်းမူ လ-ဟု မှတ်၍ထား၊ ဤ၌ မစားလောက်သောကြောင့် လဒ် သုညတက်၍ ၁-ခုကြွင်း ဖြစ်ရကား ဂ-ဟု မှတ်၍ထား။ ၁-ခုကြွင်းဖြစ်၍ ၎င်း ၁-ခုသင်္ချာကို လဒ်သို့ တက်၊ ၎င်းလဒ် ၁-ခုကို ဒုတိယဌာန ၂-ခုဖြင့် စား၊ မစားလောက်သောကြောင့် လဒ် သုညတင်၍ ၁-ခု ကြွင်းပင်ဖြစ်ရကား မ-ဟု မှတ်၍ထား။ ၎င်း ၁-ခုကြွင်းကို လဒ်သို့ တက်။ တတိယဌာန၌ သင်္ချာ မရှိရကား မစားဘဲ ယ-ဟု မှတ်၍ထား။ ၎င်းလဒ် ၁-ခုကို စတုတ္ထဌာန ၂-ခုဖြင့် စား၊ မစားလောက်သောကြောင့် လဒ် သုညတင်၍ ၁-ခုကြွင်းပင်ဖြစ်ရကား ဂ-ဟု မှတ်၍ ထား။ ၎င်း ၁-ခုကြွင်းကို လဒ်သို့ တက်၊ ၎င်းလဒ် ၁-ခုကို ပဥ္စမဌာန ၂-ခုဖြင့် စား၊ မစား လောက်သောကြောင့် လဒ် သုညတင်၍ ၁-ခုကြွင်းပင် ဖြစ်ရကား ဂ-ဟု မှတ်၍ထား။ ၎င်း ၁-ခုကြွင်းကို လဒ်သို့ တက်၊ ၎င်းလဒ်ကို ဆဋ္ဌဌာန ၆-ခုဖြင့် စား၊ မစားလောက် သောကြောင့် လဒ် သုညတင်၍ ၁-ခုကြွင်းပင်ဖြစ်ရကား မ-ဟု မှတ်၍ထား။

ရှင်း ၁-ခုကြွင်းကို လဒ်သို့ တက်၊ သတ္တမဌာန၌ သချ်ာမရှိရကား ဇ-ဟု မှတ်၍ထား။ ရှင်းလဒ် ၁-ခုကို အဋ္ဌမဌာန ၂-ခုဖြင့် စား၊ မစားလောက်သောကြောင့် လဒ် သုညတင်၍ ၁-ခုကြွင်းပင် ဖြစ်ရကား ဂ-ဟု မှတ်၍ထား။

ရှင်း ၁-ခုကြွင်းကို လဒ်သို့ ၁-ခုတက်၊ ရှင်းလဒ် ၁-ခုကို နဝမဌာန ၂-ခုဖြင့် စား၊ မစားလောက်သောကြောင့် လဒ် သုညတင်၍ ၁-ခုကြွင်းပင် ဖြစ်ရကား ဂ-ဟု မှတ်၍ထား။ ရှင်း ၁-ခုကြွင်းကို လဒ်သို့ တက်၊ ရှင်း ၁-ခုကို ဒသမဌာန ၆-ခုဖြင့် စား၊ မစားလောက်သောကြောင့် လဒ် သုညတင်၍ ၁-ခုကြွင်းပင် ဖြစ်ရကား မ-ဟု မှတ်၍ထား။ ရှင်း ၁-ခုကြွင်းကို လဒ်သို့ တက်၊ ဧကာဒသမဌာန၌ သချ်ာမရှိရကား မစားဘဲ န-ဟု မှတ်၍ထား။ ရှင်းလဒ် ၁-ခုကို ဒွါဒသမဌာန ၂-ခုဖြင့် စား၊ မစားလောက်သောကြောင့် လဒ် သုညတင်၍ ၁-ခုကြွင်းပင်ဖြစ်ရကား ဂ-ဟု မှတ်၍ထား။

ရှင်း ၁-ခုကြွင်းကို လဒ်သို့ တက်၊ ရှင်းလဒ် ၁-ခုကို တေရသမဌာန ၂-ခုဖြင့် စား၊ မစားလောက်သောကြောင့် လဒ် သုညတင်၍ ၁-ခုကြွင်းပင်ဖြစ်ရကား ဂ-ဟု မှတ်၍ထား။

ရှင်း ၁-ခုကြွင်းကို လဒ်သို့ တက်၊ ရှင်းလဒ် ၁-ခုကို စုဒ္ဒသမဌာန ၆-ခုဖြင့် စား၊ မစားလောက်သောကြောင့် လဒ် သုညတင်၍ ၁-ခုကြွင်းပင် ဖြစ်ရကား မ-ဟု မှတ်၍ထား၊ ရှင်း ၁-ခုကြွင်းကို လဒ်သို့ တက်၊ ပန္နရသမဌာန၌ သချ်ာမရှိရကား မစားဘဲ လ-ဟု မှတ်၍ ထား။ ရှင်းလဒ် ၁-ခုကို သောဠသမဌာန ၂-ခုဖြင့် စား၊ မစားလောက်သောကြောင့် ၁-ခု ကြွင်းပင်ဖြစ်ရကား ဂ-ဟု မှတ်၍ ရှေးဦးအစ ပဌမအတန့်၌ ပျောက်သောဂါထာကား မှတ်အပ်သောအစဉ်ကို ရှု၍ ဂရု, မဂိုဏ်း, ယဂိုဏ်း, ဂရု ၂-ခု၊ မဂိုဏ်း, ဇဂိုဏ်း, ဂရု ၂-ခု၊ မဂိုဏ်း, နဂိုဏ်း, ဂရု ၂-ခု၊ မဂိုဏ်း, ဇဂိုဏ်း, ဂရု ၁-ခုတည်းရှိသော ဂါထာတည်း-ဟု ဖြေ။ ဒုတိယအတန့်-စသည်တို့၌လည်း ဤနည်းတွက်၍ ပြလေ။

၁၆,၂၂၄-တန့်၌ရှိသော ဂါထာသည် ပျောက်ခဲ့၏။ ထိုဂါထာကား အဘယ်နည်းဟူမူ ၁၆,၂၂၄-တန့်သော ဥဒ္ဒိဋ္ဌသချ်ာကို တည်၊ ပထမဌာန ၂-ခုဖြင့် စား၊ ၁-ခုကြွင်းမူ ဂ၊ သုဉ်းမူ လ-ဟု မှတ်။ ဤ၌ သုဉ်းရကား လဟု မှတ်၍ထား။ အကြွင်းမရှိရကား လဒ်သို့ မတက်ရ။ လဒ် ၈,၁၁၂-ခုကို ဒုတိယဌာန ၆-ခုဖြင့် စား၊ ၁-ခုကြွင်းမူ မ၊ ၂-ခုကြွင်းမူ ယ၊ ၃-ခုကြွင်းမူ ရ၊ ၄-ခုကြွင်းမူ တ၊ ၅-ခုကြွင်းမူ ဇ၊ သုဉ်းမူ ဘ-ဟု မှတ်။ ဤ၌ သုဉ်းရကား ဘ-ဟု မှတ်၍ထား။ နောက်ဂါထာလည်း နည်းတူမှတ်။

တတိယဌာန၌ တစ်ဂိုဏ်းတည်းသာဖြစ်သောကြောင့် သချ်ာမရှိရကား ယ-ဟု မှတ်၍ထား။ နောက်ကိုလည်း နည်းတူမှတ်။ လဒ် ၁,၃၅၂-ခုကို စတုတ္ထဌာန ၂-ခုဖြင့် စား၊ သုဉ်းရကား လ-ဟူ၍ မှတ်။ လဒ် ၆၇၆-ခုကို ပဥ္စမဌာန ၂-ခုဖြင့် စား၊ သုဉ်းရကား

လ-ဟု မှတ်၍ထား။ လဒ် ၆၇၆-ခုကို ပဉ္စမဌာန ၂-ခုဖြင့် စား၊ သုဉ်းရကား လ-ဟု မှတ်၍ထား။ လဒ် ၃၃၈-ခုကို ဆဋ္ဌဌာန ၆-ခုဖြင့် စား၊ ၂-ခုကြွင်းရကား ယဟု မှတ်၍ထား။

သတ္တမဌာန၌ ဇ-ဟု မှတ်၊ အကြွင်းရှိရကား လဒ်သို့ ၁-ခု တက်၊ လဒ် ၅၂-ခုကို ဆဋ္ဌဌာန ၂-ခုဖြင့် စား၊ ၁-ခုကြွင်းရကား ဂဟု မှတ်၍ ထား။ အကြွင်းရှိရကား လဒ်သို့ ၁-ခုတက်၊ လဒ် ၂၉-ခုကို နဝမဌာန ၂-ခုဖြင့် စား၊ ၁-ခုကြွင်းရကား ဂ-ဟု မှတ်၍ထား။ အကြွင်းရှိရကား လဒ်သို့ ၁-ခုတက်၊ လဒ် ၁၅-ခုကို ဒသမဌာန ၆-ခုဖြင့် စား၊ ၃-ခုကြွင်းရကား ရ-ဟု မှတ်၍ထား။ ဧကာဒသမဌာန၌ န-ဟု မှတ်။

အကြွင်းရှိရကား လဒ်သို့ ၁-ခု တက်၊ လဒ် ၃-ခုကို ဒွါဒသမဌာန ၂-ခုဖြင့် စား၊ ၁-ခု ကြွင်းရကား လ-ဟု မှတ်၍ထား။ အကြွင်းရှိရကား လဒ်သို့ ၁-ခု တက်၊ လဒ် ၂-ခုကို တေရသမဌာန ၂-ခုဖြင့် စား၊ သုဉ်းရကား လ-ဟု မှတ်၍ ထား၊ လဒ် ၁-ခုကို စုဒ္ဒသမဌာန ၆-ခုဖြင့် စား၊ မစားလောက်ရကား သုည တက်၊ ထိုသုညပင် လဒ် မည်၏။ မစားလောက် သောသချာပင် အကြွင်းမည်သောကြောင့် ၁-ခုကြွင်းရကား မ-ဟု မှတ်၍ ထား။

ပန္နရသမဌာန၌ ဇ-ဟု မှတ်၊ အကြွင်းရှိရကား သုညဖြစ်သော လဒ်သို့ ၁-ခု တက်၊ ထို ၁-ခုကို သောဠသမဌာန၌ ၂-ခုဖြင့် စား၊ မစားလောက်ရကား လဒ် သုညတင်၍ ထို ၁-ခုပင် အကြွင်းမည်သောကြောင့် ဂ-ဟု မှတ်၍ထား။ ၁၆,၂၂၄-တန့်၌ ပျောက်သော ဂါထာကား ဤဝုတ္တောဒယကျမ်းဦးအစ "**နမတ္ထု ဇနသန္တာန-တမသန္တာနဘေဒိနော**" အစ ရှိသော ဂါထာတည်း-ဟု ဖြေအပ်၏။ ဤမှတပါးသော ဂါထာတို့ကိုလည်း ဤနမတ္ထု ဂါထာကို မှီ၍ သိရာ၏။ ။ နဋ္ဌနည်း ပြီး၏။

## ဂဏကိရိယာနည်း

ဂဏကိရိယာနည်းကား ဂ, လတို့ကား မည်မျှရှိသည်၊ မ, ယ, ရ, တ, ဇ, ဘ- အက္ခရာတို့ကား မည်မျှရှိသည်-ဟု မေးမူ ၃၃၁,၇၇၆-ခုသော ပတ္ထာရသချာကို တည်၊ ဂ, လတို့၏ဌာန ၈-ဌာနဖြစ်၍ ၈-ခု မြှောက်၊ ဂ,လ ၂-ခုဖြစ်ရကား ၂-ခု စား၊ လဒ် ၁၃,၂၇,၁၀၄- ခုကို ရှု၍။ ဝါ၊ ဇော-သုည-ဇက်-သတ်-ဒွေး၊ တိ-ဇက်သချာကို ရှု၍ ဂ-ဤမျှရှိ၏။ လ- ဤမျှရှိ၏-ဟု ကြားအပ်၏။

မ-စသည်တို့၏ ဌာနကား ၄-ဌာနဖြစ်၍ ၄-ခု မြှောက်၊ မ, ယ-စသော အက္ခရာ ၆-လုံးဖြစ်၍ ၆-ခု စား၊ လဒ် ၂,၂၁,၁၈၄-ကို ရှု၍။ ဝါ၊ ဇော, အဌ်, ဇေ, ဇက်, ဒွေး, ဒွ သချာကို ရှု၍ မ-ဤမျှ၊ ရ-ဤမျှ၊ တ-ဤမျှ၊ ဘ-ဤမျှ-ဟု ကြားအပ်၏။

၎င်းလဒ် ၂၂၁,၁၄၄-တွင် ပတ္ထာရသချ်ာ ၃၃၁,၇၇၆-ကို ရော၍။ ဝါ၊ သော, သတ်, သတ်, ဇက်, တ္တ, တ္တ သချ်ာကို ရော၍ ၅၅၂,၉၆၀-သချ်ာကို ရှု၍။ ဝါ၊ ခန်း, သော, နော, ဒွေး, ဗျည်း, ပစ္စသချ်ာကို ရှု၍ ယ-ဤမျှ ရှိ၏-ဟု ကြားအပ်၏။

၎င်း ယ-အက္ခရာ၊ ရ-သချ်ာ ၅၅၂,၉၆၀-တွင် ဝါ၊ ခန်း, သော, နော, ဒွ, ဗျည်း, ပစ္စသချ်ာတွင် ပတ္ထာရသချ်ာ ၁-ကြိမ်ရောပြန်လျှင်၊ (ဝါ) သော, သတ်, သတ်, ဇက်, တ္တ, တ္တ သချ်ာကို ၁-ကြိမ်ရောပြန်လျှင် ၈၈၄,၇၃၆-ခု သချ်ာကို ရှု၍ ဝါ၊ ဆ (နှင့်) တိ, သတ်, ဇော, အဋ္ဌ, အဋ္ဌ သချ်ာကို ရှု၍ ရ-ဤမျှရှိ၏-ဟု ကြားအပ်၏။ နအက္ခရာမှာသော်ကား ၁-ဌာန သာဖြစ်၍ ပတ္ထာရသချ်ာအတိုင်းသာ မှတ်အပ်၏။ ဝါ၊ သော, သတ်, သတ်, ဇက်, တ္တ, တ္တ သချ်ာအတိုင်းသာ မှတ်အပ်၏။

ထိုအလုံးစုံသော သချ်ာကို ပေါင်း၍ အက္ခရာပေါင်း ၅,၃,၀၈,၄၁၆-ရှိ၏-ဟု ကြားအပ်၏။ ဝါ၊ သော, ဇက်, ဇယာ, အဌာ, သုည, တိ, ပစ္စ ရှိ၏-ဟု ကြားအပ်၏။ ထိုအက္ခရာသချ်ာပေါင်းကို ၁၆-ခု စား၍ လဒ်ပတ္ထာရသချ်ာနှင့်တူမူ ဝါ၊ သော, သတ်, သတ်, ဇက်, တ္တ, တ္တ သချ်ာနှင့်တူမူ၊ တစ်နည်း ပတ္ထာရသချ်ာကို ၁၆-ခု မြှောက်၍ ထိုအက္ခရာသချ်ာနှင့်တူမူ မှန်၏။

ဤနမတ္ထုဂါထာ၌ အက္ခရာ ၃၂-လုံး၊ ဂရု-၁၆၊ လဟု-၁၆၊ မတြာ-၄၈ ရှိ၏။ အက္ခရာတွင် ဂရုကို နုတ်မူ လဟု ကျန်၏။ လဟုကို နုတ်မူ ဂရု ကျန်၏။ ဂရု, လဟု သချ်ာတူ။ မတြာ ၄၈-ခုတွင် အက္ခရာကို နုတ်လျှင် ဂရု ကျန်၏။ ၎င်းနည်းတူ လဟု ကျန်၏။ မတြာတွင် ဂရု ၂-ကြိမ်နုတ်လျှင် လဟု ကျန်၏။ ဂရု-ကို ၂-ခု မြှောက်၍ လဟု-ရောလျှင် မတြာ ဖြစ်၏။ ဤသချ်ာကို နမတ္ထုဂါထာ၌သာ မှတ်အပ်၏။ ပတ္ထာရဂါထာ-ဟူသမျှတို့၌ မမှတ်အပ်။

ပတ္ထာရဂါထာ-ဟူသမျှ၌ မတြာ, အက္ခရာ, ဂရု, လဟု အဘယ်မျှရသနည်းမေးမူ မ၏သချ်ာကို ၆-ခုမြှောက်၊ ယ-ရ-တတို့၏ သချ်ာကို ပေါင်း၍ ၅-ခု မြှောက်၊ ဇ-ဘတို့၏ သချ်ာကို ပေါင်း၍ ၄-ခုမြှောက်၊ န၏သချ်ာကို ၃-ခု မြှောက်၊ ဂ၏သချ်ာကို ၂-ခု မြှောက်၊ လ၏သချ်ာနှင့်တကွ အလုံးစုံကို ပေါင်းလျှင် မတြာပေါင်း ၁၅-ကုဋေနှင့် ၇,၀၄၀,၀၆၄-ခု ဖြစ်၏။ ဝါ၊ ဇော-ဆ, သုညာဇယာ-သုည-သုညသတ်-ပစ္စ-ဧက-မတြာ ဖြစ်၏။ မ, ယ, ရ, တ, ဇ, ဘ, န၊ ၇-ဂိုဏ်းတို့၏သချ်ာကို ပေါင်း၍ ၃-ခု မြှောက်၊ ဂ,လတို့၏ သချ်ာနှင့်ရော၍ အက္ခရာပေါင်း ၁-ကုဋေနှင့် ၆,၁၆,၈၃၂-ဖြစ်၏။ ဝါ၊ ဒွေ-တြိယာ-အဋ္ဌာ-ဆော်က-ဆ-သုည-ဧက အက္ခရာ ဖြစ်၏။

တစ်နည်း ပတ္ထာရသချာကို အက္ခရာအတန့်သချာ ၃၂-ခုဖြင့် မြှောက်၊ အက္ခရာပေါင်း ဖြစ်၏။ မ၏သချာကို ၃-ခု မြှောက်၊ ယ,ရ,တတို့၏ သချာကို ၂-ခု မြှောက်၊ ဇ,ဘ,ဂ-တို့၏ သချာနှင့် ရော၊ ဂရု-ပေါင်းဖြစ်၏။

ဝါ၊ ဒွေး၊ တြိန္နာ၊ ဒွရာ-သတ္တ၊ အင်၊ သုည၊ ပဥ္စ (၅,၀၈၇,၂၃၂) ဂရုဖြစ်၏။ ဇ,ဘတို့၏ သချာကို ၂-ခု မြှောက်၊ န၏သချာကို ၃-ခု မြှောက်၊ ယ, ရ, တ, လတို့၏ သချာနှင့်ရော၍ လဟု-ပေါင်း ဖြစ်၏။ ဝါ၊ သုည သုညာ-ဆဋ္ဌာ-နဝ-ဒွေး-ပဥ္စ-ပဥ္စ(၅၅၂၉,၆၀၀) လဟု ဖြစ်၏။ ဂဏကြိယာနည်း ပြီး၏။

ဂဏသချာနည်းသည် ပတ္ထာရနည်းနှင့် တူပြီ။ ။ ဂဏသချာနည်း ပြီး၏။

## ဂဏအဒ္ဓါနည်း

ဂဏအဒ္ဓါနည်းကား ၃,၃၁,၇၇၆-ဂါထာတို့တွင် ၁-ဂါထာ, ၁-ဂါထာကို လက် ၁-သစ် ပမာဏစီ ပြုအပ်၏။ ထိုဂါထာအကြား,အကြားကိုလည်း လက် ၁-သစ်ပမာဏကိုလည်း ပြုအပ်၏။ ထို့ကြောင့် ပတ္ထာရသချာကို တည်၊ ၂-ခု မြှောက်၊ ၁-ခု နုတ်၊ ၆,၆၇,၅၅၁-သချာသည် လက်သစ်ဖြစ်၏။

ထိုလက်သစ်သချာကို တည်၊ ၁၂-ခုဖြင့် စား၊ အကြွင်း လက် ၁၁-သစ်ကို မှတ်၍ ထား၊ လဒ် ၅၅,၂၉၅-ခု သချာသည် ထွာဖြစ်၏။ ထိုထွာသချာကို တည်၊ ၂-ခု စား၊ အကြွင်း ၁-ထွာကို မှတ်၍ထား၊ လဒ် ၂၇,၆၄၇-ခု သချာသည် တောင်ဖြစ်၏။ ထိုအတောင်သချာကို တည်၊ ၇-ခု စား၊ အကြွင်း ၄-တောင်ကို မှတ်၍ထား၊ လဒ် ၃,၉၄၉-ခုသည် တာဖြစ်၏။

ထိုတာသချာကို တည်၊ ၂၀-စား၊ အကြွင်း ၉-ကို တာ-ဟု မှတ်၍ထား၊ လဒ် ၁၉၇-ခုသချာသည် ဥသဘဖြစ်၏။ ထိုဥသဘသချာကို တည်၊ ၈၀-စား၊ အကြွင်း ၃၇-ဥသဘကို မှတ်၍ထား၊ လဒ် ၂-ခုသည် ဂါဝုတ် ဖြစ်၏။ ထိုအလုံးစုံကို ပေါင်း၍ ဂဏအဒ္ဓပမာဏသည် ၂-ဂါဝုတ်နှင့် ၃၇-ဥသဘ, ၉-တာ, ၄-တောင်, ၁-ထွာ, ၁၁-သစ်ရှိ၏။ ။ ဂဏအဒ္ဓါနည်း ပြီး၏။

ဂဏဝိကပ္ပဆပ္ပစ္စယနည်း ပြီး၏။

----- x -----

## ဝဏ္ဏဝုတ္တိဆပ္ပစ္စယနည်း

### ပတ္ထာရနည်း

ဝဏ္ဏဝုတ္တိဆပ္ပစ္စယနည်းကား နမတ္တုဂါထာ၏ အဋ္ဌကဒ္ဒရပါဒ၊ ဗာတ္တိံသဝဏ္ဏဖြစ်ရကား ရှေးဦးစွာ သဗ္ဗဂရုဂါထာကို ၃၂-ဂရု ရေးအပ်၏။ ထို့နောင် အစ ဂရု၏အောက်၌ လဟု ရေးအပ်၏။ ထိုလဟုနောက် ဂရုချည်း အထက်ကနည်း ရေးအပ်၏။ ဤနည်းဖြင့် ပတ္ထာရ ဆုံးအောင် ရေးလေ။ အကြင်အခါ သဗ္ဗလဟုကဂါထာသည် ဖြစ်၏။ ထိုအခါ ပတ္ထာရပြီး၏။

တစ်နည်း ဗာတ္တိံသဌာနတို့တွင်—

- ပဌမဌာန၌ ဂရု,လဟုတို့ကို ဂ, လ, ဂ, လ-စသည်ဖြင့် ၁-ကြိမ်စီ ပတ္ထာရဆုံးအောင်ရေး။
- ဒုတိယဌာန၌ ဂ, ဂ, လ, လ-စသည်ဖြင့် ၂-ကြိမ်စီ ပတ္ထာရဆုံးအောင်ရေး။
- တတိယဌာန၌ ဂ, ဂ, ဂ, ဂ၊ လ, လ, လ ,လ-စသည်တို့ဖြင့် ၄-ကြိမ်စီ ပတ္ထာရဆုံးအောင်ရေး။

ဤနည်းဖြင့် ဗာတ္တိံသဌာနတိုင်အောင် ၂-ဆ, ၂-ဆတက် တိုး၍ရေး။ အကြင်အခါ သဗ္ဗလဟုကဂါထာသည် ဖြစ်၏။ ထိုအခါ ပတ္ထာရ ဖြန့်၍ ပြီး၏။

> ပတ္ထာရေ သဗ္ဗဂေ ပါဒေ၊ ပုဗ္ဗဂါ'ဓော လွရေ သမာ။
> ပုဗ္ဗေ ဂရု တေ စ မိ'မေ၊ ကတ္တဗ္ဗာ ယာဝ သဗ္ဗလာ။ ။(ဂါထာ-၁၂၉)

ဟူသော ဆဋ္ဌပရိစ္ဆေဒဂါထာကို နှလုံးသွင်း။

ပတ္ထာရေ၊ ပတ္ထာရကို။ ကတေ၊ ပြုအပ်သည်ရှိသော်။ သဗ္ဗဂေ-သဗ္ဗဂေါ၊ အလုံးစုံသော ဂရုရှိသော။ ပါဒေ-ပါဒေါ၊ ပါဒကို။ ပဌမံ၊ ရှေးဦးစွာ။ ကတ္တဗ္ဗော၊ ပြုအပ်၏။ ဝါ၊ ပြုလေ။ ပုဗ္ဗဂါ၊ ရှေ့ဖြစ်သော ပတ္ထာရ ဂရုမှ။ အဓော၊ အောက်၌။ လော၊ လဟုကို။ ကတ္တဗ္ဗော၊ ပြုအပ်၏။ ဝါ၊ ပြုလေ။ အပရေ၊ လဟု၏ နောက်ဖြစ်သော ပတ္တရာအရေးတို့ကို။ သမာ၊ အထက်ပတ္ထာရအရေးနှင့်အမျှ။ ကတ္တဗ္ဗာ၊ ပြုအပ်၏။ ဝါ၊ ပြုလေ။ က္ကမေ တေ-တယော၊ ဤ ၃-ပါးကုန်သော အစီအရင်တို့ကို။ ယာဝ သဗ္ဗလာ၊ အလုံးစုံ လဟုရှိသော ဂါထာဖြစ်သည့်တိုင်အောင်။ ကတ္တဗ္ဗာ၊ ပြုအပ်ကုန်၏။ ဝါ၊ ပြုကြလေကုန်။

“မိမေ”၌ မ-ကား အာဂမ၊ ထိုပတ္ထာရသင်္ချာကို သိလိုမူ ဗာတ္တိံသဝဏ္ဏတို့၏ အောက်၌ အစဝဏ္ဏမှစ၍ အစဉ်အတိုင်း ဧက-စသော သင်္ချာကို ၂-ဆ, ၂-ဆတက်၍ ရေး၊ ထိုသင်္ချာ အလုံးစုံတို့ကို ပေါင်း၍ အာဂန္တုက ၁-ခုနှင့်တကွ ကုဋေ ၄၂၉-ကုဋေနှင့် ၄၉,၆၇,၂၉၆-ခု သင်္ချာဖြစ်၏။ ဝါ၊ ‘သော, နော, ဒွိက၊ သတ္တ, ဆဋ္ဌ၊ နော, ဇယာ၊ နဝ၊, ဒွေဇယ’သင်္ချာဖြစ်၏။ တစ်နည်း အဆုံးသင်္ချာကို ၂-ခု မြှောက်၍ ပတ္ထာရသင်္ချာကို သိအပ်၏။

တစ်နည်း ဝိကပ္ပဝိမိ၌ ရေးအပ်သော ၃၂-လုံးသော ဒွိသချာတိုင်၊ ပထမဒွိသချာကို တည်၊ တတိယဒွိသချာဖြင့် မြှောက်၊ ထိုနည်းတူ ဗာတ္တိံသမ ဒွိသချာတိုင် အစဉ်အတိုင်း မြှောက်၍ ပတ္ထာရသချာကို သိအပ်၏။

**"ကောဒိနုက္ကမေန'ကေ၊ ပုဗ္ဗာ'ဓော ဒွိဂုဏော လိခေ"**ဟူသော ဆဋ္ဌမပရိစ္ဆေဒ၊ ဥပမှု ဂါထာကို နှလုံးသွင်း။ ပုဗ္ဗာ၊ ရှေးဦးအစ နမတ္ထု-စသော အက္ခရာမှ။ အဓော၊ အောက်၌။ ကောဒိနုက္ကမေန၊ ၁-ခု, ၂-ခု, ၄-ခု, ၈-ခု-စသော အစဉ်ဖြင့်။ အင်္ကေ၊ သင်္ကေတပညတ် အမှတ်သချာတို့ကို။ ဒွိဂုဏော၊၂-ဆတက်, ၂-ခုဆတက်တို့ကို။ ကတွာ၊ ပြု၍။ လိခေ၊ ရေးရာ၏။ ။ ပတ္ထာရနည်း ပြီး၏။

## ဥဒ္ဒိဋ္ဌနည်း

ဥဒ္ဒိဋ္ဌနည်းကား ဤမည်သော ဂါထာသည် အဘယ်မျှသော အတန်၌ ရှိသနည်း မေးမူ မေးအပ်သော ဂါထာ၏ အောက်၌ အစဝဏ္ဏမှ စ၍ အစဉ်သဖြင့် ၈-စသည်ကို ၂-ဆ တက်၊ ၂-ဆတက်ရေး၍ လဟု-အောက်၌တည်သော သချာအားလုံးကို ပေါင်း၍ အာဂန္တုက ၁-ခုနှင့်တကွ ထိုသချာကို ရှု၍ ဤမည်သော ဂါထာသည် ဤမျှသော အတန်၌ ရှိ၏-ဟု ပြအပ်၏။

တစ်နည်း ဂဏာဝိကပ္ပဆပ္ပစ္စယနည်း၌ ဆိုအပ်ခဲ့ပြီးသော အစီအရင်ဖြင့် ဥဒ္ဒိဋ္ဌနည်း ကို ပြအပ်၏။ **"မိဿိတေဟိ လဟုဋ္ဌေဟိ၊ သေ'ကေဟု'ဒ္ဒိဋ္ဌကံ ဘဝေ"**ဟူသော ဆဋ္ဌမပရိစ္ဆေဒ၊ ဥပမှုဂါထာ(၁၃၁)ကို နှလုံးသွင်း။ သေကေဟိ၊ အာဂန္တုက ၁-ခုနှင့်တကွ ဖြစ်ကုန်သော။ လဟုဋ္ဌေဟိ၊ လဟုအက္ခရာ၏အရာ၌ တည်ကုန်သော။ မိဿိတေဟိ၊ ရောအပ်သော သချာ တို့ဖြင့်။ ဥဒ္ဒိဋ္ဌကံ၊ ဥဒ္ဒိဋ္ဌနည်းသည်။ ဘဝေ၊ ဖြစ်၏။

တစ်နည်းကား သေကေဟိ သေကေန၊ အာဂန္တုက ၁-ခုဖြင့် သေကေဟိကို သေကေန-ဟု ဝစန ဝိပ္ပလ္လာလ-ကြံ။ ဥဒ္ဒိဋ္ဌကံ၊ သဗ္ဗလဟုက ဥဒ္ဒိဋ္ဌနည်းသည်။ ဘဝေ၊ ၏။ (မိဿကေဟိ-ဟု ပါဌ်အချို့ရှိ၏။ အနက်အတူပင်။) ။ ဥဒ္ဒိဋ္ဌနည်း ပြီး၏။

## နဋ္ဌနည်း

နဋ္ဌနည်းကား ဤမျှခန့်သော အတန်၌ရှိသော ဂါထာသည် ပျောက်ခဲ့၏။ ထိုဂါထာ သည် အဘယ်နည်းဟူမူ မေးအပ်သော ဥဒ္ဒိဋ္ဌသချာကို တည်၊ ၂-ခုစား၊ ၁-ခုကြွင်းမူ ဂ၊ သုဉ်းမူ လ-ဟု မှတ်၍ထား၊ မစားလောက်သော် သုည တက်၊ ထိုသုညပင် လဒ်မည်၏။

မစားလောက်သော သချ်ာသည်ပင် အကြွင်းမည်၏။ အကြွင်းမရှိသော် လဒ်သို့ ၁-ခုတက်၍ ၂-ခုဖြင့် စားမြဲ စား၊ ဤနည်းဖြင့် ဗာတ္တိသအကွက်တိုင်အောင် စား၍ ရသော ဂရု, လဟု တို့ကို မှတ်ပြီးလျှင် ဤမျှလောက်သော အတန့်သချ်ာ၌ ပျောက်သောဂါထာကား ဤဂါထာ တည်း-ဟု ဖြေအပ်၏။

ဤနမတ္တုဂါထာကို ရေး၍ န၏အောက်၌ ၁၊ မ၏အောက်၌ ၂၊ တ္တု၏ အောက်၌ ၄၊ ဇ၏အောက်၌ ၈၊ န၏အောက်၌ ၁၆-စသည်ဖြင့် ယောဇနာတိုင်အောင် ၂-ဆတက်, ၂-ဆတက် ရေးပြီးလျှင် နမတ္တု-ဇ-န-ဇ-တ စသော လဟုအက္ခရာ၏ အောက်၌ရှိသော ၁-ခု, ၂-ခု, ၄-ခု, ၈-ခု, ၁၆-ခု-စသော သချ်ာတို့ကို ရောစ၍ ဤနမတ္တုဂါထာသည် ကုဋေ ၈၅၈-ကုဋေနှင့် ၉၉,၃၄,၅၉၂-ခုသော ပတ္တာရဂါထာတိုင်။ ဝါ၊ "ဒွေး-နော-ပဥ္စ ဇယ-တိကာ၊ နော-နဝ၊ အဋ္ဌာ-ဗျည်း-အဋ္ဌ"ဟူသော သချ်ာတိုင်။ ကုဋေ ၁၃၆-ကုဋေနှင့် ၆,၅၈၀,၁၂၆-ခုသော အတန့်၌ ရှိ၏။ ဝါ၊ "သော(နှင့်) ဒွယ၊ ဧက-သုည၊ အဋ္ဌ-ပဥ္စ၊ ဆ-ဆာ-တြေက" ဟူသော အတန့်သချ်ာ၌ ရှိ၏-ဟု ဖြေ။

ဤ၌ ဥဒ္ဒိဋ္ဌနည်း, နဋ္ဌနည်းတို့၏ ဧက, ဒွိက-စသော အတန့်သချ်ာတို့၏ ယူနည်းကို အောက်နိဒ္ဒေသက ပြခဲ့ပြီ။ ။ နဋ္ဌနည်း ပြီး၏။

## ဂရုကြိယာနည်း

ဂရုကြိယာနည်းကား ဂါထာအက္ခရာနှင့်အမျှ ၃၂-ခုသော ဧကသချ်ာတို့၌ အာဂန္တုက ၁-ခုတည်၍ ၃၂-ခုသော ဧကသချ်ာကို အောက်,အထက် ရေး၊ အထက်မှ ၁-ခု ၁-ခုရှုတ်၍ အောက်မှ ၁-ခု, ၁-ခု-စသည်ဖြင့် တက်သည်ရှိသော် သဗ္ဗလဟုကဂါထာ ဖြစ်၏။ တက်ဟန်ကို ပုံချ၍ကြည့်။

> ဝုတ္တ'က္ခရသမာ သချ်ာ၊ လိက္ချ သေကော'ပရူ'ပရိ။
> ဧကေ'ကဟီန'မေကာဒိ-နု'ဋ္ဌာနေ သဗ္ဗဂါဒိကံ။ ။

ဟူသော ဝုတ္တောဒယ၊ ဆဋ္ဌမပရိစ္ဆေဒဂါထာ (၁၃၂)ကို နှလုံးသွင်း။

ဝုတ္တ'က္ခရသမာသချ်ာ၊ ဂါထာ၏အက္ခရာနှင့် မျှသော သချ်ာတို့ကို။ လိက္ချ၊ ရေးဦး၍။ သေကံ၊ အာဂန္တုက ၁-ခု, ၁-ခုကို။ ဥပရူပရိ၊ အထက်အထက်၌။ လိက္ချ၊ ရေး၍။ ဧကေ'က-ဟီနံ၊ အထက်အစွန်မှ ၁-ခု, ၁-ခု ရှုတ်၍။ ဟေဋ္ဌာ၊ အောက်မှ။ ကောဒိနာ၊ ၁-ခု, ၁-ခု စသည်ဖြင့်။ ဥဋ္ဌာနေ၊ တက်သည်ရှိသော်။ သဗ္ဗဂါဒိကံ၊ သဗ္ဗဂရုကာဒိဂါထာ မည်၏, သဗ္ဗ-လဟုကဂါထာဖြစ်၏-ဟူရာ၌ အဆုံးကို ပြသည်။ ။ ဂရုကြိယာနည်း ပြီး၏။

## ဝုတ္တသချာနည်း

ဝုတ္တသချာနည်းကား ပတ္ထာရသချာနှင့် တူ၏။ ထို့ကြောင့် ၎င်းနည်းကို ပတ္ထာရနည်း၌ ပြဆိုခဲ့သည့်အတိုင်း သိရာ၏။ ဂရုကြိယာနည်း၌ဖြစ်သော သချာတို့ကို ရောသည်ရှိသော် ဝုတ္တသချာနည်း ဖြစ်၏။

**ဂရုကြိယာ'က် သန္ဒောဟော၊ ဘဝေ သချာ ဝိမိဿိတော။**
**ဥဒ္ဒိဋ္ဌ'က်သမာဟာရော၊ သေ'ကော ဝေ'မံ သမာ'နယေ။ ။**

ဟူသော ဝုတ္တောဒယဆဋ္ဌပရိစ္ဆေဒဂါထာ(၁၃၃)ကို နှလုံးသွင်း။

ဂရုကြိယာ'က် သန္ဒောဟော၊ သဗ္ဗဂရုကဂါထာကို ပြခြင်း-ဟု ဆိုအပ်သော သင်္ကေတပညတ်ဖြင့် မှတ်အပ်သော သချာအပေါင်းကို။ ဝိမိဿိတော၊ ရောသည်ရှိသော်။ သချာ၊ ဝုတ္တသချာသည်။ ဘဝေ၊ ဖြစ်၏။ ဝါ၊ တစ်နည်းကား။ သေ'ကော၊ အာဂန္တုကနှင့်တကွဖြစ်သော။ ဥဒ္ဒိဋ္ဌ'က်သမာဟာရော၊ ဥဒ္ဒိဋ္ဌနည်း၌ပြအပ်သော သင်္ကေတပညတ်ဖြင့် မှတ်အပ်သော သချာအပေါင်းသည်။ ဧဝံ၊ ဤဝုတ္တသချာကို။ သမံ၊ မိမိနှင့် တူမျှအောင်။ အာနယေ၊ ဆောင်ရာ၏။ ။ ဝုတ္တသချာနည်း ပြီး၏။

## ဝုတ္တအဒ္ဓါနည်း

ဝုတ္တအဒ္ဓါနည်းကား ဤအလုံးစုံသော ဂါထာတို့တွင် ၁-ခု, ၁-ခုသော ဂါထာကို လက် ၁-သစ်ပမာဏ ပြုအပ်၏။ ထိုဂါထာတို့၏ အကြား,အကြားကိုလည်း လက် ၁-သစ်, ၁-သစ်ပမာဏ ပြုအပ်၏။ ထို့ကြောင့် ပတ္ထာရသချာ ကုဋေ ၈၅၈-ကုဋေ ၉၉,၃၄,၅၉၂-ခု သချာကို တည်။ ဝါ၊ "ဒွ, နော, ပဥ္စ၊ ဓယ, တိကာ၊ နော, နဝါ၊ အဋ္ဌာ, ဗျည်း, အဋ္ဌ" သချာကို တည်၊ ၂-ခု မြှောက်၍ ၁-ခု နှုတ်၊ ဤကုဋေ ၁၇၁၂-ကုဋေနှင့် ၉၈,၆၉,၁၈၃-ခု သချာသည်။ ဝါ၊ "တိ, အဋ္ဌ, ဇက်, နော၊ သော, အဋ္ဌ, နော၊ ဒွေ'ကော, သတ်, ဇေ"သချာသည် လက်သစ်ပေါင်း ဖြစ်၏။ (ဒွေ'ကော-ကို ဒွိ ဧကော-ဟု ပဒစ္ဆေဒပြု၍ ဒွိ ၁-ခု, ဧက ၁-ခု ယူ)

ဤ "တိ-အဋ္ဌ, ဇက်, နော"ပိုဒ်ကား ရှေးသံပေါက်တွင် မပါ။ လက်ာဒွေးနှင့်မမြှောက်မီ အပေါင်းသချာသာ ပါသည်။

- ၎င်းလက်သစ်ပေါင်း သချာကို တည်၊ ၁၂-ခု စား၊ အကြွင်း ၃-သစ်ကို မှတ်၍ထား၊ လဒ် ၄၃-ကုဋေနှင့် ၁၆,၅၅,၇၆၅-ခု သချာသည် ထွာဖြစ်၏။

- ၎င်းထွာသင်္ချာကို ၂-ခု စား၊ အကျန် ၁-ထွာကို မှတ်၍ထား။ လဒ် ၇၁-ကုဋေနှင့် ၅၈,၂၇,၈၈၂-ခု သင်္ချာသည် တောင်ဖြစ်၏။
- ၎င်းတောင်သင်္ချာကို တည်၊ ၇-ခု စား၊ လဒ် ကုဋေ ၁၀-နှင့် ၂၂,၆၁,၁၂၆-ခု သင်္ချာသည် တာဖြစ်၏။
- ၎င်းတာသင်္ချာကို တည်၊ ၂၀-စား၊ အကြွင်း ၆-တာ မှတ်၍ ထား။ လဒ် ၅၁,၁၃,၀၅၆-ခု သင်္ချာသည် ဥသဘဖြစ်၏။
- ၎င်းဥသဘသင်္ချာကို တည်၊ ၈၀-စား၊ အကြွင်း ၁၆-ဥသဘကို မှတ်၍ထား။ လဒ် ၆၃,၉၁၃-ခု သင်္ချာသည် ဂါဝုတ်ဖြစ်၏။
- ၎င်းဂါဝုတ်သင်္ချာကို တည်၊ ၄-ခု စား၊ အကြွင်း ၁-ဂါဝုတ်ကို မှတ်၍ထား။ လဒ် ၁၅,၉၇၈-ခု သင်္ချာသည် ယူဇနာဖြစ်၏။

ဤအလုံးစုံကို ပေါင်း၍ ဝဋ္ဋအဒ္ဓါပမာဏသည် ၁၅,၉၇၈-ယူဇနာနှင့် ၁-ဂါဝုတ်, ၁၆-ဥသဘ, ၆-တာ, ၁-ထွာ, လက် ၃-သစ် ဖြစ်၏။

"*(ကော်)* ဗျည်း,န၀၊ သတ္တ,အဌ၊ ရသင်္ချာ၊ ယူဇနာ မယုတ်။
တစ်ဂါဝုတ်ဝယ်၊ ခြောက်ခုကယ်၊ တစ်ဆယ် အသဘုတ်။
ခြောက်ခုအတာ၊ ကော်,တိကာ၊ အထွာ လက်သစ်လုပ်" ။ — ဖြစ်၏။

ခရီးသွားသော်ကား ၁-နေ့, ၁-နေ့လျှင် ၁-ယူဇနာ, ၁-ယူဇနာ သွားသော် ယခင်ယူဇနာ ၁၅,၉၇၈-ယူဇနာကို တည်၊ ၃၀-စား၊ အကြွင်း ၁၈-ရက်ကို မှတ်၍ထား။ လဒ် ၅၃၂-ခုသည် လဖြစ်၏။ ၎င်း လသင်္ချာကို တည်၊ ၁၂-ခု စား၊ အကြွင်း ၄-လကို မှတ်၍ထား။ လဒ် ၄၄-ခုသင်္ချာသည် နှစ်ဖြစ်၏။ ဤအလုံးစုံကို ပေါင်းသော် ဂါထာပတ္တာရ အခွန့်သည် ၄၄-နှစ်နှင့် ၄-လ, ၁၈-ရက် သွားရ၏။ ဝါ၊ "၄၄-နှစ်၊ ၄-လဖြစ်၊ ၁၈-မှန်မယုတ်"ဖြစ်၏။

သင်္ချေ၀ ဒွိဂုဏော'ကူနာ၊ ဝိတ္ထာရာ'ယာမသမ္ဘ၀ါ။
ဝုတ္တသာ'ဒ္ဓ'န္တရာနံ၊ ဂရုလာနံ အင်္ဂုလံ။ ။

ဟူသော ဝုတ္တောဒယ၊ ဆဌပရိစ္ဆေဒ၊ ဩသာနဂါထာ(၁၃၄)ကို နှစ်, လ ပိုင်းရာ၏။ အနက်ကို အောက်၌ ပြဆိုခဲ့ပြီ။ ။ ဝဏ္ဏဝုတ္တိဆပ္ပစ္စယနည်း ပြီး၏။

နမတ္ထုဂါထာ၌ ဆပ္ပစ္စယ ၃-နည်း ပြီး၏။

----- x -----

“ဆဋ္ဌော’ခိလလလဟုဇော ဝါ”အစရှိသော အရိယဂါထာ(၁၇)၊ ဤမှတပါးသော ဂါထာတို့၌ ရသင့်သော ဆပ္ပစ္စယနည်းတို့ကိုလည်း ဤနမတ္ထုဂါထာ၏ ဆပ္ပစ္စယနည်းကို မှတ်၍ ကြံရာ၏။

ရန်ကုန်မြို့၊ ရဟန်းရှင်မုနိန္ဒက “နမတ္ထုဇနသန္တာန-တမသန္တာနဘေဒိနော-အစရှိသော ဝုတ္တောဒယ၊ ပဋ္ဌမဂါထာ၏ ဆပ္ပစ္စယနည်းနှင့်တကွ ပတ္ထာရဖြန့်ပုံကို အသေအချာ သိမှတ်ပါရအောင် အကျဉ်းသခင်္ခေပနည်းဥပဒေသကို ပြတော်မူပါ”ဟု လျှောက်သောကြောင့် သခေ်ပဖြစ်သော သံပေါက်လင်္ကာနှင့်တကွ ဥဒ္ဒေသ, နိဒ္ဒေသ, ဝိတ္ထာရအပြား နည်း ၃-ပါးကို ပြ၍ ဝုတ္တောဒယကျမ်း, ဆန်းဋီကာတို့နှင့်အညီ ဒိပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ရေးသားစီရင်အပ်သော ဆပ္ပစ္စယဝိနိစ္ဆယမည်သော အဆုံးအဖြတ်ကား ၁၂၄၀-ခု၊ သီတင်းကျွတ်လပြည့်ကျော်၊ ၁၀-ရက်နေ့ အပြီးသို့ ရောက်သည်။

★★★★★★★

အထက်ဖြေဆိုချက်အရ သိမှတ်လွယ်စေခြင်းငှာ ခယားစောက် ဇယားချ၍ ပြပေအံ့။

ဝိကပ္ပဝိထိ(ဝိမိ)အစဉ်ချုပ်ပုံ

| | | | | | |
|---|---|---|---|---|---|
| | တ | ရှု | ရှု | | |
| | ဒ္ဓ | သ | သ | | |
| | သာ | ဥ | ဥ | | |
| | | မှု | မှု | | |
| | | ပ | ပ | | |
| | | ဒ္ဒိ | ဒ္ဒိ | | |
| | | မာ | မာ | | |
| | | ကွာ | ကွာ | | |
| | | ဂ | ဂ | | |

## ဝိကပ္ပဝိထိပုံ

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| တ | ရှု | ရှု | ၁ | တ | ဥ | သ | ၃၁ | တ | ပ | ဥ | ၆၁ |
| ဒွ | ရှု | ရှု | ၂ | ဒွ | ဥ | သ | ၃၂ | ဒွ | ပ | ဥ | ၆၂ |
| သာ | ရှု | ရှု | ၃ | သာ | ဥ | သ | ၃၃ | သာ | ပ | ဥ | ၆၃ |
| တ | သ | ရှု | ၄ | တ | မု | သ | ၃၄ | တ | ဒိ | ဥ | ၆၄ |
| ဒွ | သ | ရှု | ၅ | ဒွ | မု | သ | ၃၅ | ဒွ | ဒိ | ဥ | ၆၅ |
| သာ | သ | ရှု | ၆ | သာ | မု | သ | ၃၆ | သာ | ဒိ | ဥ | ၆၆ |
| တ | ဥ | ရှု | ၇ | တ | ပ | သ | ၃၇ | တ | မာ | ဥ | ၆၇ |
| ဒွ | ဥ | ရှု | ၈ | ဒွ | ပ | သ | ၃၈ | ဒွ | မာ | ဥ | ၆၈ |
| သာ | ဥ | ရှု | ၉ | သာ | ပ | သ | ၃၉ | သာ | မာ | ဥ | ၆၉ |
| တ | မု | ရှု | ၁၀ | တ | ဒိ | သ | ၄၀ | တ | ခါ | ဥ | ၇၀ |
| ဒွ | မု | ရှု | ၁၁ | ဒွ | ဒိ | သ | ၄၁ | ဒွ | ခါ | ဥ | ၇၁ |
| သာ | မု | ရှု | ၁၂ | သာ | ဒိ | သ | ၄၂ | သာ | ခါ | ဥ | ၇၂ |
| တ | ဖ | ရှု | ၁၃ | တ | မာ | သ | ၄၃ | တ | ရှု | မု | ၇၃ |
| ဒွ | ဖ | ရှု | ၁၄ | ဒွ | မာ | သ | ၄၄ | ဒွ | ရှု | မု | ၇၄ |
| သာ | ဖ | ရှု | ၁၅ | သာ | မာ | သ | ၄၅ | သာ | ရှု | မု | ၇၅ |
| တ | ဒိ | ရှု | ၁၆ | တ | ခါ | သ | ၄၆ | တ | သ | မု | ၇၆ |
| ဒွ | ဒိ | ရှု | ၁၇ | ဒွ | ခါ | သ | ၄၇ | ဒွ | သ | မု | ၇၇ |
| သာ | ဒိ | ရှု | ၁၈ | သာ | ခါ | သ | ၄၈ | သာ | သ | မု | ၇၈ |
| တ | မာ | ရှု | ၁၉ | တ | ရှု | ဥ | ၄၉ | တ | ဥ | မု | ၇၉ |
| ဒွ | မာ | ရှု | ၂၀ | ဒွ | ရှု | ဥ | ၅၀ | ဒွ | ဥ | မု | ၈၀ |
| သာ | မာ | ရှု | ၂၁ | သာ | ရှု | ဥ | ၅၁ | သာ | ဥ | မု | ၈၁ |
| တ | ခါ | ရှု | ၂၂ | တ | သ | ဥ | ၅၂ | တ | မု | မု | ၈၂ |
| ဒွ | ခါ | ရှု | ၂၃ | ဒွ | သ | ဥ | ၅၃ | ဒွ | မု | မု | ၈၃ |
| သာ | ခါ | ရှု | ၂၄ | သာ | သ | ဥ | ၅၄ | သာ | မု | မု | ၈၄ |
| တ | ရှု | သ | ၂၅ | တ | ဥ | ဥ | ၅၅ | တ | ပ | မု | ၈၅ |
| ဒွ | ရှု | သ | ၂၆ | ဒွ | ဥ | ဥ | ၅၆ | ဒွ | ပ | မု | ၈၆ |
| သာ | ရှု | သ | ၂၇ | သာ | ဥ | ဥ | ၅၇ | သာ | ပ | မု | ၈၇ |
| တ | သ | သ | ၂၈ | တ | မု | ဥ | ၅၈ | တ | ဒိ | မု | ၈၈ |
| ဒွ | သ | သ | ၂၉ | ဒွ | မု | ဥ | ၅၉ | ဒွ | ဒိ | မု | ၈၉ |
| သာ | သ | သ | ၃၀ | သာ | မု | ဥ | ၆၀ | သာ | ဒိ | မု | ၉၀ |

## ဝိကပ္ပဝိထိပုံဆက်

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| တ | မာ | မု | ၉၁ | တ | ရှု | ဒွိ | ၁၂၁ | တ | ဥ | မာ | ၁၅၁ |
| ဒွ | မာ | မု | ၉၂ | ဒွ | ရှု | ဒွိ | ၁၂၂ | ဒွ | ဥ | မာ | ၁၅၂ |
| သာ | မာ | မု | ၉၃ | သာ | ရှု | ဒွိ | ၁၂၃ | သာ | ဥ | မာ | ၁၅၃ |
| တ | ခါ | မု | ၉၄ | တ | သ | ဒွိ | ၁၂၄ | တ | မု | မာ | ၁၅၄ |
| ဒွ | ခါ | မု | ၉၅ | ဒွ | သ | ဒွိ | ၁၂၅ | ဒွ | မု | မာ | ၁၅၅ |
| သာ | ခါ | မု | ၉၆ | သာ | သ | ဒွိ | ၁၂၆ | သာ | မု | မာ | ၁၅၆ |
| တ | ရှု | ပ | ၉၇ | တ | ဥ | ဒွိ | ၁၂၇ | တ | ပ | မာ | ၁၅၇ |
| ဒွ | ရှု | ပ | ၉၈ | ဒွ | ဥ | ဒွိ | ၁၂၈ | ဒွ | ပ | မာ | ၁၅၈ |
| သာ | ရှု | ပ | ၉၉ | သာ | ဥ | ဒွိ | ၁၂၉ | သာ | ပ | မာ | ၁၅၉ |
| တ | သ | ပ | ၁၀၀ | တ | မု | ဒွိ | ၁၃၀ | တ | ဒွိ | မာ | ၁၆၀ |
| ဒွ | သ | ပ | ၁၀၁ | ဒွ | မု | ဒွိ | ၁၃၁ | ဒွ | ဒွိ | မာ | ၁၆၁ |
| သာ | သ | ပ | ၁၀၂ | သာ | မု | ဒွိ | ၁၃၂ | သာ | ဒွိ | မာ | ၁၆၂ |
| တ | ဥ | ပ | ၁၀၃ | တ | ပ | ဒွိ | ၁၃၃ | တ | မာ | မာ | ၁၆၃ |
| ဒွ | ဥ | ပ | ၁၀၄ | ဒွ | ပ | ဒွိ | ၁၃၄ | ဒွ | မာ | မာ | ၁၆၄ |
| သာ | ဥ | ပ | ၁၀၅ | သာ | ပ | ဒွိ | ၁၃၅ | သာ | မာ | မာ | ၁၆၅ |
| တ | မု | ပ | ၁၀၆ | တ | ဒွိ | ဒွိ | ၁၃၆ | တ | ခါ | မာ | ၁၆၆ |
| ဒွ | မု | ပ | ၁၀၇ | ဒွ | ဒွိ | ဒွိ | ၁၃၇ | ဒွ | ခါ | မာ | ၁၆၇ |
| သာ | မု | ပ | ၁၀၈ | သာ | ဒွိ | ဒွိ | ၁၃၈ | သာ | ခါ | မာ | ၁၆၈ |
| တ | ပ | ပ | ၁၀၉ | တ | မာ | ဒွိ | ၁၃၉ | တ | ရှု | ခါ | ၁၆၉ |
| ဒွ | ပ | ပ | ၁၁၀ | ဒွ | မာ | ဒွိ | ၁၄၀ | ဒွ | ရှု | ခါ | ၁၇၀ |
| သာ | ပ | ပ | ၁၁၁ | သာ | မာ | ဒွိ | ၁၄၁ | သာ | ရှု | ခါ | ၁၇၁ |
| တ | ဒွိ | ပ | ၁၁၂ | တ | ခါ | ဒွိ | ၁၄၂ | တ | သ | ခါ | ၁၇၂ |
| ဒွ | ဒွိ | ပ | ၁၁၃ | ဒွ | ခါ | ဒွိ | ၁၄၃ | ဒွ | သ | ခါ | ၁၇၃ |
| သာ | ဒွိ | ပ | ၁၁၄ | သာ | ခါ | ဒွိ | ၁၄၄ | သာ | သ | ခါ | ၁၇၄ |
| တ | မာ | ပ | ၁၁၅ | တ | ရှု | မာ | ၁၄၅ | တ | ဥ | ခါ | ၁၇၅ |
| ဒွ | မာ | ပ | ၁၁၆ | ဒွ | ရှု | မာ | ၁၄၆ | ဒွ | ဥ | ခါ | ၁၇၆ |
| သာ | မာ | ပ | ၁၁၇ | သာ | ရှု | မာ | ၁၄၇ | သာ | ဥ | ခါ | ၁၇၇ |
| တ | ခါ | ပ | ၁၁၈ | တ | သ | မာ | ၁၄၈ | တ | မု | ခါ | ၁၇၈ |
| ဒွ | ခါ | ပ | ၁၁၉ | ဒွ | သ | မာ | ၁၄၉ | ဒွ | မု | ခါ | ၁၇၉ |
| သာ | ခါ | ပ | ၁၂၀ | သာ | သ | မာ | ၁၅၀ | သာ | မု | ခါ | ၁၈၀ |

## ဝိကပ္ပဝိထိပုံဆက်

| | | | | | |
|---|---|---|---|---|---|
| တ | ပ | ခါ | ၁၈၁ | တ-ပေါင်း | (၆၄) |
| ဒွ | ပ | ခါ | ၁၈၂ | ဒွ-ပေါင်း | (၆၄) |
| သာ | ပ | ခါ | ၁၈၃ | သာ-ပေါင်း | (၆၄) |
| တ | ဒိ | ခါ | ၁၈၄ | ရှ-ပေါင်း | (၄၈) |
| ဒွ | ဒိ | ခါ | ၁၈၅ | သ-ပေါင်း | (၄၈) |
| သာ | ဒိ | ခါ | ၁၈၆ | ဥ-ပေါင်း | (၄၈) |
| တ | မာ | ခါ | ၁၈၇ | မု-ပေါင်း | (၄၈) |
| ဒွ | မာ | ခါ | ၁၈၈ | ပ-ပေါင်း | (၄၈) |
| သာ | မာ | ခါ | ၁၈၉ | ဒိ-ပေါင်း | (၄၈) |
| တ | ခါ | ခါ | ၁၉၀ | မာ-ပေါင်း | (၄၈) |
| ဒွ | ခါ | ခါ | ၁၉၁ | ခါ-ပေါင်း | (၄၈) |
| သာ | ခါ | ခါ | ၁၉၂ | သဗ္ဗအကွဲရာပေါင်း | (၅၇၆) |
| | | | | မတြာပေါင်း | (၇၈၄) |
| | | | | ပတ္ထာရပေါင်း | (၁၉၂) |
| | | | | ဂရုပေါင်း | (၂၀၀) |
| | | | | လဟုပေါင်း | (၃၆၀) |
| | | | | အစွန့်ပေါင်း | (၂-တာ၊ ၁-တောင်၊ ၁-ထွာ၊ ၁၁-သစ်) |

## ဝိကပ္ပဝိထိပုံ

### အတ္ထနယဝိကပ္ပ၊ ပတ္ထရာဖြန့်ပုံ

ဝိကပ္ပဝီထိပုံ- ဂဏဝိကပ္ပပတ္ထာဖြန့်ပုံ

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၂ ၁ | ၆ | ၂ ၂ | ၂ ၁၂ | ၂ ၂၄ | ၆ ၄၈ | | ၂ ၂၈၈ | ၂ ၅၇၆ | ၆ ၁၁၅၂ | | ၆၉၁၂ | ၁၃၈၂၄ | ၂၇၆၄၀ | | ၁၆၅၈၈၈ |
| ဂ | မ | လ | ဂ | ဂ | မ | ဇ | ဂ | ဂ | မ | န | ဂ | ဂ | မ | ဇ | ဂ |
| လ | မ | ယ | ဂ | ဂ | မ | ဇ | ဂ | ဂ | မ | န | ဂ | ဂ | မ | ဇ | ဂ |
| ဂ | ယ | ယ | ဂ | ဂ | မ | ဇ | ဂ | ဂ | မ | န | ဂ | ဂ | မ | ဇ | ဂ |
| လ | ယ | ယ | ဂ | ဂ | မ | ဇ | ဂ | ဂ | မ | န | ဂ | ဂ | မ | ဇ | ဂ |
| ဂ | ရ | ယ | ဂ | ဂ | မ | ဇ | ဂ | ဂ | မ | န | ဂ | ဂ | မ | ဇ | ဂ |
| လ | ဘ | ယ | လ | လ | လ | ဇ | ဂ | ဂ | မ | န္ | ဂ | လ | မ | ဇ | ဂ |
| န | မတ္တုဇ | နသန္တာ | န | တ | မသန္တာ | နဘေဒိ | နော | ခ | မ္ဗုဋ္ဌလ | န္တရုစိ | နော | မု | နိန္နောဒါ | တရောစိ | နော |
| ၁ | ၂၁၁ | ၁၂၂ | ၁ | ၁ | ၁၂၂ | ၁၂၁ | ၂ | ၂ | ၂၁၂ | ၁၁၁ | ၂ | ၁ | ၂၂၂ | ၁၂၁ | ၂ |
| လ | ဘ | ယ | လ | လ | ယ | ဇ | ဂ | ဂ | ရ | န | ဂ | လ | မ | ဇ | ဂ |

ပတ္ထာရပေါင်း-၃၃၁၇၇၆။ ။ မ-ရ-တ-ပေါင်း-၂၂၁၁၈၄။ ။ ယပေါင်း-၅၅၂၉၆၀။ ။ ပေါင်း-၈၈၄၇၃၆။
နပေါင်း-၃၃၁၇၇၆။ ။ ဂ-ပေါင်း-လ-ပေါင်း-၁၃၂၇၁၀၄။ သဗ္ဗ-အက္ခရာပေါင်း-၅၃၀-၄၁၆။

ပဋ္ဌာရပေါင်း- ၁၅,၇၀၄,၀၆၄၊ ဂရုပေါင်း- ၅,၀၈၇,၂၃၂၊ လဟုပေါင်း- ၅,၅၂၉,၆၀၀၊ အက္ခရာပေါင်း- ၁၁,၆၁၆,၈၃၂၊ အစွန့်ပေါင်း- ၂၃၇၉-တာ, ၄-တောင်, ၁-ထွာ, ၁၁-သစ်။ ဝိကပ္ပဝိထိပုံ၊ ဝဏ္ဏဝိကပ္ပပဋ္ဌာရဖြန့်ပုံ ၂-စုပေါင်း ၃၃၁,၇၇၆-ဝဏ္ဏဝိကပ္ပဖြန့်ပုံ။ သောဠသမကွက်မှာ ဂ-ပေါင်း ၁၆၅,၈၈၈-စေ့မှ လ-ပေါင်း ၁၆၅,၈၈၈ ကျန်ရေး ၂-စု။ ၃၃၁,၇၇၆-အထက်အောက်စေ့လျှင် ပဌမကစ၍ ပန္နရသမတိုင် အထက်ဂဏန်း အတိုင်း ၃၃၁,၇၇၆-ကွက်ရေး။

၎င်းပဋ္ဌာရပုံကို အကျယ်ဖြန့်၍ ရေးလိုလျှင် ပုရပိုက်ဆူရေ ၃၀၇၂-မှာ လက်တစ်သစ်ခန့် ၂-ဖက် မျဉ်းသား၍ ၁-ကွက်ခြားရေး။ အဘယ်ကြောင့်နည်း ပဋ္ဌာရပမာဏ ၂-ဂါဝုတ်နှင့် ၇-ဥသဘ, ၉-တာလည်းကောင်း ကွာသည်ဖြစ်သောကြောင့်တည်း။ ၉-တာနှင့် ၁၃-တောင်, ၁-ထွာ, ၁၁-မှာ နမတ္တုဂါထာရှိ၏။

အထက်ပြဆိုချက်အရ ဝဏ္ဏဝုတ္တိပဋ္ဌာရဖြန့်ပုံကို ထင်ရှားသိမှတ်လွယ်စေခြင်းငှာ ခယားစောက်ဇယားချပြီးလျှင် နောက်ဖက်က ဆက်၍ တဖန်ပြပေအံ့။

## (ဝဏ္ဏဝုတ္တိ- ပဋ္ဌာရပုံ)

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၂ | ၂ | ၂ | ၂ | ၂ | ၂ | ၂ | ၂ | ၂ | ၂ | ၂ | ၂ | ၂ | ၂ | ၂ | ၂ |
| ၁ | ၂ | ၄ | ၈ | ၁၆ | ၃၂ | ၆၄ | ၁၂၈ | ၂၅၆ | ၅၁၂ | ၁၀၂၄ | ၂၀၄၈ | ၄၀၉၆ | ၈၁၉၂ | ၁၆၃၈၄ | ၃၂၇၆၈ |
| ဂ | ဂ | ဂ | ဂ | ဂ | ဂ | ဂ | ဂ | ဂ | ဂ | ဂ | ဂ | ဂ | ဂ | ဂ | ဂ |
| လ | ဂ | ဂ | ဂ | ဂ | ဂ | ဂ | ဂ | ဂ | ဂ | ဂ | ဂ | ဂ | ဂ | ဂ | ဂ |
| ဂ | လ | ဂ | ဂ | ဂ | ဂ | ဂ | ဂ | ဂ | ဂ | ဂ | ဂ | ဂ | ဂ | ဂ | ဂ |
| ဂ | ဂ | ဂ | ဂ | ဂ | ဂ | ဂ | ဂ | ဂ | ဂ | ဂ | ဂ | ဂ | ဂ | ဂ | ဂ |
| ဂ | ဂ | ဂ | ဂ | ဂ | ဂ | ဂ | ဂ | ဂ | ဂ | ဂ | ဂ | ဂ | ဂ | ဂ | ဂ |
| ဂ | ဂ | ဂ | ဂ | ဂ | ဂ | ဂ | ဂ | ဂ | ဂ | ဂ | ဂ | ဂ | ဂ | ဂ | ဂ |
| လ | လ | လ | လ | လ | လ | လ | လ | လ | လ | လ | လ | လ | လ | လ | လ |
| ဖ | ဘ | ဝိဗ | ဗ | ဖ | ဒ | ဖိဗ | ဖ | ဝ | ဘ | ဒ | ဖိဗ | ဖ | ဝိဖ | ဝဘ | ဖိဖ |
| ၁ | ၂ | ၁ | ၁ | ၁ | ၂ | ၂ | ၁ | ၁ | ၁ | ၂ | ၂ | ၁ | ၂ | ၁ | ၂ |

| | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ | ၂၅ | ၂၆ | ၂၇ | ၂၈ | ၂၉ | ၃၀ | ၃၁ | ၃၂ |
| ၂ | ၂ | ၂ | ၂ | ၂ | ၂ | ၂ | ၂ | ၂ | ၂ | ၂ | ၂ | ၂ | ၂ | ၂ | ၂ |
| ၆၅၅၃၆ | ၁၃၁၀၇၂ | ၂၆၂၁၄၄ | ၅၂၄၂၈၈ | ၁၀၄၈၅၇၆ | ၂၀၉၇၁၅၂ | ၄၁၉၄၃၀၄ | ၈၃၈၈၆၀၈ | ၁၆၇၇၇၂၁၆ | ၃၃၅၅၄၄၃၂ | ၆၇၁၀၈၈၆၄ | ၁၃၄၂၁၇၇၂၈ | ၂၆၈၄၃၅၄၅၆ | ၅၃၆၈၇၀၉၁၂ | ၁၀၇၃၇၄၁၈၂၄ | ၂၁၄၇၄၈၃၆၄၈ |
| ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| လ | လ | လ | လ | လ | လ | လ | လ | လ | လ | လ | လ | လ | လ | လ | လ |
| ဓ | မျ | နှ | လ | ဖွ | ရှ | စိ | နော | မု | နိ | နှော | ဒါ | တ | ရော | စိ | နော |
| ၂ | ၂ | ၁ | ၂ | ၁ | ၁ | ၁ | ၂ | ၁ | ၂ | ၂ | ၂ | ၁ | ၂ | ၁ | ၂ |

၈၂၄၂၁၄၇၄၈၃၆၄၈၄၂၉၄၉၆၇၂၉၆။

၎င်းပတ္ထာရပုံကို အကျယ်ဖြန့်၍ ရေးလိုလျှင် ပုရပိုက်ဆူရေ ၇၉၅၃၆၄၃၁-ဆူမှာ လက် ၁-သစ်ခန့် ၂-ဖက်မျဉ်းသား၍ ၁-ကွက်ခြားရေး။ အဘယ်ကြောင့်နည်းဟူမူ ပတ္ထာရပမာဏ ယူဇနာ ၁၁,၅၉၇-ယူဇနာနှင့် ၁-ဂါဝုတ်, ၆-ဥသဘ, ၆-တာ, ၁-ထွာ, ၃-သစ်ရှိသောကြောင့်တည်း။ ထိုပတ္ထာရကို ဆုံးအောင်သွားလိုသော် ၁-နေ့, ၁-နေ့ကို ၁-ယူဇနာသွားလျှင် ၄၄-နှစ်နှင့် ၄-လ, ၁၈-ရက် သွားမှ ရောက်၏။ ဝိကပ္ပဝိထိပုံ၊ ဝဏ္ဏဝုတ္တိ ပတ္ထာရဖြန့်ပုံ၊ ပေါင်း-၈၅,၈၉၉,၃၅၉။

ဝုတ္တောဒယ၊ ဒုတိယပရိစ္ဆေဒ "ဆဗ္ဗောခိလ-လဟုဇော ဝါ"အစရှိသော ၄-ဂိုဏ်း, ၅-ဂိုဏ်း ရသင့်သော အရိယာဂါထာ, ဂီတိဂါထာမှစ၍ ဆပ္ပစ္စယနည်းဥပဒေသတို့ကို ယခုပြဆိုခဲ့သော နမတ္တုဂါထာ၏ ဆပ္ပစ္စယနည်းဥပဒေသတို့ကို မှီ၍ စီရင်ရာ၏-ဟူ၍ ၁၂၄၀-ပြည့်၊ ပြာသိုလဆန်း၊ ၅-ရက်နေ့၊ ဒိပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိမ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## ပုစ္ဆာဝိသဇ္ဇနာကဏ္ဍသမူဟ

ပဌမပုစ္ဆာ၌ - 'အပ္ပိစ္ဆကထာ'-စသော ကထာဝတ္ထု ၁၀-ပါးတို့၏ သရုပ်အဓိပ္ပါယ်။

ဒုတိယပုစ္ဆာ၌ - 'သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ သဗ္ဗေ သင်္ခါရာ ဒုက္ခာ၊ သဗ္ဗေ သင်္ခါရာ အနတ္တာ'-ဟု ဆင်ခြင်ရာ အဘယ်သို့ သင်္ခါရတရားတို့ကို နှလုံးသွင်းထားရမည်။

တတိယပုစ္ဆာ၌ - ငရဲပြည်တွင် ငရဲမင်းရှိသည်ကို ဆိုသောစကားမှာ ငရဲမင်း-ဟူသည် စာတုမဟာရာဇ်နတ်ပင် ဖြစ်မည်။ ဝေမာနိကပြိတ္တာတို့၏ မင်းပင် ဖြစ်မည်။ ယမမင်းပင် ဖြစ်မည်။ ယခု ငရဲမင်းသည် ယမမင်း-ဟူသော အမည်ကို ရ,မရ။ ယမမင်းသည် သောတာပန်-ဟူ၍ ဆိုကြသောအရာ လည်း ဟုတ်, မဟုတ်။

စတုတ္ထပုစ္ဆာ၌ - ဥက္ကာကျသည်, ကြယ်ပျံသည် ဆိုသောစကား။

ပဉ္စမပုစ္ဆာ၌ - မရဏာနုဿတိကမ္မဋ္ဌာန်းကို ပွါးများဟန်။

ဆဋ္ဌပုစ္ဆာ၌ - "ဒုဂ္ဂတကာလေ ဒိန္နံ ပန ဒါနံ"ဟူသော ဒေသနာ၏ သာဓကဝတ္ထု။

သတ္တမပုစ္ဆာ၌ - "နမတ္ထုဇနသန္တာန-တမသန္တာနဘေဒိနော"အစရှိသော ဝုတ္တောဒယ ကျမ်းဦးပဏာမဂါထာ၏ ဆပ္ပစ္စယနည်း။

ဤသို့အရပ်ရပ် လူ,ရှင်,ရဟန်းတို့ မေးလျှောက်ကြသည့်အတိုင်း ယုံမှားကင်းစိမ့်သောငှာ ဒိပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအပ်သော ပြိုးပြွမ်းသော ဝိသဇ္ဇနာတို့ဖြင့် တန်ဆာဆင်သည်၏အဖြစ်ကြောင့် ပကိဏ္ဏကဝိသဇ္ဇနာမည်သော ကျမ်း၌ ၇-ပါးသော ဝိသဇ္ဇနာတို့နှင့် ပြည့်စုံသော တတိယပရိစ္ဆေဒ၊ တတိယအုပ်ကား ၁၂၄၁-ခု၊ တပို့တွဲလဆန်း၊ ၅-ရက်နေ့ အပြီးသို့ ရောက်သည်။

✪ ✪ ✪ ✪ ✪ ✪

# လုံးတော်ဆရာတော်

# ပကိဏ္ဏကဝိသဇ္ဇနာကျမ်း

## တတိယတွဲ၊ ၃။ (စတုတ္ထပိုင်း၊ ၄။)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### မြင်ကွန်းမြို့၊ ရဟန်းတော် ရှင်အာစာရ-က ပစ္စန္တေ-စသော အဋ္ဌကထာတွင် 'ပရိဘုဥ္ဇတော ပါရာဇိကံ'-ဟု တွေ့ရှိရာ န-ပါသင့်,မပါသင့်ကို မေးလျှောက်ချက်

[၁၆၈] "ဘုရားတပည့်တော် မြင်ကွန်းမြို့၊ ရှင်အာစာရ လျှောက်ပါသည် ဆရာတော်ဘုရား။

'ပစ္စန္တေ စောရုပဒ္ဒဝေန'-အစ, 'ဂဏာသန္တကေ ပန ပုဂ္ဂလိကေ စ သဥဿာဟ-မတ္တာမေဝ ပမာဏံ'-အဆုံးရှိသော သမန္တပါသာဒိကမည်သော ဝိနည်းပါရာဇိက ဒုတိယ သိက္ခာပုဒ်အဖွင့် အဋ္ဌကထာပါဠ်တွင် 'ဆန္ဒိတဝိဟာရေ ပန ဖလာဖလံ ထေယျစိတ္တေန ပရိဘုဥ္ဇတော ပါရာဇိကံ'-ဟူသော ပါဠ်၌ 'ပရိဘုဥ္ဇတော န ပါရာဇိကံ'-ဟု အဋ္ဌကထာ စာစောင်အများမှာပင် န-နှင့်ချည်း ရှိကြပါသည်။

အချို့ပုဂ္ဂိုလ်တို့ကလည်း န-နှင့် မရှိသင့်-ဟု ပြောဆိုကြသဖြင့် ရမ်းဆဝိုးဝါး မကွဲမပြားနိုင်ကြရှိသည်ဖြစ်ပါ၍ န-နှင့်ပင် သင့်မည်။ န-မရှိဘဲပင် ပါရာဇိကံ-သာ

သင့်မည်ကို နေရာကျကျ သန္နိဋ္ဌာန်ချ၍ သိမှတ်ပါရအောင် ကယ်မသနား ဖြေကြား အမိန့်ရှိတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။"

ရဟန်းတော် ရှင်အာစာရ လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ—

[၁၆၈] 'ပစ္စန္တေ စောရုပဒ္ဒဝေန'-အစ၊ 'ဂဏ္ဍာသန္တကေ ပန ပုဂ္ဂလိကေ စ ဥဿာဟမတ္တ-မေဝ ပမာဏံ'-အဆုံးရှိသော အဋ္ဌကထာပါဠ်တွင် "ဆဋ္ဌိတဝိဟာရေ ပန ဖလာဖလံ ထေယျ-စိတ္တေန ပရိဘုဥ္စတော"ဟူသော ပါဠ်၌ န ပါရာဇိကံ-ဟု န-နှင့်ပင် ရှိမှ သင့်မည်။ န-မရှိဘဲ ပါရာဇိကံ-သာ သင့်မည်ကို မေးလျှောက်သည်မှာ—

တိုင်းစွန်ပြည်နား၌ ခိုးသူဘေး နှောင့်ယှက်သောကြောင့် မိမိတို့ မှီနေသော ဂေါစရဂါမ်ရွာ ပျက်ပြားကြလေလျှင် ရဟန်းတို့လည်း ကျောင်းကို စွန့်၍ ဤရွာ, ဤနေရာ, ဤအရပ်တွင် ထပ်၍ နေလာသေးလျှင် ငါတို့လည်း နေလာဦးမည်-ဟု သဥဿာဟဖြင့် သွားကြကုန်၏။ ထိုကျောင်းအာရာမ်သို့ ရောက်လာသော ရဟန်းတို့သည် ထိုအာရာမ်တွင်း၌ ရှိသော သရက်, ပိန္နဲ-စသော သစ်သီးတို့ကို ပံသုကူလသညာဖြင့် သုံးဆောင်အံ့၊ အနာပတ္တိ, ထေယျစိတ်ဖြင့် သုံးဆောင်အံ့၊ အဝဟာရ ဖြစ်၏။ ဘဏ္ဍာကို အဖိုးဖြတ်၍ ဆုံးဖြတ်အပ်၏။

ထို့ကြောင့် သမန္တပါသာဒိကမည်သော ဝိနည်းပါရာဇိက၊ ဒုတိယသိက္ခာပုဒ်အဋ္ဌကထာ၌—

> ပစ္စန္တေ စောရုပဒ္ဒဝေန ဂါမေသု ဥဋ္ဌဟန္တေသု ဘိက္ခူပိ ဝိဟာရေ ဆဍ္ဍေတွာ 'ပုန အာဝသန္တေ ဇနပဒေ အာဂမိဿာမာ'တိ သဥဿာဟာဝ ဂစ္ဆန္တိ။ ဘိက္ခူ တာဒိသံ ဝိဟာရံ ပတွာ အမ္ဗပက္ကာဒီနိ 'ဆဍ္ဍိတကာနီ'တိ ပံသုကူလသညာယ ပရိဘုဥ္စန္တိ၊ အနာ-ပတ္တိ။ ထေယျစိတ္တေန ပရိဘုဥ္စတော အဝဟာရော ဟောတိ၊ ဘဏ္ဍံ အဂ္ဃါပေတွာ ကာရေတဗ္ဗော။

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (ဝိ၌၁။၃၃၆)

ပစ္စန္တေ၊ ရွာစွန်ပြည်နား၌။ စောရုပဒ္ဒဝေန၊ ခိုးသူ နှိပ်စက်သဖြင့်။ ဂါမေသု၊ ရွာတို့သည်။ ဥဋ္ဌဟန္တေသု၊ ထကြွကုန်သည်ရှိသော်။ ဝါ၊ စွန့်၍ ပြေးကြကုန်သည်ရှိသော်။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဝိဟာရေ၊ ကျောင်းတို့ကို။ ဆဍ္ဍေတွာ၊ စွန့်၍။ ဇနပဒေ၊ ဇနပုဒ်၌ နေသော လူတို့သည်။ ပုန အာဝသန္တေ၊ တစ်ဖန်ပြန်၍ နေလာကြကုန်သေးသည်ရှိသော်။ အာဂမိ-ဿာမ၊ ငါတို့လည်း ပြန်၍ နေလာကုန်အံ့။ ဣတိ၊ ဤသို့ နှလုံးသွင်း၍။ သဥဿာဟာဝ၊ အားထုတ်ခြင်းရှိကုန်သည် ဖြစ်၍သာလျှင်။ ဂစ္ဆန္တိ၊ သွားကြကုန်၏။ ဘိက္ခူ၊ အာဂန္တုက ရဟန်းတို့သည်။ တာဒိသံ ဝိဟာရံ၊ ထိုသို့ သဘောရှိသော ကျောင်းသို့။ ပတွာ၊ ရောက်၍။

အမ္ဗပက္ကာဒီနိ၊ သရက်သီးမှည့်-စသည်တို့ကို။ ဆင္ဃိတကာနိ၊ စွန့်အပ်ကုန်ပြီ။ ဣတိ၊ ဤသို့ နှလုံးသွင်း၍။ ပံသုကူလသညာယ၊ ပံသုကူလသညာဖြင့်။ ပရိဘုဥ္စတိ၊ သုံးဆောင်ကြကုန်၏။ အနာပတ္တိ၊ အာပတ်မသင့်။ ထေယျစိတ္တေန၊ ခိုးလိုသော စိတ်ဖြင့်။ ပရိဘုဥ္စတော၊ သုံးဆောင်သောရဟန်းအား။ အဝဟာရော၊ ခိုးခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဘဏ္ဍံ၊ ဥစ္စာကို။ အဂ္ဃါ-ပေတွာ၊ အဖိုးပြတ်စေ၍။ ကာရေတဗ္ဗော၊ ဆုံးဖြတ်အပ်၏။

အာစရိယဝါဒကို ပြပြန်လို၍—

**မဟာပစ္စရိယံ ပန သံခေပအဋ္ဌကထာယံ စ အဝိသေသေန ဝုတ္တံ။**

ဟူသော ပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (ဝိ၊ဋ္ဌ၊၁၊၃၃၆)

ပန၊ အာစရိယဝါဒကို ပြအံ့။ မဟာပစ္စရိယံ စ၊ မဟာပစ္စရိက်အဋ္ဌကထာ၌လည်း ကောင်း။ သံခေပအဋ္ဌကထာယံ စ၊ သံခေပအဋ္ဌကထာ၌လည်းကောင်း။ အဝိသေသေန၊ သဥဿာဟ, အနုဿာဟ-ဟု မဆိုဘဲ "ဘိက္ခူ ဝိဟာရေ ဆင္ဃတွာ ပုန အာဝသန္တေ ဇနပဒေ အာဂမိဿာမာတိ ဂစ္ဆန္တိ"ဟု သာမညအားဖြင့်။ ဝုတ္တံ၊ မိန့်ဆိုအပ်၏။

အဋ္ဌကထာဆရာ- မဟာပစ္စရိက်၊ သံခေပအဋ္ဌကထာတို့၌ သာမညဆိုခြင်းကြောင့် ဤအရာ၌ အဘယ်သို့ နေရာကျကို မှတ်ရပါအံ့နည်း-ဟူသော စောဒနာကြောင့်—

**ဆင္ဃိတဝိဟာရေ ပန ဖလာဖလံ ထေယျစိတ္တေန ပရိဘုဥ္စတော ပါရာဇိကံ။ ကသ္မာ အာဂတာနာဂတာနံ သန္တကတ္တာတိ။**

ဟူသော ပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (ဝိ၊ဋ္ဌ၊၁၊၃၃၆)

ပန၊ ထိုသို့ မဟာပစ္စရိက်, သံခေပအဋ္ဌကထာတို့၌ သာမညပင် ဆိုသော်လည်း။ ဆင္ဃိတဝိဟာရေ၊ စွန့်အပ်သော ကျောင်း၌။ ဖလာဖလံ၊ သစ်သီးကြီး,ငယ်ကို။ ထေယျစိတ္တေန၊ ခိုးလိုသောစိတ်ဖြင့်။ ပရိဘုဥ္စတော၊ သုံးဆောင်သော ရဟန်းအား။ ပါရာဇိကံ၊ ပါရာဇိက အာပတ်သို့ ရောက်၏။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ အာဂတာနာဂတာနံ၊ ရောက်ဆဲ, ရောက်လတ္တံ့ကုန်သော သံဃာတို့၏။ သန္တကတ္တာ၊ ဥစ္စာဖြစ်သောကြောင့်တည်း။ ဣတိ၊ ဤသို့ မှတ်အပ်၏။

၂-ယောက်, ၃-ယောက်သော ပုဂ္ဂိုလ်တို့သည် စွန့်ကာမျှဖြင့် သံဃိကသည် အသံဃိက မဖြစ်။ ထို့ကြောင့် သံဃိကဥစ္စာ၌ ၂-ယောက်, ၃-ယောက်သော ပုဂ္ဂိုလ်တို့၏ ဥဿာဟ, အနုဿာဟသည် ပမာဏ မဟုတ်။ ထို့ကြောင့် သာရတ္ထဒီပနီဋီကာ၌—

**န ဟိ ကတိပယာနံ အနုညာတေ သတိ သံယိကံ အသံယိကံ ဟောတီတိ အယ'မေတ္ထ အဓိပ္ပါယော။**

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (သာရတ္ထ၊၂။၁၆၄)

ဟိ သစ္စံ၊ မှန်၏။ ကတိပယာနံ၊ ၂-ယောက်, ၃-ယောက်ကုန်သော ပုဂ္ဂိုလ်တို့၏။ အနုညာတေ၊ အားမထုတ်ခြင်းသည်။ သတိ၊ ရှိသော်။ သံယိကံ၊ သံယိကသည်။ အသံယိကံ၊ အသံယိကသည်။ န ဟောတိ၊ မဖြစ်။ ဣတိ အယံ၊ ဤသည်လျှင်။ ဧတ္ထ၊ ဤ "အဝိသေသေန ဝုတ္တံ"ဟူသော ပါဌ်၌။ အဓိပ္ပါယော၊ အဓိပ္ပါယ်တည်း။

ဤအဋ္ဌကထာပါဌ်၌ "ဘိက္ခု သံယိကဝိဟာရေ"ဟု မဆိုဘဲ အဘယ့်ကြောင့် သံယိက အာရာမ်-ဟူ၍ သိအပ်သနည်း ဟူငြားအံ့။ "ပစ္စဝေက္ခ စောရုပဒ္ဒဝေန"စသည်ကို မပြမီ–

**သံယဿ အမ္ဗာဒိသု ပန သံယာရာမေ ဇာတံ ဝါ ဟောတု, အာနေတွာ ဒိန္နံ ဝါ၊ ပဋ္ဌမာသကံ ဝါ အတိရေကပဋ္ဌမာသကံ ဝါ အဂ္ဃနကံ အဝဟန္တဿ ပါရာဇိကံ။**

ဟု သံယာရာမ သံယသန္တက-ကို ပြသောစကားမှ အစဉ်မပျက် ဆက်၍ပြသော စကားဖြစ်ရကား သံယသန္တက-ဟု သိရ၏။ (ဝိ၊ဋ္ဌ၊၁။၃၃၆)

ထို့ကြောင့် နောက်၌ "အာဂတာနာဂတာနံ သန္တကတ္တာ"ဟု ဟိတ်ကို ပြသတည်း။ ၂-ယောက်, ၃-ယောက်သော ဂဏသန္တက, ပုဂ္ဂလသန္တက၌သာ သဥဿာဟသည် သတ္တက ဖြစ်၏။ ထို့ကြောင့် ၎င်းအဋ္ဌကထာ၌–

**ဂဏသန္တကေ ပန ပုဂ္ဂလိကေ စ သဥဿာဟမတ္တ'မေဝ ပမာဏံ။**

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (ဝိ၊ဋ္ဌ၊၁။၃၃၆)

ပန၊ အနုညာတကြောင့် ပါရာဇိကသို့ မရောက်သည်ကို ပြအံ့။ ဂဏသန္တကေ စ၊ ၂-ယောက်, ၃-ယောက်သောဂိုဏ်း၏ ဥစ္စာ၌လည်းကောင်း။ ပုဂ္ဂလိကေ စ၊ ပုဂ္ဂလိကဥစ္စာ၌လည်းကောင်း။ ဥဿာဟမတ္တ'မေဝ၊ ဥဿာဟမျှသည်သာလျှင်။ ပမာဏံ၊ ပမာဏတည်း။

ဂဏသန္တက, ပုဂ္ဂလသန္တကတို့၌ကား ၂-ယောက်, ၃-ယောက်သော ဂိုဏ်း, ပုဂ္ဂိုလ်တို့ ဥဿာဟဖြင့် စွန့်၍သွားခဲ့မူ သုံးဆောင်သောရဟန်းအား ဘဏ္ဍဂ္ဃ၊ အနုညာတ, နိရာလယ ဖြင့် စွန့်၍သွားခဲ့မူ သုံးဆောင်သောရဟန်းအား အနာပတ္တိ၊ သံယိကဥစ္စာ၌ကား ထိုသို့မဟုတ်၊ ဂိုဏ်း, ပုဂ္ဂိုလ်တို့ စွန့်ကာမျှဖြင့် အသာမိက မဖြစ်။ ထို့အတူ စွန့်အပ်သော သံယိကကျောင်း၌ ညောင်စောင်း, အင်းပျဉ်-စသည်ကို ထေယျစိတ်ဖြင့် ယူခဲ့အံ့၊ ဘဏ္ဍဂ္ဃဖြင့် ဆုံးဖြတ်အပ်၏။

ထို့ကြောင့် စူဠဝါ၊ သေနာသနက္ခန္ဓကအဋ္ဌကထာ၌—

**ဆန္ဒိတဝိဟာရတော မဉ္စပီဌာဒီနိ ထေယျစိတ္တေန ဂဏှန္တော ဥဒ္ဒါရေယောဝ ဘဏ္ဍာဒ္ဓေန ကာရေတဗ္ဗော။**

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (ဝိဋ္ဌ၊၄။ ၈၆)

ဆန္ဒိတဝိဟာရတော၊ စွန့်အပ်သော သံဃိကကျောင်းမှ။ မဉ္စပီဌာဒီနိ၊ ညောင်စောင်း, အင်းပျဉ်-စသည်တို့ကို။ ထေယျစိတ္တေန၊ ခိုးလိုသော စိတ်ဖြင့်။ ဂဏှန္တော၊ ယူသော ရဟန်းကို။ ဥဒ္ဒါရေယောဝ၊ ချိုကြွသော ခဏ၌ပင်လျှင်။ ဘဏ္ဍာဒ္ဓေန၊ ဘဏ္ဍာတို့၏အဖိုးဖြင့်။ ကာရေ-တဗ္ဗော၊ ဆုံးဖြတ်အပ်၏။

ဤသို့ သံဃာရာမ၌ သံဃသန္တကကို ထေယျစိတ်ဖြင့် ယူသော ရဟန်းအား ပါဒါ-ရဟ, အတိရေကပါဒါရဟ ဥစ္စာဖြစ်ချေက ပါရာဇိကအာပတ်ဖြင့် ဆုံးဖြတ်အပ်၏။ ထို့ကြောင့်—

**ဆန္ဒိတဝိဟာရေ ပန ဖလာဖလံ ထေယျစိတ္တေန ပရိဘုဉ္ဇတော ပါရာဇိကံ။**

ဟူသော အဋ္ဌကထာပါဠ်၌ ပါရာဇိကံ-ဟူ၍သာ ရှိရမည်။ န ပါရာဇိကံ-ဟု န-နှင့် မရှိသင့်။ "န ပါရာဇိကံ"ရှိသည်အလို အချို့သောပုဂ္ဂိုလ်တို့က အထက်—

**ဘိက္ခူပိ ဝိဟာရေ ဆန္ဒေတွာ သဉ္စာသာဟာဝ ဂစ္ဆန္တိ။ ထေယျစိတ္တေန ပရိဘုဉ္ဇတော အဝဟာရော ဟောတိ၊ ဘဏ္ဍံ အဂ္ဃါပေတွာ ကာရေတဗ္ဗော။** (ဝိဋ္ဌ၊၁။ ၃၃၆)

ပါဠ်ကို မြင်၍ အာရာမ်ရှင်တို့ သဉ္စာသာဟ ရှိမှသာ ပါရာဇိကသို့ ရောက်၏။ အနာသာဟ ဖြစ်ခဲ့မူ ပါရာဇိကသို့ မရောက်။ ဤသို့ သဘောကျ၍ န ပါရာဇိကံ-ဟု စာကို ပြင်မှား၍ ကာလရှည်လျားအောင် စာစောင်အများမှာပင် န-နှင့် ရှိကြလေသည်။

"ကသ္မာ? အာဂတာနာဂတာနံ သန္တကတ္တာ"ဟူသော ဟိတ်၊
"ဂဏသန္တကေ ပန ပုဂ္ဂလိကေ စ သဉ္စာသာဟမတ္တေ'မေဝ ပမာဏံ"

ဟူသော နောက်အဋ္ဌကထာပါဠ်။

**န ဟိ ကတိပယာနံ အနာသာဟေ သတိ သံဃိကံ အသံဃိကံ ဟောတိတိ အယ'မေတ္ထ အဓိပ္ပါယော။**

ဟူသော ဋီကာပါဠ်များကို သဘောမထားမိကြဟန် ရှိ၏။

မြင်ကွန်းမြို့၊ ရှင်အာစာရက 'ပစ္စန္တေ စောရုပဒ္ဒဝေန'-အစ၊ 'ဂဏာသန္တကေ ပန ပုဂ္ဂလိကေ စ သဥဿာဟမတ္တ'မေဝ ပမာဏံ'-အဆုံးရှိသော သမန္တပါသာဒိကမည်သော ဝိနည်းပါရာဇိကကဏ်၊ ဒုတိယသိက္ခာပုဒ်အဖွင့် အဋ္ဌကထာတွင် "ဆန္ဒိတဝိဟာရေ ပန ဖလာဖလံ ထေယျစိတ္တေန ပရိဘုဉ္ဇတော ပါရာဇိကံ"ဟူသော ပါဌ်၌ "ပရိဘုဉ္ဇတော န ပါရာဇိကံ"ဟု အဋ္ဌကထာ, စာစောင်အများမှာပင် န-နှင့်ချည်း ရှိကြပါသည်။ အချို့ပုဂ္ဂိုလ်တို့ကလည်း န-နှင့် မရှိသင့်-ဟု ပြောဆိုကြသဖြင့် ရမ်းဆဝိုးဝါး မကွဲပြားနိုင်ကြရှိသည်ဖြစ်ပါ၍ န-နှင့်ပင် သင့်မည်၊ န-မရှိဘဲ 'ပါရာဇိကံ'-သာ သင့်မည်ကို နေရာကျကျ သန္နိဋ္ဌာန်ချ၍ သိမှတ်ပါရအောင် ကယ်မသနား ဖြေကြားအမိန့်ရှိတော်မူပါမည့်အကြောင်းနှင့် လျှောက်သောကြောင့် အဋ္ဌကထာ, ဋီကာ, ပါဠိအရ ယုတ္တိသဘာဝကို ထောက်ဆနိုင်းညှိဆင်ခြင်၍ ၁၂၄၃-ခု၊ နှောင်းတန်ခူးလဆန်း၊ ၁၅-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိမ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## ဒါယကာမောင်စံပြည့်-က ဗလဝါမုခဝဲအကြောင်းနှင့် ဒီရေတိုး,ဆုတ်ခြင်းကို သိလိုပါကြောင်း လျှောက်ထားချက်

[၁၆၉] "ဘုရားတပည့်တော် ကြံခင်းမြို့၊ ဒကာစံပြည့် ခြေတော်ဦးခိုက် လျှောက်ပါသည် ဆရာတော်ဘုရား။

မဟာသမုဒ္ဒရာတွင် ဗလဝါမုခဝဲ-ဟု ခေါ်ဝေါ်ကြသောစကား အလွန်ထင်ရှားပါသည်ဖြစ်၍ ဗလဝါမုခဝဲဖြစ်ခြင်း၏ အကြောင်းကိုလည်း သိလိုပါသည်။ သမုဒ္ဒရာ, ပင်လယ်, မြစ်ကြီး, မြစ်ငယ်တို့သို့ ရေထွက်၍ ဆုတ်ချေ, တက်ချေ ဒီရေ-ဟု ခေါ်ဝေါ်ကြသော အရာမှာလည်း ထိုသို့ ရေ၏ ဆုတ်ခြင်း, တက်ခြင်းသည် အံ့ဩဖွယ်ဖြစ်ရကား ထိုသို့ ဆုတ်ခြင်း, တက်ခြင်း၏ အကြောင်းကိုလည်း သိလိုပါသည်ဖြစ်၍ နေရာကျကျ သန္နိဋ္ဌာန်ချ၍ သိမှတ်ပါရအောင် ကယ်မသနား ဖြေကြားအမိန့်ရှိတော်မူပါမည့်အကြောင်းကို ဆယ်ချောင်းဟတ္ထပဏာမဖြင့် တုပ်ကွရှိကျိုး ရှိခိုးနားတော်လျှောက်ပါသည် ဆရာတော်ဘုရား။"

၎င်းဒါယကာ လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ—

[၁၆၉] ဗလဝါမုခဝဲ၏အကြောင်း၊ ဒီရေ ဆုတ်,တက်သည်၏အကြောင်းကို မေးလျှောက်သည်မှာ မဟာသမုဒ္ဒရာ၌ ရေတို့ကို ငင်၍,ငင်၍ တောင်၏ အထက်အဖို့သို့ တက်၏။ ထိုတောင်၏ အထက်အဖို့သို့ တက်သည်ရှိသော် ရေသည် တောင်၏ အထက်အဖို့ဖြင့် ပြတ်သော ချောက်ကမ်းပါးကြီးကဲ့သို့ ဖြစ်၏။ လှိုင်းတံပိုး ထလတ်သော် တပြိုင်နက် တောင်၏ အထက်အဖို့ဖြင့်၊ တစ်နည်း- တစ်ဘက်သောတောင်၏ အထက်အဖို့ဖြင့် ဆီးနှင်းကျသကဲ့သို့ ဖြစ်၏။ ထိုရေ၏အဟုန်သည် ပြေးလတ်၍ စကြဝဠာတောင်, မြင်းမိုရ်တောင်တို့ကို ထိ၍ ၁-ယူဇနာ, ၂-ယူဇနာ, ၁၀-ယူဇနာတိုင်အောင် တက်၍ တဖန် မဟာသမုဒ္ဒရာ၌ ကျပြန်၏။ အကြင်ရေ၏ ကျရာအရပ်၌ ကြီးစွာသော ချောက်ကမ်းပါးကဲ့သို့ ဖြစ်၏။ ထိုသို့ ဖြစ်သည်ကို လောက၌ ဗလဝါမုခ-ဟူ၍ ဆိုအပ်၏။

ထိုဗလဝါမုခရေ၏ အသံသည် နားကို ထွင်းဖောက်သကဲ့သို့, (ဝါ) နားပွင့်အံ့သကဲ့သို့, (ဝါ) နှလုံးကွဲအံ့သကဲ့သို့ ဖြစ်၏။ ထိုအရပ်ကို ဗလဝါမုခသမုဒ္ဒရာ-ဟူ၍ ဆိုအပ်၏။ **ထိုဗလဝါမုခ၌ စကြဝဠာတောင်သို့ ရွေ့ရှုပြေးသောရေ၏ အဟုန်ကြောင့် ရေ၏ တိုးခြင်း,ဆုတ်ခြင်းသည် ဖြစ်၏။**

ထို့ကြောင့် ၅၅၀၊ ဇာတဒသကနိပါတ်၊ ၉-ခုမြောက်သော သုပ္ပါရကဇာတ်အဋ္ဌကထာ၊ သံယုတ္တ၊ ပါတာလသုတ္တအဋ္ဌကထာ၊ ဋီကာတို့၌—

ယသ္မိံ ပန မဟာသမုဒ္ဒေ ဥဒကံ အာကမ္ပိတွာ အာကမ္ပိတွာ ပဗ္ဗတော'ပရိဘာဂေန ဥဂ္ဂစ္ဆတိ၊ တသ္မိံ ပဗ္ဗတော'ပရိဘာဂေ ဥဂ္ဂတေ ဥဒကံ ပဗ္ဗတောဘာဂေန ဆိန္နပပါတမဟာသောဗ္ဘော ဝိယ ပညာယတိ၊ ဥမ္မိယာ ဥဂ္ဂတာယ ဧကတော ပဗ္ဗတောဘာဂေန ဟိမပါတသဒိသော ဟောတိ။

တစ္ဆ ဥဒကဝေဂေန ပက္ခိန္တွာ စက္ကဝါဠပဗ္ဗတောဘာဂေန သိနေရုပဗ္ဗတောဘာဂေန ဝါ အာဟစ္စ ဧကယောဇန ဒွိယောဇန ဒသယောဇနမ္ပိ ဥဂ္ဂန္ဓာ ပုန မဟာသမုဒ္ဒေ ပတိ၊ ယသ္သ ပတိတဋ္ဌာနေ မဟာနရကပပါတော ဝိယ ဟောတိ၊ တံ လောကေ ဗလဝါမုခန္တိ ဝုစ္စတိ။

ဘယဇနကော သဒ္ဒေါ ဥပ္ပဇ္ဇတိ သောတာနိ ဆိန္ဒန္တော ဝိယ ဟဒယံ ဖာလေန္တော ဝိယ။ သော ဗလဝါမုခသမုဒ္ဒေါတိ ဝုစ္စတိ။ ဧတ္ထ စ စက္ကဝါဠာဘိမုခံ ပက္ကန္ဒသလိလဝေဂေန ဥဒကဿ ဝဍ္ဎနံ ဟာယနဉ္စ ဟောတိ။ —

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (အချို့ပါဠ်များ ဆဋ္ဌမူ၌ မရှိ။)

ယသ္မိံ ပန မဟာသမုဒ္ဒေ၊ အကြင် မဟာသမုဒ္ဒရာ၌။ ဥဒကံ၊ ရေကို။ အာကမ္ပိတွာ အာကမ္ပိတွာ၊ ငင်၍, ငင်၍။ ပဗ္ဗတော'ပရိဘာဂေန၊ တောင်၏အထက်အဖို့ဖြင့်။ ဥဂ္ဂစ္ဆတိ၊

တက်၏။ တသ္မိံ ပဗ္ဗတေ၊ ထိုတောင်၌။ ဥပရိဘာဂေ၊ တောင်၏ အထက်အဖို့သို့။ ဥဒကေ၊ ရေသည်။ ဥဂ္ဂတေ၊ တက်သည်ရှိသော်။ ဥဒကံ၊ ရေသည်။ ပဗ္ဗတောဘာဂေန၊ တောင်၏ အဖို့ဖြင့်။ ဆိန္နပပါတမဟာသောဗ္ဘော ဝိယ၊ ပြတ်သော ကြီးစွာသော ချောက်ကမ်းပါးကဲ့သို့။ ပညာယတိ၊ ထင်၏။ ဥမ္မိယာ၊ လှိုင်းတံပိုးသည်။ ဥဂ္ဂတာယ၊ တက်လတ်သော်။ ဝါ၊ ထလတ်သော်။ ကေတော၊ တပြိုင်နက်။ ပဗ္ဗတောဘာဂေန၊ တောင်၏အဖို့ဖြင့်။ ဟိမပါတသဒိသော၊ ဆီးနှင်းကျသည်နှင့် တူသည်။ ဟောတိ၊ ဖြစ်၏။ တဋ္ဌ တေန ဥဒကဝေဂေန၊ ထိုရေ၏အဟုန်သည်။ ပက္ခိန္ဒိတွာ၊ ပျံတက်၍။ စက္ကဝါဠပဗ္ဗတောဘာဂေန ဝါ၊ စကြဝဠာတောင်၏အဖို့ဖြင့်လည်းကောင်း။ သိနေရုပဗ္ဗတောဘာဂေန ဝါ၊ မြင်းမိုရ်တောင်၏အဖို့ဖြင့်လည်းကောင်း။ အာဟစ္စ၊ ထိ၍။ ဧကယောဇန ဒွိယောဇန ဒသယောဇနမ္ပိ၊ ၁-ယူဇနာ, ၂-ယူဇနာ, ၁၀-ယူဇနာတိုင်အောင်လည်း။ ဥဂ္ဂန္တွာ၊ တက်၍။

ပုန၊ တဖန်။ မဟာသမုဒ္ဒေ၊ မဟာသမုဒ္ဒရာ၌။ ပတိ၊ ကျ၏။ ယဿ၊ အကြင်ရေ၏။ ပတိတဋ္ဌာနေ၊ ကျရာအရပ်၌။ မဟာနရကပပါတော ဝိယ၊ ကြီးစွာသော နရက်ချောက်ကမ်းပါးကဲ့သို့။ ဟောတိ၊ ဖြစ်၏။ တံ၊ ထိုသို့ ဖြစ်သည်ကို။ လောကော၊ လောက၌။ ဇလဝါမုခန္တိ၊ ဇလဝါမုခ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဘယဇနကော၊ ကြောက်မက်ဖွယ်ကို ဖြစ်စေတတ်သော။ သဒ္ဒေါ၊ အသံသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ သောတာနိ၊ နားတို့ကို။ ဆိန္ဒန္တော ဝိယ၊ ထွင်းဖောက်သကဲ့သို့။ ဝါ၊ သောတာနိ ဆိန္ဒန္တော ဝိယ၊ နားပွင့်အံ့သကဲ့သို့။ ဟာဒယံ၊ နှလုံးကို။ ဖာလေန္တော ဝိယ၊ ခွဲအံ့သကဲ့သို့။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုသို့ဖြစ်သောအရာကို။ ဇလဝါမုခသမုဒ္ဒေါတိ၊ ဇလဝါမုခသမုဒ္ဒရာ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

စ၊ ဆက်၍ ပြဦးအံ့။ ဧတ္ထ၊ ဤသို့ ရေတို့၏ကျရာ၌။ ဝါ၊ ဤဇလဝါမုခသမုဒ္ဒရာ၌။ စက္ကဝါဠာဘိမုခံ၊ စကြဝဠာတောင်သို့ ရှေ့ရှု။ ပက္ကန္တသလိလဝေဂေန၊ ပြေးသော ရေ၏အဟုန်ဖြင့်။ ဥဒကဿ၊ ရေ၏။ ဝမုနဥ္စ၊ တိုးခြင်းသည်လည်းကောင်း။ ဟာယနဥ္စ၊ ဆုတ်ခြင်းသည်လည်းကောင်း။ ဟောတိ၊ ဖြစ်၏။

မဟာသမုဒ္ဒရာရေ၏အပြင်သည် ပြင်းစွာသော လေ၏အဟုန်ကြောင့် ကြီးစွာသော လှိုင်းဟုန်တံပိုးတို့သည်ဖြစ်၍ ထိုမှ,ဤမှ ပြေးသွားလတ်သော် မဟာသမုဒ္ဒရာ၏အတွင်း၌ ကြီးစွာသော တောင်တို့သည် ရှိကုန်သတတ်။ ထိုတောင်တို့ ရှိရာအရပ်သို့ ရောက်သောကာလ ရေသည် တောင်ကို လွှမ်းမိုး၍ တက်သဖြင့် ချောက်ကမ်းပါးကြီးကဲ့သို့ ဖြစ်ပြီးမှ တဖန် ပြန်၍ ကျပြန်လတ်သော် ထိုထို ကျွန်းကြီး, ကျွန်းငယ်, မြစ်, ချောင်း, ထုံးအိုင်, စကြဝဠာတောင်-စသော အရပ်တို့သို့ ပြေးဝင်ရိုက်ခတ်လေရကား ထိုရေတို့၏ တိုးခြင်း, ဆုတ်ခြင်းတို့သည် ဖြစ်ကုန်၏။

မဟာသမုဒ္ဒရာ၌ လှိုင်းတံပိုး ကျသောအခါ ကျွန်းကြီး, ကျွန်းငယ်, မြစ်, ချောင်း, ထုံးအိုင်တို့၌ တိုး၏။ မဟာသမုဒ္ဒရာ၌ လှိုင်းတံပိုးတက်သောအခါ ကျွန်းကြီး, ကျွန်းငယ်, မြစ်, ချောင်း, ထုံးအိုင်တို့၌ ဆုတ်၏။ ဤသို့ မှတ်ရာ၏။

"**ကေယောဇနေ ဒွိယောဇနေ ဒသယောဇနံ**"ဟု သုပ္ပါရကဇာတ်အဋ္ဌကထာတွင် ပြသည့်အတိုင်း ၁-ယူဇနာမှစ၍ ၁၀-ယူဇနာတိုင်အောင် အစဉ်အတိုင်း တိုးသည်-ဟူရကား ဒီရေတို့၏ အစဉ်အတိုင်း တိုးခြင်း, ယုတ်ခြင်း, ဆုတ်ခြင်း, တက်ခြင်း အနည်းငယ်ကိုလည်း သိရာ၏။

မဟာသမုဒ္ဒရာရေသည် **အောက်အဖို့မှ** ယူဇနာ ၄၀,၀၀၀-ရှိသောအရပ်၌ ငါးတို့ကြောင့် ပြင်းစွာလှုပ်ရှားခြင်း ဖြစ်၏။ **အထက်အဖို့မှလည်း** ယူဇနာ ၄၀,၀၀၀-ရှိသောအရပ်၌ လေတို့ကြောင့် ပြင်းစွာလှုပ်ရှားခြင်း ဖြစ်၏။ **အလယ်ယူဇနာ** ၄,၀၀၀-အရပ်သည် မလှုပ်မရှားဘဲ တည်၏။

ထို့ကြောင့် ဓမ္မပဒ၊ ၆-ခုမြောက်သော ပဏ္ဍိတဝဂ်အစု၊ ၇-ခုမြောက်သော ကာဏမာတုဝတ္ထု၊ ယထာပိရဟဒေါ-အစရှိသော ဂါထာအဖွင့်အဋ္ဌကထာ၌—

> **တဿ ဟိ ဟေဋ္ဌာ စတ္တာလီသယောဇနသဟဿမတ္တေ ဌာနေ ဥဒကံ မစ္ဆေဟိ စလတိ၊ ဥပရိ တာဝတ္တကေယေဝ ဌာနေ ဥဒကံ ဝါတေန စလတိ၊ မဇ္ဈေ စတုယောဇနသဟဿမတ္တေ ဌာနေ ဥဒကံ နိစ္စလံ တိဋ္ဌတိ။**

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (ဓမ္မဋ္ဌ၁။၃၇၅)

တဿ၊ ထိုမဟာသမုဒ္ဒရာ၏။ ဟေဋ္ဌာ၊ အောက်၌။ စတ္တာလီသယောဇနသဟဿမတ္တေ ဌာနေ၊ ယူဇနာ ၄-သောင်းမျှလောက်သော အရပ်၌။ ဥဒကံ၊ ရေသည်။ မစ္ဆေဟိ၊ ငါးတို့ ကြောင့်။ စလတိ၊ လှုပ်၏။ ဥပရိ၊ အထက်၌။ တာဝတ္တကေယေဝ ဌာနေ၊ ထိုမျှလောက်သော ယူဇနာ ၄-သောင်းအရပ်၌။ ဥဒကံ၊ ရေသည်။ ဝါတေန၊ လေတို့ကြောင့်။ စလတိ၊ လှုပ်၏။ မဇ္ဈေ စတုယောဇနသဟဿမတ္တေ ဌာနေ၊ အလယ်ယူဇနာ ၄,၀၀၀-အရပ်၌။ ဥဒကံ၊ ရေသည်။ နိစ္စလံ၊ မလှုပ်ဘဲ။ တိဋ္ဌတိ၊ တည်၏။

ထိုမဟာသမုဒ္ဒရာ၌— မဟိန္ဒာမည်သော လှိုင်းကား အမြင့်ယူဇနာ ၆၀-ရှိ၏။
ဂင်္ဂါမည်သော လှိုင်းကား အမြင့်အားဖြင့် ယူဇနာ ၅၀-ရှိ၏။
ရောဟဏမည်သော လှိုင်းကား အမြင့်အားဖြင့် ယူဇနာ ၄၀-ရှိ၏။

ထို့ကြောင့် ၁၇-ခုမြောက်သော ခုဒ္ဒကဝတ္ထုပိဘင်းအဋ္ဌကထာ၌—

**မဟာသမုဒ္ဒေ ကိရ မဟိန္ဒဝီစိ နာမ သဋ္ဌိ ယောဇနာနိ ဥဂ္ဂစ္ဆတိ၊ ဂင်္ဂါဝီစိ နာမ ပဏ္ဏာသ ယောဇနာနိ ဥဂ္ဂစ္ဆတိ၊ ရောဟဏဝီစိ နာမ စတ္တာလီသ ယောဇနာနိ ဥဂ္ဂစ္ဆတိ။**

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။　　(အဘိဋ္ဌ၊၂။၄၈၄)

မဟာသမုဒ္ဒေ၊ မဟာသမုဒ္ဒရာ၌။ မဟိန္ဒဝီစိ နာမ၊ မဟိန္ဒာမည်သော လှိုင်းသည်။ သဋ္ဌိ ယောဇနာနိ၊ ယူဇနာ ၆၀-တို့သို့။ ဥဂ္ဂစ္ဆတိ၊ တက်၏။ ဂင်္ဂါဝီစိ နာမ၊ ဂင်္ဂါလှိုင်းမည်သည် ကား။ ပဏ္ဏာသ ယောဇနာနိ၊ ယူဇနာ ၅၀-တို့သို့။ ဥဂ္ဂစ္ဆတိ၊ တက်၏။ ရောဟဏဝီစိ နာမ၊ ရောဟဏလှိုင်းမည်သည်ကား။ စတ္တာလီသ ယောဇနာနိ၊ ယူဇနာ ၄၀-တို့သို့။ ဥဂ္ဂစ္ဆတိ၊ တက်၏။

တစ်နည်းကား မဟာအဝီစိငရဲကြီး၏အတွင်း၌ ကျက်ကုန်သော သတ္တဝါတို့၏ ကံ၏အစွမ်းကြောင့် မဟာအဝီစိငရဲတံခါးသည် အခါမပြတ် ပွင့်လည်း ပွင့်၏၊ ပိတ်လည်း ပိတ်၏။ ပွင့်သောအခါ ကြီးစွာသော ငရဲမီးလျှံသည် ထွက်၍ တံခါးသို့ ရှေးရှု များစွာသော ယူဇနာတို့ဖြင့် အလျား,အနံကျယ်သော သမုဒ္ဒရာအောက်အဖို့ကို လောင်၏။ ထိုသို့ လောင်ရာ၌ ဝဲ၏အခြင်းအရာဖြင့် လည်လျက် ကြောက်မက်ဖွယ်သောအသံဖြင့် အောက်သို့ ကျ၏။ ထိုသို့ ကျရာအရပ်ကို ဗလဝါမုခ-ဟု ဆိုကုန်၏။

ထို့ကြောင့် ထေရဂါထာ၊ တာလပုဋထေရဂါထာအဖွင့်အဋ္ဌကထာ(ထေရဋ္ဌ၊၂။၄၆၈)၌—

**တထာ ဟိ အဝီစိမဟာနိရယေ အန္တောပစ္စမာနာနံ သတ္တာနံ ကမ္မဝသေန နိရယ-ဒွါရံ နိစ္စကာလ'မေဝ ဝိဝရတိ စေဝ ပိဒဟတိ စ။ တဒါ ဝိဝဋကာလေ မဟာအဂ္ဂိက္ခန္ဓော နိက္ခမိတွာ ဒွါရာဘိမုခံ ပတွာ အနေကယောဇနာ'ယာမဝိတ္ထာရံ ဟေဋ္ဌာ သမုဒ္ဒပဒေသံ ပရိဒယှတိ။ တသ္မိံ ဒမှေ ဥပရိ ဥဒကံ အာဝဋ္ဋာကာရေန ပရိဗ္ဘမန္တံ ဘယဇနကေန မဟာသဒ္ဒေန ဟေဋ္ဌာ နိပတတိ။ တသ္မိံ ဌာနေ ဗလဝါမုခသမညာ ဒိဿတိ။**

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။　(အချို့ပါဠ်များ ဆဋ္ဌမူ၌ မရှိ။)

တထာ တံ ဝစနံ၊ ဆိုစကားသည်။ ဟိ သစ္စံ၊ မှန်၏။ အဝီစိမဟာနိရယေ၊ အဝီစိ ငရဲကြီး၌။ အန္တောပစ္စမာနာနံ၊ အတွင်း၌ ကျက်ကုန်သော။ သတ္တာနံ၊ သတ္တဝါတို့၏။ ကမ္မ-ဝသေန၊ ကံ၏အစွမ်းကြောင့်။ နိရယဒွါရံ၊ ငရဲတံခါးသည်။ နိစ္စကာလ'မေဝ၊ အခါမပြတ် ပင်လျှင်။ ဝိဝရတိ စေဝ၊ ပွင့်လည်း ပွင့်၏။ ပိဒဟတိ စ၊ ပိတ်လည်း ပိတ်၏။ တဒါ ဝိဝဋ-ကာလေ၊ ထိုသို့ ပွင့်သောအခါ၌။ မဟာအဂ္ဂိခန္ဓော၊ ကြီးစွာသော ငရဲမီးလျှံသည်။ နိက္ခမိတွာ၊

ထွက်၍။ ဒွါရာဘိမုခံ၊ တံခါးသို့ ရှေ့ရှု။ ပတွာ၊ ရောက်၍။ အနေက ယောဇနာယာမဝိတ္ထာရံ များသော ယူဇနာတို့ဖြင့် အလျား,အနံရှိသော။ ဟေဋ္ဌာသမုဒ္ဒပဒေသံ၊ အောက်သမုဒ္ဒရာ အရပ်ကို။ ပရိဒယှတိ၊ လောင်၏။ တသ္မိံ ဒမ္မေ၊ ထိုသို့ လောင်ရာ၌။ ဥပရိ ဥဒကံ၊ အထက်၌ တည်ရှိသော ရေသည်။ အာဝဋ္ဋာကာရေန၊ ဝဲ၏အခြင်းအရာဖြင့်။ ပရိဗ္ဘမန္တံ၊ လည်သည် ဖြစ်၍။ ဘယဇနကေန၊ ကြောက်မက်ဖွယ်ကို ဖြစ်စေတတ်သော။ မဟာသဒ္ဒေန၊ ပြင်းစွာ သော အသံဖြင့်။ ဟေဋ္ဌာ၊ အောက်သို့။ နိပတတိ၊ ကျ၏။ တသ္မိံ ဌာနေ၊ ထိုကျရာအရပ်၌။ ဗလဝါမုခသမညာ၊ ဗလဝါမုခ-ဟူသော အမည်သည်။ ဒိဿတိ၊ ထင်၏။

ဗလဝါမုခဝဲ၏အကြောင်း၊ ဒီရေတို့၏ ဆုတ်,တက်ရှိသည်တို့၏အကြောင်းကို ပြလို၍—

"ယသ္မိံ ပန မဟာသမုဒ္ဒေ ဥဒကံ အာကမ္ပိတွာ"အစရှိသော သုပ္ပါရကဇာတ်အဋ္ဌကထာ ပါဠ်ကို မိန့်ရသောဝ်။

ဗလဝါမုခဝဲ ဖြစ်ရာသောအကြောင်းရင်း, ရေတို့၏ လှုပ်ရှားခြင်းကို ပြလို၍ "တဿ ဟိ ဟေဋ္ဌာ စတ္တာလီသယောဇနသဟဿမတ္တေ"အစရှိသော ဓမ္မပဒအဋ္ဌကထာပါဠ်ကို မိန့်ရ သောဝ်။

ရေ၏လှုပ်ခြင်းကြောင့် ကြီးစွာသော လှိုင်းတံပိုးဖြစ်သည်ကို ပြလို၍ 'မဟာသမုဒ္ဒေ' အစရှိသော ခုဒ္ဒကဝတ္ထုဝိဘင်းအဋ္ဌကထာပါဠ်ကို မိန့်ရသောဝ်။

ဗလဝါမုခဝဲ တစ်နည်းဖြစ်သော အရာဌာနကို ပြပြန်လို၍ "တထာ ဟိ မဟာအဝီစိ- နိရယေ"အစရှိသော တာလပုဋ္ဌထေရအဋ္ဌကထာပါဠ်ကို မိန့်ရသောဝ်။

**ဤတွင်ရွေ့ ဗလဝါမုခဝဲ၏အကြောင်း၊ ဒီရေ ဆုတ်,တက်ရှိသည်၏အကြောင်းကို ပြဆို သော စကားရပ် အပြီးသတ်တည်း။**

ထိုစကားရပ်ကို အကျယ်သိလိုလျှင် သုပ္ပါရကဇာတ်အဋ္ဌကထာ, ဓမ္မပဒအဋ္ဌကထာ, ထေရအဋ္ဌကထာတို့မှာ ကြည့်လေ။ ကြံခင်းမြို့၊ ဒကာစံပြည့်က "ဗလဝါမုခဝဲ၏အကြောင်း၊ ဒီရေ ဆုတ်,တက်ရှိသည်၏ အကြောင်းများကို နေရာကျကျ သိမှတ်လိုပါသည်"ဟု လျှောက် သောကြောင့် ကျမ်းဂန်အလာ ဒေသနာနယကို ညွှန်ပြထုတ်ဆောင်၍ ၁၂၄၃-ခု၊ နှောင်း တန်ခူးလပြည့်ကျော်၊ ၂-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## ကျောက်ဆောက်မြို့ ရဟန်းတော် ရှင်ပညာ-က အောက်တွင်ပါသော ကဗျာစကားကို လျှောက်ထားချက်

[၁၇၀] "ဘုရားတပည့်တော် ကျောက်ဆောက်မြို့ ရဟန်းရှင်ပညာ လျှောက်ပါသည် ဆရာတော်ဘုရား။

အောက်တွင် ဖော်ပြရေးသားပါရှိသော ကဗျာစကား၏ အဓိပ္ပါယ်ကို နေရာကျ မသိနိုင်ကြရှိသည်ဖြစ်ပါ၍ နေရာကျ သိမှတ်ပါရအောင် အမိန့်ရှိတော်မူပါမည့် အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား"။

လျှောက်လိုရင်းဖြစ်သော ကဗျာစကား—

ကာရက ခြောက်ဖြာ၊ စပ်အပ်ရာ၊ စပ်ရာ ချင်းနှင့်မင်း။
သုံးပါး ကြိယာ၊ အနန္တတ္ထာ၊ စပ်ရာ ချင်းတို့ချင်း။
နိဒ္ဒါရဏာ၊ သမ္ဗန္ဓာ၊ စပ်ရာ ဗာဟိရတ္ထချင်း။
ဝိသေသနာ၊ အန္တတ္ထာ၊ စပ်ရာ ဗာဟိရတ္ထမင်း။
ဟိတ်ပေါင်း ၉-ဖြာ၊ လက္ခဏာ၊ ၆-ဖြာ ကာရက၊ ဗာဟိရတ္ထ၊ စပ်ကြလေရာ၊ အန္တတ္ထာ၊ စပ်ရာ သည်တွင်မင်း။
စပ်ကြလေရာ၊ ကျမ်းဆရာ၊ လျှင်စွာ မြင့်ထက်မြင့်။
စပ်ရိုး ငါးထပ်၊ ဤသို့ မှတ်၊ မချွတ် တတ်စရာ။
မချွတ်တတ်မြောက်၊ တံခွန်ဆောက်သို့ ကြံထောက်ဆည်ဆ၊ ကြံပုံချ၍၊ သာရ သေချာ၊ ဤကျမ်းစာသည်။ ။ ချမ်းသာ နေ့တိုင်း တိုး၏တည်း။

ဧင်းရဟန်းတော် လျှောက်ထားချက်အရ အဖြေဝိသဇ္ဇနာ—

[၁၇၀] မေးလျှောက်သော ကဗျာစကားရပ်တို့တွင် "ကာရက ခြောက်ဖြာ၊ စပ်အပ်ရာ၊ စပ်ရာ ချင်းနှင့်မင်း"ဟူသော အပိုဒ်၏ အဓိပ္ပါယ်သော်ကား "ဂမနပစနာဒိကံ ကမ္မံ ကရောတီတိ ကာရကော"ဟူသော ဝစနတ္ထနှင့်အညီ သွားခြင်း၊ ချက်ခြင်း-အစရှိသော ကြိယာကို ပြီးစေတတ်သောကြောင့် မုချအားဖြင့် သတ္တိသည်သာလျှင် ကာရက မည်၏။

သတ္တိသည် ကာရက-မည်သောကြောင့် သတ္တိဝန္တဖြစ်သော ပုဂ္ဂိုလ်ဒြဗ်သည်လည်း ဥာနူပစာရတ္ထအားဖြင့် ကာရက မည်၏။ ပုရိသ-အစရှိသော သဒ္ဒါသည်လည်း အနက်၏ အကြောင်းအဖြစ်ဖြင့် ကာရက မည်၏။ ထိုကာရကသည် သတ္တိအစွမ်းအားဖြင့် ၆-ပါး

ပြား၏။ သတ္တိဝန္တ၏အစွမ်းဖြင့် မပြား၊ သတ္တိသည် ၆-ပါး ပြားသောကြောင့် သတ္တိဝန္တသည်လည်း ၆-ပါးပြား၏။ ထို့ကြောင့် "ပုရိသော၊ ပုရိသံ၊ ပုရိသေန၊ ပုရိသဿ၊ ပုရိသမှာ၊ ပုရိသသ္မိ"စသည်ဖြင့် သဒ္ဒါ ဖြစ်ကုန်၏။

ကာရက ၆-ပါး-ဟူသော်ကား ကတ္တုကာရက, ကမ္မကာရက, ကရဏကာရက, သမ္ပဒါနကာရက, အပါဒါနကာရက, ဩကာသကာရက-အားဖြင့် ၆-ပါးတည်း။ ထို ၆-ပါးသော ကာရကတို့ကို ဂစ္ဆတိ-အစရှိသော ကြိယာတို့၌သာ စပ်အပ်၏။

ထိုကာရက ၆-ပါးသည် အမတ်နှင့် တူ၏။ ကိတ်ကြိယာသည် အိမ်ရှေ့မင်းနှင့် တူ၏။ အာချာတ်ကြိယာသည် ပြည့်ရှင်မင်းနှင့် တူ၏။ အမတ်တို့သည် အိမ်ရှေ့မင်း, ပြည့်ရှင်မင်းတို့၌သာ ဆည်းကပ်ခစား များသကဲ့သို့ ကာရကသည်လည်း ကြိယာ၌သာ ဆိုက်သည် များ၏။

ထို့ကြောင့် "ရာဇာတုလျာ ကြိယာ နာမ၊ အမစ္စာ ဝိယ ကာရကာ"ဟု သဒ္ဒါကျမ်းတတ် ဆရာမြတ်တို့ မိန့်ဆိုတော်မူသတည်း။ ဂစ္ဆတိ-အစရှိသော ကြိယာတို့သည် မင်းနှင့် တူကုန်၏။ ကာရက ၆-ပါးတို့သည်ကား အမတ် ၆-ယောက်တို့နှင့် တူကုန်၏။ အမတ်တို့သည် မင်းကိုသာ ခြံရံဝန်းပတ် မပြတ်ခစားကုန်သကဲ့သို့ တစ်ခုတည်းသော ကြိယာ၌ပင် ကာရက ၆-ပါးတို့သည် ရကုန်၏။

ရံပုံကား—

"ဘိက္ခု ဂါမံ ပုပ္ဖဏ္ဍသမယံ ပိဏ္ဍာယ ပါဒေန ဝိဟာရတော ဂစ္ဆတိ"။

ဤသို့ အစရှိသည်တည်း။

ဤသို့ ရံသောအခါ ကာရက ၆-ပါးတို့ကို ကြိယာ၌သာ သွားရ,ဆိုက်ရ၏။ ဤသို့ သွားခြင်း, ဆိုက်ခြင်းသည် ယေဘုယျမျှသာတည်း။

အပ္ပကအားဖြင့်ကား "ဧသော နော သတ္ထာ"စသည်တို့၌။ ဧသော၊ ဤသူသည်။ နော၊ ငါတို့၏။ သတ္ထာ၊ ဆရာတည်း။

ဧသော-ကား သတ္ထာ၌ တုလျတ်၊ သတ္ထာကား လိင်္ဂတ်၊ ဤသို့ စပ်ရာ၏။ ထိုသို့ စပ်ခြင်းသည် အချင်းချင်း စပ်သည် မည်၏။ ထို့ကြောင့် ကာရကသည် ယေဘုယျအားဖြင့် ကြိယာ၌သာ ဆိုက်၏။ အပ္ပကအားဖြင့်ကား အချင်းချင်းလည်း ဆိုက်ကောင်း၏။ ဤသို့ နှလုံးသွင်းတော်မူ၍ သဒ္ဒါအကျော် ဆရာတော်သည် "ကာရက ၆-ဖြာ၊ စပ်အပ်ရာ၊ စပ်ရာချင်းနှင့်မင်း"ဟူသော ကဗျာစကားကို မိန့်ဆိုတော်မူသတည်း။

"သုံးပါး ကြိယာ၊ အန္တတ္ထာ၊ စပ်ရာ ချင်းတို့ချင်း"ဟူသော အပိုဒ်၏ အဓိပ္ပါယ်သော်ကား ပုဗ္ဗကာလကြိယာ, အပရကာလကြိယာ, သမာနကာလကြိယာ-ဟူ၍ ၃-ပါးတည်း။ ထို ၃-ပါးတို့သည် အန္တတ္ထ-၌သာ သွားအပ်၏။ သွားသော်လည်း ချင်းတို့ကြိယာ၌သာ သွားအပ်၏။

ထို့ကြောင့်–

> ပုဗ္ဗာ'ပရသမာနေ စ၊ ကာလေ ဟေတုမှိ တွာဒယော။
> ဘုဥ္ဇိတွာ သယတိ ပေါသော၊ ပိဒဟိတွာန နိက္ခမိ။
> တက္ကစ္စ ပတတိ ဒဏ္ဍော၊ ပိဝိတွာ ဟောတိ သပ္ပိ ဗလံ။ ။

ဟူ၍ သဒ္ဒါကျမ်းကို သိကျွမ်းလိမ္မာ ရှေးဆရာတို့ မိန့်ဆိုတော်မူသတည်း။

ပုဗ္ဗာ'ပရသမာနေ၊ ပုဗ္ဗာ'ပရသမာနဖြစ်သော။ ကာလေ စ၊ ကာလ၌လည်းကောင်း။ ဟေတုမှိ စ၊ ဟိတ်အနက်၌လည်းကောင်း။ တွာဒယော၊ တွာ-အစရှိသော ပစ္စည်းတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ယထာ၊ ဥဒါဟရုဏ်ကား အဘယ်နည်း။ ဘုဥ္ဇိတွာ သယတိ ပေါသော ။လ။ သပ္ပိ ဗလံ၊ ဘုဥ္ဇိတွာ သယတိ ပေါသော ။လ။ သပ္ပိ ဗလံ-ဟူသည်တည်း။ ပေါသော၊ ယောကျ်ားသည်။ ဘုဥ္ဇိတွာ၊ စား၍။ သယတိ၊ အိပ်၏။ ပေါသော၊ ယောကျ်ားသည်။ ပိဒဟိတွာန၊ ပိတ်၍။ နိက္ခမိ၊ ထွက်၏။ ဒဏ္ဍော၊ လှင်ကန်သည်။ တက္ကစ္စ၊ တျက်တျက်မြည်၍။ ပတတိ၊ ကျ၏။ သပ္ပိ၊ ထောပတ်ကို။ ပိဝိတွာ၊ သောက်ရသောကြောင့်။ ဗလံ၊ ခွန်အားသည်။ ဟောတိ၊ ဖြစ်၏။

ထိုဂါထာ၏ အဓိပ္ပါယ်ကား တွာ-အစရှိသော ပစ္စည်းတို့၏ ဟောရာအနက်သည် (ကာလအားဖြင့်) ပုဗ္ဗကာလ, အပရကာလ, သမာနကာလ၊ ဟေတုအားဖြင့် ၄-ပါးတည်း။

ထို ၄-ပါးတို့တွင်–

- 'ဘုဥ္ဇိတွာ သယတိ'ဟူသော ပြယုဂ်၌ တွာ-ပစ္စည်းသည် အိပ်ခြင်းကြိယာ၏ ရှေ့ဖြစ်သောကြောင့် ပုဗ္ဗကာလကြိယာ မည်၏။
- 'ပိဒဟိတွာန နိက္ခမိ'၌ တွာ-ပစ္စည်းသည် ထွက်ခြင်းကြိယာ၏ နောက်ဖြစ်သောကြောင့် အပရကာလကြိယာ မည်၏။
- 'တက္ကစ္စ ပတိတော ဒဏ္ဍော'၌ တွာ-ပစ္စည်းသည် အသံဖြစ်ခြင်းကြိယာ, ကျခြင်းကြိယာ ၂-ပါး တူသောကြောင့် သမာနကာလကြိယာ မည်၏။

ထို့ကြောင့်—

- 'ဘုဥ္ဇိတွာ'ကား ၍-ဟူ၍ အနက်ပေးသောကြောင့် သယတိ-၌ ပုဗ္ဗကာလကြိယာဝိသေ-သန၊ သယတိ-ကား အပရကာလကြိယာဝိသေသျ၊
- 'ပိဒဟိတွာ'ကား ၍-ဟူ၍ အနက်ပေးသောကြောင့် နိက္ခမိ-၌ အပရကာလကြိယာ-ဝိသေသန၊ 'နိက္ခမိ'ကား ပုဗ္ဗကာလကြိယာဝိသေသျ၊
- 'တက္ကစ္စ'ကား ၍-ဟူ၍ အနက်ပေးသောကြောင့် ပတိတော၌ သမာနကာလကြိယာ-ဝိသေသန၊
- 'ပတိတော'-ကား သမာနကာလကြိယာဝိသေသျ။

ဤသို့ စပ်အပ်၏။ ထိုသို့ စပ်သော်လည်း အန္တတ္ထ-၌သာ စပ်ရာ၏။ ဤသို့ နှလုံးသွင်းတော်မူ၍ သဒ္ဒါအကျော် ဆရာတော်သည် "၃-ပါးကြိယာ၊ အန္တတ္ထာ၊ စပ်ရာ ချင်းတို့ချင်း"ဟူသော ကဗျာကို ဆိုတော်မူသတည်း။ သဒ္ဒါသည် အန္တ၊ သဒ္ဒါ၏အနက်သည် အန္တတ္ထ၊ ပစ္စည်းသည် ဗာဟျ၊ ပစ္စည်း၏အနက်သည် ဗာဟျတ္ထ၊ ဤသို့ မှတ်ရာ၏။

'ပိဝိတွာ'ကား ကြောင့်-ဟူ၍ အနက်ပေးသောကြောင့် ဟောတိ-၌ ကြိယာဟိတ်၏ ဖိုလ်။ ထိုကြိယာသည် ဟိတ်ဖြစ်၍ သွားကောင်းသောကြောင့် ကြိယာဟိတ်။ ထို့ကြောင့် သဒ္ဒါကျမ်းကို သိကျွမ်းလိမ္မာ ဆရာကဝိ ပညာရှိတို့သည် "ကွစိ ဟိတ် စ ဒွယံ ဘဝေ"ဟု ဆိုတော်မူသည်။

"နိဒ္ဓါရဏာ၊ သမ္ဗန္ဓာ၊ စပ်ရာ ဗာဟိရတ္ထချင်း"ဟူသော အပိုဒ်၏ အဓိပ္ပါယ်သော်ကား "သမုဒါယတော နိဟရိတွာ ဓာရဏံ နိဒ္ဓါရဏံ"ဟူသော ဝစနတ္ထနှင့်အညီ အပေါင်းမှ ဇာတ်, ဂုဏ်, ကြိယာတို့ဖြင့် အသီးထုတ်၍ ဆောင်ခြင်းသည် နိဒ္ဓါရဏ မည်၏။

"သမ္ဗန္ဓော အသ အတ္ထီတိ သမ္ဗန္ဓော"ဟူသော ဝစနတ္ထနှင့်အညီ ထိုသမ္ဗန္ဓီ ၂-ပါးကို တစပ်တည်းကဲ့သို့ စပ်ခြင်းသည် သမ္ဗန္ဓ မည်၏။ ထိုနိဒ္ဓါရဏ, သမ္ဗန္ဓ ၂-ပါးတို့သည် ဗာဟိရတ္ထ၌သာ ဖြစ်၏။ အန္တတ္ထ၌ မဖြစ်။ အဘယ်ကြောင့်နည်းဟူမူကား ဇာတ်,ဂုဏ်, ကြိယာ,နာမ်တို့ဖြင့်သာ အစိတ်ထုတ်၍ ဆောင်သောကြောင့်တည်း။ သမူဟပညတ်သည် ဧကဒေသပညတ်သို့ သွား၏။ ထိုသို့ သွားသောကြောင့် ပညတ်နှင့် ဗာဟိရတ္ထ (မ)တူရကား ဗာဟိရတ္ထချင်း တူ၍ ဆိုသတည်း။ သမ္ဗန်လည်း သမ္ဗန္ဓီ ၂-ပါး၏ စပ်ခြင်း ဘာဝမျှသာ မည်သည်။ ထို့ကြောင့် သမ္ဗန်လည်း နိဒ္ဓါရဏနှင့် တူ၏-ဟု နှလုံးပိုက်တော်မူ၍ သဒ္ဒါလက္ခဏာ လိမ္မာနှံ့သိ ပညာရှိကား "နိဒ္ဓါရဏာ၊ သမ္ဗန္ဓာ၊ စပ်ရာ ဗာဟိရတ္ထချင်း"ဟူသော ကဗျာကို ဆိုတော်မူသတည်း။

ရညော၊ မင်း၏။ ပုရိသော၊ ယောက်ျားတည်း။ ဤဥဒါဟရဏ်၌ ရညောလည်း သမ္ဗန္ဓီ, ပုရိသောလည်း သမ္ဗန္ဓီ၊ ဤ ၂-ပါးကို သမ္ဗန္ဓီ-ဟူ၍ ဆိုသတည်း။ သမ္ဗန်ကား သမ္ဗန္ဓီကဲ့သို့ အသီးမရကောင်း။ သမ္ဗန္ဓီ ၂-ပါး၏ စပ်ခြင်းလက္ခဏာကိုမျှ သမ္ဗန်-ဟု အသိဉာဏ်ဖြစ်ရာ၏။

ထို့ကြောင့် သဒ္ဒတ္ထဘေဒစိန္တာကျမ်းဆရာသည်—

**သမ္ဗန္ဓီ ဝိယ သမ္ဗန္ဓော၊ ရူပတော န ကဒါစနံ။**
**ဒဋ္ဌုံ သက္ကောတိ ဝိညူဟိ၊ မနျတေ သော'နုမာနတော။ ။**

ဟု ဆိုတော်မူသတည်း။

သမ္ဗန္ဓီ ဝိယ၊ သမ္ဗန္ဓီကဲ့သို့။ သမ္ဗန္ဓော၊ သမ္ဗန်ကို။ သရူပတော၊ သရုပ်အားဖြင့်။ ဝါ၊ အထည်ကိုယ်အားဖြင့်။ ကဒါစနံ၊ တရံတဆစ်မျှ။ ဝိညူဟိ၊ ပညာရှိတို့သည်။ ဒဋ္ဌုံ၊ မြင်ခြင်းငှာ။ န သက္ကာ၊ မတတ်ကောင်း။ အနုမာနတော၊ သမ္ဗန္ဓီ ၂-ပါးတို့၏ စပ်ခြင်း-ဟု ဆိုအပ်သော လက္ခဏာမျှကိုသာ ထောက်ဆသောအားဖြင့်။ သော၊ ထိုသမ္ဗန်ကို။ မနျတော၊ သိအပ်၏။

ထိုသမ္ဗန်သည် အာဒေသသမ္ဗန်, အာဂမသမ္ဗန်, ဝိသေသသမ္ဗန်-ဟူ၍ ၃-ပါးတည်း။ ထို ၃-ပါးတို့တွင်—

- ယမေဒန္တဿာဒေသော, ဩအဝဿ-တို့ကား အာဒေသသမ္ဗန်တည်း။
- ဂေါ သရေ ပုထဿာ'ဂမော-ကား အာဂမသမ္ဗန်တည်း။
- ဝိသေသသမ္ဗန်ကား သံသမ္ဗန်, သာမိသမ္ဗန်, သမူဟသမ္ဗန်- အစရှိသောအားဖြင့် အနေကဝိဓ ဖြစ်၏။

"ဝိသေသနာ၊ အန္တတ္ထာ၊ စပ်ရာ ဗာဟိရတ္ထမင်း"ဟူသော အပိုဒ်၏အဓိပ္ပါယ်သော်ကား တုလျာဓိကရဏဝိသေသန-စသည်ကို ဆိုသတည်း။ "သေဋ္ဌ တိလောကမဟိတံ အဂ္ဂံ" ဟူသော ပဉ္စတ် မဟတ္တဂုဏ် ၃-ပါးသည် အန္တတ္ထ မည်၏။ ဗုဒ္ဓ၌ ဗုဓ-ဓာတ်၏အရသည် အန္တတ္ထမည်၏။ တ-ပစ္စည်း၏ အရသည် ဗာဟိရတ္ထ မည်၏။ ထို "သေဋ္ဌ တိလောကမဟိတံ အဂ္ဂံ"ဟူသော အန္တတ္ထသည် ဗုဓဓာတ်-ဟု ဆိုအပ်သော အန္တနှင့် စပ်တပြီးကား ဝိသေသနေ စ-သုတ်ဖြင့် နာ-ဝိဘတ် သက်၍ "သေဋ္ဌေန၊ ဗုဒ္ဓေန"ဟု ရှိရာ၏။

အန္တတ္ထသည် ဗာဟိရတ္ထနှင့် စပ်တပြီးကား အနက်မတူသော အဖြစ်သို့ ရောက်၏။ အန္တတ်သည် အန္တတ်, ဗာဟျတ် ၂-ပါးစု၌ စပ်မူကား သေဋ္ဌေန၊ ဗုဒ္ဓေန-ဟု ရှိရာ၏။ တုလျာဓိကရဏ-လည်း မဖြစ်ရာ။

ဗာဟျတ်သည် အန္တတ်၌ စပ်မှုကား သေဋ္ဌဿ, ဗုဒ္ဓဿ-ဟု ရှိရာ၏။ ဗာဟျတ်သည် ဗာဟျတ်နှင့် စပ်မှုကား တဗ္ဗာဝတာတုလျာဓိကရဏဝိသေသန မည်၏။ ဗာဟျတ်သည် အန္တတ်-ဗာဟျတ် ၂-ပါး၌ စပ်မှုကား သေဋ္ဌဿ, ဗုဒ္ဓဿ-ဟု ရှိရာ၏။ တဗ္ဗာဝတာတု-လျာဓိကရဏဝိသေသနလည်း ဖြစ်ရာ၏။ ထို ၆-ပါးမှ လွတ်သော ပါရိသေသနည်း၏အစွမ်း အားဖြင့် "သေဋ္ဌ တိလောကမဟိတံ"ဟူသော အန္တတ်သည် ဗုဓ-ဓာတ်၊ တ-ပစ္စည်း၌ စပ်၍ တ-ပစ္စည်းကား ကိတ်-ပစ္စည်းဖြစ်သောကြောင့် အိမ်ရှေ့မင်းနှင့် တူ၏။ ထိုအိမ်ရှေ့မင်းနှင့် တူသော ကိတ်ပစ္စည်းကို "အဘိဝန္ဒိယ ဝက္ခာမိ"တို့၌ ဆိုက်အပ်၏။ ထိုသို့ ဆိုက်အပ်သော ကြောင့် "ရာဇာ အာဂတော"ဟူသော ပဓာနနည်း, ဥပလက္ခဏနည်းကဲ့သို့ ဝိသေသန၌ ဆိုက်သော တွာ-ပစ္စည်းသည် ဝက္ခာမိ-၌ ဆိုက်သောကြောင့် ဝိသေသနကို အန္တတ္ထ၊ ဗာဟျတ္ထ၌ ဆိုက်သည် မည်၏-ဟု နှလုံးပိုက်တော်မူ၍ ကျမ်းသဒ္ဒါကို လိမ္မာနှံ့သိ ပညာရှိကား "ဝိသေသန၊ အန္တတ္ထာ၊ စပ်ရာ ဗာဟိရတ္ထမင်း"ဟု ဆိုတော်မူသည်။

"ဟိတ်ပေါင်း ၉-ဖြာ၊ လက္ခဏာ၊ ၆-ဖြာ ကာရက၊ ဗာဟိရတ္ထ၊ စပ်ကြလေရာ၊ အန္တတ္ထာ၊ စပ်ရာ သည်တွင်မင်း"ဟူသော အပိုဒ်၏ အဓိပ္ပါယ်သော်ကား "အတ္တနော ဖလံ ဟိနောတိ ပဝတ္တတိတိ ဟေတု"ဟူသော ဝစနတ္ထနှင့်အညီ အကျိုးကို ဖြစ်စေတတ်သော ကြောင့် ဟိတ်မည်၏။

၁။ ထိုဟိတ်သည်လည်း ဖြစ်စေတတ်သော ဇနကဟိတ်၊

၂။ ရောက်စေတတ်သော သမ္ပာပကဟိတ်၊

၃။ သိစေတတ်သော ဉာပကဟိတ်၊

၄။ သဘောအားဖြင့် သိစေတတ်သော သဘာဝဉာပကဟိတ်၊

၅။ ဆန့်ကျင်ဘက်ဖြစ်၍ သိစေတတ်သော ဗျတိရေကဉာပကဟိတ်၊

၆။ အကျိုးဖြစ်၍ သိစေတတ်သော ကာရိယဉာပကဟိတ်၊

၇။ အကျိုး ၁-ပါးသာ, အကြောင်းများသော နာနာဟိတ်၊

၈။ အကျိုးလည်း ၁-ပါး, အကြောင်းလည်း ၁-ပါးသာဖြစ်သော ပစ္စေကဟိတ်၊

၉။ အဆင့်ဆင့် အကြောင်းဖြစ်သော ပရံပရဟိတ် -

အားဖြင့် ၉-ပါး အပြားရှိ၏။

ဗီဇာယ အင်္ကုရော ဇာယတိ။ တိရံ နာဝါယ ပါပုဏာ။ ဥဏှတ္တာ အဂ္ဂိ အတ္ထိတိ ဉာယတိ။ ပဘာယ ပဒီပေါ အတ္ထိတိ ဉာယတိ။ သီတတ္တာ အဂ္ဂိ နတ္ထိတိ ဉာယတိ။

ဓမ္မာယ အဂ္ဂိ အတ္တိတိ ဉာယတိ။ ကုသလဿ ကတတ္တာ ဥပစိတတ္တာ ဥပ္ပန္နံ ဟောတိ စက္ခုဝိညာဏံ။ ဒါနတော ဟောတိ ဘောဂဝါ။ သီလတော ဟောတိ ပမုဒေါ၊ ပမုဒါ ဟောတိ သုခိတော။

ဥဒါဟရုဏ်ကို အစဉ်အတိုင်းထုတ်။

"လက္ခိယတေ အနေနာတိ လက္ခဏံ"ဟူသော ဝစနတ္ထနှင့်အညီ ရှေးကြိယာ၏ ကံ, ကတ္တားသည် လက္ခဏဝန္တ မည်၏။ နောက်ကြိယာ၏ ကံ, ကတ္တားသည် လက္ချဝန္တ မည်၏။ ရှေးကြိယာသည် လက္ခဏ မည်၏။ နောက်ကြိယာသည် လက္ချ မည်၏။ "လက္ခဝန္တ, လက္ခဏ, (လက္ခဏ, လက္ချ,) လက္ချဝန္တ, လက္ချ" ဤ အစဉ်ဖြင့် သိရာ၏။

ထို့ကြောင့် ကျမ်းသဒ္ဒါကို လိမ္မာနှံ့စပ် ဆရာမြတ်တို့သည်—

ပုဗ္ဗကိရိယံ လက္ခဏံ၊ လက္ခံ ပန ပရံ မတံ။
တေသံ ကတ္တာ စ ကမ္မဉ္စ၊ ဝန္တသဒ္ဒေန ဒီပိတံ။ ။

ဤသို့ ဆိုတော်မူသတည်း။

ပုဗ္ဗကိရိယံ၊ ရှေးကြိယာသည်။ လက္ခဏံ၊ လက္ခဏ မည်၏။ ပရံ ပန၊ နောက်ဖြစ်သော ကြိယာကိုကား။ လက္ခံ၊ လက္ချ-ဟူ၍။ မတံ၊ သိအပ်၏။ တေသံ၊ ထိုလက္ခဏ, လက္ချ တို့၏။ ကတ္တာ စ၊ ကတ္တားကိုလည်းကောင်း။ ကမ္မဉ္စ၊ ကံကိုလည်းကောင်း။ ဝန္တသဒ္ဒေန၊ ဝန္တသဒ္ဒါဖြင့်။ ဒီပိတံ၊ ပြအပ်၏။ (လက္ခဏဝန္တ၊ လက္ချဝန္တ-ဟူလို။)

စပ်ဟန်ကား "သဗ္ဗေသ'မေကာဘိမာနေ ပရော ပုရိသော" 'သဗ္ဗေသံ'-ကား 'တို့၏'-ဟူ၍ အနက်ပေးသောကြောင့် ဧကာဘိမာနေ-၌ သမ္ဗန်၊ ဧကာဘိမာနေ-ကား သမ္ဗန္ဓီ၊ ဧကာဘိမာနေ-ကား 'သည်'-ဟူ၍ အနက်ပေးသောကြောင့် သတိ၌ အန္တပစ္စည်း-ဟု ဆိုအပ်သော ကိတ်ကြိယာဝါစကသည် ဟောအပ်သော လက္ခဏဝန္တဖြစ်သော သယံ-ကတ္တား၊ သတိ-ကား လက္ခဏဖြစ်သော ကတ္တား၏ကြိယာ။ သတိ-ကား 'သော်'-ဟူ၍ အနက်ပေးသောကြောင့် ဂဟေတဗ္ဗော၌ လက္ခဏ၊ ဂဟေတဗ္ဗော-ကား လက္ချ။ ပရော-ကား သော-ဟူ၍ အနက်ပေးသောကြောင့် ပုရိသော-၌ တုလျာဓိကရဏဝိသေသန။ ပုရိသော-ကား တုလျာဓိကရဏဝိသေသယ၊ ပုရိသော-ကား 'ကို'-ဟူ၍ အနက်ပေးသောကြောင့် ဂဟေ-တဗ္ဗော၌ တဗ္ဗ-ပစ္စည်း-ဟု ဆိုအပ်သော ကိတ်ကြိယာဝါစကသည် ဟောအပ်သော လက္ချဝန္တ ဖြစ်သော ဝုတ္တကံ၊ ဂဟေတဗ္ဗော-ကား လက္ချဖြစ်သော ကံ၏ကြိယာ။ ဤလက္ခဏ, လက္ခဏ-ဝန္တ, လက္ချ, လက္ချဝန္တသဘောသည် အလွန်ကျယ်ဝန်း၏။

ဤသို့ ပြဆိုခဲ့ပြီးသော ဟိတ်, လက္ခဏ, ကာရက ၆-ပါးတို့သည် ဗာဟျတ္ထနည်းဖြစ်၍ အန္တတ္ထ၌သာ စပ်ရာ၏-ဟု နှလုံးပိုက်တော်မူ၍ သဒ္ဒါကျမ်းမြတ်၊ ပိဋကတ်တွင်၊ နှံ့စပ်မြင်မြော်၊ ဆရာတော်သည် "ဟိတ်ပေါင်း ၉-ဖြာ၊ လက္ခဏာ၊ ၆-ဖြာကာရက၊ ဗာဟျတ္ထ၊ စပ်ကြလေရာ၊ အန္တတ္ထာ၊ စပ်ရာ သည်တွင်မင်း"ဟု ဆိုတော်မူသတည်း။

"စပ်လေရာရာ၊ ကျမ်းဆရာ၊ လျင်စွာ မြင့်ထက်မြင့်"ဟူသော အပိုဒ်၏အဓိပ္ပါယ်သော်ကား ဤလင်္ကာကို နှုတ်ဝယ်ထား၍ စာစပ်, စာသွားသည်ရှိသော် သောတုဇနတို့အား အလွန်ရလွယ်,သိလွယ်ခြင်းဖြင့် သောတုဇနတို့အား အဘိဉာဏ်ဖြစ်သည်-ဟူလို၏။ ထို့ကြောင့် ဤလင်္ကာသည် အကြောင်း စာစပ်, စာသွားတို့၌ သောတုဇနတို့၏ အဘိဉာဏ်ဖြစ်သည်ကား အကျိုးတည်း-ဟု နှလုံးပိုက်တော်မူ၍ ပိဋကတ်-ဟု ကျမ်းမြတ်သဒ္ဒါ ခက်ခဲရာကို လိမ္မာနှံ့သိ ပညာရှိသည် "စပ်ကြလေရာ၊ ကျမ်းဆရာ၊ လျင်စွာ မြင်ထက်မြင်"ဟူ၍ ဆိုတော်မူသတည်း။

"စပ်ရိုး ၅-ထပ်၊ ဤသို့ မှတ်၊ မချွတ် တတ်စရာ။ မချွတ်တတ်မြောက်၊ တံခွန်ဆောက်သို့၊ ကြံထောက်ဆည်ဆ၊ ကြံပုံချ၍၊ သာရသေချာ၊ ဤကျမ်းစာသည်၊ ချမ်းသာ နေ့တိုင်းတိုး၏တည်း"ဟူသော အပိုဒ်၏ အဓိပ္ပါယ်သော်ကား-

ဤသို့ ပြဆိုအပ်ခဲ့ပြီးသော စာစပ်ရိုး ၅-ပါးကို မှတ်သားမိသည်ရှိသော် ဧကန်မချွတ်တတ်ရာ၏။ မချွတ်တတ်သည်ရှိသော် တံခွန်သည် ၄-မျက်နှာအရပ်တို့မှ မြင်ခြင်းဖြင့် ထင်ပေါ်သကဲ့သို့ ၄-မျက်နှာအရပ်၌နေသော သူတို့၏ မှီရာဖြစ်၏-ဟူလိုသည်။

"ချမ်းသာ နေ့တိုင်းတိုး၏တည်း"ဟူရာ၌ ဤလင်္ကာကို အမှီပြု၍ ထိုထိုကျမ်းဂန်တို့၌ သေချာစွာ အတ္ထယောဇနာကို မြင်သည်ဖြစ်၍ ဟုတ်မှန်သောအတိုင်း အဓိပ္ပါယတ္ထကို မြင်၏။ ထိုသို့ မြင်ပြီးသော် မိမိကိုယ်ကို ခြိုးခြံစွာ ကျင့်၏။ ထိုသို့ ကျင့်သည်ရှိသော် လောကီ, လောကုတ္တရာ အကျိုး ၂-ပါးကို ရရာ၏။ ထိုသို့ ရခြင်းသည် စာစပ်လင်္ကာကဗျာကို ပကတူပပြု၍ ရရာသည်-ဟု နှလုံးသွင်းပိုက်တော်မူ၍ သုံးပုံပိဋကတ်၊ မုခပါဌ်-ဟု၊ ကျမ်းမြတ်အထဲ၊ ခဲခက်ရာရာ၊ နှိုက်နဲရှာ၍၊ လိမ္မာနှံ့သိ၊ ပညာရှိက-

"စပ်ရိုး ၅-ထပ်၊ ဤသို့မှတ်၊ မချွတ်တတ်စရာ။ မချွတ်တတ်မြောက်၊ တံခွန်ဆောက်သို့၊ ကြံထောက်ဆည်ဆ၊ ကြံပုံချ၍၊ သာရသေချာ၊ ဤကျမ်းစာသည်၊ ချမ်းသာ နေ့တိုင်း တိုး၏တည်း"-

ဟု ဆိုတော်မူသတည်း။

ကျောက်ဆောက်မြို့ ရဟန်းတော် ရှင်ပညာက "'ကာရက ၆-ဖြာ၊ စပ်အပ်ရာ၊ စပ်ရာ ချင်းနှင့်မင်း'-အစရှိသော ကဗျာ၏အရကို နေရာကျကျ ကွဲပြားသိမှတ်ပါရအောင် အမိန့်ရှိတော်မူပါ"ဟု လျှောက်ထားသောကြောင့် ကျမ်းဂန်အရ သဒ္ဒနယ, အတ္ထနယတို့ကို ညွန်ပြထုတ်ဆောင်၍ ၁၂၄၃-ခု၊ ကဆုန်လဆန်း၊ ၁၀-ရက်နေ့ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိ-ရတနာသိခ်မြို့ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## ရဟန်းတော် ရှင်ဇယန္တနှင့် ပုဂ္ဂိုလ် ၃-ဦးတို့က တစ်စုံတစ်ယောက် မပေး,မကြားခဲ့သော မတသန္တက-ကို မည်သူက ပိုင်ဆိုင် ရထိုက်မည်ကို မေးလျှောက်ချက်

[၁၇၁] "ဘုရားတပည့်တော် သထုံမြို့ ရှင်ဇယန္တ, တောင်တွင်းကြီးမြို့ ရှင်ဝိလာသ, ဒီပဲယင်းမြို့ ရှင်ဒီပတို့ လျှောက်ပါသည် ဆရာတော်ဘုရား။

အကြင်အမှတ်မရှိသော မြို့,ရွာ,ကျောင်းအာရာမ်တို့၌ အကြင်အမှတ်မရှိသော ပုဂ္ဂိုလ်တို့ ဘဝတပါး ပြောင်းသွားပျံလွန်ရာ တစ်စုံတစ်ယောက် အဝေး,အနီးပုဂ္ဂိုလ်တို့အား မပေးခဲ့။ အာရာမ်တွင်းရှိ ကျန်ရစ်သော ထိုပုဂ္ဂိုလ်၏ပစ္စည်းများကို ထိုပုဂ္ဂိုလ် ဘဝတပါး ပြောင်းသွားပျံလွန်ရာ အာရာမ်ကျောင်းတိုက်အတွင်းရှိ သံဃာတို့သာ ရထိုက်,ပိုင်ထိုက်မည်။ ထိုထိုအာရာမ်တပါး အခြားကျောင်းတိုက်တို့၌ရှိသော ပုဂ္ဂိုလ် သံဃာတို့ အသီးအသီးပင် ရထိုက်,ပိုင်ထိုက်မည်များကို ကွဲပြား၍ သိမှတ်ပါရအောင် ပါဠိ, အဋ္ဌကထာ, ဋီကာကျမ်းဂန်နှင့်အညီ အမိန့်ရှိတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။"

၎င်းမေးလျှောက်ချက်အရ အဖြေဝိသဇ္ဇနာ–

[၁၇၁] အမှတ်မရှိသော အာရာမ်ကျောင်းတိုက်အတွင်း အမှတ်မရှိသော ပုဂ္ဂိုလ်တို့ ဘဝတပါး ပြောင်းသွားပျံလွန်ရာ ထိုအာရာမ်တွင်, ထိုအာရာမ်မှ တပါးသော အာရာမ်ကျောင်း-စသည်တို့၌ရှိသော ပုဂ္ဂိုလ်၏ ပစ္စည်းများကို တစ်စုံတစ်ယောက်သောသူတို့အား

မပေးခဲ့ရာ၌ ထိုအာရာမ်တွင်းရှိ ပုဂ္ဂိုလ်သံဃာတို့သာ ရထိုက်,ပိုင်ထိုက်မည်၊ ထိုထိုအာရာမ်ကျောင်းတို့၌ရှိသော ပုဂ္ဂိုလ်သံဃာတို့ပင် ရထိုက်,ပိုင်ထိုက်မည်ကို မေးလျှောက်သည်မှာ-

ရဟန်း ၂-ပါးတို့သည် ကောသလတိုင်း၌ အခွန့်ရှည်သော ခရီးသို့ သွား၍ ကျောင်း ၁-ခုသို့ ကပ်ကြလေလျှင် ထိုကျောင်း၌ တစ်ယောက်သော သူနာရဟန်းကို တွေ့၍ "သူနာရဟန်းအား လုပ်ကျွေးပြုစုခြင်းကို ဘုရားချီးမွမ်းတော်မူ၏။ ငါတို့ သူနာရဟန်းကို လုပ်ကျွေးကြစို့"ဟု တိုင်ပင်၍ လုပ်ကျွေးကြစဉ် ထိုသူနာရဟန်း ဘဝတပါး ပြောင်းသွားပျံလွန်လေ၏။ ထိုရဟန်း၏ သင်္ကန်း, သပိတ်, ပရိက္ခရာတို့ကို ယူဆောင်ပြီးလျှင် သာဝတ္ထိပြည်သို့ သွား၍ မြတ်စွာဘုရားကို လျှောက်ထားသည်တွင်-

"ဘိက္ခုဿ ဘိက္ခဝေ ကာလင်္ကတေ သံဃော သာမိ ပတ္တစီဝရေ"

ဟူ၍ ဟောတော်မူသည်။ (ဝိ၊၃။၄၁၉)

ဘိက္ခဝေ၊ ရဟန်းတို့။ ဘိက္ခုမှု ရဟန်းသည်။ ကာလင်္ကတေ၊ သေခဲ့သော်။ တဿ ဘိက္ခုနော၊ ထိုရဟန်း၏။ ပတ္တစီဝရေ၊ သပိတ်,သင်္ကန်းတို့ကို။ သံဃော၊ သံဃာသည်။ သာမိ ဣဿရော၊ အစိုးရ၏။

ထိုကာလင်္ကတပုဂ္ဂိုလ်သည် တစ်စုံတစ်ယောက်သောသူတို့အား မပေးခဲ့။ တစ်စုံတစ်ယောက်သောသူတို့လည်း ဝိဿာသဂါဟ၏အဖြစ်ဖြင့် မယူခဲ့။ ထိုကာလင်္ကတပုဂ္ဂိုလ်၏ ပစ္စည်းသည် သံဃသန္တက၊ သံဃဥစ္စာ ဖြစ်၏။ ထိုတိုက်အာရာမ်တွင်း၌ရှိသော သံဃာသာ ထိုက်၏။ ဤအနက်ကို မှတ်ရာ၏။

ထိုရဟန်းနာစဉ်ကာလ ထိုရဟန်းကို လုပ်ကျွေးပြုစုသော ဂိလာနုပဋ္ဌာကပုဂ္ဂိုလ်တို့သည် ရှိခဲ့အံ့။ ထိုဂိလာနုပဋ္ဌာကပုဂ္ဂိုလ်တို့အားလည်း သပိတ်,သင်္ကန်းတို့ကို ပေးရာ၏။ ထို့ကြောင့် မြတ်စွာဘုရားသည်-

**အပိ စ ဂိလာနုပဋ္ဌာကာ ဗဟူပကာရာ၊ အနုဇာနာမိ ဘိက္ခဝေ သံဃေန တိစီဝရဉ္စ ပတ္တဉ္စ ဂိလာနုပဋ္ဌာကာနံ ဒါတုံ။ -**

ဟု ဟောတော်မူသည်။ (ဝိ၊၃။၄၁၉)

အပိ စ၊ ထိုသို့ကား ရ၏။ ဂိလာနုပဋ္ဌာကာ၊ သူနာကို လုပ်ကျွေးသော သူတို့သည်။ ဗဟူပကာရာ၊ ကျေးဇူးများကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ သံဃေန၊ သံဃာသည်။ တိစီဝရဉ္စ၊ ၃-ထည်သော သင်္ကန်းကိုလည်းကောင်း။ ပတ္တဉ္စ၊ သပိတ်ကိုလည်းကောင်း။ ဂိလာနုပဋ္ဌာကာနံ၊ သူနာကို လုပ်ကျွေးသောသူတို့အား။ ဒါတုံ၊ ပေးခြင်းငှာ။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။

ဂိလာနုပဋ္ဌာကပုဂ္ဂိုလ်တို့အား ပေးသောကာလ ဉာတ်ကမ္မဝါစာဖြင့် ပေးအပ်၏။ ဂိလာနုပဋ္ဌာက-ဟူသည် လူဖြစ်စေ, ရဟန်းဖြစ်စေ မိန်းမပင်ဖြစ်သော်လည်း ဂိလာနုပဋ္ဌာက အဖို့ကို ရကုန်၏။ ထို့ကြောင့် အဋ္ဌကထာ၌—

ဂိလာနုပဋ္ဌာကော နာမ ဂိဟီ ဝါ ဟောတု ပဗ္ဗဇိတော ဝါ အန္တမသော မာတုဂါ-မောပိ၊ သဗ္ဗေ ဘာဂံ လဘန္တိ။ –

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (ဝိ၊ဋ္ဌ၊၃။၄၁၅)

ဂိလာနုပဋ္ဌာကော နာမ၊ ဂိလာနုပဋ္ဌာကပုဂ္ဂိုလ်-ဟူသည်ကား။ ဂိဟိ ဝါ၊ လူသည်မူလည်း။ ဟောတု၊ ဖြစ်စေ။ ပဗ္ဗဇိတော ဝါ၊ ရဟန်းသည်မူလည်း။ ဟောတု၊ ဖြစ်စေ။ အန္တမသော၊ အယုတ်သဖြင့်။ မာတုဂါမောပိ၊ မာတုဂါမသည်လည်း။ ဟောတု၊ ဖြစ်စေ။ သဗ္ဗေ၊ ခပ်သိမ်းကုန်သောသူတို့သည်။ ဘာဂံ၊ အဖို့ကို။ လဘန္တိ၊ ရကုန်၏။

ထိုဂိလာနရဟန်းအား သပိတ်,သင်္ကန်းမျှသာ ရှိ၏။ ကြွင်းသော ပစ္စည်းတို့သည် မရှိကုန်။ ထိုသပိတ်,သင်္ကန်းကို ဂိလာနုပဋ္ဌာကပုဂ္ဂိုလ်အား ပေးအပ်၏။ ထို့ကြောင့် အဋ္ဌကထာ၌—

သစေ တဿ ဘိက္ခုနော ပတ္တစီဝရမတ္တမေဝ ဟောတိ၊ အညံ နတ္ထိ။ သဗ္ဗံ ဂိလာနုပဋ္ဌာကာနံယေဝ ဒါတဗ္ဗံ။

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (ဝိ၊ဋ္ဌ၊၃။၄၁၅)

တဿ ဘိက္ခုနော၊ ထိုရဟန်းအား။ ပတ္တစီဝရမတ္တမေဝ၊ သပိတ်,သင်္ကန်းမျှသည် သာလျှင်။ သစေ ဟောတိ၊ အကယ်၍ ဖြစ်အံ့။ အညံ၊ တပါးသော ပရိက္ခရာသည်။ န အတ္ထိ၊ မရှိအံ့။ သဗ္ဗံ၊ အလုံးစုံသော သပိတ်,သင်္ကန်းကို။ ဂိလာနုပဋ္ဌာကာနံယေဝ၊ သူနာကို လုပ်ကျွေးသောသူတို့အားသာလျှင်။ ဒါတဗ္ဗံ၊ ပေးအပ်၏။

သပိတ်, သင်္ကန်းမှတပါး အဖိုးများစွာထိုက်သော ပစ္စည်းတို့သည် ရှိခဲ့အံ့။ ထိုပစ္စည်းတို့ကိုကား ဂိလာနုပဋ္ဌာကပုဂ္ဂိုလ်တို့ မရအပ်။ သပိတ်,သင်္ကန်းတို့သည် အဖိုးမထိုက်၊ တိစီဝရိက် သင်္ကန်းဖိုးမျှ ထိုက်တန်လောက်သော ပစ္စည်းကို သံဃာသည် ပေးအပ်၏။

ဤတွင်ရွေ့ တစ်စုံတစ်ယောက်သောသူတို့အား မပေးခဲ့။ တစ်စုံတစ်ယောက်သောသူတို့သည် ဝိဿာသဂါဟဖြင့် မယူခဲ့။ ထိုရဟန်းသေသော် တိုက်၏အတွင်း ကြွင်းကျန်ရစ်သော ပစ္စည်း ပရိက္ခရာတို့ကို တိုက်တွင်းသံဃာသာ ရထိုက်,ပိုင်ထိုက်သည်ကို ပြဆိုသော စကားတစ်ရပ် အပြီး သတ်တည်း။

ထိုရဟန်းမသေမီ တစ်စုံတစ်ယောက်သောသူတို့အား ပေးခဲ့သော်လည်းကောင်း, တစ်စုံတစ်ယောက်သောသူတို့ ဝိဿာသဂါဟဖြင့် ယူခဲ့သော်လည်းကောင်း, ထိုသေသော ပုဂ္ဂိုလ်၏ပစ္စည်းကို ထိုရဟန်းတို့သာ ရထိုက်,ပိုင်ထိုက်၏။ ဂိလာနုပဋ္ဌာကပုဂ္ဂိုလ်တို့သည်လည်း ထိုပုဂ္ဂိုလ်တို့က လှော်စွာပေးသော ပစ္စည်းတို့ကိုသာ ရထိုက်၏။

ထို့ကြောင့် အဋ္ဌကထာ၌—

**သစေ ပန သော ဇီဝမာနောယေဝ သဗ္ဗံ အတ္တနော ပရိက္ခာရံ နိဿဇ္ဇိတွာ ကဿစိ အဒါသိ၊ ကောစိ ဝါ ဝိဿာသံ အဂ္ဂဟေသိ၊ ယဿ ဒိန္နံ, ယေန စ ဂဟိတံ၊ တဿေဝ ဟောတိ၊ တဿ ရုစိယာ ဧဝ ဂိလာနုပဋ္ဌာကာ လဘန္တိ။**

ဟူသော ပါဌ်ကို မှီနဲ့ဆိုဖွင့်လှစ်တော်မူသတည်း။ (ဝိ၊ဋ္ဌ၊၃။၄၁၅)

သော၊ ထိုရဟန်းသည်။ ဇီဝမာနောယေဝ၊ အသက်ရှင်စဉ်ပင်လျှင်။ အတ္တနော၊ မိမိ၏။ သဗ္ဗံ၊ အလုံးစုံသော။ ပရိက္ခာရံ၊ ပရိက္ခရာကို။ နိဿဇ္ဇိတွာ၊ စွန့်၍။ ကဿစိ၊ တစ်စုံတစ်ယောက်သောသူအား။ သစေ အဒါသိ၊ အကယ်၍ ပေးအံ့။ ကောစိ ဝါ၊ တစ်စုံတစ်ယောက်သော ရဟန်းသည်မူလည်း။ ဝိဿာသံ၊ အကျွမ်းဝင်သဖြင့် ယူခြင်းကို။ အဂ္ဂဟေသိ၊ ယူအံ့။ ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ ဒိန္နံ၊ ပေးအပ်၏။ တဿေဝ၊ ထိုပေးအပ်သော ပုဂ္ဂိုလ်၏သာလျှင်။ သန္တကံ၊ ဥစ္စာသည်။ ဟောတိ၊ ဖြစ်၏။ ယေန စ၊ အကြင်ပုဂ္ဂိုလ်သည်လည်း။ ဂဟိတံ၊ ဝိဿာသဂါဟဖြင့် ယူအပ်၏။ တဿေဝ၊ ထိုဝိဿာသဂါဟဖြင့် ယူသော ပုဂ္ဂိုလ်၏သာလျှင်။ သန္တကံ၊ ဥစ္စာသည်။ ဟောတိ၊ ဖြစ်၏။ တဿ၊ ထိုပေးအပ်သော ပုဂ္ဂိုလ်, ဝိဿာသဂါဟဖြင့် ယူသောပုဂ္ဂိုလ်၏။ ရုစိယာ ဧဝ၊ အလိုအားဖြင့်သာလျှင်။ ဂိလာနုပဋ္ဌာကာ၊ သူနာကို လုပ်ကျွေးသောသူတို့သည်။ လဘန္တိ၊ ရကုန်၏။

ဒွိသန္တကပြု၍ ၂-ယောက်သောသူတို့၏ ဥစ္စာဖြစ်ခဲ့အံ့။ တစ်ယောက်သေလျှင် ကျန်ရဟန်းတစ်ယောက်၏ ဥစ္စာဖြစ်၏။ များသောသူတို့၏ ဥစ္စာ၌လည်း နည်းတူ မှတ်ရာ၏။ ဥစ္စာရှင်အားလုံး သေမှ သံဃိကဖြစ်၏။

ထို့ကြောင့် အဋ္ဌကထာ၌—

**ဒွိန္နံ သန္တကံ ဟောတိ အဝိဘတ္တံ၊ ဧကသ္မိံ ကာလင်္ကတေ ဣတရော သာမီ။ ဗဟူနမ္ပိ သန္တကေ ဧသေဝ နယော။ သဗ္ဗေသု မတေသု သံဃိကံ ဟောတိ။**

ဟူသော ပါဌ်ကို မှီနဲ့ဆိုဖွင့်လှစ်တော်မူသတည်း။ (ဝိ၊ဋ္ဌ၊၃။၄၁၅-၆)

ဒွိန္နံ၊ ၂-ယောက်သော ရဟန်းတို့၏။ သန္တကံ၊ ဥစ္စာသည်။ ဟောတိ၊ ဖြစ်၏။ အဝိဘတ္တံ၊ မဝေဖန်အပ်။ ဧကဿ၊ ၁-ယောက်သောရဟန်းသည်။ ကာလင်္ကတေ၊ သေလွန်သည်ရှိသော်။ ဣတရော၊ ကြွင်းကျန်ရစ်သော ရဟန်းသည်။ သာမိ ဣဿရော၊ အစိုးရ၏။ ဗဟုန္နံ၊ များစွာကုန်သော ရဟန်းတို့၏။ သန္တကေပိ၊ ဥစ္စာ၌လည်း။ ဧသေဝနယော၊ ဤနည်းသာတည်း။ သဗ္ဗေသု၊ ခပ်သိမ်းသော ဥစ္စာရှင်ရဟန်းတို့သည်။ မတေသု၊ သေကုန်သည်ရှိသော်။ သံဃိကံ၊ သံဃဥစ္စာသည်။ ဟောတိ၊ ဖြစ်၏။

ဤတွင်ရွေ့ တစ်စုံတစ်ယောက်သောရဟန်း သေလွန်ရာ မသေလွန်မီ တစ်စုံတစ်ယောက်သောသူအား ပေးခဲ့သော်လည်းကောင်း, တစ်စုံတစ်ယောက်သောသူတို့ ဝိဿာသဂါဟဖြင့် ယူခဲ့သော်လည်းကောင်း ထိုသူတို့၏ဥစ္စာ ဖြစ်သင့်သည်ကို ပြဆိုသော စကားတစ်ရပ် အပြီးသတ်တည်း။

ထိုစကားရပ်တို့ကို အကျယ်သိလိုလျှင် ဝိနည်းမဟာဝါပါဠိတော်, ၎င်းအဋ္ဌကထာ၊ ဝိနယသင်္ဂဟအဋ္ဌကထာ၊ ဝိနယာလင်္ကာရဋီကာတို့မှာ ကြည့်လေ။

သထုံမြို့၊ ရှင်ဇယန္တ, တောင်တွင်းကြီးမြို့၊ ရှင်ဝိလာသ, ဒီပဲယင်းမြို့၊ ရှင်ဒီပတို့က အကြင်အမှတ်မရှိသော မြို့,ရွာ၊ ကျောင်းအာရာမ်တို့၌ အကြင်အမှတ်မရှိသော ပုဂ္ဂိုလ်တို့ ဘဝတပါး ပြောင်းသွားပျံလွန်ရာ တစ်စုံတစ်ယောက် အဝေး,အနီးပုဂ္ဂိုလ်တို့အား မပေးခဲ့။ အာရာမ်အတွင်းရှိ ကျန်ရစ်သော ထိုပုဂ္ဂိုလ်တို့ပစ္စည်းများကို ထိုပုဂ္ဂိုလ် ဘဝတပါး ပြောင်းသွားပျံလွန်ရာ အာရာမ်ကျောင်းတိုက်အတွင်းရှိ ပုဂ္ဂိုလ်တို့သာ ရထိုက်,ပိုင်ထိုက်မည်၊ ထိုထို အာရာမ်မှတပါး အခြားကျောင်းတိုက်တို့၌ရှိသော ပုဂ္ဂိုလ်သံဃာတို့ အသီးအသီးပင် ရထိုက်, ပိုင်ထိုက်မည်များကို ကွဲပြားသိမှတ်ပါရအောင် ပါဠိ, အဋ္ဌကထာ, ဋီကာကျမ်းဂန်နှင့် အညီ အမိန့်ရှိတော်မူပါမည့်အကြောင်းနှင့် လျှောက်သောကြောင့် ကျမ်းဂန်အလာ ဒေသနာအရကို ညွှန်ပြထုတ်ဆောင်၍ ၁၂၄၃-ခု၊ နယုန်လဆန်း၊ ၄-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာ သိမ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## ကြံခင်းမြို့၊ ဒကာမောင်စံပွင့်-က ဥပဋ္ဌိတသတိနှင့် ပြည့်စုံသောပုဂ္ဂိုလ် ၃-ဦးအကြောင်းကို လျှောက်ထားချက်

[၁၇၂] "ဘုရားတပည့်တော် ကြံခင်းမြို့နေ ဒကာစံပွင့်-က ၃-ထွေသော ဒွါရဖြင့် တုပ်ကွဲရိုကျိုး ရှိခိုးနားတော်လျှောက်ပါသည် ဆရာတော်ဘုရား။

ဥပဋ္ဌိတဖြစ်၍ ထင်သောသတိရှိသော ပုဂ္ဂိုလ်သခင် အရှင်ဘုရား ၃-ပါးတို့ကို ကျမ်းဂန်ပါဠိ ရှိသည့်အတိုင်း အသေအချာ သိမှတ်ပါရအောင် ကယ်မသနားတော်မူပါမည့်အကြောင်းကို ခြေတော်ဦးခိုက် ရှိခိုးနားတော်လျှောက်ပါသည် ဆရာတော်ဘုရား။"

*[ တတိယတွဲ(လုံးတော်)၊ စတုတ္ထပိုင်း၊ ဤပုဒ်မ ၁၇၂-အတွက် အဖြေကို ဒုတိယတွဲ(လုံးတော်)၊ တတိယပိုင်း၊ ပုဒ်မ-၁၀၆၊ စာမျက်နှာ ၈၃၄-တွင် ပြန်ရှုရန်။ ]*

ကြံခင်းမြို့နေ၊ ဒကာစံပွင့်က "ဥပဋ္ဌိတဖြစ်၍ ထင်သောသတိရှိသော ပုဂ္ဂိုလ်သခင် အရှင်ဘုရား ၃-ပါးတို့ကို ကျမ်းဂန်ပါဠိ ရှိသည့်အတိုင်း အသေအချာ သိမှတ်ပါရအောင် ကယ်မသနားတော်မူပါမည့်အကြောင်း"နှင့် ထပ်မံလျှောက်သောကြောင့် ကျမ်းဂန်အလာ ဒေသနာနယကို ညွှန်ပြထုတ်ဆောင်၍ ၁၂၄၃-ခု၊ နယုန်လဆန်း၊ ၁၅-ရက်နေ့၊ ဒီပဲယင်းမြို့ ဇာတိ၊ ပဝတ္တိရတနာသိမ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## ရဟန်းတော် ရှင်စန္ဒိမာ-က ဥပေက္ခာနှင့် သောမနဿ-တို့၏ အထူးကို မေးလျှောက်ချက်

[၁၇၃] "ဘုရားတပည့်တော် သရေခေတ္တရာမြို့၊ ရှင်စန္ဒိမာ လျှောက်ပါသည် ဆရာတော်ဘုရား။

အချို့သောသူတို့က သောမနဿသဘောသည် အဂမ္ဘီရ, ဥပေက္ခာသဘောသည် ဂမ္ဘီရ, သောမနဿထက် ဥပေက္ခာဗလဝတရ ဖြစ်သည်, ဥပေက္ခာသည် ငြိမ်သက်သည်ဖြစ်၍ မြတ်သည်-ဆိုသည်ကို စွဲ၍ သောမနဿထက် ဥပေက္ခာ

ထက်သည်-ဟု ပြောဆိုကြပါသည်။ ထိုစကားကို ကွဲပြား၍ သိမှတ်ပါရအောင် အမိန့်ရှိတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။"

ရှင်းရဟန်းတော် လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ—

[၁၇၃] ဥပေက္ခာ, သောမနဿတို့၏အထူးကို မေးလျှောက်သည်မှာ ဥပေက္ခာကုသိုလ်စေတနာထက် သောမနဿအကျိုး ကြီးမြတ်သည်ကို ဆိုသည်မှာ အကျိုးရင်းဝိပါက်နာမက္ခန္ဓာကို မယူအပ်။ အာယု-ဝဏ္ဏ-သုခ-ဗလ အကျိုးဆက်ကိုသာ ယူအပ်၏။ အဘယ့်ကြောင့်နည်းဟူမူကား သောမနဿ, ဥပေက္ခာတို့၏ အစွမ်းအားဖြင့် အကျိုးရင်း ထူးသောအရာ မရှိ။ အကျိုးဆက် ထူးသောအရာသာ ဖြစ်သောကြောင့်တည်း။

ထို့ကြောင့် အဘိဓမ္မတ္ထသင်္ဂဟမည်သော လက်သန်းအဋ္ဌကထာ၌—

**တိဟေတုက'မုက္ကဋ္ဌံ ကုသလံ တိဟေတုကံ ပဋိသန္ဓိံ ဒတွာ ပဝတ္တေ သောဠသဝိပါကာနိ ဝိပစ္စတိ။**

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (ဝိထိမုတ္တသင်္ဂဟ။၃၅)

တိဟေတုက'မုက္ကဋ္ဌံ ကုသလံ၊ တိဟိတ်ဥက္ကဋ္ဌ ကုသိုလ်ကံသည်။ တိဟေတုကံ ပဋိသန္ဓိံ၊ တိဟိတ်ပဋိသန္ဓေကို။ ဒတွာ၊ ပေး၍။ ပဝတ္တေ၊ ပဝတ္တိအခါ၌။ သောဠသဝိပါကာနိ၊ ၁၆-ပါးကုန်သော ဝိပါက်စိတ်တို့ကို။ ဝိပစ္စတိ၊ အကျိုးကို ဖြစ်စေ၏။

ကုသိုလ်ကံဖြစ်ခြင်းမည်သည် အနိဋ္ဌ-ဟူ၍ မရှိရာ။ ဣဋ္ဌ-ဟူ၍သာ ရှိရာသည်။

ထို့ကြောင့် သမ္မောဟဝိနောဒနီမည်သော ဝိဘင်းအဋ္ဌကထာ၌—

**ကုသလကမ္မဇံ ပန အနိဋ္ဌံ နာမ နတ္ထိ၊ သဗ္ဗံ ဣဋ္ဌမေဝ။**

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ကုသလကမ္မဇံ ပန၊ ကုသိုလ်ကံ၏ ဖြစ်ခြင်းမည်သည်ကား။ အနိဋ္ဌံ နာမ၊ အနိဋ္ဌ မည်သည်။ နတ္ထိ၊ မရှိ။ သဗ္ဗံ၊ အလုံးစုံသော။ ကုသလံ၊ ကုသိုလ်ကံသည်။ ဣဋ္ဌမေဝ၊ ဣဋ္ဌ သာလျှင်တည်း။

သောမနဿကုသိုလ်၏ အကျိုး, ဥပေက္ခာကုသိုလ်၏ အကျိုးဖြစ်ခြင်း အထူးမရှိ၊ ရုပ်လည်း အထူးမရှိ၊ ဣဋ္ဌာရုံသာ ဖြစ်၏။ ` ဤသို့ မှတ်ရာ၏။

မင်္ဂလမြတ်စွာဘုရားသည် သောမနဿကုသိုလ်စေတနာ၏အကျိုးကြောင့် ဇာတိခေတ် ၁-သောင်းလုံးကို အခါခပ်သိမ်း ထွန်းလင်းနိုင်သော အရောင်တော်သည် ကိုယ်မှ ထွက်၏။ ထိုစကား မှန်၏။ မင်္ဂလမြတ်စွာဘုရား အလောင်းတော်သည် ပါရမီဖြည့်စဉ် ဝေဿန္တရာမင်းကြီးကဲ့သို့ ဝက်ပစ်တောင်နှင့် တူသောတောင်၌ နေရာ ပုဏ္ဏားအသွင်ပြု၍ အလှူခံလာသော ဒါတိကမည်သော ဘီလူးအား သားတော် ၂-ယောက်တို့ကို လှူလေလျှင် ဘုရားလောင်း၏ ရှေ့တွင်ပင် ကြာရိုး,ကြာစွယ်ကို ဝါးသကဲ့သို့ သားတော် ၂-ယောက်ကို စားလေ၏။ မင်္ဂလဘုရားအလောင်းတော်သည် ဘီလူးကို ကြည့်၍ မီးခဲလျှံကဲ့သို့ ဟင်းလင်းပွင့်သော ခံတွင်းကို မြင်သောခဏ၌ နှလုံးမသာမယာ မရှိဘဲ "ငါ့အား ကောင်းသောအလှူကို လှူရပေပြီ-ဟု ဝမ်းမြောက်ဝမ်းသာ သောမနဿစေတနာဖြစ်၍ ငါ့အား နောင်ဘုရားဖြစ်သောအခါ ဤအဆင်းနှင့်တူသော ရောင်ခြည်တို့သည် ကိုယ်မှ ထွက်စေသတည်း"ဟု ပတ္ထနာပြုသောကြောင့် ဘုရားဖြစ်တော်မူသောကာလ စကြဝဠာဇာတိခေတ် ၁-သောင်းလုံး၌ အမြဲ အလင်းအတိ ဖြစ်၏။

ထို့ကြောင့် ဓမ္မသင်္ဂဏီအဋ္ဌကထာ၊ နိဒါနကထာ၌—

> **"သုဒိန္နံ ဝတ မေ ဒါန"န္တိ စိတ္တုပ္ပါဒံ ဝတော ပန'ဿ သရီရေ မဟန္တံ ပီတိသောမနဿံ ဥဒပါဒိ။ သော "ဣမိနာ နိဿန္ဒေန အနာဂတေ ဣမိနာဝ နီဟာရေန သရီရတော ရသ္မိယော နိက္ခမန္တူ"တိ ပတ္ထနံ အကာသိ။ တဿ တံ ပတ္ထနံ နိဿာယ ဗုဒ္ဓဘူတဿ သရီရတော ရသ္မိယော နိက္ခမိတွာ ဧတ္တကံ ဌာနံ ဖရိံသု။**

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (အဘိ၊ဋ္ဌ၊၁။၅၈)

မေ၊ ငါသည်။ ဒါနံ၊ အလှူကို။ သုဒိန္နံ ဝတ၊ လှူရပြီတကား။ ဣတိ၊ ဤသို့။ စိတ္တုပ္ပါဒံ ဝတော၊ ကြံသော။ အဿ ပန၊ ထိုဘုရားလောင်း၏ကား။ သရီရေ၊ ကိုယ်၌။ မဟန္တံ၊ ကြီးစွာသော။ ပီတိသောမနဿံ၊ နှစ်သက်ဝမ်းမြောက်ခြင်းသည်။ ဥဒပါဒိ၊ ထင်စွာ ဖြစ်၏။ သော၊ ထိုမင်္ဂလဘုရား အလောင်းတော်သည်။ ဣမိနာ နိဿန္ဒေန၊ ဤကုသိုလ်၏ အကျိုးကြောင့်။ အနာဂတေ၊ နောင်သောအခါ၌။ ဣမိနာဝ နီဟာရေန၊ ဤသို့သော အမှတ်ဖြင့်သာလျှင်။ သရီရတော၊ ကိုယ်တော်မှ။ ရသ္မိယော၊ ရောင်ခြည်တို့သည်။ နိက္ခမန္တု၊ ထွက်စေကုန်သတည်း။ ဣတိ၊ ဤသို့။ ပတ္ထနံ၊ ဆုတောင်းခြင်းကို။ အကာသိ၊ ပြု၏။ ဗုဒ္ဓဘူတဿ၊ ဘုရားဖြစ်၍ ဖြစ်တော်မူသော။ တဿ၊ ထိုမင်္ဂလမြတ်စွာဘုရား၏။ တံ ပတ္ထနံ၊ ထိုဆုတောင်းခြင်းကို။ နိဿာယ၊ မှီ၍။ သရီရတော၊ ကိုယ်တော်မှ။ ရသ္မိယော၊ ရောင်ခြည်တို့သည်။ နိက္ခမိတွာ၊ ထွက်၍။ ဧတ္တကံ ဌာနံ၊ ဤမျှ ဇာတိခေတ် စကြဝဠာ ၁-သောင်းလုံးအရပ်ကို။ ဖရိံသု၊ နှံ့ကုန်၏။

ဝတ္ထုသမ္ပဒါ, ပစ္စယသမ္ပဒါ, စေတနာသမ္ပဒါ, ဂုဏာတိရေကသမ္ပဒါ၊ ဤ ၄-ပါးတို့၏ ပြည့်စုံခြင်းကြောင့် မျက်မှောက်အကျိုးကို ပေးနိုင်၏။ ထို ၄-ပါးတို့တွင် မဟာကုသိုလ် ဉာဏသမ္ပယုတ်၊ သောမနဿသဟဂုတ်စိတ်သည် စေတနာသမ္ပဒါ မည်၏။

ထို့ကြောင့် ဓမ္မပဒအဋ္ဌကထာ၊ ၁၀-ခုမြောက်သော ဒဏ္ဍဝဂ်အစု၊ ၁၁-ခုမြောက်သော သုခသာမဏေရဝတ္ထုအဋ္ဌကထာ၌—

**စတဿော ဟိ သမ္ပဒါ နာမ ဝတ္ထုသမ္ပဒါ ပစ္စယသမ္ပဒါ စေတနာသမ္ပဒါ ဂုဏာတိရေကသမ္ပဒါတိ။ တတ္ထ နိရောဓသမာပတ္တိရဟော အရဟာ ဝါ အနာဂါမီ ဝါ ဒက္ခိဏေယျော ဝတ္ထုသမ္ပဒါ နာမ။ ပစ္စယာနံ ဓမ္မေန သမေန ဥပ္ပတ္တိ ပစ္စယသမ္ပဒါ နာမ။ ဒါနတော ပုဗ္ဗေ ဒါနကာလေ ပစ္ဆာဘာဂေတိ တီသု ကာလေသု စေတနာယ သောမနဿသဟဂတဉာဏသမ္ပယုတ္တဘာဝေါ စေတနာသမ္ပဒါ နာမ။ ဒက္ခိဏေယျဿ သမာပတ္တိတော ဝုဋ္ဌိတဘာဝေါ ဂုဏာတိရေကသမ္ပဒါ နာမ။**

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (ဓမ္မ၊ဋ္ဌ၊၂။၅၉)

ဟိ သစ္စံ၊ မှန်၏။ သမ္ပဒါ နာမ၊ သမ္ပဒါမည်သည်ကား။ ဝတ္ထုသမ္ပဒါ၊ ဝတ္ထု၏ ပြည့်စုံခြင်းလည်းကောင်း။ ပစ္စယသမ္ပဒါ၊ ပစ္စည်း၏ ပြည့်စုံခြင်းလည်းကောင်း။ စေတနာသမ္ပဒါ၊ စေတနာ၏ ပြည့်စုံခြင်းလည်းကောင်း။ ဂုဏာတိရေကသမ္ပဒါ၊ ကဲလွန်သော ဂုဏ်နှင့် ပြည့်စုံခြင်းလည်းကောင်း။ ဣတိ၊ ဤသို့။ စတဿော၊ ၄-ပါးတို့တည်း။ တတ္ထ၊ ထို ၄-ပါးတို့တွင်။ နိရောဓသမာပတ္တိရဟော၊ နိရောဓသမာပတ်ကို ဝင်စားခြင်းငှာ ထိုက်သော။ အရဟာ ဝါ၊ ရဟန္တာပုဂ္ဂိုလ်လည်းဖြစ်သော။ အနာဂါမီ ဝါ၊ အနာဂါမ်ပုဂ္ဂိုလ်လည်းဖြစ်သော။ ဒက္ခိဏေယျော၊ အလှူခံပုဂ္ဂိုလ်သည်။ ဝတ္ထုသမ္ပဒါ နာမ၊ ဝတ္ထု၏ပြည့်စုံခြင်း မည်၏။

ပစ္စယာနံ၊ ပစ္စည်းတို့၏။ ဓမ္မေန၊ တရားနှင့်။ သမေန၊ ညီစွာ။ ဥပ္ပတ္တိ၊ ဖြစ်ခြင်းသည်။ ပစ္စယသမ္ပဒါ နာမ၊ ပစ္စည်း၏ပြည့်စုံခြင်း မည်၏။ ဒါနတော၊ ပေးလှူသည်မှ။ ပုဗ္ဗေ၊ ရှေးဖြစ်သောကာလ၌လည်းကောင်း။ ဒါနကာလေ၊ လှူစဉ်ဆဲဆဲသော ကာလ၌လည်းကောင်း။ ပစ္ဆာဘာဂေ၊ လှူပြီးသော နောက်အဖို့၌လည်းကောင်း။ ဣတိ၊ ဤသို့။ တီသု ကာလေသု၊ ၃-ပါးကုန်သော ကာလတို့၌။ စေတနာယ၊ စေတနာ၏။ သောမနဿသဟဂတဉာဏသမ္ပယုတ္တဘာဝေါ၊ သောမနဿသဟဂုတ်ဉာဏသမ္ပယုတ်၏အဖြစ်သည်။ စေတနာသမ္ပဒါ နာမ၊ စေတနာ၏ ပြည့်စုံခြင်း မည်၏။ ဒက္ခိဏေယျဿ၊ အနာဂါမ်, ရဟန္တာ-ဟု ဆိုအပ်သော အလှူခံပုဂ္ဂိုလ်၏။ သမာပတ္တိတော၊ သမာပတ်မှ။ ဝုဋ္ဌိတဘာဝေါ၊ ထသောအဖြစ်သည်။ ဂုဏာတိရေကသမ္ပဒါ နာမ၊ ကဲလွန်သောဂုဏ်နှင့် ပြည့်စုံသည် မည်၏။

ဤသို့ ဒိဋ္ဌဓမ္မအကျိုးကို ပေးရာ သမ္ပဒါ ၄-ပါးတို့တွင်လည်း သောမနဿစေတနာ သာလွန်ထူးမြတ်ကြောင်းကို 'သောမနဿသဟဂတဉာဏသမ္ပယုတ္တဘာဝေါ'ဟူ၍ လာသည်။

ရာဇဂြိုဟ်ပြည်တွင် သုမနမည်သော ပန်းသည်သည် မင်းအား နေ့စဉ်မပြတ် ဆက်သမြဲဖြစ်သော ၈-ဆုပ်သော ပန်းတို့ကို မင်းအား မဆက်ဘဲ "ငါ့ကို ဤအမှုဖြင့် နှောင်ဖွဲ့မူလည်း နှောင်ဖွဲ့စေ၊ သတ်မူလည်း သတ်စေ၊ တိုင်းနိုင်ငံမှ နှင်ထုတ်မူလည်း နှင်ထုတ်စေတော့"ဟု မိမိအသက်ကို စွန့်၍ ရောင်ခြည်တော် ၆-သွယ်ကို လွှတ်တော်မူ၍ မြို့တွင်းသို့ ဆွမ်းခံဝင်တော်မူသော မြတ်စွာဘုရားအား ကပ်လှူလေ၏။ မုလေးပန်းတို့သည် အထက်၌ ဗိတာန်ကြက်သကဲ့သို့၊ လက်ဝဲ,လက်ယာ, နောက်အဖို့တို့၌ ငွေပြားရံသကဲ့သို့ ဘုရားရပ်တော်မူလျှင် ရပ်လျက် ကြွတော်မူလျှင် အစဉ်လိုက်၍ တည်၏။ ဂန္ဓကုဋီသို့ ဝင်တော်မူမှ ပန်းတို့သည် တံခါးဝ၌ ကျကုန်၏။

ဤသို့သော အံ့ဖွယ်သရဲကို မြင်ကြ၍ မြို့တွင်း ၉-ကုဋေ, မြို့ပြင် ၉-ကုဋေ၊ ပေါင်း ၁၈-ကုဋေ အိမ်ခြေတို့မှ တစ်မြို့လုံး တုန်လှုပ်ချောက်ချားလျက် ဆွမ်းခွက် လက်စွဲပြီးမှ ဘုရားရှိရာသို့ မရောက်ကြသသူမည်သည် မရှိ။ ထိုအခါ အာနန္ဒာမထေရ်က ထိုသို့သော အံ့ဖွယ်သရဲကို မြင်၍ သုမနပန်းသည်၏အကြောင်းကို မေးလျှောက်သည်တွင် "အာနန္ဒာ၊ သုမနပန်းသည်သည် အနည်းငယ်မျှ ကုသိုလ်ကို ပြုသည် မမှတ်လင့်၊ ငါဘုရားအား အသက်ကို စွန့်၍ ပြု၏"ဟု မိန့်တော်မူပြီးမှ—

> ကပ္ပါနံ သတသဟဿံ၊ ဒုဂ္ဂတိံ န ဂမိဿတိ။
> ဌတွာ ဒေဝမနုဿေသု၊ ဖလံ တေဿ ကမ္မုနော။
> ပစ္ဆာ ပစ္စေကသမ္ဗုဒ္ဓေါ၊ သုမနော နာမ ဘဝိဿတိ။ ။

ဟု ဗျာဒိတ်ကြားတော်မူသည်။ (ဓမ္မပဒ၊ဋ္ဌ၁၊၃၀၉)

တေဿ၊ ထိုသုမနပန်းသည်အား။ ကမ္မုနော၊ ပန်းလှူသော ကုသိုလ်ကံ၏။ ဖလံ၊ အကျိုးသည်။ ဒေဝမနုဿေသု၊ နတ်ပြည်, လူပြည်တို့၌။ ဌတွာ၊ တည်၍။ ကပ္ပါနံ သတသဟဿံ၊ ကမ္ဘာ ၁-သိန်းတို့ပတ်လုံး။ ဒုဂ္ဂတိံ၊ ဒုဂ္ဂတိဘုံသို့။ န ဂမိဿတိ၊ မလားရလတ္တံ့။ ပစ္ဆာ၊ နောက်အခါ၌။ သုမနော နာမ၊ သုမနအမည်ရှိသော။ ပစ္စေကသမ္ဗုဒ္ဓေါ၊ ပစ္စေကဗုဒ္ဓါသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

ထိုအခါ မင်းကြီးက "ငါ၏အဖို့ဖြစ်သော ပန်းကို အဘယ်ကြောင့် ဘုရားကို သင် လှူဘိသနည်း"ဟု မေးရာ "အကျွန်ုပ်ကို အရှင်မင်းကြီး သတ်လိုလည်း သတ်စေတော့ဟု အသက်စွန့်၍ လှူပေသည်"ဟု လျှောက်လျှင် မင်းလည်း သုမနပန်းသည်ကို ချီးမွမ်း၍

ဆင် ၈-စီး, မြင်း ၈-စီး, ကျွန်ထီး ၈-ယောက်, ကျွန်မ ၈-ယောက်, ၈-ခုသော တန်ဆာ, ၈,၀၀၀-သော အသပြာ, တန်ဆာဆင်ထားသော သမီးကညာ ၈-ယောက်, ရွာ ၈-ရွာအားဖြင့် အဌအဌကမည်သော ဆုကို ပေး၏။

မြတ်စွာဘုရား ကျောင်းတော်သို့ ရောက်၍ တရားသဘင်၌ သုမနပန်းသည်၏ အကြောင်းကို ရဟန်းတို့ပြောဆိုကြကြောင်းနှင့် လျှောက်ထားသည်တွင်—

တဉ္စ ကမ္မံ ကတံ သာဓု၊ ယံ ကတွာ နာ'နုတပ္ပတိ။
ယဿ ပတီတော သုမနော၊ ဝိပါကံ ပဋိသေဝတိ။ ။

ဟူ၍ ဟောတော်မူသည်။ (ဓမ္မ၊ဌ၊၁။၃၁၀)

ယံ ကမ္မံ၊ အကြင်ကံကို။ ကတွာ၊ ပြု၍။ နာ'နုတပ္ပတိ၊ မစိုးရိမ်။ ကတံ၊ ပြုအပ်သော။ တဉ္စ ကမ္မံ၊ ထိုအမှုသည်လည်း။ သာဓု၊ ကောင်း၏။ ယဿ၊ အကြင်ကောင်းမှုကံ၏။ ဝိပါကံ၊ အကျိုးကို။ ပတီတော၊ ပီတိဟုန်ဖြင့် နှစ်သက်သည်ဖြစ်၍။ သုမနော၊ သောမနဿအဟုန်ဖြင့် ဝမ်းမြောက်သည်ဖြစ်၍။ ဝိပါကံ၊ အကျိုးကို။ ပဋိသေဝတိ၊ မှီဝဲ၏။

ထိုပါဠိတော်၌ လူ,နတ်,နိဗ္ဗာန် ၃-တန်သော ချမ်းသာကို ပြီးစေနိုင်သော အကြင် ကုသိုလ်ကံကို ပြု၍ စိုးရိမ်ခြင်း မရှိ။ မျက်မှောက်ဘဝတွင်လည်း အောက်မေ့တိုင်း ပီတိ အဟုန်ဖြင့် ဝမ်းမြောက်သည်ဖြစ်၍, သောမနဿအဟုန်ဖြင့် နှစ်သက်သည်ဖြစ်၍, နောင် အခါ၌လည်း နှစ်သက်ဝမ်းမြောက်စွာ အကျိုးကို ခံစားရ၏-ဟူလို။ ထို့ကြောင့် ဓမ္မပဒ၊ ၅-ခုမြောက်သော ဗာလဝဂ်အစု၊ ၉-ခုမြောက်သော သုမနမာလာကာရဝတ္ထုအဌကထာ၌-

ယံ ကတွာတိ ယံ ဒေဝမနုဿသမ္ပတ္တိနဉ္စေဝ နိဗ္ဗာနသမ္ပတ္တိယာ စ နိဗ္ဗတ္တန-သမတ္ထံ သုခုဒြယံ ကမ္မံ ကတွာ နာ'နုတပ္ပတိ၊ အထခေါ ဒိဋ္ဌေဝဓမ္မေယေဝ အနု-ဿရိတက္ခဏေ ပီတိဝေဂေန ပတီတော သောမနဿဝေဂေန စ သုမနော ဟုတွာ အာယတိ ပီတိသောမနဿဇာတော ဟုတွာ ဝိပါကံ ပဋိသေဝတိ၊ တံ ကမ္မံ ကတံ သာဓု ဘဒ္ဒကံ။

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (ဓမ္မ၊ဌ၊၁။၃၁၀)

ယံ ကတွာတိ၊ ယံ ကတွာ-ဟူသည်ကား။ ဒေဝမနုဿသမ္ပတ္တိနဉ္စေဝ၊ နတ်,လူတို့၏ စည်းစိမ်ချမ်းသာတို့ကိုလည်းကောင်း။ နိဗ္ဗာနသမ္ပတ္တိယာ စ၊ နိဗ္ဗာန်ချမ်းသာကိုလည်း ကောင်း။ နိဗ္ဗတ္တနသမတ္ထံ၊ ဖြစ်စေခြင်းငှာ စွမ်းနိုင်သော။ သုခုဒြယံ၊ သုခကို တိုးပွါးစေတတ် သော။ ယံ ကမ္မံ၊ အကြင်ကံကို။ ကတွာ၊ ပြု၍။ နာ'နုတပ္ပတိ၊ မစိုးရိမ်။ အထ ခေါ၊ စင်စစ်

သော်ကား။ ဒိဋ္ဌေဝဓမ္မေ ယေဝ၊ မျက်မှောက်ဘဝ၌ပင်လျှင်။ အနုဿရိတက္ခဏေ၊ အောက်မေ့သော ခဏ၌။ ပီတိဝေဂေန၊ ပီတိ၏အဟုန်ဖြင့်။ ပတီတော၊ နှစ်သက်သည်။ ဟုတွာ၊ ဖြစ်၍။ သောမနဿဝေဂေန၊ သောမနဿ၏အဟုန်ဖြင့်။ သုမနော၊ ဝမ်းမြောက်သည်။ ဟုတွာ၊ ဖြစ်၍။ အာယတိံ၊ နောင်အခါ၌။ ပီတိသောမနဿဇာတော၊ နှစ်သက်ဝမ်းမြောက်ခြင်း ဖြစ်သည်။ ဟုတွာ၊ ဖြစ်၍။ ဝိပါကံ၊ အကျိုးကို။ ပဋိသံဝေတိ၊ မှီဝဲခံစားရ၏။ တံ ကမ္မံ၊ ထိုကံကို။ ကတံ၊ ပြုခြင်းသည်။ သာဓု ဘဒ္ဒကံ၊ ကောင်းမြတ်၏။

ဤသုမနပန်းသည်၏ ဝတ္ထု၌လည်း သောမနဿကုသိုလ်၏အကျိုး ဖွံ့ဖြိုးကြီးမားကြောင်းကို လာသည်။ အကယ်၍သာ ဥပေက္ခာ၏အကျိုး ဖွံ့ဖြိုးကြီးမားသည် ဖြစ်အံ့။ "ဥပေက္ခိန္ဒြိယံ ကမ္မံ၊ ဥပေက္ခာဝေဂေန မဇ္ဈတ္တော ဟုတွာ"ဟူ၍ လာရာ၏။

အထက် မင်္ဂလဘုရား၏ အတ္ထုပ္ပတ်၌လည်း "မဟန္တံ ဥပေက္ခံ ဥဒပါဒိ"ဟူ၍လည်းကောင်း, ဒိဋ္ဌဓမ္မအကျိုးပေးခြင်း၏ အကြောင်းစေတနာကို ပြရာ၌လည်း "စေတနာယ ဥပေက္ခာသဟဂတဉာဏသမ္ပယုတ္တဘာဝေါ"ဟူ၍လည်းကောင်း လာရာ၏။ ထိုသို့ မလာသောကြောင့် သောမနဿကုသိုလ်အကျိုး ဖွံ့ဖြိုးကြီးမားကြောင်းကို သိရာ၏။

အာနန္ဒထေရဝတ္ထု၊ အပဒါန်-စသည်တို့၌လည်း မိမိပြုဖူးသော ပုဗ္ဗကမ္မကို အောက်မေ့သဖြင့် အလွန်ဝမ်းမြောက်ဝမ်းသာလျက် ဂါထာရွတ်ကြောင်းကို အာနန္ဒထေရဝတ္ထု၊ အပဒါန်၌—

**အတ္တနော ပုဗ္ဗကမ္မံ သရိတွာ သောမနဿဝသေန ပုဗ္ဗစရိတာပဒါနံ ဒဿေန္တော အာရာမဒွါရာနိက္ခမ္မာတိအာဒိ'မာဟ။**

စသည်ဖြင့် လာသည်။ (အပ၊၄၊၁။၃၅၀)

ခုဒ္ဒကပါဌ၊ မင်္ဂလသုတ်အဋ္ဌကထာ၊ မင်္ဂလကောလာဟလကို ပြရာ—

"သောမနဿစိတ္တေန မင်္ဂလကောလာဟလံ ဥပ္ပဇ္ဇိ"

ဟူ၍ လာသည်။ (ခုဒ္ဒက၊၄။၁၀၂)

အတ္တနော၊ မိမိ၏။ ပုဗ္ဗကမ္မံ၊ ရှေးက ပြုခဲ့သော ကုသိုလ်ကံကို။ သရိတွာ၊ အောက်မေ့၍။ သောမနဿဝသေန၊ ဝမ်းမြောက်သည်၏ အစွမ်းအားဖြင့်။ ပုဗ္ဗစရိတာပဒါနံ၊ ရှေး၌ပြုကျင့်ခဲ့ဖူးသော အကြောင်းကို။ ဒဿေန္တော၊ ပြလိုသည်ဖြစ်၍။ အာရာမဒွါရာနိက္ခမ္မာတျာဒိံ၊ အာရာမဒွါရာနိက္ခမ္မ-အစရှိသော ဂါထာကို။ အာဟ၊ ရွတ်၏။

သောမနဿစိတ္တေန၊ ဝမ်းမြောက်ဝမ်းသာသော စိတ်ဖြင့်။ မင်္ဂလကောလာဟလံ၊ မင်္ဂလာတရားကို ဆွေးနွေးမေးမြန်းခြင်း မင်္ဂလာကောလာဟလသည်။ ဥပ္ပန္နံ ဖြစ်၏။

ဤသို့ စသည်ဖြင့် သောမနဿ၏အကြောင်းကို ပြဆိုသောအရာ ပါဠိ, အဋ္ဌကထာ, ဋီကာ များစွာ လာ၏။ ကျမ်းဂန်လာတိုင်းကို ပြဆိုလျှင် ကျယ်လွန်းအံ့။

သောမနဿကုသိုလ်ဖြစ်ခြင်း၏ အကြောင်းမှာလည်း သဒ္ဓါတရား များသည်၏ အဖြစ်, စင်ကြယ်သော အယူရှိသည်၏အဖြစ်, အကျိုးကို သိသည်၏အဖြစ်၊ ဤသည်လျှင် သောမနဿကုသိုလ်၏ အကြောင်းတည်း။ ထို့ကြောင့် အဋ္ဌသာလိနီ၊ စိတ္တုပ္ပါဒကဏ္ဍ အဋ္ဌကထာ၌—

**သဒ္ဓါဗဟုလတာ ဝိသုဒ္ဓဒိဋ္ဌိတာ အာနိသံသဒဿာဝိတာ'တိ ဧဝ'မ္ပေတ္ထ သောမနဿသဟ-ဂတဘာဝေါ ဝေဒိတဗ္ဗော။**

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (အဘိ၊ဋ္ဌ၊၁။၁၁၇)

သဒ္ဓါဗဟုလတာ၊ သဒ္ဓါတရား များသည်၏အဖြစ်။ ဝိသုဒ္ဓဒိဋ္ဌိတာ၊ စင်ကြယ်သော အယူရှိသည်၏အဖြစ်။ အာနိသံသဒဿာဝိတာ၊ ကုသိုလ်၏အကျိုးကို မြင်သည်၏အဖြစ်။ ဣတိ ဧဝံ၊ ဤသို့။ ဧတ္ထ၊ ဤမဟာကုသိုလ်၏ အရာ၌။ သောမနဿသဟဂတဘာဝေါ၊ သောမနဿသဟဂုတ်၏အဖြစ်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

သဒ္ဓါတရား အားနည်းသောသူ, ရတနာ ၃-ပါး၏ဂုဏ်ကို မသိသောသူ, ကုသိုလ်၏ အကျိုးကို မသိသောသူသည် ဥပေက္ခာသဟဂုတ်၏အကြောင်း-ဟူ၍

**အညေသံ ဝါ သောမနဿဟေတူနံ အဘာဝေန။ –**

ဟူ၍ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ(၇၉) ပြဆိုသောကြောင့် အကြောင်းကို ထောက်၍ ဥပေက္ခာ၏ အကျိုး မကြီးကျယ်ကြောင်းကို သိရာ၏။

**ဣမေသု ပန အဋ္ဌသု လောဘမူလစိတ္တေသု သောမနဿသဟဂတတော ဥပေက္ခာ-သဟဂတံ ဗလဝတရံ။**

အစရှိသည်ဖြင့် မဏိသာရမဉ္ဇူသာဋီကာ၌ ပြသောအရာမှာ သောမနဿသဘောသည် ဖြစ်လွယ်,ပျက်လွယ်သည်။ ဥပေက္ခာ၏သဘောသည် ဖြစ်ခဲ,ပျက်ခဲသည်ကို ပြသည်-ဟု မှတ်ရာ၏။ သောမနဿသည် အဂမ္ဘီရသဘာဝ, ဥပေက္ခာသည် ဂမ္ဘီရသဘာဝ-ဟူ၍—

**အဂမ္ဘီရသဘာဝတာ စ ဣမဿ သောမနဿဿ ကာရဏံ၊ ဂမ္ဘီရသဘာဝတာ စ ဥပေက္ခာယ။ –**

ဟု အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ(၇၉)၌ ပြသောအရာမှာ သဘောတိမ်သောသူသည် အာရုံ၌ ဝမ်းမြောက်ခြင်း, နှစ်သက်ခြင်း ဖြစ်လွယ်သောအရာ များသည်။ သဘောနက်သောသူသည် လျစ်လျူရှုသောအရာ များသည်ကို ပြသည်-ဟု မှတ်ရာ၏။

ဥပေက္ခာသည် ငြိမ်သက်သည်, မြတ်သည်-ဟု "ဥပေက္ခာ သန္တဝုတ္တိတ္တာ၊ သုခ'မိစ္စေဝ ဘာသိတာ"(ဋီကာကျော်၊၉၃)ဟု ပြရာမှာ ပီတိနှင့် မယှဉ်သောကြောင့် လှုပ်ပေါ်ခြင်း မရှိသည် ဖြစ်၍ နူးညံ့ သိမ်မွေ့စွာ အာရုံကို ခံစားသည့်အရာကိုသာ ပြသည်-ဟု မှတ်ရာ၏။

ဝါ၊ တနည်းကား။ အညေသံ၊ တပါးကုန်သော။ သောမနဿဟေတူနံ၊ သောမန-ဿ၏ အကြောင်းတို့၏။ အဘာဝေန၊ မရှိသည်၏ အဖြစ်ဖြင့်။ (ဥပေက္ခာသဟဂတဘာဝေါ၊ ဥပေက္ခာသဟဂုတ်၏ အဖြစ်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။)

က္လမေသု ပန အဋ္ဌသု လောဘမူလစိတ္တေသု၊ ဤ ၈-ခုကုန်သော လောဘမူစိတ်တို့၌။ သောမနဿသဟဂတတော၊ သောမနဿသဟဂုတ်ထက်။ ဥပေက္ခာသဟဂတံ၊ ဥပေက္ခာသဟဂုတ်သည်။ ဗလဝတရံ၊ အားကြီး၏။ ဝါ၊ ဖြစ်ခဲ၏။

အဂမ္ဘီရသဘာဝတာ စ၊ မနက်နဲသောသဘော၏ အဖြစ်သည်။ က္လဓ၊ ဤသောမ-နဿ, ဥပေက္ခာ၏အရာ၌။ သောမနဿဿ၊ သောမနဿ၏။ ကာရဏံ၊ အကြောင်းတည်း။ ဂမ္ဘီရသဘာဝတာ၊ နက်နဲသောသဘော၏ အဖြစ်သည်။ ဥပေက္ခာယ၊ ဥပေက္ခာ၏။ ကာရဏံ၊ အကြောင်းတည်း။ ဥပေက္ခာ၊ ဥပေက္ခာကို။ သန္တဝုတ္တိတ္တာ၊ ငြိမ်သက်သော သဘောရှိသည်၏ အဖြစ်ကြောင့်။ သုခ'မိစ္စေဝ၊ သုခ-ဟူ၍သာလျှင်။ ဘာသိတာ၊ ဆိုအပ်၏။

**ဤတွင်ရွေ့ သောမနဿ, ဥပေက္ခာတို့၏ အထူးကို ပြဆိုသော စကားတစ်ရပ် အပြီး သတ်တည်း။**

ထိုစကားရပ်ကို အကျယ်သိလိုလျှင် အဋ္ဌသာလိနီအဋ္ဌကထာ, ဓမ္မပဒအဋ္ဌကထာ, ဝိဘင်းအဋ္ဌကထာ, အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ, မဏိသာရမဥ္ဇူသာဋီကာတို့မှာ ကြည့်လေ။ သရေခေတ္တရာမြို့၊ ရဟန်း ရှင်စန္ဒိမာက "သောမနဿ, ဥပေက္ခာတို့၏အထူးကို နေရာကျ သိမှတ်လိုပါသည်"ဟု လျှောက်သောကြောင့် ကျမ်းဂန်အလာ ဒေသနာနယကို ညွှန်ပြထုတ် ဆောင်၍ သက္ကရာဇ် ၁၂၄၃-ခု၊ နယုန်လဆန်း၊ ၁၀-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိ-ရတနာသိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★ ★ ★ ★ ★ ★ ★

## ရဟန်းတော် ရှင်ပရမ-က
## ဒသင်္ဂသီလ၌ နစ္စဂီတ, မာလာဂန္ဓ ၂-ခုဖြင့်လည်းကောင်း၊
## သုရာမေရယနှင့် မာလာဂန္ဓတွင် ဌာန-ဟု ပါရှိခြင်းကို(လည်းကောင်း)
## မေးလျှောက်ချက်

[၁၇၄] "ဘုရားတပည့်တော် အလွှကပ္ပမြို့စီရင်စု၊ ကျွဲရိုက်ရွာ၊ ရဟန်း ရှင်ပရမ လျှောက်ပါသည် ဆရာတော်ဘုရား။

*ဒသင်္ဂသီလသိက္ခာပုဒ်တွင် နစ္စဂီတသိက္ခာပုဒ်ကို တစ်ခုစီ ယူ၍ နစ္စဂီတ သိက္ခာပုဒ် ၁-ခု, မာလာဂန္ဓသိက္ခာပုဒ် ၁-ခု ဖြစ်ပါသည်။

အဋ္ဌင်္ဂသီလတွင် နစ္စဂီတသိက္ခာပုဒ်, မာလာဂန္ဓသိက္ခာပုဒ် ၂-ခုတို့ကို နစ္စဂီတ သိက္ခာပုဒ် ၁-ခုသာ ဖြစ်ပါသည်။

ထိုသို့ဖြစ်ရာ၌ ဒသင်္ဂသီလ၌ နစ္စဂီတ, မာလာဂန္ဓ-ဟူ၍ သိက္ခာပုဒ် ၂-ခု၊ အဋ္ဌင်္ဂသီလ၌ နစ္စဂီတသိက္ခာပုဒ် ၁-ခုသာ ဖြစ်သည်။ အထူးကို သိလိုပါသည်။

*ဒသင်္ဂသီလတွင် သုရာမေရယသိက္ခာပုဒ်, မာလာဂန္ဓသိက္ခာပုဒ်မှ တပါးသော သိက္ခာပုဒ် ၈-ခုတို့၌ ဌာန-သဒ္ဒါ မပါ၊ သုရာမေရယသိက္ခာပုဒ်, မာလာဂန္ဓသိက္ခာ ပုဒ် ၂-ခုတို့၌သာ ဌာန-သဒ္ဒါ ပါသည်။ အထူးကိုလည်း သိလိုပါသည်။ ၎င်းပုစ္ဆာ ၂-ပါးတို့ကို ကွဲပြား၍ နေရာကျကျ မသိနိုင်ကြသည် ဖြစ်ပါသောကြောင့် နေရာကျ သိမှတ်ပါရအောင် အမိန့်ရှိတော်မူပါမည့်အကြောင်းကို ဆယ်ချောင်းဟတ္ထ ပဏာမ ဖြင့် တုပ်ကွရှိကိုး ရှိခိုးနားတော်လျှောက်ပါသည် ကျေးဇူးရှင်ဆရာတော်ဘုရား"။

၎င်းရဟန်းတော် ဦးပရမ လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ—

[၁၇၄] ဒသင်္ဂသီလ၌ နစ္စဂီတသိက္ခာပုဒ် ၁-ခု, မာလာဂန္ဓ-ဟူ၍ သိက္ခာပုဒ် ၁-ခု၊ အဋ္ဌင်္ဂသီလ၌ နစ္စဂီတသိက္ခာပုဒ် ၁-ခုသာ ဖြစ်သည်။ အထူးကို သိလိုပါသည်-ဟု မေး လျှောက်သည်မှာ—

အဋ္ဌင်္ဂသီလ၌ လောကီလူတို့ ရာဂလျှင် ပြဋ္ဌာန်းခြင်း အကြောင်းရင်းရှိသည်ဖြစ်၍ ဖြစ်သော အကုသိုလ်စေတနာ ၁-ခုကိုသာ ရည်၍ နစ္စဂီတသိက္ခာပုဒ် ၁-ခုသာ ဖြစ်၏။

ဒသင်္ဂသီလ၌ ကီဠနစေတနာကို ယူ၍ နစ္စဂီတသိက္ခာပုဒ် ၁-ခု, မဏ္ဍနစေတနာကို ယူ၍ မာလာဂန္ဓသိက္ခာပုဒ် ၁-ခု၊ ဤသို့ သိက္ခာပုဒ် ၂-ခု ဖြစ်သင့်, ရသင့်သည်အားလျော်စွာ

ဒသင်္ဂသီလ၌ နစ္စဂီတ, မာလာဂန္ဓ သိက္ခာပုဒ် ၂-ခုကို အဋ္ဌင်္ဂသီလ၌ တစ်ပေါင်းတည်းပြု၍ ဆောက်တည်ရာ၏။

ထို့ကြောင့် ပရမတ္ထဇောတိကမည်သော ခုဒ္ဒကပါဌ၊ ၂-ခုမြောက်သော သိက္ခာပဒ သုတ် အဖွင့်အဋ္ဌကထာ၌—

**ဥပေါသထသီလဝသေန ပန ဥပါသကာနံ သတ္တမအဋ္ဌမံ ဧကံ အင်္ဂံ ကတွာ သဗ္ဗ-ပစ္ဆိမဝဇ္ဇာနိ သတ္တာနိပိ သဗသာမဏေရေဟိ သာဓာရဏာနိ၊ ပစ္ဆိမံ ပန သာမဏေရာန-မေဝ ဝိသေသဘူတံ။**

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (ခုဒ္ဒက၊ဋ္ဌ၊၁၄)

ပန၊ အထူးမှတ်ဖွယ် နည်းတသွယ်ကား။ ဥပေါသထသီလဝသေန၊ ဥပေါသထသီလ ၏အစွမ်းအားဖြင့်။ ဥပါသကာနံ၊ ဒကာတို့အား။ သတ္တမအဋ္ဌမံ၊ ၇-ခုမြောက်သော နစ္စဂီတသိက္ခာပုဒ်-ဟု ဆိုအပ်သော သတ္တမအင်္ဂါ, ၈-ခုမြောက်သော မာလာဂန္ဓသိက္ခာပုဒ်-ဟု ဆိုအပ်သော အဋ္ဌမအင်္ဂါကို။ ဧကံ အင်္ဂံ၊ တပေါင်းတည်း။ ဝါ၊ ကီဠနစေတနာ, မဏ္ဍန စေတနာ ၂-ပါးပြားသော နစ္စဂီတသိက္ခာပုဒ်, မာလာဂန္ဓသိက္ခာပုဒ် ၂-ခုကို လောကီလူတို့၏ ရာဂလျှင် ပြဋ္ဌာန်းခြင်း အကြောင်းရင်းရှိသည်ဖြစ်၍ဖြစ်သော အကုသိုလ်စေတနာ ၁-ခုဟု ဆိုအပ်သော အင်္ဂါ ၁-ပါးကို။ ကတွာ၊ ပြု၍။ သဗ္ဗပစ္ဆိမဝဇ္ဇာနိ၊ ခပ်သိမ်းသော သိက္ခာပုဒ် တို့၏ နောက်ဆုံးဖြစ်သော ဇာတရူပသိက္ခာပုဒ်သည် ကြဉ်အပ်ကုန်သော။ သတ္တာနိပိ၊ အလုံးစုံ သော သိက္ခာပုဒ်တို့သည်။ သာမဏေရေဟိ၊ သာမဏေတို့နှင့်။ သာဓာရဏာနိ၊ ဆက်ဆံ ကုန်၏။ ပစ္ဆိမံ ပန၊ နောက်ဆုံးဖြစ်သော ဇာတရူပသိက္ခာပုဒ်သည်ကား။ သာမဏေရာန-မေဝ၊ သာမဏေတို့အားသာလျှင်။ ဝိသေသဘူတံ၊ အထူးဖြစ်၍ ဖြစ်၏။

"ဝိသေသဘူတံ"ဆိုသည်မှာ ၁၀-ပါးသီလသည် လူတို့မှာ စောင့်ရှောက်နိုင်ခဲသည်။ သာမဏေတို့မှာ စောင့်ရှောက်နိုင်လွယ်၏။ တနည်း ၁၀-ပါးသီလသည် လူတို့မှာ နိစ္စသီလ မဟုတ်၊ သာမဏေတို့မှာ နိစ္စသီလ ဖြစ်သည်။ ဤအနက်ကိုသာ ပြသည်။ လူတို့သီလ မဟုတ်၊ သာမဏေတို့ သီလသာ ဖြစ်သည်-ဟု မယူလင့်။

"သုရာမေရယသိက္ခာပုဒ်, မာလာဂန္ဓသိက္ခာပုဒ်မှ တပါးကုန်သော သိက္ခာပုဒ် ၈-ခု တို့၌ ဌာန-သဒ္ဒါ မပါ၊ သုရာမေရယသိက္ခာပုဒ်, မာလာဂန္ဓသိက္ခာပုဒ် ၂-ခုတို့၌သာ ဌာန-သဒ္ဒါ ပါသည်။ အထူးကိုလည်း သိလိုပါသည်"ဟု မေးလျှောက်သည်မှာ—

- ပါဏာတိပါတမှာလည်း သတ်ဖြတ်ခြင်း ဝဓကကိစ္စကို ပြုလျက် ဝိရမိတဗ္ဗဝတ္ထုကို ဝီတိက္ကမပယောဂနှင့်တကွ ဖြစ်၍ သိက္ခာပုဒ်ကို ကျင့်ဆောက်တည်၍ မရစကောင်း။

- အဒိန္နာဒါနမှာလည်း ခိုးယူခြင်း ဟူရာကိစ္စကို ပြုလျက် ဝိရမိတဗ္ဗဝတ္ထုကို ဝီတိက္ကမပယောဂနှင့် တကွဖြစ်၍ သိက္ခာပုဒ်ကို ကျင့်ဆောက်တည်၍ မရစကောင်း။
- အဗြဟ္မစရိယမှာလည်း မေထုနကိစ္စကို ပြုလျက် ဝိရမိတဗ္ဗဝတ္ထုကို ဝီတိက္ကမပယောဂနှင့်တကွဖြစ်၍ သိက္ခာပုဒ်ကို ကျင့်ဆောက်တည်၍ မရစကောင်း။
- မုသာဝါဒမှာလည်း ချွတ်ယွင်းသော စကားကို ဆိုလျက် ဝိရမိတဗ္ဗဝတ္ထုကို ဝီတိက္ကမပယောဂနှင့် တကွဖြစ်၍ သိက္ခာပုဒ်ကို ကျင့်ဆောက်တည်၍ မရစကောင်း။
- ဝိကာလဘောဇနမှာလည်း နေလွဲမှ ဘောဇဉ်ခဲဖွယ်တို့ကို စားသောက်မိလျှင် သိက္ခာပုဒ်ကို ကျင့်ဆောက်တည်၍ မရစကောင်း။
- နစ္စဂီတမှာလည်း ကခုန်,တီးမှုတ်လျက် ဝိရမိတဗ္ဗဝတ္ထုကို ဝီတိက္ကမပယောဂနှင့် တကွဖြစ်၍ သိက္ခာပုဒ်ကို ကျင့်ဆောက်တည်၍ မရစကောင်း။
- ဇာတရူပမှာလည်း ရွှေ,ငွေ, ရတနာမျိုးတို့ကို ကိုင်ခံဝတ်ဆင်လျက် ဝိရမိတဗ္ဗဝတ္ထုကို ဝီတိက္ကမပယောဂနှင့် တကွဖြစ်၍ သိက္ခာပုဒ်ကို ကျင့်ဆောက်တည်၍ မရစကောင်း။

သုရာမေရယသိက္ခာပုဒ်, မာလာဂန္ဓသိက္ခာပုဒ်တို့မှာကား စားသောက်ပြီးသော အရက်တို့သည် ဝမ်းတွင်း၌ များစွာပင် ရှိသော်လည်းကောင်း၊ လည်, ဦးခေါင်း, ပါး, နား, ကိုယ်အလုံးတို့၌ ပန်ဆင်လိမ်းကျံအပ်သော အနံ့အထုံ ပန်းနံ့သာတို့သည် များစွာပင် ရှိသော်လည်းကောင်း ထိုသိက္ခာပုဒ်တို့ကို ကျင့်ဆောက်တည်အပ်၏။

အဘယ်ကြောင့်နည်းဟူမူ သုံးဆောင်စားသောက်ခြင်း, ပန်ဆင်လိမ်းကျံခြင်း ပယောဂနှင့်တကွ မဖြစ်သောကြောင့်တည်း။ ပန်ဆင်လိမ်းကျံပြီးသော ပန်းနံ့သာတို့ကိုသာ ချွတ်ယူပြီးမှ နောက်ကို မပန်ဆင်ရသတည်း။ ထို့ကြောင့် **ဤသိက္ခာပုဒ် ၂-ခုတို့၌ လောကီလူတို့၏ ရာဂလျှင် ပြဋ္ဌာန်းခြင်း အကြောင်းရင်းရှိသော စေတနာကို ဌာန-ဟူ၍ ဆိုအပ်၏။ သုံးဆောင်ခြင်း, ပန်ဆင်လိမ်းကျံခြင်း ပယောဂနှင့် တကွဖြစ်သော အကုသိုလ်စေတနာကို ဌာန ဆိုသည်-ဟူလို။**

ထို့ကြောင့် ပရမတ္ထဇောတိကမည်သော ခုဒ္ဒကပါဌ၊ ၂-ခုမြောက်သော သိက္ခာပဒသုတ် အဖွင့်အဋ္ဌကထာ။ မနောရထပူရဏီမည်သော တိကနိပါတ်၊ ၂-ခုမြောက်သော မဟာဝဂ္ဂအစု၊ ၁၀-ခုမြောက်သော ဝိသာခုပေါသထသိက္ခာပဒသုတ်၊ အဖွင့်အဋ္ဌကထာတို့၌-

ပမာဒဋ္ဌာနန္တိ ယာယ စေတနာယ တံ ပိဝတိ အဇ္ဈောဟရတိ။ သာ စေတနာ မဒပ္ပမာဒဟေတုတော ပမာဒဋ္ဌာနန္တိ ဝုစ္စတိ၊ ယတော အဇ္ဈောဟရဏာဓိပ္ပါယေန

ကာယဒ္ဓါရပဝတ္တာ သုရာမေရယမဇ္ဇာနံ အဇ္ဈောဟရဏစေတနာ "သုရမေရယ-မဇ္ဇပမာဒဋ္ဌာန"န္တိ ဝေဒိတဗ္ဗာ။ (ခုဒ္ဒကာ၊ဋ္ဌ။၁၇)

ဌာနံ ဝုစ္စတိ ကာရဏံ၊ အကုသလစေတနာယေတံ အဓိဝစနံ၊ တသ္မာ ယာယ ဒုဿီလျစေတနာယ တာနိ မာလာဓာရဏာဒီနိ မဟာဇနော ကရောတိ၊ တတော ပဋိဝိရတောတိ အတ္ထော။

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (အံ၊ဋ္ဌ၊၂။၁၉၉)

ပမာဒဋ္ဌာနန္တိ၊ ပမာဒဋ္ဌာနံ-ဟူသည်ကား။ ယာယ စေတနာယ၊ အကြင်ပိဝနစေတနာဖြင့်။ တံ၊ ထိုသုရာမေရယကို။ ပိဝတိ၊ သောက်၏။ အဇ္ဈောဟရတိ၊ မျို၏။ သာ စေတနာ၊ သုရာမေရယဝတ္ထုကို မျိုလိုသောစေတနာကို။ မဒပ္ပမာဒဟေတုတော၊ ယစ်ခြင်း, မေ့လျော့ခြင်း၏ အကြောင်းဖြစ်သောကြောင့်။ ပမာဒဋ္ဌာနန္တိ၊ ပမာဒဋ္ဌာန-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ယတော ယသ္မာ ကာရဏာ၊ အကြင်ကြောင့်။ အဇ္ဈောဟရဏာဓိပ္ပါယေန၊ ယစ်မျိုးတို့ကို မျိုလိုသဖြင့်။ ကာယဒွါရပဝတ္တာ၊ ကာယဒွါရ၌ဖြစ်သော။ သုရာမေရယမဇ္ဇာနံ၊ သုရာမေရယ-ဟု ဆိုအပ်သော ယစ်မျိုးတို့ကို။ အဇ္ဈောဟရဏစေတနာ၊ မျိုလိုသော အဇ္ဈောဟရဏစေတနာကို။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနန္တိ၊ သုရာမေရယမဇ္ဇပမာဒဋ္ဌာန-ဟူ၍။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

ကာရဏံ၊ အကြောင်းကို။ ဌာနံ၊ ဌာန-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဧတံ၊ ထိုဌာန-ဟူသော အမည်သည်။ ဝါ၊ အကြောင်း-ဟူသော အမည်သည်။ အကုသလစေတနာယ၊ အကုသိုလ်စေတနာ၏။ အဓိဝစနံ၊ အမည်တည်း။ တသ္မာ၊ ထို့ကြောင့်။ ယာယ ဒုဿီလျ-စေတနာယ၊ အကြင်ဒုဿီလျဖြစ်သော အကုသိုလ်စေတနာဖြင့်။ မဟာဇနော၊ လူများ အပေါင်းသည်။ တာနိ မာလာဓာရဏာဒီနိ၊ ထိုပန်းပန်ခြင်း-စသည်တို့ကို။ ကရောတိ၊ ပြု၏။ တတော၊ ထိုဒုဿီလျအကုသိုလ်စေတနာမှ။ ပဋိဝိရတော၊ ကြဉ်သည်တည်း။ ဣတိ အယံ၊ ဤသည်ကား။ အတ္ထော၊ ဌာနံ-ဟူသော ပုဒ်၏ အနက်တည်း။

မာလာဒီနီတိ မာလာဓာရဏာဒီနိ။ (ဋီကာ)

မာလာဒီနီတိ၊ မာလာဒီနိ-ဟူသည်ကား။ မာလာဓာရဏာဒီနိ၊ ပန်းပန်ခြင်း-စသည် တို့ကို။

မာလာဒီနီတိ ဧတ္ထ အာဒိသဒ္ဒေန ဂန္ဓမဏ္ဍနဝိလေပနဝိဘူသနာနိ သင်္ဂဏှာတိ။

နစ္စဂီတ, မာလာဂန္ဓ သိက္ခာပုဒ် ၂-ခုတို့၌ ပုဒ်စပ်၍ ရွတ်ရာသော အနက်သဘော ကို ဤသို့ မှတ်ရာ၏။

နစ္စဒဿနဝိသုက၊ ဂီတသဝနဝိသုက၊ နစ္စဂီတဒဿနသဝနဝိသုက၊ ဝါဒိတဒဿန-သဝန။

ဤသို့ ပုဒ်ကို စပ်ပြီးမှ—

- ကခြင်းကို ကြည့်ခြင်း, ကိုယ်တိုင် ကခြင်း, သူတပါးကို ကစေခြင်း၊
- သီခြင်းကို နာခြင်း, ကိုယ်တိုင် သီခြင်း, သူတပါးကို သီစေခြင်း၊
- က-သည်, သီ-သည်ကို ကြည့်ခြင်း၊ နာခြင်း၊ ကိုယ်တိုင် ကခြင်း၊ သီခြင်း, သူတပါးကို သီစေခြင်း,
- တီးသည်ကို ကြည့်ခြင်း၊ နာခြင်း၊ ကိုယ်တိုင် တီးခြင်း, သူတပါးကို တီးစေခြင်း၊

ဤဆိုအပ်ခဲ့ပြီးသည့် သိက္ခာပုဒ်တော်၏ တံကျင်သဖွယ် ဖြစ်သည်-ဟု မှတ်။ မာလာဂန္ဓ၌ "မာလာဓာရဏ၊ ဂန္ဓမဏ္ဍနဝိလေပနဝိဘူသန"ဤသို့ ပုဒ်ကို စပ်ပြီးမှ ပန်းပန်သည်, နံ့သာလိမ်းသည်, နံ့သာပျောင်း လိမ်းကျံသည်၊ ဤသို့ မှတ်ရာ၏။

- ပန်းပန်သည်-ဆိုသည်မှာ ပကတိသော ပန်း, လုပ်သော ပန်းတို့ကို ဦးခေါင်း, ပါး, နား, လည်တို့၌ ပန်ဆင်သည်။
- နံ့သာလိမ်းသည်-ဆိုသည်မှာ ကျောက်ပေါက်မာ, အနာရွတ်, အဖူးအမာတို့ကို သူတပါးတို့ မမြင်စေခြင်းငှာ နံ့သာကို ပျစ်ပျစ်သွေး၍ လိမ်းသည်။
- နံ့သာပျောင်း လိမ်းသည်-ဆိုသည်မှာ နံ့သာကို အရည်သွေး၍ တစ်ကိုယ်လုံး မွှေးအောင် လိမ်းသည်။ ဤ ပန်း, နံ့သာ, နံ့သာပျောင်းတို့သည် အနဂ-ဟူသော အကြောင်းရှိမူ အပ်၏။ ဤသို့ မှတ်ရာ၏။

*[ တတိယတွဲ(လုံးတော်)၊ တတိယပိုင်း၊ ဤပုဒ်မ ၁၇၄-အတွက် အဖြေကို ဤကျမ်း၊ တတိယတွဲ (လုံးတော်)၊ ပထမပိုင်း၊ ပုဒ်မ-၁၅၁၊ စာမျက်နှာ ၁၇၇၈-တွင် ပြန်ရှုရန်။ ]*

ထိုအဋ္ဌကထာ, ဋီကာပါဠိတို့အရ အကျဉ်းသခေ်ပအဓိပ္ပါယ်ကား—

အဋ္ဌင်္ဂသီလ၌ နစ္စဂီတသိက္ခာပုဒ်ကို လောကီလူတို့၏ ရာဂလျှင် ပြဋ္ဌာန်းခြင်းအကြောင်းရှိသော အကုသိုလ်စေတနာ ၁-ခုကိုသာ ယူ၍ သိက္ခာပုဒ် ၁-ခုသာ ဖြစ်သည်။

ဒသင်္ဂသီလ၌ ကီဠနစေတနာ, မဏ္ဍနစေတနာ ၂-ပါး-ယူ၍ နစ္စဂီတသိက္ခာပုဒ်, မာလာဂန္ဓသိက္ခာပုဒ် ၂-ခု ဖြစ်၏။ သုရာမေရယ, မာလာဂန္ဓသိက္ခာပုဒ်တို့မှာ ပိဝနစေတနာ,

မဏ္ဍနစေတနာ-ဟူသော အကြောင်းနှင့် ကင်းလေရကား သောက်စားယစ်ဝသော အရက်နှင့်တကွ, ပန်ဆင်လိမ်းကျံအပ်သော အခိုးအထုံ ပန်းနံ့သာတို့နှင့်တကွပင် ကျင့်ဆောက်တည်အပ်၏။

ထိုစကားအရပ်ရပ်တို့ကို အကျယ်သိလိုမူ ပရမတ္ထဇောတိကမည်သော ခုဒ္ဒကပါဌ၊ ၂-ခုမြောက်သော သိက္ခာပဒသုတ် အဖွင့်အဋ္ဌကထာ,ဋီကာ။ မနောရထပူရဏီမည်သော တိကနိပါတ်၊ ၁၀-ခုမြောက်သော ဝိသာခုပေါသထသိက္ခာပဒသုတ် အဖွင့်အဋ္ဌကထာ။ သဒ္ဒနီတိ။ အဘိဓာန်ဋီကာ။ မောဂ္ဂလာန်။ တိကနိပါတ်၊ ကင်္ခာဇာတ်အဋ္ဌကထာ။ သဂါထာဝဂ္ဂ၊ အဆုံးစွန်သော သဂ္ဂသံယုတ်အဋ္ဌကထာတို့မှာ ကြည့်လေ။

အလ္လကပ္ပမြို့၊ ကျွဲရိုက်ရွာ၊ ရဟန်း ရှင်ပရမက "ဒသင်္ဂသီလ၌ နစ္စဂီတ, မာလာဂန္ဓ-ဟူ၍ သိက္ခာပုဒ် ၂-ခု၊ အဋ္ဌင်္ဂသီလ၌ နစ္စဂီတသိက္ခာပုဒ် ၁-ခု ဖြစ်သည်- အထူးကိုလည်း သိလိုပါသည်။ ဒသင်္ဂသီလတွင် သုရာမေရယသိက္ခာပုဒ်, မာလာဂန္ဓသိက္ခာပုဒ်မှ တပါးကုန်သော သိက္ခာပုဒ်တို့၌ ဌာန-သဒ္ဒါ မပါ၊ သုရာမေရယသိက္ခာပုဒ်, မာလာဂန္ဓသိက္ခာပုဒ် ၂-ခုတို့၌သာ ဌာန-သဒ္ဒါ ပါသည်ကိုလည်း အထူးကို သိလိုပါသည်"ဟု လျှောက်ထားသောကြောင့် ကျမ်းဂန်အလာ၊ ဒေသနာနယကို ညွှန်ပြထုတ်ဆောင်၍ ၁၂၄၄-ခု၊ တပို့တွဲလဆန်း၊ ၃-ရက်နေ့၊ ဒိပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## ဒါယကာဦးချိန်-က သစ္စာအနက် ၁၆-ချက်တွင် မည်သို့ ထင်သည်ကို မေးလျှောက်ချက်

[၁၇၅] "ဘုရားတပည့်တော် ရတနာပုံရွှေမြို့တော်၊ အာဠဝီတံခါးတော်ခေါ် ကြေးမုံတံခါးတော်တွင်းနေ ဒကာကြီးဦးချိန် ခြေတော်ဦးခိုက် လျှောက်ပါသည် ဆရာတော်ဘုရား။

- ပီဠနဋ္ဌ, သင်္ခတဋ္ဌ, သန္တာပဋ္ဌ, ဝိပရိဏာမဋ္ဌ-ဟူ၍ ဒုက္ခသစ္စာ၌ အနက် ၄-ပါး၊
- အာယူဟနဋ္ဌ, နိဒါနဋ္ဌ, သံယောဂဋ္ဌ, ပလိဗောဓဋ္ဌ-ဟူ၍ သမုဒယသစ္စာ၌ အနက် ၄-ပါး၊

- နိဿရဏဋ္ဌ, ဝိဝေကဋ္ဌ, အသင်္ခတဋ္ဌ, အမတဋ္ဌ-ဟူ၍ နိရောဓသစ္စာ၌ အနက် ၄-ပါး၊
- နိယျာနိကဋ္ဌ, ဟေတွဋ္ဌ, ဒဿနဋ္ဌ, အဓိပတေယျဋ္ဌ-ဟူ၍ မဂ္ဂသစ္စာ၌ အနက် ၄-ပါး၊

*(ပီဠနဋ္ဌော သင်္ခတဋ္ဌော၊ သန္တာပေါ ဝိပရိဏာမဋ္ဌော။*
*အာယူဟနံ နိဒါနဋ္ဌော၊ သံယောဂေါ ပလိဗောဓဋ္ဌော။*
*နိဿရဏံ ဝိဝေကဋ္ဌော၊ အသင်္ခတံ အမတဋ္ဌော။*
*နိယျာနိကော ဟေတွဋ္ဌော စ၊ ဒဿနာ'ဓိပတေယျဋ္ဌော။ ။)*

ဤ ၁၆-ပါးသော အနက်တို့တွင် မည်သည့်အနက်၌ မည်သို့ထင်သည်ကို နေရာတကျ မသိနိုင်ကြသည်ဖြစ်ပါ၍ နေရာကျကျ သန္နိဋ္ဌာန်ချ၍ သိမှတ်ပါရအောင် ကယ်မသနား ဖြေကြားအမိန့်ရှိတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား"။

ဒါယကာဦးချိန် မေးလျှောက်ချက်အရ အဖြေဝိသဇ္ဇနာ—

[၁၇၅] ပဌမံ သကလက္ခဏ'မေကပဒံ၊ ဒုတိယာ'ဒိပဒဿ နိဒဿနတော။
သ-မ-နိ, ဒု-နိ-မာ, သ-မ-ဒု, သ-နိ-ဒု၊ ဝိဘဇေ ကမတော ပဌမေန ဝိနာ။ ။
(ဤဂါထာကား သ-ဂိုဏ်း ၄-ခုရှိသော ဒောဓကဂါထာ)

ဒုတိယာ'ဒိပဒဿ၊ ဒုတိယ-အစရှိသော ပုဒ်ကို။ နိဒဿနတော၊ ညွှန်ခြင်းကြောင့်။ ပဌမံ၊ ရှေးဦးစွာသော။ ဧကပဒံ၊ ၁-ခု, ၁-ခုသော ပုဒ်သည်။ သကလက္ခဏံ၊ မိမိ,မိမိတို့၏ လက္ခဏာ မည်၏။

သ-မ-နိ၊ သမုဒယသစ္စာ, မဂ္ဂသစ္စာ, နိရောဓသစ္စာတို့ကိုလည်းကောင်း။ ဒု-နိ-မာ၊ ဒုက္ခသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာတို့ကိုလည်းကောင်း။ သ-မ-ဒု၊ သမုဒယသစ္စာ, မဂ္ဂသစ္စာ, ဒုက္ခသစ္စာတို့ကိုလည်းကောင်း။ သ-နိ-ဒု၊ သမုဒယသစ္စာ, နိရောဓသစ္စာ, ဒုက္ခသစ္စာတို့ကိုလည်းကောင်း။ ပဌမေန၊ ပဌမအနက်မှ။ ဝိနာ၊ ကြဉ်၍။ ကမတော၊ အစဉ်အားဖြင့်။ ဝိဘဇေ၊ ဝေဖန်ရာ၏။

"ယော ဘိက္ခဝေ ဒုက္ခံ ပဿတိ၊ သမုဒယမ္ပိ ပဿတိ"ဟူ၍ ဟောတော်မူသောကြောင့် တစ်ခုခုသော သစ္စာကို အာရုံပြု၍ ကြွင်းသော သစ္စာတို့၌လည်း ကိစ္စကို ပြီးစေသောအားဖြင့် မြင်၏-ဟူရကား ၁၆-ပါးသော အခြင်းအရာတို့ဖြင့် သစ္စာ ၄-ပါးတို့ကို

တပြိုင်နက် သိကုန်၏။ ထိုသို့ သိသောကြောင့် ရှေးဦးစွာသော အနက်ကား ၄-ပါးသော သစ္စာတို့၏ မုချအနက်ရင်း ဖြစ်၏။ ကြွင်းသော ၃-ပါးသော သစ္စာတို့ကို မြင်၍ နောက် ၃-ပါး, ၃-ပါးသော အနက်တို့သည် ထင်ကုန်၏။

ဤသို့ အနက်ရင်း ၁-ပါး၌ ၃-ပါး, ၃-ပါးသော သစ္စာကို မြင်၍ထင်သော အနက် ၃-ပါးဖြစ်ရကား သစ္စာအနက် ၁၆-ပါး ဖြစ်၏။ **အနက် ၃-ပါး, ၃-ပါး ထင်ဟန်ကား**—

- နှိပ်စက်တတ်သော ပီဠနဋ္ဌသည် ဒုက္ခသစ္စာ၏ **အနက်ရင်းတည်း**။
- အားထုတ်ခြင်း သမုဒယသစ္စာကို မြင်သဖြင့် ဒုက္ခသစ္စာ၏ ပြုပြင်တတ်သော သင်္ခတဋ္ဌ ဟု ဆိုအပ်သော ဒုတိယအနက်သည် ထင်စွာဖြစ်၏။
- ကိလေသာ ပူပန်ခြင်းငြိမ်းသော။ ဝါ၊ ကိလေသာတို့ကို ပူပန်စေတတ်သော မဂ္ဂသစ္စာကို မြင်သဖြင့် ဒုက္ခသစ္စာ၏ ပူပန်တတ်သော သန္တာပဋ္ဌ-ဟု ဆိုအပ်သော တတိယအနက် သည် ထင်စွာ ဖြစ်၏။ ဥပမာကား နတ်သမီးတို့ကို မြင်သော နန္ဒမင်းသားအား ဇနပဒ-ကလျာဏီ၏ အဆင်းမလှခြင်း ဖြစ်သကဲ့သို့တည်း။
- မဖောက်ပြန်သော သဘောရှိသော နိရောဓသစ္စာကို မြင်သဖြင့် ဒုက္ခသစ္စာ၏ ဖောက်ပြန် တတ်သော ဝိပရိဏာမဋ္ဌ-ဟု ဆိုအပ်သော စတုတ္ထအနက်သည် ထင်စွာ ဖြစ်၏။
- အားထုတ်တတ်သော အာယူဟနအနက်သည် သမုဒယသစ္စာ၏ **အနက်ရင်းတည်း**။
- အကျိုးဖြစ်သော ဒုက္ခသစ္စာကို မြင်သဖြင့် သမုဒယသစ္စာ၏ အကြောင်းဖြစ်သော နိဒါနဋ္ဌ-ဟု ဆိုအပ်သော ဒုတိယအနက်သည် ထင်စွာဖြစ်၏။ ဥပမာကား အသပ္ပါယ-ဘောဇနကြောင့် အော့အန်ခြင်းကို မြင်သဖြင့် ဘောဇဉ်၏ အနာ၏အကြောင်း ဖြစ် သည်ကို မြင်သကဲ့သို့တည်း။
- ဝဋ်၌ ယှဉ်ခြင်းမှ ကင်းသော နိရောဓသစ္စာကို မြင်သဖြင့် သမုဒယသစ္စာ၏ ဝဋ်၌ ယှဉ်စေတတ်သော သံယောဂဋ္ဌ-ဟု ဆိုအပ်သော တတိယအနက်သည် ထင်စွာဖြစ်၏။
- သံသရာမှ ထွက်မြောက်ကြောင်းဖြစ်သော မဂ္ဂသစ္စာကို မြင်သဖြင့် သမုဒယသစ္စာ၏ ကိလေသာဖြင့် မြေးယှက်တတ်သော ပလိဗောဓဋ္ဌ-ဟု ဆိုအပ်သော စတုတ္ထအနက် သည် ထင်စွာဖြစ်၏။
- သံသရာမှ ထွက်မြောက်ကြောင်းဖြစ်သော နိဿရဏဋ္ဌသည် နိရောဓသစ္စာ၏ **အနက် ရင်းတည်း**။

- ကိလေသာမှ မကင်းသော သမုဒယသစ္စာကို မြင်သဖြင့် နိရောဓသစ္စာ၏ ကိလေသာမှ ကင်းသော ဝိဝေကတ္ထ-ဟု ဆိုအပ်သော ဒုတိယအနက်သည် ထင်စွာ ဖြစ်၏။
- ပြုပြင်တတ်သော မဂ္ဂသစ္စာကို မြင်သဖြင့် နိရောဓသစ္စာ၏ ပြုပြင်ခြင်း မရှိသော အသင်္ခတတ္ထ-ဟု ဆိုအပ်သော တတိယအနက်သည် ထင်စွာဖြစ်၏။
- သေခြင်း မကင်းသော ဒုက္ခသစ္စာကို မြင်သဖြင့် နိရောဓသစ္စာ၏ သေခြင်း မရှိသော အမတတ္ထ-ဟု ဆိုအပ်သော စတုတ္ထအနက်သည် ထင်စွာဖြစ်၏။
- သံသရာမှ ထွက်မြောက်ကြောင်း-ဟု ဆိုအပ်သော နိယျာနတ္ထသည် မဂ္ဂသစ္စာ၏ **အနက်ရင်းတည်း။**
- နိဗ္ဗာန်သို့ ရောက်ကြောင်းမဟုတ်သော သမုဒယသစ္စာကို မြင်သဖြင့် နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော မဂ္ဂသစ္စာ၏ ဟေတွတ္ထ-ဟု ဆိုအပ်သော ဒုတိယအနက်သည် ထင်စွာမည်၏။
- မြင်အပ်, အာရုံပြုအပ်သော နိရောဓသစ္စာကို မြင်သဖြင့် မဂ္ဂသစ္စာ၏နိဗ္ဗာန်ကို မြင်တတ်သော ဒဿနတ္ထ-ဟု ဆိုအပ်သော တတိယအနက်သည် ထင်စွာဖြစ်၏။
- ဆင်းရဲသော ဒုက္ခသစ္စာကို မြင်သဖြင့် မဂ္ဂသစ္စာ၏ ကြီးမြတ်သော အစိုးရသော အဓိပတေယျတ္ထ-ဟု ဆိုအပ်သော စတုတ္ထအနက်သည် ထင်စွာ ဖြစ်၏။ ဥပမာကား များစွာသော အနာတို့ဖြင့် ကျင်နာနှိပ်စက်သော အထီးကျန်သောသူကို မြင်သဖြင့် စည်းစိမ်ချမ်းသာရှိသောသူ၏ မြတ်သောအဖြစ်သည် ထင်သကဲ့သို့တည်း။ ဤသို့ မှတ်ရာ၏။

ရတနာပုံရွှေမြို့တော်၊ အာဋဝီတံခါးခေါ် ကြေးမုံတံခါးတော်တွင်းနေ ဒကာကြီး ဦးချိန်က "၁၆-ပါးကုန်သော သစ္စာ၏အနက်တို့တွင် မည်သည့်အနက်မှာ မည်ကဲ့သို့ ထင်သည်ကို နေရာကျ မသိနိုင်ကြရှိသည်ဖြစ်ပါ၍ နေရာကျကျ သန္နိဋ္ဌာန်ချ၍ သိမှတ်ပါရအောင် ကယ်မသနား ဖြေကြားအမိန့်ရှိတော်မူပါမည့်အကြောင်း"နှင့် လျှောက်သောကြောင့် ကျမ်းဂန်ပါဠိ ယုတ္တိသဘောကို ထောက်ဆနိုင်းညှိဆင်ခြင်၍ ၁၂၄၄-ခု၊ တပို့တွဲလဆန်း၊ ၄-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိင်္မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★ ★ ★ ★ ★ ★ ★

## လက်ဝဲဝင်းတော်မှူး-က "မာတာ,ပိတ၊ မိဘအစုံ"စသော ပုစ္ဆာကဗျာကို မေးလျှောက်ချက်

[၁၇၆] "ဘုရားတပည့်တော် လက်ဝဲဝင်းတော်မှူး၊ သူရဲဝန် မင်းကြီးမဟာမင်းလှ-မင်းခေါင်ကျော် လျှောက်ပါသည် ဆရာတော်ဘုရား။

အောက်တွင် ရေးသားဖော်ပြလျက်ပါသော 'မာတာ,ပိတ၊ မိဘအစုံ၊ သတ်ငြားတုံလည်း၊ ပါယ်ဘုံမသွား၊ နိဗ္ဗာန်လား၏'ဟု အစရှိသော ကဗျာစကား၏ အဓိပ္ပါယတ္ထကို နေရာကျ မသိနိုင်ကြရှိသည်ဖြစ်ပါ၍ နေရာကျကျ သန္နိဋ္ဌာန်ချ၍ သိမှတ်ပါရအောင် ကယ်မသနား ဖြေကြားအမိန့်ရှိတော်မူပါမည့်အကြောင်းကို ဆယ်ချောင်းဟတ္ထ ပဏာမဖြင့် တုပ်ကွရှိကိုး ရှိခိုးနားတော်လျှောက်ပါသည် ဆရာတော်ဘုရား။

မေးလျှောက်လိုရင်း ကဗျာပဥ္စာကထနဘုရား—

မာတာ,ပိတ၊ မိဘအစုံ၊ သတ်ငြားတုံလည်း၊ ပါယ်ဘုံ မသွား၊ နိဗ္ဗာန်လား၏။ တိုင်းကား ပြည်ရွာ၊ ဖျက်ဆီးပါက၊ ပါယ်ရွာလွတ်ကွင်း၊ ဝဋ်မှ ကင်း၏။ မင်း ၂-ယောက်ကို၊ သတ်၏ဆိုသော်၊ ပုဂ္ဂိုလ်သူမြတ်ပေတကား။"

ဒါယကာဝင်းတော်မှူး မေးလျှောက်ချက်အရ အဖြေဝိသဇ္ဇနာ—

[၁၇၆] "မာတာ,ပိတ၊ မိဘအစုံ၊ သတ်ငြားတုံလည်း၊ ပါယ်ဘုံမသွား၊ နိဗ္ဗာန်လား၏"အစရှိသော ကဗျာစကား၏အရကို မေးလျှောက်သည်မှာ—

မြတ်စွာဘုရား သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတွင် ကိန်းအောင်းမွေ့လျော်စံပျော်တော်မူရာ များစွာသော အာဂန္တုကရဟန်းတို့ ဘုရားထံသို့ စည်းဝေးရောက်လာကြသည်တွင် လကုဏ္ဍကဘဒ္ဒိယထေရ်လည်း မြတ်စွာဘုရားနှင့် မနီးမဝေးသောအရပ်၌ နေလတ်၏။ မြတ်စွာဘုရားလည်း ထိုရဟန်းတို့၏ စိတ်အလေ့အကျက်ကို သိတော်မူသဖြင့် လကုဏ္ဍကဘဒ္ဒိယကို ရည်၍ "ချစ်သားတို့၊ ဤလကုဏ္ဍကဘဒ္ဒိယသည် မိဘ ၂-ပါးစုံကို သတ်သောကြောင့် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရ၏"ဟု မိန့်တော်မူရာ မြတ်စွာဘုရား၏ စကား၌ ယုံမှားမကင်း ရှိကြခြင်းကြောင့် အချင်းချင်း မျက်နှာကို ကြည့်လျက် ယုံမှားရှိသော ရဟန်းတို့က "ဘုရား အဘယ်သို့ မိန့်တော်မူသနည်း"ဟု ဦးချိုလက်မြှောက် လျှောက်ကြသည်တွင် ဓမ္မပဒပါဠိတော်၊ ၂၁-ခုမြောက်သော ပကိဏ္ဏကဝဂ်အစု၊ ၄-ခုမြောက်သော လကုဏ္ဍ-ကဘဒ္ဒိယဝတ္ထုတွင်–

**မာတရံ ပိတရံ ဟန္တွာ၊ ရာဇာနော ဒွေ စ ခတ္တိယေ။**
**ရဋ္ဌံ သာနုစရံ ဟန္တွာ၊ အနီဃော ယာတိ ဗြာဟ္မဏော။ ။**

ဟူသော ဒေသနာကို ဟောတော်မူသည်။ (ဓမ္မ။၅၅)

ဘိက္ခဝေ၊ ရဟန်းတို့။ မာတရံ၊ အမိကို။ ဟန္တွာ၊ သတ်၍။ ပိတရံ၊ အဘကို။ ဟန္တွာ၊ သတ်၍။ ခတ္တိယေ၊ ရေမြေသနင်းဖြစ်ကုန်သော။ ဒွေ စ ရာဇာနော၊ ၂-ယောက်သော မင်းတို့ကို။ ဟန္တွာ၊ သတ်၍။ သာနုစရံ၊ သူလျှိုယောက်ျားနှင့် တကွသော။ ရဋ္ဌံ၊ တိုင်းနိုင်ငံကို။ ဟန္တွာ၊ ဖျက်ဆီး၍။ ဗြာဟ္မဏော၊ မကောင်းမှုကို အပပြုပြီးသော ရဟန္တာပုဂ္ဂိုလ်သည်။ အနီဃော နိဒ္ဒုက္ခော၊ ဆင်းရဲ မရှိသည်ဖြစ်၍။ ယာတိဟိ၊ သွားရာ၏။

ထိုပါဠိတော်မြတ်၌ “တဏှာ ဇနေတိ ပုရိသံ” (သံ၊၁။၃၄-၅)ဟူ၍ ဟောတော်မူသည်နှင့်အညီ ဘုံ ၃-ပါးတို့၌ သတ္တဝါတို့ကို ဖြစ်စေတတ်သောကြောင့် တဏှာသည် အမိမည်၏။ ထို့ကြောင့် ၎င်းပါဠိတော်အဖွင့်အဋ္ဌကထာ၌-

**တီသု ဘဝေသု သတ္တာနံ ဇနနတော တဏှာ မာတာ နာမ။**

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (ဓမ္မဋ္ဌ၊၂။၂၈၃)

တီသု ဘဝေသု၊ ဘုံ ၃-ပါးတို့၌။ သတ္တာနံ၊ သတ္တဝါတို့ကို။ ဇနနတော၊ ဖြစ်စေတတ်သောကြောင့်။ တဏှာ၊ တဏှာသည်။ မာတာ နာမ၊ အမိ မည်၏။

“ငါကား ဤမည်သော မင်း၏ သားတည်း၊ ဤမည်သော အမတ်၏ သားတည်း” ဤသို့ စသည်ဖြင့် အဘကို အမှီပြု၍ ငါ-ဟူသော မာနကို ဖြစ်စေတတ်သောကြောင့် ငါ-ဟူသော မာနသည် အဘ မည်၏။ ထို့ကြောင့် ၎င်းပါဠိတော်အဖွင့်အဋ္ဌကထာ၌—

**“အဟံ အသုကဿ နာမ ရညော ဝါ ရာဇမဟာမတ္တဿ ဝါ ပုတ္တော”တိ ပိတရံ နိဿာယ အသ္မိမာနဿ ဥပ္ပဇ္ဇနတော အသ္မိမာနော ပိတာ နာမ။**

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (ဓမ္မဋ္ဌ၊၂။၂၈၃)

အဟံ၊ ငါသည်။ အသုကဿ နာမ ရညော ဝါ၊ ဤမည်သော မင်း၏လည်းကောင်း။ အသုကဿ နာမ ရာဇမဟာမတ္တဿ ဝါ၊ ဤမည်သော မင်းမှူးမတ်၏လည်းကောင်း။ ပုတ္တော၊ သားတည်း။ ဣတိ၊ ဤသို့။ ပိတရံ၊ အဘကို။ နိဿာယ၊ မှီ၍။ အသ္မိမာနဿ၊ ငါ-ဟူသော မာနကို။ ဥပ္ပဇ္ဇနတော၊ ဖြစ်စေတတ်သောကြောင့်။ အသ္မိမာနော၊ ငါ-ဟူသော မာနသည်။ ပိတာ နာမ၊ အဘမည်၏။

ဤသို့ ပြဆိုခဲ့ပြီးသောနည်းဖြင့် တဏှာ-ဟူသော အမိ, မာန-ဟူသော အဘ၊ ဤ ၂-ပါးစုံကို အရဟတ္တမဂ်ဉာဏ်ဖြင့် သတ်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုရ၏-ဟူလို။ သည်ကိုရည်၍ ကဗျာဆရာသည် **“မာတာ,ပိတ၊ မိဘအစုံ၊ သတ်ဘြားတုံလည်း၊ ပါယ်ဘုံ မသွား၊ နိဗ္ဗာန်လား၏”**ဟု စပ်ဆိုတော်မူသတည်း။

အာယတန ၁၂-ပါးတို့သည် သတ္တဝါတို့၏ ဖြစ်ရာဖြစ်ကြောင်း တိုင်းနိုင်ငံနှင့် တူ၏။ ထို့ကြောင့် ဂုဏ်းပါဠိတော်၏အဖွင့် အဋ္ဌကထာ၌—

**ဒွါဒသာယတနာနိ ဝိတ္ထတဋ္ဌေန ရဋ္ဌသဒိသတ္တာ ရဋ္ဌံ နာမ။**

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (ဓမ္မ၊ဋ္ဌ၊၂။၂၈၃)

ဒွါဒသာယတနာနိ၊ ၁၂-ပါးကုန်သော အာယတနတို့သည်။ ဝိတ္ထတဋ္ဌေန၊ သတ္တဝါ တို့၏ ဖြစ်ရာ-ဟူသော အနက်ကြောင့်။ ရဋ္ဌသဒိသတ္တာ၊ တိုင်းနှင့်တူသည်၏ အဖြစ်ကြောင့်။ ရဋ္ဌံ နာမ၊ တိုင်းမည်၏။

ထိုအာယတနကို မှီသော နန္ဒီရာဂမည်သော တဏှာသည် သူလျှိုယောက်ျား မည်၏။ ထို့ကြောင့် ဂုဏ်းပါဠိတော်၏ အဖွင့်အဋ္ဌကထာ၌—

**အာယုတ္တကပုရိသော ဝိယ တန္နိဿိတော နန္ဒိရာဂေါ အနုစရော နာမ။**

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (ဓမ္မ၊ဋ္ဌ၊၂။၂၈၄)

အာယုတ္တကပုရိသော ဝိယ၊ အကျိုးစီးပွါးမဲ့ကို ပြုသော ယောက်ျားကဲ့သို့။ တန္နိဿိ-တော၊ ထိုအာယတန ၁၂-ပါးကို မှီသော။ နန္ဒိရာဂေါ၊ နန္ဒီရာဂတဏှာသည်။ အနုစရော နာမ၊ သူလျှိုယောက်ျား မည်၏။

**နန္ဒီရာဂ**မည်သော သူလျှိုယောက်ျားနှင့်တကွသော အာယတန ၁၂-ပါး-ဟု ဆိုအပ်သော တိုင်းနိုင်ငံကို ဖျက်ဆီး၍ အပါယ်မလားဘဲ သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ရ၏-ဟူလို။ သည်ကိုရည်၍ ကဗျာဆရာသည် **“တိုင်းကား ပြည်ရွာ၊ ဖျက်ဆီးပါက၊ ပါယ်ရွာလွတ်တွင်း၊ ဝဋ်မှ ကင်း၏”**ဟု စပ်ဆိုတော်မူသတည်း။

လောက၌ ခပ်သိမ်းကုန်သော သူတို့သည် မင်းကိုသာ ဆည်းကပ်ကုန်သကဲ့သို့ ခပ်သိမ်းဖြသော ဒိဋ္ဌိအယူတို့သည် သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ ၂-ပါးသို့သာ ကပ်ကြကုန်၏။ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ ၂-ပါးတို့၌သာ အတွင်းဝင်ကုန်၏။ ထို့ကြောင့် သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ ၂-ပါးတို့သည် မင်း ၂-ယောက်နှင့် တူကုန်၏။

ထို့ကြောင့် ၎င်းပါဠိတော်၏ အဖွင့်အဋ္ဌကထာ၌—

**လောကော ဝိယ ရာဇာနံ ယသ္မာ သဗ္ဗဒိဋ္ဌိဂတာနိ ဒွေ သဿတုစ္ဆေဒဒိဋ္ဌိယော ဘဇန္တိ၊ တသ္မာ ဒွေ သဿတု'စ္ဆေဒဒိဋ္ဌိယော ဒွေ ခတ္တိယရာဇာနော နာမ။**

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (ဓမ္မ၊၄၊၂။၂၈၃)

လောကော၊ လူအပေါင်းသည်။ ရာဇာနံ၊ မင်းကို။ ဘဇတိ ဝိယ၊ ဆည်းကပ်သကဲ့သို့။ ယသ္မာ၊ အကြင်ကြောင့်။ သဗ္ဗဒိဋ္ဌိဂတာနိ၊ ခပ်သိမ်းကုန်သော ဒိဋ္ဌိအယူတို့ သည်။ ဒွေ၊ ၂-ပါးကုန်သော။ သဿတုစ္ဆေဒဒိဋ္ဌိယော၊ သဿတဒိဋ္ဌိ, ဥစ္ဆေဒ ဒိဋ္ဌိတို့သို့။ ဘဇန္တိ၊ ကပ်ကြကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ဒွေ၊ ၂-ပါးကုန်သော။ သဿတုစ္ဆေဒဒိဋ္ဌိယော၊ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ ၂-ပါးတို့သည်။ ဒွေ၊ ၂-ယောက်ကုန်သော။ ခတ္တိယရာဇာနော နာမ၊ ရေမြွေသနင်း၊ ပြည့်ရှင်မင်းတို့ မည်ကုန်၏။

နန္ဒိရာဂ-ဟူသော သူလျှိုယောကျ်ားနှင့် တကွသော အာယတန ၁၂-ပါးတည်း-ဟူသော တိုင်းနိုင်ငံကို သတ်ဖြတ်ဖျက်ဆီး၍ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ ၂-ပါးတို့ကို ပယ်မှုသူမြတ်ပုဂ္ဂိုလ် မှန်ပေသည်-ဟူလို။ သည်ကိုရည်၍ ကဗျာဆရာသည် "မင်းနှစ်ယောက်ကို၊ သတ်၏ဆိုသော်၊ ပုဂ္ဂိုလ်သူမြတ်ပေတကား"ဟု စပ်ဆိုတော်မူသည်။ နန္ဒိရာဂေါ သာနုစရော နာမ-အရသည် ဤကဗျာ၌ အန္တောဂတ ဖြစ်၏။

ဒွါဒသာယတနာနိ၏အရ၌ အာယတန ၁၂-ပါးဟူသော်ကား—

| | | | |
|---|---|---|---|
| စက္ခာယတန, | သောတာယတန, | ဃာနာယတန, | ဇိဝှါယတန, |
| ကာယာယတန, | ရူပါယတန, | သဒ္ဒါယတန, | ဂန္ဓာယတန, |
| ရသာယတန, | ဖောဋ္ဌဗ္ဗာယတန, | မနာယတန, | ဓမ္မာယတန၊ |

ဤသို့ ၁၂-ပါးတည်း။ ထို ၁၂-ပါးတို့တွင်—

- စက္ခုပသာဒရုပ်သည် စက္ခာယတန မည်၏။
- သောတပသာဒရုပ်သည် သောတာယတန မည်၏။
- ဃာနပသာဒရုပ်သည် ဃာနာယတန မည်၏။
- ဇိဝှါပသာဒရုပ်သည် ဇိဝှါယတန မည်၏။
- ကာယပသာဒရုပ်သည် ကာယာယတန မည်၏။
- ရူပါရုံသည် ရူပါယတန မည်၏။ - သဒ္ဒါရုံသည် သဒ္ဒါယတန မည်၏။

- ဂန္ဓာရုံသည် ဂန္ဓာယတန မည်၏။ - ရသာရုံသည် ရသာယတန မည်၏။
- ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတန မည်၏။
- စိတ်တစ်ခုယုတ် ကိုးဆယ်သည် မနာယတန မည်၏။
- စေတသိက် ၅၂-ခု, သုခုမရုပ် ၁၆-ခု, နိဗ္ဗာန်သည် ဓမ္မာယတန မည်၏။

ပရမတ္ထတရား ၄-ပါးတို့၏ သရုပ်ကို သိသာအောင် ဖြေဆိုလျှင် ကျယ်လွန်းအံ့။ လက်ဝဲဝင်းတော်မှူး၊ သူရဲဝန်မင်းကြီး မဟာမင်းလှမင်းခေါင်ကျော်က "မာတာ,ပိတာ၊ မိဘအစုံ၊ သတ်ပြီးတုံလည်း၊ ပါယ်ဘုံမသွား၊ နိဗ္ဗာန်လား၏" အစရှိသော ကဗျာစကား၏အရကို နေရာကျ သိမှတ်လိုပါကြောင်းနှင့် လျှောက်သောကြောင့် ကျမ်းဂန်အလာ ဒေသနာနယကို ညွှန်ပြထုတ်ဆောင်၍ ၁၂၄၄-ခု၊ တပေါင်းလဆန်း၊ ၇-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## လက်ဝဲဝင်းတော်မှူး-က "သတ္တဝါခပင်း၊ ကဲ့ရဲ့ခြင်းကြောင့်"စသော ပုစ္ဆာကို လျှောက်ချက်

[၁၇၇] "ဘုရားတပည့်တော် လက်ဝဲဝင်းတော်မှူး၊ သူရဲဝန်၊ မင်းကြီးမဟာမင်းလှမင်းခေါင်ကျော် လျှောက်ပါသည် ဆရာတော်ဘုရား။

အောက်တွင် ရေးသားဖော်ပြလျက်ပါသော ကဗျာလင်္ကာစကား၏ အဓိပ္ပါယတ္ထကို နေရာကျ မသိနိုင်ကြရှိသည်ဖြစ်ပါ၍ နေရာကျကျ သန္နိဋ္ဌာန်ချ၍ သိမှတ်ပါရအောင် ကယ်မသနား ဖြေကြားအမိန့်ရှိတော်မူပါမည့်အကြောင်းကို ဆယ်ချောင်းဟတ္ထ ပဏာမဖြင့် တုပ်ကွရိုကျိုး ရှိခိုးနားတော်လျှောက်ပါသည် ဆရာတော်ဘုရား။

သိလိုရင်း မေးလျှောက်ချက်ပါ ကဗျာပဉ္စာကထနဘုရား—

သတ္တဝါခပင်း၊ ကဲ့ရဲ့ခြင်းကြောင့်၊ အဆင်းဝဏ္ဏာ၊ လွန်၍လှ၏၊ ကေပုဂ္ဂလာ၊ ချီးမွမ်းရာ၌၊ ပမာတမျှ၊ မီးလောင်ငုတ်သို့၊ ဒုဗ္ဗဏ္ဏာ။"

ဒါယကာဝင်းတော်မှူး မေးလျှောက်ချက်အရ အဖြေဝိသဇ္ဇနာ—

[၁၇၇] "သတ္တဝါခပင်း၊ ကဲ့ရဲ့ခြင်းကြောင့်၊ အဆင်းဝဏ္ဏ၊ လွန်၍လှ၏"-အစရှိသော ကဗျာစကား၏အရ အဓိပ္ပါယ်တတ္တကို မေးလျှောက်သည်မှာ တာဝတိံသာ နတ်ရွာသနင်း သိကြားမင်း မလာမရောက်မီ ၁-ယောက်သော ပြဟ္မာသည် မီးလောင်ငုတ်ကဲ့သို့ အဆင်း ရှိသော, ပုကွသော, ကြီးသော ဝမ်းရှိသော ကိုယ်ကို ဖန်ဆင်းပြီးမှ နတ်အပေါင်း ခြံရံသော သိကြားမင်း၏နေရာ ပဏ္ဍုကမ္ဗလာပေါ်၌ နေလာ၏။

ဒုဗ္ဗဏ္ဏော'တိ ဈာမခါဏုဝဏ္ဏော။ ဩကောဋိမကောတိ လကုဏ္ဍကော မဟော-ဒရော။ အာသနေတိ ပဏ္ဍုကမ္ဗလသိလာယံ။ (သံ၊ဋ္ဌ၊၁။၃၂၃)

ဒုဗ္ဗဏ္ဏောတိ၊ ဒုဗ္ဗဏ္ဏော-ဟူသည်ကား။ ဈာမခါဏုဝဏ္ဏော၊ မီးလောင်သော သစ်ငုတ် အဆင်းရှိ၏။ ဩကောဋိမကောတိ၊ ဩကောဋိမကော-ဟူသည်ကား။ လကုဏ္ဍကော၊ ပုကွ သောကိုယ် ရှိ၏။ မဟောဒရော၊ ကြီးသော ဝမ်းရှိ၏။ အာသနေတိ၊ အာသနေ-ဟူသည် ကား။ ပဏ္ဍုကမ္ဗလသိလာယံ၊ ပဏ္ဍုကမ္ဗလာ ကျောက်နေရာ၌။

ထိုအခါ အခြံအရံနတ်တို့က "မီးလောင်ငုတ်ကဲ့သို့ အဆင်းမလှဘဲ ပုကွသော ကိုယ်ရှိသော ဤပြဟ္မာသည် ငါတို့သိကြားမင်း၏နေရာ ပဏ္ဍုကမ္ဗလာ၌ နေလာဘိသည်"ဟု ကဲ့ရဲ့ရှုတ်ချ ဆိုကြကုန်၏။ ထိုအခါ ထိုပြဟ္မာသည် အရောင်အဝါတောက်ပလျက် နှစ်သက် ရှုချင်ဖွယ် ရှိလာ၏။

ဤအရာ၌ "ယက္ခော ဒုဗ္ဗဏ္ဏော ဩကောဋိမကော"ဟူ၍ပင် ဟောတော်မူသော် လည်း တပါးသော နတ်ဘီလူး-စသည်ကို မယူအပ်။ ပြဟ္မာကိုသာ ယူအပ်၏။ တပါးသော နတ်ဘီလူးတို့သည် ရေမြေသေဌ်နင်း ပြည့်ရှင်မင်း၏နေရာ၌ လူသာမန်တို့သည် မနေဝံ့ သကဲ့သို့ နေခြင်းငှာ မဝံ့မထိုက်ကုန်။ ထိုပြဟ္မာသည် အဘယ်ကြောင့် သိကြားမင်း၏နေရာ သို့ လာ၍ နေလာဘိသနည်းဟူမူ "သိကြားမင်းသည် သည်းခံခြင်း ခန္တီဗလနှင့် ပြည့်စုံ ပေသည်"ဟု လူ့ရပ်,နတ်ခွင် ထင်ပေါ်ကျော်စောလေရကား ဆင်ခြင်ထောက်လှမ်း စုံစမ်း ခြင်းငှာ ရောက်လာသတည်း။

ထို့ကြောင့် ပပဉ္စသူဒနီမည်သော သဂါထာဝဂ္ဂ၊ ၁၁-ခုမြောက်သော သက္ကသံယုတ်၊ ဒုဗ္ဗဏ္ဏိယသုတ်အဋ္ဌကထာ၌—

သော ပန ဧကော ရူပါဝစရဗြဟ္မာ၊ "သက္ကော ကိရ ခန္တိဗလေန သမန္နာဂတော"တိ သုတွာ ဝီမံသနတ္ထံ အာဂတော။

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (သံ၊ဋ္ဌ၊၁။၃၂၃)

သော ပန၊ ထိုပြဟ္မာမင်းသည်ကား။ ဧကော၊ တစ်ယောက်သော။ ရူပါဝစရပြဟ္မာ၊ ရူပါဝစရပြဟ္မာတည်း။ သက္ကော၊ တာဝတိံသာ နတ်ရွာသေဌ်နင်း သိကြားမင်းသည်။ ခန္တိ-ဗလေန၊ ခန္တီအားနှင့်။ သမန္နာဂတော ကိရ၊ ပြည့်စုံသတည်း။ ဣတိ၊ ဤသို့။ သုတွာ၊ ကြား၍။ ဝီမံသနတ္ထံ၊ စုံစမ်းခြင်းငှာ။ အာဂတော၊ လာ၏။

သည်ကို ရည်၍ ကဗျာဆရာသည် "သတ္တဝါခပင်း၊ ကဲ့ရဲ့ခြင်းကြောင့်၊ အဆင်းဝဏ္ဏ၊ လွန်၍ လှ၏"ဟု စပ်ဆိုတော်မူသတည်း။ ထိုအခါ နတ်တို့သည် သိကြားမင်းရှိရာ ချဉ်းကပ်၍ အကြောင်းအရာကို တင်လျှောက်ကြလေလျှင် တာဝတိံသာ နတ်ရွာသေဌ်နင်း သိကြားမင်း သည် ထိုပြဟ္မာရှိရာသို့ ချဉ်းကပ်ပြီးသော် ရွှေမြေ၌ လက်ယာပုဆစ်ဒူးကို ချ၍ လက်အုပ် ချီလျက်—

သက္ကော'ဟံ မာရိသ ဒေဝါနမိန္ဒော၊ သက္ကော'ဟံ မာရိသ ဒေဝါနမိန္ဒော။

ဟု မိမိ၏အမည်ကို ၃-ကြိမ်တိုင် ကြားလတ်၏။

မာရိသ၊ အချင်း။ အဟံ၊ ငါကား။ ဒေဝါနမိန္ဒော၊ နတ်တို့ကို အစိုးရသော။ သက္ကော၊ သိကြားတည်း။ မာရိသ၊ အချင်း။ အဟံ၊ ငါကား။ ဒေဝါနမိန္ဒော၊ နတ်တို့ကို အစိုးရသော။ သက္ကော၊ သိကြားတည်း။

ဤသို့ ၃-ကြိမ်တိုင်တိုင် တာဝတိံသာ နတ်ရွာသေဌ်နင်း သိကြားမင်းအမည်ကို ကြားလေလျှင် ထိုပြဟ္မာသည် မီးလောင်ငုတ်ကဲ့သို့ အဆင်းမလှဘဲ ပုကွသော, ကြီးသော ဝမ်းရှိသော ကိုယ်ဖြစ်လာ၍ ခန္တီအားနှင့် ပြည့်စုံသော (ကိုယ်ကိုဖြစ်လျက်) နှိမ့်ချခြင်းကို ပြုသော သိကြားမင်း၏ အာနုဘော်ကြောင့် မိမိတည်တံ့စွာ မနေနိုင်ရကား ထိုခဏချင်း ကွယ်ပျောက်လေ၏။

သည်ကို ရည်၍ ကဗျာဆရာသည် "ဧကပုဂ္ဂလာ၊ ချီးမွမ်းရာ၌၊ ပမာတမျှ၊ မီးလောင် ငုတ်သို့, ဒုဗ္ဗဏ္ဏ"ဟူ၍ ဆိုတော်မူသည်။ ထိုအခါ တာဝတိံသာ နတ်ရွာသေဌ်နင်း သိကြားမင်း သည် မိမိ၏နေရာ ပဏ္ဍုကမ္ဗလာ၌ နေလျက်—

န သူ ပဟတစိတ္တော'မှိ၊ နာဝတ္တေန သုဝါနယော။
န ဝေါ စိရာ'ဟံ ကုဇ္ဈာမိ၊ ကောဓာ မယိ နာဝတိဋ္ဌတိ။ ။

ဟူသော ဂါထာကို ရွတ်၏။ (သံ၊၁။၂၄၀)

အဟံ၊ ငါသည်။ ဥပဟတစိတ္တော၊ ထိခိုက်ပြစ်မှားသော စိတ်ရှိသည်။ န အမှိ၊ မဖြစ်။ နာဝတ္တေန၊ အမျက်ဒေါသ၏အလိုသို့ မလိုက်သဖြင့်။ သုဝါနယော၊ ဆုံးမလွယ်၏။

အဟံ၊ ငါသည်။ စိရံ၊ ကြာမြင့်စွာ။ န ကုဇ္ဈာမိ၊ အမျက်မထွက်။ မယိ၊ ငါ၌။ ကောဓာ၊ အမျက်သည်။ နာဝတိဋ္ဌတိ၊ မတည်။

"ကောပေါ မယိ နာဝတိဋ္ဌတိ"။ ။ ကောပေါ၊ အမျက်သည်။ မယိ၊ ငါ၌။ နာဝ-တိဋ္ဌတိ၊ မတည်။

သု-သဒ္ဒါ, ဝေါ-သဒ္ဒါတို့ကား နိပါတ်မျှသာတည်း။ ကြာမြင့်ခြင်းဟော စိရ-သဒ္ဒါ၌ စိ-မှာ ဣရသေနှင့် စိ-ဟု ရှိမှ သင့်သည်။ ထိုအကြောင်းကို မြတ်စွာဘုရား သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတွင် ကိန်းအောင်းမွေ့လျော် စံပျော်တော်မူသောကာလ—

**ဘူတပုဗ္ဗံ ဘိက္ခဝေ အညတရော ယက္ခော ဒုဗ္ဗဏ္ဏော ဩကောဋိမကော သက္ကဿ ဒေဝါနမိန္ဒဿ အာသနေ နိသိန္နော။**

အစရှိသည်ဖြင့် ဟောတော်မူသည်။ (သံ၊၁။၂၃၉)

ထိုစကားရပ်ကို အကျယ်သိလိုမူ သဂါထာဝဂ္ဂ၊ ၁၁-ခုမြောက်သော သက္ကသံယုတ်၊ တတိယဝဂ်၊ ၂-ခုမြောက်သော ဒုဗ္ဗဏ္ဏိယသုတ် ပါဠိ,အဋ္ဌကထာမှာ ကြည့်လေ။

လက်ဝဲဝင်းတော်မှူး၊ သူရဲဝန်၊ မင်းကြီးမဟာမင်းလှမင်းခေါင်ကျော်က "သတ္တဝါ ခပင်း၊ ကဲ့ရဲ့ခြင်းကြောင့်၊ အဆင်းဝဏ္ဏာ၊ လွန်၍လှ၏"အစရှိသော ကဗျာစကား၏အရကို နေရာကျ သိမှတ်ပါရအောင် ကယ်မသနား ဖြေကြားအမိန့်ရှိတော်မူပါမည့်အကြောင်းနှင့် လျှောက်သောကြောင့် ကျမ်းဂန်အလာ ဒေသနာနယကို ညွှန်ပြထုတ်ဆောင်၍ ၁၂၄၄-ခု၊ တပေါင်းလဆန်း၊ ၈-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## ပုစ္ဆာဝိသဇ္ဇနာသမုဟကဏ္ဍ

ပဌမပုစ္ဆာ၌ - ပစ္စန္တေ-စသော ဂါထာတွင် "ပရိဘုဥ္စတော ပါရာဇိကံ"၌ နှ-ပါ,မပါ အကြောင်း,

ဒုတိယပုစ္ဆာ၌ - ဗလဝါမုခဝဲနှင့် ဒီရေအကြောင်း,

တတိယပုစ္ဆာ၌ - "ကာရက ခြောက်ဖြာ၊ စပ်အပ်ရာ"ဟူသောအကြောင်း,

စတုတ္ထပုစ္ဆာ၌ - မတာသန္တကအကြောင်း,

ပဥ္စမပုစ္ဆာ၌ - ဥပဋ္ဌိတသတိနှင့် ပြည့်စုံသော ထေရ် ၃-ဦးအကြောင်း,

ဆဋ္ဌမပုစ္ဆာ၌ - ဥပေက္ခာနှင့် သောမနဿအကြောင်း,

သတ္တမပုစ္ဆာ၌ - နစ္စဂီတ မာလာဂန္ဓ၊ သုရာမေရယ မာလာဂန္ဓတို့အကြောင်း,

အဋ္ဌမပုစ္ဆာ၌ - သစ္စာအနက် ၁၆-ချက်အကြောင်း,

နဝမပုစ္ဆာ၌ - "မာတာ,ပိတာ၊ မိဘာအစုံ၊ သတ်ငြားတုံလည်း"စသော အကြောင်း,

ဒသမပုစ္ဆာ၌ - "သတ္တဝါခပင်း၊ ကဲ့ရဲ့ခြင်းကြောင့်"စသော အကြောင်း

အရပ်ရပ် ရဟန်း,ရှင်,လူတို့ မေးလျှောက်ကြသည့်အတိုင်း ယုံမှားသံသယ ကင်းစိမ့်သောငှာ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအပ်သော ပြိုးပြွမ်းသော ဝိသဇ္ဇနာတို့ဖြင့် တန်ဆာဆင်သည်၏အဖြစ်ကြောင့် ပကိဏ္ဏကဝိသဇ္ဇနာ အမည်ရှိသောကျမ်း၌ ၁၀-ပါးသော ပုစ္ဆာဝိသဇ္ဇနာတို့နှင့် ပြည့်စုံသော စတုတ္ထပရိစ္ဆေဒ၊ တတိယထုပ်ကား ၁၂၄၄-ခုနှစ်၊ တပေါင်းလအတွင်း ပြီးပြည့်စုံသည်။

★★★★★★★

## လုံးတော်ဆရာတော်

# ပကိဏ္ဏကဝိသဇ္ဇနာကျမ်း

## တတိယတွဲ၊ ၃။ (ပဥ္စမပိုင်း၊ ၅။)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### ရဟန်းတော် ရှင်ကိတ္တိ-က "လက္ခဏာတော် ကြီး,ငယ်ကို သိမှတ်လိုကြောင်း"နှင့် လျှောက်ထားချက်

[၁၇၈]    "ဘုရားတပည့်တော် သဘော်ဆိပ်ကမ်း၊ စိန်ပန်းကြီးရွာ၊ ရဟန်းရှင်ကိတ္တိ လျှောက်ပါသည် ဆရာတော်ဘုရား။

မြတ်စွာဘုရားသခင်၏ လက္ခဏာတော်ကြီး ၃၂-ဖြာ, လက္ခဏာတော်ငယ် ၈၀-များကို မှတ်သားလေ့ကျက် ဆောင်ရွက်ပို့ချ သင်ကြားပါရအောင် ပါဠိအနက် အစုံ ရေးသားကယ်မသနားတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား"။

၎င်းရှင်ကိတ္တိ လျှောက်ထားချက်အရ အဖြေဝိသဇ္ဇနာ—

## [၁၇၈] လက္ခဏာတော်ကြီး ၃၂-ပါး ပါဠိ

[၁]သုပ္ပတိဋ္ဌိတပါဒေါ၊ [၂]စက္ကပါဒေါ၊ [၃]အာယတပဏှိ၊ [၄]ဒီဃင်္ဂုလိ၊ [၅]မုဒုတလုနဟတ္ထပါ-ဒေါ၊ [၆]ဇာလဟတ္ထပါဒေါ၊ [၇]ဥဿင်္ခပါဒေါ၊ [၈]ဧဏိဇင်္ဃော၊ [၉]ဌိတကောဝ အနောနမန္တော ဥဘောဟိ ပါဏိတလေဟိ ဇာဏ္ဏုကာနိ ပရိမသတိ၊ [၁၀]ကောသောဟိတဝတ္ထဂုယှော၊ [၁၁]သုဝဏ္ဏဝဏ္ဏော ကဉ္စနသန္နိဘတစော၊ [၁၂]သုခုမစ္ဆဝိ၊ [၁၃]ဧကေကလောမော၊ [၁၄]ဥဒ္ဒဂ္ဂ-လောမော၊ [၁၅]ဗြဟ္မုဇုဂတ္တော၊ [၁၆]သတ္တုဿဒေါ၊ [၁၇]သီဟပုဗ္ဗဒ္ဓကာယော၊ [၁၈]စိတန္တရံသော၊ [၁၉]နိဂြောဓပရိမဏ္ဍလော၊ [၂၀]သမာဝဋ္ဋက္ခန္ဓော၊ [၂၁]ရသဂ္ဂသဂ္ဂီ၊ [၂၂]သီဟဟနု၊ [၂၃]စတ္တာလီသ-ဒန္တော၊ [၂၄]သမဒန္တော၊ [၂၅]အဝိရဠဒန္တော၊ [၂၆]သုသုက္ကဒါဌော၊ [၂၇]ပဟူတဇိဝှော၊ [၂၈]ဗြဟ္မ-ဿရော ကရဝိကဘာဏီ၊ [၂၉]အဘိနီလနေတ္တော၊ [၃၀]ဂေါပခုမော၊ [၃၁]ဥဏ္ဏာ ဘမုကန္တရေ ဇာတာ၊ [၃၂]ဥဏှီသသီသော။ (ဒီ၊၃။၁၁၇-၈)

## လက္ခဏာတော်ငယ် ၈၀-ပါဠိ

[၁]တမ္ဗနခတာ၊ [၂]တုင်္ဂနခတာ၊ [၃]သိနိဒ္ဓနခတာ၊ [၄]ဝဋ္ဋင်္ဂုလိတာ၊ [၅]စိတင်္ဂုလိတာ၊ [၆]အနု-ပုဗ္ဗင်္ဂုလိတာ၊ [၇]နိဂူဠ္ဟဂေါပ္ဖကတာ၊ [၈]သမပါဒတာ၊ [၉]ဂဇသမာနက္ကမတာ၊ [၁၀]သီဟသမာ-နက္ကမတာ၊ [၁၁]ဥသဘသမာနက္ကမတာ၊ [၁၂]ဟံသသမာနက္ကမတာ၊ [၁၃]ဒက္ခိဏာဝဋ္ဋဂတိ-တာ၊ [၁၄]သမန္တတော စာရုဇာဏုမဏ္ဍလတာ၊ [၁၅]က္ကဘကရသဒိသဦရုဘုဇတာ၊ [၁၆]ပရိ-ပုဏ္ဏ ပုရိသဗျဉ္ဇနတာ၊ [၁၇]သုဝိဘတ္တသဗ္ဗဂတ္တတာ၊ [၁၈]အနုပုဗ္ဗစာရုဂတ္တတာ၊ [၁၉]အနုပုဗ္ဗ-ရုစိရဂတ္တတာ၊ [၂၀]အနုဿန္နုဿန္နသဗ္ဗဂတ္တတာ၊ [၂၁]မုဒုဂတ္တတာ၊ [၂၂]သိနိဒ္ဓဂတ္တတာ၊ [၂၃]သုခုမဂတ္တတာ၊ [၂၄]အလီနဂတ္တတာ၊ [၂၅]တိလကာဒိရဟိတဂတ္တတာ၊ [၂၆]မလဝိရဟိတ-ဂတ္တတာ၊ [၂၇]သုဝိသုဒ္ဓဂတ္တတာ၊ [၂၈]ကောဋိသဟဿဟတ္ထိဗလ ဓာရဏတာ၊ [၂၉]အတိ-ဝိယ ဥဇ္ဇလိတသောမ္မဂတ္တတာ၊ [၃၀]သုဂန္ဓမုဒ္ဓတာ၊ [၃၁]သုဂန္ဓမုခတာ၊ [၃၂]သုဂန္ဓတနုတာ၊ [၃၃]သုခုမအဿာသပဿာသဓာရဏတာ၊ [၃၄]ပရိမဏ္ဍလကာယ ပဘာဝန္တတာ၊ [၃၅]သမ-လောမတာ၊ [၃၆]ကောမလလောမတာ၊ [၃၇]ဒက္ခိဏာဝဋ္ဋလောမတာ၊ [၃၈]သိနိဒ္ဓလောမတာ၊ [၃၉]ဘိန္နဉ္ဇနသဒိသလောမတာ၊ [၄၀]ဒက္ခိဏာဝဋ္ဋနာဘိတာ၊ [၄၁]အစ္ဆိဒ္ဒနာဘိတာ၊ [၄၂]ဂမ္ဘီရ-နာဘိတာ၊ [၄၃]ဂမ္ဘီရပါဏိလေခတာ၊ [၄၄]ဥဇုကလေခတာ၊ [၄၅]အာယတလေခတာ၊ [၄၆]သုရုစိရ သဏ္ဌာနလေခတာ၊ [၄၇]ပရိပုဏ္ဏကပါလတာ၊ [၄၈]အာယတဝဒနတာ၊ [၄၉]ဝိသုဒ္ဓ-ဒါဌတာ၊ [၅၀]ရတ္တောဋ္ဌတာ၊ [၅၁]သုဝဋ္ဋဒါဌတာ၊ [၅၂]တိက္ခဒါဌတာ၊ [၅၃]အတိသုက္ကဒန္တတာ၊ [၅၄]ရတ္တဒ္ဒိဇမံသတာ။ [၅၅]မုဒုတနုကဇိဝှတာ၊ [၅၆]ရတ္တဇိဝှတာ၊ [၅၇]တုင်္ဂနာသတာ၊ [၅၈]အာယ-

တဝိသာလနေတ္တတာ။ [၅၉]ပဉ္စပသာဒယုတ္တနေတ္တတာ၊ [၆၀]အကုဋ္ဋိတဂ္ဂပခုမတာ၊ [၆၁]သုသဏ္ဌိတဘမုကတာ၊ [၆၂]အာယတမဟန္တဘမုကတာ၊ [၆၃]အနုနတဘမုကတာ၊ [၆၄]သဏှလောမဘမုကတာ၊ [၆၅]အနုနတရုစိရကဏ္ဏတာ၊ [၆၆]အာယတကဏ္ဏတာ။ [၆၇]အာယတပုထုလနလာဋသောဘတာ၊ [၆၈]နိဂ္ဂဏ္ဌိသီသတာ၊ [၆၉]နိဂုဋ္ဌသိရတာ၊ [၇၀]ဆတ္တာ-နိဘစာရုသိရတာ၊ [၇၁]သုနီလကေသတာ၊ [၇၂]သုသဏှကေသတာ၊ [၇၃]သိနိဒ္ဓကေသတာ၊ [၇၄]သုသဏ္ဌာနကေသတာ၊ [၇၅]အကုလိတကေသတာ၊ [၇၆]သမကေသတာ၊ [၇၇]ကောမလ-ကေသတာ၊ [၇၈]နာနာပိဋ္ဌိတကေသတာ၊ [၇၉]နန္ဒာဝဋ္ဋမိဝဒက္ခိဏာဝဋ္ဋကေသတာ၊ [၈၀]ကေတုမာလာ ဝိနဒ္ဓတာ။ (ဇိနာလင်္ကာရဋီကာ။၁၇၇)

----- x -----

## လက္ခဏာတော်ကြီးအနက်

၁။ သုပ္ပတိဋ္ဌိတပါဒေါ၊ ရွှေခြေနင်းကဲ့သို့ မြေ၌ ညီညွတ်စွာတည်သော ဖဝါးရှိတော်မူ၏။

၂။ စက္ကပါဒေါ၊ ၁,၀၀၀-သော အကန့်အကွက် ပုံတောင်းနှင့်တကွသော, အလုံးပြည့်သော စက်ရတနာတို့ဖြင့် ဆန်းကြယ်သော ခြေဖဝါး ရှိတော်မူ၏။

၃။ အာယတပဏှိ၊ ဖဝါး၏ ၄-ဖို့, ၁-ဖို့ ကြွင်းခြင်းကြောင့် ရှည်သော ဖနောင့်တော်လည်း ရှိ၏။

၄။ ဒီဃင်္ဂုလိ၊ ရှည်သော လက်ချောင်း,ခြေချောင်း ရှိတော်မူ၏။

၅။ မုဒုတလုနဟတ္ထပါဒေါ၊ နူးညံ့သိမ်မွေ့သော လက်ဖဝါး, ခြေဖဝါး ရှိတော်မူ၏။

၆။ ဇာလဟတ္ထပါဒေါ၊ ကွန်ရက်ကဲ့သို့သော လက်ခြား, ခြေခြား ရှိတော်မူ၏။

၇။ ဥဿင်္ခပါဒေါ၊ ခြေဖမိုးထက် တက်သော ဖမျက် ရှိတော်မူ၏။

၈။ ဧဏီဇင်ယော၊ ဧဏီမည်သော သား၏ မြင်းခေါင်းကဲ့သို့ ညီညွတ်သော, လုံးသော မြင်းခေါင်း ရှိတော်မူ၏။

၉။ ဌိတကောဝ အနောနမန္တော ။ပ။ ပရိမသတိ၊ ရပ်လျက် မကိုင်းမညွတ်ဘဲ လက်တော်ဖြင့် ပုဆစ်တော်ကို သုံးသပ်တော်မူနိုင်၏။

၁၀။ ကောသောဟိတဝတ္ထဂုယှော၊ အအိမ်ဖြင့် ဖုံးလွှမ်းအပ်သော အင်္ဂါဇာတ် ရှိတော်မူ၏။

၁၁။ သုဝဏ္ဏဝဏ္ဏော ကဉ္စနသန္နိဘတစော၊ ရွှေအဆင်းနှင့်တူသော တင့်တယ်သော အရေ ရှိတော်မူ၏။

၁၂။ သုခုမစ္ဆဝိ၊ သိမ်မွေ့သောအရေ ရှိတော်မူ၏။

၁၃။ ဧကေကလောမော၊ ၁-ချောင်းစီ, ၁-ချောင်းစီသော အမွေးရှိတော်မူ၏။

၁၄။ ဥဒ္ဓဂ္ဂလောမော၊ အထက်သို့ တက်သော မွေးညင်းရှိတော်မူ၏။

၁၅။ ဗြဟ္မုဇုဂတ္တော၊ ဗြဟ္မာမင်းကဲ့သို့ ဖြောင့်မတ်သော ကိုယ်တော်ရှိတော်မူ၏။

၁၆။ သတ္တုဿဒေါ၊ ခြေဖမိုးတော် ၂-ဖက်, လက်ဖမိုးတော် ၂-ဖက်, ပခုံးတော် ၂-ဖက်, လည်ကုတ်တော်တည်း-ဟူသော ၇-ပါးသော အရပ်တို့၌ ပြည့်ဖြိုးသောအသား ရှိတော်မူ၏။

၁၇။ သီဟပုဗ္ဗဍ္ဎကာယော၊ ခြင်္သေ့မင်း၏ ရှေ့ထက်ဝက်ကဲ့သို့ ပြည့်ဖြိုးသော ကိုယ်တော် ရှိတော်မူ၏။

၁၈။ စိတန္တရံသော၊ ရေစီးကြောင်းမထင် ပြည့်ဖြိုးသောကိုယ်တော် ရှိတော်မူ၏။

၁၉။ နိဂြောဓပရိမဏ္ဍလော၊ ကိုယ်တော်နှင့် အလံတော် မျှသည်ဖြစ်၍ ပညောင်ပင်ကဲ့သို့ ဝန်းသောကိုယ် ရှိတော်မူ၏။

၂၀။ သမဝဋ္ဋက္ခန္ဓော၊ ကောင်းစွာလုံးသော မုရိုးစည်နှင့် တူသောလည် ရှိတော်မူ၏။

၂၁။ ရသဂ္ဂသဂ္ဂီ၊ အရသာကို ဆောင်တတ်သော ၇,၀၀၀-သော ကောင်းသော အကြော ရှိတော်မူ၏။

၂၂။ သီဟဟနု၊ ခြင်္သေ့မင်း၏မေးကဲ့သို့ ၁၂-ရက်၌ တက်၍ထွန်းသော လဝန်းနှင့် တူသော မေး ရှိတော်မူ၏။

၂၃။ စတ္တာလီသဒန္တော၊ ၄၀-စေ့သော သွားရှိတော်မူ၏။

၂၄။ သမဒန္တော၊ လွှဖျားဖြင့် ဖြတ်သော ခရုသင်းပြားကဲ့သို့ ညီညွတ်သောသွားရှိတော်မူ၏။

၂၅။ အဝိရဠဒန္တော၊ မကျဲသော သွားရှိတော်မူ၏။

၂၆။ သုသုက္ကဒါဌော၊ အလွန်ဖြူစင်သော စွယ်တော်ရှိတော်မူ၏။

၂၇။ ပဟူတဇိဝှော၊ နူးညံ့သော, ရှည်သော, ပြန့်သော လျှာရှိတော်မူ၏။

၂၈။ ဗြဟ္မဿရော ကရဝိကဘာဏီ၊ ဗြဟ္မာမင်း၏အသံ, ကရဝိက်ငှက်မင်း၏ အသံနှင့် တူသောအသံ ရှိတော်မူ၏။

၂၉။ အဘိနီလနေတ္တော၊ အလွန်ညိုသောမျက်စိ ရှိတော်မူ၏။

၃၀။ ဂေါပခုမော၊ ယနေ့မွေးသော နွားငယ်၏ မျက်လုံးနှင့် တူသောမျက်လုံး ရှိတော်မူ၏။

၃၁။ ဥဏ္ဏာ ဘမုကန္တရေ ဇာတော၊ မျက်မှောင်လယ်၌ ဖြူသော, နူးညံ့စွာသော လဲဝါပုံနှင့် တူသော ဥဏ္ဏာလုံမွေးရှင် ရှိတော်မူ၏။

၃၂။ ဥဏှီသသီသော၊ သင်းကျစ်ဖွဲ့သကဲ့သို့ ဆံအရင်း၌ အသားအရေတို့ဖြင့် တင့်တယ်သောဦးခေါင်း ရှိတော်မူ၏။

လက္ခဏာတော်ကြီးအနက် ပြီး၏။

----- x -----

## လက္ခဏာတော်ငယ်အနက်

၁။ တမ္ဗနခတာ၊ နီသော ခြေသည်း,လက်သည်းတော် ရှိသည်၏အဖြစ်။

၂။ တုင်္ဂနခတာ၊ မြင့်သော ခြေသည်း,လက်သည်းတော် ရှိသည်၏အဖြစ်။

၃။ သိနိဒ္ဓနခတာ၊ ပြေပြစ်သော ခြေသည်း,လက်သည်းတော် ရှိသည်၏အဖြစ်။

၄။ ဝဋ္ဋင်္ဂုလိတာ၊ လုံးသော ခြေချောင်း,လက်ချောင်းတော် ရှိသည်၏အဖြစ်။

၅။ စိတင်္ဂုလိတာ၊ စိပ်သော ခြေချောင်း,လက်ချောင်းတော် ရှိသည်၏အဖြစ်။

၆။ အနုပုဗ္ဗင်္ဂုလိတာ၊ အစဉ်အားလျော်စွာ ညီညွတ်သော ခြေချောင်း, လက်ချောင်းတော် ရှိသည်၏အဖြစ်။

၇။ နိဂူဠဂေါပ္ဖကတာ၊ မထင်သော ဖမျက်တော် ရှိသည်၏အဖြစ်။

၈။ သမပါဒတာ၊ ညီညွတ်စွာသော ၅-ချောင်းသော ခြေတော် ရှိသည်၏အဖြစ်။

၉။ ဂဇသမာနက္ကမတာ၊ ဆဒ္ဒန်ဆင်မင်းနှင့်တူသော ခြေတော်ဖြန့်သွားခြင်း ရှိတော်မူသည်၏အဖြစ်။

၁၀။ သီဟသမာနက္ကမတာ၊ ခြင်္သေ့မင်းနှင့်တူသော ခြေတော်ဖြန့်သွားခြင်း ရှိတော်မူသည်၏အဖြစ်။

၁၁။ ဥသဘသမာနက္ကမတာ၊ ဥသဘနွားနှင့်တူသော ခြေတော်ဖြန့်သွားခြင်း ရှိတော်မူသည်၏အဖြစ်။

၁၂။ ဟံသသမာနက္ကမတာ၊ ဟင်္သာမင်းနှင့်တူသော ခြေတော်ဖြန့်သွားခြင်း ရှိတော်မူသည်၏အဖြစ်။

၁၃။ ဒက္ခိဏာဝဋ္ဋဂတိတာ၊ လက်ယာရစ် လည်၍ ကြွတော်မူလေ့ရှိသည်၏အဖြစ်။

၁၄။ သမန္တတော စာရုဇာဏုမဏ္ဍလတာ၊ ထက်ဝန်းကျင် ပုဆစ်တော်အဝန်း၏ တင့်တယ်ခြင်းရှိသည်၏အဖြစ်။

၁၅။ ဣဘကရသဒိသဥရုဘုဇတာ၊ ဆင်နှာမောင်းနှင့်တူသော ပေါင်, လက်ရုံးတော် ရှိသည်၏အဖြစ်။

(ဤ၌ ဒွိရဒကရသဒိသဥရုဘုဇတာ-ဟု စာအချို့ ရှိ၏။ အနက်အတူပင်။ ဒွိရဒ၊ ဒွိပ၊ ဣဘ-သဒ္ဒါတို့ကား ဆင်ဟောချည်းတည်း။)

၁၆။ ပရိပုဏ္ဏပုရိသဗျဥ္ဇနတာ၊ ထက်ဝန်းကျင်ပြည့်သော အင်္ဂါဇာတ် ရှိတော်မူသည်၏အဖြစ်။

၁၇။ သုဝိဘတ္တသဗ္ဗဂတ္တတာ၊ ကောင်းစွာဝေဖန်အပ်သော ကိုယ်တော်အလုံးရှိတော်မူသည်၏အဖြစ်။

၁၈။ အနုပုဗ္ဗစာရုဂတ္တတာ၊ အစဉ်အားလျော်စွာ တင့်တယ်သော ကိုယ်တော်ရှိသည်၏အဖြစ်။

၁၉။ အနုပုဗ္ဗရုစိရဂတ္တတာ၊ အစဉ်အားလျော်စွာ ပြိုးပြိုးပြက်သော ကိုယ်တော်ရှိသည်၏အဖြစ်။

၂၀။ အနုဿန္နသနုသဗ္ဗဂတ္တတာ၊ ပါးရာမမို့ ပို့ရာမကြုံသော ကိုယ်တော်ရှိသည်၏အဖြစ်။
(ဤတွင် အနုဿန္နသဗ္ဗဂတ္တတာ-ဟု စာအချို့ရှိ၏။ အနုဿန္နဂတ္တတာ-ဟူ၍လည်း စာအချို့ရှိ၏)

၂၁။ မုဒုဂတ္တတာ၊ နူးညံ့သောကိုယ်တော် ရှိသည်၏အဖြစ်။
(ဤတွင် 'ပဋ္ဌမဂတ္တတာ'ဟူ၍လည်းကောင်း 'သုပရိပဋ္ဌမဂတ္တတာ'ဟူ၍လည်းကောင်း စာအချို့ရှိ၏)

၂၂။ သိနိဒ္ဓဂတ္တတာ၊ ပြေပြစ်သောကိုယ်တော် ရှိတော်မူသည်၏အဖြစ်။

၂၃။ သုခုမဂတ္တတာ၊ နူးညံ့သောကိုယ်တော် ရှိသည်၏အဖြစ်။
(ဤတွင် သုခုမာလ-ဟု စာအချို့ ရှိ၏။ အတူပင်။)

၂၄။ အလီနဂတ္တတာ၊ မတွန့်သောကိုယ်တော် ရှိသည်၏အဖြစ်။

၂၅။ တိလကာဒိရဟိတဂတ္တတာ၊ မှည့်မည်း-စသည်မှ ကင်းသော ကိုယ်တော်ရှိသည်၏အဖြစ်။

၂၆။ မလဝိရဟိတဂတ္တတာ၊ အညစ်အကြေးကင်းသော ကိုယ်တော်ရှိသည်၏အဖြစ်။

၂၇။ သုဝိသုဒ္ဓဂတ္တတာ၊ ကောင်းစွာ အထူးသဖြင့် စင်ကြယ်သော ကိုယ်တော်ရှိတော်မူသည်၏အဖြစ်။

၂၈။ ကောဋိသဟဿဟတ္ထိ ဗလ ဓာရဏတာ၊ ကာလာဝကဆင် ကုဋေ ၁,၀၀၀-အားကို ဆောင်တော်မူနိုင်သည်၏အဖြစ်။

၂၉။ အတိဝိယ ဥဇ္ဇလိတသောမ္မဂတ္တတာ၊ အလွန်တောက်ပသော ငြိမ်းချမ်းသော ကိုယ်တော် ရှိသည်၏အဖြစ်။

၃၀။ သုဂန္ဓမုခ္ခတာ၊ မွှေးကြိုင်သော မဏိတော် ရှိသည်၏အဖြစ်။

၃၁။ သုဂန္ဓမုခတာ၊ မွှေးကြိုင်သော ခံတွင်း ရှိတော်မူသည်၏အဖြစ်။

၃၂။ သုဂန္ဓတနုတာ၊ မွှေးကြိုင်သောကိုယ် ရှိသည်၏အဖြစ်။ (တနု-သဒ္ဒါ သရီရ-ဝါစက။)

၃၃။ သုခုမအဿာသပဿာသဓာရဏတာ၊ သိမ်မွေ့သော ထွက်သက်, ဝင်သက်ကို ဆောင် တော်မူသည်၏အဖြစ်။

၃၄။ ပရိမဏ္ဍလကာယ ပဘာဝန္တတာ၊ ၁-လံမျှလောက်သော ကိုယ်တော်ရောင် အဝန်းရှိ သည်၏အဖြစ်။

၃၅။ သမလောမတာ၊ ညီညွတ်သော မွေးညင်းရှိတော်မူသည်၏အဖြစ်။

၃၆။ ကောမလလောမတာ၊ သိမ်မွေ့သော မွေးညင်းရှိတော်မူသည်၏အဖြစ်။

၃၇။ ဒက္ခိဏာဝဋ္ဋလောမတာ၊ လက်ယာရစ်လည်သော မွေးညင်းရှိတော်မူသည်၏အဖြစ်။

၃၈။ သိနိဒ္ဓလောမတာ၊ ပြေပြစ်သော မွေးညင်းရှိသည်၏အဖြစ်။

၃၉။ ဘိန္နဥ္စနသဒိသလောမတာ၊ ဖြတ်အပ်သော မျက်စဉ်းတောင့်နှင့်တူသော ညိုသော မွေးညင်းရှိသည်၏အဖြစ်။

၄၀။ ဒက္ခိဏာဝဋ္ဋနာဘိတာ၊ လက်ယာရစ်လည်သော ချက်တော်ရှိသည်၏အဖြစ်။

၄၁။ အစ္ဆိဒ္ဒနာဘိတာ၊ မပြတ်သော ချက်တော်ရှိသည်၏အဖြစ်။

၄၂။ ဂမ္ဘီရနာဘိတာ၊ နက်သော ချက်တော်ရှိသည်၏အဖြစ်။

၄၃။ ဂမ္ဘီရပါဏိလေခတာ၊ နက်သော လက်ခြားရေး ရှိသည်၏အဖြစ်။

၄၄။ ဥဇုလေခတာ၊ ဖြောင့်သောအရေး ရှိသည်၏အဖြစ်။

၄၅။ အာယတလေခတာ၊ ရှည်သောအရေး ရှိသည်၏အဖြစ်။

၄၆။ သုရုစိရသဏ္ဌာနလေခတာ၊ နှစ်လိုဖွယ်သော သဏ္ဌာန်ရှိသော အရေးရှိသည်၏အဖြစ်။

၄၇။ ပရိပုဏ္ဏကပေါလတာ၊ ပြည့်သော ပါးပြင်ရှိသည်၏အဖြစ်။

၄၈။ အာယတဝဒနတာ၊ လျားသော ခံတွင်းရှိသည်၏အဖြစ်။

၄၉။ ဝိသုဒ္ဓဒါဠတာ၊ အထူးသဖြင့် စင်ကြယ်သော စွယ်တော်ရှိသည်၏အဖြစ်။

၅၀။ ရတ္တောဋ္ဌတာ၊ နီသော နှုတ်ခမ်းတော်ရှိသည်၏အဖြစ်။

၅၁။ သုဝဋ္ဋဒါဠတာ၊ လုံးသော စွယ်တော် ရှိသည်၏အဖြစ်။

၅၂။ တိက္ခဒါဠတာ၊ ထက်သော စွယ်တော် ရှိသည်၏အဖြစ်။

၅၃။ အတိသုက္ကဒန္တတာ၊ အလွန်ဖြူစင်သော သွားတော် ရှိသည်၏အဖြစ်။

၅၄။ ရတ္တဒွိဇမံသတာ၊ နီသော သွားဖုံးတော် ရှိသည်၏အဖြစ်။

၅၅။ မုဒုတနုကဇိဝှတာ၊ နူးညံ့သော, ပါးသော လျှာတော် ရှိသည်၏အဖြစ်။

၅၆။ ရတ္တဇိဝှတာ၊ နီသော လျှာတော် ရှိသည်၏အဖြစ်။

၅၇။ တုင်္ဂနာသတာ၊ မြင့်သော နှာရောင် ရှိသည်၏အဖြစ်။ (တုင်္ဂသဒ္ဒါ ဥစ္စပရိယာယ်တော)

၅၈။ အာယတဝိသာလနေတ္တတာ၊ လျားသော, ကျယ်သော မျက်စိရှိတော်မူသည်၏အဖြစ်။

၅၉။ ပဉ္စပသာဒယုတ္တနေတ္တတာ၊ ကြည်ညိုဖွယ်သော, ၅-ပါးသော အဆင်းရှိသော မျက်စိတော် ရှိတော်မူသည်၏အဖြစ်။

၆၀။ အကုဉ္စိတဂ္ဂပခုမတာ၊ မကောက်သော အဖျားရှိသော မျက်မွေးရှိတော်မူသည်၏ အဖြစ်။ (ကုဉ္စိတသဒ္ဒါ ကုဋိလပရိယာယ်။)

၆၁။ သုသဏ္ဌိတဘမုကတာ၊ ကောင်းသော သဏ္ဌာန်ရှိသော မျက်မှောင်ရှိတော်မူသည်၏ အဖြစ်။

၆၂။ အာယတမဟန္တဘမုကတာ၊ လျားသော,ကြီးသော မျက်မှောင်တော်ရှိသည်၏ အဖြစ်။

၆၃။ အနုနတဘမုကတာ၊ သက်တင်ရေးသို့ ညွှတ်သော မျက်မှောင်တော်ရှိသည်၏ အဖြစ်။

၆၄။ သဏှလောမဘမုကတာ၊ သိမ်မွေ့သော မျက်မှောင်မွေးတော်ရှိသည်၏အဖြစ်။

၆၅။ အနုနတရုစိရကဏ္ဏတာ၊ စဉ်းငယ်ညွှတ်သော နှစ်လိုဖွယ်သော နားတော်ရှိသည်၏ အဖြစ်။

၆၆။ အာယတကဏ္ဏတာ၊ ရှည်သော နားတော် ရှိသည်၏အဖြစ်။

၆၇။ အာယတပုထုလနလာဋသောဘိတတာ၊ ရှည်သော အထူးထူးတင့်တယ်သော နဖူးတော်ရှိသည်၏အဖြစ်။

၆၈။ နိဂ္ဂဏ္ဌိသိရတာ၊ ထွတ်သမြတ်ခေါ်သည့် အဖုအထစ်အထုံးအဖွဲ့မရှိသော ဦးခေါင်းတော်ရှိသည်၏အဖြစ်။

၆၉။ နိဂူဠှသိရတာ၊ ရှိုင်းနိမ့်ခြင်း မရှိသော ဦးခေါင်းတော်ရှိသည်၏အဖြစ်။

၇၀။ ဝဋ္ဋဆတ္တနိဘစာရုသီသတာ၊ လုံးဝန်းသော ထီးနှင့်တူသော ဦးခေါင်းရှိတော်မူသည်၏ အဖြစ်။

၇၁။ သုနီလကေသတာ၊ အလွန်မည်းသော ဆံတော်ရှိသည်၏အဖြစ်။

၇၂။ သုသဏှကေသတာ၊ အလွန်သိမ်မွေ့သောဆံတော်ရှိသည်၏အဖြစ်။

၇၃။ သိနိဒ္ဓကေသတာ၊ ပြေပြစ်သော ဆံတော်ရှိသည်၏အဖြစ်။

၇၄။ သုသဏ္ဌာနကေသတာ၊ အလွန်ကောင်းသော သဏ္ဌာန်ရှိသော ဆံတော်ရှိတော်မူသည် ၏အဖြစ်။

၇၅။ အကုလိတကေသတာ၊ မယှက်သော ဆံရှိတော်မူသည်၏အဖြစ်။

၇၆။ သမကေသတာ၊ ညီညွတ်သော ဆံရှိတော်မူသည်၏အဖြစ်။

၇၇။ ကောမလကေသတာ၊ နူးညံ့သော ဆံရှိတော်မူသည်၏အဖြစ်။

၇၈။ နာနာဋ္ဌိတကေသတာ၊ အသီးအသီးတည်သော ဆံရှိတော်မူသည်၏အဖြစ်။

၇၉။ နန္ဒာဝဋ္ဋမိဝဒက္ခိဏာဝဋ္ဋကေသတာ၊ ဦးဆောက်ပန်းကဲ့သို့ လက်ယာရစ်လည်သော ဆံ ရှိတော်မူသည်၏အဖြစ်။

၈၀။ ကေတုမာလာဝိနဒ္ဓတာ၊ ထိပ်တော်၌ သျှောင်စုတည်း-ဟူသော ကေတုမာလာရှိတော် မူသည်၏အဖြစ်။

[ ဇိနာလင်္ကာရဋီကာ (၁၇၇)၌ လာသော ပါဠိအစဉ် အနည်းငယ် ကွဲ၏။ တထာဂတဥဒါန-ဒီပနီ၌ လာသော ပါဠိအစဉ် တူ၏။ မဟာဗုဒ္ဓဝင်၊ ဒု-တွဲ၌ ဇိနာလင်္ကာရဋီကာလာ ပါဠိအတိုင်း အနက် ပေးထားသည်။ ]

လက္ခဏာတော်ငယ် အနက် ၈၀-ပြီး၏။

သင်္ဘောတော်ဆိပ်ကမ်း၊ စိန်ပန်းကြီးရွာ၊ ရဟန်းရှင်ကိတ္တိက "လက္ခဏာတော်ကြီး ၃၂-ပါး, လက္ခဏာတော်ငယ်-၈၀၊ ပါဠိ,အနက်များကို မှတ်သားလေ့ကျက် ဆောင်ရွက်ပို့ချ ပါရအောင် ရေးသားကယ်မတော်မူပါ"ဟု လျှောက်သောကြောင့် ကျမ်းဂန်မှ ထုတ်နုတ်၍ ၁၂၄၁-ခု၊ နယုန်လဆန်း၊ ၅-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ပြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## ရှင်အာဒိစ္စ-က မြင်းမိုရ်, စကြဝဠာ-စသော အဝေးအကွာများကို သိမှတ်ရန် လျှောက်ထားချက်

[၁၇၉] "ဘုရားတပည့်တော် စကုမြို့ ရှင်အာဒိစ္စ လျှောက်ပါသည် ဆရာတော်ဘုရား။ မြင်းမိုရ်, စကြဝဠာ, သီတာ, သတ္တရဘ္ဘန်, အရံကျွန်းကြီးတို့၏ အဝေးအကွာ, အရပ်ထု သင်္ချာပမာဏ၊ ဝိထိ ၃-ပါးတို့၏ အချင်းယူဇနာ အကွာအဝေးများကို နေရာကျ သိမှတ်လေ့ကျက်ဆောင်ရွက်ပါရအောင် သံပေါက်လင်္ကာကဗျာ ရေးသား ကယ်မသနားတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား"။

ဇင်းရဟန်းတော် လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ သံပေါက်လင်္ကာ—

[၁၇၉] ရတနာသုံးတန်၊ ဦးထိပ်ပန်၊ ကိုးတန် ဝန္ဒန။
အန္တရာယ်ပျောက်စေ၊ ကျမ်းပြီးစေ၊ သုံးထွေ ပဏာမ။
မေရုရာဇာ၊ ရှေးဦးစွာ၊ သင်္ချာ ရသမျှ။
အရပ်အကွာ၊ ခွေးနှင့်သာ၊ စားပါ စဉ်သင့်ချ။
အသယကဏ်ဆုံး၊ ခုနစ်လုံး၊ သည်ထုံး မှတ်လေကြ။ ။

ထုကို မကြွင်း၊ လိုသိလျှင်း၊ ချင်းတို့ တစ်ဝက်မျှ။
အရပ်နှင့် ထု၊ အညီပြု၊ မေရု ပဗ္ဗတ။
မေရုရာဇာ၊ တိဂုဏာ၊ သင်္ချာ မဏ္ဍလ။
ချင်းတို့ ဇကန်၊ တောင်ယုဂန်၊ တွင်းနံ မှတ်လေကြ။ ။

ထုကို တစ်ဖန်၊ လောင်းစွက်ပြန်၊ ပြင်နံ အမြဲရ။
အသယကဏ်ဆုံး၊ ခုနစ်လုံး၊ သည်ထုံး ပမာဏ။
အကွာ, အကွာ၊ ပြင်နံမှာ၊ ရောပါ ထာက္ကမ။
အဝန်း ၂-တန်၊ သိလိုပြန်၊ တစ်ဖန် တိရဏ။
မေရု အကွာ၊ ဆိုသည်မှာ၊ လျော်စွာ သိလေကြ။ ။

မေရုနှင့်သာ၊ စက္ကဝါ၊ အကွာ တည်ပြီးမှ။
ဗျည်းနှင့် ဒွယ၊ သတ္တ,နဝ၊ ဗျည်းပဥ္စ၊ သင်္ချာ ယောဇန။

ဇမ္ဗူ့မဇ္ဈေ၊ သိလိုပေ၊ စားလေ ဒွိဘုဋ္ဌ။
တောင်စက္ကဝါ၊ နှင့်အကွာ၊ သချော တထေ၀။
မေရုနှင့်သာ၊ ကျွန်းအကွာ၊ လျော်စွာ သိလေကြ။
အဇ္ဈောမှာ၊ သောင်းလေးဖြာ၊ ကျမ်းလာ မှန်မုချ။
ကျွန်းနှင့် အသယကဏ်၊ ကွာကြဟန်၊ ကြံလေ ယူနိုင်းဆ။
အနံ့ စက္ကဝါ၊ တည်ပြီးကာ၊ စားပါ ဒွိဘုဋ္ဌ။
ခန်း, ဗျည်း, ဇယာ၊ တိသုညာ၊ ဒွယာ ဧကက။
ကျွန်းကြီး ၄-ရပ်၊ ထုတ်ချင်းခတ်၊ မှတ်လေ အကွာရ။
ဆုံးနှင့် တစ်သွယ်၊ မြောက်စဖွယ်၊ ကျွန်းလယ် အဝန်းရ။
အဝန်းတည်မူ၊ အတောင်ပြု၊ စတုဘုဋ္ဌက။
လေးကျွန်းအကွာ၊ စဉ်သင့်သာ၊ မှတ်ပါလေကုန်ကြ။ ။

အနံ့တည်ကာ၊ သုံးနှင့်သာ၊ မြှောက်ပါ အဝန်းရ။
အဝန်းတည်ကာ၊ လေးနှင့်သာ၊ စားပါ အတောင်ရ။
ဤသည် တရပ်၊ စကားချပ်၊ မှတ်လေ မှန်မုချ။
အနံ့ စက္ကဝါ၊ သုံးနှင့်သာ၊ မြှောက်ပါ အဝန်းရ။
ခနှင့် ပဥ္စာ၊ တိသုညာ၊ ဧကာဆတ္တိံသ။
စကြဝဠာ၊ အနံ့မှာ၊ နှုတ်ပါ မေရုရ။
ဒွေနှင့် စားကာ၊ စက္ကဝါ၊ အကွာ မေရုရ။
သုံးနှင့် စားမူ၊ သုံးပုံပြု၊ ၂-ခု ပယ်ကုန်ကြ။
ဗျည်း,သတ်,ပဥ္စာ၊ ဆ,အဋ္ဌာ၊ ဧကာ ယောဇနာ။
အလယ်တစ်ခု၊ စားသုံးပြု၊ သုံးစု ဧကန်ရ။
အန္တော,မဇ္ဈေ၊ ဗာဟိရေ၊ သုံးထွေ ပမာဏာ။
ဇော, ဧကံ, ဇယာ၊ ဆတိကာ၊ ပဥ္စာ ဒွါ ဧက။
နောအဋ္ဌဒွိသာ၊ စ-ငါးမှာ၊ သချော ယောဇနာ။
အကြွင်းသတ်မှာ၊ ဂုဉတာ၊ အထွာ လက်သစ်ရ။
ဝိထိ သုံးဖြာ၊ မေရုရာ၊ အကွာ ညာဏ်နိုင်းဆ။

တိုက်စက္ကဝါ၊ အတွင်းမှာ၊ သချာ ယောဇနာ။
အရပ်အကွာ၊ အထုပါ၊ သီတာ သတ္တမ။
အစဉ်အစဉ်၊ စပ်၍ယှဉ်၊ တွင်း,ပြင် မဏ္ဍလ။
ကျွန်းနှင့် သီတာ၊ ကျွန်းလေးဖြာ၊ ဖီလာ စဉ်သင့်ချ။
တောင်နှင့် တသွယ်၊ မှတ်စဖွယ်၊ ကျွန်းလယ် မဏ္ဍလ။
သုံးသွယ် ဝီထိ၊ တွက်ပုံညှိ၊ ကဝိပဏ္ဍိစ္စ။
ဝိသုံ ဝိသုံ၊ မှတ်လေကုန်၊ ထုံးပုံ ဤနယ။
နောင်လာလူဗိုလ်၊ မှတ်စိမ့်ဆို၊ ကုသိုလ် ဤပုည။
ပတ္တနာရည်မှန်၊ အာနိသံ၊ ဆုံးစွန် နိဗ္ဗာန။
သက္ကရာဇ်ကောဇာ၊ ဆဏ္ဍာဝါ၊ သချာတည်ပြီးမှ။
တြိန်းကြာ၊ ဂုဏိတာ၊ လ-မှာ သရဝဏ္ဍာ။
စဉ်လာ မပျက်၊ ကမ္ဘည်းထွက်၊ ဆန်းရက် ဒွါဒသ။
ပုညသိဒ္ဓိ၊ ဘာဂမိ၊ ဒေမိ ဝေနေယျ။ ။

သေလဝိကပ္ပ, ဒီပဝိကပ္ပ, ဝီထိဝိကပ္ပ၊ ပတ္ထာရ ၃-နည်း သံပေါက်လင်္ကာ ပြီး၏။

ဇောဇေဇာ်ဇယာ၊ ဆတိကာ၊ ပဥ္စာ ဒွိ ဇေ။
နောအင်္ဂဒ္ဒိသာ၊ စ-ငါးမှာ၊ သချာ ယောဇနာ။
အကြွင်းသတ်မှာ၊ ဂုဥတာ၊ အထွာ လက်သစ်ရ။ ။ —

ဟူရာ၌ ၆-ခုအစ, ၄-ခုအဆုံးရှိသော ၁၂-လုံးသော သချာတို့တွင် အစ ၅-လုံးမှာ ယူဇနာကို ယူ။ အကြွင်း ၂-ခုမှာ ၂-ဂါဝုတ်, ၅၃-ဥသဘ, ၆-တာ, ၄-တောင်, ၁-ထွာ, လက် ၄-သစ် ယူလေ-ဟူလို၏။

"ဂုဥတာ"ဟူရာ၌ ဂါဥ-ဟု ပုဒ်ဖြတ်၍ ဥသဘမှာ သချာ ၂-ခု ယူလေ။ "အဇေဇာ" ဟူရာ၌ အဝီစိ, ဇမ္ဗူဒီပါ, အသုရာ, တာဝတိံသာ၊ ဤသောင်း ၄-ရပ်ကို ပြသည်။

"သက္ကရာဇ်ကောဇာ၊ ဆဏ္ဍာဝါ"ဟူရာ၌ ၄၆-ခု ဟူလို၏။ ၎င်း ၄၆-ခုကို တည်၍ တြိန်းနှင့် ၃-ခါ မြှောက်လျှင် ၁၂၄၂-ခု ဖြစ်၏။ "ဆဏ္ဍာဝါ"ကို "ဆ အဏ္ဍာဝါ"ဟု ပုဒ်ဖြတ်၍ ဆ ၆-ခုဟော, အဏ္ဍာဝ-သဒ္ဒါ သမုဒ္ဒရာဟော ၄-ခု၊ ၄၆-ခု ဟူလို၏။

မြင်းမိုရ်, စကြဝဠာ သံပေါက်လင်္ကာ ပြီး၏။

စကုမြို့၊ ရှင်အာဒိစ္စက "မြင်းမိုရ်, စကြဝဠာ, သီတာ, သတ္တရဘ္ဘန်, အရံကျွန်းကြီးတို့၏ အဝေးအကွာ၊ အရပ်ထု သဏ္ဌာပမာဏ၊ ဝိထိ ၃-ပါးတို့၏ အချင်းယူဇနာ အကွာအဝေးများကို နေရာကျ သိမှတ်လေ့ကျက် ဆောင်ရွက်ပို့ချပါရအောင် သံပေါက်လက်ာရေးသားကယ်မတော်မူပါ"ဟု လျှောက်သောကြောင့် ၁၂၄၁-ခု၊ နယုန်လဆန်း၊ ၄-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## ရဟန်းတော် ရှင်အာစိဏ္ဏ-က ရုပ်ကလာပ်တို့၏ ဖြစ်ဟန်ကို သိမှတ်လိုကြောင်းနှင့် လျှောက်ထားချက်

[၁၈၀] "ဘုရားတပည့်တော် ရမည်းသင်းမြို့၊ ရှင်အာစိဏ္ဏ လျှောက်ပါသည် ဆရာတော်ဘုရား။

ပရိပုဏ္ဏိန္ဒြိယဖြစ်သော ဤကာယအစု၊ သမုတိပညတ်၌ ရုပ်ကလာပ်တို့၏ ဖြစ်ဟန်ကို နေရာကျကျ သန္နိဋ္ဌာန်ချ၍ သိမှတ်ပါရအောင် အမိန့်ရှိတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား"။

၎င်းရဟန်းတော် လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ—

[၁၈၀] ပရိပုဏ္ဏိန္ဒြိယဖြစ်သော ကာယအစု၊ သမုတိပညတ်၌ ရုပ်ကလာပ်တို့၏ဖြစ်ဟန်ကို မေးလျှောက်သည်မှာ—

ကရီသ, ဥဒရိယကြဉ်သော ပထဝီဓာတ် ၁၈-ခု၊

ပိတ္တ, သေမှ, လောဟိတ, မေဒ, ဝသာ, လသိကာ-အားဖြင့် အာပေါဓာတ် ၆-ခု၊

ပေါင်း ၂၄-ခုသော ကောဋ္ဌာသတို့သည် ကံ, စိတ်, ဥတု, အာဟာရတည်းဟူသော အကြောင်းတရား ၄-ပါးတို့ကြောင့် ၂၄-ပါးကုန်သော အစုတို့တွင် ၁-ခုသောအစု၌ ကာယဒသကကလာပ်-၁၀, ဘာဝဒသကကလာပ် ၁၀-အားဖြင့် ၂-ပါး,၂-ပါးကုန်သော ကံကြောင့်ဖြစ်သော ဒသကကလာပ်တို့သည် ဖြစ်ကုန်ရကား ၄၈-ပါးကုန်သော ဒသကကလာပ်တို့သည် ဖြစ်ကုန်၏။

စက္ခုဒသကကလာပ်-၁၀, သောတဒသကကလာပ်-၁၀,

ဃာနဒသကကလာပ်-၁၀, ဇိဝှါဒသကကလာပ်-၁၀,

ဝတ္ထုဒသကကလာပ်-၁၀၊ —

အားဖြင့် ပဒေသဒသကကလာပ်လည်း ၅-ခုဖြစ်ရကား ဒသကကလာပ်ကား ၅၃-ခု ဖြစ်၏။

သန္တပ္ပနတေဇော, ဇိရဏတေဇော, ဒဟနတေဇော,

ဥဒ္ဓင်္ဂမဝါတာ, အဓောဂမဝါတာ, ကုစ္ဆိဋ္ဌဝါတာ,

ကောဋ္ဌာသယဝါတာ, အင်္ဂမင်္ဂါနုသာရိဝါတာ၊

ဤ ၈-ပါးကုန်သော ကောဋ္ဌာသတို့သည်လည်း ကံ, စိတ်, ဥတု, အာဟာရတည်း-ဟူသော အကြောင်းတရား ၄-ပါးတို့ကြောင့် ဖြစ်ရကား—

- ၈-ခုသော ကောဋ္ဌာသတို့၌ ဇီဝိတနဝကကလာပ် ၈-ခု,
- ပါစကဂ္ဂိ-၌ ဇီဝိတနဝကကလာပ် ၁-ခု,
- စိတ္တဇဖြစ်သော ဝစီဝိညတ်ကင်းသော သဒ္ဒနဝကကလာပ် ၁-ခု,
- ဥတုဇဖြစ်သော သဒ္ဒနဝကကလာပ် ၁-ခုအားဖြင့်—

နဝကကလာပ်ကား ၁၁-ခု ဖြစ်၏။

ဆိုအပ်ခဲ့ပြီးသော ကရီသ, ဥဒရိယကြဉ်သော ၂၄-ပါးကုန်သော ကောဋ္ဌာသတို့တွင် ၁-ခု, ၁-ခုသော ကောဋ္ဌာသ၌ စိတ္တဇအဋ္ဌကလာပ် ၈-ခု၊ ဥတုဇအဋ္ဌကလာပ် ၈-ခု၊ အာဟာရဇကလာပ် ၈-ခုအားဖြင့် ၃-ခု, ၃-ခုစီဖြစ်ရကား အဋ္ဌကလာပ်ပေါင်း ၂၄(၇၂)-ခု ဖြစ်၏။

ဒွိဇဖြစ်သော သေမှ, သိယ်ာဏိကာ, အဿု, ခေဠ၊ ဤ ၄-ခုသော ကောဋ္ဌာသတို့တွင် တစ်ခုတစ်ခုသော ကောဋ္ဌာသ၌ စိတ္တဇအဋ္ဌကလာပ် ၈-ခု၊ ဥတုဇအဋ္ဌကလာပ် ၈-ခုအားဖြင့် ၂-ခု, ၂-ခုစီဖြစ်ရကား ၈-ခုသော အဋ္ဌကလာပ်တို့သည် ဖြစ်ကုန်၏။

ဧကဇဖြစ်သော ပုဗ္ဗ, မုတ္တ, ကရီသ, ဥဒရိယ-ဟူသော ၄-ခုသော ကောဋ္ဌာသတို့၌ ဥတုဇအဋ္ဌကလာပ် ၄-ခု၊ အဿာသ၌ စိတ္တဇအဋ္ဌကလာပ် ၁-ခုအားဖြင့် အဋ္ဌကလာပ်ပေါင်းကား ၁၀၉-ခု ဖြစ်၏။ ထို့ကြောင့် ဒသကကလာပ် ၅၃-ခုကို အသီးအသီးယူသော် ၅၃၀-ဖြစ်၏။ နဝကကလာပ် ၁၁-ခု၌ ၉၉-ခု ဖြစ်၏။ အဋ္ဌကလာပ် ၁၀၉-ခု၌ ၈၇၂-ခု ဖြစ်၏။ အလုံးစုံကို ပေါင်းသော် ၁၅၀၁-ခု ဖြစ်၏။

ထို့ကြောင့် သစ္စသံခေပကျမ်း၊ ပဌမပရိစ္ဆေဒ ရူပသံခေပ၌–

**သေ'ကပဥ္စသတံ ကာယေ၊ သဟဿန္တံ ပဝတ္တတိ။**
**ပရိပုဏ္ဏိန္ဒြိယေ ရူပံ၊ နိပ္ဖန္နံ ဓာတုဘေဒတော။ ။**

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ပရိပုဏ္ဏိန္ဒြိယေ၊ ပြည့်သော ဣန္ဒြေရှိသော။ ကာယေ၊ ကိုယ်၌။ နိပ္ဖန္နံ၊ ဖြစ်သော။ တံ ရူပံ၊ ထိုရုပ်သည်။ ဓာတုဘေဒတော၊ ဓာတ်အပြားအားဖြင့်။ သေ'ကပဥ္စသတံ၊ ၅၀၁-ခုနှင့်တကွသော။ သဟဿံ၊ ၁,၀၀၀-သည်။ ပဝတ္တတိ၊ ဖြစ်၏။

“လက္ခဏာ'ကာသရူပါနိ၊ ကလာပေသု တဟိံ တဟိံ”ဟု ကျမ်းဆရာတို့ မိန့်ဆိုသောကြောင့် ၁,၅၀၁-ခုသော ရုပ်တို့၌ လက္ခဏရုပ် ၄-ခု အာကာသဓာတ်တို့သည် ဖြစ်ကုန်ရကား ၁၅၀၁-ခုကို ၅-ခုဖြင့် မြှောက်သော် ၇,၅၀၅-ခုသော ရုပ်တို့သည် ဖြစ်ကုန်၏။

လက္ခဏာ'ကာသရူပါနိ၊ လက္ခဏရုပ် ၄-ခု အာကာသဓာတ်တို့သည်။ တဟိံ တဟိံ ကလာပေသု၊ ထိုထိုသို့သော ကလာပ်တို့၌။ ဟောန္တိ၊ ဖြစ်ကုန်၏။

ထိုစကားရပ်ကို အကျယ်သိလိုလျှင် သစ္စသံခေပကျမ်း၊ ၎င်းအဖွင့်ဋီကာတို့မှာ ကြည့်လေ။ ရမည်းသင်းမြို့ ရှင်အာစိဏ္ဏက “ပရိပုဏ္ဏိန္ဒြိယဖြစ်သော ကာယအစု သမုတိပညတ်၌ ရုပ်ကလာပ်တို့၏ဖြစ်ဟန်ကို နေရာကျ သိလိုပါသည်”ဟု လျှောက်သောကြောင့် ကျမ်းဂန်အလာ ဒေသနာနယကို ညွှန်ပြထုတ်ဆောင်၍ ၁၂၄၁-ခု၊ နယုန်လဆန်း၊ ၁၀-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိဒ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## ရဟန်းတော် ရှင်ဂုဏဝန္တ-က နရသီဟော-စသော ၁၀-ဂါထာတို့ကို မေးလျှောက်ချက်

[၁၈၁] “ဘုရားတပည့်တော် ညောင်ရမ်းမြို့၊ ရှင်ဂုဏဝန္တ လျှောက်ပါသည် ဆရာတော်ဘုရား။

အောက်၌ ပြဆိုလတ္တံ့သော နရသီဟ ၁၀-ဂါထာတို့၏ အနက်သဘာဝကို နေရာကျ မသိနိုင်ရှိသည်ဖြစ်ပါ၍ နေရာကျ သိမှတ်ပါရအောင် အနက်ရေးသားကယ်မ သနားတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား”။

ၡင်းရဟန်းတော် လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ—

[၁၈၁] ၁။ သိနိဒ္ဓနီလမုဒုကုဥ္စိတကေသော၊ သူရိယနိမ္မလတလာဘိနလာဋော။
ယုတ္တတုင်္ဂမုဒုကာယတနာသော၊ ရံသိဇာလဝိတတော နရသီဟော။ ။

၂။ စက္ကဝရင်္ကိတရတ္တသုပါဒေါ၊ လက္ခဏမဏ္ဍိတအာယတပဏှိ။
စာမရီဆတ္တဝိဘူသိတပါဒေါ၊ ဧသ ဟိ တုယှ ပိတာ နရသီဟော။ ။

၃။ သကျကုမာရဝရော သုခုမာလော၊ လက္ခဏစိတ္တကပုဏ္ဏသရီရော။
လောကဟိတာယ ဂတော နရဝီရော၊ ဧသ ဟိ တုယှ ပိတာ နရသီဟော။ ။

၄။ ပုဏ္ဏသသင်္ကနိဘော မုခဝဏ္ဏော၊ ဒေဝနရာန ပိယော နရနာဂေါ။
မတ္တဂဇိန္ဒ ဝိလာသိတဂါမီ၊ ဧသ ဟိ တုယှ ပိတာ နရသီဟော။ ။

၅။ ခတ္တိယသမ္ဘဝအဂ္ဂကုလီနော၊ ဒေဝမနုဿနမဿိတပါဒေါ။
သီလသမာဓိပတိဋ္ဌိတစိတ္တော၊ ဧသ ဟိ တုယှ ပိတာ နရသီဟော။ ။

၆။ အာယတယုတ္တသုသဏ္ဌိတနာသော၊ ဂေါပခုမော အဘိနီလသုနေတ္တော။
ဣန္ဒဓနုအဘိနီလဘမုကော၊ ဧသ ဟိ တုယှ ပိတာ နရသီဟော။ ။

၇။ ဝဋ္ဋသုဝဋ္ဋသုသဏ္ဌိတဂီဝေါ၊ သီဟဟနုမိဂရာဇသရီရော။
ကဉ္စနသုစ္ဆဝိဥတ္တမဝဏ္ဏော၊ ဧသ ဟိ တုယှ ပိတာ နရသီဟော။ ။

၈။ သိနိဒ္ဓသုဂမ္ဘီရမဉ္ဇုသဃောသော၊ ဟိင်္ဂုလဗန္ဓုကရတ္တသုဇိဝှော။
ဝီသတိ ဝီသတိ သေတသုဒန္တော၊ ဧသ ဟိ တုယှ ပိတာ နရသီဟော။ ။

၉။ အဉ္ဇနဝဏ္ဏသုနီလသုကေသော၊ ကဉ္စနပဋ္ဋဝိသုဒ္ဓနလာဋော။
ဩသဓိပဏ္ဍရသုဒ္ဓသုဥဏ္ဏော၊ ဧသ ဟိ တုယှ ပိတာ နရသီဟော။ ။

၁၀။ ဂစ္ဆတိ'နီလပထေ ဝိယ စန္ဒော၊ တာရာဂဏပရိဝေဋ္ဌိတရူပေါ။
သာဝကမဇ္ဈဂတော သမဏိန္ဒော၊ ဧသ ဟိ တုယှ ပိတာ နရသီဟော။ ။

( မှတ်ချက်။ ။ သာ႒တ္ထ၊ဋီ၊၃။၂၄၆-၇ အရ ပြင်ထားသည်။ ဇာ၊ဌ၊၁။၁၀၄-နှင့် ဂါထာ အစဉ်လည်း မတူ၊ အချို့ပါဠိလည်း မတူသည် ရှိ၏။)

----- x -----

၁။ သိနိဒ္ဓနီလမုဒုကုဥ္စိတကေသော၊ သူရိယနိမ္မလတလာဘိနလာဋော။
ယုတ္တတုင်္ဂမုဒုကာယတနာသော၊ ရံသိဇာလဝိတတော နရသီဟော။ ။

သိနိဒ္ဓနီလမုဒုကုဉ္စိတကေသော၊ ပြေပြစ်သော, အလွန်မည်းသော, နူးညံ့သော, မကောက်သော ဆံရှိတော်မူထသော။ သူရိယနိမ္မလတလာဘိနလာဋ္ဌော၊ အညစ်အကြေးကင်းသော, နေဝန်းအပြင်ကဲ့သို့သော နဖူးပြင်ရှိတော်မူထသော။ ယုတ္တတုင်္ဂမုဒုကာယတနာသော၊ မြင့်ခြင်းနှင့် ယှဉ်သော, နူးညံ့သော နှာခေါင်းတော် ရှိတော်မူထသော။ ရံသိဇာလဝိတတော၊ ရောင်ခြည်တည်းဟူသော ကွန်ရက်ဖြင့် ထွန်းလင်းတော်မူထသော။ ကုယ့်၊ သင်၏။ ပိတာ၊ ခမည်းတော်ဖြစ်သော။ ဧသ ဧသော၊ ဤသိဒ္ဓတ္ထမင်းသားသည်။ နရသီဟော၊ လူတို့ထက် မြတ်တော်မူ၏။

တစ်နည်း နရသီဟော၊ လူတို့ထက် မြတ်တော်မူသော။ တုယှံ၊ သင်၏။ ပိတာ၊ ခမည်းတော်ဖြစ်သော။ ဧသ ဧသော၊ ဤသိဒ္ဓတ္ထမင်းသားသည်။ သိနိဒ္ဓနီလမုဒုကုဉ္စိတကေသော၊ ပြေပြစ်သော, အလွန်မည်းသော, နူးညံ့သော, မကောက်သော ဆံရှိတော်မူ၏။ ဤသို့ စသည် ပေးလေ။ နောက်ဂါထာတို့၌လည်း နည်းတူ။

၂။ စက္ကဝရင်္ကိတရတ္တသုပါဒေါ၊ လက္ခဏမဏ္ဍိတအာယတပဏှိ။
စာမရိဆတ္တဝိဘူသိတပါဒေါ၊ ဧသ ဟိ တုယှ ပိတာ နရသီဟော။ ။

စက္ကဝရင်္ကိတရတ္တသုပါဒေါ၊ စက်လက္ခဏာတို့ဖြင့် တင့်တယ်သော, နီသောခြေဖဝါးတော်လည်း ရှိတော်မူထသော။ လက္ခဏမဏ္ဍိတအာယတပဏှိ၊ လက္ခဏာတို့ဖြင့် တန်ဆာဆင်အပ်သော ရှည်သော ဖနောင့်တော်လည်း ရှိတော်မူထသော။ စာမရိဆတ္တဝိဘူသိတပါဒေါ၊ သားမြီးယပ်, ထီးဖြူ-စသော ၁၀၈-ကွက် စက်လက္ခဏာတော်တို့ဖြင့် တန်ဆာဆင်အပ်သော ခြေဖဝါးတော်လည်း ရှိတော်မူထသော။ တုယှံ၊ သင်၏။ ပိတာ၊ သော။ ဧသ ဧသော၊ သည်။ နရသီဟော၊ ၏။

၃။ သက္ယကုမာရဝရော သုခုမာလော၊ လက္ခဏစိတ္တကပုဏ္ဏသရီရော။
လောကဟိတာယ ဂတော နရဝီရော၊ ဧသ ဟိ တုယှ ပိတာ နရသီဟော။ ။

သက္ယကုမာရဝရောသုခုမာလော၊ သာကီဝင်မင်းတကာတို့ထက် မြတ်သည်ဖြစ်၍ နူးညံ့တော်မူထသော။ လက္ခဏစိတ္တကပုဏ္ဏသရီရော၊ ဆန်းကြယ်သော လက္ခဏာတော်တို့နှင့် ပြည့်စုံသော ကိုယ်ရှိတော်မူထသော။ လောကဟိတာယ ဂတော နရဝီရော၊ လူတို့၏ အကျိုးစီးပွါးကို သိတော်မူသည်ဖြစ်၍ လူတွင် လူမြတ်ဖြစ်တော်မူထသော။ တုယှံ၊ သင်၏။ ပိတာ၊ သော။ ဧသ ဧသော၊ သည်။ နရသီဟော၊ ၏။

၄။ ပုဏ္ဏသသင်္ကနိဘော မုခဝဏ္ဏော၊ ဒေဝနရာန ပိယော နရနာဂေါ။
မတ္တဂဇိန္ဒ ဝိလာသိတဂါမီ၊ ဧသ ဟိ တုယှ ပိတာ နရသီဟော။ ။

ပုဏ္ဏာသသက်နိဘော မုခဝဏ္ဏော၊ အလွန်ဖြူစင်သော လပြည့်ဝန်းကဲ့သို့သော မျက်နှာအဆင်း ရှိတော်မူထသော။ ဒေဝနရာန ပိယော နရနာဂေါ၊ နတ်,လူတို့သည် ချစ်မြတ်နိုးအပ်သည်ဖြစ်၍ လူတွင် လူမြတ်ဖြစ်တော်မူထသော။ မတ္တဂဇိန္ဒဝိလာသိတဂါမီ၊ ဖြေးညင်းစွာ သွားသော ဆဒ္ဒန်ဆင်မင်းကဲ့သို့ တင့်တယ်သောသွားခြင်း ရှိတော်မူထသော။ တုယှံ၊ ၏။ ပိတာ၊ သော။ ဧသ ဧသော၊ သည်။ နရသီဟော၊ ၏။

၅။ ခတ္တိယသမ္ဘဝအဂ္ဂကုလီနော၊ ဒေဝမနုဿနမဿိတပါဒေါ။
သီလသမာဓိပတိဋ္ဌိတစိတ္တော၊ ဧသ ဟိ တုယှ ပိတာ နရသီဟော။ ။

ခတ္တိယသမ္ဘဝအဂ္ဂကုလီနော၊ သာကီဝင်မင်းမျိုးဖြစ်၍ အမျိုးအားဖြင့် မြတ်တော်မူထသော။ ဒေဝမနုဿနမဿိတပါဒေါ၊ နတ်,လူတို့ ပူဇော်မြတ်နိုး ရှိခိုးထိုက်သော ခြေရှိတော်မူထသော။ သီလသမာဓိပတိဋ္ဌိတစိတ္တော၊ သီလသမာဓိ၌ တည်သော စိတ်ရှိတော်မူထသော။ တုယှံ၊ ၏။ ပိတာ၊ သော။ ဧသ ဧသော၊ သည်။ နရသီဟော၊ ၏။

၆။ အာယတယုတ္တသုသဏ္ဌိတနာသော၊ ဂေါပခုမော အဘိနီလသုနေတ္တော။
ဣန္ဒဓနုအဘိနီလဘမုကော၊ ဧသ ဟိ တုယှ ပိတာ နရသီဟော။ ။

အာယတယုတ္တသုသဏ္ဌိတနာသော၊ ရှည်ခြင်းနှင့် ယှဉ်သော, ကောင်းသော သဏ္ဌာန်ရှိသော နှာခေါင်းတော် ရှိတော်မူထသော။ ဂေါပခုမော အဘိနီလသုနေတ္တော၊ ယနေ့ မွေးသော နွားငယ်၏ မျက်လုံးကဲ့သို့ အလွန်ညိုသော မျက်လုံးတော် ရှိတော်မူထသော။ ဣန္ဒဓနုအဘိနီလဘမုကော၊ သက်တင်ရေးကဲ့သို့ အလွန်ညိုသော မျက်မှောင်တော်လည်း ရှိတော်မူထသော။ တုယှံ၊ ၏။ ပိတာ၊ သော။ ဧသ ဧသော၊ သည်။ နရသီဟော၊ ၏။

၇။ ဝဋ္ဋသုဝဋ္ဋသုသဏ္ဌိတဂီဝေါ၊ သီဟဟနုမိဂရာဇသရီရော။
ကဉ္စနသုစ္ဆဝိဥတ္တမဝဏ္ဏော၊ ဧသ ဟိ တုယှ ပိတာ နရသီဟော။ ။

ဝဋ္ဋသုဝဋ္ဋသုသဏ္ဌိတဂီဝေါ၊ မုရိုးစည်ကဲ့သို့ အလွန်လုံးသည်ဖြစ်၍ ကောင်းစွာတည်သော လည်တော်လည်း ရှိတော်မူထသော။ သီဟဟနု၊ ခြင်္သေ့မင်း၏မေးကဲ့သို့ ၁၂-ရက်၌ တက်ထွန်းရောင်ပ လ-နှင့်တူသော မေးတော်လည်း ရှိတော်မူထသော။ မိဂရာဇသရီရော၊ ခြင်္သေ့မင်း၏ ရှေ့ထက်ဝက်ကဲ့သို့ ပြည့်ဖြိုးသော ကိုယ်တော်လည်း ရှိတော်မူထသော။ ကဉ္စနသုစ္ဆဝိဥတ္တမဝဏ္ဏော၊ ရွှေအဆင်းကဲ့သို့ တင့်တယ်သော အရေရှိသည်ဖြစ်၍ မြတ်သော အဆင်းရှိတော်မူထသော။ တုယှံ၊ ၏။ ပိတာ၊ သော။ ဧသ ဧသော၊ သည်။ နရသီဟော၊ ၏။

၈။ သိနိဒ္ဓသုဂမ္ဘီရမဉ္ဇုသယောသော၊ ဟိင်္ဂုလဗန္ဓုကရတ္တသုဇိဝှေါ။
ဝီသတိ ဝီသတိ သေဘသုဒန္တော၊ ဧသ ဟိ တုယှ ပိတာ နရသီဟော။ ။

သိနိဒ္ဓသုဂမ္ဘီရမဉ္ဇုသယောသော၊ ပြေပြစ်သန့်ရှင်းစွာ လေးနက်သာယာသော အသံ တော် ရှိတော်မူထသော။ ဟိင်္ဂုလဗန္ဓုကရတ္တဇိဝှေါ၊ ဆုန်းမှုန့်ညက်ဖြင့် တပ်သကဲ့သို့ နီမြန်း သော လျှာတော်လည်း ရှိတော်မူထသော။ ဝီသတိ ဝီသတိ သေတသုဒန္တော၊ အထက်အဖို့ အားဖြင့်-၂၀, အောက်အဖို့အားဖြင့် ၂၀-ဖြစ်၍ ၄၀-စေ့သော ဖြူစင်သော သွားတော်လည်း ရှိတော်မူထသော။ တုယှံ၊ ၏။ ပိတာ၊ သော။ ဧသ ဧသော၊ သည်။ နရသီဟော၊ ၏။

၉။ အဉ္ဇနဝဏ္ဏသုနီလသုကေသော၊ ကဉ္စနပဋ္ဋဝိသုဒ္ဓနလာဋော။
ဩသဓိပဏ္ဍရသုဒ္ဓသုဥဏ္ဏော၊ ဧသ ဟိ တုယှ ပိတာ နရသီဟော။ ။

အဉ္ဇနဝဏ္ဏသုနီလသုကေသော၊ မျက်စဉ်းညိုအဆင်းကဲ့သို့ အလွန်ညိုသော ဆံတော်လည်း ရှိတော်မူထသော။ ကဉ္စနပဋ္ဋဝိသုဒ္ဓနလာဋော၊ ရွှေပြားကဲ့သို့ အလွန်စင်ကြယ် သော နဖူးပြင်လည်း ရှိတော်မူထသော။ ဩသဓိပဏ္ဍရသုဒ္ဓသုဥဏ္ဏော၊ သောက်ရှူးကြယ် ကဲ့သို့ အလွန်ဖြူစင်သော ဥဏ္ဏာလုံမွေးရှင်တော်လည်း ရှိတော်မူထသော။ တုယှံ၊ ၏။ ပိတာ၊ သော။ ဧသ ဧသော၊ သည်။ နရသီဟော၊ ၏။

၁၀။ ဂစ္ဆတိ'နီလပထေ ဝိယ စန္ဒော၊ တာရာဂဏာပရိဝေဋ္ဌိတရူပေါ။
သာဝကမဇ္ဈဂတော သမဏိန္ဒော၊ ဧသ ဟိ တုယှ ပိတာ နရသီဟော။ ။

တာရာဂဏာပရိဝေဋ္ဌိတရူပေါ၊ တာရာအပေါင်းတို့ဖြင့် ခြံရံသည်ဖြစ်၍ တင့်တယ် ခြင်းရှိသော။ စန္ဒော၊ လမင်းသည်။ အနိလပထေ၊ ကောင်းကင်အပြင်၌။ ဂစ္ဆတိ ဝိယ၊ သွားသကဲ့သို့။ သာဝကမဇ္ဈဂတော၊ သာဝကအပေါင်းတို့၏အလယ်၌ ရောက်သော။ သမဏိန္ဒော၊ ရဟန်းတို့ကို အစိုးရတော်မူသော။ တုယှံ၊ သင်၏။ ပိတာ၊ ခမည်းတော် ဖြစ်သော။ ဧသ ဧသော၊ ဤသိဒ္ဓတ္ထမင်းသားသည်။ နရသီဟော၊ လူတို့ထက် မြတ်တော် မူ၏။ (သာရတ္ထ၊ဋီ၊၃။၂၄၆-၂၄၇)

ပေါင်း ၁၀-ဂါထာအနက် ပြီး၏။

ညောင်ရမ်းမြို့၊ ရှင်ဝဏ္ဏဝံသက “နရသီဟ ၁၀-ဂါထာတို့၏ အနက်သဘောကို နေရာတကျ သိမှတ်လိုပါသည်”ဟု လျှောက်သောကြောင့် ၁၂၄၁-ခု၊ နယုန်လဆန်း၊ ၁၂- ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိမ်မြို့၊ ပလိုင်း၍သာ၊ လုံးတော်ဆရာတော် ဖြေဆို အမိန့်ရှိလိုက်သည်။

★★★★★★★

## ဒါယကာမောင်အုံး-က ဝါတော်အစဉ်ကို သိလိုကြောင်းနှင့် လျှောက်ထားချက်

[၁၈၂] "ဘုရားတပည့်တော် ရတနာပုံရွှေမြို့တော်၊ ရွှေလက်ဝဲတန်းရပ်နေ ဒကာအုံး ခြေတော်ဦးခိုက် လျှောက်ဝံ့ပါသည် ဆရာတော်ဘုရား။

မြတ်စွာဘုရား ဝါဆိုတော်မူသော အစဉ်ကို မြို့မည်, ရွာမည်နှင့်တကွ ဂါထာ အကျဉ်း စီကုံးရေးသား ကယ်မသနားတော်မူပါမည့်အကြောင်းကို လျှောက်ပါ သည် ဆရာတော်ဘုရား"။

ရင်းဒါယကာမောင်အုံး လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ—

[၁၈၂] ပဉ္စတာလီသဝဿေသု၊ ဗာ, ရာ, ဝေ, မ, တိ, သံ, ကု, ပ။
နာ, ဝေ, စာ, သာ, က, အာ, ရာ, စာ၊ ရာသု ပမှိ ယထာက္ကမံ။

ကံ, ဂါ, ကံ, ယံ, ဋ္ဌ, ပံ, ကော, ပ၊ ပ, ကော, ဋ္ဌ, ပံ, က, ယံ, ဋ္ဌ, ကော။
ရာစ ဝီသတိဝဿာနိ၊ တေသု စာ ရာမှိ စမှိ ဌာ။

ဇေ ပုဗ္ဗေဝ တတော ဋ္ဌယာ၊ စာ ဒု,တမှိ ယထာက္ကမံ။
ပဉ္စတာလီသဝဿာနိ၊ သုဋ္ဌု ဇာနေယျ ပဏ္ဍိတော။ ။

ဝါဆိုစဉ် ၃-ဂါထာ ပဋ္ဌာဝတ္တချည်း။

ပဉ္စတာလီသဝဿေသု၊ ၄၅-ဝါတို့တွင်။ ပမှိ၊ ပဌမပေါဒ်၌။ ဗာ, ရာ, ဝေ, မ, တိ, သံ, ကု, ပ, နာ, ဝေ, စာ, သာ, က, အာ, ရာ, စာ, ရာသု၊ ဗာရာဏသီပြည်, ရာဇဂြိုဟ်ပြည်, ဝေသာလီပြည်, မကုလတောင်, တာဝတိံသာ, သံသုမာရဂီရိပြည်, ကောသမ္ဗီပြည်, ပါလိ-လေယျမည်သော ဆင်၏နေရာ ဟိမဝန္တာတော, နာလမည်သော ပုဏ္ဏားရွာ, ဝေရဉ္ဇာပြည်, စာလိယတောင်, သာဝတ္ထိပြည်, ကပိလဝတ်ပြည်, အာဠဝီပြည်, ရာဇဂြိုဟ်ပြည်, စာလိယ တောင်, ရာဇဂြိုဟ်ပြည်တို့၌။ ယထာက္ကမံ၊ အစဉ်အတိုင်း။

| | | | |
|---|---|---|---|
| ကံ၊ ၁-ဝါ။ | ဂါ၊ ၃-ဝါ။ | ကံ၊ ၁-ဝါ။ | ယံ၊ ၁-ဝါ။ |
| ဋ္ဌ၊ ၁-ဝါ။ | ပံ၊ ၁-ဝါ။ | ကော၊ ၁-ဝါ။ | ပ၊ ၁-ဝါ။ |
| ပ၊ ၁-ဝါ။ | ကော၊ ၁-ဝါ။ | ဋ္ဌ၊ ၁-ဝါ။ | ပံ၊ ၁-ဝါ။ |
| က၊ ၁-ဝါ။ | ယံ၊ ၁-ဝါ။ | ဋ္ဌ၊ ၁-ဝါ။ | ကော၊ ၁-ဝါ။ |

ရာ၊ ၂-ဝါ။

က္ကတိ၊ ဤသို့။ ဝီသတိဝဿာနိ၊ ဝါ ၂၀-တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

တေသု၊ ထို ဝါ ၂၀-တို့တွင်။ ဝါ၊ ၁၇-ဌာနတို့တွင်။ ရာမို၊ ရာဇဂြိုဟ်၌။ စာ၊ ၆-ဝါတို့သည်လည်းကောင်း။ စမို၊ စာလိယတောင်၌။ ဌာ၊ ၂-ဝါတို့သည်လည်းကောင်း။ ဟောန္တိ၏။ တတော၊ ထိုဝါ ၂၀-မှ။ ဝါ၊ ထိုပဌမဗောဓိမှ။ ဒု,တမို၊ ဒုတိယဗောဓိ, တတိယဗောဓိ၌။ ဇေ ပုဗ္ဗေ၊ ဇေတဝန်ကျောင်း, ပုဗ္ဗာရုံကျောင်း၌သာလျှင်။ ယထာက္ကမံ၊ အစဉ်အတိုင်း။ ဋ္ဌယာ၊ ၁၉-ဝါတို့သည်လည်းကောင်း။ စာ၊ ၆-ဝါတို့သည်လည်းကောင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ က္ကတိ၊ ဤသို့။ ပဉ္စတာလီသဝဿာနိ၊ ၄၅-ဝါတို့ကို။ ပဏ္ဍိတော၊ ပညာရှိသည်။ သုဋ္ဌု၊ ကောင်းစွာ။ ဇာနေယျ၊ သိရာ၏။

ဋင်းစကားရပ်ကို အကျယ်သိလိုလျှင် ဇိနာလင်္ကာရဋီကာ(၂၇၇), အင်္ဂုတ္တိုရ်အဋ္ဌကထာ, ဗုဒ္ဓဝင်အဋ္ဌကထာ(၄) တို့မှာ ကြည့်လေ။

ရတနာပုံရွှေမြို့တော်၊ ရွှေလက်ဝဲတန်းနေ ဒကာအေး-က "ဝါဆိုတော်မူသောအစဉ်ကို မြို့မည်,ရွာမည် နေရပ်ဌာနနှင့်တကွ နေရာကျ သိမှတ်လိုပါသည်"ဟု လျှောက်သောကြောင့် ကျမ်းဂန်အလာ ဒေသနာနယကို ထောက်ဆနိုင်းညှိဆင်ခြင်၍ ၁၂၄၁-ခု၊ နယုန်လပြည့်ကျော်၊ ၁၂-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိမ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## ရွှေလက်ဝဲတန်းရပ်နေ ဒကာမောင်အုံး-က မြတ်စွာဘုရား ဖြည့်ကျင့်တော်မူသည့် ပါရမီတော် ၁၀-ပါးကို ဇာတ်မည်နှင့်တကွ သိမှတ်ရန် ထပ်မံလျှောက်ထားချက်

[၁၈၃] "ဘုရားတပည့်တော် ရတနာပုံရွှေမြို့တော်၊ ရွှေလက်ဝဲတန်းရပ်နေ ဒကာအုံး ခြေတော်ဦးခိုက် လျှောက်ဝံ့ပါသည် ဆရာတော်ဘုရား။

မြတ်စွာဘုရား ဖြည့်ကျင့်တော်မူသော ဒါန-စသော ပရမတ္ထပါရမီတော်ကို ဇာတ်မည်နှင့်တကွ အကျဉ်းမှတ်သားပါရအောင် ကယ်မသနားတော်မူပါမည့် အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား"။

ငှင်းဒကာမောင်အုံး လျှောက်ထားချက်အရ အဖြေဝိသဇ္ဇနာ—

[၁၈၃] သ-ဒါ၊ သံ-သီ၊ စူ-နိ၊ သေ-ပ၊ ဇ-ဝိ၊
ခံ-ခံ၊ မ-သ၊ မူ-အ၊ ဧ-မေ၊ လော-ဥ။

| | |
|---|---|
| ဒါ၊ ဒါနပရမတ္ထပါရမီ။ | သ၊ သသဇာတ်။ |
| သီ၊ သီလပရမတ္ထပါရမီ။ | သံ၊ သင်္ခပါလဇာတ်။ |
| နိ၊ နိက္ခမပရမတ္ထပါရမီ။ | စူ၊ စူဠသုတသောမဇာတ်။ |
| ပ၊ ပညာပရမတ္ထပါရမီ။ | သေ၊ သေနက(*ပဏ္ဍိတ*)ဇာတ်။ |
| ဝိ၊ ဝီရိယပရမတ္ထပါရမီ။ | ဇ၊ (*မဟာ*)ဇနကဇာတ်။ |
| ခံ၊ ခန္တီပရမတ္ထပါရမီ။ | ခံ၊ ခန္တီဝါဒီဇာတ်။ |
| သ၊ သစ္စာပရမတ္ထပါရမီ။ | မ၊ မဟာသုတသောမဇာတ်။ |
| အ၊ အဓိဋ္ဌာနပရမတ္ထပါရမီ။ | မူ၊ မူဂပက္ခဇာတ် (တေမိဇာတ်ကို ယူ။) |
| မေ၊ မေတ္တာပရမတ္ထပါရမီ။ | ဧ၊ ဧကရာဇဇာတ်။ |
| ဥ၊ ဥပေက္ခာပရမတ္ထပါရမီ။ | လော၊ လောမဟံသဇာတ်။ |

ဤသို့ ဇာတ် ၁၀-ခု၊ ပရမတ္ထပါရမီ ၁၀-ပါးအစဉ်ကို သိရာ၏။

ထိုစကားရပ်ကို အကျယ်သိလိုလျှင် ဓမ္မသင်္ဂဏီအဋ္ဌကထာ(၇၂-၄), စရိယာပိဋကတ် အဋ္ဌကထာတို့မှာ ကြည့်လေ။

ရတနာပုံရွှေမြို့တော်၊ ရွှေလက်ဝဲတန်းရပ်နေ ဒကာအုံးက "မြတ်စွာဘုရား ဖြည့်ကျင့်တော်မူသော ဒါန-စသော ပရမတ္ထပါရမီတော်တို့ကို ဇာတ်မည်နှင့်တကွ အကျဉ်း သိမှတ်လိုပါသည်"ဟု လျှောက်သောကြောင့် ကျမ်းဂန်ပါဠိ ရှိသည့်အတိုင်း ၁၂၄၁-ခု၊ နယုန်လပြည့်ကျော်၊ ၅-ရက်နေ့၊ ဒိပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိမ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## ဒါယကာမောင်အုံး-က "ပညာရှိဝယ်၊ ဂုဏ်-၂၀"ဟူသော စကားကို ထပ်မံလျှောက်ထားချက်

[၁၈၄] "ဘုရားတပည့်တော်၊ ရတနာပုံရွှေမြို့တော်၊ ရွှေလက်ဝဲတန်းရပ်နေ၊ ဒကာအုံး ခြေတော်ဦးခိုက်လျှောက်ဝံ့ပါသည် ဆရာတော်ဘုရား။

'ပညာရှိဝယ်၊ ဂုဏ် ၂၀-တည့်'ဟု ရှေးပညာရှိတို့ စပ်ဆိုသော လင်္ကာကဗျာ စကားတွင် အဘယ်သည် ပညာရှိတို့ ဂုဏ် ၂၀-ဖြစ်မည်ကို နေရာကျ မသိရသည် ဖြစ်ပါ၍ နေရာကျ သိမှတ်ပါရအောင် အမိန့်ရှိတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား"။

ဤဒကာမောင်အုံး လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ—

[၁၈၄] "ပညာရှိဝယ်၊ ဂုဏ်-၂၀"၏အရကို မေးလျှောက်သည်မှာ-

ခြင်္သေ့၏ဂုဏ် ၁-ပါး, ဗျိုင်း၏ဂုဏ် ၁-ပါး,
ကြက်၏ဂုဏ် ၄-ပါး, ကျီး၏ဂုဏ် ၅-ပါး,
ခွေး၏ဂုဏ် ၆-ပါး, မြည်း၏ဂုဏ် ၃-ပါး၊ ဤသို့လျှင် ၂၀-ဖြစ်၏။

ထို့ကြောင့် အညရဖူနီတိကျမ်း၌—

**သီဟဒေကံ ဗကာဒေကံ၊ စတ္တာရ ကုက္ကုဋာဒပိ။**
**ဝါယသ္မ ပံစ ဂိဏှေ စ၊ ဆ္စ သုဏော တြိဏိ ဂါဒိကာ။** ။ —

ဟူသောပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

သီဟဒေကံ၊ ခြင်္သေ့၏ဂုဏ် ၁-ပါး။ ဗကာဒေကံ၊ ဗျိုင်း၏ဂုဏ် ၁-ပါး။ ကုက္ကုဋာဒပိ၊ ကြက်၏လည်း။ ဂိဏှေ၊ အကျင့်တို့ကား။ စတ္တာရ၊ ၄-ပါးတို့တည်း။ ဝါယသ္မ၊ ကျီး၏။ ဂိဏှေ၊ အကျင့်တို့ကား။ ပံစ၊ ၅-ပါးတို့တည်း။ သုဏော၊ ခွေး၏။ ဂိဏှာ၊ အကျင့်သဘောကား။ ဆ္စ ၆-ပါးတို့တည်း။ ဂါဒိကာ၊ မြည်း၏။ ဂိဏှာ၊ အကျင့်သဘောကား။ တြိဏိ၊ ၃-ပါးတို့တည်း။

(၁) ခြင်္သေ့သည် သားကြီးသည်, သားငယ်သည်-ဟူ၍ လုံ့လကို မယုတ်စေသကဲ့သို့ ထို့အတူ ပညာရှိတို့လည်း အမှုကြီး,ငယ်တို့၌ လုံ့လကို မလျှော့ခြင်းသည် ခြင်္သေ့၏ ဂုဏ် ၁-ပါး။

ထို့ကြောင့် အညရဖ္ဖုနီတိကျမ်း၌—

ဗဟုက်ယာ အလွက်ယာ၊ ယော နရာ တဒမိက္ခတိ။
သဗ္ဗာ'ရမ္ဘေန ယား ကုယ်ာတု၊ သီဟသျာဒေ'ကလက္ခဏံ။ ။

ဟူသောပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ယော နရာ၊ အကြင်ပညာရှိ သူမြတ်သည်။ ဗဟုက်ယာ၊ များစွာ ပြုအပ်သောအမှုကိုလည်းကောင်း။ အလွက်ယာ၊ အနည်းငယ် ပြုအပ်သော အမှုကိုလည်းကောင်း။ ကာတုံ၊ ပြုခြင်းငှာ။ ယား ယသ္မာတ်၊ အကြင့်ကြောင့်။ ဣက္ခတိ၊ အလိုရှိအံ့။ တသ္မာတ်၊ ထို့ကြောင့်။ သဗ္ဗံ၊ အလုံးစုံကို။ အာရမ္ဘေန၊ အားထုတ်သဖြင့်။ ကုယ်ာတု၊ ပြုရာ၏။ တု၊ ဤသို့ ပြုခြင်းသည်။ သီဟသျ၊ ခြင်္သေ့၏။ ဧကံ၊ ၁-ခုသော။ လက္ခဏံ၊ မှတ်ကြောင်းတည်း။ ၁။

(၂) ဥဗျိုင်းသည် တည်ကြည်ငြိမ်သက်သကဲ့သို့ ပညာရှိတို့ တည်ကြည်ငြိမ်သက်ရာသည်ကား ဗျိုင်းတို့၏ဂုဏ် ၁-ပါး။ ထို့ကြောင့် အညရဖ္ဖုနီတိကျမ်း၌—

ဣန္ဒြိယာနိ တု သံဇမျ၊ ဗကဝတ္တပဏ္ဍိတော နရား။
ဒေဂကာလဗလံ ဉာတွာ၊ သဗ္ဗကာရယာ နိသာဒယေတ်။ ။

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဣန္ဒြိယာနိ တု၊ ဣန္ဒြေတို့ကို။ သံဇမျ၊ ကောင်းစွာဘိ။ ဗကဝတ္တပဏ္ဍိတော၊ ဥဗျိုင်းနှင့်တူသော ပညာရှိသည်။ ဒေဂကာလဗလံ၊ အရပ်, အခါ, ခွန်အားကို။ ဉာတွာ၊ သိပြီး၍။ သဗ္ဗကာရယာ၊ ခပ်သိမ်းသော အမှုကြီး,ငယ်တို့ကို။ နိသာဒယေတ်၊ ပြီးစေရာ၏။ ၂။

(၃) နိုးကြားခြင်း ဂုဏ် ၁-ပါး, အားကြိုးမာန်တက် ခွပ်ခြင်း ဂုဏ် ၁-ပါး,

ဝေဖန်ခွဲခြမ်းခြင်း ဂုဏ် ၁-ပါး, အားကြိုးမာန်တက် အစာရှာစားခြင်း ဂုဏ် ၁-ပါး၊

ဤကား ကြက်တို့၏ဂုဏ် ၄-ပါးတည်း။ ထို့ကြောင့် အညရဖ္ဖုနီတိကျမ်း၌—

ပြဗောဓကံ စ ယုဒ္ဓံ စ၊ သံဝိဘာဂံ စ ဗန္ဓုဂု။
ဗာလမာကျမျ ဘုဥ္ဇိတံ၊ စတ္တာရ ကုက္ကုဋ္ဌာဒပိ။ ။

ဟူသောပါဠ်ကို မိန့်ဆို ဖွင့်လှစ်တော်မူသတည်း။

ပြဗောဓကံ၊ နိုးကြားခြင်းလည်းကောင်း။ ယုဒ္ဓံ စ၊ အားကြိုးမာန်တက် ခွပ်ခြင်းလည်းကောင်း။ ဗန္ဓုဂု၊ သား-ဟူသော ဆွေမျိုးတို့အား။ သံဝိဘာဂံ စ၊ ဝေဖန်ခွဲခြမ်းခြင်း

လည်းကောင်း။ ဗာလမာကျမျ၊ အားကြီးမာန်တက်ပြု၍။ ဘုဥ္စတံ စ၊ မှီဝဲစားသောက်ခြင်းလည်းကောင်း။ ဣတိ၊ ဤသို့။ ကုက္ကုဋ္ဌာဒပိ၊ ကြက်၏လည်း။ ဂုဏာ၊ ဂုဏ်တို့သည်။ စတ္တာရ၊ ၄-ပါးတို့တည်း။ *၆။*

(၄) ဂုဂ္ဂမေထုနသာဓျာ စ၊ ကာလေ'ကာလေ စ သံဂြဟာ။
အပြမာဒိ စ ဝိသ္သာသိ၊ ပံစ ဂိက္ခေ စ ဝါယသတ်။ ။

ဟူသောပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဂုဂ္ဂမေထုနသာဓျာ စ၊ လျှို့ဝှက်အပ်သဖြင့် သံဝါသအမှုကို ပြုခြင်းလည်းကောင်း။ ကာလေ'ကာလေ၊ အခါဟုတ်သည်, မဟုတ်သည်ကို။ သံဂြဟာ စ၊ မှတ်ယူခြင်းလည်းကောင်း။ အပြမာဒိ စ၊ မမေ့မလျော့ခြင်းလည်းကောင်း။ ဝိသ္သာသိ စ၊ သူတပါးတို့နှင့် အကျွမ်းဝင်ခြင်းလည်းကောင်း။ ဝါယသတ်၊ ကျီးတို့၏။ ဂိက္ခေ၊ အကျင့်တို့ကား။ ပံစ၊ ၅-ပါးတို့တည်း။ *၁၀။*

(၅) နည်းသောအိပ်ခြင်းရှိသည်၊ နည်းသောအစာဖြင့် ရောင့်ရဲသည်၊
ကောင်းစွာ အိပ်သည်၊ ကောင်းစွာ နိုးကြားသည်၊
သခင်ကို ချစ်ခင်စုံမက်သည်၊ ရဲရင့်သည်၊

ဤကား ခွေးတို့၏ ဂုဏ် ၆-ပါးတည်း။ ထိုကြောင့် အညရမှုနီတိကျမ်း၌—

အလွနိဒြော ယာလွသန္တုဋ္ဌာ၊ သုနိဒြော သုပြဗောဓကေး။
ဒွယာတ္တိတ္တ သုရဏ္ဍ၊ ဂဍ္ဍေတေ သွာဏသော ဂုဏား။ ။

ဟူသောပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

အလွနိဒြော၊ နည်းသော အိပ်မွေခြင်း ရှိသည်။ အာလွသန္တုဋ္ဌိ စ၊ အနည်းငယ်မျှသောအစာဖြင့် ရောင့်ရဲလွယ်သည်။ သုနိဒြော၊ ကောင်းစွာ အိပ်ခြင်းရှိသည်။ သုပြဗောဓကေး၊ ကောင်းစွာနိုးကြားခြင်းရှိသည်။ ဒွယာတ္တိဗ္ဗ၊ သခင်ကို ချစ်မြတ်နိုးသည်။ သုရဏ္ဍ၊ ရဲရင့်သည်။ ဧတေ ဂဍ္ဍ၊ ထို ၆-ပါးတို့ကား။ သွာဏသော၊ ခွေး၏။ ဂုဏား၊ ဂုဏ်တို့တည်း။ *၁၃။*

(၆) အလုံးစုံသောဝန်ကို အမြဲဆောင်နိုင်သည်၊
အချမ်း,အပူကို သည်းခံသည်၊
မြက်-ဟူသော အစာရှိသည်။ ဤကား မြည်းတို့၏ဂုဏ် ၃-ပါးတည်း။

ထို့ကြောင့် အညရမှုနီတိကျမ်း၌–

**သဗ္ဗဘာရံ ဝဟေ နိတျံ၊ မိတော'ဏှံ နေဝ စိန္တေယေတ်။**
**တုဏှာဘက္ခဏ သန္တုဋ္ဌံ၊ ဂါဒ်ဘဿ တြယော ဂုဏာ။ ။**

ဟူသောပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဂါဒ်ဘာ၊ မြည်းသည်။ သဗ္ဗဘာရံ၊ အလုံးစုံသော ဝန်ကို။ နိတျံ၊ အမြဲ။ ဝဟေ၊ ရွက်ဆောင်၏။ မိတော'ဏှံ၊ ပူသည်,ချမ်းသည်-ဟူ၍။ နေဝ စိန္တေယေတ်၊ မကြံ။ တုဏှာ-ဘက္ခဏ သန္တုဋ္ဌံ၊ မြက်-ဟူသော အစာဖြင့် ရောင့်ရဲ၏။ ဣတိ၊ ဤသို့။ ဂါဒ်ဘဿ၊ မြည်း၏။ ဂုဏာ၊ ဂုဏ်တို့ကား။ တြယော၊ ၃-ပါးတို့တည်း။ ၂၀။

ပညာရှိသောသူသည် ဤ ၂၀-သော ဂုဏ်တို့ကို သိပြီး၍ ထို ၂၀-သောဂုဏ်တို့၏ ဆန့်ကျင်ဘက်ဖြစ်သော တရားတို့ကို အောင်စေရာ၏-ဟူလို။

ထို့ကြောင့် အညရမှုနီတိကျမ်း၌-

**ဧဝံ ဝိဂတိဂုဏာ သဗ္ဗေ၊ ဉာတွာ ကုယ်ာတု ပဏ္ဍိတာ။**
**ဇယေတ် ပုရှမိ သံနာဟော၊ သဗ်ဉာတွေပိ ပဏ္ဍိတော။ ။**

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ပဏ္ဍိတာ၊ ပညာရှိသော။ ပုရှမိ၊ ယောကျ်ားမြတ်။ ဧဝံ၊ ဤသို့။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဝိဂတိဂုဏာ၊ ၂၀-သော ဂုဏ်တို့ကို။ ဉာတွာ၊ သိပြီး၍။ ကုယ်ာတု၊ ပြုရာ၏။ ပဏ္ဍိတာ၊ ပညာရှိသည်။ သဗ်၊ အလုံးစုံသောဂုဏ်ကို။ ဉာတွေပိ၊ သိပြီး၍လျှင်။ သံနာဟော၊ အောင်အပ်သော ၂၀-သော ဂုဏ်တို့၏ ဆန့်ကျင်ဘက်တရားတို့ကို။ ဇယေတ်၊ အောင်ရာ၏။

**ဤတွင်ရွေ့ ပညာရှိတို့၏ ဂုဏ် ၂၀-ကို ပြဆိုသော စကားတစ်ရပ် အပြီးသတ်တည်း။**

[ သီဟာဒေက-ကို သီဟာဒေက-ဟု ဖတ်။

ဝါယသ္ဗစဝိက္ကေစ-ကို 'ဝါယသ်ဆပ်စ ဆိက္ကေ္ဆစ'-ဟု ဖတ်။

ဇချုကို ဆဠျ-ဟု ဖတ်။ သြိဏိ-ကို ဆတြိဏိ-ဟု ဖတ်။

ဂါဒ်ဘာကို ဂါရဒဘာ-ဟု ဖတ်။ ဗဟုကာယ်ာ-ကို ဗဟုကာရယာ-ဟု ဖတ်။

အလပကာယ်ာ-ကို အပ္ပကာရယာ-ဟု ဖတ်။ မိက္ခတိ-ကို မိက္ချတိ-ဟု ဖတ်။

ကုယ်ာတု-ကို ကုရယာတု-ဟု ဖတ်။ သီဟသျှာ-ကို သီဟဆရာ-ဟု ဖတ်။

လက္ခဏ်ကို လက္ခဏ်-ဟု ဖတ်။

ဗကဝတ္တပဏ္ဍိတော-ကို ဗကဝတ်ပဏ္ဍိတော-ဟု ဖတ်။

ဒေဂကာလ-ကို ဒေဆကာလ-ဟု ဖတ်။ သဗ်-ကို ဆပ်ရဗ-ဟု ဖတ်။

ဗန္ဓုဂု-ကို ဗန္ဓုဆု-ဟု ဖတ်။ ဏာဂ-ကို ဏာဆ-ဟု ဖတ်။

သံဂြဟာ-ကို ဆံဂြဟာ-ဟု ဖတ်။ ဝိသ္ဘာသိ-ကို ဝိဆ္ဘာဆိ-ဟု ဖတ်။

ဂိက္ခေစ-ကို ဆိက္ခေစ-ဟု ဖတ်။

အလ္ပနိဗြော ယာလ္ပသန္တုမ္ပာကို အပ္ပနိဗြော ယာပ္ပသန္တုမ္ပာ-ဟု ဖတ်။

ဓွယဘတ္တိစိ-ကို ဒိုပဘတ္တိစ-ဟု ဖတ်။ သုရစ္စ-ကို ဆုရစ္စ-ဟု ဖတ်။

ဂံဌေတေကို ဆံဌေတေ-ဟု ဖတ်။ သွာဏသောကို ဆွာနသော-ဟု ဖတ်။

သဗ်ဘာရံကို ဆပ်ရဗဘာရံ-ဟု ဖတ်။ ဂိတောဏံ-ကို ဆိတောဏံ-ဟု ဖတ်။

တုဏာဘက္ခဏာသန္တုမ္ပံ-ကို တိဏာဘက္ခုဏာဆန္တုမ္ပံ -ဟု ဖတ်။

သဗေ-ကို ဆပ်ရဗေ-ဟု ဖတ်။ ကုယ်ာ-ကို ကုရယာ-ဟု ဖတ်။

ပုရုမိကို ပုရုစ္စ-ဟု ဖတ်။ သံနာဟေ-ကို ဆံနာဟေ-ဟု ဖတ်။

သဗ်-ကို ဆပ်ရဗ-ဟု ဖတ်။ ]

ရတနာပုံရွှေမြို့တော်၊ ရွှေးလက်ဝဲတန်းနေ ဒကာအောင်းက "'ပညာရှိဝယ်၊ ဂုဏ်နှစ်ဆယ်'-ဟူသော ကဗျာလင်္ကာစကား၏အရကို နေရာကျ သိလိုပါသည်"ဟု လျှောက်သောကြောင့် ကျမ်းဂန်အရကို ညွှန်ပြထုတ်ဆောင်၍ ၁၂၄၁-ခု၊ နယုန်လပြည့်ကျော်၊ ၉-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## ဒါယကာမောင်ရောက်-က "သုနက္ခတ္တံ"စသော ဂါထာကို သိလိုကြောင်းနှင့် လျှောက်ထားချက်

[၁၈၅] "ဘုရားတပည့်တော် စဉ်ရှည်တံခါးတွင်းနေ ဒကာရောက် ခြေတော်ဦးခိုက် လျှောက်ဝံ့ပါသည် ဆရာတော်ဘုရား။

သုနက္ခတ္တံ သုမင်္ဂလံ၊ သုပ္ပဘာတံ သုဟုဋ္ဌိတံ။
သုခဏော သုမုဟုတ္တော စ၊ သုယိဋ္ဌံ ဗြဟ္မစာရိသု။ ။ (အံ၊၁။၂၉၉)

ဟူသော ဂါထာ၌ အချို့သောသူတို့ကလည်း ပဋိသန္ဓေနက္ခတ်, ဖွားနက္ခတ်, အမှုကြီး,ငယ်ကို ပြုလုပ်ရွက်ဆောင်သည့်ကာလ ကောင်းကင်နက္ခတ်နှင့် ယှဉ်သည်ကိုပင် သုနက္ခတ္တံ-ဆိုသည်-ဟု ပြောဆိုကြပါသည်ဖြစ်၍ သုနက္ခတ္တံဂါထာ၏အရကို နေရာကျ သန္နိဋ္ဌာန်ချ၍ သိမှတ်ပါရအောင် ကယ်မသနား ဖြေကြားအမိန့်ရှိတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား"။

ၡင်းဒါယကာ လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ—

[၁၈၅] သုနက္ခတ္တံဂါထာ၏ အဓိပ္ပါယတ္ထကို မေးလျှောက်သည်မှာ အကြင်သတ္တဝါတို့သည် နံနက်အခါ၌ ကိုယ်ဖြင့်လည်းကောင်း, စိတ်ဖြင့်လည်းကောင်း သုစရိုက်တရားကိုသာ ကျင့်ကြကုန်၏။ ထို့အတူ မွန်းတည့်အခါ, ညချမ်းအခါတို့၌လည်း သုစရိုက်ကိုသာ ကျင့်ကြကုန်၏။ ထိုသတ္တဝါတို့အား ကောင်းသောနံနက်, ကောင်းသောမွန်းတည့်, ကောင်းသော ညချမ်းရှိသည် မည်ကုန်၏။

ထို့ကြောင့် မြတ်စွာဘုရားသည် တိကနိပါတ်၊ တတိယပဏ္ဏာသ၊ ၅-ခုမြောက်သော မင်္ဂလဝဂ်အစ (ဟလဝဂ်လည်းဟူ)၊ ၁၀-ခုမြောက်သော ပုဗ္ဗဏှသုတ်ပါဠိတော်၌—

ယေ ဘိက္ခဝေ သတ္တာ ပုဗ္ဗဏှသမယံ ကာယေန သုစရိတံ စရန္တိ၊ ဝါစာယ သုစရိတံ စရန္တိ၊ မနသာ သုစရိတံ စရန္တိ၊ သုပုဗ္ဗဏှော ဘိက္ခဝေ တေသံ သတ္တာနံ။ ယေ ဘိက္ခဝေ သတ္တာ မဇ္ဈန္ဟိကသမယံ ကာယေန သုစရိတံ စရန္တိ၊ ဝါစာယ သုစရိတံ စရန္တိ၊ မနသာ သုစရိတံ စရန္တိ၊ သုမဇ္ဈန္ဟိကော ဘိက္ခဝေ တေသံ သတ္တာနံ။ ယေ ဘိက္ခဝေ သတ္တာ သာယန္ဟသမယံ ကာယေန သုစရိတံ စရန္တိ၊ ဝါစာယ သုစရိတံ စရန္တိ၊ မနသာ သုစရိတံ စရန္တိ၊ သုသာယန္ဟော ဘိက္ခဝေ တေသံ သတ္တာနံ။

ဟူ၍ ဟောတော်မူသည်။ (အံ၊၁။၂၉၈-၉)

ဘိက္ခဝေ၊ ရဟန်းတို့။ ယေ သတ္တာ၊ အကြင်သတ္တဝါတို့သည်။ ပုဗ္ဗဏှသမယံ၊ နံနက်အခါ၌။ ကာယေန၊ ကိုယ်ဖြင့်။ သုစရိတံ၊ ကောင်းသော ကျင့်ခြင်းကို။ စရန္တိ၊ ကျင့်ကြကုန်၏။ ဝါစာယ၊ နှုတ်ဖြင့်။ သုစရိတံ၊ ကောင်းသော ကျင့်ခြင်းကို။ စရန္တိ၊ ကျင့်ကြကုန်၏။ မနသာ၊ စိတ်ဖြင့်။ သုစရိတံ၊ ကောင်းသော ကျင့်ခြင်းကို။ စရန္တိ၊ ကျင့်ကြကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ တေသံ သတ္တာနံ၊ ထိုသတ္တဝါတို့အား။ သုပုဗ္ဗဏှော၊ ကောင်းသောနံနက်အခါ ရှိသည်မည်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ယေ သတ္တာ၊ အကြင်သတ္တဝါတို့သည်။ မဇ္ဈန္ဟိကသမယံ၊ မွန်းတည့်အခါ၌။ ကာယေန၊ ကိုယ်ဖြင့်။ သုစရိတံ၊ ကောင်းသော ကျင့်ခြင်းကို။ စရန္တိ၊ ကျင့်ကြကုန်၏။ ဝါစာယ၊ နှုတ်ဖြင့်။ သုစရိတံ၊ ကောင်းသော ကျင့်ခြင်းကို။ စရန္တိ၊ ကျင့်ကြကုန်၏။ မနသာ၊ စိတ်ဖြင့်။ သုစရိတံ၊ ကောင်းသော ကျင့်ခြင်းကို။ စရန္တိ၊ ကျင့်ကြကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ တေသံ သတ္တာနံ၊ ထိုသတ္တဝါတို့အား။ သုမဇ္ဈန္ဟိကော၊ ကောင်းသော မွန်းတည့်အခါရှိသည် မည်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ယေ သတ္တာ၊ အကြင်သတ္တဝါတို့သည်။ သာယန္ဟသမယံ၊ ညချမ်းအခါ၌။ ကာယေန၊ ကိုယ်ဖြင့်။ သုစရိတံ၊ ကောင်းသော ကျင့်ခြင်းကို။ စရန္တိ၊ ကျင့်ကြကုန်၏။ ဝါစာယ၊ နှုတ်ဖြင့်။ သုစရိတံ၊ ကောင်း သောကျင့်ခြင်းကို။ စရန္တိ၊ ကျင့်ကြကုန်၏။ မနသာ၊ စိတ်ဖြင့်။ သုစရိတံ၊ ကောင်းသော ကျင့်ခြင်းကို။ စရန္တိ၊ ကျင့်ကြကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ တေသံ သတ္တာနံ၊ ထိုသတ္တဝါတို့အား။ သုသာယန္ဟော၊ ကောင်းသော ညချမ်းအခါ ရှိသည် မည်၏။

ထိုသုက္ကပက္ခဒေသနာမှ ပြန်သော ကဏှပက္ခဒေသနာ၏ အစွမ်းအားဖြင့် နံနက်, မွန်းတည့်, ညချမ်းအခါတို့၌ ကိုယ်,နှုတ်,နှလုံး ၃-ပါးတို့ဖြင့် ဒုစရိုက်ကိုသာ ကျင့်ကြကုန်သော သူတို့အား ဒုပ္ပုဗ္ဗဏှ, ဒုမဇ္ဈန္ဟိက, ဒုသာယန္ဟဖြစ်သည်ကိုလည်း သိရာ၏။ ဤဒေသနာကို ဟောတော်မူပြီးမှ 'သုနက္ခတ္တံ'-အစရှိသော နိဂုံးဂါထာကို ဟောတော်မူသတည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ တဒါ တသ္မိံ ကာလေ၊ ထိုအခါ၌။ တေသံ သတ္တာနံ၊ ထိုသတ္တဝါတို့အား။ သုနက္ခတ္တံ၊ ကောင်းသောနက္ခတ်နှင့် ယှဉ်သည် မည်၏။ သုမင်္ဂလံ၊ ကောင်းသော မင်္ဂလာရှိသည် မည်၏။ သုပ္ပဘာတံ၊ ကောင်းသော မိုးသောက်ခြင်းရှိသည် မည်၏။ သုဟုဋ္ဌိတံ၊ ကောင်းသော အိပ်ရာမှ ထခြင်းရှိသည် မည်၏။ သုခဏော၊ ကောင်းသောခဏ ရှိသည်မည်၏။ သုမုဟုတ္တော၊ ကောင်းသောမုဟုတ္တရှိသည် မည်၏။ ဗြဟ္မစာရိသု၊ မြတ်သော အကျင့်ကို ကျင့်လေ့ရှိသော ပုဂ္ဂိုလ်တို့၌။ ယိဋ္ဌံ၊ ပစ္စည်း ၄-ပါးတို့ဖြင့် ပူဇော်လှူဒါန်းခြင်းသည်။ သုယိဋ္ဌံ နာမ၊ ကောင်းသော ပူဇော်လှူဒါန်းခြင်း မည်၏။

ထိုပါဠိတော်၏အရ၌ "သုနက္ခတ္တံ"ဟူသည်ကား အကြင်နေ့၌ ၃-ပါးကုန်သော သုစရိုက်တို့သည် ပြည့်ကုန်၏။ ထိုနေ့သည် ကောင်းသောနက္ခတ်နှင့် ယှဉ်သောနေ့ မည်၏။

ထို့ကြောင့် မနောရထပူရဏီမည်သော အင်္ဂုတ္တရ၊ တိကနိပါတ်၊ တတိယပဏ္ဏာသ၊ ၅-ခုမြောက်သော မင်္ဂလဝဂ်အစု၊ ၁၀-ခုမြောက်သော ပုဗ္ဗဏှသုတ်အဖွင့်အဋ္ဌကထာ၌-

> သုနက္ခတ္တန္တိအာဒီသု ယသ္မိံ ဒိဝသေ တယော သုစရိတဓမ္မာ ပူရိတာ ဟောန္တိ၊ သော ဒိဝသော လဒ္ဓနက္ခတ္တယောဂေါ နာမ၊ တေန'ဿ သဒါ သုနက္ခတ္တံ နာမ ဟောတီတိ ဝုစ္စတိ။ —

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (အံ၊ဋ္ဌ၊၂။၂၄၄)

သုနက္ခတ္တန္တိ အာဒီသု၊ သုနက္ခတ္တံ-အစရှိသည်တို့၌။ ဝါ၊ တို့တွင်။ ယသ္မိံ ဒိဝသေ၊ အကြင်နေ့၌။ တယော သုစရိတဓမ္မာ၊ ၃-ပါးကုန်သော သုစရိုက်တရားတို့သည်။ ပူရိတာ၊ ပြည့်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သော ဒိဝသော၊ ထိုနေ့သည်။ လဒ္ဓနက္ခတ္တယောဂေါ နာမ၊ ရအပ်သောနက္ခတ်နှင့် ယှဉ်သည် မည်၏။ တေန၊ ထို့ကြောင့်။ အဿ၊ ထိုပုဂ္ဂိုလ်အား။ သဒါ၊ တစ်နေ့လုံး။ သုနက္ခတ္တံ နာမ၊ ကောင်းသောနက္ခတ်ရှိသည် မည်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝုစ္စတိ၊ ဆိုအပ်၏။

"သုမင်္ဂလံ သုပ္ပဘာတံ"အစရှိသည်တို့၌လည်း သုစရိုက်ကိုသာ ပြုသောနေ့၊ သုစရိုက်ကိုသာ ပြုသောအခါသည် ကောင်းသောမင်္ဂလာရှိသည် မည်၏။ ကောင်းသော မိုးသောက်ခြင်းရှိသည် မည်၏။ ကောင်းသော အိပ်ရာမှ ထခြင်းရှိသည် မည်၏။ ကောင်းသောခဏရှိသည် မည်၏။ ကောင်းသော မုဟုတ်ရှိသည် မည်၏။

ထို့ကြောင့် မနောရထပူရဏီမည်သော အင်္ဂုတ္တရ၊ တိကနိပါတ်၊ တတိယပဏ္ဏာသက၊ ၅-ခုမြောက်သော မင်္ဂလဝဂ်အစု၊ ၁၀-ခုမြောက်သော ပုဗ္ဗဏှသုတ်အဋ္ဌကထာ၌—

> **သွေဝ ဒိဝသော ကတမင်္ဂလော နာမ ဟောတိ၊ တေန'ဿ သဒါ သုမင်္ဂလန္တိ ဝုစ္စတိ၊ ပဘာတမ္ပိ'ဿ သဒါ သုပ္ပဘာတမေဝ၊ သယနတော ဥဋ္ဌိတမ္ပိ သုဟုဋ္ဌိတမေဝ၊ ခဏောပိ သုက္ခဏော၊ မုဟုတ္တောပိ သုမုဟုတ္တော။**

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (အံ၊ဋ္ဌ၊၂။၂၄၄)

သွေဝ ဒိဝသော၊ ထိုနေ့သည်ပင်လျှင်။ ကတမင်္ဂလော နာမ၊ ပြုအပ်သော မင်္ဂလာရှိသည်မည်သည်။ ဟောတိ၊ ၏။ တေန၊ ထို့ကြောင့်။ သဒါ၊ တစ်နေ့လုံး။ အဿ၊ ထိုပုဂ္ဂိုလ်အား။ သုမင်္ဂလန္တိ၊ ကောင်းသောမင်္ဂလာ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ပဘာတံပိ၊ မိုးသောက်ခြင်းသည်လည်း။ သဒါ၊ တစ်နေ့လုံး။ အဿ၊ ထိုပုဂ္ဂိုလ်အား။ သုပ္ပဘာတမေဝ၊ ကောင်း

သော မိုးသောက်ခြင်း မည်သလျှင်ကတည်း။ သယနတော၊ အိပ်ရာမှ။ ဥဋ္ဌိတံပိ၊ ထခြင်း သည်လည်း။ သုဟုဋ္ဌိတမေဝ၊ ကောင်းသောထခြင်း မည်သလျှင်ကတည်း။ ခဏောပိ၊ ခဏ သည်လည်း။ သုက္ခဏောဝ၊ ကောင်းသောခဏ မည်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ မုဟုတ္တောပိ၊ မုဟုတ်သည်လည်း။ သုမုဟုတ္တောဝ၊ ကောင်းသော မုဟုတ်မည်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

ဤ၌လည်း သုက္ကပက္ခမှ ပြန်သော ကဏှပက္ခ၏အစွမ်းအားဖြင့် ဒုစရိုက်ကိုသာ ပြုကျင့်ကြံစည်သော နေ့ညဉ့်ရှိသော ပုဂ္ဂိုလ်တို့အား—

- မကောင်းသော မင်္ဂလာရှိခြင်း ဒုမင်္ဂလ,
- မကောင်းသော မိုးသောက်ခြင်း ဒုပ္ပဘာတ,
- မကောင်းသော အိပ်ရာမှ ထခြင်း ဒုဗ္ဗုဋ္ဌိတ,
- မကောင်းသော ခဏရှိခြင်း ဒုက္ခဏ,
- မကောင်းသော မုဟုတ်ရှိခြင်း ဒုမုဟုတ္တတို့ကိုလည်း သိရာ၏။

ထိုအဋ္ဌကထာပါဌ်၏အရ၌—
- လက်ပစ် ၁၀-တွက်ခန့် ကာလသည် ခဏမည်၏။
- ထို ၁၀-ခဏသည် လယမည်၏။
- ထို ၁၀-လယသည် ခဏလယမည်၏။
- ထို ၁၀-ခဏလယသည် မုဟုတ္တမည်၏။
- ထို ၁၀-မုဟုတ္တသည် ခဏမုဟုတ္တမည်၏။

ပါဠိ,အဋ္ဌကထာ လာတိုင်းကို ပြဆိုလျှင် ကျယ်လွန်းအံ့။

"သုယိဋ္ဌံ ဗြဟ္မစာရိသု"ဟူရာ၌ အကြင်နေ့၌ အကြင်ပုဂ္ဂိုလ်အား သုစရိုက်တရား ၃-ပါးတို့သည် ပြည့်ကုန်၏။ ထိုပုဂ္ဂိုလ်အား ထိုအခါ၌ မြတ်သောအကျင့်ကို ကျင့်သော ပုဂ္ဂိုလ်တို့၌ လှူဒါန်းပူဇော်အပ်သော အလှူသည် ထူးမြတ်လွန်ကဲသော အလှူမည်၏။

ထို့ကြောင့် မနောရထပူရဏီမည်သော အင်္ဂုတ္တရ၊ တိကနိပါတ်၊ တတိယပဏ္ဏာသက၊ ၅-ခုမြောက်သော မင်္ဂလဝဂ်အစု၊ ၁၀-ခုမြောက် ပုဗ္ဗဏှသုတ်အဖွင့်အဋ္ဌကထာ၌—

> သုယိဋ္ဌံ ဗြဟ္မစာရိသူတိ ယသ္မိံ ဒိဝသေ တီဏိ သုစရိတာနိ ပူရိတာနိ၊ တဒါ'သ ဗြဟ္မစာရီသု ဒိန္နဒါနံ သုယိဋ္ဌံ နာမ ဟောတိ။

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (အံ၊ဋ၊၂။၂၄၄)

သုယိဋ္ဌံ ပြဟ္ဝစာရိသူတိ၊ သုယိဋ္ဌံ ပြဟ္ဝစာရိသု-ဟူရာ၌။ ယသ္မိံ ဒိဝသေ၊ အကြင်နေ့၌။ ယသ္မာ၊ အကြင်ပုဂ္ဂိုလ်အား။ တီဏိ သုစရိတာနိ၊ ၃-ပါးကုန်သော သုစရိုက်တို့သည်။ ပူရိတာနိ၊ ပြည့်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တဒါ၊ ထိုအခါ၌။ အဿ၊ ထိုပုဂ္ဂိုလ်အား။ သေဋ္ဌစာရီသု၊ မြတ်သောအကျင့်ကို ကျင့်သောပုဂ္ဂိုလ်တို့၌။ ဒိန္နဒါနံ၊ လှူအပ်သောဒါနသည်။ သုယိဋ္ဌံ နာမ၊ ကောင်းစွာပူဇော်သည် မည်သည်။ ဟောတိ၊ ဖြစ်၏။

ဤ၌လည်း သုက္ကပက္ခမှ ပြန်သော ကဏှပက္ခ၏ အစွမ်းအားဖြင့် ဒုစရိုက်ကို ပြုကျင့်၍ လှူသောပုဂ္ဂိုလ်၏ အလှူသည် မဖွံ့ဖြိုး၊ အကျိုးနည်းသည်သာတည်း-ဟု မှတ်ရာ၏။ ဤသို့ ပါဠိ၊အဋ္ဌကထာ လာသောကြောင့် ပဋိသန္ဓေနက္ခတ်, ဖွားနက္ခတ်, အမှုကို ပြုလုပ်ရွက်ဆောင်သောကာလ နက္ခတ်တို့သည် ကောင်းသည်ဖြစ်စေ, မကောင်းသည်ဖြစ်စေ သုစရိုက်တရားတို့နှင့် ပြည့်စုံသော နေ့,ညအခါတို့သည် ကောင်းသောနက္ခတ်ရှိသော နေ့,ညအခါမည်၏။ ဒုစရိုက်တရားတို့ကို ပြုကျင့်ကြံစည်သော နေ့,ညအခါတို့သည် မကောင်းသောနက္ခတ်ရှိသော နေ့,ညအခါ-ဟူ၍ မှတ်ရာ၏။

မန္တလေးရတနာပုံရွှေမြို့တော်၊ စည်ရှည်တံခါးတွင်းနေ ဒကာရောက်က 'သုနက္ခတ္တံ' ဂါထာ၏အရကို နေရာကျကျ သန္နိဋ္ဌာန်ချ၍ သိမှတ်ရအောင် ကယ်မသနား ဖြေကြားအမိန့်ရှိတော်မူပါမည့်အကြောင်းနှင့် လျှောက်သောကြောင့် ကျမ်းဂန်အလာ ဒေသနာနယကို ညွှန်ပြထုတ်ဆောင်၍ ၁၂၄၁-ခု၊ နယုန်လပြည့်ကျော်၊ ၁၀-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိမ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## ရဟန်းတော် ရှင်ပဒုမာစာရ-တို့က ဝိသုံဂါမဖြေ ခဏ္ဍသိမ်သမုတ်ခြင်းနှင့် စပ်လျဉ်းလျှောက်ထားချက်

[၁၈၆] "ဘုရားတပည့်တော် ထားဝယ်မြို့၊ ဆန်းကြွယ်ကျောင်းနေ ရှင်ပဒုမာစာရ, ရှင်တေဇဝန္တတို့မှ စ၍ ထားဝယ်မြို့၊ သံဃာတစ်စုတို့ လျှောက်ပါသည် ဆရာတော်ဘုရား။

(၁) ဝိသုံဂါမဖြေ သီးသန့်ပိုင်းခြား၍ ခဏ္ဍသိမ်သမုတ်ရာ ပကတိဂါမကို အစောင့်အရှောက် ထားသင့်မည်, မထားသင့်မည်၊

(၂) ခဏ္ဍာသိမ် သမုတ်ရန် ဝိသုံဂါမမြေစား အမိန့်စာ ခံယူရာ သိမ်ဆောက်လုပ်ရန်-ဟု အမိန့်စာမှာတမ်း ပါရှိသောကြောင့် ဝိသုံဂါမမြေစား ပေးရာ မြောက်မည်, မမြောက်မည်၊

(၃) ဝိသုံဂါမမြေစား ပေးသည့်အတိုင်း ခဏ္ဍာသိမ်သမုတ်ခြင်း သိမ်သမ္မုတိကံကို မပြုသော် ဝိသုံဂါမ အမိန့်အာဏာကို ပြန်၍ နုတ်သိမ်းမည့် အမိန့်မှာစာပါရှိသောကြောင့် ဝိသုံဂါမမြေစား ပေးရာ မြောက်မည်, မမြောက်မည်။

သို့ ၃-ထွေ, ၃-ဌာန ကွဲပြားကြသော ဝါဒကို နေရာကျ မသိနိုင်ကြရှိသည် ဖြစ်ပါ၍ နေရာကျ သိမှတ်ရသဖြင့် ကုက္ကုစ္စသံသယ ကင်းငြိမ်းပါရအောင် အမိန့်ရှိတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား"။

ရှင်းရဟန်းတော် ရှင်ပဒုမတို့ လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ—

[၁၈၆] မေးလျှောက်သော စကားရပ်တို့တွင် ပကတိဂါမမြေမှာ ဝိသုံဂါမမြေ သီးခြားကွဲပြားလေပြီးဖြစ်၍ ပကတိဂါမကို စောင့်ရှောက်ဖွယ်ကိစ္စ မရှိ၊ စောင့်ရှောက်ခြင်း၌လည်း အကျိုး မရှိ။ ပကတိဂါမ ၁-ခုတွင် ဝိသုံဂါမ ၉-ခု, ၁၀-ခု-စသည်ဖြင့် ပိုင်းခြား၍ သံဃာ့ကံကို *(ပြုကြရာမှာ)* အသီးအသီးသော ဂါမဖြစ်၍ အသီးအသီးပင် ကံမြောက်ကြ၏။

(၁,၂) ထို့ကြောင့် ဤပထမပုစ္ဆာ၏ အရ၌လည်း ကုက္ကုစ္စ, သံသယဖြစ်ရန် မရှိ။ စောဒနာခြင်းမှ ကင်း၏။ ဝိသုံဂါမမြေစား အမိန့်စာ ခံယူချက်အတိုင်း သိမ်ဆောက်ရန်ဆို၍ အမိန့်မှာစာကို ပေးသော်လည်း ဝိသုံဂါမမြေစား ပေးသည်သာ ပဓာနဖြစ်၍ အကြောင်းမရှိဘဲလည်းကောင်း၊ တစ်စုံတစ်ခုသော အကြောင်းဖြင့်လည်းကောင်း ရေ့မြေကို ပိုင်သူက ပေးလျှင် ဝိသုံဂါမမြေအဖြစ်သို့ ရောက်၏။ ထို့ကြောင့် ဒုတိယပုစ္ဆာ၏အရ၌လည်း ကုက္ကုစ္စဖြစ်ဖွယ် မရှိ။

(၃) "ဝိသုံဂါမမြေစားပေးသည့်အတိုင်း ခဏ္ဍာသိမ်သမုတ်ခြင်း သီမသမ္မုတိကံကို မပြုသော် ဝိသုံဂါမအမိန့်အာဏာ ပြန်၍ နုတ်သိမ်းမည်" အမိန့်မှာစာ ပါရှိခဲ့သည်-ဆိုသော စကားမှာလည်း အကယ်၍ ခဏ္ဍာသိမ်သမုတ်ခြင်း သီမသမ္မုတိကံကို မပြုသောကြောင့် ဝိသုံဂါမမြေစား အမိန့်အာဏာကို ပြန်၍ နုတ်သိမ်းသည်ပင် ဖြစ်စေ၊ ဝိသုံဂါမမြေစား ပေးသည်, ပေးပြီးဖြစ်သည်သာ ပဓာနဖြစ်၍ ဝိသုံဂါမအမိန့်အာဏာကို ရေ့မြေပိုင်သူက မဖျက်,မသိမ်းသမျှ ကာလပတ်လုံး ဝိသုံဂါမအမည်သည် မပျက်၊ ဝိသုံဂါမအဖြစ်၌သာ တည်၏။ ထို့ကြောင့် ဤတတိယပုစ္ဆာ၏အရ၌လည်း ကုက္ကုစ္စသံသယဖြစ်ဖွယ် မရှိ။

ဤပုစ္ဆာ ၃-ရပ်တို့၏အရ အကျဉ်းသဒ်ေပဖြစ်သော ပိဏ္ဍတ္ထအဓိပ္ပါယ်ကား ပကတိဂါမတစ်ခုတွင် ဝိသုံဂါမမြေစား အရာ,အထောင် ပိုင်းခြားကွဲပြားသော်လည်း သကသကဂါမ အသီးအသီးဖြစ်ကြ၍ တစ်ဦးကိုတစ်ဦး နှောင့်ယှက်ဖွယ် မရှိ။ အကြောင်းရှိသည်ဖြစ်စေ, မရှိသည်ဖြစ်စေ ဝိသုံဂါမ-ဟု ရေ,မြေပိုင်သူက ပေးလျှင် ဝိသုံဂါမ ဖြစ်၏။ ဝိသုံဂါမဖြစ်ပြီးကို ရေ,မြေပိုင်သူက အကြင်မျှလောက် မဖျက်,မသိမ်းသရွေ့ကာလ ဝိသုံဂါမအမည်မပျက်။ ဤသို့ မှတ်ရာ၏။

ထို့ကြောင့် လျှောက်စာတွင် ပါသမျှ အသီးအသီးဝါဒသည် ဒေသနာတော်မှ အပဖြစ်၍ အယုတ္တစောဒကသာ ဖြစ်၏။ ထို့ကြောင့် ယခုပြဆိုဆုံးဖြတ်ခဲ့သည့်အတိုင်း ဗဟုသုတဂန္ထန္တရပုဂ္ဂိုလ်တို့က ရရမိမိ သတိသမ္ပဇာဟမှ ကင်းကြသဖြင့် ကောင်းသောနှလုံးသွင်းယောနိသောမနသိကာရဖြင့် သီမသမ္မုတိကိစ္စကို နေရာကျကျ ရွက်ဆောင်၍ နောင်သာသနာတော်အကျိုးကိုသာ မြော်ထောက်၍ ချီးမြှောက်ကြကုန်ရာ၏။

ထားဝယ်မြို့၊ ဆန်းကြယ်ကျောင်းနေ ရှင်ပဒုမာစာရ, ရှင်တေဇဝန္တတို့နှင့်တကွထားဝယ်မြို့ သံဃာတို့က—

- "၁ဝိသုံဂါမမြေ သီးသန့်ပိုင်းခြား၍ ခဏ္ဍသိမ်သမုတ်ရာ ပကတိဂါမကို အစောင့်အရှောက်ထားသင့်မည်, မထားသင့်မည်၊
- ၂ခဏ္ဍသိမ်သမုတ်ရန် ဝိသုံဂါမမြေစား အမိန့်စာခံယူရာ သိမ်ဆောက်လုပ်ရန်ဟုအမိန့်စာမှာတမ်း ပါရှိသောကြောင့် ဝိသုံဂါမမြေစား ပေးရာ မြောက်သည်, မမြောက် သည်၊
- ၃ဝိသုံဂါမမြေစားပေးသည့်အတိုင်း ခဏ္ဍသိမ်သမုတ်ခြင်း သီမသမ္မုတိကံကို မပြုသော် ဝိသုံဂါမအမိန့်အာဏာကို ပြန်၍ နုတ်သိမ်းမည်-အမိန့်မှာစာ ပါရှိသောကြောင့် ဝိသုံဂါမမြေစားပေးရာ မြောက်မည်, မမြောက်မည်၊

သို့ ၃-ထွေ, ၃-ဌာန ကွဲပြားကြသော ဝါဒကို နေရာကျ အမိန့်ရှိတော်မူပါ"ဟု လျှောက်သောကြောင့် ကျမ်းဂန်အလာ ဒေသနာတော်အရကို ထောက်ဆနှိုင်းညှိဆင်ခြင်၍ ၁၂၄၃-ခု၊ သီတင်းကျွတ်လဆန်း၊ ၁-ရက်နေ့၊ ရတနာပုံရွှေမြို့တော်၊ မန္တလေးတောင်၊ အနောက်စောင်းတန်းအတက်၊ လက်ယာဘက်တွင် သီတင်းသုံးနေသော ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာ-သိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## သုက်ကို သောက်မျိုရာ ကိုယ်ဝန်ယူသည်ကို မေးလျှောက်ချက်

[၁၈၇] "ဘုရားတပည့်တော် ရတနာပုံရွှေမြို့တော်၊ နှင်းဆီတန်းရပ်နေ ဒကာ ငရွှေမှီ ခြေတော်ဦးခိုက် လျှောက်ဝံ့ပါသည် ဆရာတော်ဘုရား။

အရှင်ကုမာရကဿပ၏ အမိသည် ဥဒါယီထေရ်၏သုက်ကို သောက်မျိုသောကြောင့် ကိုယ်ဝန်ရသည်-ဟု ပြောဆိုကြပါသည်။ ထိုစကားကို နေရာကျကျ သိမှတ်ပါရအောင် အမိန့်ရှိတော်မူပါမည့်အကြောင်း လျှောက်ပါသည် ဆရာတော်ဘုရား"။

ငှင်းဒကာမောင်ရွှေမှီ လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ—

[၁၈၇] အရှင်ကုမာရကဿပ၏အကြောင်းကို မေးလျှောက်သည်မှာ—

မြတ်စွာဘုရားသည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ရာဇဂြိုဟ်ပြည် သူဌေးသမီးသည် သိ,ကြား,လိမ္မာသော အရွယ်သို့ ရောက်လျှင် ရဟန်းပြုလိုသော်လည်း မိဘတို့ထံ အခွင့်ပန်၍ မရသဖြင့် ယောကျ်ားတပါးနှင့် ထိမ်းမြား၍ သင့်နေကြလေလျှင် မကြာမြင့်မီ ကိုယ်ဝန်စွဲကပ်လေ၏။ ထိုသူဌေးသမီးသည် ကိုယ်ဝန်စွဲကပ်သည်ကို မသိ၍ မိမိလင်ထံ ခွင့်ပန်၍ ရဟန်းပြုလေလျှင် အယုတ်,အမြတ်ကို မသိတတ်၍ ဒေဝဒတ်၏အသင်းသို့ ရောက်လေ၏။ ထိုကိုယ်ဝန် ရင့်မာလတ်သော် ဘိက္ခုနီမတို့ သိကြ၍ စောဒနာလေလျှင် "ကိုယ်ဝန်ရှိသည်ကို ငါ မသိ၊ ငါ၏ သီလ မပျက်"ဟု ဆိုသော်လည်း ထိုစကားကို ဒေဝဒတ် ကြားသိပြန်သော် "ငါ၏ ဘိက္ခုနီမတို့၏အတွင်းမှာ မကောင်းသော ကျော်စောခြင်း ဖြစ်ရာ၏။ ထို့ကြောင့် ထိုဘိက္ခုနီမကို လူထွက်"ဟု ဆိုလေလျှင် "ငါကား ဒေဝဒတ်ကို ရည်၍ ရဟန်းပြုသည် မဟုတ်၊ မြတ်စွာဘုရားကိုသာ ရည်၍ ရဟန်းပြုသည်။ ဘုရားရှိရာ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်သို့ ပို့ပါ" ဆိုသဖြင့် ဘုရားရှိရာ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်သို့ ပို့ရောက်လေ၏။

သဗ္ဗညုမြတ်စွာဘုရားသည် ဤဘိက္ခုနီမတွင် လူစင်ကာလက စွဲရသော ကိုယ်ဝန်၏အဖြစ်ကို စင်စစ် သိတော်မူလျက်လည်း ပရူပဝါဒမှ ကင်းစေခြင်းငှာ မဟာအနာထပိဏ်ကြွက, စူဠအနာထပိဏ်ကြွက, ပသေနဒီကောသလ, ဝိသာခါဒါယိကာမ-စသော အမျိုးကြီးမြတ်သောသူတို့ကို ခေါ်တော်မူ၍ "ဤဘိက္ခုနီမ၏ ဂဗ္ဘဂဟဏကိစ္စကို ပရိသတ် ၄-ပါးတွင် ထင်ရှားအောင် သုတ်သင်ချေ"ဟု ဥပါလိမထေရ်ကို စေတော်မူလျှင် ထိုဘိက္ခုနီမကို တင်းတိမ်၏အတွင်း၌ ထားပြီးမှ ဝိသာခါကို ခေါ်၍ ဝိသာခါဒါယိကာမကို ကြည့်ရှုစေရာ ထိုဘိက္ခုနီမ၏

ခြေ,လက်,ချက်,ဝမ်းတို့ကို ကြည့်ရှုပြီးမှ ရက်,လတို့ကို ဆင်ခြင်သော် လူစင်ကာလ-က ရသော ကိုယ်ဝန်-ဟု သိ၍ ဥပါလိမထေရ်အား လျှောက်ထားပေ၏။

ထိုအခါ ဥပါလိမထေရ်မြတ်က ပရိသတ် ၄-ပါးတို့ အလယ်တွင် စင်ကြယ်သော ပရိသုဒ္ဓိဝိနိစ္ဆယကို ပေးတော်မူ၏။ ထိုဘိက္ခုနီမလည်း တပါးသောကာလ ပဒုမုတ္တရမြတ်စွာ ဘုရား၏ ခြေတော်ရင်း၌ ဝပ်စင်းပန်ထွာခဲ့ဖူးသည့် ဆုထူးဆုမြတ်နှင့် ပြည့်စုံသော သားကို ဖွားမြင်လေ၏။

တစ်နေ့သ၌ ပသေနဒီကောသလမင်းကြီးသည် ကျောင်း၏ အနီးအပါးသို့ သွားရာ သူငယ်ငိုသံကို ကြား၍ ဘိက္ခုနီမ၏ သား-ဟု သိလေသော် နန်းတော်သို့ ဆောင်သွား၍ နို့ထိန်းတို့အား အပ်ထားကြည့်ရှုစေသတည်း။ ထိုသူငယ်၏ အမည်ကို မှည့်သောကာလ ကဿပ-ဟု အမည်မှည့်၍ ကုမာရ၏အဖြစ်ဖြင့် ကြီးပွါးလေရကား ကုမာရကဿပ-ဟု တွင်သတည်း။

ထိုသူငယ်ကား သူတပါးတို့နှင့် ကစားလတ်သော် ပုတ်ခတ်လေလျှင် "မိခင်, ဖခင် မရှိသောသူကပင် သူတပါးကို စော်ကားပုတ်ခတ်သည်"ဟု ဆိုကြ၍ ကောသလမင်းကြီးကို မေးသောကာလ နို့ထိန်းတို့ကို ပြ၍ "ကုမာရ၏အမိကား ဤမိန်းမများပင်တည်း"ဟု ပြော ကြားသည်ကို မယုံကြည်ရှိခဲ့၍ "သင့်အမိသည် ဘိက္ခုနီမ"ဟု ဆိုသောအခါမှ ကြီးစွာသော သံဝေဂကို ရ၍ "ငါ့ကို ရှင်ပြုပါ"ဟု ဆိုလေလျှင် ကြီးစွာသော ပူဇာသက္ကာရနှင့်တကွ မြတ်စွာဘုရားအထံတော်တွင် ရှင်ပြုလေ၏။ နောက်အခါ ရဟန်းအဖြစ်ကို ရ၍ ကုမာရ-ကဿပမထေရ်-ဟု ထင်ရှား၏။ ထိုကုမာရကဿပသည် မြတ်စွာဘုရား၏အထံမှ ကမ္မဋ္ဌာန်းကို ယူပြီးလျှင် တောသို့ ဝင်၍ ဆင်ခြင်သုံးသပ် မပြတ်အားထုတ်ပါသော်လည်း မဂ်,ဖိုလ်ကိစ္စ မပြီးသောကြောင့် မြတ်စွာဘုရားနှင့်နီးသော အရပ်ဒေသ အန္ဓဝနတွင် နေသတည်း။

ထိုအခါ ကဿပမြတ်စွာဘုရား၏ သာသနာတော်က အနာဂါမိဖိုလ်ကို ရ၍ သုဒ္ဓါ-ဝါသဘုံသို့ ရောက်လေသဖြင့် အဆွေခင်ပွန်းဖြစ်ဖူးသော ဗြဟ္မာ လာလတ်၍ ၁၅-ရပ်သော ပုစ္ဆာကို ပြောကြား၍ "မြတ်စွာဘုရားအထံသို့ သွား၍ မေးချေ" စေလွှတ်လျှောက်ထားခဲ့ သော စကားဖြင့် မြတ်စွာဘုရားအထံတော်သို့ သွား၍ လျှောက်ထားဖြေဆိုတော်မူသော ကာလ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရ၏။ ၁၅-ရပ်သော ပုစ္ဆာကို သိသာအောင် ပြဆို လျှင် ကျယ်လွန်းအံ့။ အကျယ်သိလိုသသူတို့ ပကိဏ္ဏကဝိသဇ္ဇနာ(လုံးတော်)၊ ဒုတိယတွဲ၊ ပဉ္စမပိုင်း၊ ပုဒ်မ-၁၂၉၊ နှာ ၁၀၁၂-မှာ ကြည့်ကြလေ။

ကုမာရကဿပ၏မိခင် ဘိက္ခုနီမလည်း ကုမာရကဿပလုလင်နှင့် ကွေကွင်း ဝေးကွာသည့် ကာလမှ စ၍ အသည်းနှလုံး၊ ကြိမ်မီးအုံးသို့၊ ယူကျုံးမရ၊ တတတ-နှင့်၊

ကြောင့်ကြမငြိမ်၊ စိုးရိမ်ပူဆွေး၊ ငိုကြွေးမြည်တမ်းလျက်သာ ၁၂-နှစ် ကြာလေသည်။ တစ်နေ့သောအခါမှ ထိုဘိက္ခုနီမသည် ဆွမ်းခံကြွသွား၍ ခရီးလမ်းကြားတွင် သား-ကုမာရကဿပကို မြင်သော် ဟစ်ကြော်မြည်တမ်း၍ ပြေးသွားသဖြင့် ခရီးလမ်းကြားတွင် လဲလေ၏။ ထိုဘိက္ခုနီမသည် သားမြတ်မှ နို့ရေစက်စက် ယိုထွက်စီးကျလျက် ထ၍ သွားသောကာလ ကုမာရကဿပကို မီလေ၏။

ထိုအခါ ကုမာရကဿပမထေရ်လည်း ဤသို့ ကြံအောက်မေ့၏။ "ငါ၏အထံမှ ချေင်သာယာသော စကားကို ကြားရလျှင် ငါ့မိခင်သည် ကြည်ရွှင်ပြုံပြုံ ကာလရှည်ကြာ ဝန်လေးစွာ ဖြစ်ရာ၏"ဟု "ရဟန်းပြုလေပြီးမှ သားတစ်ယောက်၌ ချစ်ခင်ခြင်းကို မကင်းနိုင်ဘဲ ရှိလေသနည်း"ဟု ငေါက်ငမ်းပြောဆိုလေလျှင် ၁၂-နှစ်ကာလ ယိုကျသော မျက်ရည်ရှိလျက် "စုံမက်ချစ်ခင်သော ငါ့သားသည် ငါ့အား မေတ္တာကင်းမှန်းကို မသိ၍ ခေါ်ယောင်မြည်တမ်းမိသည်"ဟု သတိသံဝေဂ နှလုံးသွင်းသဖြင့် သား၌ ချစ်ခြင်းတဏှာကို ကင်းစေ၍ ထိုနေ့ချင်း အရဟတ္တဖိုလ်သို့ ရောက်လေသည်။

အခါတပါး ရဟန်းများလည်း တရားသဘင်သို့ ရောက်ကြ၍ ဤမျှလောက် ဥပနိဿယနှင့် ပြည့်စုံသော သား,အမိတို့လည်း ဒေဝဒတ်နှင့် မတန်မရာ၍ မြတ်စွာဘုရားအထံတော်သို့ ပို့ရောက်ရလေသည်။ လောကီလူတို့အား သနားခြင်း ကရုဏာသမာပတ်၏ ထူးမြတ်လွန်ကဲကြောင်းကို ပြောဆိုချီးမွမ်းကြသောအရာကို မြတ်စွာဘုရား ဒိဗ္ဗသောတနားဖြင့် ကြားသိတော်မူပြန်လေရကား "ချစ်သားရဟန်းတို့၊ ယခုမှသာ ဤသူ ၂-ဦးတို့ကို ကျေးဇူးကြီးမားစွာ ငါဘုရား ပြုတော်မူသည် မဟုတ်သေး။ ရှေးအတိတ လွန်လေပြီးသော ကာလကလည်း ငါပြုရဖူး၏"ဟု ဇာတကနိပါတ်၊ ၂-ခုမြောက်သော လက္ခဏဝဂ်အစု၊ ၂-ခုမြောက်သော နိဂြောဓဇာတ်တော်ကို ထုတ်ဖော်ဟောကြား၍ "မိမိမှတပါးသော အခြားသတ္တဝါသည် အဘယ်မှာ ကိုးကွယ်ရာဖြစ်နိုင်အံ့နည်း"ဟု ဓမ္မပဒ၊ ၁၂-ခုမြောက်သော အတ္တဝဂ်အစု၊ ၄-ခုမြောက်သော ကုမာရကဿပဝတ္ထု(ဓမ္မပဒ၊၄၊၂၊၉၂)တွင်—

> အတ္တာ ဟိ အတ္တနော နာထော၊ ကော ဟိ နာထော ပရော သိယာ။
> အတ္တနာ ဟိ သုဒန္တေန၊ နာထံ လဘတိ ဒုလ္လဘံ။ ။ —

ဟူ၍ ဟောတော်မူသည်။ (ဓမ္မပဒ။နှာ၊၃၇)

အတ္တာ ဟိ အတ္တာ ဧဝ၊ မိမိသည်သာလျှင်။ အတ္တနော၊ မိမိ၏။ နာထော၊ ကိုးကွယ်ရာ မည်၏။ ဟိ၊ ထိုစကား သင့်စွ။ ပရော၊ တပါးသော။ ကော၊ အဘယ်မည်သောသူသည်။ အတ္တနော၊ မိမိ၏။ နာထော၊ ကိုးကွယ်ရာသည်။ သိယာ၊ ဖြစ်ပချေအံ့နည်း။ ဟိ သစ္စံ၊

မှန်၏။ ဝါ၊ အတ္တနာသထကရဏာ၏အကျိုးကား။ အတ္တနာ၊ မိမိသည်။ သုဒန္တေန၊ ကောင်းစွာ ယဉ်ကျေးသဖြင့်။ ဒုလ္လဘံ၊ ရခဲစွာသော။ နာထံ၊ အရဟတ္တဖိုလ်တည်းဟူသော ကိုးကွယ်ရာကို။ လဘတိ၊ ရ၏။

ဤသို့ ကျမ်းဂန်လာသောကြောင့် ကုမာရကဿပ၏ အမိမှာကား သူဌေးသားနှင့် ထိမ်းမြားသောကာလ-က ရသောကိုယ်ဝန်-ဟု သိရ၏။

- ကိုယ်,လက် သုံးသပ်ခြင်း ကာယသံသဂ္ဂ,
- သုက်နှင့်တကွသော ပုဆိုးကို စုပ်ခြင်း စောဠဂဟဏ,
- သုက်ကို သောက်မျိုခြင်း အသုစိပါန, - ချက်ကို သုံးသပ်ခြင်း နာဘိပရာမသန,
- ရှုမြင်ခြင်း ဒဿန, - အသံကို ကြားခြင်း သဒ္ဒ,
- အနံ့ကို နမ်းခြင်း ဂန္ဓ၊

ဤသို့ ပဋိသန္ဓေ ကိုယ်ဝန်ရခြင်း၏ အကြောင်းတို့ကို ပြရာ ဥဒါယီထေရ်၏ မယားဟောင်းဖြစ်ဖူးသော ဘိက္ခုနီမသည် ဥဒါယီထေရ်၏ သင်္ကန်းဟောင်းကို ဖွပ်လျှော်ရာ သင်္ကန်းတွင် ကပ်သော သုက်ကို မြင်လေလျှင် တပ်သောစိတ်ရှိသဖြင့် သုက်အချို့ကို ခံတွင်းဖြင့် စုပ်ယူ၍ သုက်အချို့ကို ပုဆိုးနှင့်တကွ မိမိအင်္ဂါဇာတ်ကို သွင်းလေရကား ထိုဘိက္ခုနီမအား ကိုယ်ဝန် စွဲယူလေ၏။ ထို့ကြောင့် ဝိနည်းပါရာဇိကဏ်ပါဠိတော်၊ ဥဒါယီအပဒါန်အဋ္ဌကထာတို့၌—

**ဥဒါယိထေရဿ ပုရာဏဒုတိယိကာ ဘိက္ခုနီ ထေရဿ ပုရာဏစီဝရံ ဓောဝန္တီ တဿ သမ္ဘဝဓာတုံ ဒိသွာ ရတ္တစိတ္တာ တံ အသုစိံ ဧကဒေသံ မုခေန အဂ္ဂဟေသိ၊ ဧကဒေသံ စောဠကေနေဝ သဒ္ဓိံ အင်္ဂဇာတေ ပက္ခိပိ၊ သာ တေန ဂဗ္ဘံ ဂဏှိ။**

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (ဝိ၊၁။၂၀၆)

ဥဒါယိထေရဿ၊ ဥဒါယီထေရ်၏။ ပုရာဏဒုတိယိကာ၊ မယားဟောင်းဖြစ်ဖူးသော။ ဘိက္ခုနီ၊ ဘိက္ခုနီမသည်။ ထေရဿ၊ ဥဒါယီထေရ်၏။ ပုရာဏစီဝရံ၊ သင်္ကန်းဟောင်းကို။ ဓောဝန္တီ၊ ဖွပ်လျှော်သည်ရှိသော်။ တဿ၊ ဥဒါယီထေရ်၏။ သမ္ဘဝဓာတုံ၊ ထွက်သော သုက်ကို။ ဒိသွာ၊ မြင်၍။ ရတ္တစိတ္တာ၊ တပ်သော စိတ်ရှိသည်ဖြစ်၍။ တံ အသုစိံ၊ ထိုသုက်ကို။ ဧကဒေသံ၊ အချို့ကို။ မုခေန၊ ခံတွင်းဖြင့်။ အဂ္ဂဟေသိ၊ စုပ်ယူ၏။ ဧကဒေသံ၊ အချို့ကို။ စောဠကေန၊ အဝတ်နှင့်။ သဒ္ဓိံ၊ တကွ။ အင်္ဂဇာတေ၊ အင်္ဂါဇာတ်၌။ ပက္ခိပိ၊ ထည့်၏။ သာ၊ ထိုဘိက္ခုနီမသည်။ တေန၊ ထိုသုက်ကို စုပ်ယူထည့်သွင်းခြင်းကြောင့်။ ဂဗ္ဘံ၊ ကိုယ်ဝန်ကို။ ဂဏှိ၊ စွဲယူ၏။

ကိုယ်ဝန်ယူခြင်း၏အကြောင်းကို သိသာအောင် ပြဆိုလျှင် ကျယ်လွန်းအံ့။ ဤ ဥဒါယီထေရ်၏ဝတ္ထု၌ သာဝတ္ထိပြည်တွင် အဆွေမတော်သော မယားဟောင်းကို သင်္ကန်းဟောင်း ဖွပ်လျှော်စေခြင်းကြောင့် သိက္ခာပုဒ်ပညတ်တော်မူကြောင်းကို—

> တေန ခေါ ပန သမယေန ဗုဒ္ဓေါ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ၊ တေန ခေါ ပန သမယေန အာယသ္မတော ဥဒါယိဿ ပုရာဏဒုတိယိကာ ဘိက္ခုနီသု ပဗ္ဗဇိတာ ဟောတိ။

အစရှိသဖြင့် လာသည်။ (ဝိ၊၁။၃၀၆)

တေန ခေါ ပန သမယေန၊ ထိုအခါ၌။ ဘဂဝါ၊ ဘုန်းတော်ကြီးသော။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ ဝိဟရတိ၊ နေတော်မူ၏။ တေန ခေါ ပန သမယေန၊ ထိုအခါ၌။ အာယသ္မတော ဥဒါယိဿ၊ အရှင်ဥဒါယီမထေရ်၏။ ပုရာဏ-ဒုတိယိကာ၊ မယားဟောင်းသည်။ ဘိက္ခုနီသု၊ ဘိက္ခုနီမတို့၌။ ပဗ္ဗဇိတာ၊ ရဟန်းပြုသည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ ကျမ်းဂန်လာကြောင်း—

- ကုမာရကဿပ အမိမှာ ရာဇဂြိုဟ်ပြည် သူဌေးသမီး, ခင်ပွန်းသည်ယောကျ်ားလည်း ရင်းရာဇဂြိုဟ်ပြည်သား၊
- ဥဒါယီမယားဟောင်း ဘိက္ခုနီမမှာ သာဝတ္ထိပြည်တွင် သာမညအမျိုးသမီး၊
- ကုမာရကဿပ အမိမှာ ဘိက္ခုနီမ မဖြစ်မီကပင် ကာယသံသဂ္ဂသံဝါသကို စွဲ၍ ကိုယ်ဝန်ရသည်၊
- ဥဒါယီ၏မယားဟောင်း ဘိက္ခုနီမမှာ ဥဒါယီထေရ်၏ သုက်ကို စုပ်သော စောဠ-ဂဟဏကို စွဲ၍ ကိုယ်ဝန်ရသည်၊
- ရာဇဂြိုဟ်ပြည်သား ကုမာရကဿပမှာ စိတြဝါစကကုမာရကဿပ၊
- ဥဒါယီသား ကုမာရကဿပမှာ သာမညကုမာရကဿပ။ (ဤသို့ အထူးမှတ်။)

ထိုစကားရပ်ကို အကျယ်သိလိုမူ ဓမ္မပဒ၊ ၁၂-ခုမြောက်သော အတ္တဝဂ်အစု၊ ၄-ခုမြောက်သော ကုမာရဝတ္ထုအဋ္ဌကထာ, ဧကကနိပါတ်၊ ၂-ခုမြောက်သော လက္ခဏဝဂ် အစု၊ ၂-ခုမြောက်သော နိဂြောဓဇာတ်အဋ္ဌကထာ, မိလိန္ဒပဥှာ၊ ကြွဒ္ဓိဗလဝဂ်အစု၊ ၆-ခု မြောက်သော ဂဗ္ဘဝေါက္ကန္တိပဥှာ, ပါရာဇိကဏ်ပါဠိတော်၊ ဥဒါယီထေရအပဒါန်အဋ္ဌကထာ တို့မှာ ကြည့်လေ။

ရတနာပုံရွှေမြို့တော်၊ နှင်းဆီတန်းရပ်နေ ဒကာဘိုးမှီက “အရှင်ကုမာရကဿပ မထေရ်၏ အမိသည် ဥဒါယီထေရ်၏ သုက်ကို မျိုသောကြောင့် ကိုယ်ဝန်ရသည်-ဟု အချို့ ပြောဆိုကြပါသည်။ ထိုစကားကို နေရာကျ သိမှတ်ပါရအောင် အမိန့်ရှိတော်မူပါမည့် အကြောင်း”နှင့် လျှောက်သောကြောင့် ကျမ်းဂန်အလာ ဒေသနာနယကို ညွှန်ပြထုတ် ဆောင်၍ ၁၂၄၃-ခု၊ ကဆုန်လဆန်း၊ ၅-ရက်နေ့ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိမ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## ရဟန်းတော် ရှင်ကုမာရနှင့် ဒါယကာမောင်ရွှေမှီတို့က စေတီတော် ၃-ဆူ အကြောင်းကို မေးလျှောက်ချက်

[၁၈၈] “ဘုရားတပည့်တော်၊ ရတနာသိမ်မြို့ဇာတိ၊ ပဝတ္တိရတနာပုံရွှေမြို့တော်၊ နှင်းဆီတန်းရပ်နေ ဒကာငရွှေမှီ, မြန်အောင်မြို့၊ ရှင်ကုမာရတို့ လျှောက်ပါသည် ဆရာတော်ဘုရား။

(၁) သာရီရိကစေတီ, ပရိဘောဂစေတီ, ဥဒ္ဒိဿကစေတီ ၃-ပါးတို့ကို အဘယ်အရပ် ဌာနတွင် အဘယ်သူကို အကြောင်းပြု၍ ဘုရားခွင့်ပြုတော်မူသည် ဖြစ်မည်၊

(၂) ယင်းသည့်စေတီ ၃-ပါးတို့တွင် ဥဒ္ဒိဿကဖြစ်သော ဆင်းတုတော်မှာ အချို့သော သူတို့က သဓာတုက-ဆိုသောကြောင့် ဓာတ်တော်မရှိ သက်သက်သော ကိုယ်စား တော်စား ရုပ်ပွါးဆင်းတုတော်တို့ကို အရိုအသေ အလေးအမြတ် မပြုရာ၌ အပြစ် မရှိ၊ ဓာတ်တော်နှင့် တကွသော ကိုယ်စားတော်စား ရုပ်ပွါးဆင်းတုတော်တို့မှာ သာ မရို,မသေပြုခြင်း၊ အရိုအသေပြုခြင်းတို့၌ အပြစ်,အကျိုး ရှိ,မရှိကို ဆိုသင့် သည်-ဟု အချို့ ပြောဆိုကြပါသည်။

(၃) သက်တော်ထင်ရှား ဘုရားရှိတော်မူစဉ်က တစ်စုံတစ်ယောက်သောသူတို့ ရုပ်ပွါး ဆင်းတုကို ကိုးကွယ်ဖူးမည်, မကိုးကွယ်ဖူးမည်၊

သို့ ၃-ထွေ, ၃-ဌာန ကွဲပြားသော ဝါဒကို နေရာကျကျ သန္နိဋ္ဌာန်ချ၍ သိမှတ်ပါ ရအောင် အမိန့်ရှိတော်မူပါမည့်အကြောင်းကို ခြေတော်ဦးခိုက် လျှောက်ဝံ့ပါသည် ဆရာတော်ဘုရား”။

ရှင်ဦးကုမာရနှင့် မောင်ခွေမှိတို့ လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ—

[၁၈၈] (၁) စေတီ ၃-ပါးတို့၏အကြောင်းကို မေးလျှောက်သည်မှာ—

မြတ်စွာဘုရား သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အရပ်တပါးသို့ ဘုရား ဒေသစာရီကြွသွားတော်မူလျှင် သာဝတ္ထိပြည်တွင် ပန်းနံ့သာ လက်စွဲကြကုန်လျက် ဇေတဝန်ကျောင်းတော်၊ ဂန္ဓကုဋိတိုက်သို့ ဘုရားကို ပူဇော်အံ့သော်ငှာ ရောက်လာကြကုန်သောသူတို့သည် ဘုရားကို မမြင်,မတွေ့ရသဖြင့် ဂန္ဓကုဋိတိုက်တံခါးတွင် စွန့်ထား၍ ပြန်သွားကြသည့်အရာကို အနာထပိဏ်သူဌေးသည် ကျောင်းသို့ ရောက်သောကာလ—

"မြတ်စွာဘုရားပင် မရှိသော်လည်း ပူဇော်မြတ်နိုး ကိုးကွယ်ဆည်းကပ် လေးမြတ်သင့်သောအရာကို သိသာအောင် ပြုတော်မူပါ"ဟု အာနန္ဒာမထေရ်အား အနာထပိဏ်သူဌေး၏ တိုက်တွန်းသည်ကို အကြောင်းပြု၍ "ကတိ နု ခေါ ဘန္တေ စေတိယာနိ?"ဟု မြတ်စွာဘုရားကို လျှောက်ထားလေလျှင် "တီဏိ အာနန္ဒ"ဟု ဘုရားမိန့်တော်မူလျှင် "ကတိ ဘန္တေ တီဏိ?"ဟု စေတီ ၃-ပါးကို ကွဲပြားအောင် တဖန်ထပ်မံ လျှောက်ထားသောကာလ "သာရီရိကံ ပါရိဘောဂိကံ ဥဒ္ဒိဿကံ"ဟု မိန့်တော်မူသတည်း။ (ဇာ၄၄၄။၂၂၉)

ယင်းသည့် ပုစ္ဆာဝိသဇ္ဇနာတို့၏ အနက်ကား—

ဘန္တေ၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ စေတိယာနိ၊ စေတီတို့သည်။ ကတိ နု ခေါ၊ အဘယ်မျှ ပြားကုန်သနည်း?

အာနန္ဒ၊ အာနန္ဒာ။ စေတိယာနိ၊ စေတီတို့သည်။ တီဏိ၊ ၃-ပါးတို့တည်း။

ဘန္တေ၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ တီဏိ၊ ၃-ပါးတို့-ဟူသည်။ ကတိ၊ အဘယ်သည်တို့နည်း?

အာနန္ဒ၊ အာနန္ဒာ။ သာရီရိကံ၊ သာရီရိကစေတီလည်းကောင်း။ ပါရိဘောဂိကံ၊ ပါရိဘောဂိကစေတီလည်းကောင်း။ ဥဒ္ဒိဿကံ၊ ဥဒ္ဒိဿကစေတီလည်းကောင်း။ ဣတိ၊ ဤသို့။ တီဏိ၊ ၃-ပါးတို့တည်း။

ထိုအခါ အာနန္ဒမထေရ်မြတ်က "သက်တော်ထင်ရှား ဘုရားရှိတော်မူစဉ် ထိုစေတီ ၃-ပါးတို့ကို ပြုခြင်းငှာ တတ်ကောင်းပါမည်လော?"ဟု "သက္ကာ ပန ဘန္တေ တုမှေသု ဓရန္တေသု ယေဝ စေတိယံ ကာတုံ?"ဟု လျှောက်ပြန်လျှင် "အာနန္ဒာ၊ ထို ၃-ပါးကုန်သော စေတီတို့တွင်

ငါဘုရား သက်တော်ထင်ရှားရှိစဉ် သာရီရိကစေတီကို ပြုခြင်းငှာ မတတ်ကောင်း။ မြတ်စွာဘုရားတို့ ပရိနိဗ္ဗာန်ပြုတော်မူသောကာလ၌သာ သာရီရိကစေတီကို ပြုခြင်းငှာ တတ်ကောင်း၏။ ဥဒ္ဒိဿကစေတီ, ပါရိဘောဂိကစေတီ၊ ၂-ပါးကိုသာ သက်တော်ထင်ရှား ဘုရားရှိတော်မူစဉ် ပြုခြင်းငှာ တတ်ကောင်း၏။ အာနန္ဒာ၊ ဘုရားတို့ သုံးဆောင်တော်မူသော ဗောဓိပင်သည် သက်တော်ထင်ရှား ဘုရားရှိတော်မူစဉ်ပင်လျှင် စေတီမည်သလျှင်ကတည်း"ဟု—

အာနန္ဒ သာရီရိကံ န သက္ကာ ကာတုံ။

တဉ္စ ဗုဒ္ဓါနံ ပရိနိဗ္ဗာနကာလေ ဟောတိ၊ ဥဒ္ဒိဿကံ အဝတ္ထုကံ မမာယနမတ္တမေဝ ဟောတိ။

ဗုဒ္ဓေဟိ ပရိဘုတ္တော မဟာဗောဓိ ရုက္ခော ဗုဒ္ဓေသု ဓရန္တေသုပိ စေတိယ'မေဝ။

ဟူ၍ တေရသကနိပါတ်၊ ကာလိင်္ဂဗောဓိဇာတ်တွင် ဟောတော်မူသည်။ (ဇာ၊ဋ္ဌ၊၄။၂၂၉)

ဘန္တေ၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ တုမှေသု၊ အရှင်ဘုရားတို့သည်။ ဓရန္တေသုယေဝ၊ သက်တော်ထင်ရှားရှိကုန်စဉ်ပင်။ စေတိယံ၊ စေတီကို။ ကာတုံ၊ ပြုခြင်းငှာ။ သက္ကာ၊ တတ်ကောင်းပါအံ့လော။

အာနန္ဒ၊ အာနန္ဒာ။ သာရီရိကံ၊ သာရီရိကစေတီကို။ ကာတုံ၊ ပြုခြင်းငှာ။ န သက္ကာ၊ မတတ်ကောင်း။

သာရီရိကစေတီ-ဟူသည် ဆံတော်, သွားတော်, ကိုယ်တော်၏ ညှပ်ရိုးတော်-စသည်သည် သာရီရိကစေတီ မည်၏။

သာရီရိကန္တိ ကေသဓာတ္တာ သရီရေ အဋ္ဌီနိ။ (ဋီကာ)

ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့၏။ ပရိနိဗ္ဗာနကာလေ၊ ပရိနိဗ္ဗာန်ပြုတော်မူသောအခါ၌။ ကာတုံ၊ ပြုခြင်းငှာ။ သက္ကာ၊ တတ်ကောင်း၏။ ဥဒ္ဒိဿကံ၊ ဥဒ္ဒိဿကစေတီကိုလည်းကောင်း။ ပါရိဘောဂိကံ၊ ပါရိဘောဂိကစေတီကိုလည်းကောင်း။ ကာတုံ၊ ငှာ။ သက္ကာ၊ သည်။ ဟောတိ၊ ၏။

ဥဒ္ဒိဿကစေတီ-ဟူသည်ကား မြတ်စွာဘုရား၏ သဏ္ဌာန်တော်ကဲ့သို့ ထုလုပ်သော ဆင်းတုတော်သည် ဥဒ္ဒိဿကစေတီ မည်၏။

ဥဒ္ဒိဿကန္တိ ဥဒ္ဒိဿ ကတံ ပဋိမာဒိ။ (ဋီကာ)

ဗုဒ္ဓေဟိ၊ မြတ်စွာဘုရားတို့သည်။ ပရိဘုတ္တော၊ သုံးဆောင်အပ်သော။ မဟာဗောဓိ-ရုက္ခော၊ မဟာဗောဓိပင်သည်။ ဗုဒ္ဓေသု၊ မြတ်စွာဘုရားတို့သည်။ ဓရန္တေသုပိ၊ သက်တော်ထင်ရှားရှိကုန်သော်လည်း။ စေတိယမေဝ၊ စေတီမည်သလျှင်ကတည်း။

မြတ်စွာဘုရား သုံးဆောင်တော်မူအပ်သော သက်နိုး, သပိတ်-အစရှိသော အသုံးအဆောင်-ဟူသမျှသည်လည်း ပရိဘောဂစေတီ မည်သည်သာတည်း။

ပါရိဘောဂိကန္တိ စီဝရဗောဓိက္ကစ္စာဒိ။ (ဋီကာ)

ထိုအခါ အာနန္ဒာမထေရ်မြတ်က "မြတ်စွာဘုရားရှိတော်မမူခဲ့သော် ဇေတဝန်ကျောင်းတော်၌ ကိုးကွယ်ရာမရှိ၊ လူအပေါင်းတို့ ပူဇာသက္ကာရကို မရကြကုန်။ မဟာဗောဓိမှ မျိုးစေ့ကို ယူ၍ ဇေတဝန်ကျောင်းတော် တံခါးဝ၌ စိုက်ပျိုးပါအံ့"ဟု လျှောက်လျှင် "ကောင်း၏၊ ချစ်သား အာနန္ဒာ။ မဟာဗောဓိမျိုးစေ့ကို စိုက်ပျိုးရသော် ဇေတဝန်ကျောင်းတော်၌ ငါဘုရား မပြတ်နေသကဲ့သို့ ဖြစ်လတ္တံ့"ဟု မိန့်တော်မူ၏။

ထိုအခါ အာနန္ဒာမထေရ်မြတ်က ပသေနဒိကောသလမင်းနှင့်တကွ ဝိသာခါ, အနာထပိဏ်သူဌေးတို့အား အကြောင်းကြား၍ ဇေတဝန်တံခါးဝတွင် ဗောဓိပင်စိုက်ရာတွင်းကို တူးစေ၍ "မဟာဗောဓိမှ မျိုးစေ့ကို ဆောင်ယူပါ"ဟု မောဂ္ဂလ္လာန်မထေရ်မြတ်ကို လျှောက်လေလျှင် ကောင်းကင်ခရီးဖြင့် ကြွသွား၍ မြေသို့ မကျဘဲ အညာမှ လွတ်သော ဗောဓိသီးမှည့်ကို ယူဆောင်၍ အရှင်အာနန္ဒာအား ပေး၏။ အရှင်အာနန္ဒာလည်း ဗောဓိပင်စိုက်ပျိုးစေခြင်းငှာ ကောသလမင်းကြီးကို စိုက်ပျိုးစေခိုင်းပေ၏။

ကောသလမင်းကြီးလည်း ညချမ်းအခါ များစွာသော အဆောက်အဦတို့ကို ဆောင်ယူ၍ အနာထပိဏ်, ဝိသာခါ အစရှိသော များစွာသော အခြွေအရံတို့နှင့်တကွ ကျောင်းတော်သို့ ရောက်လာ၏။ အရှင်အာနန္ဒာမထေရ်လည်း ဗောဓိပင် စိုက်ပျိုးအံ့သောအရပ်၌ ကြီးစွာသော ရွှေဖျဉ်းကို ထားပြီး၍ အောက်၌ အပေါက်ကို ဖောက်ပြီးသော် နံ့သာညွန်ဖြင့် ပြည့်စေပြီးမှ ဗောဓိသီးမှည့်ကို မင်းကြီးအား ပေးအပ်၏။ မင်းလည်း ဤသို့ ကြံလတ်၏။

"ငါတို့အား မင်းတို့ စည်းစိမ်ချမ်းသာမည်သည် အခါခပ်သိမ်း မတည်ရာ။ အနာထပိဏ်သူဌေးကို စိုက်ပျိုးစေရသော် ကောင်း၏"ဟု ဗောဓိသီးမှည့်ကို အနာထပိဏ်သူဌေးအား ပေးအပ်၏။

(မင်းတို့ စည်းစိမ်ချမ်းသာမည်သည်ကား ငါတို့အား အခါခပ်သိမ်း မတည်ရာ။ တစ်စုံတစ်ယောက်သောသူတို့ စည်းစိမ်ကို လုယူ၍ ငါ၏ရန်သူ စိုက်ပျိုးသော သစ်ပင်-ဟု ခုတ်ဖြတ်ဖျက်ဆီးရာ၏-ဟု နှလုံးသွင်းသတည်း-ဟူလို။)

ရဇ္ဇံ နာမ န သဗ္ဗကာလံ အမှာကံ တိဋ္ဌတိ၊ ကောစိ ပဂ္ဂဟေတွာ မမ ဝေရိကေန ရောပိတန္တိ ဆိန္ဒာပေယျာတိ အဓိပ္ပါယေန ဝဒတိ။ (ဋီကာ)

ရဇ္ဇံ နာမ၊ မင်းစည်းစိမ်ချမ်းသာ မည်သည်ကား။ အမှာကံ၊ ငါတို့အား။ သဗ္ဗကာလံ၊ အခါခပ်သိမ်း။ န တိဋ္ဌတိ၊ မတည်။ ကောစိ၊ တစ်စုံတစ်ယောက်သောသူသည်။ ပဂ္ဂဟေတွာ၊ လုယူ၍။ မမ ဝေရိကေန၊ ငါ၏ရန်သူသည်။ ရောပိတန္တိ၊ စိုက်ပျိုးသော သစ်ပင်-ဟူ၍။ ဆိန္ဒာပေယျ၊ ခုတ်ဖြတ်စေရာ၏။ ဣတိ အဓိပ္ပါယေန၊ ဤသို့သော အလိုဖြင့်။ ရဇ္ဇံ နာမ န သဗ္ဗကာလံ အမှာကံ ဟတ္ထေ တိဋ္ဌတိ၊ ဣဒံ မယာ အနာထပိဏ္ဍိကေန ရောပေတုံ ဝဋ္ဋတီတိ၊ "ရဇ္ဇံ နာမ န သဗ္ဗကာလံ အမှာကံ ဟတ္ထေ တိဋ္ဌတိ၊ ဣဒံ မယာ အနာထပိဏ္ဍိကေန ရောပေတုံ ဝဋ္ဋတိ" ဟူ၍။ ဝဒတိ၊ ဆို၏။

ထိုအခါ အနာထပိဏ်သူဌေးသည် နံ့သာညွန်ပျောင်းကို ယက်၍ မဟာဗောဓိမျိုးကို စိုက်ပျိုးလေ၏။ အနာထပိဏ်သူဌေး၏ လက်မှ လွတ်ခါမျှ၌ သူခပ်သိမ်းတို့ မြင်စဉ်ပင်လျှင် ထွန်းတုံးပမာဏရှိသည်ဖြစ်၍ အမြင့်အတောင်-၅၀, ခက်မ ၅-ဖြာ အတောင် ၅၀-ရှိသော ဗောဓိပင်သည် ခဏချင်းပေါက်လာ၍ တောစိုးသစ်ပင်ကဲ့သို့ ဖြစ်လာ၏။

ဝနပ္ပတိဇေဋ္ဌကောတိ ရုက္ခရာဇာ ဝိယ။ (ဋီကာ)

မင်းကြီးလည်း ၁၈-လုံးသော ရွှေအိုး,ငွေအိုးတို့ကို နံ့သာရေဖြင့် ပြည့်စေ၍ ကြာညို ပန်း-စသည်ဖြင့် တန်ဆာဆင်လျက် မဟာဗောဓိပင်ကို ရံ၍ ထားပေ၏။ ရတနာ ၇-ပါး တို့ဖြင့် ပြီးသော ကွန်ရက်ကိုလည်း ရံစေ၏။ ရွှေမှုန်နှင့်ရောသော သဲတို့ကိုလည်း ဖြန့်ကြဲ စေ၏။ တံတိုင်း ရံကာစေပြီးမှ ရတနာ ၇-ပါးတို့ဖြင့် ပြီးသော တံခါးမုခ်, တံခါးရွက်တို့ကို ပြုပြင်စီရင်၍ ထား၏။ ကြီးစွာသော ပူဇာသက္ကာရသည် ဖြစ်၏။

ဝေဒိကဝ္ဇိဇာလံ။ (ဋီကာ)

ထိုအခါ အာနန္ဒာမထေရ်မြတ်သည် မြတ်စွာဘုရားအထံတော်သို့ ချဉ်းကပ်၍ "မြတ်စွာဘုရားသည် မဟာဗောဓိပင်ရင်း၌ ဝင်စားတော်မူသော သမာပတ်ကို ဤယခု ပေါက်ရောက်ကြီးပွါးသော ဗောဓိပင်၏အရင်း၌ ဝင်စားတော်မူပါ"ဟု လျှောက်လျှင် ၁-ညဉ့်မျှ သမာပတ်ကိုပင် ဝင်စားတော်မူ၏။

အရှင်အာနန္ဒာလည်း ကောသလမင်းကြီး-အစရှိသောသူတို့အား အကြောင်းကြား ၍ ဗောဓိပူဇော်ခြင်းကို ပြုပေ၏။ ထိုဗောဓိပင်သည်ကား အာနန္ဒာမထေရ် စိုက်ပျိုးသည်ကို အကြောင်းပြု၍ **အာနန္ဒာဗောဓိ**ဟူသော အမည်ဖြင့် ထင်ရှား၏။ ထိုအခါ ရဟန်းတို့သည် တရားသဘင်၌ စည်းဝေးကြကုန်သည်ဖြစ်၍ "သက်တော်ထင်ရှား ဘုရားရှိတော်မူစဉ် ပင်လျှင် အရှင်အာနန္ဒာသည် ဗောဓိကို စိုက်ပျိုးစေ၍ ကြီးစွာသော ပူဇာသက္ကာရကို ပြုပေ ၏။ အရှင်အာနန္ဒာ၏ ကြီးမြတ်သော ဂုဏ်ကျေးဇူးကား အံ့ဖွယ်ရှိစွ"ဟု ပြောဆိုကြစဉ်

ဘုရားကြွတော်မူလာ၍ "ချစ်သားရဟန်းတို့၊ အာနန္ဒာသည် ယခုမှသာ မဟာဗောဓိပူဇော်ခြင်းကို ပြုရသည်မဟုတ်။ ရှေးလွန်လေပြီးသောအခါ၌လည်း လေးကျွန်းသေဌ်နင်း၊ စကြာမင်းဖြစ်၍ မဟာဗောဓိပူဇော်ခြင်းကို ပြုဖူးသည်သာတည်း"ဟု မိန့်တော်မူ၍ တေရသကနိပါတ်တွင် ၆-ခုမြောက်သော ကာလိင်္ဂဗောဓိဇာတ်ကို ဟောတော်မူ၏။ ကာလိင်္ဂဗောဓိဇာတ်တော်ကို ထုတ်ဖော်၍ ပြဆိုလျှင် ကျယ်လွန်းအံ့။

တစ်နည်းလည်း ပရိဘောဂစေတီ, ဓာတုစေတီ, ဓမ္မစေတီ-ဟူ၍ ၃-ပါးအပြားရှိ၏။ ထို ၃-ပါးတို့တွင်—

- မြတ်စွာဘုရား သုံးဆောင်တော်မူသော သင်္ကန်း, သပိတ်-စသော ပရိက္ခရာတို့ကို ဌာပနာ၍ ပြုအပ်သော စေတီသည် **ပရိဘောဂစေတီ** မည်၏။
- မြတ်စွာဘုရားဓာတ်တော်ကို ဌာပနာ၍ ပြုအပ်သော စေတီသည် **ဓာတုစေတီ** မည်၏။
- ပဋိစ္စသမုပ္ပါဒ်-စသော တရားတော်ကို ပေ၌ ရေး၍ ဌာပနာ၍ ပြုအပ်သော စေတီသည် **ဓမ္မစေတီ** မည်၏။

ထို့ကြောင့် သာရတ္ထဒီပနီဋီကာ၌—

> **တိဝိဓံ ဟိ စေတိယံ ဝဒန္တိ ပရိဘောဂစေတိယံ ဓာတုစေတိယံ ဓမ္မစေတိယန္တိ။** တတ္ထ ဘဂဝတော ပရိဘုတ္တပြကရဏာနိ နိဒဟိတွာ ကတံ စေတိယံ ပရိဘောဂ-စေတိယံ နာမ၊ ဓာတုယော နိဒဟိတွာ ကတံ ဓာတုစေတိယံ နာမ၊ ပဋိစ္စသမုပ္ပါဒါဒိ-လိခိတပေါတ္ထကံ နိဒဟိတွာ ကတံ ဓမ္မစေတိယံ နာမ။

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (သာရတ္ထ၊၁။၁၇၂)

ဟိ၊ တစ်နည်းအကျယ် မှတ်သားဖွယ်ကား။ စေတိယံ၊ စေတီသည်။ ပရိဘောဂ-စေတိယံ၊ ပရိဘောဂစေတီလည်းကောင်း။ ဓာတုစေတိယံ၊ ဓာတုစေတီလည်းကောင်း။ ဓမ္မစေတိယံ၊ ဓမ္မစေတီလည်းကောင်း။ ဣတိ၊ ဤသို့။ တိဝိဓံ၊ ၃-ပါးအပြားရှိ၏။ တတ္ထ၊ ထို ၃-ပါးကုန်သော စေတီတို့တွင်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ပရိဘုတ္တပြကရဏာနိ၊ သုံးဆောင်တော်မူသော အဆောက်အဦတို့ကို။ နိဒဟိတွာ၊ ဌာပနာ၍။ ကတံ၊ ပြုအပ်သော။ စေတိယံ၊ စေတီသည်။ ပရိဘောဂစေတိယံ နာမ၊ ပရိဘောဂစေတီ မည်၏။ ဓာတုယော၊ ဓာတ်တော်တို့ကို။ နိဒဟိတွာ၊ ဌာပနာ၍။ ကတံ၊ ပြုအပ်သော။ စေတိယံ၊ စေတီသည်။ ဓာတုစေတိယံ နာမ၊ ဓာတုစေတီ မည်၏။ ပဋိစ္စသမုပ္ပါဒါဒိလိခိတပေါတ္ထကံ၊ ပဋိစ္စသမုပ္ပါဒ်

စသည်ဖြင့် ရေးသော ပေကို။ နိဒဟိတွာ၊ ဌာပနာ၍။ ကတံ၊ ပြုအပ်သော။ စေတိယံ၊ စေတီသည်။ ဓမ္မစေတိယံ နာမ၊ ဓမ္မစေတီ မည်၏။

ထို ၃-ပါးတို့တွင်— - ဓာတုစေတီသည် သရီရစေတီ မည်၏။
- ဓမ္မစေတီသည် ဥဒ္ဒိဿကစေတီ မည်၏။

ဤတွင်ရွေ့ စေတီ ၃-ပါးတို့ကို ပြဆိုသော စကားတစ်ရပ် အပြီးသတ်တည်း။

(၂) ဓာတ်တော်မရှိသော ရုပ်ပွါးဆင်းတုကို ရှိသေလေးမြတ် မပြုရာ၌ အပြစ်ရှိ,မရှိကို မေးလျှောက်သည်မှာ အထက်ပြဆိုခဲ့သော တေရသကနိပါတ်၊ ကာလိင်္ဂဗောဓိဇာတ်တွင် သာရီရိကစေတီ, ပရိဘောဂစေတီ, ဥဒ္ဒိဿကစေတီ ၃-ပါးကို ဘုရားခွင့်ပြုတော်မူရကား ရုပ်ပွါးဆင်းတုတို့ကို မရှိသေရာ၌ အပြစ်ရှိ၏။ "အပြစ်မရှိ"ဟု ယူသော ပုဂ္ဂိုလ်တို့သည် အင်္ဂုတ္တရ၊ ဧကကနိပါတ်အဋ္ဌကထာ(၃၅၆)တွင် အာနန္တရိယကံကို ပြရာ သက်တော်ထင်ရှားဘုရားရှိတော်မမူသည့်နောက် စေတီ,ဗောဓိ,ဓာတ်တော်တို့ကို ဖျက်ဆီးသောသူတို့သည် အဘယ်အပြစ်ရှိသနည်းဟူသော ပုစ္ဆာ၏ ဝိသဇ္ဇနာတွင် "သဓာတုကံ ပန ထူပံ ဝါ ပဋိမံ ဝါ" ဟူသော ပါဌ်ကို မြင်၍ "သဓာတုကံ ထူပံ ဝါ သဓာတုကံ ပဋိမံ ဝါ"ဟု 'သဓာတုကံ'-ပုဒ်ကို 'ထူပံ ဝါ, ပဋိမံ ဝါ' ၂-ပုဒ်တို့နှင့် ယှဉ်၍ ဓာတ်တော်ရှိသော စေတီ, ဓာတ်တော်ရှိသော ဆင်းတု- ဟု ယူ၍ ဓာတ်တော်နှင့်တကွသော ဆင်းတုမှသာ ပူဇာရဟထိုက်သည်။ ယင်းသို့မဟုတ်၊ ရုပ်ပွါးဆင်းတု သက်သက်ဖြစ်ခဲ့မူ ရှိသေလေးမြတ်ခြင်းကို မပြုအပ်-ဟု အထင်ရှိ၍ ဆိုမိရှာ ဟန် ရှိ၏။

ထိုသို့မဟုတ်၊ ရှင်အာနန္ဒာက "သက်တော်ထင်ရှားရှိစဉ် သာရီရိကစေတီကို ပြုထိုက်ပါမည်လော"ဟု လျှောက်ရာ "အာနန္ဒာ၊ ငါဘုရား သက်တော်ထင်ရှားရှိစဉ် သာရီရိကစေတီကို မပြုအပ်။ မြတ်စွာဘုရားတို့ ပရိနိဗ္ဗာန်ပြုတော်မူမှသာလျှင် သာရီရိကစေတီကို ပြုအပ်၏။ ဥဒ္ဒိဿကစေတီ, ပရိဘောဂစေတီ ၂-ပါးကိုမူကား ငါဘုရား သက်တော်ထင်ရှားရှိစဉ်ပင်လျှင် ပြုလုပ်ကိုးကွယ်အပ်၏"ဟု—

**အာနန္ဒ န သက္ကာ ကာတုံ၊ ဗုဒ္ဓါနံ ပရိနိဗ္ဗာနကာလေ ဟောတိ၊ ဥဒ္ဒိဿကံ ပါရိဘောဂိကဥ္စ သက္ကာ ကာတုံ။**

ဟု ဟောတော်မူသောကြောင့်လည်းကောင်း,

သာရီရိကစေတီ၌ "သာရီရိကန္တိ ဧကသဒ္ဓွာ သရီရေ အဋ္ဌိနိ"ဟူ၍လည်းကောင်း,

ဥဒ္ဒိဿကစေတီ၌ "ဥဒ္ဒိဿကန္တိ ဥဒ္ဒိဿ ကတံ ပဋိမာဒိ"ဟူ၍လည်းကောင်း-

အရှင်ဋီကာဆရာတို့ မိန့်မှာဖွင့်လှစ်တော်မူရကား သာရီရိကစေတီ, ဥဒ္ဒိဿက စေတီ အခြားစီဖြစ်၍ ဓာတ်တော်မရှိ သက်သက်သော ကိုယ်စားတော်စား ရုပ်ပွါးဆင်းတု သည်ပင် ဥဒ္ဒိဿကစေတီ မည်၏။ ကိုယ်စားတော်စား ရုပ်ပွါးဆင်းတုကို ကိုးကွယ်သော သူသည် ဥဒ္ဒိဿကစေတီကို ကိုးကွယ်သည် မည်၏။

ဓာတ်တော်နှင့် တကွသော ကိုယ်စားတော်စား ရုပ်ပွါးဆင်းတုတို့ကို ကိုးကွယ်သော သူသည် ဥဒ္ဒိဿကစေတီ, သာရီရိကစေတီ ၂-ပါးတို့ကို ကိုးကွယ်သည် မည်၏။ တစ်ခုသော စေတီ, စေတီတိုက်, ကျောင်း, ပြာသာဒ်-စသည်တို့၌ ဘုရားအသုံးအဆောင်ဖြစ်သော သက်န်း, သပိတ်, ပရိက္ခရာ, ဓာတ်တော်နှင့်တကွ ကိုယ်စားတော်စား ရုပ်ပွါးဆင်းတုကို တည်ထားကိုးကွယ်သောသူသည် စေတီ ၃-ပါးလုံးကိုပင် ကိုးကွယ်ရသည် မည်၏။ ဤသို့ မှတ်ရာ၏။

ထို့ကြောင့် သဓာတုကံ-ပုဒ်ကို ပဋိမံ ဝါ-သို့ မလိုက်ရ။ "သဓာတုကံ ထူပံ ဝါ" ၁-ဝိကပ်၊ "ပဋိမံ ဝါ" ၁-ဝိကပ် ကြံရာ၏။

> **ယေ သက်မန္တိ သဒ္ဓူပ၊ တေသံ ပဉ္စာနိသံသိကာ။**
> **သဂ္ဂသံဝတ္တနိကုံစ္စ-ကုလ မဟိဒ္ဓိဘောဂဝါ။ ။**
> **ပညာ ပသာဒါဘိဝါဒါ၊ ဝီတမစ္ဆေရာ ဝိဘာဂါ။**
> **သဒ္ဓမ္မဿဝနာ စေဝ၊ က္ကမေ ပဉ္စာနိသံသိကာ။ ။**

ဟူသော ဂါထာများမှာသာ သဂ္ဂသံဝတ္တနိကာ, ဥစ္စကုလသံဝတ္တနိကာ, မဟိဒ္ဓိသံဝတ္တနိကာ, ဘောဂသံဝတ္တနိကာ, ပညာသံဝတ္တနိကာ-ဟု သံဝတ္တနိကပုဒ်ကို သဂ္ဂ, ဥစ္စကုလ, မဟိဒ္ဓိ, ဘောဂ, ပညာ-ဟူသော ၅-ပုဒ်သို့ လိုက်ရ၏။

"သဓာတုကံ-ကို ပဋိမံ ဝါ-ဟူသော နောက်ပုဒ်သို့ လိုက်ရမည်"ဟူသော ပုဂ္ဂိုလ်တို့ ဝါဒသည် "နိစ္စသီလာသေနာ-ပုဒ်ကို ဒသ-ဟူသော နောက်ပုဒ်သို့ လိုက်ရမည်"ဟု ယူသော ပုဂ္ဂိုလ်တို့၏ ဝါဒကဲ့သို့ ရှိ၏။

ယေ ဘိက္ခူ။ အကြင်သီလရှိသော ရဟန်းတို့သည်။ သဒ္ဓါ၊ သဒ္ဓါတရားနှင့် ပြည့်စုံ သော ဒါယကာအထံသို့။ ဥပသက်မန္တိ၊ ကပ်ကုန်၏။ တေသံ၊ ထိုဒါယကာတို့အား။ ပဉ္စာနိ- သံသိကာ၊ ၅-ပါးကုန်သော အကျိုးတို့ကို ရကုန်၏။ သဂ္ဂသံဝတ္တနိကာ၊ နတ်ပြည်၌ ဖြစ်စေ တတ်သော။ ပသာဒါ၊ ကြည်ညိုခြင်းလည်းကောင်း။ ဥစ္စကုလသံဝတ္တနိကာ၊ မြင့်မြတ်သော အမျိုး၌ ဖြစ်စေတတ်သော။ အဘိဝါဒါ၊ ရှိခိုးခြင်းလည်းကောင်း။ မဟိဒ္ဓိသံဝတ္တနိကာ၊ တန်ခိုးကြီးခြင်းကို ဖြစ်စေတတ်သော။ ဝီတမစ္ဆေရာ၊ ဝန်တိုခြင်းမှ ကင်းခြင်းလည်းကောင်း။

ဘောဂသံဝတ္တနိကာ၊ စည်းစိမ်ဥစ္စာများခြင်းကို ဖြစ်စေတတ်သော။ ဝိဘာဂါ၊ ပေးကမ်းဝေဖန်ခြင်းလည်းကောင်း။ ပညာသံဝတ္တနိကာ၊ ပညာကြီးခြင်းကို ဖြစ်စေတတ်သော။ သဒ္ဓမ္မဿဝနာ စေဝ၊ သူတော်ကောင်းတို့ တရားကို နာခြင်းလည်းကောင်း။ ဣမေ ပဉ္စာနိသံသိကာ၊ ဤ ၅-ပါးကုန်သော အကျိုးတို့ကို ရကုန်၏။

သဒ္ဓါတရားနှင့် ပြည့်စုံသောသူတို့အား သီလရှိသော ရဟန်းတို့နှင့် တွေ့ကြုံရလျှင် တွေ့ရာအရပ်၌ ၅-ပါးကုန်သော အကျိုးတို့ကို ရကုန်၏။

- ကြည်ညိုကာမျှဖြင့် နတ်ရွာသုဂတိဘဝသို့ ရောက်စေတတ်သည် ၁-ပါး,
- ရှိခိုးပူဇော်ခြင်းကြောင့် မြင့်မြတ်သောအမျိုး၌ ဖြစ်စေတတ်သည် ၁-ပါး,
- ဝန်တိုခြင်းမှ ကင်းခြင်းကြောင့် တန်ခိုးကြီးခြင်းနှင့် ပြည့်စုံသည် ၁-ပါး,
- အနည်းငယ်မျှသော်လည်း ပေးကမ်းလှူဒါန်းခြင်းကြောင့် စည်းစိမ်ဥစ္စာ ပေါများသည် ၁-ပါး,
- တရားတော်ကို နာရခြင်းကြောင့် ပညာကြီးသည် ၁-ပါး၊

ဤ ၅-ပါးကုန်သော အကျိုးတို့ကို ရကုန်၏-ဟူလို။ တစ်နည်း-

**သတံ ဟတ္ထီ သတံ အဿာ၊ သတံ အဿတရီရထာ။**
**သတံ ကညာသဟဿာနိ၊ အာမုက္က မဏိကုဏ္ဍလာ။**
**ဧကဿ ပဒဝီတိဟာရဿ၊ ကလံ နာ'ဂ္ဃန္တိ သောဠသိံ။ ။ -**

ဟူသော ပါဠိတော်များ(ဝိ၊၄။၃၀၃)၌ သဟဿာနိ-ဟူသော ပုဒ်ကို ဟတ္ထိ, အဿာ, ရထာ, ကညာ-ဟူသော ပုဒ် ၄-ပုဒ်တို့သို့ လိုက်ရ၏။

သတံဟတ္ထိသဟဿာနိ၊ ဆင် ၁-သိန်းတို့လည်းကောင်း။ သတံအဿသဟဿာနိ၊ မြင်း ၁-သိန်းတို့လည်းကောင်း။ သတံအဿတရီရထာသဟဿာနိ၊ အဿတိုရ်မြင်းကသော ရထား ၁-သိန်းတို့လည်းကောင်း။ အာမုက္က မဏိကုဏ္ဍလာ၊ ပတ္တမြားနားဒောင်း, လက်ကြပ် ဝတ်ဆင်အပ်ကုန်သော။ သတံကညာသဟဿာနိ၊ သမီးကညာ ၁-သိန်းတို့လည်းကောင်း။ ဣမာနိ စတ္တာရိ ဤ ၄-သိန်းကုန်သော ရတနာတို့သည်။ ရတနတ္တယဿ၊ ရတနာ ၃-ပါးတို့၏။ သန္တိကာ၊ အထံသို့။ ဥပဂတဿ၊ ချဉ်းကပ်သောသူ၏။ ဧကဿ ပဒဝီတိဟာရဿ၊ ၁-ခု သောဖဝါးအလှမ်းကို။ သောဠသိံ၊ ၂၅၆-စိတ်ကို။ ကတွာ၊ ပြု၍။ ကလံ၊ ၁-စိတ်မျှကို။ န အဂ္ဃန္တိ၊ မမီနိုင်ကုန်။

ရတနာ ၃-ပါးအထံသို့ သွားသော ဖဝါးအလှမ်းကို ၂၅၆-စိတ် စိတ်၍ ၁-စိတ်ခန့် တွင်ဖြစ်သော ကုသိုလ်ကို ဆင် ၁-သိန်း, မြင်း ၁-သိန်း, အဿတိုရ်မြင်းက-သော ရထား ၁-သိန်း၊ ပတ္တမြားနားဆွဲ, လက်ကြပ်-စသော တန်ဆာဆင်ပြီးသော သမီးကညာ ၁-သိန်း၊ ဤ ၄-သိန်းသော ရတနာတို့သည် မမီရာ။ ရတနာ ၃-ပါးထံသို့ သွားသောသူ၏ ဖဝါး ၁-လှမ်းကို ၂၅၆-စိတ် စိတ်၍ ၁-စိတ်ခန့်တွင် ဖြစ်သော ကုသိုလ်နှင့် ပြဆိုခဲ့ပြီးသော ၄-သိန်းသော ရတနာတို့နှင့် လဲလျှင် ကုသိုလ်ရှင်က ရှုံးသေး၏-ဟူလို။

ကေပဒဝိတိဟာရ-ဟူရာ၌ ဖဝါး ၁-လှမ်းသည် တောင်ဆုပ်ပမာဏရှိ၏။ လက်သစ် ၂၀-တည်း။ ထိုလက်သစ် ၂၀-ကို ၁၆-စိတ်စိတ်လျှင် လက် ၁-သစ်, ၁-မုယော, သန်းဦးခေါင်း-၇, ၁-လိက္ခာ, ရထရေဏုမြူ-၅၆, တဇ္ဇာရီမြူ ၉-လုံးခန့် ရှိ၏။ ၎င်းကို ၁၆-စိတ် စိတ်ပြန်။ ဤနည်းဖြင့် ၁၆-စိတ်၊ ၁၆-ကြိမ်စိတ်လျှင် ၂၅၆-စိတ် ဖြစ်၏။ ဖဝါးတစ်လှမ်းကို ၂၅၆-စိတ်စိတ်လျှင် ၁-စိတ်ကို သန်းဦးခေါင်း-၇၊ လိက္ခာမြူ-၂၈၊ ရထရေဏုမြူ-၂၄၊ တဇ္ဇာရီမြူ-၃၅၊ အဏုမြူ ၇-လုံးခန့်ရှိ၏။

ဤသို့ ကျမ်းဂန်လာသောကြောင့် ကိုယ်စားတော်စား ရုပ်ပွါးဆင်းတုသည် သွားတော်, ဆံတော်-စသော သရီရစေတီ မဖက်၊ သက်သက်ပင် ဥဒ္ဒိဿကစေတီ မည်ပေရကား ကိုယ်စားတော်စား ရည်မှတ်၍ ရုပ်ပွါးဆင်းတုတော်ကို ပြုလုပ်စီရင်သော ကာလမှစ၍ ဥဒ္ဒိဿကစေတီ မည်၏၊ ဘုရား မည်၏။ ထိုဥဒ္ဒိဿကစေတီကို ကြည်ညိုမြတ်နိုး ကိုးကွယ် လှူဒါန်းသော သူတို့သည် မြတ်စွာဘုရား ကိုယ်တော်တိုင်ကို ကိုးကွယ်လှူဒါန်းရသကဲ့သို့ လူ,နတ်,နိဗ္ဗာန် ၃-တန်သော ချမ်းသာကို ရ၏။ ရိုသေလေးမြတ်ခြင်း မပြုရာ၌လည်း ဗုဒ္ဓအဂါရဝဖြစ်၏။ စေတနာရှိလျက် ချိုးဖွဲ့ဖျက်ဆီးသောသူတို့သည် မဟာသာဝဇ္ဇဖြစ်၍ အပြစ်ကြီး၏။ ဤသို့ မှတ်ရာ၏။

သဓာတုကံ-ပုဒ်ကို ပဋိမံ ဝါ-ဟူသော နောက်ပုဒ်သို့ လိုက်၍ "ဓာတ်တော်နှင့်တကွသော ရုပ်ပွါးဆင်းတုမှသာ ရိုသေလေးမြတ်ခြင်းကို မပြုရာ၌ အပြစ်ရှိသည်၊ ဓာတ်တော်မဖက် သက်သက်သော ဥဒ္ဒိဿကစေတီ၌ အပြစ်မရှိ"ဟု ယူသော ပုဂ္ဂိုလ်တို့သည် ထိုထိုပါဠိ, အဋ္ဌကထာ, ဋီကာကျမ်းဂန်အရ အဓိပ္ပါယတ္ထကို သဘောကျ မရိပ်မိ,မသိ၍သာ ဆိုမိရှာဟန် ရှိ၏။

ဤတွင် ဓာတ်တော်မဖက်၊ သက်သက်သော ကိုယ်စားတော်စား ရုပ်ပွါးဆင်းတုတော်ကို ရိုသေလေးမြတ်ခြင်း, မရိုမသေပြုခြင်း၌ အကျိုး,အပြစ် ဖြစ်သင့်,မဖြစ်သင့်ကို ပြသော စကားတစ်ရပ် အပြီးသတ်တည်း။

(၃) သက်တော်ထင်ရှား ဘုရားရှိတော်မူစဉ်က တစ်စုံတစ်ယောက်သောသူတို့ ကိုယ်စားတော်စား ရုပ်ပွါးဆင်းတုကို ကိုးကွယ်ဖူးမည်, မကိုးကွယ်ဖူးမည်ကို မေးလျှောက်သည်မှာ- မြတ်စွာဘုရား ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသောအခါ အရှင်အနုရုဒ္ဓါ, အရှင်သောဘိတ, အရှင်ပဒုမုတ္တရ, အရှင်ဂုဏသာရ, အရှင်ဉာဏပဏ္ဍိတ, အရှင်ရေဝတ၊ ဤရဟန္တာ ၆-ပါးတို့သည် မြတ်စွာဘုရား တံဆိပ်တော်ကို တောင်းရာ ၆-ဆူသော ဆံတော်တို့ကို ပေးလိုက်၍ သွားကြသည်တွင် သမုဒ္ဒရာ၏အနီး တစ်ခုသော ပစ္စန္တဂါမသို့ ရောက်သောအခါ စေတီတည်ရာကို ရ၍ အလုပ်အကျွေးကို တောင့်တ၏။

ထိုအခါ တာဝတိံသာ နတ်ရွာသေဋ္ဌနင်း သိကြားမင်း ရောက်လာ၍ သိကြားမင်းကို "ဆံတော်ဓာတ်၏ ဒါယကာ ခံပါ"ဟု တိုက်တွန်းလေလျှင် "ကောင်းပါပြီ"ဟု ဝန်ခံ၍ အရှင်အနုရုဒ္ဓါ၏ လက်မှ ဆံတော်ကို ယူ၍ ဦးခေါင်းပေါ်တွင် တင်ထားပြီးမှ ဓာတ်တော်တည်ရာတွင်းကို တန်ခိုးဖြင့် ဖန်ဆင်းပြီးသော် **အသီတိမဟာသာဝက, မြတ်စွာဘုရား၏ မယ်တော်, ခမည်းတော်တို့၏ အရုပ်နှင့်တကွ** ကိုယ်စားတော်စား ရုပ်ပွါးဆင်းတုကို ဖန်ဆင်း၍ ဌာပနာကြောင်းကို—

> ဣဒ္ဓိယာ အာဝါဋံ မာပေတွာ တတ္ထ အသီတိသာဝကာနံ ရူပံ မာတုယာ ရူပံ ဗုဒ္ဓပိတုနော ရူပံ အနုပမဿ ဒသဗလဿ ရူပံ စ သုဝဏ္ဏမယံ မာပေတွာ မဇ္ဈေ သတ္တရတနရာသိံ ကတွာ ပရိသမန္တတော သုဝဏ္ဏဇာလံ ပရိက္ခိပိတွာ သေတဆတ္တံ ဥဿာပေတွာ တဿ ဟေဋ္ဌာ နာနာရတနသမုဇ္ဇလံ ပလ္လင်္ကံ မာပေတွာ ဒသဗလဿ ဓာတုံ သီသတော ဩရောပယိတွာ "ဘန္တေ ဘဂဝါ ဣမသ္မိံ ဌာနေ သကလဇနဟိတတ္ထံ ပဉ္စဝဿသဟဿပမာဏံ တိဋ္ဌတူ"တိ ဌပေတိ။

ဟု ကေသဓာတုဝင်ကျမ်းတွင် လာသည်။

ဣဒ္ဓိယာ၊ တန်ခိုးဖြင့်။ အာဝါဋံ၊ တွင်းကို။ မာပေတွာ၊ ဖန်ဆင်း၍။ တတ္ထ၊ ထိုတွင်း၌။ အသီတိသာဝကာနံရူပံ၊ အသီတိမဟာသာဝကတို့၏ အရုပ်ကိုလည်းကောင်း။ မာတုယာရူပံ၊ မြတ်စွာဘုရားမယ်တော်၏ အရုပ်ကိုလည်းကောင်း။ ဗုဒ္ဓပိတုနော၊ မြတ်စွာဘုရား ခမည်း-တော်၏။ ရူပံ၊ အရုပ်ကိုလည်းကောင်း။ အနုပမဿ၊ မနှိုင်းယှဉ်အပ်သော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ သုဝဏ္ဏမယံ၊ ရွှေဖြင့်ပြီးသော။ ရူပံ စ၊ ဆင်းတုတော်ကိုလည်းကောင်း။ မာပေတွာ၊ ဖန်ဆင်း၍။ မဇ္ဈေ၊ အလယ်၌။ သတ္တရတနရာသိံ၊ ၇-ပါးသော ရတနာအစုကို။ ကတွာ၊ ပြု၍။ ပရိသမန္တတော၊ ထက်ဝန်းကျင်မှ။ သုဝဏ္ဏဇာလံ၊ ရွှေကွန်ရက်ကို။ ပရိက္ခိပိတွာ၊ ရံ၍။ သေတဆတ္တံ၊ ထီးဖြူကို။ ဥဿာပေတွာ၊ ဆောက်၍။ တဿ၊ ထိုထီးဖြူ၏။ ဟေဋ္ဌာ၊ အောက်၌။ နာနာရတနသမုဇ္ဇလံ၊ အထူးထူးသော ရတနာတို့ဖြင့် တောက်ပသော။ ပလ္လင်္ကံ၊

ပလ္လင်ကို။ မာပေတွာ၊ ဖန်ဆင်း၍။ ဒသဗလဿ၊ မြတ်စွာဘုရား၏။ ဓာတုံ၊ ဆံတော်ဓာတ်ကို။ သီသ-တော၊ ဦးခေါင်းမှ။ ဩရောပယိတွာ၊ ချ၍။ "ဘဂဝါ၊ ဘုန်းတော်ကြီးသော။ ဘန္တေ၊ အရှင် ဘုရား။ ဣမဿ္မိ ဌာနေ၊ ဤအရပ်၌။ သကလဇနဟိတတ္ထံ၊ အလုံးစုံသော သတ္တဝါတို့၏အကျိုးငှာ။ ပဉ္စဝဿသဟဿပမာဏံ၊ အနှစ် ၅,၀၀၀-အတိုင်းအရှည်။ တိဋ္ဌတု၊ တည်တော်မူလော့"။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆို၍။ ဋ္ဌပေတိ၊ ဌာပနာ၏။

အရှင်အာသဘထေယသထေရ် စီရင်တော်မူသော လောကပညတ္တိ ဆဂတိဒီပဏီ မည်သော ကျမ်း၌ကား သက်တော်ထင်ရှား ဘုရားရှိတော်မူစဉ်ကပင် ဟိမဝန္တာ- ဂန္ဓာဂီရိတောင်တွင် ဟာရိနီမည်သော နတ်မိဖုရားနှင့် မဟေသရမည်သော ဘုမ္မစိုးနတ်မင်းတို့ ရတနာအတိပြီးသော ကိုယ်စားတော်စား ရုပ်ပွါးဆင်းတုတော်ကို ဖန်ဆင်း၍ ကိုးကွယ်ကြောင်းကို လာသည်။

**ဤတွင်ရွေ့ သက်တော်ထင်ရှား ဘုရားရှိတော်မူစဉ်ကပင် ကိုယ်စားတော်စား ရုပ်ပွါးဆင်းတုကို ကိုးကွယ်ဖူးသည်ကို ပြဆိုသော စကားတစ်ရပ် အပြီးသတ်တည်း။**

ထိုစကားရပ်တို့ကို အကျယ်သိလိုလျှင် ၅၅၀၊ တေရသကနိပါတ်၊ ၆-ခုမြောက်သော ကာလိင်္ဂဗောဓိဇာတ်အဋ္ဌကထာ၊ သာရတ္ထဒီပနီဋီကာ။ ဧကကနိပါတ်၊ အင်္ဂုတ္တိုရ်အဋ္ဌကထာ။ ပဉ္စကနိပါတ်၊ အင်္ဂုတ္တိုရ်ပါဠိ၊ အဋ္ဌကထာ။ ဝိနည်းမဟာဝါ ပါဠိ၊ အဋ္ဌကထာ။ သဂါထာဝဂ္ဂ၊ ၁၀-ခုမြောက်သော ယက္ခသံယုတ် ပါဠိ၊ အဋ္ဌကထာ။ ကေသဓာတုဝင်။ လောကပညတ္တိ ဆဂတိဒီပဏီကျမ်းတို့မှာ ကြည့်လေ။

ရတနာပုံရွှေမြို့တော်၊ နှင်းဆီတန်းရပ်နေ ငရွှေမှီ၊ မြန်အောင်မြို့၊ ရှင်ကုမာရတို့က–

"(၁) သာရီရိကစေတီ, ပရိဘောဂစေတီ, ဥဒ္ဒိဿကစေတီ ၃-ပါးတို့ကို အဘယ်အရပ် ဌာနတွင် အဘယ်သူကို အကြောင်းပြု၍ ဘုရားခွင့်ပြုတော်မူမည်။

(၂) ယင်းသည့် စေတီ ၃-ပါးတို့တွင် ဥဒ္ဒိဿဖြစ်သော ဆင်းတုတော်မှာ အချို့သောသူတို့က 'သဓာတုကံ'-ဆိုသောကြောင့် ဓာတ်တော် မရှိ၊ သက်သက် ကိုယ်စားတော်စား ရုပ်ပွါးဆင်းတုတို့ကို အရိုအသေ အလေးအမြတ် မပြုရာ၌ အပြစ်မရှိ၊ ဓာတ်တော်နှင့်တကွသော ရုပ်ပွါးဆင်းတုမှသာ မရိုမသေပြုခြင်း, အရိုအသေပြုခြင်းတို့၌ အကျိုး,အပြစ် ရှိ,မရှိကို ဆိုသင့်သည်-ဟု ပြောဆိုကြပါသည်။

(၃) သက်တော်ထင်ရှား ဘုရားရှိတော်မူစဉ်က တစ်စုံတစ်ယောက်သောသူတို့ ကိုယ်စားတော်စား ရုပ်ပွါးဆင်းတုကို ကိုးကွယ်ဖူးမည်, မကိုးကွယ်ဖူးမည်"ကို–

အသေအချာ နေရာကျ မသိနိုင်ကြရှိသည်ဖြစ်ပါ၍ နေရာကျ သိမှတ်ပါရအောင် အမိန့်ရှိတော်မူပါမည့်အကြောင်းနှင့် လျှောက်သောကြောင့် ကျမ်းဂန်အလာ ဒေသနာအရကို ညွှန်ပြထုတ်ဆောင်၍ ၁၂၄၃-ခု၊ ကော်သလင်းလပြည့်ကျော်၊ ၂-ရက်နေ့၊ ဒိပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိမ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## ဒါယကာမောင်စံပေါ်-က ကာယကံ, ဝစီကံ ၂-ပါးကို လျှောက်ထားချက်

[၁၈၉] "ဘုရားတပည့်တော် အလုံမြို့၊ ဒကာ စံပေါ် ခြေတော်ဦးခိုက် လျှောက်ဝံ့ပါသည် ဆရာတော်ဘုရား။

ဘုရားတပည့်တော်တို့ အလုံမြို့အောက်တိုက်၊ မုံရွေးရွာ, ကြေးမုံရွာ, နွားထိန်းရွာ, ရှစ်ဆယ်ရွာ ရဟန်း,ရှင်,လူတို့ လက်ရောက်ပေးကမ်း လှူဒါန်းကြသော ဒါနကို 'အချို့သော ရဟန်း,ရှင်,လူတို့ကလည်း ကာယကံဖြစ်သည်၊ အချို့သော ရဟန်း, ရှင်,လူတို့ကလည်း မနောကံဖြစ်သည်'-ဟု အယူဝါဒ ကွဲပြားကြကြောင်းနှင့် ဒကာထူးက 'ဆရာတော်ထံ လျှောက်ထား၍ ပေးပါ'-ဟု လာရောက်ပြောဆိုသည် ဖြစ်ပါ၍ သို့ဝါဒ ၂-ပါး ကွဲပြားကြသောအရာမှာ ကာယကံဖြစ်မည်, မနောကံ ဖြစ်မည်ကို နေရာကျကျ သန္နိဋ္ဌာန်ချ၍ သိမှတ်ပါရအောင် အမိန့်ရှိတော်မူပါမည့် အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား"။

ဎင်းမောင်စံပေါ် လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ–

[၁၈၉] လက်ရောက်ပေးကမ်း လှူဒါန်းကြသော ဒါနကို ကာယကံဖြစ်မည်, မနောကံ ဖြစ်မည်ကို မေးလျှောက်သည်မှာ အဋ္ဌသာလိနီမည်သော ဓမ္မသင်္ဂဏီအဋ္ဌကထာတွင်–

ယဒါ တိကာ ရတနာနိ သဟတ္ထေန ပူဇေန္တဿ ပဝတ္တတိ၊ တဒါ ကာယကမ္မံ ဟောတိ။ ယဒါ တိကာ ရတနာနိ ပူဇေန္တော သပုတ္တဒါရဒါသကမ္မကရပေါရိသာဒယောပိ အာဏာပေတွာ ပူဇာပေတိ၊ တဒါ ဝစီကမ္မံ ဟောတိ။ ယဒါ တဒေဝ ဝုတ္တပကာရံ ဝိဇ္ဇမာနကဝတ္ထုံ အာရဗ္ဘ "ဝဏ္ဏဒါနံ ဒဿာမိ"တိ စိန္တေတိ၊ တဒါ မနောကမ္မံ ဟောတိ။

ဟူ၍ ပြသည်။ (အဘိ၊ဋ္ဌ၊၁။၁၁၉)

ယဒါ၊ အကြင်အခါ၌။ တီဏိ ရတနာနိ၊ ရတနာ ၃-ပါးတို့ကို။ သဟတ္ထေန၊ မိမိလက်ဖြင့်။ ပူဇေန္တဿ၊ ပူဇော်သောသူအား။ ဒါနမယံ၊ ဒါနမယသည်။ ပဝတ္တတိ၊ ဖြစ်၏။ တဒါ၊ ထိုအခါ၌။ ကာယကမ္မံ၊ ကာယကံသည်။ ဟောတိ၊ ဖြစ်၏။ ယဒါ၊ အကြင်အခါ၌။ တီဏိ ရတနာနိ၊ ရတနာ ၃-ပါးတို့ကို။ ပူဇေန္တော၊ ပူဇော်သည်ရှိသော်။ သပုတ္တဒါရဒါသကမ္မကရ-ပေါရိသာဒယောပိ၊ သား, မယား, ကျွန်, အမှုလုပ်ယောကျ်ား-အစရှိသည်တို့ကိုလည်း။ အာဏာပေတွာ၊ စေခိုင်း၍။ ပူဇာပေတိ၊ ပူဇော်စေ၏။ တဒါ၊ ထိုအခါ၌။ ဝစီကမ္မံ၊ ဝစီကံသည်။ ဟောတိ၊ ဖြစ်၏။ ယဒါ၊ အကြင်အခါ၌။ တဒေဝ ဝုတ္တပကာရံ၊ ထိုဆိုအပ်ခဲ့ပြီးသော အပြားရှိသော။ ဝိဇ္ဇမာနကဝတ္ထုံ၊ ထင်ရှားရှိသော ဝတ္ထုကို။ အာရဗ္ဘ၊ အာရုံပြု၍။ ဝဏ္ဏဒါနံ၊ ဝဏ္ဏဒါနကို။ ဝါ၊ အဆင်း-ဟူသော အလှူကို။ ဒဿာမိ၊ လှူအံ့-ဟူ၍။ စိန္တေတိ၊ ကြံ၏။ တဒါ၊ ထိုအခါ၌။ မနောကမ္မံ၊ မနောကံသည်။ ဟောတိ၊ ဖြစ်၏။

ဤအဌကထာ၌ ကာယဒွါရကို မှတ်၍ ကာယကံ, ဝစီဒွါရကို မှတ်၍ ဝစီကံ, မနောဒွါရကို မှတ်၍ မနောကံ-ဟု ပြသည်။ ထိုသို့ ပြရာ၌–

- ကာယဒွါရကို မှတ်၍ စေတနာပြဋ္ဌာန်းရာ၌သာ ကာယကံ,
- ဝစီဒွါရကို မှတ်၍ စေတနာပြဋ္ဌာန်းရာ၌သာ ဝစီကံ,
- အနဘိဇ္ဈာ, အဗျာပါဒ, သမ္မာဒိဋ္ဌိပြဋ္ဌာန်းရာ၌ကား မနောကံ။ မနောကံသည် အနဘိဇ္ဈာ, အဗျာပါဒ, သမ္မာဒိဋ္ဌိ, စေတနာ-ဟူ၍ ၄-ပါး။

“**စေတနာ'ဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ**” ဟူ၍ ဟောတော်မူရကား စေတနာသည်သာ ကံ-မည်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ စေတနာ၊ စေတနာကို။ ကမ္မံ၊ ကံ-ဟူ၍။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။

ထိုစေတနာသည် သာမညဖြစ်ခဲ့ရကား သစ်ပင်ဖြင့် မှတ်၍ ပေါက်ပင်၌ရှိသော နတ်ကို ပေါက်ပင်စောင့်နတ်, တမာပင်၌ရှိသော နတ်ကို တမာပင်စောင့်နတ်-ဟု ခေါ်ဝေါ်သကဲ့သို့ ဒွါရဖြင့် မှတ်၍ **စေတနာသည် ကာယဒွါရ၌ ဖြစ်ခိုက် ကာယကံ၊ ဝစီဒွါရ၌ ဖြစ်ခိုက် ဝစီကံ**-ဟု ဒွါရဖြင့် မှတ်၍ စေတနာကို ကာယကံ, ဝစီကံ-ဟု ခေါ်သည်။ ဒွါရသည် ကံ မမည်။ ကာယဒွါရ-ဟူသည် ကာယဝိညတ်, ဝစီဒွါရ-ဟူသည် ဝစီဝိညတ်ကို ဆိုသည်။ ဒါန-ဟူသည်လည်း မုချအားဖြင့် စေတနာကိုသာ မှတ်ရ၏။ ထို့ကြောင့် အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (၁၇၅)၌–

ဒီယတိ စေတနာတိ ဒါနံ၊ ပရိစ္စာဂစေတနာ။

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

စေတနာ၊ ထိုစေတနာဖြင့်။ ဒီယတိ၊ လှူအပ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ တံ၊ ထိုစေတနာသည်။ ဒါနံ၊ ဒါန မည်၏။ ပရိစ္စာဂစေတနာ၊ ဒါနဝတ္ထုကို စွန့်သော စေတနာတည်း။

ဒါနကုသိုလ်စေတနာသည် ဇောနှင့်သာ သမ္ပယုတ်ဖြစ်၏။ သမ္ပယုတ်ဖြစ်သော ဇောကို မှတ်၍ ခေါ်လျှင် မနောကံ ၁-ပါးသာ ရှိသင့်၏။ ကာယဒွါရဖြင့် မှတ်၍ ကာယကံ, ဝစီဒွါရဖြင့် မှတ်၍ ဝစီကံ ခေါ်သည်။ ဒွါရဖြင့် မမှတ်မူ၍ကား ကံ-သာမည ဖြစ်၏။

စင်စစ်အားဖြင့်ကား ဒါနကုသိုလ်အရာ၌ မနောကံ, မနောဒွါရသာ မုချဖြစ်၏။ ထိုစကား မှန်၏။ "ကာယဒွါရ, ဝစီဒွါရ, မနောဒွါရတို့ဖြင့် ရှိခိုးပါ၏"ဟူ၍လည်းကောင်း, "ကာယကံ, ဝစီကံ, မနောကံတို့ဖြင့် ရှိခိုးပါ၏"ဟူ၍လည်းကောင်း ရွတ်ဆိုကြကုန်၏။ ထိုစကား၌ ဒွါရဖြင့် မှတ်၍သာ အခိုက်အတန့်အားဖြင့် ပလာသဒေဝတာ, ပုစိမန္ဒဒေဝတာ-ဟူသကဲ့သို့ ကာယကံ, ဝစီကံ-ဟု ခေါ်သည်။ စင်စစ်အားဖြင့်ကား ထိုပဏာမစေတနာသည် မနောကံသာတည်း။

ထို့ကြောင့် အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ၏ အဖွင့်ဖြစ်သော မဏိသာရမဉ္ဇူသာ မည်သော ဋီကာ၌ "တိဝိဓော ဟိ ပဏာမော မနောကမ္မံ နာမ"ဟူသော ပါဠ်ကို မိန့်ဆို ဖွင့်လှစ်တော်မူသတည်း။

ဟိ သစ္စံ၊ မှန်၏။ တိဝိဓော၊ ၃-ပါးအပြားရှိသော။ ပဏာမော၊ ပဏာမသည်။ မနောကမ္မံ နာမ၊ မနောကံ မည်၏။

ဤကဲ့သို့သော အရာများကို နေရာကျကျ မသိမမြင်ကြ၍ ရာမညတိုင်းသား ရှင်,လူ ရဟန်းတို့သည် ရတနာ ၃-ပါးတို့ကို ရှိခိုးရာ၌—

ကံဖြင့်သာ ရှိခိုးရမည်၊ ကံသာ မူလဘူတဖြစ်သည်။
ဒွါရဖြင့်သာ ရှိခိုးရမည်၊ ဒွါရသာ မူလဘူတဖြစ်သည်-

ဟု အယူ ၂-ပါး ကွဲပြားလျက် ရှိကြလေသည်။ ထိုသို့ ကွဲပြားခြင်းသည် မသင့်။ အဘယ်ကြောင့်နည်းဟူမူကား ကံဖြင့် ဒွါရကို မှတ်သောကြောင့် ဌာနီဖြင့် ဌာနကို မှတ်၍ ဒွါရဖြင့် ရှိခိုးရာ၌ ကံ, ကရိဏ်းဖြစ်၍၊ ဒွါရဖြင့် ကံကို မှတ်သောကြောင့် ဌာနဖြင့် ဌာနီကို မှတ်၍ ကံဖြင့် ရှိခိုးရာ၌ ဒွါရကရိဏ်း ဖြစ်၏။ ထို့ကြောင့် ဒွါရဖြင့်လည်း ရှိခိုးအပ်၏။ ကံဖြင့်လည်း

ရှိခိုးအပ်၏။ ပဏာမစေတနာဖြစ်သည်သာ ပဓာနတည်း။ မုချအားဖြင့်ကား မနောကံ ကေန်သာတည်း။ မနောကံအရာ၌ အနဘိဇ္ဈာ, အဗျာပါဒ, သမ္မာဒိဋ္ဌိ, စေတနာ-ဟူ၍ ၄-ပါးတည်း။

ထိုအနဘိဇ္ဈာ, အဗျာပါဒ, သမ္မာဒိဋ္ဌိ, စေတနာတို့သည် ဇောနှင့်သာ သမ္ပယုတ်ဖြစ်၏။ ဝိညတ်နှင့် သမ္ပယုတ် မဟုတ်။ အဘိဓမ္မာပဋ္ဌာန်းနည်း၌ ဝိညတ်သည် မုချပစ္စည်းတပ်သောအရာ မရှိ၊ စေတနာပစ္စည်းတပ်လျှင် ဝိညတ်ပစ္စယုပ္ပန်သာ ဖြစ်၏။ ကုသိုလ်မနောကံသည် ကာယဒွါရ, ဝစီဒွါရတို့၌ ဖြစ်ဟန်ကို ဤသို့ မှတ်ရာ၏။ အနဘိဇ္ဈာ, အဗျာပါဒ, သမ္မာဒိဋ္ဌိပြဋ္ဌာန်းသော စိတ်ဖြင့် စေတီပြင်၌ တံမြက်လှည်းခြင်း, နံ့သာပန်း-စသည် ပူဇော်ခြင်း, ရိုသေမြတ်နိုး ရှိခိုးခြင်းကို ပြုသောသူအား ကံကား မနောကံ, ဒွါရကား ကာယဒွါရဖြစ်၏။ ဤသို့ မနောကံ ကာယဒွါရ၌ ဖြစ်သည်ကို သိရာ၏။

ဤအရာ၌ စေတနာသည် အဗ္ဗောဟာရိကဖြစ်၏။ ထို့ကြောင့် အဋ္ဌသာလိနီမည်သော ဓမ္မသင်္ဂဏီအဋ္ဌကထာ၌–

> **အနဘိဇ္ဈာသဟဂတေဟိ ပန စိတ္တေဟိ ကာယင်္ဂံ စောပေတွာ စေတိယင်္ဂဏ-သမ္မဇ္ဇနဂန္ဓမာလာဒိပူဇနစေတိယဝန္ဒနာဒီနိ ကရောန္တဿ ကမ္မံ မနောကမ္မံ ဟောတိ၊ ဒွါရံ ပန ကာယဒွါရံ၊ ဧဝံ ကုသလံ မနောကမ္မံ ကာယဒွါရေ သမုဋ္ဌာတိ၊ စေတနာ ပနေတ္ထ အဗ္ဗောဟာရိကာ။**

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။　　(အဘိ၊ဋ္ဌ၊၁။၁၃၇)

ပန၊ ကုသိုလ်မနောကံ ကာယဒွါရ၌ ဖြစ်သည်ကို ပြအံ့။ အနဘိဇ္ဈာဒိသဟဂတေဟိ စိတ္တေဟိ၊ အနဘိဇ္ဈာ, အဗျာပါဒ, သမ္မာဒိဋ္ဌိတို့နှင့်တကွ ဖြစ်ကုန်သော စိတ်တို့ဖြင့်။ ကာယင်္ဂံ၊ ကိုယ်အင်္ဂါကို။ စောပေတွာ၊ လှုပ်ရှား၍။ စေတိယင်္ဂဏသမ္မဇ္ဇနဂန္ဓမာလာဒိပူဇနစေတိယ-ဝန္ဒနာဒီနိ၊ စေတီပြင်၌ တံမြက်လှည်းခြင်း, နံ့သာပန်း-စသည်တို့ဖြင့် ပူဇော်ခြင်း, စေတီကိုရှိခိုးခြင်း-အစရှိသည်တို့ကို။ ကရောန္တဿ၊ ပြုသောသူအား။ ကမ္မံ၊ ကံသည်။ မနောကမ္မံ၊ မနောကံသည်။ ဟောတိ၊ ဖြစ်၏။ ဒွါရံ ပန၊ ဒွါရသည်ကား။ ကာယဒွါရံ၊ ကာယဒွါရသည်။ ဟောတိ၊ ဖြစ်၏။ ဧတ္ထ၊ ဤမနောကံ ကာယဒွါရဖြစ်ရာ၌။ စေတနာ၊ စေတနာသည်။ အဗ္ဗောဟာရိကာ၊ မနောကံ-ဟု မခေါ်ဝေါ်လောက်။

အနဘိဇ္ဈာနှင့် တကွဖြစ်သော စိတ်ဖြင့် "သူတပါးစည်းစိမ်ချမ်းသာသည် ငါ၏စည်းစိမ်ချမ်းသာ မဖြစ်မူ ကောင်းလေစွ"ဟု သူတပါး စည်းစိမ်ချမ်းသာကို အလိုမရှိသဖြင့် နှုတ်မြွက်၍ ဆိုသောသူအားလည်းကောင်း၊ အဗျာပါဒနှင့် တကွဖြစ်သော စိတ်ဖြင့် "ခပ်သိမ်းသောသတ္တဝါတို့သည် ရန်မရှိသည်၊ စိုးရိမ်ကြောင့်ကြ မရှိသည်၊ ဆင်းရဲ မရှိသည်၊ မိမိကိုယ်

ကို ချမ်းသာစွာ ရွက်ဆောင်နိုင်သည် ဖြစ်စေသတည်း”ဟု ဆိုသောသူအားလည်းကောင်း၊ သမ္မာဒိဋ္ဌိနှင့် တကွဖြစ်သော စိတ်ဖြင့် “ပေးလှူခြင်းသည် အကျိုးရှိ၏”စသည်ဖြင့် နှုတ်မြွက်၍ ဆိုသောသူအားလည်းကောင်း ကံကား မနောကံ, ဒွါရကား ဝစီဒွါရ၊ ဤကဲ့သို့ ကုသိုလ်မနောကံသည် ဝစီဒွါရ၌ ဖြစ်၏။ ဤအရာ၌ စေတနာသည် အဗ္ဗောဟာရိက ဖြစ်၏။

ထို့ကြောင့် အဋ္ဌသာလိနီမည်သော ဓမ္မသင်္ဂဏီအဋ္ဌကထာ၌—

> **အနဘိဇ္ဈာသဟဂတေန စိတ္တေန ဝါစင်္ဂ စောပေတွာ “အဟော ဝတ ယံ ပရဿ ဝိတ္တူပကရဏံ၊ န တံ မမဿာ”တိ အနဘိဇ္ဈာယတော၊ အဗျာပါဒသဟဂတေန စိတ္တေန “သဗ္ဗေ သတ္တာ အဝေရာ အဗျာပဇ္ဈာ အနီဃာ သုခီ အတ္တာနံ ပရိဟရန္တူ”တိ ဝဒန္တဿ၊ သမ္မာဒိဋ္ဌိသဟဂတေန စိတ္တေန “အတ္ထိ ဒိန္န”န္တိ အာဒီနိ ဥဒါဟရန္တဿ ကမ္မံ မနောကမ္မံ ဟောတိ၊ ဒွါရံ ပန ဝစီဒွါရံ၊ ဧဝံ ကုသလံ မနောကမ္မံ ဝစီဒွါရေ သမုဋ္ဌာတိ၊ စေတနာ ပနေ’တ္ထ အဗ္ဗောဟာရိကာ။**

ဟူသောပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (အဘိ၊ဋ္ဌ၊၁။၁၃၇)

အနဘိဇ္ဈာသဟဂတေန၊ အနဘိဇ္ဈာနှင့် တကွသော။ စိတ္တေန၊ စိတ်ဖြင့်။ ဝါစင်္ဂ၊ နှုတ်အင်္ဂါကို။ စောပေတွာ၊ လှုပ်စေ၍။ ပရဿ၊ သူတပါး၏။ “ယံ ဝိတ္တူပကရဏံ၊ အကြင်စည်းစိမ်ဥစ္စာသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုစည်းစိမ်ဥစ္စာသည်။ မမ၊ ငါ့အား။ န အဿ၊ မဖြစ်ပါမူကား။ အဟော ဝတ၊ ဪ-ကောင်းလေစွ”။ ဣတိ၊ ဤသို့။ အနဘိဇ္ဈာယတော၊ သူတပါးစည်းစိမ်ကို ရှေ့ရှုကြံခြင်းမရှိသောသူအားလည်းကောင်း။ အဗျာပါဒသဟဂတေန၊ အဗျာပါဒနှင့် တကွဖြစ်သော။ စိတ္တေန၊ စိတ်ဖြင့်။ “သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ အဝေရာ၊ ရန်မရှိကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။ အဗျာပဇ္ဈာ၊ စိုးရိမ်ကြောင့်ကြခြင်း မရှိကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။ အနီဃာ၊ ဆင်းရဲမရှိကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။ သုခီ၊ ချမ်းသာစွာ။ အတ္တာနံ၊ မိမိကိုယ်ကို။ ပရိဟရန္တု၊ ရွက်ဆောင်နိုင်စေကုန်သတည်း။” ဣတိ၊ ဤသို့။ ဝဒန္တဿ၊ ဆိုသောသူအားလည်းကောင်း။ သမ္မာဒိဋ္ဌိသဟဂတေန၊ သမ္မာဒိဋ္ဌိနှင့် တကွဖြစ်သော။ စိတ္တေန၊ စိတ်ဖြင့်။ “ဒိန္နံ၊ လှူအပ်သော အကျိုးသည်။ အတ္ထိ၊ ရှိ၏။” ဣတိ၊ ဤသို့ အစရှိသည်ကို။ ဥဒါဟရန္တဿ၊ ဆိုသောသူအားလည်းကောင်း။ ကမ္မံ၊ ကံသည်။ မနောကမ္မံ၊ မနောကံသည်။ ဟောတိ၊ ဖြစ်၏။ ဒွါရံ ပန၊ ဒွါရသည်ကား။ ဝစီဒွါရံ၊ ဝစီဒွါရသည်။ ဟောတိ၊ ဖြစ်၏။ ဧဝံ၊ ဤသို့။ ကုသလံ၊ ကုသိုလ်ဖြစ်သော။ မနောကမ္မံ၊ မနောကံသည်။ ဝစီဒွါရေ၊ ဝစီဒွါရ၌။ သမုဋ္ဌာတိ၊ ဖြစ်၏။ ဧတ္ထ၊ မနောကံ ဝစီဒွါရဖြစ်ရာ၌။ စေတနာ၊ စေတနာသည်။ အဗ္ဗောဟာရိကာ၊ မနောကံ-ဟု မခေါ်ဝေါ်လောက်။

ကိုယ်အင်္ဂါ၊နှုတ်အင်္ဂါတို့ကို မလှုပ်မရှားမူ၍ ဆိတ်ငြိမ်ရာအရပ်၌နေလျက် အနဘိဇ္ဈာ, အဗျာပါဒ, သမ္မာဒိဋ္ဌိနှင့် တကွဖြစ်သော စိတ်ကို ဖြစ်စေတတ်သောသူအား ကံလည်း မနောကံ, ဒွါရလည်း မနောဒွါရ မည်၏။ ဤအရာ၌ စေတနာသည်လည်းကောင်း, စေတနာနှင့်တကွ သမ္ပယုတ်ဖြစ်သော တရားတို့သည်လည်းကောင်း မနောဒွါရ၌သာ ဖြစ်ကုန်၏။

ထို့ကြောင့် အဋ္ဌသာလိနီမည်သော ဓမ္မသင်္ဂဏီအဋ္ဌကထာ၌—

> ကာယင်္ဂဝါစင်္ဂါနိ ပန အစောပေတွာ ရဟော နိသိန္နဿ မနသာဝ အနဘိဇ္ဈာ-သဟဂတာနိ စိတ္တာနိ ဥပ္ပါဒေန္တဿ ကမ္မံ မနောကမ္မံ၊ ဒွါရမ္ပိ မနောဒွါရမေဝ၊ ဧဝံ ကုသလံ မနောကမ္မံ မနောဒွါရေ သမုဋ္ဌာတိ၊ ဣမသ္မိံ ပန ဌာနေ စေတနာပိ စေတနာ-သမ္ပယုတ္တကာ ဓမ္မာပိ မနောဒွါရေယေဝ သမုဋ္ဌဟန္တိ။

ဟူသောပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (အဘိ၊ဋ္ဌ၁။၁၃၈)

ပန၊ မနောကံ မနောဒွါရ၌ ဖြစ်သည်ကို ပြအံ့။ ကာယင်္ဂဝါစင်္ဂါနိ၊ ကိုယ်အင်္ဂါ, နှုတ်အင်္ဂါတို့ကို။ အစောပေတွာ၊ မလှုပ်စေမူ၍။ ရဟော နိသိန္နဿ၊ ဆိတ်ငြိမ်ရာအရပ်၌ နေလျက်။ မနသာဝ၊ စိတ်ဖြင့်သာလျှင်။ အနဘိဇ္ဈာသဟဂတာနိ၊ အနဘိဇ္ဈာနှင့်တကွ ဖြစ်ကုန်သော။ စိတ္တာနိ၊ စိတ်တို့ကို။ ဥပ္ပါဒေန္တဿ၊ ဖြစ်စေသောသူအား။ ကမ္မံ၊ ကံသည်။ မနောကမ္မံ၊ မနောကံတည်း။ ဒွါရမ္ပိ၊ ဒွါရသည်လည်း။ မနောဒွါရမေဝ၊ မနောဒွါရသည်သာလျှင်တည်း။ ဧဝံ၊ ဤသို့။ ကုသလံ၊ ကုသိုလ်ဖြစ်သော။ မနောကမ္မံ၊ မနောကံသည်။ မနော-ဒွါရေယေဝ၊ မနောဒွါရ၌သာလျှင်။ သမုဋ္ဌာတိ၊ ဖြစ်၏။ ဣမသ္မိံ ပန ဌာနေ၊ ဤအရာ၌ကား။ စေတနာပိ၊ စေတနာသည်လည်းကောင်း။ စေတနာသမ္ပယုတ္တကာ၊ စေတနာနှင့် ယှဉ်ကုန်သော။ ဓမ္မာပိ၊ တရားတို့သည်လည်းကောင်း။ မနောဒွါရေယေဝ၊ မနောဒွါရ၌သာလျှင်။ သမုဋ္ဌဟန္တိ၊ ဖြစ်ကုန်၏။

ဤသို့ မနောကံ ဒွါရ ၃-ပါးတို့၌ ဖြစ်သည်ကို သိရာ၏။

အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာတွင်—

> ကာမာဝစရကုသလမ္ပိ ကာယဒွါရေ ပဝတ္တံ ကာယကမ္မံ၊ ဝစီဒွါရေ ပဝတ္တံ ဝစီကမ္မံ၊ မနောဒွါရေ ပဝတ္တံ မနောကမ္မံ။ –

ဟု ပြရာ၌လည်း ဤနည်းတူသာ မှတ်ရာ၏။ ထိုစကား မှန်၏။

ကံဖြင့်လည်း ဒွါရ-ဟူသော အမည်ကို ရ၏။

ဒွါရဖြင့်လည်း ကံ-ဟူသော အမည်ကို ရ၏။

ထို့ကြောင့် အထက်ပြဆိုခဲ့သော ပလာသဒေဝတာ, ပုစိမန္ဒဒေဝတာ-ဟူရာ၌ကဲ့သို့ မနောကံ ကာယဒွါရ, ဝစီဒွါရဖြစ်ရာ၌ အခိုက်အတန့်အားဖြင့် ကာယကံ, ဝစီကံ-ဟူသော အမည်ကို ရ၏။ စင်စစ်အားဖြင့်ကား မနောကံသာတည်း။ ကံ-ဟူသည်, ဒွါရ-ဟူသည် အခြားစီသာ ဖြစ်၏။ ကိုယ်ဖြင့် ပြီးသောကြောင့် ကာယကံ, နှုတ်ဖြင့် ပြီးသောကြောင့် ဝစီကံခေါ်သည်-ဟု မှတ်ရာ၏။ ထို့ကြောင့် အဋ္ဌသာလိနီမည်သော ဓမ္မသင်္ဂဏီအဋ္ဌကထာ၌—

တတ္ထ အညော ကာယော, အညံ ကမ္မံ၊ ကာယေန ပန ကတတ္တာ တံ "ကာယကမ္မ"န္တိ ဝုစ္စတိ။

ဟူသောပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (အဘိ၊ဋ္ဌ၊၁။၁၂၇)

တတ္ထ၊ ထိုကံ, ဒွါရကို မှတ်ရာ၌။ ကာယော၊ ကာယသည်။ အညော၊ တပါးတည်း။ ကမ္မံ၊ ကံသည်။ အညံ၊ တပါးတည်း။ ပန၊ ထိုသို့ တပါးစီ ဖြစ်သော်လည်း။ ကာယေန၊ ကိုယ်ဖြင့်။ ကတတ္တာ၊ ပြုအပ်သည်၏အဖြစ်ကြောင့်။ ကာယကမ္မန္တိ၊ ကာယကံ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ကာယကံသည်သာ ကာယဒွါရ၌ ဖြစ်သည်ကား ယေဘုယျ။ ကာယကံသည် ကာယဒွါရ၌သာ ဖြစ်သည်ကား တဗ္ဗာဟုလ္လ။ ဤသို့ အထူးမှတ်။ ထိုကံ, ဒွါရတို့၏ အတ္ထုပ္ပတ္တိကို သိသာအောင် ပြဆိုလျှင် ကျယ်လွန်းအံ့။

ဤတွင်ရွေ့. လက်ရောက်လှူဒါန်းကြသော ဒါနသည် ကာယကံဖြစ်သည်, မနောကံဖြစ်သည်ကို ပြဆိုသော စကားတစ်ရပ် အပြီးသတ်တည်း။

ထိုစကားရပ်ကို အကျယ်သိလိုလျှင် အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာ၊ ၎င်းအဖွင့် အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ၊ ၎င်းအဖွင့် မဏိသာရမဉ္ဇူဋီကာ၊ ဓမ္မသင်္ဂဏီအဋ္ဌကထာတို့မှာ ကြည့်လေ။

အလုံမြို့၊ ဒကာစံပေါ်က "လက်ရောက်လှူဒါန်းကြသော ဒါနသည် ကာယကံ ဖြစ်မည်, မနောကံဖြစ်မည်ကို နေရာကျကျ သန္နိဋ္ဌာန်ချ၍ သိမှတ်ပါရအောင် အမိန့်ရှိတော်မူပါမည့်အကြောင်း"နှင့် လျှောက်ထားသောကြောင့် ပါဠိ, အဋ္ဌကထာ, ဋီကာတို့နှင့်တကွ ပရမတ္ထဓမ္မဒေသနာအရကို ညွှန်ပြထုတ်ဆောင်၍ ၁၂၄၃-ခု၊ တပေါင်းလပြည့်ကျော်၊ ၄-ရက်နေ့၊ ဒိပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## ဒါယကာမောင်အောင်တင်-က 'အာဟုနေယျော'-စသော ဂုဏ်တော်ကို သိလိုကြောင်းနှင့် လျှောက်ထားချက်

[၁၉၀] "ဘုရားတပည့်တော် ရတနာပုံရွှေမြို့တော် အနောက်ပြင်၊ ဈေးကြိုရပ်နေ ဒကာအောင်တင် ခြေတော်ဦးခိုက် လျှောက်ပါသည် ဆရာတော်ဘုရား။

သံဃာတော်ဂုဏ် ၉-ပါးတွင် အာဟုနေယျော, ပါဟုနေယျော, ဒက္ခိဏေယျော ဟူသော ဂုဏ်ပုဒ် ၃-ခုတို့၌—

- အာဟုနေယျော၊ အဝေးမှ ဆောင်ခဲ့သော အလှူကို ခံထိုက်၏။
- ပါဟုနေယျော၊ အရပ် ၄-မျက်နှာမှ လာသော ဧည့်သည်တို့အား ရည်၍ထားသော အလှူကို ခံထိုက်၏။
- ဒက္ခိဏေယျော၊ မြတ်သောအလှူကို ခံထိုက်၏။

ဤသို့ အနက်ယောဇနာပါသည်။ ထိုသို့ ယောဇနာရာ၌ အဘယ်သို့ အဝေးမှ ဆောင်ခဲ့သော အလှူကို ခံတော်မူထိုက်သည်။ အဘယ်သို့ အရပ် ၄- မျက်နှာမှ လာသော ဧည့်သည်တို့အား ရည်၍ထားသော အလှူကို ခံတော်မူထိုက်သည်။ အဘယ်သို့ မြတ်သောအလှူကို ခံတော်မူထိုက်သည်ကို နေရာကျကျ မသိနိုင်ကြ ရှိသည်ဖြစ်ပါ၍ နေရာကျကျ သန္နိဋ္ဌာန်ချ၍ သိမှတ်ပါရအောင် အမိန့်ရှိတော်မူပါ မည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား"။

ရင်းဒါယကာ လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ—

[၁၉၀] အာဟုနေယျော, ပါဟုနေယျော, ဒက္ခိဏေယျော-ဟူသော ဂုဏ်ပုဒ် ၃-ခု တို့၏အရာကို မေးလျှောက်သည်မှာ- ဝေးလှစွာသော ကန္တာရခရီးမှ ဆောင်ခဲ့သော အလှူ ကို သံဃာတော်သည် ခံယူသုံးဆောင်ထိုက်၏။ ထိုခံယူသုံးဆောင်ထိုက်သော သံဃာသည် အာဟုနေယျ မည်၏။ ထိုသံဃာသည် အောက်၌ ပြဆိုခဲ့သော သုပ္ပဋိပန္န, ဥဇုပ္ပဋိပန္န, ဉာယပ္ပဋိပန္န, သာမီစိပ္ပဋိပန္န-ဟူသော ၄-ပါးသော ဂုဏ်တို့နှင့် ပြည့်စုံ၏။ သုပ္ပဋိပန္န-စသော ၄-ပါးသော ဂုဏ်တို့နှင့် မပြည့်စုံချေက ထိုပစ္စည်းကို မခံယူ, မသုံးဆောင်ထိုက်ချေ။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်၊ ပ။ သံဃာနုဿတိနိဒ္ဒေသအဋ္ဌကထာ(နှာ-၂၁၃)၊ မဟာဝဂ္ဂ- သောတာပတ္တိသံယုတ်အဋ္ဌကထာတို့၌–

အာဟုနေယျောတိ အာဒီသု အာနေတွာ ဟုနိတဗ္ဗန္တိ အာဟုနံ၊ ဒူရတောပိ အာနေတွာ သီလဝန္တေသု ဒါတဗ္ဗန္တိ အတ္ထော၊ စတုန္နံ ပစ္စယာန'မေတ'မဓိဝစနံ၊ တံ အာဟုနံ ပဋိဂ္ဂဟေတုံ ယုတ္တော တဿ မဟပ္ဖလကရဏတောတိ အာဟုနေယျော။ အထဝါ ဒူရတောပိ အာဂန္တွာ သဗ္ဗသာပတေယျံပိ ဧတ္ထ ဟုနိတဗ္ဗန္တိ အာဟဝနိယော (*အာဟဝနီယော*) သက္ကာဒီနံပိ ဝါ အာဟဝနံ အရဟတီတိ အာဟဝနိယော။

ဟူသောပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

အာဟုနေယျောတိ အာဒီသု၊ အာဟုနေယျော-ဤသို့ အစရှိသည်တို့၌။ ဝါ၊ တို့တွင်။ အာနေတွာ၊ ဆောင်၍။ ဟုနိတဗ္ဗံ၊ ပူဇော်အပ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အာဟုနံ၊ အာဟုန မည်၏။ ဒူရတောပိ၊ အဝေးမှလည်း။ အာနေတွာ၊ ဆောင်၍။ သီလဝန္တေသု၊ သီလရှိကုန်သောသူတို့၌။ ဒါတဗ္ဗံ၊ ပေးလှူအပ်၏။ ဣတိ အယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။ ဧတံ၊ ဤအာဟုန-ဟူသော အမည်သည်။ စတုန္နံ၊ ၄-ပါးကုန်သော။ ပစ္စယာနံ၊ ပစ္စည်းတို့၏။ အဓိဝစနံ နာမ၊ အမည်တည်း။ တံ အာဟုနံ၊ ထိုအဝေးမှ ဆောင်ခဲ့သော ဝတ္ထုကို။ ပဋိဂ္ဂဟေတုံ၊ ခံခြင်းငှာ။ ယုတ္တော၊ သင့်၏။ ဟိ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ တဿ၊ ထိုဆောင်ယူခဲ့သော ဝတ္ထု၏။ မဟပ္ဖလကရဏတော၊ ကြီးမြတ်သောအကျိုးရှိသည်ကို ပြုတတ်သောကြောင့်တည်း။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အာဟုနေယျော၊ အာဟုနေယျ မည်၏။

အထဝါ၊ တစ်နည်းကား။ ဒူရတောပိ၊ အဝေးမှလည်း။ အာဂန္တွာ၊ လာ၍။ ဒိန္နံ၊ လှူအပ်သော။ သဗ္ဗသာပတေယျံပိ၊ အလုံးစုံသော လှူဖွယ်ဝတ္ထုကိုလည်း။ ဧတ္ထ၊ ဤအရိယာသံဃာ၌။ ဟုနိတဗ္ဗံ၊ ပူဇော်အပ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အာဟဝနိယော၊ အာဟဝနိယ မည်၏။ ဝါ၊ တစ်နည်းကား။ သက္ကာဒီနံပိ၊ သိကြား,နတ်-အစရှိသည်တို့သည်လည်း။ အာဟဝနံ၊ ပူဇော်ခြင်းကို။ အရဟတိ၊ ခံထိုက်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အာဟဝနီယော၊ အာဟဝနီယ မည်၏။

ထိုအဋ္ဌကထာပါဠ်တွင် အာဟဝနီယော-ရှိရာ၌ သဒ္ဒနယအားဖြင့် အာဟုနေယျ-ပုဒ်နေတွင် ဉ-ကို ဩ-ပြု၍, ဩ-ကို အဝ-ပြု၍ အာဟဝနီယော ပြီးသည်။

“အာဟုနေယျော”ရှိသည့်အလို အဝေးမှ ဆောင်ခဲ့သော အလှူဝတ္ထုကို ခံထိုက်၏။ “အာဟဝနိယော”ရှိသည့်အလို အဝေးမှ လာ၍ လှူသော အလှူဝတ္ထုကိုလည်း ခံထိုက်၏။ အထူးအားဖြင့်ကား အဝေးမှ ဆောင်ယူခဲ့သောဝတ္ထုသည် အဖိုးထိုက်၏။ ထိုဝတ္ထုသည် တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်ကိုမျှ မရည်သေး၊ ထိုအဖိုးထိုက်သောဝတ္ထုကို ထိုသူ တောင့်တတိုင်းသော လောကီ, လောကုတ္တရာအကျိုးကိုပေးနိုင်သော ဆိုအပ်ခဲ့ပြီးသော

သုပ္ပဋိပန္န-စသော ဂုဏ် ၄-ပါးတို့နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် ခံထိုက်၏။ သုပ္ပဋိပန္န-စသော ၄-ပါးသောဂုဏ်နှင့် မပြည့်စုံသောပုဂ္ဂိုလ်သည် မခံထိုက်။ အဝေးမှလာ၍ တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်အား ရည်၍ လှူသောအလှူသည် အဖိုးထိုက်၏။ ထိုဝတ္ထုကို ဆိုအပ်ခဲ့ပြီးသော သုပ္ပဋိပန္န-စသော ဂုဏ် ၄-ပါးတို့နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် ခံထိုက်၏။ သုပ္ပဋိပန္န-စသော ၄-ပါးသောဂုဏ်နှင့် မပြည့်စုံသော ပုဂ္ဂိုလ်သည် မခံထိုက်။

ထိုစကား၌ လောကီ, လောကုတ္တရာအားလျော်သော စတုပါရိသုဒ္ဓိသီလ-ဟု ဆိုအပ်သော ဓမ္မာနုဓမ္မပဋိပတ် အကျင့်မြတ်သည် သုပ္ပဋိပန္န မည်၏။

ထိုဓမ္မာနုဓမ္မပဋိပတ် အကျင့်မြတ်သည်ပင် ဧမှ, ဝင်္က, ကုဋိလသဘောမှ ကင်းသောကြောင့် ဥဇုပ္ပဋိပန္န မည်၏။

ထိုဓမ္မာနုဓမ္မပဋိပတ် အကျင့်မြတ်သည်ပင် နိဗ္ဗာန်အား လျော်သော အကျင့်ဖြစ်သောကြောင့် ဉာယပ္ပဋိပန္န မည်၏။

ထိုဓမ္မာနုဓမ္မပဋိပတ် အကျင့်မြတ်သည်ပင် အရိုအသေ အလေးအမြတ် ကျင့်အပ်သောကြောင့် သာမီစိပ္ပဋိပန္န မည်၏။

ထိုစကားရပ်တို့ကို သိသာအောင် ပြဆိုလျှင် ကျယ်လွန်းအံ့။

**ဤတွင်ရွေ့ အာဟုနေယျ-ဟူသော ဂုဏ်ပုဒ်၏အရကို ပြဆိုသောစကားရပ် အပြီးသတ်တည်း။**

အရပ် ၄-မျက်နှာ, အရပ် ၈-မျက်နှာတို့မှ လာကုန်သော ဆွေမျိုး, အဆွေခင်ပွန်းတို့၏အကျိုးငှာ ထားအပ်သော ပူဇာသက္ကာရနှင့်စပ်သော ဝတ္ထုသည် ပါဟုန မည်၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်၊ ပ။ သံဃာနုဿတိနိဒ္ဒေသအဋ္ဌကထာ(နှာ-၂၁၃)။ မဟာဝဂ္ဂ-သောတာပတ္တိသံယုတ်အဋ္ဌကထာတို့၌—

ပါဟုနေယျောတိ ဧတ္ထ ပန ပါဟုနံ ဝုစ္စတိ ဒိသာဝိဒိသတော အာဂတာနံ ပိယမနာပါနံ ဉာတိမိတ္တာန'မတ္ထာယ သက္ကာရေန ပဋိယတ္တံ အာဂန္တုကဒါနံ။

ဟူသောပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ပန၊ အာဟုနေယျဂုဏ်မှတပါး ပါဟုနေယျဂုဏ်ကို ပြအံ့။ ဧတ္ထ၊ ဤ"ပါဟုနေယျော" ဟူသောပုဒ်၌။ ဒိသာဝိဒိသတော၊ အရပ် ၄-မျက်နှာ, အရပ် ၈-မျက်နှာမှ။ အာဂတာနံ၊ ရောက်ဆဲ, ရောက်လတ္တံ့ကုန်သော။ ပိယမနာပါနံ၊ ချစ်မြတ်နိုးအပ်ကုန်သော။ ဉာတိမိတ္တာနံ၊ ဆွေမျိုး အဆွေခင်ပွန်းတို့၏။ အတ္ထာယ၊ အကျိုးငှာ။ ဌပိတံ၊ ထားအပ်သော။ သက္ကာရေန၊

ပူဇာသက္ကာရနှင့်။ ပဋိယတ္တံ၊ အပ်သော။ အာဂန္တုကဒါနံ၊ အာဂန္တုကဒါနကို။ ပါဟုနံ၊ ပါဟုန-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

အမိပွါယ်အစစ်ကား ဧကရာဇ်မင်းမြတ်တို့က အရပ် ၄-မျက်နှာ, အရပ် ၈-မျက်နှာ တို့မှ လာကုန်သော ဆွေတော်, မျိုးတော်, မှူးတော်, မတ်တော်, အဆွေခင်ပွန်းတို့အား ရည်၍ထားသော အဖိုးထိုက်တန်သော အဝတ်ပုဆိုး-အစရှိသော ဝတ္ထုသည် အာဂန္တုကဒါန မည်၏။ ထို အဖိုးထိုက်တန်သော ဝတ္ထုကို "ပုဂ္ဂိုလ်အားလျော်စွာ အသီးအသီး ပေးစေ"ဟု တစ်စုံတစ်ယောက်သောသူကို အပ်ထား၏။

"ထိုဝတ္ထုကို ထိုသူတို့အား မပေး, မရ"ဟု သိခဲ့သော် မင်းဒဏ်ရာဇဝတ် သင့်ရာ၏။ အကယ်၍ "မင်းဒဏ်ရာဇဝတ် သင့်သည်ပင် ဖြစ်စေ ငါ့အား လောကီ,လောကုတ္တရာအကျိုး ပြီးခြင်းသည် မြတ်၏"ဟု တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်အား လှူသည်ဖြစ်အံ့။ ဆိုအပ်ခဲ့ပြီး သော သုပ္ပဋိပန္န-စသော ၄-ပါးသောဂုဏ်နှင့် ပြည့်စုံသည်ဖြစ်၍ ထိုသူ တောင့်တတိုင်းသော လောကီ, လောကုတ္တရာအကျိုးကို ပေးနိုင်သောပုဂ္ဂိုလ်သည် ထိုအလှူကို ခံထိုက်၏။ ထိုပုဂ္ဂိုလ်သည် ပါဟုနေယျ မည်၏။ ဆိုအပ်ခဲ့ပြီးသော ဂုဏ် ၄-ပါးတို့နှင့် မပြည့်စုံသော ပုဂ္ဂိုလ်သည် မခံထိုက်။

"ပါဟုန'မဿ ဒါတုံ ယုတ္တန္တိ ပါဟုနေယျော"ဟူ၍လည်းကောင်း,
"ပါဟုနံ ပဋိဂ္ဂဟေတုံ ယုတ္တောတိ ပါဟုနေယျော"ဟူ၍လည်းကောင်း ဝစနတ်ပြု။

အဿ၊ ထိုသံဃာအား။ ပါဟုနံ၊ အရပ် ၄-မျက်နှာ, အရပ် ၈-မျက်နှာတို့မှ လာသော ဆွေမျိုး,အဆွေခင်ပွန်းတို့အား ရည်၍ထားသော ဝတ္ထုကို။ ဒါတုံ၊ လှူခြင်းငှာ။ ယုတ္တံ၊ သင့်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သော၊ ထိုသံဃာသည်။ ပါဟုနေယျော၊ ပါဟုနေယျ မည်၏။

ယော အရိယသံဃော၊ အကြင်အရိယာသံဃာသည်။ ပါဟုနံ၊ အရပ် ၄-မျက်နှာ, အရပ် ၈-မျက်နှာတို့မှလာသော ဆွေမျိုး, အဆွေခင်ပွန်းတို့အား ရည်၍ထားသော ဝတ္ထုကို။ ပဋိဂ္ဂဟေတုံ၊ ခံခြင်းငှာ။ ယုတ္တော၊ သင့်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သော အရိယ-သံဃော၊ ထိုအရိယာသံဃာသည်။ ပါဟုနေယျော၊ ပါဟုနေယျ မည်၏။ (ဝိသုဒ္ဓိ၊၁။၂၁၃)

တစ်နည်း 'သဗ္ဗပဌမံ အာနေတွာ ဟုနိတဗ္ဗံ ဧတ္ထာတိ ပါဟဝနိယော'ဟူ၍လည်းကောင်း,
'သဗ္ဗပကာရေန ဝါ အာဝဟန'မရဟတီတိ ပါဟဝနိယော'ဟူ၍လည်းကောင်း ဝစနတ်ပြု။

ဧတ္ထ၊ ဤအရိယာသံဃာ၌။ သဗ္ဗပဌမံ၊ အားလုံးထက် ရှေးဦးစွာ။ အာနေတွာ၊ ဆောင်၍။ ဟုနိတဗ္ဗံ၊ ပူဇော်အပ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ယော၊ ထိုအရိယာသံဃာ သည်။ ပါဟဝနိယော၊ ပါဟဝနိယ မည်၏။

ဝါ၊ တစ်နည်းကား။ ယော အရိယသံဃော၊ အကြင်အရိယာသံဃာသည်။ သဗ္ဗ-ပကာရေန၊ အလုံးစုံသော အပြားအားဖြင့်။ အာဝဟနံ၊ ဆောင်၍ ပူဇော်သော အလှူဝတ္ထုကို။ ပဋိဂ္ဂဏှိတုံ၊ ခံခြင်းငှာ။ အရဟတိ၊ ထိုက်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သော အရိယ-သံဃော၊ ထိုအရိယာသံဃာသည်။ ပါဟဝနိယော၊ ပါဟဝနိယ မည်၏။

ဤ၌လည်း ပါဟုနေယျော-ပုဒ်နေတွင် ဟု-၏ ဥ-ကို သြ-ပြု၍, သြ-ကို အဝ-ပြု၍ ပါဟဝနိယော ပြီးသည်။ ထို့ကြောင့် သံဃာတော်၏ ဂုဏ်ကို ရွတ်ရာ၌ အာဟုနေယျော, ပါဟုနေယျော, ဒက္ခိဏေယျော-ဟူ၍လည်းကောင်း၊ အာဟဝနိယော, ပါဟဝနိယော, ဒက္ခိ-ဏေယျော-ဟူ၍လည်းကောင်း ရွတ်ရာ၏။ ဤတွင်ရွေ့ ပါဟုနေယျော-ဂုဏ်ပုဒ်အရကို ပြဆိုသော စကားတစ်ရပ် အပြီးသတ်တည်း။

**တမလွန်လောကကို ယုံကြည်၍ လှူအပ်သောအလှူသည် ဒက္ခိဏာ မည်၏။** ထိုတမလွန်လောကကို ယုံကြည်၍ လှူအပ်သောအလှူကို ဆိုအပ်ခဲ့ပြီးသော ဂုဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ခံထိုက်၏။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်၊ ပ။ သံဃာနုဿတိနိဒ္ဒေသအဋ္ဌကထာ (နှာ-၂၁၃)၊ မဟာဝဂ္ဂသောတာပတ္တိသံယုတ်အဋ္ဌကထာတို့၌-

ဒက္ခိဏာတိ ပန ပရလောကံ သဒ္ဒဟိတွာ ဒါတဗ္ဗဒါနံ ဝုစ္စတိ။

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ပန၊ အာဟုနေယျဂုဏ်, ပါဟုနေယျဂုဏ်တို့မှတပါး ဒက္ခိဏေယျဂုဏ်ကို ပြဦးအံ့။ ပရလောကံ၊ တမလွန်လောကကို။ သဒ္ဒဟိတွာ၊ ယုံကြည်၍။ ဒါတဗ္ဗဒါနံ၊ လှူအပ်သော ဒါနကို။ ဒက္ခိဏာတိ၊ ဒက္ခိဏာ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

**‘ဒက္ခိဏံ အရဟတီတိ ဒက္ခိဏေယျော’**ဟူ၍လည်းကောင်း,

**‘ဒက္ခိဏာယ ဝါ ဟိတော ဒက္ခိဏေယျော’**(ဝိသုဒ္ဓိ၊၁။၂၁၃)ဟူ၍လည်းကောင်း ဝစနတ်ပြု၊

ယော အရိယသံဃော၊ အကြင် အရိယာသံဃာသည်။ ဒက္ခိဏံ၊ တမလွန်လောက ကို ယုံကြည်၍လှူသော အလှူကို။ ပဋိဂ္ဂဏှိတုံ၊ ခံခြင်းငှာ။ အရဟတိ၊ ထိုက်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သော အရိယသံဃော၊ ထိုအရိယာသံဃာသည်။ ဒက္ခိဏေယျော၊ ဒက္ခိဏေယျ မည်၏။

ဝါ၊ တစ်နည်းကား။ ဒက္ခိဏာယ၊ တမလွန်လောကကို ယုံကြည်၍ လှူသော အလှူ ၏။ ဟိတော၊ အစီးအပွါးတည်း။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဒက္ခိဏေယျော၊ ဒက္ခိဏေယျ မည်၏။

တမလွန်လောကကို ယုံကြည်၍လှူသော အလှူ၏ အကျိုးကြီးမြတ်သည်၏အဖြစ်ကို ပြသဖြင့် စင်ကြယ်စေနိုင်၏။ ထို့ကြောင့် ဒက္ခိဏေယျ မည်၏-ဟူလို။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်၊ ပ။ သံယာနုဿတိနိဒ္ဒေသအဋ္ဌကထာ(နှာ-၂၁၃)။ မဟာဝဂ္ဂသောတာပတ္တိသံယုတ်အဋ္ဌကထာတို့၌-

**ယသ္မာ နံ မဟပ္ဖလကရဏတာယ ဝိသောဓေတီတိ ဒက္ခိဏေယျော။**

ဟူသောပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ယသ္မာ၊ အကြင်ကြောင့်။ နံ၊ ထိုတမလွန်လောကကို ယုံကြည်၍လှူသော အလှူကို။ မဟပ္ဖလကရဏတာယ၊ အကျိုးကြီးသည်၏အဖြစ်ကို ပြုသဖြင့်။ ဝိသောဓေတိ၊ သုတ်သင်တတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဒက္ခိဏေယျော၊ ဒက္ခိဏေယျ မည်၏။

**ဤတွင်ရွေ့. ဒက္ခိဏေယျော-ဟူသော ဂုဏ်ပုဒ်၏အရကို ပြဆိုသော စကားတစ်ရပ် အပြီးသတ်တည်း။**

ဤသို့ ပြဆိုခဲ့ပြီးသော ဂုဏ်ပုဒ် ၃-ခုတို့၏အရ အကျဉ်းသဒ်ေပဖြစ်သော ပိဏ္ဍတ္ထ အဓိပ္ပါယ်ကား-

- အဝေးမှ ဆောင်ခဲ့သော ဝတ္ထု, အဝေးမှ ဆောင်၍ လှူသောဝတ္ထုကို ခံထိုက်သည်ကား အာဟုနေယျ၊
- အရပ် ၄-မျက်နှာ, အရပ် ၈-မျက်နှာတို့မှ လာသော ဆွေမျိုး, အဆွေခင်ပွန်းတို့အားရည်၍ထားသော ဝတ္ထု၊ ရှေးဦးစွာ ဆောင်၍လှူသော အလှူဝတ္ထု၊ အပြားအားဖြင့် ဆောင်၍ လှူသော ဝတ္ထုကို ခံထိုက်သည်ကား ပါဟုနေယျ မည်၏။
- တမလွန်လောကကို ယုံကြည်၍ လှူသောအလှူကို ခံထိုက်သည်ကား ဒက္ခိဏေယျ မည်၏။ (ဤသို့ အကျဉ်းမှတ်)

ထိုဂုဏ်ပုဒ် ၃-ခုတို့၏အရဖြင့် အလှူဝတ္ထုသည် အာဟုန, ပါဟုန, ဒက္ခိဏ၊ ၃-ပါးပြား၏။ ထို ၃-ပါးတို့တွင်-

- အာဟုနဝတ္ထုသည် အာဟုနလည်း မည်၏၊ ဒက္ခိဏလည်း မည်၏၊ ပါဟုန မမည်။
- ပါဟုနဝတ္ထုသည် ပါဟုနလည်း မည်၏၊ ဒက္ခိဏလည်း မည်၏၊ အာဟုန မမည်။
- ဒက္ခိဏဝတ္ထုသည် ဒက္ခိဏ-သာ မည်၏။ အာဟုန, ပါဟုန မမည်။

ဤသို့ မှတ်ရာ၏။

ဤတွင်ဓွေ့ အာဟုနေယျော, ပါဟုနေယျော, ဒက္ခိဏေယျော-ဟူသော ဂုဏ်ပုဒ် ၃-ခုတို့၏အရကို ပြဆိုသော စကားတစ်ရပ် အပြီးသတ်တည်း။

ထိုစကားရပ်ကို အကျယ်သိလိုလျှင် ဝိသုဒ္ဓိမဂ်၊ သံယာနုဿတိနိဒ္ဒေသအဋ္ဌကထာ။ မဟာဝဂ္ဂ သောတာပတ္တိသံယုတ်အဋ္ဌကထာတို့မှာ ကြည့်လေ။

ရတနာပုံရွှေမြို့တော်အနောက်ပြင်၊ ဈေးကြီးရပ်နေ ဒကာငအောင်တင်က "အာဟုနေယျော, ပါဟုနေယျော, ဒက္ခိဏေယျော၊ ဂုဏ်ပုဒ် ၃-ခုတို့၏အရ၌ အဘယ်သို့ အဝေးမှ ဆောင်ခဲ့သောဝတ္ထုကို ခံထိုက်သည်၊ အဘယ်သို့ အရပ် ၄-မျက်နှာ, အရပ် ၈-မျက်နှာတို့မှ လာသော ဧည့်သည်တို့အား ရည်၍ထားသော အလှူကို ခံထိုက်သည်၊ အဘယ်သို့ မြတ်သောအလှူကို ခံထိုက်သည်ကို နေရာကျ မသိနိုင်ကြရှိသည်ဖြစ်ပါ၍ နေရာကျ သန္နိဋ္ဌာန်ချ၍ သိမှတ်ပါရအောင် အမိန့်ရှိတော်မူပါမည့်အကြောင်း"နှင့် လျှောက်သောကြောင့် ကျမ်းဂန်ပါဠိ ရှိသည့်အလာ ဒေသနာနယကို ညွှန်ပြထုတ်ဆောင်၍ ၁၂၄၀-ခု၊ နှောင်းတန်ခူးလဆန်း၊ ၁၂-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆို အမိန့်ရှိလိုက်သည်။

★★★★★★★

[၁၉၁] မန္တလေးမြို့၊ မာရဘင်စုနေ ဒကာမောင်ကြဲ-က ကံ, ဒွါရနှင့် စပ်လျဉ်း၍ လျှောက်ထားချက်

*[ တတိယတွဲ(လုံးတော်)၊ ပဥ္စမပိုင်း၊ ဤပုဒ်မ ၁၉၁-မှာ ဒုတိယတွဲ(လုံးတော်)၊ တတိယပိုင်း၊ ပုဒ်မ-၁၁၄၊ စာမျက်နှာ ၈၇၅-နှင့် အားလုံးတူနေ၍ ယင်းဒုတိယတွဲ၊ စာမျက်နှာ ၈၇၅-တွင် ပြန်ရှုရန်။*

*မေးသူနှင့် မေးသောအကြောင်းအရာ အားလုံးတူ၍ ခုနှစ်, လ, ရက်သာ ကွဲနေသည်။ ဒုတိယတွဲ(လုံးတော်)တွင် ၁၂၄၂-ခု၊ ဝါဆိုလဆန်း၊ ၁၄-ရက်နေ့ဖြစ်၍ ဤတွင် ၁၂၄၀-ခု၊ နှောင်းတန်ခူးလဆုတ်၊ ၁၄-ရက်နေ့ ဖြစ်နေသည်သာ ထူး၏။ ]*

★★★★★★★

## လက်ဝဲဝင်းတော်မှူး-က "မိမိကိုယ်ပါ၊ သတ္တဝါအများ"စသော ပုစ္ဆာကဗျာကို မေးလျှောက်ချက်

[၁၉၂] "ဘုရားတပည့်တော် လက်ဝဲဝင်းတော်မှူး၊ သူရဲဝန်၊ မင်းကြီးမဟာမင်းလှ မင်းခေါင်ကျော် ရှိခိုးနားတော်လျှောက်ပါသည် ဆရာတော်ဘုရား။

အောက်တွင် ရေးသားပါရှိသည့် ကဗျာလင်္ကာစကား၏ အရကို နေရာကျ မသိနိုင်ကြရှိသည်ဖြစ်ပါ၍ နေရာကျကျ သန္နိဋ္ဌာန်ချ၍ သိမှတ်ပါရအောင် ကယ်မ သနား ဖြေကြားအမိန့်ရှိတော်မူပါမည့်အကြောင်းကို ဆယ်ချောင်းဟတ္ထ ပဏာမ ဖြင့် တုပ်ကွရိုကျိုး ရှိခိုးနားတော်လျှောက်ပါသည် ဆရာတော်ဘုရား။

သိလိုရင်း လျှောက်မေးချက်ပါ ပုစ္ဆာကဗျာ ပဉ္စာကထာဘုရား—

**မိမိကိုယ်ပါ၊ သတ္တဝါအများ၊ သူက-စား၏။ တပါးပုဂ္ဂိုလ်၊ သူမြတ်ဆိုသော်၊ ချင့်ကိုစား၏။ အများသတ္တဝါ၊ ဝေနေယျာကို၊ မီးမှာ ပြောင်ပြောင်၊ သူက လောင်၏။ တောက်ပြောင် ကဲလွန်၊ ဂုဏဝန်ဟု၊ သူမွန်အခေါင်၊ ချင့်ကို လောင်သည်-ဉာဏ်ရောင် ထူးပေစွတကား"။**

ဒါယကာဝင်းတော်မှူး လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ—

[၁၉၂] "မိမိကိုယ်ပါ၊ သတ္တဝါအများ၊ သူက စား၏"အစရှိသော ကဗျာလင်္ကာစကား၏ အရကို မေးလျှောက်သည်မှာ- မြတ်စွာဘုရား၊ ဥက္ကဋ္ဌမြို့ကို အမှီပြု၍ နှစ်သက်တင့်တယ် ရှုချင်ဖွယ်သော လွန်ပင်တော၌ သီတင်းသုံးနေတော်မူသောအခါ ဗေဒင်ကျမ်း၌ ကမ်း တဖက်သို့ ရောက်သော ၅၀၀-သော ပုဏ္ဏားတို့သည် မြတ်စွာဘုရား၏ အထံတော်၌ ရဟန်း ပြုကြ၍ ပိဋကတ် ၃-ပုံကို တတ်ကြလေလျှင် မာန်မာန တက်ကြွထောင်လွှားကုန်လျက် "ငါတို့လည်း ပိဋကတ် ၃-ပုံ တတ်ကြကုန်၏။ ဘုရားလည်း ပိဋကတ် ၃-ပုံကိုသာ တတ်၏။ ထို့ကြောင့် ငါတို့နှင့် ဘုရား ထူးခြားတော့သည် မဟုတ်ပြီ"ဟု မြတ်စွာဘုရားအား ခစားခြင်း ကို မပြုဘဲ ဆန့်ကျင်ဖက်ပြု၍ သွားလာကြကုန်၏။

ထိုရဟန်းတို့သည် မြတ်စွာဘုရားအထံတော်သို့ ချဉ်းကပ်လာသောအခါ "ပုထုဇ္ဇန- ဘုမ္မိ ခီဏာသဝဘုမ္မိ တထာဂတဘုမ္မိ"ဟု ဆိုအပ်သော အရာတို့ဖြင့် နှိုးနှော၍ မူလပဏ္ဏာသ၊ ရှေးဦးစွာသော မူလပရိယာယဝဂ်အစ၊ မူလပရိယာယသုတ်၌—

ကာလော ဃသတိ ဘူတာနိ၊ သဗ္ဗာနေ'ဝ သဟ'တ္တနာ။
ယော စ ကာလဃသော ဘူတော၊ သ ဘူတပစနိံ ပစိ။

(ဇာ၊၁။ဇာဌ၊၂။၂၇၇။ မဋ္ဌ၁။၅၉)

ဟူသော ဒေသနာတော်ကို ဟောတော်မူလျှင် ထိုရဟန်း ၅၀၀-တို့သည် စိုးစဉ်းသော အနက်အဓိပ္ပါယ်ကိုမျှ မကြံဆနိုင်ကုန်သည်ဖြစ်၍ "ငါတို့နှင့်တူသော ပညာရှိသည် မရှိပြီ-ဟု ထင်မှတ်ကြပါသည်ကို ယခု ဘုရားဟောတော်မူသော ဒေသနာကို ငါတို့ တစိုးတစိမျှ မရိပ်မိကြ, မသိကြကုန်။ မြတ်စွာဘုရား၏ ဉာဏ်တော်သည်ကား အံ့ဖွယ်ရှိစွတကား"ဟု ထိုနေ့မှစ၍ ထိုရဟန်း ၅၀၀-တို့သည် အစွယ်ကျွတ်သဖြင့် အဆိပ်မရှိသော မြွေနှင့်တူစွာ မာန်မာနကို နှိမ့်ချခြင်းသို့ ရောက်ကြ၍ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုကြရလေကုန်၏။

မြတ်စွာဘုရား ဥက္ကဋ္ဌမြို့မှ ဝေသာလီပြည်၊ ဂေါတမစေတီသို့ ကြွတော်မူ၍ ဂေါတမ သုတ္တန်ကို ဟောတော်မူသောအဆုံး၌ လောကဓာတ် ၁-သန်း တုန်လှုပ်၏။ ဝေသာလီပြည်မှ ပြန်ကြွရောက်တော်မူလျှင် တရားသဘင်၌ ရဟန်းတို့ စည်းဝေးကြ၍ "မြတ်စွာဘုရား၏ အာနုဘော်တော်သည် အံ့ဖွယ်ရှိစွ။ မာန်မာနတက်ကြွလျက် တုဖက် မရှိ-ဟု ထင်ကြသဖြင့် မထေမဲ့မြင် ပြု၍သွားသော ရဟန်း ၅၀၀-တို့ကို အသာလွယ်ကူ ချွတ်ယူ၍ ပစ်အပ်သော အစွယ်အဆိပ်ရှိသဖြင့် နိဗ္ဗိသေနမြွေ၏သဖွယ် မာန်စွယ်ကို ချွတ်နုတ်၍ လောကုတ္တရာ တရားကို ပေးသနားတော်မူပေသည်"ဟု ချီးမွမ်းအံ့ဩသော စကားကို ဒိဗ္ဗသောတနားဖြင့် ကြားတော်မူလျှင် တရားသဘင်သို့ ကြွတော်မူ၍ "ချစ်သားရဟန်းတို့၊ ယခုမှသာ ထိုရဟန်း ၅၀၀-တို့၏ မာန်စွယ်ကို ချွတ်ပယ်နုတ်ယူတော်မူသည် မဟုတ်။ ရှေးအတိတ်ဘဝ လွန်လေပြီးသော ကာလကလည်း ထိုရဟန်း ၅၀၀-တို့၏ မာန်စွယ်ကို ချွတ်ပယ်နုတ်ယူတော်မူဖူး၏"ဟု အနုသန္ဓေကို စပ်တော်မူ၍ ၅၅၀၊ ဒုကနိပါတ်၊ ၁၀-ခုမြောက်သော သိင်္ဂါလဝဂ်အစု၊ ၅-ခုမြောက်သော မူလပရိယာယဇာတ်(နှာ-၂၇၇)၌ "ကာလော ဃသတိ ဘူတာနိ"အစရှိသည်ဖြင့် ဟောတော်မူသည်။ မူလပရိယာယဇာတ်ကို ထုတ်ဖော်၍ ပြဆိုဆုံးဖြတ်လျှင် ကျယ်လွန်းအံ့။

ကာလော၊ ကာလသည်။ အတ္တနာ၊ မိမိနှင့်။ သဟ၊ တကွ။ သဗ္ဗာနေဝ၊ အလုံးစုံသာလျှင် ဖြစ်ကုန်သော။ ဘူတာနိ၊ သတ္တဝါတို့ကို။ ဃသတိ၊ စား၏။ ယော စ ဘူတော၊ အကြင်သတ္တဝါ ၁-ယောက်သည်ကား။ ကာလဃသော၊ ကာလကို စား၏။ သော ဘူတော၊ ထိုသတ္တဝါ ၁-ယောက်သည်။ ဘူတပစနိံ၊ သတ္တဝါတို့ကို အပါယ်ငရဲ၌ ကျက်စေတတ်သော တဏှာ-ဟူသော မီးကို။ ဉာဏ'ဂ္ဂိနာ၊ ဉာဏ်တည်းဟူသော မီးဖြင့်။ ပစိ၊ မြိုက်၏။ ဝါ၊ ဖုတ်၏။ (ဤပါဠိတော်၌ "သ ဘူတပဇနိံ"ဟူ၍လည်း တာလုဇ တတိယက္ခရာ ဇ-နှင့်လည်း ရှိသင့်၏)

သော ဘူတော၊ ထိုသတ္တဝါ ၁-ယောက်သည်။ ဘူတပဇနိ၊ သတ္တဝါတို့ကို အပါယ်ငရဲ၌ ဖြစ်စေတတ်သော တဏှာကို။ ပစိ၊ ချက်၏။

ထိုပါဠိတော်ဝယ် အမိပ္ပါယ်ကား နံနက်ကာလ, မွန်းတည့်ကာလ, ညချမ်းကာလ စသော ကာလတို့တွင် နံနက်ကာလက မွန်းတည့်ကာလတိုင်လျှင် ရောက်ဆဲသောကာလ သည် လွန်လေပြီးသော ကာလကို စား၍ ကုန်စေရကား ကာလသည် ကာလကို စားသည် မည်၏။ ကာလကိုသာ ကာလစားသည် မဟုတ်သေး။ သတ္တဝါတို့၏ အသက်ဇီဝိတိန္ဒြေ, အဆင်း, အရွယ်, အသား, အရေတို့ကိုလည်း စား၍ ကုန်စေ၏။ အနာရောဂါ ကင်းခြင်း, သတ္တဝါတို့၏ ချမ်းသာခြင်းကိုလည်း ဖျက်ဆီး၏။ သည်ကိုရည်၍ ကဗျာဆရာသည် "မိမိ ကိုယ်ပါ၊ သတ္တဝါအများ၊ သူက စား၏"ဟု စပ်ဆိုတော်မူသတည်း။

ရဟန္တာပုဂ္ဂိုလ်ကိုကား ကာလလည်း မစားနိုင်ပြီ။ ကာလကိုသာ ရဟန္တာပုဂ္ဂိုလ်က စား၏။ အဘယ်ကြောင့်နည်းဟူမူကား သတ္တဝါတို့၏ အသက်ဇီဝိတိန္ဒြေကိုသာ ကုန်စေ သဖြင့် တရွေ့တရွေ့ ဘဝအသစ်ဖြစ်ပြန်ရခြင်းတည်းဟူသော စုတိမရဏာသို့ နီးစေ, ရောက် စေ၏။ ရဟန္တာပုဂ္ဂိုလ်တို့မှာသော်ကား ကာလကုန်လေ ကုန်လေ ဘဝသစ် မဖြစ်ရဘဲ ပဋိသန္ဓေနေခြင်း, သေခြင်း ကင်းရာ "**ခေကာဒသင်္ခနိဗ္ဗုတဌာန**"ဟု ဆိုအပ်သော နိဗ္ဗာန်သို့ နီးလေရကား ကာလကိုသာ ရဟန္တာပုဂ္ဂိုလ်က စား၍ ကုန်စေသည် မည်၏။

ဇာတိ, မရဏာတို့ကိုကား မိဂပဒဝဋ္ဋဥနနည်း။ နိဗ္ဗုတဌာန-ဟူသော ပုဒ်၌ ဗ္ဗု-မှာ ဥရဿ နှင့်ရှိမှ သင့်သည်။ နိ-ပုဗ္ဗ၊ ဝုတိ-ဓာတ်၊ ဝ-ကို ဗ-ရေး၊ ဝုတိ-သဒ္ဒါ တဏှာဟော။

"**နတ္ထိ ဝုတိ ဧတ္ထာတိ နိဗ္ဗုတိ**"ဟု ဝစနတ်ပြု။

ဧတ္ထ၊ ဤနိဗ္ဗာန်၌။ ဝုတိ၊ တဏှာသည်။ နတ္ထိ၊ မရှိ။ ဣတိ တသ္မာ၊ ထို့ကြောင့်။ တံ၊ ထိုနိဗ္ဗာန်သည်။ နိဗ္ဗုတိ၊ နိဗ္ဗုတိ အမည်ရှိ၏။

သည်ကိုရည်၍ ကဗျာဆရာသည် "တပါးပုဂ္ဂိုလ်၊ သူမြတ်ဆိုသော်၊ ချင့်ကို **စား၏**"ဟု စပ်ဆိုတော်မူသတည်း။

တဏှာသည် သတ္တဝါတို့ကို အပါယ်ငရဲသို့ ကျစေ၍ လောင်တတ်, မြိုက်တတ်, ဖုတ်တတ်, ကျက်စေတတ်၏။ သည်ကိုရည်၍ ကဗျာဆရာသည် "**အများသတ္တဝါ၊ ဝေနေ-ယျာကို၊ မီးမှာ ပြောင်ပြောင်၊ သူက လောင်၏**"ဟု စပ်ဆိုတော်မူသတည်း။

ရဟန္တာပုဂ္ဂိုလ်သည်ကား အရဟတ္တမဂ်ဉာဏ်ကို ရသည်နှင့်တပြိုင်နက် ၈၀၁-ပါး ကုန်သော တဏှာတို့ကို အကြွင်းမဲ့ ပယ်ဖျက်လေပြီးရကား တဏှာကို အရဟတ္တမဂ်ဉာဏ်

တည်းဟူသော မီးဖြင့် အကြွင်းမဲ့ကုန်အောင် လောင်သည်, မြိုက်သည်, ဖုတ်သည်, ကျက်စေသည် မည်၏။

သည်ကိုရည်၍ ကဗျာဆရာသည် "တောက်ပြောင်ကဲလွန်၊ ဂုဏဝန်ဟူ၊ သူမွန်အခေါင်၊ ချင့်ကို လောင်သည်၊ ဉာဏ်ရောင် ထူးပေစွတကား"ဟု စပ်ဆိုတော်မူသတည်း။

ထိုစကားရပ်ကို အကျယ်သိလိုမူ မူလပဏ္ဏာသ၊ ရှေးဦးစွာသော မူလပရိယာယဝဂ်-အစု၊ မူလပရိယာယသုတ် ပါဠိ, အဋ္ဌကထာ, ဋီကာ။ ၅၅၀၊ ဒုကနိပါတ်၊ ၁၀-ခုမြောက်သော မူလပရိယာယဝဂ်အစု၊ ၅-ခုမြောက်သော မူလပရိယာယဇာတ်၊ ပါဠိ, အဋ္ဌကထာ, ဋီကာ။ ဝိဘင်းကျမ်း ၁၈-ဝိဘင်းတွင် အဆုံးစွန်သော ခုဒ္ဒကဝိဘင်းပါဠိ, အဋ္ဌကထာတို့မှာ ကြည့်လေ။

လက်ဝဲဝင်းတော်မှူး၊ သူရဲဝန်၊ မင်းကြီးမဟာမင်းလှမင်းခေါင်ကျော်က "မိမိကိုယ်ပါ၊ သတ္တဝါအများ၊ သူက-စား၏"အစရှိသော ကဗျာစကား၏ အဓိပ္ပါယတ္ထကို နေရာကျကျ သန္နိဋ္ဌာန်ချ၍ သိမှတ်ပါရအောင် ကယ်မသနား ဖြေကြားအမိန့်ရှိတော်မူပါမည့်အကြောင်းနှင့် လျှောက်သောကြောင့် ကျမ်းဂန်အလာ ဒေသနာနယကို ညွှန်ပြထုတ်ဆောင်၍ ၁၂၄၄-ခု၊ တပေါင်းလဆန်း၊ ၉-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်းရွှာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## လက်ဝဲဝင်းတော်မှူး-က "ကောင်းမွန်ထူးမြတ်၊ လျှောက်ပတ်သင့်စွာ"ဟူသော ကဗျာပုစ္ဆာကို မေးလျှောက်ချက်

[၁၉၃] "ဘုရားတပည့်တော် လက်ဝဲဝင်းတော်မှူး၊ သူရဲဝန်၊ မင်းကြီးမဟာမင်းလှမင်းခေါင်ကျော် လျှောက်ပါသည် ဆရာတော်ဘုရား။

ယခုအောက်တွင် ဖော်ပြလိုက်သော ကဗျာလင်္ကာစကား၏ အရကို နေရာကျမသိနိုင်ကြရှိသည်ဖြစ်ပါ၍ နေရာကျကျ သန္နိဋ္ဌာန်ချ၍ သိမှတ်ပါရအောင် ကယ်မသနား ဖြေကြားအမိန့်ရှိတော်မူပါမည့်အကြောင်းကို ဆယ်ချောင်းဟတ္ထ၊ ပဏာမဖြင့်၊ တုပ်ကွရိုကျိုး၊ ရှိခိုးနားတော်လျှောက်ပါသည် ဆရာတော်ဘုရား။

သိလိုရင်း မေးလျှောက်ချက်ပါ ပုစ္ဆာကဗျာ ပဥ္စာကထာဘုရား"–

"ကောင်းမွန်ထူးမြတ်၊ လျှောက်ပတ်သင့်စွာ၊ မြင်ပါလျက်ကို၊ အကုသိုလ်သည်၊ ထိုထိုမနား၊ ထပ်၍ပွါးက၊ ၄-ပါးပါယ်ရွာ၊ ရောက်လေရာ၏။ ခွဲရှာစက်ဆုပ်၊ အယုတ်တမာ၊ မြင်သူမှာကား၊ မဟာကုသိုလ်၊ ပွါး၏ဆိုသော်၊ ထိုသူ ၂-ဦး၊ ဘယ်သို့ထူး။"

ဒါယကာဝင်းတော်မှူး လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ-

[၁၉၃] "ကောင်းမွန်ထူးမြတ်၊ လျှောက်ပတ်သင့်စွာ၊ မြင်ပါလျက်ကို၊ အကုသိုလ်သည်၊ ထိုထိုမနား၊ ထပ်၍ပွါးက၊ ၄-ပါးပါယ်ရွာ၊ ရောက်လေရာ၏"အစရှိသော ကဗျာစကားကို မေးလျှောက်သည်မှာ မြတ်စွာဘုရား သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်တွင် သီတင်းသုံးနေတော်မူသောအခါ သေတဗျမြို့မှ စူဠကာလ, မဟာကာလ ညီနောင် ၂-ယောက်တို့လှည်းအများနှင့် ကုန်စည်ရောင်းသွားကြရာ သာဝတ္ထိပြည်သို့ ရောက်၍ ပြည်သူအများတို့ မြတ်စွာဘုရားအထံသို့ ချဉ်းကပ်ကြသည်ကို မြင်၍ အစ်ကို မဟာကာလသည် ပရိသတ်အများနှင့်အတူ လိုက်သွား၍ ဘုရားအနီးတွင် နေသော မဟာကာလကို ရည်၍ ကာမဂုဏ် ၅-ပါးတို့၏အပြစ်ကို များစွာပြပြီးလျှင် အဆုံး၌ ကိလေသာမှ ထွက်မြောက်ရခြင်း၏ အကျိုးကို ပြ၍ ဆုံးမတော်မူရာ မဟာကာလသည် သံဝေဂဖြစ်လာ၍ ညီ-စူဠကာလကို ပစ္စည်းလုံးစုံ အကုန်အပ်နှင်းပြီးမှ မြတ်စွာဘုရားထံ ရဟန်းပြုလေ၏။ စူဠကာလသည် အစ်ကိုနှင့်အတူပင် ရဟန်းပြုပြန်၏။ မဟာကာလထေရ်သည် ဓုရ ၂-ပါးတို့တွင် ဝိပဿနာဓုရကို အားထုတ်သဖြင့် သုသာန်ဓုတင်ကို ဆောက်တည်ကျင့်သုံးပေ၏။

တစ်နေ့သ၌ လှပတင့်တယ် ရှုချင်ဖွယ်ရှိသော အမျိုးသမီးတစ်ယောက်သည် ထိုခဏချင်း ပြင်းစွာ ဝေဒနာကပ်ရောက်၍ သေသဖြင့် သုသာန်စောင့်မိန်းမအား "ဖုတ်ကြည်းပါ"ဟု အပ်ထားခဲ့၍ ဆွေမျိုးတို့ ပြန်ကြလေလျှင် သုသာန်စောင့်မိန်းမသည် အပေါ်ရုံကို လှစ်၍ကြည့်ရာ လှပတင့်တယ် ရှုချင်ဖွယ်အဆင်းကို မြင်၍ မဟာကာလထေရ်ကို ပင့်ဆောင်၍ "ကြည့်ရှုတော်မူပါ"ဟု လျှောက်ထားရာ ကြည့်ရှုလေလျှင် "ရွှေအဆင်းကဲ့သို့ပင် လှပတင့်တယ် ရှုချင်ဖွယ်ရှိပေစွ၊ မီးပြင်း မြိုက်သောအခါ ငါ့အား ကြားပါလော့"ဟု ဆို၍ မီးပြင်းမြိုက်သောအခါ ကြည့်ရှုပြန်ရာ ပြောက်ကျားသော အဆင်းရှိသော နွားကဲ့သို့ ခြေ,လက်ကုန်းကွ ကွေးကောက်လိမ်ကျစ်လျက် ဖျစ်ဖျစ်မြည်သော အသုဘကို မြင်လေလျှင်-

"ယခုပင် ရှုကြည့်ချင်ဖွယ်ရှိသော ဤကာယသည် ခယဓမ္မ၊ ဝယဓမ္မသို့ ရောက်လေ၏တကား"ဟု-

အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။ ။ (ဒီ၊၂။၁၂၉)

ဟူသော ဂါထာကို ရွတ်တော်မူ၍ ဝိပဿနာကို ပွါးသောခဏ၌ ပဋိသမ္ဘိဒါပတ္တ ဆဋ္ဌဘိည ရဟန္တာအဖြစ်သို့ ရောက်လေ၏။

စူဠကာလမှာမူကား သား, မယားတို့ကို အာရုံပြုလျက် ကာမဝိတက်ကိုသာ ကြံဘိ၏။ စူဠကာလ, မဇ္ဈိမကာလ, မဟာကာလ-ဟူ၍ ညီအစ်ကို ၃-ယောက်တို့တွင် စူဠကာလမှာ မယား ၂-ယောက်, မဇ္ဈိမကာလမှာ မယား ၄-ယောက်, မဟာကာလမှာ မယား ၈-ယောက်ရှိ၏။

မြတ်စွာဘုရားလည်း သာဝတ္ထိပြည်မှ စူဠကာလ, မဟာကာလထေရ်တို့နှင့်တကွ ရဟန်းအပေါင်း ခြံရံလျက် သေတဗျမြို့သို့ ကြွတော်မူပြန်၏။ စူဠကာလ၏ မယားတို့သည် “မြတ်စွာဘုရား ကြွတော်မူလာလျှင် စူဠကာလ ပါလာလိမ့်မည်။ သည်အခါ ငါတို့အကြံ ပြည့်တော့မည်”ဟု မြတ်စွာဘုရားကို ဆွမ်းဦးကျွေးအံ့သောငှာ ပင့်ဖိတ်လျှောက်ကြားပေသတည်း။

စူဠကာလလည်း မိမိမယားအိမ်သို့ ကြွသွားနှင့်လေရကား သင်္ကန်းကို ဆွဲချွတ်၍ လူဝတ်လဲစေပြီးမှ ဦးဆောက်ပန်းပမာ ပန်းများစွာကို တန်ဆာဆင်လျက် ဦးခေါင်းထက်တွင် စုံစုံ ထက်ဝန်းအုံအောင် ပန်စေပြီးမှ “ခရီးရင်ဆိုင်သွား၍ ဘုရားကို ပင့်ဆောင်ချေ” စေခိုင်းလေက ၁-ဝါမျှပင် မရတတ်သေးသဖြင့် တွေးတွေးထောက်ထောက်၊ ရှက်ကြောက်မျက်နှာ၊ ဆိုသည်ဟာကို၊ ပြင်မှာထား၍ ဘုရားကို ပင့်ဆောင်ရသတည်း။

နောက် ၁-ရက်မှ မဟာကာလ၏ သား,မယားတို့က ဘုရားကို ဆွမ်းလုပ်ကျွေးပြီးလျှင် “အရှင်ဘုရား၊ မဟာကာလကို ထားခဲ့၍ တရားဟောပါစေ”ဟု တောင်းပန်ကြ၍ စူဠကာလကဲ့သို့ပင် ပြုကြဦးမည်အကြံနှင့် လျှောက်ပြန်သတည်း။ သဗ္ဗညုတရွှေဉာဏ်တော်ရှင်သည် အကြောင်းကို သိလျက်နှင့်ပင် တရားသဘင် ထင်ရှားအံ့သည်ကို မြင်တော်မူလေရကား မဟာကာလကို ထားခဲ့၍ ကြွသွားတော်မူပေ၏။

ထိုရောအခါ အုတ်အော်သောင်းသောင်း ရဟန်းအပေါင်းတို့က မြို့ပြင်သို့ ကျလျှင် “ယမန်နေ့ကပင် စူဠကာလကို ဗလက္ကာရ ဆွဲငင်ကြ၍ ပြုကြပါသည့်အရာ အထင်အရှားကို ဘုရားသိတော်မမူလေသလော”ဟု ကဲ့ရဲ့ရှုတ်ချဆိုကြသော စကားကို ဘုရားကြားတော်မူလျှင် “သင်ချစ်သားတို့၊ မဟာကာလကို စူဠကာလနှင့်အတူပင် ထင်မှတ်ကြသလော။ စူဠကာလသည် သုဘအာရုံကိုသာ သာယာတတ်၏။ မဟာကာလမှာမူကား အသုဘအာရုံကိုသာ ရှုလေ့ရှိ၏”ဟု မိန့်တော်မူပြီးမှ—

သုဘာနုပဿိံ ဝိဟရန္တံ၊ ဣန္ဒြိယေသု အသံဝုတံ။
ဘောဇနမှိ အမတ္တညုံ၊ ကုသိတံ ဟီနဝီရိယံ။
တံ ဝေ ပသဟတိ မာရော၊ ဝါတော ရုက္ခံ'ဝ ဒုဗ္ဗလံ။ ။

အသုဘာနုပဿိံ ဝိဟရန္တံ၊ ဣန္ဒြိယေသု သုသံဝုတံ။
ဘောဇနမှိ စ မတ္တညုံ၊ သဒ္ဓံ အာရဒ္ဓဝီရိယံ။
တံ ဝေ နပ္ပသဟတိ မာရော၊ ဝါတော သေလံ'ဝ ပဗ္ဗတံ။ (ဓမ္မပဒ၁၊၄၇)

ဟူသော ဒေသနာတော်ကို ဟောတော်မူသည်။

သုဘာနုပဿိံ၊ ကောင်းသောအာရုံကိုသာ ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရန္တံ၊ နေလေ့ရှိသော။ ဣန္ဒြိယေသု၊ စက္ခု-အစရှိသော ဣန္ဒြေတို့၌။ အသံဝုတံ၊ စောင့်ရှောက်ခြင်း မရှိသော။ ဘောဇနမှိ၊ ဘောဇဉ်၌။ အမတ္တညုံ၊ အတိုင်းအရှည်ကို မသိသော။ ကုသိတံ၊ ပျင်းရိသော။ ဟီနဝီရိယံ၊ ယုတ်သော ဝီရိယရှိသော။ တံ၊ ထိုပုဂ္ဂိုလ်ကို။ ဝေ၊ စင်စစ်။ ဒုဗ္ဗလံ၊ အားနည်းသော။ ရုက္ခံ၊ သစ်ပင်ကို။ ဝါတော၊ သည်းထန်ပြင်းစွာလာသော လေသည်။ ပသဟတိ ဣဝ၊ နှိပ်စက်ဖျက်ဆီးသကဲ့သို့။ မာရော၊ ကိလေသာတည်းဟူသော မာရ်သည်။ ပသဟတိ၊ နှိပ်စက်ဖျက်ဆီး၏။

အသုဘာနုပဿိံ၊ မကောင်းသောအာရုံကိုသာ ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရန္တံ၊ နေသော။ ဣန္ဒြိယေသု၊ စက္ခု-စသော ဣန္ဒြေတို့၌။ သုသံဝုတံ၊ ကောင်းစွာ စောင့်ရှောက်ခြင်း ရှိသော။ ဘောဇနမှိ စ၊ ဘောဇဉ်၌လည်း။ မတ္တညုံ၊ အတိုင်းအရှည်ကို သိလေ့ရှိသော။ သဒ္ဓံ၊ သဒ္ဓါတရားနှင့် ပြည့်စုံသော။ အာရဒ္ဓဝီရိယံ၊ အားထုတ်အပ်သော လုံ့လရှိသော။ တံ၊ ထိုပုဂ္ဂိုလ်ကို။ ဝေ၊ စင်စစ်။ သေလံ၊ ကျောက်အတိပြီးသော။ ပဗ္ဗတံ၊ တောင်ကို။ ဝါတော၊ ပြင်းညင်းစွာလာသော လေသည်။ န ပသဟတိ ဣဝ၊ မနှိပ်စက်မဖျက်ဆီးနိုင်သကဲ့သို့။ မာရော၊ ကိလေသာတည်းဟူသော မာရ်သည်။ န ပသဟတိ၊ မနှိပ်စက်မဖျက်ဆီးနိုင်။

မဟာကာလ၏ သားမယားတို့သည် မဟာကာလထေရ်ကို ဖမ်းဆီးယူအံ့သောငှာ ထက်ဝန်းကျင်မှ ဝန်းရံကြလေလျှင် မဟာကာလထေရ်သည် မြဲမြံသော သတိ,ဝီရိယကို ဖြစ်စေ၍ အဘိညာဏ်သမာပတ်ဖြင့် ပြာသာဒ်ထုပိကာကို ဖောက်ထွင်း၍ မြတ်စွာဘုရား ခြေရင်း၌ 'သုဘာနုပဿိံ ဝိဟရန္တံ'-အစရှိသော ၂-ဂါထာဆုံးသည်နှင့်တပြိုင်နက် ရောက်လေ၏။ (အဋ္ဌကထာ၌ ၂-ဂါထာသာ ပြသည်။)

ဤဒေသနာတော်၌ မျက်စိ, နား, နှာခေါင်းမှစ၍ မိန်းမ,ယောက်ျားတို့ကို မြင်လျှင် "လျောက်ပတ်တင့်တယ် မြတ်နိုးဖွယ်သာတကား"ဟု သုဘအာရုံကိုသာ ရှုလေ့ရှိသော ပုဂ္ဂိုလ်

သည် အကုသိုလ်တရား မပြတ်ဖြစ်ပွါး၍ အပါယ် ၄-ပါးသို့သာ ရောက်လေရာ၏။ မျက်စိ, နား, နှာခေါင်းမှစ၍ မိန်းမ,ယောက်ျားတို့ကို မြင်လျှင် "မလျောက်ပတ် မတင့်တယ် မမြတ်နိုး ဖွယ်သာတကား"ဟု အသုဘအာရုံကိုသာ ရှုလေ့ရှိသော ပုဂ္ဂိုလ်သည် ကုသိုလ်တရား မပြတ် ပွါးသဖြင့် ၄-ပါးသော မဂ်ဉာဏ်, ၄-တန်သော ကုသိုလ်ကို မျက်မှောက်ပြုရ၏။

သည်ကိုရည်၍ ကဗျာဆရာသည်—

> ကောင်းမွန်ထူးမြတ်၊ လျောက်ပတ်တင့်စွာ၊ မြင်ပါလျှက်ကို၊ အကုသိုလ်သည်၊ ထိုထိုမနား၊ ထပ်၍ပွါးက၊ ၄-ပါးပါယ်ရွာ၊ ရောက်လေရာ၏။ ရွံရှာစက်ဆုပ်၊ အယုတ်တမာ၊ မြင်သူမှာကား၊ မဟာကုသိုလ်၊ ပွါး၏ဆိုသော်၊ ထိုသူ ၂-ဦး၊ ဘယ်သို့ထူး။

ဟူ၍ စပ်ဆိုတော်မူသတည်း။

ထိုစကားကို အကျယ်သိလိုလျှင် ဓမ္မပဒ၊ ရှေးဦးစွာသော ယမကဝဂ်အစု၊ ၆-ခု မြောက်သော စူဠကာလ, မဟာကာလဝတ္ထု ပါဠိ,အဋ္ဌကထာတို့မှာ ကြည့်လေ။

လက်ဝဲဝင်းတော်မှူး၊ သူရဲဝန်၊ မင်းကြီးမဟာမင်းလှမင်းခေါင်ကျော်က "ကောင်း မွန်ထူးမြတ်၊ လျောက်ပတ်တင့်စွာ၊ မြင်ပါလျှက်ကို၊ အကုသိုလ်သည်၊ ထိုထိုမနား၊ ထပ်၍ ပွါးက၊ လေးပါးပါယ်ရွာ၊ ရောက်လေရာ၏"အစရှိသော ကဗျာစကား၏အရကို နေရာကျ သိမှတ်လိုပါကြောင်းနှင့် လျှောက်သောကြောင့် ကျမ်းဂန်အလာ ဒေသနာနယကို ညွှန်ပြ ထုတ်ဆောင်၍ ၁၂၄၄-ခု၊ တပေါင်းလဆန်း၊ ၁၀-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာ-သိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## ဒါယကာလက်ဝဲဝင်းတော်မှူး-က "အမိုးလုံစွာ၊ အိမ်ဂေဟာမူ"ဟူသော ပုစ္ဆာကဗျာကို မေးလျှောက်ချက်

[၁၉၄] "ဘုရားတပည့်တော် လက်ဝဲဝင်းတော်မှူး၊ သူရဲဝန်၊ မင်းကြီးမဟာမင်းလှ မင်းခေါင်ကျော် လျှောက်ထားပါသည် ဆရာတော်ဘုရား။

အောက်တွင် ဖော်ပြပါရှိသော ကဗျာလင်္ကာစကား၏အရကို နေရာကျ မသိ နိုင်ကြရှိသည်ဖြစ်ပါ၍ နေရာကျကျ သန္နိဋ္ဌာန်ချ၍ သိမှတ်ပါရအောင် ကယ်မ သနား ဖြေကြားအမိန့်ရှိတော်မူပါမည့်အကြောင်းကို ဆယ်ချောင်းဟတ္ထ၊ ပဏာမ ဖြင့်၊ တုပ်ကွရိုကျိုး၊ ရှိခိုးနားတော်လျှောက်ပါသည် ဆရာတော်ဘုရား။

သိလိုရင်း မေးလျှောက်ချက်ပါ ပုစ္ဆာကဗျာ ပဥ္စာကထနဘုရား—

**အမိုးလုံစွာ၊ အိမ်ဂေဟာမူ၊ ရွာတိုင်းလည်း စွတ်၊ မိုးမလွတ်တည့်။ အလွတ်ဟင်းလင်း၊ အမိုးကင်းမူ၊ ဆီးနှင်းပေါက်မျှ၊ မရောက်ရသည်၊ ဂေဟာတစ်ထွေ၊ အိမ်ထူးပေ"။**

ဒါယကာဝင်းတော်မှူး လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ—

[၁၉၄] "အမိုးလုံစွာ၊ အိမ်ဂေဟာမူ၊ ရွာတိုင်းလည်း စွတ်၊ မိုးမလွတ်တည့်" အစရှိသော ကဗျာလင်္ကာစကား၏အရကို မေးလျှောက်သည်မှာ—

ကဿပမြတ်စွာဘုရားသာသနာတော်က အမျိုးသား ၁-ယောက်သည် အနှစ် ၂၀,၀၀၀-ကာလပတ်လုံး နေ့စဉ်မပြတ် ၂၀-သော စာရေးတံဆွမ်းကို လှူသောကုသိုလ်ကြောင့် နတ်ချမ်းသာကို ရ၍ နတ်ပြည်မှ စုတေပြန်သော် ဝိဒေဟရာဇ်တိုင်း၏ အလယ်တွင် ပဗ္ဗတရဋ္ဌမည်သော တိုင်းရှိ၏။

ထိုတိုင်း၏အလယ်တွင် ဓမ္မကောရဏ္ဍမည်သော မြို့၌ ခနိယမည်သော သူဌေးသား ဖြစ်လာ၍ နွားကို မှီ၍ အသက်မွေး၏။ နွားအပေါင်း ၃၀,၀၀၀-ရှိ၏။ နို့ညှစ် နွားမပေါင်း ၂၅,၀၀၀-ရှိ၏။ သာဝတ္ထိပြည်မှ ယူဇနာ ၇၀၀-ကွာသော မဟီမြစ်ကြီးတွင် နေ၏။

တစ်နေ့သ၌ နွားတို့ကို အစာကျွေးမွေးခြင်း, ခြင်မီးအူခြင်း, မီးထွန်းခြင်း, လူတို့ကို ထမင်းစားစေခြင်း, နွားနို့ကို ညှစ်ယူခြင်းကိစ္စ ပြီးလတ်သော် လုံစွာသော အမိုးရှိသဖြင့် ချမ်းမြေ့သောအရပ်၌ အိပ်နေလျက် မိမိ၏တင့်တယ်ခြင်း အသရေကို မြင်သဖြင့်လည်းကောင်း, ထက်ဝန်းကျင်မှ မိုးတို့၏ ထစ်ကြိုးမြည်သံကို ကြားသဖြင့်လည်းကောင်း ကြောင့်ကြစိုးရိမ်ဖွယ်မရှိသည်ကို မြင်၍ ဝမ်းမြောက်ဝမ်းသာလျက်—

**ပက္ကောဒနော ဒုဒ္ဓခီရောဟမသ္မိ၊ (ဣတိ ဓနိယော ဂေါပေါ)
အနုတီရေ မဟိယာ သမာနဝါသော။
ဆန္နာ ကုဋိ အာဟိတော ဂိနိ၊
အထ စေ ပတ္ထယသိ ပဝဿ ဒေဝ။**

ဟူသော ဂါထာ (သုတ္တနိ၊၂၈၂။ သုတ္တနိ၊ဋ္ဌ၊၁။၂၅-၇)ကို ရွတ်၏။

အဟံ၊ ငါသည်။ ပက္ကောဒနော၊ ချက်၍ စားအပ်ပြီးသော ထမင်းရှိသည်။ အသ္မိ၊ ဖြစ်၏။ ဒုဒ္ဓခီရော၊ ကောင်းစွာ ညှစ်ယူအပ်ပြီးသော နို့ရှိသည်။ အသ္မိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဓနိယော၊ ဓနိယမည်သော။ ဂေါပေါ၊ နွားကျောင်းသားသည်။ မဟိယာ၊ မဟီမြစ်၏။ အနုတီရေ၊ ကမ်းနား၌။ သမာနဝါသော၊ အတူတကွ ပေါင်းဖော်နေထိုင်ခြင်းရှိ၏။ ဆန္နာကုဋိ၊

လုံစွာ မိုးအပ်သော ကုဋိရှိ၏။ အာဟိတော ဂိနိ၊ ထွန်းညှိအပ်ပြီးသော မီးရှိ၏။ ဒေဝ၊ မိုး။ စေ ပတ္ထယသိ၊ အကယ်၍ ရွာလိုသည်ဖြစ်အံ့။ အထ၊ ထိုသို့ ရွာလိုသည်ရှိသော်။ ပဝဿ၊ ပြင်းစွာရွာလော့။

ထိုသို့ ဓနိယ ဂါထာရွတ်သည်ကို ယူဇနာ ၇၀၀-ကွာသော သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၊ ဂန္ဓကုဋိတိုက်မှ ဒိဗ္ဗသောတနားဖြင့် မြတ်စွာဘုရား ကြားတော်မူလတ်၍ ဓနိယ လင်မယားတို့၏ မဂ်,ဖိုလ်ဥပနိဿယကို မြင်တော်မူပေရကား ကောင်းကင်ခရီးဖြင့် ကြွတော်မူလာ၍ ဓနိယ၏ ကုဋိပေါ်၌ နေလျက်–

အက္ကောဓနော ဝိဂတခိလော'ဟ'မသ္မိ (ဣတိ ဘဂဝါ) အနုတီရေ မဟိကေရတ္တိဝါသော။
ဝိဝဋာ ကုဋိ နိဗ္ဗုတော ဂိနိ၊ အထ စေ ပတ္ထယသိ ပဝဿ ဒေဝ။

အက္ကောဓနော ဝိဂတခိလော'ဟ'မသ္မိ၊ အနုတီရေ မဟိယေကရတ္တိဝါသော။
ဝိဝဋာ ကုဋိ နိဗ္ဗုတော ဂိနိ၊ အထ စေ ပတ္ထယသိ ပဝဿ ဒေဝ။

ဟူသောဂါထာကို ရွတ်တော်မူ၏။ (သုတ္တနိ။၂၈၂။ သုတ္တနိ၊ဋ္ဌ၁။၂၇-၈)

ထို ၂-ဂါထာတို့သည် သဒ္ဒါအားဖြင့် စိုးစဉ်းမျှ မတူကြ။ အနက်အားဖြင့်ကား သမုဒ္ဒရာ၏ ထိုမှာဘက်ကမ်းအပြင်၊ နေဝင်,နေထွက်၊ ဘဝဂ်နှင့် လူ့ရွာကဲ့သို့ လွန်စွာဝေးကွာကြသည်သာတည်း။

အဟံ၊ ငါသည်။ အက္ကောဓနော၊ အမျက်ဒေါသ မရှိသည်။ အသ္မိ၊ ဖြစ်၏။ ဝိဂတ-ခိလော၊ ကင်းပြီးသော ရာဂ-စသော ငြောင့်တံသင်း ရှိတော်မူသည်။ အသ္မိ၊ ဖြစ်၏။ (ဣတိ၊ ဤသို့။ ဘဂဝါ၊ ငါဘုရားသည်။) မဟိယာ၊ မဟီမြစ်ကြီး၏။ အနုတီရေ၊ ကမ်းနား၌။ ဧကရတ္တိ-ဝါသော၊ ၁-ညဉ့်မျှသာ နေခြင်းရှိ၏။ ဝိဝဋာ ကုဋိ၊ ဟင်းလင်းပွင့်အပ်သော ကုဋိရှိ၏။ နိဗ္ဗုတော ဂိနိ၊ ငြိမ်းပြီးသော မီးရှိ၏။ ဒေဝ၊ ကိလေသာ-ဟူသော မိုး။ စေ ပတ္ထယသိ၊ အကယ်၍ ရွာလိုသည် ဖြစ်အံ့။ အထ၊ ထိုသို့ ရွာလိုသည်ရှိသော်။ ပဝဿ၊ ပြင်းစွာရွာလော့။

ထို ၂-ဂါထာတို့၏ အနက်သဘော နှီးနှောကြဟန်ကို ဤသို့ မှတ်ရာ၏။

ဓနိယဂါထာ၌ "ထမင်းချက်ပြုတ်၍ စားခြင်းကိစ္စ မရှိရကား ကာယိကဒုက္ခ ငါ့အား မရှိပြီ။ နွားနို့ကို ညှစ်ယူပြီးရကား ငါ့အား စေတသိကဒုက္ခ မရှိပြီ"ဟူလို။ မြတ်စွာဘုရား ဂါထာ၌ "ဓနိယ၊ သင့်မှာ ဒေါသမကင်းသေးရကား ကာယိကဒုက္ခ မငြိမ်းသေး။ ရာဂ-စသော ငြောင့်တံသင်းမှ မကင်းသေးရကား စေတသိကဒုက္ခ မငြိမ်းသေး။ ငါဘုရားမှာမူကား ဒေါသမရှိပြီဖြစ်၍ ကာယိကဒုက္ခလည်း ငြိမ်းပြီ။ ရာဂ-စသော တံသင်းမရှိပြီဖြစ်၍ စေတသိကဒုက္ခလည်း ငြိမ်းပြီ"ဟူလို။

ဓနိယဂါထာ၌ "ဓနိယမည်သော နွားကျောင်းသား၊ ငါသည် မဟီမြစ်၏ ကမ်းနား၌ မွေ့လျော်သမျှ နေအံ့။"

မြတ်စွာဘုရားဂါထာ၌ "ငါဘုရားသည် မဟီမြစ်၏ကမ်းနား၌ ၁-ညဉ့်မျှသာ နေအံ့-ဟူလို။"

ဓနိယဂါထာ၌ "မိုးအပ်ပြီးသော ကုဋိရှိသည်။ မီးတို့ကိုလည်း ထွန်းညှိအပ်ပြီးဖြစ်၍ ညဉ့်အခါ မိုးရွာလိုသမျှပင် ရွာလော့-ဟူလို။"

မြတ်စွာဘုရားဂါထာ၌ "ဓနိယ၊ သင့်အား အိမ်အမိုးကုဋိသည် လုံပြီ။ ပကတိသော မီးတို့ကို ထွန်းညှိအပ်ပြီးဖြစ်၍ ပကတိကောင်းကင် ထက်ဝန်းကျင်မှလာသော မိုးကို ရွာလော့ ဟု ဆို၏။ သင်၏ခန္ဓာကိုယ်-ဟု ဆိုအပ်သော အိမ်၌ တဏှာ, မာန, ဒိဋ္ဌိ-စသော အမိုးကို လုံစွာမိုး၍ ရာဂ-စသော မီးမှ မငြိမ်းလေရကား ကိလေသာတည်းဟူသော မိုးရွာက ပြင်းစွာ စိုစွတ်ရာ၏။ ငါဘုရားမှာမူကား ဤခန္ဓာအိမ်၌ တဏှာ, မာန, ဒိဋ္ဌိတည်းဟူသော အမိုးမရှိဘဲ ရာဂ-စသော မီး ၁၁-ပါးတို့သည် ငြိမ်းလေပြီးရကား ဂေဝလပရိပုဏ္ဏအားဖြင့် ၈၀၁-ပါး အရေအတွက်ရှိသော ကိလေသာ-ဟူသော မိုးသည် ရွာလိုသမျှပင် ရွာတော့"ဟူလို၏။

နေအရုဏ်တက်သောကာလ ဂါထာပြီးဆုံး၍ ဓနိယလင်မယားတို့သည် ရဟန်းပြု ကြ၍ အရဟတ္တဖိုလ်သို့ ရောက်ကြလေကုန်၏။ နေရာအရပ်ကိုလည်း ကျောင်းပြုလုပ်ကြ၍ ယခုထက်တိုင်အောင်ပင် ဂေါပကဝိဟာရ-ဟု တွင်သတည်း။

ထို ၂-ဂါထာတို့အရ အကျဉ်းသဓေ်ပနယကား တဏှာ, မာန, ဒိဋ္ဌိတည်းဟူသော အမိုးဖြင့် မိုးအပ်သော အတ္တဘော-ဟု ဆိုအပ်သော ခန္ဓာအိမ်ကို ကိလေသာ-ဟူသော မိုးသည် ပြင်းစွာ ရွာ၏။ တဏှာ,မာန,ဒိဋ္ဌိ-ဟူသော အမိုးကို လှစ်ဖွင့်ထားအပ်သော ခန္ဓာ အိမ်ကို ကိလေသာ-ဟူသော မိုးသည် ပြင်းစွာ မရွာနိုင်-ဟူလို။ ထို့ကြောင့် ဝိနည်းမဟာဝါ။ မဟာခန္ဓကပါဠိတော်၌—

တံ ဆန္န'မတိဝဿတိ၊ ဝိဝဋံ နာတိဝဿတိ။
တသ္မာ ဆန္နံ ဝိဝရေထ၊ ဧဝံ တံ နာတိဝဿတိ။ (သုတ္တနိ၊၄၁၀။၂၈)

ဟူ၍ ဟောတော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ ဆန္နံ၊ တဏှာ, မာန, ဒိဋ္ဌိ-တည်းဟူသော အမိုးဖြင့် မိုးအပ် သော။ တံ ဂေဟံ၊ ထိုအတ္တဘောတည်းဟူသော ခန္ဓာအိမ်ကို။ ဝဿံ၊ ကိလေသာတည်း ဟူသော မိုးသည်။ အတိ ဝဿတိ၊ ပြင်းစွာ ရွာ၏။ ဝိဝဋံ၊ တဏှာ,မာန,ဒိဋ္ဌိတည်းဟူသော အမိုးကို ဟင်းလင်းဖွင့်အပ်သော။ တံ ဂေဟံ၊ ထိုအတ္တဘောတည်းဟူသော ခန္ဓာအိမ်ကို။

ဝသံ၊ ကိလေသာတည်းဟူသော မိုးသည်။ နာတိဝဿတိ၊ ပြင်းစွာ မရွာ။ တသ္မာ၊ ထို့ကြောင့်။ ဆန္န၊ တဏှာ,မာန,ဒိဋ္ဌိတည်းဟူသော အမိုးကို။ ဝိဝရေထ၊ ဟင်းလင်းဖွင့်ကြကုန်။ ဧဝံ၊ ဤသို့ ဟင်းလင်းဖွင့်အပ်သည်ရှိသော်။ တံ ဂေဟံ၊ ထိုအတ္တဘောတည်းဟူသော ခန္ဓာအိမ်ကို။ ဝသံ၊ ကိလေသာတည်းဟူသော မိုးသည်။ နာတိဝဿတိ၊ ပြင်းစွာ မရွာ။

သည်ကို ရည်၍ ကဗျာဆရာသည်–

> **"အမိုးလုံစွာ၊ အိမ်ဂေဟာမူ၊ ရွာတိုင်းလည်း စွတ်၊ မိုးမလွတ်တည့်။ အလွတ်ဟင်းလင်း၊ အမိုးကင်းမူ၊ ဆီးနှင်းပေါက်မျှ၊ မရောက်ရသည်၊ ဂေဟတစ်ထွေ၊ အိမ်ထူးပေ"**

ဟူ၍ စပ်ဆိုတော်မူသတည်း။

ထိုစကားကို အကျယ်သိလိုမူ သုတ္တနိပါတ်၊ ၂-ခုမြောက်သော မနိယသုတ် ပါဠိ၊ အဋ္ဌကထာ၊ ဝိဘင်းကျမ်း ၁၈-ဝိဘင်းတို့တွင် ၁၂-ခုမြောက်သော ခုဒ္ဒကဝိဘင်းပါဠိ၊ အဋ္ဌကထာတို့မှာ ကြည့်လေ။

လက်ဝဲဝင်းတော်မှူး၊ သူရဲဝန်၊ မင်းကြီးမဟာမင်းလှမင်းခေါင်ကျော်က "အမိုးလုံစွာ၊ အိမ်ဂေဟာမူ၊ ရွာတိုင်းလည်း စွတ်၊ မိုးမလွတ်တည့်"အစရှိသော ကဗျာစကား၏အရ အဓိပ္ပါယတ္ထကို နေရာကျ သိမှတ်လိုပါကြောင်းနှင့် လျှောက်သောကြောင့် ကျမ်းဂန်အလာ ဒေသနာနယကို ညွှန်ပြထုတ်ဆောင်၍ ၁၂၄၄-ခု၊ တပေါင်းလဆန်း၊ ၁၁-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိမ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## လက်ဝဲဝင်းတော်မှူး-က "မျက်ဝါးထင်ထင်"စသော ကဗျာပုစ္ဆာ ပဥှာကထနကို မေးလျှောက်ချက်

[၁၉၅] "ဘုရားတပည့်တော် လက်ဝဲဝင်းတော်မှူး၊ သူရဲဝန်၊ မင်းကြီးမဟာမင်းလှမင်းခေါင်ကျော် လျှောက်ပါသည် ဆရာတော်ဘုရား။

ယခု အောက်တွင် ဖော်ပြပါရှိသော ကဗျာလင်္ကာစကား၏အရ အဓိပ္ပါယတ္ထကို နေရာကျ မသိနိုင်ကြသည်ဖြစ်ပါ၍ နေရာကျကျ သန္နိဋ္ဌာန်ချ၍ သိမှတ်ပါရအောင် ကယ်မသနား ဖြေကြားအမိန့်ရှိတော်မူပါမည့်အကြောင်း ဆယ်ချောင်းဟတ္ထပဏာမဖြင့် တုပ်ကွရှိကျိုး ရှိခိုးနားတော်လျှောက်ပါသည် ဆရာတော်ဘုရား။

သိလိုရင်း ကဗျာပုစ္ဆာ ပဥှာကထနဘုရား–

**မျက်ဝါးထင်ထင်၊ မြင်သည်တပ်တပ်၊ မရှုအပ်ပါ၊ မမြင်သာကို၊ ရှုပါကြလော့၊ ဘုရားဟောသည်၊ သဘောထဲနက်၊ အသိခက်။”**

ဒါယကာဝင်းတော်မှူး လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ—

[၁၉၅] “မျက်ဝါးထင်ထင်၊ မြင်သည်တပ်တပ်၊ မရှုအပ်ပါ၊ မမြင်သာကို၊ ရှုပါကြလော့၊ ဘုရားဟောသည်၊ သဘောထဲနက်၊ အသိခက်”ဟူသော ကဗျာလင်္ကာစကား၏အရ အဓိပ္ပါယတ္ထကို မေးလျှောက်သည်မှာ– ဆံပင်, မွေးညင်း, ခြေသည်းလက်သည်း, သွား, အရေ-အစရှိသော ၃၂-ပါးသည် အသုဘ ဇေဂုစ္ဆ ပဋိကူလဖြစ်သော ကာယအစု သမ္မုတိပညတ်သာဖြစ်၍ မိန်းမ, ယောကျ်ား, နတ်, သိကြား, ဗြဟ္မာ-မဟုတ်သော အပေါင်းဖြစ် သော ရုပ်၌ မျက်စိ, နား, နှာခေါင်း-အစရှိသည်ကို မြင်၏။

ထိုမြင်သော ကာယအစု၌ သုဘသညာ ဖြစ်၏။ ထိုသုဘသညာကို မရှုအပ်။ ဆံပင်, မွေးညင်း, ခြေသည်းလက်သည်း, သွား, အရေ-စသော အစိတ်အစိတ်သော အသုဘသဘောတရားကို ပကတိသောမျက်စိဖြင့် မမြင်၊ ပညာမျက်စိဖြင့်သာ မြင်၏။ ထိုပညာမျက်စိဖြင့်သာ မြင်သော အသုဘသဘောကိုသာ ရှုအပ်၏။

ထို့ကြောင့် ပပဉ္စသူဒနီမည်သော မူလပဏ္ဏာသ၊ ၉-ခုမြောက်သော မဟာသတိပဋ္ဌာန်သုတ်အဋ္ဌကထာ၌—

**ယံ ပဿတိ န တံ ဒိဋ္ဌံ၊ ယံ ဒိဋ္ဌံ န တံ ပဿတိ။**
**အပဿံ ဗဇ္ဈတေ မူဠှော၊ ဗဇ္ဈမာနော န မုစ္စတိ။ ။**

ဟူသောပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (ဒီ၊ဋ္ဌ၊၂။၃၇၇။ မ၊ဋ္ဌ၊၁။၂၇၇)

ယံ၊ အကြင် က္လတ္တိ, ပုရိသ-မဟုတ်၊ စက္ခု,သောတ-စသော ရုပ်အစု၏ သုဘသဘောကို။ ပဿတိ၊ ပကတိသော မျက်စိဖြင့် မြင်၏။ တံ၊ ထိုစက္ခု, သောတ-စသော ရုပ်အစု၏ သုဘသဘောကို။ အန ဒိဋ္ဌံ၊ မရှုအပ်။ ယံ၊ အကြင် ဆံပင်, မွေးညင်း-အစရှိသော အစိတ်အစိတ်သော အသုဘသဘောကို။ ဒိဋ္ဌံ၊ သမထသို့ တင်၍ ရှုအပ်၏။ တံ၊ ထိုသမထသို့ တင်၍ ရှုအပ်သော အသုဘသဘောကို။ န ပဿတိ၊ ပညာမျက်စိဖြင့် မမြင်။ အပဿံ အပဿန္တော၊ ပညာမျက်စိဖြင့် မမြင်သော။ ဗာလော၊ သူမိုက်သည်။ မူဠှော၊ တွေဝေသည် ဖြစ်၍။ ဗဇ္ဈတေ၊ တဏှာရာဂစိတ်ဖြင့် ကြံမှိုင်၏။ ဗဇ္ဈမာနော၊ ကြံမှိုင်သော ပုဂ္ဂိုလ်သည်။ မာရဗန္ဓနာ၊ မာရ်-တည်းဟူသော အနှောင်အဖွဲ့မှ။ န မုစ္စတိ၊ မလွတ်။

သည်ကို ရည်၍ ကဗျာဆရာသည်—

"မျက်ဝါးထင်ထင်၊ မြင်သည်တပ်တပ်၊ မရှုအပ်ပါ၊ မမြင်သာကို၊ ရှုပါကြလော့၊ ဘုရားဟောသည်၊ သဘောထဲနက်၊ အသိခက်"။

ဟု စပ်ဆိုတော်မူသတည်း။

ထိုစကားရပ်ကို အကျယ်သိလိုမူ သုမင်္ဂလဝိလာသိနီမည်သော သုတ်မဟာဝါ၊ ၉-ခုမြောက်သော မဟာသတိပဋ္ဌာနသုတ်အဋ္ဌကထာ(နှာ-၃၄၇)၊ ပပဉ္စသူဒနီမည်သော မူလပဏ္ဏာသ၊ ရှေးဦးစွာသော မူလပရိယာယဝဂ်အစ၊ ၉-ခုမြောက်သော မဟာသတိပဋ္ဌာနသုတ်အဋ္ဌကထာ(၂၄၇)တို့မှာ ကြည့်လေ။

လက်ဝဲဝင်းတော်မှူး၊ သူရဲဝန်၊ မင်းကြီးမဟာမင်းလှမင်းခေါင်ကျော်က "မျက်ဝါးထင်ထင်၊ မြင်သည်တပ်တပ်"စသော ကဗျာစကား၏ အရကို နေရာကျ သိမှတ်ပါရအောင် ကယ်မသနား ဖြေကြားအမိန့်ရှိတော်မူပါမည့်အကြောင်းနှင့် လျှောက်သောကြောင့် ကျမ်းဂန်အလာ ဒေသနာနယကို ညွှန်ပြထုတ်ဆောင်၍ ၁၂၄၄-ခု၊ တပေါင်းလဆန်း၊ ၁၂-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိမ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## လက်ဝဲဝင်းတော်မှူး-က "လက်ဝဲကား ဝက်" အစရှိသော ကဗျာပုစ္ဆာ ပဥ္စကထနကို မေးလျှောက်ချက်

[၁၉၆]   "ဘုရားတပည့်တော် လက်ဝဲဝင်းတော်မှူး၊ သူရဲဝန်၊ မင်းကြီးမဟာမင်းလှမင်းခေါင်ကျော် လျှောက်ပါသည် ဆရာတော်ဘုရား။

အောက်တွင် ဖော်ပြပါရှိသော ကဗျာလင်္ကာ စကားရပ်၏အရကို နေရာကျ မသိနိုင်ကြရှိသည်ဖြစ်ပါ၍ နေရာကျကျ သန္နိဋ္ဌာန်ချ၍ သိမှတ်ပါရအောင် ကယ်မသနား ဖြေကြားအမိန့်ရှိတော်မူပါမည့်အကြောင်းကို ဆယ်ချောင်းဟတ္ထ ပဏာမဖြင့် တုပ်ကွရိုကျိုး ရှိခိုးနားတော်လျှောက်ပါသည် ဆရာသခင် အရှင်သူမြတ်ဘုရား။

သိလိုရင်း မေးလျှောက်ချက်ပါ ကဗျာပုစ္ဆာ ပဥ္စကထနဘုရား–

လက်ဝဲကား ဝက်၊ လယ်ယာ ဆိတ်သား၊ နွားငယ် သဒ္ဒ၊ ဝိသ နွားအို၊ တူ၏-ဆိုသည်၊ ပုဂ္ဂိုလ်တစ်ဦး၊ သတ္တဝါထူး။"

ဒါယကာဝင်းတော်မှူး လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ—

[၁၉၆] "လက်ဝဲကား ဝက်၊ လက်ယာ ဆိတ်သား၊ နွားငယ် သဒ္ဒ၊ ဝိသ နွားအို၊ တူ၏ ဆိုသည်၊ ပုဂ္ဂိုလ်တစ်ဦး၊ သတ္တဝါထူး"ဟူသော ကဗျာစကား၏အရကို မေးလျှောက်သည်မှာ သုမင်္ဂလဝိလာသိနီမည်သော သုတ်မဟာဝါ၊ ၆-ခုမြောက်သော မဟာဂေါဝိန္ဒသုတ်ပါဠိတော်တွင် ပုထုဇန်ပုဂ္ဂိုလ်တို့သည် ကိုယ်အမူအရာ, နှုတ်အမူအရာ မတူလာ၊ ခြားနားလျက် ကွဲပြားဖောက်ပြန်ကြလေသည်။

မြတ်စွာဘုရားမှာမူကား အကြင်စကားကို နှုတ်ဖြင့် ဆို၏၊ ထိုဆိုတိုင်းပင် ကိုယ်အမူအရာသည် မကွဲမပြား။ အကြင်အမှုကို ကိုယ်ဖြင့် ပြု၏၊ ထိုပြုတိုင်းပင် နှုတ်အမူအရာ မကွဲပြားသည်ကို ပြတော်မူခြင်းငှာ "ယထာ ဝါဒီ ခေါ တထာဂတော"အစရှိသည်ဖြင့် ဟောတော်မူသော ပါဠိတော်၏ အဖွင့်အဋ္ဌကထာတွင် ပုထုဇန်တို့ကို နှုတ်အမူအရာ မတူလာ၊ ခြားနားလျက် ကွဲပြားထူးဆန်းသည်ကို ဥပမာဆောင်၍ပြသော သူကရယက္ခကို (ဝါ) ဝက်ဘီလူးကို ဆိုသောစကားတည်း။ ထိုစကား မှန်၏။

ထိုသူကရယက္ခသည် (ဝါ) ထိုဝက်ဘီလူးသည် လက်ဝဲဘက်ကား ဝက်နှင့် တူ၏။ ဝက်ကို မြင်လျှင် ဝက်နှင့်တူစွာ လက်ဝဲဘက်ကို ပြ၍ အနီးသို့ ချဉ်းကပ်လာသောအခါ ဖမ်းယူသတ်စား၏။ လက်ယာဘက်ကား ဆိတ်နှင့် တူ၏။ ဆိတ်တို့ကို မြင်လျှင် ဆိတ်နှင့်တူစွာ လက်ယာဘက်ကို ပြ၍ အနီးသို့ ချဉ်းကပ်လာသောအခါ ဖမ်းယူသတ်စား၏။ အသံကား နွားငယ်, နွားပျိုနှင့် တူ၏။ နွားငယ်တို့ကို မြင်လျှင် နွားငယ်နှင့်တူစွာ အသံကို မြည်တွန်၍ အနီးသို့ ချဉ်းကပ်လာသောအခါ ဖမ်းယူသတ်စား၏။ ဦးချိုကား နွားအိုနှင့် တူ၏။ နွားအိုတို့ကို မြင်လျှင် နွားအိုနှင့်တူစွာ ဦးချိုကို ဖန်ဆင်း၍ အနီးသို့ ချဉ်းကပ်လာသောအခါ ဖမ်းယူသတ်စား၏။

ထို့ကြောင့် သုမင်္ဂလဝိလာသိနီမည်သော သုတ်မဟာဝါ၊ ၆-ခုမြောက်သော မဟာဂေါဝိန္ဒသုတ်အဋ္ဌကထာ(၂၅၀)၌—

ဝါမေန သူကရော ဟောတိ၊ ဒက္ခိဏေန အဇာမိဂေါ။

သဒ္ဒေန တရုဏာဝစ္ဆော၊ ဝိသာဏေန ဇရဂ္ဂဝေါ။ (ဒီ၊ဋ္ဌ၊၂။၂၅၀။ ထောက် ဝိသဒိသံ)

ဟူသောပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဝါမေန၊ လက်ဝဲဘက်အားဖြင့်။ သူကရော၊ ဝက်နှင့် တူသည်။ ဟောတိ၊ ဖြစ်၏။ ဒက္ခိဏေန၊ လက်ယာဘက်ဖြင့်။ အဇာမိဂေါ၊ ဆိတ်သားနှင့် တူသည်။ ဟောတိ၊ ဖြစ်၏။ သဒ္ဒေန၊ အသံဖြင့်။ တရုဏဝစ္ဆော၊ နွားပျို့ နွားငယ်နှင့် တူသည်။ ဟောတိ၊ ဖြစ်၏။ ဝိသာဏေန၊ ဦးချိုဖြင့်။ ဇရဂ္ဂဝေါ၊ နွားအိုနှင့် တူသည်။ ဟောတိ၊ ဖြစ်၏။

သည်ကိုရည်၍ ကဗျာဆရာသည်—

> “လက်ဝဲကား ဝက်၊ လက်ယာ ဆိတ်သား၊ နွားငယ် သဒ္ဒ၊ ဝိသ နွားအို၊ တူ၏-ဆိုသည်၊ ပုဂ္ဂိုလ်တစ်ဦး၊ သတ္တဝါထူး”

ဟူ၍ စပ်ဆိုတော်မူသတည်း။

ထိုစကားရပ်ကို အကျယ်သိလိုမူ သုမင်္ဂလဝိသာလိနီမည်သော သုတ်မဟာဝါ၊ ၆-ခုမြောက်သော မဟာဂေါဝိန္ဒသုတ် ပါဠိ,အဋ္ဌကထာတို့မှာ ကြည့်လေ။

လက်ဝဲဝင်းတော်မှူး၊ သူရဲဝန်၊ မင်းကြီးမဟာမင်းလှမင်းခေါင်ကျော်က “လက်ဝဲကား ဝက်၊ လက်ယာ ဆိတ်သား”ဟူသော ကဗျာစကား၏အရကို နေရာကျ သိမှတ်လိုပါကြောင်း နှင့် လျှောက်သောကြောင့် ကျမ်းဂန်အလာ ဒေသနာအရကို ညွှန်ပြထုတ်ဆောင်၍ ၁၂၄၄-ခု၊ တပေါင်းလဆန်း၊ ၁၃-ရက်နေ့၊ ဒိပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## လက်ဝဲဝင်းတော်မှူးက “အိပ်ပျော်ပါလျက်”စသော ပုစ္ဆာကဗျာကို မေးလျှောက်ချက်

[၁၉၇] “ဘုရားတပည့်တော် လက်ဝဲဝင်းတော်မှူး၊ သူရဲဝန်၊ မင်းကြီးမဟာမင်းလှမင်းခေါင်ကျော် လျှောက်ပါသည် ဆရာတော်ဘုရား။

အောက်တွင် ဖော်ပြလျက်ပါရှိသော ကဗျာလင်္ကာ၏အရကို နေရာကျ မသိနိုင်ကြရှိသည်ဖြစ်ပါ၍ နေရာကျကျ သန္နိဋ္ဌာန်ချ၍ သိမှတ်ပါရအောင် ကယ်မသနား ဖြေကြားအမိန့်ရှိတော်မူပါမည့်အကြောင်းကို ဆယ်ချောင်းဟတ္ထ ပဏာမဖြင့် တုပ်ကွရိုကျိုး ရှိခိုးနားတော်လျှောက်ပါသည် ဆရာတော်ဘုရား။

သိလိုရင်းပုစ္ဆာ ပဥှာကထနဘုရား–

အိပ်ပျော်ပါလျက်၊ နိုးသည့်ဘက်၊ နိုးပါလျက်ကို၊ အိပ်၏ ဆိုသည်၊ ထိုသူ ၂-ဦး၊ ဘယ်သို့ထူး”

ဒါယကာဝင်းတော်မှူး လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ—

[၁၉၇] "အိပ်ပျော်ပါလျက်၊ နိုးသည့်ဘက်၊ နိုးပါလျက်ကို၊ အိပ်၏ဆိုသည်၊ ထိုသူ ၂-ဦး၊ ဘယ်သို့ထူး"ဟူသော ကဗျာစကား၏အရကို မေးလျှောက်သည်မှာ-

ပကတိဥပုသ်, ပဋိဇာဂရဥပုသ်, ပါဋိဟာရိယဥပုသ်-ဟူ၍ ဥပုသ် ၃-ပါးတို့တွင် ပဋိဇာဂရဥပုသ်ကို စောင့်သော ပုဂ္ဂိုလ်သည် ပြုသင့်ပြုအပ်သော ကိစ္စတို့၌ လေ့ကျက်သည်၏အဖြစ်ကြောင့် အိပ်ပျော်၍ပင် နေသည်ဖြစ်စေ နိုးကြားသည် မည်၏။

ပဋိဇာဂရဥပုသ်ကို မစောင့်မထိန်းသော ပုဂ္ဂိုလ်သည် မအိပ်ဘဲပင် နေသော်လည်း ပြုသင့် ပြုအပ်သော ကိစ္စကို မပြုဘဲ မေ့လျော့၍ နေသည်မည်သောကြောင့် အိပ်ပျော်သည် မည်၏။

ထို့ကြောင့် တိကနိပါတ်၊ အင်္ဂုတ္တိုရ်၊ ၄-ခုမြောက်သော ဒေဝဒူတဝဂ်အစု၊ ၇-ခု မြောက်သော စတုမဟာရာဇသုတ်၊ အဖွင့်ဋီကာ၌—

ပုညံ ကရောန္တော ဟိ သတ္တာ ဇာဂရန္တိ နာမ၊ ကတ္တဗ္ဗကိစ္စပသုတတ္တာ။
ဣတရေသု ပန သုပန္တိ နာမ၊ အတ္တဟိတပရဟိတဝိမုတ္တတ္တာ။

ဟူသောပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (အံ၊ဋီ၊၂။၁၁၇)

ဟိ သစ္စံ၊ မှန်၏။ ပုညံ၊ ကောင်းမှုကို။ ကရောန္တော၊ ပြုကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ ဇာဂရန္တိ နာမ၊ နိုးသည် မည်ကုန်၏။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ ကတ္တဗ္ဗကိစ္စပသုတတ္တာ၊ ပြုအပ်သောကိစ္စ၌ လေ့ကျက်သည်၏အဖြစ်ကြောင့်တည်း။ ဣတ-ရေသု ပန၊ ဤမှတပါးကုန်သော သူတို့၌ကား။ ဝါ၊ ဤမှတပါးကုန်သော ကာလတို့၌ကား။ သုပန္တိ နာမ၊ အိပ်ပျော်သည် မည်ကုန်၏။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ အတ္တ-ဟိတ ပရဟိတဝိမုတ္တတ္တာ၊ မိမိအကျိုးစီးပွါး, သူတပါးအကျိုးစီးပွါးမှ လွတ်သည်၏အဖြစ် ကြောင့်တည်း။

ပြုသင့်ပြုအပ်သောကိစ္စကို ပြုသောကြောင့် နိုးကြားသည်မည်၏-ဟု ပဋိဇာဂရ အနက်သဘောကို သိရာ၏။

သည်ကို ရည်၍ ကဗျာဆရာသည်—

"အိပ်ပျော်ပါလျက်၊ နိုးသည်ဘက်၊ နိုးပါလျက်ကို၊ အိပ်၏ဆိုသော်၊ ထိုသူ ၂-ဦး၊ ဘယ်သို့ထူး"

ဟူ၍ စပ်ဆိုတော်မူသတည်း။

ထိုစကားရပ်ကို အကျယ်သိလိုမူ တိကနိပါတ်၊ အင်္ဂုတ္တရ၊ ၄-ခုမြောက်သော ဒေဝ-ဒူတဝဂ်အစု၊ ၇-ခုမြောက်သော စတုမဟာရာဇသုတ် အဖွင့်ဋီကာ။ ပကိဏ္ဏကဝိသဇ္ဇနာကျမ်း (လုံးတော်)၊ ပထမတွဲ၊ ပဥ္စမပိုင်း၊ ပုဒ်မ ၆၆၊ စာမျက်နှာ ၅၀၆– ၅၇၂-တွင် ကြည့်လေ။

လက်ဝဲဝင်းတော်မှူး၊ သူရဲဝန်၊ မင်းကြီးမဟာမင်းလှမင်းခေါင်ကျော်က “အိပ်ပျော် ပါလျက်၊ နိုးသည်ဘက်၊ နိုးပါလျက်ကို”ဟူသော ကဗျာစကားအရ အဓိပ္ပါယ်တွက်ကို နေရာကျ သိမှတ်ပါရအောင် ကယ်မသနား ဖြေကြားအမိန့်ရှိပါမည့်အကြောင်းနှင့် လျှောက်သော ကြောင့် ကျမ်းဂန်အလာ ဒေသနာနယကို ညွှန်ပြထုတ်ဆောင်၍ ၁၂၄၄-ခု၊ တပေါင်း လဆန်း၊ ၁၄-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော် ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## လက်ဝဲဝင်းတော်မှူး-က “တစ်ယောက်ကေနံ”အစရှိသော ပုစ္ဆာကဗျာကို မေးလျှောက်ချက်

[၁၉၈]　“ဘုရားတပည့်တော် လက်ဝဲဝင်းတော်မှူး၊ သူရဲဝန်၊ မင်းကြီးမဟာမင်းလှ မင်းခေါင်ကျော် လျှောက်ပါသည် ဆရာတော်ဘုရား။

ယခု ရေးရွတ်ပြဆိုလတ္တံ့သော ကဗျာလင်္ကာ စကား၏အရကို နေရာကျ မသိ နိုင်ကြရှိသည်ဖြစ်ပါ၍ နေရာကျကျ သန္နိဋ္ဌာန်ချ၍ သိမှတ်ပါရအောင် ကယ်မ သနား ဖြေကြားအမိန့်ရှိတော်မူပါမည့်အကြောင်းကို ဆယ်ချောင်းဟတ္ထ ပဏာမ ဖြင့် တုပ်ကွရိုကျိုး ရှိခိုးနားတော်လျှောက်ပါသည် ဆရာတော်ဘုရား။

သိလိုရင်း ကဗျာပဥှာကထနဘုရား–

**တစ်ယောက်ကေနံ၊ မှန်ပါသမှု၊ ကိုယ်တစ်ခုမျှ၊ ဖြစ်ကောင်းလှလျက်၊ ကာယ သုံးမည်၊ ရှိပြန်သည်ကား၊ ဤလျှင်တစ်ဦး၊ သတ္တဝါထူး။”**

ဒါယကာဝင်းတော်မှူး လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ–

[၁၉၈]　“တစ်ယောက်ကေနံ၊ မှန်ပါသမှု၊ ကိုယ်တစ်ခုမျှ၊ ဖြစ်ကောင်းလှလျက်၊ ကာယ သုံးမည်၊ ရှိပြန်သည်ကား၊ ဤလျှင်တစ်ဦး၊ သတ္တဝါထူး”ဟူသော ကဗျာစကား၏အရကို

မေးလျှောက်သည်မှာ ဤကာယအစု သမ္မုတိပညတ်၌ ဟေဋ္ဌိမကာယ, မဇ္ဈိမကာယ, ဥပရိမ-ကာယ-ဟူ၍ ၃-ပါးရှိသည်။ ကိုယ် ၃-ခုဟူလို။ ထို ၃-ပါးတို့တွင်–

- ချက်မှ အောက်အရပ်သည် ဟေဋ္ဌိမကာယ မည်၏။ အောက်ကိုယ် မည်၏။
- ချက်မှ အထက် လည်တွင်းတိုင်အောင် မဇ္ဈိမကာယ မည်၏။ အလယ်ကိုယ် မည်၏။
- လည်တွင်းမှ အထက်သည် ဥပရိမကာယ မည်၏။ အထက်ကိုယ် မည်၏။

ထို့ကြောင့် အဋ္ဌသာလိနီမည်သော ဓမ္မသင်္ဂဏီအဋ္ဌကထာ၊ ရူပကဏ္ဍ(၃၅၃)၌–

> ဣမသ္မိံ ဟိ သရီရေ ဟေဋ္ဌိမကာယော မဇ္ဈိမကာယော ဥပရိမကာယောတိ တယော ကောဋ္ဌာသာ။ တတ္ထ နာဘိတော ပဋ္ဌာယ ဟေဋ္ဌာ ဟေဋ္ဌိမကာယော နာမ။ နာဘိတော ဥဒ္ဓံ ယာဝ ဂလဝါဋကာ မဇ္ဈိမကာယော နာမ။ ဂလဝါဋကတော ဥဒ္ဓံ ဥပရိမကာယော နာမ။

ဟူသောပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဟိ၊ အထူးမှတ်ဖွယ်၊ နည်းအကျယ်ကား။ ဣမသ္မိံ သရီရေ၊ ဤကိုယ်၌။ ဟေဋ္ဌိမ-ကာယော၊ ဟေဋ္ဌိမကာယလည်းကောင်း။ ဝါ၊ အောက်ကိုယ်လည်းကောင်း။ မဇ္ဈိမကာယော၊ မဇ္ဈိမကာယလည်းကောင်း။ ဝါ၊ အလယ်ကိုယ်လည်းကောင်း။ ဥပရိမကာယော၊ ဥပရိမ ကာယလည်းကောင်း။ ဝါ၊ အထက်ကိုယ်လည်းကောင်း။ ဣတိ၊ ဤသို့။ တယော ကောဋ္ဌာ-သာ၊ ၃-ပါးကုန်သော အစုတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တတ္ထ၊ ထို ၃-ပါးကုန်သော အစုတို့တွင်။ နာဘိတော၊ ချက်မှ။ ဟေဋ္ဌာ၊ အောက်အရပ်သည်။ ဟေဋ္ဌိမကာယော၊ ဟေဋ္ဌိမ ကာယ မည်၏။ ဝါ၊ အောက်ကိုယ် မည်၏။ နာဘိတော၊ ချက်မှ။ ယာဝ ဂလဝါဋကာ၊ လည်တွင်းတိုင်အောင်သည်။ မဇ္ဈိမကာယော၊ မဇ္ဈိမကာယ မည်၏။ ဝါ၊ အလယ်ကိုယ် မည်၏။ ဂလဝါဋကတော၊ လည်တွင်းမှ။ ဥဒ္ဓံ၊ အထက်သည်။ ဥပရိမကာယော၊ ဥပရိမ-ကာယ မည်၏။ ဝါ၊ အထက်ကိုယ် မည်၏။

နံနက်အခါ တောင်, သစ်ပင်-စသည်တို့၏ အဆင့်ဆင့်သော အရပ်တို့သည် အချင်းချင်း မရောယှက်ကြဘိသကဲ့သို့ ထို့အတူ–

ဟေဋ္ဌိမကာယ၌ ရအပ်သော ရုပ် ၄၄-ခု,
မဇ္ဈိမကာယ၌ ရအပ်သော ရုပ် ၅၄-ခု,
ဥပရိမကာယ၌ ရအပ်သော ရုပ် ၈၄-ခု –

တို့သည် အချင်းချင်း မရောယှက်ကြဘဲ မိမိ မိမိတို့၏ ဖြစ်ရာဌာန, ဖြစ်ရာကာယ၌သာ ဖြစ်၍ ချုပ်ကြလေကုန်၏။

ကာယ ၃-ပါးတို့၌ ဖြစ်သော ရုပ်ကို သိသာအောင် ပြဆိုလျှင် ကျယ်လွန်းအံ့။ အကျယ်ကို သိလိုသောသူတို့ အဋ္ဌသာလိနီမည်သော ဓမ္မသင်္ဂဏီအဋ္ဌကထာ၊ ရူပကဏ္ဍ။ ပကိဏ္ဏကဝိသဇ္ဇနာကျမ်း၊ ဒုတိယအုပ်၊ တတိယပိုင်း၊ ၄-ခုမြောက်သော စတုတ္ထပုစ္ဆာ၏ ဝိသဇ္ဇနာမှာ ကြည့်လေ။

သည်ကို ရည်၍ ကဗျာဆရာသည်—

"တစ်ယောက်ဇကန်၊ မှန်ပါသမျှ ကိုယ်တစ်ခုမျှ၊ ဖြစ်ကောင်းလှလျက်၊ ကာယ သုံးမည်၊ ရှိပြန်သည်ကား၊ ဤလျှင်တစ်ဦး၊ သတ္တဝါထူး"

ဟူ၍ စပ်ဆိုတော်မူသတည်း။

လက်ဝဲဝင်းတော်မှူး၊ သူရဲဝန်၊ မင်းကြီးမဟာမင်းလှမင်းခေါင်ကျော်က "တစ်ယောက် ဇကန်၊ မှန်ပါသမျှ ကိုယ်တစ်ခုမျှ ဖြစ်ကောင်းလှလျက်"ဟူသော ကဗျာစကား၏အရ အဓိပ္ပါ- ယတ္တကို နေရာကျကျ သန္နိဋ္ဌာန်ချ၍ သိမှတ်ပါရအောင် ကယ်မသနား ဖြေကြားအမိန့် ရှိတော်မူပါမည့်အကြောင်းနှင့် လျှောက်သောကြောင့် ကျမ်းဂန်အလာ ဒေသနာနယကို ညွှန်ပြထုတ်ဆောင်၍ ၁၂၄၄-ခု၊ တပေါင်းလဆန်း၊ ၁၅-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိ- ရတနာသိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## လက်ဝဲဝင်းတော်မှူး-က "ဇီဝအသက်၊ ရှိပါလျက်ကို"ဟူသော ကဗျာပုစ္ဆာကို မေးလျှောက်ချက်

[၁၉၉] "ဘုရားတပည့်တော် လက်ဝဲဝင်းတော်မှူး၊ သူရဲဝန်၊ မင်းကြီးမဟာမင်းလှ မင်းခေါင်ကျော် လျှောက်ပါသည် ဆရာတော်ဘုရား။

ယခု အောက်တွင် ရေးသားဖော်ပြလျက်ရှိသော ကဗျာစကား၏အရကို နေရာကျ မသိနိုင်ကြရှိသည်ဖြစ်ပါ၍ နေရာကျကျ သန္နိဋ္ဌာန်ချ၍ သိမှတ်ပါရအောင် ကယ်မသနား(ဖြေကြား)တော်မူပါမည့်အကြောင်းကို ဆယ်ချောင်းဟတ္ထ ပဏာမဖြင့် တုပ်ကွရိုကျိုး ရှိခိုးနားတော်လျှောက်ပါသည် ဆရာတော်ဘုရား။

သိလိုရင်း ပုစ္ဆာပဉှာကထနဘုရား–

**ဇီဝအသက်၊ ရှိပါလျက်ကို၊ သေသည်ဆို၏။ ထိုသူမှာဘက်၊ ခေါင်းရှိလျက်ကို၊ ခေါင်းပြတ်ဆို၏။ ဤကိုယ်ခန္ဓာ၊ ကောင်းလျက်ပါကို၊ လွန်စွာပုပ်သိုး၊ လူတစ်မျိုး”**

ဒါယကာဝင်းတော်မှူး လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ–

[၁၉၉] “ဇီဝအသက်၊ ရှိပါလျက်ကို၊ သေသည်ဆို၏။ ထိုသူမှာဘက်၊ ခေါင်းရှိလျက်ကို၊ ခေါင်းပြတ်ဆို၏။ ဤကိုယ်ခန္ဓာ၊ ကောင်းလျက်ပါကို၊ လွန်စွာပုပ်သိုး၊ လူတစ်မျိုး”ဟူသော ကဗျာစကား၏အရကို မေးလျှောက်သည်မှာ–

**ယော စ ဝဿသတံ ဇီဝေ၊ ဒုဿီလော အသမာဟိတော။**
**ဧကာ'ဟံ ဇီဝိတံ သေယျော၊ သီလဝန္တဿ ဈာယိနော။ ။**

ဟူ၍ ဟောတော်မူသော ဓမ္မပဒ၊ ၈-ခုမြောက်သော သဟဿဝဂ်အစု၊ ၉-ခုမြောက်သော သံကိစ္စသာမဏေရဝတ္ထုပါဠိတော်(နှာ-၂၉)။

ဒုဿီလဿ ပါပသမာစာရဿ အသုစိနော သင်္ကဿရသမာစာရဿ အန္တော ပူတိကဿ ကသမ္ဗုဇာတဿ။ (အံ၊၂။၄၉၅။ ထောက် ဝိသဒိသံ)

အစရှိသည်ဖြင့် ဟောတော်မူအပ်သော သတ္တကနိပါတ်၊ အင်္ဂုတ္တိုရ်၊ ၇-ခုမြောက်သော မဟာဝဂ်အစု၊ ၈-ခုမြောက်သော အဂ္ဂိခန္ဓောပမသုတ်ပါဠိတော်-အစရှိသော ထိုထိုသုတ္တန်,ပါဠိတော်တို့နှင့်အညီ–

- သီလမရှိသောပုဂ္ဂိုလ်သည် အသက်ရှိလျက် သေသည်မည်သောကြောင့် ဇီဝမတက ပုဂ္ဂိုလ်လည်း မည်၏။
- ဦးခေါင်းမရှိသည်နှင့် တူသောကြောင့် သီသစ္ဆိန္နပုဂ္ဂိုလ်လည်း မည်၏။
- အတွင်း၌ ပုပ်ဆွေးသောကြောင့် အန္တောပူတိကပုဂ္ဂိုလ်လည်း မည်၏။
- စိမ်းလျက် ပုပ်သည်နှင့် တူသောကြောင့် အာမကပူတိကပုဂ္ဂိုလ်လည်း မည်၏။
- ယောက်သွားပုပ်နှင့် တူသောကြောင့် ကသမ္ဗုဇာတပုဂ္ဂိုလ်လည်း မည်၏။
- အမှိုက်တံမြက်ချေးစုနှင့် တူသောကြောင့် မနုဿကစဝရပုဂ္ဂိုလ်လည်း မည်၏။

“ အသမာဟိတော၊ မတည်ကြည်သော။ ယော ဒုဿီလော၊ အကြင်ဒုဿီလပုဂ္ဂိုလ်သည်။ ဝဿသတံ၊ အနှစ် ၁၀၀-ကာလပတ်လုံး။ ဇီဝေ၊ အသက်ရှည်ရာ၏။ သီလဝန္တဿ၊

သီလရှိသော။ စျာယိနော၊ မကောင်းမှုကို ဖုတ်ကြည်းတတ်သောသူ၏။ ဧကာ'ဟံ၊ ၁-ရက်မျှ။ ဇီဝိတံ၊ အသက်ရှည်ခြင်းသည်။ သေယျော၊ မြတ်၏။

ဒုဿီလဿ၊ သီလ မရှိသော။ ပါပသမာစာရဿ၊ မကောင်းသော အကျင့်ရှိသော။ အသုစိနော၊ မစင်ကြယ်သော။ သင်္ကဿသမာစာရဿ၊ တံမြက်ချေးစုသဖွယ် မကောင်းသော အကျင့်ရှိသော။ အန္တောပူတိကဿ၊ အတွင်း၌ ပုပ်ဆွေးသော။ ကသမ္ဗုဇာတဿ၊ ယောက်သွားပုပ်နှင့် တူသော။" ဟူရာ၌ အင်္ဂုတ္တရနိကာယ် ... အဂ္ဂိခန္ဓောပမသုတ်ကို သိသာအောင် ပြဆိုလျှင် ကျယ်လွန်းအံ့။

သည်ကို ရည်၍ ကဗျာဆရာသည်—

> "ဇီဝအသက်၊ ရှိပါလျက်ကို၊ သေသည်ဆို၏။ ထိုသူမှာဘက်၊ ခေါင်းရှိလျက်ကို၊ ခေါင်းပြတ်ဆို၏။ ဤကိုယ်ခန္ဓာ၊ ကောင်းလျက်ပါကို၊ လွန်စွာပုပ်သိုး၊ လူတစ်မျိုး"—

ဟူ၍ စပ်ဆိုတော်မူသတည်း။

ထိုစကားရပ်ကို အကျယ်သိလိုမူ ဓမ္မပဒ၊ ၈-ခုမြောက်သော သဟဿဝဂ်အစု၊ ၉-ခုမြောက်သော သံကိစ္စသာမဏေရဝတ္ထု။ သတ္တကနိပါတ်၊ အင်္ဂုတ္တိုရ်၊ ၇-ခုမြောက်သော မဟာဝဂ်အစု၊ ၈-ခုမြောက်သော အဂ္ဂိခန္ဓောပမသုတ်တို့မှာ ကြည့်လေ။

လက်ဝဲဝင်းတော်မှူး၊ သူရဲဝန်၊ မင်းကြီးမဟာမင်းလှမင်းခေါင်ကျော်က "ဇီဝ အသက်၊ ရှိပါလျက်ကို၊ သေသည်ဆို၏။ ထိုသူမှာဘက်၊ ခေါင်းရှိလျက်ကို၊ ခေါင်းပြတ်ဆို၏။ ဤကိုယ်ခန္ဓာ၊ ကောင်းလျက်ပါကို၊ လွန်စွာပုပ်သိုး၊ လူတစ်မျိုး"ဟူသော ကဗျာစကား၏အရကို နေရာကျ သိမှတ်ပါရအောင် ကယ်မသနား၊ ဖြေကြားအမိန့်ရှိတော်မူပါမည့်အကြောင်းနှင့် လျှောက်သောကြောင့် ကျမ်းဂန်အလာ ဒေသနာနယကို ညွှန်ပြထုတ်ဆောင်၍ ၁၂၄၄-ခု၊ တပေါင်းလပြည့်ကျော်၊ ၁-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိမ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## လက်ဝဲဝင်းတော်မှူး-က "ဖုံး၍ထားသော်၊ လားလားမဖွယ်"ချီသော ပုစ္ဆာကို မေးလျှောက်ချက်

[၂၀၀] "ဘုရားတပည့်တော် လက်ဝဲဝင်းတော်မှူး၊ သူရဲဝန်၊ မင်းကြီးမဟာမင်းလှ မင်းခေါင်ကျော် လျှောက်ပါသည် ဆရာတော်ဘုရား။

အောက်တွင် ရေးသားဖော်ပြလျက် ပါရှိသော ကဗျာစကား၏အရကို နေရာကျ မသိနိုင်ကြရှိသည်ဖြစ်ပါ၍ နေရာကျကျ သန္နိဋ္ဌာန်ချ၍ သိမှတ်ပါရအောင် ကယ်မသနား ဖြေကြားအမိန့်ရှိတော်မူပါမည့်အကြောင်းကို ဆယ်ချောင်းဟတ္ထ ပဏာမဖြင့် တုပ်ကွရိုကျိုး ရှိခိုးနားတော်လျှောက်ပါသည် ဆရာတော်ဘုရား။

လျှောက်လိုရင်း ကဗျာပဥှာကထနဘုရား–

ဖုံး၍ထားသော်၊ လားလားမဖွယ်၊ မတင့်တယ်။ အကယ်မုချ၊ ဖွင့်၍ပြမူ၊ ရှုကြစဖွယ်၊ လွန်တင့်တယ်သည်။ လူဝယ်ဆန်းထူး၊ ထို ၃-ဦး။"

ဒါယကာဝင်းတော်မှူး လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ–

[၂၀၀] "ဖုံး၍ထားသော်၊ လားလားမဖွယ်၊ မတင့်တယ်၊ အကယ်မုချ၊ ဖွင့်၍ပြမူ၊ ရှုကြစဖွယ်၊ လွန်တင့်တယ်သည်။ လူဝယ်ဆန်းထူး၊ ထိုသုံးဦး"ဟူသော ကဗျာစကား၏ အရကို မေးလျှောက်သည်မှာ–

- လဝန်းသည် ဖွင့်လှစ်၍ပြသော် အလွန်တင့်တယ်၏၊ ဖုံး၍ထားမူ မတင့်တယ်။
- နေဝန်းသည် ဖွင့်လှစ်၍ပြသော် တင့်တယ်၏၊ ဖုံးကွယ်၍ထားမူ မတင့်တယ်။
- ပိဋကတ် ၃-ပုံတည်းဟူသော ဘုရားစကားတော်သည် ဖွင့်လှစ်၍ပြသော် တင့်တယ်၏၊ ဖုံး၍ထားမူ မတင့်တယ်။

ထို့ကြောင့် မြတ်စွာဘုရားသည် တိကနိပါတ်၊ အင်္ဂုတ္တိုရ် ၁၃-ခုမြောက်သော ကုသိနာရဝဂ်အစု၊ ၉-ခုမြောက်သော ပဋိစ္ဆန္နသုတ်ပါဠိတော်(၂၈၆)၌–

တီဏိ'မာနိ ဘိက္ခဝေ ဝိဝဋာနိ ဝိရောစန္တိ၊ နော ပဋိစ္ဆန္နာနိ။ ကတမာနိ တီဏိ? စန္ဒမဏ္ဍလံ ဘိက္ခဝေ ဝိဝဋံ ဝိရောစတိ၊ နော ပဋိစ္ဆန္နံ၊ သူရိယမဏ္ဍလံ ဘိက္ခဝေ ဝိဝဋံ ဝိရောစတိ၊ နော ပဋိစ္ဆန္နံ။ တထာဂတပ္ပဝေဒိတော ဓမ္မော *(ဓမ္မဝိနယော)* ဘိက္ခဝေ

ဝိဝဋော ဝိရောစတိ၊ နော ပဋိစ္ဆန္နော။ က္ကမာနိ ခေါ ဘိက္ခဝေ တီဏိ ဝိဝဋာနိ ဝိရောစန္တိ၊ နော ပဋိစ္ဆန္နာနိ။ (အံ၊၁။၂၈၆) ဟူ၍ ဟောတော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ က္ကမာနိ တီဏိ၊ ဤ ၃-ပါးကုန်သော ဝတ္ထုတို့သည်။ ဝိဝဋာနိ၊ ဟင်းလင်းဖွင့်အပ်ကုန်သည်ရှိသော်။ ဝိရောစန္တိ၊ တင့်တယ်ကုန်၏။ ပဋိစ္ဆန္နာနိ၊ ဖုံးလွှမ်းအပ်ကုန်သည်ရှိသော်။ နော ဝိရောစန္တိ၊ မတင့်တယ်ကုန်။ တီဏိ၊ ၃-ပါးကုန်သော ဝတ္ထုတို့ ဟူသည်။ ကတမာနိ၊ အဘယ်သည်တို့နည်းဟူမူကား။ ဘိက္ခဝေ၊ ရဟန်းတို့။ စန္ဒမဏ္ဍလံ၊ လဝန်းသည်။ ဝိဝဋံ၊ ဟင်းလင်းဖွင့်သည်ရှိသော်။ ဝိရောစတိ၊ တင့်တယ်၏။ ပဋိစ္ဆန္နံ၊ ဖုံးလွှမ်းမူ။ နော ဝိရောစတိ၊ မတင့်တယ်။ ဘိက္ခဝေ၊ တို့။ သူရိယမဏ္ဍလံ၊ နေဝန်းသည်။ ဝိဝဋံ၊ ဟင်းလင်းဖွင့်အပ်သည်ရှိသော်။ ဝိရောစတိ၊ တင့်တယ်၏။ ပဋိစ္ဆန္နံ၊ ဖုံးလွှမ်းမူ။ န ဝိဒရောစတိ၊ မတင့်တယ်။ ဘိက္ခဝေ၊ တို့။ တထာဂတပဝေဒိတော၊ မြတ်စွာဘုရား ဟောတော်မူသော။ ဓမ္မော၊ ပိဋကတ် ၃-ပုံတည်းဟူသော တရားတော်သည်။ ဝိဝဋော၊ ဟင်းလင်းဖွင့်မူ။ ဝိရောစတိ၊ တင့်တယ်၏။ ပဋိစ္ဆန္နော၊ ဖုံးလွှမ်းမူ။ နော ဝိရောစတိ၊ မတင့်တယ်။ ဘိက္ခဝေ၊ တို့။ က္ကမာနိ တီဏိ၊ ဤ ၃-ပါးကုန်သော ဝတ္ထုတို့သည်။ ဝိဝဋာနိ၊ ဟင်းလင်းဖွင့်အပ်ကုန်သည်ရှိသော်။ ဝိရောစန္တိ၊ တင့်တယ်ကုန်၏။ ပဋိစ္ဆန္နာနိ၊ ဖုံးလွှမ်းအပ်ကုန်သည်ရှိသော်။ နော ဝိရောစန္တိ၊ မတင့်တယ်ကုန်။

ထို ၃-ပါးကုန်သော ဝိဝဋတို့တွင် ဓမ္မဝိဝဋ၌ ဧကတောဝိဝဋ, ဥဘတောဝိဝဋ, အတ္ထဝိဝဋ, သဗ္ဗဝိဝဋ-ဟူ၍ ဖွင့်လှစ်ခြင်း ၄-ပါးရှိသည်။ ထို ၄-ပါးတို့တွင်–

- ဘိက္ခုနီပါတိမောက်၌လာသော အသာဓာရဏသိက္ခာပုဒ်တော်၏ ဖွင့်လှစ်ခြင်းသည် ဧကတောဝိဝဋ မည်၏။
- ဘိက္ခုပါတိမောက်၌လာသော သာဓာရဏသိက္ခာပုဒ်တော်၏ ဖွင့်လှစ်ခြင်းသည် ဥဘတောဝိဝဋ မည်၏။ (ဥဘတော ဝိဝဋံ နာမ သာဓာရဏသိက္ခာပဒံ)
- သိအပ်,ရအပ်သော တရားတော်၏ ဖွင့်လှစ်ခြင်းသည် အတ္ထဝိဝဋ မည်၏။
- ပိဋကတ် ၃-ပုံတည်းဟူသော ဘုရားစကားတော်၏ ဖွင့်လှစ်ခြင်းသည် သဗ္ဗဝိဝဋ မည်၏။

သည်ကိုရည်၍ ကဗျာဆရာသည်–

“ဖုံး၍ထားသော်၊ လားလားမဖွယ်၊ မတင့်တယ်၊ အကယ်မုချ၊ ဖွင့်၍ပြမူ၊ ရှုကြစဖွယ်၊ လွန်တင့်တယ်သည်၊ လူဝယ် ဆန်းထူး၊ ထို ၃-ဦး”–

ဟူ၍ စပ်ဆိုတော်မူသတည်း။

ထိုစကားရပ်ကို အကျယ်သိလိုမူ တိကနိပါတ်၊ အင်္ဂုတ္တိုရ်၊ ၁၃-ခုမြောက်သော ကုသိနာရဝဂ်အစု၊ ၉-ခုမြောက်သော ပဋိစ္ဆန္နသုတ်အဋ္ဌကထာ(အံ၊ဋ္ဌ၊၂။၂၄၁)တို့မှာ ကြည့်လေ။

လက်ဝဲဝင်းတော်မှူး၊ သူရဲဝန်၊ မင်းကြီးမဟာမင်းလှမင်းခေါင်ကျော်က "ဖုံး၍ထားသော်၊ လားလားမဖွယ်၊ မတင့်တယ်၊ အကယ်မုချ၊ ဖွင့်၍ပြမူ၊ ရှုကြစဖွယ်၊ လွန်တင့်တယ်သည်၊ လူဝယ်ဆန်းထူး၊ ထို ၃-ဦး"ဟူသော ကဗျာစကား၏အရကို နေရာကျ သိမှတ်ပါရအောင် ကယ်မသနား ဖြေကြားအမိန့်ရှိတော်မူပါမည့်အကြောင်းနှင့် လျှောက်ထားသောကြောင့် ကျမ်းဂန်အလာ ဒေသနာနယကို ညွှန်ပြထုတ်ဆောင်၍ ၁၂၄၄-ခု၊ တပေါင်းလပြည့်ကျော် ၂-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိင်္ခမြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## လက်ဝဲဝင်းတော်မှူး-က "ဝတ္ထုအများ၊ ဖုံးကွယ်ထားလည်း" ချီသော ပုစ္ဆာကဗျာကို မေးလျှောက်ချက်

[၂၀၁] "ဘုရားတပည့်တော် လက်ဝဲဝင်းတော်မှူး၊ သူရဲဝန်၊ မင်းကြီးမဟာမင်းလှမင်းခေါင်ကျော် လျှောက်ပါသည် ဆရာတော်ဘုရား။

အောက်၌ ရေးသားဖော်ပြပါရှိသော ကဗျာစကား၏အရကို နေရာကျ မသိနိုင်ကြရှိသည်ဖြစ်ပါ၍ နေရာကျကျ သန္နိဋ္ဌာန်ချ၍ သိမှတ်ပါရအောင် ကယ်မသနား ဖြေကြားအမိန့်ရှိတော်မူပါမည့်အကြောင်းကို ဆယ်ချောင်းဟတ္ထ ပဏာမဖြင့် တုပ်ကွ ရိုကျိုး ရှိခိုးနားတော် လျှောက်ပါသည် ဆရာတော်ဘုရား။

သိလိုရင်း ပုစ္ဆာကဗျာ ပဥှာကထနဘုရား—

ဝတ္ထုအများ၊ ဖုံးကွယ်ထားလည်း၊ မျက်ဝါးထင်ထင်၊ ဖောက်၍မြင်၏။ အကြင်ဝတ္ထု၊ တစ်ခုတည်းသာ၊ ကွယ်သောခါ၌၊ လိုရာဆန္ဒ၊ မမြင်ရသည်၊ ကိစ္စဘယ်ကြောင့် ထူးသနည်း။"

ဒါယကာဝင်းတော်မှူး လျှောက်ထားချက်အရ အဖြေဝိသဇ္ဇနာ—

[၂၀၁] "ဝတ္ထုအများ၊ ဖုံးကွယ်ထားလည်း၊ မျက်ဝါးထင်ထင်၊ ဖောက်၍မြင်၏။ အကြင်ဝတ္ထု၊ တစ်ခုတည်းသာ၊ ကွယ်သောခါ၌၊ လိုရာဆန္ဒ၊ မမြင်ရသည်၊ ကိစ္စဘယ်ကြောင့် ထူး

သနည်း"ဟူသော ကဗျာစကား၏ အရကို မေးလျှောက်သည်မှာ ဒိဗ္ဗစက္ခု-ဟု ဆိုအပ်သော နတ်တို့၏ မျက်စိသည် ထိုထိုအရပ်တို့ကို ကြည့်လိုမြင်လိုသည်ရှိသော် မြင်းမိုရ်, စကြဝဠာ, သီတာ, သတ္တရဘ္ဘန်-စသော ဝတ္ထုတို့ကိုလည်းကောင်း၊ ကိလေသာနှင့် တကွသော ပုထုဇန် ရာ,ထောင်,သိန်း,သန်း, ကုဋေ မရေတွက်နိုင်အောင်ပင် ဆီးကာသော်လည်းကောင်း လျှိုးလွှဲ တိမ်းရှောင်ရခြင်း မရှိ၊ ထွင်းဖောက်၍ ကြည့်နိုင်,မြင်နိုင်၏။ ရဟန္တာပုဂ္ဂိုလ်ကိုယ်ကား ထွင်းဖောက်၍ မမြင်နိုင်သည်သာတည်း။ ထိုစကားသည် မှန်၏။

မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်ပြုကာနီးတွင် ပျို့ရွယ်သော ဆင်ငယ်ပမာဏကိုယ်ရှိသော ကြီးသောတန်ခိုးရှိသော ရဟန္တာအရှင်ဥပဝါဏမထေရ်သည် မြတ်စွာဘုရား တရားကို ကွယ်ကာဆီးတားသကဲ့သို့ ဘုရားရှေ့တော်မှ ခစားလျက်ရှိသောကြောင့် လျှိုးလွှဲ၍လည်း မကြည့်သာ။ နတ်မျက်စိဖြင့်လည်း ထွင်းဖောက်၍ မမြင်နိုင်ဘဲ ရှိကြသတည်း။

ထို့ကြောင့် သုမင်္ဂလဝိလာသိနီမည်သော သုတ်မဟာဝါ၊ ၃-ခုမြောက်သော မဟာပရိနိဗ္ဗာနသုတ်အဋ္ဌကထာ၌—

**ဒေဝတာ ဟိ ပုထုဇ္ဇနေ ဝိနိဝိဇ္ဈ ပဿိတုံ သက္ကောန္တိ၊ န ခီဏာသဝေ။ ထေရဿ စ မဟေသက္ခတာယ တေဇုဿဒတာယ ဥပဂန္တုမ္ပိ န သက္ကောန္တိ။ -**

ဟူသောပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (ဒီ၊ဋ၊၂။၁၇၀)

ဟိ သစ္စံ၊ ထိုစကား မှန်၏။ ဒေဝတာ၊ နတ်တို့သည်။ ပုထုဇ္ဇနေ၊ ပုထုဇန်ပုဂ္ဂိုလ်တို့ကို။ ဝိနိဝိဇ္ဈိတွာ၊ ထွင်းဖောက်၍။ ပဿိတုံ၊ မြင်ခြင်းငှာ။ သက္ကောန္တိ၊ တတ်နိုင်ကုန်၏။ ခီဏာသဝေ၊ ရဟန္တာပုဂ္ဂိုလ်တို့ကို။ ဝိနိဝိဇ္ဈ၊ ထွင်းဖောက်၍။ ပဿိတုံ၊ မြင်ခြင်းငှာ။ န သက္ကောန္တိ၊ မတတ်နိုင်ကုန်။ ထေရဿ၊ ဥပဝါဏထေရ်၏။ မဟေသက္ခတာယ၊ တန်ခိုးကြီးသည်၏ အဖြစ်ကြောင့်လည်းကောင်း။ တေဇုဿဒတာယ စ၊ အာနုဘော်ကြီးသည်၏ အဖြစ်ကြောင့်လည်းကောင်း။ ဥပဂန္တုမ္ပိ၊ အနီးသို့ ချဉ်းကပ်ခြင်းငှာသည်။ န သက္ကောန္တိ၊ မတတ်နိုင်ကုန်။

အရှင်ဥပဝါဏထေရ်၏ အတ္ထုပ္ပတ္တိကို သိသာအောင် ပြဆိုလျှင် ကျယ်လွန်းအံ့။ သည်ကိုရည်၍ ကဗျာဆရာသည်—

**"ဝတ္ထုအမျှား၊ ဖုံးကွယ်ထားလည်း၊ မျက်ဝါးထင်ထင်၊ ဖောက်၍မြင်၏။ အကြင်ဝတ္ထု၊ တစ်ခုတည်းသာ၊ ကွယ်သောခါ၌၊ လိုရာဆန္ဒ၊ မမြင်ရသည်၊ ကိစ္စဘယ်ကြောင့် ထူးသနည်း"-**

ဟူ၍ စပ်ဆိုတော်မူသတည်း။

ထိုစကားရပ်ကို အကျယ်သိလိုမူ သုမင်္ဂလဝိလာသိနီမည်သော သုတ်မဟာဝါ၊ ၃-ခုမြောက်သော မဟာပရိနိဗ္ဗာနသုတ် ပါဠိ,အဋ္ဌကထာ(၁၇၀)တို့မှာ ကြည့်လေ။

လက်ဝဲဝင်းတော်မှူး၊ သူရဲဝန်၊ မင်းကြီးမဟာမင်းလှမင်းခေါင်ကျော်က "ဝတ္ထုအများ၊ ဖုံးကွယ်ထားလည်း၊ မျက်ဝါးထင်ထင်၊ ဖောက်၍ မြင်၏။ အကြင်ဝတ္ထု၊ တစ်ခုတည်းသာ၊ ကွယ်သောခါ၌၊ လိုရာဆန္ဒ၊ မမြင်ရသည်၊ ကိစ္စဘယ်ကြောင့် ထူးသနည်း"ဟူသော ကဗျာစကား၏အရကို နေရာကျကျ သန္နိဋ္ဌာန်ချ၍ သိမှတ်ပါရအောင် ဖြေကြားအမိန့်ရှိတော်မူပါမည့်အကြောင်းနှင့် လျှောက်သောကြောင့် ကျမ်းဂန်အလာ ဒေသနာနယကို ညွှန်ပြထုတ်ဆောင်၍ ၁၂၄၄-ခု၊ တပေါင်းလပြည့်ကျော်၊ ၂-ရက်နေ့၊ ဒိပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## လက်ဝဲဝင်းတော်မှူး-က "ယောက်ျားကေန်၊ မှန်ပါသမိ" ချီသော ပုစ္ဆာစကားကို မေးလျှောက်ချက်

[၂၀၂] "ဘုရားတပည့်တော် လက်ဝဲဝင်းတော်မှူး၊ သူရဲဝန်၊ မင်းကြီးမဟာမင်းလှမင်းခေါင်ကျော် လျှောက်ပါသည် ဆရာတော်ဘုရား။

အောက်တွင် ရေးသားဖော်ပြပါရှိသော ကဗျာစကား၏အရကို နေရာကျ မသိနိုင်ကြရှိသည်ဖြစ်ပါ၍ နေရာကျကျ သန္နိဋ္ဌာန်ချ၍ သိမှတ်ပါရအောင် ကယ်မသနားဖြေကြားအမိန့်ရှိတော်မူပါမည့်အကြောင်းကို ဆယ်ချောင်းဟတ္ထ ပဏာမဖြင့် တုပ်ကွရှိကျိုး ရှိခိုးနားတော်လျှောက်ပါသည် ဆရာတော်ဘုရား။

မေးလျှောက်ချက်ပါ ပုစ္ဆာကဗျာပဥ္စာကထနဘုရား–

ယောက်ျားကေန်၊ မှန်ပါသမိ၊ ဣတ္ထိဝေါဟာ၊ မိန်းမမှာလည်း၊ ပမာထိုမျှ၊ ပုရိသ-ဟု၊ နာမထူးလည်၊ ခေါ်ပြန်သည်ကား၊ ဤလျှင်တစ်ဦး၊ ပညတ်ထူး။"

ဒါယကာဝင်းတော်မှူး မေးလျှောက်ချက်အရ အဖြေဝိသဇ္ဇနာ–

[၂၀၂] "ယောက်ျားကေန်၊ မှန်ပါသမိ၊ ဣတ္ထိဝေါဟာ၊ မိန်းမမှာလည်း၊ ပမာထိုမျှ၊ ပုရိသ-ဟု၊ နာမထူးလည်၊ ခေါ်ပြန်သည်ကား၊ ဤလျှင်တစ်ဦး၊ ပညတ်ထူး"ဟူသော ကဗျာ

စကား၏အရကို မေးလျှောက်သည်မှာ-

- မိန်းမတို့၏ အောက်ဖြစ်သော ဟေဋ္ဌိမကာယသည် သန့်ရှင်းသော ဝိသဒကာယပုလ္လိင် မည်၏။
- အထက်ဖြစ်သော ဥပရိမကာယသည် မသန့်ရှင်းသော အဝိသဒကာယဣတ္ထိလိင် မည်၏။
- ယောက်ျားတို့၏ အထက်ဖြစ်သော ဥပရိမကာယသည် သန့်ရှင်းသော ဝိသဒကာယ ပုလ္လိင် မည်၏။
- အောက်ဖြစ်သော ဟေဋ္ဌိမကာယသည် မသန့်ရှင်းသော အဝိသဒကာယဣတ္ထိလိင် မည်၏။

ထို့ကြောင့် အဋ္ဌသာလိနီမည်သော ဓမ္မသင်္ဂဏီအဋ္ဌကထာ၊ ရူပကဏ္ဍ၌-

> ဣတ္ထီနဉှိ ဟေဋ္ဌိမကာယော ဝိသဒေါ ဟောတိ၊ ဥပရိမကာယော အဝိသဒေါ၊
> ပုရိသာနဉှိ ဥပရိမကာယော ဝိသဒေါ ဟောတိ၊ ဟေဋ္ဌိမကာယော အဝိသဒေါ။

ဟူသောပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (အဘိ၊ဋ္ဌ၊၁။၃၅၇၊၃၅၈)

ဟိ သစ္စံ၊ မှန်၏။ ဣတ္ထီနံ၊ မိန်းမတို့၏။ ဟေဋ္ဌိမကာယော၊ အောက်ကိုယ်သည်။ ဝိသဒေါ၊ သန့်ရှင်းသည်။ ဟောတိ၊ ဖြစ်၏။ ဥပရိမကာယော၊ အထက်ကိုယ်သည်။ အဝိသဒေါ၊ မသန့်ရှင်းသည်။ ဟောတိ၊ ဖြစ်၏။ ဟိ သစ္စံ၊ မှန်၏။ ပုရိသာနံ၊ ယောက်ျားတို့၏။ ဥပရိမကာယော၊ အထက်ကိုယ်သည်။ ဝိသဒေါ၊ သန့်ရှင်းသည်။ ဟောတိ၊ ဖြစ်၏။ ဟေဋ္ဌိမ-ကာယော၊ အောက်ကိုယ်သည်။ အဝိသဒေါ၊ မသန့်ရှင်းသည်။ ဟောတိ၊ ဖြစ်၏။

မသန့်ရှင်းသည်ကို စွဲ၍ အဝိသဒကာယဣတ္ထိလိင်၊ သန့်ရှင်းသည်ကို စွဲ၍ ဝိသဒ-ကာယပုလ္လိင်-ဟူလို၏။ သည်ကိုရည်၍ ကဗျာဆရာသည်-

> "ယောက်ျားကောန်၊ မှန်ပါသမိ၊ ဣတ္ထိဝေါဟာ၊ မိန်းမမှာလည်း၊ ပမာထို့မျှ၊ ပုရိသဟု၊
> နာမထူးလည်၊ ခေါ်ပြန်သည်ကား၊ ဤလျှင် တစ်ဦး၊ ပညတ်ထူး"-

ဟူ၍ စပ်ဆိုတော်မူသတည်း။

ထိုစကားရပ်ကို အကျယ်သိလိုလျှင် ဓမ္မသင်္ဂဏီမည်သော အဋ္ဌသာလိနီအဋ္ဌကထာမှာ ကြည့်လေ။

လက်ဝဲဝင်းတော်မှူး၊ သူရဲဝန်၊ မင်းကြီးမဟာမင်းလှမင်းခေါင်ကျော်က "ယောက်ျား ကောန်၊ မှန်ပါသမိ၊ ဣတ္ထိဝေါဟာ"အစရှိသော ကဗျာစကား၏အရကို နေရာကျကျ

သန္နိဋ္ဌာန်ချ၍ သိမှတ်ပါရအောင် ကယ်မသနား ဖြေကြားအမိန့်ရှိတော်မူပါမည့်အကြောင်းနှင့် လျှောက်သောကြောင့် ကျမ်းဂန်အလာ ဒေသနာနယကို ညွှန်ပြထုတ်ဆောင်၍ ၁၂၄၄-ခု၊ တပေါင်းလပြည့်ကျော်၊ ၄-ရက်နေ့၊ ဒိပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိမ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## လက်ဝဲဝင်းတော်မှူး-က "မနုဿဟု၊ ဌာနလူ့ရွာ"ဟူသော ကဗျာပုစ္ဆာကို မေးလျှောက်ချက်

[၂၀၃] "ဘုရားတပည့်တော် လက်ဝဲဝင်းတော်မှူး သူရဲဝန်၊ မင်းကြီးမဟာမင်းလှမင်းခေါင်ကျော် လျှောက်ပါသည် ဆရာတော်ဘုရား။

အောက်တွင် ရေးသားဖော်ပြပါရှိသော ကဗျာစကားရပ်၏အရကို နေရာကျမသိနိုင်ကြရှိသည်ဖြစ်ပါ၍ နေရာကျကျ သန္နိဋ္ဌာန်ချ၍ သိမှတ်ပါရအောင် ကယ်မသနား ဖြေကြားအမိန့်ရှိတော်မူပါမည့်အကြောင်းကို ဆယ်ချောင်းဟတ္ထ ပဏာမဖြင့် တုပ်ကွရှိကျိုး ရှိခိုးနားတော်လျှောက်ပါသည် ဆရာတော်ဘုရား။

မေးလျှောက်သိလိုရင်း ကဗျာပုစ္ဆာပဥ္စကထနဘုရား-

**မနုဿဟု၊ ဌာနလူ့ရွာ၊ မြေမျက်နှာထက်၊ ပေါက်ပါလျက်နှင့်၊ ထက်နတ်ဘုံခွင်၊ ပွင့်တုံကျင်သည်၊ ဤလျှင်တစ်ဦး၊ သစ်ပင်ထူး။"**

ဒါယကာဝင်းတော်မှူး လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ-

[၂၀၃] "မနုဿဟု၊ ဌာနလူ့ရွာ၊ မြေမျက်နှာထက်၊ ပေါက်ပါလျက်နှင့်၊ ထက်နတ်ဘုံခွင်၊ ပွင့်တုံကျင်သည်၊ ဤလျှင်တစ်ဦး၊ သစ်ပင်ထူး"ဟူသော ကဗျာစကား၏အရကို မေးလျှောက်သည်မှာ-

ဘုရားတို့ ပွင့်တော်မူသော ရတနာပလ္လင် ဗောဓိပင်မြေရာသည် ကမ္ဘာပျက်သောအခါ နောက်မှ ပျက်၏။ ကမ္ဘာတည်သောအခါ ရှေးဦးစွာ တည်၏။ ထိုရတနာပလ္လင် ဗောဓိပင်နေရာ၌ ကမ္ဘာ့တန်ဆာဖြစ်သော ကြာပင်သည် ပေါက်၍ ဗြဟ္မာ့ဘုံတိုင်အောင် တက်၍ တည်သော ရေပေါ်၌ တည်၏။ ထိုကမ္ဘာ၌ ဘုရားဖြစ်အံ့၊ ထိုကြာ ပွင့်၏။ ဘုရား

မဖြစ်မူ မပွင့်။ ဘုရားဖြစ်သော ကမ္ဘာ၌ ၁-ဆူသာဖြစ်မူ ၁-ပွင့်သာ ပွင့်၏။ ၂-ဆူ, ၃-ဆူ, ၄-ဆူ, ၅-ဆူပွင့်မူ ၂-ပွင့်, ၃-ပွင့်, ၄-ပွင့်, ၅-ပွင့် ပွင့်၏။ ထိုကြာပွင့်တို့သည်လည်း ၁-ခုသော ကြာရိုး၌ အချက်ကို့သည် ဖြစ်၍ ပွင့်ကုန်၏။

ထို့ကြောင့် သုမင်္ဂလဝိလာသိနီမည်သော သုတ်မဟာဝါ၊ ရှေးဦးစွာသော မဟာပဒါန သုတ်အဋ္ဌကထာ(ဒီ၊ဋ္ဌ၊၂။၅၆)၌—

ဧတ္ထ ပန မဟာဗောဓိပလ္လင်္ကော ဝိနဿမာနေ လောကေ ပစ္ဆာ ဝိနဿတိ၊ သဏ္ဌဟမာနေ ပဌမံ သဏ္ဌာဟတိ၊ တတ္ထ ပုဗ္ဗနိမိတ္တံ ဟုတွာ ဧကော ပဒုမိနိဂစ္ဆော ဥပ္ပဇ္ဇတိ၊ တဿ သစေ တသ္မိံ ကပ္ပေ ဗုဒ္ဓေါ နိဗ္ဗတ္တိဿတိ၊ ပုပ္ဖံ ဥပ္ပဇ္ဇတိ။ နော စေ, နုပ္ပဇ္ဇတိ။ ဥပ္ပဇ္ဇမာနဉ္စ သစေ ဧကော ဗုဒ္ဓေါ နိဗ္ဗတ္တိဿတိ၊ ဧကံ ဥပ္ပဇ္ဇတိ။ သစေ ဒွေ၊ တယော၊ စတ္တာရော၊ ပဉ္စ ဗုဒ္ဓါ နိဗ္ဗတ္တိဿန္တိ၊ ဒွေ တီဏိ စတ္တာရိ ပဉ္စ ပုပ္ဖါနိ ဥပ္ပဇ္ဇန္တိ။ တာနိ စ ခေါ ဧကသ္မိံ ယေဝ နာဠေ ကဏ္ဏိကာ ဗဒ္ဓါနိ ဟုတွာ နိဗ္ဗတ္တာနီတိ ဝေဒိတဗ္ဗာနိ။

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ပန၊ အထူးကား။ ဧတ္ထ၊ ဤသို့ မဟာပထဝီ၏ တည်ရာ၌။ မဟာဗောဓိပလ္လင်္ကော၊ မဟာဗောဓိပလ္လင်သည်။ လောကေ၊ လောကသည်။ ဝိနဿမာနေ၊ ပျက်သည်ရှိသော်။ ပစ္ဆာ၊ နောက်မှ။ ဝိနဿတိ၊ ပျက်၏။ သဏ္ဌဟမာနေ၊ တည်သည်ရှိသော်။ ပဌမံ၊ ရှေးဦးစွာ။ သဏ္ဌာဟတိ၊ တည်၏။ တတ္ထ၊ ထိုဗောဓိပလ္လင်ရာ၌။ ပုဗ္ဗနိမိတ္တံ၊ ပုဗ္ဗနိမိတ်သည်။ ဟုတွာ၊ ဖြစ်၍။ ဧကော၊ တစ်ခုသော။ ပဒုမိနိဂစ္ဆော၊ ပဒုမာကြာပင်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တဿ၊ ထိုပဒုမာပင်အား။ တသ္မိံ ကပ္ပေ၊ ထိုကပ်၌။ ဗုဒ္ဓေါ၊ ဘုရားသည်။ သစေ နိဗ္ဗိတ္တိဿတိ၊ အကယ်၍ ဖြစ်အံ့။ ပုပ္ဖံ၊ အပွင့်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ နော စေ ဥပ္ပဇ္ဇတိ၊ အကယ်၍ မဖြစ်အံ့။ ပုပ္ဖံ၊ အပွင့်သည်။ နုပ္ပဇ္ဇတိ၊ မဖြစ်။ ဥပ္ပဇ္ဇမာနဉ္စ၊ ပွင့်ခြင်းသည်လည်း။ ဧကော၊ ၁-ဆူသော ဘုရားသည်။ သစေ နိဗ္ဗတ္တိဿတိ၊ အကယ်၍ ဖြစ်အံ့။ ဧကံ၊ ၁-ပွင့်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဝါ၊ ပွင့်၏။ ဒွေ တယော စတ္တာရော ပဉ္စ ဗုဒ္ဓါ၊ ၂-ဆူ, ၃-ဆူ, ၄-ဆူ, ၅-ဆူသော ဘုရားတို့ သည်။ သစေ နိဗ္ဗတ္တိဿန္တိ၊ အကယ်၍ ဖြစ်ကုန်အံ့။ ဒွေ တီဏိ စတ္တာရိ ပဉ္စ ပုပ္ဖါနိ၊ ၂-ပွင့်, ၃-ပွင့်, ၄-ပွင်, ၅-ပွင့်တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ ဝါ၊ ပွင့်ကုန်၏။ ခေါ၊ စင်စစ်။ တာနိ စ၊ ထိုကြာပွင့်တို့သည်လည်း။ ဧကသ္မိံ ယေဝ နာဠေ၊ ၁-ခုသော ကြာရိုး၌သာလျှင်။ ကဏ္ဏိကာ ဗဒ္ဓါနိ၊ အချက်တို့နှင့် စပ်ကုန်သည်။ ဟုတွာ၊ ဖြစ်၍။ နိဗ္ဗတ္တာနီတိ၊ ဖြစ်ကုန်၏-ဟူ၍။ ဝေဒိတဗ္ဗာနိ၊ သိအပ်ကုန်၏။

နိဗ္ဗတ္တတိ, နိဗ္ဗတ္တာ-ဟူသော ပုဒ်များ၌ ဗ္ဗ-မှာ ဩဋ္ဌဇတတိယက္ခရာ ဗ-သဒိသ ဒွေးဘော်ရှိမှ သင့်သည်။ နိ-ပုဗ္ဗ၊ ဝတု-ဓာတ်။

သည်ကိုရည်၍ ကဗျာဆရာသည်–

“မနုဿဟု၊ ဌာနလူ့ရွာ၊ မြေမျက်နှာထက်၊ ပေါက်ပါလျက်နှင့်၊ ထက်နတ်ဘုံခွင်၊ ပွင့်တုံ ကျင်သည်၊ ဤလျှင်တစ်ဦး၊ သစ်ပင်ထူး”– ဟူ၍ စပ်ဆိုတော်မူသတည်း။

ထိုစကားရပ်ကို အကျယ်သိလိုမူ သုမင်္ဂလဝိသာလိနီမည်သော သုတ်မဟာဝါ၊ ရှေးဦးစွာသော မဟာပဒါနသုတ်အဋ္ဌကထာ(နှာ-၅)။ ပကိဏ္ဏကဝိသဇ္ဇနာကျမ်း(လုံးတော်)၊ ပထမတွဲ၊ ဒုတိယပိုင်း၊ ပုဒ်မ-၂၆၊ စာမျက်နှာ ၁၅၃ –၁၆၆-မှာ ကြည့်လေ။

လက်ဝဲဝင်းတော်မှူး၊ သူရဲဝန်၊ မင်းကြီးမဟာမင်းလှမင်းခေါင်ကျော်က “မနုဿဟု၊ ဌာနလူ့ရွာ၊ မြေမျက်နှာထက်၊ ပေါက်ပါလျက်နှင့်၊ ထက်နတ်ဘုံခွင်၊ ပွင့်တုံကျင်သည်၊ ဤလျှင်တစ်ဦး၊ သစ်ပင်ထူး”ဟူသော ကဗျာစကား၏အရကို နေရာကျ သိမှတ်ပါရအောင် ကယ်မသနား ဖြေကြားအမိန့်ရှိတော်မူပါမည့်အကြောင်းနှင့် လျှောက်သောကြောင့် ကျမ်းဂန် အလာ ဒေသနာနယကို ညွန်ပြထုတ်ဆောင်၍ ၁၂၄၄-ခု၊ တပေါင်းလပြည့်ကျော်၊ ၅-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိဒ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆို အမိန့်ရှိလိုက်သည်။

★★★★★★★

## လက်ဝဲဝင်းတော်မှူး-က “ယောက်ျားစေကန်”အစရှိသော ပုစ္ဆာကို မေးလျှောက်ချက်

[၂၀၄] “ဘုရားတပည့်တော် လက်ဝဲဝင်းတော်မှူး၊ သူရဲဝန်၊ မင်းကြီးမဟာမင်းလှ မင်းခေါင်ကျော် လျှောက်ပါသည် ဆရာတော်ဘုရား။

အောက်တွင် ရေးသားဖော်ပြပါရှိသော ကဗျာစကား၏အရကို နေရာကျ မသိနိုင်ကြရှိသည်ဖြစ်ပါ၍ နေရာကျကျ သန္နိဋ္ဌာန်ချ၍ သိမှတ်ပါရအောင် ကယ်မ သနား ဖြေကြားအမိန့်ရှိတော်မူပါမည့်အကြောင်းကို ဆယ်ချောင်းဟတ္ထ ပဏာမ ဖြင့် တုပ်ကွရှိကိုး ရှိခိုးနှားတော်လျှောက်ပါသည် ဆရာတော်ဘုရား။

ပုစ္ဆာကဗျာပဉ္စာကထနဘုရား–

ယောက်ျားစေကန်၊ မှန်လင့်ကစား၊ ယောက်ျား,မိန်းမ၊ စုံသတ္တကို၊ ဝဇ္ဇသေယျာ၊ လွယ်ပြီးခါမှ၊ ဖွားချိန်ကျသော်၊ မုချမယွင်း၊ အာခံတွင်းမှ၊ ဖွားပြန်ရသည်။ သတ္တတစ်ဦး၊ ပုဂ္ဂိုလ်ထူး”။

ဒါယကာဝင်းတော်မှူး လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ—

[၂၀၄] "ယောက်ျားကောန်၊ မှန်လင့်ကစား" အစရှိသော ကဗျာစကား၏အရကို မေးလျှောက်သည်မှာ မြတ်စွာဘုရားသည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ ကိန်းအောင်းမွေ့လျော် စံပျော်တော်မူသောအခါ မာတုဂါမအာရုံကို နှလုံးသွင်းသောကြောင့် သာသနာတော်မှ ဆန့်ကျင်သောရဟန်းကို အကြောင်းပြု၍—

"ချစ်သားရဟန်းတို့ *ဒါနောယက္ခိုက်ဘီလူးသည် ကြုတ်၌ မိန်းမကို ထည့်ပြီးလျှင် နှုတ်ဖြင့် မျိုပြီးသော် ဝမ်းတွင်း၌ ထား၍ စောင့်ရှောက်သည်ကိုမှ တစ်ယောက်သော ယောက်ျား၏မိန်းမ မဖြစ်စေခြင်းငှာ မတတ်နိုင်။ အကယ်၍ မာတုဂါမကို ရခဲ့သည်ဖြစ်လင့်ကစား အဘယ်မှာ စောင့်ရှောက်နိုင်ပါလေအံ့နည်း။ ရှေးအခါ ဒါနဝမည်သော ယက္ခိုက်ဘီလူးမင်းသည် မျို၍ ဝမ်းဖြင့် ဆောင်သော်လည်း မစောင့်ရှောက်နိုင်။ တစ်ယောက်သော ယောက်ျားကိုသာ မှီသည်ကို ပြုခြင်းငှာ မတတ်နိုင်"ဟု မိန့်တော်မူပြီးမှ ၅၅၀၊ နဝကနိပါတ်၊ ၁၀-ခုမြောက်သော ဒါနဝဇာတ်(သမုဂ္ဂဇာတ်)ကို ဟောတော်မူသတည်း။ (*ဒါနဝလည်း-ဟူ၏။ ဩကို အဝ-ပြု၊ ဒါနဝ၊ နော ဧက္ကနော နဝဒွေ အသဌာဒသ-ဟူသကဲ့သို့။)

ဤအရာ၌—

> ပုဗ္ဗေ ဒါနဝရက္ခသာမိ ဂိလိတွာ ကုစ္ဆိနာ ပရိဟရန္တာပိ မာတုဂါမံ ရက္ခိတုံ ဧကပုရိသနိဿိတံ ကာတုံ နာ'သက္ခိံသု။

ဟူ၍ ဟောတော်မူသည်။ (ဇာ၄၊၃။။၅၀၁)

ပုဗ္ဗေ၊ ရှေးလွန်လေပြီးသောအခါ၌။ ဒါနဝရက္ခသာမိ၊ ဒါနဝမည်သော ယက္ခိုက် (ရက္ခိုသ်)ဘီလူးမင်းတို့သည်။ ဂိလိတွာ၊ မျို၍။ ကုစ္ဆိနာ၊ ဝမ်းဖြင့်။ ပရိဟရန္တာပိ၊ ဆောင်ပါသော်လည်း။ မာတုဂါမံ၊ မာတုဂါမကို။ ရက္ခိတုံ၊ စောင့်ရှောက်ခြင်းငှာ။ နာ'သက္ခိံသု၊ မတတ်နိုင်ကုန်။ ဧကပုရိသနိဿိတံ၊ တစ်ယောက်တည်းသော ယောက်ျားကိုသာ မှီသည်ကို။ ကာတုံ၊ ပြုခြင်းငှာ။ နာ'သက္ခိံသု၊ မတတ်နိုင်ကုန်။ ("ပရိဟရန္တာပိ"ဟူရာ၌ မာတုဂါမကို ဝမ်းတွင်း၌ ထား၍ ဆောင်သည်-ဟူလို။)

ပရိဟရန္တာပီတိ မာတုဂါမံ ကုစ္ဆိနာ ပရိဟရန္တာပိ။ (ဋီကာ)

ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်း မင်းပြုသောအခါ ငါတို့ ဘုရားအလောင်းတော်သည် ဆဋ္ဌဘိညာအဋ္ဌသမာပတ္တိရရသေ့ဖြစ်၍ ဟိမဝန္တာ၌ သစ်သီးကြီး,ငယ်ကို အာဟာရပြု၍ နေတော်မူ၏။ ရသေ့၏သခ်မ်းကျောင်းနှင့် မနီးမဝေးသောအရပ်တွင် ဂူရှိ၏။ ထိုဂူ၌ ဒါနဝ

မည်သော ယက္ခိုက်ဘီလူးမင်းသည် နေ၏။ မကြာမကြာ ဘုရားလောင်း၏အထံသို့ လာ၍ တရားနာ၏။ တောအုပ်တွင် လူတို့သွားရာခရီး၌ ရောက်လာသောသူတို့ကို ဖမ်းယူ၍ စား၏။ တရံရောအခါ ကာသိတိုင်းမှ အမျိုးသမီး ၁-ယောက်သည် ပစ္စန္တရစ်အရပ်၌ နေ၍ မိဘတို့ကို တွေ့မြင်အံ့သောငှာ များစွာသော အခြံအရံတို့နှင့်တကွ ယာဉ်စီး၍ လာလတ်သည်ကို ကြောက်မက်ဖွယ်သော အဆင်းဖြင့် ခြောက်လှန့်လေရကား လက်နက်, လှံ, ဓား-စသည်တို့ကို စွန့်ချပစ်ထား၍ ပြေးသွားကြလေကုန်၏။

ထိုအခါ ယာဉ်ထက်၌ စီးလျက် တင့်တယ်သောအဆင်းနှင့် ပြည့်စုံသော မိန်းမကို မြင်၍ တပ်သောစိတ်ရှိသဖြင့် မိမိ၏နေရာဂူသို့ ဆောင်၍ မယားပြုလုပ်လေ၏။ ထိုအခါမှ စ၍ ထောပတ်, ဆန်, ငါး, အမဲ, သစ်သီးကြီး,ငယ်-စသည်တို့ကို ယူဆောင်၍ ကျွေးမွေး၏။ အဝတ်တန်ဆာ-စသည်တို့ဖြင့် တန်ဆာဆင်ပြီးလျှင် သွားရာအရပ်တို့၌လည်း ကြုတ်၌ အိပ်စေ၍ ကြုတ်ကို မျို၍ ဝမ်းဖြင့် ဆောင်သွား၏။ ဤ၌လည်း—

ရက္ခဏတ္ထာယ ဧကသ္မိံ ကရဏ္ဍကေ နိပ္ပဇ္ဇာပေတွာ ကရဏ္ဍကံ ဂိလိတွာ ကုစ္ဆိနာ ပရိဟရတိ။ –

ဟူ၍ ဟောတော်မူသည်။ (ဇာ၊၄၊၃။၅၀၂)

ရက္ခဏတ္ထာယ၊ စောင့်ရှောက်အပ်သောငှာ။ ဧကသ္မိံ ကရဏ္ဍကေ၊ တစ်ခုသော ကြုတ်၌။ နိပ္ပဇ္ဇာပေတွာ၊ အိပ်စေ၍။ ကရဏ္ဍကံ၊ ကြုတ်ကို။ ဂိလိတွာ၊ မျို၍။ ကုစ္ဆိနာ၊ ဝမ်းဖြင့်။ ပရိဟရတိ၊ ဆောင်၏။

တစ်နေ့သ၌ လမ်းခရီးတွင် ရေချိုးအံ့သောငှာ တစ်ခုသောအိုင်သို့ သွား၍ ကြုတ်ကို ဝမ်းမှ ထုတ်ပြီးသော် ထိုမိန်းမကို ကြုတ်မှ ထုတ်၍ ရေချိုးစေပြီးလျှင် အဝတ်တန်ဆာ ဆင်ယင်ပြီးမှ "ဤတွင် နေဦးလော့"ဟု ကြုတ်၏အနီး၌ ထား၏။

ဤ၌လည်း "ကရဏ္ဍကံ ဥဂ္ဂိလိတွာ"ဟူ၍ ဟောတော်မူသည်။ ကရဏ္ဍကံ၊ ကြုတ်ကို။ ဥဂ္ဂိလိတွာ၊ ဝမ်းမှ ထုတ်၍။

"ဥဂ္ဂိလိတွာတိ ကုစ္ဆိတော နီဟရိတွာ" (ဋီကာ)

ဘီလူးလည်း ရေချိုးဆိပ်သို့ သက်၍ မိမိ၏မယား၌ ယုံမှားမရှိလေရကား အတန်ငယ် ဝေးသောအရပ်သို့ သွား၍ ရေချိုးလေ၏။

ထိုအခါ ဝါယုဿပုတ္တမည်သော ဝိဇ္ဇာဓိုရ်သည်လည်း သန်လျက် စွဲကိုင်လျက် ကောင်းကင်ခရီးသို့ သွားသည်ကို ထိုမိန်းမ မြင်လေရကား လက်ယပ်၍ ခေါ်၏။ ဝိဇ္ဇာဓိုရ်

လည်း လျင်စွာ သက်ဆင်းခဲ့၏။ ထိုအခါ ဝိဋ္ဋာမိုရ်ကို ကြုတ်၏အတွင်း၌ ထား၍ ကြုတ်၏ အနားမှ ဒါနဝဘီလူးလာရာ အရပ်ကို ကြည့်လျက် နေလတ်၏။ ဒါနဝဘီလူး လာသည်ကို မြင်လျှင် ဘီလူးမရောက်မီ ကြုတ်ကို ဖွင့်ပြီးလျှင် အတွင်းသို့ ဝင်၍ ဝိဋ္ဋာမိုရ်၏အထက်၌ အိပ်လျက် အဝတ်ဖြင့် လုံစွာ ဖုံးလွှမ်း၍ နေလေ၏။ ဒါနဝဘီလူးလည်း လာလတ်၍ ကြုတ်ကို အသေအချာ မကြည့်မရှုဘဲ မိမိ၏မယားချည်းသာ ထင်မှတ်လေရကား ကြုတ်ကို မျို၍ မိမိ၏ဂူသို့ သွားလေ၏။ ဤ၌လည်း—

"ကရဏ္ဍကံ ဂိလိတ္ဂာ အတ္တနော ဂုဟံ ဂစ္ဆန္တော" ဟူ၍ ဟောတော်မူသည်။

ကရဏ္ဍကံ၊ ကြုတ်ကို။ ဂိလိတ္ဂာ၊ မျို၍။ အတ္တနော ဂုဟံ၊ မိမိနေရာ ဂူသို့။ ဂစ္ဆန္တော၊ သွားသည်ရှိသော်။ (ဇာ၊ ၄၊၃။၅၀၂)

ခရီးအကြား၌ "အရှင်ရသေ့ထံသို့ ငါမရောက်သည် ကြာပြီ။ အရှင်ရသေ့ကို ရှိခိုးဦးအံ့"ဟု ကြံ၍ ရသေ့ကျောင်းသို့ သွားလေ၏။ အရှင်ရသေ့မြတ် ဗောဓိသတ်ကား အဝေးမှ ဘီလူးလာသည်ကို မြင်၍ လူ ၂-ယောက်တို့လည်း ဝမ်းတွင်း၌ ရှိသည်၏အဖြစ်ကို သိတော်မူနိုင်သည်ဖြစ်၍ "ဒကာ ၃-ယောက်တို့ အဘယ်မှ လာခဲ့ကြကုန်သနည်း။ ငါ၏ထံသို့ မရောက်မလာသည် ကြာပြီ။ အပြစ်မရှိဘဲ အနာရောဂါ ကင်းကြပါ၏လော"ဟု မေးမြန်း၏။

ဤအရာ၌လည်း—

**တာပသောပိ နံ ဒူရတော အာဂစ္ဆန္တံ ဒိသွာ ဒွိန္နံ ဇနာနံ ကုစ္ဆိဂတဘာဝံ ဉတွာ။**

ဟူ၍ ဟောတော်မူသည်။ (ဇာ၊ ၄၊၃။၅၀၂)

တာပသောပိ၊ ရသေ့သူမြတ်၊ ဗောဓိသတ်သည်လည်း။ နံ၊ ထိုဒါနဝဘီလူးကို။ ဒူရတော၊ အဝေးမှ။ အာဂစ္ဆန္တံ၊ လာလတ်သည်ကို။ ဒိသွာ၊ မြင်၍။ ဒွိန္နံ ဇနာနံ၊ လူ ၂-ယောက်တို့၏။ ကုစ္ဆိဂတဘာဝံ၊ ဝမ်းတွင်း၌ ရှိသည်၏အဖြစ်ကို။ ဉတွာ၊ သိ၍။

ဝါယုဿပုတ္တဝိဋ္ဋာမိုရ်-ဟူရာ၌လည်း "ဟရိဿ ပုတ္တောတိ ဝါသုဒေဝဿ ပုတ္တော"ဟု ဋီကာ ဖွင့်၏။

ဟရိဿပုတ္တောတိ၊ ဟရိဿပုတ္တော-ဟူသည်ကား။ ဝါသုဒေဝဿ၊ ဝါသုဒေဝ မည်သော မင်း၏။ ပုတ္တော၊ သားတည်း။ ဋီကာအလိုကား ဝါသုဒေဝမင်း၏သား ဝိဋ္ဋာမိုရ်-ဟူလို၏။ [ ဝိဋ္ဋာမိုရ်၏အမည်ကား မထင်ရှား။ အဋ္ဌကထာ, စာစောင်အများမှာပင် ဝါယုဿ-ပုတ္တော နာမ-ဟု ရှိလေရကား နောက်မှ ဆရာကြီးတို့ အမည်ကို ထင်ရှားစေလို၍ ဝါယုပုတ္တ-ဟု ရေးသည် ယူရန်ရှိ၏။ ]

ထိုသို့ ရသေ့မေးမြန်းသော စကားကို ဒါနဝဘီလူး ကြားလေလျှင် "ငါ ၁-ယောက်တည်းသာ ရသေ့၏အထံသို့ လာပါသည့်အရာကို ၃-ယောက်-ဟု ဆိုဘိ၏။ အကြောင်းကား အသို့နည်း။ သဘောတရားအတိုင်း ဟုတ်မှန်သည်ကိုပင် ဆိုလေသလော။ ထိုသို့ မဟုတ်၊ အရှင်ရသေ့ စိတ်ပျံ့လွင့်သောကြောင့်သာ ဆိုလေသလော"ဟု ရသေ့၏အနီးသို့ ချဉ်းကပ်၍ "အရှင်ရသေ့၊ ငါ ၁-ယောက်တည်းသာ လာခဲ့သည်ကို အဘယ်ကြောင့် ၃-ယောက် ဆိုဘိသနည်း"ဟု လျှောက်ပြန်ရာ "သင် ၁-ယောက်တည်း လာသည် မှန်ပြီ။ သင်၏မယားလည်း ပါသည် မဟုတ်လော"ဟု မေးလေလျှင် "ပါကြောင်း"ကို လျှောက်သဖြင့် "သင်သည် မယားကို စောင့်ရှောက်အံ့"ဟု အခါခပ်သိမ်းပင် ထိုမိန်းမကို ကြုတ်၌ထည့်၍ ဝမ်းတွင်း၌ ထား၏။ ဝါယုဿပုတ္တမည်သော ဝိဇ္ဇာမိုရ်နှင့်တကွ သင်၏ဝမ်းတွင်း၌ပင် ကာမဂုဏ်တည်းဟူသော မွေ့လျော်ခြင်းဖြင့် မွေ့လျော်၏။ မာတုဂါမကို ၁-ယောက်သော ယောကျာ်း၏ ဥစ္စာဖြစ်စေခြင်းငှာ ဝမ်းတွင်း၌ ထား၍ ဆောင်သော်လည်း မတတ်နိုင်ရာ"ဟု မိန့်တော်မူ၏။

ဤ၌လည်း "မာတုဂါမံ ဧကံ ပုရိသနိဿိတံ ကရိဿာမီတိ ကုစ္ဆိနာပိ ပရိဟရန္တော" ဟူ၍ ဟောတော်မူသည်။ (ဇာ၊၄၊၃။၅၀၃)

မာတုဂါမံ၊ မာတုဂါမကို။ ဧကံ ပုရိသနိဿိတံ၊ တစ်ယောက်သော ယောကျာ်း၏ ဥစ္စာအဖြစ်ကို။ ကရိဿာမိ၊ ပြုအံ့။ ဣတိ၊ ဤသို့။ ကုစ္ဆိနာ၊ ဝမ်းဖြင့်။ ပရိဟရန္တောပိ၊ ဆောင်သော်လည်း။

ရသေ့ဆိုသော စကားကို ဒါနဝဘီလူး ကြား၍ "ဝိဇ္ဇာမိုရ်မည်သည်ကား များသော လှည့်ပတ်ခြင်း ရှိ၏။ အကယ်၍ သန်လျက်လက်၌ စွဲကိုင်သည် ဖြစ်အံ့။ ဝမ်းကိုပင်သော်လည်း ခွဲဖောက်၍ ပြေးရာ၏"ဟု ကြောက်သည်ဖြစ်၍ ဆောလျင်စွာ ကြုတ်ကို ထွေးအန်၍ ရှေ့၌ ထား၏။ ဤ၌လည်း—

ကုစ္ဆိံ မေ ဖာလေတွာပိ ပလာယိဿတီတိ ဘီတတသိတော ခိပ္ပံ ကရဏ္ဍကံ ဥဂ္ဂိရိတွာ ပုရတော ဌပေသိ။

ဟူ၍ ဟောတော်မူသည်။ (ဇာ၊၄၊၃။၅၀၃)

မေ၊ ငါ၏။ ကုစ္ဆိံ၊ ဝမ်းကို။ ဖာလေတွာ၊ ခွဲဖောက်၍။ ပလာယိဿတိ၊ ပြေးလတ္တံ့။ ဣတိ၊ ဤသို့။ ဘီတတသိတော၊ ကြောက်လန့်သည်ဖြစ်၍။ ခိပ္ပံ၊ လျင်စွာ။ ကရဏ္ဍကံ၊ ကြုတ်ကို။ ဥဂ္ဂိရိတွာ၊ ထွေးအန်၍။ ပုရတော၊ ရှေ့၌။ ဌပေသိ၊ ထား၏။

ဝိဋ္ဋာမိုရ်လည်း ကြုတ်ကို ဖွင့်သောအခါ ဝိဋ္ဋာဓရအတတ်ဖြင့် သန်လျက် စွဲကိုင်လျက် ကောင်းကင်သို့ ပျံသွားလေ၏။ ဒါနဝဘီလူးလည်း "အရှင်ရသေ့ကြောင့်သာ ငါ့အသက် ချမ်းသာပေသည်"ဟု ရသေ့၏ဂုဏ်ကျေးဇူးကို များစွာ ချီးမွမ်းပြီးမှ ၅-ပါးသီလကို ဆောက်တည်ခံယူ၍ ထိုမိန်းမကိုလည်း "ငါသည် ဝမ်းတွင်း၌ထား၍ သင့်ကို စောင့်ရှောက်သည်ကိုမျှ မတတ်နိုင်ဘဲ ရှိရလေသည်။ ငါကဲ့သို့ သင့်ကို အဘယ်သူ စောင့်ရှောက်နိုင်လေအံ့နည်း။ အလိုရှိရာ သွားလေတော့"ဟု ထိုမိန်းမကို လွှတ်လိုက်၍ ဒါနဝဘီလူးသည် မိမိနေရာ တောသို့ သွားလေ၏။

ဤ၌လည်း—

အဟံ ကုစ္ဆိနာ ပရိဟရန္တောပိ တံ ရက္ခိတုံ န သက္ကောမိ၊ အညော ကော ရက္ခိဿတိ။ –

ဟူ၍ ဟောတော်မူသည်။ (ဇာ၄၊၃။၅၀၅)

အဟံ၊ ငါသည်။ ကုစ္ဆိနာ၊ ဝမ်းဖြင့်။ ပရိဟရန္တောပိ၊ ဆောင်ပါသော်လည်း။ တံ၊ သင့်ကို။ ရက္ခိတုံ၊ စောင့်ရှောက်ခြင်းငှာ။ န သက္ကောမိ၊ မတတ်နိုင်။ အညော၊ တပါးသော။ ကော၊ အဘယ်သူသည်။ တံ၊ သင့်ကို။ ရက္ခိဿတိ၊ စောင့်ရှောက်နိုင်ပါတော့မည်နည်း။

ဒါနဝဘီလူးကို ဒါနောဘီလူး-ဟု ခေါ်ဝေါ်ကြ၏။ နော-၌ ဩ-ကို အဝပြုလျှင် ဒါနဝဖြစ်၏။ အထက်၌လည်း ပြဆိုခဲ့ပြီ။ ဒါနဝဘီလူးသည် ကြုတ်ကို ဝမ်းတွင်း၌ မျို၍ ထားကြောင်း, ဝမ်းမှ ထုတ်ကြောင်းကို အရာအရာ၌ အဋ္ဌကထာ, ဋီကာများစွာ ဆောင်၍ ပြသည်ကား "ကြုတ်ကို နှုတ်ဖြင့်သာ ငုံ၍ သွားသည်"ဟု ပြောကြ,ဆိုကြ အသိဉာဏ်ဖြစ်ကြသောအရာ များသောကြောင့် ထိုစကားကို အများတကာ သက်ပျောက်ကင်း လင်းပါးစေလို၍ ကြုတ်ကို ဝမ်းတွင်း၌ မျို၍ထားကြောင်း, ဝမ်းမှ ထုတ်ကြောင်းကို အဋ္ဌကထာ,ဋီကာ များစွာ ဆောင်၍ပြသတည်း။ အကယ်၍ နှုတ်ဖြင့် ငုံသွားသည် ဖြစ်ခဲ့အံ့။

"ကုစ္ဆိ မေ ဇာလေတွာ ပလာယိဿတိ"ဟု ဆိုရာ ဂဗ္ဘသေယျကပုဂ္ဂိုလ်တို့ကဲ့သို့ ဝမ်း၌ ပဋိသန္ဓေယူနေသည့်အရာကို ဆိုသည်မဟုတ်၊ မဟုတ်သော်လည်း ဤသမုဂ္ဂဇာတ်တော်တွင် ဂဗ္ဘသေယျကကဲ့သို့ပင် ကာသိတိုင်းသူ မိန်းမနှင့် ဝါယုဿပုတ္တဝိဇ္ဇာမိုရ် ၂-ဦးတို့ကို ဒါနဝဘီလူးဝမ်းတွင်း၌ မျိုထား၍ ခံတွင်းမှ ထွေးအန်သည်ကို ပရိယာယ်အားဖြင့် "ယောက်ျားဖြစ်လျက် ယောက်ျား,မိန်းမအစုံကို ဝမ်းဖြင့် လွယ်ပြီးမှ ဖွားသည်"ဟု ဆိုသတည်း။

သည်ကို ရည်၍ ကဗျာဆရာသည်—

"ယောက်ျားဇေကန်၊ မှန်လင့်ကစား၊ ယောက်ျား,မိန်းမ၊ စုံသတ္တကို၊ ဂဗ္ဘသေယျာ၊ လွယ်ပြီး ကာမှ၊ ဖွားချိန်ကျသော်၊ မုချမယွင်း၊ အာခံတွင်းမှ၊ ဖွားပြန်ရသည်၊ သတ္တတစ်ဦး၊ ပုဂ္ဂိုလ်ထူး"—

ဟူ၍ စပ်ဆိုတော်မူသတည်း။

ထိုစကားရပ်ကို အကျယ်သိလိုမူ ၅၅၀၊ နဝကနိပါတ်၊ ၁၀-ခုမြောက်သော သမုဂ္ဂဇာတ်တော်(ဇာ၊ဋ္ဌ၊၃။၅၀၁-၅၀၅)မှာ ကြည့်လေ။

လက်ဝဲဝင်းတော်မှူး၊ သူရဲဝန်၊ မင်းကြီးမဟာမင်းလှမင်းခေါင်ကျော်က "ယောက်ျား ဇေကန်၊ မှန်လင့်ကစား၊ ယောက်ျား,မိန်းမ၊ စုံသတ္တကို၊ ဂဗ္ဘသေယျာ၊ လွယ်ပြီးကာမှ၊ ဖွားချိန် ကျသော်၊ မုချမယွင်း၊ အာခံတွင်းမှ၊ ဖွားပြန်ရသည်၊ သတ္တတစ်ဦး၊ ပုဂ္ဂိုလ်ထူး"ဟူသော ကဗျာစကား၏အရကို နေရာကျကျ သိမှတ်ပါရအောင် ကယ်မသနား ဖြေကြားအမိန့်ရှိ တော်မူပါမည့်အကြောင်းနှင့် လျှောက်သောကြောင့် ကျမ်းဂန်အလာ ဒေသနာနယကို ညွှန်ပြ ထုတ်ဆောင်၍ ၁၂၄၄-ခု၊ တပေါင်းလပြည့်ကျော်၊ ၁၁-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိ- ရတနာသိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★

## ဒကာမောင်ရွှေမြ-က လက္ခဏာတော်ကြီး,ငယ်များကို ဂါထာစီကုံး ကယ်မပါမည့်အကြောင်း လျှောက်ထားချက်

[၂၀၅] "ဘုရားတပည့်တော် အာဋဝီခေါ် ကြေးမုံတံခါးတော်တွင်းနေ ဒကာရွှေမြ ခြေတော်ဦးခိုက် လျှောက်ဝံ့ပါသည် ဆရာတော်ဘုရား။

မြတ်စွာဘုရား လက္ခဏာတော်ကြီး ၃၂-ပါး, လက္ခဏာတော်ငယ် ၈၀-များကို ရှိခိုးဝန္ဒနာ ဂါထာစီကုံး ရေးသားကယ်မ သနားတော်မူပါမည့်အကြောင်းကို လျှောက်ထားပါသည် ဆရာတော်ဘုရား"။

ဒကာမောင်ရွှေမြ လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ—

## လက္ခဏာတော်ကြီး ၃၂-ပါး

[၂၀၅] ၁။ စက္ကပါဒေါ'ယတပဏှိ၊ သုပ္ပတိဋ္ဌိတပါဒကော။
ဒီဃင်္ဂုလိ'ဏီဇင်္ဃော စ၊ ဥဿင်္ခပါဒကော တထာ။ ။

၂။ ကောသောဟိတဝတ္ထဂုယှော၊ ကမ္ဗုဝဏ္ဏော ဌိတော မုနိ။
ဥဘောဟိ ပါဏိတလေဟိ၊ ဇဏ္ဏုကာနိ ပရာမသိ။ ။

၃။ သီဟဟနု ဇာလမုဒု-တလုနဟတ္ထပါဒကော။
စတ္တာလီသဂ္ဂဒန္တော စ၊ သမဝိရဠဒန္တကော။ ။

၄။ သုက္ကဒါဌော စ ရသဂ္ဂ-သဂ္ဂီ'ဘိနီလနေတ္တကော။
ဂေါပခုမော စ ဥဏှီသ-သီသော ပဟူတဇိဝှကော။ ။

၅။ ဗြဟ္မဿရော ကရဝီက-ဘာဏီ စ သုခုမမလဆဝိ (*သုခုမစ္ဆဝိ*)။
သမဝဋ္ဋက္ခန္ဓော စေဝ၊ နိဂြောဓပရိမဏ္ဍလော။ ။

၆။ သီဟပုဗ္ဗဒ္ဓကာယော စ၊ ဗြဟ္မာဝုဇုကဝိဂ္ဂဟော။
သတ္တုဿဒေါ စ စိတန္တ-ရံသော ဥဒ္ဓဂ္ဂလောမကော။ ။

၇။ ဧကေကဥဏ္ဏလောမော စ၊ ဒွါတ္တိံသဟိ စ သမ္ပန္နော။
ပူဇိတံ နရဒေဝေဟိ၊ သမ္ဗုဒ္ဓါ'ဟံ ဇိနံ ဝန္ဒေ။ ။

----- x -----

၁။ စက္ကပါဒေါ'ယတပဏှိ၊ သုပ္ပတိဋ္ဌိတပါဒကော။
ဒီဃင်္ဂုလိ'ဏီဇင်္ဃော စ၊ ဥဿင်္ခပါဒကော တထာ။ ။

[၁]စက္ကပါဒေါ၊ ၁,၀၀၀-သော အကန့်အကွက် ပုံတောင်းနှင့်တကွသော အလုံးပြည့်သော စက်ရတနာတို့ဖြင့် ဆန်းကြယ်သော ခြေဖဝါး ရှိတော်မူ၏။ [၂]အာယတပဏှိ၊ ဖဝါး၏ ၄-ပုံ, ၁-ပုံဖြင့် ကြွင်းခြင်းကြောင့် ရှည်သော ဖနောင့်တော်လည်း ရှိတော်မူ၏။ [၃]သုပ္ပတိဋ္ဌိတပါဒ-ကော၊ ရွှေခြေနင်းကဲ့သို့ မြေ၌ ညီညွတ်စွာတည်သော ခြေဖဝါး ရှိတော်မူ၏။ [၄]ဒီဃင်္ဂုလိ၊ ရှည်သော ခြေချောင်း, လက်ချောင်းတော်လည်း ရှိတော်မူ၏။ [၅]ဧဏီဇင်္ဃော၊ ဧဏီမည်သော သား၏မြင်းခေါင်းကဲ့သို့ ညီညွတ်သော လုံးသောမြင်းခေါင်း ရှိတော်မူ၏။ တထာ၊ ထို့အတူ။ [၆]ဥဿင်္ခပါဒကော၊ ခြေဖမိုး၏ ထက်ဝက်သော ဖမျက်ရှိတော်မူ၏။

၂။ ကောသောဟိတဝတ္ထဂုယှော၊ ကမ္ဗုဝဏ္ဏော ဌိတော မုနိ။
ဥဘောဟိ ပါဏိတလေဟိ၊ ဇဏ္ဏုကာနိ ပရာမသိ။ ။

[၇]ကောသောဟိတဝတ္ထဂုယှော၊ အအိမ်ဖြင့် ဖုံးလွှမ်းအပ်သော အင်္ဂါဇာတ် ရှိတော်မူ၏။ [၈]ကမ္ဗုဝဏ္ဏော၊ ရွှေအဆင်းနှင့်တူသော တင့်တယ်သောအရေအဆင်း ရှိတော်မူ၏။ [၉]မုနိ၊ မြတ်စွာဘုရားသည်။ ဌိတော၊ ရပ်တော်မူလျက်။ ဥဘောဟိ ပါဏိတလေဟိ၊ လက်ဝါးတော် ၂-ဖက်တို့ဖြင့်။ ဇဏ္ဏုကာနိ၊ ပုဆစ်တော် ၂-ဖက်တို့ကို။ ပရာမသိ၊ သုံးသပ်တော်မူနိုင်၏။

၃။ သီဟဟနု ဇာလမုဒု-တလုနဟတ္ထပါဒကော။
စတ္တာလီသဂ္ဂဒန္တော စ၊ သမဝိရဠဒန္တကော။ ။

[၁၀]သီဟဟနု၊ ခြင်္သေ့မင်း၏မေးကဲ့သို့ ၁၂-ရက်တက်၍ ထွန်းသော လဝန်းနှင့်တူသော မေးတော်လည်း ရှိတော်မူ၏။ [၁၁-၁၂]ဇာလမုဒုတလုနဟတ္ထပါဒကော၊ ကွန်ရက်နှင့်တူသော ခြေကြား, လက်ကြားတော်, နူးညံ့သိမ်မွေ့သော ခြေဖဝါး, လက်ဖဝါးတော်လည်း ရှိတော်မူ၏။ [၁၃]စတ္တာလီသဂ္ဂဒန္တော၊ ၄၀-စေ့သော မြတ်သော သွားတော်လည်း ရှိတော်မူ၏။ [၁၄-၁၅]သမဝိရဠဒန္တကော၊ သံပြားနှင့် ဖြတ်သကဲ့သို့ ညီညွတ်သော သွားတော်, မကျဲသော သွားတော်လည်း ရှိတော်မူ၏။

၄။ သုက္ကဒါဌော စ ရသဂ္ဂ-သဂ္ဂီ'ဘိနီလနေတ္တကော။
ဂေါပခုမော စ ဥဏ္ဏီသ-သီသော ပဟူတဇိဝှကော။ ။

[၁၆]သုက္ကဒါဌော၊ အလွန်ဖြူစင်သော စွယ်တော်လည်း ရှိတော်မူ၏။ [၁၇]ရသဂ္ဂသဂ္ဂီ၊ အရသာကို ဆောင်တတ်သော ၇,၀၀၀-သော မြတ်သော အကြောလည်း ရှိတော်မူ၏။ [၁၈]အဘိနီလနေတ္တကော၊ အလွန်ညိုသော မျက်စိတော်လည်း ရှိတော်မူ၏။ [၁၉]ဂေါပခုမော၊ ယနေ့မွေးသော နွား၏မျက်လုံးနှင့်တူသော မျက်လုံးရှိတော်မူ၏။ [၂၀]ဥဏ္ဏီသသီသော၊ သင်းကျစ်ဖွဲ့သကဲ့သို့ ဆံအရင်း၌ အသားအရေတို့ဖြင့် တင့်တယ်သောဦးခေါင်း ရှိတော်မူ၏။ [၂၁]ပဟူတဇိဝှကော၊ နူးညံ့သော, ရှည်သော, ပြန့်သော လျှာရှိတော်မူ၏။

၅။ ဗြဟ္မဿရော ကရဝီက-ဘာဏီ စ သုခုမမလဆဝိ။
သမဝဋ္ဋက္ခန္ဓော စေဝ၊ နိဂြောဓပရိမဏ္ဍလော။ ။

[၂၂]ဗြဟ္မဿရော ကရဝီကဘာဏီ၊ ဗြဟ္မာမင်း၏အသံ, ကရဝိက်ငှက်မင်း၏ အသံနှင့်တူသော အသံရှိတော်မူ၏။ [၂၃]သုခုမမလဆဝိ၊ သိမ်မွေ့သော, အညစ်အကြေးကင်းသော

အရေ ရှိတော်မူ၏။ [၂၄]သမဝဏ္ဏကဣန္ဒော၊ ကောင်းစွာလုံးသော, မုရိုးစည်နှင့်တူသော လည် ရှိတော်မူ၏။ [၂၅]နိဂြောဓပရိမဏ္ဍလော၊ ပညောင်ပင်ဝန်းကဲ့သို့ ဝန်းသောကိုယ် ရှိတော်မူ၏။

၆။ သီဟပုဗ္ဗဒ္ဓကာယော စ၊ ဗြဟ္မာဝုဇုကဝိဂ္ဂဟော။
သတ္တုဿဒေါ စ စိတန္တ-ရံသော ဥဒ္ဓဂ္ဂလောမကော။ ။

[၂၆]သီဟပုဗ္ဗဒ္ဓကာယော၊ ခြင်္သေ့မင်း၏ ရှေ့ထက်ဝက်ကဲ့သို့ ပြည့်ဝန်းသော ကိုယ်ရှိတော်မူ၏။ [၂၇]ဗြဟ္မာဝုဇုကဝိဂ္ဂဟော၊ ဗြဟ္မာမင်းကဲ့သို့ ဖြောင့်ထွက်သော ကိုယ်တော်လည်း ရှိတော်မူ၏။ [၂၈]သတ္တုဿဒေါ၊ ခြေဖမိုး ၂-ဖက်, လက်ဖမိုး ၂-ဖက်, ပခုံးတော် ၂-ဖက်, လည်ကုပ်တော်-ဟု ဆိုအပ်သော ၇-ပါးသော အရပ်တို့၌ ပြည့်ဖြိုးသောအသား ရှိတော်မူ၏။ [၂၉]စိတန္တရံသော၊ ရေစီးကြောင်းမထင် ပြည့်ဖြိုးသောကိုယ်လည်း ရှိတော်မူ၏။ [၃၀]ဥဒ္ဓဂ္ဂလော-မကော၊ အထက်သို့ တက်သော မွေးညင်းရှိတော်မူ၏။

၇။ ဧကေကဥဏ္ဏလောမော စ၊ ဗာတ္တိံသဟိ စ သမ္ပန္နံ။
ပူဇိတံ နရဒေဝေဟိ၊ သမ္ဗုဒ္ဓါ'ဟံ ဇိနံ ဝန္ဒေ။ ။

[၃၁]ဧကေကလောမော၊ ၁-ချောင်း, ၁-ချောင်းစီသော အမွေးရှိတော်မူ၏။ [၃၂]ဥဏ္ဏာ-လောမော၊ မျက်မှောင်တော်ကြား၌ ဖြူသော, နူးညံ့သော, လဲဝါပုံနှင့်တူသော ဥဏ္ဏာလုံမွေးရှင်တော်လည်း ရှိတော်မူ၏။ ဣတိ၊ ဤသို့။ ဗာတ္တိံသဟိ၊ ၃၂-ပါးကုန်သော လက္ခဏာတော်ကြီးတို့နှင့်။ သမ္ပန္နံ၊ ပြည့်စုံတော်မူသော။ နရဒေဝေဟိ ပူဇိတံ၊ လူ,နတ်တို့သည် ပူဇော်အပ်ထသော။ ဇိနံ၊ မာရ် ၅-ပါးကို အောင်တော်မူသော။ သမ္ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ အဟံ၊ ငါသည်။ ဝန္ဒေ၊ ရှိခိုးပါ၏။

----- x -----

## လက္ခဏာတော်ငယ်-၈၀

၁။ တမ္ဗတုင်္ဂသိနိဒ္ဓေဟိ၊ နခေဟိ ပရိပုဏ္ဏတာ။
ဝဋ္ဋစိတာနုပုဗ္ဗေဟိ'-င်္ဂုလိဟိ ပရိပုဏ္ဏတာ။ ။

၂။ နိဂူဠဂေါပ္ဖကသမ-ပါဒေဟိ ပရိပုဏ္ဏတာ။
ဂဇသီဟုသဘာဟံသ-သမာနက္ကမတာ တထာ။ ။

၃။ ဒက္ခိဏာဝဋ္ဋဂတိ'ဘ-ကရသဒိသုရုဘုဇော။
သမန္တစာရုဇာဏုတာ၊ ပုဏ္ဏော ပုရိသဗျဉ္ဇနော။ ။

၄။ သုဝိဘတ္တမနုပုဗ္ဗ-စာရုနုပုဗ္ဗရုစိရ။
မနုဿန္နမုဒုလိန-သိနိဒ္ဓသုခုမတ္တတာ။ ။

၅။ တိလကာဒိဝိရဟိတ၊ မလဝိရဟိတာ တထာ။
သုဝိသုဒ္ဓ အတိဝိယု-ဇ္ဇလိတသောမ္မဂတ္တတာ။ ။

၆။ ကောဋိ စ သဟဿ ကာလာ-ဝကီ'ဘဗလဓာရတာ။
သုဂန္ဓမုခမုဒ္ဓါ စ၊ သုဂန္ဓအတ္တဘာဝတာ။ ။

၇။ သုခုမအဿာသာ စေဝ၊ ပဿာသာ စ ဓာရဏတာ။
ပရိမဏ္ဍလတ္တဘာဝ၊ ပဘာဝပရိပုဏ္ဏတာ။ ။

၈။ ဒက္ခိတာဝဋ္ဋလောမဋ္ဌ-သမသိနိဒ္ဓလောမတာ။
ဘိဒဥ္စန ဒက္ခိဏာဝဋ္ဋ-ဂမ္ဘီရဆိန္နနာဘိတာ။ ။

၉။ ရုစိသဏ္ဌာနလေခနာ၊ ဂမ္ဘီရပါဏုဇာ ယထာ၊
အာယတ ဝဒနတာ စ၊ ပရိပုဏ္ဏကဝါလတာ။ ။

၁၀။ ဝိသုဒ္ဓသုဝဋ္ဋတိက္ခ၊ ဒါဌာတိသုက္ကဒန္တတာ။
မုဒုတနုရတ္တဇိဝှါ၊ ရတ္တောဋ္ဌဒွိဇမံသတာ။ ။

၁၁။ တုင်္ဂနာသာစအာယတ၊ ဝိသာလနေတ္တပုဏ္ဏတာ။
ပဥ္စပသာဒယုတ္တာစ၊ သုသဏ္ဌိတဘမုကထာ။ ။

၁၂။ တထာယတမဟန္တေန၊ နုနုတသဏှလောမတာ။
အနုနုတနုရုစိရ၊ အာယတကဏ္ဏပုဏ္ဏတာ။ ။

၁၃။ အယတပုထုလနလာဋ္ဌသောတေနပရိပုဏ္ဏတာ။
နိဂဏ္ဍနိဂုဋ္ဌဆတ္တ၊ နိတစာရုသု သီရတာ။ ။

၁၄။ သုနီလာကုလသဏ္ဌာန-သဏှသမသိနိဒ္ဓတာ။
ကောမလနာနာဋ္ဌိတေန၊ ဒက္ခိဏာဝဋ္ဋကေသတာ။ ။

၁၅။ အကုဥ္စိတဂ္ဂပခုမ၊ ကေတုမာလာဝိနဒ္ဓတာ။
သမ္ပုန္နာ'ဟံ ဇိနံ ဝန္ဒေ၊ လက္ခဏေဟိ အသီတိယာ။ ။

----- x -----

၁။ တမ္ဗတုင်္ဂသိနိဒ္ဓေဟိ၊ နခေဟိ ပရိပုဏ္ဏတာ။
ဝဋ္ဋစိတာနုပုဗ္ဗေဟိ'-င်္ဂုလီဟိ ပရိပုဏ္ဏတာ။ ။

တမ္ဗတုဂ်သိနိဒ္ဓေဟိ နခေဟိ၊ နီသော ခြေသည်း, လက်သည်းတော်၊ မြင့်သော ခြေသည်း, လက်သည်းတော်၊ ပြေပြစ်သော ခြေသည်း, လက်သည်းတော်တို့နှင့်။ ပရိပုဏ္ဏ-တာ၊ ပြည့်စုံတော်မူသည်၏အဖြစ်။ ဝဋ္ဋစိတာနုပုဗ္ဗေဟိ အင်္ဂုလီဟိ၊ လုံးသော ခြေချောင်း, လက်ချောင်းတော်၊ စိပ်သော ခြေချောင်း,လက်ချောင်းတော်၊ အစဉ်လျော်စွာ ညီညွတ်သော ခြေချောင်း,လက်ချောင်းတော်တို့နှင့်။ ပရိပုဏ္ဏတာ၊ ပြည့်စုံတော်မူသည်၏အဖြစ်။

၂။ နိဂုဋ္ဌဂေါပ္ဖကသမ-ပါဒေဟိ ပရိပုဏ္ဏတာ။
ဂဇသီဟုသဘာဟံသ-သမာနက္ကမတာ တထာ။ ။

နိဂုဋ္ဌဂေါပ္ဖကသမပါဒေဟိ၊ မထင်သော ဖမျက်တော်, ညီညွတ်စွာသော ၅-ချောင်းသော ခြေချောင်းတော်တို့နှင့်။ ပရိပုဏ္ဏတာ၊ ပြည့်စုံတော်မူသည်၏အဖြစ်။ တထာ၊ ထိုမှတပါး။ ဂဇသီဟုသဘာဟံသသမာနက္ကမတာ၊ ဆဒ္ဒန်ဆင်မင်းနှင့်တူသော ခြေတော်ဖြန့်သွားခြင်း, ခြင်္သေ့မင်းနှင့်တူသော ခြေတော်ဖြန့်သွားခြင်း, ဥသဘနှင့်တူသော ခြေတော်ဖြန့်သွားခြင်း, ဟင်္သာမင်းနှင့်တူသော ခြေတော်ဖြန့်သွားခြင်း ရှိတော်မူသည်၏အဖြစ်။

၃။ ဒက္ခိဏာဝဋ္ဋဂတိ'ဘ-ကရသဒိသုရုဘုဇော။
သမန္တစာရုဇာဏုတာ၊ ပုဏ္ဏော ပုရိသဗျဥ္ဇနော။ ။

ဒက္ခိဏာဝဋ္ဋဂတိ'ဘကရသဒိသုရုဘုဇော သမန္တစာရုဇာဏုတာ၊ လက်ယာရစ် လှည့်၍ ကြွတော်မူလေ့ရှိသည်၏အဖြစ်၊ ဆင်နှာမောင်းနှင့်တူသော ပေါင်, လက်ရုံးတော်ရှိသည်၏အဖြစ်၊ ထက်ဝန်းကျင် ပုဆစ်တော်အဝန်း၏ တင့်တယ်ခြင်း ရှိတော်မူသည်၏အဖြစ်။ ပုဏ္ဏော ပုရိသဗျဥ္ဇနော၊ ထက်ဝန်းကျင်ပြည့်သော အင်္ဂါဇာတ် ရှိတော်မူသည်၏အဖြစ်။

၄။ သုဝိဘတ္တမနုပုဗ္ဗ-စာရုနုပုဗ္ဗရုစိရ။
မနုဿနုမုဒုလီန-သိနိဒ္ဓသုခုမတ္တတာ။ ။

သုဝိဘတ္တမနုပုဗ္ဗာစာရုနုပုဗ္ဗရုစိရ အနုဿနုမုဒုလီနသိနိဒ္ဓသုခုမတ္တတာ၊ ကောင်းစွာ ဝေဖန်အပ်သော ကိုယ်တော်အလုံးရှိတော်မူသည်၏အဖြစ်, အစဉ်အားလျော်စွာ တင့်တယ်သော ကိုယ်တော်ရှိသည်၏အဖြစ်, အစဉ်အားလျော်စွာ ပြိုးပြိုးပြက်သော ကိုယ်တော်ရှိသည်၏ အဖြစ်, ပါးရာမမို့ ပျို့ရာမကြုံသော ကိုယ်တော်ရှိသည်၏အဖြစ်, နူးညံ့သောကိုယ်တော်ရှိသည်၏အဖြစ်, မတွန့်သော ကိုယ်တော်ရှိသည်၏အဖြစ်, ပြေပြစ်သော ကိုယ်တော်ရှိသည်၏အဖြစ်, သိမ်မွေ့သောကိုယ်တော် ရှိသည်၏အဖြစ်။

၅။ တိလကာဒိဝိရဟိတ-မလဝိရဟိတာ တထာ။
သုဝိသုဒ္ဓ အတိဝိယု-ဇ္ဇလိတသောမ္မဂတ္တတာ။ ။

တထာ၊ ထို့အတူ။ တိလကာဒိဝိရဟိတမလဝိရဟိတာ သုဝိသုဒ္ဓ အတိဝိယုဇ္ဇလိတ-သောမ္မဂတ္တတာ၊ မှည့်မည်း-စသည်မှ တပါးသော ကိုယ်ရှိသည်၏အဖြစ်, အညစ်အကြေးကင်းသော ကိုယ်ရှိသည်၏အဖြစ်, အထူးသဖြင့် စင်ကြယ်သော ကိုယ်ရှိသည်၏အဖြစ်, အလွန်တောက်ပသော ငြိမ်းချမ်းသော ကိုယ်ရှိသည်၏အဖြစ်။

၆။ ကောဋိ စ သဟဿ ကာလာ-ဝကိ'ဘဗလဓာရတာ။
သုဂန္ဓမုခမုဒ္ဒါ စ၊ သုဂန္ဓအတ္တဘာဝတာ။ ။

ကောဋိသဟဿ ကာလာဝကိ'ဘဗလဓာရတာ၊ ကာလာဝကဆင်ကုဋေ ၁,၀၀၀-အားကို ဆောင်တော်မူနိုင်သည်၏အဖြစ်။ သုဂန္ဓမုခမုဒ္ဒါ သုဂန္ဓအတ္တဘာဝတော၊ မွှေးကြိုင်သော ခံတွင်းတော်ရှိသည်၏အဖြစ်, မွှေးကြိုင်သော မဏိတော်ရှိသည်၏အဖြစ်, မွှေးကြိုင်သော ကိုယ်တော်ရှိသည်၏အဖြစ်။

၇။ သုခုမအဿာသာ စေဝ၊ ပဿာသာ စ ဓာရဏတာ။
ပရိမဏ္ဍလတ္တဘာဝ၊ ပဘာဝပရိပုဏ္ဏတာ။ ။

သုခုမအဿာသာ စေဝ ပဿာသာ စ ဓာရဏတာ၊ သိမ်မွေ့သော ထွက်သက်, ဝင်သက်ကို ဆောင်တော်မူသည်၏အဖြစ်။ ပရိမဏ္ဍလတ္တဘာဝ ပဘာဝပရိပုဏ္ဏတာ၊ ၁-လံမျှလောက်သော ကိုယ်တော်ရောင်အဝန်းနှင့် ပြည့်စုံတော်မူသည်၏အဖြစ်။

၈။ ဒက္ခိဏာဝဋ္ဋလောမဋ္ဌ-သမသိနိဒ္ဓလောမတာ။
ဘိဒဥ္ဇန ဒက္ခိဏာဝဋ္ဋ-ဂမ္ဘီရဆိန္နနာဘိတာ။ ။

ဒက္ခိဏာဝဋ္ဋလောမဋ္ဌသမသိနိဒ္ဓလောမတာ၊ လက်ယာရစ်လှည့်သော မွေးညင်းတော်ရှိသည်၏အဖြစ်, ညီညွတ်သော မွေးညင်းတော် ရှိသည်၏အဖြစ်, ပြေပြစ်သော မွေးညင်းတော် ရှိတော်မူသည်၏အဖြစ်။ ဘိဒဥ္ဇနလောမတာ၊ ဖြတ်အပ်သော မျက်စဉ်းတောင်နှင့်တူသော, ညိုသော မွေးညင်းတော်ရှိသည်၏အဖြစ်။ ဒက္ခိဏာဝဋ္ဋဂမ္ဘီရဆိန္နနာဘိတာ၊ လက်ယာရစ်သော ချက်တော်ရှိသည်၏အဖြစ်, နက်သော ချက်တော်ရှိသည်၏အဖြစ်, မပြတ်သော ချက်တော်ရှိသည်၏အဖြစ်။

၉။ ရုစိသဏ္ဌာနလေခေန၊ ဂမ္ဘီရပါဏိဇာယတာ။
အာယတ ဝဒနတာ စ၊ ပရိပုဏ္ဏကပါလတာ။ ။

ရုစိသဏ္ဌာနလေခေန၊ နှစ်လိုဖွယ်သော သဏ္ဌာန်ရှိသော လက်အရေးနှင့်။ သဟ၊ တကွ။ ဂမ္ဘီရပါဏိဇာယတာ၊ နက်သော လက်အရေး, ဖြောင့်သော လက်အရေး, ရှည်သော လက်အရေး ရှိတော်မူသည်၏အဖြစ်။ အာယတ ဝဒနတာ စ၊ လျားသော ခံတွင်းရှိသည်၏ အဖြစ်။ ပရိပုဏ္ဏကပါလတာ၊ ပြည့်သောပါးပြင် ရှိတော်မူသည်၏အဖြစ်။

၁၀။ ဝိသုဒ္ဓသုဝဋ္ဋတိက္ခ-ဒါဌာတိသုက္က ဒန္တတာ။
မုဒုတနုရတ္တဇိဝှါ၊ ရတ္တောဋ္ဌဒွိဇမံသတာ။ ။

ဝိသုဒ္ဓသုဝဋ္ဋတိက္ခဒါဌာတိသုက္ကဒန္တတာ၊ စင်ကြယ်သော စွယ်တော်, ကောင်းစွာ လုံးသော စွယ်တော်, ထက်သော စွယ်တော်, အလွန်ဖြူစင်သော သွားတော်ရှိသည်၏ အဖြစ်။ မုဒုတနုရတ္တဇိဝှါ၊ နူးညံ့သော, ပါးသော လျှာတော်၊ နီသော လျှာတော်ရှိသည်၏ အဖြစ်။ ရတ္တောဋ္ဌဒွိဇမံသတာ၊ နီသော နှုတ်ခမ်းတော်, နီသော သွားဖုံးတော် ရှိသည်၏အဖြစ်။

၁၁။ တုင်္ဂနာသာ စ အာယတ-ဝိသာလနေတ္တပုဏ္ဏတာ။
ပဉ္စပသာဒယုတ္တာ စ၊ သုသဏ္ဌိတဘမုကတာ။ ။

တုင်္ဂနာသာ စ အာယတဝိသာလနေတ္တပုဏ္ဏတာ၊ မြင့်သော နှာခေါင်းတော်, လျားသော, ကျယ်သော မျက်စိတော်ရှိတော်မူသည်၏အဖြစ်။ ပဉ္စပသာဒယုတ္တာ၊ ၅-ပါးသော အဆင်းရှိသော မျက်စိတော် ရှိတော်မူသည်၏အဖြစ်။ သုသဏ္ဌိတဘမုကတာ၊ ကောင်းသောသဏ္ဌာန်ရှိသော မျက်မှောင်တော်ရှိသည်၏အဖြစ်။

၁၂။ တထာ'ယတမဟာန္တေန၊ နုနတသဏှလောမတာ။
အနုနုတနုရုစိရ-အာယတကဏ္ဏပုဏ္ဏတာ။ ။

တထာ၊ ထိုမြို့။ အာယတမဟာန္တေန၊ လျားသော, ကြီးသော မျက်မှောင်တော်နှင့်။ သဟ၊ တကွ။ နုနတသဏှလောမတာ၊ သက်တင်ရေးကဲ့သို့ ညွတ်သော မျက်မှောင်တော်, နူးညံ့သော မျက်မှောင်မွေးတော်ရှိသည်၏အဖြစ်။ အနုနုတနုရုစိရအာယတကဏ္ဏပုဏ္ဏာ၊ စဉ်းငယ်ညွတ်သော နှစ်လိုဖွယ်သော နားတော်, ရှည်သော နားတော်နှင့် ပြည့်စုံတော်မူ သည်၏အဖြစ်။

၁၃။ အာယတပုထုလနလာဋ-သောဘေန ပရိပုဏ္ဏတာ။
နိဂဏ္ဍနိဂုဠဆတ္တ-နိဘစာရုသုသိရတာ။ ။

အာယတပုထုလနလာဋသောဘေန ပရိပုဏ္ဏတာ၊ ရှည်သော, အထူးတင့်တယ်သော နဖူးတော်၏ တင့်တယ်ခြင်းနှင့် ပြည့်စုံတော်မူသည်၏အဖြစ်။ နိဂဏ္ဍနိဂုဠဆတ္တနိဘစာရုသုသိရတာ၊ ထွတ်မြတ်မရှိသော အထူးထူးတင့်တယ်သော ဦးခေါင်းတော်, ထီးနှင့်တူသော ကောင်းသော ဦးခေါင်းတော် ရှိသည်၏အဖြစ်။

၁၄။ သုနီလာကုလသဏ္ဍာန-သဏှသမသိနိဒ္ဓတာ။
ကောမလနာနာဠ္ဌိတေန၊ ဒက္ခိဏာဝဋ္ဋကေသတာ။ ။

သုနီလာကုလ သဏ္ဍာနသဏှသမသိနိဒ္ဓတာ၊ အလွန်မည်းသော ဆံတော်, မရောယှက်သော ဆံတော်, ကောင်းသော သဏ္ဍာန်ရှိသော ဆံတော်, သိမ်မွေ့သော ဆံတော်, ညီညွတ်သော ဆံတော်, ပြေပြစ်သော ဆံတော်ရှိသည်၏အဖြစ်။ ကောမလနာနာဠ္ဌိတေန၊ နူးသောဆံတော်, အသီးအသီးတည်သော ဆံတော်နှင့်။ သဟ၊ တကွ။ ဒက္ခိဏာဝဋ္ဋကေသတာ၊ လက်ယာရစ်လည်သော ဆံတော်ရှိသည်၏အဖြစ်။

၁၅။ အကုဋ္ဌိတ'ဂ္ဂပခုမ-ကေတုမာလာဝိနဒ္ဓတာ။
သမ္ပန္နာ'ဟံ ဇိနံ ဝန္ဒေ၊ လက္ခဏောဟိ အသီတိယာ။ ။

အကုဋ္ဌိတ'ဂ္ဂပခုမ ကေတုမာလာဝိနဒ္ဓတာ၊ မကောက်သော အဖျားရှိသော မျက်မွေးတော်, ထိပ်တော်၌ သျှောင်စုတည်းဟူသော ကေတုမာလာ ရှိတော်မူသည်၏အဖြစ်။ ဣတိ၊ ဤသို့။ အသီတိယာ၊ ၈၀-သော။ လက္ခဏောဟိ၊ လက္ခဏာတော်ငယ်တို့နှင့်။ သမ္ပန္နံ၊ ပြည့်စုံတော်မူသော။ ဇိနံ၊ မြတ်စွာဘုရားကို။ အဟံ၊ ငါသည်။ ဝန္ဒေ၊ ရှိခိုးပါ၏။

အာဋဝီတံခါးခေါ် ကြေးမုံတံခါးတော်တွင်းနေ ဒကာဧရွှေမြက "လက္ခဏာတော်ကြီး ၃၂-ပါး, လက္ခဏာတော်ငယ် ၈၀-များကို ရှိခိုးဝန္ဒနာ၊ ဂါထာစီကုံး၊ ရေးသားကယ်မ သနားတော်မူပါမည့်အကြောင်း"နှင့် လျှောက်ထားသောကြောင့် သုတ်ပါထေယျပါဠိတော်မှ ထုတ်နုတ်၍ ၁၂၄၅-ခု၊ နယုန်လဆန်း၊ ၈-ရက်နေ့၊ ဒိပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

ဒါယကာမောင်ဘိုးမောင်-က ပဋိသမ္ဘိဒါဉာဏ်ဖြစ်ဟန်ကို လျှောက်ထားချက်

[၂၀၆] "ဘုရားတပည့်တော် သူရဲဈေးနေ ဒကာဘိုးမောင် လျှောက်ပါသည် ဆရာတော်ဘုရား။

'စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ'-အစရှိသည်ဖြင့် ဟောတော်မူသော ဓမ္မစက္ကသုတ်ပါဠိတော်၏အရ၌ ပဋိသမ္ဘိဒါဉာဏ်ဖြစ်ဟန်ကို နေရာကျကျ သိမှတ်ပါရအောင် ကယ်မသနား ဖြေကြား အမိန့်ရှိတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား"။

ရင်းဒါယကာ လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ—

[၂၀၆] ပဋိသမ္ဘိဒါမဂ္ဂ၊ ဓမ္မစက္ကသုတ်ပါဠိတော်, ဝိနည်းမဟာဝါမဟာခန္ဓက၊ ဓမ္မစက္ကသုတ်ပါဠိတော်တို့တွင်လာသော ပဋိသမ္ဘိဒါဉာဏ်ဖြစ်ဟန်ကို မေးလျှောက်သည်မှာ—

- စက္ခုံ ဥဒပါဒိ-အစရှိသော ပါဠိတော်တို့၌ စက္ခု, ဉာဏ, ပညာ, ဝိဇ္ဇာ, အာလောက ဟူ၍အကြောင်းကို သိသော ဓမ္မပဋိသမ္ဘိဒါဉာဏ် ၅-ပါး။
- ဒဿနဋ္ဌ, ဉာတဋ္ဌ, ပဇာနနဋ္ဌ, ဝိဇာနနဋ္ဌ, ဩဘာသဋ္ဌ-ဟူ၍ အကျိုးကို သိသော အတ္ထပဋိသမ္ဘိဒါဉာဏ် ၅-ပါး။
- ဓမ္မ၌ သဒ္ဒါကို သိသော နိရုတ္တိပဋိသမ္ဘိဒါဉာဏ် ၅-ပါး။
- အတ္ထ၌ သဒ္ဒါကို သိသော နိရုတ္တိပဋိသမ္ဘိဒါဉာဏ် ၅-ပါး။

ဤသို့ နိရုတ္တိပဋိသမ္ဘိဒါဉာဏ် ၁၀-ပါး ဖြစ်၏။

- ဓမ္မ၌ ထိုးထွင်း၍သိသော ပဋိဘာနပဋိသမ္ဘိဒါဉာဏ် ၅-ပါး။
- အတ္ထတို့၌ ထိုးထွင်း၍သိသော ပဋိဘာနပဋိသမ္ဘိဒါဉာဏ် ၅-ပါး။
- နိရုတ္တိ ၁၀-ပါး၌ ထိုးထွင်း၍သိသော ပဋိဘာနပဋိသမ္ဘိဒါဉာဏ် ၁၀-ပါး။

ဤသို့ ပဋိဘာနပဋိသမ္ဘိဒါဉာဏ် ၂၀-ဖြစ်၏။ ဤသို့လျှင်—

ဣဒံ ဒုက္ခံ အရိယသစ္စန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ။ အစရှိသည်ဖြင့် ဟောတော်မူအပ်သော သစ္စဉာဏ်၌ ပဋိသမ္ဘိဒါဉာဏ် ၄၀-ဖြစ်၏။

ထို့အတူ—

"ဣဓ ဒုက္ခံ အရိယသစ္စံ ပရိညေယျ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ"

အစရှိသည်ဖြင့် ဟောတော်မူအပ်သော ကိစ္စဉာဏ်၌ ပဋိသမ္ဘိဒါဉာဏ် ၄၀-ဖြစ်၏။

ထို့အတူ—

"ဣဓ ဒုက္ခံ အရိယသစ္စံ ပရိညာတ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ။ (ပဋိသံ၊၃၃၀-၃၃၁)

အစရှိသည်ဖြင့် ဟောတော်မူအပ်သော ကတဉာဏ်၌ ပဋိသမ္ဘိဒါဉာဏ်-၄၀ ဖြစ်၏။ ဤသို့လျှင် ဒုက္ခသစ္စာ၌ ပဋိသမ္ဘိဒါဉာဏ် ၁၂၀-ဖြစ်၏။

တစ်နည်းလည်း သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ် ၃-ပါးတို့၌—

ဓမ္မပဋိသမ္ဘိဒါဉာဏ် ၁၅-ပါး, အတ္ထပဋိသမ္ဘိဒါဉာဏ် ၁၅-ပါး,

နိရုတ္တိပဋိသမ္ဘိဒါဉာဏ်-၃၀, ပဋိဘာနပဋိသမ္ဘိဒါဉာဏ်-၆၀၊

ဤသို့ - ဒုက္ခသစ္စာ၌ ပဋိသမ္ဘိဒါဉာဏ် - ၁၂၀-ဖြစ်၏။ ထို့အတူ—

- သမုဒယသစ္စာ၌ ပဋိသမ္ဘိဒါဉာဏ် - ၁၂၀
- မဂ္ဂသစ္စာ၌ ပဋိသမ္ဘိဒါဉာဏ် - ၁၂၀
- နိရောဓသစ္စာ၌ ပဋိသမ္ဘိဒါဉာဏ် - ၁၂၀

ဤသို့ သစ္စာ ၄-ပါး၌ ပဋိသမ္ဘိဒါဉာဏ် ၄၈၀ ဖြစ်၏။

ထို့ကြောင့် သတိပဋ္ဌာန်, သမ္မပ္ပဓာန်, ဣဒ္ဓိပ္ပါဒ်, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင်တို့၌လည်း ဤနည်းအတူ သိရာ၏။

- ဣန္ဒြေ, ဗိုလ်တို့၌ ပဋိသမ္ဘိဒါဉာဏ် ၆၀၀- စီ,
- ဗောဇ္ဈင်၌ ပဋိသမ္ဘိဒါဉာဏ် - ၈၄၀
- မဂ္ဂင်၌ ပဋိသမ္ဘိဒါဉာဏ် - ၉၆၀ ရှိသည်။

ထိုစကားရပ်တို့ကို အကျယ်သိလိုမူ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ၊ ဝိနည်းမဟာဝါ မဟာခန္ဓက ပါဠိ,အဋ္ဌကထာတို့မှာ ကြည့်လေ။

သူရဲဈေးနေ၊ ဒကာဘိုးမောင်က "ဣဒံ ဒုက္ခံ အရိယသစ္စန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ" အစရှိသည်ဖြင့် ဟောတော်မူသော ဓမ္မစက္ကသုတ် ပါဠိတော်၌ ပဋိသမ္ဘိဒါဉာဏ်ဖြစ်ဟန်ကို နေရာကျ သိမှတ်လိုပါသည်-ဟု လျှောက်သော ကြောင့် ကျမ်းဂန်အလာ ဒေသနာနယကို ထုတ်ဆောင်၍ ၁၂၄၅-ခု၊ နယုန်လဆန်း၊ ၁၀-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆို အမိန့်ရှိလိုက်သည်။

★★★★★★★

## ဒါယကာမောင်ရောက်-က ရှိခိုးခြင်း ၅-ပါးကို ဖြေကြားပါမည့်အကြောင်းနှင့် လျှောက်ထားချက်

[၂၀၇] "ဘုရားတပည့်တော် စည်ရှည်တံခါးတော်တွင်းနေ ဒကာရောက် ခြေတော် ဦးခိုက်လျှောက်ပါသည် ဆရာတော်ဘုရား။

အချို့သောသူတို့က ရတနာ ၃-ပါး, ဆရာ, မိဘ-စသောသူတို့ကို ရှိခိုးသော ကာလ ခြေမျက်စိ ၂-ဖက်ထိခြင်း၊ ပုဆစ်ဒူး ၂-ဖက် ထိခြင်း၊ တတောင် ၂-ဖက် ထိခြင်း၊ ဒူးနှင့် တတောင် ထိခြင်း၊ လက်နှင့် နဖူး ထိခြင်း-ဟူ၍ ရှိခိုးခြင်း ၅-ပါးရှိကြောင်းကို ပြောဆိုကြသည်ဖြစ်ပါ၍ ရှိခိုးခြင်း ၅-ပါးကို နေရာကျကျ သိမှတ် ပါရအောင် ကယ်မသနား ဖြေကြားအမိန့်ရှိတော်မူပါမည့်အကြောင်းကို ခြေတော် ဦးခိုက် ရှိခိုးနားတော်လျှောက်ပါသည် ဆရာတော်ဘုရား"။

၎င်းမောင်ရောက် လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ—

[၂၀၇] ရှိခိုးခြင်း ၅-ပါးကို မေးလျှောက်သည်မှာ—

- လက်ကန်တော့စမှာယ် တင့်တယ်ခြင်း ၁-ပါး,
- လက်အုပ်ချီခြင်း ၁-ပါး,
- လက် ၂-ဖက်တို့ဖြင့် မထေရ်၏ခြေကို ထိခြင်း ၁-ပါး,
- ချစ်ခြင်းမေတ္တာစိတ်ကို ဖြစ်စေခြင်း ၁-ပါး,

- ရှိသေခြင်း ဂါရဝစိတ်ကို ဖြစ်စေခြင်း ၁-ပါး၊

ဤသို့လျှင် ရှိခိုးခြင်း၏အင်္ဂါ ၅-ပါးတည်း။ ထိုအင်္ဂါ ၅-ပါးတို့နှင့် ပြည့်စုံစွာ ရှိခိုးရာ၏။ ထို့ကြောင့် ဝိနည်းပရိဝါပါဠိတော်၌—

**နဝကတရေန ဘန္တေ ဘိက္ခုနာ ဝုဍ္ဎတရဿ ဘိက္ခုနော ပါဒေ ဝန္ဒန္တေန ကတိ ဓမ္မေ အဇ္ဈတ္တံ ဥပဋ္ဌာပေတွာ ပါဒါ ဝန္ဒိတဗ္ဗာ။ -**

ဟု ဥပါလိမထေရ် မေးလျှောက်သည်ကို အကြောင်းပြု၍—

**နဝကတရေန ဥပါလိ ဘိက္ခုနာ ဝုဍ္ဎတရဿ ဘိက္ခုနော ပါဒေ ဝန္ဒန္တေန ပဉ္စ ဓမ္မေ အဇ္ဈတ္တံ ဥပဋ္ဌာပေတွာ ပါဒါ ဝန္ဒိတဗ္ဗာ။ ကတမေ ပဉ္စ? နဝကတရေနုပါလိ ဘိက္ခုနာ ဝုဍ္ဎတရဿ ဘိက္ခုနော ပါဒေ ဝန္ဒန္တေန ဧကံသံ ဥတ္တရာသင်္ဂံ ကရိတွာ အဉ္ဇလိံ ပဂ္ဂဟေတွာ ဥဘောဟိ ပါဏိတလေဟိ ပါဒါနိ ပရိသမ္ဗာဟန္တေန ပေမဉ္စ ဂါရဝဉ္စ ဥပဋ္ဌာပေတွာ ပါဒါ ဝန္ဒိတဗ္ဗာ။ နဝကတရေနုပါလိ ဘိက္ခုနာ ဝုဍ္ဎတရဿ ဘိက္ခုနော ပါဒေ ဝန္ဒန္တေန ဣမေ ပဉ္စ ဓမ္မေ အဇ္ဈတ္တံ ဥပဋ္ဌာပေတွာ ပါဒါ ဝန္ဒိတဗ္ဗာ။**

ဟူ၍ ဟောတော်မူသည်။ (ဝိ၊၅။၃၅၈)

ဘန္တေ၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ နဝကတရေန၊ သီတင်းငယ် ဖြစ်သော။ ဘိက္ခုနာ၊ ရဟန်းသည်။ ဝုဍ္ဎတရဿ၊ သီတင်းကြီးဖြစ်သော။ ဘိက္ခုနော၊ ရဟန်း၏။ ပါဒေ၊ ခြေတို့ကို။ ဝန္ဒန္တေန၊ ရှိခိုးသဖြင့်။

တစ်နည်း- ဝုဍ္ဎတရဿ၊ သီတင်းကြီးဖြစ်သော။ ဘိက္ခုနော၊ ရဟန်း၏။ ပါဒေ၊ ခြေတို့ကို။ ဝန္ဒန္တေန၊ ရှိခိုးလိုသော။ နဝကတရေန၊ သီတင်းငယ်ဖြစ်သော။ ဘိက္ခုနာ၊ ရဟန်း သည်။ ကတိ ဓမ္မေ၊ အဘယ်တရားတို့ကို။ အဇ္ဈတ္တံ၊ ကိုယ်တွင်း၌။ ဥပဋ္ဌာပေတွာ၊ ဖြစ်စေ၍။ ပါဒါ၊ ခြေတို့ကို။ ဝန္ဒိတဗ္ဗာ၊ ရှိခိုးအပ်ကုန်သနည်း။

ဥပါလိ၊ ဥပါလိ။ နဝကတရေန၊ သီတင်းငယ်ဖြစ်သော။ ဘိက္ခုနာ၊ ရဟန်းသည်။ ဝုဍ္ဎတရဿ၊ သီတင်းကြီးဖြစ်သော။ ဘိက္ခုနော၊ ရဟန်း၏။ ပါဒေ၊ ခြေတို့ကို။ ဝန္ဒန္တေန၊ ရှိခိုးလိုသဖြင့်။

တစ်နည်း- ဝုဍ္ဎတရဿ၊ သီတင်းကြီးသော။ ဘိက္ခုနော၊ ရဟန်း၏။ ပါဒေ၊ ခြေတို့ကို။ ဝန္ဒန္တေန၊ ရှိခိုးလိုသော။ နဝကတရေန၊ သီတင်းငယ်ဖြစ်သော။ ဘိက္ခုနာ၊ ရဟန်းသည်။ ပဉ္စ ဓမ္မေ၊ ၅-ပါးကုန်သော တရားတို့ကို။ အဇ္ဈတ္တံ၊ ကိုယ်တွင်း၌။ ဥပဋ္ဌာပေတွာ၊ ဖြစ်စေ၍။ ပါဒါ၊ ခြေတို့ကို။ ဝန္ဒိတဗ္ဗာ၊ ရှိခိုးအပ်ကုန်၏။

ပဉ္စ၊ ၅-ပါးတို့-ဟူသည်။ ကတမေ၊ အဘယ်နည်းဟူမူကား။ ဥပါလိ၊ ဥပါလိ။ နဝက-တရေန၊ သီတင်းငယ်ဖြစ်သော။ ဘိက္ခုနာ၊ ရဟန်းသည်။ ဝုဍ္ဎတရဿ၊ သီတင်းကြီးဖြစ်သော။ ဘိက္ခုနော၊ ရဟန်း၏။ ပါဒေ၊ ခြေတို့ကို။ ဝန္ဒန္တေန၊ ရှိခိုးလိုသဖြင့်။

တစ်နည်း- ဝုဍ္ဎတရဿ၊ သီတင်းကြီးဖြစ်သော။ ဘိက္ခုနော၊ ရဟန်း၏။ ပါဒေ၊ ခြေတို့ကို။ ဝန္ဒန္တေန၊ ရှိခိုးလိုသော။ ဘိက္ခုနာ၊ ရဟန်းသည်။

[၁]ဧကံသံ ဧကသ္မိံ အံသေ၊ လက်ဝဲပခုံး၌။ ဥတ္တရာသင်္ဂံ၊ ကိုယ်ဝတ်စမှာယ် တင့်တယ်သည်ကို။ ကရိတွာ၊ ပြု၍။ [၂]အဉ္ဇလိံ၊ လက်အုပ်ကို။ ပဂ္ဂဟေတွာ၊ ချီ၍။ [၃]ဥဘောဟိ ပါဏိတ-လေဟိ၊ လက်ဝါး ၂-ဖက်တို့ဖြင့်။ ပါဒါနိ၊ ခြေတို့ကို။ ပရိသမ္ဗာဟန္တေန၊ သုံးသပ်သဖြင့်။ [၄]ပေမဉ္စ၊ ချစ်ခြင်းမေတ္တာစိတ်ကိုလည်းကောင်း။ [၅]ဂါရဝဉ္စ၊ ရိုသေခြင်းကိုလည်းကောင်း။ ဥပဋ္ဌာပေတွာ၊ ဖြစ်စေ၍။ ပါဒါ၊ ခြေတို့ကို။ ဝန္ဒိတဗ္ဗာ၊ ရှိခိုးအပ်ကုန်၏။

ဥပါလိ၊ ဥပါလိ။ နဝကတရေန၊ သီတင်းငယ်ဖြစ်သော။ ဘိက္ခုနာ၊ ရဟန်းသည်။ ဝုဍ္ဎတရဿ၊ သီတင်းကြီးဖြစ်သော။ ဘိက္ခုနော၊ ရဟန်း၏။ ပါဒေ၊ ခြေတို့ကို။ ဝန္ဒန္တေန၊ ရှိခိုးလိုသဖြင့်။

တစ်နည်း- ဝုဍ္ဎတရဿ၊ သီတင်းကြီးဖြစ်သော။ ဘိက္ခုနော၊ ရဟန်း၏။ ပါဒေ၊ ခြေတို့ကို။ ဝန္ဒန္တေန၊ ရှိခိုးလိုသော။ နဝကတရေန၊ သီတင်းငယ်ဖြစ်သော။ ဘိက္ခုနာ၊ ရဟန်းသည်။ ဣမေ ပဉ္စ ဓမ္မေ၊ ဤ ၅-ပါးကုန်သော အင်္ဂါတို့ကို။ အဇ္ဈတ္တံ၊ ကိုယ်တွင်း၌။ ဥပဋ္ဌာပေတွာ၊ ဖြစ်စေ၍။ ပါဒါ၊ ခြေတို့ကို။ ဝန္ဒိတဗ္ဗာ၊ ရှိခိုးအပ်ကုန်၏။

ဤသို့ ဟောတော်မူသော ပါဠိတော်၏အရ၌ ခြေ, နဖူး, ဒူး, တတောင်တို့ကို ထိရမည်-ဟူ၍ မလာ။ ရှိခိုးထိုက်သော ပုဂ္ဂိုလ်၏ ခြေ၌ လက်၂-ဖက်တို့ဖြင့် သုံးသပ်၍ ရှိခိုးသင့်ကြောင်းကို–

"ဥဘောဟိ ပါဏိတလေဟိ ပါဒါနိ ပရိသမ္ဗာဟန္တေန"

ဟူ၍သာ လာသည်။

တေမိမင်းသားသည် သုနန္ဒာရထားထိန်း ကာသိတိုင်းသို့ အပြန်တွင် "မယ်တော်, ခမည်းတော်တို့အား ငါရှိခိုးကြောင်း ကြားပါလေ"ဟူ၍ မှာလိုက်သောအရာ၌လည်း–

မဟာသတ္တော သုဝဏ္ဏကဒလိ ဝိယ ကာယံ'မောနမိတွာ ပဉ္စပတိဋ္ဌိတေန ဗာရာဏသိ-
နဂရာဘိမုခေါ ဟုတွာ မာတာပိတရော ဝန္ဒိတွာ သာရထိဿ သာသနံ အဒါသိ။

ဟူ၍ ဟောတော်မူသည်။

မဟာသတ္တော၊ ဘုရားအလောင်းတော် တေမိမင်းသားသည်။ သုဝဏ္ဏကဒလိ ဝိယ၊ ရွှေငှက်ပျောပင်ကဲ့သို့။ ကာယံ၊ ကိုယ်ကို။ ဩနမိတွာ၊ ညွတ်၍။ ပဥ္စပတိဋ္ဌိတေန၊ ၅-ပါးသော ရှိခိုးခြင်းဖြင့်။ ဓာရာဓာသီနဂရာဘိမုခေါ၊ ဓာရာဓာသီပြည်သို့ ရှေ့ရှု။ ဟုတွာ၊ ဖြစ်၍။ မာတာပိတရော၊ မိဘတို့ကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ သာရထိဿ၊ သုနန္ဒာရထားထိန်းအား။ သာသနံ၊ သတင်းစကားကို။ အဒါသိ၊ မှာလိုက်၏။

ဤတေမိယဇာတ်တော်တွင် တေမိယမင်းသားသည် ရပ်လျက်ပင် မယ်တော်, ခမည်းတော်တို့အား ၅-ပါးသော ရှိခိုးခြင်းဖြင့် ရှိခိုးကြောင်းကို ဟောတော်မူရကား အဘယ်မှာ ခြေ, နဖူး, ဒူး, တတောင်တို့ကို ထိနိုင်တော့အံ့နည်း။ မယ်တော်, ခမည်းတော်တို့ ခြေကို လက်ဖြင့် သုံးသပ်သောအမှတ်ကို ပြု၍ ရှိခိုးသတည်း။ "သုဝဏ္ဏကဒလိ ဝိယ ကာယ'မောနမိတွာ"ဟူရကား ရပ်လျက် ရှိသည်-ဟူလို၏။

ထိုစကားရပ်ကို အကျယ်သိလိုလျှင် ဝိနည်းပရိဝါပါဠိတော်၊ မဟာနိပါတ်၊ ရှေးဦးစွာသော တေမိယဇာတ်တော်တို့မှာ ကြည့်လေ။

ရတနာပုံရွှေမြို့တော်၊ စည်ရှည်တံခါးတွင်းနေ ဒကာငရောက်က "ရှိခိုးခြင်း ၅-ပါးကို နေရာကျ သိမှတ်လိုပါသည်"ဟု လျှောက်သောကြောင့် ကျမ်းဂန်အလာ ဒေသနာနယကို ညွှန်ပြထုတ်ဆောင်၍ ၁၂၄၅-ခု၊ နယုန်လဆန်း၊ ၁၂-ရက်နေ့ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိမ်မြို့ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## ရဟန်းတော် ရှင်လာဘ-က "ဂုဒ္ဓတမ္ဗ ဧကမူလံ"စသော ဂါထာကို မေးလျှောက်ချက်

[၂၀၈] "ဘုရားတပည့်တော် မြေတူးမြို့၊ ရဟန်းရှင်လာဘ လျှောက်ပါသည် ဆရာတော်ဘုရား။

ဂုဒ္ဓတမ္ဗ ဧကမူလံ၊ တဋ္ဌ သတ္တမူလကံ၊ အန္တေကတွာ ပစေ၊ ပုနတဋ္ဌမူလံ ပက္ခိပိတွာ ပစေ၊ ဧဝံ သတ္တဝါရံ တဋ္ဌ သတ္တမူလံ ပက္ခိပိတွာ ပစေ၊ တံ ဩဠဂတ္တုတ္တ ဘဝေ၊ ဂုဒ္ဓဂတမိဒံ ဝတ္တံ ဧကဂုဋ္ဌ ခိပေ၊ ဂုဒ္ဓ ကမ္ဗု ဘဝေ၊ ဒွိဂုဋ္ဌ ခိပေ၊ နီဖလံ ဘဝေ။

ဟူသောပါဠိ၏ အနက်အဓိပ္ပါယ်တ္တကို နေရာကျ မသိနိုင်ကြရှိသည်ဖြစ်ပါ၍ နေရာကျကျ သိမှတ်ပါရအောင် ကယ်မသနားတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား"။

ဋင်းရဟန်းတော် မေးလျှောက်ချက်အရ အဖြေဝိသဇ္ဇနာ—

[၂၀၈] "ဂုဒ္ဓတမ္ပ ဧကမူလ်"အစရှိသော ပါဠ်၏အရကို မေးလျှောက်သည်မှာ ထိုပါဠိသည် သက္ကဋဘာသာ, မာဂဓဘာသာ ၂-ပါး ရောယှက်၏။ ထို့ကြောင့် အနက်သဘောကို သိနိုင်ခဲသည်။ ထိုပါဠိ၏အရ အဓိပ္ပါယ်တွက်ကား စင်ကြယ်သော ကြေး-ဒိ, တုဋ္ဌာ-ဂို၊ ဋင်းကို လုံသွင်းပြီးလျှင် တုဋ္ဌာ ဒိ-နှင့် တဖန်ထပ်၍ လုံသွင်း။ ဤနည်းအတူ ၇-ကြိမ်စေလျှင် တုဋ္ဌာ ဂို-ထည့်၍ ထိုး၊ တုဋ္ဌာ သတ္တု ဖြစ်၏။ ထိုသတ္တုကို ကြေးနီမှာ ၁-ရွေးပစ်၊ ရွှေသာမန် ဖြစ်၏။ ၂-ရွေးပစ်၊ နီဖလ်ရွှေ ဖြစ်၏။ နီဖလ်သည် ရွှေညံ့တည်း။ ရွှေမျိုး ၁၂-ပါးရှိသည်။

၁၂-ပါးဟူသော်ကား—

| | | | |
|---|---|---|---|
| နီဖလ်ရွှေ, | နာရဏီရွှေ, | နာရဝေါရွှေ, | နာလိကာရွှေ, |
| နာလိမုတ္တာရွှေ, | အဥ္စနီရွှေ, | အဥ္စနီမုတ္တာရွှေ, | အဇတာဝနီရွှေ, |
| ဇာတရူပရွှေ, | ဥရနီတာရွှေ, | သိင်္ဂီနိက္ခရွှေ, | ဇမ္ဗောနဒရွှေ၊ |

ဤသို့ ၁၂-ပါးတည်း။ ထို ၁၂-ပါးတို့တွင်—

- နီဖလ်ရွှေ ၈၀-ကို ၆၀-တင်အောင်လျှော် **နာရဏီရွှေ** ဖြစ်၏။
- နာရဏီရွှေ ၆၀-ကို ၄၅-ကျပ် တင်အောင်လျှော် **နာရဝေါရွှေ** ဖြစ်၏။
- နာရဝေါရွှေ ၄၅-ကျပ်ကို ၃၃-ကျပ်, ၈-မူး, ၁-ပဲ, ၂-ရွေး တင်အောင်လျှော်၊ **နာလိကာရွှေ** ဖြစ်၏။
- နာလိကာရွှေ ၃၃-ကျပ်, ၈-မူး, ၁-ပဲ, ၂-ရွေးကို ၂၅-ကျပ်, ၃-မူး, ၂-ရွေး တင်အောင်လျှော်၊ **နာလိမုတ္တာရွှေ** ဖြစ်၏။
- နာလိမုတ္တာရွှေ ၂၅-ကျပ်, ၃-မူး, ၂-ရွေးကို ၁၉-ကျပ်, ၁-ရွေး, ၂-ဆန် တင်အောင်လျှော်၊ **အဥ္စနီရွှေ** ဖြစ်၏။
- အဥ္စနီရွှေ ၁၉-ကျပ်, ၁-ရွေး, ၂-ဆန်ကို ၁၄-ကျပ်, ၂-မူး, ၁-ပဲ, ၂-နှမ်း တင်အောင်လျှော်၊ **အဥ္စနီမုတ္တာရွှေ** ဖြစ်၏။
- အဥ္စနီမုတ္တာရွှေ ၁၄-ကျပ်, ၂-မူး, ၁-ပဲ, ၂-နှမ်းကို ကျပ်-၁၀, ၆-မူး, ၁-ပဲ, ၄-ရွေး, ၁-ဆန်, ၁-နှမ်း, ၃-မုန်ညင်း, သန်းခေါင်း ၂-တင်အောင်လျှော်၊ **အဇတာဝနီရွှေ** ဖြစ်၏။

- အဇတဝနိဒ္ဓေ ကျပ်-၁၀, ၆-မူး, ၁-ပဲ, ၄-ရွေး, ၁-ဆန်, ၁-နှမ်း, သန်းခေါင်း ၂-ကို ၈-ကျပ်, ၁-ရွေး, ၃-နှမ်း, ၂-မုန်ညင်း, သန်းခေါင်း-၃, ကညစ်ချေး ၃-ခု တင်အောင် လျော့၊ **ဇာတရူပဒ္ဓေ** ဖြစ်၏။
- ဇာတရူပဒ္ဓေ ၈-ကျပ်, ၁-ရွေး, ၃-နှမ်း, ၃-မုန်ညင်း, သန်းခေါင်း-၃, ကညစ်ချေး ၃-ခုကို ၆-ကျပ်, ၃-ဆန်, ၃-နှမ်း, ၄-သန်းခေါင်း, ကညစ်ချေး ၄-ခု တင်အောင် လျော့၊ **ဥရနိတာဒ္ဓေ** ဖြစ်၏။
- ဥရနိတာဒ္ဓေ ၆-ကျပ်, ၃-ဆန်, ၃-နှမ်း, ၄-သန်းခေါင်း, ကညစ်ချေး ၄-ခုကို ၄-ကျပ်, ၂-မတ်, ၂-ဆန်, ၃-နှမ်း, ၁-မုန်ညင်း, ၆-သန်းခေါင်း, ကညစ်ချေး-၂ တင်အောင်လျော့၊ **သိင်္ဂီနိက္ခဒ္ဓေ** ဖြစ်၏။
- သိင်္ဂီနိက္ခဒ္ဓေ ၄-ကျပ်, ၂-မတ်, ၂-ဆန်, ၃-နှမ်း, ၁-မုန်ညင်း, ၆-သန်းခေါင်း၊ ကညစ်ချေး ၂-ကို ၃-ကျပ်, ၃-မူး, ၁-ပဲ, ၄-ရွေး, ၂-ဆန်, ၂-နှမ်း, ၃-မုန်ညင်း သန်းခေါင်း-၂, ကညစ်ချေး-၁ တင်အောင်လျော့၊ **ဇမ္ဗောနဒဒ္ဓေ** ဖြစ်၏။

ဤမှတပါးလည်း ရွှေမျိုးများစွာပင် ရှိသေး၏။

ဂုဒ္ဓတမ္ပံ ဧကမူလံ၊ ကြေးနီစင်-ဝိ။ တုဋ္ဌံ သတ္တမူလကံ၊ တုဋ္ဌာ-ဂို။ အန္တေကတ္တွာ၊ လုံသွင်း၍။ ပစေ၊ ဖုတ်ရာ၏။ ဝါ၊ ထိုးရာ၏။ ပုန၊ တဖန်။ တုဋ္ဌမူလံ ပက္ခိပိတ္တွာ၊ တုဋ္ဌာ-ဂို ထည့်၍။ ပစေ၊ ဖုတ်ရာ၏။ ဝါ၊ ထိုးရာ၏။ ဧဝံ ကွမိနာ ဝုတ္တနယေန၊ ဤသို့ ပြဆိုခဲ့ပြီး သောနည်းဖြင့်။ သတ္တဝါရံ၊ ၇-ကြိမ်စေအောင်။ တုဋ္ဌံ သတ္တမူလံ၊ တုဋ္ဌာ ဂို-ကို။ ပက္ခိပိတ္တွာ၊ ထည့်၍။ ပစေ၊ ဖုတ်ရာ၏။ ဝါ၊ ထိုးရာ၏။ တံ၊ ထိုထိုးပြီးသော ကြေးတုဋ္ဌာသည်။ သတ္တုတံ ဘဝေ၊ သတ္တုဖြစ်၏။ သုဒ္ဓဂတံ၊ စင်ကြယ်ခြင်းသို့ ရောက်သော။ တံ၊ ထိုသတ္တုကို။ ဝတ္တံ၊ ကြေး၌။ ဧကဂုဍ္ဍ ခိပေ၊ ၁-ရွေးပစ်မူ။ ကမ္ဗု ဘဝေ၊ ရွှေသာမန် ဖြစ်၏။ ဒွိဂုဍ္ဍ ခိပေ၊ ၂-ရွေး ပစ်မူ။ နီဖလံ ဘဝေ၊ နီဖလံရွှေ ဖြစ်၏။

"ဂုဒ္ဓတမ္ပံ"၌ ရှုဒ္ဓတမ္ပံ-ဟု ဖတ်၊ သုဒ္ဓတမ္ပံ-ဟူလို၏။ တုဋ္ဌာ-ကို ဒုဋ္ဌာ-ဟု ဒန္တဇ တတိယက္ခရာ ဒ-နှင့် ခေါ်ကြ၏။ ဒန္တဇ ပထမက္ခရာ တ-နှင့် တုဋ္ဌာဟောသဒ္ဒါ အဘိဓာန်၌ လာ၏။ 'ရသတုဋ္ဌေဟိ ရဋ္ဌိတံ'ဟု ဝိနည်းအဋ္ဌကထာ ရှိ၏။

"ဂုတ္တုတံ"၌ ရှုတ္တုတံ-ဟု ဖတ်၊ သတ္တုတံ-ဟူလို၏။ သတ္တု-ဟု ဒန္တဇ ဒုတိယက္ခရာ ထ-နှင့် ခေါ်ဝေါ်ကြ၏။ နောက်ဂုဒ္ဓသဒ္ဒါတို့၌ နည်းတူမှတ်။

မြေတူးမြို့၊ ရဟန်းရှင်လာဘ-က "ဂုဒ္ဓတမ္ဗ ဧကမူလ်-အစရှိသော ပါဠိ၏အနက်အဓိပ္ပါယတ္တကို နေရာကျ သိမှတ်လိုပါသည်"ဟု လျှောက်သောကြောင့် ၁၂၄၅-ခု၊ ဝါဆိုလပြည့်ကျော်၊ ၁၃-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိဒ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★ ★ ★ ★ ★ ★ ★

## ရဟန်းတော် ရှင်သာရမေဓ-က ပဋ္ဌိသန္ဓေ ၄-ပါးကို မေးလျှောက်ချက်

[၂၀၉]　"ဘုရားတပည့်တော် ရမ္မာဝတီမြို့၊ ရဟန်း ရှင်သာရမေဓ လျှောက်ပါသည် ဆရာတော်ဘုရား။

လူတို့မှာ ပဋ္ဌိသန္ဓေ ၄-ပါးပင် ရသည်-ဟူ၍ သာမညအားဖြင့်သာ ကြားသိရဖူးသည်ဖြစ်ပါ၍ မည်သူသည် မည်သည့်ပဋ္ဌိသန္ဓေကို ရသည်ကို အသေအချာ သိမှတ်ပါရအောင် အမိန့်ရှိတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။"

၎င်းရဟန်းတော် ရှင်သာရမေဓ-က လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ–

[၂၀၉]　လူတို့ပဋ္ဌိသန္ဓေ ၄-ပါးနေသည်ကို မေးလျှောက်သည်မှာ–

- ဥပပတ်ပဋ္ဌိသန္ဓေမှာ ဝေသာလီပြည်တွင် အမ္ဗပါလိကာမည်သော ပြည့်တန်ဆာမ၊
- အဏ္ဍဇမှာ ပါဋ္ဌလိပုတ်ပြည်တွင် ကောဏ္ဍညမည်သော ကိန္နရီမ သားဖြစ်သော ဒွေဘာတိက ညီနောင်ရဟန်း ၂-ပါး၊
- သံသေဒဇမှာ ပေါက္ခရသာတိပုဏ္ဏား၊
- ဂဗ္ဘသေယျကမှာမူကား အလွန်ထင်ရှား၏။

ထို ၄-ပါးတို့တွင် အမ္ဗပါလိကာပြည့်တန်ဆာမ၏ ဝတ္ထုကား အမ္ဗပါလိကာပြည့်တန်ဆာမအလောင်းသည် သိခီမြတ်စွာဘုရား၏ သာသနာတွင် ဘိက္ခုနီမဖြစ်၍ ဘိက္ခုနီမတို့နှင့် စေတီကို လှည့်ကြရာ ရဟန္တာဘိက္ခုနီမ၏ တံတွေးပေါက်သည် စေတီပြင်သို့ ကျလေလျှင် ထိုအမ္ဗပါလိကာအလောင်းဖြစ်သော ဘိက္ခုနီမက "အဘယ်ပြည့်တန်ဆာမများ တံတွေးကို ထွေး၍ သွားလေသနည်း"ဟု ကျိန်ဆဲ၍ သွားလေ၏။ ထိုဘိက္ခုနီမသည် သိခီမြတ်စွာဘုရား

လက်ထက်က သီလကို ဖြည့်ကျင့်၍ ဝဇ္ဇသေယျကပဋိသန္ဓေ၌ ခွဲ့ရှာသဖြင့် သြပပါတိက ပဋိသန္ဓေကိုသာ တောင့်တလေရကား ငါတို့ ဘုရားလက်ထက် ဝေသာလီပြည်၊ သရက်ဥယျာဉ်တွင် သြပပါတိကပဋိသန္ဓေဖြင့် ဖြစ်လေ၏။ ဥယျာဉ်စောင့် မြင်လျှင် မြို့တွင်းသို့ ဆောင်ယူလေ၏။

ထိုမိန်းမသည် အဆင်း, သဏ္ဌာန်, ကြန်အင်လက္ခဏာတို့ဖြင့် တင့်တယ်လှပခြင်း ရှိလေရကား မင်းသားအပေါင်းတို့က မယားပြုလိုကြ၏။ ငါ့ဟာ, သူ့ဟာ များစွာငြင်းခုံကြသည့်အတွင်း ငြင်းခုံခိုက်ရန်မှ ငြိမ်းကြစေခြင်းငှာ မိမိ၏အကြောင်း ကံဟောင်းနှိုးဆော်ပြန်လေရကား အများနှင့် ဆက်ဆံစေခြင်းငှာ ပြည့်တန်ဆာမအရာ ထားလေ၏။

ထိုပြည့်တန်ဆာမသည် သဒ္ဓါတရားနှင့် ပြည့်စုံသည်ဖြစ်၍ ဥယျာဉ်တွင် ဘုရားအမှူးရှိသော သံဃာတော်တို့အား ကျောင်းဆောက်လုပ် ကိုးကွယ်လှူဒါန်း၍ ရဟန်းမိန်းမပြုပြီးမှ မိမိ၏သားဖြစ်သော ဝိမလကောဏ္ဍညထေရ်၏ တရားကို နာရ၍ အရဟတ္တဖိုလ်သို့ ရောက်ကြောင်း၊ ရဟန္တာမကို 'ပြည့်တန်ဆာမ'-ဟု ကျိန်ဆဲသော မကောင်းမှုကြောင့် ငရဲ၌ ခံပြီးမှ ဝိပါကာဝသေသဖြင့် ဘဝတစ်သောင်းကာလ ပြည့်တန်ဆာမ ဖြစ်ရကြောင်းကို အပဒါန်ကျမ်းတွင် ဟောတော်မူသည်။ (ထေရီ၌။၂၁၄)

ပါဠိ,အဋ္ဌကထာလာတိုင်း ပြဆိုလျှင် ကျယ်လွန်းအံ့။ အကျယ်သိလိုသူတို့ အပဒါန်ပါဠိ,အဋ္ဌကထာတို့မှာ ကြည့်လေ။ ကမ္ဘာဦးက ကမ္ဘာဦးသူ လူတို့ ဥပပတ်ပဋိသန္ဓေနေကြကြောင်းကိုကား လောကတွင် အလွန်ထင်ရှား၏။ ဤတွင် လူတို့ ဥပပတ်ပဋိသန္ဓေ နေသည်ကို ပြဆိုသော စကားတစ်ရပ် အပြီးသတ်တည်း။

ဒွေဘာတိကညီနောင်ရဟန်းတို့ဝတ္ထုကား ပါဋလိပုတ်ပြည်တွင် တော၌ ကျင်လည်ကျက်စားသော တောသားမုဆိုးသည် ကောဏ္ဍအမည်ရှိသော ကိန္နရီမနှင့် ပေါင်းဖော်ကြ၍ ၂-ခုသော ဥတို့ကို ဖွားမြင်လတ်သတည်း။ ထိုဥ ၂-ခုတို့ ကြီးရင့်ပြည့်စုံခြင်းသို့ ရောက်လတ်သော် ဥခွံကို လှစ်ခွါ၍ ဒါယကာသူငယ် ၂-ယောက်တို့သည် ဖြစ်ကြကုန်၏။ အကြီးကား တိဿ အမည်ရှိ၏။ အငယ်ကား သုမိတ္တာ အမည်ရှိ၏။

ထိုညီနောင် ၂-ယောက်တို့သည် မိဘ ၂-ပါးတို့၏ မတူကြသော ဝိသဒိသအမူအရာကြောင့် သံသရာဝဋ်၌ ငြီးငွေ့ကြ၍ မဟာဝရဇာထေရ်၏အထံ၌ ရဟန်းပြုလေရကား အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရကြောင်းကို မဟာဝင်ကျမ်း၌ လာသည်။ ပါဠိ,အဋ္ဌကထာရှိတိုင်း ပြဆိုလျှင် ကျယ်လွန်းအံ့။ အကျယ်သိလိုသူတို့ မဟာဝင်ကျမ်း၊ ပဉ္စမပရိစ္ဆေဒမှာ ကြည့်လေ။ ဤတွင် လူတို့ အဏ္ဍဇပဋိသန္ဓေ နေသည်ကို ပြဆိုသော စကားတစ်ရပ် အပြီးသတ်တည်း။

ပေါက္ခရသာတိပုဏ္ဏားဏ်ဝတ္ထုကား ပေါက္ခရသာတိပုဏ္ဏားသည် ကဿပမြတ်စွာဘုရား လက်ထက်တော်က ဗေဒင် ၃-ပုံကို တတ်သော ပုဏ္ဏားမျိုးဖြစ်၍ အလှူသီတင်း, တရားနာခြင်းတို့၌ မွေ့လျော်လေ၍ စုတေလျှင် နတ်ပြည်၌ ဖြစ်လေ၏။ နတ်ပြည်မှ စုတေသော် ဂဗ္ဘသေယျကပဋိသန္ဓေကို ရွံရှာလေရကား ဟိမဝန္တာတောအရပ်တွင် ပဒုမာကြာအိုင်၌ သံသေဒဇပဋိသန္ဓေကို ယူလေ၏။ (ဒီ၊ဋ၁။၂၁၈)

ထိုအိုင်၏ မနီး,မဝေးသော အရပ်တွင်နေသော အရှင်ရသေ့ ၁-ဦး မြင်လျှင် "ဤပဒုမာကြာကား အများပဒုမာကဲ့သို့ မဟုတ်၊ အလွန်ပင် ကြီးမားလှလေ၏။ ပွင့်သော ကာလမှ ငါ-ယူရသော် ကောင်း၏"ဟု အောက်မေ့ကြံစည်လျက် ၇-ရက်တိုင်သဖြင့်လည်း ပွင့်အပ်သော အမူအရာကို မမြင်၍ "ယခုပင် ယူတော့အံ့"ဟု ရေသို့ သက်ဆင်း၍ အရင်းမှ ကိုင်နှုတ်သောအခါ ပဒုမာကြာချပ်တို့သည် ပွင့်လေလျှင် ရွှေရည်အလား ငွေသားအဆင်းနှင့်တူသော သူငယ်ကို မြင်ရ၍ "မဟာပုညသမ္ဘာရ ရှိသသူတစ်ယောက် ဧကန်ဖြစ်တန်ရာသည်"ဟု ကောင်းစွာလုပ်ကျွေး မွေးမြူပြုစု ကြည့်ရှုစောင်မ၍ ၇-နှစ်အရွယ်ကပင် ဗေဒင်ကျမ်းတို့ကို သိကျွမ်းလိမ္မာသောကြောင့် ဇမ္ဗူဒီပါ တောင်လက်ယာတွင် ဒိသာပါမောက်ခေါ်စလောက်သည့် ဆရာ ၁-ယောက်ပင် ထင်ပေါ်ကျော်စော၍ ကောသလမင်းကြီး သိမ်းယူပြီးမှ အတတ်ကို ပြသည်တွင် ဘုရင်မင်းမြတ် သမ္မုတိနတ်က ဥက္ကဋ္ဌမည်သော မြို့မြတ်ကို ဆုလာဘ်ပိုင်စား ပေးသနားတော်မူ၍ ဖြူစင်သော ကြာပန်း၏သဖွယ် တင့်တယ်သော ကာယဝဏ္ဏကြောင့် ပေါက္ခရသာတိတွင်ကြောင်းကို သုတ်သီလက္ခန်၊ အမ္ဗဋ္ဌသုတ်တွင် လာသည်။ (ဒီ၊ဋ၁။၂၁၈)

**ဤတွင်ရွှေ လူတို့ သံသေဒဇပဋိသန္ဓေ နေသည်ကို ပြဆိုသော စကားတစ်ရပ် အပြီးသတ်တည်း။**

များသောအားဖြင့် ဂဗ္ဘသေယျကပဋိသန္ဓေကား အလွန်ထင်ရှား၏။ ဂဗ္ဘသေယျကဟူသည်နှင့် ဇလာဗုဇ-ဟူသည် အတူမှတ်။ ဤသို့ ပြဆိုခဲ့သောနည်းဖြင့် လူတို့မှာ ပဋိသန္ဓေ ၄-ပါးကို မှတ်ရာ၏။ ထို့ကြောင့် မဇ္ဈိမနိကာယ်၊ မဟာသီဟနာဒသုတ်, ဒီဃနိကာယ်၊ သံဂီတိသုတ်အဋ္ဌကထာ (မ၊ဋ၁။၃၄၁)တို့၌–

> မနုဿေသု ကေစိ ဒေဝါ ဝိယ ဩပပါတိကာ စ ဟောန္တိ၊ ယေဘုယျေန ပနေတေ ဇလာဗုဇာဝ၊ အဏ္ဍဇာပိ ဧတ္ထ၊ ကောဏ္ဍပုတ္တာ ဒွေဘာတိယတ္ထေရာ ဝိယ၊ သံသေဒဇာပိ၊ ပဒုမဂဗ္ဘေ နိဗ္ဗတ္တပေါက္ခရသာတိဗြာဟ္မဏ ပဒုမဝတိဒေဝီအာဒယော ဝိယ။

ဟူသောပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

"စတဿော ခေါ ဣမာ သာရိပုတ္တ ယောနိယော"ဟူသော မူလပဏ္ဏာသ၊ မဟာသီဟနာဒသုတ်ပါဠိတော်(၁၀၅)၌—

မနုဿေသု၊ လူတို့၌။ ကေစိ၊ အချို့သောလူတို့သည်။ ဒေဝါ ဝိယ၊ နတ်တို့ကဲ့သို့။ ဩပပါတိကာ စ၊ ဥပပတ်ပဋိသန္ဓေတို့သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေ၊ ထိုလူတို့သည်။ ယေဘုယျေန ပန၊ များသောအားဖြင့်ကား။ ဇလာဗုဇာဝ၊ ဇလာဗုဇတို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တတ္ထ၊ ဤလူတို့တွင်။ ကောဏ္ဍပုတ္တာ၊ ကောဏ္ဍကိန္နရီမ၏ သားဖြစ်ကုန်သော။ ဒွေဘာတိယတ္ထေရာ ဝိယ၊ တိဿ, သုမိတ္တ၊ နာမတွင်မည်၊ ညီနောင် ၂-ယောက်တို့ကား။ အဏ္ဍဇာပိ၊ ဥ၌ ဖြစ်ကုန်သည်လည်း။ ဟောန္တိ၊ ကုန်၏။ ပဒုမဂဗ္ဘေ၊ ပဒုမာတည်းဟူသော ကြာတိုက်၌။ နိဗ္ဗတ္တပေါက္ခရသာတိ ဗြာဟ္မဏ ပဒုမဝတိဒေဝီအာဒယော ဝိယ၊ ဖြစ်သော ပေါက္ခရသာတိပုဏ္ဏား, ပဒုမဝတီဒေဝီ-အစရှိသည်တို့ကဲ့သို့။ သံသေဒဇာပိ၊ အညှိ၌ ဖြစ်ကုန်သည်လည်း။ ဟောန္တိ၊ ကုန်၏။

ဤတွင်ရွှေ့ လူတို့ ပဋိသန္ဓေ ၄-ပါးရသည်ကို ပြဆိုသော စကားတစ်ရပ် အပြီးသတ်တည်း။

ရမ္မာဝတီမြို့နေ၊ ရဟန်း ရှင်သာရမေဓက "လူတို့မှာ ပဋိသန္ဓေ ၄-ပါး ရကြောင်းကို ဝတ္ထုသာဓကနှင့်တကွ နေရာကျ သိမှတ်လိုပါသည်"ဟု လျှောက်သောကြောင့် ကျမ်းဂန်အလာ ဒေသနာနယ ဝတ္ထုသာဓကတို့ကို ညွှန်ပြထုတ်ဆောင်၍ ၁၂၄၅-ခု၊ ဝါခေါင်လဆန်း၊ ၅-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိမ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

### မဟာစင်တော်ကြီး လက်စွဲကိုင် မောင်ချမ်းသာ, မောင်ရွှေလုံးတို့က "ရင့်မာ ၁-ကျိပ်"စသော စကားကို မေးလျှောက်ချက်

[၂၁၀] "ဘုရားတပည့်တော် ပဝတ္တိရတနာပုံ၊ အလုံမြို့ဇာတိရင်း၊ ခုခေတ္တအတွင်းမှာ သူရဲအောက်ကင်းတပ် ဒါယကာ၊ မင်္ဂလာစင်တော်ကြီးဝယ်၊ အထီးတိုက်နေရာချွန်၊ တော်ပြု၍ဝန်ရသည်၊ မိုးစွန်ထိ ဂုဏ်သံနှင့်၊ နာမံထူး ဝိသေသ၊ အနွတ္ထသညာ၊ ဝေါဟာတွင်ခေါ်၊ တပည့်တော် ချမ်းသာ၊ ဒကာရွှေလုံးတို့က ၃-လီသောဒွါရဖြင့်၊ တုပ်ကွရိုကျိုး၊ ရှိခိုးနားတော်လျှောက်ပါသည်။

သိင်္ဂီဇမ္ဗူရာဇ် မြနန္ဒစ်ရတနာ၊ သန္တာ,ဂေါမုတ်၊ ဥဿဖရား၊ ပတ္တမြား,စိန်,ကြောင်၊ အရောင်ဝင်းလျှပ်၊ နဝရတ်ကျောက်မျိုးတို့၏ စုဝေးရာ၊ ယူဇနာပေါင်း-၈၄,၀၀၀၊ နက်ချောင်အစုတ်၊ ရစ်ဝုတ်စီးသွယ်၊ အပြောကျယ်သော၊ ပင်လယ်မြစ်မင်းသည်၊ ခြသေ့်,နွား,မြင်း၊ ဆင်ခံတွင်းမှ၊ ဆင်းသက်လက်ယာ၊ လည်ကာလာသော *(မုဒ္ဒါဘိသေက စာတမ်းတွင် လက်ဝဲရစ်-ဆို၏။)* ဂင်္ဂါ, ယမုနာ၊ အစိရဝတီ, မဟီ,သရဘူ၊ ၅-ဆူသော မြစ်တို့၏ စီးဝင်ရာ၊ ငါးတကာတို့၏၊ လွန်စွာပြန့်ဖြူး၊ ကွန့်မြူးထွေပြား၊ ပီတိပွါးလျက်၊ ၈-ပါးသောအံ့ဖွယ်၊ အသွယ်သွယ်တို့ဖြင့်၊ တင့်တယ်ပြည့်စုံ၊ ဂုဏ်ပေါင်းတကာတို့၏ အရှင်၊ သခင်တကာတို့၏ မျက်အိမ်၊ အစိန္တေယျ၊ အပ္ပမေယျ၊ သေဋ္ဌဇေဋ္ဌ၊ အတုလ-ဟူ၊ လောကတံဆိပ်၊ ငါးမာရ်နှိပ်ဖြစ်တော်မူသော မြတ်စွာဘုရား၏၊ သားတော်ရင်နှစ်၊ အစစ်သမ္ဗုတိ၊ သာကိယမျိုး၊ နွယ်ရိုးမပြား၊ ဆက်စဉ်ပွါးလျက်၊ ၄-ပါးသော ပါရိသုဒ္ဓိ သီလ၊ မြတ်ဓမ္မကို၊ နေ့,ညမယုတ်၊ အားထုတ်တော်မူပေသော ဆရာတော်သခင် အရှင်မြတ်ဘုရား။

မန္တာဒသက၊ ငယ်ရွယ်စဉ်ကာလက၊ သိပ္ပပညာ၊ ဖွေရှာသင်ကြား၊ စွဲမှတ်သားခဲ့သည့်-

'ဘုရားဆုပန်၊ ရင့်မာသန်၊ ကေန်မှတ်ကွဲ၊ တစ်ကျိုပ်တဲ့။
ရှေးဦးအစ၊ မတွေ့ကြယ်၊ သိကြလေကွဲ၊ အလောင်းတဲ့'။ –

အစရှိသော သံပေါက်လင်္ကာကဗျာ၏အရကို သာဓကပြု၍ 'အနုငါးရာ၊ ရင့်မာ တစ်ကျိုပ်၊ နောင်လာရှစ်သောင်း'-ဟူသော အစဉ်စကားသည် ဘုရားဟော ကျမ်းလာ၊ ဒေသနာနှင့်၊ လျော်ပါမည်လား၊ မလျော်လားကို၊ ကွဲပြားသေချာ၊ မသိပါသော ကြောင့်၊ ကျမ်းလာပါဠိ၊ ရှိသည့်အတိုင်း၊ ဆုတ်ဆိုင်းမဟူ၊ ဖြေတော်မူမှ၊ နည်းယူကြံဆ၊ သုတဗုဒ္ဓိ၊ ကဝိ ၁-ဆူ၊ ဤအယူတွင်၊ မှေးမြူဝိဇ္ဇာ၊ ကင်းကွာလွင့်ပျောက်၊ စောကြော ထောက်လည်း၊ မလှောက်ရပြန်၊ ချွင်းခြင်းမှန်လျက်၊ သမန္တစက်၊ ကျေးဇူးနက်ကို၊ မိန့်မြွက်သံတော်၊ စကားသော်ကား၊ မလျော်လေဘဲ၊ ဆိုချွတ်လွဲလျက်၊ နှစ်ကွဲမရှိ၊ ဟုတ်တိုင်းသိ၍၊ ကေစိစောဒကာ၊ ကင်းလွတ်ပါရအောင်၊ ကျမ်းစာစောင်ဖြင့်၊ ဉာဏ် ရောင်ဝင်းဝင်း၊ ထွန်းလင်းတော်မူပါမည့်အကြောင်းကို၊ ရှိပျောင်းကော်ရော်၊ လက်စုံ ဖော်၍၊ ထိပ်ပေါ်ဟတ္ထ၊ ပဏ္ဏာမဖြင့်၊ ပါဒနှစ်ဖြာ၊ စက်နှစ်မြွာကို၊ ဘမရာပိတုံး,၊ ကားကားပွင့်အာ၊ ပဒုမာကို၊ စုခါရုံးသကဲ့သို့၊ ၃-လီသော ဒွါရဖြင့်၊ ကာယ,ဝစီ၊ မနောညီ၍၊

'အဉ္ဇလိံ ပဂ္ဂဟိတွာတိ ဒသနာသသမောဒါနသမုဇ္ဇလ အဉ္ဇလိံ ဥက္ခိပိတွာ ဂါရဝေန အဍ္ဍေတိ ပူဇေတိ အနေနာတိ အဉ္ဇလိ'–

မြွက်ချီသံချို၊ မိန့်ဆိုထူးဆန်း၊ ရွှေကျမ်းဋီကာ၊ ပါဌ်တော်လာသောကြောင့်၊ ပဏာ-မေတိ၊ ပူဇေမိဖြင့်၊ ဇောဝိထိ အစုံစုံ၊ တဒါရုံ အတင်တင်၊ ဘဝင်အကြိမ်ကြိမ်၊ မနိမ့်မြွေ ညွတ်ပျောင်းလျက်၊ ဆယ်ချောင်းဟတ္ထ၊ ပဏာမဖြင့်၊ တုပ်ကွကော်ရော်၊ ကျေးဇူးတော်ကို၊ ထိပ်ပေါ်မှာ ပန်ဆင်လျက်၊ ကြည်လင်ညွတ်တွား၊ သနားရိုကျိုး၊ ရှိခိုးနားတော်လျှောက်ပါသည် ဆရာတော်ဘုရား။"

ဂုင်းချမ်းသာ,ရွှေလုံးတို့ လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ—

**"ဘုရားဆုပန်၊ ရင့်မာသန်၊ ကောန်မှတ်ကွဲ၊ တစ်ကျိပ်တဲ့။**
**ရှေးဦးအစ၊ မေတ္တေယျ၊ သိကြစေကွဲ၊ အလောင်းတဲ့"။**

ဤသို့ အစရှိသော စကားဥပဒေသကို သာဓကပြု၍ "အနု ငါးရာ၊ ရင့်မာတစ်ကျိပ်၊ နောင်လာရှစ်သောင်း-ဟူသော စကားသည် ကျမ်းလာပါဠိ ရှိ,မရှိကို သိမှတ်လိုပါသည်"ဟု လျှောက်ထားသည်မှာ—

**"အယံမေတရဟိ သမ္မုဒ္ဓေါ၊ မေတ္တေယျော နာမ ဟေဿတိ"ဟူသော ဗုဒ္ဓဝင်ပါဠိတော်၊ အသီတိဝဿသဟဿာယုကေသု ဘိက္ခဝေ မနုဿေသု မေတ္တေယျော နာမ ဘဂဝါ လောကေ ဥပ္ပဇ္ဇိဿတိ။ (ဒီ၊၃။၆၃)**

ဟူ၍ သုတ်ပါထေယျ၊ ၃-ခုမြောက် စက္ကဝတ္တိသုတ်ပါဠိတော်နှင့်အညီ "ရင့်မာတစ်ကျိပ်" ဟူသော စကား၌ မေတ္တေယျဘုရားအလောင်းတော်၏ အကြောင်းကိုသာ မဟာဝင်ကျမ်း, အနာဂတဝင်ကျမ်းတို့၌ လာသောစကား မကွဲ,မပြား ညီညွတ်ကြသည်မှ တပါးသော စကားရပ်တို့ကို အခြားကျမ်းတို့၌ မပါ,မလာ။ ဇာတတ္တကီ, သောတတ္တကီကျမ်းတို့မှာသာ လာသော စကားဖြစ်ရကား သင်္ဂါယနာတင်ကျမ်းတို့တွင်လည်း မရှိဖြစ်၍ "အနုငါးရာ၊ နောင်လာရှစ်သောင်း"ဟူသော စကားကို ထားဘိဦး။ "ရင့်မာတစ်ကျိပ်-ဟူသော စကားကိုမျှ ခိုင်ခိုင်မာမာ ကျမ်းလာမုချ နေရာကျအောင် မှတ်သားရန်အရာသည် သင်္ဂါယနာ ၃-တန်တွင် မပါ၊ မလာမရှိသောကြောင့် အရင်းလဲလျှင် အဖျားထင်းဖြစ်-ဆိုသကဲ့သို့ အလေးအမြတ်ပြုအပ်သော အရာပင်မဟုတ်။ ယခုလောကတွင် ဘုရားတစ်ဆူလျှင် ၂၄-သချေ်နှင့် ကုဋေ ၆၀- ဗိုလ်ခြေ ၁-သိန်းပင် ကျွတ်တမ်းဝင်သည်ဟု များဖြင်ဗိုလ်လူ တိုင်းသူပြည်သား လူရှင်အများတို့ပင် မှတ်သားပြောဆိုကြသည်။ အချို့သူတို့ကလည်း သက်တော်ထင်ရှား ဘုရားရှိတော်မူစဉ်ကပင် ၂၄-သချေ်နှင့် ကုဋေ ၆၀-ချွတ်၍ ကျွတ်တမ်းဝင်ကြလေကုန်ပြီ။

ဓာတုပရိနိဗ္ဗာန်စံတော်မူသော ကာလမှ လူနတ်ပြဟ္မာ သတ္တဝါအဟို ဗိုလ်ခြေ ၁-သိန်းတို့သည် ကျွတ်ကိန်းဝင်ရ ကျွတ်ကြလေဦးမည်-ဟု တုတုပပ သူငါကစ ပြောဆိုကြ

သော စကားသည် များစွာပင်ရှိ၏။ ရှိသော်လည်း မူလပဏ္ဏာသ၊ သုတ္တနိပါတ်၊ သုတ်မဟာဝါ စသော ကျမ်းကြီးကျမ်းခိုင်တို့မှာပင် ၄၅-ဝါကာလပတ်လုံး ဟောတော်မူသော ဓမ္မက္ခန္ဓာ ဒေသနာတော်အပေါင်း ၈၄,၀၀၀-တို့တွင် ထိုထိုဒေသနာအရပ်ဌာန, ကာလတို့၌ ကျွတ်ထိုက် သမျှ ကျွတ်ကြလေသည့်အရာကို မဆိုထားဘိဦး။ မဟာသမယသုတ်, မင်္ဂလသုတ်, သမစိတ္တ သုတ်, ရာဟုလောဝါဒသုတ်, ဓမ္မစက္ကသုတ်, ပရာဘဝသုတ်၊ ဤ ၆-သုတ်တို့မှာ အညီအမျှ ကျွတ်ကြကြောင်း၊ မဟာသမယသုတ် ၁-ခုတွင်ပင် ရဟန္တာပေါင်း-၈၄,၀၀၀၊ သောတာပန်, သကဒါဂါမ်, အနာဂါမ်တို့မှာကား ရေတွက်ခြင်းငှာ မတတ်နိုင်။ အရေအတွက်သင်္ချာကိုပင် လွန်ကြောင်းနှင့်—

> **မဟာသမယသုတ္တကထနဒိဝသေ စတုရာသီတိခီဏာသဝသဟဿာ ဓမ္မာဘိသမယာ အဟေသုံ။ သောတာပန္နသကဒါဂါမိအနာဂါမိနော ပန ဂဏနပထံ ဝီတိဝတ္တာ။**
>
> **ဒေသနာပရိယောသာနေ ပနဿ ကောဋိသတသဟဿဒေဝတာ အရဟတ္တိမတ္တာ၊ သောတာပန္နာဒီနံ ဂဏနာ နတ္ထိ။** (ဒီ၊ဌ၊၂။၂၈၈)

ဟု မူလပဏ္ဏာသ၊ သုတ္တနိပါတ်၊ သုတ်မဟာဝါ၊ မဟာသမယသုတ်တွင် လာသည်။

မဟာသမယသုတ္တကထနဒိဝသေ၊ မဟာသမယသုတ်ကို ဟောတော်မူသော နေ့၌။ စတုရာသီတိခီဏာသဝသဟဿာ၊ ၈၄,၀၀၀-ကုန်သော ရဟန္တာပုဂ္ဂိုလ်တို့သည်။ ဓမ္မာဘိ-သမယာ၊ အကျွတ်တရားကို ရကုန်သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။ သောတာပန္နသကဒါဂါမိ-အနာဂါမိနော ပန၊ သောတာပန်, သကဒါဂါမ်, အနာဂါမ်ပုဂ္ဂိုလ်တို့သည်ကား။ ဂဏနပထံ၊ အရေအတွက်သင်္ချာကို။ ဝီတိဝတ္တာ၊ လွန်လေကုန်၏။

ယင်းသို့လာသော အဋ္ဌကထာစကားကို ထောက်လျှင် ဘုရားတစ်ဆူတွင် ၂၄-သင်္ချေနှင့် ကုဋေ ၆၀- ဗိုလ်ခြေ ၁-သိန်းသာ ကျွတ်သည်ဆိုသော စကားသည် ဝေးကွာလွန်းလှ၏။ ဇိနာလင်္ကာရဋီကာ၊ သဒ္ဒတ္ထဇာလိနီဋီကာကျမ်းတို့မှာကား—

> **စတုဝီသတိအသင်္ချေယျပမာဏေ သတ္တေ အမတရသံ ပါယေသုံ။**

ဟု လာသည်။

စတုဝီသတိအသင်္ချေယျပမာဏေ၊ ၂၄-သင်္ချေ အရေအတွက်ရှိကုန်သော။ သတ္တေ၊ သတ္တဝါတို့ကို။ အမတရသံ၊ အမြိုက်နိဗ္ဗာန်အရသာကို။ ပါယေသုံ၊ သောက်စေတော်မူကုန်ပြီ။

ဤသို့ ဇိနာလင်္ကာရဋီကာကျမ်းတွင်လာသော စကားသည် သင်္ဂါယနာ ၃-တန်တင် သော ကျမ်းတို့တွင် ပါဝင်သော စကားမဟုတ်။ ထိုသို့ မဟုတ်သည့်အရာကိုပင် ထူးထူးဆန်း

ဆန်း ပညာစွမ်းကို ပြလို၍ အပိုအမိုဆိုလိုက်ဟန် ရှိ၏။ ထိုဇိနာလင်္ကာရကျမ်းမှာ သဂါယနာ ကျမ်းဝင်တွင် လာသည်နှင့် မညီ၊ ကွဲပြား၍ ပယ်ရှားစွန့်ပစ်အပ်သည့်အရာသည်သာ မဟုတ် သေး။ ထိုထိုအရာဌာနတို့မှာ များစွာပင် ပါသေး၏။ ထိုဇိနာလင်္ကာရကျမ်း ၁-စောင်တွင်သာ ထူးထူးဆန်းဆန်း ဉာဏ်အစွမ်းကို ပြလို၍ အပိုအမို ဆိုလိုက်သည့်အရာကို ဇာလိနီဋီကာ ဆရာကလည်း ဇိနာလင်္ကာရဆရာအယူကို သူအတွေ့တော်ကြီးလုပ်၍ အဟုတ်အဟုတ် ထင်မှတ်ကိုးစားလျက် မှားပါသည့်အယူကိုပင် သူကြိုက်သောကြောင့် ရေးလိုက်ပြဟန်ရှိ၏။

ဤသို့ ကျမ်းဂန်တွင် မပါမလာမရှိဘဲ ရှေးဦးအစ မူလရင်းကပင် အဆင်အခြင် ပညာ နည်းသသူများက နှုတ်ကောင်းလျှာပါး စကားချဲ့ထွင်၍ အဆင်အခြင်ပညာ မရှိ၊ ပြောမိပြောရာ ကျမ်းဂန်ကိုမလိမ္မာဘဲနှင့် ဆရာလုပ်ချင်၍ သဘင်ပွဲဘောင် တတ်လေယောင် နှင့် ထောင်ထောင်လွှားလွှား ပြောခဲ့သည်များကို နောက်သားနောင်လာ ပညာနည်းသူတို့က အတုရ၍ ပြောကြသဖြင့် အဆင့်ဆင့်ကြားသောကြောင့် မှောက်မှားချွတ်လွဲကြသည့်အရာ သတိတရားနှင့် စဉ်းစားထောက်ချင့်၍ ယုံသင့် ယုံတန်မှ ယုံရာသည်။

ဓာတုပရိနိဗ္ဗာန်စံတော်မူမှ ဗိုလ်ခြေ ၁-သိန်း ကျွတ်ကိန်းဝင်ရ ကျွတ်ကြလေဦးမည် ဆိုသော စကားလည်း အရင်းကပင် မှားချေက အဖျားမှာ အဘယ်ဆိုဖွယ်ရှိတော့အံ့နည်း။ ထို့ကြောင့် "အနုငါးရာ၊ ရင့်မာတစ်ကျိပ်၊ နောင်လာရှစ်သောင်း"ဟူသော စကားမှာလည်း အဖျားကို ထား၍ အရင်းသား ၁-ကျိပ်ကိုမျှ နေရာကျ မှတ်သားယုံကြည်ရမည့်အရာသည် လွန်စွာ ခဲယဉ်းလှလေ၏။

သူရဲကြီးအတွင်း၊ အောက်ကင်းတပ်ဒါယကာ ချမ်းသာ, ငရွှေလုံးတို့က "ပပတုတု၊ လူတစ်ယောက်ပြု၍ အနုငါးရာ၊ ရင့်မာတစ်ကျိပ်၊ နောင်လာရှစ်သောင်း၊ အပေါင်းလူ့,ရှင်၊ ပြောကြသည့်စကားစဉ်ကို၊ ကျမ်းဂန်တွင် ပါ,မပါ၊ လာ,မလာ၊ ရှိ,မရှိကို သိမှတ်လိုပါသည်"ဟု ဗဟုသုတ နည်းဥပဒေသကို ရလိုကြောင်းများနှင့် လျှောက်ထားတောင်းပန်သောကြောင့် ကျမ်းဂန်တွင် မပါ,မလာ၊ မရှိကြောင်းကို ပြဆိုမိန့်မှာ၍ ဝိစိကိစ္ဆာ-ဟူသော သလ္လာဖြင့် ကွယ်ကာဖုံးအုပ်လျက် အဟုတ်အမှန်ကို မသိနိုင်ကြသော အမျိုးကောင်းသား လူအများတို့ အား မှောက်မှားသောအယူဝါဒ အဝိဇ္ဇန္ဓကာရ-တည်းဟူသော အမိုက်မှ အလင်းကို ရ၍ မုချဧကန် အမှန်ကို သိစိမ့်သောငှာ ဒေသနာနယ၊ ထုံးပုံကို ပြလျက်၊ ၁၂၄၅-ခု၊ သက္ကရာဇ် ဒီယ၊ ဝါခေါင်လအတက်၊ ဆန်း ၁၅-ရက်အတွင်း၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်း၍ာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

# ပုစ္ဆာဝိသဇ္ဇနာသမူဟကဏ္ဍ

ပထမပုစ္ဆာ၌ - လက္ခဏာတော်ကြီး,ငယ်တို့၏အကြောင်း

ဒုတိယပုစ္ဆာ၌ - မြင်းမိုရ်,စက္ကဝါ-စသော အဝေးအကွာအကြောင်း

တတိယပုစ္ဆာ၌ - ရုပ်ကလာပ်တို့ ဖြစ်ဟန်အကြောင်း

စတုတ္ထပုစ္ဆာ၌ - နရသီဟ-စသော ၁၀-ဂါထာအကြောင်း

ပဉ္စမပုစ္ဆာ၌ - ဝါတော်စဉ်အကြောင်း

ဆဋ္ဌမပုစ္ဆာ၌ - ပါရမီ ၁၀-ပါးအကြောင်း

သတ္တမပုစ္ဆာ၌ - "ပညာရှိဝယ်၊ ဂုဏ်နှစ်ဆယ်"ဟူသော စကားအကြောင်း

အဋ္ဌမပုစ္ဆာ၌ - သုနက္ခတ္တံ-စသော အကြောင်း

နဝမပုစ္ဆာ၌ - ဝိသုံဂါမမြေ ခဏ္ဍသိမ်သမုတ်ခြင်းအကြောင်း

ဒသမပုစ္ဆာ၌ - သုက်ကို သောက်မျို၍ ကိုယ်ဝန်ယူသည်-ဟူသောအကြောင်း

ဧကာဒသမပုစ္ဆာ၌- စေတီ ၃-ဆူတို့၏အကြောင်း

ဒွါဒသမပုစ္ဆာ၌ - ကာယကံ, ဝစီကံ ၂-ပါးအကြောင်း

တေရသမပုစ္ဆာ၌ - အာဟုနေယျ-စသော ဂုဏ်တော်အကြောင်း

စုဒ္ဒသမပုစ္ဆာ၌ - ကံ, ဒွါရနှင့် စပ်သောအကြောင်း

ပန္နရသမပုစ္ဆာ၌ - "မိမိကိုယ်ပါ၊ သတ္တဝါအများ"စသော ကဗျာအကြောင်း

သောဠသမပုစ္ဆာ၌-"ကောင်းမွန်ထူးမြတ်၊ လျောက်ပတ်သင့်စွာ"စသော ကဗျာအကြောင်း

သတ္တရသမပုစ္ဆာ၌ - "အမိုးလုံစွာ"စသော ကဗျာအကြောင်း

အဋ္ဌာရသမပုစ္ဆာ၌ -"မျက်ဝါး ထင်ထင်"စသော ကဗျာအကြောင်း

နဝဒသမ(*ဧကူနဝီသတိမ*)ပုစ္ဆာ၌- "လက်ဝဲကား-ဝက်"စသော ကဗျာအကြောင်း

ဝီသတိမပုစ္ဆာ၌ - "အိပ်ပျော်ပါလျက်"စသော ကဗျာအကြောင်း

ဧကဝိသတိမပုစ္ဆာ၌-"တစ်ယောက်ကေန်"စသော ကဗျာအကြောင်း
ဒွါဝီသတိမပုစ္ဆာ၌ -"ဇီဝအသက်၊ ရှိပါလျက်ကို"စသော ကဗျာအကြောင်း
တေဝီသတိမပုစ္ဆာ၌-"ဖုံး၍ထားသော်"စသော ကဗျာအကြောင်း
စတုဝီသတိမပုစ္ဆာ၌ -"ဝတ္ထုအများ၊ ဖုံးကွယ်ထားလည်း"စသော ကဗျာအကြောင်း
ပဉ္စဝီသတိမပုစ္ဆာ၌ -"ယောကျာ်းကေန်၊ မှန်ပါသမီ"စသော ကဗျာအကြောင်း
ဆဝီသတိမပုစ္ဆာ၌- "မနုဿ-ဟု"စသော ကဗျာအကြောင်း
သတ္တဝီသတိမပုစ္ဆာ၌-"ယောကျာ်းကေန်၊ မှန်လင့်ကစား"စသော ကဗျာအကြောင်း
အဋ္ဌဝီသတိမပုစ္ဆာ၌- လက္ခဏာတော်ကြီး,ငယ်များကို ဂါထာဖွဲ့စီခြင်းအကြောင်း
နဝဝီသမ *(ဧကူနတိံသတိမ)*ပုစ္ဆာ၌ - ပဋိသမ္ဘိဒါဉာဏ်အကြောင်း
တိံသမပုစ္ဆာ၌ - ရှိခိုးခြင်း ၅-ပါးအကြောင်း
ဧကတိံသမပုစ္ဆာ၌- "ဂုဒ္ဓတမွံ ဧကမူလံ"စသော ဂါထာအကြောင်း
ဒွတ္တိံသမပုစ္ဆာ၌ - ပဋိသန္ဓေ ၄-ပါးအကြောင်း
တေတ္တိံသမပုစ္ဆာ၌ - ရင့်မာ ၁-ကျိပ်အကြောင်း၊

ယင်းသို့လျှင် အရပ်ရပ် ရဟန်း,ရှင်,လူတို့သည် သံသယဒွိဟရှိရာ လျှောက်မေးလာသော ပုစ္ဆာကထနတို့ကို အသင့်ယုတ္တိနှင့်တကွ ကျမ်းဂန်ညွှန်ပြ အလင်းရစိမ့်သောငှာ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိမ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော်သည် ဖြေဆိုအပ်သော ပြီးပြွမ်းသောဝိသဇ္ဇနာတို့ဖြင့် တန်ဆာဆင်အပ်သောကြောင့် ပကိဏ္ဏကဝိသဇ္ဇနာမည်သော ကျမ်း၌ ၃၃-ပါးသော ပုစ္ဆာဝိသဇ္ဇနာတို့နှင့် ပြည့်စုံသော ပဉ္စမပရိစ္ဆေဒ၊ တတိယအုပ်ကား ဤတွင်ရွေ့ ပြီးပြည့်စုံလေသတည်း။

★★★★★★★

# နိဂုံးသံပိုင်း

ကြားပိမ့်နာလော့၊ ထွန်းချာမှန်ကူ၊ သယမ္ဘူလျှင်၊ လျှံလူမြဆင်း၊ လဲ့လဲ့ဝင်းသား၊ တောင်မင်းဗွေချာ၊ မန်းသေလာကို၊ ဒေသစာရီ၊ ခြွေခါချီလျှင်၊ ပါရမီပွင့်လင်း၊ မင်းထက်မင်းလျှင်၊ သန့်ရှင်းမြေကြန်၊ ဤရပ်ဌာန်၌၊ မြတ်မွန်လှစွာ၊ ရတနာပုံမည်၊ မြို့ကြီး တည်အံ့၊ ရင့်ကြည်ငြိမ့်လေး၊ ဗျာဒိတ်ကြွေးသည်၊ မန္တလေးမြရောင်၊ တောင်၏လက်ယာ၊ ရတနာပုဥ္စ၊ ရွှေပြည်မကို၊ အစအဦး၊ ပကတူးမြို့နန်း၊ ဖန်ဆန်းထောင်တည်၊ ပွင့်လည်းစည်စိမ့်၊ ဆယ်မည်ဓမ္မ၊ ဘုန်းကျိုးပြသား၊ ပဥ္စမသင်္ဂါယနာ၊ မင်္ဂလာသဘင်၊ ပွဲကြီးယင်သည်၊ ဗုဒ္ဓကိုဖျား၊ မင်းတရား၏၊ အလားတုံသော်၊ သက်နှင့်လျော်စွာ၊ ညီတော်ရင်းချာ၊ ဥပရာလျှင်၊ ဇာတိ-ဒိပဲယင်း၊ မယွင်းစေဘိ၊ ပဝတ္တိကား၊ တွင်ရှိဝေါဟာ၊ ပလိုင်းရွာမှ၊ မဟာပညဝန်၊ ပုဂ္ဂိုလ်မွန်ကို၊ ပန်ထွာခ-ယ၊ မန်းဌာနကို၊ တကွပင့်ရောက်၊ ထွန်းရွှေမှောက်လည်း၊ ဝမ်းမြောက်ဝမ်းသာ၊ လေးဖြာပစ္စယ၊ ထောက်မ-လောက်လုံ၊ တောင်နှယ်ပုံမျှ၊ ကြည်ယုံသဒ္ဓါ၊ ရှိညွတ်စွာဖြင့်၊ ဂုဏဝါဘိလင်္ကာရ သဒ္ဓမ္မဓဇမဟာဓမ္မရာဇဂုရု၊ လွတ်တုခတ်နှိပ်၊ တံဆိပ်ဘွဲ့ထူး၊ ကျွန်းလုံးမြူးမျှ၊ ချီးကျူးကော်ရော်၊ လုံးတော်တွင်မှတ်၊ ပုဂ္ဂိုလ်မြတ်ကား၊ ပိဋကတ် ၃-ပုံ၊ လုံးစုံထိုထို၊ ကော်နှယ် ကျို၍၊ မလိုဥသုံ၊ လောက်လုံရကား၊ အများရှင်,လူ၊ အယူမရှင်း၊ မကင်းသံသယ၊ ရှိသမျှကို၊ တစမကျန်၊ လျှောက်တောင်းပန်သော်၊ ဝန်မလေးပြီ၊ လောကီ,လောကုတ်၊ ကျမ်းဖွေထုတ်၍၊ မဆုတ်မဆိုင်း၊ ဓားကောင်းပိုင်းသို့၊ အလှူင်းကျယ်ပြော၊ သဘောကျနှ၊ ပြွမ်း၍ပြသည်၊ ပကိဏ္ဏကဝိသဇ္ဇနာ၊ သာရပြည့်ပြီး၊ ဤကျမ်းကြီးကို၊ အတီးရှေးက၊ ပုံနှိပ်သရွေ့၊ ပ,ဒုပေါင်းရုံး၊ ၂-တွဲလုံးဖြင့်၊ ဆုံးလတ်ခဲ့ထ၊ ယခုမှလျှင်၊ တတိယတွဲ၊ အမြဲပြီးမြောက်၊ ဆုံးတိုင်ရောက်လျက်၊ အထောက်အကိုး၊ ကျမ်းရိုးကျနှ၊ မှန်မောလှ၍၊ သုတစီးပွါး၊ များစိမ့်ခလို၊ ပညာပျိုတို့၊ လိုလိုချင်ချင်၊ ခံ့တမင်ဖြင့်၊ မငြင်မငြို၊ အလိုဆန္ဒ၊ ပြည့်စုံရအောင်၊ ရတနသိဒ္ဓိ၊ မည်ရှိသမိုက်၊ ပုံနှိပ်တိုက်ဝယ်၊ သိုက်မြိုက်သေချာ၊ ကောင်းစွာလျှောက်ပတ်၊ တည်းပြင်နှံ့သေခွေ၊ သဝေ,ပိုဒ်မ၊ ကျနချွတ်ယွင်း၊ လွတ်ကင်းစေထ၊ ကြီးကြပ်မ၍၊ ဒွယသတ်ဒွါ၊ ဇက်(၁၂၇၂)ကောဇာတွင်၊ နံ့ကာခေါ်ထ၊ ယင်းမာသ၌၊ ပကိဏ္ဏကဝိသဇ္ဇနာ၊ ရွှေစာမြုတေ၊ ကျက်သရေသင်းကြွ၊ ဝင်းဝင်းပသည်၊ တတိယတွဲ၊ ကျမ်းဆီခဲကို၊ ခပဲဗိုလ်လူ၊ ကြည်ဖြူလေးမြတ်၊ ဆောင်စိမ့်မှတ်သည်။ ။ နဝရတ်မျက်ပွင့် သံပိုင်းတည်း။

**အမှာစကား**

ဤပကိဏ္ဏကဝိသဇ္ဇနာကျမ်း၊ တတိယတွဲတွင် အချို့သောအရာမှာ ပုစ္ဆာဝိသဇ္ဇနာ အလာ,အသွား မခြားမပြား စကားအဓိပ္ပါယ် တူကြသောအရာ ပါရှိလေကြောင်း, ယင်းသို့ ပါရှိသောအရာမှာ ရပ်ရွာချင်းဝေး၊ မေးလျှောက်ရင်းသူ၊ မတူကွဲပြား၊ ခြားနားကြသည် တထွေ, ပေမူစာရင်း၊ မယွင်းမလိမ်း၊ မတိမ်းပါးသောအရာဖြစ်သည် တဝ, ဗဟုသုတမာမက၊ အပွသုတ ပုဂ္ဂိုလ်၊ ပညာပျိုတို့ အလို့ငှာ၊ ကောင်းစွာ ထည့်သွင်း၊ ရှင်းလင်းစီစဉ်၊ စက်တင်ပုံ*(နှိပ်)*ရိုက်လိုက်ပါ ကြောင်း။

## ပကိဏ္ဏကဝိသဇ္ဇနာကျမ်း၊ တတိယတွဲ ပြီး၏။

၁။ ဝိသုဒ္ဓါရုံသုတ်နက်ကြီး
၂။ ဝိသုဒ္ဓါရုံကစွည်းသုတ်နက်ဋီကာ
၃။ ဝိသုဒ္ဓါရုံသဂြိုဟ်နိဿယ
၄။ ဝိသုဒ္ဓါရုံပုဒ်စစ်ဂဏ္ဌိကျမ်း
၅။ ဝိသုဒ္ဓါရုံအဆုံးအဖြတ်
၆။ နှုတ်ငုံဆောင် ဝိသုဒ္ဓါရုံပရမတ္ထသရုပ်ဆိုရိုး
၇။ ဝိသုဒ္ဓါရုံပရိတ်ကြီးနိဿယ
၈။ ဝိသုဒ္ဓါရုံထေရုပ္ပတ္တိဒီပနီပါဠ်
၉။ သိရိမဟာမာယာဒေဝီဝတ္ထုနိဿျ
၁၀။ ဓာတွတ္ထသင်္ဂဟပါဠ် + နိဿယ
၁၁။ ဆိဒ္ဒပိဓာနနီကျမ်း
၁၂။ လက်ာဒီမဂ္ဂဒီပနီ
၁၃။ ဝိစိတြဝန္နနာ-စသည် (ပ,ဒု-ကြိမ်)
၁၄။ မနောဒိဋ္ဌဝန္နနာ
၁၅။ သတိသမ္ဗုဋ္ဌနိဂ္ဂဟစာတမ်း (ဦးနာရဒ)
၁၆။ မဟာဗောဓျာဒီမဂ္ဂဒီပနီ
၁၇။ အမေးတော်ဖြေ
၁၈။ မဟာဝိသုဒ္ဓါရာမတိုက်အုပ်ဆရာတော်ထေရုပ္ပတ္တိ
၁၉။ ဝိမိဿမဓုရရစနာ (ပ,ဒု-ကြိမ်) (အရှင်စန္ဒဇောတိ)
၂၀။ မင်္ဂလာ့အမြုတေ
၂၁။ လူနှင့်တူသောလူ
၂၂။ တထာဂတဥဒါနဒီပနီ (ပထမတွဲ)
၂၃။ တထာဂတဥဒါနဒီပနီ(ဒုတိယတွဲ)
၂၄။ ဗုဒ္ဓနိုင်ငံတော် (ပထမတွဲ)
၂၅။ ဗုဒ္ဓနိုင်ငံတော်(ဒုတိယတွဲ)
၂၆။ ဗုဒ္ဓနိုင်ငံတော် (တတိယတွဲ)

# ဗုဒ္ဓစာပေအဖွဲ့၏ ပုံနှိပ်ပြီး ကျမ်းစာများ


၂၇။ ဝိမတိစ္ဆေဒနီ (ကျီးသဲ)

၂၈။ သမ္မာဒိဋ္ဌိကထာကျမ်း

၂၉။ စွယ်စုံကျော်ထင်ဂဏ္ဌိကျမ်း

၃၀။ သာသနာလင်္ကာရစာတမ်း၊ သာသနဝံသပ္ပဒီပိကာကျမ်း၊
THE HISTORY OF THE BUDDHA'S RELIGION (၃-ကျမ်းတွဲ)

၃၁။ မဟာဗောဓုပ္ပတ္တိကထာကျမ်း

၃၂။ သီလက္ခန်အဋ္ဌကထာ မြန်မာပြန်

၃၃။ ဘူမိစာလနိဒါန်းကျမ်း (ဒုတိယအကြိမ်)

၃၄။ ဘူမိစာလနိဒါန်းကျမ်း (တတိယအကြိမ်)

၃၅။ ချောင်းဦး၊ရွှေတောင်ဆရာတော်ဝိနိစ္ဆယ

၃၆။ တွံတေး၊ပရိတ်ကြီးပါဠိ,နိဿယ

၃၇။ ကစ္စာယနသာရသရူပတ္ထဒီပနီ (ပြည်)

၃၈။ ဝင် ၉-ဝင်ဝတ္ထု (ပထမတွဲ)

၃၉။ ဝင် ၉-ဝင်ဝတ္ထု (ဒုတိယတွဲ)

၄၀။ ဝင် ၉-ဝင်ဝတ္ထု (တတိယတွဲ)

၄၁။ မဇ္ဈိမဒေသသာသနာပြုအတွေ့အကြုံများ(ဟရိဗလ၊ ကုသိနာရုံ၊ ၂၀၁၀၊ ဧပြီလ)

၄၂။ စေတိယပဋိသန်ရဏဝိနိစ္ဆယကျမ်း (ထိမ်တော)

၄၃။ ပကိဏ္ဏကဝိသဇ္ဇနာကျမ်း (ပထမတွဲ)

၄၄။ ပကိဏ္ဏကဝိသဇ္ဇနာကျမ်း (ဒုတိယတွဲ)

၄၅။ ပြက္ခဒိန်အကြောင်းသိကောင်းစရာနှင့် ကာဗျမိဿက ၂-စောင်တွဲ (ဘဒ္ဒန္တသဒ္ဓိယ)

၄၆။ ဒုစရိုက်,သုစရိုက်ခွဲတမ်း လူ့စည်းကမ်းဥပဒေတော်ကြီး (အရှင်စန္ဒဇောတိ)

၄၇။ ပကိဏ္ဏကဝိသဇ္ဇနာကျမ်း (တတိယတွဲ)


ဆက်လက်ထွက်မည် -

- ဂမ္ဘီရတ္ထဒေသနာ (သီးလုံးဆရာတော်)
- The Way to Nobility *(English, မြန်မာ)* ဘဒ္ဒန္တစန္ဒဇောတိ(မလှိုင်)

# စာဒါယကာကြီး ဦးကျော်ညွန့်နှင့် မိတ်ဆွေများ ပုံနှိပ်လှူဒါန်းပြီးသော ကျမ်းဂန်များ

၁။ တိပိဋက ပါဠိမြန်မာ အဘိဓာန် အတွဲ- ၁

၂။ တိပိဋက ပါဠိမြန်မာ အဘိဓာန် အတွဲ- ၂

၃။ တိပိဋက ပါဠိမြန်မာ အဘိဓာန် အတွဲ- ၃

၄။ တိပိဋက ပါဠိမြန်မာ အဘိဓာန်(အပိုင်း- ၁) အတွဲ- ၄

၅။ တိပိဋက ပါဠိမြန်မာ အဘိဓာန် အတွဲ- ၅

၆။ တိပိဋက ပါဠိမြန်မာ အဘိဓာန် အတွဲ- ၆

၇။ တိပိဋက ပါဠိမြန်မာ အဘိဓာန် အတွဲ- ၇

၈။ တိပိဋက ပါဠိမြန်မာ အဘိဓာန် အတွဲ- ၈

၉။ တိပိဋက ပါဠိမြန်မာ အဘိဓာန် အတွဲ- ၉

၁၀။ တိပိဋက ပါဠိမြန်မာ အဘိဓာန် အတွဲ-၁၀

၁၁။ တိပိဋက ပါဠိမြန်မာ အဘိဓာန် အတွဲ-၁၁

၁၂။ တိပိဋက ပါဠိမြန်မာ အဘိဓာန် အတွဲ-၁၂

၁၃။ တိပိဋက ပါဠိမြန်မာ အဘိဓာန် အတွဲ-၁၃

၁၄။ တိပိဋက ပါဠိမြန်မာ အဘိဓာန် အတွဲ- ၁၄ (ပ-ပိုင်း)

၁၅။ တိပိဋက ပါဠိမြန်မာ အဘိဓာန် အတွဲ-၁၅

၁၆။ တိပိဋက ပါဠိမြန်မာ အဘိဓာန် အတွဲ-၁၆

၁၇။ တိပိဋက ပါဠိမြန်မာ အဘိဓာန်(ရိုက်ပြီး၊ချုပ်ဆဲ) အတွဲ-၁၇

၁၈။ တိပိဋက ပါဠိမြန်မာ အဘိဓာန် အတွဲ-၁၈

၁၉။ တိပိဋက ပါဠိမြန်မာ အဘိဓာန် အတွဲ-၁၉

၂၀။ လူသေလူဖြစ်ဝိနိစ္ဆယကျမ်း ၂၁။ မူလဓမ္မဝိသောဓနီကျမ်း

၂၂။ ဝိနယပုစ္ဆာဝိသဇ္ဇနာ(ထိမ်တော၊ဒု-ကြိမ်)

၂၃။ ဝိနယပုစ္ဆာဝိသဇ္ဇနာ(ထိမ်တော၊တ-ကြိမ်) ၂၄။ ပုစ္ဆာနယပကာသနီကျမ်း

၂၅။ ဒွါစတ္တာလီသပုစ္ဆာဝိသဇ္ဇနာကျမ်း, ၉-၅၁နဝိနိစ္ဆယကျမ်း(၂-ကျမ်းတွဲ)

သာသနာလင်္ကာရစာတမ်း၊ သာသနဝံသပ္ပဒီပိကာကျမ်း၊

THE HISTORY OF THE BUDDHA'S RELIGION (မြန်မာ,ပါဠိ,အင်္ဂလိပ် ၃-ဘာသာ)

# ကျမ်းစာအုပ်ဓမ္မဒါနအလှူရှင်

ဤပကိဏ္ဏကဝိသဇ္ဇနာ(တတိယတွဲ)ကျမ်းကြီးကို အဆက်မပြတ်
ထုတ်ဝေနိုင်ရန် ရည်သန်၍ ငွေပဒေသာပင်
စိုက်ထူကာ ပညာသံဝတ္တနိကကုသိုလ်ပြုကြသော
ဓမ္မဒါန ဒါယကာများ

## ကာကွယ်ရေးဝန်ကြီးဌာနမှ

## အမှတ် (၂) စစ်ဆင်ရေးအထူးအဖွဲ့မှူး

# ဗိုလ်ချုပ်အောင်သန်းထွန်း

## ဇနီး ဒေါ်ချယ်ရီ

## သမီး - မစုမြတ်အောင်

## မိသားစု ကောင်းမှု

## နတ်လူသာစုခေါ်စေသော်။

အမှတ်
ရက်စွဲ
စာကြည့်တိုက်

ကျမ်းစာအုပ်ဓမ္မဒါနအလှူရှင်

ဥပကိဏ္ဏကဝိသဇ္ဇနာ(တတိယတွဲ)ကျမ်းကြီးကို အဆက်မပြတ်
ထုတ်ဝေနိုင်ရန် ရည်သန်၍ ငွေပဒေသာပင်
စိုက်ထူကာ ပညာသံဝဏ္ဏနိကကုသိုလ်ပြုကြသော
ဓမ္မဒါန ဒါယကာများ

ကာကွယ်ရေးဝန်ကြီးဌာနမှ

အမှတ် (၂) စစ်ဆင်ရေးအထူးအဖွဲ့မှူး

# ဗိုလ်ချုပ်အောင်သန်းထွန်း

ဇနီး ဒေါ်ချယ်ရီ

သမီး - မစုမြတ်အောင်

မိသားစု ကောင်းမှု

နတ်လူသာစုခေါ်စေသောဝ်။